# အဘိဓမ္မာဝတာရအဋ္ဌကထာ

မုနိန္ဒာဘိ သိရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု
ဘွဲ့တံဆိပ်တော်

မုနိန္ဒာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိရာဇဂုရု
ဘွဲ့တံဆိပ်တော်ရ

စလင်းသာသနာ့ပိုင်ဆရာတော်ကြီး
စီရင်ရေးသားသော

# အဘိဓမ္မာဝတာရ အဋ္ဌကထာ
# နိဿယသစ်

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့
ပုံနှိပ်တိုက်၌ ပုံနှိပ်သည်။

သာသနာ ၂၅၁၅ ကောဇာ ၁၃၃၃ အောက်တိုဘာ ၁၉၇၁

# အဘိဓမ္မာဝတာရ အဋ္ဌကထာ နိဿယသစ်

---

ပဉ္စမအကြိမ် ရိုက်နှိပ်ခြင်း ၁၃၇၁-ခု အုပ်ရေ ၃၀၀၀။

ပ-မ-ဗ-သ-၈—၁၀၂၄—၁၅-၁၀-၇၁ (၂)

ရန်ကုန်မြို့ ကမ္ဘာအေး၊ ပြည်ထောင်စု မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၌
အတွင်းရေးမှူး (အုပ်ချုပ်ရေးအရာရှိချုပ်) ဦးလှမောင် M.A., M.S.B.L.
(မှတ်ပုံတင်အမှတ် ၈၇၉/၀၅၂၂)က ပုံနှိပ်ထုတ်ဝေသည်။

## အဘိဓမ္မာဝတာရအဋ္ဌကထာ နိဿယသစ်

# နိဒါန်း

---

### အဘိဓမ္မာဝတာရ အဋ္ဌကထာ

အဘိဓမ္မာဝတာရ အဋ္ဌကထာကား ဤနိဿယသစ်၏ မှီရာမူရင်းကျမ်း ဖြစ်၍ အလွန်ထူးခြားကောင်းမြတ်သည့် အဘိဓမ္မာလက်သန်း အဋ္ဌကထာ ကျမ်းတဆူဖြစ်သည်။

အဘိဓမ္မာဝတာရကျမ်း၏ ထူးခြားကောင်းမြတ်ပုံများမှာ—

၁။ အဘိဓမ္မာလက်သန်း အဋ္ဌကထာတို့တွင် ပဌမဆုံးပေါ်ထွက်ခဲ့သည့် ခေါင်းဆောင်ကျမ်းဖြစ်ခြင်း။

၂။ လက်သန်း အဋ္ဌကထာဟန်ဖြင့် စံတင်လောက်အောင် ကျမ်းဖွဲ့ စည်းပုံ ကျစ်လစ်သိပ်သည်းခြင်း။

၃။ အပိုင်းကဏ္ဍ စကား အထားအသို အစီအစဉ်များ နည်းယူဖွယ် စံနစ်ကျနခြင်း။

၄။ ခေါ်ဝေါ်သုံးစွဲရာ၌ တို-ကျဉ်း-ချော-ရှင်း-သိလွယ်ခြင်းရှိသည့် အဘိဓမ္မာဝေါဟာရများကို တီထွင်ခဲ့ခြင်း။

၅။ သာယာချိုမြိန်သည့် အဖွဲ့အနွဲ့များ ပါဝင်ခြင်း။

၆။ ခေတ်အဆက်ဆက် ဆောင်ရွက် ကျက်မှတ်ရမည့် ဆောင်ပုဒ် နိယံများ ပါဝင်ခြင်း။

၇။ အဘိဓမ္မာ သဘောတရား အနက် အဓိပ္ပါယ် အလွယ် အခက် အဘက်ဘက်မှ ပြည့်ဝစုံလင်ခြင်း။

၈။ သီလ သမာဓိ ပညာ-သိက္ခာသုံးပါးစုံ၍ ခြုံမိခြင်း—

ဟူ၍ အဓိကအားဖြင့် အချက်ကြီး ၈-မျိုးဖြစ်သည်။ ယင်း အချက်ကြီး ၈-မျိုးကို သိသာထင်ရှားအောင် ရှင်းလင်းပြဆိုပါအံ့။

## ဗုဒ္ဓဘာသာ စာပေ အမျိုးမျိုး

ဗုဒ္ဓဘာသာ စာပေသမိုင်းကြောင်းကို ပြန်ပြောင်း လေ့လာမည် ဆိုလျှင်—

၁။ ရှေးဦးစွာ မြတ်ဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော်မူသည့် ပါဠိတော်များ ပေါ်ထွန်းခဲ့သည်။

၂။ ထို့နောက် ပါဠိတော်၏ အနက် အဓိပ္ပါယ်ကို ပါဠိတော်ရှိတိုင်း မချန်မခြွင်း အစဉ်လိုက်ဖွင့်ပြသည့် မဟာအဋ္ဌကထာကြီးများ ပေါ်ခဲ့သည်။

၃။ ထို့နောက် ဖွင့်ပြီးနှင့် သိသာထင်ရှားသည့် အနက်အဓိပ္ပါယ်တို့ကို ချန်လှပ်၍ ပါဠိတော် အစဉ်အတိုင်း ဖွင့်ပြသော အဋ္ဌကထာသစ်များ ပေါ်ခဲ့သည်။

၄။ ထို့နောက် ပါဠိတော်ကို ပါဠိတော်ရှိတိုင်း အစဉ်လိုက် မဖွင့်ဘဲ ပါဠိတော်၏ ဆိုလိုရင်း အနက်အဓိပ္ပါယ်ကို အကျဉ်းချုပ်၍ရေးသားဖွင့်ပြသော လက်သန်း အဋ္ဌကထာများ ပေါ်ခဲ့သည်။

၅။ ထို့နောက် အဋ္ဌကထာတို့၏ အနက်အဓိပ္ပါယ်ကို ဖွင့်ပြသည့် ဋီကာကျမ်းများ ပေါ်ခဲ့သည်။

၆။ ဋီကာ၏အနက်ကို ထပ်ဆင့် ဖွင့်ပြသော အနုဋီကာကျမ်းများ ပေါ်ခဲ့သည်။

၇။ ထို့နောက် အဋ္ဌကထာ ဋီကာကျမ်းတို့၏ ခဲရာခက်ဆစ်ကို ဖြေဆိုသော ဂဏ္ဌိကျမ်းများ, အနက်ယှဉ်တွဲ စပ်ဟပ်၍ပြသော ယောဇနာကျမ်းများ, ဘာသာပြန်ကျမ်းများ, နိဿယကျမ်းများ, အကျယ်ဖွင့်ပြသော ဒီပနီကျမ်းများ စသည်ဖြင့် ဗုဒ္ဓဘာသာ စာပေလောက၌ ကျမ်းအမျိုးမျိုး ပေါ်ထွက်ခဲ့ပေသည်။

## လက်သန်းအဋ္ဌကထာများ

ယင်းသို့ ပေါ်ထွက်ခဲ့သော ကျမ်းအမျိုးမျိုးတို့တွင်....ဤ အဘိဓမ္မာဝတာရ အဋ္ဌကထာ ကျမ်းသည် ၄-နံပါတ် အမျိုး အစား ဖြစ်သည့် လက်သန်း အဋ္ဌကထာကျမ်း အမျိုးအစားတွင် ပါဝင်ခဲ့ပေသည်။

လက်သန်းအဋ္ဌကထာ ဟူသည်မှာ—ပါဠိတော်၏ ဆိုလိုရင်း အနက် အဓိပ္ပါယ်ကို အကျဉ်းချုပ် မှတ်သားရုံမျှ ဖွင့်ပြသောကြောင့် လက္ခဏ အဋ္ဌကထာ- ဟု ဆိုလိုလျက် မြန်မာမှုဖြင့် လက္ခဏ အဋ္ဌကထာ= လက်သန်း အဋ္ဌကထာဟု အဆင့်ဆင့် ပြောင်းလွဲလာသော အမည်ဖြစ်ပေသည်။

တနည်းအားဖြင့် လက်ချောင်းများတွင် လက်မ လက်ညှိုး လက်လယ် လက်သူကြွယ် လက်သန်းဟူ၍ ၅-ချောင်းရှိရာ အသေးငယ်ဆုံး ဖြစ်သည့် လက်သန်း၏ အမည်ဖြင့်တင်စားကာ မဟာအဋ္ဌကထာကြီး အဋ္ဌကထာသစ် တို့ထက် သေးငယ်သော ပါဠိတော်အဖွင့် အဋ္ဌကထာကျမ်းမျိုးကို လက်သန်းအဋ္ဌကထာဟု ခေါ်ဝေါ်သည်ဟု ယူဆရန် ရှိပေသည်။

သမိုင်းဝင် လက်သန်းအဋ္ဌကထာကျမ်း အရေအတွက်မှာ မများလှချေ။

ဝိနည်းဆိုင်ရာ ကျမ်း-၂၀,

အဘိဓမ္မာဆိုင်ရာ ၁၁-ကျမ်း,

အားဖြင့် ကျမ်းပေါင်း ၃၁-ကျမ်းမျှ ရှိပေသည်။

သမိုင်းဝင် မဟုတ်သော်လည်း ဖြစ်သင့်သမျှကို ရေတွက်မည် ဆိုလျှင် ကား များစွာပင် ရှိနိုင်ပေသည်။

## ဝိနည်းလက်သန်း အဋ္ဌကထာများ

ဝိနည်းဆိုင်ရာ လက်သန်း အဋ္ဌကထာကျမ်း ၂၀-ကား—

၁။ ဝိနယသင်္ဂဟ အဋ္ဌကထာ၊

၂။ ဝိနယသင်္ဂဟငယ် အဋ္ဌကထာ၊

၃။ ဝိနယသင်္ဂဟငယ် အဋ္ဌကထာ၊

၄။ ဝိနယသင်္ခေပ အဋ္ဌကထာ၊

၅။ ဝိနယ ဝိနိစ္ဆယ အဋ္ဌကထာ၊

၆။ ဥတ္တရ ဝိနိစ္ဆယ အဋ္ဌကထာ၊

၇။ ခုဒ္ဒသိက္ခာ အဋ္ဌကထာ၊

၈။ မူလသိက္ခာ အဋ္ဌကထာ၊

၉။ နိပုဏပဒသင်္ဂဟ အဋ္ဌကထာ၊

၁၀။ သိလာဝဟ အဋ္ဌကထာ၊

၁၁။ သီမာလင်္ကာရ အဋ္ဌကထာ၊

၁၂။ သီမာသင်္ဂဟ အဋ္ဌကထာ၊

၁၃။ သိက္ခာပဒဝလဉ္ဇန အဋ္ဌကထာ၊

၁၄။ ပါတိမောက္ခလေခန၊

၁၅။ ပါတိမောက္ခ ဝိသောဓနီ၊

၁၆။ သီမာဗန္ဓနီ၊

၁၇။ ပါတိမောက္ခပဒ အနုဝဏ္ဏနာ၊

၁၈။ ဝိနယဂုဠှတ္ထဒီပနီ၊

၁၉။ ဝိနယဂုဠှတ္ထပကာသနီ၊

၂၀။ ပါတိမောက္ခဂဏ္ဌိ—

ဟူ၍ ကျမ်းပေါင်း ၂၀-တိတိရှိကြောင်း ပိဋကတ်တော် သမိုင်း၌ ဖော်ပြထားပေသည်။

ယင်းဝိနည်းလက်သန်း အဋ္ဌကထာငယ်ကျမ်း ၂၀-တို့တွင် ယခုအခါ၌ နံပါတ်-၁။ ၅၊ ၆၊ ၇၊ ၈၊ ၁၇-ဖြစ်သည့် ၆-ကျမ်းကိုသာလျှင် ပုံနှိပ်စာအုပ်အဖြစ် အထင်အရှား မပျောက်မကွယ် တွေ့ရှိရပေတော့သည်။ အခြားကျမ်းပေါင်း ၁၄-ကျမ်းတို့ကိုကား ပုံနှိပ်မူအဖြစ် မတွေ့ရှိရတော့ချေ။ မြန်မာအက္ခရာပေမူအဖြစ် ရှိလေဦးမည်လော၊ အခြား တိုင်းတပါးဘာသာအက္ခရာဖြင့် ရှိလေဦးမည်လော၊ လုံးဝပျောက်ကွယ်၍ သွားလေပြီလောဟု မခန့်မှန်းနိုင်အောင် ရှိတော့သည်။

**ဝိနယသင်္ဂဟအဋ္ဌကထာ**　၁။ ယခု ပုံနှိပ်မူအဖြစ် တွေ့ရှိသည့် ၆-ကျမ်းတို့တွင် ဝိနယသင်္ဂဟကျမ်းကို သာသနာတော်နှစ် ၁၇၈၈-ခုခန့်က သီဟိုဠ်ကျွန်း ပရက္ကမဗာဟုမင်း လက်ထက် သာသနာပိုင်ဆရာတော် အရှင်သာရိပုတ္တရာ ပြုစုစီရင်တော်မူသည်။ ပါဠိ-

မုတ္တကဝိနိစ္ဆယခေါ် ဝိနည်းအဆုံးအဖြတ်များကိုစုစည်းရေးသားထားသော ကျမ်းဖြစ်သည်။ ဆင္ဃသင်္ဂါယနာတင် အင္ဃကထာကျမ်းတဆူဖြစ်၍ ဆင္ဃသင်္ဂါယနာဆိုက်ဖြင့် စာမျက်နှာပေါင်း ၄၆၈-မျှ ရှိပေသည်။

ဝိနယ ဝိနိစ္ဆယ အင္ဃကထာ ဥတ္တရ ဝိနိစ္ဆယ အင္ဃကထာ — ဝိနယဝိနိစ္ဆယနှင့် ဥတ္တရဝိနိစ္ဆယ အင္ဃကထာ ကျမ်း ၂-ဆူကို ဤအဘိဓမ္မာဝတာရကျမ်း ပြုစုတော်မူသည့် အရှင် ဗုဒ္ဓဒတ္တပြုစုတော်မူသည်။ ဝိနယ ဝိနိစ္ဆယမှာ ပါရာဇိကဏ်ပါဠိတော်နှင့် ပါစိတ် ပါဠိတော် မဟာဝါပါဠိတော် စူဠဝါပါဠိတော်တို့၏ အဖွင့်ဖြစ်၍ ဥတ္တရဝိနိစ္ဆယမှာ ပရိဝါ ပါဠိတော်၏ အဖွင့်ဖြစ်သည်။ ဤ ကျမ်း ၂-ဆူကို ဂါထာဗန္ဓဖြင့် ဖွဲ့စီ ပြုစုထားသည်။ ယခုလက်ရှိ ဆင္ဃမူအရ ဝိနယ ဝိနိစ္ဆယမှာ ဂါထာပေါင်း (၃၁၈၃) ဂါထာရှိ၍ ဥတ္တရဝိနိစ္ဆယမှာ ဂါထာပေါင်း (၉၇၀) ရှိသည်။

ခုဒ္ဒသိက္ခာ မူလသိက္ခာ — ခုဒ္ဒသိက္ခာနှင့် မူလသိက္ခာ ၂-ကျမ်းမှာ ဝိနည်းငါးကျမ်း၏ ဆိုလိုရင်း အဓိပ္ပါယ်ကို ဂါထာဗန္ဓဖြင့် ဖွဲ့ဆိုပြသောကျမ်း ဖြစ်သည်။ ပါဠိတော်လာ စကားရပ်များကိုကား စုဏ္ဏိယ စကားပြေဖြင့်သာ ပြသည်။ ယင်း ၂-ကျမ်းကို ဒွေးမာတိကာခေါ် ဘိက္ခုပါတိမောက် ဘိက္ခုနီ ပါတိမောက် ၂-ကျမ်းတွဲ၍ ဝိနည်းငယ်လေးစောင်ဟု မြန်မာပြည်သာသနာဝင်၌ သုံးစွဲသည်။ ရှင်ငယ် ရဟန်းငယ် နှုတ်တက်အာဂုံ ဆောင်ကြသည်။ ခုဒ္ဒသိက္ခာမှာ ဂါထာပေါင်း (၅၀၀) ရှိသည်ဟု နိဂုံး၌ ဆိုသည်၊ ယခု လက်ရှိမူတို့၌ (၄၇၆) ဂါထာသာ ရှိသည်၊ အနည်းငယ် လျော့သည်ကို ပမာဏမထားဘဲ ဥိနာဓိကနည်းဖြင့် ဆိုသည်ဟု ယူဆရပေမည်။ မူလသိက္ခာမှာ ဂါထာ (၁၁၆) မျှသာ ရှိသည်။ ခုဒ္ဒသိက္ခာကို သီဟိုဠ်ကျွန်း အရှင်ဓမ္မသိရိပြုစု၍ မူလသိက္ခာကို အရှင်မဟာသာမိ ပြုစုတော်မူသည်။

ပါတိမောက္ခ ပဒတ္ထအနုဝဏ္ဏနာ။ — ။ပါတိမောက္ခ ပဒတ္ထအနုဝဏ္ဏနာကျမ်းကို မြန်မာပြည်၌ သက္ကရာဇ် ၁၁၅၃-ခုနှစ်က စလင်းမြို့ အရှင်ဝိစိတ္တာလင်္ကာရ ပြုစုတော်မူသည်။ ပါဠိဘာသာဖြင့် ဒွေးမာတိကာကို ပုဒ် ပါဌ် အနက် အဓိပ္ပါယ် အဖွင့် အဆုံးအဖြတ်ပါဝင် တန်းဆာဆင်ယင်ဖွင့်ပြသော ကျမ်းဖြစ်သည်။ ပါဠိ အရေးအသား နိုင်နင်း

ကျွမ်းကျင်၍စံတင်လောက်သော မြန်မာပြည်ဖြစ် ပါဠိရေးကျမ်းဖြစ်သည်။ ၁၂၉၁-ခုနှစ်က ပြည်ကြီးမဏ္ဍိုင်ပုံနှိပ်တိုက်တွင် ရိုက်သော စာအုပ်ကို တွေ့ရသည်။ စာမျက်နှာ(၃၀၉)ရှိသည်။ စာချ စာသင်တို့အတွက် အကျိုးများလှသော ကျမ်းဖြစ်သော်လည်း ယခုအခါ အလွန်ရှားပါးနေသည်။ အသစ်ပြန်လည် ရိုက်နှိပ်ခြင်း မပြုပါက မကြာမီ ပျောက်ကွယ်မည့်ဆဲဆဲ ကျမ်းတဆူဖြစ်ပေသည်။

## အဘိဓမ္မာ လက်သန်းအဋ္ဌကထာများ

အဘိဓမ္မာ လက်သန်းအဋ္ဌကထာ ၁၁-ကျမ်းမှာ—

၁။ အဘိဓမ္မတ္ထသင်္ဂဟ (သင်္ဂြိုဟ်)၊

၂။ နာမရူပပရိစ္ဆေဒ၊

၃။ ပရမတ္ထဝိနိစ္ဆယ၊

၄။ သစ္စသင်္ခေပ၊

၅။ ရူပါရူပဝိဘာဂ၊

၆။ ခေမာပကရဏ၊

၇။ နာမစာရဒီပက၊

၈။ မောဟဝိစ္ဆေဒနီ၊

၉။ သုစိတ္တာလင်္ကာရ၊

၁၀။ ပရမတ္ထဗိန္ဒု၊

၁၁။ အဘိဓမ္မာဝတာရ—

ကျမ်းများ ဖြစ်သည်။

ယင်း ၁၁-ကျမ်းတို့တွင် နံပါတ် ၁-၂-၃-၄-၈-၁၀-၁၁-ကျမ်း ၇-ဆူတို့ကား ယခုအခါ ပုံနှိပ်မှုဖြင့် ထင်ရှားရှိပေသည်။ အခြားကျမ်း ၄-ဆူမှာမူ စာအုပ်မှုဖြင့်ကား မတွေ့ရပေ။ မြန်မာအက္ခရာ ပေမှုဖြင့် ဖြစ်စေ, အခြား တိုင်းတပါး အက္ခရာတို့ဖြင့် ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ရှိလေဦးမည်လော၊ သို့မဟုတ် ပျောက်ကွယ်သွားပြီလော မသိနိုင်အောင် ဖြစ်နေပေသည်။

**အဘိဓမ္မတ္ထသင်္ဂဟ နာမရူပပရိစ္ဆေဒ ပရမတ္ထဝိနိစ္ဆယ** ဤ၃-ကျမ်းကို လိနတ္ထပကာသနီ ဋီကာဆရာ အရှင်ဓမ္မပါလ ပေါ်ထွန်းသည့် သာသနာနှစ် ၁၁၄၄-နှင့် သာရတ္ထဒီပနီ ဋီကာဆရာ အရှင်သာရိပုတ္တရာ ပေါ်ထွန်းသည့် ၁၆၉၇-အတွင်းကာလ ခန့်က ဇမ္ဗူဒီပ ပြည် စောဠတိုင်းသား အရှင်အနုရုဒ္ဓါ စီရင်တော်မူသည်။

ဤကျမ်းများမှာ သာသနာဝင်တလျှောက်၌ တောက်ပထွန်းလင်းသော ကြယ်ပွင့်များ ဖြစ်သောကြောင့် အကြောင်းအရာ အကျယ်ရေးဖွယ် မလိုပါချေ။

**သစ္စသင်္ခေပ။** ။ယင်း အဋ္ဌကထာကို ဒုတိယ အဋ္ဌကထာဆရာကြီးလည်း ဖြစ်၍ ပဉ္စမ ဋီကာဆရာကြီးလည်း ဖြစ်တော်မူသော အရှင်ဓမ္မပါလ ပြုစုတော်မူသည်ဟု အများလက်ခံ မှတ်သားထားကြပေသည်။

ဒုတိယ အင်းဝခေတ်က အရှင်နန္ဒပညာ ပြုစုသည့် စူဠဂန္ထဝံသ အမည်ရှိ ပိဋကတ်သမိုင်း၌မူ အရှင်အာနန္ဒာ၏ တပည့်ကြီး အရှင် စူဠဓမ္မပါလ ပြုစုသည်ဟု အဆိုရှိပေသည်။ ယင်းကျမ်းမှာ သစ္စာ ၄-ပါး ဦးတည်၍ အဘိဓမ္မာသဘောတရားများကို ပါဠိဂါထာများဖြင့် ဖွင့်ပြသော ကျမ်း တဆူဖြစ်သည်။ ကျမ်းပမာဏမှာ ဂါထာပေါင်း (၃၈၇)ဂါထာ ရှိသည်။

**မောဟဝိစ္ဆေဒနီ အဋ္ဌကထာ။** ။မောဟဝိစ္ဆေဒနီ အဋ္ဌကထာကို ဇမ္ဗူဒီပ ပြည် တောင်ပိုင်း စောဠတိုင်း အရှင်ကဿပထေရ် ပြုစုတော်မူသည်။ ဤကျမ်းသည် အဘိဓမ္မာမာတိကာ ပါဠိတော်ကို သံဝဏ္ဏေတဗ္ဗပြုလုပ်၍ အဘိဓမ္မာ ၇-ကျမ်းလုံး၏ အနက်သဘော အဓိပ္ပါယ်ကို ဖွင့်ပြသော ကျမ်းဖြစ်သည်။

**အဘိဓမ္မာ မာတိကာ ပါဠိတော်။** ။အဘိဓမ္မာ မာတိကာ ပါဠိတော် ဟူသည် ရှေးခေတ်က အဘိဓမ္မာ ၇-ကျမ်း၏ မာတိကာသဖွယ် ဖြစ်သော ပါဠိတော်များကို အဘိဓမ္မာ ၇-ကျမ်းမှ ထုတ်နုတ် စုပေါင်းထားသော ပါဠိတော် အစု ဖြစ်သည်။ စုပေါင်းပုံမှာ—

(က) မာတိကာရှိသည့် ဓမ္မသင်္ဂဏီကျမ်း, ဓာတုကထာကျမ်းတို့မှ မာတိကာ ပါဠိတော်များကို ထုတ်ယူသည်။

(ခ) မာတိကာ မရှိသည့် ဝိဘင်းကျမ်း, ပုဂ္ဂလပညတ်ကျမ်း, ပဋ္ဌာန်းကျမ်းတို့မှ ဥဒ္ဒေသ ပါဠိတော်တို့ကိုရင်း။

(ဂ) ကထာဝတ္ထုကျမ်းမှ အဋ္ဌကနိဂ္ဂဟ တိုင်အောင်သော ပါဠိများကိုရင်း။

(ဃ) ယမိုက် ၁၀-ကျမ်းတွင် မူလယမိုက်မှ ဥဒ္ဒေသဝါရပါဠိကိုရင်း။ အနုသယ ယမိုက်မှ အနုသယ ၇-ပါး ပါဠိမျှကိုရင်း။ ကြွင်းသော ယမိုက် ၈-ကျမ်းမှ ပဏ္ဏတ္တိ ဥဒ္ဒေသဝါရ ပါဠိများကိုရင်း—

မာတိကာအဖြစ် ထုတ်ယူသည်။

ယင်းသို့ ထုတ်ယူပြီးလျှင် ပါဠိများကို အဘိဓမ္မာကျမ်းစဉ်အတိုင်း စုပေါင်းထားကာ အဘိဓမ္မာ မာတိကာ ပါဠိတော်ဟု ပညတ် သတ်မှတ်ထားခြင်းဖြစ်သည်။

ယင်းသို့ သတ်မှတ်ထားသည့် အဘိဓမ္မာ မာတိကာ ပါဠိတော်ကို မောဟဝိစ္ဆေဒနီ အဋ္ဌကထာက အဘိဓမ္မာ အနက် အဓိပ္ပါယ်များကို ဖွင့်ပြသည်။ ရှေးအခါက ပုံနှိပ်မှု မရှိဘူးသော်လည်း ယခုအခါ ပါဠိတော်နှင့် အဋ္ဌကထာကို တွဲဘက်၍ ဗုဒ္ဓသာသနာအဖွဲ့က ရိုက်နှိပ်ထားပြီး ရှိပေသည်။

**ပရမတ္ထဗိန္ဒု။** ။ပရမတ္ထဗိန္ဒုကျမ်းမှာ ပုဂံခေတ်က ကျစွာမင်းကြီး ရေးသားပြုစုသော ကျမ်းဖြစ်သည်။ ဗိန္ဒု-ဟူသည်မှာ သေးငယ်လှသော အစက် အပေါက်ကိုခေါ်သည်။ ပရမတ္ထခေါ် အဘိဓမ္မာသဘောတရားများကို ပြဆိုသည့် သေးငယ်လှသောကျမ်းကို ပရမတ္ထဗိန္ဒုကျမ်းဟု အမည်ပေးထားပေသည်။

ယင်း ပရမတ္ထဗိန္ဒုကျမ်းမှာ ဂါထာပေါင်း (၁၁) ဂါထာမျှသာ ရှိ၍ အလွန် သေးငယ်သော အဘိဓမ္မာလက်သန်း အဋ္ဌကထာကျမ်းကလေး ဖြစ်သည်။ ကျမ်းပင် သေးငယ်သော်လည်း ပါဝင်ရေးသားထားသော အကြောင်းအရာတို့မှာ....ဘုံ၌ ပုဂ္ဂိုလ်ရ ဘုံ၌ စိတ်ရ ပုဂ္ဂိုလ်၌ စိတ်ရ....

စသည်ဖြင့် ထိမိလှသော အချက်အလက် အကြောင်းအရာများ ဖြစ်ပေရာ ရေးခေတ် အဘိဓမ္မာလေ့လာသူ စာသင်သားတို့အတွက် အလွန်ကျေးဇူး များလှပေသည်။

ယခုခေတ်၌မူ ပရမတ္ထဗိန္ဒုကျမ်းလာ သဘောအနက် အဓိပ္ပါယ်များကို မြန်မာကဗျာလင်္ကာများဖြင့် ရေးသားစီကုံးပြီး ရှိနေသောကြောင့် ပရမတ္ထ-ဗိန္ဒုကျမ်းကို အလေ့အလာ နည်းပါးလျက် ရှိနေချေပြီ။

ယင်း ပရမတ္ထဗိန္ဒုကျမ်းလာ **ကာဒိ ငှာဒိ ယကာရာဒိ**— အစချီသော ပိဋကတ်သင်္ချာယူနည်း ဂါထာမှာမူကား ရှေးခေတ်မှစ၍ ယခုခေတ်တိုင် လေ့လာကျက်မှတ် သုံးစွဲရသည့် ဂါထာဖြစ်သည်။ နောင် ခေတ်အဆက် ဆက်၌လည်း လေ့လာကျက်မှတ်ကြရဦးမည့် ရသဂုဏ်မြောက် တောက် ပြောင်သည့် ဂါထာတပုဒ် ဖြစ်ပေသည်။

**အဘိဓမ္မာဝတာရ အဋ္ဌကထာ။** ။ဤ အဘိဓမ္မာဝတာရကျမ်းကား အဘိ-ဓမ္မာလက်သန်း အဋ္ဌကထာတို့၏ စာရင်းကို ပြဆိုရာ၌....

(က) ကျမ်းဖြစ်ပေါ်ရာကာလ အရဖြစ်စေ၊

(ခ) ကျမ်း၏ ကောင်းမြတ်သည့် အဆင့်အတန်းအရ ဖြစ်စေ—

အစီအစဉ် ထားပြရမည်ဆိုသော် ရှေးဦးစွာ ပဌမဆုံး ပြရမည့်ကျမ်း ဖြစ်ပေသည်။ သို့ရာတွင်....ဤနိဒါန်းဖြင့် လမ်းခင်းကာ မူလဦးတည်ချက် နိဿယသစ်၏မှီရာ မူရင်းကျမ်းဖြစ်၍ အကြောင်းအရာ ပြည့်ပြည့်စုံစုံ အကျယ်တဝင့် ရေးသားရမည် ဖြစ်သောကြောင့် အဘိဓမ္မာလက်သန်း အဋ္ဌကထာကျမ်းစဉ်ပြရာတွင် ဤနိဒါန်း၌ နောက်ဆုံးထားကာ ပြဆိုခြင်း ဖြစ်သည်။ ထင်ရှားစေဦးအံ့။

**၁။ ပဌမဆုံး အဘိဓမ္မာလက်သန်း အဋ္ဌကထာ။** ။အဘိဓမ္မာလက်သန်း အဋ္ဌကထာ တို့၏ ဖြစ်ပေါ်ရာကာလကို စိစစ်လေ့လာကြည့်မည်ဆိုလျှင်....ဤအဘိဓမ္မာဝတာရ အဋ္ဌကထာသည် ပဌမဆုံး ရှေးဦးစွာ ပေါ်ထွက်သည့်ကျမ်း ဖြစ်ပေသည်။

ဤအဘိဓမ္မာဝတာရကျမ်းပြု အရှင်ဗုဒ္ဓဒတ္တကား ပဌမဆုံး အဋ္ဌကထာသစ်ကျမ်းပြု အရှင်ဗုဒ္ဓဃောသနှင့် ခေတ်ပြိုင် ပေါ်ထွန်းခဲ့သော အဋ္ဌကထာကျမ်းပြုပုဂ္ဂိုလ်ကြီး ဖြစ်သည်။

အရှင်ဗုဒ္ဓဒတ္တ သီဟိုဠ်ကျွန်းမှ ဇမ္ဗူဒီပသို့ပြန်လာသော သင်္ဘောနှင့် အရှင်ဗုဒ္ဓဃောသ ဇမ္ဗူဒီပမှ သီဟိုဠ်ကျွန်းသို့သွားသော သင်္ဘော တွေ့ဆုံ၍ အရှင်နှစ်ပါး စကားပြောဆို ဆွေးနွေးကြောင်းကို သာသနဝံသပ္ပဒီပိကာ ကျမ်း, သာသနာလင်္ကာရကျမ်းတို့၌ ဗုဒ္ဓဃောသုပ္ပတ္တိကထာ ကျမ်းမှ ထုတ်နုတ်ဖော်ပြထားသည်ကို တွေ့ရပေသည်။

အရှင်ဗုဒ္ဓဒတ္တပြုစုတော်မူသည့် ဝိနယဝိနိစ္ဆယလက်သန်း အဋ္ဌကထာ ကျမ်းအဖွင့်ဖြစ်သော ဝိနယဝိနိစ္ဆယ ဋီကာကျမ်းပြုပုဂ္ဂိုလ် အရှင် မဟာ ဥပတိဿထေရ်က ယင်း၏ ဂန္ထာရမ္ဘ ဂါထာနံပါတ် (၉)၌—

"ပညာရှိကို ချီးမွမ်းတတ်သော အရှင်ဗုဒ္ဓဃောသ မဟာထေရ် မြတ်သည် အလွန် ချီးကျူးအပ်သည့် ထေရဝါဒီဂိုဏ်း၏ ဆီမီး တန်ဆောင် ဖြစ်တော်မူသော အရှင်ဗုဒ္ဓဒတ္တ မဟာကဝိကြီး"ဟူ၍ အရှင်ဗုဒ္ဓဒတ္တ၏ ဂုဏ်ကို ဖွဲ့ဆိုထားပေသည်။

ဤ၌ ပုဂ္ဂိုလ်တဦးက ပုဂ္ဂိုလ်တဦးအား ချီးမွမ်းခြင်းကို မိမိထက် ရှေးကျသောပုဂ္ဂိုလ်နှင့် မိမိနှင့် ခေတ်ပြိုင်ပုဂ္ဂိုလ်များ ဖြစ်မှသာ ပြုလုပ် နိုင်၍ မိမိမရှိသည့်နောက်မှ ပေါ်လာသည့် ပုဂ္ဂိုလ်များအား ချီးမွမ်းခြင်း မပြုနိုင်ကြောင်းကို သတိပြုရပေမည်။ ထို့ကြောင့် "အရှင်ဗုဒ္ဓဃောသက အရှင်ဗုဒ္ဓဒတ္တကို ချီးကျူးအပ်သည်"ဟူသော ဝိနယဝိနိစ္ဆယ ဋီကာစကား သည် အရှင် ၂-ပါး ခေတ်ပြိုင်ဖြစ်ကြောင်း ပြဆိုသည့် သာသနာလင်္ကာရ စာတမ်းနှင့် သာသနဝံသပ္ပဒီပိကာကျမ်း၏ အဆိုကို ထောက်ခံလျက် ရှိပေသည်။

ထို့ပြင် အရှင် ၂-ပါးတို့ ပြုစုသည့် ကျမ်းများကို လေ့လာကြည့်ပြန် သော် အရှင်ဗုဒ္ဓဃောသ၏ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာကျမ်း နိဂုံး၌—

ဝိဘဇ္ဇဝါဒီ ပုဂ္ဂိုလ်မြတ် ဖြစ်ကုန်သော များသော အခြံအရံ ရှိကုန်သော မဟာဝိဟာရဝါသီဂိုဏ်းသား မဟာထေရ်တို့၏ အနွယ်

> အဆက်ဝင် ထင်စွာပြတတ်သည့် ပညာရှင်ဖြစ်ကာ စင်ကြယ်ခေါင်းပါးစွာ အသက်မွေးလေ့ရှိလျက် စာရိတ္တသီလ, ဝါရိတ္တသီလနှင့်ပြည့်စုံ၍ အကျင့်ပဋိပတ်၌ အားထုတ်ခြင်းရှိပြီးလျှင် သည်းခံခြင်းကောင်းသောအကျင့်၌ မွေ့လျော်ခြင်း, မေတ္တာထားခြင်း စသောဂုဏ်တို့ဖြင့် တန်းဆာဆင်ယင်အပ်သည့် စိတ်နှလုံး ရှိတော်မူသောသာသနာတော် အရှည်တည်တံ့ခြင်းကို အလိုရှိသည့် အရှင်သံဃပါလ မဟာထေရ် တောင်းပန် တိုက်တွန်းခြင်းကို ယူ၍ ငါသည်ဤ ဝိသုဒ္ဓိမဂ်ကျမ်းကို ပြုစီရင်အပ်သောကြောင့်—

ဟူ၍ ဝိသုဒ္ဓိမဂ်ကျမ်း ပြုစုရန် တိုက်တွန်းသည့် အဘိယာစက ပုဂ္ဂိုလ်ကို အရှင်သံဃပါလ မဟာထေရ်ဖြစ်ကြောင်း ဂုဏ်ထူးပေါင်း များစွာနှင့်တကွ ချီးကျူးထုတ်ဖော်၍ ပြဆိုထားပေသည်။

အရှင်ဗုဒ္ဓဒတ္တ၏ ဝိနည်းလက်သန်း အဋ္ဌကထာဖြစ်သည့် ပရိဝါပါဠိတော်အဖွင့် ဥတ္တရဝိနိစ္ဆယကျမ်း နိဂုံး၌လည်း—

> ရတနာတို့၏ တည်ရာ မဟာသမုဒ္ဒရာကြီးကဲ့သို့ သည်းခံခြင်းကောင်းသောအမှု၌ မွေ့လျော်ခြင်း ကောင်းသော အကျင့်ရှိခြင်း, ပညာရှိခြင်း, သဒ္ဓါတရားရှိခြင်း, သနားညှာတာမှုရှိခြင်း စသောဂုဏ်အပေါင်းတို့၏ တည်ရာဖြစ်သော စာရိတ္တသီလ, ဝါရိတ္တသီလနှင့်ပြည့်စုံလျက် တည်ငြိမ်ခိုင်ခံ့သောစိတ် ရှိတော်မူပြီးလျှင် မြတ်စွာဘုရား၏ ဝိနည်းသာသနာ ရှည်မြင့်စွာ တည်စေလိုသည့် အရှင်**သံဃပါလ** မဟာထေရ်သည် ကောင်းမွန်ရိုသေစွာ တောင်းပန်အပ်သောကြောင့် ရဟန်းတို့အား ဝိနည်း အဆုံးအဖြတ်၌ လိမ္မာစေခြင်းငှါ မြတ်သော ဥတ္တရဝိနိစ္ဆယ အမည်ရှိသော ကျမ်းကိုပြုစီရင်အပ်ပြီ—

ဟူ၍ ဥတ္တရဝိနိစ္ဆယကျမ်း ပြုစုရန် တောင်းပန်သည့် အဘိယာစက ပုဂ္ဂိုလ်ကို အရှင်သံဃပါလ မဟာထေရ်ဖြစ်ကြောင်း ဂုဏ်ထူးပေါင်း များစွာနှင့်တကွပင် ချီးကျူး ပြဆိုထားပြန်ပေသည်။

**ရှင်ဗုဒ္ဓဒတ္တ နှင့် ရှင်ဗုဒ္ဓဃောသ ခေတ်ပြိုင်ဖြစ်ခြင်း**

ဤသို့ အရှင်ဗုဒ္ဓဃောသ၏ ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာကျမ်း ပြုစုရန်တိုက်တွန်းသည့် ပုဂ္ဂိုလ်မှာလည်း ဂုဏ်ပေါင်း များစွာ ရှိသည့် အရှင်သံဃပါလဖြစ်ကာ, အရှင်ဗုဒ္ဓဒတ္တ၏ ဥတ္တရဝိနိစ္ဆယကျမ်း ပြုစုရန် တောင်းပန်သည့် ပုဂ္ဂိုလ်မှာလည်း ဂုဏ်ထူးပေါင်းများစွာရှိ အရှင်သံဃပါလပင်ဖြစ်ကြောင်း သိရခြင်းဖြင့် အရှင်ဗုဒ္ဓဃောသနှင့် အရှင်ဗုဒ္ဓဒတ္တတို့မှာ ခေတ်ပြိုင် ပေါ်ထွန်းခဲ့သည့် ပုဂ္ဂိုလ်ကြီးများဖြစ်ကြောင်း ပိုမို၍ ခိုင်မာစွာ သိနိုင်ပေသည်။

ထို့ထက်အလွန် ပို၍ စိစစ်ကြည့်ဦးမည် ဆိုလျှင်—အရှင်ဗုဒ္ဓဃောသ ဝိသုဒ္ဓိမဂ် ကျမ်းပြုစုသည်မှာ အရှင်သံဃပါလ၏"အဇ္ဈေသနံ ဂဟေတွာန= တိုက်တွန်းခြင်းကို ယူ၍" ပြုစုသည်ဟု ဆိုထားသည်။ အရှင်ဗုဒ္ဓဒတ္တ ဥတ္တရ ဝိနိစ္ဆယကျမ်း ပြုစုသည်မှာ အရှင်သံဃပါလ၏ "သက္ကစ္စ သာဒရံ ယာစိ- တော=ကောင်းမွန်ရိုသေစွာ တောင်းပန် အပ်သောကြောင့်" ပြုစုသည်ဟု ဆိုထားသည်။

ဤ အဆိုနှစ်ရပ်ပါ .... "တိုက်တွန်းခြင်းကို"—ဟူသော စကားရပ်ကို ထောက်ဆ၍ အရှင်ဗုဒ္ဓဃောသသည် အရှင်သံဃပါလထက် အသက် သိက္ခာ ဝါငယ်သည်ဟု ယူဆနိုင်ပေသည်။ "ကောင်းမွန်ရိုသေစွာ တောင်းပန်အပ် သောကြောင့်"ဟူသော စကားရပ်ကိုထောက်ဆ၍ အရှင်ဗုဒ္ဓဒတ္တသည် အရှင် သံဃပါလထက် အသက် သိက္ခာ ဝါကြီးသည်ဟု ယူဆနိုင်ပေသည်။ ထို့ကြောင့် အရှင်ဗုဒ္ဓဒတ္တသည် အရှင်ဗုဒ္ဓဃောသထက် အသက် သိက္ခာ ဝါကြီးသည်ဟုပင် တဆင့်တက်၍ ယူမည်ဆိုက ယူဆနိုင်ပေသည်။

ဤပြဆိုခဲ့သည့် အထောက်အထားများအရ အရှင် ၂-ပါး ခေတ်ပြိုင် ဖြစ်ကြောင်း အရှင်ဗုဒ္ဓဒတ္တက အရှင်ဗုဒ္ဓဃောသထက် အသက် သိက္ခာ ကြီးနိုင်ကြောင်း သိရတော့သည်။ထို့ကြောင့်-အရှင် ၂-ပါးတို့ပြုစုသည့်ကျမ်း များသည်လည်း တခေတ်တည်း ပေါ်ထွက်သည့် ကျမ်းများဖြစ်ကြောင်း သိနိုင်ပေသည်။

ယင်းသို့ သိရခြင်းဖြင့်—အရှင်ဗုဒ္ဓဃောသနောက် နှစ်ပေါင်းများစွာ ကြာမှ ပေါ်ထွန်းသည့် အရှင်ဓမ္မပါလ၏ သစ္စသင်္ခေပအဋ္ဌကထာ အရှင်

အနုရုဒ္ဓါ၏ အဘိဓမ္မတ္ထသင်္ဂဟ, နာမရူပပရိစ္ဆေဒ, ပရမတ္ထဝိနိစ္ဆယအဋ္ဌကထာ ကျမ်းတို့ထက် အရှင်ဗုဒ္ဓဃောသနှင့် ခေတ်ပြိုင် ပေါ်ထွန်းခဲ့သည့် အရှင် ဗုဒ္ဓဒတ္တ၏ အဘိဓမ္မာဝတာရကျမ်းက ရှေးဦးစွာ ပေါ်ထွက်ခဲ့သည်ဟု သိနိုင် ပေတော့သည်။ အခြား နောက်ပေါ် အဘိဓမ္မာလက်သန်း အဋ္ဌကထာ တို့ထက် စောသည်ကိုကား ရေးရန်ပင် မလိုပါချေ။

ဤမျှ ပြဆိုလျှင် ဤအဘိဓမ္မာဝတာရကျမ်းသည် ပဌမဦးဆုံး ပေါ်ထွက် ခဲ့သည့် အဘိဓမ္မာလက်သန်း အဋ္ဌကထာကျမ်းဖြစ်သည်ကို သိနိုင်ပေပြီ။

ထို့ပြင် အဘိဓမ္မာဝတာရနှင့်တကွ အဘိဓမ္မာဆိုင်ရာ ရူပါရူပဝိဘာဂ ကျမ်း, ဝိနည်းဆိုင်ရာ ဝိနယဝိနိစ္ဆယကျမ်း ဥတ္တရဝိနိစ္ဆယကျမ်း-ဟူသော လက်သန်း အဋ္ဌကထာကျမ်း များစွာပြုစုတော်မူသည့် အရှင်ဗုဒ္ဓဒတ္တသည်.... လက်သန်း အဋ္ဌကထာ ကျမ်းပြုပုဂ္ဂိုလ်တို့၏ ဘိုးအေကြီး ဖြစ်ကြောင်းကို လည်း သိနိုင်ပါပေပြီ။

၂။ **ကျမ်းဖွဲ့စည်းပုံ ကျစ်လစ်သိပ်သည်းခြင်း။** ။အဘိဓမ္မာဝတာရကျမ်း၌ အပိုင်း ၂၄-ပိုင်း ရှိသည်။
စာမျက်နှာအားဖြင့် ၁၇၀-သာရှိသည်။ ဤမျှ နည်းပါးလှသော အတိုင်း အတာရှိသည့် ကျမ်းကလေးဖြင့်....အဘိဓမ္မာ ၇-ကျမ်း စာမျက်နှာပေါင်း (၄၉၇၆), အဘိဓမ္မာအဋ္ဌကထာကြီး ၃-ကျမ်း စာမျက်နှာပေါင်း (၁၄၆၁)၊ ပေါင်း—ကျမ်းကြီး ၁၀-ကျမ်း စာမျက်နှာပေါင်း (၆၄၃၇)တို့၌ ပြဆို ထားသည့် သဘောတရားများ အဓိပ္ပါယ်များကို အကျဉ်းချုပ် ယူငင် ရေးသား ပြဆိုပေရာ အလွန်ပင် ကျစ်လစ် သိပ်သည်းမှု ရှိမှသာ ဖြစ်နိုင် ကြောင်း သိသာလှပေသည်။

ထို့ထက် ထင်ရှားအောင် ထပ်ဆင့် သက်သေပြရမည်ဆိုလျှင်—**ကုသလ-** ဟူသော ဝေါဟာရစကားကို ခွဲခြမ်းစိတ်ဖြာ၍ ရှင်းပြပုံကို သာဓကထုတ်ပြ ပါအံ့။ ကုသလ-ပုဒ်၏အဓိပ္ပါယ်ကို—

၁။ စက်ဆုပ်ဖွယ် အနက်ဟော "ကု"နိပါတ် ပုဒ် ရှေးရှိသော, ဝိဒ္ဓံ- သနတ္ထ ဖျက်ဆီးခြင်း အနက်ဟော သလဓာတ်နှင့် "တတ်" ဟူသော ကတ္တား အနက်ဟော "အ-ပစ္စည်း" ပေါင်းစပ်၍ "ကု+သလ+အ=

ကုသလ”-ဟု ပုဒ်တခုဖြစ်သည်။ စက်ဆုပ်ဖွယ် အကုသိုလ်တရားများကို+ ဖျက်ဆီး+တတ်သော=ကုသိုလ်တရား-ဟု အဓိပ္ပါယ်ရသည်။

၂။ တနည်း ကုသ-သင်ပန်းမြက် အနက်ဟောပုဒ် ရှေးရှိသော, ဖြတ်ခြင်း အနက်ဟော “လူ” ဓာတ်နှောင် “တတ်” ဟူသော ကတ္တားအနက်ဟော “အ”-ပစ္စည်းသက်၍ “ကုသ+လူ+အ=ကုသလ”-ဟု ပုဒ်ဖြစ်လာသည်။ သင်ပန်းမြက်နှင့်တူသော အကုသိုလ်တရားများကို ရိတ်ဖြတ်တတ်သည့် ကုသိုလ်တရားဟု အဓိပ္ပါယ်ရသည်။

၃။ တနည်း....ကုသ-ပုဒ်သည် ကု+သာ+အ=ကုသ-ဟု ပေါင်းစပ်ထားသည်။ စက်ဆုပ်ဖွယ် အကုသိုလ်ကို+ခေါင်းပါး+စေတတ်သည့်=ဉာဏ်ပညာ-ဟု အနက်ထွက်သည်။ ထိုသို့ ဉာဏ်ပညာ အနက်ဟော-ကုသ-ပုဒ် ရှေးရှိသော ယူခြင်း အနက်ဟော “လာ” ဓာတ်နှင့် “အပ်” ဟူသော အနက်ဟော “အ”ပစ္စည်း ပေါင်းစပ်၍ “ကုသ+လာ+အ=ကုသလ”-ဟု ပုဒ်ဖြစ်လာသည်။ စက်ဆုပ်ဖွယ်အကုသိုလ်တရားတို့ကို နည်းပါးစေတတ်သည့် ကုသမည်သော ဉာဏ်ပညာဖြင့်+ယူအပ်သော ကုသိုလ်တရားဟု အဓိပ္ပါယ် ရသည်—

ဟူ၍ ပါဠိဋီကာကား ရှင်းလင်း၍ များစွာရေးရပေမည်။

ဤအကြောင်းအရာကို အဋ္ဌသာလိနီ အဋ္ဌကထာ စာမျက်နှာ ၈၁-၌ ပါဠိဘာသာဖြင့် စာလုံးပေါင်း ၁၇၆-လုံးဖြင့် ရေးသားပြဆိုထားပေသည်။ ဤအဘိဓမ္မာဝတာရအဋ္ဌကထာ စာမျက်နှာ ၂-၌ မူကား ယင်းအကြောင်းအရာကိုပင် အကျဉ်းချုပ်၍ ဂါထာဖွဲ့ကာ စာလုံးပေါင်း ၃၂-လုံးမျှဖြင့် ရေးသားဖော်ပြ ထားပေသည်။

ဤ တင်ပြချက် သာဓကများကို ထောက်ရှုခြင်းအားဖြင့် အဘိဓမ္မာဝတာရ အဋ္ဌကထာကျမ်းသည် မည်မျှဖွဲ့စည်းပုံ သိပ်သည်း ကျစ်လစ်ကြောင်းကို ခန့်မှန်းနိုင်လောက်ပေပြီ။

၃။ **အစီအစဉ်စံနစ်တကျရှိခြင်း။** ။အဘိဓမ္မာဝတာရကျမ်း အစီအစဉ်ထားပုံမှာ—အပိုင်းကဏ္ဍ ထားရာမှာဖြစ်စေ, စကားဝါကျ ရွှေနောက်ထားရာမှာဖြစ်စေ စံနစ်ကျနလှပေသည်။ နှောင်းခေတ် ကျမ်းပြုပုဂ္ဂိုလ်များ နည်းယူဖွယ် ဖြစ်တော့သည်။

အပိုင်းကဏ္ဍထားပုံမှာ——ဤကျမ်း၌ နိဒ္ဒေသပေါင်း ၂၄-ခု ရှိသည်။ ယင်းတို့တွင် ပရမတ္ထသစ္စာတရားဖြစ်သည့် စိတ် စေတသိက် ရုပ် နိဗ္ဗာန်တရားများပါဝင်သည့် နိဒ္ဒေသ ၁၁-ပါးကို ရှေးဦးစွာပြသည်။

ယင်း ၁၁-ပါးတွင်လည်း အဘိဓမ္မာ ၇-ကျမ်းတွင် ရှေးဦးဆုံး အဘိဓမ္မာကျမ်း ဖြစ်သည့် ဓမ္မသင်္ဂဏီကျမ်း၌ စိတ္တုပ္ပါဒကဏ္ဍကို ရှေးဦးပြသည့်နည်းတူ စိတ် စေတသိက် ပရမတ် တရားနှင့် စပ်ဆိုင်သည့် နိဒ္ဒေသ ၉-ခုကို ရှေးဦးစွာပြသည်။

ယင်းတို့တွင်လည်း ဓမ္မသင်္ဂဏီ စိတ္တုပ္ပါဒကဏ္ဍ၌ စိတ်ကို ဦးစွာပြသည့် နည်းအတိုင်း——

၁။ စိတ္တနိဒ္ဒေသကို ဦးစွာပြသည်။

၂။ ထို့နောက် စိတ်နှင့်ယှဉ်ဘက် **စေတသိကနိဒ္ဒေသကို** ပြထားသည်။

၃။ ထို့နောက် ယင်း စေတသိက်တို့ကို အစု ဖွဲ့စည်း ဝေဘန်ပြသည့် စေတသိက ဝိဘာဂနိဒ္ဒေသကို ပြထားသည်။

၄။ ထို့နောက် စိတ်အမျိုးမျိုးကို တပါး အပြား ဧကဝိဓနည်းမှ စ၍ ဆဲ့လေးခုအပြား စုဒ္ဒသဝိဓနည်း, များသောအပြား ဗဟုဝိဓနည်းအထိ ၁၅-မျိုး ဝေဘန်ပြဆိုသည့် ဧကဝိဓာဒိနိဒ္ဒေသကို ပြထားသည်။

၅။ ထို့နောက် စိတ်ကို ဘုံအားဖြင့်ရင်း, ပုဂ္ဂိုလ်အားဖြင့်ရင်း, ဘုံ ပုဂ္ဂိုလ် ၂-ပါးစုံဖြင့်ရင်း ရသင့်သလို ဝေဘန်ပြသည့် ဘူမိပုဂ္ဂလနိဒ္ဒေသကို ပြထားသည်။

၆။ ထို့နောက် စိတ်ကိုပင် ဆက်လက်၍ အာရုံဖြင့် ဝေဘန်ပြသည့် **အာရမ္မဏဝိဘာဂနိဒ္ဒေသကို** ပြထားသည်။

၇။ ထို့နောက် ဘုံပုဂ္ဂိုလ်တို့၌ ဝိပါက်စိတ်တို့၏ ဖြစ်ပုံကို ပြဆိုသည့် ဝိဘာဂစိတ္တုပ္ပတ္တိနိဒ္ဒေသကို ပြထားသည်။

၈။ ထို့နောက် အာရုံများ ဒွါရ၌ ထင်ပုံ, စိတ်များက အာရုံ ယူပုံ, စိတ်အစဉ် ဖြစ်ပုံ, ဝိညာဉ်စိတ်များ ဖြစ်ပုံ စသည်ဖြင့် စိတ်ပိုင်းဆိုင်ရာ အထွေထွေ သိမှတ်ဖွယ်ကို ပြဆိုသည့် ပကိဏ္ဏကနိဒ္ဒေသကို ပြထားသည်။

၉။ ထို့နောက် ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္စာဘိသင်္ခါရဟူသော သင်္ခါရ ၃-ပါးတို့ကြောင့် ဝိပါက်ဝိညာဉ်များ၏ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စများ ဖြစ်ပုံကို ပြဆိုသည့် **ပုညဝိဘာဂ ပစ္စယနိဒ္ဒေသကို** ပြထားသည်။

၁၀။ ဤသို့ ပရမတ္ထသစ္စာပါ နာမ်ပိုင်းဆိုင်ရာ နိဒ္ဒေသ ၉-ပါးကို စံနစ်ကျစွာ အစဉ်ထားပြပြီးနောက် ရုပ် ပရမတ် တရားများကို ပြဆိုသည့် **ရူပဝိဘာဂနိဒ္ဒေသကို** ပြထားသည်။

၁၁။ ထို့နောက် ရုပ်နာမ် ပရမတ်တရားတို့မှ အလွတ် ပရမတ်တရားဖြစ်သည့် နိဗ္ဗာန် ပရမတ်ကို ပြဆိုရာ **နိဗ္ဗာနနိဒ္ဒေသကို** ပြထားသည်။

၁၂။ အထက်ပါအတိုင်း ပရမတ္ထ သစ္စာဆိုင်ရာ နိဒ္ဒေသ ၁၁-ပါးကို ပြပြီးလျှင်....သစ္စာတရားချင်းတူသော သမုတိသစ္စာ ပညတ်တရားကို ပြဆိုသည့် **ပညတ္တိနိဒ္ဒေသကို** ပြထားသည်။

၁၃။ ယင်းသို့ ဘုရားဟော သစ္စာ ၂-ပါးဆိုင်ရာ နိဒ္ဒေသများ၏ အခြားမဲ့၌ ဘုရားဟော အမှန်သစ္စာတရား မဟုတ်သော အမှား မိစ္ဆာတရားဖြစ်သည့် ကာရက, ဝေဒက, အတ္တ-တရားများကို ပယ်ရှားနှိပ်နင်း ပြဆိုရာ **ကာရကပဋိဝေဓနိဒ္ဒေသကို** ပြဆိုထားသည်။

အထက်တွင် ပြဆိုခဲ့သည့် ပရမတ္ထ သစ္စာတရား, သမုတိ သစ္စာတရား, မိစ္ဆာဝါဒတရားတို့ကို ပြဆိုသည့် နိဒ္ဒေသ ၁၃-ခုတို့ကား သိမှတ်သင်ကြားရေးဆိုင်ရာ ပရိယတ္တိနိဒ္ဒေသတို့ ဖြစ်သည်။ ယင်း ပရိယတ္တိဆိုင်ရာ နိဒ္ဒေသများကို ပြပြီးနောက်၌ အကျင့်သိက္ခာပိုင်းဆိုင်ရာ သီလ, သမာဓိ, ပညာတရားတို့ကို ပြဆိုသည့် ပဋိပတ္တိနိဒ္ဒေသ ၁၀-ပါးတို့ကို ဆက်၍ပြသည်။ ယင်း ၁၀-ခုတွင်လည်း သီလ, သမာဓိဆိုင်ရာ နိဒ္ဒေသ ၄-ပါးကို ဝိသုဒ္ဓိ ၇-ပါး အစဉ်အရ ရှေးဦးစွာပြသည်။ ယင်း ၄-ပါးတွင်—

၁၄။ အခြေခံကျသည့် သီလနှင့် ရူပါဝစရ သမာဓိ ပွါးနည်းဆိုင်ရာကို ပြဆိုသည့် **ရူပါဝစရ သမာဓိဘာဝနာ နိဒ္ဒေသကို** ရှေးဦးစွာ ပြထားသည်။

၁၅။ ထို့နောက် ရူပသမာဓိရပြီး ဆက်လက် ပွါးများရမည့် အရူပါဝစရ သမာဓိပွါးနည်းကို ပြဆိုသည့် **အရူပါဝစရ သမာဓိဘာဝနာ နိဒ္ဒေသကို** ပြထားသည်။

၁၆။ ထို့နောက် ရူပ,အရူပ သမာဓိတို့၏အကျိုးဖြစ်သည့် အဘိညာဉ်တရား ဆိုင်ရာကိုပြဆိုရာ အဘိညာနိဒ္ဒေသကို ပြထားသည်။

၁၇။ ထို့နောက် ဆက်လက်၍ ယင်းအဘိညာဉ်တို့၏ အာရုံတရားများကို ပြဆိုရာ အဘိညာရမ္မဏနိဒ္ဒေသကို ပြထားသည်။

ယင်းသို့ သီလ, သမာဓိပိုင်းဆိုင်ရာ နိဒ္ဒေသ ၄-ပါးကို ပြဆိုပြီးသည့် အခြားမဲ့၌ ပညာပိုင်းဆိုင်ရာ နိဒ္ဒေသ ၆-ပါးကို ပြဆိုသည်။ ယင်း ပညာပိုင်း နိဒ္ဒေသများကိုကား ဝိသုဒ္ဓိဖြစ်ပေါ်ပုံ အစဉ်အတိုင်း—

၁၈။ ဒိဋ္ဌိဝိသုဒ္ဓိနိဒ္ဒေသ၊

၁၉။ ကင်္ခါဝိတရဏဝိသုဒ္ဓိနိဒ္ဒေသ၊

၂၀။ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိနိဒ္ဒေသ၊

၂၁။ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိနိဒ္ဒေသ၊

၂၂။ ဉာဏဒဿန ဝိသုဒ္ဓိနိဒ္ဒေသ-ဟူ၍ အစဉ်အတိုင်းပြသည်။

၂၃။ ထို့နောက် ဆက်လက်၍ ယင်းဉာဏဒဿနဝိသုဒ္ဓိ ဟူသော မဂ်ဉာဏ်တို့ဖြင့် ကိလေသာပယ်ပုံကို ပြဆိုသည့် ကိလေသပဟာနကထာ ကို ပြထားသည်။

၂၄။ ယင်း နိဒ္ဒေသ၏ နောက်၌မူ မြတ်စွာဘုရားရှင်သည် အဘိဓမ္မာ ၇-ကျမ်းကို ဟောရာ၌....ဓမ္မသင်္ဂဏီကျမ်း စိတ္တုပ္ပါဒကဏ္ဍကို အစဆုံး ထားဟောပြီး ပဋ္ဌာန်းကျမ်းကို နောက်ဆုံးထား ဟောတော်မူသကဲ့သို့ ဤအတူပင် အရှင် ဗုဒ္ဓဒတ္တသည် ဤ ကျမ်း၌ စိတ်ကိုပြဆိုသည့် စိတ္တနိဒ္ဒေသကို အစဆုံးထားပြီးလျှင် ပဋ္ဌာန်းနည်းကို ပြဆိုသည့် ပစ္စယ နိဒ္ဒေသကို နောက်ဆုံး ထားကာ အဘိဓမ္မာဝတာရကျမ်းကို အပြီးသတ် စီရင်ထား ပေသည်။

ဤသို့ အပိုင်းကဏ္ဍစီစဉ်ထားပုံ စံနစ်ကျနလှပေသည်။

ထို့ပြင် စကားဝါကျဖွဲ့ပုံ အစီအစဉ်ထားပုံမှာလည်း စံနစ်ကျနလှပေ သည်။ ကျမ်းအစ၌ စိတ္တံ စေတသိကံ ရူပံ နိဗ္ဗာနံ-ဟူ၍ အစဉ်ချမှတ် လိုက်သည်။ ထိုအစဉ်အတိုင်း စိတ်ကို ဦးစွာပြသည်။ ပြရာတွင်—

ဝိသယဝိဇာနနံ စိတ္တံ=စိတ်ဟူသည် အာရုံကို သိခြင်း သဘောတည်းဟု စိတ်၏ သဘာဝအနက်ကို ထုတ်ပြသည်။

ထို့နောက် စိန္တေတီတိ စိတ္တံ=ကြံတတ် သိတတ်သောကြောင့် စိတ်မည်၏ဟု စိတ်၏သဒ္ဒါနက်ကို ထုတ်ပြသည်။

ထို့နောက် အတ္တသန္တာနံ စိနောတီတိ စိတ္တံ=မိမိ သန္တာန်ကို ဖြစ်ပွါးစေတတ်သောကြောင့် စိတ်မည်၏ဟူ၍ တနည်း ထပ်ဆင့်ပြသည်။

ထို့နောက် ဝိစိတ္တကရဏံ စိတ္တံ-စသော ဂါထာဖြင့် စိတ်ဟူသော ဝေါဟာဖြစ်လာပုံ ဝေါဟာရတ္ထကို ရှင်းလင်းပြသည်။

ယင်းသို့ စိတ်၏ အနက်အမျိုးမျိုးကို ရှင်းလင်းပြပြီးမှ တံ ပန အာရမ္မဏတော စေဝိခံ=ထိုစိတ်သည် အာရုံပြုခြင်းအားဖြင့် တပါးသာ ရှိ၏ စသည်ဖြင့် စကားချီကာ စိတ်အမျိုးမျိုးကို ဝေဘန်ပြဆိုသည်မှာ လေ့လာဖတ်ရှုသူတို့အတွက် ဉာဏ်အမြင် ရှင်းကနဲ လင်းကနဲ ဖြစ်သွားစေအောင် အစီအစဉ် ကောင်းလှပါပေသည်။

၄။ အဘိဓမ္မာဝေါဟာရများ တီထွင်ခဲ့ခြင်း။ ။အဘိဓမ္မာဝတာရကျမ်းကား ပဌမ အဦးဆုံး ပေါ်လာသည့် အဘိဓမ္မာလက်သန်း အဋ္ဌကထာဖြစ်သည်နှင့် ညီညွတ်စွာပင် ကျမ်းအမျိုးအစားအားဖြင့်သာ အသစ်တီထွင်သည် မဟုတ်ချေ၊ အဘိဓမ္မာဆိုင်ရာ ဝေါဟာရ စကားလုံးများကိုလည်း တိုတို ရှင်းရှင်း လိုရင်းထိမိအောင် တီထွင်ခဲ့ပေသည်၊ သာဓက ထုတ်ပြပါအံ့——

ဟသိတုပ္ပါဒ်။ ။ယခုအခါ အဘိဓမ္မာ သုတေသီတိုင်းလို သိနားလည်လျက်ရှိသော သောမနဿ သဟဂုတ် အဟိတ်ကြိယာစိတ်၏....
"ဟသိတုပ္ပါဒ်" ဟူသော အမည်သည် ပါဠိတော်ရင်း၌ မလာချေ။ စိတ်ဖြစ်ပုံ သဘောကိုသာလျှင်....

ယသ္မိံ သမယေ မနောဝိညာဏဓာတု ဥပ္ပန္နာ ဟောတိ+ ကိရိယာ နေဝကုသလာ နာကုသလာ န စ ကမ္မဝိပါကာ သောမနဿ သဟဂတာ ရူပါရမ္မဏာ ဝါ=အကြင်အခါ၌ ကုသိုလ်လည်းမဟုတ် အကုသိုလ်လည်းမဟုတ် (ကုသိုလ် အကုသိုလ်ကံ၏) အကျိုး ဝိပါက်လည်းမဟုတ် ပြုကာမျှ ကိရိယာဖြစ်သော သောမနဿနှင့်

တက္က ဖြစ်သော ရူပါရုံလျှင် အာရုံရှိသည် မူလည်းဖြစ်သော××

အထူး သိမှုသဘော မနောဝိညာဏဓာတ်သည်××ဖြစ်ဆဲဖြစ်၏။

စသည်ဖြင့် ဓမ္မသင်္ဂဏီကျမ်း၌ ပြဆိုသည်။ (ဓမ္မသင်္ဂဏီပါဠိတော်နှင့် မြန်မာပြန် စာပိုဒ် နံပါတ် (၅၆၇) ကြည့်ပါ။)

ဓမ္မသင်္ဂဏီပါဠိတော်၏ အဖွင့် အဋ္ဌသာလိနီ အဋ္ဌကထာ (နှာ-၄၄၇) မှာမူ "ကိရိယာဟေတုက မနောဝိညာဏဓာတု သောမနဿ သဟဂတာ" ဟူ၍ အမည်ပေးလိုက်ပေသည်။ အမည်မှာ အနည်းငယ် ရှည်နေသေးသည်။ ယခုခေတ်သုံး "ဟသိတုပ္ပါဒ" ဟူသော အမည်သို့ မရောက်သေးပေ။ သို့သော် အရိပ်အရောင်အားဖြင့်—

ဟသိတုပ္ပါဒဝသေန ပဝတ္တိယံ အတီတာ နာဂတ ပစ္စုပ္ပန္နာရမ္မဏံ ဟောတိ=ရွှင်ခြင်းကို ဖြစ်စေသည့် အစွမ်းဖြင့် ဖြစ်သော အခါ၌ အတိတ် အနာဂတ် ပစ္စုပ္ပန် အာရုံပြု၏ဟူ၍ ပြဆိုထားပေသည်။

ထို့အတူပင် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဒုတိယတွဲ စာမျက်နှာ ၈၇-၌ စိတ်၏ အမည်ကို "သောမနဿသဟဂတာဟေတုကကိရိယာ = သောမနဿ-သဟဂုတ် အဟိတ်ကိရိယာ"ဟု ပြဆို၍ စိတ်၏ ကိစ္စကိုမူ "ဟသိတုပ္ပါဒန-ရသာ=ရွှင်မှုကို ဖြစ်စေခြင်း ကိစ္စ ရှိ၏"ဟု ပြဆိုထား ပေသည်။ "ဟသိ-တုပ္ပါဒ်စိတ်"ဟူကား တိုက်ရိုက် အမည်မပေးလိုက်သေး၊ သို့သော် ယင်းသို့ အမည်ပေးချင်ဖွယ် အရိပ်အရောင်ပြ၍ လမ်းခင်းနေသည်ကို သတိပြုသင့်သည်။

ဤ အဘိဓမ္မာဝတာရ အဋ္ဌကထာ၌မူကား—ဟသိတုပ္ပါဒ်စိတ် ဟူ၍ အဘိဓမ္မာဝေါဟာရ-တခု တီထွင်ကာ တိုက်ရိုက် အမည်ပေးလိုက်သည်ကို တွေ့ရသည်။ တီထွင်သူတို့၏ သဘောထားစံမှာ ရှေးဦးစွာ မိမိတီထွင်လိုသော ဝေါဟာရကို ရှေးဟောင်း ဝေါဟာရနှင့် ယှဉ်တွဲပြရသည်၊ နောက်မှ မိမိ ဝေါဟာရ သက်သက်ကို သုံးစွဲရသည်၊ သို့မှ တီထွင်သည့် ဝေါဟာရ၏ အနက် အဓိပ္ပါယ်ကို လေ့လာသူတို့ မတွေ့မဝေ အမှန်သိနိုင်သည်။

ထို့ကြောင့် ဤကျမ်း (စာမျက်နှာ-၁၆)၌ ရှေးဦးစွာ "ကိရိယာဟေတုက မနောဝိညာဏဓာတု သောမနဿသဟဂတံ ဟသိတုပ္ပါဒစိတ္တံ= ကိရိယာအဟိတ် မနောဝိညာဏဓာတ် သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်

စိတ်”ဟု မူရင်း ရှေးအဋ္ဌကထာကြီးတို့ သုံးစွဲရိုး အမည်ရှည်ကြီးနှင့် တွဲ၍ သုံးလိုက်သည်။ ထို့နောက်မှ စာမျက်နှာနံပါတ် (၅၇) ဂါထာ ၃၁၃-၌—

ရူပါဒယော ပရိတ္တာ ဆ၊ ဟသိတုပ္ပါဒ ဂေါစရာ။

ရူပါရုံစသော ကာမအာရုံ ၆-ပါးတို့သည် ဟသိတုပ္ပါဒ်စိတ်၏ အာရုံ ဖြစ်ကုန်၏။ ဟုရင်း,

စာမျက်နှာ(၅၈) ဂါထာ ၃၂၃-၌—

“ဟသိတုပ္ပါဒ စိတ္တန္တိ”=ဟသိတုပ္ပါဒစိတ် ဟူ၍”

ဟုရင်း “ဟသိတုပ္ပါဒ်စိတ်”ဟူသော အဘိဓမ္မာဝေါဟာရသစ်ကို သုံးစွဲလိုက်ပေသည်။ ယနေ့ထက်တိုင် ဗုဒ္ဓအဘိဓမ္မာလောက၌ ဤ ဝေါဟာရကို တွင်ကျယ်စွာ သုံးစွဲလျက် ရှိပေသည်။

**ကြိယာစိတ်။** ။အဘိဓမ္မာ ဓမ္မသင်္ဂဏီ ပါဠိတော် စာမျက်နှာ-၁၃၉ ၌ “ကိရိယ”ဟူ၍ စိတ်အမည်ကို ဟောကြားထားသည်။ ယင်း “ကိရိယ” ဟူသော အမည်ကို အဋ္ဌသာလိနီ အဋ္ဌကထာ စာမျက်နှာ (၃၃၀)၌—

ကိရိယာတိ ကရဏမတ္တံ။ တံတံ ကိစ္စသာဓနဝသေန ပဝတ္တတ္တာ ပန ကရဏမတ္တမေဝ ဟောတိ၊ တသ္မာ ကိရိယာတိ ဝုတ္တံ=

ကိရိယာဟူသည် ပြုခြင်းမျှသာတည်း၊ ထိုထို ကိစ္စကို ပြီးစေသည်၏အစွမ်းဖြင့် ဖြစ်သောကြောင့် ပြုခြင်းမျှသာလျှင် ဖြစ်သည်။ ထို့ကြောင့် “ကိရိယာ”ဟူ၍ ဆိုအပ်၏။

ဟူ၍ ဖွင့်ဆိုထားပေသည်။

ဤပါဠိတော်နှင့် အဋ္ဌကထာရှိတိုင်းပင် ရှေးအဋ္ဌကထာများ၌ “ကိရိယာ”ဟူသော အမည်ဝေါဟာရကိုသာ သုံးစွဲခဲ့ကြသည်။ ဤ အဘိဓမ္မာဝတာရ လက်သန်းအဋ္ဌကထာကျမ်း ပေါ်လာသောသောအခါ၌မူ အဘိဓမ္မာ တရားအမည်များကို ဂါထာဗန္ဓဖြင့် စီကုံးဖွဲ့ဆိုရာတွင် “ကိရိယ” ဟူသော အမည်မှာ ရှည်လျား၍ ရွတ်ဆိုရာ၌ အနည်းငယ်ထောင့်ပြီး ဂါထာပါဒ အက္ခရာလုံးရေ မကိုက်ဖြစ်သောကြောင့် ယင်းကို “ကြိယ” ဟု ပြောင်းလွှဲကာ....ဤကျမ်း စာမျက်နှာ(၁၈)၊ ဂါထာနံပါတ်(၆၀)၌—

ကောဒသ ဝိမံ ကာမေ၊ ရူပေ ပဥ္စ အရူပိသု။
စတ္တာရီတိ စ သဗ္ဗာနိ၊ ကြိယစိတ္တာနိ ဝီသတိ။

ဟူ၍ "ကြိယာစိတ္တံ=ကြိယာစိတ်"ဟူ၍ ဝေါဟာရသစ်ထွင်ကာ ဂါထာစီကုံးလိုက်ရာ....ယနေ့တိုင်အောင်ပင် သာသနာ၌ သုံးစွဲလျက် ရှိပေသည်။ ဤသည်ကိုပင် သဒ္ဒနီတိ ဓာတုမာလာကျမ်း စာမျက်နှာ-၂၇၆ ၌—

> သဒ္ဒါကျမ်း ဆရာတို့သည်ကား"ကြိယာ"ဟူသော ပုဒ်ကိုလည်း အလိုရှိကုန်၏။ သို့သော်လည်း "ကြိယာ" သဒ္ဒါကဲ့သို့ပင် ပါဠိတော်၌ မထင်ရှား၊ ယင်းသို့ မထင်ရှားသော်လည်း ထို"ကြိယာ" ပုဒ်ကို အဋ္ဌကထာဆရာစသည့် ဆရာကြီးတို့ ယူအပ်သောကြောင့် ယူသင့်သည်သာတည်း။

ဟူ၍ အဆုံးအဖြတ် စကား မှာကြားရေးသားသည်။

ထို့နောက်မှ တဖန် မိမိစကား ခိုင်ခံ့စေခြင်းငှါ ဆက်လက်၍—

> မှန်၏"ကြိယာကြိယာပတ္တိ ဝိဘာဂဒေသကော=ကြိယအာပတ် အကြိယအာပတ်ကို ဝေဘန်၍ ဟောကြားတော်မူတတ်သော မြတ်စွာဘုရားသည်" ဤသို့ အစရှိသော သဒ္ဒါ အစီအရင် ထင်ရှားစွာ တွေ့မြင်ရပေသည်—

ဟု အထောက်အထား ထုတ်ပြထားသည်။

ယင်းသို့ သဒ္ဒနီတိဓာတုမာလာကျမ်း၌ "ကြိယာ" ပုဒ်ရှိကြောင်း သက်သေ ထုတ်ပြသော ပါဠိသည်ကား ဤ အဘိဓမ္မာဝတာရကျမ်း စာမျက်နှာ (၁၈)၊ နံပါတ် (၆၂) ဂါထာပင်ဖြစ်ပေရာ–ယင်း "ကြိယာစိတ္တ" ဟူသော ဝေါဟာရကို ဤကျမ်းက စတင်သုံးစွဲကြောင်း မှတ်ယူသင့်ပေသည်။

ဤ ဟသိတုပ္ပါဒစိတ္တ-ကြိယာစိတ္တ-ဟူသော အဘိဓမ္မာဝေါဟာရသစ်များအတူပင် အခြား အဘိဓမ္မာဝတာရသစ်များ ဤကျမ်း၌ ရှိသေးသော်လည်း ထုတ်ပြနေပါလျှင် နိဒါန်းကြီးရှည်လျားသွားမည် စိုးရိမ်သောကြောင့် မပြဆိုတော့ဘဲ အဘိဓမ္မာသုတေသီတို့ ရှာဖွေ လေ့လာကြရန် အတွက် ချန်လှပ်ထားရပေတော့မည်။

၅။ သာယာချိုမြိန်သော အဖွဲ့အနွဲ့များ။ ။အဘိဓမ္မာဝတာရ ကျမ်းပြု အရှင် ဗုဒ္ဓဒတ္တမဟာထေရ်သည်ကား ပါဠိ ဂါထာ ကဗျာ ဗန္ဓ စီကုံးဖွဲ့ဆိုရာတွင် အလွန်ထင်ရှားကျော်ကြားတော်မူသည့် မဟာကဝိကြီးဖြစ်တော်မူသည်။

မဟာယာနခေါ် မြောက်ပိုင်း ဗုဒ္ဓဘာသာဝင်တို့က အရှင် အဿဃောသကို သူတို့ သာသနာဝင်၌ မဟာကဝိကြီးဟု မောက်ကြွား ဂုဏ်ယူကြသကဲ့သို့ပင် ထေရဝါဒခေါ် တောင်ပိုင်း ဗုဒ္ဓဘာသာဝင်တို့ကလည်း မိမိတို့ သာသနာဝင်၌ အရှင် ဗုဒ္ဓဒတ္တကို မဟာကဝိကြီးဟု မော်ကြွားဂုဏ်တင်ကြပေသည်။

အရှင် ဗုဒ္ဓဒတ္တ ပြုစုတော်မူသည့် ယခုအခါ ထင်ရှားရှိသည့် အဋ္ဌကထာကျမ်းများကား—

(က) ဗုဒ္ဓဝံသ အဋ္ဌကထာ၊

(ခ) ဝိနယ ဝိနိစ္ဆယ အဋ္ဌကထာ၊

(ဂ) ဥတ္တရ ဝိနိစ္ဆယ အဋ္ဌကထာ၊

(ဃ) အဘိဓမ္မာဝတာရ အဋ္ဌကထာ-

ဟူ၍ ၄-ကျမ်းရှိသည်။

(က) ယင်းတို့တွင် ဗုဒ္ဓဝံသ အဋ္ဌကထာကို မဓုရတ္ထဝိလာသိနီဟု အမည်ပေးထားသည်။ မဓုရ=ချိုမြိန်သော+အတ္ထ=အနက် အဓိပ္ပါယ်ကို+ဝိလာသိနီ=ပြဆိုတတ်သည်ဟု အဓိပ္ပါယ်ရပေသည်။ ကျမ်း၏ နိဂုံး၌လည်း—

ခပ်သိမ်းသော အခြင်းအရာအားဖြင့် ချိုမြိန်သော အနက်ကို ကောင်းစွာ ပြတတ်သောကြောင့် မဓုရတ္ထဝိလာသိနီကျမ်း—

ဟူ၍ ကျမ်း၏ အနက် အဓိပ္ပါယ်ကို ဖော်ပြထား ပေသည်။

(ခ) ထို့အတူပင် ဝိနယဝိနိစ္ဆကျမ်း၏ ဂန္ထာရမ္ဘကထာ၌လည်း မြတ်သော ဝိနည်းအစဉ်၌ လိမ္မာခြင်းကို ပြုတတ်သော နှောင့်ယှက် ရောထွေးခြင်းမရှိ သာယာချိုမြိန်သည့် အနက်ပုဒ် အစဉ်ရှိသော ဤကျမ်းကို—

ဟူ၍ သာယာချိုမြိန်သည့် အနက်နှင့် ပုဒ်များဖြင့် စီရင်ထားကြောင်း ရေးသား ဝန်ခံထားပေသည်။

(ဂ) တဖန် ဥတ္တရဝိနိစ္ဆယကျမ်း၏ နိဂုံးနောက်ဆုံး၌လည်း—

> လွန်စွာနှစ်သက်မွေ့လျော်ခြင်းကို ပြုတတ်သည့် သာယာချိုမြိန် ကောင်းမြတ်သော စကားကို ထုတ်ဆိုတတ်သော ကဝိမြတ်အာဇာနည် အရှင်ဗုဒ္ဓဒတ္တစီရင်အပ်သော ဥတ္တရဝိနိစ္ဆယကျမ်း ပြီးပြီ—

ဟု ဂုဏ်ပြုမှတ်တမ်း ရေးထိုးထားသည်ကို တွေ့ရပေသည်။

(ဃ) ဤအဘိဓမ္မာဝတာရကျမ်း၌လည်း ရှေးဦးစွာ ဂန္ထာရမ္ဘကထာ ဂါထာနံပါတ် ၄-၌—

> ရဟန်းတို့အား အဘိဓမ္မာ ပိဋကတ်၌ လိမ္မာတတ်သိစေခြင်း အကျိုးငှါ သာယာချိုမြိန်၍ စိတ်နှလုံးကို နှစ်သက်ပွါးများစေသော အဘိဓမ္မာဝတာရကျမ်း—

ဟု ရေးသားပြီးလျှင် နိဂုံးချုပ် ဂါထာနံပါတ်- ၁၄၀၇-၌

> သာယာ ချိုမြိန်သော အက္ခရာတို့နှင့် ယှဉ်သည့် အနက်ကို ပြအပ်ပြီ၊ ထို့ကြောင့် အကျိုးစီးပွါး အလိုရှိသူသည် ဤကျမ်းကို ရှိသေခြင်းကို ပြုသင့်၏—

ဟု ရေးသားထားပေသည်။

ဤသို့ အရှင်မြတ်၏ ကျမ်းစာ အသီးသီး၌ အထူးပြု၍ ပြဆိုအပ်သည့် စကားရပ်များကို ထောက်၍ အရှင်မြတ်သည် ပါဠိကဗျာ ဂါထာများကို ရသဂုဏ်မြောက်အောင် ဖွဲ့ဆိုတတ်သည့် စာဆိုတော် ကဝိကြီးဖြစ်ကြောင်း ထင်ရှားပေတော့သည်။ ဤကျမ်း၌လည်း သာယာချိုမြိန်သည့် အဖွဲ့အနွဲ့ များ ပါဝင်သည်ကို သိနိုင်ပေသည်။

စာရှုသူ သုတေသီသည် လက်တွေ့အားဖြင့် အဘိဓမ္မာဝတာရကျမ်း၌ ပါရှိသည့် ဂါထာပါဠိကဗျာများကို ပါဠိဘာသာ တတ်ကျွမ်းသူအား ရွတ်ဆိုခိုင်း၍ နားထောင်ကြည့်ပါ—

စံနစ်တကျ ပြုလုပ်ထားသည့် ဝါးပတ္တလားကို တတ်ကျွမ်းလှသည့် ပတ္တလားဆရာကြီး လက်စွမ်းပြ တီးလိုက်သည့်အသံကို နာခံရဘိ၏ သို့

အလွန်တရာ သာယာချိုမြိန်သည့် ပါဠိဂါထာ တေးသံသာကို နာခံရပါလိမ့်မည်။

၆။ ဆောင်ပုဒ် နိယံများ ပါဝင်ခြင်း။ ။အရေးတကြီး သိမှတ်ဖွယ်ကောင်းသည့် အဘိဓမ္မာဆိုင်ရာ ခက်ဆစ် အဖြေများကို ဤကျမ်း၌ ကျက်မှတ်ချင်ဖွယ် သာယာချိုမြိန်သည့် ဂါထာများဖြင့် ဖွဲ့စီထားသည်။ ယင်း ဂါထာများသည် နောက်ပညာရှင်များအတွက် စီထားလောက်သည့် ဂါထာများပင် ဖြစ်ပေသည်။ ယခုကာလအထိ နှောင်းခေတ်ပေါ် ပညာရှင်များသည် ထိုဂါထာများထက် ကောင်းအောင်ရေးခြင်းငှါ မစွမ်းနိုင်တော့ပေ၊ ခေတ်အဆက်ဆက် ယင်းဂါထာများကိုပင် ဆောင်ပုဒ်နိယံအဖြစ် ခံယူသုံးစွဲကြရတော့သည်။ ယင်းသို့သော နိယံ ဆောင်ပုဒ်ဂါထာများလည်း ဤကျမ်း၌ များစွာပါဝင်လျက် ရှိသည်။ သာဓက ပြရမည်ဆိုလျှင်—

စေတသိက် ၅၂-မျိုးတို့၌ ဗြဟ္မဝိဟာရတရား ၄-ပါးအနက် ကရုဏာနှင့် မုဒိတာ အမည်များသာ ပါဝင်၍ မေတ္တာနှင့်ဥပေက္ခာ မပါဝင်ချေ။ ယင်းသို့ မပါဝင်ခြင်းသည် အဒေါသစေတသိက်ဖြင့် မေတ္တာကိုယူ၍ တတြမဇ္ဈတ္တတာစေတသိက်ဖြင့် ဥပေက္ခာကို ယူရကြောင်း သိစေရန်အတွက် အဘိဓမ္မာဝတာရကျမ်း စေတသိကနိဒ္ဒေသ ဂါထာနံပါတ် ၇၀-၌

အဗျာပါဒေန မေတ္တာပိ၊ တတြ မဇ္ဈတ္တတာယ စ။
ဥပေက္ခာ ဂဟိတာ ယသ္မာ၊ တသ္မာ န ဂဟိတာ ဥဘော။

ဟု ဂါထာစီကုံးနှုန်းဖွဲ့ခဲ့သည်။ ယင်းဂါထာကို ယခု မျက်မှောက်ခေတ်တိုင်အောင် နိယံဆောင်ပုဒ်အဖြစ် ကျက်မှတ်သုံးစွဲ နေရပေသည်။

ထို့ပြင် လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်-ဟူသော ဓမ္မဝဝတ္ထာန် ၄-ပါး၏ အဓိပ္ပါယ်ကို အဘိဓမ္မာဝတာရ ရူပဝိဘာဂ နိဒ္ဒေသ၌—

သာမညံ ဝါ သဘာဝေါ ဝါ၊ ဓမ္မာနံ လက္ခဏံ မတံ။
ကိစ္စံ ဝါ တဿ သမ္ပတ္တိ၊ ရသောတိ ပရိဒီပိတော။

ဖလံ ဝါ ပစ္စုပဋ္ဌာနံ၊ ဥပဋ္ဌာန နယောပိ ဝါ။
အာသန္နကာရဏံ ယံ တု၊ တံ ပဒဋ္ဌာနသညိတံ။

ဟု ဂါထာစီဖွဲ့ထားသည်၊ ယင်းဂါထာကိုပင် ယနေ့ထက်တိုင် နိယံဆောင်ပုဒ် ပြုလုပ်ကျက်မှတ်လျက် ရှိကြပေသည်။

၇။ အနက် အဓိပ္ပါယ်စုံလင်ခြင်း။ ။အဘိဓမ္မာ သဘောတရားများကို ဖွင့်ဆို ပြသရာတွင်....ဤ ကျမ်း၌ လိုသည် မရှိရ၊ အဘက်ဘက်မှ ပြည့်ဝစုံလင်လှပေသည်။

စုံလင်ပုံကို အကျဉ်းမျှ ရှင်းပြရလျှင် စာမျက်နှာ ၁၉-၂၁ ကိုရှုပါ။

(က) စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် ပရမတ္ထတရားတို့ကို ရှေးဦးစွာ အကျဉ်းချုပ်မျှ သရုပ်ထုတ်ပြသည်။

ပုံစံ။ ။ဖဿော ဝေဒနာ သညာစသည်။

(ခ) ထို့နောက် ယင်းတို့ကို ဝိဂ္ဂဟ် ဝစနတ္ထဖြင့် ဖွင့်ပြသည်။

ပုံစံ။ ။ဖုသတီတိ ဖဿော=တွေ့ထိတတ်သောကြောင့် ဖဿမည်၏။

(ဂ) ထို့နောက် သဘော အဓိပ္ပါယ်ကို ဓမ္မဝဝတ္ထာန် ၄-ပါးဖြင့် ပြသည်။

ပုံစံ။ ။သွာယံ ဖုသန လက္ခဏော=ထိုဖဿသည် အာရုံနှင့် တွေ့ထိခြင်း လက္ခဏာရှိ၏ စသည်။

(ဃ) ထို့နောက် အကြောင်းအကျိုး ရှင်းလင်း၍ ဖွင့်ပြ၏။

ပုံစံ။ ။အယံ ဟိ အရူပဓမ္မောပိ သမာနော အာရမ္မဏေသု ဖုသနာကာရေနေဝ ပဝတ္တတိ=မှန်၏၊ ထိုဖဿသည် နာမ်တရားပင် ဖြစ်သော်လည်း အာရုံတို့၌ တွေ့ထိသည့် အခြင်း အရာဖြင့်သာ ဖြစ်၏။

(င) ထို့နောက် ပိုမိုထင်ရှားအောင် ဥပမာဖြင့် ဖွင့်ပြ၏။

ပုံစံ။ ။သော ဒိဋ္ဌိ မေဏ္ဍာနံ သန္နိပါတော ဝိယ ဒဋ္ဌဗ္ဗော=ထိုဖဿကို ဆိတ် ၂-ကောင် တွေ့ဆုံ ခွေ့ခတ်သကဲ့သို့ မှတ်အပ်၏။

(စ) ထို့နောက် လေ့လာသူတို့ ဉာဏ်အမြင် ရှင်းရန် အမေး အဖြေ ပြုလုပ်၍ ခက်ဆစ်များကို ရှင်းပြ၏။

ပုံစံ။　　။အဘယ့်ကြောင့် ဖဿကို ရှေးဦးစွာ ဟောသနည်း၊ စိတ်သည် အာရုံ၌ ရှေးဦးစွာ ကျရောက်ထိတွေ့ ရသောကြောင့် ဖြစ်သည်။ တနည်း-သမ္ပယုတ်တရားတို့အား အားကြီးစွာ ကျေးဇူးပြုတတ်သောကြောင့် ဖြစ်သည်။ တနည်း-ဒေသနက္ကမဟောစဉ်အားဖြင့်သာ ရှေးဦးစွာပြသည်။ အကြောင်း မရှိ။

ဤသို့ စသည်ဖြင့် အဘက်ဘက်မှ ပြည့်ဝစုံလင်စွာ အဘိဓမ္မာသဘော အနက် အဓိပ္ပါယ်တို့ကို ပြဆိုထားပေသည်။

**သိက္ခာ ၃-ပါးစုံ၍ ခြုံမိခြင်း။**　　။ဗုဒ္ဓရှင်တော် မြတ်ဘုရား၏ အဆုံးအမ သာသနာ ဟူသည်မှာ အကျဉ်းချုပ် အားဖြင့် သီလ သမာဓိ ပညာဟူ၍ သိက္ခာ ၃-ပါးပင်ဖြစ်သည်။ ယင်း ၃-ပါးကို ကျင့်ကြံအပ်သောကြောင့် "သိက္ခာ" ဟု ခေါ်သည်။

ဗုဒ္ဓဘာသာ စာပေလောက၌ သိက္ခာ ၃-ပါး ဖြည့်ကျင့်ပုံကို သိသာထင်ရှားအောင် အကျယ်တဝင့် ဖွင့်ဆိုရေးသားသော ကျမ်းမှာ....ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ကမ္မဋ္ဌာန်းကျမ်းကြီးပင် ဖြစ်သည်။ ယင်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ကမ္မဋ္ဌာန်းကျမ်းကြီးတခုလုံးကို အကျဉ်းချုပ်၍ ဂါထာဗန္ဓဖွဲ့ကာ ကမ္မဋ္ဌာန်း ပိုင်းအဖြစ် ဂါထာပေါင်း (၇၈၉ မှ ၁၃၉၄-ထိ) ၆၀၅-ဂါထာဖြင့် (၁၄-ရူပါဝစရသမာဓိဘာဝနာ နိဒ္ဒေသမှ ၂၃-ကိလေသပ္ပဟာန ကထာအထိ) အပိုင်းကဏ္ဍ ၁၀-ခုခွဲ၍ ဤအဘိဓမ္မာဝတာရကျမ်း၌ ထည့်သွင်းထားပေသည်။

အရှင် ဗုဒ္ဓဒတ္တမဟာထေရ်သည်ကား သီလ သမာဓိ ပညာ တည်းဟူသော သိက္ခာ ၃-ပါးကို သောတုဇန စာသင်ပျိုနုတို့ တတ်ကျွမ်း နားလည်ကာ ကျင့်ကြံပွါးများစေလိုသည့် ဆန္ဒအလွန် အားကြီးသော ပုဂ္ဂိုလ်ကြီးဟု ယူဆရပေသည်။

အကြောင်းမှာ အရှင်မြတ်ပြုစုသည့် အဘိဓမ္မာလက်သန်း အဋ္ဌကထာဖြစ်သော အဘိဓမ္မာဝတာရကျမ်း၌သာ ကမ္မဋ္ဌာန်းပိုင်းထည့်သွင်းရေးသားသည် မဟုတ်ချေ၊ ဝိနယဝိနိစ္ဆယအမည်ရှိ ဝိနည်းလက်သန်း အဋ္ဌကထာကျမ်း၌လည်း ကမ္မဋ္ဌာန်းပိုင်းကို ဂါထာပေါင်း ၄၀-ဖြင့် ဖွဲ့ဆိုကာ "ကမ္မဋ္ဌာန

ဘာဝနာ ဝိဓာနကထာ” ဟူသော အမည်ထိုး၍ ထည့်သွင်းထားသည်ကို တွေ့ရသောကြောင့်ဖြစ်သည်။

ယင်းသို့....အဘိဓမ္မာနှင့် ဝိနည်း အဋ္ဌကထာကြီးများ၌ ကမ္မဋ္ဌာန်းပိုင်းဟူ၍ မရှိသော်လည်း သောတုဇနတို့ သိက္ခာ ၃-ပါး၌ တတ်သိလိမ္မာ စေခြင်းငှါ အဘိဓမ္မာဝတာရနှင့် ဝိနယဝိနိစ္ဆယလက်သန်း အဋ္ဌကထာတို့၌ ကမ္မဋ္ဌာန်းပိုင်းဟု တီထွင်ကာ ထည့်သွင်းပြဆိုလိုက်ရာ နောင်အခါ ပေါ်ထွက်လာကြသည့်....နာမရူပ ပရိစ္ဆေဒ, အဘိဓမ္မတ္ထသင်္ဂဟ-စသော လက်သန်း အဋ္ဌကထာ ကျမ်းတို့၌လည်း နည်းယူကာ “ကမ္မဋ္ဌာန်းပိုင်း” ထည့်သွင်းပြဆိုသည်ဟု ယူဆရပေမည်။

ယင်းသို့ ကမ္မဋ္ဌာန်းပိုင်းကို ပြဆိုခြင်းသည် အဘိဓမ္မာသုတေသီတို့ အတွက် သိက္ခာ ၃-ပါး အစုံအလင် သိမြင်တတ်သိခွင့် ရသောကြောင့် အလွန်တရာ ကျေးဇူးကြီးလှပါပေသည်။

ဤမျှပြဆိုခဲ့သည့် စကားရပ်တို့ဖြင့် အဘိဓမ္မာဝတာရ လက်သန်း အဋ္ဌကထာကျမ်း၏ အဓိကအားဖြင့် ထူးခြားကောင်းမြတ်သည့် အချက်ကြီး ၈-မျိုးကို သိသာလောက်ပေပြီ။ အခြားကောင်းမြတ်သည့် အချက်များကို ဖော်ထုတ်မည်ဆိုလျှင် ဖြစ်နိုင်သေးသော်လည်း ကျမ်းလေးမည် စိုးရသောကြောင့် ဤနိဒါန်း၌ အကျယ်မပြသာပြီ။

## အဘိဓမ္မာဝတာရ၏ အခြံအရံကျမ်းများ

ယင်းသို့ ထူးခြားကောင်းမြတ်သည့် ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံသည့် အဘိဓမ္မာဝတာရ ကျမ်းကြီးကား—

၁။ အဘိဓမ္မာဝတာရ ပုရာဏဋီကာ (ဋီကာဟောင်း)။
၂။ အဘိဓမ္မာဝတာရ အဘိနဝဋီကာ (ဋီကာသစ်)။
၃။ အဘိဓမ္မာဝတာရ နိဿယဟောင်း။
၄။ အဘိဓမ္မာဝတာရ နိဿယသစ်။

တို့ဖြင့် ခြံရံကာ သာသနာ၌ အလွန်လျှင် ဝင့်ဝင့်ထယ်ထယ် တင့်တယ်လှပေသည်။

**အဘိဓမ္မာဝတာရ ဋီကာဟောင်း။** ။အဘိဓမ္မာဝတာရ ဋီကာဟောင်း၏ နိဂုံး၌ မည်သည့်ပုဂ္ဂိုလ် ပြုစုသည်ဟု ရေးထိုးမထားချေ။ သာသနဝံသပ္ပဒီပိကာကျမ်းနှင့် ပိဋကတ်တော် သမိုင်းကျမ်းတို့၌ သီဟိုဠ်ကျွန်း ဝါစိဿရမဟာသာမိထေရ် ပြုစုကြောင်း ရေးသားထားပေသည်။ ယင်းကျမ်းမှာ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်မှ ရိုက်နှိပ်ပြီး ရှိပေသည်။

**အဘိဓမ္မာဝတာရ ဋီကာသစ်။** ။အဘိဓမ္မာဝတာရ ဋီကာသစ်ကို သီဟိုဠ်ကျွန်း အရှင်သုမင်္ဂလမဟာသာမိထေရ် ပြုသည်။ ဤအရှင်မြတ်သည် အဘိဓမ္မတ္ထသင်္ဂဟခေါ် သင်္ဂြိုဟ်ကျမ်းအဖွင့် အဘိဓမ္မတ္ထဝိဘာဝိနီ ဋီကာအမည်ရှိ ဋီကာကျော်ကျမ်းကိုလည်း ပြုစုတော်မူသည်။

အရှင်မြတ်သည် ဋီကာကျော်ကျမ်းကို ပြုစုရာ၌—

၁။ မိမိဆရာ အရှင်သာရိပုတ္တရာ ပြုစုခဲ့သော သင်္ဂြိုဟ်ကျမ်းအဖွင့်ဖြစ်သည့် သီဟိုဠ်ဘာသာ နိဿယကျမ်းကို မှီတည်၍ ပါဠိပြန်ရသဖြင့် မိမိ၏ ကိုယ်ပိုင်ဉာဏ် ကွန့်မြူးခွင့်မရခြင်း—

၂။ အချိန်ကာလအားဖြင့် ၂၄-ရက်တည်းဖြင့် အပြီးစီရင်ရသောကြောင့် ပြည့်စုံလုံလောက်စွာ အချိန်မရခြင်း—

ဟူသော အကြောင်းများကြောင့် ချွတ်ယွင်းချက် အချို့ရှိသော်လည်း အဘိဓမ္မတ္ထဝိကာသိနီ အမည်ရှိ အဘိဓမ္မာဝတာရဋီကာသစ်ကို ပြုစုရာ၌မူ စိတ်တိုင်းကျ ဉာဏ်ကွန့်မြူး၍ ပြုစုခဲ့သောကြောင့် အဘိဓမ္မာဝတာရ ဋီကာသစ်သည် အလွန်ပြည့်စုံကောင်းမြတ်သော ဋီကာကျမ်းတဆူဖြစ်သည်ဟု ပညာရှင်အများက ချီးမွမ်းကြလေသည်။ ယခုအခါ ယင်းဋီကာသစ်ကိုလည်း ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်မှ ပဌမတွဲ ဒုတိယတွဲ ၂-တွဲခွဲ၍ရိုက်နှိပ်ထားပြီးဖြစ်သည်။

**အဘိဓမ္မာဝတာရ နိဿယဟောင်း။** ။အဘိဓမ္မာဝတာရ အဋ္ဌကထာ နိဿယဟောင်းကို အလောင်းမင်းတရားကြီး လက်ထက်တော်အခါက ပဌမကျော် အရှင်ဉာဏစီရင်သည်ဟု

ပိဋကတ်တော်သမိုင်း၌ ပြဆိုထားသည်။ ယင်း နိဿယဟောင်းကို ယခု အခါ၌ ပေမူမျှပင် မတွေ့ရတော့ချေ။ ပျောက်ကွယ်သွားပြီဟု ယူဆရပေ သည်။

## အဘိဓမ္မာဝတာရအဋ္ဌကထာ နိဿယသစ်

အဘိဓမ္မာဝတာရ အဋ္ဌကထာနိဿယသစ်ကား....စာရှုသူ၏ လက်ဝယ် ယခု ရှိနေသည့် ဤနိဿယကျမ်းပင်ဖြစ်သည်။

ကျမ်းပြုပုဂ္ဂိုလ်။ ။ဤ နိဿယကျမ်းကို ပြုစုစီရင်သည့် ပုဂ္ဂိုလ်မှာ မြန်မာ ပြည် သာသနာဝင်၌ အလွန်ထင်ရှား ကျော်စော၍ ရာဇဂုရုတံဆိပ်တော် ၂-ထပ်ရကာ မင်း ၃-ဆက် (ဘိုးတော် ၁၁၄၄၊ ဘကြီးတော် ၁၁၈၁၊ ရွှေဘိုမင်း ၁၁၉၉၊) ကိုးကွယ်ခြင်းခံရသည့် စလင်း သာသနာပိုင်ဆရာတော် အရှင်မုနိန္ဒမဟာထေရ်မြတ် ဖြစ်သည်။

ကျမ်းဖြစ်ပေါ်ချိန်။ ။ဤ နိဿယကျမ်းကို သာသနာနှစ် ၂၃၇၀၊ ကောဇာနှစ် ၁၁၈၈-ခု၊ ပဌမဝါဆိုလဆန်း ၁-ရက် နေ့မှ စတင်ရေးသား၍ ယင်းနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၀-ရက် နေ့တွင် ပြီးကြောင်း နိဂုံး၌ အသေအချာ ပြထားပေသည်။

**ကျမ်းပြုချိန် ပမာဏ။** ။အထက်ပါ အဆိုအရ ဤကျမ်းပြုသည့် အချိန် အခါ၏ အတိုင်းအတာ ပမာဏမှာ....ရက်ပေါင်း ၅၅-ရက်သာ ကြာမြင့်သည်။ ကျမ်း၏ ပမာဏ ကျမ်းကောင်းမြတ်ပုံတို့နှင့် နှိုင်းစာလျှင် အလွန် လျင်မြန်စွာ ပြီးသည်ဟု ဆိုရပေမည်။ ဤသည်ကို ထောက်ခြင့်ခြင်းအားဖြင့် ကျမ်းပြုပုဂ္ဂိုလ်၏ ဉာဏ်ပညာ အဆင့်အတန်း အလွန်မြင့်မား ရင့်သန် ထက်မြက်ကြောင်းကို သိနိုင်ပေသည်။

ကျမ်းပြုရာ အရပ်။ ။ကျမ်းပြုရာ အရပ်ဒေသမှာ....ရတနာပူရ အင်းဝမြို့ ရွှေစည်းခုံစေတီနှင့် မာရ်အောင်ရတနာစေတီတို့၏ အကြားရှိ စံကျောင်းအမည်ရှိကျောင်းတိုက်ကြီး၌ ဤ နိဿယသစ်ကျမ်းကို ရေးသားပြုစုံတော်မူသည်။

ကျမ်း၏ပမာဏ။ ။ဤကျမ်းမှာ ရှေးက စက်တင်ပုံနှိပ်ခြင်းမရှိခဲ့၊ ပေမူ စက္ကူ လက်ရေးမူဖြင့်သာ ရှိခဲ့ဘူးသည်။ စက္ကူ လက်ရေးမူဖြင့်....လျှောက်လွှာစက္ကူ ဖုူးစကက်ဆိုက်ဖြင့် ၂-ဘက်ရေး စာမျက်နှာ (၃၁၁) ရှိသည်။ ယခု ပုံနှိပ်မူ ရှိုင်ဆိုက်ဖြင့် (၆၆၅) ရှိသည်။

ကျမ်းပြုပုံ အခြင်းအရာ။ ။အဘိဓမ္မာဝတာရ နိဿယသစ် ကျမ်းပြုပုံ အခြင်းအရာမှာကား....

(က) သိသာထင်ရှားသော အရာများစွာတို့၌ မြန်မာဝေါဟာရတ္ထ ရိုးရိုး ပြန်ဆိုသည်။

ပုံစံ။ ။စာမျက်နှာ ၁၆-၌....ယောနိသော မနသိကာရ ပဒဋ္ဌာနံ-ဟူသော ပါဠိကို အသင့်အားဖြင့် နှလုံးသွင်းခြင်းလျှင် နီးစွာသော အကြောင်းရှိ၏....ဟု ပြန်ထားသည်။

(ခ) အချို့သောတုဇနတို့ဉာဏ်ပညာတိုးတက်စေလိုသော အရာတို့၌ ဝေါဟာရတ္ထ သဒ္ဒတ္ထတွဲ၍ ပြန်ဆိုသည်။

ပုံစံ။ ။စာမျက်နှာ ၁ဂ-၌ သောမနဿသဟဂတံ-ကို သောမနဿ-ဝေဒနာနှင့် ယှဉ်သော၊ ဝါ-သောမနဿဝေဒနာနှင့်တကွ ကေပ္ပါဒအစရှိသော အဖြစ်သို့ ရောက်သော ဟု ပြန်ဆို ထားသည်။

(ဂ) အချို့သော နေရာ၌ အဓိပ္ပါယတ္ထ=သဘော အဓိပ္ပါယ်ပေါ် အောင် ပြန်ဆိုသည်။

ပုံစံ။ ။စာမျက်နှာ ၂၄-၌....ဒါနဥ-ကို အလှူပေးကြောင်းဖြစ်သော ပရိစ္စာဂနှင့် ယှဉ်သော စိတ်ရင်း-ဟု မြန်မာပြန်ဆိုထားသည်။

(ဃ) အချို့ အဓိပ္ပါယ်ကို ပိုမိုထင်ရှားစေလိုရာ၌ ထည့်ပါဌ် ဆောင်ပါဌ် ထည့်သွင်း၍ ပြန်ဆိုသည်။

ပုံစံ။ ။စာမျက်နှာ ၂၃-၌ “အဝစရတိ၊ ဖြစ်တတ်၏” ဟု ထည့်သွင်း ပြန်ဆိုထားသည်။

(င) အချို့သော နေရာ၌ ဖြစ်သင့်သမျှ ရနိုင်သမျှ (ဝါ) ပေါက်၍ အနက်ပြန်ဆိုသည်။

ပုံစံ။ ။စာမျက်နှာ-၁၆ ၌ သာဝဇ္ဇာနိဋ္ဌ ဝိပါကလက္ခဏံ-ဟူသော ပါဠိကို "အပြစ်ရှိခြင်း တည်းဟူသော မကောင်းသော အကျိုး ရှိခြင်း လက္ခဏာရှိ၏။ ဝါ၊ အပြစ်ရှိခြင်းတည်းဟူသော မကောင်းသော အကျိုးရှိသည်ဖြစ်၍ မှတ်အပ်၏။ ဝါ၊ အပြစ် ရှိခြင်းသဘော, မကောင်းသော အကျိုးရှိခြင်း သဘောရှိ၏။ ဝါ၊ အပြစ်ရှိခြင်းသဘော, မကောင်းသော အကျိုးရှိခြင်း သဘောဖြင့် မှတ်အပ်၏" ဟူ၍ ဝါ-သဒ္ဒါ ၃-ဆင့်ပေါက်၍ အနက် ၄-မျိုး ပြန်ဆိုထားသည်။

(စ) အချို့နေရာ၌ သဒ္ဒါ အဆုံးအဖြတ်ကို ပြဆိုထားသည်။

ပုံစံ။ ။စာမျက်နှာ-၂၁ ၌ "ဝေါ" သဒ္ဒါ နိပါတ်မျှသာ ဖြစ်ကြောင်း ဆုံးဖြတ်ထားသည်။

(ဆ) အချို့သောနေရာ၌ အနက်အဆုံးအဖြတ်ကို ပြဆိုသည်။

ပုံစံ။ ။စာမျက်နှာ-၂၂ ၌ အဿ - ပုဒ်၏ အနက်ကို ကရိုဏ်းအနက် ကံအနက်ဖြစ်ပုံကို ဆုံးဖြတ်ထားသည်။

(ဇ) အချို့သောနေရာ၌ အဓိပ္ပါယ် အဆုံးအဖြတ်ကို ပြဆိုသည်။

ပုံစံ။ ။စာမျက်နှာ-၂၅ ၌ ဒါနနှင့် ဒါနမယ ပုညကြိယာဝတ္ထု အထူး ကို ဆုံးဖြတ်ချက် ပြထားသည်။

(ဈ) အချို့သောနေရာ၌ ကျမ်း အထွက် အတက်များကို ပြဆိုထား သည်။

ပုံစံ။ ။စာမျက်နှာ-၃ ၌ အနန္တ ကရုဏာပညံ - စသောပါဌ် ဆိုရပုံ ကျမ်းတက် ပြထား၏။

(ည) အချို့သောနေရာ၌ အမှာစကား ရေးထိုးထား၏။

ပုံစံ။ ။စာမျက်နှာ-၁၇ မှစ၍ ကုသိုလ်ကို ဟီန မဇ္ဈိမ ပဏီတ ယူနည်း ကို အမှာသွင်း၍ ရှင်းလင်းပြထားသည်။

(၃) အချို့သောနေရာ၌ ခဲရာခက်ဆစ်များကို ဖြေဆို ရှင်းလင်း ပြထားသည်။

ပုံစံ။ ။စာမျက်နှာ-၃၂၀ ၌ ဤဘဝမှသေ၍ ဟိုဘဝကူးပုံကို အဋ္ဌကထာပြရာ၌ အသိခက်နေသည်။ ယင်းကို ရှင်းလင်း ဖြေဆိုထား၏။

ဤသို့ စသည်ဖြင့် ကောင်းမြတ်သော အခြင်းအရာ အမျိုးမျိုးဖြင့် မွမ်းမံခြယ်လှယ်၍ ဤနိဿယသစ်ကျမ်းကို ပြုစီရင်ထားပေသည်။

## အဘိဓမ္မာဝတာရ နိဿယသစ်ကျမ်း တိမ်မြုပ်ရပုံ

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ပါဠိဘာသာရေး မူရင်း အဘိဓမ္မာဝတာရကျမ်း၏ ထူးခြားကောင်းမြတ်ခြင်း, မြန်မာပြန်ကျမ်းပြုစုပုံ အခြင်းအရာကောင်းခြင်း ဟူသော ကောင်းမြတ်သည့် ဂုဏ်အင်နှင့် စုံလင်ပြည့်ဝလှသည့် ဤ နိဿယသစ်ကျမ်းသည်ကား ရှေးရှေးသော ဗုဒ္ဓဘာသာ သာသနာပြုမင်းများ လက်ထက်အခါက နေ လ အသွင် အလွန်ထင်ရှား အသုံးများခဲ့ပေသည်။

သို့သော် မြန်မာပြည်၌ သာသနာပြုမင်းများနှင့် ကင်းကွာ၍ မိစ္ဆာဒိဋ္ဌိမင်းများ လွှမ်းမိုး အုပ်ချုပ်ခြင်း ခံရသောအခါ၌မူ မြန်မာတို့၏ အမျိုး ဘာသာ စာပေ သာသနာ ယဉ်ကျေးမှုများကို စောင့်ရှောက် ထိန်းသိမ်းခြင်းမရှိဘဲ အချို့မှာ ဖရိုဖရဲ ပြိုကွဲပျက်စီး ပျောက်ကွယ်သွား၍ အချို့မှာမူ တိမ်မြုပ် ပျောက်ကွယ်လုနီးနီး အခြေအနေသို့ ဆိုက်ရောက်ခဲ့ရသည့် အဖြစ်ဆိုးနှင့် ကြုံတွေ့ခဲ့ရပေသည်။

ဤ အဘိဓမ္မာဝတာရ နိဿယသစ် ကျမ်းသည်လည်း အခိုက်အတန့်အားဖြင့် မိုးဥတုအချိန်တွင် မိုးတိမ် မှန်တိုင်း အုပ်ဆိုင်းခြင်း ခံရသည့် နေမင်းကြီး ပုံပမာကဲ့သို့ ရောင်ဝါမလင်း ညှိုးမှိန်ခြင်း ဖြစ်ခဲ့ရပေသည်။

ယင်းသို့ပင် ဖြစ်ခဲ့သော်လည်း "ပတ္တမြားမှန်လျှင် နွံမှာပင် နစ်စေတော့ မညစ်တဲ့ သူ့အရောင် တိုးလို့သာ ပြောင်" ဟူသော မြန်မာ ဥဒါန်းစကားအတိုင်း ဤအဘိဓမ္မာဝတာရနိဿယသစ်ကျမ်း ပြန်လည် ပေါ်ထွန်းလာရန်

အကြောင်းများ ဖန်ခဲ့ပေသည်။ ယင်းအကြောင်းကို အနည်းအကျဉ်းမျှ ဖော်ပြပါအံ့။

အဘိဓမ္မာဝတာရ နိဿယသစ် ပြန်လည်ပေါ်ထွန်းလာခြင်း

**တောင်ပေါက်ဆရာတော်။** ။မြန်မာပြည် ဗုဒ္ဓသာသနာဝင်၌ မှတ်တမ်းတင်ရမည့် အာဇာနည်ပုဂ္ဂိုလ်ထူးကြီးတပါး ပေါ်ထွန်းတော်မူခဲ့သည်။ ယင်းပုဂ္ဂိုလ်ကြီးကား လဇ္ဇီပေသလ သိက္ခာကာမ ဂန္ထကာရက နိကာယပါရဂူ ဘာသန္တရဝိဒူ ဖြစ်တော်မူသည့် အဂ္ဂမဟာပဏ္ဍိတ မော်လမြိုင်မြို့ တောင်ပေါက်ဆရာတော် အရှင်စက္ကပါလ မဟာထေရ် ဖြစ်ပေသည်။

အရှင်မြတ်၏ ဘွဲ့အမည်မှာ "စက္က=မြတ်စွာဘုရား၏ ဓမ္မစက် သာသနာတော်ကို + ပါလ=ထိန်းသိမ်း စောင့်ရှောက်တတ်သူ"ဟု အနက်အဓိပ္ပါယ် ရပေရာ....အမည်အနက် အဓိပ္ပါယ်နှင့် လျော်ညီစွာပင် သာသနာတော်ကို စောင့်ရှောက်တော်မူသည့် သာသနာ့အာဇာနည် ပုဂ္ဂိုလ်ကြီး ဖြစ်လာခဲ့သည်။

**သဒ္ဓမ္မပါလအသင်းနှင့် စာမေးပွဲ။** ။ဖြစ်ပုံကား– မြန်မာပြည်၌ သာသနာတော် အရှည်တည်တံ့စေရန် ရည်ရွယ်၍ မန္တလေးမြို့ ပရိယတ္တိ သာသနဟိတ (သကျသီဟ) အသင်းကြီးနှင့် ရန်ကုန်မြို့ စေတိယင်္ဂဏ အသင်းကြီးများ တည်ထောင်ကာ ပရိယတ္တိစာပေဆိုင်ရာ စာမေးပွဲကြီးများ ကျင်းပပြုလုပ်ကြသည်။ စာမေးပွဲများ၌ သာသနာ့အခြေခံ ဖြစ်မည်ဟု ယူဆသည့် ကျမ်းများကို ပြဋ္ဌာန်းသတ်မှတ်ကြသည်။

ထိုအခါ အစိုးရကလည်း မနေသာတော့ဘဲ ပဋ္ဌမပြန်စာမေးပွဲ ကျင်းပပြုလုပ်ပေးရတော့သည်။ စာမေးပွဲ၌လည်း အထက်ပါ အသင်းစာမေးပွဲကြီးများက သတ်မှတ်ထားသည့် ကျမ်းစာများမှ အချို့ကျမ်းစာများကို သတ်မှတ်ပြဋ္ဌာန်းသည်။

ယင်းသို့ စာမေးပွဲကြီး ၃-ခု ပြုလုပ်ရာ၌ ပြဋ္ဌာန်းသော ကျမ်းများမှာ အများအားဖြင့် ထပ်တူသာဖြစ်ရာ....စာမေးပွဲကြီးများက အသုံးပြုသည့် ကျမ်းများသာ များစွာတွင်ကျယ် ပေါ်ထွန်းခဲ့ပြီး သတ်မှတ်ပြဋ္ဌာန်းခြင်း

မခံရသည့် များစွာသော ကောင်းမြတ်လှသည့် ကျမ်းများမှာ သင်ယူလေ့လာသူ မရှိသလောက် ပျောက်ကွယ်လုနီးနီး တိမ်မြုပ်ကြရပေသည်။

ယင်းသို့သော အခြေအနေကို သိမြင်တော်မူသော တောင်ပေါက်ဆရာတော်သည် သာသနာတော်၌ ကျေးဇူးများသည့် ကျမ်းများ မပျောက်ကွယ်စေရန်အတွက် သာသနာစောင့်ဟု အမိပ္ပါယ်ရသည့် သဒ္ဓမ္မပါလ အမည်ရှိ အသင်းကြီး တည်ထောင်တော်မူကာ မော်လမြိုင်မြို့၌ နှစ်စဉ်နှစ်တိုင်း စာမေးပွဲတခု ကျင်းပပြုလုပ်တော်မူသည်။

ယင်းစာမေးပွဲ၌ အသုံးပြုသည့် ကျမ်းများမှာလည်း အများအားဖြင့် သာသနာအတွက် ကျေးဇူးများပါလျက် အခြားစာမေးပွဲကြီးများက အသုံးမပြုသဖြင့် ပျောက်ကွယ်လုနီးနီး တိမ်မြုပ်နေသော ကျမ်းများကို ပြဋ္ဌာန်းသတ်မှတ်တော်မူသည်။

ဤ အဘိဓမ္မာဝတာရ အဋ္ဌကထာကား—ယင်းစာမေးပွဲ စတုတ္ထဆင့်၌ ၃-ရက် ဖြေဆိုအသုံးပြုရန် သတ်မှတ်ပြဋ္ဌာန်းသော ကျမ်းတဆူ ဖြစ်သည်။ ထိုအခါ အဘိဓမ္မာဝတာရကျမ်းကို သင်ယူလေ့လာသူ စာသင်သားများ ပေါ်ထွက်လာကာ....အဘိဓမ္မာဝတာရကျမ်းနှင့် ကျမ်း၏ကောင်းမြတ်သည့် ဂုဏ်ရောင်များ တဖန် ဆန်းသစ်ထွန်းပြောင် တောက်ပလာခဲ့ပေသည်။

ယင်းသို့ပင် ထွန်းပြောင်လာသော်လည်း အဘိဓမ္မာဝတာရ လေ့လာရာ၌ အလွန် အကူအညီရနိုင်သည့် နိဿယကျမ်းမှာ စက်တင်ပုံနှိပ်ခြင်း မရှိဘဲ ပေမူနှင့် စက္ကူ လက်ရေးမူမျှသာ ရှိရာ....စာချ, စာသင်တို့အတွက် များစွာအခက်အခဲနှင့် တွေ့ကြုံရပြန်သည်။

**တောင်ပေါက်ဆရာတော်၏ တပည့်ကြီးများ**

တောင်ပေါက်ဆရာတော်၏ တပည့်ကြီးများ ဖြစ်တော်မူကြသည့် အင်းလေးဆရာတော် အရှင် သောဘိတနှင့် (ယခုလက်ရှိ) တောင်ပေါက်ဆရာတော် အရှင် ဇလန္ဓောဘာသတို့သည် ယင်းအခက်အခဲကို ဖြေရှင်းရေးအတွက် ဤ အဘိဓမ္မာဝတာရ အဋ္ဌကထာနိဿယသစ် ကျမ်းစက္ကူ လက်ရေးမူကို ပေးပို့၍ စက်တင်ပုံနှိပ်ရန် ဗုဒ္ဓသာသနာအဖွဲ့ အုပ်ချုပ်ရေးအရာရှိချုပ် ဆရာ ဦးလှမောင်ထံ မေတ္တာရပ်ခံတော် မူကြသည်။

ဤနိဿယသစ် စာမူကို လက်ခံရရှိသော အုပ်ချုပ်ရေး အရာရှိချုပ် ဆရာ ဦးလှမောင်သည် ဗုဒ္ဓသာသနာအဖွဲ့ ပါဠိပညာရှင်များနှင့် စည်းဝေး တိုင်ပင်၍ စာမူကို စိစစ်ပြီးလျှင်—

> သာသနာ၌ ကျေးဇူးများ၍ အလွန် ကောင်းမြတ်သည့် ကျမ်းတဆူသည် ပျောက်ကွယ်၍ မသွားစကောင်း၊ မြတ်ဗုဒ္ဓ ရှင်တော်ဘုရား ဟောကြားတော်မူသည့် အဘိဓမ္မာတရား ပြန့်ပွါး ထွန်းကားစေရန်အတွက် ရိုက်နှိပ်ဖြန့်ချိ သင့်ပေသည်—

ဟု ဆုံးဖြတ်ကာ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၌ ရိုက်နှိပ်ခြင်းဖြစ်ပေသည်။

**ဗုဒ္ဓသာသနာအဖွဲ့မှ ရိုက်နှိပ်ပုံ။** ။ရိုက်နှိပ်ရာတွင်လည်း ဗုဒ္ဓသာသနာအဖွဲ့ ၏ မူဖြစ်သည့်—

(က) မရှုပ်ထွေးစေရန် ဝါကျများ ခွဲခြင်း။

(ခ) အဘိဓမ္မာဝတာရ ပါဠိ စာပိုဒ် နံပါတ်များနှင့် ညှိခြင်း။

(ဂ) ခေါင်းစီးများ တပ်ခြင်း။

(ဃ) စာသားတွင်း၌ ရောနှောရှုပ်ထွေးနေသည့် ကျမ်းတက် အမှာ များကို အောက်ခြေ၌ ပြောင်းရွှေ့ထားခြင်း။

(င) ကျမ်းရင်း၌ မပါသည့် ခက်ဆစ်များကို လက်သည်းကွင်းဖြင့် ဖြေပြခြင်း။

(စ) ကျမ်းညွှန်းများ ရှာဖွေထည့်သွင်းခြင်း။

(ဆ) သိမှတ်ဖွယ် အဓိပ္ပါယ်များကို နောက်ဆက်တွဲ ထည့်၍ပြခြင်း။

(ဇ) ဗဟုသုတဖြစ်ဖွယ် နိဒါန်းသွယ်ခြင်း။

(ဈ) အသေးစိတ် မာတိကာ ရေးခြင်း။

(ဉ) မှတ်သားဖွယ် အက္ခရာစဉ်ရေးခြင်း—

တို့ဖြင့် ပြုပြင်စီစဉ်ကာ ရိုက်နှိပ်ဖြန့်ချိခြင်းဖြစ်သည်။

**ကျမ်းအမည်ရှင်းချက်။** ။စာရှုသူ သူတော်သီသည် ယခု နိဿယသစ်ကျမ်း စာမျက်နှာ ဂ-ကို ရှုပါက အဘိဓမ္မာဝတာရ ဟူသော ဝေါဟာရ၏ အဓိပ္ပါယ်ရှင်းချက်ကို တွေ့ရပေမည်။

(က) အဘိဓမ္မာဝတာရဟူသော ပါဌ်ကို အဘိဓမ္မ+အဝတာရ ဟု ပုဒ်ခွဲ၍—

အဘိဓမ္မ=အဘိဓမ္မာမြို့တော်ကြီး၏+

အဝတာရ=ဝင်ရာတံခါးဖွင့် သော့နှင့် တူသည့်ကျမ်း-ဟုရင်း—

စာမျက်နှာ-၉ ၌မူ—

(ခ) အဘိဓမ္မ=အဘိဓမ္မာ သမုဒ္ဒရာကြီးသို့+

အဝတာရ=သက်ဝင်ကူးခပ်နိုင်သည့် သင်္ဘောနှင့် တူသည့်ကျမ်း—ဟူ၍ရင်း အဓိပ္ပါယ် ၂-မျိုး ပြထားသည်ကို တွေ့ရပေမည်။

**နိဂုံးချုပ်တိုက်တွန်းချက်။**　။ယခုအခါ ဖော်ပြပါ ကျမ်းအမည် အဓိပ္ပါယ်နှင့် လိုက်လျောညီလှသည့် အဘိဓမ္မာဝတာရကျမ်း၏ မြန်မာပြန် နိဿယသစ်ကျမ်းသည် စာရှုသူ သူတော်သီ၏ ရှေ့မှောက်သို့ ဆိုက်ရောက်လျက်ရှိပေပြီ—

အကယ်၍ စာရှုသူ သူတော်သီသည် အဘိဓမ္မာ ရွှေမြို့တော်ကြီးအတွင်းသို့ ဝင်လိုသည်ဖြစ်အံ့ မြို့တံခါးဖွင့်ရန် သော့နှင့်တူသည့် ဤအဘိဓမ္မာဝတာရ မြန်မာပြန်နိဿယသစ်ကို လေ့လာပါလေ။

အကယ်၍ အဘိဓမ္မာ မဟာသမုဒ္ဒရာကြီးအတွင်းသို့ သက်ဆင်းကူးခပ်၍ တဖက်ကမ်းမြောက် ပေါက်ရောက်လိုသည် ဖြစ်အံ့....အဘိဓမ္မာပင်လယ်ကူး သင်္ဘောကြီးနှင့် တူသည့် ဤအဘိဓမ္မာဝတာရ နိဿယသစ်ကို ဖတ်ရှုသင်ယူပါလေဟု တိုက်တွန်းအပ်ပါသတည်း။

အဘိဓမ္မာဝတာရအဋ္ဌကထာ နိဿယသစ် ကျမ်းပြု

စလင်း သာသနာပိုင် ဆရာတော်၏

# ထေရုပ္ပတ္တိအကျဉ်း

ဤအဘိဓမ္မာဝတာရအဋ္ဌကထာ နိဿယသစ်ကျမ်းကို ပြုစုရေးသား တော်မူသည့် စလင်းသာသနာပိုင်ဆရာတော်၏ မွေးဖွားရာဇာတိ အရပ်မှာ စကုမြို့အနီးရှိ ကန့်ကလာရွာ ဖြစ်သည်။

ယင်းကန့်ကလာရွာနေ ဦးညို-ဒေါ်မိတို့မှ သက္ကရာဇ် ၁၁၂၅-ခုနှစ် တော်သလင်းလဆန်း ၈-ရက် ကြာသပတေးနေ့တွင် ဖွားမြင်သည်။ ငယ်မည်မှာ မောင်ချစ်လောက် ဖြစ်သည်။

ကျောင်းသားအရွယ်တွင် ကြက်သွန်ခင်း ဆရာတော် တပည့် အရှင် မေဓိယထံ အပ်နှံပညာသင်ကြားစေ၍ ရှင်သာမဏေပြုခဲ့သည်။ သာမဏေ ဘွဲ့မှာ ရှင်ပညာသီဟ ဖြစ်သည်။

၁၁၄၆-ခုနှစ်တွင် ရဟန်းအဖြစ် ခံယူ၍ ပန်းလွှားဆရာတော် အရှင် ဂုဏ- ဝန္တထံ ဆည်းကပ်ပညာ သင်ယူသည်။ ရဟန်းဘွဲ့မှာ အရှင်မုနိန္ဒဖြစ်သည်။

၁၁၅၅-ခုနှစ်တွင် အမရပူရမြို့တော်သို့တက်၍ သုဓမ္မာတွင် ဥဘတော ဝိဘင်းကို ပြန်ဆို အောင်မြင်တော်မူသည်။

၁၁၇၈-ခုနှစ်၌ စာပေကျမ်းဂန် တတ်မြောက်ကြောင်း ကျော်စောလှ သဖြင့် ဘိုးတော်ဘုရားက ရွှေမြို့တော်သို့ပင့်၍ ရဟန်းသိက္ခာ ထပ်ပေးကာ ပစ္စည်းလေးပါး ဒါယကာအဖြစ် ခံယူသည်။

သက္ကရာဇ် ၁၁၈၁-ခုနှစ်၌....ဘကြီးတော် (စစ်ကိုင်းမင်း) က အမရပူရ မြို့တော်သို့ ပင့်၍ "မုနိန္ဒာဘိ သိရိသဒ္ဓမ္မဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ် ဆက်ကပ်ခြင်းခံရပြီး....အသောကာရာမတိုက် ရတနာဘုံကျော် ကျောင်းကို အလှူခံရရှိသည်။

သက္ကရာဇ် ၁၁၈၄-ခုနှစ်တွင် "မုနိန္ဒာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မ- ရာဇာဓိ ရာဇဂုရု" ဘွဲ့တံဆိပ် ခံယူရရှိ၍ ရတနာပူရ အင်းဝမြို့၌ အောင်မြေ ဘုံသာကျောင်းကို အလှူခံရကာ သာသနာပိုင်အဖြစ်ခန့်အပ်ခြင်းခံရသည်။

စလင်းသာသနာပိုင်ဆရာတော်သည် ဤအဘိဓမ္မာဝတာရအဋ္ဌကထာ နိဿယသစ်နှင့် ရာဇိန္ဒရာဇပုညဒီပနီစသော ကျမ်းများကို ပြုစုတော်မူခဲ့သည်။

(က) ယခုခေတ်ပေါ် အချို့သော ကျမ်းငယ်များ၌ အဘိဓမ္မတ္ထသင်္ဂဟဒီပနီ ကျမ်းကိုလည်း စလင်းသာသနာပိုင် ဆရာတော် ပြုစုကြောင်း ပြဆိုသည်ကို တွေ့ရသည်။

(ခ) ပိဋကတ်တော် သမိုင်း၌ကား ယင်း အဘိဓမ္မတ္ထသင်္ဂဟဒီပနီ ကျမ်းကို "စလင်းမြို့သူကြီး မဟာသမန်းက ကျောင်းဆောက်လုပ် ကိုးကွယ်သည့် ဂိုဏ်းအုပ်ဆရာတော် ရှင်သီလာစာရ ပြုစုသည်" ဟု ပြဆိုသည်။

ယင်း အဆို ၂-ရပ်လုံးကို—

သီလာဒျုတ္တံ ဝါစကေန ပဒေန တု တဒ္ဓိတပစ္စယံ ယောဇေတွာ သိဒ္ဓေန ကတနာမေန=သီလ စသော အနက်ကို ဟောသော ပုဒ်နှင့် တဒ္ဓိတ်ပစ္စည်း ယှဉ်တွဲ၍ ပုဒ်ပြီးသော အမည်ဖြင့် မှည့်ခေါ်အပ်သော—

ဟူသော အဘိဓမ္မတ္ထသင်္ဂဟဒီပနီ နိဂုံးနှင့် ညှိနှိုင်း စိစစ်သော်....(က) အဆိုသည် လုံးဝမမှန်ကန်ကြောင်း သိနိုင်သည်။ (ခ) အဆိုကား အယူအဆ အနည်းငယ် ချွတ်ချော် နေပေသည်။

ဖော်ပြပါ နိဂုံးအရ "ဂုဏာဝန္တ" ဟု ပညာရှင်များက အမည်ကိုဖော်ထုတ်ကြပေသည်။ ယင်း ဖော်ပြချက်အရ အဘိဓမ္မတ္ထသင်္ဂဟဒီပနီ ကျမ်းပြု ဆရာတော်မှာ စလင်း သာသနာပိုင် ဆရာတော်၏ဆရာ အရှင် ဂုဏာဝန္တ ဖြစ်ကြောင်း သိနိုင်ပေသည်။

ဤသို့လျှင် သာသနာတော်၌ အကျိုးကျေးဇူး များလှသည့် ကျမ်းများကို ပြုစုတော်မူခြင်း စာပေကျမ်းဂန်ပို့ချခြင်း စသော သာသနာတော်၏ အကျိုးစီးပွါးများကို ဆောင်ရွက်တော် မူခဲ့၍ ရွှေဘိုမင်းလက်ထက် သက္ကရာဇ် ၁၂၀၂-ခု တော်သလင်းလပြည့်ကျော် ၈-ရက်နေ့တွင် ပျံလွန်တော်မူသည်။

မှတ်ချက်။ ။စလင်း သာသနာပိုင် ဆရာတော် ထေရုပ္ပတ္တိ၌....ရှင်းလင်း၍ သိမှတ်ဖွယ် အကျယ်ရေးပြရန် အများပင်ရှိသော်လည်း ကျမ်း ကြီးလေး သွားမည် ဖြစ်သောကြောင့်....သိသာရုံ ခိုင်မာသည့် အချက်အလက် များဖြင့်သာ အကျဉ်းချုပ် ရေးသား ထည့်သွင်း လိုက်ပါသည်။

အဘိဓမ္မာဝတာရအဋ္ဌကထာ နိဿယသစ်

# မာတိကာ

အကြောင်းအရာ စာမျက်နှာ


ပဏာမနှင့် ပဋိညာဉ် .... .... .... ၁
ဂန္ထာရမ္ဘကထာ .... .... .... ၃


## ၁-ပဌမ ပရိစ္ဆေဒ

## ၁-စိတ္တနိဒ္ဒေသ


ပရမတ္ထတရား ၄-ပါး .... .... .... ၁၁
စိတ်မည်ပုံ .... .... .... ၁၁
စိတ္တသဒ္ဒါ၏ ဝစနတ္ထ .... .... .... ၁၁
အာရုံအားဖြင့် (စိတ်သည်) ၁-ပါး .... .... ၁၃
အကျိုးပေး,မပေးအားဖြင့် (စိတ်သည်) ၂-ပါး .... ၁၃
ဇာတ်အားဖြင့် (စိတ်သည်) ၃-ပါး .... .... ၁၃
ကုသိုလ်အဖွင့် .... .... .... ၁၄
ကုသိုလ်မည်ပုံ .... .... .... ၁၄
ကုသလသဒ္ဒါ၏အနက် .... .... .... ၁၅
ကုသိုလ်၏ လက္ခဏာ, ရသ စသည် .... .... ၁၅
အကုသိုလ်၏ လက္ခဏာ .... .... .... ၁၆
အဗျာကတမည်ပုံနှင့် လက္ခဏာ .... .... ၁၆
ကုသိုလ်စိတ် ၂၁-ပါး .... .... .... ၁၇
ကုသိုလ်စိတ် ၄-မျိုး .... .... .... ၁၇
ကာမာဝစရကုသိုလ်စိတ်အပြား .... .... ၁၇
ကာမာဝစရ ကုသိုလ်စိတ် ၈-ပါး .... .... ၁၈
ကာမ ၂-မျိုး .... .... .... ၂၀
ကာမသဒ္ဒါ ကတ္တား အနက်, ကံအနက်၌ဖြစ်ပုံ .... .... ၂၁
**အဗျာကတမည်ပုံနှင့် လက္ခဏာ။** ။ယံ ဓမ္မဇာတံ၊ အကြင်တရားသဘော သည်။ တဒုဘယ ဝိပရီတလက္ခဏံ၊ ထိုအနဝဇ္ဇသုခဝိပါကလက္ခဏာ, သာဝဇ္ဇ ဒုက္ခဝိပါကလက္ခဏာ နှစ်ပါးတို့မှ ပြန်သော အဝိပါကလက္ခဏာရှိ၏။ ဝါ၊ ထိုသဝိပါကဖြစ်သော ကုသိုလ် အကုသိုလ် နှစ်ပါးတို့မှ ပြန်သော အဝိပါကလက္ခဏာရှိ၏။ တံ ဓမ္မဇာတံ၊ ထိုတရားသဘောသည်။ အဗျာကတံ၊ အဗျာကတမည်၏။ ဝါ၊ တနည်း ကား။ ယံ ဓမ္မဇာတံ၊ အကြင်တရားသဘောသည်။ အဝိပါကာရဟံ၊ အကျိုးကို မထိုက်သည်။ ဟောတိ၊ ဖြစ်၏။ တံ ဓမ္မဇာတံ၊ ထိုတရားသဘော သည်။ အဗျာကတံ၊ အဗျာကတမည်၏။

---

ကျမ်းတက် ၁။ ဤသို့ ကုသိုလ်၏ ဝဇ္ဇရဟိတ ဣဋ္ဌဝိပါက သဘောတို့ဖြင့် လက္ခဏာ ကို၊ ကိစ္စဉပဋ္ဌာနာကာရ၏ အစွမ်းအားဖြင့် ရသ,ပစ္စုပဋ္ဌာန်တို့ကို မိန့်ပြီး၍ တဖန် ဝဇ္ဇပဋိ-ပက္ခအဖြစ်၏ အစွမ်းအားဖြင့်လည်း လက္ခဏာကို၊ သမ္ပတ္တိဖလ၏ အစွမ်းအားဖြင့်လည်း ရသအစရှိသည်ကို ပြခြင်းငှါ ဝဇ္ဇပဋိပက္ခတ္တာ အစရှိသည်ကို မိန့်။

## ကုသိုလ်စိတ် ၂၁-ပါး

တတ္ထ၊ ထို ကုသိုလ်, အကုသိုလ်, အဗျာကတ စိတ်တို့တွင်။ ကုသလစိတ္တံ၊ ကုသိုလ်စိတ်သည်။ ဧကဝီသတိဝိဓံ၊ နှစ်ဆဲ့တပါးသော အဘို့ရှိသည်[၁]။ ဟောတိ၊ ဖြစ်၏။

ကုသိုလ်စိတ် ၄-မျိုး။ ။တဒိတံ=တံ ဣဒံ စိတ္တံ၊ ထို ကုသိုလ်စိတ်သည်။ ဘူမိတော၊ ကာမ, ရူပ, အရူပ, လောကုတ္တရာဟု ဆိုအပ်သောဘုံတို့၏ အစွမ်းအားဖြင့်။ ကာမာဝစရဉ္စ၊ ကာမာဝစရစိတ်ရင်း။ ရူပါဝစရဉ္စ၊ ရူပါဝစရစိတ်ရင်း။ အရူပါဝစရဉ္စ၊ အရူပါဝစရစိတ်ရင်း။ လောကုတ္တရဉ္စ၊ လောကုတ္တရာစိတ်ရင်း။ ဣတိ၊ ဤသို့။ စတုဗ္ဗိဓံ၊ လေးပါးသော အဘို့ရှိသည်။ ဟောတိ၊ ဖြစ်၏။

---

## ကာမာဝစရ ကုသိုလ်စိတ်အပြား

တတ္ထ၊ ထိုကာမာဝစရ အစရှိသော လေးပါးသောစိတ်တို့တွင်။ ကာမာ- ဝစရံ၊ ကာမာဝစရ ဖြစ်သော။ ကုသလစိတ္တံ၊ ကုသိုလ်စိတ်သည်—

ဘူမိတော၊ ဘုံအားဖြင့်။ ဧကဝိဓံ၊ တပါးသော အဘို့ရှိသည်။ ဟောတိ၊ ဖြစ်၏။

သဝတ္ထုကာ ဝတ္ထုကာဘေဒတော၊ ဟဒယဝတ္ထုနှင့်တကွဖြစ်သော စိတ်, ဟဒယဝတ္ထုနှင့် တကွမဖြစ်သောစိတ်တို့၏ အပြားအားဖြင့်။ ဒုဝိဓံ၊ နှစ်ပါးသော အဘို့ရှိ၏။

ဟီန မဇ္ဈိမ ပဏီတဘေဒတော၊ အယုတ်, အလတ်, အမြတ် အပြားအားဖြင့်။ တိဝိဓံ၊ သုံးပါးသော အဘို့ရှိ၏[၂]။

---

ကျမ်းတက် ၁။ ယခုအခါ တိက၏ အစွမ်းဖြင့် ပြအပ်ကုန်သော ကုသိုလ် အစရှိသည်တို့တွင် ရှေးဦးစွာ ကုသိုလ်စိတ်ကို ဝေဖန်သော ဆရာသည် တတ္ထ ကုသလစိတ္တံ အစရှိသည်ဖြင့် ထိုကုသိုလ်စိတ်၏ အရေအတွက် အပိုင်းအခြားကို ပြခြင်းငှါ မိန့်သည်။

အမှာ ၂။ ယုတ်သော ဆန္ဒ, စိတ္တ, ဝီရိယ, ပညာသည် ဖြစ်စေအပ်သော စိတ်သည် ဟီန၊ အလတ်ဖြစ်သော ဆန္ဒ အစရှိသည်တို့သည် ဖြစ်စေအပ်သော စိတ်သည် မဇ္ဈိမ၊ မြတ်သောဆန္ဒအစရှိသည်တို့သည် ဖြစ်စေအပ်သော စိတ်သည် ပဏီတမည်၏။

ဝါ၊ အကျော်အစောကို အလိုရှိသည်၏ အဖြစ်ဖြင့် ပြုအပ်သော ကုသိုလ်သည် ဟီန၊ ကောင်းမှုအကျိုးကို အလိုရှိသည်၏ အဖြစ်ဖြင့် ပြုအပ်သော ကုသိုလ်သည် မဇ္ဈိမ၊ ကောင်း

သောမနဿုပေက္ခာ ဉာဏုပယောဂဘေဒတော၊ သောမနဿ ဥပေက္ခာ အပြား, ဉာဏ်အပြား, သင်္ခါရအပြားအားဖြင့်။ အဋ္ဌဝိဓံ၊ ရှစ်ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

ကာမာဝစရ ကုသိုလ်စိတ် ၈-ပါး သေယျထိဒံ = တံ ကတမံ၊ ထို ရှစ်ပါးအပြား ဟူသည် အဘယ်နည်း ဟူမူကား—

သောမနဿသဟဂတံ၊ သောမနဿဝေဒနာနှင့်ယှဉ်သော။ ဝါ၊ သောမနဿဝေဒနာနှင့်တကွ ကေပ္ပါဒ အစရှိသော အဖြစ်သို့ရောက်သော။ ဉာဏသမ္ပယုတ္တံ၊ ဉာဏ်နှင့်အညီအညွတ် ကေပ္ပါဒအစရှိသော အပြားတို့ဖြင့် ယှဉ်သော။ အသင်္ခါရိကံ၊ တိုက်တွန်းခြင်းကင်းသော။ ဝါ၊ တိုက်တွန်းခြင်း မရှိသော။ ကံ၊ တခုသော။ စိတ္တံ၊ စိတ်ရင်း။ ။သသင်္ခါရိကံ၊ တိုက်တွန်းခြင်းနှင့်တကွဖြစ်သော။ ဝါ၊ တိုက်တွန်းခြင်းရှိသော။ ကံ၊ တခုသော။ စိတ္တံ၊ စိတ်ရင်း။

ဝါ-အသင်္ခါရိကံ၊ ပုဗ္ဗပယောဂကြောင့် ဖြစ်သောစိတ်၏ ထက်သည်၏ အဖြစ် ဟုဆိုအပ်သော အထူးမရှိသော။ ကံ၊ သော။ စိတ္တံ၊ ရင်း။ ။သသင်္ခါရိကံ၊ ပုဗ္ဗပယောဂကြောင့် ဖြစ်သော စိတ်၏ ထက်သည်၏အဖြစ်ဟု ဆိုအပ်သော အထူးနှင့်တကွဖြစ်သော။ ကံ၊ တခုသော။ စိတ္တံ၊ စိတ်ရင်း။

အမှာ။ ။သင်္ခရောတိ တိက္ခဘာဝသင်္ခါတေန မဏ္ဍနဝိသေသေန သဇ္ဇေတိ, သင်္ခရီယတိ ဝါ သဇ္ဇီယတိ စိတ္တံ ဧတေနာတိ သင်္ခါရော ပြု (ရင်းဋီကာသစ်၊ပ၊ နှာ-၁၀၀)။

ဝါ- အသင်္ခါရိကံ၊ ပုဗ္ဗပယောဂသည် ဖြစ်စေအပ်သော ထက်သည်၏ အဖြစ်တည်းဟူသော သင်္ခါရမရှိသော။ ကံ၊ သော။ စိတ္တံ၊ ရင်း။ ။

---

မှုမည်သည်ကို သူတော်ကောင်းတို့သည် ပြုအပ်သည်သာတည်းဟု မြတ်သောအဖြစ်ကို မှီ၍ ပြုအပ်သော ကုသိုလ်သည် ပဏီတ။

ဝါ၊ ငါသည် ဒါနပတိ၊ တပါးသောသူတို့ကား ဒါန ဒါသတည်း။ ဤသို့ အစရှိသဖြင့် အတ္တုက္ကံသန, ပရဝမ္ဘနတို့ဖြင့် ညစ်ညူးသော ကုသိုလ်သည် ဟီန၊ ထိုသို့သောအဖြစ်ဖြင့် မညစ်ညူးသောကုသိုလ်သည် မဇ္ဈိမ၊ မဂ်ဖိုလ်၏ ပဒဋ္ဌာန် ဖြစ်သောကုသိုလ်သည် ပဏီတ။

ဝါ၊ ဘဝ, ဘောဂသမ္ပတ္တိ အကြောင်းရှိသည် ဖြစ်၍ ပြုအပ်သော ကုသိုလ်သည် ဟီန၊ သာဝက, ပစ္စေကဗောဓိပါရမီဖြစ်သည်၏ အစွမ်းအားဖြင့် မိမိ၏ ဝိမောက္ခအကျိုးငှါ ပြုအပ်သော ကုသိုလ်သည် မဇ္ဈိမ၊ သမ္မာသမ္ဗောဓိ ပါရမီအဖြစ်၏ အစွမ်းအားဖြင့် ခပ်သိမ်းသော သူတို့၏ ဝိမောက္ခအကျိုးငှါ ပြုအပ်သော ကုသိုလ်သည် ပဏီတမည်၏။ (ရင်းဋီကာသစ်၊ပ၊ နှာ-၁၇၉။)

သသင်္ခါရိကံ၊ ပုဗ္ဗပယောဂသည် ဖြစ်စေအပ်သော ထက်သည်၏အဖြစ် တည်းဟူသော သင်္ခါရနှင့်တကွဖြစ်သော။ ဧကံ၊ တခုသော။ စိတ္တံ၊ စိတ်ရင်း။

အမှာ။ ။သင်္ခရဏံ,သင်္ခရိယတီတိ ဝါ ဧတေန အာဂန္တုကသမ္ဘာရေန စိတ္တသံသီဒန- သဘာဝါပနယနဝသေနေဝ သဇ္ဇီယတိ, သင်္ခရောတိ ဝါ တံ ယထာဝုတ္တ- ဝသေနေဝါတိ သင်္ခါရော ပြု။

ဝါ- အသင်္ခါရိကံ၊ စိတ်၏တွန့်တိုခြင်း သဘောတည်းဟူသော သင်္ခါရ မရှိသော။ ဧကံ၊ သော။ စိတ္တံ၊ ရင်း။ ။သသင်္ခါရိကံ၊ စိတ်၏တွန့်တိုခြင်း သဘောတည်းဟူသော သင်္ခါရနှင့်တကွဖြစ်သော။ ဧကံ၊ တခုသော။ စိတ္တံ၊ စိတ်ရင်း။

အမှာ။ ။မစ္ဆေရ မလာဒီဟိ သင်္ခရိယတီတိ သင်္ခါရော၊ သော ယဿ နတ္ထီတိ အသင်္ခါရိကံ ပြု။

ဝါ- အသင်္ခါရိကံ၊ ပွါးခြင်းသို့ရောက်သော မွန်မြတ်သော ဥတုဘောဇဉ် အစရှိသော အားကြီးသော အကြောင်းရှိသော။ ဧကံ၊ သော။ စိတ္တံ၊ ရင်း။ ။သသင်္ခါရိကံ၊ မွန်မြတ်သော ဥတုဘောဇဉ် အစရှိသော အားကြီး သော အကြောင်းမရှိသော။ ဧကံ၊ တခုသော။ စိတ္တံ၊ စိတ်ရင်း။

အမှာ။ ။သင်္ခရောတိ စိတ္တံ တိက္ခဘာဝေန, သင်္ခရိယတီတိ ဝါ တံ ဧတေန သင်္ခါရော၊ ဝုဍ္ဎိပ္ပတ္တော သင်္ခါရော အဿာတိ အသင်္ခါရိကံ ပြု။(ရင်းဋီကာသစ်၊ပ၊နှာ၁၈၁)

သောမနဿသဟဂတံ၊ သောမနဿ ဝေဒနာနှင့်ယှဉ်သော။ ဝါ၊ သောမနဿဝေဒနာနှင့်တကွ ဧကုပ္ပါဒအစရှိသော အဖြစ်သို့ ရောက်သော။ ဉာဏဝိပ္ပယုတ္တံ၊ ဉာဏ်ကင်းသော။ အသင်္ခါရိကံ၊ တိုက်တွန်းခြင်းကင်းသော။ ဝါ၊ တိုက်တွန်းခြင်းမရှိသော။ ဧကံ၊ တခုသော။ စိတ္တံ။ စိတ်ရင်း။ ။ သသင်္ခါရိကံ၊ တိုက်တွန်းခြင်းနှင့်တကွ ဖြစ်သော။ ဝါ၊ တိုက်တွန်းခြင်း ရှိသော။ ဧကံ၊ တခုသော။ စိတ္တံ၊ စိတ်ရင်း။

ဥပေက္ခာသဟဂတံ၊ ဥပေက္ခာ ဝေဒနာနှင့်ယှဉ်သော။ ဝါ၊ ဥပေက္ခာ- ဝေဒနာ နှင့်တကွ ဧကုပ္ပါဒ အစရှိသော အဖြစ်သို့ရောက်သော။ ဉာဏ- သမ္ပယုတ္တံ၊ ဉာဏ်နှင့် အညီအညွတ် ဧကုပ္ပါဒ အစရှိသော အပြားတို့ဖြင့် ယှဉ်သော။ အသင်္ခါရိကံ၊ တိုက်တွန်းခြင်းကင်းသော။ ဝါ၊ တိုက်တွန်းခြင်း မရှိသော။ ဧကံ၊ သော။ စိတ္တံ၊ ရင်း။ ။သသင်္ခါရိကံ၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ ဝါ၊ တိုက်တွန်းခြင်းရှိသော။ ဧကံ၊ တခုသော။ စိတ္တံ၊ စိတ်ရင်း။

ဥပေက္ခာသဟဂတံ၊ ယှဉ်သော။ ဝါ၊ ရောက်သော။ ဉာဏဝိပ္ပယုတ္တံ၊ ဉာဏ်ကင်းသော။ အသင်္ခါရိကံ၊ တိုက်တွန်းခြင်းကင်းသော။ ဝါ၊ တိုက်တွန်းခြင်းမရှိသော။ ဧကံ၊ သော။ စိတ္တံ၊ ၎င်း။ ။သသင်္ခါရိကံ၊ တိုက်တွန်းခြင်းနှင့်တကွဖြစ်သော။ ဝါ၊ တိုက်တွန်းခြင်းရှိသော။ ဧကံ၊ တခုသော။ စိတ္တံ၊ စိတ်၎င်း။

ဣတိ အဋ္ဌဝိဓမ္ပိ၊ ဤရှစ်ပါးအပြားရှိသော စိတ်သည်လည်း။ ကာမာဝစရကုသလစိတ္တံ နာမ၊ **ကာမာဝစရကုသိုလ်စိတ်မည်၏။**

**ကာမ ၂-မျိုး** ၁၂။ ဥဒ္ဒါနတော=ဥဒ္ဒေသတော၊ အကျဉ်းအားဖြင့်။ ကာမာ၊ ကာမတို့သည်။ ကိလေသဝတ္ထုဝသာ၊ ကိလေသကာမ, ဝတ္ထုကာမအစွမ်းအားဖြင့်။ ဒုဝေ၊ နှစ်ပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေသု၊ ထိုနှစ်ပါးတို့တွင်။ (ထည့်) ဆန္ဒရာဂေါဝ၊ ဆန္ဒရာဂသည်သာလျှင်။ ကိလေသော၊ **ကိလေသကာမ** မည်၏။ တေဘူမ-ဝဋ္ဋကံ၊ တေဘူမကဝဋ်သည်။ ဝတ္ထု၊ ဝတ္ထုကာမ မည်၏[၁]။

---

ကျမ်းတက်နှင့်အမှာ ၁။ အကြင်အနက်ကြောင့် ဤစိတ်ကို ကာမာဝစရကုသိုလ်ဟု ဆိုအပ်၏၊ ထိုအနက်ကို ပြခြင်းငှါ **ဥဒ္ဒါနတော** စသည်ကို အားထုတ်အပ်၏။

ကိလေသကာမကိုလည်း အသာဒေတဗ္ဗအဖြစ်ဖြင့် ဝတ္ထုကာမ၌ သင်္ဂြိုဟ်အပ်သော ကြောင့် အကျဉ်းအားဖြင့် ကာမသည် တပါးသာ ဖြစ်သော်လည်း ကိလေသကာမသည် ဝတ္ထုကာမ၏ အဖြစ်သို့ ရောက်သည်ရှိသော် ကာမနီယ အဖြစ်အားဖြင့် ရောက်၏၊ ကာမန အစွမ်းအားဖြင့် ကား မရောက်၊ ကာမန အစွမ်းအားဖြင့်ကား ကိလေသ ကာမသာ ဖြစ်၏၊ ဝတ္ထုကာမ မဖြစ်ဟု ပြခြင်းငှါ **ကိလေသ ဝတ္ထုဝသာ** စသည်ကို မိန့်။

အဘယ်သည် ဝတ္ထုကာမနည်း၊ အဘယ်သည် ကိလေသကာမနည်း ဟူသော စောဒနာ ကို နှလုံးထား၍ "ဆန္ဒော ကာမော, ရာဂေါ ကာမော, ဆန္ဒရာဂေါ ကာမော၊ သင်္ကပ္ပေါ ကာမော, ရာဂေါ ကာမော, သင်္ကပ္ပရာဂေါ ကာမော" ဟူ၍ မဟာနိဒ္ဒေသ ပါဠိတော် (နှာ-၂)၌ ပြအပ်သော ကာမတဏှာသည်သာ ဤအရာ၌ ကိလေသကာမ မည်၏ ဟူ၍၎င်း၊ "မနာပိကာ ရူပါ။ပ။ မနာပိကာ ဖောဋ္ဌဗ္ဗာ ။ပ။ သဗ္ဗေပိ ကာမာဝစရာ ဓမ္မာ ကာမနိယဋ္ဌေန ကာမာ၊ သဗ္ဗေပိ ရူပါဝစရာ သဗ္ဗေပိ အရူပါဝစရာ။ပ။ ကာမာ" ဟူ၍သာလျှင် မဟာနိဒ္ဒေသ ပါဠိတော် (နှာ-၁-၂)၌ သာလျှင် ပြအပ်ကုန်သော သဝိညာဏ, အဝိညာဏ အပြားရှိကုန် သော တေဘူမက တရားတို့သည် ဝတ္ထုကာမမည်ကုန်၏ ဟူ၍၎င်း ပြသောဆရာသည် **ကိလေသော ။ပ။ ဝဋ္ဋကံ** မိန့်။

ဆန္ဒရာဂေါဝ၌ ဧဝသဒ္ဒါဖြင့် ကိလေသကာမ အဖြစ်ဖြင့် ထင်ကုန်သော လောဘ, ဒေါသ, မောဟ စသော ဆယ်ပါးတို့တွင် ဒေါသ,မောဟ အစရှိကုန်သော ကိုးပါးသော ကိလေသာ တို့ကို ပယ်သည်။

**ကာမသဒ္ဒါ ကတ္တား အနက်, ကံအနက်၌ ဖြစ်ပုံ** ၁၃။ ကိလေသကာမော[၁]၊ ကိလေသကာမ သည်။ ကာမေတိ၊ ဝတ္ထုကို တောင့်တ တတ်၏။ ဝတ္ထု၊ ဝတ္ထုသည်။ ကာမီယတိ၊ ကိလေသကာမသည် တောင့်တအပ်၏။ ဣတိ စ=ဣတိ တသ္မာ ဧဝ၊ ထို့ကြောင့်သာလျှင်။ ဒုဝိဓောပိ၊ ကိလေသကာမ, ဝတ္ထုကာမဟူ၍ နှစ်ပါး အပြားရှိသည်လည်း ဖြစ်သော။' သော=ဧသော ကာမော၊ ဤကာမ-သဒ္ဒါ သည်။ ကာရကဒွယေ၊ ကတ္တားအနက်, ကံအနက် နှစ်ပါးအပေါင်း၌။ သိဇ္ဈတိ၊ ပြီး၏။ ဝါ-ဒုဝိဓောပိ၊ နှစ်ပါးသော ကာမတို့ကို ဟောတတ်သည် ၏ အဖြစ်ကြောင့် နှစ်ပါးအပြားရှိသည်လည်း ဖြစ်သော။ သော=ဧသော ကာမော၊ ဤ ကာမ-သဒ္ဒါသည်။ ကာရကဒွယေ၊ ကတ္တားအနက်, ကံအနက် နှစ်ပါးအပေါင်း၌။ သိဇ္ဈတိ၊ ပြီး၏။ [ဝေါ-အက္ခရာကား "ဝေံ ဝေါ ကာလာမ" အစရှိသည်တို့၌ကဲ့သို့ နိပါတ်မျှသာ။] ဝါ-ဒုဝိဓောပိ၊ နှစ်ပါး အပြားရှိသည်လည်းဖြစ်သော။ သော=ဧသော ကာမော၊ ဤကာမသည်။ ဝေါကာရကဒွယေ၊ ရူပက္ခန္ဓာ,သင်္ခါရက္ခန္ဓာ နှစ်ပါးအပေါင်း၌။ သိဇ္ဈတိ၊ ပြီး၏။ ဝါ၊ အတွင်းဝင်၏။

**ကာမ ၁၁-ဘုံ ကာမာဝစရ မည်ပုံ** ၁၄-၁၅။ ယသ္မိံ ပဒေသေ၊ အကြင်အရပ်၌။ ဒုဝိဓောပိ၊ နှစ်ပါး အပြားရှိသည်လည်း ဖြစ်သော။ သော အယံ ကာမော၊ ထိုကာမသည်။ သမ္ပတ္တိနံ၊ ဝိသယ-ဝိသယီ အဖြစ်ဖြင့် စုဝေးခြင်းတို့၏။ ဝသေနေဝ၊ အစွမ်းအားဖြင့်သာလျှင်။ စရတိ၊ ဖြစ်တတ်၏[၂]။ သော ပဒေသော၊ ထိုအရပ်သည်။ စတုပါယာနဉ္စ၊ အပါယ်လေးဘုံတို့၏ရင်း။ ဆန္နံ ဒေဝါနမေဝ စ၊ နတ်ပြည်ခြောက်ထပ်တို့၏ရင်း။ မနုဿာနဉ္စ၊ လူ့ဘုံ တို့၏ရင်း။ ဝသေနေဝ၊ အစွမ်းအားဖြင့်သာလျှင်။ ဧကာဒသဝိဓော၊ တဆယ့် တပါး အပြားရှိ၏။

---

ကျမ်းတက် ၁။ အဘယ်ကြောင့် ကိလေသကာမသည် ကာမ မည်သနည်း၊ အဘယ် ကြောင့် ဝတ္ထုကာမသည် ကာမမည်သနည်းဟူ၍ စောဒနာကို ဖြေခြင်းငှါ **ကိလေသကာမော** အစရှိသည်ကို မိန့်။

၂။ ဆဋ္ဌမူ၌ ဝသေနာဝစရတိ ဟု ရှိ၏၊ ၎င်းအလိုမူ ဝသေန၊ အစွမ်းဖြင့်။ အဝစရတိ၊ ဖြစ်တတ်၏။ ပေး။

၁၆။ ဧတ္ထ ပဒေသော၊ ဤ တဆဲ့တပါးသော အရပ်၌။ ကာမော၊ နှစ်ပါးအပြားရှိသော ကာမသည်။ အဝစရတိ၊ ဖြစ်တတ်၏။ ဣတိ တသ္မာ၊ ထိုသို့ ဖြစ်ရာဖြစ်သော သတ္တိကြောင့်။ သော ပဒေသော၊ ထို တဆဲ့တပါး သော အရပ်သည်။ ကာမာဝစရသညိတော၊ ကာမာဝစရ အမည် ရှိ၏။

ကသ္မာ၊ အဘယ်ကြောင့်နည်း ဟူမူကား။ အဿ၊ ဤ နှစ်ပါး အပြား ရှိသော ကာမ၏။ အဘိလက္ခိတတ္တာ၊ တဆဲ့တပါးသော အရပ်၌ ထင်ရှား သည်၏ အဖြစ်ကြောင့်တည်း။ ဝါ-အဿ အနေန၊ ဤ နှစ်ပါး အပြား ရှိသော ကာမဖြင့်။ အဘိလက္ခိတတ္တာ၊ တဆဲ့တပါးသော အရပ်၌ ပညတ် အပ်သည်၏ အဖြစ်ကြောင့်တည်း။ [အဿ-၌ ကရိုဏ်းအနက်၌ သာမိ ဝိဘတ်တည်း။] ဝါ- အဿ၊ ဤ တဆဲ့တပါးသော အရပ်ကို။ အဘိလက္ခိ-တတ္တာ[၁]၊ ဤ နှစ်ပါး အပြားရှိသော ကာမဖြင့် မှတ်အပ်သည်၏ အဖြစ် ကြောင့်တည်း။ [အဿ-၌ ဥပယောဂတ္ထ သာမိဝစန] ကိမိဝ၊ အဘယ် ကဲ့သို့နည်း ဟူမူကား။ သ-သတ္ထာဝစရော ဝိယ၊ လက်နက်နှင့် တကွသော ယောကျာ်းတို့၏ ကျင်လည်ရာ အရပ်ကဲ့သို့တည်း။

**ကာမာဝစရမှ ကာမ ဖြစ်ပုံ** ၁၇။ သွာယံ=သော အယံ ကာမာဝစရော[၂]၊ ထို ကာမာ-ဝစရသည်။ ရူပဘဝေ၊ ရူပဘဝသည်။ ရူပန္တိ သညိတော ယထာ၊ ရူပဟူသော အမည်ရှိသကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ ကာမောတိ သညိတော၊ ကာမဟူသော အမည် ရှိ၏။ ဥတ္တရဿ ပဒဿဝ၊ နောက်ဖြစ်သော အဝစရပုဒ်၏သာလျှင်။ လောပံ၊ ကျေခြင်းကို။ ကတွာ၊ ပြု၍။ ဥဒီရိတော၊ ဆိုအပ်၏။ ဝါ-ဥတ္တရဿ ပဒဿဝ၊ နောက်ပုဒ်၏လျှင်။ လောပံ၊ ကျေခြင်းကို။ ကတွာ၊ ပြု၍။ ဥဒီရိတော၊ ဆိုအပ်၏။ သေ=ဧသော ရူပဘဝေ၊ ဤ ရူပဘဝသည်။ ရူပန္တိ သညိတော ယထာ၊ ရူပဟူသောအမည် ရှိသကဲ့သို့။ ဧဝံ တထာ၊

---

ကျမ်းတက် ၁။ ဤတဆဲ့တပါးသောအရပ်၌ တပါးကုန်သော တရားတို့၏လည်း ဖြစ်ခြင်း ဖြစ်သင့်သောကြောင့် ကာမ၏သာ ကျင်လည်ရာ ဖြစ်သည်၏ အစွမ်းအားဖြင့် အဘယ့်ကြောင့် အမည်ကို ရသနည်း ဟူသော စောဒနာကို ဖြေဆိုခြင်းငှါ **အဿာဘိလက္ခိ-တတ္တာ** အစရှိသည်ကို မိန့်။

ကျမ်းတက် ၂။ စိတ်ကို ကာမာဝစရဟု ဆိုအပ်သည် မဟုတ်ပါလော၊ ဆိုအပ်ပြီးသော နည်းဖြင့် အရပ်ကို ယူအပ်သည်၏ အဖြစ်ကြောင့် အဘယ့်သို့လျှင် ထိုအရပ်၌ ကျင်လည်သော စိတ်သည် ကာမာဝစရ မည်သနည်း၊ စောဒနာကို ဖြေခြင်းငှါ **သွာယံ** အစရှိသည်ကို မိန့်။

ထို့အတူ။ သွာယံ=သော အယံ ကာမာဝစရော၊ ထို ကာမာဝစရသည်။ ကာမောတိ သညိတော၊ ကာမဟူသောအမည် ရှိ၏။

**ကာမစိတ် ကာမာဝစရ မည်ပုံ**

၁၇။ တသ္မိံ ကာမေ၊ ထို ဥတ္တရပဒလောပအားဖြင့် ကာမအမည်ရှိသော ကာမာဝစရဘုံ၌။ ဣဒံ စိတ္တံ၊ ဤ ရှစ်ပါး အပြားရှိသော ကာမာဝစရ စိတ်သည်။ သဒါ၊ အခါခပ်သိမ်း။ အဝစရတိ၊ ဖြစ်တတ်၏။ ယသ္မာ၊ အကြင်ကြောင့်။ ဥတ္တရပဒလောပေန၊ နောက်ပုဒ်ကျေသောအားဖြင့်။ ကာမောတိ သညိတော၊ ကာမဟူသောအမည် ရှိ၏။ ယသ္မာ စ၊ အကြင် ကြောင့်လည်း။ တသ္မိံ ကာမေ၊ ထိုကာမဘုံ၌။ သဒါ၊ များသောအား ဖြင့်။ အဝစရတိ၊ ဖြစ်တတ်၏။ (ထည့်သည်)

ဣတိ တသ္မာ၊ ထို့ကြောင့်။ ကာမာဝစရမိစ္စေဝ၊ ကာမာဝစရဟူ၍သာ လျှင်။ ကာမဃာတိနာ၊ ဒေသနာဉာဏ်ဖြင့် ဝေနေယျသန္တာန်၌ ဖြစ်သော ကိလေသကာမကို သတ်တတ်သော အလေ့ရှိသော မြတ်စွာဘုရားသည်။ ကထိတံ၊ ဟောတော်မူအပ်၏။

၁၉။ ဝါ၊ တနည်းကား။ ယတ္ထ ကတ္ထစိ၊ အမှတ်မရှိသောဘုံ၌။ ဥပ္ပန္နမ္ပိ၊ ဖြစ်သော်လည်း။ (ထည့်) ကာမေ ဘဝေ၊ ကာမဘုံ၌သာလျှင်။ ပဋိသန္ဓိံ၊ ပဋိသန္ဓေကို။ အဝစာရယတိ၊ ဖြစ်စေတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဣဒံ စိတ္တံ၊ ဤစိတ်ကို။ ကာမာဝစရမိစ္စေဝ၊ ကာမာဝစရဟူ၍သာလျှင်။ ကထိတံ၊ ဟောအပ်၏။

ဝါ၊ တနည်းကား။ တတြ=တသ္မိံ ကာမဘဝေ၊ ထိုကာမဘုံ၌။ ပရိယာပန္နံ[၁]၊ အတွင်းဝင်သည်တည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ကာမာဝစရမိစ္စေဝ၊ ကာမာဝစရဟူ၍သာလျှင်။ ကထိတံ၊ ဟောအပ်၏။

၂၀။ ကာမာဝစရသညိတံ၊ ကာမာဝစရအမည်ရှိသော။ ဣဒံ အဋ္ဌဝိဓံ စိတ္တံ၊ ဤရှစ်ပါးအပြားရှိသောစိတ်သည်။ ဒသပုညကြိယဝတ္ထုဝသေ-

ကျမ်းတက် ၁။ ဤသို့ ဥတ္တရပဒလောပ၏ အစွမ်းအားဖြင့် ပုဒ်၏ဖြစ်ခြင်းကိုပြပြီး၍ ယခုအခါ ဥတ္တရပဒလောပကို ကြဉ်၍လည်း ကာမာဝစရ-သဒ္ဒါ၏ ဖြစ်ခြင်းကို ပြခြင်းငှါ ပရိယာပန္နန္တိ တတြ ၏ စသည်ကို မိန့်။

နေဝ ^၁၊ ဆယ်ပါးသော ပုညကြိယာဝတ္ထုတို့၏ အစွမ်းအားဖြင့်သာလျှင်။ ပဝတ္တတိ၊ ဖြစ်၏။

**ပုညကြိယာဝတ္ထု ၁၀-ပါး** ၂၁။ ဒါနဥ္စ၊ အလှူပေးကြောင်းဖြစ်သော ပရိစ္စာဂနှင့်ယှဉ်သောစိတ်ဥပ်း။ သီလဥ္စ၊ ကာယကံ, ဝစီကံတို့ကို ကောင်းစွာထားတတ်သော စေတနာနှင့်ယှဉ်သော စိတ်ဥပ်း။ ဝါ၊ ကုသိုလ်တရားတို့၏ တည်ရာဖြစ်သော စေတနာနှင့် ယှဉ်သော စိတ်ဥပ်း။ ဘာဝနာ စ၊ ကုသိုလ်တရားတို့ကို ပွါးစေကြောင်းဖြစ်သော စေတနာနှင့်ယှဉ်သော စိတ်ဥပ်း။ ပတ္တိဒါနဥ္စ၊ မိမိသန္တာန်၌ဖြစ်ပြီးသော ကောင်းသောအဘို့ကို ပေးဝေကြောင်းဖြစ်သော စေတနာနှင့်ယှဉ်သော စိတ်ဥပ်း။ ဝေယျာဝစ္စဥ္စ၊ ထိုထိုကိစ္စကိုပြုခြင်း၌ လုံ့လရှိသောသူ၏ အဖြစ်နှင့် ယှဉ်သော စိတ်ဥပ်း။ ဒေသနာ စ၊ တရားဟောကြောင်းဖြစ်သော စေတနာနှင့်ယှဉ်သော စိတ်ဥပ်း။ အနုမောဒေါ စ၊ ကောင်းမှုအဘို့ကို ဝမ်းမြောက်ကြောင်းဖြစ်သော စေတနာနှင့်ယှဉ်သော စိတ်ဥပ်း။ ဒိဋ္ဌိဇုတ္တဥ္စ၊ အယူဖြောင့်သည်၏ အဖြစ်နှင့်ယှဉ်သော စိတ်ဥပ်း။ သံသုတိ စ၊ အကျိုးစီးပွါးကို အလိုရှိသဖြင့် ကောင်းစွာ တရားနာကြောင်းဖြစ်သော စေတနာနှင့် ယှဉ်သော စိတ်ဥပ်း။ အပစာယော စ၊ ပူဇော်သောအားဖြင့် အရိုအသေ ပြုကြောင်းဖြစ်သော စေတနာနှင့်ယှဉ်သော စိတ်ဥပ်း။ ဧဝံ၊ ဤသို့။ ပုညဝတ္ထုပ္ပဘေဒေါ၊ ပုညကြိယာဝတ္ထုအပြားကို။ ဉေယျော၊ သိအပ်၏ ^၂။

---

**အမှာ** ၁။ ဧဝသဒ္ဒါဖြင့် ရူပ, အရူပ, လောကုတ္တရာကဲ့သို့ သက်သက်ဘာဝနာ၏ အစွမ်းအားဖြင့်သာ မဖြစ် ဟူသော အနက်ကို ပြသည်။ ဝါ၊ ဒသပုညကြိယာ၏ အစွမ်းအားဖြင့်သာ ဖြစ်၏၊ သူတပါးတို့သည် ကြံအပ်သော ပရပသံသ အစရှိသော ပုညကြိယာဝတ္ထု၏ အစွမ်း ဖြင့် မဖြစ်ဟု ဧဝသဒ္ဒါဖြင့် အဝဓာရဏပြုသည်။ (ဋင်းဋီကာသစ်၊ ပ၊ နှာ-၁၉၄)

**ကျမ်းတက်နှင့်အမှာ** ၂။ အကြင် ပုညကြိယာဝတ္ထုတို့၏ အစွမ်းအားဖြင့် ဤရှစ်ပါး အပြားရှိသော စိတ်သည် ဖြစ်၏၊ ထို ပုညကြိယာဝတ္ထုတို့သည် အဘယ်တို့နည်း ဟူသော စောဒနာကို ရည်၍ ထိုပုညကြိယာဝတ္ထုတို့ကို သရုပ်အားဖြင့် ပြခြင်းငှါ ဒါနံ သီလံ စသည် ကို မိန့်။

(ပုညဝတ္ထုပဘေဒေါ-ကား) မဇ္ဈေလောပ ကြိယာသဒ္ဒါ ကျေသည်။ ဒိယျတိ စေတနာတိ ဒါနံ၊ ပရိစ္စာဂစေတနာရ၏၊ ဤ၌ကား စိတ္တာဓိကာရ၏ အစွမ်းအားဖြင့် ထိုစေတနာနှင့် သမ္ပယုတ်ဖြစ်သော စိတ်ကို ယူအပ်၏။

သီလ အစရှိသည်တို့၌လည်း နည်းတူ။

သီလတီတိ သီလံ၊ သီလယတိ ဥပဓာရေတီတိ ဝါ သီလံ။

ပုညကြိယာဝတ္ထု ၁၀-ပါးကို ဒါန, သီလ, ဘာဝနာ၌ သွင်းယူပုံ

၂၂။ ပတ္တိဒါနာ၁နုမောဒနာ၊ ပတ္တိဒါန,ပတ္တာနုမောဒန တို့သည်။ ဒါနေ၊ ဒါနမယ ပုည၌။ သင်္ဂဟံ၊ ပေါင်းခြင်းသို့။ဂစ္ဆန္တိ၊ ရောက်ကုန်၏။တံသဘာဝတ္တာ၊ထိုဒါနသဘောရှိသည်၏ အဖြစ်ကြောင့်တည်း။ ဝေယျာဝစ္စာပစာယနာ၊ ဝေယျာ-

ဘာဝေတိ ကုသလဓမ္မေ အာသေဝတိ ဝဍ္ဎေတိ ဧတာယာတိ ဘာဝနာ။

အတ္တနော သန္တာနေ နိပ္ဖန္နာ ပတ္တိ ဒိယျတိ ဧတေနာတိ ပတ္တိဒါနံ။

တံ တံ ကိစ္စကရဏေ ဗျာဝတဿ ဘာဝေါ ဝေယျာဝစ္စံ။

ဒေသေတိ ဧတာယာတိ ဒေသနာ။

ပတ္တိံ အနုမောဒတိ ဧတေနာတိ ပတ္တာနုမောဒေါ။ ပုဗ္ဗပဒလောပေန အနုမောဒေါတိ ဝုတ္တံ။

ဒိဋ္ဌိယာ ဥဇုဘာဝေါ ဒိဋ္ဌိဇုတ္တံ။

အတ္တနော ပရဿ ဝါ ဟိတဇ္ဈာသယဝသေန သမ္မာ သုဏန္တိ ဧတာယာတိ သံသုတိ။

ပူဇာဝသေန အပစာယတိ သာမိစိံ ကရောတိ ဧတေနာတိ အပစာယော။

ဝိနိစ္ဆယ။ ။စိုးစဉ်းသော ဝိနိစ္ဆယကို ဆိုအံ့၊ သောကွပုထုဇဉ်တို့၏ သူတပါးကို ရည်၍ ပူဇော်ချီးမြှောက်လိုသည်၏ အဖြစ်ဖြင့် မိမိ၏ တင်ရှားရှိသော ဝတ္ထုကို စွန့်ခြင်း၏ အစွမ်းဖြင့် ဖြစ်သော စေတနာသည် ဒါနမယပုညကြိယာဝတ္ထုမည်၏။

ရဟန္တာ၏ ထိုသို့သော အခြင်းအရာဖြင့် ဖြစ်သော စေတနာသည် ဒါနသာမည်၏၊ ပုညကြိယာ မမည်သောကြောင့် ဤအရာ၌ အလိုမရှိအပ်၊ ထိုစကားသည် မှန်၏၊ ဖြူစင်သောအကျိုးကို ဖြစ်စေခြင်းကြောင့်ငှင်း, မိမိသန္တာန်ကို စင်စေခြင်းကြောင့်ငှင်း ပုညမည်၏၊ ရဟန္တာသန္တာန်၌ ဖြစ်သော စေတနာသည် ဖလနိပ္ဖတ္တိက မဖြစ်၊ ဝိသုဒ္ဓသန္တာန်၌ ဖြစ်ခြင်းကြောင့် သန္တာန်ကိုလည်း မစင်ကြယ်စေ။

ကြွင်းသော သီလမယ စသည်တို့၌လည်း နည်းတူ။ (ငှင်းဋီကာသစ်၊ ပ၊ နှာ-၁၉၅-၆)

"ဤဒါနမည်သည် ငါ၏ အမျိုးအနွယ်တည်း၊ အမျိုး၏ အကျင့်တည်း''ဟူ၍ စာရိတ္တသီလ၌ တည်၍ ပေးလှူသောသူအား ဖြစ်သော စေတနာသည် ဒါနမယပုညကြိယာဝတ္ထုလော သီလမယလောဟု မေးအံ့၊ စာရိတ္တသီလဖြစ်သည်၏ အဖြစ်ကြောင့် သီလမယသာတည်း။

ပတ္တိဒါန၌ ဒါနအစရှိသော အမှတ်မရှိ သုစရိုက်ကံကို ပြု၍ ဤမည်သောသူအားလည်း ကောင်းမှုဖြစ်စေ, ခပ်သိမ်းသော သတ္တဝါတို့အားမူလည်း ကောင်းမှုအဘို့ဖြစ်စေဟူ၍ မိမိ ပြုအပ်သော သုစရိုက်၏ သူတပါးတို့နှင့် ဆက်ဆံသည်၏အဖြစ်ကို တောင့်တခြင်း၏ အစွမ်းဖြင့် ဖြစ်သော စေတနာသည် ပတ္တိဒါနမယပုညကြိယာမည်၏။ (ငှင်းဋီကာသစ်၊ ပ၊နှာ-၁၉၆)

ဝစ္စ, အပစာယန တို့သည်။ သီလမယပုညေ၊ သီလမယပုည၌။ တထာ၊ ထိုအတူ။ သင်္ဂဟံ၊ ပေါင်းခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ စာရိတ္တ သီလ-သဘာဝတ္တာ၊ စာရိတ္တသီလသဘောရှိသည်၏ အဖြစ်ကြောင့်တည်း [၁]။

၂၃။ ဒေသနာသဝနံ ဒိဋ္ဌိ ဥဇုကာ၊ ဓမ္မဒေသနာ, ဓမ္မသဝန, ဒိဋ္ဌိဇုကမ္မ တို့သည်။ ဘာဝနာမယေ၊ ဘာဝနာမယ၌။ သင်္ဂဟံ၊ ပေါင်းခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ကုသလဓမ္မာ၊ ကုသိုလ်တရားတို့ကို။ သေဝနတော စ၊ မှီဝဲသောကြောင့်ရင်း။ ဘာဝနာတော စ၊ ပွါးများသောကြောင့်ရင်းတည်း။ (ထည့်) ပုညကြိယာ၊ ပုညကြိယာတို့သည်။ ဒသာပိ စ၊ ဆယ်ပါးဖြစ်ကုန်သော်လည်း။ ပုန၊ တဖန်။ သင်္ခေပတော၊ အကျဉ်းအားဖြင့်။ (ထည့်) တိဏောဝ၊ သုံးပါးတို့သည်သာလျှင်။ သမ္ဘောန္တိ၊ ဖြစ်ကုန်၏။

**သဗ္ဗာနုဿတိ ပုညစသည်ကို ဒိဋ္ဌိဇုကမ္မ၌ သွင်းယူပုံ**

၂၄။ သဗ္ဗာနုဿတိပုညဉ္စ၊ အလုံးစုံ မိမိ ပြုအပ်သော သုစရိုက်ကို အဖန်တလဲလဲ အောက်မေ့ခြင်းသည်ရင်း။ ပသံသာ စ၊ သူတပါးတို့သည် ပြုအပ်သော သုစရိုက်ကိုရင်း, သမ္မာပဋိပတ်ကိုရင်း, ကြည်ညိုသောစိတ်ဖြင့် ချီးမွမ်းခြင်းသည်ရင်း။ သရဏတ္တယဉ္စ၊ သရဏဂုံသုံးပါးတို့၏ အပေါင်းသည်ရင်း။ ဒိဋ္ဌိဇုကမ္မသိ၊ ဒိဋ္ဌိဇုကမ္မ၌။

---

ကျမ်းတက်။ ၁။ "ကိံ ပနေဝံ ပတ္တိံ ဒဒတော ပုညက္ခယော ဟောတီတိ၊ န ဟောတိ၊ ယထာ ပန ဧကံ ဒီပံ ဇာလေတွာ တတော ဒီပသဟဿံ ဇာလေန္တဿ ပဌမဒီပေါ ခီဏောတိ န ဝတ္တဗ္ဗော၊ ပုရိမာလောကေန ပန သဒ္ဓိံ ပစ္ဆိမာလောကဿ ဧကီဘာဝေ အတိမဟာဝ ဟောတိ၊ ဧဝမေဝ ပတ္တိံ ဒဒတော ပရိဟာနိနာမ န ဟောတိ၊ ဝုဍ္ဎိယေဝ ပန ဟောတီတိ ဒဋ္ဌဗ္ဗာ။ ကထံ ပနေဿာ ဒိန္နာ နာမ ဟောတီတိ၊ ဣဒံ မေ ပုညကမ္မံ သဗ္ဗသတ္တာနံ, အသုကဿ ဝါ ပရိဏမတူတိ ဧဝံ ပုဗ္ဗဘာဂေ, ပစ္ဆာပိ ဝါ ဝစီဘေဒံ ကရောန္တေန မနသာဝေ ဝါ စိန္တေန္တေန ဒိန္နာနာမ ဟောတိ။ ကေစိ ပနဿ မယာ ကတသုစရိတဿ ဖလံ ဒမ္မီတိ ဝုတ္တေပိ ပတ္တိ ဒိန္နာဝ ဟောတီတိ ဝဒန္တိ။ ကုသလကမ္မာဓိကရဏတ္တာ ပန ပရေဟိစ ကမ္မဿေဝ....အနုမောဒိတဗ္ဗန္တိ ဣဒမေတ္ထ အာစရိယာနံ သန္နိဋ္ဌာနံ"။ ဤသို့ အဋ္ဌကထာ၌ လာသော နည်းဖြင့် ဆယ်ပါးသော ပုညကြိယာဝတ္ထုကို ပြပြီး၍ ယခုအခါ ပါဠိ၌ လာသော နည်းဖြင့် ဒါန, သီလ, ဘာဝနာ သုံးပါးတို့ကိုသာ ပြခြင်းငှါ ထိုသုံးပါး၌ တပါးသော ပုညကြိယာတို့ကိုလည်း သင်္ဂြိုဟ်ခြင်းကို ပြသော ဆရာသည် ဂစ္ဆန္တိ သင်္ဂဟံ ဒါနေ အစရှိသည်ကို မိန့်။ (ဋီကာသစ်၊ ပ၊ နှာ၊ ၁၉၆-ဂ)

သင်္ဂဟံ၊ ပေါင်းခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ သံသယော၊ ယုံမှားဘွယ်သည်။ နတ္ထိ၊ မရှိ[၁]။

**ဒါနမယပုညစသည်မည်ပုံ** ၂၅။ ပုရိမာ စ၊ လှူဖွယ်ဝတ္ထုကို ဖြစ်စေသောသူအား ဖြစ်သော စေတနာ အစရှိသော ရှေ့အဘို့စေတနာဝင်း။ မုဉ္စနာ စေဝ၊ အလှူခံပုဂ္ဂိုလ်၏လက်၌ စွန့်ကြဲခြင်း ညွတ်စေခြင်း စေတနာဝင်း။ [မုစနာရှိလျှင် နိဂ္ဂဟိတလောပ] အပရာ စ၊ ငါသည် အလှူကို လှူအပ်ပြီဟု ဝမ်းမြောက်သော စိတ်ဖြင့် ဆင်ခြင်သောသူအား နောက်အဘို့စေတနာဝင်း။ ဣတိ၊ ဤသို့။ တိဿောပိ၊ သုံးပါးလည်းဖြစ်ကုန်သော။ စေတနာ၊ စေတနာတို့သည်။ ဧကတော၊ တပေါင်းတည်း။ ဟုတွာ၊ ဖြစ်ကုန်၍။ (နှစ်ပုဒ်ထည့်) ဒါနမယပုညံ၊ ဒါန-မယပုညသည်။ ဟောတိ၊ ဖြစ်၏[၂]။ သေသေသုပိ၊ ကြွင်းကုန်သော သီလ အစရှိကုန်သော ပုညကြိယာဝတ္ထုတို့၌လည်း။ ဧဝံ=ယထာဝုတ္တနယေန၊ အကြင်အကြင်ဆိုအပ်ပြီးသောနည်းဖြင့်။ ဒီပယေ၊ ပြရာ၏[၃]။

## မဟာကုသိုလ်စိတ် အသီးသီးဖြစ်ပုံ

**ပထမစိတ်ဖြစ်ပုံ။** ။ဣဒါနိ[၄]၊ ယခုအခါ၌။ အဋ္ဌဝိဓဿာပိ၊ ရှစ်ပါး အပြားရှိသည်လည်းဖြစ်သော။ အဿ ကာမာဝစရ ကုသလ-စိတ္တဿ၊ ဤကာမာဝစရ ကုသိုလ်စိတ်၏။ အယံ ဥပ္ပတ္တိက္ကမော၊ ဤဆိုလတ္တံ့သောဖြစ်စဉ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

---

ကျမ်းတက် ၁။ ယခုအခါ တပါးသော ဆရာတို့သည် ပြအပ်ကုန်သော ပုညာ-နုသာရဏ အစရှိသည်တို့၏ မိမိပြအပ်ကုန်သော ပုညကြိယာဝတ္ထုတို့၌သာလျှင် ပေါင်းခြင်းကို ပြခြင်းငှါ သဗ္ဗာနုဿတိပုညံ အစရှိသည်ကို မိန့်။

အမှာ။ ။ဤ၌ သရဏတ္တယသဒ္ဒါဖြင့် ဥပစာအားဖြင့်ရင်း, ဥတ္တရပဒလောပအားဖြင့်ရင်း သရဏဂမနကို အလိုရှိအပ်၏။

ကျမ်းတက် ၂။ ယခုအခါ ဆိုအပ်ပြီးသော ပုညကြိယာဝတ္ထုတို့၏ ရှေ့အဘို့, နောက်အဘို့၏ အစွမ်းဖြင့် ဖြစ်ကုန်သော စေတနာတို့သည်လည်း ထိုထိုဒါန အစရှိသည်တို့၌သာလျှင် ပေါင်းခြင်းသို့ ရောက်ကုန်၏ဟု ပြခြင်းငှါ ပုရိမာ မုဉ္စနာ အစရှိသည်ကို မိန့်။

ကျမ်းတက် ၃။ ယခုအခါ ဆိုအပ်ပြီးသော အနက်ကို သီလ အစရှိသည်တို့၌လည်း ညွှန်းလိုသည်ဖြစ်၍ ဧဝံ သေသေသုပိ ဒီပယေ မိန့်။

ကျမ်းတက် ၄။ ဤမျှအတိုင်း အရှည်ရှိသော စကားအစဉ်ဖြင့် ဒသပုညကြိယာဝတ္ထု-ဝသေနေဝ ပဝတ္တတိဟူသောစကား၌ ဆယ်ပါးသော ပုညကြိယာဝတ္ထုတို့ကို သရုပ်အားဖြင့်

ဟိ သစ္စံ၊ မှန်၏။ ယဒါ၊ အကြင်အခါ၌။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ ဒေယျဓမ္မ ပဋိဂ္ဂါဟကာဒိ သမ္ပတ္တိံ ဝါ၊ လှူဘွယ်ဝတ္ထု, အလှူခံပုဂ္ဂိုလ် အစ ရှိသည်တို့၏ ပြည့်စုံသည်၏အဖြစ်ကိုငင်း။

အမှာ။ ။ဒါတဗ္ဗော ဓမ္မော ဒေယျဓမ္မော၊ အန္န အစရှိသော ဆယ်ပါးသော ဒါနဝတ္ထု ရ၏၊ ပဋိဂ္ဂါဟကာဒိတို့၌ အာဒိသဒ္ဒါဖြင့် ဒေသ, ကာလ, မိတ္တ, ပရိစာရိက- သမ္ပတ္တိတို့ကို ယူ။

အညံ၊ တပါးသော။ သောမနဿဟေတုံ ဝါ၊ သဒ္ဓါ ဗဟုလတာ အစရှိ သည် အပြားရှိသော သောမနဿ၏ အကြောင်းကိုငင်း။ အာဂမ္မ၊ စွဲ၍။ ဟဋ္ဌပဟဋ္ဌော၊ အလွန်ဝမ်းမြောက်ခြင်းရှိသည်ဖြစ်၍။ အတ္ထိ ဒိန္နန္တိအာဒိနယ- ပဝတ္တံ၊ "အတ္ထိ ဒိန္နံ" ဤသို့ အစရှိသော နည်းဖြစ်သော။

အမှာ။ ။အာဒိနယပဝတ္တံ၌ အာဒိ-သဒ္ဒါဖြင့် အတ္ထိ ယိဋ္ဌံ အစရှိသော ကိုးပါးသော သမ္မာဒိဋ္ဌိဝတ္ထုကိုသာ ယူခြင်းမဖြစ်၊ စင်စစ်ကား ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂ- နိယတို့ကိုလည်း သင်္ဂြိုဟ်အပ်၏။ (ငင်းဋီကာသစ်၊ ပ၊ နှာ-၂၀၃)

သမ္မာဒိဋ္ဌိံ၊ အသင့်အားဖြင့် ဖြစ်သောအယူကို။ ဝါ၊ ချီးမွမ်းအပ် သောအယူကို။ ပုရက္ခတွာ၊ သဟဇာတပုဗ္ဗင်္ဂမအားဖြင့်ပြုခန်းသည်ကိုပြု၍။ အတ္တနာ ဝါ၊ မိမိသည်ငင်း။ (ထည့်) ပရေဟိ ဝါ၊ သူတပါးတို့သည်ငင်း။ အနုဿာဟိတော၊ မတိုက်တွန်းအပ်သည်ဖြစ်၍။ [သူတပါး၏ မထင်ရှား သော ဥဿာဟကိုပြသောအားဖြင့် ပရေဟိ ဟုမိန့်သည်] ဒါနာဒီနိ၊ ဒါန အစရှိကုန်သော။ ပုညာနိ၊ ကောင်းမှုတို့ကို။ ကရောတိ၊ ပြု၏။ တဒါ၊ ထိုအခါ ၌။ အဿ ပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်အား။ သောမနဿသဟဂတံ၊ သောမနဿ ဝေဒနာနှင့်ယှဉ်သော။ ဝါ၊ သောမနဿဝေဒနာနှင့်တကွ ဧကုပ္ပါဒ အစရှိ သော အဖြစ်သို့ရောက်သော။ ဉာဏသမ္ပယုတ္တံ၊ ဉာဏ်နှင့်အညီအညွတ် ဧကုပ္ပါဒ အစရှိသော အပြားတို့ဖြင့်ယှဉ်သော။ အသင်္ခါရိကံ၊ တိုက်တွန်း ခြင်းမရှိသော။ ဝါ၊ တိုက်တွန်းခြင်းကင်းသော။ ပဌမံ၊ ဒေသနာအားဖြင့် ငင်း, ဤ၌ပြအပ်သော အစဉ်အားဖြင့်ငင်း ရှေးဦးစွာ ပြအပ်သော။

---

ငင်း, သင်္ဂြိုဟ်သောအားဖြင့်ငင်း ပြပြီး၍ ယခုအခါ ထိုသို့သောအစဉ်ဖြင့်ဖြစ်သော ကာမာ- ဝစရကုသိုလ်စိတ်၏ အသီးသီး ပဝတ္တာကာရဝိသယကို ပြခြင်းငှါ ဣဒါနိ အစရှိသည်ကို မိန့်။ (ငင်းဋီကာသစ်၊ ပ၊ နှာ-၁၉၉-၂၀၂)

မဟာကုသလစိတ္တံ၊ သောမနဿသဟဂတတာ အစရှိသော အင်္ဂါပြည့်စုံခြင်းကြောင့် ကြီးမြတ်သော ကုသိုလ်စိတ်သည်။ ဝါ၊ ပစ္ဆိမဘဝိက ဘုရားလောင်းတို့၏ ပဋိသန္ဓေကို ဆွဲငင်ခြင်းကြောင့် ပူဇော်အပ်သော ကုသိုလ်စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏[၁]။

ဒုတိယစိတ်ဖြစ်ပုံ။ ။ယဒါ ပန၊ အကြင်အခါ၌ကား။ ဝုတ္တနယေနေဝ၊ ဒေယျဓမ္မ ပဋိဂ္ဂါဟကာဒိသမ္ပတ္တိံ အညံ ဝါ သောမနဿဟေတုံ အာဂမ္မ ဟူ၍ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်သာလျှင်။ ဟဋ္ဌပဟဋ္ဌော၊ အလွန်ဝမ်းမြောက်ခြင်းရှိသည်ဖြစ်၍။ သမ္မာဒိဋ္ဌိံ၊ အသင့်အားဖြင့် ဖြစ်သောအယူကို။ ဝါ၊ ချီးမွမ်းအပ်သောအယူကို။ ပုရက္ခတွာ၊ သဟဇာတပုဗ္ဗင်္ဂမအားဖြင့် ပြုခါန်းသည်ကိုပြု၍။ အတ္တနာ ဝါ၊ မိမိသည်ရင်း။ (ထည့်) ပရေဟိ ဝါ၊ သူတပါးတို့သည်ရင်း။ ဥဿာဟိတော၊ တိုက်တွန်းအပ်သည်။ ဟုတွာ၊ ဖြစ်၍။ ဒါနာဒီနိ၊ အလှူအစရှိကုန်သော။ ပုညာနိ၊ ကောင်းမှုတို့ကို။ (လိုက်သည်) ကရောတိ၊ ပြု၏။ တဒါ၊ ထိုအခါ၌။ အဿ ပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်အား။ တဒေဝ စိတ္တံ၊ ထိုမဟာကုသိုလ်စိတ်နှင့်တူသော စိတ်သည်လျှင်။ သသင်္ခါရိကံ၊ သသင်္ခါရိကသည်။ ဟောတိ၊ ဖြစ်၏[၂]။

ဣမသ္မိံ အတ္ထေ၊ ဤ သသင်္ခါရိက-သဒ္ဒါသည် ဟောအပ်သောအနက်၌။ ဝါ၊ တိုက်တွန်းအပ်သော စိတ်ဟုဆိုအပ်သောအရာ၌။ သင်္ခါရောတိ ဧတံ၊ သင်္ခါရောဟူသော ဤသဒ္ဒါသည်။ အတ္တနော ဝါ၊ မိမိ၏ရင်း။ ပရဿ ဝါ၊ သူတပါး၏ရင်း။ ပဝတ္တဿ ပုဗ္ဗပ္ပယောဂဿ၊ ပုညကြိယာကို ပြုခြင်း၌တွန့်တိုခြင်းမှ ကင်းဝေး၍ တိုက်တွန်းသောအားဖြင့်ဖြစ်သော စိတ္တပယောဂ၏။ အဓိဝစနံ၊ အမည်တည်း။

---

အမှာ  ၁။ ဤပဌမစိတ်၌ ဒေယျဓမ္မ ။ပ။ ဟဋ္ဌပဟဋ္ဌောပါဌ်ဖြင့် ဤစိတ်၏ သောမနဿသဟဂုတ်အဖြစ်ကို မိန့်သည်၊ သမ္မာဒိဋ္ဌိံ ပုရက္ခတွာပါဌ်ဖြင့် ဉာဏသမ္ပယုတ်အဖြစ်ကို မိန့်သည်၊ အနုဿာဟိတောပါဌ်ဖြင့် အသင်္ခါရ အဖြစ်ကို မိန့်သည်။

၂။ သောမနဿ သဟဂတံ အစရှိသည်ဖြင့် ပဌမစိတ်နှင့် တူသည့်အဖြစ်ကြောင့် တဒေဝဟု မိန့်သည်၊ ဤဒုတိယစိတ်၌ကား ဥဿာဟိတောပါဌ်ဖြင့် သသင်္ခါရိကအဖြစ်ကို ပြ၏။ အကြွင်းနည်းတူ။

**တတိယစိတ်ဖြစ်ပုံ။** ။ယဒါ ပန၊ အကြင်အခါ၌ကား။ ဉာတိဇနဿ၊ ဆွေမျိုးဖြစ်သောသူ၏။ ပဋိပတ္တိဒဿနေန၊ ရဟန်းကိုမြင်၍ ပေးလှူခြင်း, ရှိခိုးခြင်းစသော အကျင့်ကိုမြင်သဖြင့်။ ဇာတပရိ-စယာ၊ ဖြစ်သော လေ့ကျင့်ခြင်းရှိကုန်သော။ ဗာလကာ၊ သူငယ်တို့သည်။

အမှာ။ ။ဗလန္တိ အနန္တိတိ ဗာလာ၊ အဿာသိတ ပဿာသိတ မတ္တေနေဝ ဇီဝန္တိ န ပညာဇီဝိတေနာတိ အဓိပ္ပါယော။ ဗာလာယေဝ ဗာလကာ။ ထင်ရှားသောအားဖြင့်သာ ဗာလကသဒ္ဒါကိုပြုသည်၊ အဆောတလျင်ပြုခြင်း အစရှိသော ကာလ၌ ကြီးသောသူတို့အားလည်း ဉာဏဝိပ္ပယုတ်ဖြစ်၏။

ဘိက္ခူ၊ ရဟန်းကို။ ဒိသွာ၊ မြင်၍။ သောမနဿ ဇာတာ၊ ဖြစ်သော ဝမ်းမြောက်ခြင်း ရှိကုန်သည်ဖြစ်၍။ သဟသာ၊ လျင်စွာ လျင်စွာ။ ယံ ကိဉ္စိ၊ အမှတ်မရှိ တစုံတခုသော။ ဟတ္ထဂတံ၊ လက်၌ရှိသော ဝတ္ထုကို။ ဒဒန္တိ ဝါ၊ လှူမူလည်း လှူကုန်၏။ ဝန္ဒန္တိ ဝါ၊ ရှိမူလည်း ခိုးကုန်၏။ တဒါ၊ ထိုအခါ၌။ တေသံ ဗာလကာနံ၊ ထိုသူငယ်တို့အား။ တတိယ စိတ္တံ၊ တတိယ စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏[၁]။

**စတုတ္ထစိတ် ဖြစ်ပုံ။** ။ယဒါ ပန၊ အကြင်အခါ၌ကား။ တေ ဉာတကာ၊ ထို ဆွေမျိုးတို့သည်။ အယျာနံ၊ အရှင်တို့အား။ (ထည့်) ဒေထ၊ လှူကုန်လော။ အယျာနံ၊ အရှင်တို့အား။ ဝန္ဒထ၊ ရှိခိုးကုန်လော။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကုန်၏။ ဧဝံ၊ ဤသို့။ ဉာတိဇနေန၊ ဆွေမျိုးဖြစ်သောသူသည်။ ဥဿာဟိတာ၊ တိုက်တွန်းအပ်ကုန်သည်။ ဟုတွာ၊

အမှာ ၁။ ဤ တတိယစိတ်၌ ပဋိပတ္တိဒဿနေန-ပါဌ်ဖြင့် သူတပါး၏ ပယောဂ မရှိခြင်းကို မိန့်သည်။ ဇာတပရိစယာပါဌ်ဖြင့် မိမိ၏ ပယောဂမရှိခြင်းကို ပြဆိုသည်။ နှစ်ပါးစုံဖြင့်လည်း ဤစိတ်၏ အသင်္ခါရိက၏ အဖြစ်ကို ပြသည်။ ဗာလကာ သဟသာပါဌ်ဖြင့် ဉာဏဝိပ္ပယုတ် အဖြစ်ကို မိန့်သည်။ ဘိက္ခူ သောမနဿဇာတာ ပါဌ်ဖြင့် သောမနဿ သဟဂတ အဖြစ်ကို မိန့်သည်။

(ဝါ) ပဋိပတ္တိ ဒဿနေန ဇာတပရိစယာပါဌ်ဖြင့် အသင်္ခါရိက အဖြစ်ကို၊ ဗာလကာ ဘိက္ခူံ။ပ။ ဇာတာပါဌ်ဖြင့် ဉာဏဝိပ္ပယုတ် သောမနဿသဟဂုတ်အဖြစ်ကို ပြအပ်သည်၏ အဖြစ်ကြောင့် သဟသာသဒ္ဒါဖြင့် ဉာဏဝိပ္ပယုတ် အသင်္ခါရိက အဖြစ်ကို ပြသည်။

ပဋိလောမ, အနုလောမအားဖြင့်ကား သောမနဿဇာတာ-သဒ္ဒါဖြင့် သောမနဿ သဟဂတ အဖြစ်ကို၊ သဟသာ-သဒ္ဒါဖြင့် ဉာဏဝိပ္ပယုတ် အသင်္ခါရိက အဖြစ်ကို ပြသည်။ ပဋိပတ္တိ။ပ။ ဒိသွာတိုင်အောင်သော သဒ္ဒါဖြင့်ကား သောမနဿသဟဂတ အစရှိသည်၏ အဖြစ်၏အကြောင်းကို မိန့်သည်။ (ဋီကာသစ်၊ ပါနှာ-၂၀၄-၅)

ဖြစ်၍။ဝါ- ဥဿာဟိတာ၊ တိုက်တွန်းအပ်ကုန်သော။ တေ ဗာလကာ၊ ထို သူငယ်တို့သည်။ [နောက်က တေ-ကို ဤမှာထည့်] ဟတ္ထဂတံ၊ လက်၌ ရှိသော ဝတ္ထုကို။ ဒဒန္တိ ဝါ၊ လှူမူလည်း လှူကုန်၏။ ဝန္ဒန္တိ ဝါ၊ ရှိမူလည်း ခိုးကုန်၏။ တဒါ၊ ထိုအခါ၌။ တေသံ ဗာလကာနံ၊ ထိုသူငယ်တို့အား။ စတုတ္ထစိတ္တံ၊ စတုတ္ထစိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

**ပဥ္စမစိတ်စသည် ၄-ပါး ဖြစ်ပုံ။**

။ယဒါ ပန၊ ၌ကား။ ဒေယျဓမ္မ ပဋိဂ္ဂါ-ဟကာဒီနံ၊ လှူအပ်သော ဝတ္ထု,အလှူခံပုဂ္ဂိုလ် အစရှိသည်တို့၏။ အသမ္ပတ္တိံ ဝါ၊ မပြည့်စုံသည်၏ အဖြစ်ကိုရင်း။ အညေသံ၊ တပါးကုန်သော။ သောမနဿ ဟေတူနံ၊ သောမနဿ အကြောင်းတို့၏။ အဘာဝံ ဝါ၊ မရှိခြင်းကိုရင်း။ အာဂမ္မ၊ စွဲ၍။ စတူသု၊ လေးပါးကုန်သော။ ဝိကပ္ပေသု၊ ကာလ အပြားတို့၌။ ဝါ၊ ကာလ အဘို့ တို့၌။ သောမနဿရဟိတာ၊ သောမနဿ ကင်းကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တဒါ၊ ထိုအခါ၌။ သေသာနိ၊ ကြွင်းကုန်သော။ စတ္တာရိ၊ လေးပါးကုန်သော။ ဥပေက္ခာသဟဂတာနိ၊ ဥပေက္ခာသဟဂုတ်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

**ဝေဒနာ, ဉာဏ်, သင်္ခါရအားဖြင့် ပြားပုံ**

ဧဝံ၊ ဤသို့။ သောမနဿဥပေက္ခာဉာဏပ္ပဘေ-ဒတော၊ သောမနဿ ဥပေက္ခာ အပြား, ဉာဏ်အပြား, သင်္ခါရအပြားအားဖြင့်။ အဋ္ဌ-ဝိဓံ၊ ရှစ်ပါးအပြားရှိသော။ ကာမာဝစရကုသလစိတ္တံ၊ ကာမာဝစရ ကုသိုလ် စိတ်ကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

**ကာမကုသိုလ်စိတ် များပြားပုံ**

၂၆။ ဒသ ပုညကြိယာဒိနံ [၁]၊ ဆယ်ပါးသောပုညကြိယာအစရှိသည်တို့၏။ ဝသေန စ၊ အစွမ်းအားဖြင့်လည်း။ ဗဟူနိပိ၊ များစွာလည်း ဖြစ်ကုန်သော။

---

ကျမ်းတက် ၁။ ဤသို့ ပါဠိတော်၌ လာသောနည်းအားဖြင့် ဝေဒနာ, ဉာဏ်,သင်္ခါရ စသော အပြားအားဖြင့် ရှစ်ပါးအပြားရှိသော ကာမာဝစရ ကုသိုလ်စိတ်ကို ပြပြီး၍ ယခု အခါ အဋ္ဌကထာ၌လာသော ပုညကြိယာဝတ္ထု အစရှိသည်တို့၏ အစွမ်းအားဖြင့်လည်း အပြားကို ပြခြင်းငှါ ဒသပုညကြိယာဒိနံ အစရှိသည်ကို မိန့်။

ဒသပုညကြိယာဒိနံ-၌ အာဒိ-သဒ္ဒါဖြင့် အာရုံ ၆-ပါး, အဓိပတိ ၄-ပါး, ကံသုံးပါး, ဟီန-အစရှိသော အပြားကို သင်္ဂြိုဟ်အပ်၏။ ဝါ၊ သင်္ဂြိုဟ်သည်။

တောနိ စိတ္တာနိ၊ ဤကာမာဝစရစိတ်တို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ပကာသယေ၊ ပြရာ၏။

၂၇။ ကာမာဝစရပုညာနိ၊ ကာမာဝစရကုသိုလ်စိတ်တို့သည်။ သတ္တရ-သ သဟဿာနိ စ၊ တသောင်း ခုနစ်ထောင်တို့သည်၎င်း။ ဒွေ သတာနိ စ၊ နှစ်ရာတို့သည်၎င်း။ အသီတိ စ၊ (ထည့်) ရှစ်ဆယ်တို့သည်၎င်း။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဝိနိဒ္ဒိသေ၊ ပြရာ၏[၁]။

တံ၊ ထိုကာမာဝစရ ကုသိုလ်စိတ်သည်။ ယထာနုရူပံ၊ ထိုက်သည်အား လျော်စွာ၊ ကာမာဝစရ သုဂတိယံ၊ ကာမာဝစရဘုံသာလျှင် ဖြစ်သော သုဂတိ၌။ ဘဝဘောဂသမ္ပတ္တိံ၊ ဥပပတ္တိဘဝဟု ဆိုအပ်သော ဝိပါက်ခန္ဓာ ကဋတ္တာရုပ်, ပဝတ္တိ၌ ရအပ်သော စည်းစိမ်သာလျှင်ဖြစ်သော ပြည့်စုံခြင်း။ ဝါ၊ စည်းစိမ်တို့၏ ပြည့်စုံခြင်းကို။ ဝါ- ဘဝဘောဂသမ္ပတ္တိံ၊ ပဋိသန္ဓေ, ပဋိသန္ဓေမှကြွင်းသော ဝိပါက် ကဋတ္တာရုပ်တို့နှင့်တကွ ပဝတ္တိ၌ ရအပ်သော စည်းစိမ်သာလျှင်ဖြစ်သော ပြည့်စုံခြင်း။ ဝါ၊ စည်းစိမ်တို့၏ ပြည့်စုံခြင်းကို။ အဘိနိပ္ဖါဒေတိ၊ ဇနက, ဥပနိဿယအားဖြင့် ပြီးစေ၏[၂]။

---

ကျမ်းတက် ၁။ ယခုအခါ ထိုသို့သော အခြင်းဖြင့် ဖြစ်သော ကာမာဝစရ ကုသိုလ်စိတ်၏ ထိုထို ပုညကြိယာ အစရှိသည်တို့၏ အစွမ်းဖြင့် ရအပ်သော အရေအတွက် အပိုင်းအခြားကို ပေါင်း၍ပြခြင်းငှါ **သတ္တရသသဟဿာနိ**-အစရှိသည်ကို မိန့်။

စိတ်ရေတွက်ပုံ။ ။ဤရှစ်ခုသော စိတ်တို့သည် ဆယ်ပါးသော ပုညကြိယာဝတ္ထုတို့၏ အစွမ်းဖြင့် ဖြစ်သောကြောင့် အသီးသီး ဆယ်ခုစီ ဆယ်ခုစီ ပွား၍ ရှစ်ဆယ် ဖြစ်ကုန်၏။ ထို ရှစ်ဆယ်သော စိတ်တို့သည် ၆-ပါးသောအာရုံတို့၌ ဖြစ်ခြင်းကြောင့် ၆-ခုဖြင့် မြှောက်သော် ၄၈၀-ဖြစ်ကုန်၏။ ထို ၄၈၀-သော စိတ်တို့သည် လေးပါးသော အဓိပတိနှင့် ယှဉ်သောအားဖြင့် လေးခုဖြင့် မြှောက်သော် ၁၉၂၀-ဖြစ်၏။ ထို ၁၉၂၀-သော စိတ်တို့သည် ကာယ, ဝစီ, မနော-ဟု ဆိုအပ်ကုန်သော ကံ-သုံးပါးတို့၏ အစွမ်းဖြင့်မြှောက်သော် ၅၇၆၀-ဖြစ်ကုန်၏။ ထို၅၇၆၀-သော စိတ်ဘို့သည် ဟီန, မဇ္ဈိမ, ပဏီတ-အားဖြင့် ၃-ခုဖြင့် မြှောက်သော် ၁၇၂၈၀-ဖြစ်ကုန်၏။

ဉာဏဝိပ္ပယုတ်စိတ်တို့အား ဝီမံသာဓိပတိနှင့် ယှဉ်ခြင်းမရှိသောကြောင့် အဓိပတိ အားဖြင့် ၁၆၈၀-သော စိတ်တို့သည် ကံ-အစရှိသည်တို့၏ အစွမ်းဖြင့် ပေါင်းသော် ၁၅၁၂၀-ဖြစ်သော်လည်း သောတပတိတ-၏ အစွမ်းဖြင့် ထိုအရေအတွက်ကို မယူမူ၍ အဓိပတိ အရေအတွက်ကို ယူသောကြောင့် အဓိပတိအစွမ်းအားဖြင့် အရေအတွက် ယုတ်ခြင်းကို မပြုသည်ဟု မှတ်အပ်၏။ (ဂုင်းဋီကာသစ်၊ ပါနှာ-၂၀၆)

ကျမ်းတက် ၂။ သဝိပါကံ ကုသလံ-ဟု ဆိုအပ်သည် မဟုတ်ပါလော၊ ထိုကာမာဝစရ

## ရူပကုသိုလ်စိတ်များ

ရူပကုသိုလ်စိတ် ၅-ပါး ပြားပုံ။　　။ဣတဲရေသု၊ ဤကာမာဝစရစိတ်မှတပါး ကုန်သော ရူပါဝစရ အစရှိသည်တို့တွင်။

ရူပါဝစရကုသလစိတ္တံ၊ ရူပါဝစရ ကုသိုလ်စိတ်သည်—

သဝိတ္တက္ကတော၊ ဟာဒယဝတ္ထုနှင့်တကွ ဖြစ်သောအားဖြင့်။ ဧကဝိဓံ၊ တပါးသော အဘို့ရှိ၏။

ဒွိသု၊ နှစ်ပါးကုန်သော။ ဘဝေသု၊ ကာမဘဝ, ရူပဘဝတို့၌။ ဥပ္ပဇ္ဇနတော၊ ဖြစ်သောကြောင့်။ ဒုဝိဓံ၊ နှစ်ပါးသော အဘို့ ရှိ၏။

ဟီန မဇ္ဈိမ ပဏီတ ဘေဒတော၊ အယုတ်, အလတ်, အမြတ် အပြား အားဖြင့်။ တိဝိဓံ၊ သုံးပါးသော အဘို့ရှိ၏ [၁]။

---

ကုသိုလ်သည် အဘယ်သို့ အဘယ်အရပ်၌ အဘယ်အကျိုးကို ပြီးစေသည် ဟူသော စောဒနာကို ရည်၍ တံ ပန-အစရှိသည်ကို မိန့်။

ဘဝဘောဂသမ္ပတ္တိ-ကို အကြွင်းမရှိသောအားဖြင့် ရရာအရပ်ကို ရည်၍ ကာမာဝစရ-သုဂတိယံ-ကို မိန့်။

အမှာ။　　။သဟိတ်ဝိပါက်ကြဉ်သော ပဝတ္တိဝိပါက် ကဋတ္တာရုပ် သဘောရှိသော ဘဝ သမ္ပတ္တိကိုငင်း, အချို့သော ဘောဂသမ္ပတ္တိကိုငင်း၊ ဝါ-ဘောဂသမ္ပဒါကိုသာလျှင် အဝိသေသ အားဖြင့် သုဂတိဘုံ၌ ပြီးစေသာလျှင်တည်း။

ကျမ်းတက်　　၁။ ယခုအခါ ကာမာဝစရ ကုသိုလ်၏အခြားမဲ့၌ ပြအပ်သော ရူပါဝစရ ကုသိုလ်စိတ်၏ နိဒ္ဒေသ-အရာသည် ရောက်သောကြောင့် ထို ရူပါဝစရကို ပြခြင်းငှါ ဣတရေသု-အစရှိသည်ကို မိန့်။

ဟီနစသည်မည်ပုံ။　　။ယုတ်သော ဆန္ဒအစရှိသည်တို့သည် ဖြစ်စေအပ်သော စိတ်သည် ဟီန၊ အလတ်ဖြစ်သော ဆန္ဒအစရှိသည်တို့သည် ဖြစ်စေအပ်သောစိတ်သည် မဇ္ဈိမ၊ မြတ်သော ဆန္ဒအစရှိသည်တို့သည် ဖြစ်စေအပ်သော စိတ်သည် ပဏီတ။

ဝါ၊ ရကာမျှသာ အာသေဝနမရှိသောစိတ်သည် ဟီန၊ အားနည်းသည်၏ အဖြစ်ကြောင့် မပွါးစေလွန်း ပြည့်စုံသော ဝသီဘော်မရှိသော စိတ်သည် မဇ္ဈိမ၊ အလွန်ပွါးစေအပ်သော ခပ်သိမ်းသော အပြားအားဖြင့် ပြည့်စုံသော ဝသီဘော်ရှိသော စိတ်သည် ပဏီတ။

ဝါ၊ ပြန့်ပြောသော ကောင်းမှုအကျိုးကို အလိုရှိသည်၏ အဖြစ်၏ အစွမ်းအားဖြင့် ဖြစ်စေအပ်သောစိတ်သည် ဟီန၊ လောကီအဘိညာဉ်အကျိုးငှါ ဖြစ်စေအပ်သော စိတ်သည် မဇ္ဈိမ၊ ဝိဝေကကို အလိုရှိသည်၏ အဖြစ်ကြောင့် မြတ်သည်၏အဖြစ်၌ တည်သဖြင့် ဖြစ်စေ အပ်သော စိတ်သည် ပဏီတ။

ပဋိပဒါဒိတော ၊ ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ အစရှိကုန်သော ပဋိပဒါ အဘိညာဉ်တို့၏ အပြားအားဖြင့်။ စတုဗ္ဗိဓံ၊ လေးပါးသော အဘို့ရှိ၏။

**ဈာန်အင်္ဂါအားဖြင့် ရူပစိတ် ၅-ပါး ပြားပုံ** ဈာနင်္ဂယောဂဘေဒတော၊ အချို့၌ ဈာန်အင်္ဂါ ငါးပါး, အချို့၌ ဈာန်အင်္ဂါလေးပါး, အချို့၌ ဈာန်အင်္ဂါသုံးပါး, အချို့၌ ဈာန်အင်္ဂါနှစ်ပါး, အချို့၌ ဈာန်အင်္ဂါနှစ်ပါးဟူ၍ ဈာနင်တို့၏ သမ္ပယောဂ အပြားအားဖြင့်။ ပဉ္စဝိဓံ၊ ငါးပါးအပြားရှိ၏။

**ရူပကုသိုလ် ပထမဈာန်စိတ်။** ။သေယျထိဒံ = တံ ကတမံ၊ ထိုငါးပါး အပြားရှိသော ရူပါဝစရကုသိုလ်ဟူသည် အဘယ်နည်း ဟူမူကား။ ကာမစ္ဆန္ဒ ဗျာပါဒ ထိနမိဒ္ဓ ဥဒ္ဓစ္စ ကုက္ကုစ္စ ဝိစိကိစ္ဆာဝိပ္ပဟီနံ၊ ပယ်အပ်သော ကာမစ္ဆန္ဒ, ဗျာပါဒ, ထိန မိဒ္ဓ, ဥဒ္ဓစ္စ ကုက္ကုစ္စ, ဝိစိကိစ္ဆာရှိသော။ ဝါ၊ ကာမစ္ဆန္ဒ, ဗျာပါဒ, ထိနမိဒ္ဓ, ဥဒ္ဓစ္စကုက္ကုစ္စ, ဝိစိကိစ္ဆာ တို့နှင့် မယှဉ်သော။ ဝိတက္က ဝိစာရ ပီတိ သုခ စိတ္တေကဂ္ဂတာသမ္ပယုတ္တံ[၂]၊ ဝိတက်, ဝိစာရ, ပီတိ, သုခ, စိတ္တေကဂ္ဂတာတို့နှင့်ယှဉ်သော။ ပဌမဥ္စ၊ ဒေသနာ အစဉ်အားဖြင့်ငှင်း, ရှေးဦးစွာ ရအပ်သောကြောင့်ငှင်း ပဌမမည်သောစိတ်ငှင်း။ ဝါ၊ ရှေးဦးစွာ ဝင်စားအပ်သော စိတ်ငှင်း။

**ရူပကုသိုလ် ဒုတိယဈာန်စိတ်။** ။ဝိတက္က ဝိပ္ပဟီနံ၊ ပယ်အပ်သော ဝိတက်ရှိသော။ ဝါ၊ ဝိတက်မှ ကင်းသော။ ဝိစာရ ပီတိ သုခ စိတ္တေကဂ္ဂတာသမ္ပယုတ္တံ၊ ဝိစာရ, ပီတိ, သုခ, စိတ္တေကဂ္ဂ-

---

ဝါ၊ မိမိ အစီးအပွါးအကျိုးငှါ ဖြစ်စေအပ်သော စိတ်သည် ဟီန၊ အလောဘကို အလိုရှိသဖြင့် ဖြစ်စေအပ်သော စိတ်သည် မဇ္ဈိမ၊ သူတပါး အစီးအပွါးအကျိုးငှါ ဖြစ်စေအပ်သော စိတ်သည် ပဏီတ။

ဝါ၊ ဝဋ်ကို အလိုရှိသဖြင့် ဖြစ်စေအပ်သော စိတ်သည် ဟီန၊ ဝိဝေကကို အလိုရှိသဖြင့် ဖြစ်စေအပ်သော စိတ်သည် မဇ္ဈိမ၊ လောကုတ္တရာ၏ ပါဒကအကျိုးငှါ ဖြစ်စေအပ်သော စိတ်သည် ပဏီတ။ (ငှင်း ဋီကာသစ်၊ ပ၊ နှာ-၂၀၀)

အမှာ ၁။ ပဋိပဒါသဒ္ဒါဖြင့်သာလျှင် တဒဝိနာဘာဝဖြစ်သောကြောင့် အဘိညာဉ်ကို ရအပ်၏၊ အာဒိသဒ္ဒါဖြင့် အဓိပတိဘေဒ, အာရမ္မဏဘေဒ, ဟာနဘာဂိယာဒိဘေဒ တို့ကို ယူ။ (ငှင်း ဋီကာသစ်၊ ပ၊ နှာ-၂၀၉)

ကျမ်းတက် ၂။ ပဟာနင်္ဂ၏ အစွမ်းဖြင့် ပြပြီး၍ ယခုအခါ သမ္ပယောဂအင်္ဂါကို ပြခြင်းငှါ ဝိတက္က။ပ။ သမ္ပယုတ္တံ ဟု မိန့်။

တာတို့နှင့်ယှဉ်သော။ ဒုတိယဇ္ဈ၊ ဒေသနာအစဉ်အားဖြင့်ရင်း, နှစ်ကြိမ်မြောက် ရအပ်သောကြောင့်ရင်း ဒုတိယမည်သောစိတ်ရင်း။ ဝါ၊ နှစ်ကြိမ်မြောက် ဝင်စားအပ်သော စိတ်ရင်း။

**ရူပကုသိုလ် တတိယဈာန်စိတ်။** ။ဝိတက္က ဝိစာရ ဝိပ္ပဟီနံ၊ ပယ်အပ်သော ဝိတက် ဝိစာရရှိသော။ ဝါ၊ ဝိတက်, ဝိစာရတို့မှ ကင်းသော။ ပီတိ သုခ စိတ္တေကဂ္ဂတာသမ္ပယုတ္တံ၊ ပီတိ, သုခ, စိတ္တေကဂ္ဂတာတို့နှင့်ယှဉ်သော။ တတိယဇ္ဈ၊ ဒေသနာအစဉ်အားဖြင့်ရင်း, သုံးကြိမ်မြောက် ရအပ်သောကြောင့်ရင်း တတိယမည်သော စိတ်ရင်း။ ဝါ၊ သုံးကြိမ်မြောက် ဝင်စားအပ်သော စိတ်ရင်း။

**ရူပကုသိုလ် စတုတ္ထဈာန်စိတ်။** ။ဝိတက္က ဝိစာရ ပီတိ ဝိပ္ပဟီနံ၊ ပယ်အပ်သော ဝိတက်, ဝိစာရ, ပီတိရှိသော။ ဝါ၊ ဝိတက်, ဝိစာရ, ပီတိတို့မှကင်းသော။ သုခ, စိတ္တေကဂ္ဂတာသမ္ပယုတ္တံ၊ သုခ, စိတ္တေကဂ္ဂတာတို့နှင့်ယှဉ်သော။ စတုတ္ထဇ္ဈ၊ ဒေသနာအစဉ်အားဖြင့်ရင်း, လေးကြိမ်မြောက် ရအပ်သောကြောင့်ရင်း, စတုတ္ထမည်သော စိတ်ရင်း။ ဝါ၊ လေးကြိမ်မြောက် ဝင်စားအပ်သော စိတ်ရင်း။

**ရူပကုသိုလ် ပဉ္စမဈာန်စိတ်။** ။ဝိတက္က ဝိစာရ ပီတိ သုခ ဝိပ္ပဟီနံ၊ ပယ်အပ်သော ဝိတက်, ဝိစာရ, ပီတိ, သုခရှိသော။ ဝါ၊ ဝိတက်,ဝိစာရ,ပီတိ,သုခတို့မှကင်းသော။ ဥပေက္ခာစိတ္တေကဂ္ဂတာသမ္ပယုတ္တံ၊ ဥပေက္ခာ, စိတ္တေကဂ္ဂတာတို့နှင့်ယှဉ်သော။ ပဉ္စမဇ္ဈ၊ ဒေသနာအစဉ်အားဖြင့်ရင်း, ငါးကြိမ်မြောက် ရအပ်သောကြောင့်ရင်း ပဉ္စမမည်သော စိတ်ရင်း။ ဝါ၊ ငါးကြိမ်မြောက် ဝင်စားအပ်သော စိတ်ရင်း။ ဣတိ=ဣမိနာ ပဘေဒေန၊ ဤသို့သော အပြားအားဖြင့်။ ဣဒံ ပဉ္စဝိဓံ၊ ဤ ငါးပါးအပြားရှိသောစိတ်သည်။ ရူပါဝစရကုသလစိတ္တံ နာမ၊ ရူပါဝစရ ကုသိုလ်စိတ်မည်၏။

**ရူပကုသိုလ်စိတ်များပြားပုံ။** ။တံ ပန၊ ထိုရူပါဝစရ ကုသိုလ်စိတ်သည်ကား။ ယထာသမ္ဘဝံ၊ ဖြစ်ထိုက်သည်အားလျော်စွာ။ ပထဝီကသိဏာဒီသု၊ ပထဝီကသိုဏ်း အစရှိကုန်သော။ အာရမ္မဏေသု၊ အာရုံတို့၌။ ပဝတ္တိဝသေန၊ ဖြစ်ခြင်း၏အစွမ်းအားဖြင့်။ အနေကဝိဓံ၊ များသော အဘို့ရှိသည်။ ဟောတိ၊ ဖြစ်၏။

**ရူပကုသိုလ်စိတ်အကျိုးပေးပုံ။** ။ဘာဝနာ ပုညဝသပ္ပဝတ္တံ၊ ဘာဝနာ ကုသိုလ်၏ အစွမ်းအားဖြင့်ဖြစ်သော။ သဗ္ဗံ၊ အလုံးစုံသော။ တေံ ရူပါဝစရံ၊ ဤ ရူပါဝစရ(ကုသိုလ်)စိတ်သည်။ ယထာနုရူပံ၊ဟိန အစရှိသည်အား လျော်စွာ။ ရူပါဝစရူပပတ္တိ နိပ္ဖါဒကံ၊ ရူပါဝစရဘုံ၌ပဋိသန္ဓေကို ပြီးစေတတ်သည်။ ဟောတိ၊ ဖြစ်၏။

ဧဝံ၊ ဤ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ တာဝ၊ ရှေးဦးစွာ။ ရူပါဝစရကုသလံ၊ ရူပါဝစရကုသိုလ်ကို။ ဝေဒိတဗ္ဗံ၊ သိအပ်သည်။ ဟောတိ၊ ဖြစ်၏။

## အရူပကုသိုလ်စိတ်များ

**အရူပကုသိုလ်စိတ်ပြားပုံ။** ။သေသေသု[၁]၊ ကာမာဝစရ,ရူပါဝစရကုသိုလ်တို့မှ ကြွင်းကုန်သော။ ဒွီသု၊ နှစ်ပါးကုန်သော အရူပါဝစရ,လောကုတ္တရာတို့တွင်။ တာဝ၊ ရှေးဦးစွာ။ အရူပါဝစရကုသလစိတ္တံ၊ အရူပါဝစရကုသိုလ်စိတ်ကို။ မယာ၊ ငါသည်။ ဝုစ္စတေ၊ ဆိုဦးအံ့။

အရူပါဝစရ ကုသလစိတ္တံ၊ အရူပါဝစရကုသိုလ်စိတ်သည်။ (လိုက်သည်) ဥပေက္ခာဝေဒနာ ယောဂဘေဒတော၊ ဥပေက္ခာဝေဒနာနှင့်ယှဉ်သော အပြားအားဖြင့်။ ဧကဝိဓံ၊ တပါးသော အဘို့ရှိ၏။

သဝတ္ထုကာဝတ္ထုကဘေဒတော၊ ဟဒယဝတ္ထုနှင့် တကွဖြစ်သောစိတ်, ဟဒယဝတ္ထုနှင့်တကွ မဖြစ်သောစိတ်တို့၏ အပြားအားဖြင့်။ ဒုဝိဓံ၊ နှစ်ပါးသော အဘို့ရှိ၏။

ဟီန မဇ္ဈိမ ပဏီတ ဘေဒတော၊ အယုတ်, အလတ်, အမြတ်တို့၏ အပြားအားဖြင့်။တိဝိဓံ၊ သုံးပါးသော အဘို့ရှိ၏။

အာရမ္မဏဘေဒတော၊ အာရုံအပြားအားဖြင့်။ စတုဗ္ဗိဓံ၊ လေးပါးသော အဘို့ရှိ၏။

**အရူပကုသိုလ်စိတ်၏အာရုံ ၄-ပါး။** ။ကသိဏုဂ္ဃါဋိမာကာသဉ္စ၊ ကသိုဏ်းကိုခွါ၍ ရအပ်သော ကောင်းကင် ၎င်း။ တတ္ထ၊ ထိုကသိုဏ်းကိုခွါ၍ ရအပ်သော ကောင်းကင်၌။ ပဝတ္တံ၊ ဖြစ်သော။ ဝိညာဏဉ္စ၊ အာကာသာနဉ္စာယတနဝိညာဉ်၎င်း။ တဿ

ကျမ်းတက် ၁။ ယခုအခါ အရူပါဝစရကုသိုလ်၏ နိဒ္ဒေသအရာသည် ရောက်သော ကြောင့် ထို အရူပါဝစရကုသိုလ်ကို အကျယ်ပြခြင်းငှါ သေသေသု ပန အစရှိသည်ကို မိန့်။

ထိုအာကာသာနဉ္စာယတနဝိညာဉ်၏။ အပဂမော စ၊ မရှိခြင်းတည်းဟူသော နတ္ထိဘာဝပညတ်ရင်း။ အာကိဉ္စညာယတနဉ္စ၊ အာကိဉ္စညာယတနဝိညာဉ်ရင်း။

ဣတိ၊ ဤသို့။ ဣဒံ စတုဗ္ဗိဓံ၊ ဤလေးပါး အပြားရှိသော အာရုံသည်။ အသ၊ ဤအရူပါဝစရကုသိုလ်၏။ ယထာပဋိပါဋိယာ၊ အစဉ်အားလျော်စွာ။ အာရမ္မဏံ၊ အာရုံသည်။ ဟောတိ၊ ဖြစ်၏။

**အာရုံအားဖြင့် အရူပကုသိုလ်စိတ် ပြားပုံ**

တေသ အာရမ္မဏာသ၊ ဤအာရုံ၏။ ဘေဒတော၊ အပြားအားဖြင့်။ (အရူပါဝစရကုသလစိတ္တံ၊ အရူပါဝစရ ကုသိုလ်စိတ်သည်။) စတုဗ္ဗိဓံ၊ လေးပါးသော အဘို့ရှိသည်။ ဟောတိ၊ ဖြစ်၏။

**အာကာသာနဉ္စာယတနစိတ်။**

။သေယျထိဒံ=တံ ကတမံ၊ ထိုလေးပါး အပြားရှိသော အရူပါဝစရကုသိုလ်သည် အဘယ်နည်းဟူမူကား—

သဗ္ဗသော=သဗ္ဗေန အာကာရေန၊ ပထဝီကသိုဏ်းအစရှိသော ရူပနိမိတ်, ထိုရူပနိမိတ်လျှင် အာရုံရှိသောစျာန်တို့၌ အပြစ်ကို မြင်ခြင်းတည်းဟူသော ခပ်သိမ်းသော အခြင်းအရာဖြင့်။ ဝါ၊ ရုပ်တည်းဟူသော အာရုံ၌တပ်ခြင်းကို ပယ်ခြင်း ဝင်စားခြင်းငှါ အလိုမရှိသည်၏အဖြစ် အစရှိသော ခပ်သိမ်းသော အခြင်းအရာဖြင့်။ သဗ္ဗသော=သဗ္ဗေသံ၊ ကုသိုလ်အစရှိသော အပြားအားဖြင့် အကြွင်းမရှိကုန်သော။ ရူပသညာနံ၊ သညာကို ပဓာနပြုသဖြင့် ဟောအပ်သော ရူပစျာန်, ထိုရူပစျာန်၏ အာရုံဖြစ်ကုန်သော ကသိုဏ်းရုပ်တို့ကို။ သမတိက္ကမာ၊ စက်ဆုပ်ခြင်း, ရုပ်နှင့်စပ်သော ဆန္ဒရာဂကို ပယ်ခြင်းကြောင့်။

ပဋိဃသညာနံ[၁]၊ စက္ခုအစရှိသောဝတ္ထု, ရူပါရုံအစရှိသောအာရုံတို့၏ အချင်းချင်း ထိပါးခြင်းကြောင့်ဖြစ်ကုန်သော သညာတို့၏။ အတ္ထင်္ဂမာ၊ ချုပ်ခြင်းကြောင့်။

---

ကျမ်းတက်  ၁။ သက်သက် ရူပသညာတို့ကိုသာ လွန်ခြင်းကြောင့် ဤအရူပစျာန် ဖြစ်သည်မဟုတ်၊ စင်စစ်ကား ပဋိဃသညာ အစရှိသည်တို့၏ ချုပ်ခြင်းကြောင့်လည်း ဖြစ်၏ဟု ပြခြင်းငှါ ပဋိဃသညာနံ အစရှိသည်ကို မိန့်။

နာနတ္တသညာနံ၊ အထူးထူးသော အာရုံ၌ ဖြစ်ကုန်သော ကာမာဝစရသညာတို့ကို။ ဝါ၊ အထူးထူးသော သဘောရှိကုန်သော လေးဆဲ့လေးပါးကုန်သော ကာမာဝစရသညာတို့ကို။ အမနသိကာရာ၊ နှလုံးမသွင်းခြင်းကြောင့်။ နိဗ္ဗတ္တံ၊ ဖြစ်သော။ (ထည့်) အာကာသာနဉ္စာယတနသညာသဟဂတဥ္စ၊ ဥပါဒ်, ဘင် တည်းဟူသော အပိုင်းအခြား ကင်းသော ကောင်းကင်တည်းဟူသောအာရုံ၌ အပ္ပနာသို့ရောက်သော သညာနှင့်တကွဖြစ်သောစိတ်ရင်း။ ဝါ၊ ဥပါဒ်,ဘင်တည်းဟူသော အပိုင်းအခြားကင်းသော ကောင်းကင်လျှင် အာရုံရှိသော သညာနှင့်တကွဖြစ်သောဈာန်ရင်း။

**ဝိညာဏဉ္စာယတနစိတ်။** ။ဝိညာဏဉ္စာယတနသညာသဟဂတဥ္စ၊ ဥပါဒ်, ဘင်တည်းဟူသော အပိုင်းအခြား ကင်းသော ပဌမာရုပ္ပဝိညာဉ်တည်းဟူသောအာရုံ၌။ ဝါ၊ ဒုတိယာရုပ္ပဝိညာဉ်သည် အာရုံပြုသောအားဖြင့်ရောက်အပ်သော ပဌမာရုပ္ပ တည်းဟူသောအာရုံ၌ အပ္ပနာသို့ရောက်သော သညာနှင့်တကွဖြစ်သောစိတ်ရင်း။ ဝါ၊ ဥပါဒ်, ဘင်တည်းဟူသော အပိုင်းအခြားကင်းသော ပဌမာရုပ္ပဝိညာဉ်လျှင်အာရုံရှိသော။ ဝါ၊ ဒုတိယာရုပ္ပဝိညာဉ်သည် အာရုံပြုသောအားဖြင့် ရောက်အပ်သော ပဌမာရုပ္ပဝိညာဉ်လျှင် အာရုံရှိသော သညာနှင့်တကွဖြစ်သောဈာန်ရင်း။

**အာကိဉ္စညာယတနစိတ်။** ။အာကိဉ္စညာယတနသညာ သဟဂတဥ္စ၊ ဘင်မျှအကြွင်းမရှိသော ပဌမာရုပ္ပဝိညာဉ်၏ အဖြစ်တည်းဟူသော နတ္ထိဘော ပညတ်အာရုံ၌ဖြစ်သော သညာနှင့်တကွဖြစ်သောစိတ်ရင်း။ ဝါ၊ ဘင်မျှအကြွင်းမရှိသော ပဌမာရုပ္ပဝိညာဉ်၏အဖြစ် တည်းဟူသော နတ္ထိဘောပညတ်အာရုံရှိသော သညာနှင့်တကွဖြစ်သောဈာန်ရင်း။

**နေဝသညာနာသညာယတနစိတ်။** ။နေဝသညာနာသညာယတနသညာသဟဂတဥ္စ၊ ရုံ့ရင်းသော သညာမရှိ သိမ်မွေ့သော သညာမရှိသည် မဟုတ်သော မနာယတန, ဓမ္မာယတန၌ အကျုံးဝင်သော ဈာန်နှင့်ယှဉ်သော သညာနှင့်တကွ ဖြစ်သောစိတ်ရင်း။ ဝါ၊ ထင်သော သညာမရှိ သိမ်မွေ့သော သညာမရှိသည် မဟုတ်သော ကြွင်းသောတရားတို့၏တည်ရာဖြစ်သော။ ဝါ၊ ဓမ္မာယတန၌အကျုံးဝင်သော သညာနှင့်တကွဖြစ်သော စိတ်ရင်း။ ဣတိ=ဣမိနာ ပဘေဒေန၊ ဤသို့သော

အပြားအားဖြင့်။ ဣဒံ စတုဗ္ဗိဓံ၊ ဤလေးပါးအပြားရှိသော စိတ်သည်။ အရူပါဝစရကုသလစိတ္တံ နာမ၊ အရူပါဝစရကုသိုလ်စိတ်မည်၏။

**အရူပကုသိုလ်၏အကျိုး။** ။ဘာဝနာပုညဝသပ္ပဝတ္တံ၊ ဘာဝနာကုသိုလ်၏ အစွမ်းအားဖြင့်ဖြစ်သော။ သဗ္ဗံ၊ အလုံးစုံသော။ တံ အရူပါဝစရံ၊ ဤအရူပါဝစရစိတ်သည်။ ယထာနုရူပံ၊ မိမိအားလျော်စွာ။ အရူပူပပတ္တိနိပ္ဖါဒကံ၊ အရူပ ပဋိသန္ဓေကို ပြီးစေတတ်သည်။ ဟောတိ၊ ဖြစ်၏။

ဝေ၊ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ အရူပါဝစရကုသလစိတ္တံ၊ အရူပါ-ဝစရကုသိုလ်စိတ်ကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

## လောကုတ္တရာကုသိုလ်စိတ်များ

**လောကုတ္တရာကုသိုလ်စိတ်ပြားပုံ။** ။ဣတရံ[၁]၊ ဤအရူပကုသိုလ်မှ တပါးသော။ လောကုတ္တရကုသလစိတ္တံ ပန၊ လောကုတ္တရာကုသိုလ်စိတ်သည်ကား။ ဝါ၊ လောကသုံးပါးမှ လွန်တတ်သော ကုသိုလ်စိတ်သည်ကား။ နိဗ္ဗာနာရမ္မဏတော၊ နိဗ္ဗာန်အာရုံရှိသည်၏ အဖြစ်အားဖြင့်။ ဧကဝိဓံ၊ တပါးသော အဘို့ရှိ၏။

နိယတာနိယတဝတ္ထုဘေဒတော၊ မြဲသောဟဒယဝတ္ထု အမှီရှိသောစိတ်, မမြဲသောဟဒယဝတ္ထု အမှီရှိသောစိတ်တို့၏ အပြားအားဖြင့်။ ဒုဝိဓံ၊ နှစ်ပါးအပြားရှိ၏။

တိဟိ ဝိမောက္ခမုခေဟိ၊ သုံးပါးသော ဝိမောက္ခမုခတို့ဖြင့်။ ဝါ၊ လောကုတ္တရ ဝိမောက္ခတို့၏ အကြောင်း ဖြစ်သည်၏ အဖြစ်ကြောင့် ဝိမောက္ခမုခဟု ဆိုအပ်ကုန်သော သုညတာနုပဿနာ အစရှိကုန်သော သုံးပါးကုန်သော ဝုဋ္ဌာနဂါမိနီဝိပဿနာတို့ဖြင့်။ ပတ္တဗ္ဗတော၊ ရောက်အပ်သောကြောင့်။ တိဝိဓံ၊ သုံးပါးအပြားရှိ၏။

---

ကျမ်းတက်  ၁။ ဤသို့ သုံးပါးအပြားရှိသည်လည်း ဖြစ်သော လောကီကုသိုလ်ကို အကျယ်ပြပြီး၍ ယခုအခါ လောကုတ္တရာကုသိုလ်ကို အကျယ်ပြလိုသော ဆရာသည် ဣတရံ ပန အစရှိသည်ကို မိန့်။

စတုမဂ္ဂယောဂဘေဒတော၊ သောတာပတ္တိမဂ် အစရှိသော လေးပါးသောအရိယာမဂ်တို့နှင့် သမ္ပယောဂ (ယှဉ်သော) အပြားအားဖြင့်။ စတုဗ္ဗိဓံ၊ လေးပါးသော အဘို့ရှိ၏။

**သောတာပတ္တိမဂ်စိတ်။** ။သေယျထိဒံ=တံ ကတမံ၊ ထို လေးပါးသော လောကုတ္တရာကုသိုလ်ဟူသည် အဘယ်နည်းဟူမူကား–သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ သညောဇနပ္ပဟာနကရံ၊သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ သံယောဇဉ်တို့ကို ပယ်ခြင်းကိုပြုတတ်သော။ သောတာပတ္တိမဂ္ဂစိတ္တဉ္စ၊ နိဗ္ဗာန်သို့ ရှေးရှုစီးတတ်သော အရိယအဋ္ဌင်္ဂိကမဂ်သို့ ရှေးဦးစွာ ရောက်ခြင်းသာလျှင် ဖြစ်သော (သောတာပတ္တိ)နိဗ္ဗာန်ကို ရှာတတ်သော—ဝါ၊ နိဗ္ဗာန်ကို အလိုရှိသော သူတို့သည် ရှာအပ်သော— ဝါ၊ကိလေသာတို့ကို သတ်လျက် သွားတတ်သော မဂ် နှင့် ယှဉ်သော စိတ်ရင်း။ ဝါ၊ နိဗ္ဗာန်သို့ ရှေးရှုစီးတတ်သော အရိယအဋ္ဌင်္ဂိကမဂ်ကို ရှေးဦးစွာ သိတတ်သော ပုဂ္ဂိုလ်၏မဂ်နှင့် ယှဉ်သော စိတ်ရင်း [၁]။

**သကဒါဂါမိမဂ်စိတ်။** ။ရာဂ ဒေါသ မောဟာနံ၊ ရာဂ ဒေါသ မောဟတို့၏။ တနုတ္တကရံ၊ ခေါင်းပါးသည်၏အဖြစ်ကို ပြုတတ်သော။ သကဒါဂါမိမဂ္ဂစိတ္တဉ္စ၊ ပဋိသန္ဓေအားဖြင့် တကြိမ်သာ ဤလူ့ပြည်သို့ လာတတ်သော ပုဂ္ဂိုလ်၏ မဂ်နှင့်ယှဉ်သော စိတ်ရင်း။

**အနာဂါမိမဂ်စိတ်။** ။ကာမရာဂ ဗျာပါဒါနံ၊ ကာမရာဂ, ဗျာပါဒတို့ကို။ နိရဝသေသပ္ပဟာနကရံ၊ အကြွင်းမဲ့ ပယ်ခြင်းကို ပြုတတ်သော။ အနာဂါမိမဂ္ဂစိတ္တဉ္စ၊ ပဋိသန္ဓေအားဖြင့် ဤလူ့ပြည်သို့ မလာတတ်သော ပုဂ္ဂိုလ်၏ မဂ်နှင့်ယှဉ်သော စိတ်ရင်း။

**အရဟတ္တမဂ်စိတ်။** ။ရူပရာဂ အရူပရာဂ မာန ဥဒ္ဓစ္စ အဝိဇ္ဇာပဟာနကရံ၊ ရူပရာဂ, အရူပရာဂ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာတို့ကို ပယ်ခြင်းကို ပြုတတ်သော။ အရဟတ္တမဂ္ဂစိတ္တဉ္စ၊ အရဟာ၏အဖြစ်တည်းဟူသော အရဟတ္တဖိုလ်သို့ရောက်ခြင်း၏အကြောင်းဖြစ်သော မဂ်နှင့်

---

၁။ (ရင်း ဋီကာသစ်၊ ပ၊ နှာ-၂၄၃)

ယှဉ်သောစိတ်ရှင်း။ ဝါ၊ ကိလေသာတို့မှ ဝေးသည်၏အဖြစ်, မှားသော အကျင့်ရှိသောသူတို့မှ ဝေးသည်၏အဖြစ်, ရာဂ အစရှိသော ရန်သူတို့ကို သတ်တတ်သည်၏အဖြစ်, သံသရာစက်၏ အကန့်တို့ကို ချိုးဖျက်ပြီးသည်၏ အဖြစ်, ပစ္စည်း အစရှိသည်တို့ကို ခံထိုက်သည်၏အဖြစ်, မကောင်းမှုကို ပြုခြင်း၌ ဆိတ်ကွယ်ရာမရှိသည်၏အဖြစ်, စွန့်အပ်သည်၏အဖြစ်ကြောင့် ရဟ ဟု ရအပ်သော အမည်ရှိကုန်သော အကုသိုလ်တရားတို့၏ မရှိသည်၏ အဖြစ်, သူတော်ကောင်းတို့သည် မစွန့်အပ်သည်၏အဖြစ်, ရဟ-ဟု ဆိုအပ်သော သံသရာ၌ သွားခြင်း၏ မရှိသည်၏ အဖြစ်ကြောင့် အရဟမည်သော အရိယာပုဂ္ဂိုလ်၏ အဖြစ်တည်းဟူသော အရဟတ္တဖိုလ်သို့ ရောက်ခြင်း၏ အဖြစ်ကြောင့်ဖြစ်သော မဂ်နှင့်ယှဉ်သော စိတ်ရှင်း[၁]။

ဣတိ=ဣမိနာ ပဘေဒေန၊ ဤသို့သော အပြားအားဖြင့်။ ဣဒံ စတုဗ္ဗိဓံ၊ ဤလေးပါး အပြားရှိသော စိတ်သည်။ လောကုတ္တရကုသလစိတ္တံ နာမ၊ လောကုတ္တရာ ကုသိုလ်စိတ် မည်၏။

**ဈာန်အားဖြင့် လောကုတ္တရာစိတ်ပြားပုံ**

တေ္တ၊ ဤ လောကုတ္တရာစိတ်တို့တွင်။ ဧကေကံ၊ တခုတခုသော လောကုတ္တရာစိတ်သည်။ ဈာနင်္ဂယောဂဘေဒတော၊ ငါးပါးသော ဈာန်အင်္ဂါတို့နှင့် ယှဉ်သောအပြားအားဖြင့်။ ပဉ္စဝိဓံ၊ ငါးပါး အပြား ရှိသည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ ဝီသတိဝိဓံ၊ နှစ်ဆယ် အပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

**မဂ်ကုသိုလ်၏ အကျိုး။**

။ဘာဝနာပုညဝသပ္ပဝတ္တံ၊ ဘာဝနာကုသိုလ်၏ အစွမ်းအားဖြင့်ဖြစ်သော။ သဗ္ဗံ၊ အလုံးစုံ သော။ တေံ လောကုတ္တရံ၊ ဤလောကုတ္တရာစိတ်သည်။ မဂ္ဂါနုရူပဖလပ္ပဝတ္တိ-ယာ၊ မဂ်အားလျော်စွာ ဖိုလ်ဖြစ်ခြင်းကြောင့်။ စတ္တာရော၊ လေးယောက် ကုန်သော။ အရိယပုဂ္ဂလေ၊ အရိယာပုဂ္ဂိုလ်တို့ကို။ အဘိနိပ္ဖါဒေတိ၊ ပြီးစေ၏။

ဧဝံ၊ ဤသို့။ လောကုတ္တရ ကုသလံ၊ လောကုတ္တရာ ကုသိုလ်စိတ်ကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

---

၁။ (အရဟာအနက် (၉) နက်၊ ရှင်းဋီကာသစ်၊ ပ၊ နှာ-၂၄၅)

ကုသိုလ်စိတ် ၂၁-ပါး ၂၀။ ကာမေ၊ ကာမဘုံ၌။ အဋ္ဌဝ၊ ရှစ်ပါးသော စိတ်တို့ရင်း။

ရူပေ၊ ရူပဘုံ၌။ ပဉ္စ၊ ငါးပါးသော စိတ်တို့ရင်း။

အရူပိသု၊ အရူပဘုံတို့၌။ စတ္တာရော၊ လေးပါးသော စိတ်တို့ရင်း။

အနုတ္တရာနိ၊ လောကုတ္တရာ ဖြစ်ကုန်သော။ စတ္တာရိ၊ လေးပါးသော စိတ်တို့ရင်း။

ဧဝံ၊ ဤသို့။ ကုသလာနိ၊ ကုသိုလ်စိတ်တို့သည်။ ဧကဝီသတိ၊ နှစ်ဆယ့်တပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏[၁]။

၂၉။ ကုသလာကုသလာပဂတေန၊ ကုသိုလ်အကုသိုလ်ကံတို့မှ ကင်းတော်မူထသော။ ဝါ၊ မဂ်ကုသိုလ်ဖြင့် အကုသိုလ်တို့မှ ကင်းဝေးတော်မူထသော။ သတာ၊ သတိနှင့်ပြည့်စုံတော်မူသော။ ကုသလေ၊ ကဲ့ရဲ့အပ်သော အကုသိုလ်တို့ကို ညှဉ်းဆဲခြင်း အစရှိသည်တို့ကြောင့် ကုသလဟု ဆိုအပ်သော ပဋိပတ္တိ၌။ ကုသလေန၊ ဒေသနာကို ဖြစ်စေခြင်း အစရှိသည်တို့၌ လိမ္မာတော်မူသော။ မုနိနာ၊ နှစ်ပါးသော လောကကို သိတတ်သော အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်နှင့် ပြည့်စုံတော်မူသော။ ဝသိနာ၊ ဆဋ္ဌာဘိညာ ဖြစ်တော်မူသည်၏ အဖြစ်ကြောင့် လွန်စွာ စိတ်တော်ကို အစိုးရခြင်းနှင့် ပြည့်စုံတော်မူသည်၏ အဖြစ်, ဈာန်အစရှိသည်တို့၌ ငါးပါးသော ဝသီတော်ရှိသည်၏ အဖြစ်ကြောင့် ဝသီတော်သို့ ရောက်သော ဣန္ဒြေရှိတော်မူသော မြတ်စွာဘုရားသည်။ စတုဘူမိဂတံ၊ လေးပါးသောဘုံ၌ဖြစ်သော။ သကလမ္ပိ၊ အလုံးစုံလည်း ဖြစ်သော။ ယံ ကုသလံ၊ အကြင်ကုသိုလ်ကို။ လပိတံ၊ ဟောတော်မူအပ်၏။ တံ ကုသလံ၊ ထိုကုသိုလ်ကို။ မယာ၊ ငါသည်။ လပိတံ၊ ဆိုအပ်ပြီ။

## အကုသိုလ်အဖွင့်

အကုသိုလ်စိတ် ပြားပုံ။ ။ပန၊ ကုသိုလ်မှတပါး အကုသိုလ်အဘို့ကို ဆိုဦးအံ့။

---

ကျမ်းတက် ၁။ ဤသို့ စတုဘုမ္မိကကုသိုလ်စိတ်ကို သရုပ်အားဖြင့် ပြပြီး၍ ယခုအခါ ထိုစတုဘုမ္မိက ကုသိုလ်စိတ်ကို နိဂုံးအုပ်သော ဆရာသည် ကာမေ အဋ္ဌဝ အစရှိသည်ကို မိန့်။

အကုသလံ၊ အကုသိုလ်စိတ်သည်။ ဘူမိတော၊ ဘုံအားဖြင့်။ ဧကဝိဓံ၊ တပါးသော အဘို့ရှိ၏။ ကာမာဝစရမေဝ၊ ကာမာဝစရဘုံသာတည်း[၁]။

နိယတာနိယတဝတ္ထုဝသေန စ၊ အမြဲ ဟဒယဝတ္ထုအမှီရှိသောစိတ်, မမြဲသော ဟဒယဝတ္ထု အမှီရှိသော စိတ်တို့၏ အစွမ်းအားဖြင့်၎င်း။ ဧကဟေတုကဒုဟေတုကဝသေနစ၊ ဧကဟိတ်စိတ်, ဒွိဟိတ်စိတ်တို့၏အစွမ်းအားဖြင့်၎င်း။ ပဋိသန္ဓိဇနကာဇနကဝသေန စ၊ ပဋိသန္ဓေကို ဖြစ်စေတတ်, ပဋိသန္ဓေကို မဖြစ်စေတတ်သော စိတ်တို့၏ အစွမ်းအားဖြင့်၎င်း။ ဒုဝိဓံ[၂]၊ နှစ်ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

တိဟိ၊ သုံးပါးကုန်သော။ ဝေဒနာဟိ၊ သုခ, ဒုက္ခ, ဥပေက္ခာဝေဒနာတို့နှင့်။ ယောဂတော စ၊ ယှဉ်သောအားဖြင့်၎င်း။ လောဘမူလံ၊ လောဘမူလရှိသော စိတ်၎င်း။ ဒေါသမူလံ၊ ဒေါသမူလရှိသော စိတ်၎င်း။ မောဟမူလံ၊ မောဟသာ မူလရှိသော စိတ်၎င်း။ ဣတိ၊ ဤသို့။ မူလတောပိ၊ မူလအားဖြင့်၎င်း။ တိဝိဓံ၊ သုံးပါးသော အဘို့ရှိသည်။ ဟောတိ၊ ဖြစ်၏။

---

ကျမ်းတက်　၁။ ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့် ကုသလာကုသလာဗျာကတဇာတိဘေဒတော တိဝိဓံ-ဟူသော ပါဌ်၌ ဆိုအပ်သော ကုသိုလ်ကို သရုပ်အားဖြင့် ပြပြီး၍ ထိုကုသိုလ်၏ အခြားမဲ့၌ အကုသိုလ်ကို အကျယ်ပြလိုသော ဆရာသည် အကုသလံပန အစရှိသည်ကို မိန့်။

အမှာ။　။နိကာယန္တရိက-တို့သည် ရူပါဝစရ, အရူပါဝစရလည်းဖြစ်သော အကုသိုလ်ကို အလိုရှိကုန်သောကြောင့် ထိုနိကာယန္တရိက-တို့အယူကို တားမြစ်ခြင်းငှါ ဧဝ-သဒ္ဒါကို ပြသည်။

ကျမ်းတက်　၂။ ဒေါမနဿ၏ အနီဝရဏာဝတ္ထာ မရှိသဖြင့် ထိုဒေါမနဿနှင့် တကွ ဖြစ်သော စိတ္တုပ္ပါဒ်သည် ကာမဝစရဘုံ၌သာ ဖြစ်ခြင်းကြောင့် နိယတဝတ္ထုက ဖြစ်၏၊ ဤမှ တပါးသော အကုသိုလ်တို့သည် အရူပဘုံ၌လည်း ဖြစ်ခြင်းကြောင့် အနိယတဝတ္ထုက ဖြစ်၏၊ ထို့ကြောင့် **နိယတာ။ပ။ ဒုဝိဓံ**-ဟု မိန့်သည်။

ဝိစိကိစ္ဆာ,ဥဒ္ဓစ္စသဟဂုတ်တို့၏ မောဟတည်းဟူသော ဟိတ်တခု ရှိသည်၏အဖြစ်ကြောင့် ဤမှ တပါးသော အကုသိုလ်စိတ်တို့၏ လောဘ-မောဟ, ဒေါသ- မောဟ-အားဖြင့် ဟိတ်နှစ်ခုရှိသည်၏အဖြစ်ကြောင့် ဧကဟေတုက ဒုဟေတုက (ဝသေန) တော-ဟု မိန့်သည်။

အစမှ တဆဲ့တခုသော အကုသိုလ်စိတ်တို့၏ ပဋိသန္ဓေကို ဖြစ်စေခြင်းကြောင့် ဥဒ္ဓစ္စသဟဂုတ်စိတ်၏ ပဋိသန္ဓေကို ဖြစ်စေခြင်း မရှိခြင်းကြောင့် ပဋိသန္ဓိ ဇနကာဇနက-(ဝသေန)တော ဟု မိန့်သည်။ (၎င်းဋီကာသစ်၊ ပ၊ နှာ-၂၅၀။ အဘိဓမ္မာဝတာရ ဋ္ဌ၊ သံဝဏ္ဏနာတဗ္ဗပါဌ်နှင့် ၎င်းဋီကာသစ်၊ သံဝဏ္ဏေတဗ္ဗပါဌ် အနည်းငယ် ကွဲသည်)

လောဘမူစိတ် ၈-ပါး။ ။တတ္ထ၊ ထိုအကုသိုလ်စိတ်တို့တွင်။ လောဘမူလံ၊ လောဘမူ စိတ်သည်။ သောမနဿုပေက္ခာဒိဋ္ဌိ-ပယောဂဘေဒတော၊ သောမနဿ ဥပေက္ခာအပြား, ဒိဋ္ဌိအပြား, သင်္ခါရအပြားအားဖြင့်။ အဋ္ဌဝိဓံ၊ ရှစ်ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

သေယျထိဒံ=တံ ကတမံ၊ ထိုရှစ်ပါး အပြားရှိသော လောဘမူစိတ်ဟူသည် အဘယ်နည်း ဟူမူကား—

သောမနဿသဟဂတံ၊ သောမနဿဝေဒနာနှင့် ယှဉ်သော။ ဝါ၊ သောမနဿဝေဒနာနှင့်တကွ ကေုပ္ပါဒ-အစရှိသော အဖြစ်သို့ ရောက်သော။ ဒိဋ္ဌိဂတသမ္ပယုတ္တံ၊ ဖောက်ပြန်သော အဖြစ်နှင့်။ ဝါ၊ ဖောက်ပြန်သော အယူ၏ဖြစ်ခြင်းနှင့်။ ဝါ၊ ခြောက်ဆဲ့နှစ်ပါးသော ဒိဋ္ဌိတို့၌ အတွင်းဝင်သော အယူနှင့် အညီအညွတ် အပြားတို့ဖြင့် ယှဉ်သော။ အသင်္ခါရိကံ၊ တိုက်တွန်းခြင်းကင်းသော။ ဝါ၊ တိုက်တွန်းခြင်း မရှိသော။ ဧကံ၊ တခုသော။ စိတ္တံ၊ စိတ်ရင်း။

သသင်္ခါရိကံ၊ တိုက်တွန်းခြင်းနှင့်တကွဖြစ်သော။ ဝါ၊ တိုက်တွန်းခြင်း ရှိသော။ ဧကံ၊ သော။ စိတ္တံ၊ စိတ်ရင်း။

သောမနဿသဟဂတံ၊ သော။ ဝါ၊ သော။ ဒိဋ္ဌိဂတဝိပ္ပယုတ္တံ၊ မိစ္ဆာဒိဋ္ဌိကင်းသော။ အသင်္ခါရိကံ၊ တိုက်တွန်းခြင်းကင်းသော။ ဝါ၊ တိုက်တွန်းခြင်းမရှိသော။ ဧကံ၊ တခုသော။ စိတ္တံ၊ စိတ်ရင်း။

သသင်္ခါရိကံ၊ သော။ ဝါ၊ သော။ ဧကံ၊ သော။ စိတ္တံ၊ စိတ်ရင်း။

ဥပေက္ခာသဟဂတံ၊ ဥပေက္ခာဝေဒနာနှင့် ယှဉ်သော။ ဝါ၊ ဥပေက္ခာဝေဒနာနှင့်တကွ ဧကုပ္ပါဒ-အစရှိသော အဖြစ်သို့ရောက်သော။ ဒိဋ္ဌိဂတ-သမ္ပယုတ္တံ၊မိစ္ဆာဒိဋ္ဌိနှင့် အညီအညွတ် အပြားတို့ဖြင့်ယှဉ်သော။ အသင်္ခါရိကံ၊ တိုက်တွန်းခြင်းကင်းသော။ ဝါ၊ တိုက်တွန်းခြင်း မရှိသော။ ဧကံ၊ သော။ စိတ္တံ၊ စိတ်ရင်း။

သသင်္ခါရိကံ၊ သော။ ဝါ၊ သော။ ဧကံ၊ သော။ စိတ္တံ၊ စိတ်ရင်း။

ဥပေက္ခာသဟဂတံ၊ သော။ ဝါ၊ သော။ ဒိဋ္ဌိဂတဝိပ္ပယုတ္တံ၊ သော။ အသင်္ခါရိကံ၊ သော။ ဝါ၊ သော။ ဧကံ၊ တခုသော။ စိတ္တံ၊ စိတ်ရင်း။

သသင်္ခါရိကံ၊ တိုက်တွန်းခြင်းနှင့်တကွဖြစ်သော။ ဝါ၊ တိုက်တွန်းခြင်း ရှိသော။ ဧကံ၊ တခုသော။ စိတ္တံ၊ စိတ်ရင်း။ ဣတိ ဣမာနိ၊ ဤသည် တို့တည်း။

## လောဘမူစိတ် ဂ-ပါးဖြစ်ပုံ

**ပထမစိတ်ဖြစ်ပုံ။** ။ဟိ၊ လောဘမူစိတ်တို့၏ ဖြစ်သော အခြင်းအရာကို ဆိုဦးအံ့။ ယဒါ၊ အကြင်အခါ၌။ ကာမေသု၊ ကာမဂုဏ်တို့၌။ အာဒီနဝေါ၊ အပြစ်သည်။ နတ္ထိ၊ မရှိ။ ဣတိ=အာဒိနာ နယေန၊ ဤသို့အစရှိသော နည်းဖြင့်။ မိစ္ဆာဒိဋ္ဌိံ၊ ဥစ္ဆေဒဒိဋ္ဌိ အစရှိသော မိစ္ဆာအယူကို။ ပုရက္ခတွာ၊ သဟဇာတ ပုဗ္ဗင်္ဂမပြု၍။ ကေဝလံ၊ သက်သက်။ ဟဋ္ဌတုဋ္ဌော၊ အလွန်ဝမ်းမြောက်သော သောမနဿ ရှိသည်ဖြစ်၍။ သဘာဝတိက္ခေနေဝ၊ မိမိသဘောအားဖြင့် ထက်သည်သာလျှင်ဖြစ်သော။ အနုဿာဟိတေန၊ တိုက်တွန်းခြင်းမရှိသော။ စိတ္တေန၊ စိတ်ဖြင့်။ ကာမေ ဝါ၊ ခံစားအပ်သောကာမတို့ကိုမူလည်း။ ပရိဘုဉ္ဇတိ၊ ခံစား၏။ ဒိဋ္ဌမင်္ဂလာဒီနိ ဝါ၊ ဒိဋ္ဌမင်္ဂလာအစရှိသည်တို့ကိုမူလည်း။ သာရတော၊ အမြတ်အားဖြင့်။ ဝါ၊ ပွါးခြင်း၏ ပုဗ္ဗနိမိတ်အဖြစ်ဖြင့် မယူမူ၍ ဒိဋ္ဌိ အစရှိသည်ပင် ပွါးခြင်း အကြောင်းဟူ၍ အမြတ်အားဖြင့်။ ပစ္စေတိ၊ ယုံကြည်၏။ တဒါ၊ ထိုအခါ၌။ အယံ ပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်အား။ ပဌမံ၊ ရှေးဦးစွာသော။ အကုသလ-စိတ္တံ၊ အကုသိုလ်စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏[၁]။

---

ကျမ်းတက် ၁။ လောဘမူ စိတ်တို့၏ ပဝတ္တိအာကာရကို ပြသော ဆရာသည် **ယဒါ ဟိ ပန** အစရှိသည်ကို မိန့်။

အမှာ။ ။အာဒိနာ နယေန ၌ အာဒိ-သဒ္ဒါဖြင့် သား၏မျက်နှာကို မြင်ခြင်းသည် သဂ္ဂမောက္ခ၏ အကြောင်းတည်း၊ ဤသို့ အစရှိသော မိစ္ဆာဒိဋ္ဌိကိုသာ ယူသည်၊ ကာမေ ဝါ၌ ဝါ-သဒ္ဒါသည် အနိယမတ္ထ၊ ထို ဝါ-သဒ္ဒါဖြင့် ပုဏ္ဏားတို့၏ ရွှေကိုယူခြင်းသည်သာ အဒိန္နာဒါန်၌ သာဝဇ္ဇ၊ ဤမှတပါးကို ယူခြင်းသည် အနဝဇ္ဇ၊ ဆရာ အစရှိသည်တို့၏ အကျိုးငှါ ဆိုအပ်သော မုသာဝါဒသည် အနဝဇ္ဇ၊ ဤမှတပါးသော မုသာဝါဒသည် သာဝဇ္ဇ၊ ဆရာ အစရှိသည်တို့၏ အကျိုးငှါ ချောပစ်သော စကားကို ပြုခြင်းသည် အနဝဇ္ဇ၊ ဤမှတပါးသော ချောပစ်သောစကားကို ပြုခြင်းသည် သာဝဇ္ဇတည်း။ ဘာရတယုဒ္ဓ, သီတာဟရဏ အစရှိသော စကားသည် မကောင်းမှုငြိမ်းခြင်းငှါ ဖြစ်၏၊ ဤသို့ အစရှိသော မိစ္ဆာအယူကို သင်္ဂြိုဟ်သည်၊ ဒိဋ္ဌမင်္ဂလာဒီနိ၌ အာဒိသဒ္ဒါဖြင့် သုတမင်္ဂလာ, မုတမင်္ဂလာတို့ကိုယူ။ (ဋီကာသစ်၊ပ၊နှာ-၂၅၂)

**ဒုတိယစိတ်ဖြစ်ပုံ။** ။ယဒါ ပန၊ အကြင်အခါ၌ကား။ မန္ဒေန၊ မထက်သော။ သမုဿာဟိတေန၊ တိုက်တွန်းခြင်းရှိသော။ စိတ္တေန၊ စိတ်ဖြင့်။ ကာမေ ဝါ၊ ခံစားအပ်သော ကာမဂုဏ်တို့ကိုမူလည်း။ ပရိဘုဉ္ဇတိ၊ ခံစား၏။ ဒိဋ္ဌမင်္ဂလာဒီနိ ဝါ၊ ဒိဋ္ဌမင်္ဂလာအစရှိသည်တို့ကို မူလည်း။ သာရတော၊ အမြတ်အားဖြင့်။ ပစ္စေတိ၊ယုံကြည်၏။ (လိုက်သည်) တဒါ၊ ထိုအခါ၌။ အဿ ပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်အား။ ဒုတိယံ၊ နှစ်ခုမြောက်သော။ အကုသလစိတ္တံ၊ အကုသိုလ်စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

**တတိယစိတ်ဖြစ်ပုံ။** ။ယဒါ၊ ၌။ မိစ္ဆာဒိဋ္ဌိံ၊ မိစ္ဆာဒိဋ္ဌိကို။ အပုရက္ခတွာ၊ သဟဇာတ ပုဗ္ဗင်္ဂမ မပြုမူ၍။ ကေဝလံ၊ သက်သက်။ ဟဋ္ဌတုဋ္ဌော၊ အလွန်ဝမ်းမြောက်သော သောမနဿ ရှိသည်ဖြစ်၍။ သဘာဝတိက္ခေနေဝ၊ မိမိသဘောအားဖြင့် ထက်သော။ အနုဿာဟိတေန၊ တိုက်တွန်းခြင်းမရှိသော။ စိတ္တေန၊ ဖြင့်။ မေထုနဓမ္မံ ဝါ၊ မေထုန်အကျင့်ကို မူလည်း။ ပရိဘုဉ္ဇတိ၊ မှီဝဲ၏။ ပရသမ္ပတ္တိံ ဝါ၊ သူ့စည်းစိမ်ကိုမူလည်း။ အဘိဇ္ဈာယတိ၊ တပ်သောအားဖြင့် ရှေးရှုကြံ၏။ ပရဘဏ္ဍံ ဝါ၊ သူ့ဥစ္စာကို မူလည်း။ ဟရတိ၊ ခိုး၏[၁]။ တဒါ၊ ထိုအခါ ၌။ အဿ ပုဂ္ဂလဿ၊ အား။ တတိယံ၊ သုံးခုမြောက်သော။ အကုသလစိတ္တံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။

**စတုတ္ထစိတ်ဖြစ်ပုံ။** ။ယဒါ၊ ၌။ မန္ဒေန၊ မထက်သော။ သမုဿာဟိတေန၊ တိုက်တွန်းခြင်းရှိသော။ စိတ္တေန၊ စိတ်ဖြင့်။ မေထုန-ဓမ္မံ ဝါ၊ မေထုန်အကျင့်ကိုမူလည်း။ ပရိဘုဉ္ဇတိ၊ မှီဝဲ၏။ ပရသမ္ပတ္တိံ ဝါ။ သူ့စည်းစိမ်ကိုမူလည်း။ အဘိဇ္ဈာယတိ၊ တပ်သောအားဖြင့် ရှေးရှုကြံ၏။ ပရဘဏ္ဍံ ဝါ၊ သူ့ဥစ္စာကိုမူလည်း။ ဟရတိ၊ ခိုး၏။ တဒါ၊ ၌။ အဿ ပုဂ္ဂလဿ၊ အား။ စတုတ္ထံ၊ လေးခုမြောက်သော။ အကုသလစိတ္တံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။

**ပဉ္စမစိတ်စသည်၄-ပါးဖြစ်ပုံ။** ။ယဒါ ပန၊ အကြင်အခါ၌ကား။ ကာမာနံ၊ ကာမဂုဏ်တို့၏။ အသမ္ပတ္တိံ၊ မပြည့်စုံသည်၏အဖြစ်ကို။ အာဂမ္မ ဝါ၊ စွဲ၍ရင်း။ အညေသံ၊ တပါးကုန်သော။ သောမနဿဟေတူနံ၊ သောမနဿ အကြောင်းတို့၏။ အဘာဝေန ဝါ၊

---

အမှာ ၁။ ပရဘဏ္ဍံ ဝါ ဟရတိ၌ ဝါ-သဒ္ဒါဖြင့် ထိုသို့သော အခြင်းအရာဖြင့် ဖြစ်သော မုသာဝါဒ စသည်ကို သင်္ဂြိုဟ်သည်။

မရှိသဖြင့်ရင်း။ စတူသု၊ လေးပါးကုန်သော။ ဝိကပ္ပေသု၊ ကာလအပြားတို့၌။ ဝါ၊ ကာလအဘို့တို့၌။ သောမနဿရဟိတာ၊ သောမနဿမှ ကင်းကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တဒါ၊ ၌။ သေသာနိ၊ ကြွင်းကုန်သော။ စတ္တာရိ၊ လေးပါးကုန်သော။ ဥပေက္ခာသဟဂတာနိ၊ ဥပေက္ခာသဟဂုတ်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ဣတိ ဝေံ၊ ဤသို့။ သောမနဿုပေက္ခာ-ဒိဋ္ဌိပယောဂဘေဒတော၊ သောမနဿဥပေက္ခာအပြား, ဒိဋ္ဌိအပြား, သင်္ခါရအပြားအားဖြင့်။ အဋ္ဌဝိမံ၊ ရှစ်ပါးအပြားရှိသော။ လောဘမူလစိတ္တံ၊ လောဘမူလစိတ်ကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

**ဒေါသမူစိတ်ပြားပုံနှင့်ဖြစ်ပုံ။** ။ဒေါသမူလံ ပန၊ ဒေါသမူစိတ်သည်ကား။ ကေန္တသဝတ္ထုကြတော၊ စင်စစ် ဟဒယဝတ္ထုနှင့်တကွဖြစ်သောအားဖြင့်။ ကေဝိမံ၊ တပါးသောအဘို့ရှိ၏။

သင်္ခါရဘေဒတော၊ သင်္ခါရအပြားအားဖြင့်။ ဒေါမနဿသဟဂတံ၊ ဒေါမနဿဝေဒနာနှင့်ယှဉ်သော။ ဝါ၊ ဒေါမနဿဝေဒနာနှင့်တကွ ကေုပ္ပါဒအစရှိသော အဖြစ်သို့ရောက်သော။ ပဋိဃသမ္ပယုတ္တံ၊ ဒေါသနှင့်အညီအညွတ် အပြားတို့ဖြင့်ယှဉ်သော။ အသင်္ခါရိကဥ္စ၊ တိုက်တွန်းခြင်းကင်းသော။ ဝါ၊ တိုက်တွန်းခြင်းမရှိသောစိတ်ရင်း။ သသင်္ခါရိကဥ္စ၊ တိုက်တွန်းခြင်းနှင့်တကွဖြစ်သော။ ဝါ၊ တိုက်တွန်းခြင်းရှိသော စိတ်ရင်း။ ဣတိ၊ ဤသို့။ ဒုဝိမံ၊ နှစ်ပါးသောအဘို့ရှိ၏။

အဿ၊ ထိုဒေါသမူစိတ်၏။ ပါဏာတိပါတာဒီသု[၁]၊ သူ့အသက်ကိုသတ်ခြင်းအစရှိသည်တို့၌။ တိက္ခမန္ဒပ္ပဝတ္တိကာလေ၊ ထက်သည်, မထက်သည်ဖြစ်၍ဖြစ်သော ကာလ၌။ ဥပ္ပတ္တိ၊ဖြစ်ခြင်းကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

**မောဟမူစိတ်ပြားပုံနှင့်ဖြစ်ပုံ။** ။မောဟမူလမ္ပိ၊ မောဟမူစိတ်သည်လည်း။ ဝိစိကိစ္ဆုဒ္ဓစ္စ ယောဂတော၊ ဝိစိကိစ္ဆာဥဒ္ဓစ္စနှင့်ယှဉ်သောအားဖြင့်။ ဥပေက္ခာသဟဂတံ၊ သော။ ဝါ၊ ရောက်သော။ ဝိစိကိစ္ဆာသမ္ပယုတ္တဥ္စ၊ ဝိစိကိစ္ဆာနှင့်အညီအညွတ် အပြားတို့ဖြင့်ယှဉ်သော စိတ်ရင်း။

---

အမှာ ၁။ ပါဏာတိပါတာဒီသု၌ အာဒိ-သဒ္ဒါဖြင့် အဒိန္နာဒါန, မုသာဝါဒ,ပေသုည, ဖရုသ, သမ္ဖပ္ပလာပ, ဗျာပါဒတို့ကို သင်္ဂြိုဟ်သည်။

ဥပေက္ခာသဟဂတံ၊ ယှဉ်သော။ ဝါ၊ ရောက်သော။ ဥဒ္ဓစ္စသမ္ပယုတ္တဉ္စ၊ ဥဒ္ဓစ္စနှင့် အညီအညွတ်အပြားတို့ဖြင့်ယှဉ်သော စိတ်ရင်း။ ဣတိ၊ ဤသို့။ ဒုဝိဓံ၊ နှစ်ပါးသော အဘို့ရှိသည်။ ဟောတိ၊ ဖြစ်၏။

တဿ၊ ထိုမောဟမူစိတ်၏။ အသန္နိဋ္ဌာန ဝိက္ခေပ ကာလေသု၊ ယုံမှားရှိသော ကာလ, စိတ်မငြိမ်သက်သော ကာလတို့၌။ ပဝတ္တိ၊ ဖြစ်ခြင်းကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

ဣတိ ဧဝံ၊ ဤသို့။ တာဝ၊ ရှေးဦးစွာ။ ဒွါဒသဝိဓံ၊ တဆဲ့နှစ်ပါး အပြားရှိသော။ အကုသလစိတ္တံ၊ အကုသိုလ်စိတ်ကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

**အကုသိုလ်အကျိုးပေးပုံ။** ။သဗ္ဗံ၊ အလုံးစုံသော။ ဧတံ အကုသလစိတ္တံ၊ ဤအကုသိုလ်စိတ်သည်။ ယထာနုရူပံ၊ ပဋိသန္ဓေကို ဖြစ်စေတတ်သည်, မဖြစ်စေတတ်သည် — ကမ္မပထအဖြစ်သို့ ရောက်သည်, မရောက်သည် အားလျော်စွာ။ ဝါ၊ လောဘ အစရှိသော ဟိတ်အားလျော်စွာ။ အပါယေသု၊ အပါယ်ဘုံတို့၌။ ဥပပတ္တိယာ၊ ပဋိသန္ဓေကို။ သုဂတိယမ္ပိ၊ သုဂတိဘုံ၌လည်း။ ဒုက္ခဝိသေသဿ၊ ဆင်းရဲအထူးကို။ အဘိနိပ္ဖါဒကံ၊ ပြီးစေတတ်သည်။ ဟောတိ၊ ဖြစ်၏[1]။

**အကုသိုလ်စိတ် ၁၂-ပါး။** ၃၀။ လောဘမူလဝသေန[2]၊ လောဘမူလရှိသော စိတ်တို့၏ အစွမ်းအားဖြင့်။ အဋ္ဌ စ၊ ရှစ်ပါးသော စိတ်တို့ရင်း။

ဒေါသမူလဝသာ၊ ဒေါသမူလရှိသော စိတ်တို့၏ အစွမ်းအားဖြင့်။ ဒုဝေ စ၊ နှစ်ပါးသော စိတ်တို့ရင်း။

မောဟမူလဝသေန၊ မောဟသာလျှင် မူလရှိသော စိတ်တို့၏ အစွမ်းအားဖြင့်။ ဒွေ စ၊ နှစ်ပါးသော စိတ်တို့ရင်း။

---

ကျမ်းတက် ၁။ ယေဘုယျအားဖြင့် လောဘ မူလကြောင့် ပြိတ္တာဘုံ၌၊ ဒေါသမူလကြောင့် ငရဲ၌၊ မောဟမူလကြောင့် အမြဲတွေဝေသော တိရစ္ဆာန်အမျိုးတို့၌ ဖြစ်ကုန်၏၊ ထိုကြောင့် လောဘ အစရှိသော ဟိတ်အားလျော်စွာ ထိုထို အပါယ်ဘုံ၌ ပဋိသန္ဓေကို ပြီးစေတတ်သည်ဟု ပြခြင်းငှါ ယထာနုရူပံ။ပ။ဥပပတ္တိယာ မိန့်သည်။

ကျမ်းတက် ၂။ သင်္ဂဟဂါထာကို ဖြေခြင်းငှါ လောဘမူလဝသေနဋ္ဌ အစရှိသော ဂါထာကို မိန့်သည်။

ဧဝံ=ဣမိနာ ယထာဝုတ္တပ္ပကာရေန၊ အကြင်အကြင် ဆိုအပ်ပြီးသော အပြားအားဖြင့်။ အကုသလာနိ၊ အကုသိုလ်စိတ်တို့သည်။ ဒွါဒသဓာ၊ တဆဲ့နှစ်ပါး အပြားရှိကုန်သည်။ သိယုံ၊ ဖြစ်ကုန်၏ ။

၃၁။ အပါပေန၊ မြတ်သောပုဂ္ဂိုလ် ဖြစ်တော်မူသော။ ပါပါ'ပါပပ္ပဟီ-နေန၊ ပယ်အပ်ပြီးသော အကုသိုလ် ကုသိုလ်ရှိတော်မူသော မြတ်စွာဘုရားသည်။ ပါပါ'ပါပေသု၊ အကုသိုလ်,ကုသိုလ်စိတ်တို့တွင်။ ယံ ပါပမာနသံ၊ အကြင်အကုသိုလ်စိတ်ကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဝါ- ပါပါ'ပါပေသု၊ ယုတ်သောပုဂ္ဂိုလ်, မြတ်သောပုဂ္ဂိုလ်တို့တွင်။ အပါပေန၊ မြတ်သောပုဂ္ဂိုလ် ဖြစ်တော်မူသော။ ပါပါ'ပါပပ္ပဟီနေန၊ ပယ်အပ်ပြီးသော အကုသိုလ်ကုသိုလ် ရှိတော်မူသော မြတ်စွာဘုရားသည်။ ယံ ပါပ မာနသံ၊ အကြင် အကုသိုလ် စိတ်ကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ တံ ပါပ မာနသံ၊ ထိုအကုသိုလ်စိတ် ကို။ မယာ၊ ငါသည်။ သမုဒါဟဋံ၊ ဆိုအပ်ပြီ။

## အဗျာကတအဖွင့်

**အဗျာကတစိတ် ၂-မျိုး။** ။ပန၊ အကုသိုလ်မှတပါး အဗျာကတအဘို့ကို ဆိုဦးအံ့။

ဣတရံ၊ ဤကုသိုလ် အကုသိုလ်မှ တပါးသော။ အဗျာကတံ၊ အဗျာ-ကတစိတ်သည်။ အဝိပါကာရဟတော၊ အကျိုးကို မထိုက်သည်၏ အဖြစ် အားဖြင့်။ ဧကဝိဓံ၊ တပါးသော အဘို့ရှိသည်။ ဟောတိ၊ ဖြစ်၏။

ဇာတိဘေဒတော၊ ဇာတ်အပြားအားဖြင့်။ ဝိပါကစိတ္တဉ္စ၊ ဝိပါက်စိတ် ၎င်း။ ဝါ၊ အကျိုးကိုသာလျှင် ဖြစ်သောစိတ်၎င်း။ ကိရိယစိတ္တဉ္စ၊ ကြိယာ စိတ်၎င်း။ ဝါ၊ အကျိုးပေးခြင်း မရှိခြင်းကြောင့် ပြုခြင်းမျှသာ ဖြစ်သော စိတ်၎င်း။ ဣတိ၊ ဤသို့။ ဒုဝိဓံ၊ နှစ်ပါးသောအဘို့ ရှိ၏။

**ဝိပါက်စိတ် ၄-မျိုး။** ။တတ္ထ၊ ထိုနှစ်ပါးသော ဝိပါက်ကြိယာစိတ်တို့တွင်။ ဝိပါကစိတ္တံ၊ ဝိပါက်စိတ်သည်။ ဘူမိဘေဒတော၊ ဘုံအပြားအားဖြင့်။ ကာမာဝစရဉ္စ၊ ကာမာဝစရ ဝိပါက်စိတ်၎င်း။ ရူပါ-ဝစရဉ္စ၊ ရူပါဝစရဝိပါက်စိတ်၎င်း။ အရူပါဝစရဉ္စ၊ အရူပါဝစရဝိပါက်စိတ် ၎င်း။ လောကုတ္တရဉ္စ၊ လောကုတ္တရာစိတ်၎င်း။ ဣတိ၊ ဤသို့။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိ၏။

**ကာမဝိပါက်စိတ် ၂-မျိုး။** ။တတ္ထ၊ ထိုလေးပါးသော စိတ်တို့တွင်။ ကာမာဝစရံ၊ ကာမာဝစရ ဝိပါက်စိတ်သည်။ ကုသလဝိပါကဉ္စ၊ ကုသလဝိပါက်စိတ်ငှင်း။ အကုသလဝိပါကဉ္စ၊ အကုသလ ဝိပါက်စိတ်ငှင်း။ ဣတိ၊ ဤသို့။ ဒုဝိဓံ၊ နှစ်ပါးအပြားရှိ၏။

**ကုသလဝိပါက်စိတ် ၂-မျိုး။** ။တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ (ထည့်သည်) ကုသလဝိပါကံ၊ ကုသလဝိပါက်စိတ်သည်။ သဟေတုကဉ္စ၊ အလောဘ-အစရှိသော သမ္ပယုတ်ဟိတ်တို့နှင့်တကွဖြစ်သော စိတ်ငှင်း။ အဟေတုကဉ္စ၊ အလောဘ-အစရှိသော သမ္ပယုတ်ဟိတ်မရှိသော စိတ်ငှင်း။ ဣတိ၊ ဤသို့။ ဒုဝိဓံ၊ နှစ်ပါးသော အဘို့ရှိ၏။

**သဟိတ် ကုသလ ဝိပါက်စိတ် ၈-ပါး** တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ သဟေတုကဝိပါကစိတ္တံ၊ သဟိတ်ဝိပါက်စိတ်သည်။ သကကုသလံ ဝိယ၊ မိမိကို ဖြစ်စေတတ်သော ကာမာဝစရကုသိုလ်စိတ်ကဲ့သို့။ သောမနဿုပေက္ခာဉာဏပ္ပယောဂဘေဒတော၊ သောမနဿ ဥပေက္ခာ အပြား, ဉာဏ်အပြား, သင်္ခါရအပြားအားဖြင့်။ အဋ္ဌဝိဓံ၊ ရှစ်ပါးသော အဘို့ရှိ၏။

သေယျထိဒံ=တံ ကတမံ၊ ထိုရှစ်ပါးသော သဟိတ်ဝိပါက်စိတ် ဟူသည် အဘယ်နည်း ဟူမူကား —

သောမနဿ သဟဂတံ၊ သောမနဿ ဝေဒနာနှင့်ယှဉ်သော။ ဝါ၊ သောမနဿဝေဒနာနှင့်တကွ ကေုပ္ပါဒ-အစရှိသော အဖြစ်သို့ရောက်သော။ ဉာဏသမ္ပယုတ္တံ၊ ဉာဏ်နှင့် အညီအညွတ် ကေုပ္ပါဒအစရှိသော အပြားတို့ဖြင့် ယှဉ်သော။ အသင်္ခါရဉ္စ၊ တိုက်တွန်းခြင်းကင်းသော။ ဝါ၊ တိုက်တွန်းခြင်း မရှိသော စိတ်ငှင်း။

သသင်္ခါရဉ္စ၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ ဝါ၊ တိုက်တွန်းခြင်း ရှိသော စိတ်ငှင်း။

သောမနဿသဟဂတံ၊ သော။ ဝါ၊ သော။ ဉာဏဝိပ္ပယုတ္တံ၊ ဉာဏ်ကင်း သော။ အသင်္ခါရဉ္စ၊ တိုက်တွန်းခြင်းကင်းသော။ ဝါ၊ စိတ်ငှင်း။

သသင်္ခါရဉ္စ၊ တိုက်တွန်းခြင်းရှိသော။ ဝါ၊ စိတ်ငှင်း။

ဥပေက္ခာသဟဂတံ၊ ဥပေက္ခာဝေဒနာနှင့် ယှဉ်သော။ ဝါ၊ ဥပေက္ခာဝေဒနာနှင့်တကွ ကေ္ပါဒအစရှိသော အဖြစ်သို့ရောက်သော။ ဉာဏသမ္ပယုတ္တံ၊ သော။ အသင်္ခါရိကမ္မ၊ တိုက်တွန်းခြင်းကင်းသော။ ဝါ၊ စိတ်ရင်း။

သသင်္ခါရိကမ္မ၊ သော။ ဝါ၊ ရှိသောစိတ်ရင်း။

ဥပေက္ခာသဟဂတံ၊ သော။ ဝါ၊ ရောက်သော။ ဉာဏဝိပ္ပယုတ္တံ၊ ဉာဏ်ကင်းသော။ အသင်္ခါရိကမ္မ၊ တိုက်တွန်းခြင်းကင်းသော။ ဝါ၊ မရှိသော စိတ်ရင်း။

သသင်္ခါရိကမ္မ၊ တိုက်တွန်းခြင်းနှင့်တကွဖြစ်သော။ ဝါ၊ တိုက်တွန်းခြင်း ရှိသောစိတ်ရင်း။

ဣတိ=ဣမိနာ ပဘေဒေန၊ ဤသို့သော အပြားအားဖြင့်။ ဣဒံ အဋ္ဌဝိဓံ၊ ဤရှစ်ပါးအပြားရှိသော စိတ်သည်။ သဟေတုကဝိပါကံ နာမ၊ သဟိတ် ဝိပါက်စိတ် မည်၏။

**ဝိပါက်စိတ်သည် ကုသိုလ်စိတ်ကဲ့သို့မဖြစ်ခြင်း**

အသ ဝိပါကဿ၊ ထိုဝိပါက်စိတ်၏။ ကုသလံ၊ ကုသိုလ်စိတ်သည်။ ဒါနာဒိ ဝသေန၊ ဒါန အစရှိသော ဆယ်ပါးသော ပုညကြိယာ ဝတ္ထုတို့၏ အစွမ်းအားဖြင့်။ ဆသု အာရမ္မဏေသု၊ ခြောက်ပါးသော အာရုံ တို့၌။ ဝါ၊ ပရိတ္တ-အစရှိသည်, အတီတ-အစရှိသည်, အဇ္ဈတ္တ-အစရှိသည် အပြားရှိကုန်သော ခြောက်ပါးသော အာရုံတို့၌။ ပဝတ္တတိ ယထာ၊ ဖြစ်သကဲ့သို့။ တထာ၊ ထို့အတူ။ ဣဒံ ဝိပါကံ၊ ဤဝိပါက်စိတ်သည်။ န ပဝတ္တတိ၊ မဖြစ်[၁]။

---

ကျမ်းတက် ၁။ သကကုသလံ ဝိယ-ဟု ဆိုအပ်သည်၏အဖြစ်ကြောင့်ပဝတ္တာကာရ-အာရမ္မဏ အစရှိသောအားဖြင့်လည်း ဝိပါက်စိတ်၏ ကုသိုလ်စိတ်နှင့် တူသည့်အဖြစ်သည် ရောက်ရာ၏။ ထို့ကြောင့် ပဝတ္တာကာရ-အာရမ္မဏ အစရှိသောအားဖြင့် တူသည့်အဖြစ်ကို တားမြစ်ခြင်းငှါ ယထာ ပန အစရှိသည်ကို မိန့်။

(ကုသိုလ်ဇောစိတ်တို့သည် အာရုံနှင့်တွေ့သောအခါ မိမိသတ္တိဖြင့် ပေါ်လာကြသည်။ ဝိပါက်မှာ အာရုံရှိငြားသော်လည်း ကုသိုလ်စိတ်တို့ကဲ့သို့ မိမိ၏ ပင်ကိုယ်အစွမ်းသတ္တိဖြင့် ပေါ်လာခြင်းမဟုတ်။ မဟာဝိပါက်၏အာရုံမှာ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်ခိုက်၌ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် တခုခုဖြစ်သည်။ တဒါရုံကိစ္စတပ်ခိုက်မှာမူ မိမိရှေးဖြစ်သော ဇောယူသော အာရုံဖြစ်သည်။)

ဟိ သစ္စံ၊ မှန်၏။ ဣဒံ ဝိပါကံ၊ ဤဝိပါက်စိတ်သည်။ ပဋိသန္ဓိ ဘဝင် စုတိ-တဒါရမ္မဏ ဝသေန၊ ပဋိသန္ဓေ, ဘဝင်, စုတိ, တဒါရုံတို့၏ အစွမ်းအားဖြင့်။ ပရိတ္တဓမ္မပရိယာပန္နေသုယေဝ၊ ကာမတရား အတွင်းဝင်သည်သာလျှင် ဖြစ်ကုန်သော။ ဆသု အာရမ္မဏေသု၊ ခြောက်ပါးသော အာရုံတို့၌။ ပဝတ္တတိ၊ ဖြစ်၏။ သမ္ပယုတ္တဓမ္မာနံ၊ သမ္ပယုတ်တရားတို့၏။ ဝိသေသေ၊ အထူးသည်။ အသတိပိ၊ မရှိသော်လည်း။ အာဒါသ တလာဒိသု၊ ကြေးမုံပြင် အစရှိသည်တို့၌။ မုခနိမိတ္တံ ဝိယ၊ မျက်နှာရိပ်ကဲ့သို့။ ဝိပါကံ၊ ဝိပါက် စိတ်သည်။ နိရုဿာဟံ၊ ဗျာပါရမရှိသည်။ ဝါ၊ မဖြတ်အပ်သေးသော အဝိဇ္ဇာ တဏှာ မာနာနုသယရှိသော သန္တာန်၌ အကျိုးကို ဖြစ်စေခြင်းငှါ စွမ်းနိုင်သည်၏ အဖြစ်, အာသေဝနပစ္စည်း တပ်သည်၏အဖြစ်ဟု ဆိုအပ်သော ဗျာပါရ မရှိသည်။ ဟောတိ၊ ဖြစ်၏။ ကုသလံ၊ ကုသိုလ်စိတ်သည်။ မုခံ ဝိယ၊ မျက်နှာကဲ့သို့။ သဥဿာဟံ၊ ဗျာပါရရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

**မဟာဝိပါက်စိတ်တို့၏ ဖြစ်ရာဌာန ၄-ပါး** ဣမေသံ ဝိပါကာနံ၊ ဤမဟာဝိပါက်စိတ်တို့၏။ ဝိပစ္စနဋ္ဌာနံ၊ အကျိုးဖြစ်ခြင်း၏ အစွမ်းဖြင့် ဖြစ်ရာ အရပ်ကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဟိ ဝိတ္ထာရယိဿာမိ၊ ချဲ့အံ့။ ဣမာနိ ဝိပါကာနိ၊ ဤမဟာဝိပါက်စိတ်တို့သည်။ ပဋိသန္ဓိ ဘဝင် စုတိ တဒါရမ္မဏာနိ၊ ပဋိသန္ဓေ, ဘဝင်, စုတိ, တဒါရုံတို့သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ ဝိပစ္စန္တိ၊ အကျိုး၏အဖြစ်ဖြင့် ဖြစ်ကုန်၏[၁]။

**ပဋိသန္ဓေဌာနတပ်ပုံ** ၃၂။ ဣမေ၊ ဤမဟာဝိပါက်စိတ်တို့သည်။ ဒုဟေ-တုက တိဟေတုနံ၊ ဒွိဟိတ်, တိဟိတ် ဖြစ်ကုန်သော။ ဝါ၊ ပဋိသန္ဓေဝိညာဉ်နှင့်ယှဉ်သော နှစ်ပါးသော အလောဘ အဒေါသတည်းဟူသော ဟိတ်, ပဋိသန္ဓေဝိညာဉ်နှင့်ယှဉ်သော သုံးပါးသော

---

ကျမ်းတက် ၁။ ဤဌာနသည် တရားတို့၏ ထိုထိုကိစ္စ၏ အစွမ်းဖြင့်သာလျှင် ထင်ရှား၏၊ ထိုကြောင့် ဌာနံ ဝေဒိတဗ္ဗံ ဟု ဌာနကို ထုတ်၍ ထင်ရှားသော ကိစ္စ၏ အစွမ်း အားဖြင့်သာလျှင် ထိုဌာနကို ပြခြင်းငှါ ဣမာနိ ဟိ အစရှိသည်ကိုမိန့်၊ ဝါ ကိစ္စကိုလည်း ကိစ္စဝန္တတို့၏ ဖြစ်ရာဌာန၏ အဖြစ်ဖြင့် ယူအပ်သည်၏ အဖြစ်ကြောင့် ဌာနံ ဟူ၍လည်း ကိစ္စကိုသာ ထုတ်အပ်၏ ဟု ထိုဌာနကို သရုပ်အားဖြင့် ပြခြင်းငှါ ဣမာနိ ဟိ အစရှိသည်ကို မိန့်။

အလောဘ အဒေါသ အမောဟတည်းဟူသော ဟိတ်ရှိကုန်သော။ ကာမာဝစရဒေဝါနဉ္စ၊ ကာမာဝစရနတ်တို့၏ရင်း။ မနုဿာနဉ္စ၊ လူတို့၏ရင်း။ ပဋိသန္ဓိယော၊ ပဋိသန္ဓေတို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

ဘဝင်နှင့် တဒါရုံဌာနတပ်ပုံ ၃၃။ တတော၊ ထိုပဋိသန္ဓေကာလမှ။ ပရံ၊ နောက်ဖြစ်သော။ ပဝတ္တိယံ၊ ပဝတ္တိကာလ၌။ ယာဝတာယုကံ၊ အသက်ရှိသော ကာလပတ်လုံး။ ဘဝင်္ဂံ၊ ဘဝင်သည်။ ဟုတွာ၊ ဖြစ်၍။ ဗလဝါရမ္မဏေ၊ အတိမဟန္တာရုံ, ဝိဘူတာရုံ၌။ တဒါရမ္မဏမေဝ စ၊ တဒါရုံသည်လည်း။ ဟုတွာ၊ ဖြစ်၍။

စုတိဌာနတပ်ပုံ ၃၄။ တတော၊ ထိုပဝတ္တိကာလမှ။ ပရံ၊ နောက်ဖြစ်သော။ မရဏကာလသ္မိံ၊ သေသောကာလ၌။ စုတိ၊ စုတိသည်။ ဟုတွာ၊ ဖြစ်၍။ ပဝတ္တရေ=ပဝတ္တန္တိ၊ ဖြစ်ကုန်၏။

ဝေ=ဣမိနာ ဝုတ္တပ္ပကာရေန၊ ဤသို့ ဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့်။ စတုသု၊ (ပဋိသန္ဓေ, ဘဝင်, စုတိ, တဒါရုံတည်းဟူသော) လေးပါးကုန်သော။ ဌာနေသု၊ အရာတို့၌။ ဝိပစ္စန္တိ၊ အကျိုး၏ အဖြစ်ဖြင့် ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ နိဒ္ဒိသေ၊ ပြရာ၏။

ကုသိုလ်စိတ်နှင့် တူပုံ ၃၅။ မဟာပါကာ၊ မဟာဝိပါက်စိတ်တို့သည်။ ကမ္မဒွါရဉ္စ၊ ကမ္မဒွါရကိုရင်း။ ကမ္မဉ္စ၊ ကာမာဝစရကုသိုလ်ကံကိုရင်း။ ပုညာနံ၊ မဟာကုသိုလ်တို့၏။ ကြိယဝတ္ထုကံ၊ ကြိယာဝတ္ထုကိုရင်း။ ဝိနာ၊ ကြဉ်၍။ သဘူမိကုသလေဟေဝ၊ မိမိဘုံ၌ ဖြစ်သော ကုသိုလ်တို့နှင့်သာလျှင်။ သမာ၊ တူကုန်၏။ ဝါ၊ တူကုန်သည် ဖြစ်၍။ ဠိတာ၊ တည်ကုန်၏။

ကုသိုလ်စိတ်နှင့်ဝိပါက်စိတ်မတူပုံ ၃၆။ ဟိ သစ္စံ၊ မှန်၏။ အဝိညတ္တိဇနတ္တာ စ၊ ကာယဝိညတ်, ဝစီဝိညတ်ဟု ဆိုအပ်ကုန်သော ကမ္မဒွါရတို့ကို မဖြစ်စေတတ်သည်၏ အဖြစ်, မနောဒွါရဟု ဆိုအပ်သော ကမ္မဒွါရ၏ အစွမ်းအားဖြင့် မဖြစ်ခြင်းကြောင့်ရင်း။ အဝိပါက သဘာဝတော စ၊ အကျိုးကိုဖြစ်စေခြင်း သဘောမရှိသည်၏ အဖြစ်ကြောင့်ရင်း။ ဝေ၊ ဤဒါန အစရှိသည်တို့၏ အစွမ်းအားဖြင့်။ အပ္ပဝတ္တန-

တော စ၊ မဖြစ်ခြင်းကြောင့်ရင်း။ ပါကာ၊ ဝိပါက်စိတ်တို့သည်။ ပုညေဟိ၊ ကုသိုလ်စိတ်တို့နှင့်။ နော သမာ၊ မတူကုန်။

**မဟာဝိပါက်စိတ်၌ ကရုဏာစသည် မယှဉ်ခြင်းအကြောင်း**

၃၇။ တေသံ ဝိပါကာနံ၊ ထိုဝိပါက်စိတ်တို့၏။ ကေန္တတော၊ စင်စစ်အားဖြင့်။ ပရိတ္တာရမ္မဏတ္တာ၊ ကာမာဝစရ အာရုံရှိသည်၏အဖြစ်ကြောင့်။ တေသု ဝိပါကေသု၊ ထိုဝိပါက်စိတ်တို့၌။ ကရုဏာမုဒိတာ၊ (သတ္တဝါပညတ်ကိုသာ ကေန်အာရုံပြုသော) ကရုဏာ, မုဒိတာတို့သည်။ ကဒါစိပိ၊ တရံတဆစ်သော ကာလ၌လည်း။ န ဇာယန္တိ၊ မဖြစ်ကုန်[၁]။

၃၈။ တထာ၊ ထို့အတူ။ တေသု ဝိပါကေသု၊ ဤဝိပါက်စိတ်တို့၌။ တိဿော၊ သုံးပါးကုန်သော။ ဝိရတိယော ပန၊ ဝိရတီတို့သည်လည်း။ န ဇာယရေ၊ မဖြစ်ကုန်။ ဟိ=ကသ္မာ၊ အဘယ့်ကြောင့်။ န ဇာယရေ၊ မဖြစ်ကုန်သနည်း။ ပဉ္စသိက္ခာပဒါ ကုသလာတိ[၂]၊ ပဉ္စသိက္ခာပဒါ ကုသလာဟူ၍။ သတ္ထုနာ၊ မြတ်စွာဘုရားသည်။ ယသ္မာ၊ အကြင်ကြောင့်။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ န ဇာယရေ၊ မဖြစ်ကုန်။

၃၉။ တထာ၊ ထို့အတူ။ တေ္တ=တေသု ဝိပါကေသု၊ ဤဝိပါက်စိတ်တို့၌။ အပ္ပမညာ ပိ၊ အပ္ပမညာတို့သည်လည်း။ န သန္တိ၊ မရှိကုန်။ ဣတိ၊ ဤသို့။ နိဒ္ဒိသေ၊ ပြရာ၏။ ကသ္မာ၊ အဘယ့်ကြောင့်။ န သန္တိ၊ မရှိကုန်သနည်း။ ဆန္ဒာဒီနံ၊ ဆန္ဒအစရှိသည်တို့ကို။ ဓုရံ ကတွာ၊ အကြီးအမှူးပြု၍။ အနုပ္ပဇ္ဇ-နတော၊ မဖြစ်ခြင်းကြောင့်။ န သန္တိ၊ မရှိကုန်[၃]။

---

ကျမ်းတက် ၁။ သမ္မောဟဝိနောဒနီ၏ အစွမ်းဖြင့် ဝိသေသကို ပြခြင်းငှါ ပရိတ္တာရမ္မဏတ္တာ အစရှိသည်ကို မိန့်။ (မဟာဝိပါက်စိတ်သည် ကာမအာရုံကိုသာ ကေန်အာရုံပြုသည်၊ ကရုဏာနှင့် မုဒိတာတို့သည် သတ္တဝါပညတ်ကိုသာ အာရုံပြုသည်၊ အာရုံပြုချင်း မတူသောကြောင့် မဟာဝိပါက်စိတ်၌ ကရုဏာနှင့် မုဒိတာ မယှဉ်)

၂။ (ဒုစရိုက်မှ ရှောင်ကြဉ်ခြင်းသည် ကောင်းသော အမှုဖြစ်၍ လောကီဝိရတီကို ဝိဘင်းပါဠိတော် နှာ-၃၀၅ ၌ "ပဉ္စသိက္ခာပဒါ ကုသလာယေဝ" ဟု စင်စစ်အားဖြင့် ကုသိုလ်ဖြစ်ကြောင်း ဟောတော်မူသည်၊ ထို့ကြောင့် ကုသိုလ်တရားသာ စင်စစ်ဖြစ်သော ဝိရတီစေတသိက်တို့သည် ဇာတ်ချင်းမတူသော မဟာဝိပါက်စိတ်၌ မယှဉ်နိုင်။)

ကျမ်းတက် ၃။ အဓိပတိ၏ အစွမ်းဖြင့် ဝိသေသကို ပြခြင်းငှါ တထာ'ဓိပတိနော

**မဟာဝိပါက်စိတ်၌ အသင်္ခါရစသည်ဖြစ်ပုံ**

၄၀။ ဝိပါကေသု၊ ဝိပါက်တို့၌။ အသင်္ခါရ-သသင်္ခါရဝိဓာနံ ပန၊ အသင်္ခါရ, သသင်္ခါရ အစီအရင်ကိုကား။ ပုညတော စ၊ ကုသိုလ်အားဖြင့်ရင်း။ ပစ္စယတော စ၊ အကြောင်းအားဖြင့်ရင်း။ ဝိညူနာ၊ ပညာရှိသောသူသည်။ ဉေယျံ၊ သိအပ်၏။

---

အစရှိသည်ကို မိန့်။ (လောကီကုသိုလ်ကို ပြုကြရာဝယ် ကုသိုလ်အမှုကိုပြုလုပ်သည့် အချိန်ကာလနှင့် ယင်းကုသိုလ်ကြောင့် အကျိုးဖြစ်ပေါ်သော အချိန်ကာလတို့မှာ တပြိုင်နက် မဟုတ်ကြချေ၊ ကုသိုလ်ပြုသည့် အချိန်ကာလသည် တခြား, အကျိုးပေးရာ ကာလက တခြား ဖြစ်သည်။ ထို့ကြောင့် လောကီကုသိုလ်တို့သည် အားနည်းသော တရားများ ဖြစ်သဖြင့် မိမိကြောင့် ဖြစ်ပေါ်လာသော အကျိုးဝိပါက်တို့သို့ အရှိန်အဟုန် လွှန်ကဲသည့် သတ္တိထူးဖြစ်သော အဓိပတိသတ္တိကို ပြောင်းလွှဲ ပေးစွမ်းနိုင်ခြင်း မရှိ။

သို့ဖြစ်၍ အကျိုးဝိပါက်တို့သည် ဆန္ဒအစရှိသည်တို့ကို အကြီးအမှူးပြု၍ မဖြစ်နိုင်၊ ဝါ၊ ဝိပါက်စိတ်တို့သည် အဓိပတိပစ္စည်း၏ ပစ္စယုပ္ပန် မဖြစ်ထိုက်၊ အဓိပတိပစ္စည်း၏ ကျေးဇူးပြု မခံရ။ ထို့ကြောင့် မဟာဝိပါက်စိတ်၌ အဓိပတိ မယှဉ်။ (ဋ္ဌင်းဋီကာသစ်၊ ပ၊ နှာ-၂၆၁)

ကျမ်းတက် ၁။ မောရဝါပိဝါသီ မဟာဒတ္တထေရ်သည် ဝိပါက်တို့၏ အာဂမနအားဖြင့်,တိပိဋကစူဠနာဂထေရ်သည် ပစ္စယ-အားဖြင့် အသင်္ခါရိက,သသင်္ခါရိက အဖြစ်ကို အလိုရှိသောကြောင့် မထေရ်နှစ်ပါးအယူကို ပြခြင်းငှါ အသင်္ခါရသသင်္ခါရဝိဓာနံ အစရှိသည်ကိုမိန့်။ (ဋ္ဌင်း ဋီကာသစ်၊ ပ၊ နှာ-၂၆၁)

(အာဂမန=ရောက်ကြောင်း, ရောက်စေခြင်း =ကုသိုလ်။ ပစ္စယ=အကြောင်း။

ကြေးမုံမှန်ပြင်ကို ကြည့်ရှုရာဝယ် မျက်နှာလှပ်သော် ကြေးမုံမှန်ပြင်ထဲ၌ မျက်နှာရိပ် လှပ်သကဲ့သို့ အကြောင်းကုသိုလ်က အသင်္ခါရိကဖြစ်လျှင် ထိုကုသိုလ်၏ အကျိုးဝိပါက်သည် လည်း ကုသိုလ်ကိုလိုက်၍ အသင်္ခါရိကဝိပါက်ပင်ဖြစ်ရသည်။

အကြောင်းကုသိုလ်က သသင်္ခါရိကဖြစ်လျှင် ထိုကုသိုလ်၏အကျိုးဝိပါက်လည်း ကုသိုလ် နည်းတူ သသင်္ခါရိကဝိပါက်ပင် ဖြစ်ရသည်။

ယင်းသို့ အကြောင်းကုသိုလ်အလိုက် အသင်္ခါရိက, သသင်္ခါရိက အကျိုးဝိပါက်ဖြစ်ခြင်း ကို အာဂမနအားဖြင့် ဖြစ်သည်ဟု ဆိုသည်။

ဤကား မောရဝါပိဝါသီမဟာဒတ္တထေရ် အလိုတည်း။

ကုသိုလ်ပြုရာဝယ် မွန်မြတ်သော ဥတုဘောဇဉ်စသော အားရှိ အားကောင်းသော ကုသိုလ်ကိုပြုလျှင် ထိုကုသိုလ်၏ အကျိုးဝိပါက်မှာ အကြောင်းအားလျော်စွာ အသင်္ခါရိက ဝိပါက်ဖြစ်ရသည်။

ကုသိုလ်ပြုရာဝယ် ယုတ်ညံ့သော ဥတုဘောဇဉ်စသော အားနည်းသော ကုသိုလ်ပြုလျှင် ထိုကုသိုလ်၏ အကျိုးဝိပါက်မှာ အကြောင်းအားလျော်စွာ သသင်္ခါရိက ဝိပါက်ဖြစ်ရသည်။

ယင်းသို့ အကြောင်းအားလျော်စွာ အသင်္ခါရိက, သသင်္ခါရိက ဝိပါက်ဖြစ်ခြင်းကို ပစ္စယအားဖြင့် ဖြစ်သည်ဟု ဆိုသည်။ ဤကား တိပိဋကစူဠနာဂမထေရ် အလိုတည်း။ ဋ္ဌင်း ဋီကာဟောင်း၊ နှာ-၁၃။ ဋ္ဌင်းဋီကာသစ်၊ နှာ-၂၆၁-၂။)

၄၁။ ဟီနာဒီနံ၊ ဟီန အစရှိကုန်သော။ ပုညာနံ၊ ကုသိုလ်တို့၏။ ဝိပါကတ္တာ[၁]၊ အကျိုးဖြစ်သည်၏ အဖြစ်ကြောင့်။ ဟီနာဒယော၊ ဟီန အစရှိကုန်သော။ ဝိပါကာ၊ ဝိပါက်တို့ကို။ ပုညဝါဒိနာ၊ ဝေနေယျသန္တာန်၌ဖြစ်သော ကိလေသာ အညစ်အကြေးကို စင်စေတတ်သော ဒေသနာဉာဏ်ရှိတော်မူသော မြတ်စွာဘုရားသည်။ ဝါ၊ ဝေနေယျသန္တာန်၌ဖြစ်သော ကိလေသာတည်းဟူသော အညစ်အကြေးကို စင်စေတတ်သော ကုသိုလ်ကို ဟောတော်မူတတ်သော မြတ်စွာဘုရားသည်။ ပရိဒီပိတာ၊ ပြအပ်ကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

**မဟာဝိပါက်စိတ် ကာမဘုံ၌သာ ဖြစ်ခြင်း** ၄၂။ ဣတိ ဧဝံ=ဣမိနာ ဝုတ္တပ္ပကာရေန၊ ဖြင့်။ ဣဒံ အဋ္ဌဝိဓံ စိတ္တံ၊ ဤရှစ်ပါး အပြားရှိသော စိတ်သည်။ ဧကန္တေန၊ စင်စစ်အားဖြင့်။ သဝတ္ထုကံ၊ ဟဒယဝတ္ထုနှင့် တကွဖြစ်၏။ ကာမလောကသ္မိံ[၂]၊ ကာမဘုံ၌သာလျှင်။ ဇာယတေ၊ ဖြစ်၏။ အညတ္ထ၊ တပါးသော ရူပ အရူပဘုံတို့၌။ န ပန ဇာယတေ[၃]၊ မဖြစ်။

ဧဝံ=ဣမိနာ ဝုတ္တပ္ပကာရေန၊ ဤဆိုအပ်ပြီးသော အပြားအားဖြင့်။ တာဝ၊ ရှေးဦးစွာ။ သဟေတုကဝိပါကစိတ္တံ၊ သဟိတ်ဝိပါက်စိတ်ကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

**အဟိတ်ကုသလဝိပါက်စိတ် ၈-ပါးပြားပုံ** အဟေတုကဝိပါကစိတ္တံ ပန[၄]၊ အဟိတ်ဝိပါက်စိတ်ကိုကား။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ အလောဘာဒိဟေတုဝိရဟိတံ၊ အလောဘ အစရှိသော ဟိတ်ကင်းသော။ ဥပေက္ခာသဟဂတံ၊ ဥပေက္ခာဝေဒနာနှင့်ယှဉ်သော။ ဝါ၊

အမှာ ၁။ ဤဟီနာဒီနံ ဝိပါကတ္တာဖြင့် အာဂမနအားဖြင့် ဟီန အစရှိသော အဖြစ်ကို ထင်စွာပြသည်။

အမှာ ၂။ ဧကန္တေန သဝတ္ထုကံ ဟု ဆိုသော်လည်း ရူပဘုံ၌ဖြစ်ခြင်း မဖြစ်ဟု နှလုံးပြု၍ ကာမလောကသ္မိံ မိန့်သည်။

အမှာ ၃။ န ပနညတ္ထ ဇာယတေ ပါဌ်ဖြင့်ကား ဗျာတိရေကအားဖြင့် ရအပ်သော အနက်ကို ပြသည်။

ကျမ်းတက် ၄။ ဤသို့ ရှေးဦးစွာ သဟိတ်ဝိပါက်တို့ကို ပြပြီး၍ ယခုအခါ အဟိတ်ဝိပါက်စိတ်ကို ပြလိုသောဆရာသည် အဟေတုကဝိပါကစိတ္တံ ပန အစရှိသည်ကို မိန့်။

ဥပေက္ခာဝေဒနာနှင့်တကွ ကေပ္ပါဒအစရှိသော အဖြစ်သို့ ရောက်သော။ စက္ခုဝိညာဏဥ္စ၊ စက္ခုဝိညာဉ် စိတ်ရင်း။

ဥပေက္ခာသဟဂတံ၊ ယှဉ်သော။ ဝါ၊ ရောက်သော။ သောတဝိညာဏဥ္စ၊ သောတဝိညာဉ် စိတ်ရင်း။

ဥပေက္ခာသဟဂတံ၊ ယှဉ်သော။ ဝါ၊ ရောက်သော။ ဃာနဝိညာဏဥ္စ၊ ဃာနဝိညာဉ် စိတ်ရင်း။

ဥပေက္ခာသဟဂတံ၊ ယှဉ်သော။ ဝါ၊ ရောက်သော။ ဇိဝှါဝိညာဏဥ္စ၊ ဇိဝှါဝိညာဉ် စိတ်ရင်း။

သုခသဟဂတံ၊ သုခဝေဒနာနှင့်ယှဉ်သော။ ဝါ၊ သုခဝေဒနာနှင့်တကွ ကေပ္ပါဒ အစရှိသော အဖြစ်သို့ရောက်သော။ ကာယဝိညာဏဥ္စ၊ ကာယဝိညာဉ် စိတ်ရင်း။

ဥပေက္ခာသဟဂတံ၊ ယှဉ်သော။ ဝါ၊ ရောက်သော။ အဟေတုကမနောဓာတုသမ္ပဋိစ္ဆနဥ္စ၊ အဟိတ်မနောဓာတ်သမ္ပဋိစ္ဆိုန်း စိတ်ရင်း။

သောမနဿသဟဂတံ၊ ယှဉ်သော။ ဝါ ရောက်သော။ အဟေတုကမနောဝိညာဏဓာတုသန္တီရဏဥ္စ၊ အဟိတ် မနောဝိညာဏဓာတ် သန္တီရဏ စိတ်ရင်း။

ဥပေက္ခာသဟဂတံ၊ ဥပေက္ခာဝေဒနာနှင့်ယှဉ်သော။ ဝါ၊ ဥပေက္ခာဝေဒနာနှင့်တကွ ကေပ္ပါဒအစရှိသောအဖြစ်သို့ ရောက်သော။ အဟေတုကမနောဝိညာဏဓာတုသန္တီရဏဥ္စ၊ အဟိတ် မနောဝိညာဏဓာတ် သန္တီရဏ စိတ်ရင်း။

ဣတိ=ဣမိနာ ပဘေဒေန၊ ဤသို့သော အပြားအားဖြင့်။ ဣဒံ အဋ္ဌဝိဓံ၊ ဤရှစ်ပါး အပြားရှိသော စိတ်သည်။ အဟေတုကဝိပါကစိတ္တံ နာမ၊ အဟိတ်ဝိပါက်စိတ်မည်၏။

## အဟိတ်ကုသလဝိပါက်စိတ်ကို ဝတ္ထု အာရုံ ဝေဒနာ စသည်အားဖြင့် ဝေဖန်ပြပုံ

စိတ် ၁-ပါး စသည်ဖြစ်ပုံ။ ။ဣဒံ ပန အဋ္ဌဝိဓံ၊ ဤ ရှစ်ပါး အပြားရှိသော အဟိတ်ကုသလဝိပါက် စိတ်သည်ကား—

နိယတဝတ္ထုကတော၊ အမြဲ ဟာဒယဝတ္ထု အမှီရှိသောအားဖြင့်။ ကေဝိဓံ၊ တပါးသော အဘို့ရှိ၏။

နိယတာ'နိယတာရမ္မဏတော၊ မြဲသော အာရုံရှိသောစိတ်, မမြဲသော အာရုံရှိသော စိတ်အားဖြင့်။ ဒုဝိဓံ၊ နှစ်ပါးအပြားရှိ၏။

တတ္ထ၊ ထိုနှစ်ပါးသောစိတ်တို့တွင်။ ဝိညာဏပဉ္စကံ၊ စက္ခု,သောတ, ဃာန,ဇိဝှါ, ကာယဝိညာဉ်ငါးပါးတို့၏ အပေါင်းသည်။ နိယတာရမ္မဏံ၊ မြဲသော အာရုံရှိသော စိတ်မည်၏။

သေသတ္တယံ၊ သမ္ပဋိစ္ဆိုန်း သန္တီရဏအားဖြင့် ကြွင်းသော စိတ်သုံးခု တို့၏ အပေါင်းသည်။ အနိယတာရမ္မဏံ၊ မမြဲသော အာရုံရှိသော စိတ်မည်၏။

သုခသောမနဿုပေက္ခာဝေဒနာယောဂတော၊ သုခဝေဒနာ, သောမနဿဝေဒနာ, ဥပေက္ခာဝေဒနာနှင့်ယှဉ်သောအားဖြင့်။ တိဝိဓံ၊ သုံးပါး အပြားရှိ၏။

တတ္ထ၊ ထိုသုံးပါးတို့တွင်။ ကာယဝိညာဏံ၊ ကာယဝိညာဉ်စိတ်သည်။ သုခသဟဂတံ၊ သုခဝေဒနာနှင့် ယှဉ်၏။

ဒွိဋ္ဌာနိကံ၊ နှစ်ဌာနတပ်သော။ သန္တီရဏံ၊ သန္တီရဏစိတ်သည်။ သောမနဿုပေက္ခာယုတ္တံ၊ သောမနဿဝေဒနာ, ဥပေက္ခာဝေဒနာနှင့် ယှဉ်၏။

သေသံ၊ ကြွင်းသော စက္ခု, သောတ, ဃာန, ဇိဝှါဝိညာဉ်နှင့်သမ္ပဋိစ္ဆိုန်း စိတ်သည်။ ဥပေက္ခာယုတ္တံ၊ ဥပေက္ခာဝေဒနာနှင့် ယှဉ်၏။ ဣတိ၊ ဤသို့ သိအပ်၏။

ဒိဋ္ဌာရမ္မဏ, သုတာရမ္မဏ, မုတာရမ္မဏ, ဒိဋ္ဌသုတမုတာရမ္မဏ, ဒိဋ္ဌသုတမုတဝိညာတာရမ္မဏဝသေန၊ မြင်အပ်သော ရူပါရုံ အာရုံရှိသောစိတ်၊ ကြားအပ်သော သဒ္ဒါရုံ အာရုံရှိသောစိတ်၊ ရောက်သောအားဖြင့် ယူအပ်သော ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံ အာရုံရှိသောစိတ်၊ မြင်အပ်သော ရူပါရုံ, ကြားအပ်သော သဒ္ဒါရုံ,ရောက်သောအားဖြင့် ယူအပ်သော ဂန္ဓာရုံ,ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ အာရုံရှိသောစိတ်၊ မြင်အပ်သော ရူပါရုံ,ကြားအပ်သောသဒ္ဒါရုံ, ရောက်သောအားဖြင့် ယူအပ်သော ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံ, စိတ်ဖြင့်သာ

သိအပ်သော ဓမ္မာရုံ အာရုံရှိသောစိတ်တို့၏ အစွမ်းအားဖြင့်။ ပဉ္စဝိဓံ၊ ငါးပါးအပြားရှိ၏။

တတ္ထ၊ ထိုငါးပါးသော စိတ်တို့တွင်။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဉ် စိတ်သည်။ ဒိဋ္ဌာရမ္မဏံ၊ မြင်အပ်သော ရူပါရုံ အာရုံရှိသော စိတ်မည်၏။

သောတဝိညာဏံ၊ သောတဝိညာဉ် စိတ်သည်။ သုတာရမ္မဏံ၊ ကြားအပ်သော သဒ္ဒါရုံ အာရုံရှိသော စိတ်မည်၏။

ဃာန ဇိဝှါ ကာယဝိညာဏတ္တယံ၊ ဃာနဝိညာဉ်, ဇိဝှါဝိညာဉ်, ကာယ-ဝိညာဉ်သုံးခုတို့၏ အပေါင်းသည်။ မုတာရမ္မဏံ၊ တွေ့ထိအပ်သော ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ အာရုံရှိသော စိတ်မည်၏။

မနောဓာတုသမ္ပဋိစ္ဆနံ၊ မနောဓာတ် သမ္ပဋိစ္ဆိုန်း စိတ်သည်။ ဒိဋ္ဌသုတ-မုတာရမ္မဏံ၊ မြင်အပ်သော ရူပါရုံ, ကြားအပ်သော သဒ္ဒါရုံ, တွေ့ထိအပ်သော ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ အာရုံရှိသော စိတ်မည်၏။

သေသ မနောဝိညာဏဓာတုဒ္ဒယံ၊ ကြွင်းသော မနောဝိညာဏဓာတ် နှစ်ခုတို့၏ အပေါင်းသည်။ ဒိဋ္ဌသုတမုတဝိညာတာရမ္မဏံ၊ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံ အာရုံရှိသော စိတ်မည်၏။

ဝတ္ထုအားဖြင့် ၆-ပါးပြားပုံ။　　။ဝတ္ထုတော၊ မှီရာဝတ္ထုအားဖြင့်။ ဆဗ္ဗိဓံ၊ ၆-ပါးအပြား ရှိ၏။

ဆဗ္ဗိဓံ၊ ခြောက်ပါးအဘို့ရှိသည်။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်းဟူမူကား—

စက္ခုဝိညာဏဿ၊ စက္ခုဝိညာဉ်၏။ စက္ခုမေဝ၊ စက္ခုပသာဒသည်သာလျှင်။ ဝတ္ထု၊ မှီရာသည်။ ဟောတိ၊ ဖြစ်၏။

တထာ၊ ထို့အတူ။ သောတ ဃာန ဇိဝှါ ကာယဝိညာဏာနံ၊ သောတဝိညာဉ်, ဃာနဝိညာဉ်, ဇိဝှါဝိညာဉ်, ကာယဝိညာဉ်တို့၏။ သောတ ဃာန-ဇိဝှါ ကာယာ၊ သောတ ဃာန ဇိဝှါ ကာယ ပသာဒတို့သည်။ ဝတ္ထူ၊ မှီရာတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

အဝသေသတ္တယဿ၊ သမ္ပဋိစ္ဆိုန်း သန္တီရဏနှစ်ခုအားဖြင့် ကြွင်းသော စိတ်သုံးခုတို့၏ အပေါင်း၏။ ဟဒယဝတ္ထုမေဝ၊ ဟဒယဝတ္ထုသည်သာလျှင်။ ဝတ္ထု၊ မှီရာသည်။ ဟောတိ၊ ဖြစ်၏။

အာရုံအားဖြင့် ၇-ပါး ပြားပုံ။ ။အာရမ္မဏတော၊ အာရုံအားဖြင့်။ သတ္တဝိဓံ၊ ၇-ပါးအပြားရှိသည်။ ဟောတိ၊၏။

သတ္တဝိဓံ၊ ခုနစ်ပါးသော အဘို့ရှိသည်။ ကထံ ဟောတိ၊ အဘယ်သို့ ဖြစ်သနည်းဟူမူကား—

စက္ခုဝိညာဏံ၊ စက္ခုဝိညာဉ်စိတ်သည်။ ရူပါရမ္မဏမေဝ၊ ရူပါရုံလျှင် အာရုံရှိသော စိတ်မည်၏။

တထာ၊ ထို့အတူ။ သောတ ဃာန ဇိဝှါ ကာယဝိညာဏာနိ၊ သောတ ဝိညာဉ်၊ဃာနဝိညာဉ်၊ ဇိဝှါဝိညာဉ်၊ ကာယဝိညာဉ်စိတ်တို့သည်။ ပဋိပါဋိယာ၊ အစဉ်အတိုင်း။ သဒ္ဒဂန္ဓရသဖောဋ္ဌဗ္ဗာရမ္မဏာနိ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ အာရုံရှိသော စိတ်မည်ကုန်၏။

မနောဓာတု၊ မနောဓာတ် သမ္ပဋိစ္ဆိုန်းသည်။ ရူပါဒိပဉ္စာရမ္မဏံ၊ ရူပါရုံ အစရှိသော ငါးပါးသော အာရုံရှိ၏။

သေသမနောဝိညာဏဓာတုဒ္ဒယံ၊ ကြွင်းသော မနောဝိညာဏဓာတ်နှစ်ခု တို့၏ အပေါင်းသည်။ ဆဠာရမ္မဏံ၊ ခြောက်ပါးသော အာရုံရှိ၏။

ကိစ္စအားဖြင့် ၈-ပါး ပြားပုံ။ ။သဗ္ဗံ၊ အလုံးစုံသော။ တံ အဟေတုက-ဝိပါကစိတ္တံ ပန၊ ထိုအဟိတ် (ကုသလ) ဝိပါက်စိတ်သည်လည်း။ ကိစ္စတော၊ ကိစ္စအားဖြင့်။ အဋ္ဌဝိဓံ၊ ၈-ပါးသော အဘို့ရှိသည်။ ဟောတိ၊ ဖြစ်၏။

အဋ္ဌဝိဓံ၊ ၈-ပါး အပြားရှိသည်။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်း ဟူမူကား—

စက္ခုဝိညာဏံ၊ စက္ခုဝိညာဉ်စိတ်သည်။ ဒဿနကိစ္စံ၊ဒဿနကိစ္စတပ်သော စိတ် မည်၏။

အဝသေသာနိ၊ သောတဝိညာဉ် အစရှိသော ကြွင်းသော ဝိညာဉ်တို့သည်။ သဝန ဃာယန သာယန ဖုသန သမ္ပဋိစ္ဆန သန္တီရဏ တဒါရမ္မဏ-ကိစ္စာနိ၊ သဝနကိစ္စ, ဃာယနကိစ္စ, သာယနကိစ္စ, ဖုသနကိစ္စ, သမ္ပဋိစ္ဆိုန်းကိစ္စ, သန္တီရဏကိစ္စ, တဒါရုံကိစ္စ တပ်သောစိတ် မည်ကုန်၏။

ဝစနတ္ထ။ ။တတ္ထ၊ ထို စက္ခုဝိညာဏံ ဟူသောပုဒ်၌။ အတ္တော၊ အနက်ကို။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။

စက္ခုတော=စက္ခုတောဝ၊ စက္ခုဒွါရမှသာလျှင်။ ပဝတ္တံ၊ ဖြစ်သော။ ဝိညာဏံ၊ ဝိညာဉ်တည်း။ စက္ခုဝိညာဏံ၊ စက္ခုဒွါရမှသာဖြစ်သောဝိညာဉ်။ ဝါ၊ တနည်းကား။ စက္ခုသ္မိံ၊ စက္ခု၌။ သန္နိဿိတံ၊ မှီသော။ ဝိညာဏံ၊ ဝိညာဉ်တည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဉ် မည်၏။

တထာ၊ ထို့အတူ။ သောတဝိညာဏာဒီနိ၊ သောတဝိညာဉ် အစရှိသည် မည်ကုန်၏[၁]။

## အဟိတ်ကုသလဝိပါက်စိတ်၏ လက္ခဏာစသည်

စက္ခုဝိညာဉ်စိတ်၏ လက္ခဏာစသည်။ ။တတ္ထ[၂]၊ ထို စက္ခုဝိညာဉ် အစရှိသော စိတ်တို့တွင်။ စက္ခု-ဝိညာဏံ၊ စက္ခုဝိညာဉ်စိတ်သည်—

စက္ခုသန္နိဿိတ ရူပဝိဇာနန လက္ခဏံ၊ စက္ခု၌ မှီသည်ဖြစ်၍ ရူပါရုံကို သိခြင်းလက္ခဏာရှိ၏။

ရူပမတ္တာရမ္မဏ ရသံ[၃]၊ ရူပါရုံမျှကိုသာ အာရုံပြုခြင်း ကိစ္စရှိ၏။

---

ကျမ်းတက် ၁။ စက္ခုတော ပဝတ္တံ စက္ခုသန္နိဿိတံ ဝါ ဝိညာဏံ စက္ခုဝိညာဏံ ဟု ရှေးကကဲ့သို့ သောတဝိညာဉ်အစရှိသည်တို့၌လည်း သောတတော ပဝတ္တံ သောတသန္နိဿိတံ ဝါ ဝိညာဏံ သောတဝိညာဏံ အစရှိသည်တို့ဖြင့် ယှဉ်ခြင်းကို ညွှန်ပြသော ဆရာသည် တထာ သောတဝိညာဏာဒီနိ အစရှိသည်ကို မိန့်။

ကျမ်းတက် ၂။ လက္ခဏာ အစရှိသည်တို့ကို ပြခြင်းငှါ တတ္ထ အစရှိသည်ကို မိန့်။

အမှာ ၃။ မတ္တသဒ္ဒါဖြင့် အာရမ္မဏန္တရကို နစ်စေသကဲ့သို့ ရူပါရုံ၌လည်း ရအပ်သော အချို့သော အထူးတို့ကို နစ်စေသည်။

ရူပါဘိမုခဘာဝ ပစ္စုပဋ္ဌာနံ၊ ရူပါရုံသို့ ရှေးရှုသည်၏အဖြစ်ဖြင့် ယူအပ်သော အခြင်းအရာရှိ၏။

ရူပါရမ္မဏာယ၊ ရူပါရုံလျှင် အာရုံရှိသော။ ကိရိယာမနောဓာတုယာ၊ ကြိယာမနောဓာတ်(ပဉ္စဒွါရာဝဇ္ဇန်း)၏။ အပဂမ ပဒဋ္ဌာနံ၊ ကင်းခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။

**သောတဝိညာဉ်စသည် ၄-ပါးတို့၏ လက္ခဏာစသည်**

။တထာ၊ ထို့အတူ။ သောတ ဃာန- ဇိဝှါ ကာယဝိညာဏာနိ၊ သောတ ဝိညာဉ်, ဃာနဝိညာဉ်, ဇိဝှါဝိညာဉ်, ကာယဝိညာဉ်တို့သည်——

သောတာဒိသန္နိဿိတ သဒ္ဒါဒိဝိဇာနန လက္ခဏာနိ၊ သောတအစရှိသည်တို့၌ မှီကုန်သည်ဖြစ်၍ သဒ္ဒါရုံအစရှိသည်ကိုသိခြင်း လက္ခဏာရှိကုန်၏။

သဒ္ဒါဒိမတ္တာရမ္မဏရသာနိ၊ သဒ္ဒါရုံအစရှိသည်မျှကိုသာ အာရုံပြုခြင်း ကိစ္စရှိကုန်၏။

သဒ္ဒါဒိသု အဘိမုခဘာဝ ပစ္စုပဋ္ဌာနာနိ၊ သဒ္ဒါရုံအစရှိသည်တို့သို့ ရှေးရှုသည်၏အဖြစ်ဖြင့် ယူအပ်သော အခြင်းအရာရှိကုန်၏။

သဒ္ဒါဒိအာရမ္မဏာနံ၊ သဒ္ဒါရုံအစရှိသည် အာရုံရှိကုန်သော။ ကိရိယာ-မနောဓာတူနံ၊ ကြိယာမနောဓာတ်တို့၏။ အပဂမ ပဒဋ္ဌာနာနိ၊ ကင်းခြင်းလျှင် နီးစွာသော အကြောင်းရှိကုန်၏[၁]။

---

၁။ (ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် မိမိနှင့် တဆက်တည်း မိမိ၏နောက်၌ မိမိ ထင်ရှားမရှိ ကင်းခြင်းဖြင့် စက္ခုဝိညာဉ်စိတ်အား ဖြစ်ခွင့်ပေးကာ အနန္တရ သမနန္တရ နတ္ထိ ဝိဂတပစ္စည်းတို့ဖြင့် ကျေးဇူးပြုပေသည်။

စက္ခုဝိညာဉ်စိတ် ဖြစ်ဘို့ရန် ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် ထင်ရှား ရှိမနေပဲ ချုပ်ပျောက်ပေးရသည်။

ထို့ကြောင့် စက္ခုဝိညာဉ်စိတ်သည် ပဉ္စဒွါရာဝဇ္ဇန်းစိတ်၏ ချုပ်ပျောက်ကင်းခြင်းလျှင် နီးစွာသော အကြောင်းရှိသည်၊ ဝါ-ပဉ္စဒွါရာဝဇ္ဇန်းစိတ်၏ ထင်ရှားရှိမနေပဲ ချုပ်ပျောက်ကင်းခြင်းသည် စက္ခုဝိညာဉ်ဖြစ်ခြင်း၏ နီးစွာသော အကြောင်းဖြစ်သည်။

သောတဝိညာဉ် စသည်တို့ကိုလည်း ဤနည်းအတိုင်းပင် သိပါလေ။

ဂုဏ်ဋီကာသစ်၊ပါနှာ-၂၆၆။

သမ္ပဋိစ္ဆိုန်း၏ လက္ခဏာ စသည်။ ။မနောဓာတုသမ္ပဋိစ္ဆနံ ပန၊ မနောဓာတ် သမ္ပဋိစ္ဆိုန်းစိတ်သည်ကား—

စက္ခုဝိညာဏာဒိနံ၊ စက္ခုဝိညာဉ် အစရှိသည်တို့၏။ အနန္တရာ၊ အခြားမဲ့၌။ ရူပါဒိဝိဇာနန လက္ခဏံ၊ ရူပါရုံအစရှိသည်ကို သိခြင်းလက္ခဏာရှိ၏။

ရူပါဒိသမ္ပဋိစ္ဆန ရသံ၊ ရူပါရုံအစရှိသည်ကို ခံခြင်းကိစ္စရှိ၏။

တထာဘာဝ ပစ္စုပဋ္ဌာနံ၊ ထိုရူပါရုံအစရှိသည်ကို ခံသည်၏အဖြစ်ဖြင့် ထင်ခြင်းရှိ၏။

စက္ခုဝိညာဏာဒိနံ၊ စက္ခုဝိညာဉ် အစရှိသည်တို့၏။ အပဂမ ပဒဋ္ဌာနံ၊ ကင်းခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။

သန္တီရဏစိတ် ၂-ပါး၏ လက္ခဏာစသည်။ ။သေသာ၊ ကြွင်းကုန်သော။ ဒွေ၊ နှစ်ပါး ကုန်သော။ အဟေတုကမနောဝိညာဏဓာတုယော ပန၊ အဟိတ်မနောဝိညာဏဓာတ်တို့သည်ကား —

ဆဠာရမ္မဏ ဝိဇာနန လက္ခဏာ၊ ခြောက်ပါးသော အာရုံကို သိခြင်း လက္ခဏာရှိကုန်၏။

သန္တီရဏာဒိရသာ၊ စုံစမ်းခြင်းအစရှိသော ကိစ္စရှိကုန်၏။

တထာဘာဝ ပစ္စုပဋ္ဌာနာ၊ ထိုစုံစမ်းခြင်း အစရှိသည်၏အဖြစ်ဖြင့် ထင်ခြင်းရှိကုန်၏။

---

တနည်း-စက္ခုဝိညာဉ်ဖြစ်ဘို့ရန် စက္ခုပသာဒ, ရူပါရုံ, အလင်းရောင်တို့ ရှိလင့်ကစား ပဉ္စဒွါရာဝဇ္ဇန်းစိတ်က ရူပါရုံကိုယူ၍ စက္ခုဝိညာဉ်စိတ်နှင့် ဆက်သွယ်ပေးရဦးမည်။

ထို့ကြောင့် ရူပါရုံကို ရှေးဦး အစဆုံး အာရုံပြု ဆင်ခြင်သော ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် စက္ခုဝိညာဉ်စိတ် ဖြစ်ပေါ်ခြင်း၏ နီးစွာသော အကြောင်းဖြစ်သည်။

ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် ဘဝင်အစဉ်ကိုလည်း ပြတ်စေသည်၊ အကယ်၍ ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် ဘဝင်အစဉ်ကို မပြတ်စေသော် စက္ခုဝိညာဉ် မဖြစ်နိုင်၊ ရူပါရုံကို အာရုံပြု ဆင်ခြင်သော ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် ဘဝင်အစဉ်ကို ပြတ်စေမှသာ စက္ခုဝိညာဉ်ဖြစ်သည်။

သို့ဖြစ်၍ ရူပါရုံကို အာရုံပြု ဆင်ခြင်သော ပဉ္စဒွါရာဝဇ္ဇန်းစိတ်၏ ဘဝင်အစဉ်ကို မလည်စေခြင်း, ပြတ်စေခြင်းသည်သာ စက္ခုဝိညာဉ်စိတ်၏ နီးစွာသော အကြောင်းဖြစ်သည်။

အဋ္ဌသာလိနီ၊နှာ-၃၂၁။)

ဟဒယဝတ္ထုံ ပဒဋ္ဌာနာ၊ ဟဒယဝတ္ထုလျှင် နီးစွာသော အကြောင်းရှိကုန်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

**သောမနဿ သန္တီရဏစိတ် ၂-ဌာနၶ ဖြစ်ပုံ**

တတ္ထ[၁]၊ ထိုနှစ်ပါးသော မနောဝိညာဏဓာတ်တို့တွင်။ ပဌမာ၊ ပဌမ မနောဝိညာဏဓာတ်သည်။ ဧကန္တမိဋ္ဌာရမ္မဏေ၊ စင်စစ်သဖြင့် ဣဋ္ဌာရုံ၌။ ဝါ၊ အတိဣဋ္ဌာရုံ၌။ ပဝတ္တိသဗ္ဘာဝတော၊ ဖြစ်ခြင်းသဘောရှိသည်၏ အဖြစ်ကြောင့်။ သောမနဿ ယုတ္တာဝ၊ သောမနဿ ဝေဒနာနှင့် ယှဉ်သည်သာလျှင်။ ဟုတွာ၊ ဖြစ်၍။ ပဉ္စဒွါရေ၊ ပဉ္စဒွါရ၌။ သန္တီရဏကိစ္စံ၊ သန္တီရဏကိစ္စကို။ သာဓယမာနာ၊ ပြီးစေသည်ဖြစ်၍။ ပဉ္စသု ဒွါရေသု၊ ငါးပါးသော ဒွါရတို့၌။ ဌတွာ၊ တည်၍။ ဝိပစ္စတိ၊ အကျိုး၏အဖြစ်ဖြင့် ဖြစ်၏။

ဆသု ဒွါရေသု ပန၊ ခြောက်ပါးသော ဒွါရတို့၌ကား။ ဗလဝါရမ္မဏေ၊ အတိမဟန္တာရုံ, ဝိဘူတာရုံ၌။ တဒါရမ္မဏံ၊ တဒါရုံသည်။ ဟုတွာ၊ ဖြစ်၍။ ဝိပစ္စတိ၊ အကျိုး၏အဖြစ်ဖြင့် ဖြစ်၏၊ (အကျိုးပေး၏)။

**ဥပေက္ခာ သန္တီရဏစိတ် ၅-ဌာနၶ ဖြစ်ပုံ**

ဒုတိယာ ပန၊ ဒုတိယ မနောဝိညာဏဓာတ်သည်ကား။ ဣဋ္ဌမဇ္ဈတ္တာရမ္မဏေ၊ ဣဋ္ဌမဇ္ဈတ္တာရုံ၌။ ပဝတ္တိသဗ္ဘာဝတော၊ ဖြစ်ခြင်းသဘောရှိသည်၏အဖြစ်ကြောင့်။ ဥပေက္ခာသဟဂတာ၊ ဥပေက္ခာဝေဒနာနှင့်ယှဉ်သည်။ ဟုတွာ၊ ဖြစ်၍။ သန္တီရဏတဒါရမ္မဏ ပဋိသန္ဓိဘဝင်္ဂစုတိဝသေန၊ သန္တီရဏ, တဒါရုံ, ပဋိသန္ဓေ, ဘဝင်, စုတိတို့၏ အစွမ်းအားဖြင့်။ ပဝတ္တနတော၊ ဖြစ်ခြင်းကြောင့်။ ပဉ္စသု ဌာနေသု[၂]၊ ငါးပါးသော အရာတို့၌။ ဝိပစ္စတိ၊ အကျိုးပေး၏။

---

ကျမ်းတက် ၁။ ယခုအခါ ဤအကုသလဝိပါက်စိတ်တို့၏ အာရုံအစရှိသောအားဖြင့် အပြားကို ပြခြင်းငှါ တတ္ထ ပဌမာ အစရှိသော ပါဌ်တို့ကို မိန့်။

အမှာ ၂။ သဟိတ်ဝိပါက်တို့အား ဆိုအပ်ခဲ့သော ဌာနလေးပါး, သမ္ပဋိစ္ဆိုင်းနှင့် ဝုဋ္ဌော အကြားဟုဆိုအပ်သော သန္တီရဏဌာန၊ ဤငါးဌာနတည်း။

သောမနဿပဋိသန္ဓေ နေသော သူအား ဒေါမနဿဇော၏ အဆုံး၌ တဒါရုံဖြစ်ခြင်း မရှိသောကြောင့် အမှတ်မရှိ ရှေး၌ လေ့ကျက်ဘူးသော ပရိတ္တာရုံကို အာရုံပြု၍ ဥပေက္ခာ သဟဂုတ်သန္တီရဏ ဖြစ်၏ဟု အလိုရှိအပ်သော်လည်း ထိုအခြင်းဖြင့် ဖြစ်သော သန္တီရဏ၏

ကထံ ဝိပစ္စတိ၊ အဘယ်သို့ အကျိုး၏အဖြစ်ဖြင့် ဖြစ်သနည်းဟူမူကား–

ပဋိသန္ဓေဌာန။ ။တာဝ၊ ရှေးဦးစွာ။ မနုဿလောကေ၊ လူ့ပြည်၌။ ဇစ္စန္ဓ-ဇစ္စဗဓိရ ဇစ္စဋ္ဌေ ဇစ္စုမ္မတ္တက ပဏ္ဍက ဥဘတောဗျဉ္ဇန-နပုံသကာဒိနံ[၁]၊ ပဋိသန္ဓေအားဖြင့် ကန်းသောသူ, ပဋိသန္ဓေအားဖြင့် နားပင်းသောသူ, ပဋိသန္ဓေအားဖြင့် ညဏ်ကင်းသောသူ, ပဋိသန္ဓေအားဖြင့် ရူးသောသူ, ပဏ္ဍုက်, ဥဘတောဗျည်း, နပုံး အစရှိသည်တို့၏။ ပဋိသန္ဓိဂ္ဂဟဏကာလေ၊ ပဋိသန္ဓေယူသောအခါ၌။ ပဋိသန္ဓိ၊ ပဋိသန္ဓေသည်။ ဟုတွာ၊ ဖြစ်၍။ ဝိပစ္စတိ၊ အကျိုးပေး၏။

ဘဝင်ဌာန။ ။ပဋိသန္ဓိယာ၊ ပဋိသန္ဓေသည်။ ဝီတိဝတ္တာယ၊ လွန်သည်ရှိသော်။ ပဝတ္တိယံ၊ ပဝတ္တိကာလ၌။ ယာဝတာယုကံ၊ အသက်ရှိသော ကာလပတ်လုံး။ ဘဝင်္ဂံ၊ ဘဝင်သည်။ ဟုတွာ၊ ဖြစ်၍။ ဝိပစ္စတိ၊ အကျိုးပေး၏။

သန္တီရဏဌာန။ ။ဣဋ္ဌမဇ္ဈတ္တေ၊ ဣဋ္ဌမဇ္ဈတ္တာရုံ၌။ ပဉ္စာရမ္မဏဝီထိယာ၊ ငါးပါးသော အာရုံရှိသော ဝီထိ၌။ သန္တီရဏံ၊ သန္တီ-ရဏသည်။ ဟုတွာ၊ ဖြစ်၍။

---

ကဒါစိသာ ဖြစ်ခြင်းကြောင့် ယေဘုယျပ္ပဝတ္တိကို ယူ၍ ဆ ဌာနာနိ မဆို၊ ပဉ္စဝ (၅-ဌာနဟူသာ)ဟု မိန့်သည်။ ဝါ၊ တနည်း။ ဥပေက္ခာသဟဂုတ် သန္တီရဏ ဖြစ်သည်ရှိသော် တဒါရုံ အရာ၌သာ ဖြစ်၏၊ ထိုကြောင့် တဒါရုံ၏ အစွမ်းအားဖြင့်သာ ဥပေက္ခာသဟဂုတ် သန္တီရဏ ၏လည်း ဌာနကို ယူသည်ဟု မှတ်အပ်၏။ (ဧင်း ဋီကာသစ်၊ ပ၊ နှာ-၂၆၇)

အမှာ ၁။ ဒုဟိတ်ပဋိသန္ဓေရှိသော သူသည် ပဋိသန္ဓေ၌ အညာဏဖြစ်သော်လည်း ထိုဒုဟိတ်ပုဂ္ဂိုလ်အား ပဝတ္တိအခါ ပညာဖြစ်သင့်သောကြောင့် ဆိုပြီးသောနည်းဖြင့် (ယေဘုယျအားဖြင့်)ပဝတ္တိအခါ၌လည်း ပညာ၏ မဖြစ်ခြင်းကြောင့် ဇစ္စဋ္ဌေကို သိအပ်၏။

ပဏ္ဍကပုဒ်၌ ဩပက္ကမိကပဏ္ဍုက်၏ သဟိတ်အားဖြင့်လည်း ဖြစ်ခြင်းကြောင့်, နပုံးကိုလည်း အသီးအခြားယူခြင်းကြောင့် အာသိတ္တ, ဥဿုယျ, ပက္ခပဏ္ဍုက် သုံးယောက်ကို အလိုရှိအပ်၏။ ။(ပဏ္ဍုက်=ပဏ္ဍက=လိင်အင်္ဂါချို့တဲ့သူ=လိင်အင်္ဂါချို့ယွင်းခြင်း)

နပုံသကာဒိနံ၌ အာဒိသဒ္ဒါဖြင့် ဇာတိမူဂ, ဇာတိပင်္ဂုလ, မမ္မန အစရှိသည်တို့ကို သင်္ဂြိုဟ်သည်။ (ဧင်း ဋီကာသစ်၊ ပ၊ နှာ-၂၆၈)

(န ပုံသက=(န=မ+ပုံသက=ယောကျ်ား မိန်းမ) ယောကျ်ားလည်းမဟုတ် မိန်းမလည်း မဟုတ်သူ။

ဥဘတော ဗျည်း=(ဥဘတော=၂-ခု။ ဗျဉ္ဇန=အင်္ဂါဇာတ်) မိန်းမ ယောကျ်ား အင်္ဂါ ၂-မျိုးစလုံးပါသူ)

**တဒါရုံဌာန**။ ။ဗလဝါရမ္မဏော၊ အတိမဟန္တာရုံ, ဝိဘူတာရုံ၌။ ဆဒွါရေ၊ ခြောက်ပါးသော ဒွါရ၌။ တဒါရမ္မဏံ၊ တဒါရုံသည်။ ဟုတွာ၊ ဖြစ်၍။

**စုတိဌာန**။ ။မရဏကာလေ၊ သေသောကာလ၌။ စုတိ၊ စုတိသည်။ ဟုတွာ၊ ဖြစ်၍။ ဣတိ၊ ဤသို့။ ဣမေသု ပဉ္စသု ဌာနေသု၊ ဤငါးပါးသော အရာတို့၌။ ဝိပစ္စတိ၊ အကျိုးပေး၏။

ဣတိ ဧဝံ=ဣမိနာ ဝုတ္တပ္ပကာရေန၊ ဤသို့ ဆိုအပ်ပြီးသော အပြား အားဖြင့်။ တာဝ၊ ရှေးဦးစွာ။ အဟေတုကဝိပါကစိတ္တာနိ၊ အဟိတ် (ကုသလ)ဝိပါက်စိတ်တို့ကို။ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏။

## ကာမဝိပါက်စိတ်များ

**ကာမ ကုသလဝိပါက်စိတ် ၁၆-ပါး** ၄၃။ ကာမာဝစရပုညဿ၊ ကာမာဝစရ ကုသိုလ်၏။ ဝိပါကာ၊ ဝိပါက်စိတ်တို့သည်။ သောဠသ၊ တဆဲ့ခြောက်ပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တံ၊ ထိုတဆဲ့ခြောက်ပါးသော ဝိပါက်ကို။ တိဟေတုကပုညဿ၊ တိဟိတ်ဥက္ကဋ္ဌကုသိုလ်၏။ ဝသေန၊ အစွမ်းအားဖြင့်။ ပရိဒီပယေ၊ ပြရာ၏။

## ရူပဝိပါက်စိတ်များ

**ရူပဝိပါက်စိတ် ၆-မျိုး**။ ။ဣဒါနိ၊ ယခုအခါ၌။ ရူပါဝစရ ဝိပါကစိတ္တာနိ၊ ရူပါဝစရဝိပါက်စိတ်တို့ကို။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ တာနိ၊ ထိုရူပါဝစရဝိပါက်စိတ်တို့သည်—

နိယတဝတ္ထုကတော၊ မြဲသော ဟဒယဝတ္ထုရှိသော အားဖြင့်။ ကေဝလံ၊ တပါးသောအဘို့ ရှိကုန်၏။

ဈာနင် ယောဂဘေဒတော၊ ဝိတက်အစရှိသော ဈာန်အင်္ဂါတို့နှင့် ယှဉ်သော အပြားအားဖြင့်။ ပဉ္စဝိဓာနိ၊ ငါးပါးသော အဘို့ရှိကုန်၏။

**ရူပဝိပါက်စိတ် ၅-ပါး**။ ။ပဉ္စဝိဓာနိ၊ ငါးပါးသော အဘို့ရှိကုန်သည်။ ကထံ ဟောန္တိ၊ အဘယ်သို့ ဖြစ်ကုန်သနည်း ဟူမူကား—

ဝိတက္က ဝိစာရ ပီတိ သုခ စိတ္တေကဂ္ဂတာ သမ္ပယုတ္တံ၊ ဝိတက်, ဝိစာရ, ပီတိ, သုခ, စိတ္တေကဂ္ဂတာတို့နှင့် ယှဉ်သော။ ပဌမဇ္ဈ၊ ပဌမဈာန်ဝိပါက်စိတ်ရင်း။

ဝိစာရ ပီတိ သုခ စိတ္တေကဂ္ဂတာ သမ္ပယုတ္တံ၊ (ဝိတက်ကြဉ်) ဝိစာရ, ပီတိ, သုခ, စိတ္တေကဂ္ဂတာတို့နှင့် ယှဉ်သော။ ဒုတိယဇ္ဈ၊ ဒုတိယဈာန်ဝိပါက်စိတ်ရင်း။

ပီတိ သုခ စိတ္တေကဂ္ဂတာ သမ္ပယုတ္တံ၊ (ဝိတက်, ဝိစာရကြဉ်) ပီတိ, သုခ, စိတ္တေကဂ္ဂတာတို့နှင့် ယှဉ်သော။ တတိယဇ္ဈ၊ တတိယဈာန်ဝိပါက်စိတ်ရင်း။

သုခ စိတ္တေကဂ္ဂတာ သမ္ပယုတ္တံ၊ (ဝိတက်, ဝိစာရ, ပီတိကြဉ်) သုခ, စိတ္တေကဂ္ဂတာတို့နှင့်ယှဉ်သော။ စတုတ္ထဇ္ဈ၊ စတုတ္ထဈာန်ဝိပါက်စိတ်ရင်း။

ဥပေက္ခာ စိတ္တေကဂ္ဂတာ သမ္ပယုတ္တံ၊ (ဝိတက်, ဝိစာရ, ပီတိ, သုခကြဉ်) ဥပေက္ခာ, စိတ္တေကဂ္ဂတာတို့နှင့် ယှဉ်သော။ ပဉ္စမဇ္ဈ၊ ပဉ္စမဈာန်ဝိပါက်စိတ်ရင်း။

ဣတိ=ဣမိနာ ပကာရေန၊ ဤသို့သော အပြားအားဖြင့်။ ဣမာနိ ပဉ္စပိ၊ ဤငါးပါးသော စိတ်တို့သည်လည်း။ ရူပါဝစရဝိပါကစိတ္တာနိ၊ ရူပါဝစရ ဝိပါက်စိတ်တို့ မည်ကုန်၏။

**ပဉ္စသန္ဓိ, ဘဝင်, စုတိကိစ္စ။**　　။ဣမာနိ၊ ဤငါးပါးသော ရူပါဝစရဝိပါက်စိတ်တို့သည်။ ဥပပတ္တိယံ၊ ဥပပတ္တိဘဝ၌။ ပဋိသန္ဓိ ဘဝင် စုတိဝသေန၊ ပဋိသန္ဓေ, ဘဝင်, စုတိတို့၏ အစွမ်းအားဖြင့်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။

## အရူပဝိပါက်စိတ်များ

**အရူပါဝစရဝိပါက်စိတ် ၄-ပါး။**　　။ဣဒါနိ၊ ယခုအခါ၌။ အရူပါဝစရဝိပါကစိတ္တာနိ၊ အရူပါဝစရဝိပါက်စိတ်တို့ကို။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ တာနိ၊ ထိုအရူပါဝစရဝိပါက်စိတ်တို့သည်—

သက ကုသလာနိ ဝိယ၊ မိမိကိုဖြစ်စေတတ်သော ကုသိုလ်စိတ်တို့ကဲ့သို့။ အာရမ္မဏဘေဒတော၊ အာရုံအပြားအားဖြင့်။ စတုဗ္ဗိဓာနိ၊ ၄-ပါး အပြား ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

စတုဗ္ဗိဓာနိ၊ လေးပါးသော အဘို့ရှိကုန်သည်။ ကထံ ဟောန္တိ၊ အဘယ် သို့ ဖြစ်ကုန်သနည်း ဟူမူကား—

အာကာသာနဉ္စာယတနသညာသဟဂတဉ္စ၊ အာကာသာနဉ္စာယတန- သညာနှင့်တကွဖြစ်သော ဝိပါက်စိတ်ရင်း။

ဝိညာဏဉ္စာယတနသညာသဟဂတဉ္စ၊ ဝိညာဏဉ္စာယတနသညာနှင့် တကွဖြစ်သော ဝိပါက်စိတ်ရင်း။

အာကိဉ္စညာယတနသညာသဟဂတဉ္စ၊ အာကိဉ္စညာယတနသညာနှင့် တကွဖြစ်သော ဝိပါက်စိတ်ရင်း။

နေဝသညာနာသညာယတနသညာသဟဂတဉ္စ၊ နေဝသညာနာသညာ- ယတနသညာနှင့်တကွ ဖြစ်သော ဝိပါက်စိတ်ရင်း။

ဣတိ=ဣမိနာ ပဘေဒေန၊ ဤသို့သော အပြားအားဖြင့်။ ဣမာနိ စတ္တာရိ၊ ဤလေးပါးသော စိတ်တို့သည်။ အရူပါဝစရဝိပါကစိတ္တာနိ၊ အရူပါဝစရဝိပါက်စိတ် မည်ကုန်၏။

**မဟဂ္ဂုတ်ဝိပါက် စိတ်သည် မဟဂ္ဂုတ်ကုသိုလ်နှင့် တူခြင်းအကြောင်း**

၄၄။ မဟဂ္ဂတံ၊ မဟဂ္ဂုတ်ဝိပါက် စိတ်ကို။ ကုသလာနုဂတံ၊ ကုသိုလ်နှင့် လျော်သည်ကို။ ဝါ၊ ကုသိုလ်နှင့်တူသည်ကို။ ကတ္ဂာ၊ ပြု၍။ ကိံ=ကေန ကာရဏေ- န၊ အဘယ်အကြောင်းကြောင့်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ (ထည့်) ဘာဇိတံ=ကထိတံ၊ ဟောတော်မူအပ်သနည်း။

ကာမာဝစရပုညံ၊ ကာမာဝစရကုသိုလ်သည်။ အသမာန ဖလံ၊ ကုသိုလ် နှင့် မတူသော အကျိုးရှိသည်။ ဟောတိ ဣဝ၊ ဖြစ်သကဲ့သို့။ ဣဒံ၊ ဤ မဟဂ္ဂုတ်ကုသိုလ်သည်။ အသမာန ဖလံ၊ ကုသိုလ်နှင့် မတူသော အကျိုးရှိ သည်။ ယတော=ယသ္မာ ကာရဏာ၊ အကြင်ကြောင့်။ န ဟောတိ၊ မဖြစ်။ တတော=တသ္မာ ကာရဏာ၊ ထိုကြောင့်။ မဟဂ္ဂတံ၊ မဟဂ္ဂုတ်ဝိပါက်စိတ်ကို။

ကုသလာနုဂတံ၊ ကုသိုလ်နှင့်တူသည်ကို။ ကတွာ၊ ပြု၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဘာဇိတံ=ကထိတံ၊ ဟောတော်မူအပ်၏[၁]။

၄၅။ ဂဇာဒိနံ[၂]၊ ဆင်အစရှိသည်တို့၏။ ဆာယာ၊ အရိပ်သည်။ ဂဇာဒိသဒိသာ ယထာ၊ ဆင်အစရှိသည်တို့နှင့်တူသကဲ့သို့။ တထာ၊ ထိုအတူ။ ဣဒံ၊ ဤမဟဂ္ဂုတ်ဝိပါက်စိတ်သည်။ အတ္တနော၊ မိမိ၏။ ကုသလေဟေဝ၊ ကုသိုလ်တို့နှင့်သာလျှင်။ ˚သဗ္ဗထာ=သဗ္ဗေန ပကာရေန၊ ဓမ္မ,အာရုံ,ပဋိပဒါ အစရှိသော ခပ်သိမ်းသော အပြားအားဖြင့်။ သမာနံ၊ တူ၏[၃]။

## မဟာကုသိုလ်အကျိုးပေးပုံနှင့် မဟဂ္ဂုတ်ကုသိုလ်တို့ အကျိုးပေးပုံ ထူးခြားချက်

၄၆။ ကာမာဝစရပုညံ၊ ကာမာဝစရကုသိုလ်စိတ်သည်။ အပရာပရိယဝေဒနံ၊ အဆက်ဆက်သော ဘဝ၌ခံစားအပ်သော အကျိုးရှိသည်။ ဟောတိ ဣဝ၊ ဖြစ်သကဲ့သို့။ ဣဒံ၊ ဤမဟဂ္ဂုတ်ကုသိုလ်စိတ်သည်။ အပရာပရိယဝေဒနံ၊ အဆက်ဆက်သော ဘဝ၌ ခံစားအပ်သော အကျိုးရှိသည်။ န ဟောတိ၊ မဖြစ်။ ဈာနာ၊ ဈာန်မှ။ အပရိဟီနဿ[၄]၊ မယုတ်သော။ ဘဝဂါမိနော၊ ပဋိသန္ဓေသို့လားသော။ သတ္တဿ၊ သတ္တဝါအား။

၄၇။ ကုသလာနန္တရံယေဝ၊ ကုသိုလ်ကိုပြုသောဘဝ၏ အခြားမဲ့၌သာလျှင်။ ဖလံ၊ အကျိုးသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣတိ စ၊ ဤသို့လည်း။ ဧတေသ အတ္ထဿ၊ ဤအနက်ကို။ ဉာပနတ္ထံ၊ သိစေခြင်းအကျိုးငှါ။

---

၁-၃။ [(က) ကာမာဝစရကုသိုလ်စိတ် ၈-ပါးကြောင့် ကုသလဝိပါက်စိတ် ၁၆-ပါး ဖြစ်ပေါ်သည်။ မဟာကုသိုလ်ဉာဏသမ္ပယုတ် အသင်္ခါရိက ဥက္ကဋ္ဌစိတ် တခုသည်ပင် ကုသလဝိပါက်စိတ် ၁၆-ပါးကို ဖြစ်စေနိုင်သည်။ ကုသိုလ် တခုအတွက် အမျိုးမျိုး ကွဲကွဲပြားပြား အကျိုးပေးသည်။

(ခ) မဟဂ္ဂုတ်ကုသိုလ်စိတ် တခုတခုကြောင့် ဝိပါက်စိတ်တခုသာ ဖြစ်ပေါ်သည်။ ကုသိုလ်အရ ထပ်တူအကျိုးပေးသည်။]

အမှာ ၂။ အမှတ်မရှိသော ဝတ္ထု၏ အရိပ်သည် ထိုထိုဝတ္ထုနှင့် တူသော်လည်း ကြီးမြတ်သော ကုသလဝိပါက်၏ ကြီးမြတ်သည်သာ ဖြစ်သော ဥပမာသည် ဖြစ်ရာ၏ဟု နှလုံးပြု၍ ဂဇာဒိနံ အစရှိသည်ကို မိန့်သည်။

ကျမ်းတက် ၄။ အပရာပရိယ မဖြစ်အံ့၊ အဘယ်သို့လျှင် ဤမဟဂ္ဂုတ်၏ အကျိုးဖြစ်သနည်း ဟူသော စောဒနာကို ပြခြင်းငှါ ဈာနာ အပရိဟီနဿ အစရှိသည်ကို မိန့်။

ကုသလာနုဂတံ၊ ကုသိုလ်နှင့်တူသည်ကို။ ကတ္ွာ၊ ပြု၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ကတံ=ကထိတံ၊ ဟောတော်မူအပ်၏။

၄၇။ ဧတ္ထ ဝိပါကေ၊ ဤမဟဂ္ဂုတ်ဝိပါက်စိတ်၌။ ပဋိပဒါက္ကမော စေဝ[1]၊ ပဋိပဒါအစဉ်ကိုရင်း။ ဟီနာဒီနံ၊ ဟီနအစရှိသည်တို့၏။ ဘေဒတော=ဘေဒေါ စ၊ အပြားကိုရင်း။ ဈာနာဂမနတော စ၊ ဈာန်တည်းဟူသော ရောက်ကြောင်းအားဖြင့်သာလျှင်။ ဝိဘာဝိနာ၊ ပညာရှိသည်။ ဝေဒိတဗ္ဗော၊ သိအပ်၏။

**မဟဂ္ဂုတ်ကုသိုလ်နှင့် ဝိပါက်ကွဲပြားချက်**

၄၈။ ဧတ္ထ ဝိပါကေ၊ ဤမဟဂ္ဂုတ် ဝိပါက်စိတ်၌။ အဓိပတီနံ၊ အဓိပတိတို့၏။ အဘာဝေါ စ၊ မရှိခြင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ အယမေဝ၊ ဤသည်လျှင်။ ကုသလတော၊ ကုသိုလ်မှ။ ဝိသေသ-ကော=ဝိသေသော၊ ထူး၏။ သေသံ၊ ကြွင်းသော။ သဗ္ဗံ၊ အလုံးစုံကို။ အဝိသေသေန၊ မထူးသောအားဖြင့်။ ကုသလေန၊ ကုသိုလ်နှင့်။ သမံ၊ တူ၏ဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ မတံ=ကထိတံ၊ ဟောတော်မူအပ်၏။

ဧဝံ၊ ဤဆိုအပ်ပြီးသော အပြားအားဖြင့်။ ရူပါဝစရာရူပါဝစရဝိပါကာ၊ ရူပါဝစရဝိပါက် အရူပါဝစရဝိပါက်တို့ကို။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

## လောကုတ္တရာဝိပါက်စိတ်

**လောကုတ္တရာဝိပါက်စိတ်=ဖိုလ်စိတ် ၄-ပါး**

ဣဒါနိ၊ ယခုအခါ၌။ လောကုတ္တရ-ဝိပါကစိတ္တာနိ၊ လောကုတ္တရာ ဝိပါက်စိတ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တာနိ၊ ထိုလောကုတ္တရာ ဝိပါက်စိတ်တို့သည်။ စတုမဂ္ဂယုတ္တစိတ္တဖလတ္တာ၊ လေးပါးသော အရိယမဂ်နှင့်ယှဉ်သော ကုသိုလ်စိတ်၏ အကျိုးဖြစ်သည်၏ အဖြစ်ကြောင့်။ စတုဗ္ဗိဓာနိ၊ လေးပါးသော အဘို့ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

---

ကျမ်းတက် ၁။ ဤသို့သော အဝိသေသအားဖြင့် ကုသိုလ်နှင့် တူသည့်အဖြစ်ကို ညွှန်ပြပြီး၍ ယခုအခါ ဝိသေသကို ပြခြင်းငှါ ပဋိပဒါက္ကမော စေဝ အစရှိသည်ကို မိန့်။

စတုဗ္ဗိဓာနိ၊ လေးပါးအပြားရှိကုန်သည်။ ကထံ ဟောန္တိ၊ အဘယ်သို့ ဖြစ်ကုန်သနည်း ဟူမူကား—

သောတာပတ္တိမဂ္ဂဖလစိတ္တဉ္စ၊ သောတာပတ္တိမဂ်၏ အကျိုးဖြစ်သော စိတ်ဋ္ဌင်း။

သကဒါဂါမိမဂ္ဂဖလစိတ္တဉ္စ၊သကဒါဂါမိမဂ်၏ အကျိုးဖြစ်သောစိတ်ဋ္ဌင်း။

အနာဂါမိမဂ္ဂဖလစိတ္တဉ္စ၊ အနာဂါမိမဂ်၏ အကျိုးဖြစ်သော စိတ်ဋ္ဌင်း။

အရဟတ္တမဂ္ဂဖလစိတ္တဉ္စ၊ အရဟတ္တမဂ်၏ အကျိုးဖြစ်သော စိတ်ဋ္ဌင်း။

ဣတိ=ဣမိနာ ပဘေဒေန၊ ဤသို့သော အပြားအားဖြင့်။ စတုဗ္ဗိဓာနိ၊ လေးပါးသော အဘို့ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဖိုလ်စိတ် ၂၀-ပါး ပြားပုံ။ ။ဧဝံ=ဣမိနာ ဝုတ္တပ္ပကာရေန၊ ဤသို့ ဆိုအပ်ပြီးသော အပြားအားဖြင့်။ စတုဗ္ဗိဓေသု၊ လေးပါးသော အဘို့ရှိကုန်သော။ ဧတ္ထ=ဣမေသု လောကုတ္တရဝိပါကေသု၊ ဤလောကုတ္တရာ ဝိပါက်စိတ်တို့တွင်။ ဧကေကံ၊ တပါးတပါးသော လောကုတ္တရာဝိပါက်စိတ်သည်။ ဈာနင်္ဂယောဂဘေဒတော၊ ဝိတက်အစရှိသော ဈာန်အင်္ဂါတို့နှင့်ယှဉ်သော အပြားအားဖြင့်။ ပဉ္စဝိဓံ၊ ငါးပါးသော အဘို့ ရှိ၏။

ဖိုလ်စိတ် ၂-မျိုး ပြားပုံ။ ။ပုန၊ တဖန်။ မဂ္ဂဝီထိ ဖလသမာပတ္တိဝသေန၊ မဂ္ဂဝီထိ, ဖလသမာပတ္တိတို့၏ အစွမ်းအားဖြင့်။ ပဝတ္တိတော၊ ဖြစ်ခြင်းကြောင့်။ ဒုဝိဓံ၊ နှစ်ပါးအပြားရှိ၏ [၁]။

ဧဝံ=ဣမိနာ ဝုတ္တပ္ပကာရေန၊ ဤသို့ဆိုအပ်ပြီးသော အပြားအားဖြင့်။ လောကုတ္တရကုသလဝိပါကစိတ္တာနိ၊ လောကုတ္တရာကုသိုလ် (၏အကျိုးဖြစ်သော) ဝိပါက်စိတ်တို့ကို။ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏။

---

ကျမ်းတက် ၁။ မဂ္ဂဝီထိ၌ နှစ်ကြိမ်ဋ္ဌင်း, သုံးကြိမ်ဋ္ဌင်း၊ ဖလသမာပတ်၌ မပိုင်းခြားအပ်သော ပမာဏရှိသည်ဋ္ဌင်း ဖြစ်၍ ဖြစ်သော်လည်း နှစ်ပါးသော ဖြစ်သောဌာနတို့၌ ပြသဖြင့် နှစ်ပါးသော အပြားရှိသည်သာ ဖြစ်၏ဟု ပြခြင်းငှါ မဂ္ဂဝီထိ ဖလသမာပတ္တိဝသေန ပဝတ္တိတော ဒုဝိဓံ ဟု မိန့်သည်။ (ဋ္ဌင်းဋီကာသစ်၊ ပ၊ နှာ-၂၇၂)

ဖိုလ်၏ သုညတ-စသော အမည်ရခြင်း, မရခြင်း

၅၀။ သုညတဉ္စ၊ သုညတဒုင်း။ အနိမိတ္တဉ္စ၊ အနိမိတ္တဒုင်း။ တထာ၊ ထိုမှတပါး။ အပ္ပဏိဟိတဉ္စ၊ အပ္ပဏိဟိတဒုင်း။ ဣတိ= ဣမိနာ ပဘေဒေန၊ ဤသို့သော အပြားအားဖြင့်။ တောနိ တီဏိ နာမာနိ၊ ဤသုံးပါးသော အမည်တို့သည်။ မဂ္ဂဿ၊ လေးပါးအပြားရှိသော မဂ်၏။ အနန္တရေ၊ အခြားမဲ့ဖြစ်သော။ ဖလေ၊ လေးပါးအပြားရှိသော ဖိုလ်၌။ ဟောန္တိ၊ ဖြစ်ကုန်၏။

၅၁။ ပရဘာဂသ္မိံ၊ မဂ်၏ အခြားမဲ့ဖြစ်သော ဖိုလ်မှတပါးသော ကာလ၌။ ဝဠဉ္ဇနဖလေသု၊ ဝင်စားသောအားဖြင့် ခံစားအပ်သော ဖိုလ်တို့၌။ န လဗ္ဘန္တိ၊ မရအပ်ကုန်။ တေ၊ ထိုလောကုတ္တရာဝိပါက်စိတ်တို့သည်။ ဝိပဿနာဝသေနေဝ[၁]၊ အနတ္တ အနိစ္စ ဒုက္ခ-ဟု ဆိုအပ်သော သုံးပါးသော ဝိပဿနာတို့၏ အစွမ်းအားဖြင့်သာလျှင်။ တာနိ နာမာနိ၊ ထိုသုံးပါးသော အမည်တို့ကို။ လဗ္ဘရေ=လဗ္ဘန္တိ၊ ရအပ်ကုန်၏။

ဖိုလ်စိတ်၌သာ အဓိပတိရှိခြင်း။

၅၂။ လောကုတ္တရဖလာနိ၊ လောကုတ္တရာ ဝိပါက်စိတ်တို့သည်။ သာဓိပတိနေဝ၊ အဓိပတိနှင့်တကွ ဖြစ်ကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အနာသဝေ၊ လောကုတ္တရာဝိပါက်စိတ်တို့ကို။ ဌပေတွာ တု၊ ထား၍လျှင်။ ဝိပါကေ၊ (လောကီ) ဝိပါက်စိတ်၌။ အဓိပတိ၊ အဓိပတိသည်။ နတ္ထိ၊ မရှိ။

---

အမှာ ၁။ န-ဟူသော ပဋိသေဓကို မဂ္ဂါဂမန-ကို ရည်၍ ပယ်အပ်၏ဟု ဝိပဿနာ ဝသေနေဝ-စသည်ကို မိန့်။

[(၁) မဂ်ဝီထိ၌ မဂ်စိတ်၏ အခြားမဲ့၌ ဖြစ်ပေါ်လာသော ဖိုလ်စိတ်သည် မိမိရှေးဖြစ်သော မဂ်စိတ်၏ အမည်ကိုရသည်။ မဂ်စိတ်က သုညတဖြစ်လျှင် ဖိုလ်စိတ်ကို သုညတ အမည်ဖြင့်သာ ခေါ်ရသည်။

(၂) သို့သော် ဝင်စားသည့် ဖိုလ်မှာမူ အာရုံပေါ်၌ ပွါးများဆင်ခြင်ပုံအတိုင်းသာ အမည်တွင်သည်။ မဂ်ဝီထိ၌ သုညတဖိုလ်ရရှိခဲ့သော်လည်း ဖိုလ်ဝင်စားသည့် အခါ ဒုက္ခလက္ခဏာရှုပြီး ဝင်စားလျှင် ဤဖိုလ်၏ အမည်သည် အပ္ပဏိဟိတ ဟု ခေါ်တွင်ရလေသည်။ ကျန်အမည်များကိုလည်း ဤနည်းအတိုင်း မှတ်ပါလေ။]

**မဂ်,ဖိုလ်၏ မဂ်မည်ခြင်း အကြောင်း** ၅၃။ မဂ္ဂေါ၊ မဂ်ကို။ အတ္တနော၊ မိမိ၏။ မဂ္ဂ- ဘာဝေန၊ တဆဲ့ခြောက်ပါးသော အခြင်းအရာတို့ဖြင့် သစ္စာလေးပါးကို ထိုးထွင်း၍ သိတတ်သောမဂ်၏ အဖြစ်ဖြင့်။ ဝါ၊ ကိလေသာတို့ကို သတ်လျက် သွားတတ်သည်ဟု ဆိုအပ်သော။ ဝါ၊ နိဗ္ဗာန်ကို အလိုရှိသောသူတို့သည် ရှာအပ်သည်၏ အဖြစ်ဟု ဆိုအပ်သော မဂ်၏အဖြစ်ဖြင့်။ မဂ္ဂေါတိ၊ မဂ်ဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုစ္စတိ၊ ဟောတော်မူအပ်၏။ ဖလံ၊ ဖိုလ်ကို။ မဂ္ဂံ၊ အင်္ဂါကမဂ်ကို။ ဥပါဒါယ၊ စွဲ၍။ မဂ္ဂေါနာမာတိ ဝစနံ၊ မဂ်မည်၏ဟူသော စကားကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုစ္စတိ၊ ဟောတော်မူအပ်၏။

စေ=ဣမိနာ ဝုတ္တပ္ပကာရေန၊ ဤသို့ဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့်။ လောကုတ္တရဝိပါကာ၊ လောကုတ္တရာ ဝိပါက်စိတ်တို့ကို။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

## အကုသလဝိပါက်စိတ်

**အကုသလဝိပါက်စိတ် ၇-ပါး။** ။ဣဒါနိ၊ ယခုအခါ၌။ သတ္တကုသလ- ဝိပါကာနိ၊ ခုနစ်ပါးသော အကုသလ- ဝိပါက်စိတ်တို့ကို။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ အကုသလဝိပါကံ၊ အကုသိုလ်၏ အကျိုးဖြစ်သော——

ဥပေက္ခာသဟဂတံ၊ ဥပေက္ခာဝေဒနာနှင့် ယှဉ်သော။ ဝါ၊ ဥပေက္ခာ ဝေဒနာနှင့်တကွ ကေုပ္ပါဒ-အစရှိသောအဖြစ်သို့ ရောက်သော။ စက္ခု- ဝိညာဏဉ္စ၊ စက္ခုဝိညာဉ်စိတ်ရင်း။

ဥပေက္ခာသဟဂတံ၊ ယှဉ်သော။ ဝါ၊ ရောက်သော။ သောတဝိညာဏဉ္စ၊ သောတဝိညာဉ်စိတ်ရင်း။

ဥပေက္ခာသဟဂတံ၊ ယှဉ်သော။ ဝါ၊ ရောက်သော။ ဃာနဝိညာဏဉ္စ၊ ဃာနဝိညာဉ်စိတ်ရင်း။

ဥပေက္ခာသဟဂတံ၊ ယှဉ်သော။ ဝါ၊ ရောက်သော။ ဇိဝှါဝိညာဏဉ္စ၊ ဇိဝှါဝိညာဏ်စိတ်ရင်း။

ဒုက္ခသဟဂတံ၊ ဒုက္ခဝေဒနာနှင့်ယှဉ်သော။ ဝါ၊ ရောက်သော။ ကာယ- ဝိညာဏဉ္စ၊ ကာယဝိညာဉ်စိတ်ရင်း။

ဥပေက္ခာသဟဂတံ၊ ယှဉ်သော။ ဝါ၊ ရောက်သော။ အဟေတုကမနောဓာတုသမ္ပဋိစ္ဆနဥ္စ၊ အဟိတ်မနောဓာတ် သမ္ပဋိစ္ဆိုန်းစိတ်ၗင်း။

ဥပေက္ခာသဟဂတံ၊ ယှဉ်သော။ ဝါ၊ ရောက်သော။ အဟေတုကမနောဝိညာဏဓာတုသန္တီရဏဥ္စ၊ အဟိတ်မနောဝိညာဏဓာတ် သန္တီရဏ စိတ်ၗင်း။

ဣတိ=ဣမိနာ ပဘေဒေန၊ ဤသို့ ဆိုအပ်ပြီးသော အပြားအားဖြင့်။ ဣမာနိ သတ္တ၊ ဤခုနစ်ပါးတို့သည်။ အကုသလဝိပါကစိတ္တာနိ၊ တပါးတပါး သော အကုသိုလ်၏အကျိုးဖြစ်သော ဝိပါက်စိတ် မည်ကုန်၏။

## ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၅-ကိစ္စ၌ ဖြစ်ပုံ

**ပဋိသန္ဓိကိစ္စ။** ။တတ္ထ၊ ဤ ခုနစ်ပါးသော အကုသလဝိပါက်စိတ်တို့တွင်။ ဥပေက္ခာသဟဂတာ ဟေတုက မနောဝိညာဏ ဓာတု၊ ဥပေက္ခာသဟဂုတ် အဟိတ် မနော ဝိညာဏဓာတ်သည်။ ဧကာဒသဝိဓေနာပိ၊ တဆဲ့တပါး အပြားရှိသည်လည်း ဖြစ်သော။ အကုသလစိတ္တေန၊ အကုသိုလ်စိတ်ဖြင့်။ ကမ္မေ၊ ကံကို။ အာယူဟိတေ၊ အားထုတ်အပ်သည် ရှိသော်။ ကမ္မ-ကမ္မနိမိတ္တ ဂတိနိမိတ္တေသု၊ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်တို့တွင်။ ဝါ၊ လွန်လေပြီးသော ဘဝ၌ အားထုတ်အပ်သော အပရာပရိယဝေဒနိယကံ ဥပပဇ္ဇ ဝေဒနိယကံ-တည်းဟူသော ကံ, ထို ကံ-ကို ပြုသောကာလ၌ စေတနာသည် ယူအပ်သော အာရုံတည်းဟူသော ကမ္မနိမိတ်, ဖြစ်လတ္တံ့သော ဘဝ၌ အကျုံးဝင်သော ငရဲအစရှိသည်တို့၌ မီးလျှံအစရှိသော အဆင်း တည်းဟူသော ဂတိနိမိတ်တို့တွင်။ အညတရံ၊ တပါးပါးကို။ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ စတူသု၊ လေးပါးကုန်သော။ အပါယေသု၊ အပါယ် ဘုံတို့၌။ ပဋိသန္ဓိ၊ ပဋိသန္ဓေသည်။ ဟုတွာ၊ ဖြစ်၍။ ဝိပစ္စတိ၊ အကျိုး၏ အဖြစ်ဖြင့် ဖြစ်၏။

**ဘဝင်ကိစ္စ။** ။ပဋိသန္ဓိယာ၊ ပဋိသန္ဓေသည်။ ဝီတိဝတ္တာယ၊ လွန်သည် ရှိသော်။ ဒုတိယစိတ္တဝါရံ၊ ဒုတိယစိတ် အကြိမ်ပတ်လုံး။ တတော၊ ထို ဒုတိယစိတ်မှ။ ပဋ္ဌာယ၊ စ၍။ ယာဝတာယုကံ၊ အသက်ရှိသော ကာလပတ်လုံး။ ဘဝင်္ဂ၊ ဘဝင်သည်။ ဟုတွာ၊ ဖြစ်၍။

သန္တီရဏကိစ္စ။ ။အနိဋ္ဌ မဇ္ဈတ္တာရမ္မဏာယ၊ အနိဋ္ဌမဇ္ဈတ္တာရုံလျှင် အာရုံ ရှိသော။ ပဉ္စဝိညာဏဝီထိယာ၊ ပဉ္စဝိညာဏဝီထိ၌။ သန္တီရဏံ၊ သန္တီရဏသည်။ ဟုတွာ၊ ဖြစ်၍။

တဒါရုံကိစ္စ။ ။ဗလဝါရမ္မဏေ၊ အတိမဟန္တာရုံ, ဝိဘူတာရုံ၌။ ဆသု ဒွါရေသု၊ ခြောက်ဒွါရတို့၌။ တဒါရမ္မဏံ၊ တဒါရုံသည်။ ဟုတွာ၊ ဖြစ်၍။

စုတိကိစ္စ။ ။မရဏကာလေ၊ သေသောကာလ၌။ စုတိ၊ စုတိသည်။ ဟုတွာ၊ ဖြစ်၍။ ဝိပစ္စတိ၊ အကျိုး၏အဖြစ်ဖြင့် ဖြစ်၏။

ဝေ=ဣမိနာ ဝုတ္တပ္ပကာရေန၊ ဤသို့ ဆိုအပ်ပြီးသော အပြားအားဖြင့်။ ပဉ္စသု ဌာနေသု၊ ငါးပါးသော အရာတို့၌။ ဝိပစ္စတိ၊ အကျိုး၏အဖြစ်ဖြင့် ဖြစ်၏။

အဟိတ်ဝိပါက်စိတ် ၂-ပါး အထူး။ ။ဟိ သစ္စံ၊ မှန်၏။ ကေဝလံ၊ သက်သက်။ တာနိ ကုသလဝိပါကာ-ဟေတုကစိတ္တာနိ၊ ထိုကုသလဝိပါက် အဟိတ်စိတ်တို့သည်။ ကုသလကမ္မ-ပစ္စယာနိ၊ ကုသိုလ်ကံလျှင် အကြောင်းရှိကုန်၏။

ဣမာနိ၊ ဤအကုသလဝိပါက်စိတ်တို့သည်။ အကုသလကမ္မပစ္စယာနိ၊ အကုသိုလ်ကံလျှင် အကြောင်းရှိကုန်၏။

အယံ၊ ဤသည်လျှင်။ ဣမေသဉ္စ၊ ဤအကုသလဝိပါက် အဟိတ်စိတ်တို့၏ငင်း။ တေသဉ္စ၊ ထိုကုသလဝိပါက်အဟိတ်စိတ်တို့၏ငင်း။ ဝိသေသော၊ အထူးတည်း။

အကုသလဝိပါက်စိတ်ရှိ ဝေဒနာ ၂-ပါး ၅၄။ ဣမေ၊ ဤ အကုသလ ဝိပါက် အဟိတ်စိတ်တို့သည်။ အနိဋ္ဌာနိဋ္ဌမဇ္ဈတ္တဂေါစရေ၊ အနိဋ္ဌ, အနိဋ္ဌမဇ္ဈတ္တဖြစ်သော အာရုံ၌။ ဝတ္တရေ=ဝတ္တန္တိ၊ ဖြစ်ကုန်၏။ တေ၊ ထိုကုသလဝိပါက်စိတ်တို့သည်။ သုခါ-ဒိတ္တယယုတ္တာ၊ သုခအစရှိသော ဝေဒနာသုံးခု(သုခ,သောမနဿ,ဥပေက္ခာ)

တို့၏ အပေါင်းနှင့် ယှဉ်ကုန်၏။ ဣမေ၊ ဤအကုသလဝိပါက်စိတ်တို့သည်။ ဒုက္ခုပေက္ခာယုတ္တာ၊ ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာနှင့် ယှဉ်ကုန်၏[၁]။

**ဝိပါက်စိတ် ၃၆-ပါး။** ။ဧဝံ=ဣမိနာ ဝုတ္တပ္ပကာရေန၊ ဤသို့ ဆိုအပ်ပြီးသော အပြားအားဖြင့်—

ကာမာဝစရကုသလဝိပါကသဟေတုကံ၊ ကာမာဝစရကုသလဝိပါက် သဟိတ်စိတ်သည်။ အဋ္ဌဝိဓံ၊ ရှစ်ပါးသော အဘို့ရှိ၏။

အဟေတုကံ၊ အဟိတ်ကုသလဝိပါက်စိတ်သည်။ အဋ္ဌဝိဓံ၊ ရှစ်ပါးသော အဘို့ရှိ၏။

ဈာနင် ယောဂဘေဒတော၊ ဝိတက် အစရှိသော ဈာန်အင်္ဂါတို့နှင့် ယှဉ်သော အပြားအားဖြင့်။ ရူပါဝစရဝိပါကံ၊ ရူပါဝစရဝိပါက်စိတ်သည်။ ပဉ္စဝိဓံ၊ ငါးပါးအပြားရှိ၏။

အာရမ္မဏဘေဒတော၊ အာရုံအပြားအားဖြင့်။ အရူပါဝစရဝိပါကံ၊ အရူပါဝစရဝိပါက်စိတ်သည်။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိ၏။

မဂ္ဂသမ္ပယုတ္တစိတ္တဖလဘေဒတော၊ အရိယာမဂ်နှင့်ယှဉ်သော ကုသိုလ်စိတ်၏ အကျိုးအပြားအားဖြင့်။ လောကုတ္တရဝိပါကံ၊ လောကုတ္တရာဝိပါက်စိတ်သည်။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိ၏။

စက္ခုဝိညာဏာဒိဘေဒတော၊ စက္ခုဝိညာဉ်အစရှိသောအပြားအားဖြင့်။ အကုသလဝိပါကံ၊ အကုသလဝိပါက်စိတ်သည်။ သတ္တဝိဓံ၊ ၇-ပါးအပြားရှိ၏။

ဣတိ=ဣမိနာ ပဘေဒေန၊ ဤသို့သော အပြားအားဖြင့်။ ဝိပါကစိတ္တံ၊ ဝိပါက်စိတ်ကို။ ဆတ္တိံသဝိဓံ၊ သုံးဆဲ့ခြောက်ပါး အပြားရှိ၏ဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

၁၅။ ဧဝံ=ဣမိနာ ဝုတ္တပ္ပကာရေန၊ ဖြင့်။ ပါကသာသနပူဇိတော၊ အသုရာ သမီးတို့၏ ကိုယ်ဝန်ရင့်ခြင်းကို ဖျက်ဆီးတတ်သော သိကြားမင်း

၁။ (အဟိတ် အကုသလဝိပါက်စိတ်တို့၏ အနိဋ္ဌာရုံ အနိဋ္ဌမဇ္ဈတ္တာရုံတို့၌ ဖြစ်ခြင်းကို ဆိုသဖြင့် ထိုမှ ပြန်သောအားဖြင့် အဟိတ်ကုသလ ဝိပါက်စိတ်တို့၏ ဣဋ္ဌာရုံ ဣဋ္ဌမဇ္ဈတ္တာရုံတို့၌ ဖြစ်ခြင်းကို အတ္ထာပန္နနည်းအားဖြင့် သိအပ်သောကြောင့် အဟိတ်ကုသလ ဝိပါက်စိတ်တို့၏ အာရုံကို သီးခြားမဆိုခြင်းဖြစ်သည်၊ အမှန်မှာ အဟိတ်ကုသလ ဝိပါက်စိတ်တို့သည် ဣဋ္ဌာရုံ, ဣဋ္ဌမဇ္ဈတ္တာရုံ၌ ဖြစ်ကြသည်။ ၎င်းဋီကာသစ်၊ ပ၊ နှာ-၂၇၅။)

သည် ပူဇော်အပ်တော်မူသော။ ဝါ၊ ပါက-ဟု ဆိုအပ်သော အသုရာကို ညှဉ်းဆဲတတ်သော သိကြားမင်းသည် ပူဇော်အပ်တော်မူသော။ ဝါ၊ မိမိ ကောင်းမှုအကျိုးဖြင့် နတ်တို့ကို ဆုံးမတတ်သော သိကြားမင်းသည် ပူဇော်အပ်တော်မူသော။ ဝါ၊ ရင့်ပြီးသော သာသနာရှိသော ရဟန္တာတို့ သည် ပူဇော်အပ်တော် မူသော။ သုဂတော၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော။ သဝိပါကာ ဝိပါကေသု၊ ကုသိုလ် အကုသိုလ် ဝိပါက် ကြိယာတို့၌။ ကုသလော၊ လိမ္မာတော်မူသော မြတ်စွာဘုရားသည်။ ပါကံ၊ ဝိပါက်စိတ်ကို။ ဆတ္တိံသမာ=ဆတ္တိံသ ပကာရံ၊ သုံးဆဲ့ခြောက်ပါး အပြားရှိ၏ဟူ၍။ အဗြဝိ၊ ဟောတော်မူပြီ[၁]။

## ကြိယာအဗျာကတစိတ်

**ကြိယာအပြား။** ။ကိရိယာဗျာကတစိတ္တံ ပန၊ ကြိယာအဗျာကတစိတ် သည်ကား—

အဝိပါကတော၊ အကျိုးကို မထိုက်သည်၏ အဖြစ်အားဖြင့်။ ဧကဝိဓံ၊ တပါးသော အဘို့ရှိ၏။

ပရိတ္တ မဟဂ္ဂတတော၊ ကာမာဝစရကြိယာ, မဟဂ္ဂုတ်ကြိယာအားဖြင့်။ ဒုဝိဓံ၊ နှစ်ပါးအပြားရှိ၏။

ကာမာဝစရ ရူပါဝစရ အရူပါဝစရဘူမိဘေဒတော၊ ကာမာဝစရဘုံ, ရူပါဝစရဘုံ, အရူပါဝစရဘုံအပြားအားဖြင့်။ တိဝိဓံ၊ သုံးပါးအပြားရှိ၏။

**ကာမကြိယာစိတ် ၂-မျိုး။** ။တတ္ထ၊ ထိုကာမာဝစရ-အစရှိသော သုံးပါး သော ကြိယာစိတ်တို့တွင်။ ကာမာဝစရံ၊ ကာမာဝစရကြိယာစိတ်သည်။ သဟေတုကဉ္စ၊ သဟိတ်ကြိယာစိတ်ရင်း။

---

၁။ဝိဂြိုဟ်နှင့် အရကောက်။ ။ပါကဿ အသုရကညာနံ ဂဗ္ဘပရိပါကဿ သာသန- တော ဝိနာသနတော, ပါကသင်္ခါတဿ ဝါ အသုရဿ ဝိနာသနတော ပါကသာသနော ဝုစ္စတိ၊ သက္ကော ဒေဝရာဇာ။ (=သိကြား) တေန ပူဇိတော ပါကသာသနပူဇိတော။ (မြတ်စွာဘုရား ရ၏)

ပါကံ ဝိပရိပက္ကံ သာသန'မေတေသူတိ ဝါ ပါကသာသနာ၊ ရဟန္တာပုဂ္ဂိုလ်ရ၏။ တေဟိ ပူဇိတောတိ ပါကသာသနပူဇိတော။ (ဘုရား)

ပါကေန အတ္တနော ပုညဖလေန ဒေဝေ အနုသာသတီတိ ပါကသာသနော။ သိကြား ရ၏။ ပါကသာသနေန ပူဇိတော ပါကသာသနပူဇိတော။ မြတ်စွာဘုရား ရ၏။ (ဋင်းဋီကာ ဟောင်း နှာ-၁၆။ ဋင်းဋီကာသစ်၊ ပ၊ နှာ-၂၇၅။)

အဟေတုကဥ္စ၊ အဟိတ် ကြိယာစိတ်ငါး။ ဣတိ၊ ဤသို့။ ဒွိဝိဓံ၊ နှစ်ပါး အပြားရှိ၏။

**သဟိတ် ကာမကြိယာစိတ် ၈-ပါး။** ။တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ သဟေတုကံ၊ သဟိတ်ကြိယာစိတ်သည်။ အရဟတော ဝေ၊ ရဟန္တာအားသာလျှင်။ ဥပ္ပဇ္ဇနတော၊ ဖြစ်ခြင်းကြောင့်။ ဧကဝိဓံ၊ တပါးသော အဘို့ရှိ၏။

သောမနဿုပေက္ခာဉာဏပ္ပယောဂဘေဒတော၊ သောမနဿ ဥပေက္ခာ အပြား, ဉာဏ်အပြား, သင်္ခါရအပြားအားဖြင့်။ ကာမာဝစရကုသလံဝိယ၊ ကာမာဝစရကုသိုလ်စိတ်ကဲ့သို့။ အဋ္ဌဝိဓံ၊ ၈-ပါးအပြားရှိသည်။ ဟောတိ၊၏။

သေယျထိဒံ=တံ ကတမံ၊ ထို ရှစ်ပါးအပြားရှိသော သဟိတ်ကြိယာဟူသည် အဘယ်နည်းဟူမူကား—

သောမနဿသဟဂတံ၊ သောမနဿဝေဒနာနှင့် ယှဉ်သော။ ဝါ၊ ရောက်သော။ ဉာဏသမ္ပယုတ္တံ၊ ဉာဏ်နှင့်အညီအညွတ် ကေပ္ပါဒ-အစရှိသော အပြားတို့ဖြင့်ယှဉ်သော။ အသင်္ခါရိကဥ္စ၊ တိုက်တွန်းခြင်းကင်းသော။ ဝါ၊ တိုက်တွန်းခြင်း မရှိသောစိတ်ငါး။ ။သသင်္ခါရိကဥ္စ၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ ဝါ၊ တိုက်တွန်းခြင်းရှိသောစိတ်ငါး။

သောမနဿသဟဂတံ၊ ယှဉ်သော။ ဝါ၊ ရောက်သော။ ဉာဏဝိပ္ပယုတ္တံ၊ ဉာဏ်ကင်းသော။ အသင်္ခါရိကဥ္စ၊ ကင်းသော။ ဝါ၊ မရှိသောစိတ်ငါး။ ။ သသင်္ခါရိကဥ္စ၊ တကွဖြစ်သော။ ဝါ၊ ရှိသောစိတ်ငါး။

ဥပေက္ခာသဟဂတံ၊ ယှဉ်သော။ ဝါ၊ ရောက်သော။ ဉာဏသမ္ပယုတ္တံ၊ ယှဉ်သော။ အသင်္ခါရိကဥ္စ၊ ကင်းသော။ ဝါ၊ မရှိသောစိတ်ငါး။ ။ သသင်္ခါရိကဥ္စ၊ တကွဖြစ်သော။ ဝါ၊ ရှိသောစိတ်ငါး။

ဥပေက္ခာသဟဂတံ၊ ယှဉ်သော။ ဝါ၊ ရောက်သော။ ဉာဏဝိပ္ပယုတ္တံ၊ သော။ အသင်္ခါရိကဥ္စ၊ တိုက်တွန်းခြင်းကင်းသော။ ဝါ၊ မရှိသောစိတ်ငါး။ ။သသင်္ခါရိကဥ္စ၊ တိုက်တွန်းခြင်းနှင့်တကွဖြစ်သော။ ဝါ၊ ရှိသောစိတ်ငါး။

ဣတိ=ဣမိနာ ပဘေဒေန၊ ဤသို့သော အပြားအားဖြင့်။ ဣမာနိ အဋ္ဌ၊ ဤ ရှစ်ပါးသောစိတ်တို့သည်။ သဟေတုကကိရိယစိတ္တာနိ၊ သဟိတ် ကြိယာစိတ်မည်ကုန်၏။

**ရဟန္တာတို့ သန္တာန်၌သာ ဖြစ်ခြင်း။** ။တောနိ ပန၊ ဤ ရှစ်ပါးသော သဟိတ်ကြိယာစိတ်တို့သည်ကား။ ယထာနုရူပံ၊ ထိုက်သည်အားလျော်စွာ။ ဒါနာဒိဝသေန၊ ဒါနအစရှိသည်တို့၏အစွမ်းအားဖြင့်။ ခီဏာသဝါနံ ယေဝ၊ ရဟန္တာတို့အားသာလျှင်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဝံ=ဣမိနာ ဝုတ္တပ္ပကာရေန၊ ဤသို့ဆိုအပ်ပြီးသော အပြားအားဖြင့်။ သဟေတုကကိရိယစိတ္တာနိ၊ သဟိတ်ကြိယာစိတ်တို့ကို။ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏။

**အဟိတ် ကြိယာစိတ် ၃-ပါး။** ။ပန၊ သဟိတ်ကြိယာမှတပါး အဟိတ်ကြိယာကိုဆိုဦးအံ့။ အဟေတုကကိရိယစိတ္တံ၊ အဟိတ်ကြိယာစိတ်သည်——

**ပဉ္စဒွါရာဝဇ္ဇန်းစိတ်။** ။ကိရိယာဟေတုက မနောဓာတု ဉပေက္ခာသဟဂတံ၊ ကြိယာအဟိတ် မနောဓာတ် ဉပေက္ခာသဟဂုတ် ဖြစ်သော။ အာဝဇ္ဇနစိတ္တဉ္စ၊ အာဝဇ္ဇန်းစိတ်ၐင်း။ ဝါ၊ ထင်ခြင်းသို့ ရောက်သော အာရုံကို ရှေးဦးစွာ နှလုံးသွင်းတတ်သော စိတ်ၐင်း။ ဝါ၊ စက္ခုဝိညာဉ်အစရှိသော ဝီထိစိတ်တို့ကို ထင်ခြင်းသို့ရောက်သော အာရုံသို့ ရှေးရှုညွတ်စေတတ်သောစိတ်ၐင်း။ ဝါ၊ စိတ်အစဉ်ကို ရှေးအခြင်းအရာမှ ဖောက်ပြန်စေတတ်သော စိတ်ၐင်း။ ဝါ၊ အစဉ်မပြတ်ဖြစ်သော ဘဝင်စိတ်အစဉ်ကို နောက်ဖြစ်စိမ့်သောငှါ မပေးမူ၍၊ ဝါ၊ ထင်ခြင်းသို့ရောက်သော အာရုံကို တပါးသို့ သွားစိမ့်သောငှါ မပေးမူ၍ မြစ်တတ်သော စိတ်ၐင်း။

**ဟသိတုပ္ပါဒ်စိတ်။** ။ကိရိယာဟေတုက မနောဝိညာဏဓာတု သောမနဿသဟဂတံ၊ ကြိယာအဟိတ် မနောဝိညာဏဓာတ် သောမနဿသဟဂုတ်ဖြစ်သော။ ဟသိတုပ္ပါဒစိတ္တဉ္စ၊ ရွှင်ခြင်းကို ဖြစ်စေတတ်သော စိတ်ၐင်း။ ဝါ၊ ရွှင်ခြင်းကို ဖြစ်စေကြောင်းဖြစ်သော စိတ်ၐင်း။

**မနောဒွါရာဝဇ္ဇန်းစိတ်။** ။ကိရိယာဟေတုကမနောဝိညာဏဓာတုဉပေက္ခာသဟဂတံ၊ ကြိယာအဟိတ်မနောဝိညာဏဓာတ် ဉပေက္ခာသဟဂုတ်ဖြစ်သော။ ဝေါဋ္ဌဗ္ဗနစိတ္တဉ္စ၊ ဝုဋ္ဌောစိတ်ၐင်း။ ဝါ၊ မှတ်တတ်သော စိတ်ၐင်း။ ဣတိ=ဣမိနာ ပဘေဒေန၊ ဖြင့်။ တိဝိဓံ၊ သုံးပါးသော အဘို့ရှိ၏။

**ပဉ္စဒွါရာဝဇ္ဇန်းစိတ် ဖြစ်ပုံ။** ။တတ္ထ၊ ထို သုံးပါးသော အဟိတ်ကြိယာစိတ်တို့တွင်။ ကိရိယာဟေတုက မနောဓာတုဥပေက္ခာသဟဂတာ၊ ကြိယာအဟိတ် မနောဓာတ် ဥပေက္ခာသဟဂုတ်စိတ်သည်။ ဟဒယဝတ္ထုံ၊ ဟဒယဝတ္ထုကို။ နိဿာယ၊ မှီ၍။ စက္ခုဒွါရေ၊ စက္ခုဒွါရ၌။ ဣဋ္ဌ ဣဋ္ဌမဇ္ဈတ္တ အနိဋ္ဌ အနိဋ္ဌမဇ္ဈတ္တေသု၊ ဣဋ္ဌ, ဣဋ္ဌမဇ္ဈတ္တ, အနိဋ္ဌ, အနိဋ္ဌမဇ္ဈတ္တဖြစ်ကုန်သော။ ရူပါရမ္မဏေသု၊ ရူပါရုံတို့တွင်။ ယေန ကေနစိ၊ အမှတ်မရှိ တခုခုသော အာရုံသည်။ ပသာဒေ၊ ပသာဒ၌။ ဝါ၊ ပသာဒကို။ ဃဋ္ဋိတေ၊ ထိခိုက်သည်ရှိသော်။ တံတံ အာရမ္မဏံ၊ ထိုထိုအာရုံကို။ ဂဟေတွာ၊ ယူ၍။ အာဝဇ္ဇနဝသေန၊ ဆင်ခြင်ခြင်း၏ အစွမ်းအားဖြင့်။ စက္ခုဝိညာဏဿ၊ စက္ခုဝိညာဉ်၏။ ပုရေစာရီ၊ ရှေး၌ဖြစ်သည်။ ဟုတွာ၊ ဖြစ်၍။ ဘဝင်္ဂံ၊ ဘဝင်အစဉ်ကို။ အာဝဋ္ဋယမာနာ၊ လည်စေသကဲ့သို့ဖြစ်၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

သောတဒွါရာဒီသုပိ၊ သောတဒွါရ အစရှိသည်တို့၌လည်း။ ဧသေဝ နယော၊ ဤနည်းလျှင် နည်းရှိ၏။

**အဟိတ် မနောဝိညာဏဓာတ် ၂-ပါး။** ။ဣတရာ၊ ဤအဟိတ်မနောဓာတ် ဥပေက္ခာသဟဂုတ်မှ တပါးကုန်သော။ ဒွေ၊ နှစ်ပါးကုန်သော။ အဟေတုကမနောဝိညာဏဓာတုယော ပန၊ အဟိတ်မနောဝိညာဏဓာတ်တို့သည်ကား။

(၁) သာဓာရဏာ စ၊ သေက္ခ, အသေက္ခ,ပုထုဇဉ်တို့အား- ဝါ၊ သေက္ခ, အသေက္ခ, ပုထုဇဉ်တို့နှင့်-ဆက်ဆံသော အဟိတ်မနောဝိညာဏဓာတ်ရင်း။

(၂) အသာဓာရဏာ စ၊ ရဟန္တာပုဂ္ဂိုလ်၏သာ အသီးသော ဥစ္စာဖြစ်သော အဟိတ်မနောဝိညာဏဓာတ်ရင်း။ ဣတိ၊ ဤသို့။ ဒုဝိဓာ၊ ၂-ပါးပြားကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**ဟသိတုပ္ပါဒ်စိတ် ဖြစ်ပုံ။** ။တတ္ထ၊ ထိုနှစ်ပါးသော အဟိတ်မနောဝိညာဏဓာတ်တို့တွင်။ အသာဓာရဏာ၊ ရဟန္တာပုဂ္ဂိုလ်၏သာ အသီးသော ဥစ္စာဖြစ်သော။ ကိရိယာဟေတုကမနောဝိညာဏဓာတုသောမနဿသဟဂတာ ပန၊ ကြိယာအဟိတ် မနောဝိညာဏဓာတ်သောမနဿ သဟဂုတ်စိတ်သည်ကား။ ခီဏာသဝဿေဝ၊ ရဟန္တာပုဂ္ဂိုလ်အားသာလျှင်။ ဆသု ဒွါရေသု၊ စက္ခုအစရှိသော ခြောက်ပါးသော ဒွါရတို့၌။ အနုဠာရေသု၊ သိမ်မွေ့ကုန်သော။ ဝါ၊ မမြတ်ကုန်သော။ ဆသု

အာရမ္မဏေသု၊ သူတပါးတို့အား မထင်သော ခြောက်ပါးသော အာရုံတို့၌။ ဝါ၊ အင်္ဂုတ္တိုရ်ရွှေသင်္ခါနုပ္ပါဒဆင်း အစရှိကုန်သော ခြောက်ပါးသော အာရုံတို့၌။ [ဣဒဥ္စ နိဒဿနမတ္တံ ဥဋ္ဌာရာရမ္မဏေသုပိ ပဝတ္တနတော] ဟသိတုပ္ပါဒကိစ္စာ၊ ရွှင်ခြင်းကိုသာ ဖြစ်စေခြင်းကိစ္စရှိသည် ဖြစ်၍။ နိယတ-ဝတ္ထုကာ၊ မြဲသောဟဒယဝတ္ထု ရှိသည်ဖြစ်၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

**မနောဒွါရာဝဇ္ဇန်းစိတ်ဖြစ်ပုံ။** ။သာဓာရဏာ၊ သေက္ခ,အသေက္ခ, ပုထုဇ္ဇဉ်တို့အား- ဝါ၊ သေက္ခ, အသေက္ခ, ပုထုဇ္ဇဉ်တို့နှင့် ဆက်ဆံသော။ အဟေတုကမနောဝိညာဏဓာတုဉပေက္ခာသဟဂတာ ပန၊ အဟိတ်မနောဝိညာဏဓာတ် ဥပေက္ခာသဟဂုတ်စိတ်သည်ကား— ဆဠာရမ္မဏဝိဇာနနလက္ခဏာ၊ ခြောက်ပါးသော အာရုံကို သိခြင်းလက္ခဏာ ရှိ၏။ တထာဘာဝ ပစ္စုပဋ္ဌာနာ၊ ထိုခြောက်ပါးသောအာရုံကို သိခြင်း၏ အဖြစ်ဖြင့် ယူအပ်သော အခြင်းအရာရှိ၏။

သာ၊ ထိုအဟိတ် မနောဝိညာဏဓာတ် ဥပေက္ခာသဟဂုတ်စိတ်သည်။ တီသု ဘဝေသု၊ သုံးပါးသော ဘဝတို့၌။ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော။ သစိတ္တကသတ္တာနံ၊ စိတ်ရှိသော သတ္တဝါတို့အား။ ဝါ၊ စိတ်ရှိသော သတ္တဝါတို့နှင့်။ သာဓာရဏာ၊ ဆက်ဆံ၏။ ကဿစိ၊ တစုံတယောက်သော။ သစိတ္တကဿ၊ စိတ်ရှိသော သတ္တဝါအား။ န ဥပ္ပဇ္ဇတိနာမ၊ မဖြစ်သည်မည်သည်။ န၊ မဟုတ်။ ဥပ္ပဇ္ဇတိ ဧဝ၊ ဖြစ်သည်သာလျှင်တည်း။

ဥပ္ပဇ္ဇမာနာ ပန၊ ဖြစ်သည်ရှိသော်။ အယံ၊ ဤအဟိတ် မနောဝိညာ-ဏဓာတ် ဥပေက္ခာသဟဂုတ်စိတ်သည်။ ပဉ္စဒွါရ မနောဒွါရေသု၊ ပဉ္စဒွါရ, မနောဒွါရတို့၌။ ဝေါဋ္ဌဗ္ဗနာဝဇ္ဇနကိစ္စာ၊ ဝုဋ္ဌောကိစ္စ, အာဝဇ္ဇန်းကိစ္စတပ်သည်။ ဟုတွာ၊ ဖြစ်၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဆ၊ ခြောက်ပါးကုန်သော။ အသာဓာရဏဉာဏာနိပိ၊ အသာဓာရဏ ဉာဏ်တို့သည်လည်း။ တေနေဝ၊ ဤအဟိတ် မနောဝိညာဏဓာတ် ဥပေက္ခာသဟဂုတ်စိတ်သည်။ ဂဟိတာရမ္မဏမေဝ၊ ယူအပ်သော အာရုံကိုသာလျှင်။ ဂဏှန္တိ၊ ယူကုန်၏။

သဗ္ဗာရမ္မဏံ၊ အလုံးစုံသော အာရုံကို။ ဂဟဏသမတ္ထတာယ၊ ယူခြင်းငှါ စွမ်းနိုင်သည်၏ အဖြစ်ကြောင့်။ သဗ္ဗညုတဉာဏဂတိကာ၊ သဗ္ဗညုတဉာဏ်၏ အလားကဲ့သို့သော အလားရှိ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

ဣမာနိ တီဏိ၊ ဤသုံးပါးသော စိတ်တို့သည်။ အဟေတုကကိရိယစိတ္တာနိ။ အဟိတ်ကြိယာစိတ် မည်ကုန်၏။

ရယ်ရှင်ကြောင်းစိတ် ၁၃-ပါး။ ။ဣမ၊ ဤအရာ၌။ ဝါ၊ ဟသိတသဉ္ဇုပ္ပါဒနတော=ဟသိတသဉ္ဇုပ္ပါဒနံ ဟူ၍ ဆိုအပ်သော ဤစိတ်၏ လာသောအရာ၌။ ဌတွာ၊ ရပ်၍။ ဟသနစိတ္တာနိ၊ ရှင်ကြောင်းဖြစ်ကုန်သော စိတ်တို့ကို။ ပရိဂ္ဂဏှိတဗ္ဗာနိ၊ ပိုင်းခြား၍ ရေတွက်အပ်ကုန်၏။ ဟသနစိတ္တာနိ၊ ရှင်ကြောင်းဖြစ်ကုန်သော စိတ်တို့သည်။ တေရသ၊ တဆဲ့သုံးပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ပုထုဇဉ် ရယ်ရှင်စိတ် ၈-ပါး။ ။အကုသလတော၊ အကုသိုလ်၏ အစွမ်းအားဖြင့်။ စတူဟိ၊ လေးပါးကုန်သော။ သောမနဿသဟဂတေဟိ စ၊ သောမနဿသဟဂုတ် စိတ်တို့ဖြင့်၎င်း။ ကုသလတော၊ ကုသိုလ်၏ အစွမ်းအားဖြင့်။ စတူဟိ၊ ၄-ပါးကုန်သော။ သောမနဿသဟဂတေဟိ စ၊ တို့ဖြင့်၎င်း။ ဣတိ၊ ဤသို့။ ဣမေဟိ အဋ္ဌဟိ စိတ္တေဟိ၊ ဤရှစ်ပါးသော စိတ်တို့ဖြင့်။ ပုထုဇ္ဇနာ၊ ပုထုဇဉ်တို့သည်။ ဟသန္တိ၊ ရှင်ကုန်၏။

သေက္ခပုဂ္ဂိုလ် ရယ်ရှင်စိတ် ၆-ပါး။ ။သေခါ ပန၊ အောက်ဖလဋ္ဌာန် သုံးယောက်တို့သည်ကား။ ကုသလတော၊ ကုသိုလ်၏အစွမ်းအားဖြင့်။ စတူဟိ၊ ၄-ပါးကုန်သော။ သောမနဿသဟဂတေဟိ စ၊ သောမနဿသဟဂုတ် စိတ်တို့ဖြင့်၎င်း။ အကုသလတော၊ အကုသိုလ်၏အစွမ်းအားဖြင့်။ ဒွီဟိ၊ နှစ်ပါးကုန်သော။ ဒိဋ္ဌိဂတဝိပ္ပယုတ္တေ သောမနဿသဟဂတေဟိ စ၊ ဒိဋ္ဌိဂတဝိပ္ပယုတ် သောမနဿသဟဂုတ် စိတ်တို့ဖြင့်၎င်း။ ဣတိ၊ ဤသို့။ ဆဟိ၊ ခြောက်ပါးကုန်သော စိတ်တို့ဖြင့်။ ဟသန္တိ၊ ရှင်ကုန်၏။

ရဟန္တာ ရယ်ရှင်စိတ် ၅-ပါး။ ။ခီဏာသဝါ၊ ရဟန္တာတို့သည်။ ကိရိယတော၊ ကြိယာ၏ အစွမ်းအားဖြင့်။ ပဉ္စဟိ၊ ငါးပါးကုန်သော။ သောမနဿသဟဂတေဟိ၊ သောမနဿသဟဂုတ်စိတ်တို့ဖြင့်။ ဟသန္တိ၊ ရယ်ရှင်ကုန်၏။

၃၆။ သောမနဿယုတာနိ = သောမနဿယုတ္တာနိ၊ သောမနဿ ဝေဒနာနှင့်ယှဉ်ကုန်သော။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ ကုသလာကုသလာနိ စ၊ ကုသိုလ် အကုသိုလ်စိတ်တို့ရင်း။ ကြိယတော၊ ကြိယာ၏ အစွမ်းအားဖြင့်။ ပဉ္စ၊ ငါးပါးသောစိတ်တို့ရင်း။ ဣတိ၊ ဤသို့။ ဟသနစိတ္တာနိ၊ ရွှင်ကြောင်း ဖြစ်ကုန်သော စိတ်တို့သည်။ တေရသ၊ တဆဲ့သုံးပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**ပုဂ္ဂိုလ်အလိုက် ရယ်ရွှင်စိတ်။**

၃၇။ တတ္ထ=ဧတေသု တေရသသု စိတ္တေသု၊ ဤ တဆဲ့သုံးပါးသော စိတ်တို့တွင်။ ပုထုဇ္ဇနာ၊ ပုထုဇဉ်တို့သည်။ အဋ္ဌဟိ၊ ရှစ်ပါးကုန်သော။ စိတ္တေဟိ၊ စိတ်တို့ဖြင့်။ ဟသန္တိ၊ ရွှင်ကုန်၏။ သေခါ၊ သေက္ခပုဂ္ဂိုလ်တို့သည်။ ဆဟိ၊ ခြောက်ပါးကုန်သော။ စိတ္တေဟိ၊ စိတ်တို့ဖြင့်။ ဟသန္တိ၊ ရွှင်ကုန်၏။ အသေခါ၊ ရဟန္တာပုဂ္ဂိုလ်တို့သည်။ ပဉ္စဟိ၊ ငါးပါးကုန်သော။ စိတ္တေဟိ၊ စိတ်တို့ဖြင့်။ ဟသန္တိ၊ ရွှင်ကုန်၏။

## ရူပကြိယာစိတ်

**ရူပကြိယာစိတ် ၅-ပါး။**

။ဣဒါနိ၊ ယခုအခါ၌။ ရူပါဝစရကိရိယစိတ္တာနိ၊ ရူပါဝစရကြိယာစိတ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဝိတက္က ဝိစာရ ပီတိ သုခ စိတ္တေကဂ္ဂတာ သမ္ပယုတ္တံ၊ ဝိတက်, ဝိစာရ, ပီတိ, သုခ, စိတ္တေကဂ္ဂတာတို့နှင့် အညီအညွတ် အပြားတို့ဖြင့် ယှဉ်သော။ ပဌမဥ္စ၊ ပဌမစျာန်ကြိယာစိတ်ရင်း။

ဝိစာရ ပီတိ သုခ စိတ္တေကဂ္ဂတာ သမ္ပယုတ္တံ၊ (ဝိတက် ကြဉ်သော) ဝိစာရ, ပီတိ, သုခ, စိတ္တေကဂ္ဂတာတို့နှင့် အညီအညွတ် အပြားတို့ဖြင့် ယှဉ်သော။ ဒုတိယဥ္စ၊ ဒုတိယစျာန် ကြိယာစိတ်ရင်း။

ပီတိ သုခ စိတ္တေကဂ္ဂတာ သမ္ပယုတ္တံ၊ (ဝိတက်, ဝိစာရကြဉ်သော) ပီတိ, သုခ, စိတ္တေကဂ္ဂတာတို့နှင့် အညီအညွတ် အပြားတို့ဖြင့် ယှဉ်သော။ တတိယဥ္စ၊ တတိယစျာန် ကြိယာစိတ်ရင်း။

သုခ စိတ္တေကဂ္ဂတာ သမ္ပယုတ္တံ၊ (ဝိတက်,ဝိစာရ,ပီတိကြဉ်သော)သုခ, စိတ္တေကဂ္ဂတာတို့နှင့် အညီအညွတ် အပြားတို့ဖြင့် ယှဉ်သော။ စတုတ္ထဥ္စ၊ စတုတ္ထဈာန် ကြိယာစိတ်ရင်း။

ဥပေက္ခာစိတ္တေကဂ္ဂတာ သမ္ပယုတ္တံ၊ (ဝိတက်, ဝိစာရ, ပီတိ, သုခ, ကြဉ်သော) ဥပေက္ခာ, စိတ္တေကဂ္ဂတာတို့နှင့် အညီအညွတ် အပြားတို့ဖြင့် ယှဉ်သော။ ပဉ္စမဥ္စ၊ ပဉ္စမဈာန် ကြိယာစိတ်ရင်း။

ဣတိ=ဣမိနာ ပဘေဒေန၊ ဤသို့သော အပြားအားဖြင့်။ ဣမာနိ ပဉ္စ၊ ဤငါးပါးသော စိတ်တို့သည်။ ရူပါဝစရကိရိယစိတ္တာနိ၊ ရူပါဝစရကြိယာစိတ် မည်ကုန်၏[၁]။

### အရူပကြိယာစိတ်

အရူပကြိယာစိတ် ၄-ပါး။ ။ဣဒါနိ၊ ယခုအခါ၌။ အရူပါဝစရကိရိယ-စိတ္တာနိ၊ အရူပါဝစရ ကြိယာစိတ်တို့ကို။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။

အာကာသာနဉ္စာယတနသညာသဟဂတဥ္စ၊ အာကာသာနဉ္စာယတန-သညာနှင့် တကွဖြစ်သော ကိရိယာစိတ်ရင်း။

ဝိညာဏဉ္စာယတနသညာသဟဂတဥ္စ၊ ဝိညာဏဉ္စာယတနသညာနှင့် တကွဖြစ်သော ကိရိယာစိတ်ရင်း။

အာကိဉ္စညာယတနသညာသဟဂတဥ္စ၊ အာကိဉ္စညာယတနသညာနှင့် တကွဖြစ်သော ကြိယာစိတ်ရင်း။

နေဝသညာနာသညာယတနသညာသဟဂတဥ္စ၊ နေဝသညာနာသညာ-ယတနသညာနှင့် တကွဖြစ်သော ကြိယာစိတ်ရင်း။

ဣတိ=ဣမိနာ ပဘေဒေန၊ ဖြင့်။ ဣမာနိ စတ္တာရိ၊ ဤလေးပါးသော စိတ်တို့သည်။ အရူပါဝစရကိရိယစိတ္တာနိ၊ အရူပါဝစရကြိယာစိတ် မည်ကုန်၏။

---

အမှာ ၁။ ရူပါဝစရကြိယာတို့၏ ဈာနင်္ဂပဟာန်သည် ဝိပါက်၌ ကဲ့သို့ အာဂမန အားဖြင့် မဖြစ်မူ၍ ကုသိုလ်၌ကဲ့သို့ ဘာဝနာဝိသေသအားဖြင့် ဖြစ်သော်လည်း ပဥ္စမဈာန် ၏ ပဟာနင်္ဂ ဖြစ်သင့်ခြင်း မရှိသောကြောင့် ပဥ္စမဈာန်၏ အစွမ်းအားဖြင့်သာ ပြခြင်းငှါ ကြွင်းသော ဒုတိယဈာန် အစရှိသည်၏လည်း ပဟာနင်္ဂ-ကို မဆိုမူ၍ သမ္ပယောဂင်္ဂ-ကိုသာ ဒုတိယဈာန် အစရှိသည်တို့၌ ပြသည်။ (ရင်းဋီကာသစ်၊ပ၊နှာ-၂၇၉)

ရူပါရူပ ကုသိုလ်နှင့် ကြိယာ တူခြင်း။ ။ဣမာနိ ရူပါရူပ ကိရိယစိတ္တာနိ၊ ဤရူပါဝစရ, အရူပါဝစရကြိယာ စိတ်တို့သည်။ သကာသကာဘူမိကုသလသဒိသာနိ၊ မိမိ မိမိဘုံ၌ဖြစ်ကုန်သော ကုသိုလ်စိတ်တို့နှင့် တူကုန်၏။

ရူပါရူပကုသိုလ်နှင့် ကြိယာတို့၏ အထူး

ကေဝလံ၊ သက်သက်။ တေနာနိ ကိရိယစိတ္တာနိ၊ ဤရူပ အရူပကြိယာ စိတ်တို့သည်။ ခီဏာသဝါနံယေဝ၊ ရဟန္တာတို့အားသာလျှင်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

ကုသလာနိ ပန၊ ရူပ, အရူပ ကုသိုလ်စိတ်တို့သည်ကား။ သေခပုထုဇ္ဇနာနံ၊ သေက္ခပုဂ္ဂိုလ်, ပုထုဇဉ်ပုဂ္ဂိုလ်တို့အား။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

ဣမာနိ စ၊ ဤရူပ, အရူပ ကြိယာစိတ်တို့သည်လည်း။ ခီဏာသဝါနံ၊ ရဟန္တာတို့အား။ ဘာဝနာကာရ ဝသပ္ပဝတ္တာနိ[၁]၊ ဘာဝနာ သာလျှင် ဖြစ်သောအခြင်းအရာ၏ အစွမ်းအားဖြင့် ဖြစ်ကုန်၏။

တာနိ ပန၊ ထိုရူပ,အရူပကုသိုလ်စိတ်တို့သည်ကား။ သေခပုထုဇ္ဇနာနံ၊ သေက္ခပုဂ္ဂိုလ်,ပုထုဇဉ်ပုဂ္ဂိုလ်တို့အား။ဘာဝနာပုည ဝသပ္ပဝတ္တာနိ၊ ဘာဝနာ ကုသိုလ်၏ အစွမ်းအားဖြင့် ဖြစ်ကုန်၏။ အယမေဝ၊ ဤသည်လျှင်။ ဣမေသဥ္စ၊ ဤရူပ,အရူပကြိယာစိတ်တို့၏၎င်း။ တေသဥ္စ၊ ထိုရူပ,အရူပ ကုသိုလ် စိတ်တို့၏၎င်း။ ဝိသေသော၊ အထူးတည်း။

ရဟန္တာဖြစ်၍ ဝင်စားမှသာ ကြိယာဖြစ်ခြင်း။ ၅၇-၅၉။ ပုထုဇ္ဇနကာလသ္မိံ၊ ပုထုဇဉ်ဖြစ်သော ကာလ၌။ ဝါ၊ ပုထုဇဉ် အဖြစ်၌ တည်သော ယောဂီသည်။ အဘိနိဗ္ဗတ္တိတာ၊ ဖြစ်စေအပ်သော။ ယာ ရူပါရူပသမာပတ္တိ၊ အကြင် ရူပ, အရူပ သမာပတ်သည်။ အတ္ထိ၊ ရှိ၏။ သာ ရူပါရူပသမာပတ္တိ၊

---

အမှာ ၁။ ဘာဝနာ၏ အစွမ်းအားဖြင့် ပဝတ္တာကာရမျှကို ကြည့်၍ ဘာဝနာဖြင့် ပြုအပ်သော နီဝရဏပဟာန အစရှိသော ကိစ္စ မရှိခြင်းကြောင့် ဖြောင့်ဖြောင့်ဘာဝနာ မည်သည် မဖြစ်၊ ထို့ကြောင့် ဘာဝနာကာရဝသပ္ပဝတ္တာနိ-ဟု အာကာရသဒ္ဒါကို မိန့်သည်။ (၎င်းဋီကာသစ်၊ပါနှာ-၂၇၉)

ထိုရူပ, အရူပသမာပတ်သည်။ သော ယောဂီ၊ ထိုယောဂီသည်။ ခီဏာ-သဝေါ ဘိက္ခု၊ ရဟန္တာသည်။ ဟုတွာ၊ ဖြစ်၍။

နံ သမာပတ္တိံ၊ ထိုရူပ, အရူပ သမာပတ်ကို။ ယာဝ=ယတ္တကံ ကာလံ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ န သမာပဇ္ဇတေ၊ မဝင်စားသေး။ တာဝ=တတ္တကေန ကာလေန၊ ထိုမျှလောက်သော ကာလဖြင့်။ ခီဏာ-သဝဘိက္ခုနော၊ ရဟန္တာအား။ ကုသလာ ဧဝ၊ ကုသိုလ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ခီဏာသဝေန၊ ရဟန္တာသည်။ တာ သမာပတ္တိ၊ ထိုရူပ အရူပ သမာပတ်ကို။ သစေ သမာပန္နာ၊ အကယ်၍ ဝင်စားအပ်သည် ဖြစ်အံ့။ ကြိယာ၊ ရူပ, အရူပ ကြိယာသည်။ ဟောတိ၊ ဖြစ်၏ [၁]။

ကြိယာစိတ် ၂၀။ ။ဝေံ=ဣမိနာ ဝုတ္တပ္ပကာရေန၊ ဤသို့ဆိုအပ်ပြီးသော အပြား အားဖြင့်။ သောမနဿာဒိ ဘေဒတော၊ သောမနဿသဟဂတ အစရှိသော အပြားအားဖြင့်—

ကာမာဝစရ သဟေတုကကိရိယစိတ္တံ၊ ကာမာဝစရ သဟိတ်ကြိယာ စိတ်သည်။ အဋ္ဌဝိဓံ၊ ရှစ်ပါးအပြားရှိ၏။

---

၁။ (ရဟန္တာ၏ သန္တာန်၌ ဈာန်စိတ်ဖြစ်သော် ကြိယာစိတ်များသာ ဖြစ်သည်။

သို့သော် ရဟန္တာသည် ရူပ, အရူပ ကြိယာသမာပတ်ကို မဝင်စားနိုင်သေးလျှင် ရှေး ပုထုဇဉ်ဘဝတုန်းက ရရှိခဲ့ဘူးသော ရူပ,အရူပ ကုသိုလ်သမာပတ်နှင့်တူသော သမာပတ်ကို ပြန်ဝင်စားရသည်။

သို့ဖြစ်၍ ရဟန္တာဖြစ်ပြီး ရူပ, အရူပ ကြိယာသမာပတ်ကို မဝင်စားမီ ထိုပြန်ဝင်စား အပ်သော ရူပ, အရူပ သမာပတ်သည် ပုထုဇဉ်ဘဝတုန်းက ရရှိခဲ့သော ရူပ, အရူပကုသိုလ် သမာပတ်နှင့်တူသောကြောင့် သဒိသူပစာအားဖြင့် ကုသိုလ်သာ-ဟု ဆိုထားခြင်းဖြစ်သည်။

တနည်း ပုထုဇဉ်သေက္ခတုန်းက ဈာန်ရခဲ့ပြီးသော ပုဂ္ဂိုလ်သည် ရဟန္တာဖြစ်လာသော အခါ ယင်းရဟန္တာပုဂ္ဂိုလ်ကို သင်ဈာန်ရခဲ့သလောဟု မေးလျှင် ငါဈာန်ရခဲ့သည်ဟု ဖြေမည်၊ စင်စစ် ဤကဲ့သို့ ဖြေဆိုခြင်းမှာ ထိုရဟန္တာသည် မိမိ ပုထုဇဉ်သေက္ခဘဝတုန်းက ရခဲ့သော ဈာန်ကို ရည်ရွယ်၍ ဖြေသောကြောင့် ထိုရဟန္တာ၏ ဈာန်သည် ကုသိုလ်သာ ဖြစ်နေ သေးသည်။

အကယ်၍ ထိုရဟန္တာသည် ဈာန်သမာပတ်ဝင်စားခဲ့သော် ထိုရဟန္တာ၏ ဈာန်သမာ ပတ်သည်၊ ဝါ-ထိုရဟန္တာ၏ သန္တာန်၌ ဖြစ်သောဈာန်သည် ရူပ, အရူပကြိယာသာ ဖြစ်ရ တော့သည်ဟု ဆိုလိုသည်။ အဘယ့်ကြောင့်ဆိုသော် ရဟန္တာ၏ သန္တာန်၌ ကုသိုလ်ဟု ခေါ်ဆိုအပ်သောတရား မဖြစ်ရတော့သောကြောင့်တည်း။

ရင်း ဋီကာသစ်၊ ပ၊ နှာ-၂၇၉။ အဘိဋ္ဌ၊၁၊နှာ-၃၃၄။)

မနောဓာတု မနောဝိညာဏဓာတု ဒွယဘေဒတော၊ မနောဓာတ်, မနောဝိညာဏဓာတ်နှစ်ပါးအပြားအားဖြင့်။ အဟေတုကံ၊ အဟိတ်ကြိယာစိတ်သည်။ တိဝိဓံ၊ သုံးပါးအပြားရှိ၏။

ဈာနင်္ဂယောဂဘေဒတော၊ ဝိတက်အစရှိသော ဈာန်အင်္ဂါတို့နှင့် ယှဉ်သော အပြားအားဖြင့်။ ရူပါဝစရံ၊ ရူပါဝစရကြိယာစိတ်သည်။ ပဉ္စဝိဓံ၊ ငါးပါးအပြားရှိ၏။

အာရုမ္မဏဘေဒတော၊ အာရုံအပြားအားဖြင့်။ အရူပါဝစရံ၊ အရူပါဝစရ ကြိယာစိတ်သည်။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိ၏။

ဧဝံ=ဣမိနာ ဝုတ္တပ္ပကာရေန၊ ဤဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့်။ ဘူမိဝသေန၊ ဘုံ၏အစွမ်းအားဖြင့်။ ဝီသတိဝိဓံ၊ နှစ်ဆယ်အပြားရှိသော။ ကိရိယစိတ္တံ၊ ကြိယာစိတ်ကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

၆၀။ ကာမေ၊ ကာမဘုံ၌။ ကြိယစိတ္တံ၊ ကြိယာစိတ်သည်။ ဧကာဒသဝိဓံ၊ တဆဲ့တပါးအပြားရှိ၏။ ရူပေ၊ ရူပဘုံ၌။ ကြိယစိတ္တံ၊ သည်။ ပဉ္စ၊ ငါးပါးအပြားရှိ၏။ အရူပီသု၊ အရူပဘုံတို့၌။ ကြိယစိတ္တာနိ၊ တို့သည်။ စတ္တာရိ၊ လေးပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ=ဣမိနာ ပဘေဒေန၊ ဖြင့်။ သဗ္ဗာနိ၊ ခပ်သိမ်းကုန်သော။ ကြိယစိတ္တာနိ၊ ကြိယာစိတ်တို့သည်။ ဝီသတိ၊ နှစ်ဆယ်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**လောကုတ္တရာ၌ ကြိယာစိတ် မရှိခြင်း အကြောင်း**

၆၁။ ကသ္မာ၊ အဘယ်ကြောင့်။ လောကုတ္တရကြိယစိတ္တံ၊ လောကုတ္တရာကြိယာစိတ်သည်။ န ဝိဇ္ဇတိ ပန၊ မရှိသနည်း။ မဂ္ဂဿ၊ မဂ်၏။ ဧကစိတ္တက္ခဏတ္တာ ဟိ၊ တချက်သော စိတ္တက္ခဏ ရှိသည်၏ အဖြစ်ကြောင့်သာလျှင်။ လောကုတ္တရကြိယစိတ္တံ၊ လောကုတ္တရာ ကြိယာစိတ်သည်။ န ဝိဇ္ဇတိ၊ မရှိ။

၆၂။ ကြိယာကြိယာပတ္တိဝိဘာဂဒေသကော။ ကြိယာအာပတ်,အကြိယာအာပတ်တို့၏ ဝေဖန်ခွဲခြမ်းခြင်းကို ဟောတော်မူတတ်သော။

အမှာ။ ။ကြိယာ စ အကြိယာ စာတိ ကြိယာကြိယာ။ ကြိယာ’ကြိယာ စ တာ အာပဇ္ဇိတဗ္ဗတော အာပတ္တိယော စာတိ ကြိယာ’ကြိယာပတ္တိယော။ တာသံ ဝိဘာဂံ ဒေသေတီတိ ကြိယာ’ ကြိယာပတ္တိ ဝိဘာဂ ဒေသကော-ပြု။

ဝါ၊ ကြိယာစျာန်ဖြစ်သော သမာပတ်, ကုသိုလ်စျာန်ဖြစ်သောသမာပတ်တို့၏ ဝေဖန် ခွဲခြမ်းခြင်းကို ဟောတော်မူတတ်သော။

အမှာ။ ။ကြိယာသမာပတ္တိယော စ အကြိယာသမာပတ္တိယော စ ကြိယာ ကြိယာပတ္တိယော။ သမာပတ္တိသဒ္ဒါကျေသည်။ အကြိယသဒ္ဒါဖြင့် ကုသိုလ်စျာန်ကိုယူ။ တာသံ ဝိဘာဂံ ဒေသေတီတိ ကြိယာ ကြိယာပတ္တိဝိဘာဂဒေသကော-ပြု။

ဟိတာ’ ဟိတာနံ၊ အကျိုးရှိသော သတ္တဝါ, အကျိုးမရှိသောသတ္တဝါတို့ကို။ ကြိယာ’ ကြိယာရတော၊ အစီးအပွါးကို ပြုခြင်း, မပြုခြင်း၌ မြစ်တော်မူတတ်သော။

အမှာ။ ။ကြိယာယ အကြိယာယ အရတော ကြိယာ’ ကြိယာရတော-ပြု။

ဝါ-ဟိတာဟိတာနံ ကြိယာကြိယာရတော၊ စင်စစ် ကောင်းသော အကျိုးရှိသော ကုသိုလ်, ကောင်းသော အကျိုးမရှိသော အကုသိုလ်တို့ကို အစဉ်အတိုင်းပြုခြင်း, မပြုခြင်း၌ မွေ့လျော်တော်မူသော။

အမှာ။ ။ဟိတာ’ ဟိတာနံ ကြိယာယံ အကြိယာယဥ္စ ရတောတိ ဟိတာ’ ဟိတာနံ ကြိယာ ကြိယာရတော-ပြု။

ဝါ-ဟိတာ ဟိတာနံ ကြိယာ ကြိယာရတော၊ စင်စစ် အလိုရှိအပ်သော အကျိုးရှိသော ကုသိုလ်, အလိုမရှိအပ်သော အကျိုးမရှိသော အကုသိုလ်တို့၏ ကြိယာ အကြိယာမျှသာဖြစ်၍ အကျိုးမရှိသောနည်း၏ အဖြစ်ကို ပြုခြင်း၌ အလိုရှိတော်မူသော။

အမှာ။ ။ဟိတာ’ဟိတာနံ ကြိယာ’ကြိယာမတ္တ’ မဝိပါကဘာဝံ ကာတုံ ရမတိ ဣစ္ဆတီတိ ဟိတာ ဟိတာနံ ကြိယာ ကြိယာရတော-ပြု။

သ=သော ဇိနော၊ ထိုမာရ်ငါးပါးကို အောင်တော်မူသော မြတ်စွာဘုရားသည်။ [သကြိယာ၌ သ ကို ဤမှာယှဉ်သည်။] ဝါ-ဟိတာ ဟိတာနံ သကြိယာ ကြိယာရတော၊ အစီးအပွါးရှိသော ပုဂ္ဂိုလ်, အစီးအပွါးမရှိသောပုဂ္ဂိုလ်တို့၏ မိမိ မိမိကိစ္စဖြစ်သော ပစ္စုပ္ပန်လောက, တမလွန်လောက၏ပြီးခြင်းကို ပြုခြင်း၌ အလွန်မွေ့လျော်တော်မူသော။

အမှာ။ ။ဟိတာ’ဟိတာနံ သကြိယာ’ကြိယာယ ရတော အဘိရတောတိ ဟိတာဟိတာနံ သကြိယာကြိယာ ရတော-ပြု။

ဇိနေ၊ မာရ်ငါးပါးကို အောင်တော်မူပြီးသော မြတ်စွာဘုရားသည်။ ယံ ကြိယာ' ကြိယံ စိတ္တံ၊ အကြင် ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာ စိတ်ကို။ အဝေါစ၊ ဟောတော်မူ၏။ တံ ကြိယာ ကြိယံ စိတ္တံ၊ ထို ကုသိုလ် အကုသိုလ်, ဝိပါက်, ကြိယာစိတ်ကို။ မယာ၊ ငါသည်။ သမီရိတံ၊ ကောင်းစွာ အပြားအားဖြင့် ဆိုအပ်ပြီ[၁]။

စိတ် ၇၉-ပါး အကျဉ်း ရေတွက်ပုံ။ ။ဣတ္ထာဝတာ၊ ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့်။ ကေဝီသတိဝိမံ၊ နှစ်ဆဲ့တပါးအပြားရှိသော။ ကုသလဉ္စ၊ ကုသိုလ်စိတ်ရင်း။ ဒွါဒသဝိမံ၊ တဆဲ့နှစ်ပါးအပြားရှိသော။ အကုသလဉ္စ၊ အကုသိုလ်စိတ်ရင်း။ ဆတ္တိံသဝိမံ၊ သုံးဆဲ့ခြောက်ပါး အပြားရှိသော။ ဝိပါကဉ္စ၊ ဝိပါက်စိတ်ရင်း။ ဝီသတိဝိမံ၊ နှစ်ဆယ်အပြားရှိသော။ ကိရိယစိတ္တဉ္စ၊ ကြိယာစိတ်ရင်း။ ဣတိ၊ ဤသို့။ အာဒိမှို၊ အစ၌။ နိက္ခိတ္တံ၊ ထားအပ်သော။ စိတ္တံ၊ စိတ်ကို။ ကေူနနဝုတိပဘေဒေန၊ တခုယုတ် ကိုးဆယ်အပြားရှိသော။ ဝိဓိနာ၊ အစီအရင်ဖြင့်။ ပကာသိတံ၊ ပြအပ်သည်။ ဟောတိ၊ ဖြစ်၏။

၆၃။ ကေဝီသတိ၊ နှစ်ဆဲ့တပါးကုန်သော။ ပုညာနိ စ၊ ကုသိုလ်စိတ်တို့ရင်း။ ဒွါဒသ၊ တဆဲ့နှစ်ပါးကုန်သော။ အကုသလာနိ စ၊ အကုသိုလ်စိတ်တို့ရင်း။ ဆတ္တိံသေဝ၊ သုံးဆဲ့ခြောက်ပါးသာလျှင် ဖြစ်ကုန်သော။ ဝိပါကာနိ စ၊ ဝိပါက်စိတ်တို့ရင်း။ ဝီသတိ၊ နှစ်ဆယ်သော။ ကြိယစိတ္တာနိ စ၊ ကြိယာစိတ်တို့ရင်း။ ဣတိ၊ ဤသို့။

၆၄။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ လောကုတ္တရေ၊ လောကုတ္တရာစိတ်တို့ကို။ အဋ္ဌ၊ ရှစ်ပါးတို့ကို။ ကတွာ၊ ပြု၍။ သမာသတော၊ အကျဉ်းအားဖြင့်။ ယေ ကေူန နဝုတိ စိတ္တုပ္ပါဒါ၊ အကြင်တခုယုတ် ကိုးဆယ်သော စိတ်တို့ကို။ မဟေသိနာ၊ မြတ်စွာဘုရားသည်။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ (ထည့်)တေ ကေူန နဝုတိ စိတ္တုပ္ပါဒါ၊ ထိုတခုယုတ် ကိုးဆယ်သောစိတ်တို့ကို။ မယာ၊ ငါသည်။ နိဒ္ဒိဋ္ဌာ၊ ပြအပ်ကုန်ပြီ။

၆၅။ ယေ ဘိက္ခူ၊ အကြင်ရဟန်းတို့သည်။ ပိဋကေ အဘိဓမ္မသို့၊ အဘိဓမ္မာပိဋကတ်၌။ ပါဋ္ဌဝတ္တိနော၊ လိမ္မာသည်၏ အဖြစ်ကို အလိုရှိ

၁။ (ရင်းဋီကာဟောင်း၊ နှာ-၁၈။ ဋီကာသစ်၊ ပ၊ နှာ၊ ၂၈၀။)

ကုန်၏။ ဝါ၊ လိမ္မာသည်၏ အဖြစ်တည်းဟူသော အလိုရှိကုန်၏။ တေဟိ ဘိက္ခူဟိ၊ ထိုရဟန်းတို့သည်။ အယံ အဘိဓမ္မာဝတာရော၊ ဤ **အဘိဓမ္မာဝတာရကျမ်းကို**။ ဥဂ္ဂဟေတဗ္ဗော၊ နာခြင်း, မေးမြန်းခြင်း အစရှိသည်တို့၏ အစွမ်းအားဖြင့် သင်အပ်၏။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ စိန္တေတဗ္ဗော၊ ကြံအပ်၏။

၆၆။ ယေ ဘိက္ခူ၊ အကြင်ရဟန်းတို့သည်။ အဘိဓမ္မမဟောဒဓိံ၊ ဓမ္မသင်္ဂဏီအစရှိသော ခုနစ်ကျမ်းတို့၏အစွမ်းဖြင့်တည်သော အဘိဓမ္မာပိဋကတ်တည်းဟူသော သမုဒ္ဒရာကို။ဝါ၊ခန္ဓာ,အာယတန အစရှိသည်တို့၏အစွမ်းအားဖြင့် တည်သော ပရမတ္ထတည်းဟူသော သမုဒ္ဒရာကို။ အဘိဓမ္မာဝတာရေန၊ **အဘိဓမ္မာဝတာရကျမ်းတည်းဟူသော** သင်္ဘောလှေဖြင့်။ တရန္တိ၊ ကူးကုန်၏။ ဝါ၊ သုတမယဉာဏ်အရင်းရှိသော ဘာဝနာမယဉာဏ်ဖြင့် သက်ကုန်၏။ တေ ဘိက္ခူ၊ ထိုရဟန်းတို့သည်။ ဣမံ လောကံ။ ဤပစ္စုပ္ပန်လောကကိုရင်း။ ပရဉ္စေဝ၊ အနာဂတ်ဘဝကိုရင်း။ တရန္တိ၊ လွန်နိုင်ကုန်၏။ ဝါ၊ အနုပါဒိ-ပရိနိဗ္ဗာန်၏ အစွမ်းဖြင့် ပရိနိဗ္ဗာန်ပြုကုန်၏။ (ဣတိ၊ ဤသည်လျှင် စကားတရပ် အပြီးသတ်တည်း။)

အဘိဓမ္မာဝတာရေ၊ အဘိဓမ္မာဝတာရကျမ်း၌။ စိတ္တနိဒ္ဒေသော နာမ၊ စိတ္တနိဒ္ဒေသမည်သော။ ပဌမော၊ ရှေးဦးစွာသော။ ပရိစ္ဆေဒေါ၊ အပိုင်းသည်။ ဣတိ သမတ္တော၊ ဤတွင် ပြီးပြီ။

# ၂-ဒုတိယပရိစ္ဆေဒ

## ၂-စေတသိကနိဒ္ဒေသ

၆၇။ ယေ စ စေတသိကာ၊ အကြင်စေတသိက်တို့ကို။ စိတ္တာနန္တရံ၊ စိတ်၏အခြားမဲ့၌။ မယာ၊ ငါသည်။ ဥဒ္ဒိဋ္ဌာ၊ အကျဉ်းပြအပ်ကုန်၏။ ဣတော၊ ဤစိတ္တနိဒ္ဒေသမှ။ ပရံ၊ နောက်ဖြစ်သော။ ဒါနိ=ဣဒါနိ၊ ဤယခုအခါ၌။ တေသံ စေတသိကာနံ၊ ထိုစေတသိက်တို့၏။ ဝိဘာဇနံ၊ ဇာတိ, ဘုမ္မိ အစရှိသည်တို့၏ အစွမ်းဖြင့် ခွဲခြမ်းခြင်း, ထိုထိုစိတ်တို့၌ ထိုက်သည် အားလျော်စွာ ယှဉ်ခြင်း၏ အစွမ်းဖြင့် အသီးအသီးဝေဖန်ခြင်းကို။ အဟံ၊ ငါသည်။ ကရိဿာမိ၊ ပြုအံ့[၁]။

စေတသိက်မည်ပုံ။ ။တတ္ထ၊ ထိုစေတသိကာဟူသောပုဒ်၌။ အတ္ထော၊ အနက်ကို။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ယေ ဓမ္မာ၊ အကြင်တရားတို့သည်။ စိတ္တသမ္ပယုတ္တာ၊ စိတ်နှင့် သမ္ပယောဂလက္ခဏာအားဖြင့် ယှဉ်ကုန်၏။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ စေတသိကာ၊ စေတသိက်မည်ကုန်၏[၂]။

ဝါ၊ တနည်းကား။ ယေ ဓမ္မာ၊ အကြင်တရားတို့သည်။ စိတ္တေ၊ စိတ်၌။ ဘဝါ၊ ဖြစ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ စေတသိကာ၊ စေတသိက်မည်ကုန်၏[၃]။

---

ကျမ်းတက် ၁။ ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့် စိတ္တံ စေတသိကံ ရူပံ နိဗ္ဗာနံ ဟူ၍ အကျဉ်းပြအပ်ကုန်သော လေးပါးကုန်သော တရားတို့တွင် စိတ်ကို ရှေးဦးစွာ ဇာတိ,ဘုမ္မိ, သမ္ပယောဂ ပဝတ္တာကာရ အစရှိသည်တို့၏ အစွမ်းဖြင့် ခွဲခြမ်းပြပြီး၍ ယခုအခါ ထိုစိတ်၏ အခြားမဲ့၌ အကျဉ်းပြအပ်ကုန်သော စေတသိက်တရားတို့ကို အကျယ်ပြခြင်းငှါ **စိတ္တာနန္တရ**'မုဒ္ဒိဋ္ဌာ အစရှိသည်ကို အားထုတ်အပ်၏။

ကျမ်းတက် ၂။ ဝိဘာဇနကို ဆိုအပ်သော စေတသိက်တို့သည် အဘယ်တို့နည်း ဟူသော ပုစ္ဆာကို ရည်၍ ထိုစေတသိက်တို့ကို ဝိဂ္ဂိုဟ်နှင့်တကွ သရုပ်အားဖြင့် ပြခြင်းငှါ တတ္ထ စိတ္တသမ္ပယုတ္တာ အစရှိသည်ကို မိန့်။

ကျမ်းတက် ၃။ အဘယ်ကြောင့် ဤတရားတို့သည် စေတသိက် မည်ကုန်သနည်း ဟူသော အမေးကို ဖြေခြင်းငှါ စိတ္တေ ဘဝါ မိန့်။

**စေတသိက်အပြား။** ။တေ ပိ၊ ထိုစေတသိက်တို့သည်လည်း။ စိတ္တံ ဝိယ၊ စိတ်ကဲ့သို့။ သာရမ္မဏတော၊ အကြောင်းနှင့်တကွ ဖြစ်သည်၏အဖြစ်အားဖြင့်။ ဝါ၊ အာရုံနှင့်တကွဖြစ်သည်၏အဖြစ်အားဖြင့်။ ဧကဝိဓာ၊ တပါးအဘို့ရှိကုန်၏။

သဝိပါကာဝိပါကတော၊ အကျိုးကို ဖြစ်စေခြင်း သဘောရှိသည်၏ အဖြစ်, အကျိုးကိုဖြစ်စေခြင်း သဘောမရှိသည်၏ အဖြစ်အားဖြင့်။ ဒုဝိဓာ၊ နှစ်ပါးအပြားရှိကုန်၏။

ကုသလာကုသလာဗျာကတဘေဒတော၊ ကုသိုလ်, အကုသိုလ်, အဗျာ-ကတ အပြားအားဖြင့်။ တိဝိဓာ၊သုံးပါးအပြားရှိကုန်၏။

ကာမာဝစရာဒိဘေဒတော၊ ကာမာဝစရ အစရှိသော အပြားအားဖြင့်။ စတုဗ္ဗိဓာ၊ လေးပါးအပြားရှိကုန်၏။

**ကာမာဝစရစေတသိက်များ။** ။တတ္ထ၊ ထိုကာမာဝစရ အစရှိသော လေးပါးသော စေတသိက်တို့တွင်။ ကာ-မာဝစရ စိတ္တသမ္ပယုတ္တာ၊ ကာမာဝစရစိတ်နှင့် ယှဉ်ကုန်သော စေတသိက်တို့သည်။ ကာမာဝစရာ၊ ကာမာဝစရမည်ကုန်၏။

**ပဌမ ကာမာဝစရကုသိုလ် စေတသိက်များ** တေသု၊ ထိုကာမာဝစရစိတ်နှင့် ယှဉ်ကုန်သော စေတသိက်တို့တွင်။ တာဝ၊ ရှေးဦးစွာ။ ကာမာဝစရ ပဌမ မဟာကုသလစိတ္တ သမ္ပ-ယုတ္တာ၊ ကာမာဝစရ ပဌမ မဟာကုသိုလ်စိတ်နှင့် ယှဉ်ကုန်သောစေတသိက်တို့ကို။ မယာ၊ ငါသည်။ ဝုစ္စန္တေ၊ မိန့်အပ်ကုန်၏။

ကာမာဝစရ ပဌမ မဟာကုသလစိတ္တသမ္ပယုတ္တာ၊ ကာမာဝစရ ပဌမ မဟာကုသိုလ်စိတ်နှင့် ယှဉ်ကုန်သော။ နိယတာ၊ အမြဲဖြစ်ကုန်သော။ သရူပေန၊ သရုပ်အားဖြင့်သာလျှင်။ အာဂတာ၊ လာကုန်သော။ ဧကူန-တိံသ ဓမ္မာ၊ တခုယုတ် သုံးဆယ်သော စေတသိက်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

သေယျထိဒံ=တေ ကတမေ၊ ထိုတခုယုတ်သုံးဆယ်သော စေတသိက်တို့ ဟူသည် အဘယ်တို့နည်းဟူမူကား— ဖဿော၊ ဖဿရင်း။ ဝေဒနာ၊

ဝေဒနာ၊ ဝေဒနာဒ္ဒင်း။ သညာ၊ သညာဒင်း။ စေတနာ၊ စေတနာဒင်း။ ဝိတက္ကော ဝိတက်ဒင်း။ ဝိစာရော၊ ဝိစာရဒင်း။ ပီတိ၊ ပီတိဒင်း။ စိတ္တေကဂ္ဂတာ၊ စိတ္တေကဂ္ဂတာ(သမာဓိ)ဒင်း။ သဒ္ဓါ၊ သဒ္ဓါဒင်း။ သတိ၊ သတိဒင်း။ ဝီရိယံ၊ ဝီရိယဒင်း။ ပညာ၊ ပညာဒင်း။ ဇီဝိတိန္ဒြိယံ၊ ဇီဝိတိန္ဒြေဒင်း။ အလောဘော၊ အလောဘဒင်း။ အဒေါသော၊ အဒေါသဒင်း။ ဟိရီ၊ ဟိရီဒင်း။ ဩတ္တပ္ပံ၊ ဩတ္တပ္ပဒင်း။ ကာယပ္ပဿဒ္ဓိ၊ ကာယပဿဒ္ဓိဒင်း။ စိတ္တပ္ပဿဒ္ဓိ၊ စိတ္တပ္ပဿဒ္ဓိဒင်း။ ကာယလဟုတာ၊ ကာယလဟုတာဒင်း။ စိတ္တလဟုတာ၊ စိတ္တလဟုတာဒင်း။ ကာယမုဒုတာ။ ကာယမုဒုတာဒင်း။ စိတ္တမုဒုတာ၊ စိတ္တမုဒုတာဒင်း။ ကာယကမ္မညတာ၊ ကာယကမ္မညတာဒင်း။ စိတ္တကမ္မညတာ၊ စိတ္တကမ္မညတာဒင်း။ ကာယပါဂုညတာ၊ ကာယပါဂုညတာဒင်း။ စိတ္တပါဂုညတာ၊ စိတ္တပါဂုညတာဒင်း။ ကာယုဇုကတာ၊ ကာယုဇုကတာဒင်း။ စိတ္တုဇုကတာ၊ စိတ္တုဇုကတာဒင်း။ ဣတိ၊ ဤသို့။ ဧကူနတိံသ ဓမ္မာ၊ တခုယုတ် သုံးဆယ်သော စေတသိက်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ယေဝါပနက စေတသိက် ၄-ပါး။ ။ပုန၊ တဖန်။ ဆန္ဒော၊ ဆန္ဒဒင်း။ အဓိမောက္ခော၊ အဓိမောက္ခဒင်း။ တတြမဇ္ဈတ္တတာ၊ တတြမဇ္ဈတ္တတာဒင်း။ မနသိကာရော၊ မနသိကာရဒင်း။ ဣတိ၊ သို့။ စတ္တာရော၊ လေးပါးကုန်သော။ နိယတာ၊ အမြဲဖြစ်ကုန်သော။ ယေဝါပနကာ၊ ယေဝါပနက စေတသိက်တို့သည်။ ဝါ၊ ယေဝါပန ဟူသော ဒေသနာရှိကုန်သော စေတသိက်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

အမှာ။ ။ယေဝါပနာတိဓေဝံ ဒေသနာ ဧတေသန္တိ ယေဝါပနကာ ပြု။

ဣမေဟိ စတူဟိ၊ ဤလေးပါးသော စေတသိက်တို့နှင့်။ သဟ၊ တကွ။ တေယေဝ ဧကူနတိံသ ဓမ္မာ၊ ထိုတခုယုတ် သုံးဆယ်သော စေတသိက်တို့သည်။ (ထည့်) တေတ္တိံသ၊ သုံးဆဲ့သုံးပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

အနိယတယောဂိစေတသိက် ၅-ပါး။ ။ပုန၊ တဖန်။ ကရုဏာ၊ ကရုဏာဒင်း။ မုဒိတာ၊ မုဒိတာဒင်း။ ကာယဒုစ္စရိတဝိရတိ၊ ကာယဒုစ္စရိတဝိရတိ(သမ္မာကမ္မန္တ)ဒင်း။ ဝစီဒုစ္စရိတဝိရတိ၊ ဝစီဒုစ္စရိတဝိရတိ(သမ္မာဝါစာ)ဒင်း။ မိစ္ဆာဇီဝဝိရတိ၊ မိစ္ဆာဇီဝဝိရတိ(သမ္မာအာဇီဝ)ဒင်း။ ဣတိ၊ ဤသို့။ ပဉ္စ၊ ငါးပါးကုန်သော။ ဣမေ-

အနိယတာ ပန၊ ဤမမြဲသောဖြစ်ခြင်း ရှိကုန်သော စေတသိက်တို့သည် ကား။ ကဒါစိ၊ တရံတခါ။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

ရံခါ, အသီးအသီးဖြစ်ပုံ။ ။ဣမေသု[၁]၊ ဤငါးပါးသော စေတသိက်တို့တွင်။ ကရုဏာ မုဒိတာဝသေန၊ ရှေးဦးစွာ နှလုံးသွင်းသည်မှစ၍ ဂေါတြဘူ အဆုံးတိုင်အောင် ဖြစ်စေအပ်သော ကရုဏာ, မုဒိတာ ပရိကံ၏ အစွမ်းအားဖြင့်။ ဘာဝနာကာလေ၊ ပွါးစေသောကာလ၌။ ကရုဏာပုဗ္ဗဘာဂေါ ဝါ၊ ပရိကံ၏အစွမ်းအားဖြင့် ဖြစ်သော ကရုဏာဘာဝနာ၏ အပ္ပနာကောဋ္ဌာသမှ ရှေ့အဘို့သည်ရင်း။ မုဒိတာပုဗ္ဗဘာဂေါ ဝါ၊ပရိကံ၏အစွမ်းအားဖြင့်ဖြစ်သော မုဒိတာဘာဝနာ၏ အပ္ပနာကောဋ္ဌာသမှ ရှေ့အဘို့သည်ရင်း။ ဟုတွာ၊ ဖြစ်၍ (ထည့်)။ ကော၊ တခုသော ကရုဏာ, မုဒိတာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ (အချို့စာအုပ်၌ တော ဥပ္ပဇ္ဇန္တိ ဟုရှိ၏။ ကော ဥပ္ပဇ္ဇတိဟု နိသျ၌ ရှိ၏) ကေတော၊တပြိုင်နက်။ န ပန ဥပ္ပဇ္ဇန္တိ၊ မဖြစ်ကုန်။

ယဒါ ပန၊ အကြင်အခါ၌ကား။ ဣမိနာ စိတ္တေန၊ ဤ ပဌမ မဟာကုသိုလ်စိတ်ဖြင့်။ မိစ္ဆာကမ္မန္တာဒီဟိ၊ မိစ္ဆာကမ္မန္တ အစရှိသည်တို့မှ။ ဝိရမတိ၊ ကြဉ်၏။ တဒါ၊ ထိုအခါ၌။ သမ္မာကမ္မန္တာဒီနိ၊ သမ္မာကမ္မန္တ အစရှိသည် တို့ကို။ ပရိပူရေန္တိ[၂]၊ ပြည့်စေတတ်သော။ တီသု၊ သုံးပါးသော ဝိရတီတို့တွင်။ (ထည့်) ကော ဝိရတိ၊ တခုသောဝိရတီသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ကရုဏာ-မုဒိတာဟိ၊ ကရုဏာ မုဒိတာတို့နှင့်။ သဟ၊ တကွ။ န ဥပ္ပဇ္ဇန္တိ၊ မဖြစ်ကုန်။ အညမညေန စ၊ အချင်းချင်းနှင့်လည်း။ သဟ၊ တကွ။ န ဥပ္ပဇ္ဇန္တိ၊ မဖြစ်ကုန်။ တသ္မာ၊ ထို့ကြောင့်။ ဧတေသု၊ ဤငါးပါးသော စေတသိက်တို့တွင်။ဧကေန၊ တပါးသော စေတသိက်နှင့်။ သဟ၊ တကွ။ စတုတ္တိံသေဝ ဓမ္မာ၊ သုံးဆဲ့လေးပါးသာ ဖြစ်ကုန်သော စေတသိက်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

---

ကျမ်းတက် ၁။ ကဒါစိ ဥပ္ပဇ္ဇန္တိ ဟူ၍ ဆို၏၊ ထိုသို့ ကဒါစိ ဖြစ်သည်ကို အဘယ်သို့ မှတ်အပ်သနည်း ဟူသော အမေးကို ဖြေခြင်းငှါ ဣမေသု အစရှိသည်ကို မိန့်။

အမှာ။ ။မိစ္ဆာကမ္မန္တာဒီဟိ၌ အာဒိသဒ္ဒါဖြင့် မိစ္ဆာဝါစာ, မိစ္ဆာဇီဝတို့ကိုယူ။
သမ္မာကမ္မန္တာဒီနိ၌ အာဒိသဒ္ဒါဖြင့် သမ္မာဝါစာ, သမ္မာအာဇီဝ တို့ကိုယူ။

၂။ (ဆဋ္ဌမူ၌ ပရိပူရေန္တီ ဟု ရှိသည်၊ ယင်းအလို ပရိပူရေန္တိ၊ ပြည့်စေကုန်၏ဟု ပေးရမည်။ ထို့ကြောင့် ဋီကာသစ်၊ နှာ-၂၇၄ ၌ သမ္မာကမ္မန္တာဒိနိ ပရိပူရေန္တီတိ သမ္မာကမ္မန္တ, သမ္မာဝါစာ, သမ္မာအာဇီဝါနိ ပရိပူရေန္တိ-ဟု ဖွင့်သည်။)

**မဟာကုသိုလ်ပဥ္စမစိတ်၌အများဆုံး ယှဥ်သောစေတသိက် ၃၄-ပါး**

၆၀။ အာဒိနာ ပုညစိတ္တေန၊ ပဥ္စမ-မဟာကုသိုလ်စိတ်နှင့်။ သဟ၊ တက္ခ။ နိယတာ၊ မြဲသော ဖြစ်ခြင်း ရှိကုန်သော။ တေတ္တိံသ၊ သုံးဆဲ့သုံးပါးသော စေတသိက်တို့ကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ မတာ=ဘာသိတာ၊ ဟောတော်မူအပ်ကုန်၏။ တေ၊ ထိုသုံးဆဲ့သုံးပါးသော စေတသိက်တို့သည်။ ကရုဏာမုဒိတာ-သု[၁]၊ ကရုဏာ မုဒိတာ-အစရှိသည်တို့တွင်။ ဧကေန၊ တခုသောစေတသိက်နှင့်။ သဟ၊ တက္ခ။ စတုတ္တိံသ၊ သုံးဆဲ့လေးပါးသော စေတသိက်တို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

**မေတ္တာနှင့် ဥပေက္ခာကို ယေဝါပနကတွင် ဟောတော်မမူခြင်း အကြောင်း**

၆၉။ ကသ္မာ[၂]၊ အဘယ့်ကြောင့်။ ထွေ=ဣမေသု ယေဝါပနကဓမ္မေသု၊ ဤ ယေ-ဝါပနက အမည်ရှိကုန်သော စေတသိက်တို့တွင်။ မေတ္တာ စ၊ မေတ္တာကိုရင်း။ ဥပေက္ခာ စ၊ ဥပေက္ခာကိုရင်း။ ဓမ္မ-ရာဇေန၊ ကိုးပါးသော လောကုတ္တရာတရားတို့ဖြင့် ဝေနေယျသတ္တဝါကို တပ်စေတော်မူတတ်သော။ သတ္ထုနာ၊ ပစ္စုပ္ပန်အကျိုးစီးပွါး, တမလွန် အကျိုးစီးပွါးတို့ဖြင့် ဆုံးမတော်မူတတ်သော မြတ်စွာဘုရားသည်။ န ဥဒ္ဒိဋ္ဌာ=န ဝုတ္တာ ပန၊ ဟောတော်မမူအပ်ကုန်သနည်း။

အမှာ။ ။နဝဟိ လောကုတ္တရဓမ္မေဟိ ဇနံ ရဥ္ဇတီတိ ဓမ္မရာဇာ ။ဒိဋ္ဌဓမ္မိကသမ္ပရာယိ-ကတ္ထေဟိ သဒေဝကံ လောကံ အနုသာသတီတိ သတ္ထာ ပြု။

၇၀။ အဗျာပါဒေန၊ အဗျာပါဒဖြင့်။ မေတ္တာပိ၊ မေတ္တာကိုလည်း။ တတြမဇ္ဈတ္တတာယ စ၊ တတြမဇ္ဈတ္တတာဖြင့်လည်း။ ဥပေက္ခာ၊ ဥပေက္ခာကို။ ယသ္မာ၊ အကြင့်ကြောင့်။ ဂဟိတာ၊ ယူအပ်၏။ တသ္မာ၊ ထိုကြောင့်။ ဥဘော၊ နှစ်ပါးကုန်သော မေတ္တာ, ဥပေက္ခာတို့ကို။ န ဂဟိတာ၊ မယူ အပ်ကုန်။

---

အမှာ ၁။ ကရုဏာ,မုဒိတာဒီသု-ဟု ဆိုအပ်လျက် ဂါထာဗန္ဓ ရှုတ်လွယ်စိမ့်သောငှါ အာဒိ-သဒ္ဒါ ကျေသောအားဖြင့် ကရုဏာမုဒိတာသု-မိန့်သည်။

ကျမ်းတက် ၂။ ဤအရာ၌ ဗြဟ္မဝိဟာရ-လေးပါးတို့တွင် နှစ်ပါးကိုသာပြ၍ နှစ်ပါး ကို မပြသည်ကား အဘယ့်ကြောင့်နည်း ဟူသော စောဒနာ-ကို ပြသော ဆရာသည် **ကသ္မာ** ပန-အစရှိသော ဂါထာကို မိန့်။

**ယေဝါပနက စေတသိက်အားလုံးကို ပါဠိတော်၌ဟောတော်မမူခြင်း အကြောင်း**

၇၁။ ကသ္မာ၊ အဘယ့်ကြောင့်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ ယေဝါပနဓမ္မာ၊ ထို ယေဝါပနအမည်ရှိကုန်သော စေတသိက်တို့ကို။ အာဒိစ္စဗန္ဓုနာ၊ နေမင်း တည်းဟူသော အဆွေရှိတော်မူသော။ ဝါ၊ နေမင်း၏ အဆွေဖြစ်တော်မူသော။ ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ သရူပေနေဝ၊ သရုပ်အားဖြင့်သာလျှင်။ ပါဠိယံ၊ (ဓမ္မသင်္ဂဏီ) ပါဠိတော်၌။ န ဥဒ္ဒိဋ္ဌာ=န ဒေသိတာ၊ ဟောတော်မမူအပ်ကုန်သနည်း။

အမှာ။ ။အာဒိစ္စော ဗန္ဓု ဉာတကော ဧတဿာတိ အာဒိစ္စဗန္ဓု ပြု။

၇၂။ ယသ္မာ၊ အကြင့်ကြောင့်။ ကေစိ၊ အချို့သော ယေဝါပန အမည်ရှိကုန်သော စေတသိက်တို့သည်။ အနိယတာ၊ မမြဲသောဖြစ်ခြင်းရှိကုန်၏။ ယသ္မာ စ၊ အကြင့်ကြောင့်လည်း။ ယေဝါပနဓမ္မာ၊ ယေဝါပနအမည်ရှိကုန်သော စေတသိက်တို့သည်။ ရာသိံ၊ ဖဿပဉ္စမက-အစရှိသော တဆဲ့ခုနစ်ပါးသော အစုသို့[၁]။ န ဘဇန္တိ၊ မဝင်ကုန်။ ယသ္မာ စ၊ အကြင့်ကြောင့်လည်း။ ကေစိ၊ အချို့ကုန်သော အဓိမောက္ခ,မနသိကာရစေတသိက်တို့သည်။ ဒုဗ္ဗလာ၊ အားနည်းကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ယေဝါပနဓမ္မာ၊ ယေ-

---

၁။ (ရာသိ ၁၇-ခုတို့မှာ—

(၁) ဖဿပဉ္စမက ရာသိ (၂) ဈာနင်္ဂ ရာသိ (၃) ဣန္ဒြိယ ရာသိ (၄) မဂ္ဂ ရာသိ (၅) ဗလ ရာသိ (၆) မူလ ရာသိ (၇) ကမ္မပထ ရာသိ (၈) လောကပါလ ရာသိ (၉) ပဿဒ္ဓိ ရာသိ (၁၀) လဟုတာ ရာသိ (၁၁) မုဒုတာ ရာသိ (၁၂)ကမ္မညတာ ရာသိ (၁၃) ပါဂုညတာ ရာသိ (၁၄) ဥဇုကတာ ရာသိ (၁၅) သတိသမ္ပဇည ရာသိ (၁၆) သမထဝိပဿနာ ရာသိ (၁၇) ပဂ္ဂါဟအဝိက္ခေပ ရာသိတို့ ဖြစ်သည်။

ဤကား အဋ္ဌသာလိနီ အလိုတည်း။ အဘိ၊ဋ္ဌ၊၁၊နှာ-၁၈၀။

(၁) ဖဿပဉ္စမက ရာသိ (၂) ဈာနပဉ္စက ရာသိ (၃) ဣန္ဒြိယဋ္ဌက ရာသိ (၄) မဂ္ဂပဉ္စက ရာသိ (၅) ဗလသတ္တက ရာသိ (၆) ဟေတုတ္တိက ရာသိ (၇) ကမ္မပထ-တိက ရာသိ (၈) လောကပါလဒုက ရာသိ (၉) ပဿဒ္ဓိဒုက ရာသိ (၁၀) လဟုတာ-ဒုက ရာသိ (၁၀) မုဒုတာဒုက ရာသိ (၁၂) ကမ္မညတာဒုက ရာသိ (၁၃) ပါဂုည-တာဒုက ရာသိ (၁၄) ဥဇုကတာဒုက ရာသိ (၁၅) ဥပကာရဒုက(သတိပညာ)ရာသိ (၁၆) ယုဂနန္ဓဒုက(သမထ,ဝိပဿနာ)ရာသိ (၁၇) ဝီရိယသမထဒုက(ဝီရိယ သမာဓိ) ရာသိ-တို့ ဖြစ်သည်။

ဤကား ဋီကာသစ်အလိုတည်း။ အဘိဓမ္မာဝတာရဋီကာသစ်၊ပ၊နှာ-၂၈၅-၆။)

ဝါပန အမည်ရှိကုန်သော စေတသိက်တို့ကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ပါဠိယံ၊ (ဓမ္မသင်္ဂဏီ) ပါဠိတော်၌။ န ဝုတ္တာ၊ ဟောတော်မမူအပ်ကုန်။

၇၃။ ဆန္ဒာဓိမောက္ခမုဒိတာမနသိဝကာရာ စ[၁]၊ ဆန္ဒ,အဓိမောက္ခ,မုဒိတာ,မနသိကာရတို့ငှင်း။ မဇ္ဈတ္တတာ စ၊ တတြမဇ္ဈတ္တတာငှင်း။ ကရုဏာ စ၊ ကရုဏာငှင်း။ ဝိရတိတ္တယဥ္စ၊ ဝိရတိ သုံးခုတို့၏ အပေါင်းငှင်း။ ဣတိ၊ ဤသို့။ ပုညေသု၊ ပဉ္စမမဟာကုသိုလ်စိတ်တို့၌။ နိယတာ စ၊ မြဲသောဖြစ်ခြင်း ရှိသည်လည်း ဖြစ်ကုန်သော။ အနိယတာ စ၊ မမြဲသောဖြစ်ခြင်း ရှိသည်လည်း ဖြစ်ကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ယေဝါပနာ၊ ယေဝါပန-အမည်ရှိကုန်သော စေတသိက်တို့ကို။ တေန မုနိဝရေန၊ ထို ဘုရားမြတ်စွာသည်။ န စေဝ ဝုတ္တာ၊ ဟောတော် မမူအပ်ကုန်။

## ဖဿ-ကို ရှေးဦးစွာ ဟောတော်မူခြင်း အကြောင်း

**မဟာသင်္ဃိကဝါဒ** ၇၄။ ကသ္မာ၊ အဘယ့်ကြောင့်။ တေသ=တေသု စေတသိကေသု၊ ဤ စေတသိက် တို့တွင်။ ဖဿော ဝ၊ ဖဿကိုသာလျှင်။ ပဌမံ၊ ရှေးဦးစွာ။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ သမုဒ္ဒိရိတော၊ ဟောတော်မူအပ်သနည်း။ စိတ္တဿ၊ စိတ်၏။ အာရမ္မဏေ၊ အာရုံ၌။ ပဌမာဘိနိပါတတ္တာ၊ အာရုံ၌ တွေ့ခြင်း၏ အစွမ်းဖြင့် ရှေးဦးစွာ ကျသည်၏ အဖြစ်ကြောင့်။ ဖဿော ဝ၊ ဖဿကိုသာလျှင်။ ပဌမံ၊ ရှေးဦးစွာ။ သမုဒ္ဒိရိတော၊ ဟောတော်မူအပ်၏။ ဣတိ၊ ဤသို့။ မဟာသံဃိကာ၊ မဟာသင်္ဃိကတို့သည်။ ဝဒန္တိ ကိရ၊ ဆိုကုန်သတတ်။

၇၅။ ပန ဝိတ္ထာရော၊ အကျယ်ကို။ ဝုစ္စတေ၊ ဆိုဦးအံ့။ ဖဿေန၊ ဖဿဖြင့်။ ဖုသိတွာ၊ တွေ့၍။ ဝေဒနာယ စ၊ ဝေဒနာဖြင့်လည်း။ ဝေဒယေ=ဝေဒယတိ၊ ခံစား၏။ သညာယ စ၊ သညာဖြင့်လည်း။ သဉ္ဇာနာတိ၊

---

အမှာ ၁။ မနသိဝ ကာရာ-၌ မနသိကာရသဒ္ဒါ-၏ အနက်မျှကို ပြခြင်း၏အစွမ်းဖြင့် ဂါထာဗန္ဓ ရွတ်လွယ်စိမ့်သောငှါ အသမာသနိဒ္ဒေသ ဒီဃ-ပြု၍ အလယ်၌ ဝ-သဒ္ဒါကို မိန့်သည်။ ("မနသိ စ ကာရော" ရှိသော ဆင္ဂအလိုမူ မနသိကာရဝယ် သိ ၌ ဣ-ကို ဤ ဒီဃ ပြု၍ အလယ်၌ စ အက္ခရာကိုထားသည်။ ငှင်းဋီကာသစ်၊ ပ၊ နှာ-၂၇၉။)

မှတ်၏။ စေတနာယ စ၊ စေတနာဖြင့်လည်း။ စေဘယေ=အဘိသန္ဓဟတိ၊ ဖြစ်စေ၏။ ဝါ၊ ယှဉ်စေ၏[၁]။

၇၆။ သဟဇာတာန မေဝ၊ တက္ခ ဖြစ်ကုန်သော စေတသိက်တို့၏။ ဗလဝပစ္စယတ္တာ စ၊ အားရှိသော အကြောင်းဖြစ်သည်၏ အဖြစ်ကြောင့်လည်း။ ဖဿောဝ၊ ဖဿကိုသာလျှင်။ ပဌမံ၊ ရှေးဦးစွာ။ ဝုတ္တော၊ ဟောတော်မူအပ်၏။ [တသ္မာ-စသည်ကား ဟောတုနိဂမန-တည်း] တသ္မာ၊ ထိုကြောင့်။ ဣမ၊ ဤပဌမ မဟာကုသိုလ်စိတ်၌။ ဖဿောဝ၊ ဖဿ-ကိုသာလျှင်။ ပဌမံ၊ ရှေးဦးစွာ။ မဟေသိနာ၊ မြတ်စွာဘုရားသည်။ ဝုတ္တော၊ ဟောတော်မူအပ်၏။ ဣတိ၊ ဤသို့။ ဝဒန္တိ ကိရ၊ ဆိုကုန်သတတ်။

**မဟာသင်္ဃိကဝါဒ-ကိုပယ်ခြင်း။** ၇၇။ ဣဒံ သဗ္ဗံ ဝစနံ၊ ဤ အလုံးစုံသော စကားသည်။ အကာရဏံ=အယုတ္တံ၊ မသင့်။ ကသ္မာ၊ အဘယ့်ကြောင့်။ အကာရဏံ=အယုတ္တံ၊ မသင့်သနည်း။ စိတ္တာနဥ္စ၊ စိတ်တို့၏ရင်း။ စိတ္တဇာနဥ္စ၊ စေတသိက်တို့၏ရင်း။ ကေပ္ပါဒါဒိဘာဝေန၊ ကေပ္ပါဒ-အစရှိသည်၏ အဖြစ်ဖြင့်။ သဟေဝ၊ တက္ခ သာလျှင်။ ပဝတ္တိတော၊ ဖြစ်ခြင်းကြောင့်။ အကာရဏံ=အယုတ္တံ၊ မသင့်[၂]။

၇၈။ အယံ ဓမ္မော၊ ဤတရားသည်။ ပဌမံ၊ ရှေးဦးစွာ။ ဥပ္ပန္နော၊ ဖြစ်၏။ အယံ ဓမ္မော၊ ဤတရားသည်။ ပစ္ဆာ၊ နောက်မှ။ ဥပ္ပန္နော၊ ဖြစ်၏။ ဣတိ ဣဒံ=ယထာဝုတ္တဝိဓာနံ၊ ဤဆိုအပ်သော အစီအရင်သည်။ နတ္ထိ၊ မရှိ။ ဖဿဿ၊ ဖဿ၏။ ဗလဝပစ္စယတ္တေပိ၊ အားရှိသော အကြောင်း၏ အဖြစ်၌လည်း။ ကာရဏံ၊ အကြောင်းသည်။ န စ နေဝ ဒိဿတိ၊ မထင်သာလျှင်ကတည်း[၃]။

---

ကျမ်းတက် ၁။ ဤသို့ မဟာသင်္ဃိက-တို့၏ အယူကို ပြပြီး၍ ယခုအခါ ထိုအယူကို ပင်လျှင် ခဲ့ခြင်းငှါ ဖုသိတွာ ပန-အစရှိသည်ကို မိန့်။

အမှာ ၂။ သဟေဝ စ-၌ စ-သဒ္ဒါသည် အဋ္ဌာနပယုတ်၊ ထို စ-သဒ္ဒါကို စိတ္တဇာနံ-နောင် ယှဉ်စေ။

ကျမ်းတက်နှင့် အမှာ ၃။ ဤသို့ ပဌမာဘိနိပါတတ္တာ-ဟူသော အကြောင်းကို ပယ်ပြီး၍ ယခုအခါ ဗလဝပစ္စယတ္တာ-ဟူသော အကြောင်းကို ပယ်သည်ဖြစ်၍ ဗလဝ။ပ။ ဒိဿတိ-ဟု မိန့်။

ကာရဏဥ္စ-၌ စ-သဒ္ဒါ အဝဓာရဏတ္ထ၊ န ဒိဿတိ-၌ န-နှင့်ယှဉ်။

၇၉။ ဒေသနာက္ကမတော ၀ေ၊ ဒေသနာအစဉ်အားဖြင့်သာလျှင်။ ဖဿော၊ ဖဿကို။ ပဌမံ၊ ရှေးဦးစွာ။ သမုဒ္ဒိရိတော၊ ဟောတော်မူအပ်၏။ ဣစ္စေဝံ ဣတိဝေံ=ဣတိ ဣမိနာ ယထာဝုတ္တပ္ပကာရေန၊ ဤငါဆိုအပ်သော အပြားအားဖြင့်။ ဝိညုနာ၊ ပညာရှိသည်။ ဝိညေယျံ၊ သိအပ်၏။ ဝိသေ-သတော၊ အထူးအားဖြင့်။ န ဝိညေယျံ၊ မသိအပ်[၁]။

၈၀။ တသ္မာ၊ ထိုကြောင့်။ အယံ ပုဗ္ဗာပရက္ကမော၊ ဤရှေ့နောက်အစဉ်ကို။ န စ ပရိယေသိတဗ္ဗော၊ မရှာအပ်သည်သာလျှင်ကတည်း။ ဝစနတ္ထ-လက္ခဏာဒီဟိ၊ ဝစနတ္ထ,လက္ခဏာ အစရှိသည်တို့ဖြင့်။ ဓမ္မာ ဧဝ၊ သဘော တို့ကိုသာလျှင်။ ဝိဇာနတာ၊ ပညာရှိသောသူသည်။ ပရိယေသိတဗ္ဗာ၊ ရှာအပ်ကုန်၏။

**ဖဿစသည်တို့၏ဝစနတ္ထနှင့် လက္ခဏာစသည်**

ယသ္မာ ပန၊ အကြင်ကြောင့်လည်း။ ဣမေ ဓမ္မာ၊ ဤစေတသိက်တို့သည်။ ဝစနတ္ထ-လက္ခဏာဒီဟိ၊ ဝစနတ္ထ,လက္ခဏာအစရှိသည် တို့ဖြင့်။ ဝုစ္စမာနာ၊ ဆိုအပ်ကုန်သည်ရှိသော်။ ပါကဋာ၊ ထင်ရှားကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သုဝိညေယျာ စ၊ သိလွယ်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ တသ္မာ၊ ထိုကြောင့်။ တေသံ၊ ထိုစေတသိက်တို့၏။ ဝစနတ္ထ-လက္ခဏာဒီနိ၊ ဝစနတ္ထ လက္ခဏာ အစရှိသည်တို့ကို။ ပဝက္ခာမိ၊ ဆိုအံ့။

**ဖဿ၏ဝစနတ္ထ။** ။သေယျထိဒံ=တေ ကတမေ၊ ထိုဝစနတ္ထ,လက္ခဏာ အစရှိသည်တို့သည် အဘယ်တို့နည်းဟူမူကား—

ယော ဓမ္မော၊ အကြင်တရားသည်။ ဖုသတိ၊ တွေ့တတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ သော ဓမ္မော၊ ထိုတရားသည်။ ဖဿော၊ ဖဿမည်၏။

**ဖဿ၏လက္ခဏာ စသည် ၄-ပါး။** ။သွာယံ=သော အယံ ဖဿော၊ ထို ဖဿသည်—

ဖုသန လက္ခဏော၊ တွေ့ခြင်းတည်းဟူသော လက္ခဏာရှိ၏။

သဃဋ္ဋန ရသော၊ မနောဒွါရ၌ စိတ်အာရုံတို့၏ ထိခြင်းကိစ္စရှိ၏။ ဝါ၊ ပဉ္စဒွါရ၌ ဝတ္ထုအာရုံတို့၏ ထိခြင်းနှင့်ပြည့်စုံ၏။

---

ကျမ်းတက် ၁။ ဤအလုံးစုံသော အစီအရင်သည် အကယ်၍ မသင့်အံ့၊ အဘယ့်ကြောင့် ဖဿကို ရှေးဦးစွာ ဟောတော်မူသနည်း ဟူသော စောဒနာကို နှလုံးထား၍ ဒေသနာက္ကမတော အစရှိသည်ကို မိန့်။

သန္နိပါတ ပစ္စုပဋ္ဌာနော်၊ စက္ခု, ရူပ, ဝိညာဏ အစရှိသော သုံးပါး တို့၏ပေါင်းခြင်းဟု ဆိုအပ်သော အကြောင်း၏ အစွမ်းဖြင့် ထင်ခြင်းရှိ၏။ ဝါ၊ တနည်းကား။ ဖလဋ္ဌေန၊ ဖလအနက်အားဖြင့်။ ဝေဒနာပစ္စုပဋ္ဌာနော၊ ဝေဒနာအကျိုးရှိ၏။

အာပါထဂတ ဝိသယ ပဒဋ္ဌာနော၊ ထင်ခြင်းသို့ရောက်သော အာရုံလျှင် နီးစွာသော အကြောင်းရှိ၏။

**နာမ်ဖဿ အာရုံကို တွေ့ထိနိုင်ခြင်းအကြောင်း။** ။ဟိ သစ္စံ၊ မှန်၏။ အယံ ဖဿော၊ ဤဖဿသည်။ အရူပဓမ္မော၊ နာမ်တရားသည်။ သမာနောပိ၊ ဖြစ်သော်လည်း။ အာရမ္မဏေသု၊ အာရုံတို့၌။ ဖုသနာကာရေနေဝ၊ တွေ့သော အခြင်းအရာဖြင့်သာလျှင်။ ပဝတ္တတိ၊ ဖြစ်၏ ¹။

**ဖဿကိုဥပမာဖြင့်ပြခြင်း။** ။သော၊ ထိုဆိုအပ်ပြီးသော လက္ခဏာအစရှိသည်ရှိသော ဖဿကို။ ဒွိန္နံ မေဏ္ဍာနံ၊ ဆိတ်နှစ်ကောင်တို့၏။ သန္နိပါတော ဝိယ၊ ပေါင်းမိခြင်းကဲ့သို့။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏ ²။

---

ကျမ်းတက် ၁။ ဤဖဿသည် စေတသိက် မဟုတ်ပါလော၊ ထိုစေတသိက်ဖြစ်သော ဖဿသည် နာမ်တရားဖြစ်လျက် အဘယ့်ကြောင့် ဖုသနလက္ခဏာရှိသည် ဖြစ်သနည်း ဟူသော အန္တောလီနစောဒနာကို နှလုံးပြု၍ ထိုစောဒနာကို ဖြေခြင်းငှါ အယံ ဟိ အရူပဓမ္မောပိ သမာနော အစရှိသည်ကို မိန့်။

(ဖဿသည် နာမ်တရားဖြစ်သည်၊ နာမ်တရားတို့မည်သည် တွေ့ထိနိုင်သော သဘောမရှိ၊ ထို့ဖြစ်သောကြောင့် ဖဿသည် အဘယ်သို့ အာရုံကို တွေ့ထိခြင်းသဘောရှိသနည်း ဟူမူ—

ဖဿသည် နာမ်တရားဖြစ်သော်လည်း အာရုံ၌ တွေ့ထိသော အခြင်းအနေဖြင့်သာ ဖြစ်ပေါ်သည်၊ ရုပ်တရားကဲ့သို့ တွေ့ထိတတ်သော တရား မဟုတ်ချေ၊

ချဉ်သီးစားနေသောသူကို မြင်ရာ၌ မြင်သောသူ၏ တံထွေး ယိုစီးခြင်း, နှိပ်စက်ခံနေရသောသူကို မြင်ရာ၌ သနားတတ်သောသူ၏ ကိုယ်တုန်လှုပ်ခြင်း, သစ်ပင်ဖျား၌ လိမ့်ကျမည့်ဆဲဆဲ ဖြစ်နေသောသူကို မြင်ရာ၌ မြေပြင်၌ ကြည့်နေသူ၏ နှလုံးတုန် ဒူးတုန်ခြင်း, ကြောက်မက်ဖွယ် ဘီလူးကို မြင်ရာ၌ ကိုယ်လက်တောင့်တင်း ကြက်သေသေခြင်း, လုံ့ဖျား ပုစဉ်းနား, ကြီးကန်းက ကြောက်ချေးပါခြင်း, ကျားနှင့်တွေ့ရာ ခွေးဖင်သီနေခြင်း စသော အခါမျိုးကဲ့သို့ ဖဿ၏ အာရုံ၌ တွေ့ထိမှု ဖုသနသဘောကို မှတ်ရာ၏၊ ရင်းဋီကာသစ်၊ ပ၊ နှာ-၂၉၁။)

၂။ (နောက်ဆက်တွဲကြည့်)

**သောမနဿဝေဒနာ၏ ဝစနတ္ထ။** ။သုန္ဒရံ၊ သုခဝေဒနာနှင့် ယှဉ်သည့်၏ အဖြစ်ကြောင့် ချီးမွမ်းအပ်သော။ မနော၊ စိတ်တည်း။ ဧတတိ တဿ၊ ထိုကြောင့်။ သုမနော၊ သုမနမည်၏။ သုမနဿ၊ သုမနဟုဆိုအပ်သော ဝိညာဉ်၏။ ဘာဝေါ၊ အဖြစ်တည်း။ သောမနဿံ၊ သုမနဟုဆိုအပ်သော ဝိညာဉ်၏အဖြစ်။ သောမနဿမေဝ၊ သောမနဿသည်သာလျှင်။ ဝေဒနာ၊ ဝေဒနာတည်း။ သောမနဿဝေဒနာ၊ သောမနဿသည်သာလျှင် ဝေဒနာ။

**သောမနဿဝေဒနာ၏ လက္ခဏာစသည် ၄-ပါး။** ။သာ၊ ထိုသောမနဿ ဝေဒနာသည်—

ဝေဒယိတ လက္ခဏာ၊ ခံစားသောအခြင်းအရာဖြင့် ဖြစ်ခြင်း လက္ခဏာ ရှိ၏။

ဣဋ္ဌာကာရာနုဘဝန ရသာ၊ ဣဋ္ဌအခြင်းအရာဖြင့် ခံစားခြင်းကိစ္စရှိ၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်း ဟူမူကား။ သုဘောဇနရသံ၊ ကောင်းသော ဘောဇဉ်၏ အရသာကို။ အနုဘဝန္တော၊ ခံစားသော။ ရာဇာ ဝိယ၊ မင်းကဲ့သို့တည်း[၁]။

စေတသိကအဿာဒ ပစ္စုပဋ္ဌာနာ၊ စိတ်၌ဖြစ်သော သုခ၏အဖြစ်ဖြင့် ထင်၏။ ဝါ၊ စိတ်၌ဖြစ်သော သုခအကျိုးရှိ၏။

ပဿဒ္ဓိ ပဒဋ္ဌာနာ၊ ကိုယ်၏ငြိမ်းခြင်းလျှင် နီးစွာသော အကြောင်း ရှိ၏။

**သညာ၏ ဝစနတ္ထ။** ။ယာ ဓမ္မဇာတိ၊ အကြင် တရားသဘောသည်။ နီလာဒိဘေဒံ၊ အညိုအစရှိသည် အပြားရှိသော။ အာရမ္မဏံ၊ အာရုံကို။ သဉ္ဇာနာတိ၊ အမှတ်ကိုပြု၍သိတတ်၏။ ဧတတိ တဿ၊ ထိုကြောင့်။ သာ ဓမ္မဇာတိ၊ ထိုတရားသဘောသည်။ သညာ၊ သညာ မည်၏။

---

၁။ (အာရုံ၏ အရသာကို ဝေဒနာမှတပါး အခြားသော ယှဉ်ဘက်တရားတို့သည်လည်း ခံစားတတ်သည်။ သို့ရာတွင် ဝေဒနာကဲ့သို့ မခံစားနိုင်။ ဥပမာဆိုသော်-ဘုရင်မင်းမြတ်၏ စားတော်ခဲသည် ဟင်း၏အရသာကို မြီးရုံမျှသာမြီးကာ အရသာကိုခံစားနိုင်၍ ဘုရင်မင်း မြတ်ကမူ မိမိအလိုရှိသမျှ စားသုံးပြီး ခံစားနိုင်သကဲ့သို့တည်း။)

**သညာ၏ လက္ခဏာစသည် ၄-ပါး။** ။သာ သညာ၊ ထိုသညာသည်—

သဉ္ဇာနန လက္ခဏာ၊ အမှတ်ကိုပြု၍ သိခြင်းလက္ခဏာရှိ၏။

ပစ္စာဘိညာဏကရဏ ရသာ၊ တဖန်သိကြောင်းဖြစ်သော သန္တာန် အစရှိသော အခြင်းအရာကို ပြုခြင်းကိစ္စရှိ၏။

ကိမိဝ၊ အဘယ်ကဲ့သို့နည်း ဟူမူကား။ ဝဍ္ဎကိဿ၊ လက်သမား၏။ အဘိညာဏကရဏံ ဣဝ၊ သစ်တို့၌ တဖန်သိကြောင်းဖြစ်သော အမှတ်ကိုပြုခြင်းကဲ့သို့တည်း [၁]။

ယထာဂဟိတနိမိတ္တဝသေန၊ အကြင်အကြင် ယူအပ်သော နိမိတ်၏ အစွမ်းအားဖြင့်။ အဘိနိဝေသကရဏ ပစ္စုပဋ္ဌာနာ၊ နှလုံးသွင်းခြင်းကို ပြုခြင်းအကျိုးရှိ၏။ [ဖလပစ္စုပဋ္ဌာန်] ဝါ၊ နှလုံးသွင်းခြင်းကိုပြုခြင်း တည်းဟူသော အခြင်းအရာဖြင့် ထင်ခြင်းရှိ၏။ [ဥပဋ္ဌာနပစ္စုပဋ္ဌာန်]

ယထောပဋ္ဌိတဝိသယ ပဒဋ္ဌာနာ၊ ထင်တိုင်းသောအာရုံလျှင် နီးစွာသော အကြောင်းရှိ၏။

**စေတနာ၏ ဝစနတ္ထ။** ။ယာ ဓမ္မဇာတိ၊ အကြင်တရားသဘောသည်။ စေတယတိ၊ ဖြစ်စေတတ်၏။ ဝါ၊ သမ္ပယုတ် တရားတို့ကို အာရုံ၌ယှဉ်စေတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သာ ဓမ္မဇာတိ၊ ထိုတရားသဘောသည်။ စေတနာ၊ စေတနာမည်၏။ အတ္တနာ၊ မိမိနှင့်။ သဒ္ဓိံ၊ တကွ။ သမ္ပယုတ္တဓမ္မေ၊ သမ္ပယုတ်ဖြစ်ကုန်သော တရားတို့ကို။ အာရမ္မဏေ၊ အာရုံ၌။ အဘိသန္ဒဟတိ=ပဝတ္တေတိ၊ ဖြစ်စေတတ်၏။ ဝါ၊ ယှဉ်စေတတ်၏။ ဣတိ အတ္ထော၊ ဤကား အနက်။

**စေတနာ၏လက္ခဏာစသည် ၄-ပါး။** ။သာ စေတနာ၊ ထိုစေတနာသည်—

စေတယိတ လက္ခဏာ၊ အားထုတ်သည်၏ အဖြစ်တည်းဟူသော လက္ခဏာရှိ၏။ ဝါ၊ ယှဉ်စေခြင်းလက္ခဏာရှိ၏။

အာယူဟန ရသာ၊ စေတသိက်တို့ကို ဖြစ်စေခြင်းကိစ္စ ရှိ၏။ ဝါ၊ လုံ့လ ပြုခြင်း ကိစ္စရှိ၏။

---

ကျမ်းတက် ၁။ ထို အဘိညာဏကရဏကို အဘယ်သို့ မှတ်အပ်သနည်း ဟူသော အမေးကို ဖြေခြင်းငှါ ဝဍ္ဎကိဿ အဘိညာဏကရဏ မိဝ မိန့်။

သံဝိဒဟန ပစ္စုပဋ္ဌာနာ၊ သင် အမှုကို ပြုလေ့ဟု စီရင်သကဲ့သို့ ဖြစ်တတ်၏။ သကကိစ္စ ပရကိစ္စသာကော၊ မိမိကိစ္စ သူတပါးကိစ္စကို ပြီးစေတတ်ကုန်သော။ ဇေဋ္ဌသိဿ မဟာဝဍ္ဎကိအာဒယော ဝိယ[၁]၊ တပည့်ကြီး လက်သမားကြီး အစရှိသောသူတို့ကဲ့သို့။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏။

**ဝိတက်၏ ဝစနတ္ထ။**　။ယော ဓမ္မော၊ အကြင်တရားသည်။ ဝိတက္ကေတိ၊ စိတ်ကိုအာရုံသို့ ရှေးရှုတင်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သော ဓမ္မော၊ ထိုတရားသည်။ ဝိတက္ကော၊ ဝိတက်မည်၏။ ဝါ၊ တနည်းကား။ ဝိတက္ကနံ၊ အာရုံကိုကြံခြင်း။ ဝါ၊ အာရုံသို့ ရှေးရှုတင်ခြင်း။ ဝိတက္ကော၊ အာရုံကိုကြံခြင်း။ ဝါ၊ အာရုံသို့ ရှေးရှုတင်ခြင်း။

**ဝိတက်၏ လက္ခဏာစသည်။**　။သွာယံ=သော အယံ ဝိတက္ကော၊ ထိုဝိတက်သည်——

အာရမ္မဏေ၊ အာရုံ၌။ စိတ္တဿ၊ စိတ်ကို။ အဘိနိရောပန လက္ခဏော၊ ရှေးရှုတင်ခြင်း လက္ခဏာရှိ၏။

အာဟနန ပရိယာဟနန ရသော၊ (အာရုံကို) အစစ္စာ တီးခေါက်ခြင်း။ ဝါ၊ ရှေးရှုတီးခေါက်ခြင်း။ ဝါ၊ ထက်ဝန်းကျင်မှ တီးခေါက်ခြင်း။ ဝါ၊ ပြောင်းပြန်၍ တီးခေါက်ခြင်း[၂] ကိစ္စရှိ၏။

အမှာ။　။အာဒိတော, အဘိမုခံ ဝါ ဟနနံ ပဟရဏမတ္တံ အာဟနနံ၊ ပရိတော ပရိဝတ္တေတွာ ဝါ ဟနနံ ဝိသေသေန ပဟရဏံ ပရိယာဟနနံ၊ တံ ကိစ္စ မဿာတိ အာဟနနပရိယာဟနနရသော ပြု။

အာရမ္မဏေ၊ အာရုံ၌။ စိတ္တဿ၊ စိတ်ကို။ အာနယန ပစ္စုပဋ္ဌာနော၊ ဆောင်သည်။ ဝါ၊ ငင်သည်ဖြစ်၍ ထင်ခြင်းရှိ၏။

**ဝိစာရ၏ ဝစနတ္ထ။**　။တေန ဝိစာရေန၊ ထိုဝိစာရဖြင့်။ ဝါ၊ ထိုဝိစာရကြောင့်။ အာရမ္မဏေ အာရုံ၌။ စိတ္တံ၊ စိတ်သည်။ ဝိစရတိ၊ အစဉ်လျှောက်တတ်၏။ ဣတိ တသ္မာ၊ ထိုသို့ အစဉ်လျှောက်

---

ကျမ်းတက်နှင့်အမှာ　၁။ တပည့်ကြီးသည် တပါးသော သူတို့ကို သရဇ္ဈာယ်ခြင်း၌ တိုက်တွန်းသည်ရှိသော် မိမိလည်း သရဇ္ဈာယ်၏၊ လက်သမားကြီးသည် မိမိလည်း လက်သမား အမှုကို ပြုခြင်းငှါ အားထုတ်သည်ရှိသော် တပါးသော လက်သမားငယ်တို့ကိုလည်း လက်သမား အမှုကို ပြုစေ၏၊ ထို့ကြောင့် ဇေဋ္ဌသိဿ မဟာဝဍ္ဎကိအာဒယော ဝိယ မိန့်သည်၊ အာဒိ သဒ္ဒါဖြင့် ဇေဋ္ဌန္တေဝါသိက အစရှိသည်တို့ကို ယူ။

၂။ (ပြောင်းပြန်၍ တီးခေါက်ခြင်း=အဖန်ဖန်အထပ်ထပ် တီးခေါက်ခြင်း။)

ကြောင်းဖြစ်သောသတ္တိကြောင့်။ ဝိစာရော၊ ဝိစာရမည်၏။ ဝါ၊ တနည်းကား။ ဝိစရဏံ၊ အစဉ်လျှောက်ခြင်း။ ဝိစာရော၊ အစဉ်လျှောက်ခြင်း ¹။ အနုသဉ္စရဏံ၊ အစဉ်လျှောက်ခြင်း။ ဝါ၊ သုံးသပ်ခြင်း။ ဣတိ၊ ဤသို့။ ဝုတ္တံ=ဝုတ္တော၊ ဆိုအပ်သည်။ ဟောတိ၊ ဖြစ်၏။

**ဝိစာရ၏လက္ခဏာစသည်။** ။သွာယံ=သော အယံ ဝိစာရော၊ ထိုဝိစာရသည်—

အာရမ္မဏာနုမဇ္ဇန လက္ခဏော၊ အာရုံကို သုံးသပ်ခြင်းလက္ခဏာရှိ၏။

တတ္ထ=တသ္မိံ အာရမ္မဏေ၊ထို အာရုံ၌။သဟဇာတာနုယောဇန ရသော၊ သဟဇာတ်တရားတို့ကို ယှဉ်စေခြင်းကိစ္စရှိ၏။

စိတ္တဿ၊ စိတ်ကို။ အနုပဗန္ဓ ပစ္စုပဋ္ဌာနော၊ အာရုံ၌ အစဉ်မပြတ်သကဲ့သို့ ဖြစ်စေသည်ဖြစ်၍ ထင်ခြင်းရှိ၏။

**ပီတိ၏ဝစနတ္ထ။** ။ယာ ဓမ္မဇာတိ၊ အကြင်တရားသဘောသည်။ ပိဏယတိ၊ ကိုယ် စိတ်ကို ပျို့စေတတ်၏။ ဝါ၊ ကိုယ်စိတ်ကို ပွါးစေတတ်၏။ ဣတိ တသ္မာ၊ ထိုသို့ ကိုယ်စိတ်ကို ပျို့စေတတ်, ပွါးစေတတ်သော သတ္တိကြောင့်။ သာ ဓမ္မဇာတိ၊ ထိုသည်။ ပီတိ၊ ပီတိမည်၏။

**ပီတိ၏လက္ခဏာစသည်။** ။သာ ပီတိ၊ ထို ပီတိသည်—

သမ္ပိယာယန လက္ခဏာ၊ အာရုံကိုလျှောက်ပတ်သော အားဖြင့် ယူခြင်းလက္ခဏာရှိ၏။

ကာယစိတ္တပိဏန ရသာ၊ ကိုယ်စိတ်တို့ကို ပွါးစေခြင်း ကိစ္စရှိ၏။ ဝါ၊ တနည်းကား။ ဖရဏ ရသာ၊ မွန်မြတ်သော ရုပ်တို့ဖြင့် ရူပကာယကို နှံ့စေခြင်း ကိစ္စရှိ၏။

ဩဒဂျ ပစ္စုပဋ္ဌာနာ၊ ဝမ်းမြောက်သော စိတ်၏အဖြစ်ဖြင့် ထင်ခြင်းရှိ၏။

---

၁။ (အစဉ်လျှောက်ခြင်း=ဝိတက်၏ နောက်မှ အစဉ်လိုက်၍ ဝိတက် တင်ပေးသော အာရုံ၌ အဆက်မပြတ် ဖြစ်ခြင်း, ဝိတက်တင်ပေးသော အာရုံ၌ အဖန်ဖန် ရစ်ဝဲနေခြင်း။)

**သမာဓိ မည်ပုံ။** ။စိတ္တဿ၊ စိတ်၏။ ဧကဂ္ဂဘာဝေါ၊ တခုတည်းသော အာရုံရှိသည်၏ အဖြစ်သည်။ စိတ္တေကဂ္ဂတာ၊ စိတ္တေကဂ္ဂတာမည်၏။ တံ၊ ဤစိတ္တေကဂ္ဂတာဟူသော ဤသဒ္ဒါသည်။ သမာဓိဿ၊ သမာဓိ၏။ နာမံ၊ အမည်တည်း။

**သမာဓိ၏ လက္ခဏာစသည်။** ။သော၊ ထို စိတ္တေကဂ္ဂတာသည်—

အဝိသာရ လက္ခဏော၊ အထူးထူးသော အာရုံရှိသည်၏ အဖြစ်၏ ဆန့်ကျင်ဘက်လက္ခဏာရှိ၏။ ဝါ၊ တနည်းကား။ အဝိက္ခေပ လက္ခဏော၊ သမ္ပယုတ်တရားတို့ကို မပျံ့လွင့်စေခြင်းလက္ခဏာရှိ၏။

သဟဇာတာနံ၊ သဟဇာတ်တရားတို့ကို။ သမ္ပိဏ္ဍန ရသော၊ ပေါင်းခြင်းကိစ္စရှိ၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်း ဟူမူကား။ နှာနိယစုဏ္ဏာနံ၊ ရေချိုးကသယ်မှုန့်တို့ကို။ သမ္ပိဏ္ဍနံ၊ ပေါင်းသော။ (ထည့်) ဥဒကံ ဝိယ၊ ရေကဲ့သို့တည်း [၁]။

ဥပသမ ပစ္စုပဋ္ဌာနော၊ စိတ်၏ငြိမ်သက်သောအခြင်းအရာဖြင့် ထင်ခြင်းရှိ၏။

ဝိသေသတော၊ များသောအားဖြင့်။ ဝါ၊ အလွန်အားဖြင့်။ သုခပဒဋ္ဌာနော၊ သုခလျှင် နီးစွာသော အကြောင်းရှိ၏။

**သဒ္ဓါ၏ဝစနတ္ထ။** ။ဧတာယ ဓမ္မဇာတိယာ၊ ဤတရားသဘောဖြင့်။ သမ္ပယုတ္တဓမ္မာ၊ သမ္ပယုတ်တရားတို့သည်၊ ဝါ- တံသမင်္ဂီပုဂ္ဂလာ။ ထိုသဒ္ဓါနှင့်ပြည့်စုံကုန်သော ပုဂ္ဂိုလ်တို့သည်။ သဒ္ဒဟန္တိ၊ ယုံကြည်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ ယုံကြည်ကြောင်းဖြစ်သော သတ္တိကြောင့်။ သာ ဓမ္မဇာတိ၊ ထို တရားသဘောသည်။ သဒ္ဓါ၊ သဒ္ဓါမည်၏။ ဝါ၊ တနည်းကား။ ယာ ဓမ္မဇာတိ၊ အကြင်တရားသဘောသည်။ သယံ၊ မိမိသည်။ သဒ္ဒဟတိ၊ယုံကြည်တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သာ ဓမ္မဇာတိ၊ ထိုတရားသဘောသည်။ သဒ္ဓါ၊ သဒ္ဓါမည်၏။ ဝါ၊ တနည်းကား၊ သော ဓမ္မဇာတိ၊ ဤတရားသဘောသည်။ သဒ္ဒဟနမတ္တမေဝ၊ ယုံကြည်ခြင်းသာ

ကျမ်းတက် ၁။ အဘယ်ကဲ့သို့နည်း ဟူသော အမေးကို ဖြေခြင်းငှါ နှာနိယစုဏ္ဏာနံ ဥဒကံ ဝိယ မိန့်သည်။

တည်း။ ဣတိ တသ္မာ၊ ထိုကြောင့်။ သာ ဓမ္မဇာတိ၊ သည်။ သဒ္ဓါ၊ သဒ္ဓါမည်၏။

**သဒ္ဓါ၏ လက္ခဏာစသည်။** ။သာ ပနေသာ=သာ ပန ဧသာ သဒ္ဓါ၊ ထို သဒ္ဓါသည်—

သဒ္ဒဟန လက္ခဏာ၊ ယုံကြည်အပ်သောဝတ္ထုကို ယုံကြည်ခြင်း လက္ခဏာ ရှိ၏။

ပသာဒန ရသာ၊ သမ္ပယုတ်တရားတို့ကို။ ဝါ၊ ပုဂ္ဂိုလ်ကို ကြည်စေခြင်း ကိစ္စရှိ၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ဥဒကပ္ပသာဒကမဏိ ဝိယ၊ ရေကို ကြည်စေတတ်သော ပတ္တမြားကဲ့သို့တည်း။

အကာလုသိယ ပစ္စုပဋ္ဌာနာ၊ မနောက်သည်၏အဖြစ်ဖြင့် ထင်ခြင်းရှိ၏။

သဒ္ဓေယျဝတ္ထု ပဒဋ္ဌာနာ၊ရတနာသုံးပါး, ကံ, ကံ၏အကျိုးတည်းဟူသော ယုံကြည်အပ်သော ဝတ္ထုလျှင် နီးစွာသော အကြောင်းရှိ၏။

**သတိ၏ ဝစနတ္ထ။** ။တေဝ ဓမ္မဇာတိယာ၊ ဤ တရားသဘောဖြင့်။ သမ္ပယုတ္တဓမ္မာ၊ သမ္ပယုတ်တရားတို့သည်။ ဝါ- တံသမင်္ဂိပုဂ္ဂလာ၊ ထိုသတိနှင့် ပြည့်စုံကုန်သော ပုဂ္ဂိုလ်တို့သည်။ သရန္တိ၊ အောက်မေ့တတ်ကုန်၏။ ဝါ၊ တနည်းကား။ ယာ ဓမ္မဇာတိ၊ အကြင် သဘောတရားသည်။ သယံ၊ မိမိသည်။ သရတိ၊ အောက်မေ့တတ်၏။ ဝါ၊ တနည်းကား။ ဧသာ ဓမ္မဇာတိ၊ ဤ တရားသဘောသည်။ သရဏမတ္တမေဝ၊ အောက်မေ့ခြင်းသာတည်း။ ဣတိ တသ္မာ၊ ထိုသုံးပါးသော သတ္တိကြောင့်။ သာ ဓမ္မဇာတိ၊ ထိုတရားသဘောသည်။ သတိ၊ သတိမည်၏။

**သတိ၏ လက္ခဏာစသည်။** ။သာ သတိ၊ ထိုသတိသည်—

အပိလာပန လက္ခဏာ၊ မမေ့လျော့သည်၏အဖြစ်ကိုပြုခြင်း လက္ခဏာ ရှိ၏။

အသမ္မောသ ရသာ၊ မေ့လျော့ခြင်း၏ ဆန့်ကျင်ဘက် ကိစ္စရှိ၏။

အာရက္ခ ပစ္စုပဋ္ဌာနာ၊ စောင့်ရှောက်သော အခြင်းအရာဖြင့် ထင်ခြင်း ရှိ၏။

ထိရသည်ာ ပဒဋ္ဌာနာ၊ မြဲမြံသော သညာလျှင် နီးစွာသော အကြောင်း ရှိ၏။

**ဝီရိယ၏ ဝစနတ္ထ။** ။ဝီရဘာဝေါ၊ ဝီရမည်ကြောင်းဖြစ်သော ဝီရိယတရားသည်၊ ဝီရိယံ၊ ဝီရိယမည်၏။ ဝါ၊ တနည်းကား။ ဝီရာနံ ကမ္မံ၊ ဝီရမည်ကြောင်းဖြစ်သော အမှုသည်။ ဝီရိယံ၊ ဝီရိယမည်၏။ ဝီရဘာဝေါ၊ လုံ့လရှိသောသူ၏ အဖြစ်တည်း။ ဝီရိယံ၊ လုံ့လရှိသောသူ၏ အဖြစ်။ ဝါ၊ တနည်းကား။ ဝီရာနံ၊ လုံ့လရှိသော သူတို့၏။ ကမ္မံ၊ အမှုတည်း။ ဝီရိယံ၊ လုံ့လရှိသော သူတို့၏အမှု။

**ဝီရိယ၏ လက္ခဏာစသည်။** ။တံ ပနေတံ=တံ ပန ဧတံ ဝီရိယံ၊ ထိုဝီရိယသည်—

ဥဿာဟန လက္ခဏံ၊ ထိုထိုကိစ္စကို အားထုတ်ခြင်းလက္ခဏာရှိ၏။

သဟဇာတာနံ၊ သဟဇာတ်တရားတို့ကို။ ဥပတ္ထမ္ဘန ရသံ၊ ပျင်းရိခြင်းအဘို့၌ ကျစိမ့်သောငှါ မပေးမူ၍ ဆောင်ခြင်း, အဆင့်အားပေးခြင်းကိစ္စ ရှိ၏။

အသံသီဒနဘာဝ ပစ္စုပဋ္ဌာနံ၊ ဆုတ်နစ်ခြင်း မရှိသည်၏ အဖြစ်ဖြင့် ထင်ခြင်းရှိ၏။

သံဝေဂ ပဒဋ္ဌာနံ၊ သံဝေဂမယဉာဏ်လျှင် နီးစွာသော အကြောင်းရှိ၏။

**ပညာ၏ ဝစနတ္ထ။** ။ယာ ဓမ္မဇာတိ၊ အကြင်တရားသဘောသည်။ ပဇာနာတိ၊ အထူးသဖြင့် သိတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သာ ဓမ္မဇာတိ၊ သည်။ ပညာ၊ ပညာမည်၏။

**ပညာ၏လက္ခဏာစသည်။** ။သာ ပနေသာ=သာ ပန ဧသာ ပညာ၊ ထိုပညာသည်—

ဝိဇာနန လက္ခဏာ၊ အထူးသဖြင့် သိခြင်းလက္ခဏာရှိ၏။ ဝါ၊ ဟုတ်မှန်သော သဘောကို ထိုးထွင်း၍ သိခြင်းလက္ခဏာရှိ၏။

ဝိသယောဘာသန ရသာ၊ အာရုံကိုပြခြင်း ကိစ္စရှိ၏။ ကော ဝိယ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ပဒီပေါ ဝိယ၊ ဆီမီးကဲ့သို့တည်း။

အသမ္မောဟ ပစ္စုပဋ္ဌာနာ၊ မတွေ့ဝေသော အခြင်းအရာဖြင့် ထင်ခြင်းရှိ၏။ ဝါ၊ တွေ့ဝေခြင်း၏ ဆန့်ကျင်ဘက်အဖြစ်ဖြင့် ထင်ခြင်းရှိ၏။ ဝါ၊ တွေ့ဝေခြင်း၏ မရှိခြင်းကို ဖြစ်စေတတ်၏။ ကော ဝိယ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ အရညေ ဂတ သုဒေသကော ဝိယ၊ တောသို့သွားသော ခရီးညွှန်ကဲ့သို့တည်း။

**ဇီဝိတ၏ဝစနတ္ထ။** ။တေန၊ ထိုဇီဝိတိန္ဒြေဖြင့်။ တံ သမ္ပယုတ္တဓမ္မာ၊ ထိုဇီဝိတိန္ဒြေနှင့် သမ္ပယုတ်ဖြစ်ကုန်သော တရားတို့သည်။ ဇီဝန္တိ၊ တည်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ တည်ကြောင်းဖြစ်သော သတ္တိကြောင့်။ ဇီဝိတံ၊ ဇီဝိတမည်၏။

**ဇီဝိတ၏ လက္ခဏာစသည်။** ။တံ၊ ထိုဇီဝိတိန္ဒြေသည်။ အတ္တနာ၊ မိမိနှင့်။ အဝိနိဗ္ဘုတ္တာနံ[၁]၊ မကင်းကုန်သော။ ဓမ္မာနံ၊ တရားတို့ကို။ အနုပါလန လက္ခဏံ၊ စောင့်ခြင်းလက္ခဏာရှိ၏။

တေသံ ဓမ္မာနံ၊ ထိုတရားတို့ကို။ ပဝတ္တန ရသံ၊ ဖြစ်စေခြင်းကိစ္စရှိ၏။

တေသံယေဝ ဓမ္မာနံ၊ ထိုတရားတို့ကိုသာလျှင်။ ဌပန ပစ္စုပဋ္ဌာနံ၊ ထားသောအခြင်းအရာဖြင့် ထင်ခြင်းရှိ၏။

ယာပယိတဗ္ဗဓမ္မ ပဒဋ္ဌာနံ၊ စောင့်ခြင်း၏ အစွမ်းဖြင့် ဖြစ်စေအပ်သော ဓမ္မလျှင် နီးစွာသော အကြောင်းရှိ၏။

**ဇီဝိတိန္ဒြေက စောင့်ရှောက်ပုံ။** ။တေသံ ဓမ္မာနံ၊ ထိုတရားတို့ကို။ အနုပါလနလက္ခဏာဒိမှိ၊ စောင့်ခြင်းလက္ခဏာ အစရှိသော။ ဝိဓာနေ၊ အစီအရင်သည်။ သန္တေပိ စ[၂]၊ ရှိသော်လည်း။

---

ကျမ်းတက် ၁။ ရုပ်ဇီဝိတိန္ဒြေ, နာမ်ဇီဝိတိန္ဒြေအား လျော်သောအားဖြင့် လက္ခဏာအစရှိသည်ကို ပြခြင်းငှါ အတ္တနာ အဝိနိဗ္ဘုတ္တာနံ မိန့်သည်။

ကျမ်းတက် ၂။ ဇီဝိတိန္ဒြေသည် မိမိနှင့် မကင်းသော တရားတို့ကို စောင့်ခြင်း အစရှိသည်ကို ပြီးစေတတ်သည် ဖြစ်အံ့၊ အဘယ့်ကြောင့် ထိုတရားတို့၏ ချုပ်ခြင်း ဖြစ်သနည်း၊ အနုပါလန-အစရှိသည်ကို ပြီးစေသည်ရှိသော် အခါခပ်သိမ်း တည်ရာ၏ ဟူသော စောဒနာကို ဖြေခြင်းငှါ သန္တေပိ စ အစရှိသည်ကို မိန့်။ (ဇီဝိတိန္ဒြေသည် မိမိနှင့်အတူဖြစ်နေသည့် သင်္ခါရဓမ္မဖြစ်သော ရုပ်နာမ်တို့ကို ထာဝရ အစဉ်တည်မြဲ၍ မချုပ်မပျက်အောင် မစောင့်ရှောက်နိုင်။ ယင်းတို့၏ သက်တမ်းရှိသမျှသာ တည်တံ့အောင် စောင့်ရှောက်နိုင်သည်။ သက်တမ်းမစေ့မီ မချုပ်ပျောက်အောင်သာ စောင့်ရှောက်သည်။ သက်တမ်းစေ့လျှင် ချုပ်ပျက်ရပေမည်။)

အတ္ထိက္ခဏေ ယေဝ၊ မိမိစောင့်အပ်သော တရားတို့၏ ရှိသောခဏ, မိမိ၏ ရှိသောခဏ၌သာလျှင်။ တံ၊ ထို ဇီဝိတိန္ဒြေသည်။ တေ ဓမ္မေ၊ ထိုတရားတို့ကို။ အနုပါလေတိ၊ စောင့်တတ်၏။ ကိမိဝ၊ မူကား။ ဥဒကံ၊ ရေကန်၌ရှိသောရေ, ကြာရိုး၌ရှိသော ရေသည်။ ဥပ္ပလာဒီနိ၊ ကြာအစရှိသည်တို့ကို။ အနု-ပါလေတိ ဝိယ၊ စောင့်သကဲ့သို့တည်း။

ယထာသကံ ပစ္စယုပ္ပန္နေပိ စ ဓမ္မေ၊ အကြင်အကြင် မိမိဥစ္စာဖြစ်သော အကြောင်းတို့ကြောင့် ဖြစ်ကုန်သော ပစ္စယုပ္ပန်တရားတို့ကိုလည်း။ အနု-ပါလေတိ၊ စောင့်တတ်၏။ ကိမိဝ၊ မူကား။ ဓာတိ၊ အထိန်းသည်။ ကုမာရံ၊ သူဘပါးသားကို။ အနုပါလေတိ ဝိယ၊ စောင့်သကဲ့သို့တည်း [1]။

ဇီဝိတိန္ဒြေ၏ ဖြစ်ကြောင်း။

။သယံ ပဝတ္တိတဓမ္မသမ္ဗန္ဓေနေဝ၊ မိမိသည် ဖြစ်စေအပ်သော ဓမ္မနှင့် စပ်သဖြင့် သာလျှင်။ ပဝတ္တတိ၊ ဖြစ်၏။ ကော ဝိယ၊ အဘယ်ကဲ့သို့နည်း မူကား။ နိယာမကော၊ လှေသူကြီးသည်။ သယံ ပဝတ္တိတ နာဝါ သမ္ဗန္ဓေနေဝ၊ မိမိသည် ဖြစ်စေအပ်သော လှေနှင့်စပ်သဖြင့်သာလျှင်။ ပဝတ္တတိ ဝိယ၊ ဖြစ်သကဲ့သို့တည်း။

ဇီဝိတိန္ဒြေသည် ဘင်, ဘင်နောင်၌မဖြစ်စေနိုင်

ဘင်္ဂတော၊ ဘင်မှ။ ဥဒ္ဓံ၊ အထက်၌။ န ပဝတ္တယတိ၊ မဖြစ်စေ။ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ အတ္တနော စ၊ မိမိ၏ရင်း။ ပဝတ္တယိတဗ္ဗာနဉ္စ၊ ဖြစ်စေအပ်သော တရားတို့၏ရင်း။ အဘာဝါ၊ မရှိခြင်းကြောင့်တည်း။

ဘင်္ဂက္ခဏေ၊ ဘင်ခဏ၌။ န ဌပေတိ၊ မထား။ ကသ္မာ၊ အဘယ် ကြောင့်နည်းဟူမူကား။ သယံ၊ မိမိသည်။ ဘိဇ္ဇမာနတ္တာ၊ ပျက်သည်၏ အဖြစ်ကြောင့်တည်း။ ကော ဝိယ၊ အဘယ်ကဲ့သို့နည်း မူကား။ ခီယ-မာနော၊ ကုန်ခန်းသော။ ဝဋ္ဋိသ္နေဟော၊ ဆီမီးစာ, ဆီသည်။ ပဒီပသိခံ၊ ဆီမီးလျှံကို။ န ဌပေတိ ဝိယ၊ မထားသကဲ့သို့တည်း [2]။

---

ကျမ်းတက် ၁။ မိမိသည် မဖြစ်စေအပ်သော တရားတို့ကို အသို့ စောင့်သနည်း ဟူသော အမေးကို ဖြေခြင်းငှါ ဓာတိ ဝိယ ကုမာရံ-ဟု မိန့်။

ကျမ်းတက် ၂။ ကြွင်းသော တရားတို့၏ ဖြစ်ကြောင်း တစုံတခုသော တရားသည် အကယ်၍ ဖြစ်အံ့၊ ထိုဇီဝိတိန္ဒြေဖြစ်ခြင်း၏ အကြောင်းကား အဘယ်နည်းဟူသော အမေးကို

**အလောဘ၏ဝစနတ္ထ။** ။တေန ဓမ္မေန၊ ထိုတရားဖြင့်။ သမ္ပယုတ္တဓမ္မာ၊ သမ္ပယုတ်တရားတို့သည်။ ဝါ- တံ သမင်္ဂိသတ္တာ၊ ထိုအလောဘနှင့်ပြည့်စုံကုန်သော သတ္တဝါတို့သည်။ န လုဗ္ဘန္တိ၊ မတပ်တတ်ကုန်။ ဝါ၊ တနည်းကား။ ယော ဓမ္မော၊ အကြင်တရားသည်။ သယံ၊ မိမိသည်။ န လုဗ္ဘတိ၊ မတပ်တတ်။ ဝါ၊ တနည်းကား။ တံ၊ ထိုသဘောတရားသည်။ အလုဗ္ဘနမတ္တမေဝ၊ မတပ်ခြင်းသာတည်း။ ဣတိ တသ္မာ၊ ထို သုံးပါးသောသတ္တိကြောင့်။ သော ဓမ္မော၊ ထိုတရားသည်။ အလော-ဘော၊ အလောဘမည်၏။

**အလောဘ၏လက္ခဏာစသည်။** ။သော အလောဘော၊ ထိုအလောဘသည်—

အာရမ္မဏေ၊ အာရုံ၌။ စိတ္တဿ၊ စိတ်၏။ အလဂ္ဂဘာဝ လက္ခဏော၊ မကပ်ငြိသည်၏ အဖြစ်တည်းဟူသော လက္ခဏာ ရှိ၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်း ဟူမူကား။ ကမလဒလေ၊ ကြာရွက်၌။ ဇလဗိန္ဒု ဝိယ၊ ရေပေါက်ကဲ့သို့တည်း။

အပရိဂ္ဂဟ ရသော၊ တစုံတခုသောဝတ္ထုကို မြတ်နိုးသောအားဖြင့် မယူခြင်း ကိစ္စရှိ၏။ ကော ဝိယ၊ အဘယ်ကဲ့သို့နည်းဟူ မူကား။ မုတ္တဘိက္ခု ဝိယ၊ ရဟန္တာ ရဟန်းကဲ့သို့တည်း။

အနလ္လီနဘာဝ ပစ္စုပဋ္ဌာနော၊ မကပ်ငြိသော အလိုရှိသော အခြင်းအရာဖြင့် ထင်ခြင်း ရှိ၏။ ကော ဝိယ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ အသု-စိမှိ၊ မစင်၌။ ပတိတပုရိသော ဝိယ၊ လည်းသော ယောကျ်ားကဲ့သို့တည်း[၁]။

---

ဖြေခြင်းငှါ သယံ ။ပ။ ပဝတ္တတိ-မိန့်။ ဥပမာ အဘယ်နည်း ဟူသော အမေးကို ပြခြင်းငှါ နိယာမကော ဝိယ-မိန့်။

တရားတို့၏ ဖြစ်ခြင်းသည် အကယ်၍ ဇီဝိတိန္ဒြေနှင့် စပ်အံ့၊ ဘင်မှ အထက်၌ အဘယ့်ကြောင့် မဖြစ်သနည်း ဟူသော စောဒနာကို ဖြေခြင်းငှါ န ဘင်္ဂတော ဥဒ္ဓံ-မိန့်။ အဘယ့်ကြောင့်နည်း ဟူသော အမေးကို ဖြေခြင်းငှါ အတ္တနော စ (ပဝတ္တယိတဗ္ဗာနဥ) ပဝတ္တေ-တဗ္ဗာနဥ အဘာဝါ မိန့်၊ ဘင်ခဏ၌ကား အဘယ်ကြောင့်နည်း ဟူသော အမေးကို ဖြေခြင်းငှါ န ဘင်္ဂက္ခဏေ ဌပေတိ မိန့်။

၁။ (မစင်ကျင်းကြီး၌ လည်းကျရာဝယ် ထိုသူ၏ ကိုယ်သည် မစင်ကျင်းကြီး၌ လိမ်းကျံပေနေသော်လည်း ထိုသူ၏ စိတ်အလိုမူ မစင်ကျင်းကြီး၌ ကပ်ငြိလိုခြင်း မရှိသကဲ့သို့ ထိုအတူ အလောဘသည် အာရုံပြုခြင်း၏ အစွမ်းဖြင့် ယူအပ်သော်လည်း အာရုံ၌ မကပ်ငြိလိုသော အခြင်းအရာရှိသည်။ ဝင်းဋီကာသစ်၊ပ၊နှာ-၃၀၂)

**အဒေါသ၏ ဝစနတ္ထ။** ။တေန ဓမ္မေန၊ ထိုတရားဖြင့်။ သမ္ပယုတ္တဓမ္မာ၊ သမ္ပယုတ်တရားတို့သည်။ ဝါ- တံ သမင်္ဂိသတ္တာ၊ ထို အဒေါသနှင့် ပြည့်စုံကုန်သော သတ္တဝါတို့သည်။ န ဒုဿန္တိ၊ မပြစ်မှားတတ်ကုန်။ ဝါ၊ တနည်းကား။ ယော ဓမ္မော၊ အကြင်တရားသည်။ သယံ၊ မိမိသည်။ န ဒုဿတိ၊ မပြစ်မှားတတ်။ ဝါ၊ တနည်းကား။ တံ၊ ထိုတရားသဘောသည်။ အဒုဿနမတ္တမေဝ၊ မပြစ်မှားခြင်းသာတည်း။ ဣတိ တသ္မာ၊ ထိုသုံးပါးသောသတ္တိကြောင့်။ သော ဓမ္မော၊ ထိုတရားသည်။ အဒေါသော၊ အဒေါသမည်၏။

**အဒေါသ၏ လက္ခဏာစသည်။** ။သော အဒေါသော၊ ထိုအဒေါသသည်—

အစဏ္ဍိက္က လက္ခဏော၊ မကြမ်းတမ်းသည်၏ အဖြစ်တည်းဟူသော လက္ခဏာရှိ၏။ ဝါ၊ တနည်းကား။ အဝိရောဓ လက္ခဏော၊ မဆန့်ကျင်ခြင်းတည်းဟူသော လက္ခဏာရှိ၏။ ကော ဝိယ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ အနုကူလမိတ္တော ဝိယ၊ လျော်သော အဆွေခင်ပွန်းကဲ့သို့တည်း။

အာဃာတဝိနယန ရသော၊ ရန်ငြိုးကို ပယ်ခြင်း ကိစ္စရှိ၏။ ဝါ၊ တနည်းကား။ ပရိဠာဟဝိနယန ရသော၊ ပူပန်ခြင်းကို ပယ်ခြင်းကိစ္စ ရှိ၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်း ဟူမူကား။ စန္ဒနံ ဝိယ၊ စန္ဒကူးကဲ့သို့တည်း။

သောမ္မဘာဝ ပစ္စုပဋ္ဌာနော၊ ချမ်းသည်၏ အဖြစ်ဖြင့် ထင်ခြင်းရှိ၏။ ကော ဝိယ၊ မူကား။ ပုဏ္ဏစန္ဒော ဝိယ၊ ပြည့်သော လကဲ့သို့တည်း။

**ဟိရီ၏ ဝစနတ္ထ။** ။ယာ ဓမ္မဇာတိ၊ အကြင်တရားသဘောသည်။ ကာယဒုစ္စရိတာဒီဟိ၊ ကာယဒုစရိုက် အစရှိသည်တို့ကြောင့်။ [ဟိ-အနက်၌ ကရိုဏ်းဝိဘတ်] ဟိရီယတိ၊ ရှက်သော အခြင်းအရာဖြင့် စက်ဆုပ်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သာ ဓမ္မဇာတိ၊ ထိုတရားသဘောသည်။ ဟိရီ၊ ဟိရီ-မည်၏။ တေ၊ ဟီရိ-ဟူသော ဤသဒ္ဒါသည်။ လဇ္ဇာယ၊ ရှက်ခြင်း၏။ အဓိဝစနံ၊ အမည်တည်း။

**ဩတ္တပ္ပ၏ ဝစနတ္ထ။** ။ယံ ဓမ္မဇာတံ၊ အကြင် တရားသဘောသည်။ တေဟိယေဝ၊ ထို ကာယဒုစရိုက် အစရှိသည်တို့ကြောင့် သာလျှင်။ ဩတ္တပ္ပတိ၊ လန့်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တံ ဓမ္မ-

ဇာတံ၊ သည်။ ဩတ္တပ္ပံ၊ ဩတ္တပ္ပ မည်၏။ တေံ၊ ဩတ္တပ္ပ-ဟူသော ဤသဒ္ဒါ သည်။ ပါပတော၊ မကောင်းမှုကြောင့်။ ဥဗ္ဗေဂဿ၊ ထိတ်လန့်ခြင်း၏။ အဓိဝစနံ၊ အမည်တည်း။

**ဟိရီ, ဩတ္တပ္ပ၏ လက္ခဏာစသည်။** ။တတ္ထ၊ ထို ဟိရီ, ဩတ္တပ္ပ နှစ်ပါးတို့ တွင်။ ဟိရီ၊ ဟိရီသည်—

ပါပတော၊ မကောင်းမှုကြောင့်။ ဝါ၊ မကောင်းမှုကို။ ဇိဂုစ္ဆန လက္ခဏာ၊ စက်ဆုပ်ခြင်း လက္ခဏာရှိ၏။

ဩတ္တပ္ပံ၊ ဩတ္တပ္ပသည်—

ဥတ္တာသ လက္ခဏံ၊ လန့်ခြင်းလက္ခဏာ ရှိ၏။

ဥဘောပိ၊ နှစ်ပါးကုန်သော ဟိရီ ဩတ္တပ္ပတို့သည်လည်း။ ပါပါနံ၊ မကောင်းမှုတို့ကို။ အကရဏ ရသာ၊ ရှက်သော အခြင်းအရာ, လန့်သော အခြင်းအရာဖြင့် မပြုခြင်းကိစ္စ ရှိကုန်၏။

ပါပတော၊ မကောင်းမှုမှ။ သင်္ကောစန ပစ္စုပဋ္ဌာနာ၊ တွန့်သောအခြင်း အရာဖြင့် ထင်ခြင်းရှိကုန်၏။

အတ္တဂါရဝ ပရဂါရဝ ပဒဋ္ဌာနာ၊ (ဟိရီသည်) မိမိကိုယ်ကို ရိုသေ သည်၏အဖြစ်, (ဩတ္တပ္ပသည်) သူတပါးကို ရိုသေသည်၏ အဖြစ်လျှင် နီးစွာသော အကြောင်း ရှိကုန်၏။

**လောကပါလတရား ၂-ပါး။** ။ဣမေ ဓမ္မာ၊ ဤ ဟိရီ, ဩတ္တပ္ပဟူသော နှစ်ပါးသောတရားတို့ကို။ လောကပါလာ-တိ၊ လောကကို စောင့်တတ်ကုန်၏ဟူ၍။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်ကုန်၏။

**ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိမည်ပုံ။** ။ကာယဿ၊ ဝေဒနာစသော (စေတ-သိက်အစု)ခန္ဓာသုံးပါး အပေါင်း၏။ ပဿမ္ဘနံ၊ ငြိမ်းခြင်းသည်။ ကာယပဿဒ္ဓိ၊ ကာယပဿဒ္ဓိမည်၏။

စိတ္တဿ၊ ဝိညာဏက္ခန္ဓာ၏။ ပဿမ္ဘနံ၊ ငြိမ်းခြင်းသည်။ စိတ္တပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိမည်၏။

ဋ္ဌေ၊ ဤကာယပဿဒ္ဓိဟူသော စကား၌။ ကာယောတိ၊ ကာယော ဟူသည်ကား။ ဝေဒနာဒယော၊ ဝေဒနာအစရှိကုန်သော။ တယော၊ သုံးပါး ကုန်သော။ ခန္ဓာ၊ (စေတသိက်အစု) ခန္ဓာတို့တည်း ^၁။

**ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိတို့၏ လက္ခဏာစသည် ၄-ပါး** ဥဘောပိ၊ နှစ်ပါးလည်း ဖြစ်ကုန်သော။ တော၊ ဤကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိတို့ သည်—

ကေတော၊ တပေါင်းတည်း။ ဟုတွာ၊ ဖြစ်ကုန်၍။ ကာယစိတ္တဒရထ-ဝူပသမ လက္ခဏာ၊ ဝေဒနာအစရှိသော ခန္ဓာသုံးပါးအပေါင်း, ဝိညာ-ဏက္ခန္ဓာတို့၏ ပူပန်ခြင်း၏ ငြိမ်းခြင်းလက္ခဏာ ရှိကုန်၏။

ကာယစိတ္တဒရထနိမ္မဒ္ဒန ရသာ၊ ဝေဒနာ အစရှိသော ခန္ဓာသုံးပါး အပေါင်း, ဝိညာဏက္ခန္ဓာတို့၏ ပူပန်ခြင်းကို နှိပ်နင်းခြင်း ကိစ္စရှိကုန်၏။

ကာယစိတ္တာနံ၊ ဝေဒနာအစရှိသော ခန္ဓာသုံးပါးအပေါင်း, ဝိညာ-ဏက္ခန္ဓာတို့၏။ အပရိပ္ဖန္ဒနသီတိဘာဝ ပစ္စုပဋ္ဌာနာ၊ ပူပန်ခြင်းတည်းဟူသော တုန်လှုပ်ခြင်းကင်းသည်ဖြစ်၍ ချမ်းသေည်၏အဖြစ်ဖြင့် ထင်ခြင်းရှိကုန်၏။

ကာယစိတ္တ ပဒဋ္ဌာနာ၊ ဝေဒနာ အစရှိသော ခန္ဓာသုံးပါးအပေါင်း, ဝိညာဏက္ခန္ဓာလျှင် နီးစွာသော အကြောင်းရှိကုန်၏။

**ပဿဒ္ဓိ၏ ဆန့်ကျင်ဘက်။** ။ကာယစိတ္တာနံ၊ ဝေဒနာအစရှိသော ခန္ဓာ သုံးပါးအပေါင်း, ဝိညာဏက္ခန္ဓာ တို့၏။ အဝူပသမတာ ဥဒ္ဓစ္စာဒိကိလေသ ပဋိပက္ခဘူတာ၊ မငြိမ်သက်သည်၏အဖြစ် ကို ပြုတတ်သော ဥဒ္ဓစ္စပြဓာန်းသော စိတ္တုပ္ပါဒ်နှင့်ယှဉ်သော ကိလေသာ-ဝါ၊ ဥဒ္ဓစ္စအစရှိသော ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

**ကာယလဟုတာ, စိတ္တလဟုတာမည်ပုံ** ကာယလဟုဘာဝေါ၊ ဝေဒနာအစရှိသော ခန္ဓာ သုံးပါး အပေါင်း၏ ပေါ့သည်၏ အဖြစ်သည်။ ကာယလဟုတာ၊ ကာယလဟုတာမည်၏။

---

**ကျမ်းတက်** ၁။ ကာယသဒ္ဒါသည် သမူဟဝစန၊ ဤ၌ ဝေဒနာ အစရှိသော (စေတသိက်) ခန္ဓာသုံးပါးကို ဟော၏ဟု ပြခြင်းငှါ **ကာယောတိ စေတ္ထ** အစရှိသည်ကို မိန့်။

စိတ္တလဟုဘာဝေါ၊ ဝိညာဏက္ခန္ဓာ၏ ပေါ့သည်၏ အဖြစ်သည်။ စိတ္တ-လဟုတာ၊ စိတ္တလဟုတာမည်၏။

**ကာယလဟုတာ, စိတ္တလဟုတာ၏ လက္ခဏာစသည် ၄-ပါး** တာ၊ ထိုကာယလဟုတာ, စိတ္တလဟု-တာတို့သည်—

ကာယစိတ္တာနံ၊ ဝေဒနာအစရှိသော ခန္ဓာသုံးပါးအပေါင်း, ဝိညာ-ဏက္ခန္ဓာတို့၏။ ဂရုဘာဝဝူပသမ လက္ခဏာ၊ လေးသည်၏အဖြစ် (လေးလံ ထိုင်းမှိုင်းသည်၏ အဖြစ်)၏ ငြိမ်းခြင်းလက္ခဏာ ရှိကုန်၏။

ကာယစိတ္တဂရုဘာဝနိမ္မဒ္ဒန ရသာ၊ ဝေဒနာအစရှိသော ခန္ဓာသုံးပါး အပေါင်း, ဝိညာဏက္ခန္ဓာတို့၏ လေးသည်၏အဖြစ် (လေးလံ ထိုင်းမှိုင်း သည်၏အဖြစ်)ကို နှိပ်နင်းခြင်းကိစ္စ ရှိကုန်၏။

ကာယစိတ္တာနံ၊ ဝေဒနာအစရှိသော ခန္ဓာသုံးပါးအပေါင်း, ဝိညာ-ဏက္ခန္ဓာတို့၏။ အဒန္ဓတာ ပစ္စုပဋ္ဌာနာ၊ လေးသည်၏အဖြစ်၏ ဆန့်ကျင် ဘက် အခြင်းအရာဖြင့် ထင်ခြင်းရှိကုန်၏။

ကာယစိတ္တ ပဒဋ္ဌာနာ၊ ဝေဒနာအစရှိသော ခန္ဓာသုံးပါးအပေါင်း, ဝိညာဏက္ခန္ဓာလျှင် နီးစွာသော အကြောင်းရှိကုန်၏။

**လဟုတာ၏ ဆန့်ကျင်ဘက်။** ။ကာယစိတ္တာနံ၊ ဝေဒနာအစရှိသော ခန္ဓာ သုံးပါးအပေါင်း, ဝိညာဏက္ခန္ဓာတို့၏။ ဂရုဘာဝကရ ထိနမိဒ္ဓါဒိကိလေသပဋိပက္ခဘူတာ၊ လေးသည်၏ အဖြစ်ကို ပြုတတ်သော ထိနမိဒ္ဓပြဓာန်းသော စိတ္တုပ္ပါဒ်နှင့်ယှဉ်သော ကိလေသာ-ဝါ၊ ထိနမိဒ္ဓအစရှိသော ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

**ကာယမုဒုတာ, စိတ္တမုဒုတာမည်ပုံ။** ။ကာယမုဒုဘာဝေါ၊ ဝေဒနာ အစရှိ သော ခန္ဓာသုံးပါး အပေါင်း၏ နူးညံ့သည်၏အဖြစ်သည်။ ကာယမုဒုတာ၊ ကာယမုဒုတာမည်၏။

စိတ္တမုဒုဘာဝေါ၊ ဝိညာဏက္ခန္ဓာ၏ နူးညံ့သည်၏ အဖြစ်သည်။ စိတ္တ-မုဒုတာ၊ စိတ္တမုဒုတာမည်၏။

**ကာယမုဒုတာ, စိတ္တမုဒုတာ၏ လက္ခဏာစသည် ၄-ပါး** တာ၊ ထိုကာယမုဒုတာ, စိတ္တမုဒုတာ တို့သည်——

ကာယစိတ္တာနံ၊ ဝေဒနာအစရှိသော ခန္ဓာသုံးပါးအပေါင်း, ဝိညာဏက္ခန္ဓာတို့၏။ ထဒ္ဓဘာဝဝူပသမ လက္ခဏာ၊ ခိုင်မာသည်၏အဖြစ်၏ ငြိမ်းခြင်း လက္ခဏာရှိကုန်၏။

ကာယစိတ္တာနံ၊ ဝေဒနာအစရှိသော ခန္ဓာသုံးပါးအပေါင်း, ဝိညာဏက္ခန္ဓာတို့၏။ ထဒ္ဓဘာဝနိမ္မဒ္ဒန ရသာ၊ ခိုင်မာသည်၏အဖြစ်ကို နှိပ်နင်းခြင်း ကိစ္စရှိကုန်၏။

အပ္ပဋိဃာတ ပစ္စုပဋ္ဌာနာ၊ တစုံတခုသောအာရုံ၌ မထိပါးသော အခြင်းအရာဖြင့် ထင်ခြင်းရှိကုန်၏။ ဝါ၊ သမ္ပယုတ်တရားတို့၏ အာရုံ၌ မထိပါးခြင်းကို ဖြစ်စေတတ်ကုန်၏။

ကာယစိတ္တ ပဒဋ္ဌာနာ၊ ဝေဒနာအစရှိသော ခန္ဓာသုံးပါးအပေါင်း, ဝိညာဏက္ခန္ဓာလျှင် နီးစွာသော အကြောင်းရှိကုန်၏။

**မုဒုတာ၏ ဆန့်ကျင်ဘက်။** ။ကာယစိတ္တာနံ၊ ဝေဒနာအစရှိသော ခန္ဓာသုံးပါးအပေါင်း, ဝိညာဏက္ခန္ဓာ တို့၏။ ထဒ္ဓဘာဝကရ ဒိဋ္ဌိမာနာဒိ ကိလေသ ပဋိပက္ခဘူတာ၊ ခိုင်မာသည်၏အဖြစ်ကို ပြုတတ်သော ဒိဋ္ဌိ, မာနပြဓာန်းသော စိတ္တုပ္ပါဒ်နှင့်ယှဉ်သော ကိလေသာ- ဝါ၊ ဒိဋ္ဌိ,မာန အစရှိသောကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

**ကာယကမ္မညတာ,စိတ္တကမ္မညတာမည်ပုံ။** ။ကာယကမ္မညဘာဝေါ၊ ဝေဒနာ အစရှိသော ခန္ဓာသုံးပါး အပေါင်း၏ အမှု၌ ကောင်းသည်၏ အဖြစ်သည်[၁]။ ကာယကမ္မညတာ၊ ကာယကမ္မညတာ မည်၏။

စိတ္တကမ္မညဘာဝေါ၊ ဝိညာဏက္ခန္ဓာ၏ အမှု၌ ကောင်းသည်၏အဖြစ်သည်။ စိတ္တကမ္မညတာ၊ စိတ္တကမ္မညတာမည်၏။

---

၁။ (အမှု၌ ကောင်းသည်၏ အဖြစ်=အမှုကိစ္စကို လိုက်လျော ပြီးမြောက်အောင် ပြုလုပ်နိုင်ခြင်း။)

**ကာယကမ္မညတာ, စိတ္တကမ္မညတာ၏ လက္ခဏာစသည် ၄-ပါး**

တာ၊ ထိုကာယကမ္မညတာ, စိတ္တကမ္မညတာတို့သည်—

ကာယစိတ္တာနံ၊ ဝေဒနာအစရှိသောခန္ဓာသုံးပါး အပေါင်း,ဝိညာဏက္ခန္ဓာတို့၏။ အကမ္မညဘာဝဝူပသမ လက္ခဏာ၊ အမှု၌ မကောင်းသည် အဖြစ်၏ ငြိမ်းခြင်းလက္ခဏာရှိကုန်၏။

ကာယ စိတ္တာနံ၊ တို့၏။ အကမ္မညဘာဝနိမ္မဒ္ဒန ရသာ၊ အမှု၌မကောင်းသည်၏ အဖြစ်ကို နှိပ်နင်းခြင်းကိစ္စ ရှိကုန်၏။

ကာယစိတ္တာနံ၊ တို့၏။ အာရမ္မဏကရဏသမ္ပတ္တိ ပစ္စုပဋ္ဌာနာ၊ အာရုံကို ပြုခြင်း၏ ပြည့်စုံခြင်းတည်းဟူသော အခြင်းအရာဖြင့် ထင်ခြင်းရှိကုန်၏။

ကာယစိတ္တပဒဋ္ဌာနာ၊ ဝေဒနာ အစရှိသော ခန္ဓာသုံးပါး အပေါင်း, ဝိညာဏက္ခန္ဓာလျှင် နီးစွာသော အကြောင်းရှိကုန်၏။

**ကမ္မညတာ၏ ဆန့်ကျင်ဘက်။**

။ကာယစိတ္တာနံ၊ တို့၏။ အကမ္မညဘာဝကရ အဝသေသ နီဝရဏာဒိ ကိလေသပဋိပက္ခဘူတာ၊ အမှု၌ မကောင်းသည်၏အဖြစ်ကို ပြုတတ်သော ကြွင်းသော ကာမစ္ဆန္ဒအစရှိသော နီဝရဏပြဓာန်းသော စိတ္တုပ္ပါဒ်နှင့်ယှဉ်သော ကိလေသာ။ ဝါ၊ ကာမစ္ဆန္ဒနီဝရဏ အစရှိသော ကိလေသာတို့၏ ဆန့်ကျင်ဘက် ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

**ကာယပါဂုညတာ, စိတ္တပါဂုညတာမည်ပုံ**

ကာယပါဂုည ဘာဝေါ၊ ဝေဒနာ အစရှိသော ခန္ဓာသုံးပါးအပေါင်း၏ ကျင်နာခြင်း မရှိသည်၏ အဖြစ်သည်။ ကာယ ပါဂုညတာ၊ ကာယပါဂုညတာ[၁] မည်၏။

စိတ္တ ပါဂုညဘာဝေါ၊ ဝိညာဏက္ခန္ဓာ၏ ကျင်နာခြင်း မရှိသည်၏ အဖြစ်သည်။ စိတ္တ ပါဂုညတာ၊ စိတ္တပါဂုညတာမည်၏။

**ကာယပါဂုညတာ, စိတ္တပါဂုညတာ၏ လက္ခဏာစသည် ၄-ပါး**

တာ၊ ထိုကာယပါဂုညတာ, စိတ္တပါဂုညတာတို့သည်—

၁။ (ပါဂုညတာ=ကျွမ်းကျင်စွမ်းနိုင်သူ၏ ဖြစ်ကြောင်း၊ ကျွမ်းကျင်စွမ်းနိုင်ခြင်း။)

ကာယ စိတ္တာနံ၊ ဝေဒနာအစရှိသော ခန္ဓာသုံးပါးအပေါင်း, ဝိညာ-ဏက္ခန္ဓာတို့၏။ အဇေလညဘာဝ လက္ခဏာ၊ ကျင်နာသည်၏ အဖြစ်၏ ဆန့်ကျင်ဘက် လက္ခဏာ ရှိကုန်၏။

ကာယ စိတ္တာနံ၊ တို့၏။ ဇေလညနိမ္မဒ္ဒန ရသာ၊ ကျင်နာခြင်းကို နှိပ်နင်းခြင်းကိစ္စ ရှိကုန်၏။

နိရာဒီနဝ ပစ္စုပဋ္ဌာနာ၊ အပြစ်မရှိခြင်း, ဥပဒ္ဒဝေါမရှိခြင်းတည်းဟူသော အခြင်းအရာဖြင့် ထင်ခြင်းရှိကုန်၏။ ဝါ၊ သမ္ပယုတ်တရားတို့၌ အပြစ်မရှိခြင်း, ဥပဒ္ဒဝေါ မရှိခြင်းကို ဖြစ်စေတတ်ကုန်၏။

ကာယစိတ္တ ပဒဋ္ဌာနာ၊ ဝေဒနာအစရှိသော ခန္ဓာသုံးပါး အပေါင်း, ဝိညာဏက္ခန္ဓာလျှင် နီးစွာသောအကြောင်းရှိကုန်၏။

**ပါဂုညတာ၏ ဆန့်ကျင်ဘက်။**　။ကာယ စိတ္တာနံ၊ ဝေဒနာအစရှိသော ခန္ဓာသုံးပါ းအပေါင်း, ဝိညာဏက္ခန္ဓာတို့၏။ ဇေလညဘာဝကရ အဿဒ္ဓါဒိကိလေသပဋိပက္ခဘူတာ၊ ကျင်နာခြင်းကို ပြုတတ်သောမသဒ္ဓါခြင်း ပြဓာန်းသော စိတ္တုပ္ပါဒ်နှင့်ယှဉ်သော ကိလေသာ။ ဝါ၊ မသဒ္ဓါခြင်း အစရှိသောကိလေသာတို့၏ ဆန့်ကျင်ဘက် ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်ကုန်၏။

**ကာယုဇုကတာ စိတ္တုဇုကတာမည်ပုံ။**　။ကာယဿ၊ ဝေဒနာ အစရှိသော ခန္ဓာသုံးပါးအပေါင်း၏။ ဥဇုက-ဘာဝေါ၊ ဖြောင့်သည်၏ အဖြစ်သည်။ ကာယုဇုကတာ၊ ကာယုဇုကတာ မည်၏။ စိတ္တဿ၊ ဝိညာဏက္ခန္ဓာ၏။ ဥဇုကဘာဝေါ၊ ဖြောင့်သည်၏အဖြစ်သည်။ စိတ္တုဇုကတာ၊ စိတ္တုဇုကတာ မည်၏။

**ကာယုဇုကတာ,စိတ္တုဇုကတာ၏ လက္ခဏာစသည် ၄-ပါး**　　တာ၊ ထိုကာယုဇုကတာ,စိတ္တုဇုကတာတို့သည်—

ကာယ စိတ္တာနံ၊ ဝေဒနာအစရှိသော ခန္ဓာသုံးပါးအပေါင်း, ဝိညာ-ဏက္ခန္ဓာတို့၏။ အဇ္ဇဝလက္ခဏာ၊ ဖြောင့်သည်၏ အဖြစ်တည်းဟူသော လက္ခဏာရှိကုန်၏။

ကာယ စိတ္တာနံ၊ ဝေဒနာအစရှိသော ခန္ဓာသုံးပါးအပေါင်း, ဝိညာဏက္ခန္ဓာတို့၏။ ကုဋိလဘာဝနိမ္မဒ္ဒန ရသာ၊ ထွန့်တုံးစွန်း, လရေး, န္ဒွားသေး ဟုဆိုအပ်ကုန်သော ကောက်သည်၏အဖြစ်တို့ကို နှိပ်နင်းခြင်းကိစ္စရှိကုန်၏။

အဇ္ဇဝတာ ပစ္စုပဋ္ဌာနာ၊ မကောက်သည်၏အဖြစ်ဖြင့် ထင်ခြင်းရှိကုန်၏။ ဝါ၊ သမ္ပယုတ်တရားတို့၏ မကောက်သည်၏အဖြစ်ကို ဖြစ်စေတတ်ကုန်၏။

ကာယစိတ္တ ပဒဋ္ဌာနာ၊ ဝေဒနာအစရှိသော ခန္ဓာသုံးပါး အပေါင်း, ဝိညာဏက္ခန္ဓာလျှင် နီးစွာသော အကြောင်းရှိကုန်၏။

ဥဇုကတာ၏ ဆန့်ကျင်ဘက်။ ။ကာယစိတ္တာနံ၊ ဝေဒနာ အစရှိသော ခန္ဓာသုံးပါးအပေါင်း, ဝိညာဏက္ခန္ဓာတို့၏။ ကုဋိလဘာဝကရ မာယာ သာဌေယျာဒိကိလေသ ပဋိပက္ခဘူတာ၊ ကောက်သည်၏အဖြစ်ကို ပြုတတ်သော မာယာ သာဌေယျပြခန်းသော စိတ္တုပ္ပါဒ်နှင့်ယှဉ်သော ကိလေသာ- ဝါ၊ မာယာ သာဌေယျအစရှိသော ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

ဆန္ဒ။ ။ဆန္ဒေါတိ စေတံ၊ ဆန္ဒောဟူသော ဤသဒ္ဒါသည်။ ကတ္တုကမျတာယ၊ အာရုံပြုခြင်းကို အလိုရှိသည်၏ အဖြစ်၏။ အဓိဝစနံ၊ အမည်တည်း[၁]။

ဆန္ဒ၏လက္ခဏာစသည် ၄-ပါး။ ။တသ္မာ၊ ထိုကြောင့်။ သော ဆန္ဒော၊ ထို ဆန္ဒသည်——

ကတ္တုကမျတာ လက္ခဏော၊ အာရုံပြုခြင်းကို အလိုရှိသည်၏ အဖြစ်တည်းဟူသော လက္ခဏာရှိ၏။

အာရမ္မဏပရိယေသန ရသော၊ အာရုံကိုရှာခြင်းကိစ္စရှိ၏။

အာရမ္မဏေန၊ အာရုံဖြင့်။ ဝါ၊ အာရုံကို။ အတ္ထိကတာ ပစ္စုပဋ္ဌာနော၊ အလိုရှိသည်၏အဖြစ်တည်းဟူသော အခြင်းအရာဖြင့်ထင်ခြင်းရှိ၏။

---

အမှာ ၁။ ဆန္ဒော ကာမော အစရှိသည်တို့၌ တဏှာကိုလည်း ဆန္ဒဟု ဆိုအပ်၏၊ ဆန္ဒံ ဇနေတိ ဝါယမတိ အစရှိသည်တို့၌ ဝီရိယကိုလည်း ဆန္ဒဟု ဆိုအပ်၏။ ထို့ကြောင့် ထိုတဏှာ, ဝီရိယတို့ကို နစ်စေခြင်းငှါ ကတ္တုကမျတာယေတံ အဓိဝစနံ ကို မိန့်သည်။

တဒေဝ၊ ထိုအာရုံသည်လျှင်။ အဿ၊ ထိုဆန္ဒ၏။ ပဒဋ္ဌာနော၊ နီးစွာသော အကြောင်းရှိ၏။

**အဓိမောက္ခ၏ဝစနတ္ထ။** ။အဓိမုစ္စနံ၊ ဆုံးဖြတ်ခြင်း။ အဓိမောက္ခော၊ ဆုံးဖြတ်ခြင်း။

**အဓိမောက္ခ၏ လက္ခဏာစသည် ၄-ပါး။** ။သော အဓိမောက္ခော၊ ထိုအဓိမောက္ခသည်—

သန္နိဋ္ဌာန လက္ခဏော၊ ဆုံးဖြတ်ခြင်း လက္ခဏာရှိ၏။

အသံသပ္ပန ရသော၊ သူငယ်ကဲ့သို့ ထိုမှ ဤမှ ရွေ့ခြင်းပြုအံ့ဟု မဆုံးဖြတ်ခြင်း၏ ဆန့်ကျင်ဘက်ကိစ္စရှိ၏။

နိစ္ဆယ ပစ္စုပဋ္ဌာနော၊ ဆုံးဖြတ်သော အခြင်းအရာဖြင့် ထင်ခြင်းရှိ၏။

သန္နိဋ္ဌေယျဓမ္မ ပဒဋ္ဌာနော၊ ဆုံးဖြတ်သော စိတ္တုပ္ပါဒ်၏ အာရုံဓမ္မလျှင် နီးစွာသော အကြောင်းရှိ၏။

အာရမ္မဏေ၊ အာရုံ၌။ နိစ္စလဘာဝေန၊ တုန်လှုပ်ခြင်းမရှိသည်၏အဖြစ်ကြောင့်။ ဣန္ဒခီလော ဝိယ၊ တံခါးတိုင်ကိုကဲ့သို့။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

**တတြမဇ္ဈတ္တတာမည်ပုံ။** ။တေသု တေသု ဓမ္မေသု၊ ထိုထို မိမိနှင့် သမ္ပယုတ်ဖြစ်ကုန်သော စိတ် စေတသိက် တရားတို့၌။ မဇ္ဈတ္တဘာဝေါ၊ လျစ်လျူသည်၏အဖြစ်သည်။ တတြမဇ္ဈတ္တတာ၊ တတြမဇ္ဈတ္တတာမည်၏။

**တတြမဇ္ဈတ္တတာ၏ လက္ခဏာစသည်။** ။သာ၊ ထိုတတြမဇ္ဈတ္တတာသည်—

စိတ္တစေတသိကာနံ၊ စိတ်စေတသိက်တို့ကို။ သမဝါဟိတ[၁] လက္ခဏာ၊ အမျှ။ ဝါ၊ အညီအညွတ် မိမိဖြစ်ခြင်း, သမ္ပယုတ်တရားတို့ကို မိမိကိစ္စတို့၌ ဖြစ်စေခြင်း လက္ခဏာရှိ၏။

ဦနာဓိကတာနိဝါရဏ ရသာ၊ အယုတ်အလွန်၏ အဖြစ်ကို မြစ်ခြင်း ကိစ္စရှိ၏။ ဝါ၊ တနည်းကား။ ပက္ခပါတုပစ္ဆေဒန ရသာ၊ ဤကား ယုတ်သော

---

၁။ (သမဝါဟိတ=သမ=အညီအမျှ၊ ဝါဟိတ=ဖြစ်စေခြင်း၊ ထိုထိုအာရုံ၌ သမ္ပယုတ်တရားတို့ကို အယုတ်အလွန် အလျော့အတင်း မရှိစေပဲ အညီအမျှ ရှုစေခြင်း, ဖြစ်စေခြင်း။)

ကိစ္စဖြစ်စေ, ဤကား လွန်သောကိစ္စဖြစ်စေဟု အဘိုဋ္ဌိကျသကဲ့သို့ ဖြစ်ခြင်းကို ဖြတ်သကဲ့သို့ မြစ်ခြင်းကိစ္စရှိ၏။

မဇ္ဈတ္တဘာဝ ပစ္စုပဋ္ဌာနာ၊ လျစ်လျူသည်၏ အဖြစ်ဖြင့် ထင်ခြင်းရှိ၏။

**မနသိကာရ၏ဝစနတ္ထ။** ။ကိရိယာ၊ အာရုံပြုခြင်း။ ကာရော၊ အာရုံပြုခြင်း။ မနသ္မိံ၊ စိတ်၌။ ကာရော၊ အာရုံပြုခြင်း။ မနသိကာရော၊ စိတ်၌အာရုံပြုခြင်း။ [မနသိကာရောဟူသော ဤပုဒ်သည် အလုတ္တသမာသ်တည်း] ပုရိမ မနတော၊ ရှေးဖြစ်သော ဘဝင်စိတ်မှ။ ဝိသဒိသံ၊ မတူသော။ မနံ၊ ဝီထိဇောစိတ်ကို။ ကရောတိ၊ ပြုတတ်၏။ ဣတိတသ္မာ စ၊ ထို့ကြောင့်လည်း။ မနသိကာရော၊ မနသိကာရ မည်၏။

**မနသိကာရ ၃-ပါး။** ။သွာယံ=သော အယံ မနသိကာရော၊ ထိုမနသိကာရသည်။ အာရမ္မဏပဋိပါဒကော၊ အာရမ္မဏပဋိပါဒက မနသိကာရရင်း။ ဝီထိပဋိပါဒကော၊ ဝီထိပဋိပါဒက မနသိကာရရင်း၊ ဇဝနပဋိပါဒကော၊ ဇဝနပဋိပါဒက မနသိကာရရင်း။ ဣတိ၊ ဤသို့။ တိပ္ပကာရော၊ သုံးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

**အာရမ္မဏပဋိပါဒကမနသိကာရ။** ။တတ္ထ၊ ထိုသုံးပါးသော မနသိကာရတို့တွင်။ အာရမ္မဏပဋိပါဒကော၊ အာရမ္မဏပဋိပါဒက မနသိကာရသည်။ မနသ္မိံ ကာရောတိ ဣမိနာ ဝစနတ္ထေန၊ မနသ္မိံ ကာရောဟူသော ဤဝစနတ္ထကြောင့်။ မနသိကာရော၊ မနသိကာရမည်၏။ မနသ္မိံ၊ စိတ်၌။ ကာရော၊ အာရုံပြုခြင်း။ မနသိကာရော၊ စိတ်၌ အာရုံပြုခြင်း။

**မနသိကာရ၏ လက္ခဏာစသည်။** ။သော မနသိကာရော၊ ထိုမနသိကာရသည်—

သာရဏ လက္ခဏော၊ သမ္ပယုတ်တရားတို့ကို အာရုံသို့ ရှေးရှုနှင်စေခြင်း (ပြေးစေခြင်း) လက္ခဏာရှိ၏။

သမ္ပယုတ္တာနံ၊ သမ္ပယုတ်တရားတို့ကို။ အာရမ္မဏေ၊ အာရုံ၌။ သညောဇနရသော၊ ယှဉ်စေခြင်း ကိစ္စရှိ၏၊

အာရမ္မဏာဘိမုခဘာဝ ပစ္စုပဋ္ဌာနော၊ အာရုံသို့ ရှေးရှုသည်၏ အဖြစ် ဖြင့် ထင်ခြင်းရှိ၏။

အာရမ္မဏ ပဒဋ္ဌာနော၊ အာရုံလျှင် နီးစွာသော အကြောင်းရှိ၏။

သင်္ခါရက္ခန္ဓပရိယာပန္နော၊ သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်၏[၁]။ သမ္ပယုတ္တာနံ၊ သမ္ပယုတ်တရားတို့ကို။ အာရမ္မဏ ပဋိပါဒကတ္တေန၊ အာရုံ၌ အညီအမျှ ဖြစ်စေတတ်သော အနက်ကြောင့်။ သာရထိ ဝိယ၊ ရထားထိန်းကိုကဲ့သို့။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

**ဝီထိပဋိပါဒကမနသိကာရ။** ။ဝီထိပဋိပါဒကောတိ ဧတ်၊ ဝီထိပဋိပါဒကော ဟူသော ဤသဒ္ဒါသည်။ ပဉ္စဒွါရာဝဇ္ဇနဿ၊ ပဉ္စဒွါရာဝဇ္ဇန်း၏။ အဓိဝစနံ၊ အမည်တည်း။

**ဇဝနပဋိပါဒကမနသိကာရ။** ။ဇဝနပဋိပါဒကောတိ ဧတ်၊ ဇဝနပဋိပါဒ-ကော ဟူသော ဤသဒ္ဒါသည်။ မနော-ဒွါရာဝဇ္ဇနဿ၊ မနောဒွါရာဝဇ္ဇန်း၏။ အဓိဝစနံ၊ အမည်တည်း။

တေ၊ ထို ဝီထိပဋိပါဒကမနသိကာရ, ဇဝနပဋိပါဒကမနသိကာရတို့ကို။ ဣဓ၊ ဤအရာ၌။ န အဓိပ္ပေတာ၊ အလိုမရှိအပ်ကုန်။

**ကရုဏာ။** ။ကရုဏာတိပဒဿ၊ ကရုဏာ ဟူသောပုဒ်၏။ အတ္ထော၊ အနက်ကို။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ယာ ဒယာ၊ အကြင်သနားခြင်းသည်။ ပရဒုက္ခေ၊ သူတပါး၏ ဆင်းရဲသည်။ သတိ၊ ရှိသော်၊ သာဓူနံ၊ သူတော်ကောင်းတို့၏။ ဟဒယကမ္ပနံ၊ စိတ်၏ တုန်လှုပ်ခြင်းကို။ ကရောတိ၊ ပြုတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သာ ဒယာ၊ ထို သနားခြင်းသည်။ ကရုဏာ၊ ကရုဏာမည်၏[၂]။ ။ဝါ၊

အမှာ။ ၁။ အာရမ္မဏပဋိပါဒက မနသိကာရ၏ သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သည့် အဖြစ်ကိုဆိုခြင်းသည် ဤမှတပါးသော မနသိကာရတို့၏ ဝိညာဏက္ခန္ဓာ၌ အကျုံးဝင်သည်၏ အဖြစ်ကိုပြသည်။

ကျမ်းတက် ၂။ ကရောတီတိ ကရုဏာ-ဆို၏။ အဘယ်ကို အဘယ်သူတို့အား အဘယ် အကြောင်းကြောင့် ပြုကုန်သနည်း အမေးကို ဖြေခြင်းငှါ ပရဒုက္ခေ သတိ ဟဒယကမ္ပနံ မိန့်သည်၊ ထိုစိတ်၏ တုန်လှုပ်ခြင်း, ဖောက်ပြန်ခြင်းသည် သူတော်ကောင်းတို့အားသာ ဖြစ်သောကြောင့် သာဓူနံ-မိန့်သည်။

တနည်းကား။ ယာ ဒယာ၊ အကြင်သနားခြင်းသည်။ ပရဿ၊ သူတပါး၏။ ဒုက္ခံ၊ ဆင်းရဲကို။ ကိနာတိ ဝိနာသေတိ၊ ပယ်တတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ သာ ဒယာ၊ ထိုသနားခြင်းသည်။ ကရုဏာ၊ ကရုဏာမည်၏။ [ကိနာတိ-အနက်ကို ဝိနာသေတိ မိန့်သည်]။

**ကရုဏာ၏လက္ခဏာစသည် ၄-ပါး။** ။သာ ကရုဏာ၊ ထို ကရုဏာသည်—

ပရဒုက္ခာပနယနာကာရပဝတ္တိ လက္ခဏာ၊ သူတပါး၏ ဆင်းရဲကို ပယ်သော အခြင်းအရာဖြင့် ဖြစ်ခြင်းလက္ခဏာ ရှိ၏။

ပရဒုက္ခာသဟန ရသာ၊ သူတပါးတို့၏ ဆင်းရဲကို သည်းမခံနိုင်ခြင်း ကိစ္စရှိ၏။

အဝိဟိံသာ ပစ္စုပဋ္ဌာနာ၊ သတ္တဝါတို့ကို မညှဉ်းဆဲခြင်းကို ဖြစ်စေတတ်၏။ ဝါ၊ ညှဉ်းဆဲခြင်း၏ ဆန့်ကျင်ဘက် အဖြစ်ဖြင့် ထင်ခြင်းရှိ၏။

ဒုက္ခာဘိဘူတာနံ၊ ဆင်းရဲနှိပ်စက်ကုန်သော သတ္တဝါတို့၏။ အနာထ-ဘာဝဒဿန ပဒဋ္ဌာနာ၊ ကိုးကွယ်ရာမရှိသည်၏ အဖြစ်ကို မြင်ခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။

**မုဒိတာ၏ဝစနတ္ထ။** ။တာယ ဓမ္မဇာတိယာ၊ ထို တရားသဘောဖြင့်။ သမ္ပယုတ္တဓမ္မာ၊ သမ္ပယုတ် တရားတို့သည်။ ဝါ-သတ္တာ၊ သတ္တဝါတို့သည်။ မောဒန္တိ၊ ဝမ်းမြောက်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ ဝမ်းမြောက်ကြောင်းဖြစ်သော သတ္တိကြောင့်။ သာ ဓမ္မဇာတိ၊ ထိုတရားသဘောသည်။ မုဒိတာ၊ မုဒိတာမည်၏။ ။ဝါ၊ တနည်းကား။ ယာ ဓမ္မဇာတိ၊ အကြင်တရားသဘောသည်။ သယံ၊ မိမိသည်။ မောဒတိ၊ ဝမ်းမြောက်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သာ ဓမ္မဇာတိ၊ ထိုတရားသဘောသည်။ မုဒိတာ၊ မုဒိတာ-မည်၏။

**မုဒိတာ၏လက္ခဏာစသည် ၄-ပါး။** ။သာ မုဒိတာ၊ ထို မုဒိတာ-သည်—

ပမောဒန လက္ခဏာ၊ သတ္တဝါတို့၏ ပြည့်စုံခြင်း၌ ဝမ်းမြောက်ခြင်း လက္ခဏာရှိ၏။

အနိဿာယန ရသာ၊ ငြူစူခြင်း၏ ဆန့်ကျင်ဘက်ကိစ္စရှိ၏။

အရတိဝိဃာတ ပစ္စုပဋ္ဌာနာ၊ သတ္တဝါတို့၏ပြည့်စုံခြင်း, ဆိတ်ငြိမ်သော တောကျောင်း, လွန်မြတ်သော ကုသိုလ်တရားတို့၌ မမွေ့လျော်ခြင်းကို

ပယ်ဖျောက်သော အခြင်းအရာဖြင့် ထင်ခြင်းရှိ၏။ ဝါ၊ မမွေ့လျော်ခြင်း၏ ငြိမ်းခြင်းကို ဖြစ်စေတတ်၏။

သတ္တာနံ၊ သတ္တဝါတို့၏။ သမ္ပတ္တိဒဿန ပဒဋ္ဌာနာ၊ ပြည့်စုံခြင်းကို မြင်ခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။

**ကေစိဝါဒ မသင့်ခြင်း အကြောင်း။** ။ကေစိ ပန၊ အချို့သော ဆရာတို့သည်ကား။ မေတ္တုပေက္ခာဒယော ပိ၊ မေတ္တာ, ဥပေက္ခာ အစရှိသည်တို့ကိုလည်း။ အနိယတော၊ အနိယတ စေတသိက်၌။ ဣစ္ဆန္တိ၊ အလိုရှိကုန်၏။ တံ၊ ထိုကေစိဆရာတို့၏ စကားကို။ န ဂဟေတဗ္ဗံ၊ မယူအပ်။ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ ဟိ ယသ္မာ၊ အကြင်ကြောင့်။ အတ္ထတော၊ တရားကိုယ်အားဖြင့်။ အဒေါသော ဝေ၊ အဒေါသသည်သာလျှင်။ မေတ္တာ၊ မေတ္တာတည်း။ တတြမဇ္ဈတ္တု-ပေက္ခာယေဝ၊ တတြမဇ္ဈတ္တုပေက္ခာသည်သာလျှင်။ ဥပေက္ခာ၊ ဥပေက္ခာတည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ န ဂဟေတဗ္ဗံ၊ မယူအပ်။

**ဝိရတိ ၃-ပါး။** ။ကာယဒုစ္စရိတတော၊ ကိုယ်ဖြင့် (ရှောင်ကြဉ်အပ်သည့် ဝိရမိတဗ္ဗ) ဝတ္ထုကို ကျူးလွန်ခြင်းဟု ဆိုအပ်သော ဒုစရိုက်မှ။ ဝိရတိ၊ ကြဉ်ခြင်း။ ကာယဒုစ္စရိတဝိရတိ၊ ကိုယ်ဖြင့် (ရှောင်ကြဉ်အပ်သည့် ဝိရမိတဗ္ဗ) ဝတ္ထုကို ကျူးလွန်ခြင်းဟု ဆိုအပ်သော ဒုစရိုက်မှ ကြဉ်ခြင်း။

သေသေသု၊ ကြွင်းကုန်သော။ ဒွီသု ပိ၊ ဝစီဒုစ္စရိတဝိရတိ, မနော ဒုစ္စရိတဝိရတိ-နှစ်ပါးတို့၌လည်း။ ဧသေဝ နယော၊ ဤနည်းလျှင် နည်း ရှိ၏။

**ဝိရတီ၏ လက္ခဏာစသည် ၄-ပါး။** ။လက္ခဏာဒိတော ပန၊ လက္ခဏာ,ရသ အစရှိသောအားဖြင့်ကား။ တိဿော-ပိ၊ သုံးပါးလည်း ဖြစ်ကုန်သော။ ဧတာ ဝိရတိယော၊ ဤ ဝိရတီတို့သည်——

ကာယဒုစ္စရိတာဒိဝတ္ထူနံ၊ တပါးသော သတ္တဝါ, တပါးသောသူတို့၏ ဥစ္စာ, တပါးသော သူတို့၏မိန်းမ အစရှိကုန်သော ကာယဒုစရိုက် အစရှိသည်တို့၏ အာရုံသာလျှင်ဖြစ်သော ဝတ္ထုတို့ကို။ အဝီတိက္ကမ လက္ခဏာ၊ မနင်းနယ်ခြင်း (မကျူးလွန်ခြင်း) လက္ခဏာရှိကုန်၏။

ကာယဒုစ္စရိတာဒိဝတ္ထုတော၊ တပါးသော သတ္တဝါ, တပါးသောသူတို့၏ ဥစ္စာ, တပါးသောသူတို့၏ မိန်းမ အစရှိကုန်သော ကာယဒုစရိုက် အစရှိသည်တို့၏ အာရုံဝတ္ထုတို့မှ။ သင်္ကောစန ရသာ၊ တွန့်ခြင်းကိစ္စ ရှိကုန်၏။

အကိရိယ ပစ္စုပဋ္ဌာနာ၊ မပြုသော အခြင်းအရာဖြင့် ထင်ခြင်းရှိကုန်၏။

သဒ္ဓါဟိရိဩတ္တပ္ပအပ္ပိစ္ဆတာဒိဂုဏ ပဒဋ္ဌာနာ၊ သဒ္ဓါ, ဟိရီ, ဩတ္တပ္ပ, အပ္ပိစ္ဆတာ အစရှိသောဂုဏ်လျှင် နီးစွာသော အကြောင်းရှိကုန်၏။

ကေစိ ပန၊ အချို့သော ဆရာတို့သည်ကား။ ဣမာသံ၊ ဤသုံးပါးသော ဝိရတီတို့၌။ ဝါ၊ ဤသုံးပါးသော ဝိရတီတို့တွင်။ ဧကေကံ၊ တခုတခုသော။ နိယတံ၊ အမြဲဖြစ်သော။ ဝိရတိံ၊ ဝိရတီကို။ ဣစ္ဆန္တိ၊ အလိုရှိကုန်၏။ [တပါးသော တခုသော စတုတ္ထနိယတဝိရတီကို အလိုရှိကုန်၏။ ဝါ၊ နိဒ္ဒါရဏတ္ထ-၌ ဘုမ္မဝစနအားဖြင့် ဤ ဝိရတီတို့၏ အလယ်၌ တခုသော နိယတဝိရတီကို အလိုရှိကုန်၏ ဟူလိုသည်]

ဧဝံ=ဣမိနာ ဝုတ္တပ္ပကာရေန၊ ဤဆိုအပ်ပြီးသော အပြားအားဖြင့်။ ကာမာဝစရပဌမမဟာကုသလစိတ္တေန၊ ကာမာဝစရ ပဌမ မဟာကုသိုလ် စိတ်နှင့်။ တေတ္တိံသ ဝါ၊ သုံးဆဲ့သုံးပါးလည်းဖြစ်ကုန်သော။ စတုတ္တိံသ ဝါ၊ သုံးဆဲ့လေးပါးလည်း ဖြစ်ကုန်သော။ ဣမေ ဓမ္မာ၊ ဤစေတသိက်တို့သည်။ သမ္ပယောဂံ၊ ယှဉ်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

**ဒုတိယကာမကုသိုလ် စေတသိက်** ပဌမေန၊ ပဌမမဟာကုသိုလ်စိတ်နှင့်။ သမ္ပယောဂံ၊ ယှဉ်ခြင်းသို့။ ဂစ္ဆန္တိ ယထာ စ၊ ရောက်ကုန်သကဲ့သို့လည်း။ ဧဝံ တထာ၊ ထို့အတူ။ ဒုတိယ စိတ္တေနာပိ၊ ဒုတိယ မဟာကုသိုလ်စိတ်နှင့်လည်း။ သမ္ပယောဂံ၊ ယှဉ်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ဟိ သစ္စံ၊ မှန်၏။ တွေ၊ ဤ ဒုတိယ မဟာကုသိုလ် စိတ်၌။ သသင်္ခါရဘာဝမတ္တမေဝ၊ သသင်္ခါရ-အဖြစ်သည်သာလျှင်။ ဝိသေ-သော။ ထူး၏။

**တတိယ မဟာကုသိုလ် စေတသိက်။** ။ပန၊ တဖန်။ တတိယေန၊ တတိယ မဟာကုသိုလ်စိတ်နှင့်။ ဉာဏဝိပ္ပ-ယောဂတော၊ ဉာဏ်ကင်းခြင်းကြောင့်။ အမောဟံ၊ အမောဟကို။

ဌပေတွာ၊ ထား၍။ အဝသေသာ၊ ကြွင်းကုန်သော။ ဒွတ္တိံသ ဝါ၊ သုံးဆဲ့နှစ်ပါးသော စေတသိက်တို့ကိုဖြစ်စေ။ တေတ္တိံသ ဝါ၊ သုံးဆဲ့သုံးပါးသော စေတသိက်တို့ကိုဖြစ်စေ။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

**စတုတ္ထ မဟာကုသိုလ် စေတသိက်။** ။တတိယေန၊ တတိယမဟာကုသိုလ်စိတ်နှင့်။ သမ္ပယုတ္တာ၊ ယှဉ်ကုန်သော စေတသိက်တို့ကို။ (ထည့်) ဝေဒိတဗ္ဗာ ယထာ၊ သိအပ်ကုန်သကဲ့သို့။ တထာ၊ ထို့အတူ။ စတုတ္ထေနာပိ၊ စတုတ္ထမဟာကုသိုလ်စိတ်နှင့်လည်း။ သမ္ပယုတ္တာ၊ ယှဉ်ကုန်သော။ (ထည့်) ဒွတ္တိံသ ဝါ၊ သုံးဆဲ့နှစ်ပါးသော စေတသိက်တို့ကိုဖြစ်စေ။ တေတ္တိံသ ဝါ၊ သုံးဆဲ့သုံးပါးသော စေတသိက်တို့ကိုဖြစ်စေ။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ သသင်္ခါရဘာဝမတ္တ မေဝ၊ သသင်္ခါရအဖြစ်သည်သာလျှင်။ ဝိသေသော၊ ထူး၏။

**ပဉ္စမ မဟာကုသိုလ် စေတသိက်။** ။ပဌမေ၊ ပဌမ မဟာကုသိုလ်စိတ်၌။ ဝုတ္တေသု၊ ဆိုအပ်ကုန်သော စေတသိက်တို့တွင်။ ပီတိံ၊ ပီတိစေတသိက်ကို။ ဌပေတွာ၊ ထား၍။ အဝသေသာ၊ ကြွင်းကုန်သော စေတသိက်တို့သည်။ ပဉ္စမေန၊ ပဉ္စမ မဟာကုသိုလ်စိတ်နှင့်။ သမ္ပယောဂံ၊ ယှဉ်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

တွေ၊ ဤပဉ္စမ မဟာကုသိုလ်စိတ်၌။ သောမနဿဋ္ဌာနေ၊ သောမနဿ အရာ၌။ ဥပေက္ခာဝေဒနာ၊ ဥပေက္ခာဝေဒနာသည်။ ပဝိဋ္ဌာ၊ ဝင်၏[၁]။

**ဥပေက္ခာဝေဒနာ၏ လက္ခဏာ, ရသ။** ။သာ ပန၊ ထို ဥပေက္ခာဝေဒနာသည်ကား—

ဣဋ္ဌာနိဋ္ဌ ဝိပရီတာနုဘဝန လက္ခဏာ၊ ဣဋ္ဌ အနိဋ္ဌတို့မှ ပြန်သော ဣဋ္ဌမဇ္ဈတ္တာရုံကို ခံစားခြင်း လက္ခဏာရှိ၏။

---

ကျမ်းတက် ၁။ အဝသေသာ ပဉ္စမေန သမ္ပယောဂံ ဂစ္ဆန္တိ-ဟု အဝိသေသ-အားဖြင့် ဆိုအပ်သည်၏ အဖြစ်ကြောင့် ယခုအခါ ဝိသေသအားဖြင့် ပြခြင်းငှါ သောမနဿဋ္ဌာနေ စေတ္တ-အစရှိသည်ကို မိန့်။

(ပဌမ, ဒုတိယ, တတိယ, စတုတ္ထမဟာကုသိုလ်စိတ်တို့၌ ယှဉ်သောစေတသိက်တို့တွင် ဝေဒနာမှာ သောမနဿဝေဒနာဖြစ်၍၊ ပဉ္စမ မဟာကုသိုလ်စိတ်၌ ယှဉ်သောစေတသိက်တို့တွင် ဝေဒနာမှာ ဥပေက္ခာဝေဒနာဖြစ်ရသည်၊ သောမနဿနှင့် ဥပေက္ခာသာ ပြောင်းသည်၊ ယှဉ်ဘက်စေတသိက်မှာမူ ထိုက်သည်အားလျော်စွာ ဖြစ်သည်ဟု ဆိုလိုသည်။)

ပက္ခပါတုပစ္ဆေဒန ရသာ၊ အဘို၌ကျသကဲ့သို့ ဖြစ်ခြင်းကို ဖြတ်သကဲ့သို့ ဖြစ်ခြင်းကိစ္စရှိ၏။

**ဆဋ္ဌ မဟာကုသိုလ် စေတသိက်။** ။ပဥ္စမေန၊ ပဥ္စမ မဟာကုသိုလ်စိတ်နှင့်။ သမ္ပယောဂံ၊ ယှဉ်ခြင်းသို့။ ဂစ္ဆန္တိ ယထာ စ၊ ရောက်ကုန်သကဲ့သို့လည်း။ ဝံ တထာ၊ ထို့အတူ။ ဆဋ္ဌေနာပိ၊ ဆဋ္ဌ မဟာကုသိုလ်စိတ်နှင့်လည်း။ သမ္ပယောဂံ၊ ယှဉ်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ သသင်္ခါရမတ္တမေဝ၊ သသင်္ခါရအဖြစ်သည်သာလျှင်။ ဝိသေသော၊ ထူး၏။

**သတ္တမ မဟာကုသိုလ် စေတသိက်။** ။သတ္တမေန ပန၊ သတ္တမ မဟာကုသိုလ်စိတ်နှင့်ကား။ ပညာ၊ ပညာကို။ ဌပေတွာ၊ ထား၍။ အဝသေသာ၊ ကြွင်းကုန်သော။ ကေတ္တိံသ ဝါ၊ သုံးဆဲ့တပါးလည်း ဖြစ်ကုန်သော။ ဒွတ္တိံသ ဝါ၊ သုံးဆဲ့နှစ်ပါးလည်း ဖြစ်ကုန်သော။ ဓမ္မာ၊ စေတသိက်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**အဋ္ဌမ မဟာကုသိုလ် စေတသိက်။** ။သတ္တမေန၊ သတ္တမ မဟာကုသိုလ်စိတ်နှင့်။ ဟောန္တိ ယထာ၊ ဖြစ်ကုန်သကဲ့သို့။ တထာ၊ ထို့အတူ။ အဋ္ဌမေနာ ပိ၊ အဋ္ဌမ မဟာကုသိုလ်စိတ်နှင့်လည်း။ ကေတ္တိံသ ဝါ၊ သုံးဆဲ့တပါးလည်း ဖြစ်ကုန်သော။ ဒွတ္တိံသ ဝါ၊ သုံးဆဲ့နှစ်ပါးလည်း ဖြစ်ကုန်သော။ ဓမ္မာ၊ စေတသိက်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သသင်္ခါရမတ္တမေဝ၊ သသင်္ခါရအဖြစ်သည်သာလျှင်။ ဝိသေသော၊ ထူး၏။

ဝံ=ဣမိနာ ဝုတ္တပ္ပကာရေန၊ ဤဆိုအပ်ပြီးသော အပြားအားဖြင့်တာဝ၊ ရှေးဦးစွာ။ ကာမာဝစရကုသလ စေတသိကာ၊ ကာမာဝစရကုသိုလ် စေတသိက်တို့ကို။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

**ဥပေက္ခာသဟဂုတ် စိတ်နှင့် မယှဉ်သော စေတသိက်** ဂ၁။ ဥပေက္ခာယုတ္တစိတ္တေသု၊ ဥပေက္ခာဝေဒနာနှင့် ယှဉ်ကုန်သော စိတ်တို့၌။ ဒုက္ခ သုခ ပီတိယော၊ ဒုက္ခဝေဒနာ, သုခဝေဒနာ, ပီတိတို့သည်။ န ဟောန္တိ၊ မဖြစ်ကုန်။

**နာနာကဒါစိစေတသိက်၅-ပါး။** ။ကရုဏာမုဒိတာဒယော၊ ကရုဏာ,မုဒိတာ အစရှိကုန်သော။ (ဝါ၊ ကရုဏာ, မုဒိတာ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝဟူကုန်သော။) ပဉ္စ၊ ငါးပါးကုန်သော စေတသိက်တို့သည်။ ဝိသုံ စ၊ အသီးလျှင်။ ဇာယန္တေ၊ ဖြစ်ကုန်၏။

## ရူပါဝစရစိတ်တို့၌ ယှဉ်သောစေတသိက်များ

**ရူပါဝစရစေတသိက်များ။** ။အဝသေသေသု[၁]၊ ကာမာဝစရကုသိုလ်တို့မှ ကြွင်းကုန်သော ရူပါဝစရ, အရူပါဝစရ, လောကုတ္တရာစေတသိက်တို့တွင်။ ရူပါဝစရစိတ္တသမ္ပယုတ္တာ၊ ရူပါဝစရစိတ်နှင့်ယှဉ်ကုန်သော စေတသိက်တို့သည်။ ရူပါဝစရာ၊ ရူပါဝစရစေတသိက် မည်ကုန်၏။

**ပဌမစျာန်စေတသိက်။** ။တတ္ထ၊ ထိုရူပါဝစရ စေတသိက်တို့တွင်။ တာဝ၊ ရှေးဦးစွာ။ ပဌမစိတ္တသမ္ပယုတ္တာ၊ ပဌမစိတ်နှင့် ယှဉ်ကုန်သော။ ကာမာဝစရပဌမစိတ္တေ၊ ကာမာဝစရပဌမစိတ်၌။ ဝုတ္တေသု၊ ဆိုအပ်ကုန်သော စေတသိက်တို့တွင်။ ဝိရတိတ္တယံ၊ ဝိရတိသုံးခုတို့၏ အပေါင်းကို။ ဌပေတွာ၊ ထား၍။ အဝသေသာ၊ ကြွင်းကုန်သော စေတသိက်တို့ကို။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

**ဝိရတီယှဉ်သော စိတ်များ။** ။ဝိရတိယော ပန၊ ဝိရတိစေတသိက်တို့သည် ကား။ ကာမာဝစရကုသလလောကုတ္တရေသွေဝ၊ ကာမာဝစရကုသိုလ်, လောကုတ္တရာစိတ်တို့၌ သာလျှင်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ အညေသု၊ တပါးသောစိတ်တို့၌။ န ဥပ္ပဇ္ဇန္တိ၊ မဖြစ်ကုန်။

**ဒုတိယစျာန်စေတသိက်။** ။ဒုတိယေန၊ ဒုတိယစိတ်နှင့်။ သမ္ပယုတ္တာ၊ ယှဉ်ကုန်သော။ ဝိတက္ကဝဇ္ဇာ၊ ဝိတက်သည် ကြဉ်အပ်ကုန်သော။ ဒွတ္တိံသ ဝါ၊ သုံးဆဲ့နှစ်ပါးသော စေတသိက်တို့

---

ကျမ်းတက် ၁။ ဤသို့ ကာမာဝစရကုသိုလ်စိတ်နှင့် သမ္ပယုတ်ဖြစ်ကုန်သော စေတသိက်တို့ကို ပြပြီး၍ ယခုအခါ ရူပါဝစရစိတ်နှင့် သမ္ပယုတ်ဖြစ်ကုန်သော စေတသိက်တို့ကို ပြခြင်းငှါ အဝသေသေသု ပန အစရှိသည်ကို မိန့်။

သည်ရှင်း။ စတုတ္ထံ'သ ဝါ၊ သုံးဆဲ့သုံးပါးသော စေတသိက်တို့သည်ရှင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

**တတိယဈာန်စေတသိက်။** ။တတိယေန၊ တတိယစိတ်နှင့်။ သမ္ပယုတ္တာ၊ ယှဉ်ကုန်သော။ ဝိစာရဝဇ္ဇာ၊ ဝိစာရသည် ကြဉ်အပ်ကုန်သော။ ကေတိံ'သ ဝါ၊ သုံးဆဲ့တပါးသော စေတသိက်တို့သည် ရှင်း။ ဒွတ္တိံ'သ ဝါ၊ သုံးဆဲ့နှစ်ပါးသော စေတသိက်တို့သည်ရှင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

**စတုတ္ထဈာန်စေတသိက်။** ။စတုတ္ထေန၊ စတုတ္ထစိတ်နှင့်။ သမ္ပယုတ္တာ၊ ယှဉ်ကုန်သော။ တတော၊ ထိုတတိယစိတ်၌ ဆိုအပ်သော စေတသိက်တို့မှ။ ပီတိဝဇ္ဇာ၊ ပီတိသည်ကြဉ်အပ်ကုန်သော။ တိံ'သ ဝါ၊ သုံးဆယ်သော စေတသိက်တို့သည်ရှင်း။ ကေတိံ'သ ဝါ၊ သုံးဆဲ့တပါးသော စေတသိက်တို့သည်ရှင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

**ပဉ္စမဈာန်စေတသိက်။** ။ပဉ္စမေန၊ ပဉ္စမစိတ်နှင့်။ သမ္ပယုတ္တာ၊ ယှဉ်ကုန်သော။ တတော၊ ထိုစတုတ္ထစိတ်၌ဆိုအပ်သော စေတသိက်တို့မှ။ ကရုဏာမုဒိတာဝဇ္ဇာ၊ ကရုဏာ မုဒိတာတို့သည် ကြဉ်အပ်ကုန်သော။ တိံ'သ၊ သုံးဆယ်သော စေတသိက်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

သောမနဿဋ္ဌာနေ၊ သောမနဿအရာ၌။ ဥပေက္ခာ၊ ဥပေက္ခာဝေဒနာသည်။ ပဝိဋ္ဌာ၊ ဝင်၏[၁]။

ဧဝံ=ဣမိနာ ဝုတ္တပ္ပကာရေန၊ ဤဆိုအပ်ပြီးသော အပြားအားဖြင့်။ ရူပါဝစရ ကုသလ စေတသိကာ၊ ရူပါဝစရကုသိုလ် စေတသိက်တို့ကို။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

---

၁။ (ရူပစတုတ္ထဈာန်စိတ်၌ ဝိတက်, ဝိစာရ, ပီတိကြဉ် အညသမာန်းစေတသိက် ၁၀-ပါး၊ ဝိရတိကြဉ် သောဘဏစေတသိက် ၂၂-ပါး၊ ဤ ၃၂-ပါးသော စေတသိက်တို့ ယှဉ်ကြသည်၊ ရူပစတုတ္ထဈာန်၌ယှဉ်သော စေတသိက် ၃၂-ပါးအနက် ကရုဏာ, မုဒိတာကြဉ် ကျန် ၃၀-သော စေတသိက်သည် ရူပပဉ္စမဈာန်စိတ်၌လည်း ယှဉ်သည်၊ ယင်းယှဉ်ဘက်စေတသိက် ၃၀-တွင် ဝေဒနာမှာ ဥပေက္ခာဝေဒနာ ဖြစ်ရသည်။ရူပ ပဌမ, ဒုတိယ, တတိယ, စတုတ္ထဈာန် စိတ်တို့၌ သောမနဿဝေဒနာယှဉ်၍ ရူပပဉ္စမဈာန်စိတ်၌ ဥပေက္ခာဝေဒနာ ယှဉ်သည်ဟု ဆိုလိုသည်။)

## အရူပါဝစရစိတ်တို့၌ ယှဉ်သောစေတသိက်များ

အရူပါဝစရစေတသိက်များ။ ။အရူပါဝစရစိတ္တသမ္ပယုတ္တာ၊ အရူပါဝစရ စိတ်နှင့် ယှဉ်ကုန်သော စေတသိက်တို့သည်။ အရူပါဝစရာ၊ အရူပါဝစရ စေတသိက်မည်ကုန်၏။

တေ ပန၊ ထိုအရူပါဝစရစေတသိက်တို့ကိုကား။ ရူပါဝစရပဉ္စမေ၊ ရူပါဝစရပဉ္စမစိတ်၌။ ဝုတ္တနယေန၊ ဆိုအပ်ပြီးသောနည်းဖြင့်။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

တွေ့၊ ဤအရူပါဝစရ စေတသိက်တို့၌။ အရူပါဝစရဘာဝေါ၊ အရူပါဝစရ အဖြစ်သည်သာလျှင်။ ဝိသေသော၊ ထူး၏[၁]။

## လောကုတ္တရာစိတ်၌ယှဉ်သောစေတသိက်များ

လောကုတ္တရာ စေတသိက်များ။ ။လောကုတ္တရစိတ္တသမ္ပယုတ္တာ၊ လောကုတ္တရာစိတ်နှင့် ယှဉ်ကုန်သော စေတသိက်တို့သည်။ လောကုတ္တရာ၊ လောကုတ္တရာစေတသိက်မည်ကုန်၏။

တေ ပန၊ ထိုလောကုတ္တရာ စေတသိက်တို့ကိုကား—

ပဌမဇ္ဈာနိကေ၊ ပဌမစျာန်ရှိသော။ မဂ္ဂစိတ္တေ၊ လေးပါးသော မဂ်စိတ်၌။ ပဌမရူပါဝစရစိတ္တေ၊ ပဌမရူပါဝစရစိတ်၌။ ဝုတ္တနယေန၊ ဆိုအပ်သောနည်းဖြင့်။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

ဒုတိယဇ္ဈာနိကာဒိဘေဒေ၊ ဒုတိယစျာန်ရှိသော စိတ်အစရှိသည် အပြားရှိသော။ မဂ္ဂစိတ္တေ ပိ၊ မဂ်စိတ်၌လည်း။ ဒုတိယရူပါဝစရ စိတ္တာဒီသု၊ ဒုတိယရူပါဝစရစိတ် အစရှိသည်တို့၌။ ဝုတ္တနယေနေဝ၊ ဆိုအပ်သောနည်းဖြင့်သာလျှင်။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

---

ကျမ်းတက် ၁။ ရူပါဝစရပဉ္စမစျာန်စိတ်၌ ဆိုပြီးသော နည်းဖြင့် အကယ်၍ သိအပ်သည်ဖြစ်အံ့ ရူပါဝစရစိတ်မှ အထူး အဘယ်နည်း ဟူသော အမေးကို ဖြေခြင်းငှါ အရူပါဝစရဘာဝေါ စေတ္တ ဝိသေသော မိန့်။

လောကုတ္တရာနှင့် မဟဂ္ဂုတ်တို့း ဋ္ဌော၊ ဤလောကုတ္တရာ စေတသိက်တို့၌။

**ထူးခြားချက်** ကရုဏာမုဒိတာနံ [၁]၊ ကရုဏာမုဒိတာတို့၏။ အဘာဝေါ စ၊ မရှိခြင်းသည်ရင်း။ နိယတ-ဝိရတိဘာဝေါ စ၊ မြဲသောဝိရတီရှိသည်၏ အဖြစ်သည်ရင်း။ လောကုတ္တရ-ဘာဝေါ စ၊ ခြောက်ပါးသော ဝိသုဒ္ဓိအဆက်ဆက်ဖြင့် ရောက်အပ်သည်၏ အဖြစ်ကြောင့် လောကမှ လွန်သည်၏ အဖြစ်သည်ရင်း။ ဝိသေသော၊ ထူး၏ [၂]။

ဧဝံ=ဣမိနာ ဝုတ္တပ္ပကာရေန၊ ဤဆိုအပ်ပြီးသော အပြားအားဖြင့်။ တာဝ၊ ရှေးဦးစွာ။ ကုသလစိတ္တသမ္ပယုတ္တစေတသိကာ၊ ကုသိုလ်စိတ်နှင့် ယှဉ်ကုန်သော စေတသိက်တို့ကို။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

## အကုသိုလ်စိတ်၌ယှဉ်သောစေတသိက်များ

**အကုသိုလ်စေတသိက်များ။** ။ပန၊ ကုသိုလ်စေတသိက်မှတပါး အကုသိုလ်စေတသိက်တို့ကို ဆိုအံ့။

---

**ကျမ်းတက်** ၁။ အထူးမရှိသဖြင့် သိအပ်သလောဟု မေးအံ့၊ အထူးမရှိသဖြင့် မသိအပ်ဟုပြခြင်းငှါ ကရုဏာမုဒိတာနံ အစရှိသည်ကို မိန့်။

(ကရုဏာနှင့် မုဒိတာတို့သည် သတ္တဝါပညတ်ကို အာရုံပြုသည်၊ လောကုတ္တရာစိတ်သည် နိဗ္ဗာန် ပရမတ်တရားကို အာရုံပြုသည်၊ အာရုံမတူသဖြင့် ကရုဏာနှင့် မုဒိတာတို့ လော-ကုတ္တရာစိတ်၌ မယှဉ်။

မဂ္ဂင် ၈-ပါးနှင့် ပြည့်စုံမှ လောကုတ္တရာစိတ်ဖြစ်ပေါ်သည်၊ မဂ္ဂင် ၈-ပါး၌ ဝိရတိစေတသိက် ၃-ပါး ပါဝင်သည်။ ထို့ကြောင့် လောကုတ္တရာစိတ်၌ ဝိရတိစေတသိက် ၃-ပါး အမြဲတပြိုင်နက် ယှဉ်သည်။)

၂။ (အညသမာန်းစေတသိက် ၁၃-ပါး၊ ဝိရတီ, အပ္ပမညာကြဉ် သောဘဏစေတသိက် ၂၀၊ ပေါင်း စေတသိက် ၃၃-ပါးသည် ရူပပဥ္စမဈာန်စိတ်၌ ယှဉ်သကဲ့သို့ ဤမဂ် ပဉ္စမဈာန် စိတ်၌လည်း ယှဉ်သည်၊ ရူပဈာန်စိတ်များမှာ အပ္ပမညာသာ ယှဉ်၍ ဝိရတီမယှဉ်ခြင်း၊ လောကုတ္တရာစိတ်မှာ ဝိရတီသာယှဉ်၍ အပ္ပမညာ မယှဉ်ခြင်းမျှသာ ထူးသည်၊ ထို့ကြောင့် မဂ်ပဉ္စမဈာန်စိတ်မှာ အညသမာန်း စေတသိက် ၁၃-ပါး၊ အပ္ပမညာကြဉ် သောဘနစေတသိက် ၂၃-ပါး၊ ပေါင်း ၃၆-ပါးသော စေတသိက်တို့ ယှဉ်ကြသည်ဟု ဆိုလိုသည်၊ ကျန်မဂ် ဒုတိယဈာန်စိတ်စသည်၌ ယှဉ်သောစေတသိက်တို့ကိုလည်း ဤနည်းနှင့်နှင်သိပါလေ။)

အကုသလာ စေတသိကာ၊ အကုသိုလ်စေတသိက်တို့သည်။ ဘူမိတော၊ ဘုံအားဖြင့်။ ကေဝိဓာ၊တပါးသော အဘို့ရှိကုန်၏။ ကာမာဝစရာယေဝ၊ ကာမာဝစရတို့သာတည်း ၁။

**လောဘမူစေတသိက်များ။** ။တေသု၊ ထိုအကုသိုလ်စေတသိက်တို့တွင်။ လောဘမူလ ပဌမာကုသလ စိတ္တသမ္ပယုတ္တာ၊ လောဘမူပဌမအကုသိုလ်စိတ်နှင့်ယှဉ်ကုန်သော စေတသိက်တို့ကို။ တာဝ၊ ရှေးဦးစွာ။ မယာ၊ ငါသည်။ ဝုစ္စန္တေ၊ ဆိုအပ်ကုန်၏။

## လောဘမူစိတ်၈-ပါးတို့၌ ယှဉ်သောစေတသိက်များ

**ပဌမလောဘမူစေတသိက်။** ။လောဘမူလပဌမာကုသလစိတ္တသမ္ပယုတ္တာ၊ လောဘမူ ပဌမအကုသိုလ်စိတ်နှင့် ယှဉ်ကုန်သော စေတသိက်တို့သည်။ နိယတာ၊ အမြဲဖြစ်ကုန်သော။ သရူပေန၊ သရုပ်အားဖြင့်။ အာဂတာ၊ လာကုန်သော။ ပန္နရသ၊ တဆဲ့ငါးပါးကုန်သော စေတသိက်တို့ရင်း။

စတ္တာရော၊ လေးပါးကုန်သော။ နိယတာ ယေဝါပနကာ၊ နိယတယေဝါပနကစေတသိက်တို့ရင်း။

ဣတိ=ဣမိနာ ပဘေဒေန၊ ဤသို့သော အပြားအားဖြင့်။ ဧကူနဝီသတိ၊ တခုယုတ်နှစ်ဆယ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဆ၊ ခြောက်ပါးကုန်သော။ အနိယတာ ယေဝါပနကာ ၂၊ အနိယတယေဝါပနက စေတသိက်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဣတိ၊ ဤသို့။ သဗ္ဗေ၊ အလုံးစုံသော အကုသိုလ်စေတသိက်တို့သည်။ ပဉ္စဝီသတိ၊ နှစ်ဆဲ့ငါးပါးတို့သည်၊ ဟောန္တိ၊ ဖြစ်ကုန်၏။

---

**ကျမ်းတက်** ၁။ ဤသို့ ကုသိုလ်စေတသိက်တို့၏ သမ္ပယောဂ, ဝစနတ္ထ, လက္ခဏာ အစရှိသည်တို့ကို ပြပြီး၍ ယခုအခါ အကုသိုလ်စေတသိက်တို့ကို ပြခြင်းငှါ အကုသလာ ပန အစရှိသည်ကို အားထုတ်ဘိသောဝ်။

**အမှာ** ၂။ ပဌမစိတ်၌ အနိယတယေဝါပနကတို့ကို မရအပ်ကုန်သော်လည်း အကုသိုလ်စိတ်တို့၌ ရအပ်သော ယေဝါပနက တရားတို့ကို တပေါင်းတည်း ပြခြင်းငှါ ထိုအနိယတယေဝါပနက တို့ကိုလည်း ဤပဌမစိတ်၌ မိန့်သည်။

**နိယတသရူပစေတသိက် ၁၅-ပါး။** ။သေယျထိဒံ = တေ ကတမေ၊ ထို နှစ်ဆဲ့ ငါးပါးတို့သည် အဘယ်တို့နည်းဟူမူကား—ဖဿော၊ ဖဿရင်း။ သောမနဿဝေဒနာ၊ ရင်း။ သညာ၊ ရင်း။ စေတနာ၊ ရင်း။ ဝိတက္ကော၊ ရင်း။ ဝိစာရော၊ ရင်း။ ပီတိ၊ ရင်း။ စိတ္တေကဂ္ဂတာ၊ ရင်း။ ဝီရိယံ၊ ရင်း။ ဇီဝိတံ၊ ဇီဝိတိန္ဒြေရင်း။ အဟိရိကံ၊ ရင်း။ အနောတ္တပ္ပံ၊ ရင်း။ လောဘော၊ ရင်း။ မောဟော၊ ရင်း။ မိစ္ဆာဒိဋ္ဌိ၊ ရင်း။ ဣတိ၊ ဤသို့။ သရူပေန၊ သရုပ်အားဖြင့်။ အာဂတာ။ လာကုန်သော။ ဣမေ ပန္နရသ၊ ဤ တဆဲ့ငါးပါးကုန်သော စေတသိက်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**နိယတ ယေဝါပနက စေတသိက်၄-ပါး။** ။ဆန္ဒော၊ ဆန္ဒရင်း။ အဓိမောက္ခော၊ ရင်း။ ဥဒ္ဓစ္စံ၊ ရင်း။ မနသိကာရော၊ ရင်း။ ဣတိ၊ ဤသို့။ စတ္တာရော၊ လေးပါးကုန်သော။ ဣမေ နိယတယေဝါပနကာ၊ ဤနိယတယေဝါပနက စေတသိက်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဣမေ ပန၊ ဤနိယတယေဝါပနက စေတသိက်တို့သည်ကား။ ပဠိပါဠိယာ၊ အစဉ်အတိုင်း။ ဒသသု စိတ္တေသု[၁]၊ (မောဟမူဒွေးကြဉ်) ဆယ်ပါးသော အကုသိုလ်စိတ်တို့၌။ နိယတာ၊ အမြဲဖြစ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**အနိယတ ယေဝါပနက စေတသိက် ၆-ပါး** မာနော၊ မာနရင်း။ ဣဿာ၊ ရင်း။ မစ္ဆရိယံ၊ ရင်း။ ကုက္ကုစ္စံ၊ ရင်း။ ထိနံ၊ ရင်း။ မိဒ္ဓံ၊ ရင်း။ ဣတိ၊ ဤသို့။ ဆယေဝ၊ခြောက်ပါးသာဖြစ်ကုန်သော။ ဣမေ အနိယတ ယေဝါပနကာ၊ ဤ အနိယတ ယေဝါပနက စေတသိက်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

၈၂။ ဝေံ၊ ဤသို့။ ပါပစိတ္တေသု၊ အကုသိုလ်စိတ်တို့၌။ နိယတာ၊ အမြဲဖြစ်ကုန်သော။ အနိယတာ၊ အမြဲမဖြစ်ကုန်သော။ သဗ္ဗေ၊ အလုံးစုံကုန်

---

ကျမ်းတက် ၁။ ဝိစိကိစ္ဆာသဟဂုတ်၌ ဆန္ဒ အဓိမောက္ခတို့၏၊ ဥဒ္ဓစ္စသဟဂုတ်၌ ဆန္ဒ၏ မရှိခြင်းကြောင့် ပဠိပါဠိယာ ဒသသု စိတ္တေသု မိန့်။

သော။ ဒသ ယေဝါပနာ၊ ဆယ်ပါးသော ယေဝါပန စေတသိက်တို့ကို။ ဟာတပါပေန၊ ဖျက်ဆီးအပ်ပြီးသော အကုသိုလ်တရား ရှိတော်မူသော။ တာဒိနာ၊ လာဘ အလာဘအစရှိသော လောကဓံတို့၌ တုန်လှုပ်ခြင်းမရှိသည်၏ အဖြစ်ဖြင့် ညီမျှသော သဘောရှိတော်မူသော မြတ်စွာဘုရားသည်။ နိဒ္ဒိဋ္ဌာ၊ အကြွင်းမရှိသောအားဖြင့် ပြတော်မူအပ်ကုန်ပြီ။

အမှာ။ ။ဟာတာ ဝိဟာတာ ဝိဒ္ဓဿ္တာ ပါပါ အကုသလဓမ္မာ ယေန သော ဘဂဝါ ဟာတ ပါပေါ၊ တေန ပြု။

တတ္ထ၊ ထိုဖဿ အစရှိသော အကုသိုလ်စေတသိက်တို့တွင်။ ဖဿောတိ၊ ဖဿောဟူသည်ကား။ အကုသလစိတ္တသဟဇာတော၊ အကုသိုလ်စိတ်နှင့် တကွဖြစ်သော။ ဖဿော၊ ဖဿတည်း။

သေသေသုပိ၊ ကြွင်းကုန်သော သောမနဿဝေဒနာ အစရှိသည်တို့၌လည်း။ သေနယော၊ ဤနည်း အတူတည်း။

**အဟိရိက၏ဝစနတ္ထ။** ။ယော ဓမ္မော၊ အကြင်တရားသည်။ န ဟိရိယတိ၊ မရှက်တတ်။ ဣတိတသ္မာ၊ ထို့ကြောင့်။ သော ဓမ္မော၊ ထိုတရားသည်။ အဟိရိကော၊ အဟိရိကမည်၏။ အဟိရိကဿ၊ မရှက်တတ်သော ပုဂ္ဂိုလ်၏။ ဝါ၊ မရှက်တတ်သော တရားအပေါင်း၏၊ ဘာဝေါ၊ အဖြစ်တည်း၊ အဟိရိကံ၊ မရှက်တတ်သော ပုဂ္ဂိုလ်၏အဖြစ်။ ဝါ၊ မရှက်တတ်သော တရားအပေါင်း၏အဖြစ်။ [အဟိရိက္ကံ ဆိုအပ်လျက် က-အက္ခရာတလုံးကို ချေ၍ အဟိရိကံ မိန့်သည်]

**အနောတ္တပ္ပ၏ ဝစနတ္ထ။** ။ယံ ဓမ္မဇာတံ၊ အကြင်တရားသဘောသည်။ ကာယဒုစ္စရိတာဒီဟိ၊ ကာယဒုစရိုက် အစရှိသည်တို့ကြောင့်။ ဩတ္တပ္ပတိ၊ လန့်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တံ ဓမ္မဇာတံ၊ ထို တရားသဘောသည်။ ဩတ္တပ္ပံ၊ ဩတ္တပ္ပမည်၏။ န၊ ဆန့်ကျင်ဘက်ဖြစ်သော။ ဩတ္တပ္ပံ၊ ဩတ္တပ္ပတည်း။ အနောတ္တပ္ပံ၊ ဩတ္တပ္ပ၏ ဆန့်ကျင်ဘက်ဖြစ်သော အနောတ္တပ္ပ။

**အဟိရိက၏ လက္ခဏာ။** ။တတ္ထ၊ ထို နှစ်ပါးသော အဟိရိက, အနောတ္တပ္ပ တို့တွင်။ အဟိရိကံ၊ အဟိရိကသည်——

ကာယဒုစ္စရိတာဒီဟိ၊ ကာယဒုစရိုက် အစရှိသည်တို့ကြောင့်။ အဇ္ဈ-ဂုဋ္ဌန လက္ခဏံ၊ မစက်ဆုပ်ခြင်း လက္ခဏာရှိ၏။ ဝါ၊ တနည်းကား။ အလဇ္ဇာ လက္ခဏံ၊ ရှက်ခြင်း၏ဆန့်ကျင်ဘက် လက္ခဏာရှိ၏။

အမှာ။ ။အဇ္ဈဂုဋ္ဌနလက္ခဏံကို သဘောအားဖြင့် မိန့်သည်၊ အလဇ္ဇာလက္ခဏံကို ကုသိုလ်အဗျာကတနှင့် ဆက်ဆံသော ဟိရီ၏ ပဋိပက္ခအစွမ်းအားဖြင့် မိန့်သည်။

**အနောတ္တပ္ပ၏ လက္ခဏာ။** ။အနောတ္တပ္ပံ၊ အနောတ္တပ္ပသည်—

တေဟေဝ၊ ထို ကာယဒုစရိုက် အစရှိသည်တို့ကြောင့်သာလျှင်။ အသာရဇ္ဇန လက္ခဏံ၊ ကြောက်ခြင်းမရှိသည်၏ အဖြစ်တည်းဟူသော လက္ခဏာရှိ၏။ ဝါ၊ တနည်းကား။ အနုတ္တာသ လက္ခဏံ၊ မလန့်ခြင်း လက္ခဏာရှိ၏[၁]။

**လောဘ၏ ဝစနတ္ထ။** ။တေန ဓမ္မေန၊ ထို တရားဖြင့်။ သမ္ပယုတ္တဓမ္မာ၊ သမ္ပယုတ်တရားတို့သည်။ ဝါ- ပုဂ္ဂလာ၊ ပုဂ္ဂိုလ်တို့သည်။ လုဗ္ဘန္တိ၊ တပ်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ တပ်ကြောင်းဖြစ်သော သတ္တိကြောင့်။ သော ဓမ္မော၊ ထိုတရားသည်။ လောဘော၊ လောဘမည်၏။ ဝါ၊ တနည်းကား။ ယော ဓမ္မော၊ အကြင်တရားသည်။ သယံ၊ မိမိသည်။ လုဗ္ဘတိ၊ တပ်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော ဓမ္မော၊ ထို တရားသည်။ လောဘော၊ လောဘမည်၏။ ဝါ၊ တနည်းကား။ တံ၊ ထိုတရားသဘောသည်။ လုဗ္ဘနမတ္တမေဝ၊ တပ်ခြင်း သာတည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော ဓမ္မော၊ ထို တရားသည်။ လောဘော၊ လောဘမည်၏။

**လောဘ၏ လက္ခဏာစသည် ၄-ပါး။** ။သော လောဘော၊ ထို လောဘသည်—

အာရမ္မဏဂ္ဂဟဏ လက္ခဏော၊ ငါး၏ဥစ္စာဟူ၍ တဏှာဘိနိဝေသ၏ အစွမ်းဖြင့် အာရုံကို မစွန့်ခြင်းလက္ခဏာရှိ၏။ ကော ဝိယ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ မက္ကဋာလေပေါ ဝိယ၊ မျောက်တို့ကို ကပ်စေတတ်သော အစေးကဲ့သို့တည်း။

---

အမှာ ၁။ ရသ အစရှိသည်တို့ကို ဟိရီ, ဩတ္တပ္ပတို့၌ ဝုတ္တပဋိပက္ခ (ဆိုအပ်ပြီးသော အနက်၏ ဆန့်ကျင်ဘက်)အစွမ်းဖြင့် ယူအပ်ကုန်၏ဟု နှလုံးပြု၍ ဤ၌ မမိန့်သည်။

အဘိသင်္ဂ ရသော၊ အလွန်ကပ်ငြိခြင်းကိစ္စရှိ၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ တတ္တ ကပါလေ၊ အိုးကင်းပူ၌။ ပက္ခိတ္တ မံသပေသိ ဝိယ၊ ထည့်အပ်သော သားတစ်ကဲ့သို့တည်း။

အပရိစ္စာဂ ပစ္စုပဋ္ဌာနော၊ မစွန့်သော အခြင်းအရာဖြင့် ထင်ခြင်းရှိ၏။ ကော ဝိယ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ တေလဉ္ဇနရာဂေါ ဝိယ၊ ဆီဖြင့်လိမ်းကျံအပ်သော မျက်စဉ်း[၁]၏ စွန်းခြင်းကဲ့သို့တည်း။

သံယောဇနိယေသု၊ သံယောဇဉ်၏ အာရုံဖြစ်ကုန်သော။ ဓမ္မေသု၊ တရားတို့၌။ အဿာဒဒဿန ပဒဋ္ဌာနော၊ သာယာခြင်း၏အစွမ်းဖြင့် ရှုခြင်းလျှင် နီးစွာသောအကြောင်းရှိ၏။

**မောဟ၏ ဝစနတ္ထ။** ။တေန ဓမ္မေန၊ ထိုတရားဖြင့်။ သမ္ပယုတ္တဓမ္မာ၊ သမ္ပယုတ်တရားတို့သည်။ ဝါ-တံသမင်္ဂီပုဂ္ဂလာ[၂]၊ ထိုမောဟနှင့်ပြည့်စုံကုန်သော ပုဂ္ဂိုလ်တို့သည်။ မုယှန္တိ၊ မသိတတ်ကုန်။ ဣတိတသ္မာ၊ ထိုသို့ မသိကြောင်းဖြစ်သော သတ္တိကြောင့်။ သော ဓမ္မော၊ ထိုတရားသည်။ မောဟော၊ မောဟမည်၏။ ။ဝါ၊ တနည်းကား။ ယော ဓမ္မော၊ အကြင်တရားသည်။ သယံ၊ မိမိသည်။ မုယှတိ။ မသိတတ်။ ဣတိတသ္မာ၊ ထိုသို့ မသိတတ်သောသတ္တိကြောင့်။ သော ဓမ္မော၊ ထိုတရားသည်။ မောဟော၊ မောဟမည်၏။ ဝါ၊ တနည်းကား။ တံ၊ ထိုတရားသဘောသည်။ မုယှနမတ္တမေဝ၊ မသိတတ်ခြင်းမျှသာတည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ သော ဓမ္မော၊ ထိုတရားသည်။ မောဟော၊ မောဟမည်၏။

**မောဟ၏ လက္ခဏာစသည် ၄-ပါး။** ။သော မောဟော၊ ထိုမောဟသည်—

စိတ္တဿ၊ စိတ်၏။ အန္ဓဘာဝလက္ခဏော၊ တရားသဘောကို ဟုတ်မှန်သောအားဖြင့် မမြင်ခြင်းလက္ခဏာရှိ၏။ ဝါ၊ တနည်းကား။ အညာဏလက္ခဏော၊ ဉာဏ်၏ဆန့်ကျင်ဘက် လက္ခဏာရှိ၏[၃]။

---

၁။ (မျက်စဉ်းကျောက်၏ အရောင်မှာ မည်းနက်သည်၊ စွန်းထင်းသည်။)

၂။ (တံသမင်္ဂီပုဂ္ဂလာ, တံသမင်္ဂီပုဂ္ဂလာ-ဟု ၂-မျိုး ရှိနိုင်သည်။)

အမှာ ၃။ ထို နှစ်ပါးတို့တွင် ရှေ့ အန္ဓဘာဝလက္ခဏာကို သဘော၏ အစွမ်းဖြင့် မိန့်သည်၊ နောက် အညာဏလက္ခဏာကို ပဋိပက္ခ၏ အစွမ်းဖြင့် မိန့်သည်။ ဝါ၊ အညာဏလက္ခဏော ပုဒ်ကို ကိစ္စ၏အစွမ်းအားဖြင့် မိန့်သည်။

အသမ္ပဋိဝေဓ ရသော၊ ဂဲရားသဘောကို ထိုးထွင်း၍ မသိနိုင်ခြင်းကိစ္စ ရှိ၏။ ဝါ၊ တနည်းကား။ အာရမ္မဏသဘာဝစ္ဆာဒန ရသော၊ အာရုံ၏ သဘောကို ဖုံးလွှမ်းခြင်း ကိစ္စရှိ၏။

အန္ဓကာရ ပစ္စုပဋ္ဌာနော၊ ကန်းသည်ကို ပြုသော အခြင်းအရာဖြင့် ထင်ခြင်းရှိ၏။ ဝါ၊ ကန်းသည်ကို ပြုခြင်းကို ဖြစ်စေတတ်၏။

အယောနိသော မနသိကာရ ပဒဋ္ဌာနော၊ မသင့်သောအားဖြင့် နှလုံးသွင်းခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။

**မိစ္ဆာဒိဋ္ဌိ။** ။တာယ ဓမ္မဇာတိယာ၊ ထိုတရားသဘောဖြင့်။ သမ္ပယုတ္တာဓမ္မာ၊ သမ္ပယုတ်တရားတို့သည်။ ဝါ- တံသမင်္ဂိပုဂ္ဂလာ၊ ထိုမိစ္ဆာဒိဋ္ဌိနှင့်ပြည့်စုံကုန်သော ပုဂ္ဂိုလ်တို့သည်။ မိစ္ဆာ၊ တရားသဘောကို (ဖောက်)ပြန်သောအားဖြင့်။ ပဿန္တိ၊ မြင်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့တရားသဘောကို (ဖောက်)ပြန်သောအားဖြင့် မြင်ကြောင်း ဖြစ်သောသတ္တိကြောင့်။ သာ ဓမ္မဇာတိ၊ ထိုတရားသဘောသည်။ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိမည်၏။ ဝါ၊ တနည်းကား။ ယာ ဓမ္မဇာတိ၊ အကြင်တရားသဘောသည်။ သယံ၊ မိမိသည်။ မိစ္ဆာ၊ တရားသဘောကို (ဖောက်)ပြန်သောအားဖြင့်။ ပဿတိ၊ မြင်တတ်၏။ ဣတိ တသ္မာ၊ ထိုသို့တရားသဘောကို (ဖောက်)ပြန်သောအားဖြင့် မြင်တတ်သောသတ္တိကြောင့်။ သာ ဓမ္မဇာတိ၊ ထိုတရားသဘောသည်။ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိမည်၏။ ဝါ၊ တနည်းကား။ သော ဓမ္မဇာတိ၊ ဤတရားသဘောသည်။ မိစ္ဆာ၊ တရားသဘောကို (ဖောက်)ပြန်သောအားဖြင့်။ ဒဿနမတ္တမေဝ၊ မြင်ခြင်းသာတည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သာ ဓမ္မဇာတိ၊ ထိုတရားသဘောသည်။ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိမည်၏။

**မိစ္ဆာဒိဋ္ဌိ၏လက္ခဏာစသည် ၄-ပါး။** ။သာ မိစ္ဆာဒိဋ္ဌိ၊ ထိုမိစ္ဆာဒိဋ္ဌိသည်—

အယောနိသော၊ အကြောင်းမဟုတ်သော အားဖြင့်။ အဘိနိဝေသလက္ခဏာ၊ နှလုံးသွင်းခြင်းလက္ခဏာရှိ၏။

ပရာမာသ ရသာ၊ တရားသဘောကိုလွန်၍ တပါးသော နိစ္စအစရှိသော အားဖြင့် စွဲလမ်းခြင်း (သုံးသပ်ခြင်း) ကိစ္စရှိ၏။

မိစ္ဆာဘိနိဝေသ ပစ္စုပဋ္ဌာနာ၊ ဖောက်ပြန်သော ယူခြင်း၏ အစွမ်းအားဖြင့် ငါ၏အစွမ်းအားဖြင့် ငါ၏အယူသာ မှန်၏ သူတပါးအယူ အချည်းနှီးတည်းဟု နှလုံးသွင်းသော အခြင်းအရာဖြင့် ထင်ခြင်းရှိ၏။

အရိယာနံ၊ အရိယာတို့ကို။ အဒဿနကာမတာဒိပဒဋ္ဌာနာ[၁]၊ ဖူးမြင်ခြင်းငှါ အလိုမရှိသည်၏အဖြစ် အစရှိသည်လျှင် နီးစွာသော အကြောင်းရှိ၏။

**ဥဒ္ဒစ္စမည်ပုံ။** ။ဥဒ္ဓတဘာဝေါ၊ ပျံ့လွင့်သည်၏အဖြစ်သည်။ ဥဒ္ဒစ္စံ၊ ဥဒ္ဒစ္စမည်၏။

**ဥဒ္ဒစ္စ၏ လက္ခဏာစသည် ၄-ပါး။** ။တံ ဥဒ္ဒစ္စံ၊ ထိုဥဒ္ဒစ္စသည်—

အဝူပသမ လက္ခဏံ၊ မငြိမ်သက်ခြင်း လက္ခဏာရှိ၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ဝါတာဘိဃာတ စလဇလံ ဝိယ၊ လေခတ်သဖြင့် လှုပ်သော ရေကဲ့သို့တည်း။

အနဝဋ္ဌာန ရသံ၊ အာရုံ၌ မတုန်မလှုပ် တည်ခြင်းငှါမတတ်နိုင်ခြင်း ကိစ္စရှိ၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ဝါတာဘိဃာတ စလ ဓဇပဋာကာ ဝိယ၊ လေခတ်သဖြင့် လှုပ်သော တမ်းခွန် ကုက္ကားကဲ့သို့တည်း။

ဘန္တတ္တ ပစ္စုပဋ္ဌာနံ၊ တုန်လှုပ်လည်ပတ်သော အခြင်းအရာဖြင့် ထင်ခြင်းရှိ၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်း ဟူမူကား။ ပါသာဏာဘိဃာတ-သမုဒ္ဓဋ ဘသ္မံ ဝိယ၊ ကျောက်ဖြင့်ခတ်၍၊ ဝါ၊ ကျောက်၌ခတ်မိ၍ အထက်သို့ လွင့်တက်သော ပြာကဲ့သို့တည်း။

အယောနိသော မနသိကာရ ပဒဋ္ဌာနံ၊ ဥဒ္ဒစ္စဖြစ်ကြောင်း ဖြစ်သော မသင့်သော အခြင်းအရာဖြင့် နှလုံးသွင်းခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။ ဝါ၊ ဥဒ္ဒစ္စ၏ အကြောင်းဖြစ်သော အာရုံကို နှလုံးသွင်းခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။

**မာနဍ၏ ဝစနတ္ထ။** ။ယော ဓမ္မော၊ အကြင်တရားသည်။ မညတိ၊ အလွန်အောက်မေ့တတ်၏။ ဝါ၊ ငါဟူသော အခြင်းအရာကို ပြုတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော ဓမ္မော၊ ထိုတရားသည်။ မာနော၊ မာနမည်၏။

---

အမှာ ၁။ အရိယာနံ အဒဿနကာမတာဒိ-၌ အာဒိသဒ္ဒါဖြင့် သဒ္ဓမ္မအသောတုကာမတာ အစရှိသည်ကို သင်္ဂြိုဟ်သည်။

**မာန၏ လက္ခဏာစသည် ၄-ပါး။** ။သော မာနော၊ ထိုမာနသည်—

ဥဏ္ဏတိ လက္ခဏော၊ အထက်သို့ တက်ခြင်းလက္ခဏာ ရှိ၏။

သမ္ပဂ္ဂဟဏ ရသော၊ ထောင်လွှားသောအားဖြင့် မိမိကိုယ်ကိုယ်ကိုင်း, သမ္ပယုတ်တရားတို့ကိုင်း ချီးပင့်ခြင်း ကိစ္စရှိ၏။

ကေတုကမျတာ ပစ္စုပဋ္ဌာနော၊ အလွန်မြင့်သော တမ်းခွန်ကဲ့သို့ အလွန်မြတ်ခြင်း အစရှိသည်၏အဖြစ်ကို အလိုရှိသည်၏အဖြစ်ဖြင့် ထင်ခြင်းရှိ၏။

ဒိဋ္ဌိဝိပ္ပယုတ္တလောဘ ပဒဋ္ဌာနော၊ ဒိဋ္ဌိနှင့်မယှဉ်သော လောဘလျှင် နီးစွာသော အကြောင်းရှိ၏။

**ဣဿာ၏ ဝစနတ္ထ။** ။ယာ ဓမ္မဇာတိ၊ အကြင် တရားသဘောသည်။ ဣဿတိ၊ ငြူစူတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သာ ဓမ္မဇာတိ၊ ထိုတရားသဘောသည်။ ဣဿာ၊ ဣဿာမည်၏။

**ဣဿာ၏ လက္ခဏာစသည် ၄-ပါး။** ။သာ ဣဿာ၊ ထိုဣဿာသည်—

ပရသမ္ပတ္တီနံ၊ သူတပါးတို့၏ ပြည့်စုံခြင်းတို့ကို။ ဥဿူယန လက္ခဏာ၊ ငြူစူခြင်း(မနာလိုခြင်း)လက္ခဏာ ရှိ၏။

တတ္ထေဝ၊ ထိုသူတပါးတို့၏ ပြည့်စုံခြင်းတို့၌သာလျှင်။ အနဘိရတိရသာ၊ မနှစ်သက်ခြင်းကိစ္စ ရှိ၏။

တတော၊ ထိုသူတပါးတို့၏ ပြည့်စုံခြင်းတို့မှ။ ဝိမုခဘာဝ ပစ္စုပဋ္ဌာနာ၊ မျက်ကွယ်ဖြစ်သည်၏ အဖြစ်ဖြင့် (မကြည့်လိုသည်၏အဖြစ်ဖြင့်) ထင်ခြင်း ရှိ၏။

ပရသမ္ပတ္တိ ပဒဋ္ဌာနာ၊ သူတပါးတို့၏ ပြည့်စုံခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။

**မစ္ဆရိယ မည်ပုံ။** ။မစ္ဆေရဘာဝေါ၊ ဝန်တိုခြင်းရှိသော ပုဂ္ဂိုလ်၏ အဖြစ်သည်။ မစ္ဆရိယံ၊ မစ္ဆရိယမည်၏။

**မစ္ဆရိယ၏ လက္ခဏာစသည် ၄-ပါး။** ။တံ မစ္ဆရိယံ၊ ထိုမစ္ဆရိယသည်—

အတ္တနော သမ္ပတ္တီနံ၊ မိမိ၏ကျောင်း အစရှိသည်တို့၏ ပြည့်စုံခြင်းတို့ကို။ နိဂုဟဏ လက္ခဏံ၊ လျှို့ဝှက်ခြင်း လက္ခဏာ ရှိ၏။

တာသံယေဝ၊ ထိုကျောင်း အစရှိသည် ပြည့်စုံခြင်းတို့၏သာလျှင်။ ပရေဟိ၊ သူတပါးတို့နှင့်။ သာဓာရဏဘာဝ အက္ခမန ရသံ၊ ဆက်ဆံသည်၏ အဖြစ်ကို သည်းမခံနိုင်ခြင်း ကိစ္စရှိ၏။

သင်္ကောစန ပစ္စုပဋ္ဌာနံ၊ တွန့်တိုသောအခြင်းအရာဖြင့် ထင်ခြင်းရှိ၏။

အတ္တသမ္ပတ္တိ ပဒဋ္ဌာနံ၊ မိမိ၏ကျောင်း အစရှိသည်တို့၏ ပြည့်စုံခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။

**ကုက္ကုစ္စ၏ ဝစနတ္ထ။** ။ကုစ္ဆိတံ ကတံ၊ ကဲ့ရဲ့အပ်သော ကတသည်။ ဝါ၊ ကဲ့ရဲ့အပ်သော ပြုပြီးသောဒုစရိုက်, မပြုအပ်သော သုစရိုက်ကို အာရုံပြု၍ဖြစ်သော ဝိပ္ပဋိသာရစိတ်သည်။ ကုကတံ၊ ကုကတ မည်၏။ တဿ ကုကတဿ၊ ထို ကုကတ(ဝိပ္ပဋိသာရစိတ်=ဒေါသမူစိတ်) ၏။ ဘာဝေါ၊ အဖြစ်တည်း။ ကုက္ကုစ္စံ၊ ကုကတ၏အဖြစ်။

**ကုက္ကုစ္စ၏ လက္ခဏာစသည် ၄-ပါး။** ။တံ ကုက္ကုစ္စံ၊ ထို ကုက္ကုစ္စသည်—

ပစ္ဆာနုတာပ လက္ခဏံ၊ နောက် (နောင်ကာလ)၌ ပူပန်ခြင်း လက္ခဏာ ရှိ၏။

ကတာကတာနုသောစန ရသံ၊ ပြုအပ်ပြီးသောဒုစရိုက်, မပြုအပ်ခဲ့သော သုစရိုက်ကို စိုးရိမ်ခြင်းကိစ္စ ရှိ၏။

ဝိပ္ပဋိသာရ ပစ္စုပဋ္ဌာနံ၊ ပြုအပ်,မပြုအပ်သော အခြင်းအရာဖြင့် အထူး ပြုအပ်သော ဒုစရိုက်, သုစရိုက်ကို စိုးရိမ်သောအားဖြင့် ဖောက်ပြန်သော အောက်မေ့ခြင်း တည်းဟူသော အခြင်းအရာဖြင့် ထင်ခြင်းရှိ၏။

ကတာကတ ပဒဋ္ဌာနံ၊ ပြုအပ်ပြီးသော ဒုစရိုက်,မပြုအပ်ခဲ့သော သုစရိုက် လျှင် နီးစွာသော အကြောင်းရှိ၏။

**ထိန မိဒ္ဓ မည်ပုံ။** ။ထိနတာ၊ တွန့်ရှုံ့ဆုတ်နစ်သည်၏ အဖြစ်နှင့် ယှဉ်သောစိတ်၏အဖြစ်သည်။ ထိနံ၊ ထိနမည်၏။

မိဒ္ဓတာ၊ ဝေဒနာအစရှိသော စေတသိက်ခန္ဓာ ၃-ပါး အပေါင်း၏ အမှု၌ မကောင်းသည်၏အဖြစ်သည်[၁]။ မိဒ္ဓံ၊ မိဒ္ဓမည်၏။

---

၁။ (အမှု၌ မကောင်းသည်၏ အဖြစ်=အမှုကိစ္စကို လိုက်လျော ပြီးမြောက်အောင် မပြုလုပ်နိုင်ခြင်း။)

အနုဿာဟနသံသီဒနတာ စ၊ အားထုတ်ခြင်း မရှိသည်၏အဖြစ်ဟု ဆိုအပ်သော တွန့်သည်၏ အဖြစ်ငှင်း။ အသတ္တိဝိဃာတော စ၊ သတ္တိမရှိသော မိဒ္ဓနှင့် ယှဉ်သောစိတ်၏ အဖြစ်သာလျှင် ဖြစ်သော သတ္တိ၏ပျောက်ခြင်းငှင်း။ လ္လတိ အတ္တော၊ ဤကား အနက်။

ထိနဥ္စ၊ ထိနလည်း။ မိဒ္ဓဥ္စ၊ မိဒ္ဓလည်း။ ထိနမိဒ္ဓံ၊ ထိနမိဒ္ဓ။

**ထိန၏ လက္ခဏာစသည် ၄-ပါး။** ။တတ္ထ၊ ထို ထိန မိဒ္ဓ နှစ်ပါးတို့တွင်။ ထိနံ၊ ထိနသည်——

အနုဿာဟနလက္ခဏံ၊ အားထုတ်ခြင်း၏ ဆန့်ကျင်ဘက်လက္ခဏာရှိ၏။

ဝီရိယဝိနောဒန ရသံ၊ ဝီရိယကို ပယ်ဖျောက်ခြင်း ကိစ္စရှိ၏။

သံသီဒနဘာဝ ပစ္စုပဋ္ဌာနံ၊ သမ္ပယုတ်တရားတို့၏ တွန့်ဆုတ်သောအခြင်းအရာဖြင့် ထင်ခြင်းရှိ၏။ ဝါ၊ သမ္ပယုတ်တရားတို့၏ တွန့်ဆုတ်ခြင်းကို ဖြစ်စေတတ်၏။

**မိဒ္ဓ၏ လက္ခဏာစသည် ၄-ပါး။** ။မိဒ္ဓံ၊ မိဒ္ဓသည်——

အကမ္မညတာ လက္ခဏံ၊ ဝေဒနာအစရှိသော ခန္ဓာသုံးပါး အပေါင်း၏ အမှု၌ မကောင်းသည်၏ အဖြစ်တည်းဟူသော လက္ခဏာရှိ၏။

ဩဏဟန ရသံ၊ ဝိညာဏဒွါရတို့ကို ပိတ်ခြင်းကိစ္စ ရှိ၏။ ဝါ၊ သမ္ပယုတ်တရားတို့ကို ဖုံးခြင်းကိစ္စရှိ၏။

လီနတာ ပစ္စုပဋ္ဌာနံ၊ အာရုံကို ယူခြင်း၌ တွန့်ဆုတ်သော အခြင်းအရာဖြင့် ထင်ခြင်းရှိ၏။

ဥဘယမ္ပိ၊ နှစ်ပါးသော ထိန,မိဒ္ဓသည်လည်း။ အယောနိသော၊ မသင့်သောအားဖြင့်။ မနသိကာရ ပဒဋ္ဌာနံ၊ နှလုံးသွင်းခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။

သေသာ၊ ဤ၌ လက္ခဏာအစရှိသောအားဖြင့် ဆိုအပ်သောစေတသိက်တို့မှ ကြွင်းကုန်သော ဖဿအစရှိသည်တို့ကို။ ကုသလေသု၊ ကုသိုလ်စေတသိက်တို့၌။ ဝုတ္တနယေန၊ လက္ခဏာအစရှိသောအားဖြင့် ဆိုအပ်သော နည်းဖြင့်။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

ထူးခြားချက်။  ။ဧတ္ထ[၁]၊ ဤစေတသိက်တို့တွင်။ ဝိတက္က ဝီရိယ သမာဓီနံ၊ ဝိတက်, ဝီရိယ, သမာဓိတို့၏။ မိစ္ဆာသင်္ကပ္ပ မိစ္ဆာဝါယာမ မိစ္ဆာသမာဓယော၊ မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယာမ, မိစ္ဆာသမာဓိ ဟူသော အမည်တို့သည်။ ဝိသေသကာ၊ ထူးကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

နိယတာ၊ အမြဲဖြစ်ကုန်သော။ ဣတိ ဣမေ စတ္တာရော စေတသိကာ၊ ဤတခုယုတ် နှစ်ဆယ်သော စေတသိက်တို့သည်။ ပဌမာကုသလစိတ္တေန၊ ပဌမ အကုသိုလ်စိတ်နှင့်။ သမ္ပယောဂံ၊ ယှဉ်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

ဒုတိယလောဘမူစေတသိက်။  ။ပဌမေန၊ ပဌမ အကုသိုလ် စိတ်နှင့်။ သမ္ပယောဂံ၊ယှဉ်ခြင်းသို့။ဂစ္ဆန္တိယထာ စ၊ ရောက်ကုန်သကဲ့သို့လည်း။ ဧဝံ တထာ၊ ထို့အတူ။ ဒုတိယေနာပိ၊ ဒုတိယ အကုသိုလ်စိတ်နှင့်လည်း။ သမ္ပယောဂံ၊ ယှဉ်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

ဧတ္ထ၊ ဤ ဒုတိယ အကုသိုလ် စိတ်၌။ သသင်္ခါရဘာဝေါ စ၊ သသင်္ခါရ အဖြစ်သည်၎င်း။ ထိနမိဒ္ဓသာ အနိယတဘာဝေါ စ[၂]၊ အနိယတဖြစ်သော ထိနမိဒ္ဓဖြစ်သည်၏ အဖြစ်သည်၎င်း။ ဝိသေသော၊ ထူး၏။

---

ကျမ်းတက်။  ၁။ ဤအကုသိုလ်စေတသိက်တို့၌ တစုံတခုသော အထူးမရှိဟု ဆိုအံ့၊ မရှိသည် မဟုတ်၊ ရှိ၏ ဟု အထူးကို ပြခြင်းငှါ ဧတ္ထ ပန အစရှိသည်ကို မိန့်။

အမှာ။  ၂။ ထိနမိဒ္ဓသာ အနိယတဘာဝေါ-ဟူ၍ အနိယတ ထိနမိဒ္ဓ၏ ဤဒုတိယ စိတ်၌ ဖြစ်သည်၏အဖြစ်ကို မိန့်သည်၊ (လောဘမူ) ပဌမစိတ်၌ နိယတအဖြစ်ကို မမိန့်၊ အဘယ့်ကြောင့်နည်း၊ ထို(လောဘမူ)ပဌမစိတ်၌ (ထိနမိဒ္ဓ၏) အချင်းခပ်သိမ်း မဖြစ်ခြင်းကြောင့်တည်း။ (ဋီကာသစ်၊ ပ၊ နှာ-၃၂၂။ ယင်း ဋီကာသစ်၌ "န ပန ပဌမေ အနိယတဘာဝံ" ဟု ရှိရမည့်အစား အ-အက္ခရာပြုတ်ပြီး "န ပန ပဌမေ နိယတဘာဝံ" ဟု ပါဠ်ရှိနေသည်။ လောဘမူ ဒုတိယစိတ်၌ အနိယတအဖြစ်ကိုသာ ဆိုပြီး လောဘမူ ပဌမ စိတ်၌ အနိယတအဖြစ်ကို မဆိုခြင်း၌ ပြသောအရာဖြစ်သောကြောင့် အ-အက္ခရာပါရှိသော "န ပန ပဌမေ အနိယတဘာဝံ" ဟု ပါဠ်ရှိမှသာ အဓိပ္ပါယ်သင့်မြတ် ဆီလျော်ပေမည်၊ သို့ဖြစ်၍ ဤ၌ဖြစ်သင့်သော ပါဠ်ကို ထောက်ဆ၍ ဆီလျော်သော အနက်အဓိပ္ပါယ်မှာ— "အနိယတဖြစ်သော ထိနမိဒ္ဓ၏ ဤဒုတိယလောဘမူ သသင်္ခါရိကစိတ်၌ ဖြစ်သည်၏ အဖြစ် ကို(ရည်ရွယ်၍) "ထိနမိဒ္ဓသာ အနိယတဘာဝေါ" ဟူ၍ မိန့်သည်၊ ပဌမ လောဘမူစိတ်၌မူ အနိယတအဖြစ်ကို မမိန့်၊ အဘယ်ကြောင့်နည်း၊ ထို ပဌမ လောဘမူ အသင်္ခါရိကစိတ်၌ ထိန မိဒ္ဓ၏ အချင်းခပ်သိမ်း မဖြစ်ခြင်းကြောင့်တည်း၊ မှန်သည်၊ သဘောအားဖြင့်ထက်သော

**တတိယလောဘမူစေတသိက်။** [*] ။တတိယေန၊ တတိယအကုသိုလ်စိတ်နှင့်။ ပဉ္စမေ၊ ပဉ္စမ အကုသိုလ် စိတ်၌။ ဝုတ္တေသု၊ ဆိုအပ်ကုန်သော စေတသိက်တို့တွင်။ ဒိဋ္ဌိံ၊ ဒိဋ္ဌိကို။ ဌပေတွာ၊ ထား၍။ သေသာ၊ ကြွင်းကုန်သော။ အဋ္ဌာရသ၊ တဆဲ့ရှစ်ပါးသော စေတသိက်တို့ကို[၁]။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

ဧတ္ထ၊ ဤတဆဲ့ရှစ်ပါးသော စေတသိက်တို့တွင်။ ဝါ၊ ဤတတိယ အကုသိုလ်စိတ်၌ ဆိုအပ်(ရအပ်)သော စေတသိက်(၁၉-ပါး)တို့တွင်။ မာနော ပန၊ မာနစေတသိက်သည်ကား။ အနိယတော၊ မမြဲသည်။ ဟောတိ၊ ဖြစ်၏။ ဒိဋ္ဌိယာ စ၊ ဒိဋ္ဌိနှင့်လည်း။ သဟ၊ တကွ။ န ဥပ္ပဇ္ဇတိ၊ မဖြစ်[၂]။

**စတုတ္ထလောဘမူစေတသိက်။** ။စတုတ္ထေန၊ စတုတ္ထ အကုသိုလ်စိတ်နှင့်။ ဒုတိယေ၊ ဒုတိယ အကုသိုလ် စိတ်၌။ ဝုတ္တေသု၊ ဆိုအပ်ကုန်သော စေတသိက်တို့တွင်။ ဒိဋ္ဌိံ၊ ဒိဋ္ဌိကို။ ဌပေတွာ၊

---

အသင်္ခါရိကစိတ်မှာ လေးလံ ထိုင်းမှိုင်းသော ထိန မိဒ္ဓတို့ ယှဉ်လေ့မရှိ၊ ထို့ကြောင့် လောဘမူ ပဉ္စမစိတ်၌ အနိယတအဖြစ်ကို မမိန့်သည်” ဟု ဖြစ်သည်။)

(အညသမာန်းစေတသိက် ၁၃-ပါး၊ မောစတုက် ၄-ပါး လောဘ, ဒိဋ္ဌိ၊ ပေါင်း ၁၉-ပါး သည် လောဘမူ ပဉ္စမ အသင်္ခါရိက၌ ယှဉ်သည်၊ ယင်း စေတသိက် ၁၉-ပါး၊ ထိန,မိဒ္ဓ၊ ပေါင်း ၂၁-ပါးသည် လောဘမူ ဒုတိယ အသင်္ခါရိကစိတ်မှာ ယှဉ်သည်၊ ယင်းစေတသိက် ၂၁-ပါး တွင် ထိန မိဒ္ဓသည် ရံခါသာ ယှဉ်သည်၊ယှဉ်သည့်အခါ ၎င်း ထိနမိဒ္ဓ ၂-ပါး အတူတကွ ယှဉ်ကြ သည်။)

၁။ (လောဘမူ တတိယ အသင်္ခါရိကစိတ်၌ အနိယတဖြစ်သော မာနယှဉ်သော်လည်း အမြဲယှဉ်သော နိယတစေတသိက်တို့ကို ရည်ရွယ်၍ စေတသိက် ၁၈-ပါးဟု ဆိုသည်၊ စင်စစ် မှာ လောဘမူ ပဉ္စမစိတ်၌ယှဉ်သော ဒိဋ္ဌိကြဉ် စေတသိက် ၁၈-ပါး၊ မာန၊ ပေါင်း ၁၉-ပါး သည် လောဘမူ တတိယ အသင်္ခါရိကစိတ်မှာ ယှဉ်သည်၊ ကျန် လောဘမူ စိတ်ယှဉ်များ၌ လည်း ဤနည်းအတိုင်းသိပါလေ၊ ၎င်းဋီကာသစ်၊ ပ၊ နှာ-၃၂၂)

၂။ (ဂူတခုတည်းမှာ ခြင်္သေ့ ၂-ကောင် အတူ မနေနိုင်သကဲ့သို့ စိတ္တုပ္ပါဒ်တခုတည်းမှာ ဒိဋ္ဌိနှင့် မာန အတူမယှဉ်နိုင်၊ ဒိဋ္ဌိ ဖြစ်ခြင်း၏ အကြောင်းရင်းမှာ အတ္တစွဲဖြစ်သည်၊ မာန ဖြစ်ခြင်း၏ အကြောင်းရင်းမှာလည်း အတ္တစွဲပင် ဖြစ်သောကြောင့်တည်း။ ‘ငါ့သား, ငါ့သမီး, ငါ့ကိုယ်, ငါ့ဟာစသည့်အစွဲမှာ’ အတ္တဒိဋ္ဌိဖြစ်သည်။ ‘ငါလိုလူ ဇမ္ဗူမှာ မရှိဘူး၊ ငါ့လောက် ဘယ်သူမှ မရိုးသားဘူး’ စသည်ဖြင့် ထောင်လွှားမှုသည် မာနဖြစ်သည်။ ၎င်းဋီကာသစ်၊ ပ၊ နှာ-၃၂၀-၂။)

ထား၍။ အဝသေသာ၊ ကြွင်းကုန်သော တဆဲ့ရှစ်ပါးသော စေတသိက်တို့ကို။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

စတုတ္ထာပိ စ၊ ဤစတုတ္ထအကုသိုလ်စိတ်၌လည်း။ မာနေန၊ မာနသည်။ အနိယတော၊ မမြဲသည်။ ဟောတိ၊ ဖြစ်၏။

**ပဉ္စမလောဘမူစေတသိက်။** ။ပဉ္စမေန၊ ပဉ္စမ အကုသိုလ်စိတ်နှင့်။ ပဌမေ၊ ပဌမအကုသိုလ်စိတ်၌။ ဝုတ္တေသု၊ ဆိုအပ်ကုန်သောစေတသိက်တို့တွင်။ ပီတိံ၊ ပီတိကို။ ဌပေတွာ၊ ထား၍။ အဝသေသာ၊ ကြွင်းကုန်သော တဆဲ့ရှစ်ပါးသော စေတသိက်တို့သည်။ သမ္ပယောဂံ၊ ယှဉ်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

ပန၊ အထူးကား။ တွေ၊ ဤပဉ္စမအကုသိုလ်စိတ်၌။ သောမနဿဋ္ဌာနေ၊ သောမနဿအရာ၌။ ဥပေက္ခာ၊ ဥပေက္ခာဝေဒနာသည်။ ပဝိဋ္ဌာ၊ ဝင်၏။

**ဆဋ္ဌလောဘမူစေတသိက်။** ။ဆဋ္ဌေနာပိ၊ ဆဋ္ဌ အကုသိုလ်စိတ်နှင့်လည်း။ ပဉ္စမေ၊ ပဉ္စမ အကုသိုလ်စိတ်၌။ ဝုတ္တသဒိသာ ဧဝ၊ ဆိုအပ်သည်နှင့် တူသည်သာလျှင် ဖြစ်ကုန်သော တဆဲ့ရှစ်ပါးသော စေတသိက်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သသင်္ခါရိကတော၊ သသင်္ခါရိက ဖြစ်သည်၏ အဖြစ်ကြောင့်။ ထိနမိဒ္ဓဿ အနိယတဘာဝေါ စ၊ အနိယတ ဖြစ်သော ထိန မိဒ္ဓဖြစ်သည်၏ အဖြစ်သည်သာလျှင်။ ဝိသေသော၊ ထူး၏။

**သတ္တမလောဘမူစေတသိက်။** ။သတ္တမေန၊ သတ္တမ အကုသိုလ်စိတ်နှင့်။ ပဉ္စမေ၊ ပဉ္စမ အကုသိုလ် စိတ်၌။ ဝုတ္တေသု၊ ဆိုအပ်ကုန်သော စေတသိက်တို့တွင်။ ဒိဋ္ဌိံ၊ ဒိဋ္ဌိကို။ ဌပေတွာ၊ ထား၍။ အဝသေသာ၊ ကြွင်းကုန်သော တဆဲ့ခုနစ်ပါးသော စေတသိက်တို့ကို။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

တွေ၊ ဤသတ္တမ အကုသိုလ်စိတ်၌။ မာနော ပန၊ မာနသည်ကား။ အနိယတော၊ မမြဲသည်။ ဟောတိ၊ ဖြစ်၏။

**အဋ္ဌမလောဘမူစေတသိက်။** ။အဋ္ဌမေန၊ အဋ္ဌမ အကုသိုလ်စိတ်နှင့်။ ဆဋ္ဌေ၊ ဆဋ္ဌ အကုသိုလ်စိတ်၌။ ဝုတ္တေသု၊ ဆိုအပ်ကုန်သောစေတသိက်တို့တွင်။ ဒိဋ္ဌိံ၊ ဒိဋ္ဌိကို။ ဌပေတွာ၊ ထား၍။ အဝ-

သေသာ၊ ကြွင်းကုန်သော တဆဲ့ခုနစ်ပါးသော စေတသိက်တို့ကို။ ဝေဒိ-
တဗ္ဗာ၊ သိအပ်ကုန်၏။

ဧတ္ထာပိ စ၊ ဤအဋ္ဌမ အကုသိုလ်စိတ်၌လည်း။ မာနော၊ မာနသည်။
အနိယတော၊ မမြဲသည်။ ဟောတိ၊ ဖြစ်၏။

ဧဝံ=ဣမိနာ ဝုတ္တပ္ပကာရေန၊ ဤ ဆိုအပ်ပြီးသော အပြားအားဖြင့်။
လောဘမူလစေတသိကာ၊ လောဘမူ စေတသိက်တို့ကို။ ဝေဒိတဗ္ဗာ၊
သိအပ်ကုန်၏။

## ဒေါသမူစိတ်၌ ယှဉ်သောစေတသိက်များ

**ပဌမဒေါသမူစိတ်ယှဉ် စေတသိက်များ** ဒေါမနဿသဟဂတေသု၊ ဒေါမနဿဝေဒနာနှင့် တကွဖြစ်ကုန်သော။ ပဋိဃသမ္ပယုတ္တေသု၊ ဒေါသနှင့်အညီအညွတ် အပြားအားဖြင့် ယှဉ်ကုန်သော။
ဒွီသု၊ နှစ်ပါးကုန်သော။ ဒေါသမူလေသု၊ ဒေါသမူစိတ်တို့တွင်။ ပဌမေန၊
ပဌမဖြစ်သော။ အသင်္ခါရိကေန၊ အသင်္ခါရိကစိတ်နှင့်။ သမ္ပယုတ္တာ၊
ယှဉ်ကုန်သော။ နိယတာ၊ အမြဲဖြစ်ကုန်သော။ သရူပေန၊ သရုပ်အားဖြင့်။
အာဂတာ၊ လာကုန်သော။ တေရသ၊ တဆဲ့သုံးပါးသော စေတသိက်တို့
သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

သေယျထိဒံ=တေ ကတမေ၊ ထိုတဆဲ့သုံးပါးသော စေတသိက်တို့သည်
အဘယ်တို့နည်း ဟူမူကား—

ဖဿော စ၊ ဖဿငင်း။ ဒေါမနဿ ဝေဒနာ စ၊ ဒေါမနဿဝေဒနာငင်း။
သညာ စ၊ ငင်း။ စေတနာ စ၊ ငင်း။ စိတ္တေကဂ္ဂတာ စ၊ ဧကဂ္ဂတာငင်း။
ဝိတက္ကော စ၊ ငင်း။ ဝိစာရော စ၊ ငင်း။ ဝီရိယဉ္စ၊ ငင်း။ ဇီဝိတဉ္စ၊ ဇီဝိ-
တိန္ဒြေငင်း။ အဟိရိကဉ္စ၊ ငင်း။ အနောတ္တပ္ပဉ္စ၊ ငင်း။ ဒေါသော စ၊ ငင်း။
မောဟော စ၊ ငင်း။ ဣတိ ဣမေ၊ ဤသည်တို့တည်း။

ဣမေ တေရသ ဓမ္မာ၊ ဤတဆဲ့သုံးပါးကုန်သော စေတသိက်တို့သည်။
ဆန္ဒာဒီဟိ၊ ဆန္ဒအစရှိကုန်သော။ စတူဟိ၊ လေးပါးကုန်သော [၁]။ နိယတ-

---

၁။ ဆန္ဒ, အဓိမောက္ခ, ဥဒ္ဒစ္စ, မနသိကာရ၊ ပေါင်း ၄-ပါး။

ယေဝါပနကေဟိ၊ နိယတ ယေဝါပနက စေတသိက်တို့နှင့်။ သဟ၊ တကွ။ သတ္တရသ၊ တဆဲ့ခုနစ်ပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

အနိယတေသု၊ အနိယတဖြစ်ကုန်သော။ တီသု၊ သုံးပါးကုန်သော။ ဣဿာမစ္ဆရိယကုက္ကုစ္စေသု၊ ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့တွင်။ ဧကေန၊ တပါးသော စေတသိက်နှင့်။ သဟ၊ တကွ။ အဋ္ဌာရသ၊ တဆဲ့ရှစ်ပါးသော စေတသိက်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေပိ တယော၊ ဤသုံးပါးသော စေတသိက်တို့သည်လည်း။ ကေတော၊ တပြိုင်နက်။ န ဥပ္ပဇ္ဇန္တိ၊ မဖြစ်ကုန်[၁]။

**ဒေါမနဿဝေဒနာ၏ ဝစနတ္ထ။** ။တတ္ထ၊ ထိုဒေါမနဿ အစရှိသောပုဒ်တို့၌။ အတ္တော၊ အနက်ကို။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဒုဋ္ဌု၊ မကောင်းသော။ မနော၊ စိတ်တည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဒုမနော၊ ဒုမနမည်၏။ ဒုမနဿ၊ မကောင်းသောစိတ်၏။ ဝါ၊ မကောင်းသော စိတ်ရှိသော ပုဂ္ဂိုလ်၏။ ဘာဝေါ၊ အဖြစ်တည်း။ ဒေါမနဿံ၊ မကောင်းသောစိတ်၏ အဖြစ်။ ဝါ၊ မကောင်းသောစိတ်ရှိသော ပုဂ္ဂိုလ်၏အဖြစ်။ တေ၊ ဒေါမနဿဟူသော ဤသဒ္ဒါသည်။ ဒေါမနဿဝေဒနာယ၊ ဒေါမနဿဝေဒနာ၏။ အဓိဝစနံ၊ အမည်တည်း[၂]။

**ဒေါမနဿဝေဒနာ၏ လက္ခဏာစသည် ၄-ပါး။** ။တံ၊ထိုဒေါမနဿသည်—

အနိဋ္ဌာရမ္မဏာနုဘဝန လက္ခဏံ၊ အနိဋ္ဌာရုံကို ခံစားခြင်းလက္ခဏာရှိ၏။ ဝါ၊ အာရုံ၏ အနိဋ္ဌအခြင်းအရာကို သုံးဆောင်ခြင်းလက္ခဏာရှိ၏။

အနိဋ္ဌာကာရသမ္ဘောဂ ရသံ၊အနိဋ္ဌအခြင်းအရာဖြင့် အာရုံကိုသုံးဆောင်ခြင်း ကိစ္စရှိ၏။

---

၁။ (ဣဿာသည် ဗဟိဒ္ဓဖြစ်သော သူတပါးစည်းစိမ်ကို အာရုံပြုသည်၊ မစ္ဆရိယသည် အဇ္ဈတ္တဖြစ်သော မိမိစည်းစိမ်၌ သူတပါးတို့နှင့် မဆက်ဆံခြင်းကို အာရုံပြုသည်၊ ကုက္ကုစ္စသည် ပြုအပ်ပြီးသော ဒုစရိုက် မပြုအပ်သေးသော သုစရိုက်ကို အာရုံပြုသည်၊ အာရုံပြုခြင်း ကွဲပြားသောကြောင့် ယင်း စေတသိက် ၃-ပါးသည် တပြိုင်နက် အတူတကွမဖြစ်၊ ရံခါ တပါးစီသာဖြစ်သည်၊ ၎င်း ဋီကာသစ်၊ ပ၊ နှာ-၃၂၂။)

အမှာ ၂။ ဤ၌ တေန သဟဂတံ ဒေါမနဿသဟဂတံ ဟု ရှိ၏ ပါဠိလွန်ထင်သည်။

စေတသိကာဗာဓ ပစ္စုပဋ္ဌာနံ၊ စိတ်၌ဖြစ်သော ကျင်နာခြင်း၏ အဖြစ်ဖြင့် ထင်ခြင်းရှိ၏။

ကေဗန္ဓေနေဝ၊ စင်စစ်အားဖြင့်သာလျှင်။ ဟဒယဝတ္ထု ပဒဋ္ဌာနံ [၁]၊ ဟဒယဝတ္ထုလျှင် နီးစွာသော အကြောင်းရှိ၏။

**ဒေါသ၏ ဝစနတ္ထ။** ။တေန ဓမ္မေန၊ ထိုတရားဖြင့်။ သမ္ပယုတ္တဓမ္မာ၊ သမ္ပယုတ် တရားတို့သည်။ ဝါ- တံသမင်္ဂီပုဂ္ဂလာ၊ ထိုဒေါသနှင့်ပြည့်စုံကုန်သော ပုဂ္ဂိုလ်တို့သည်။ ဒုဿန္တိ၊ ဖျက်ဆီးတတ်ကုန်၏။ ဝါ၊ တနည်းကား။ ယော ဓမ္မော၊ အကြင်တရားသည်။ သယံ၊ မိမိသည်။ ဒုဿတိ၊ ဖျက်ဆီးတတ်၏။ ဝါ၊ တနည်းကား။ တံ၊ ထိုတရားသဘောသည်။ ဒုဿနမတ္တမေဝ၊ ဖျက်ဆီးခြင်းသာတည်း။ ဣတိ တသ္မာ၊ ထိုသုံးပါးသော သတ္တိကြောင့်။ သော ဓမ္မော၊ ထိုတရားသည်။ ဒေါသော၊ ဒေါသမည်၏။

**ဒေါသ၏ လက္ခဏာစသည် ၄-ပါး။** ။သော ဒေါသော၊ ထိုဒေါသသည်—

စဏ္ဍိက္က လက္ခဏော၊ ကြမ်းတမ်းသည့် အဖြစ်တည်းဟူသော လက္ခဏာရှိ၏။ ကော ဝိယ၊ အဘယ်ကဲ့သို့နည်း ဟူမူကား။ ပဟဋ္ဌာသီဝိသော ဝိယ၊ တစုံတယောက်သောသူသည် အုတ်ခဲ၊ လှံတံ အစရှိသည်ဖြင့် ခတ်အပ်သော မြွေဟောက်ကဲ့သို့တည်း။

ဝိသပ္ပန ရသော၊ မိမိဖြစ်သော အခြင်းအရာဖြင့်၎င်း, အနိဋ္ဌရုပ်ကို ဖြစ်စေသောအားဖြင့်၎င်း ဖောက်ပြန်သော ရွေခြင်းကိစ္စရှိ၏။ ဝါ၊ အနိဋ္ဌရုပ်ကို ဖြစ်စေသောအားဖြင့် ကိုယ်တုန်လှုပ်ခြင်းကိစ္စရှိ၏။ ဝါ၊ ကိုယ်တုန်လှုပ်ခြင်းနှင့် ပြည့်စုံခြင်းရှိ၏။ ကော ဝိယ၊ အဘယ်ကဲ့သို့နည်း ဟူမူကား။ ဝိသနိပါတော ဝိယ၊ အဆိပ်၏ ကျခြင်းကဲ့သို့တည်း။ ဝါ၊ တနည်းကား။ အတ္တနော၊ မိမိ၏။ နိဿယဒဟနရသော၊ မှီရာဖြစ်သော ဟဒယဝတ္ထုကို- ဝါ၊ အလုံးစုံသောကိုယ်ကို လောင်ကျွမ်း ညှိုးနွမ်းသည်၏အဖြစ်သို့ ရောက်စေခြင်းကိစ္စရှိ၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်း ဟူမူကား။ ဒါဝဂ္ဂိဝိယ၊ တောမီးကဲ့သို့တည်း။

---

ကျမ်းတက် ၁။ ဒေါမနဿ၏ စင်စစ် ကာမာဝစရဘုံ၌သာ ဖြစ်ခြင်းကြောင့် ဟဒယ- ဝတ္ထုပဒဋ္ဌာန် မိန့်သည်။

ဒုဿန ပစ္စုပဋ္ဌာနော၊ ဖျက်ဆီးသော အခြင်းအရာဖြင့် ထင်ခြင်းရှိ၏။ ကော ဝိယ၊ အဘယ်ကဲ့သို့နည်း ဟူမူကား။ လဒ္ဓေါကာသော၊ ရအပ်သော အခွင့်ရှိသော။ သပတ္တော ဝိယ၊ ရန်သူကဲ့သို့တည်း။

အာဃာတဝတ္ထု ပဒဋ္ဌာနော၊ "အနတ္ထံ မေ အစရိ" အစရှိသော ကိုးပါးသော ရန်ငြိုးဖွဲ့ခြင်း၏ အကြောင်းလျှင် နီးစွာသောအကြောင်းရှိ၏။

အဝသေသာ၊ ကြွင်းကုန်သော ဖဿအစရှိသော စေတသိက်တို့သည်။ ဟေဋ္ဌာ၊ အောက်၌။ ဝုတ္တပ္ပကာရာဝ၊ ဆိုအပ်ပြီးသော အပြားရှိကုန်သည် သာလျှင်ကတည်း။

ဣတိ၊ ဤသို့။ သတ္တရသ ဝါ၊ တဆဲ့ခုနစ်ပါးလည်း ဖြစ်ကုန်သော။ အဋ္ဌာရသ ဝါ၊ တဆဲ့ရှစ်ပါးလည်း ဖြစ်ကုန်သော[၁]။ ဣမေ ဓမ္မာ၊ ဤစေတသိက်တို့သည်။ နဝမေန၊ နဝမ အကုသိုလ်စိတ်နှင့်။ သမ္ပယောဂံ၊ ယှဉ်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

ဒုတိယဒေါသမူစေတသိက်။   ။နဝမေန၊ နဝမ အကုသိုလ်စိတ်နှင့်။ သမ္ပယောဂံ၊ ယှဉ်ခြင်းသို့။ ဂစ္ဆန္တိ ယထာ စ၊ ရောက်ကုန်သကဲ့သို့လည်း။ ဧဝံ တထာ၊ ထိုအတူ။ ဒသမေနာပိ၊ ဒသမ အကုသိုလ်စိတ်နှင့်လည်း။ သမ္ပယောဂံ၊ ယှဉ်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

ဧတ္ထ၊ ဤဒသမ အကုသိုလ်စိတ်၌။ သသင်္ခါရတာ စ၊ သသင်္ခါရ၏ အဖြစ်သည်ရင်း။ ထိနမိဒ္ဓသမ္ဘဝေါ စ၊ ထိန မိဒ္ဓ၏ ဖြစ်ခြင်းသည်ရင်း။ ဝိသေသော၊ ထူး၏။

---

၁။ (ပဉ္စမဒေါသမူစိတ်၌ ပီတိကြဉ် အညသမာန်း ၁၂၊ မောစတုက် ၄၊ ဒေါစတုက် ၄၊ ပေါင်း စေတသိက် ၂၀-ယှဉ်သည်၊ ယင်း ၂၀-တွင် ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့မှာ ရံခါအသီးအသီးသာယှဉ်သည်၊ တပါးယှဉ်ခိုက် ကျန် ၂-ပါး မယှဉ်။ ထို့ကြောင့် ပဉ္စမဒေါသမူ စိတ်၌ ယှဉ်သော စေတသိက်တွင် နိယတယောဂီစေတသိက် ၁၇-ပါး ယှဉ်သည်ကို ရည်၍ ၁၇-ပါးဟု ဆိုသည်၊ နိယတယောဂီစေတသိက် ၁၇-ပါး၊ ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ၃-ပါး တွင် တပါးပါး၊ ပေါင်း ၁၈-ပါး ယှဉ်သည်ကို ရည်၍ ၁၈-ပါးဟု ဆိုသည်၊ စင်စစ်မှာ ပဉ္စမ ဒေါသမူစိတ်၌ အများဆုံး စေတသိက် ၂၀-ယှဉ်နိုင်သည်။)

## မောဟမူစိတ်၌ယှဉ်သော စေတသိက်များ

**ဝိစိကိစ္ဆာစိတ်နှင့်ယှဉ်သော စေတသိက်**

ဒွီသု၊ နှစ်ပါးကုန်သော။ မောဟမူလေသု ပန၊ မောဟမူစိတ်တို့တွင်ကား။ တာဝ၊ ရှေးဦးစွာ။ ဝိစိကိစ္ဆာသမ္ပယုတ္တေန၊ ဝိစိကိစ္ဆာတို့နှင့် အညီအညွတ်အပြားတို့ဖြင့်ယှဉ်သော။ ကောဒသမေန၊ ကောဒသမစိတ်နှင့်။ သမ္ပယုတ္တာ၊ ယှဉ်ကုန်သော။ ဖဿော စ၊ ၎င်း။ ဥပေက္ခာဝေဒနာ စ၊ ၎င်း။ သညာ စ၊ ၎င်း။ စေတနာ စ၊ ၎င်း။ ဝိတက္ကော စ၊ ၎င်း။ ဝိစာရော စ၊ ၎င်း။ ဝီရိယဉ္စ၊ ၎င်း။ ဇီဝိတဉ္စ၊ ဇီဝိတိန္ဒြေ၎င်း။ စိတ္တဋ္ဌိတိ စ၊ စိတ္တေကဂ္ဂတာ၎င်း။ အဟိရိကဉ္စ၊ အဟိရိက၎င်း။ အနောတ္တပ္ပဉ္စ၊ ၎င်း။ မောဟော စ၊ ၎င်း။ ဝိစိကိစ္ဆာ စ၊ ၎င်း။ ဣတိ၊ ဤသို့။ သရူပေန၊ သရုပ်အားဖြင့်။ အာဂတာ၊ လာကုန်သော။ တေရသ၊ တဆယ့်သုံးပါးကုန်သော စေတသိက်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဥဒ္ဓစ္စဉ္စ၊ ၎င်း။ မနသိကာရော စ၊ ၎င်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ပါးကုန်သော။ ယေဝါပနကာ နိယတာ၊ နိယတယေဝါပနကတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

တေဟိ၊ ထိုနိယတ ယေဝါပနက စေတသိက်တို့နှင့်။ သဒ္ဓိံ၊ တကွ။ ပန္နရသ၊ တဆယ့်ငါးပါးကုန်သော စေတသိက်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**ဝိစိကိစ္ဆာ၌ယှဉ်သော ကေဂ္ဂတာသဘော**

တတ္ထ၊ ထိုဝိစိကိစ္ဆာသဟဂုတ်စိတ်၌။ ကေဂ္ဂတာ၊ ကေဂ္ဂတာသည်။ ပဝတ္တဋ္ဌိတိမတ္တာ၊ စိတ်၏ ဖြစ်ခြင်းဟုဆိုအပ်သော ဌိတိမျှသည်။ ဝါ၊ ခဏဌိတိမျှသည်။ ဟောတိ၊ ဖြစ်၏[၁]။

၁။ (ဝိစိကိစ္ဆာ၌ယှဉ်သော ကေဂ္ဂတာဟူသည် စိတ်ဖြစ်ခြင်းဟူသော တည်ခြင်းမျှသာတည်း၊ ဝါ-လေငြိမ်သောအရပ်၌ ခေတ္တခဏမျှ ညှိထွန်းထားသော ဆီမီးတိုင်၏ တည်ခြင်းကဲ့သို့ ခဏဌီမျှသာတည်း၊ ဝိစိကိစ္ဆာစိတ်မှာ အဓိမောက္ခမရှိသောကြောင့် ဝိစိကိစ္ဆာစိတ်၌ရှိသော ကေဂ္ဂတာသည် သမာဓိမဂ္ဂင်, သမာဓိဗိုလ်စသည် မထိုက်ပေ။ ၎င်းဋီကာသစ်၊ ပ၊ နှာ-၃၂၃။)

**ဝိစိကိစ္ဆာ၏ ဝစနတ္ထ။** ။ယာ ဓမ္မဇာတိ၊ အကြင်တရားသဘောသည်။ စိ-ကိစ္ဆာ=စိကိစ္ဆာယ၊ ကုစားခြင်းမှ။ ဝိဂတာ[၁]၊ ကင်းသည်တည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သာ ဓမ္မဇာတိ၊ ထိုတရားသဘောသည်။ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာမည်၏။ ဧတာယ ကခ်ါယ၊ ဤယုံမှားခြင်းဖြင့်။ သဘာဝံ၊ သဘောကို။ ဝိစိနန္တော၊ စုံစမ်းသည်ရှိသော်။ ကိစ္ဆတိ ကိလမတိ၊ ပင်ပန်းတတ်၏။ ဣတိတသ္မာ၊ ထိုသို့ပင်ပန်းကြောင်းဖြစ်သော သတ္တိကြောင့်။ သာ ကခ်ါ၊ ထိုယုံမှားခြင်းသည်။ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာ မည်၏။

**ဝိစိကိစ္ဆာ၏ လက္ခဏာစသည်။** ။သာ ဝိစိကိစ္ဆာ၊ ထိုဝိစိကိစ္ဆာသည်—

သံသယ လက္ခဏာ၊ ယုံမှားခြင်း လက္ခဏာရှိ၏။

ကမ္ပန ရသာ၊ စိတ်တုန်လှုပ်ခြင်း ကိစ္စရှိ၏။

အနိစ္ဆယ ပစ္စုပဋ္ဌာနာ၊ မဆုံးဖြတ်သော အခြင်းအရာဖြင့် ထင်ခြင်း ရှိ၏။ ဝါ၊ မဆုံးဖြတ်ခြင်းကို ဖြစ်စေတတ်၏။

အယောနိသော၊ မသင့်သောအားဖြင့်။ မနသိကာရ ပဒဋ္ဌာနာ၊ နှလုံး သွင်းခြင်းလျှင် နီးစွာသောအကြောင်းရှိ၏။

သေသာ၊ ကြွင်းကုန်သော ဖဿအစရှိသော စေတသိက်တို့သည်။ ဝုတ္တနယာ ဧဝ၊ ဆိုအပ်ပြီးသော နည်းရှိကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**ဥဒ္ဒစ္စစိတ်နှင့် ယှဉ်သော စေတသိက်များ။** ။ဒွါဒသမေန၊ တဆဲ့နှစ်ခုတို့၏ ပြည့်ကြောင်း ဖြစ်သော။ ဥဒ္ဒစ္စသမ္ပယုတ္တေန၊ ဥဒ္ဒစ္စသမ္ပယုတ်စိတ်နှင့်။ သမ္ပယုတ္တာ၊ ယှဉ်ကုန်သော။ သရူပေန၊ သရုပ်အားဖြင့်။ အာဂတာ၊ လာကုန်သော စေတသိက်တို့သည်။ ဝိစိကိစ္ဆာသဟဂတေ၊ ဝိစိကိစ္ဆာသဟဂုတ်စိတ်၌။ ဝုတ္တေသု၊ ဆိုအပ်ကုန်သော စေတသိက်တို့တွင်။ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာသည်။ ဟီနာ၊ ယုတ်၏။ သရူပေန၊ သရုပ်အားဖြင့်။ ဥဒ္ဒစ္စံ၊ ဥဒ္ဒစ္စသည်။ အာဂတံ၊ လာ၏။ တသ္မာ၊ ထို့ကြောင့်။ တေရသေဝ၊ တဆဲ့သုံးပါးတို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

---

အမှာ ၁။ ဝိဂတာ စိကိစ္ဆာသည် ပိသုဏာဝါစာ ပဋိဝိရတော အစရှိသည်တို့၌ ကဲ့သို့ နိဿက္က၌ ပထမာဝိဘတ်၊ ဝိဂတာ စိကိစ္ဆာယ ဟုလည်း ပါဌ်ရှိ၏။

ဇ္ဈော၊ ဤဥဒ္ဓစ္စသဟဂုတ်စိတ်၌။ ဝိစိကိစ္ဆာယ၊ ဝိစိကိစ္ဆာ၏။ အဘာဝေန၊ မရှိခြင်းကြောင့်။ အဓိမောက္ခော၊ အဓိမောက္ခသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တေန၊ ထိုအဓိမောက္ခနှင့်။ သဒ္ဓိံ၊ တကွ။ စုဒ္ဒသ၊ တဆဲ့လေးပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အဓိမောက္ခသမ္ဘဝတော၊ အဓိမောက္ခဖြစ်ခြင်းကြောင့်။ သမာဓိ၊ စိတ္တေကဂ္ဂတာသည်။ ဗလဝါ၊ အားရှိသည်။ ဟောတိ၊ ဖြစ်၏[၁]။

အဓိမောက္ခော စ၊ ၎င်း။ မနသိကာရော စ၊ ၎င်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ပါးကုန်သော။ ယေဝါပနကာ၊ ယေဝါပနက စေတသိက်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေဟိ၊ ထိုယေဝါပနက စေတသိက်တို့နှင့်။ သဟ၊ တကွ။ ပန္နရသေဝ၊ တဆဲ့ငါးပါးတို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဧဝံ=ဣမိနာ ဝုတ္တပ္ပကာရေန၊ ဤဆိုအပ်ပြီးသော အပြားအားဖြင့်။ တာဝ၊ ရှေးဦးစွာ။ အကုသလစေတသိကာ၊ အကုသိုလ်စေတသိက်တို့ကို။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

## အဗျာကတစေတသိက်

**အဗျာကတ စေတသိက် ၂-ပါး။** ။ဣဒါနိ၊ ယခုအခါ၌။ အဗျာကတာ၊ အဗျာကတစေတသိက်တို့ကို။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။

အဗျာကတာ ပန၊ အဗျာကတစေတသိက်တို့သည်ကား။ ဝိပါကကိရိယဘေဒတော၊ ဝိပါက်, ကြိယာအပြားအားဖြင့်။ ဒုဝိဓာ၊ နှစ်ပါးအပြားရှိကုန်၏။

**ဝိပါက် အဗျာကတ စေတသိက် ၄-ပါး။** ။တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ ဝိပါကာ၊ ဝိပါက်အဗျာကတ စေတသိက်တို့သည်။ ကုသလာ ဝိယ၊ ကုသိုလ်တို့ကဲ့သို့။ ဘူမိဝသေန၊ ဘုံ၏အစွမ်းအားဖြင့်။ ကာမာဝစရဋ္ဌ၊ ကာမာဝစရ၎င်း။ ရူပါဝစရဋ္ဌ၊ ၎င်း။ အရူပါ-

၁။ (ပြည့်စုံသောမိတ်ဆွေထံမှ အထောက်အကူရသော ယောကျ်ားသည် အားရှိ ပြည့်စုံသကဲ့သို့ ဥဒ္ဓစ္စစိတ်၌ အဓိမောက္ခယှဉ်သဖြင့် အဓိမောက္ခတည်းဟူသော အဖော်ရှိသော ဥဒ္ဓစ္စစိတ်၌ ယှဉ်သော ဧကဂ္ဂတာသည် အားရှိအားကောင်း၍ သမာဓိဗိုလ် သမာဓိမဂ္ဂင် စသည့်အမည်ကိုရသည်။ ၎င်းဋီကာသစ်၊ ပ၊ နှာ-၃၂၄)

ဝစရဋ္ဌ၊ ၎င်း။ လောကုတ္တရဋ္ဌ၊ ၎င်း။ ဣတိ၊ ဤသို့။ စတုဗ္ဗိဓာ၊ လေးပါး အပြားရှိကုန်၏။

**ကာမဝိပါက်စေတသိက် ၂-ပါး။** ။တတ္ထ၊ ထိုလေးပါးကုန်သော ဝိပါက် အဗျာကတတို့တွင်။ ကာမာဝစရဝိပါကာ၊ ကာမာဝစရဝိပါက် အဗျာကဘတို့သည်။ သဟေတုကာ’ဟေတုကဝသေန၊ သဟိတ်, အဟိတ်တို့၏အစွမ်းအားဖြင့်။ ဒုဝိဓာ၊ နှစ်ပါးအပြား ရှိကုန်၏။

**သဟိတ်ဝိပါက်စေတသိက်။** ။တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ သဟေတုကဝိပါကသမ္ပယုတ္တာ၊ သဟိတ်ဝိပါက်စိတ်နှင့် ယှဉ်ကုန်သော စေတသိက်တို့သည်။ သဟေတုကာ၊ သဟိတ်အဗျာကတ စေတသိက်မည်ကုန်၏။ တေ၊ ထိုသဟိတ်အဗျာကတ စေတသိက်တို့သည်။ သဟေတုက ကာမာဝစရကုသလ သမ္ပယုတ္တသဒိသာ၊ သဟိတ်ကာမာဝစရ ကုသိုလ်စိတ်တို့နှင့် ယှဉ်ကုန်သော စေတသိက်တို့နှင့် တူကုန်၏။

**မဟာဝိပါက်စိတ်၌ ကရုဏာ,မုဒိတာ ဝိရတီတို့ မယှဉ်ခြင်းအကြောင်း** ယာ ပန ကရုဏာ မုဒိတာ၊ အကြင် ကရုဏာ, မုဒိတာတို့သည်။ အနိယတာ၊ မမြဲသော ဖြစ်ခြင်းရှိကုန်၏။ တာ ကရုဏာ မုဒိတာ၊ ထိုကရုဏာ, မုဒိတာတို့သည်။ သတ္တာရမ္မဏတ္တာ၊ သတ္တပညတ်အာရုံရှိသည်၏ အဖြစ်ကြောင့်။ ဝိပါကေသု၊ ဝိပါက်စိတ်တို့၌။ နုပ္ပဇ္ဇန္တိ၊ မဖြစ်ကုန်။ ကသ္မာ၊ အဘယ့်ကြောင့်။ နုပ္ပဇ္ဇန္တိ၊ မဖြစ်ကုန်သနည်း။ ကာမာဝစရဝိပါကာနံ၊ ကာမာဝစရဝိပါက်စိတ်တို့၏။ ဧကန္တပရိတ္တာရမ္မဏတ္တာ[၁]၊ စင်စစ် ကာမာဝစရတရားသာ အာရုံရှိသည်၏ အဖြစ်ကြောင့်။ နုပ္ပဇ္ဇန္တိ၊ မဖြစ်ကုန်။

ဧတ္ထ၊ ဤသဟိတ်ကာမာဝစရ ဝိပါက်စိတ်တို့၌။ ဝိရတိယော ပန၊ ဝိရတီတို့ကိုကား။ ဧကန္တကုသလတ္တာ၊ စင်စစ်ကုသိုလ်ဖြစ်သည်၏ အဖြစ်ကြောင့်။ န လဗ္ဘန္တိ၊ မရအပ်ကုန်။ ဟိ သစ္စံ၊ မှန်၏။ ဝိဘင်္ဂေ၊ ဝိဘင်းပါဠိတော်

---

ကျမ်းတက် ၁။ ပညတ်အာရုံရှိသည်လည်း ဖြစ်ကုန်သော ဝိပါက် စိတ်တို့သည် ဖြစ်ကုန်သည် မဟုတ်လော ဟူသော စောဒနာကို ရည်၍ ကာမာဝစရဝိပါကာနံ ဧကန္တပရိတ္တာရမ္မဏတ္တာ ဟု မိန့်။

(နှာ-၃၀၅)၌။ ပဥ္စသိက္ခာပဒါ ကုသလာယေဝါတိ[၁]၊ ပဥ္စသိက္ခာပဒါကုသလာ-ယေဝ ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

စေ=ဣမိနာ ဝုတ္တပ္ပကာရေန၊ အားဖြင့်။ ကာမာဝစရ သဟေတုက-ဝိပါကစေတသိကာ၊ ကာမာဝစရသဟိတ်ဝိပါက် စေတသိက်တို့ကို။ ဝေဒိ-တဗ္ဗာ၊ သိအပ်ကုန်၏။

**မဟာဝိပါက်စိတ်၌ယှဉ်သော စေတသိက်များ**

၇၃။ အာဒိဒွယေ၊ အစဖြစ်သော ပဌမစိတ် ဒုတိယစိတ် နှစ်ခုတို့၏ အပေါင်း၌။ တေတ္တိံသ၊ သုံးဆဲ့သုံးပါးကုန်သော။ ဓမ္မာ၊ စေတသိက်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏[၂]။

တတော၊ ထိုပဌမစိတ် ဒုတိယစိတ်မှ။ ပရေ၊ နောက်ဖြစ်သော တတိယ စိတ် စတုတ္ထစိတ်၌။ ဒွတ္တိံသေဝ၊ သုံးဆဲ့နှစ်ပါးသာလျှင် ဖြစ်ကုန်သော။ ဓမ္မာ၊ စေတသိက်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ပဥ္စမေ စ၊ ပဥ္စမစိတ်၌ရင်း။ ဆဋ္ဌေ စ၊ ဆဋ္ဌစိတ်၌ရင်း။ ဗာတ္တိံသ၊ သုံးဆဲ့နှစ်ပါးကုန်သော။ ဓမ္မာ၊ စေတသိက်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတော၊ ထိုပဥ္စမစိတ်, ဆဋ္ဌမစိတ်မှ။ ပရေ၊ နောက်ဖြစ်သော သတ္တမစိတ်, အဋ္ဌမစိတ်၌။ ဧကတိံသ၊ သုံးဆဲ့တပါးကုန်သော။ ဓမ္မာ၊ စေတသိက်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**အဟိတ်ဝိပါက်စေတသိက်။**

။အဟေတုက စိတ္တသမ္ပယုတ္တာ ပန၊ အဟိတ်စိတ်နှင့်ယှဉ်ကုန်သော စေတသိက်တို့သည်ကား။ အဟေတုကာ၊ အဟိတ်စေတသိက်မည်ကုန်၏။

**စက္ခုဝိညာဉ်နှင့်ယှဉ်သော စေတသိက်များ**

တေသု၊ ထိုအဟိတ်စေတသိက်တို့တွင်။ တာဝ၊ ရှေးဦးစွာ။ စက္ခုဝိညာဏသမ္ပယုတ္တာ၊ စက္ခု-ဝိညာဉ်နှင့် ယှဉ်ကုန်သော။ ဖဿော စ၊ ဖဿ ၎င်း။ ဥပေက္ခာဝေဒနာ စ၊ ၎င်း။ သညာ စ၊ ၎င်း။ စေတနာ စ၊ ၎င်း။

---

ကျမ်းတက် ၁။ အဘယ့်ကြောင့် ဝိရတီတို့၏ ကုသိုလ်အဖြစ်သာ စီရင်အပ်သနည်း ဟူသော စောဒနာကို ဖြေခြင်းငှါ ပဥ္စ သိက္ခာပဒါ။ပ။ဝုတ္တံ မိန့်။

၂။ (မဟာဝိပါက် ပဌမဒွေး၌ အညသမာန်းစေတသိက် ၁၃-ပါး၊ ဝိရတီ, အပ္ပမညာ ကြဉ် သောဘဏစေတသိက် ၂၀-ပါး၊ ပေါင်း ၃၃-ပါး ယှဉ်သည်၊ ကျန်စိတ်များ၌လည်း ဤနည်းအတိုင်း သိပါလေ။)

ဇီဝိတဉ္စ၊ ဇီဝိတိန္ဒြေရုင်း။ စိတ္တဋ္ဌိတိ စ၊ စိတ္တေကဂ္ဂတာရုင်း။ ဣတိ၊ ဤသို့။ သရူပေန၊ သရုပ်အားဖြင့်။ အာဂတာ၊ လာကုန်သော။ ဆ၊ ခြောက်ပါးကုန်သော စေတသိက်တို့သည်။ မနသိကာရေန စ၊ မနသိကာရနှင့်လည်း။ သဟ၊ တကွ။ သတ္တ၊ ခုနစ်ပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**သောတဝိညာဉ်စသည် ၄-ပါးနှင့် ယှဉ်သောစေတသိက်များ**

သောတ ဃာန ဇိဝှါ ကာယဝိညာဏသမ္ပယုတ္တာ၊ သောတဝိညာဉ်, ဃာနဝိညာဉ်, ဇိဝှါဝိညာဉ်, ကာယဝိညာဉ်တို့နှင့် ယှဉ်ကုန်သော။ စေတသိကာပိ၊ စေတသိက်တို့သည်လည်း။ သတ္တ သတ္တေဝ၊ ခုနစ်ပါး ခုနစ်ပါးတို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

တတ္ထ၊ ထိုစက္ခုဝိညာဉ် အစရှိသည်တို့တွင်။ ကာယဝိညာဏသမ္ပယုတ္တေသု ပန၊ ကာယဝိညာဉ်နှင့် ယှဉ်ကုန်သော စေတသိက်တို့၌ကား။ ဥပေက္ခာဌာနေ၊ ဥပေက္ခာအရာ၌။ သုခဝေဒနာ၊ သုခဝေဒနာသည်။ ပဝိဋ္ဌာ၊ ဝင်၏။

**သုခဝေဒနာ၏ လက္ခဏာစသည်။** ။သာ၊ ထိုသုခဝေဒနာသည်—

ကာယိကသာတ လက္ခဏာ၊ ကိုယ်၌ဖြစ်သော သုခ၏အဖြစ်တည်းဟူသော လက္ခဏာရှိ၏။

ပီဏန ရသာ၊ ပျို့စေခြင်း ကိစ္စရှိ၏။ ဝါ၊ ပွါးစေခြင်း ကိစ္စရှိ၏။

သေသာ၊ ကြွင်းကုန်သော ပစ္စုပဋ္ဌာန် အစရှိသည်တို့သည်။ ဝုတ္တနယာ ဧဝ[၁]၊ စေတသိကသုခ၌ ဆိုအပ်ပြီးသော နည်းရှိကုန်သည်သာလျှင်ကတည်း။

**စက္ခုဝိညာဉ်စသည်၌ ဥပေက္ခာဝေဒနာသာ ဟောရခြင်းအကြောင်း**

၇၄။ စက္ခုဝိညာဏကာဒီသု၊ စက္ခုဝိညာဉ် အစရှိကုန်သော။ စတူသု၊ လေးပါးကုန်သော စိတ်တို့၌။ ဣဋ္ဌာရမ္မဏယောဂေသိ၊ ဣဋ္ဌာရုံနှင့် ယှဉ်ခြင်းသည်။ သတိ၊ ရှိလျက်။ ဥပေက္ခာဝ၊ ဥပေက္ခာဝေဒနာကိုသာလျှင်။ ကသ္မာ၊ အဘယ့်ကြောင့်။ သတ္ထုနာ၊ မြတ်စွာဘုရားသည်။ ဝုတ္တာ၊ ဟောတော်မူအပ်သနည်း။

---

ကျမ်းတက် ၁။ စေတသိကသုခ၌ ဆိုပြီးသော နည်းဖြင့် ပစ္စုပဋ္ဌာန် အစရှိသည်တို့ကို ဆောင်အပ်ကုန်၏ဟု ပြခြင်းငှါ သေသာ ဝုတ္တနယာ ဧဝ မိန့်။

၈၅။ ဥပါဒါယ စ ရူပေန [၁]၊ စက္ခုဝိညာဉ်အစရှိသည်တို့၏ မှီရာဖြစ်သော စက္ခုပသာဒအစရှိသော ဥပါဒါရုပ်နှင့်။ ဥပါဒါရူပကေ [၂]၊ စက္ခုဝိညာဉ် အစရှိသည်တို့၏ အာရုံဖြစ်သော ရူပါရုံအစရှိသော ဥပါဒါရုပ်၌။ သံဃဋ္ဋနာ-နိဃံသသာ၊ သံဃဋ္ဋနဟု ဆိုအပ်သော ထိပါးသကဲ့သို့ ဖြစ်ခြင်း၏။ ဝါ၊ ရောက်-မရောက်သော ယူခြင်း၏ အစွမ်းအားဖြင့် သံဃဋ္ဋန,နိဃံသ-၏။ ဒုဗ္ဗလတ္တာ၊ ထိကာမျှ၏ အဖြစ်ဖြင့် အားနည်းသည်၏ အဖြစ်ကြောင့်။ ဝေဒနာ၊ ဝေဒနာသည်။ ဥပေက္ခာဋ္ဌာနေ၊ ဥပေက္ခာအရာ၌။ တိဋ္ဌတိ၊ တည်၏။ ဣတိ၊ ဤသို့။ ဥပေက္ခာယောဂံ၊ ဥပေက္ခာဝေဒနာနှင့် ယှဉ်ခြင်းကို။ ဒီပယေ၊ ပြရာ၏။ [ထည့်၍ သမ္ဗန်သည်]

**ကာယဝိညာဉ်စိတ်၏ သုခ,ဒုက္ခဝေဒနာနှင့် ယှဉ်ရခြင်း အကြောင်း**

၈၆။ ပိစုပိဏ္ဍကေ၊ ဝါဂွမ်းစိုင်၌။ ကူဋံဝ၊ တူကဲ့သို့။ ပသာဒံ [၃]၊ အဇ္ဈတ္တ၌ဖြစ်သော ကာယပသာဒကို။ အတိက္ကမ္မ၊ လွန်၍။ ဘူတရူပေန၊ ဗဟိဒ္ဓ၌ ဖြစ်သော ဖောဋ္ဌဗ္ဗာရုံဟု ဆိုအပ်သော ဘူတရုပ်နှင့်။ ဘူတာနံ၊ အဇ္ဈတ္တ၌ဖြစ်သော ကာယပသာဒ၏ မှီရာဖြစ်ကုန်သော

---

ကျမ်းတက် ၁။ ဣဋ္ဌာရုံ၌ သုခဝေဒနာ,အနိဋ္ဌာရုံ၌ ဒုက္ခဝေဒနာ,ဣဋ္ဌာနိဋ္ဌမဇ္ဈတ္တာရုံ၌ ဥပေက္ခာဝေဒနာ ဖြစ်သည် မဟုတ်လော၊ စက္ခုဝိညာဉ် အစရှိကုန်သော ဝိပါက်စိတ်တို့သည်လည်း ဣဋ္ဌာရုံ,ဣဋ္ဌမဇ္ဈတ္တာရုံ၌ ဖြစ်ကုန်၏၊ ထိုနှစ်ပါးတို့တွင် ဣဋ္ဌမဇ္ဈတ္တာရုံ၌ ဥပေက္ခာဝေဒနာနှင့် ယှဉ်ခြင်းသည် သင့်၏၊ ဣဋ္ဌာရုံ၌ ဥပေက္ခာဝေဒနာနှင့် ယှဉ်ခြင်းသည် မသင့်၊ ဝိပါက်တို့၏ အဝဋ္ဌနိယ(သဘောမှာ ပြောင်းလဲမှုမရှိ ထာဝစဉ်သဘောအမှန်)ဖြစ်သည့် အဖြစ်ကြောင့် ပရိကပ္ပနာ၏ အစွမ်းအားဖြင့် ဣဋ္ဌာရုံကိုလည်း ဣဋ္ဌမဇ္ဈတ္တအားဖြင့် ယူကုန်၏ဟုဆိုခြင်းငှါ မတတ်ကောင်း၊ ထိုကြောင့် ဣဋ္ဌာရုံ,ဣဋ္ဌမဇ္ဈတ္တာရုံ၌ ဖြစ်ကုန်သော စက္ခု, သောတ, ဃာန, ဇိဝှါဝိညာဉ်တို့၌ အဘယ့်ကြောင့် ဥပေက္ခာဝေဒနာသာ ဖြစ်သနည်း၊ သုခဝေဒနာ မဖြစ်သနည်းဟူသော စောဒနာကို အကျယ်ပြခြင်းငှါ ဣဋ္ဌာရမ္မဏယောဂသ္မိံ အစရှိသည်ကို ဆို၍ တဖန် ထိုစောဒနာကို ဖြေခြင်းငှါ ဥပါဒါယ စ ရူပေန အစရှိသည်ကို မိန့်။ (ဇှင်းဋီကာသစ်၊ ပ၊ နှာ-၃၂၅)

(စက္ခုပသာဒသည် ဥပါဒါရုပ်ဖြစ်သည်၊ ရူပါရုံသည်လည်း ဥပါဒါရုပ်ဖြစ်သည်၊ ဥပါဒါရုပ် အချင်းချင်း ထိခိုက်မှုမှာ ပျော့ညံ့သည်၊ ထို့ကြောင့် စက္ခုဝိညာဉ်၌ ဥပေက္ခာဝေဒနာဖြစ်ရသည်။ သောတ, ဃာန, ဇိဝှါဝိညာဉ်တို့၌လည်း ဤနည်းနှင်နှင် သိပါလေ။)

**စကားချပ်** ၂။ ဥပါဒါယ စ ရူပေန-၌ ဂါထာဗန္ဓ ရွတ်လွယ်စိမ့်သောငှာ အသမာသ-နိဒ္ဒေသ-ပြု၍ အလယ်၌ စ-အက္ခရာကို မိန့်သည်၊ ဥပါဒါယကရူပေန-လည်း ပါဌ်ရှိ၏၊ ဥပါဒါ-ရူပကေ-၌ ပဋိသဒ္ဒါ ယောနိသော အစရှိသည်တို့၌ ကဲ့သို့ ယကာရလောပနိဒ္ဒေသ။

**ကျမ်းတက်** ၃။ ဤသို့ ဆိုတိုင်းဖြစ်သည်ရှိသော် ကာယဝိညာဉ်၌လည်း ဤစကားသည် တူ၏ဟု ဆိုအံ့၊ မတူဟု ပြခြင်းငှါ **ပသာဒံ ပန** အစရှိသည်ကို မိန့်။

ဘူတရုပ်တို့၏။ ဃဋ္ဋနာယ၊ ထိပါးခြင်းကြောင့်။ သုခါဒိကံ၊ သုခအစရှိသည်သည်။ ဟောတိ၊ ဖြစ်၏။

တသ္မာ၊ ထို့ကြောင့်။ ကာယဝိညာဏံ၊ ကာယဝိညာဉ်စိတ်သည်။ သုခါဒိသမ္ပယုတ္တံ၊ သုခအစရှိသည်နှင့် ယှဉ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

**သမ္ပဋိစ္ဆိုင်းနှင့် ယှဉ်သော စေတသိက်များ** မနောဓာတုနာ[၁]၊ မနောဓာတ်နှင့်။ သမ္ပယုတ္တာ၊ ယှဉ်ကုန်သော။ သရူပေန၊ သရုပ်အားဖြင့်။ အာဂတာ၊ လာကုန်သော။ စက္ခုဝိညာဏေန၊ စက္ခုဝိညာဉ်နှင့်။ သဒ္ဓိံ၊ တကွ။ ဝုတ္တာ၊ ဆိုအပ်ကုန်သော။ ဆ၊ ခြောက်ပါးကုန်သော စေတသိက်တို့သည်။ ဝိတက္က ဝိစာရေဟိ၊ ဝိတက်, ဝိစာရတို့နှင့်။ သဟ၊ တကွ။ အဋ္ဌ၊ ရှစ်ပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အဓိမောက္ခ မနသိကာရေဟိ၊အဓိမောက္ခ မနသိကာရ-ဟု ဆိုအပ်ကုန်သော။ ဒွီဟိ၊ နှစ်ပါးကုန်သော။ ယေဝါပနကေဟိ၊ ယေဝါပနကစေတသိက်တို့နှင့်။ သဟ၊ တကွ။ ဒသ ဓမ္မာ၊ ဆယ်ပါးကုန်သော စေတသိက်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**ဥပေက္ခာသန္တီရဏနှင့် ယှဉ်သောစေတသိက်များ** ဥပေက္ခာသဟဂတေန၊ ဥပေက္ခာသဟဂုတ်ဖြစ်သော။ မနောဝိညာဏဓာတုနာ၊ မနောဝိညာဏဓာတ်နှင့်။ သမ္ပယုတ္တာ၊ ယှဉ်ကုန်သော စေတသိက်တို့သည်။ တထာ၊ ထို့အတူတည်း။

**သောမနဿသန္တီရဏနှင့် ယှဉ်သောစေတသိက်များ** သောမနဿသဟဂတေန၊ သောမနဿသဟဂုတ်ဖြစ်သော။ မနောဝိညာဏဓာတုနာ၊ မနောဝိညာဏဓာတ်နှင့်။ သမ္ပယုတ္တာ၊ ယှဉ်ကုန်သော စေတသိက်တို့သည်။ ပီတိ အဓိကာ၊ ပီတိလွန်ကုန်၏။ ဝေဒနာ-

---

(ကာယပသာဒသည် ဥပါဒါရုပ်ဖြစ်သည်၊ ဖောဋ္ဌဗ္ဗာရုံသည် ပထဝီ, တေဇော, ဝါယော မဟာဘုတ် ၃-ပါး ကဲသော ရုပ်ဖြစ်သည်၊ ဥပါဒါရုပ်၌ရှိသော ပထဝီနှင့် ဖောဋ္ဌဗ္ဗာရုံ၌ ရှိသော ပထဝီတို့ ထိခိုက်ကြခြင်းကြောင့် ကာယဝိညာဉ်စိတ်၌ ထိုက်သည်အားလျော်စွာ သုခ, ဒုက္ခဝေဒနာတို့နှင့် ယှဉ်သည်။)

**အမှာ** ၁။ ဓာတု-သဒ္ဒါသည် ဣတ္ထိလိင်၌သာ ထင်သော်လည်း ဤအချင်ဗုဒ္ဓဒတ် ဆရာစကားဖြင့် ပုလ္လိင်ရှိ၏ဟု ပြသည်။

ပရိဝတ္တနဋ္ဌ၊ ဥပေက္ခာဝေဒနာကို သောမနဿဝေဒနာ ပြန်ခြင်းသည်လည်း။ နာနတ္တံ၊ ထူး၏။

တသ္မာ၊ ထိုကြောင့်။ [တသ္မာ ဝေတ္ထ-၌ ဝ-အက္ခရာကား ပဒသန္ဓိ-မျှသာ] ဧတ္ထ၊ ဤသောမနဿသဟဂုတ် မနောဝိညာဏဓာတ်၌။ ဧကာဒသ ဓမ္မာ၊ တဆဲ့တပါးသော စေတသိက်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဧဝံ=ဣမိနာ ဝုတ္တပ္ပကာရေန၊ ဤသို့ဆိုအပ်ခဲ့ပြီးသောအပြားအားဖြင့်။ အဟေတုကာ၊ အဟိတ်ဖြစ်ကုန်သော။ ကာမာဝစရ ဝိပါကစေတသိကာပိ၊ ကာမာဝစရဝိပါက် စေတသိက်တို့ကိုလည်း။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

## ရူပါဝစရဝိပါက် စေတသိက်စသည်

**ရူပါဝစရစေတသိက်။** ။ရူပါဝစရ ဝိပါကစိတ္တသမ္ပယုတ္တာ ပန၊ ရူပါဝစရ ဝိပါက်စိတ်တို့နှင့် ယှဉ်ကုန်သော စေတသိက်တို့သည်။ ရူပါဝစရာ၊ ရူပါဝစရဝိပါက် စေတသိက် မည်ကုန်၏။

**အရူပါဝစရစေတသိက်။** ။အရူပါဝစရ ဝိပါကစိတ္တသမ္ပယုတ္တာ၊ အရူပါဝစရဝိပါက်စိတ်တို့နှင့် ယှဉ်ကုန်သော စေတသိက်တို့သည်။ အရူပါဝစရာ၊ အရူပါဝစရဝိပါက်စေတသိက် မည်ကုန်၏။

တေ သဗ္ဗေပိ၊ ထိုအလုံးစုံသော ရူပါဝစရ, အရူပါဝစရဝိပါက် စေတသိက်တို့သည်လည်း။ အတ္တနော အတ္တနော၊ မိမိ မိမိ၏။ ကုသလစိတ္တသမ္ပယုတ္တ စေတသိကေဟိ၊ ကုသိုလ်စိတ်နှင့်ယှဉ်ကုန်သော စေတသိက်တို့နှင့်။ သဒိသာယေဝ၊ တူကုန်သာလျှင်ကတည်း။

**လောကုတ္တရာစေတသိက်။** ။လောကုတ္တရဝိပါကစိတ္တသမ္ပယုတ္တာ၊ လောကုတ္တရာဝိပါက်စိတ်နှင့် ယှဉ်ကုန်သော စေတသိက်တို့သည်။ လောကုတ္တရာ၊ လောကုတ္တရာဝိပါက်စေတသိက် မည်ကုန်၏။

တေ သဗ္ဗေ၊ ထို အလုံးစုံသော လောကုတ္တရာဝိပါက် စေတသိက်တို့သည်။ တေသံ ယေဝ လောကုတ္တရဝိပါကစိတ္တာနံ၊ ထို လောကုတ္တရာဝိပါက်စိတ်တို့၏သာလျှင်။ သဒိသကုသလစိတ္တသမ္ပယုတ္တေဟိ၊ တူသော

ကုသိုလ်စိတ်နှင့် ယှဉ်ကုန်သော။ စေတသိကေဟိ၊ စေတသိက်တို့နှင့်။ သဒိသာ၊ တူကုန်၏[၁]။

ဝေံ=ဣမိနာ ဝုတ္တပ္ပကာရေန၊ ဤဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့်။ ရူပါဝစရာရူပါဝစရလောကုတ္တရဝိပါကစေတသိကာ၊ ရူပါဝစရ, အရူပါဝစရ, လောကုတ္တရာဝိပါက်စေတသိက်တို့ကို။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

## အကုသလဝိပါက်စေတသိက်

အကုသလဝိပါကစိတ္တသမ္ပယုတ္တာ၊ အကုသလဝိပါက်စိတ်တို့နှင့် ယှဉ်ကုန်သော စေတသိက်တို့သည်။ အကုသလဝိပါကစေတသိကာ နာမ၊ အကုသလဝိပါက်စေတသိက် မည်ကုန်၏။

တေ ပန၊ ထိုအကုသလဝိပါက် စေတသိက်တို့သည်ကား။ ကုသလဝိပါကာဟေတုကစိတ္တေသု၊ ကုသလဝိပါက် အဟိတ်စိတ်ဖြစ်ကုန်သော။ စက္ခုဝိညာဏာဒီသု၊ စက္ခုဝိညာဉ်စိတ် အစရှိသည်တို့၌။ ဝုတ္တစေတသိကသဒိသာ၊ ဆိုအပ်သော စေတသိက်တို့နှင့် တူကုန်၏။

**ထူးခြားချက်။** ။ပန၊ အထူးကား။ ဧတ္ထ၊ ဤအကုသလဝိပါက် စေတသိက်တို့တွင်။ ကာယဝိညာဏေ၊ ကာယဝိညာဉ်၌။ ဒုက္ခဝေဒနာ၊ ဒုက္ခဝေဒနာသည်။ ပဝိဋ္ဌာ၊ ဝင်၏[၂]။

**ဒုက္ခဝေဒနာ၏ လက္ခဏာစသည်။** ။သာ၊ ထိုဒုက္ခဝေဒနာသည်။

ကာယိကာဗာဓ လက္ခဏာ၊ ကိုယ်၌ဖြစ်သော ကျင်နာခြင်းတည်းဟူသော လက္ခဏာရှိ၏[၃]။

---

၁။ (သဒိသာ။ပ။သမ္ပယုတ္တေဟိ-၌ သဒိသပါဠ် ပိုဟန်ထင်သည်။ ရူပ,အရူပ, လောကုတ္တရာဝိပါက်စိတ် အသီးသီးတို့၌ စေတသိက်တို့မှာ မိမိ၏ အကြောင်းကုသိုလ်စိတ်နှင့် ယှဉ်သော စေတသိက်များဖြစ်သည်။ ဥပမာ သောတာပတ္တိမဂ်၌ ယှဉ်သော စေတသိက်တို့နှင့် သောတာပတ္တိဖိုလ်၌ ယှဉ်သောစေတသိက်တို့မှာ ထပ်တူပင်ဖြစ်သည်။)

အမှာ ၂။ (ကာယဝိညာဏံ သုခါဒိသမ္ပယုတ္တံ ဋီ၊နှာ ၃၃-ဝယ်) သုခါဒိ-၌ အာဒိသဒ္ဒါဖြင့် အကုသလဝိပါက် ကာယဝိညာဉ်၏ ဒုက္ခဝေဒနာနှင့် ယှဉ်ခြင်းကို ဆိုအပ်သော်လည်း ဤ၌ လက္ခဏာ-အစရှိသည်ကို ပြခြင်းငှါ တဖန် ကာယဝိညာဏေ ဒုက္ခဝေဒနာ-ဟု ဥပညာသ (=ဥပနျာသဝါကျကို) ပြုသည်။ (ဝါကျတခုကို ဆက်၍ အားထုတ်သည်၊ ဥပညာသ=ဥပနျာသ=သိစေခြင်း၊ ဧင်း၀ိဳကာသစ်၊ပ၊နှာ-၃၂၆။)

အမှာ ၃။ ရသ-အစရှိသည်တို့ကိုကား ကုသလဝိပါက် သုခဝေဒနာ၌ ဆိုအပ်ပြီးသည်ကို ပြန်သောအားဖြင့် ယှဉ်အပ်၏ဟု နှလုံးပြု၍ ဤ၌ မဆိုသည်။

သေသာ၊ ကြွင်းကုန်သော် စေတသိက်တို့သည်။ ဝုတ္တနယာယေဝ၊ ဆိုအပ်ပြီးသောနည်း ရှိကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဧဝံ=ဣမိနာ ဝုတ္တပ္ပကာရေန၊ ဤဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့်။ ဆတ္တိံသဝိပါကစိတ္တသမ္ပယုတ္တာ၊ သုံးဆဲ့ခြောက်ပါးသော ဝိပါက်စိတ်တို့နှင့် ယှဉ်ကုန်သော။ စေတသိကာ၊ စေတသိက်တို့ကို။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

## ကြိယာဗျာကတစေတသိက်

**ကြိယာဗျာကတ စေတသိက် ၃-မျိုး။** ။ကိရိယာဗျာကတာ၊ ကြိယာဗျာကတ ဖြစ်ကုန်သော။ စေတသိကာ စ၊ စေတသိက်တို့သည်လည်း။ ဘူမိတော၊ ဘုံအားဖြင့်။ ကာမာဝစရာ စ၊ ကာမာဝစရ စေတသိက်တို့ရင်း။ ရူပါဝစရာ စ၊ ရူပါဝစရ စေတသိက်တို့ရင်း။ အရူပါဝစရာ စ၊ အရူပါဝစရ စေတသိက်တို့ရင်း။ ဣတိ၊ ဤသို့။ တိဝိဓာ၊ သုံးပါးအပြားရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**ကာမကြိယာစေတသိက် ၂-ပါး။** ။တတ္ထ၊ ထို သုံးပါးကုန်သော ကြိယာ အဗျာကတ တို့တွင်။ ကာမာဝစရာ၊ ကာမာဝစရ ကြိယာအဗျာကတတို့သည်။ သဟေတုကာဟေတုကတော၊ သဟိတ်, အဟိတ်အားဖြင့်။ ဒုဝိဓာ၊ နှစ်ပါးအပြားရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**သဟိတ်ကြိယာစေတသိက်များ။** ။တေသု၊ ထိုသဟိတ်, အဟိတ်နှစ်ပါး တို့တွင်။ သဟေတုကကိရိယစိတ္တသမ္ပယုတ္တာ၊ သဟိတ်ကြိယာစိတ်တို့နှင့် ယှဉ်ကုန်သော စေတသိက်တို့သည်။ သဟေတုကာ၊ သဟိတ်ကြိယာအဗျာကတမည်ကုန်၏။

**ဝိရတိ၃-ပါးနှင့် မယှဉ်။** ။တေ ပန၊ ထိုသဟိတ်ကြိယာအဗျာကတတို့သည် ကား။ အဋ္ဌဟိ၊ ရှစ်ပါးကုန်သော။ ကာမာဝစရ-ကုသလစိတ္တသမ္ပယုတ္တေဟိ၊ ကာမာဝစရ ကုသိုလ်စိတ်နှင့် ယှဉ်ကုန်သော

စေတသိကဘိုနှင့်။ ဝိရတိတ္တယံ၊ ဝိရတိသုံးပါးတို့၏အပေါင်းကို[၁]။ ဌပေတွာ၊ ထား၍။ သမာနာ၊ တူကုန်၏။

အနိယတယောဂါပနကေသု၊ အနိယတယောဂါပနက စေတသိက်တို့တွင်။ ကရုဏာမုဒိတာ ယောဂ၊ ကရုဏာ မုဒိတာတို့သည် သာလျှင်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

**အဟိတ်ကြိယာစေတသိက်များ။** ။အဟေတုက ကိရိယစိတ္တသမ္ပယုတ္တာ၊ အဟိတ်ကြိယာစိတ်တို့နှင့် ယှဉ်ကုန်သော စေတသိက်တို့သည်။ အဟေတုကာ၊ အဟိတ်ကြိယာစေတသိက်မည်ကုန်၏။

တေ၊ ထို အဟိတ်ကြိယာ စေတသိက်တို့သည်။ ကုသလဝိပါကာဟေတုက မနောဓာတု မနောဝိညာဏဓာတု စိတ္တသမ္ပယုတ္တေဟိ၊ ကုသလဝိပါက် အဟိတ် မနောဓာတ်, မနောဝိညာဏဓာတ် စိတ်တို့နှင့်ယှဉ်ကုန်သော စေတသိက်တို့နှင့်။ သမာနာ၊ တူကုန်၏။

**အဟိတ်ကြိယာစေတသိက်၌ ထူးခြားချက်** ပန၊ အထူးကား။ မနောဝိညာဏဓာတုဒွယေ၊ မနောဝိညာဏဓာတ် နှစ်ခုတို့၏ အပေါင်း၌။ ဝီရိယိန္ဒြိယံ၊ ဝီရိယိန္ဒြေသည်။ အဓိကံ၊ လွန်၏။ တတ္ထ၊ ဤမနောဝိညာဏဓာတ် နှစ်ခုတို့၏ အပေါင်း၌။ ဝီရိယိန္ဒြိယသမ္ဘာဝတော၊ ဝီရိယိန္ဒြေဖြစ်ခြင်းကြောင့်။ သမာဓိ၊ ကေဂ္ဂတာသည်။ ဗလပ္ပတ္တော၊ အားရှိသည်၏ အဖြစ်သို့ရောက်သည်။ (သမာဓိန္ဒြေ, သမာဓိဗိုလ် စသည် ထိုက်သည်) ဟောတိ၊ဖြစ်၏။

ဟသိတုပ္ပါဒစိတ္တေန၊ ဟသိတုပ္ပါဒ်စိတ်နှင့်။ သမ္ပယုတ္တာ၊ ယှဉ်ကုန်သော။ ဒွါဒသ၊ တဆဲ့နှစ်ပါးကုန်သော။ ဓမ္မာ၊ စေတသိက်တို့သည်။ ပီတိယာ၊ ပီတိနှင့်။ သဟ၊ တကွ။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတ္ထ၊ ဤ အဟိတ်ကြိယာ စေတသိက်တို့၌။ အယံ၊ ဤသည်လျှင်။ ဝိသေသော၊ အထူးတည်း။

---

၁။ (ဘုရား, ပစ္စေကဗုဒ္ဓါ,ရဟန္တာတို့၏ သန္တာန်၌ ဝိရတိ ဖြစ်ရန်မလို။ အဘယ့်ကြောင့်ဆိုသော် မကောင်းမှုတို့ကို အားလုံးပယ်ပြီးဖြစ်၍ ယင်းမကောင်းမှုဒုစရိုက်တို့ကို ရှောင်ကြဉ်သောသဘောဖြစ်သည့် ဝိရတိဖြစ်ရန် မရှိတော့ချေ။)

ရူပ,အရူပကြိယာစေတသိက်များ။ ။ရူပါဝစရကိရိယစိတ္တသမ္ပယုတ္တာ ပန၊ ရူပါဝစရကြိယာစိတ်တို့နှင့်ယှဉ်သော စေတသိက်တို့သည်ကား။ ရူပါဝစရာ၊ ရူပါဝစရကိရိယာစေတသိက်မည်ကုန်၏။

အရူပါဝစရကိရိယစိတ္တသမ္ပယုတ္တာ၊ အရူပါဝစရကြိယာစိတ်တို့နှင့် ယှဉ်ကုန်သော စေတသိက်တို့သည်။ အရူပါဝစရာ၊ အရူပါဝစရကြိယာ စေတသိက်မည်ကုန်၏။

တေ သဗ္ဗေပိ၊ ထို အလုံးစုံသော ရူပါဝစရ, အရူပါဝစရကြိယာ စေတသိက်တို့သည်လည်း။ သကသကဘူမိ ကုသလစိတ္တ သမ္ပယုတ္တေဟိ၊ မိမိ မိမိဘုံ၌ဖြစ်ကုန်သော ကုသိုလ်စိတ်တို့နှင့် ယှဉ်ကုန်သော စေတသိက်တို့နှင့်။ သမာနာ၊ တူကုန်၏။

ဝေံ=ဣမိနာ ဝုတ္တပ္ပကာရေန၊ ဤဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့်။ ဝီသတိကိရိယစိတ္တသမ္ပယုတ္တာ၊ နှစ်ဆယ်သော ကြိယာစိတ်တို့နှင့် ယှဉ်ကုန်သော။စေတသိကာ စ၊ စေတသိက်တို့ကိုလည်း။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

ဧတ္တာဝတာ၊ ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့်။ ကုသလာ-ကုသလဝိပါကကိရိယဘေဒဘိန္နေန၊ ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာ အပြားအားဖြင့် ပြားသော။ ဧကူနနဝုတိယာ စိတ္တေန၊ တခုယုတ် ကိုးဆယ် သောစိတ်နှင့်။ သမ္ပယုတ္တာ၊ ယှဉ်ကုန်သော။ စေတသိကာ၊ စေတသိက်တို့ကို။ နိဒ္ဒိဋ္ဌာ၊ ပြအပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

၈၇။ သုဂတေန၊ တင့်တယ်သော သွားခြင်းရှိတော်မူသော။ ဝါ၊ အလုံးစုံသော လောကကို ပရိညာဘိသမယ အစွမ်းအားဖြင့် ပိုင်းခြား၍ သိတော်မူလျက် ကောင်းစွာသိတော်မူသော, လောက၏အကြောင်းဖြစ်သော သမုဒယသစ္စာကို ပဟာနာဘိသမယအစွမ်းဖြင့် ပယ်တော်မူလျက် ကောင်းစွာ လွန်တော်မူသော, လောကချုပ်ရာနိဗ္ဗာန်ကို သစ္ဆိကိရိယာဘိသမယ အစွမ်းဖြင့် ကောင်းစွာသိတော်မူသော, လောက၏ ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဟု ဆိုအပ်သော မဂ္ဂသစ္စာကို ဘာဝနာဘိသမယအစွမ်းဖြင့် ကောင်းစွာ ရောက်တော်မူသော။ ဝါ၊ ဟုတ်သော မှန်သော အကျိုး

ရှိသော အထိုက်အလျောက်ကာလနှင့် သင့်သည်သာဖြစ်သော တရားကို ဝေနေယျတို့အား ဟောတော်မူတတ်သော။ ဝါ၊ ကောင်းသောအရပ်ဖြစ်သော အရဟတ္တမဂ်ဉာဏ်,သဗ္ဗညုတဉာဏ်သို့—ဝါ၊ နိဗ္ဗာန်သို့—ရောက်တော်မူပြီးသော။ မဟာမုနိနာ၊ မြတ်သော မုနိဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ကထိတာ၊ ဟောတော်မူအပ်ကုန်သော။ ကုသလာကုသလေဟိ စ၊ ကုသိုလ် အကုသိုလ်စိတ်တို့နှင့်၎င်း။ ဝိပါကကြိယာဟဒယေဟိ စ၊ ဝိပါက်ကြိယာစိတ်တို့နှင့်၎င်း။ ယုတာ=ယုတ္တာ၊ ယှဉ်ကုန်သော။ သကလာပိ စ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ စေတသိကာ၊ စေတသိက်တို့ကို။ သာဓု၊ ကောင်းစွာ။ မယာ၊ ငါသည်။ ကထိတာ၊ ဆိုအပ်ကုန်ပြီ[၁]။ [ဟဒယံ မနော မာနသံ စိတ္တံ ပရိယာယသဒ္ဒါ]

**ပညာပြန့်ပွါးခြင်း**  ၈၈။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ အနူနံ၊ အနက် သဒ္ဒါအားဖြင့် မယုတ်သည်ဖြစ်၍ ပြည့်စုံသော။ ပရမံ၊ အနက်သဒ္ဒါအားဖြင့် မယုတ်ခြင်းကြောင့် ထူးသော။ ဣမံ၊ ဤ**အဘိဓမ္မာဝတာရကျမ်း**ကို။ အဓိဂစ္ဆတိ၊ ကောင်းစွာသင်ခြင်း ဆောင်ခြင်း အစရှိသည်ကို ပြည့်စုံစေခြင်း၏အစွမ်းဖြင့် သက်ဝင်၍သိ၏။ ဝါ- ပရမံ၊ မြတ်သောနည်းကို ပြတတ်သောကြောင့် မြတ်သော။ ဣမံ၊ ဤ**အဘိဓမ္မာဝတာရကျမ်း**ကို။ အနူနံ၊ အနက်သဒ္ဒါအားဖြင့် မယုတ်သည်ကို။ ကတွာ၊ ပြု၍။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ အဓိဂစ္ဆတိ[၂]=ဇာနာတိ၊ သိ၏။

ဧဝံ၊ ဤသို့။ အဓိဂစ္ဆတော၊ သိသော။ တဿ ဘိက္ခုနော၊ ထိုရဟန်း၏။ မနတော[၃]၊ ဟုတ်မှန်သော သဘောကို သိတတ်သောကြောင့်။ မတိ၊ မတိဟု ဆိုအပ်သော ပညာသည်။ ဒုရာသဒေ၊ မံသစက္ခုဖြင့် ပရမာဏုမြူကိုကဲ့သို့ လောကီဉာဏ်ဖြင့် အလွန်ထိုးထွင်း၍ သိနိုင်ခဲသော။ အတိဂမ္ဘီရဋ္ဌာနေပိ၊ အလွန်နက်နဲသော အရာလည်းဖြစ်သော။ ဝါ၊ မြင်းမိုရ်တောင်မင်းကိုထား၍ ရာဟုအစရှိသော ကြီးသော ကိုယ်ရှိသော သတ္တဝါတို့သည်လည်း သက်ဝင်နိုင်ခဲသည်၏ အဖြစ်ကြောင့် မဟာသမုဒ္ဒရာ၌ကဲ့သို့ မြတ်စွာဘုရားကိုထား၍ သာရိပုတ္တရာအစရှိသော ပညာရှိသော သာဝကတို့

---

၁။ ၎င်းဋီကာသစ်၊ ပ၊ နှာ-၃၂၈။  ၂။ အဝဂစ္ဆတိ-ဟု ဆဋ္ဌမူ၌ ရှိသည်။
၃။ သမန္တတော-ဟု ဆဋ္ဌမူ၌ ရှိသည်။

သော်လည်း သက်ဝင်နိုင်ခဲသော သဘောရှိသော။ အဘိဓမ္မနယေ၊ အဘိ-ဓမ္မာနည်း၌။ ဝိဇမ္ဘတေ၊ ပြန့်၏။ ဝါ၊ ရှေးရှု ရှေးရှုသာဖြစ်သော တရား၌ ဖြစ်၏။ ဝါ၊ ပွါး၏။

အဘိဓမ္မာဝတာရေ၊ အဘိဓမ္မာဝတာရကျမ်း၌။ စေတသိကနိဒ္ဒေသော နာမ၊ စေတသိကနိဒ္ဒေသမည်သော။ ဒုတိယော၊ နှစ်ခုတို့၏ပြည့်ကြောင်း ဖြစ်သော။ ပရိစ္ဆေဒေါ၊ အပိုင်းသည်။ ဣတိ သမတ္တော၊ ဤတွင် ပြီးပြီ။

စေတသိကနိဒ္ဒေသ ပြီး၏။

# ၃-တတိယပရိစ္ဆေဒ

## ၃-စေတသိကဝိဘာဂနိဒ္ဒေသ

စေတသိက် ၅၂-ပါး ၇၉။ သမ္ပယုတ္တာ၊ ခပ်သိမ်းကုန်သော။ ယေ စေတသိကာ၊ အကြင် စေတသိက်တို့ကို။ အာဒိစ္စဗန္ဓုနာ၊ နေမင်း၏အဆွေဖြစ်တော်မူသော။ ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ တေ စေတသိကာ၊ ထိုစေတသိက်တို့သည်။ နာမသာမညတောယေဝ၊ ဖဿအစရှိသော အမည်တူသည်၏ အဖြစ်အားဖြင့်သာလျှင်။ ဒွေပညာသ၊ ငါးဆဲ့နှစ်ပါးတို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏[၁]။

သေယျထိဒံ=တေ ကတမေ၊ ထိုငါးဆဲ့နှစ်ပါးသော စေတသိက်တို့သည် အဘယ်တို့နည်းဟူမူကား—

ဖဿော စ၊ ဖဿရင်း။ ဝေဒနာ စ၊ ၎င်း။ သညာ စ၊ ၎င်း။ စေတနာ စ၊ ၎င်း။ ဝိတက္ကော စ၊ ၎င်း။ ဝိစာရော စ၊ ၎င်း။ ပီတိ စ၊ ၎င်း။ စိတ္တေကဂ္ဂတာ စ၊ ဧကဂ္ဂတာရင်း။ ဝီရိယဉ္စ၊ ၎င်း။ ဇီဝိတဉ္စ၊ ဇီဝိတိန္ဒြေရင်း။ ဆန္ဒော စ၊ ၎င်း။ အဓိမောက္ခော စ၊ ၎င်း။ မနသိကာရော စ၊ ၎င်း။

မဇ္ဈတ္တတဉ္စ၊ တတြမဇ္ဈတ္တတာရင်း။ သဒ္ဓါ စ၊ ၎င်း။ သတိ စ၊ ၎င်း။ ဟိရီ စ၊ ၎င်း။ ဩတ္တပ္ပဉ္စ၊ ၎င်း။ အလောဘော စ၊ ၎င်း။ အဒေါသော စ၊ ၎င်း။ အမောဟော စ၊ ၎င်း။ ကာယပဿဒ္ဓိအာဒီနိ၊ ကာယပဿဒ္ဓိ အစရှိကုန်သော။ ဆယုဂါနိ စ၊ ခြောက်ပါးသော အစုံတို့ရင်း။ တိဿော၊

---

၁။ (ဖဿသည် စိတ် ၈၉-ပါး၌ ယှဉ်သည်ဖြစ်၍ ဖဿ ၈၉-ပါး ဖြစ်သော်လည်း ဖဿ အမည်ချင်းတူသဖြင့် ဖဿအများကို တခုတည်းပြု၍ ဖဿစေတသိက် ၁-ပါးသာ ဖြစ်သည်။

ထို့အတူ ဝေဒနာစေတသိက်စသည်ကိုလည်း ဤဖဿနည်းအတိုင်း ထခုတည်းပြု၍ ဝေဒနာစေတသိက်စသည် ၁-ပါးစီသာ ဖြစ်သည်။

သို့ဖြစ်၍ ဖဿ စသော အမည်တူအားဖြင့်သာ စေတသိက်ကို ၅၂-ပါးဟု ဆိုထားခြင်း ဖြစ်သည်။

စိတ်နှင့်ယှဉ်ဘက် တရား၏အပြားအားဖြင့်မူ ယှဉ်ဘက်စိတ်အလိုက် ဖဿ ၈၉-ပါး စသည် ရှိသည်ဖြစ်၍ စေတသိက်သည် ၅၂-ပါးသာ မက မြောက်မြားစွာပင် ရှိသည်။ ၎င်းဋီကာသစ်၊ ပ၊ နှာ-၃၂၉)

သုံးပါးကုန်သော။ ဝိရတိယော စ၊ တို့ငင်း။ ကရုဏာ စ၊ ငင်း။ မုဒိတာ စ၊ ငင်း။

လောဘော စ၊ ငင်း။ ဒေါသော စ၊ ငင်း။ မောဟော စ၊ ငင်း။ ဥဒ္ဓစ္စဉ္စ၊ ငင်း။ မာနော စ၊ ငင်း။ ဒိဋ္ဌိ စ၊ ငင်း။ ဝိစိကိစ္ဆာ စ၊ ငင်း။ မစ္ဆရိယဉ္စ၊ ငင်း။ ကုက္ကုစ္စဉ္စ၊ ငင်း။ ထိနဉ္စ၊ ငင်း။ မိဒ္ဓဉ္စ၊ ငင်း။ ဝိစိကိစ္ဆာ စ၊ ငင်း။ အဟိရိကဉ္စ၊ ငင်း။ အနောတ္တပ္ပဉ္စ၊ ငင်း [၁]။ ဣတိ ဣမေ၊ ဤသည်တို့တည်း။

**စိတ် ၁၂၁-ပါး** ၉၀။ ကာမေ၊ ကာမဘုံ၌။ စတုပညာသဓာ၊ ငါးဆဲ့လေးပါး အပြားရှိကုန်သော စိတ်တို့ကို။ ဤရိတာ၊ ဟောအပ်ကုန်၏။

ရူပေ၊ ရူပဘုံ၌။ ပဉ္စဒသ၊ တဆဲ့ငါးပါးကုန်သော စိတ်တို့ကို။ ဤရိတာ၊ ဟောအပ်ကုန်၏။

အရူပေ၊ အရူပဘုံ၌။ ဒွါဒသ၊ တဆဲ့နှစ်ပါးကုန်သော စိတ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

အနုာသဝါ၊ လောကုတ္တရာစိတ်တို့သည်။ စတ္တာလီသံ၊ လေးဆယ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏ [၂]။

---

၁။ (ဖဿ အစ မနသိကာရ အဆုံးရှိသော ၁၃-ပါးသော စေတသိက်ကို ကုသိုလ်, အကုသိုလ်, အဗျာကတစေတသိက်ချင်း တူသဖြင့် တစုထား၍ ဆိုသည်။

တတြမဇ္ဈတ္တတာ အစ မုဒိတာ အဆုံးရှိသော စေတသိက် ၂၅-ပါးကို ကုသိုလ်,အဗျာကတ စေတသိက်ချင်း တူသည်ဖြစ်၍ တပေါင်းတည်း ဆိုသည်။

လောဘ အစ အနောတ္တပ္ပ အဆုံးရှိသော ၁၄-ပါးသော စေတသိက်ကို အကုသိုလ် စေတသိက်ချင်း တူရကား တအုပ်စုထား၍ ဆိုသည်။

သို့ဖြစ်၍ စေတသိက် ၅၂-ပါးကို စေတသိက နိဒ္ဒေသလာ ပါဠိ အစဉ်အတိုင်း မထားပဲ တမျိုး စဉ်ထားခြင်း ဖြစ်သည်။ ငင်းဋီကာသစ်၊ ပ၊ နှာ-၃၂၉၊ ၃၃၀။)

ကျမ်းတက် ၂။ ဤသို့ ဖဿ အစရှိကုန်သော တရားတို့ကို အကျဉ်းပြပြီး၍ ယခုအခါ ဤမျှသော စိတ်တို့၌ ဤစေတသိက်ကို ရအပ်၏ဟု စိတ်တို့၌ စေတသိက်တို့၏ ယှဉ်ခြင်းကို ပြခြင်းငှါ ရှေးဦးစွာ စိတ်အရေအတွက်ကို ပြသော ဆရာသည် စတုပညာသဓာ အစရှိသည်ကို မိန့်။

၉၁-၉၂။ သမ္ပေ၊ ခပ်သိမ်းကုန်သော။ စိတ္တုပ္ပါဒါ၊ စိတ်တို့သည်။ သမာသတော၊ အကျဉ်းအားဖြင့်။ ကေဝီသသတံ၊ တရာ့နှစ်ဆယ့်တခုသည်။ ဟောတိ၊ ဖြစ်၏ ¹။

ဣတော၊ ဤစေတသိက်တို့ကို အကျဉ်းပြပြီးသည်မှ။ ပရံ၊ နောက်၌။ တေသု စိတ္တုပ္ပါဒေသု၊ ဤစိတ်တို့၌။ ဖဿာဒီနံ၊ ဖဿ အစရှိကုန်သော။ တေသံ ဓမ္မာနံ၊ ထိုစေတသိက်တို့၏။ ဥပ္ပတ္တိံ၊ ဖြစ်ခြင်းကို။ ကေကံ၊ တခု တခုစီ။ [ဧ အက္ခရာကျေသည်] ဥဒ္ဓရိတွာ၊ ထုတ်၍။ ဘိက္ခူနံ၊ ရဟန်းတို့၏။ ဝါ၊ ရဟန်းတို့အား။ စိတ္တစေတသိကေသု၊ စိတ် စေတသိက်တို့၌။ ပါဋ္ဌဝတ္တာယ၊ လိမ္မာသောသူ၏ အဖြစ်တည်းဟူသော အကျိုးငှါ။ အဟံ၊ ငါသည်။ ပဝက္ခာမိ၊ ဟောအံ့။

**အဝိနိဗ္ဘောဂနာမ်တရား ၈-ပါး** ၉၃။ ကေဂ္ဂတာ စ၊ ကေဂ္ဂတာရင်း။ မနက္ကာရော စ၊ မနသိကာရရင်း။ ဇီဝိတဥ္စ၊ ဇီဝိတိန္ဒြေရင်း။ ဖဿပဥ္စကဥ္ ²၊ ဖဿပဥ္စကရင်း။ တေ အဋ္ဌ-စေတသိကာ၊ ဤရှစ်ခုသော စေတသိက်တို့သည်။ အဝိနိဗ္ဘောဂါ၊ အချင်းချင်းမှ မကင်းကုန်။ ကေပ္ပါဒါ၊ တူသောဖြစ်ခြင်းရှိကုန်၏။ သဟက္ခယာ၊ တကွ ချုပ်ခြင်းရှိကုန်၏။

## စိတ်၌စေတသိက်ယှဉ်ပုံ

**သဗ္ဗသာဓာရဏစေတသိက်** ၉၄။ ဖဿော စ၊ ဖဿရင်း။ ဝေဒနာ စ၊ ဝေဒနာရင်း။ သညာ စ၊ သညာရင်း။ စေတနာ စ၊ စေတနာရင်း။ ဇီဝိတိန္ဒြိယဥ္စ၊ ဇီဝိတိန္ဒြေရင်း။ ကေဂ္ဂတာ စ၊

---

၁။ (စိတ်သည် အာရုံအားဖြင့် ၁-ပါး၊ အကျဉ်းဆုံးအားဖြင့် ၈၉-ပါး၊ အကျဉ်းအားဖြင့် ၁၂၁-ပါး၊ ဝိတက်ယှဉ် ၅၅-ပါး, ဝိစာရယှဉ် ၆၆-ပါး စသော အကျယ်အားဖြင့် မြောက်မြားစွာရှိသည်။ အကျယ်ယှဉ်ကိုထောက်၍ စိတ်ကို အကျဉ်းအားဖြင့် ၁၂၁-ပါး ရှိသည်ဟု ဆိုထားသည်။ ဇင်းဋီကာသစ်၊ ပ၊ နှာ-၃၃၀။)

ကျမ်းတက် ၂။ စေတသိကဝိဘာဂကို ဆိုလိုသော်လည်း အဝိနိဗ္ဘောဂဓမ္မတို့ကို ပြခြင်းငှါ စိတ်နှင့် တကွ တပေါင်းတည်း ပြု၍ ဖဿပဥ္စကံ မိန့်သည်။

အမှာ။ ။(ဖဿ, ဝေဒနာ, သညာ, စေတနာ, စိတ်၊ ဤငါးပါးကို ဖဿပဥ္စကဟု ခေါ်သည်၊ အဝိနိဗ္ဘောဂတရားကို ပြလိုသဖြင့် စိတ်တရားကို စေတသိက်၌ ထည့်၍ တပေါင်းတည်းဆိုထားခြင်းဖြစ်သည်။ ဇင်း ဋီကာသစ်၊ ပ၊ နှာ-၃၃၀။)

စိတ္တေကဂ္ဂတာရင်း။ မနက္ကာရော စ၊ မနသိကာရရင်း။ ဣမေ စေတသိကာ၊ ဤစေတသိက်တို့သည်။ သဗ္ဗသာဓာရဏာ၊ အလုံးစုံသော စိတ်တို့နှင့် ဆက်ဆံကုန်၏ (အလုံးစုံသော စိတ်တို့နှင့် ယှဉ်ကုန်၏)။

**ဝိတက်ယှဉ် ၅၅** ၉၅။ ဝိတက္ကော၊ ဝိတက်ကို။ ပဉ္စပညာသစိတ္တေသု။ ဒွေပဉ္စဝိညာဉ် တဆယ်ကြဉ်သော ကာမစိတ် လေးဆဲ့လေးခု၊ ပဌမဈာနိကစိတ် တဆဲ့တခု၊ ဤ ငါးဆဲ့ငါးခုသော စိတ်တို့၌။ (ယှဉ်၏ဟူ၍။) ဘဂဝတာ၊ မြတ်စွာဘုရားသည်။ သမုဒီရိတော။ ဟော တော်မူအပ်၏။

**ဝိစာရယှဉ် ၆၆။** ။စာရော၊ ဝိစာရသည်။ ဆသဋ္ဌိစိတ္တေသု၊ သဝိတက္ကစိတ် ငါးဆဲ့ငါးခု၊ ဒုတိယဈာန်စိတ် တဆဲ့တခု၊ ဤခြောက်ဆဲ့ ခြောက်ခုသော စိတ်တို့၌၊ ဇာယတေ၊ ဖြစ်၏။ တ္ထေ=တေသ္မိံ ဝစနေ၊ ဤစကား၌။ သံသယော၊ ယုံမှားဘွယ်သည်။ နတ္ထိ၊ မရှိ။

**ပီတိယှဉ် ၅၁** ၉၆။ ပီတိ၊ ပီတိသည်၊ ဧကပညာသစိတ္တေသု၊ ကာယ-ဝိညာဉ်ကြဉ်သော သောမနဿသဟဂုတ် ကာမာ-ဝစရစိတ် တဆဲ့ရှစ်ခု၊ စတုတ္ထဈာန် ပဉ္စမဈာန်ကြဉ်သော ရူပါဝစရဈာနိက စိတ်သုံးဆဲ့သုံးခု၊ ဤငါးဆဲ့တခုသော စိတ်တို့၌။ ဇာယတိ၊ ဖြစ်၏။

**သုခဝေဒနာယှဉ် ၆၃။** ။သုခံ၊ သုခသည်။ တေ သဋ္ဌိယာ၊ သပ္ပီတိကစိတ် ငါးဆဲ့တခု၊ စတုတ္ထဈာနိကစိတ် တဆဲ့တခု၊ ကုသလ ဝိပါက် ကာယဝိညာဉ်၊ ဤခြောက်ဆဲ့သုံးခုသော စိတ်တို့၌။ ဇာယတိ၊ ဖြစ်၏။

**ဥပေက္ခာဝေဒနာယှဉ် ၅၅။** ။ဥပေက္ခာ၊ ဥပေက္ခာသည်။ ပဉ္စပညာသ-စိတ္တေ၊ သုခသဟဂုတ်စိတ် ခြောက်ဆဲ့သုံးခု၊ ဒုက္ခသဟဂုတ် စိတ်သုံးခု၊ ဤခြောက်ဆဲ့ခြောက်ခုကိုကြဉ်၍ အကြွင်းငါးဆဲ့ ငါးခုသော စိတ်၌။ ဇာယတိ၊ ဖြစ်၏။

**ဒုက္ခဝေဒနာယှဉ် ၃-ပါး။** ။ဒုက္ခံ တု၊ ဒုက္ခသည်ကား။ တီသု၊ ပဋိဃ (ဒေါသမူ)စိတ်နှစ်ခု၊ အကုသလဝိပါက် ကာယ ဝိညာဉ်၊ ဤသုံးခုသော စိတ်တို့၌။ ဇာယတိ၊ ဖြစ်၏။

**သောမနဿိန္ဒြေယှဉ် ၆၂-ပါး**　၉၇။ သောမနဿိန္ဒြိယံ၊ သောမနဿိန္ဒြေသည်။ ဒွါသဋ္ဌိစိတ္တေသု၊ သုခသဟဂုတ်စိတ် ခြောက်ဆဲ့သုံးခုတို့တွင် ကာယဝိညာဉ်ကိုပယ်၍ အကြွင်း ခြောက်ဆဲ့နှစ်ခုသော စိတ်တို့၌။ ဟောတိ၊ ဖြစ်၏။

**ဒုက္ခိန္ဒြေယှဉ် ၁-ပါး။**　။ဒုက္ခိန္ဒြိယံ ပန၊ ဒုက္ခိန္ဒြေသည်ကား။ ကေသွိံ၊ တခုသော အကုသလဝိပါက် ကာယဝိညာဉ်စိတ်၌။ ဟောတိ၊ ဖြစ်၏။

**သုခိန္ဒြေယှဉ် ၁-ပါး။**　။သုခိန္ဒြိယံ၊ သုခိန္ဒြေသည်။ တထာ။ ထို့အတူ။ ကေသွိံ၊ တခုသော အဟိတ်ကုသလဝိပါက် ကာယဝိညာဉ်စိတ်၌။ ဟောတိ၊ ဖြစ်၏။

**ဝီရိယယှဉ် ၁၀၅**　၉၈။ ဝိနာယကော၊ မျက်မှောက်အကျိုး, တမလွန်အကျိုးတို့၌ သတ္တဝါတို့ကို ဆုံးမတော်မူတတ်သော မြတ်စွာဘုရားသည်။ ဝါ၊ ကင်းသော ခရီးညွှန်ရှိတော်မူသော မြတ်စွာဘုရားသည်။ ဝါ၊ ထူးမြတ်သော အလုံးစုံသောလောက၏ အရှင်ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ဝါ၊ အထူးသဖြင့် ဝေနေယျသတ္တဝါတို့ကို နိဗ္ဗာန်ပြည်သို့ ဆောင်တော်မူတတ်သော မြတ်စွာဘုရားသည်။ ပဉ္စုတ္တရသတေ စိတ္တေ၊ အဟိတ်ဝိပါက်(၁၅-ခု), ကြိယာ မနောဓာတ် (=ပဉ္စဒွါရာဝဇ္ဇန်း)၊ ဤ၁၆-ခုကြဉ်သော ငါးခုအလွန်ရှိသော တရာသော စိတ်၌။ ဝါ၊ တရာ့ငါးခုသော စိတ်၌။ ဝီရိယံ၊ ဝီရိယကို။ အာဟ၊ ဟောတော်မူပြီ။

အမှာ။　။ဒိဋ္ဌဓမ္မိက သမ္ပရာယိကတ္ထေသု သတ္တေ ဝိနေတိ, ဝိဂတော ဝါ နာယကော ဧတဿ, ဝိသိဋ္ဌော ဝါ သဗ္ဗလောကဿ နာယကော သာမိ, ဝိသေသေန ဝါ ဝိနေယျသတ္တေ နိဗ္ဗာနပုရံ နေတီတိ ဝိနာယကော-ပြု။။ (ဋီကာကျော်၊ ပါန္ဒ-၃၃၂။)

**သမာဓိယှဉ်စိတ် ၁၀၄-ပါး။**　။သမာဓိန္ဒြိယံ၊ သမာဓိန္ဒြေကို။ စတုတ္တရသတေ စိတ္တေ၊ ဝိစိကိစ္ဆာ ကြဉ်သော ဝီရိယသဟဂုတ်စိတ် တရာ့လေးခု၌။ အဗြဝိ၊ ဟောတော်မူပြီ။

**ဆန္ဒယှဉ်စိတ် ၁၀၁-ပါး**　၉၉။ သဗ္ဗာ'ဟေတုကစိတ္တာနိ စ၊ အလုံးစုံ တဆဲ့ရှစ်ခုသော အဟိတ်စိတ်တို့ကိုရင်း။ ကေ-

ဟေတုကေ စ၊ (မောဟမူ)ကေဟိတ်စိတ် နှစ်ခုတို့ကိုရင်း။ ဌပေတွာ၊ ထား၍။ ကေတ္တရသတေ စိတ္တေ၊ တခုအလွန်ရှိသော တရာသော စိတ်၌။ ဝါ၊ တရာ့တခုသော စိတ်၌။ ဆန္ဒသ၊ ဆန္ဒ၏။ ဥပ္ပတ္တိံ၊ ဖြစ်ခြင်းကို။ ပဏ္ဍိတော၊ ပညာရှိသော သူသည်။ ဥဒ္ဒိသေ၊ ပြရာ၏။

အဓိမောက္ခယှဉ်စိတ် ၁၁၀-ပါး ၁၀၀။ ဒသဝိညာဏေ စ၊ ကုသလဝိပါက်,အကုသလဝိပါက် အစုံမ်း ဖြင့် နှစ်ခုတို့ဖြင့်မြောက်အပ်ကုန်သော စက္ခုဝိညာဉ်အစရှိသော ငါးပါးသော ဝိညာဉ်တို့ကိုရင်း။ ဝါ၊ ဒွေးပဉ္စဝိညာဉ် တဆယ်တို့ကိုရင်း။ ဝိစိကိစ္ဆာယုတ္တမှိ စ၊ ဝိစိကိစ္ဆာသဟဂုတ်စိတ်ကိုရင်း။ ဌပေတွာ၊ ထား၍။ ဒသုတ္တရသတေ စိတ္တေ၊ တဆယ်အလွန်ရှိသော တရာသောစိတ်၌။ ဝါ၊ တရာ့တဆယ်သော စိတ်၌။ အဓိမောက္ခော၊ အဓိမောက္ခကို။ ဥဒီရိတော၊ ဟောတော်မူအပ်၏။

**သဒ္ဓါစသည့်** ၁၀၁။ သဒ္ဓါ စ၊ သဒ္ဓါရင်း။ သတိ စ၊ ရင်း။
**သောဘဏသာဓာရဏ** ဟိရီ စ၊ ရင်း။ ဩတ္တပ္ပဉ္စ၊ ရင်း။ အလော-
**စေတသိက်၁၉-ပါး** ဘာဒေါသမဇ္ဈတ္တာ စ၊ အလောဘ,
**ယှဉ်စိတ် ၉၁ ပါး** အဒေါသ,တတြမဇ္ဈတ္တတာရင်း။ ဆဋ္ဌေ-
ဝ ယုဂဠာ စ၊ ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိအစရှိသော ခြောက်ပါးသော အစုံတို့ရင်း။ ဣတိ၊ ဤသို့။ ဣမေ ကုနဝီသတိဓမ္မာ၊ ဤတခုယုတ် နှစ်ဆယ်သော စေတသိက်တို့သည်။

၁၀၂။ နိယတာ၊ အမြဲ။ ဟုတွာ၊ ဖြစ်ကုန်၍။ ကေနဝုတိယာ စိတ္တေ၊ (သောဘဏစိတ်)ကိုးဆယ့်တခုသော စိတ်၌။ ဟောန္တိ၊ ဖြစ်ကုန်၏။

**သဒ္ဓါစသည်မယှဉ်စိတ် ၃၀-ပါး။** ။ဣမေ ကုနဝီသတိဓမ္မာ၊ ဤတခုယုတ် နှစ်ဆယ်သော စေတသိက် တို့သည်။ အဟေတုကေသု [၁] စိတ္တေသု စ၊ တဆဲ့ရှစ်ခုသော အဟိတ်စိတ်တို့၌ရင်း။ အပုညေသု စ၊ တဆဲ့နှစ်ခုသော အကုသိုလ်စိတ်တို့၌ရင်း။ န ဇာယရေ= န ဇာယန္တိ၊ မဖြစ်ကုန်။

---

ကျမ်းတက် ၁။ အဘယ်သို့လျှင် ဤစေတသိက်တို့သည် ကိုးဆဲ့တခုသော စိတ်တို့၌သာ ဖြစ်ကုန်သနည်း ဟူသော အမေးကို ဖြေခြင်းငှါ အဟေတုကေသု အစရှိသည်ကို မိန့်။

**ပညာယှဉ်စိတ် ၇၉-ပါး** ၁၀၃။ ပညာ၊ ပညာသည်။ ဉာဏသမ္ပယုတ်ကာမာဝစရစိတ် တဆဲ့နှစ်ခု, ရူပါဝစရစိတ် တဆဲ့ငါးခု, အရူပါဝစရစိတ် တဆဲ့နှစ်ခု, လောကုတ္တရာစိတ် အမျှလေးဆယ်၊ ဤတခုယုတ် ရှစ်ဆယ်သော တိဟိတ်စိတ်၌။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဇာယတိ၊ ဖြစ်၏။

**ကရုဏာ,မုဒိတာယှဉ်စိတ် ၂၈-ပါး။** ။ကရုဏာမုဒိတာ၊ကရုဏာ မုဒိတာတို့သည်။ အင္ဂဝိသတိယာ စိတ္တေ၊ ကာမာဝစရကုသိုလ်နှင့် ကြိယာတဆဲ့ခြောက်ခု, လောကီ ပထမ ဒုတိယ တတိယ စတုတ္ထဈာန်တဆဲ့နှစ်ခု၊ ဤနှစ်ဆဲ့ရှစ်ခုသောစိတ်၌။ သိယုံ၊ ဖြစ်ကုန်၏။

**ဝိရတီယှဉ်စိတ် ၄၈-ပါး** ၁၀၄။ ဝိရတိတ္တယံ၊ ဝိရတိသုံးခုတို့၏ အပေါင်းသည်။ ကာမာဝစရပုညေသု စ၊ ကာမာဝစရကုသိုလ်စိတ် ရှစ်ခုတို့၌၎င်း။ သဗ္ဗလောကုတ္တရေသု စ၊ အလုံးစုံ လေးဆယ်သော လောကုတ္တရာစိတ်တို့၌၎င်း။ ဣတိ၊ ဤသို့။ သာင္ဂကေ၊ ရှစ်ခုနှင့်တကွသော။ စတ္တာလီသဝိဓေ စိတ္တေ၊ လေးဆယ်အပြားရှိသော စိတ်၌။ ဇာယတိ၊ ဖြစ်၏။

**ကုသိုလ်, အဗျာကတ စေတသိက် ၂၅-ပါး** ၁၀၅။ သဒ္ဓါ စ၊ သဒ္ဓါ၎င်း။ သတိ စ၊ သတိ၎င်း။ ဟိရီ စ၊ ၎င်း။ ဩတ္တပ္ပဉ္စ၊ ၎င်း။ အလောဘာဒိတ္တယမ္ပိ စ၊ အလောဘ-အစရှိသော ကုသလမူလသုံးခုတို့၏ အပေါင်း၎င်း။ ဆ ယုဂဠာနိ စ၊ ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိအစရှိသော ခြောက်ပါးသော အစုံတို့၎င်း။ မဇ္ဈတ္တဉ္စ၊ တတြမဇ္ဈတ္တတာ၎င်း။ ကရုဏာမုဒိတာပိ စ၊ ကရုဏာ, မုဒိတာ တို့၎င်း။

၁၀၆။ တထာ၊ ထို့အတူ။ တိဿော၊ သုံးပါးကုန်သော။ ဝိရတိယော စ၊ ဝိရတိတို့၎င်း။ ဣတိ၊ ဤသို့။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဧတေ ပဉ္စဝီသတိ၊ ဤ နှစ်ဆဲ့ငါးပါးသော စေတသိက်တို့ကို။ ကုသလာဗျာကတာတိ၊ ကုသိုလ်စိတ်, အဗျာကတစိတ်တို့နှင့် ယှဉ်ခြင်းကြောင့် ကုသိုလ်စေတသိက်,

အဗျာကတစေတသိက်တို့ ဟူ၍။ ကုသလေန၊ ဟောခြင်း၌ လိမ္မာတော်မူသော မြတ်စွာဘုရားသည်။ ပကာသိတာ၊ ဟောတော်မူအပ်ကုန်၏။

**မောစတုက် အမြဲယှဉ်စိတ် ၁၂-ပါး** ၁၀၇။ အဟိရိကဥ္စ၊ အဟိရိကငင်း။ အနောတ္တပ္ပဥ္စ၊ ငင်း။ မောဟော စ၊ ငင်း။ ဥဒ္ဓစ္စမေဝ စ၊ ငင်း။ ဣတိ၊ ဤသို့။ ဣမေ စတ္တာရော ဓမ္မာ၊ ဤလေးပါးသော စေတသိက်တို့သည်။ နိယတာ၊ အမြဲ။ ဟုတွာ၊ ဖြစ်ကုန်၍။ ဒွါဒသာပုညစိတ္တေသုယေဝ၊ တဆဲ့နှစ်ခုသော အကုသိုလ်စိတ်တို့၌သာလျှင်။ ဇာယရေ၊ ဖြစ်ကုန်၏။

**အကုသိုလ်စေတသိက် ၁၅-ပါး**[1] ၁၀၈။ လောဘော စ၊ လောဘငင်း။ ဒေါသော စ၊ ငင်း။ မောဟော စ၊ ငင်း။ မာနော စ၊ ငင်း။ ဒိဋ္ဌိ စ၊ ငင်း။ သံသယော စ၊ ဝိစိကိစ္ဆာငင်း။ မိဒ္ဓဥ္စ၊ မိဒ္ဓငင်း။ ဥဒ္ဓစ္စဥ္စ၊ ငင်း။ ကုက္ကုစ္စဥ္စ၊ ငင်း။ ထိနဥ္စ၊ ထိနငင်း။ မစ္ဆရိယမ္ပိ စ၊ ငင်း။

၁၀၉။ အဟိရိကဥ္စ၊ ငင်း။ အနောတ္တပ္ပဥ္စ၊ ငင်း။ ဣဿာ စ၊ ငင်း။ ဒေါမနဿကဥ္စ၊ ဒေါမနဿဝေဒနာငင်း။ ဧတေ စေတသိကာ၊ ဤ စေတသိက်တို့ကို။ ဧကန္တေန၊ စင်စစ်အားဖြင့်။ အကုသလာ၊ အကုသိုလ်စေတသိက်တို့ ဟူ၍။ မဟေသိနာ၊ ဝေနေယျတို့၌ မြတ်ကုန်သော သီလကျေးဇူး အစရှိသည်တို့ကို ရှာတော်မူတတ်သော မြတ်စွာဘုရားသည်။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။

**လောဘယှဉ်စိတ် ၈-ပါး** ၁၁၀။ လောဘော၊ လောဘစေတသိက်ကို။ အဋ္ဌသု၊ ရှစ်ပါးကုန်သော လောဘမူစိတ်တို့၌။ ဘာဂဝတာ၊ မြတ်စွာဘုရားသည်။ နိဒ္ဒိဋ္ဌော၊ ပြတော်မူအပ်၏။

**ဒိဋ္ဌိယှဉ်စိတ် ၄-ပါး။** ။ဒိဋ္ဌိ၊ ဒိဋ္ဌိစေတသိက်ကို။ စတူသု၊ လေးပါးကုန်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ်တို့၌။ ဝုတ္တာ၊ ဟောတော်မူအပ်၏။

---

၁။ (ဒေါမနဿဝေဒနာသည် အကုသိုလ်စိတ်နှင့်သာ ယှဉ်သောကြောင့် ဒေါမနဿဝေဒနာကို အကုသိုလ်စေတသိက်ဟု သီးခြားသတ်မှတ်ထားခြင်း ဖြစ်သည်။ စင်စစ်အားဖြင့် အကုသိုလ်စေတသိက် ၁၄-ပါးသာ ဖြစ်သည်။)

**မာနယှဉ်စိတ် ၄-ပါး။** ။မာနော၊ မာနစေတသိက်ကို။ ဒိဋ္ဌိဝိပ္ပယုတ္တေသု၊ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်တို့၌။ ဝုတ္တာ၊ ဟောတော်မူအပ်၏။

**ဒေါသစတုက်ယှဉ်စိတ် ၂-ပါး။** ။ဒေါသော၊ ဒေါသစေတသိက်သည်။ ဒွီသွေဝ၊ နှစ်ခုသော ဒေါသမူစိတ်တို့၌ သာလျှင်။ ဇာယတေ=ဇာယတိ၊ ဖြစ်၏။

၁၁၁။ ဣဿာမစ္ဆေရ ကုက္ကုစ္စာ၊ ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့သည်။ ဒွီသု၊ နှစ်ခုကုန်သော ဒေါသမူစိတ်တို့၌။ ဇာယန္တိ၊ ဖြစ်ကုန်၏။ သဟ၊ တက္ခကား။ နော ဇာယန္တိ၊ မဖြစ်ကုန်။

**ဝိစိကိစ္ဆာယှဉ်စိတ် ၁-ပါး။** ။ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာ စေတသိက်သည်။ ဧကသ္မိံ၊ တခုသော ဝိစိကိစ္ဆာသဟဂုတ်စိတ်၌။ ဇာယတိ၊ ဖြစ်၏။

**ထိန, မိဒ္ဓယှဉ်စိတ် ၅-ပါး။** ။ထိနမိဒ္ဓံ တု၊ ထိန မိဒ္ဓ စေတသိက်သည်ကား။ ပဉ္စသု၊ ငါးပါးကုန်သော အကုသိုလ် သသင်္ခါရိကစိတ်တို့၌။ ဇာယတိ၊ ဖြစ်၏။

**ကုသိုလ်, အကုသိုလ်, အဗျာကတစေတသိက်** ၁၁၂။ ဖဿော စ၊ ဖဿငြင်း။ ဝေဒနာ စ၊ ၎င်း။ သညာ စ၊ ၎င်း။ စေတနာ စ၊ ၎င်း။ ဇီဝိတဉ္စ၊ ဇီဝိတိန္ဒြေငြင်း။ မနော စ[၁]၊ စိတ်ငြင်း။ ဝိတက္ကော စ၊ ၎င်း။ ဝိစာရော စ၊ ဝိစာရငြင်း။ ပီတိ စ၊ ၎င်း။ ဝီရိယဉ္စ၊ ၎င်း။ သမာဓိ စ၊ စိတ္တေကဂ္ဂတာငြင်း။

၁၁၃။ ဆန္ဒော စေဝ၊ ဆန္ဒငြင်း။ အဓိမောက္ခော စ၊ ၎င်း။ မနသိကာရော စ၊ ၎င်း။ ဣတိ၊ ဤသို့။ စုဒ္ဒသဓမ္မာ၊ တဆဲ့လေးပါးကုန်သော စေတသိက်တို့သည်။ ကုသလာကုသလာ စေဝ၊ ကုသိုလ်စေတသိက်, အကုသိုလ်စေတသိက်တို့သည်ငြင်း။ အဗျာကတာပိ စ၊ အဗျာကတစေတသိက်တို့သည်ငြင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

---

အမှာ ၁။ စိတ်၏ စေတသိက်အဖြစ်သည် မရှိသော်လည်း ကုသိုလ်, အကုသိုလ် အဗျာကတတရားတို့ကို ရေတွက်အပ်သော အရာဖြစ်သောကြောင့် မနောဟု စိတ်ကိုလည်း မိန့်သည်။ (စင်စစ်အားဖြင့် အညသမာန်းစေတသိက် ၁၃-ပါးသာ ဖြစ်သည်။)

## စိတ်ကို ဈာန်အင်္ဂါ ၇-ပါးဖြင့် ဝေဖန်ခြင်း

ဈာနင် ၅-ပါး ရသောစိတ် ၁၁၄။ ဧကူနတိံသ စိတ္တေသု^၁၊ ပဌမဈာန် စိတ်တဆဲ့တခု,သောမနဿသဟဂုတ် သဟိတ်ကာမာဝစရစိတ် တဆဲ့နှစ်ခု, အကုသိုလ် သောမနဿသဟဂုတ် လေးခု, သောမနဿသန္တီရဏ, ဟသိတုပ္ပါဒ်၊ ဤတခုယုတ် သုံးဆယ်သော စိတ်တို့၌။ ပဉ္စင်္ဂိကံ၊ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာအားဖြင့် ငါးပါးသော အင်္ဂါရှိသော်။ ဈာနံ၊ ဈာန်ကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ မတံ၊ ဟောတော်မူအပ်၏။

ဈာနင် ၄-ပါးရသောစိတ်။ ။သတ္တတိံသ၊ ဒုတိယဈာန်စိတ် တဆဲ့တခု, ကုသိုလ် ဝိပါက် ကြိယာအစွမ်းဖြင့် ဥပေက္ခာ သဟဂုတ် သဟိတ်ကာမာဝစရစိတ် တဆဲ့နှစ်ခု, ဥပေက္ခာသဟဂုတ် ဒေါမနဿသဟဂုတ် အကုသိုလ်စိတ်ရှစ်ခု, ဒွေပဉ္စဝိညာဉ်တဆယ်ကြဉ်သော ဥပေက္ခာသဟဂုတ် အဟိတ်စိတ်ခြောက်ခု၊ ဤသုံးဆဲ့ခုနစ်ခုသော စိတ်တို့သည်။ စတုဈာနင်္ဂယုတ္တာနိ၊ ယှဉ်သင့်သည်အားလျော်စွာ ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ၊ ဥပေက္ခာ, ဝိတက်, ဝိစာရ, ဧကဂ္ဂတာ၊ ဒေါမနဿ, ဝိတက်, ဝိစာရ, ဧကဂ္ဂတာ တည်းဟူသော လေးပါးသော ဈာန်အင်္ဂါတို့နှင့် ယှဉ်ကုန်၏^၂။ ဣတိ၊ ဤသို့။ ဥဒ္ဒိသေ၊ ပြရာ၏။

ဈာနင် ၃-ပါး ရသောစိတ် ၁၁၅။ ဧကာဒသဝိဓံ စိတ္တံ၊ တဆဲ့တပါး အပြားရှိသောတတိယဈာန်စိတ်ကို။ တိဝင်္ဂိကံ၊ ပီတိ သုခ ဧကဂ္ဂတာနှင့်ယှဉ်ခြင်းကြောင့် သုံးပါးသောအင်္ဂါရှိ၏ ဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဥဒီရိတံ၊ ဟောတော်မူအပ်၏။

---

ကျမ်းတက် ၁။ ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့် စေတသိကဝိဘာဂကို ပြပြီး၍ ယခုအခါ တခု-တခုသော စိတ္တုပ္ပါဒ်၌ ရအပ်သော ရာသီတို့၌ အင်္ဂဝိဘာဂကို ပြခြင်းငှါ ဧကူန တိံသ စိတ္တေသု အစရှိသည်ကို မိန့်။

၂။ (အထက်ပါစိတ် ၃၇-ပါးတွင် ဒုတိယဈာန်စိတ် ၁၁-ခု၌ ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဈာနင်များ ယှဉ်ကြသည်၊ ဒေါသမူဒွေ၌ ဝိတက်, ဝိစာရ, ဒေါမနဿ, ဧကဂ္ဂတာ ဈာနင်များ ယှဉ်ကြသည်၊ ကျန်ဥပေက္ခာသဟဂုတ်စိတ် ၂၄-ခု၌ ဝိတက်, ဝိစာရ, ဥပေက္ခာ, ဧကဂ္ဂတာဈာနင်တို့ ယှဉ်ကြသည်။)

စျာနင် ၂-ပါး ရသောစိတ်။ ။စတုတ္ထိ သဝိဓံ စိတ္တံ၊ အရူပစိတ် တဆဲ့နှစ်ခု, ရူပ လောကုတ္တရာ စတုတ္ထစျာန် (၁၁-ခု), ပဉ္စမစျာန်(၁၁-ခုအားဖြင့်) စိတ်နှစ်ဆဲ့နှစ်ခု၊ ဤသုံးဆဲ့လေးပါး အပြားရှိသော စိတ်ကို။ ဒုဝင်္ဂိကံ၊ ယှဉ်သင့်သည်အားလျော်စွာ ဥပေက္ခာ,ဧကဂ္ဂတာ၊ သုခ, ဧကဂ္ဂတာနှင့် ယှဉ်ခြင်းကြောင့် နှစ်ပါးသောအင်္ဂါရှိ၏ ဟူ၍ ¹။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဥဒီရိတံ၊ ဟောတော်မူအပ်၏။

စျာနင်, မဂ္ဂင် မထိုက်သော စိတ်များ ၁၁၆။ သဘာဝေန၊ သဘောအားဖြင့်။ အဝိတက္ကေသု၊ ဝိတက်ကင်းကုန်သော ဒွေပဉ္စဝိညာဉ် တဆယ်တို့၌။ စျာနင်္ဂါနိ၊ စျာနင်တို့ကို။ န ဥဒ္ဓရေ=န ဥဒ္ဓရေယျ၊ မထုတ်ရာ။

သဗ္ဗာဟေတုကစိတ္တေသု၊ အလုံးစုံ တဆဲ့ရှစ်ခုသော အဟိတ်စိတ်တို့၌။ မဂ္ဂင်္ဂါနိ၊ မဂ္ဂင်တို့ကို။ န ဥဒ္ဓရေ=န ဥဒ္ဓရေယျ၊ မထုတ်ရာ။

## စိတ်တို့ကို ဣန္ဒြေအားဖြင့် ဝေဖန်ပြခြင်း

ဣန္ဒြေ ၃-ပါး ရသောစိတ် ၁၁၇။ သောဠသစိတ္တေသု၊ အဟိတ် ဝိပါက် တဆဲ့ငါးခု, ကြိယာမနောဓာတ် (ပဉ္စဒွါရာဝဇ္ဇန်း)၊ ဤတဆဲ့ခြောက်ခုသော စိတ်တို့၌။ တိဏိ ဣန္ဒြိယာနိ။ ဇီဝိတိန္ဒြေ မနိန္ဒြေနှစ်ပါး, ဝေဒနိန္ဒြေလေးပါး(သုခ, ဒုက္ခ, ဥပေက္ခာ, သောမနဿ) တို့တွင် ရသင့်သော ဣန္ဒြေတပါး၊ ဤ သုံးပါးသော ဣန္ဒြေတို့ကို။ ဗုဓော=ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ ဝဒေ=ဝဒေယျ၊ ဟောတော်မူ၏ ²။

ဣန္ဒြေ ၄-ပါး ရသောစိတ်။ ။ကေသုစိ ပန၊ တခုသော ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ကား။ စတ္တာရိ ဣန္ဒြိယာနိ၊ ဝီရိယိန္ဒြေ,

---

၁။ (စိတ် ၃၄-ပါးတွင် စတုတ္ထစျာန်စိတ် ၁၁-ခု၌ သုခ, ဧကဂ္ဂတာတို့ ယှဉ်၍ ကျန်ပဉ္စမစျာန်စိတ် ၂၃-ခု၌ ဥပေက္ခာ, ဧကဂ္ဂတာ စျာနင်များ ယှဉ်ကြသည်။)

၂။ (ကုသလဝိပါက် ကာယဝိညာဉ်စိတ်၌ မနိန္ဒြေ, သုခိန္ဒြေ, ဇီဝိတိန္ဒြေတို့ယှဉ်သည်။ အကုသလဝိပါက် ကာယဝိညာဉ်စိတ်၌ မနိန္ဒြေ, ဒုက္ခိန္ဒြေ, ဇီဝိတိန္ဒြေတို့ ယှဉ်သည်။ သောမနဿသန္တီရဏစိတ်၌ မနိန္ဒြေ, သောမနဿိန္ဒြေ, ဇီဝိတိန္ဒြေတို့ ယှဉ်ကြသည်။ ကျန်အဟိတ်ဝိပါက်စိတ် ၁၂-ပါး, ပဉ္စဒွါရာဝဇ္ဇန်းစိတ်၌ မနိန္ဒြေ, ဥပေက္ခိန္ဒြေ, ဇီဝိတိန္ဒြေတို့ယှဉ်ကြသည်။)

ဇီဝိတိန္ဒြေ, မနိန္ဒြေ, ဥပေက္ခိန္ဒြေအစွမ်းဖြင့် လေးပါးသော ဣန္ဒြေတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဣန္ဒြေ-၅ပါး ရသောစိတ်။ ။တေရသသု၊ ဝိစိကိစ္ဆာကြည်သော အကုသိုလ်စိတ်တဆဲ့တခု, ကြိယာအဟိတ် မနော-ဝိညာဏဓာတ်နှစ်ခု၊ ဤတဆဲ့သုံးခုသော စိတ်တို့၌။ ပဉ္စ ဣန္ဒြိယာနိ၊ ဝီရိယိန္ဒြေ, ဇီဝိတိန္ဒြေ, မနိန္ဒြေ, သမာဓိန္ဒြေ လေးပါး၊ ဝေဒနိန္ဒြေတို့တွင် ရသင့်သော ဣန္ဒြေတပါး၊ ဤငါးပါးသော ဣန္ဒြေတို့ကို။ ဥဒ္ဒိရေ=ဥဒ္ဒိရေယျ၊ ထုတ်ရာ၏[၁]။

ဣန္ဒြေ ၇-ပါး ရသောစိတ် ၁၁၀။ ဒွါဒသစိတ္တေသု၊ တဆဲ့နှစ်ခုသော ဉာဏဝိပ္ပယုတ်ကာမာဝစရစိတ်တို့၌။ သတ္တ ဣန္ဒြိယာနိ၊ သဒ္ဓါ, သတိ, သမာဓိ, ဝီရိယ, ဇီဝိတိန္ဒြေ,မနိန္ဒြေခြောက်ပါး၊ (ဥပေက္ခာ, သောမနဿ)နှစ်ပါးသော ဝေဒနိန္ဒြေတို့တွင် ရသင့်သော ဣန္ဒြေတပါး၊ ဤခုနစ်ပါးသော ဣန္ဒြေတို့ကို။ ဇိနော၊ မြတ်စွာဘုရားသည်။ အဗြဝိ၊ ဟောတော်မူပြီ[၂]။

ဣန္ဒြေ ၈-ပါး ရသောစိတ်။ ။ကေနူနေသု စတ္တာလီသ မနေသု၊ ဉာဏသမ္ပယုတ် ကာမာဝစရစိတ် တဆဲ့နှစ်ခု, လောကီချာန်(မဟဂ္ဂုတ်)စိတ် နှစ်ဆဲ့ခုနစ်ခု၊ ဤတခုယုတ်လေးဆယ်သော စိတ်တို့၌။ အဋ္ဌေဝ၊ ရှေးဆိုပြီးသော ဣန္ဒြေခုနစ်ပါး, ပညိန္ဒြေ၊ ဤရှစ်ပါးသော ဣန္ဒြေတို့ကိုသာလျှင်။ အဗြဝိ၊ ဟောတော်မူပြီ။

ဣန္ဒြေ ၉-ပါး ရသောစိတ် ၁၁၉။ စတ္တာလီသာယ စိတ္တေသု၊ အမျှလေးဆယ်သော လောကုတ္တရာစိတ်တို့၌။ [နိသျှ၌ စတ္တာလီသေသု ဟု ရှိ၏] နဝကံ၊ ရှေးဆိုပြီးသော ဣန္ဒြေရှစ်ပါး၊ အနညာတညဿာမီတိန္ဒြေ, အညိန္ဒြေ, အညာတာဝိန္ဒြေတို့တွင်

---

၁။ (အထက်ပါ စိတ် ၁၃-ပါးတွင် ဒေါသမူဒွေ၌ ဝီရိယိန္ဒြေ, ဇီဝိတိန္ဒြေ, မနိန္ဒြေ, သမာဓိန္ဒြေ, ဒေါမနဿိန္ဒြေတို့ယှဉ်သည်။ အကုသိုလ်သောမနဿ ၄-ပါး, ဟသိတုပ္ပါဒ်စိတ်၌ သောမနဿိန္ဒြေနှင့် ဝီရိယိန္ဒြေစသော ဣန္ဒြေ ၄-ပါး ယှဉ်သည်။ ဝိစိကိစ္ဆာကြဉ် အကုသိုလ် ဥပေက္ခာ ၆-ပါး, ဝုဋ္ဌောစိတ်၌ ဥပေက္ခိန္ဒြေနှင့် ဝီရိယိန္ဒြေစသော ဣန္ဒြေ ၄-ပါးယှဉ်ကြသည်။)

၂။ (ဉာဏဝိပ္ပယုတ် သောမနဿဖြစ်လျှင် သောမနဿိန္ဒြေနှင့်ယှဉ်သည်၊ ဉာဏဝိပ္ပယုတ် ဥပေက္ခာဖြစ်လျှင် ဥပေက္ခိန္ဒြေနှင့် ယှဉ်သည်။)

ရသင့်သောဈာန်ဖြေတပါး၊ ဤကိုးပါးသော ဈာန်ဖြေကို။ နာယကော၊ မြတ်စွာဘုရားသည်။ အဗြဝိ၊ ဟောတော်မူပြီ ¹။

ဝေံ၊ ဤသို့။ ဆဟိ ပကာရေဟိ၊ ခြောက်ပါးသော အပြားတို့ဖြင့်။ ဈာန်ဖြေယောဂေပိ၊ ဈာန်ဖြေတို့နှင့်စိတ်တို့၏ ယှဉ်ခြင်းကိုလည်း။ ဝိဘာဝိနာ၊ ပညာရှိသောသူသည်။ ဝေဒိတဗ္ဗော၊ သိအပ်၏။

မဂ္ဂင်,ဈာနင်မရသောစိတ်များ   ၁၂၀။ ဧတ္ထ၊ ဤတရာ့နှစ်ဆဲ့တပါးအပြားရှိသော စိတ်၌။ ဝါ၊ ဤမဂ္ဂင်အရာ၌။ အဋ္ဌာရသအဟေတုကာ၊ တဆဲ့ရှစ်ခုသော အဟိတ်စိတ်တို့သည်။ အမဂ္ဂင်္ဂါနိ² နာမ၊ မဂ္ဂင်မရှိသော စိတ်မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဒွိပဉ္စသု ဝိညာဏေသု၊ သဘောအားဖြင့် ဝိတက်ကင်းကုန်သော ဒွေပဉ္စဝိညာဉ်တို့၌။ ဈာနင်္ဂါနိ၊ ဈာနင်တို့သည်။ န ဝိဇ္ဇန္တိ၊ မရှိကုန်။

## စိတ်ကို မဂ္ဂင်အားဖြင့် ဝေဖန်ပြခြင်း

မဂ္ဂင် ၂-ပါး ရသောစိတ်   ၁၂၁။ ဧကံ စိတ္တံ၊ တခုသော ဝိစိကိစ္ဆာသဟဂုတ်စိတ်သည်။ ဒွိ မဂ္ဂင်္ဂံ၊ မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယာမအားဖြင့် မဂ္ဂင်နှစ်ပါးရှိသည်။ ဟောတိ၊ ဖြစ်၏။

မဂ္ဂင် ၃-ပါး ရသောစိတ်။   ။သတ္တသု၊ ဒိဋ္ဌိဂတဝိပ္ပယုတ်လေးခု, ဒေါသမူစိတ် နှစ်ခု, ဥဒ္ဓစ္စသဟဂုတ်စိတ်၊ ဤ ခုနစ်ခုသောစိတ်တို့၌။ တိမဂ္ဂင်္ဂါနိ၊ မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယာမ, မိစ္ဆာသမာဓိအားဖြင့် သုံးပါးသော မဂ္ဂင်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

---

၁။ (သောတာပတ္တိမဂ် ဈာန်စိတ် ၅-ပါး၌ အနညာတညဿာမီတိန္ဒြေနှင့် ၈-ပါးယှဉ်သည်၊ အလယ် မဂ် ဖိုလ် ဈာန်စိတ်၃၀-၌ အညိန္ဒြေနှင့် ၈-ပါး ယှဉ်သည်၊ အရဟတ္တဖိုလ် ဈာန်စိတ် ၅-ပါး၌ အညာတာဝိန္ဒြေနှင့် ၈-ပါး ယှဉ်သည်။)

ကျမ်းတက်   ၂။ ယခုအခါ မဂ္ဂင်နှင့် ယှဉ်ခြင်းကို ပြသော ဆရာသည် ရှေးဦးစွာ မဂ္ဂင် မရသော စိတ်တို့ကို ပြ၍ နောက်မှ မဂ္ဂင်နှင့် ယှဉ်သော စိတ်တို့ကို ပြခြင်းငှါ အမဂ္ဂင်္ဂါနိ အစရှိသည်ကို မိန့်။

အမှာ။   ။အောက်၌ ဒွေပဉ္စဝိညာဉ်တို့၌ ဈာနင် မရှိခြင်းကို,အဟိတ်စိတ်တို့၌ မဂ္ဂင် မရှိခြင်းကို ဆိုအပ်သော်လည်း အောက်၌ ဈာနင် မရသော စိတ်တို့ကို အရာအစွမ်းဖြင့် ဆိုသည်၊ ဤ၌ ပသင်္ဂါဂတ အစွမ်းဖြင့် ဆိုသည်၊ မဂ္ဂင် မရသော စိတ်တို့ကို အောက်၌ ပသင်္ဂါဂတ, ဤ၌ အဓိကာရအစွမ်းဖြင့် ဆိုသောကြောင့် ပုနရုတ္တိဒေါသ မဖြစ်။

**မဂ္ဂင် ၄-ပါး ရသောစိတ်။** ။စတ္တာလီသာယ စိတ္တေသု၊ ဉာဏဝိပ္ပယုတ် ကာမာဝစရစိတ် တဆဲ့နှစ်ခု, ဒိဋ္ဌိဂတ-သမ္ပယုတ် စိတ်လေးခု, ပဉ္စမဈာန်ကြဉ်သော မဟဂ္ဂုတ်စိတ် နှစ်ဆဲ့လေးခု ဤလေးဆယ်သော စိတ်တို့၌။ ယော မဂ္ဂေါ၊ အကြင်မဂ်ကို။ လဗ္ဘတိ၊ ရအပ်၏။ သော မဂ္ဂေါ၊ ထိုမဂ်ကို။ စတုရင်္ဂိကော၊ ယှဉ်သင့်သည်အား၊ လျော်စွာ သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ၊ မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယာမ, မိစ္ဆာသမာဓိ၊ သမ္မာဒိဋ္ဌိ, သမ္မာ-ဝါယာမ, သမ္မာသတိ, သမ္မာသမာဓိနှင့် ယှဉ်ခြင်းကြောင့် လေးပါးသော အင်္ဂါရှိ၏ ဟူ၍။ မတော၊ ဟောတော်မူအပ်၏[၁]။

**မဂ္ဂင် ၅-ပါး ရသောစိတ်** ၁၂၂။ ပဉ္စဒသသု စိတ္တေသု၊ ဉာဏသမ္ပယုတ် ကာမာဝစရစိတ် တဆဲ့နှစ်ခု, လောကီ ပဉ္စမဈာန် စိတ်သုံးခု၊ ဤတဆဲ့ငါးခုသော စိတ်တို့၌။ ပဉ္စင်္ဂိကော၊ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ,သမ္မာသမာဓိ အစွမ်းဖြင့် ငါးပါးသော အင်္ဂါရှိသော။ မဂ္ဂေါ၊ မဂ်ကို။ မတော၊ ဟောတော်မူအပ်၏။

**မဂ္ဂင် ၇-ပါး ရသောစိတ်။** ။ဒွတ္တိံသစိတ္တေသု၊ ပဉ္စမဈာန် ကြဉ်သော လောကုတ္တရာစိတ် သုံးဆဲ့နှစ်ခု တို့၌။ သတ္တင်္ဂိကောပိ စ၊ သမ္မာသင်္ကပ္ပကိုကြည်၍ ခုနစ်ပါးသော အင်္ဂါရှိသည်လည်း ဖြစ်သော။ မဂ္ဂေါ၊ မဂ်ကို။ ဝုတ္တော၊ ဟောတော်မူအပ်၏။

**မဂ္ဂင် ၈-ပါး ရသောစိတ်** ၁၂၃။ အဋ္ဌသု စိတ္တေသု၊ ရှစ်ပါးသော လောကုတ္တရာ ပဉ္စမဈာန်စိတ်တို့၌။ အဋ္ဌင်္ဂိကော၊ ရှစ်ပါးသော အင်္ဂါရှိသော။ မဂ္ဂေါ၊ မဂ်ကို။ မတော၊ ဟောတော်မူအပ်၏။

ဧဝံ တု၊ ဤသို့လျှင်။ ဆဟိ ပကာရေဟိ၊ ခြောက်ပါးသော အပြားတို့ဖြင့်။ သဗ္ဗစိတ္တေသု၊ အလုံးစုံသော စိတ်တို့၌။ မဂ္ဂင်္ဂါနိ၊ မဂ္ဂင်တို့ကို။ သမုဒ္ဒိရေ=သမုဒ္ဒိရေယျ၊ ထုတ်ရာ၏။

---

၁။ (ဉာဏဝိပ္ပယုတ် ၁၂-ခု၌ သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ မဂ္ဂင်များ ယှဉ်သည်၊ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၌ မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယာမ, မိစ္ဆာသမာဓိ ၄-ပါး ယှဉ်သည်၊ ပဉ္စမဈာန်ကြဉ် မဟဂ္ဂုတ်စိတ် ၂၄-ပါး၌ သမ္မာဒိဋ္ဌိ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ မဂ္ဂင် ၄-ပါး ယှဉ်သည်။)

## စိတ်ကို ဗိုလ်[၁]အားဖြင့် ဝေဖန်ပြခြင်း

ဗိုလ် ၂-ပါး ရသောစိတ်များ ၁၂၄။ ဒွိစိတ္တေသု၊ ကြိယာ အဟိတ်မနော- ဝိညာဏဓာတ် စိတ်နှစ်ခုတို့၌။ ဒွေ ဗလာနိ[၂]၊ ဝီရိယ,သမာဓိအစွမ်းဖြင့် နှစ်ပါးသော ဗိုလ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဗိုလ် ၃-ပါး ရသောစိတ်များ။ ။ကေသုဉ္စိ၊ တခုသော ဝိစိကိစ္ဆာသဟဂုတ် စိတ်၌။ တီဏိ ဗလာနိ၊ ဝီရိယ,အဟိရိက, အနောတ္တပ္ပ အစွမ်းဖြင့် သုံးပါးသော ဗိုလ်တို့ကို။ ဒီပယေ၊ ပြရာ၏။

ဗိုလ် ၄-ပါး ရသောစိတ်များ။ ။ဧကာဒသသု၊ ဝိစိကိစ္ဆာ ကြဉ်သော တဆဲ့တခုသော အကုသိုလ်စိတ်တို့၌။ စတ္တာရိ ဗလာနိ၊ သမာဓိဗိုလ်, ရှေးဆိုပြီးသော ဗိုလ်သုံးပါးအစွမ်းဖြင့် လေးပါးသော ဗိုလ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဗိုလ် ၆-ပါး ရသောစိတ်များ။ ။ဒွါဒသသု၊ တဆဲ့နှစ်ခုသော ဉာဏဝိပ္ပ- ယုတ် ကာမာဝစရစိတ်တို့၌။ ဆ ဗလာနိ၊ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ဟိရီ, ဩတ္တပ္ပအစွမ်းဖြင့် ခြောက်ပါးသော ဗိုလ်တို့ကို။ နိဒ္ဒိသေ၊ ပြရာ၏။

ဗိုလ် ၇-ပါး ရသောစိတ်များ ၁၂၅။ ဧကူနသတိယာ၊ ဉာဏသမ္ပယုတ် ကာမာဝစရစိတ် တဆဲ့နှစ်ခု, မဟဂ္ဂုတ်စိတ် နှစ်ဆဲ့ခုနစ်ခု, လောကုတ္တရာစိတ် လေးဆယ်၊ ဤ တခုယုတ် ရှစ်ဆယ်သော စိတ်တို့၌။ သတ္တ ဗလာနိ၊ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ,ဟိရီ,ဩတ္တပ္ပအစွမ်းဖြင့် ခုနစ်ပါးသော ဗိုလ်တို့ကို။ နိဒ္ဒိသေ၊ ပြရာ၏။

ဗိုလ်မရသောစိတ်များ။ ။သောဠသေဝ၊ အဟိတ်ဝိပါက် တဆဲ့ငါးခု, ကြိယာမနောဓာတ် အာဝဇ္ဇန်း၊ ဤတဆဲ့ ခြောက်ခုသော စိတ်တို့သည်သာလျှင်။ အဗလာနိ တု၊ ဗိုလ်ကင်းသော စိတ်မည်ကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

---

၁။ (ဝီရိယသည် ဗိုလ်ကိစ္စတပ်ရာ၌ အဓိကအကြောင်းဖြစ်သည်။)

ကျမ်းတက် ၂။ ယခုအခါ ဗိုလ်နှင့်ယှဉ်သော စိတ်တို့ကို ပြလို သည်ဖြစ်၍ ဗလာနိ ဒွေ အစရှိသောပါဌ်ကို မိန့်သည်။

ဇဝံ၊ ဤသို့။ ပဋ္ဌဟိ ပကာရေဟိ၊ ငါးပါးသော အပြားတို့ဖြင့်။ သဗလံ၊ ဗိုလ်နှင့်တကွသော။ စိတ္တဉ္စ၊ စိတ်ကိုရင်း။ အဗလံ၊ ဗိုလ်ကင်းသော။ စိတ္တမ္ပိ စ၊ စိတ်ကိုရင်း။ ဝိညေယျံ၊ သိအပ်၏။

၁၂၆။ ယေသု စိတ္တေသု၊ အကြင်စိတ်တို့၌။ ယာနိ ဈာနင် မဂ္ဂင်-ဗလိန္ဒြိယာနိ၊ အကြင်ဈာနင်, မဂ္ဂင်, ဗိုလ်, ဣန္ဒြေတို့သည်။ ဇာယန္တိ၊ ဖြစ်ကုန်၏။ တေသု စိတ္တေသု၊ ထိုစိတ်တို့၌။ သဗ္ဗာနိ၊ ခပ်သိမ်းကုန်သော။ တာနိ ဈာနင် မဂ္ဂင် ဗလိန္ဒြိယာနိ၊ ထို ဈာနင်,မဂ္ဂင်,ဗိုလ်,ဣန္ဒြေတို့ကို။ မယာ၊ ငါသည်။ သမာသေန၊ အကျဉ်းအားဖြင့်။ သမုဒ္ဓရိတွာ၊ မရောမယှက် ထုတ်၍။ ဝုတ္တာနိ၊ ဆိုအပ်ကုန်ပြီ။

အဘိဓမ္မာဝတာရေ၊ အဘိဓမ္မာဝတာရကျမ်း၌။ စေတသိကဝိဘာဂ-နိဒ္ဒေသော နာမ၊ စေတသိကဝိဘာဂနိဒ္ဒေသမည်သော။ တတိယော၊ သုံးခု တို့၏ ပြည့်ကြောင်းဖြစ်သော။ ပရိစ္ဆေဒေါ၊ အပိုင်းသည်။ ဣတိ သမတ္တော၊ ဤတွင် ပြီးပြီ။

စေတသိကဝိဘာဂနိဒ္ဒေသ ပြီး၏။

# ၄-စတုတ္ထပရိစ္ဆေဒ

## ၄-ဧကဝိဓာဒိနိဒ္ဒေသ

**စိတ်ကို ဧကနည်းစသည်ဖြင့် ဝေဖန်ပြခြင်း** ၁၂၇။ ဣတော၊ ဤတတိယပရိစ္ဆေဒမှ။ ပရံ၊ နောက်၌။ အာဘိဓမ္မိကာဘိက္ခုနံ၊ အဘိဓမ္မာကို သင်ကုန်သော ရဟန်းတို့၏။ ဝါ၊ ရဟန်းတို့အား။ ဗုဒ္ဓိယာ၊ ပညာကို။ ဝုဍ္ဎိယာ၊ ပွါးခြင်းငှါ။ [ပါဠိ၌ ဝုဒ္ဓိယာ ဟုရှိ၏ အနက်တူ] ဧကဝိဓာဒိကံ၊ ဧကဝိဓ အစရှိသော။ နယံ၊ နည်းကို။ အဟံ၊ ငါသည်။ ပဝက္ခာမိ၊ ဟောအံ့။

**ဧကနည်း** ၁၂၈။ သဗ္ဗံ၊ အလုံးစုံသော။ စိတ္တံ၊ စိတ်သည်။ ဝိဇာနနသဘာဝတော၊ အာရုံကို သိခြင်းသဘောရှိသည်၏ အဖြစ်ကြောင့်။ ဧကဝိဓံ၊ တပါးသော အဘို့ရှိသည်။ ဘဝေ၊ ဖြစ်၏။

**ဒွိကနည်း။** ။စိတ္တံ၊ စိတ်သည်။ အဟေတုက သဟေတုတော၊ အဟိတ်, သဟိတ်အားဖြင့်။ ဒုဝိဓဉ္စ၊ နှစ်ပါး အပြားရှိသည်လည်း။ ဘဝေ၊ဖြစ်၏။

## စိတ်ကို ဟိတ်အားဖြင့် ဝေဖန်ပြခြင်း

**အဟိတ်စိတ် ၁၈-ပါး** ၁၂၉။ ကာမေ၊ ကာမဘုံ၌။ ဒသ စ ပဉ္စ စ၊ တဆဲ့ငါးခုကုန်သော။ ပုညာပုညဝိပါကာ စ၊ ကုသလဝိပါက် အကုသလဝိပါက်တို့ရင်း။ တိဿော၊ သုံးခုကုန်သော။ ကြိယာ စ၊ ကြိယာတို့ရင်း။ ဣတိ၊ ဤသို့။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ အဋ္ဌာရသ၊ တဆဲ့ရှစ်ခုသော စိတ်တို့သည်။ အဟေတုကာ၊ အဟိတ်စိတ် မည်ကုန်၏။

**သဟိတ်စိတ် ၇၁-ပါး** ၁၃၀။ သေသာနိ၊ ကြွင်းကုန်သော။ ဧကသတ္တတိ စိတ္တုပ္ပါဒါ၊ ခုနစ်ဆဲ့တခုသော စိတ်တို့ကို။ သဟေတုကာတိ၊ သဟိတ်စိတ်တို့ဟူ၍။ တာဒိနာ၊ လာဘ အလာဘ အစရှိသည်တို့၌ မဖောက်ပြန်သော သဘောရှိတော်မူသော။ ဟေတုဝါဒိနာ၊

ကုသိုလ် အကုသိုလ် အဗျာကတဟိတ်တို့ကို ဟောခြင်း၌ လိမ္မာတော်မူသော။ ဝါ၊ ထိုထို ပစ္စယုပ္ပန် တရားတို့၏ ထိုထို ပစ္စည်း တရားတို့ကို ဟောတော်မူတတ်သော။ မဟေသိနာ၊ မြတ်စွာဘုရားသည်။ နိဒ္ဒိဋ္ဌာ၊ ပြတော်မူအပ်ကုန်၏။

**တိကနည်း** ၁၃၁။ သဝတ္ထုကာဝတ္ထုကတော စ၊ ဆဝတ္ထုနှင့် တကွဖြစ်သော, ဆဝတ္ထုနှင့်တကွ မဖြစ်သော အဖြစ်အားဖြင့်ရင်း။ တထာ၊ ထိုမှတပါး။ ဉဘယဝသေန စ၊ ဝတ္ထုနှင့်တကွဖြစ်, မဖြစ် နှစ်ပါးစုံတို့၏ အစွမ်းအားဖြင့်ရင်း။ ဝုတ္တပ္ပကာရံ၊ ဆိုအပ်ပြီးသော အပြားရှိသော။ သဗ္ဗံ တု၊ အလုံးစုံသာလျှင်ဖြစ်သော။ မာနသံ၊ စိတ်သည်။ တိဝိဓံ၊ သုံးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

## စိတ်ကို ဝတ္ထုအားဖြင့် ဝေဖန်ပြခြင်း

**သဝတ္ထုကစိတ် ၄၃-ပါး** ၁၃၂။ သဗ္ဗော ကာမော ဝိပါကော စ၊ သဟိတ် အဟိတ်အားဖြင့် ပြားသော အလုံးစုံ နှစ်ဆဲ့သုံးခုသော ကာမဝိပါက်ရင်း။ ရူပေ၊ ရူပဘုံ၌။ ပဉ္စဒသာပိ စ၊ တဆဲ့ငါးခုသော စိတ်တို့ရင်း။ အာဒိမဂ္ဂေါ စ၊ သောတာပတ္တိမဂ်ရင်း။ ဟသိတုပ္ပါဒေါ စ၊ ဟသိတုပ္ပါဒ်ရင်း။ ကြိယာ မနောဓာတုပိ စ၊ ကြိယာမနောဓာတ်ရင်း။

၁၃၃။ ဒေါမနဿဒွယဉ္စာပိ၊ ဒေါမနဿသဟဂုတ်နှစ်ခုတို့၏ အပေါင်းရင်း။ ဣတိ၊ ဤသို့။ တေစတ္တာလီသ မာနသာ၊ လေးဆဲ့သုံးခုသော စိတ်တို့သည်။ ယသ္မာ၊ အကြင့်ကြောင့်။ ဝတ္ထုံ၊ ဝတ္ထုကို။ ဝိနာ၊ ကြဉ်၍။ နုပ္ပဇ္ဇန္တိ၊ မဖြစ်ကုန်။ တသ္မာ၊ ထိုကြောင့်။ ကေဝလ္လေန၊ စင်စစ်အားဖြင့်။ သဝတ္ထုကာ၊ ဝတ္ထုနှင့်တကွ ဖြစ်ကုန်၏။

**အဝတ္ထုကစိတ် ၄-ပါး** ၁၃၄။ အရူပါဝစရဝိပါကာ စ၊ အရူပါဝစရဝိပါက်တို့သည်ကား။ ကေဝလ္လေန၊ စင်စစ်အားဖြင့်။ အဝတ္ထုကာ၊ ဝတ္ထုနှင့်တကွ မဖြစ်ကုန်။

**သဝတ္ထုက, အဝတ္ထုကစိတ် ၄၂-ပါး။** ။သေသာနိ၊ ကြွင်းကုန်သော။ ဒွါစတ္တာလီသ စိတ္တာနိ၊ မနောဒွါရာဝဇ္ဇန်း, ကုသိုလ် ကြိယာအစွမ်းဖြင့် ကာမာဝ္စရစိတ် တဆဲ့ခြောက်ခု,

ကုသိုလ်ကြိယာ အစွမ်းဖြင့် အရူပါဝစရစိတ်ရှစ်ခု, သောတာပတ္တိမဂ် ကြဉ်သော လောကုတ္တရာစိတ် ခုနစ်ခု, ဒေါသမူဒွေးကြဉ်သော အကုသိုလ်တဆယ်၊ ဤလေးဆဲ့နှစ်ခုသော စိတ်တို့သည်။ ဥဘယထာ၊ ဝတ္ထုနှင့်တကွ ဖြစ်,မဖြစ် နှစ်ပါးစုံအားဖြင့်။ သိယုံ၊ ဖြစ်ကုန်၏။

## စိတ်ကို အာရုံဖြင့် ဝေဖန်ပြခြင်း

၁၃၅။ ကေကာရမ္မဏံ၊ ရူပါရုံ အစရှိသည်တို့တွင် တပါးပါးသော အာရုံရှိသော။ စိတ္တဥ္စ၊ စိတ်ရင်း။ ပဥ္စာရမ္မဏမေဝ စ၊ ငါးပါးသော အာရုံရှိသော စိတ်ရင်း။ ဆဋ္ဌာရမ္မဏကဥ္စ၊ ခြောက်ပါးသော အာရုံရှိသော စိတ်ရင်း။ ဣတိ ဧဝံပိ၊ ဤသို့သည်း။ စိတ္တံ၊ စိတ်သည်။ တိဝိဓံ၊ သုံးပါး အပြားရှိသည်။ သိယာ၊ ဖြစ်ရာ၏။

**အာရုံတပါးရှိသောစိတ်**　၁၃၆။ ဒွေ ပဥ္စဝိညာဏာနိ စ၊ ဒွေပဥ္စဝိညာဉ် တဆယ်တို့ရင်း။ အဋ္ဌ၊ ရှစ်ပါးကုန်သော၊ လောကုတ္တရာနိပိ စ၊ လောကုတ္တရာစိတ်တို့ရင်း။ အဘိညာမာနသံ၊ အဘိညာဉ် စိတ်ကို။ ဌပေတွာ၊ ထား၍။ သဗ္ဗံ၊ အလုံးစုံသော။ မဟဂ္ဂတစေတော၊ မဟဂ္ဂုတ် စိတ်(၂၅-ပါး)ရင်း။

၁၃၇။ ဣတိ၊ ဤသို့။ တေစတ္တာလီသ၊ လေးဆဲ့သုံးခုသော စိတ်တို့ကို။ ကေကာရမ္မဏာ၊ တပါး တပါးသော အာရုံရှိကုန်၏ ဟူ၍။ ဝိညေယျာ၊ သိအပ်ကုန်၏[၁]။

**အာရုံ ၅-ပါးရှိသောစိတ်။**　။တတ္ထ၊ ထိုစိတ်တို့တွင်။ မနောဓာတုတ္တယံ၊ မနောဓာတ်သုံးခုတို့၏ အပေါင်းကို။ ပဥ္စာရမ္မဏံ၊ ငါးပါးသော အာရုံရှိ၏ဟူ၍။ ဤရိတံ၊ ဟောအပ်၏။

---

၁။ (စက္ခုဝိညာဉ်ဒွေးစသော ပဥ္စဝိညာဉ်စိတ်တို့သည် အသီးအသီး ရူပါရုံစသည်ကို အာရုံပြုကြသည်။ အဘိညာဉ်ဒွေးကြဉ်မဟဂ္ဂုတ်စိတ် ၂၅-ပါးနှင့် လောကုတ္တရာစိတ် ၈-ပါး တို့သည် ဓမ္မာရုံကိုသာ အာရုံပြုကြသည်။ ရူပကုသိုလ်, ကြိယာပဉ္စမဈာန်စိတ်ပင် ဖြစ်သော အဘိညာဉ်ဒွေးကို အာရုံ ၆-ပါးလုံးကို အာရုံပြုသောကြောင့် ကြဉ်ထားသဖြင့် မဟဂ္ဂုတ် စိတ်မှာ ၂၅-ပါးဖြစ်သည်၊ သို့ဖြစ်၍ အာရုံ ၁-ပါးကို အာရုံပြုသောစိတ်မှာ ၄၃-ပါးသာဖြစ် သည်ဟု ဆိုလိုသည်။ ရင်းဋီကာသစ်၊ပ၊နှာ ၃၄၁။)

**အာရုံ ၆-ပါးရှိသောစိတ်** ၁၃၈။ ဿသာနိ၊ ကြွင်းကုန်သော။ ဝေ- စတ္တာလီသ၊ လေးဆဲ့သုံးခုသော စိတ်တို့ကို။ ဆဋ္ဌာရမ္မဏိကာ၊ ခြောက်ပါးသော အာရုံရှိကုန်၏ ဟူ၍။ မတာ၊ ဟောာအပ်ကုန်၏။

**စိတ်ကို ကုသိုလ် စသည်ဖြင့် ဝေဖန်ခြင်း** တထာ၊ ထို့အတူ။ စိတ္တံ၊ စိတ်သည်။ ကုသလာကုသလာဒိတော၊ ကုသိုလ် အကုသိုလ် အစရှိသောအားဖြင့်။ တိဝိဓံ၊ သုံးပါးအပြားရှိ၏။

**စတုက္ကနည်း** ၁၃၉။ အဟေတုံ စ၊ အဟိတ်စိတ်ရင်း။ ကေဟေတုဥ္စ၊ ကေ ဟိတ်စိတ်ရင်း။ ဒွိဟေတုဥ္စ၊ ဒွိဟိတ်စိတ်ရင်း။ တိဟေတုကဉ္စ၊ တိဟိတ်စိတ်ရင်း။ ဧဝံ၊ ဤသို့။ စိတ္တံ၊ စိတ်သည်။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝိဘာဝိနာ၊ ပညာ ရှိသောသူသည်။ ဝိညာတဗ္ဗံ၊ သိအပ်၏။

## စိတ်ကို ဟိတ်အားဖြင့် ဝေဖန်ပြခြင်း

**အဟိတ်စိတ် ၁၈-ပါး** ၁၄၀။ ဟေဋ္ဌာ၊ အောက်၌။ မယာ၊ ငါသည်။ ဝိနိဒ္ဒိဋ္ဌာ[၁]၊ ပြအပ်ကုန်သော။ အဋ္ဌာရသ၊ တဆဲ့ရှစ်ပါးသော စိတ်တို့သည်။ အဟေတုကာ၊ အဟိတ်စိတ်မည်ကုန်၏။

**ကေဟိတ်စိတ် ၂-ပါး။** ။ဝိစိကိစ္ဆုဒ္ဓစ္စသံယုတ္တံ၊ ဝိစိကိစ္ဆာ, ဥဒ္ဓစ္စနှင့်ယှဉ် သောစိတ်ကို။ ကေဟေတုံ၊ ကေဟိတ်စိတ်ဟူ၍။ ဥဒီရိတံ၊ ဆိုအပ်၏။

**ဒွိဟိတ်စိတ် ၂၂-ပါး** ၁၄၁။ ပုညဝိပါကကြိယတော၊ ဉာဏဝိပ္ပယုတ် ကုသိုလ်, ဝိပါက်, ကြိယာအားဖြင့်။ ကာမေ၊ ကာမဘုံ၌။ ဒွါဒသဓာ စ၊ တဆဲ့နှစ်ပါး အပြားရှိကုန်သောစိတ်တို့ ရင်း။ ဒသဓာ၊ ဆယ်ပါးအပြားရှိကုန်သော။ အကုသလာ စ၊ မောဟမူဒွေး

---

၁။ (မယာပိ နိဒ္ဒိဋ္ဌာ ဟု ဆဋ္ဌမူရှိသည်၊ မယာ၊ ငါသည်။ နိဒ္ဒိဋ္ဌာပိ၊ ပြအပ်သည်လည်း ဖြစ်ကုန်သော။ ပေး။ အဟိတ်စိတ် ၁၈-ပါးကို ဤကျမ်းနှာ ၁၇၉-ပိုဒ် ၁၂၉-၌ ကြည့်။)

ကြဉ်သော အကုသိုလ်စိတ်တို့ရင်း။ ဣတိ၊ ဤသို့။ ဗာဝီသတိ၊ နှစ်ဆဲ့နှစ်ပါးသော စိတ်တို့သည်။ ဒုဟေတုကာ၊ ဒုဟိတ်စိတ် မည်ကုန်၏။

**တိဟိတ်စိတ် ၄၇-ပါး** ၁၄၂။ ပုညဝိပါကကြိယတော၊ (ဉာဏသမ္ပယုတ်) ကုသိုလ်, ဝိပါက်, ကြိယာအားဖြင့်။ ကာမေ၊ ကာမဘုံ၌။ ဒွါဒသဓာ စ၊ တဆဲ့နှစ်ပါး အပြားရှိကုန်သော စိတ်တို့သည်ရင်း။ သဗ္ဗံ၊ အလုံးစုံသော။ မဟဂ္ဂတဒွေဝ၊ မဟဂ္ဂုတ်စိတ်သည်ရင်း။ အပ္ပမာဏဥ္စ၊ လောကုတ္တရာစိတ်သည်ရင်း။ တိဟေတုကံ၊ တိဟိတ်စိတ်မည်၏။

**ရုပ်, ဣရိယာပုထ်, ဝိညတ်တို့ကို ဖြစ်စေသောအားဖြင့် စိတ်ကို ဝေဖန်ခြင်း**

**စိတ် ၄-မျိုးပြားပုံ** ၁၄၃။ ရူပိ'ရိယာပထ ဝိညတ္တိ ဇနကာ'ဇနကာဒိတော၊ ရုပ်, ဣရိယာပုထ်, ဝိညတ်ကို ဖြစ်စေတတ်, မဖြစ်စေတတ်သောစိတ် အစရှိသောအားဖြင့်။ ဝေဥ္စာပိ၊ ဤသို့လည်း။ သဗ္ဗံ၊ အလုံးစုံသော။ တံ စိတ္တံ၊ ထိုစိတ်သည်။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ ["ဝေဥ္စာဒိမှ တံ"ရှိလျှင် အာဒိမှ၊ အစ၌။ နိက္ခိတ္တံ၊ ထားအပ်သော။ စိတ္တံ၊ စိတ်သည်။ ဝေဥ္စ၊ ဤသို့လျှင်။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိသည်။ ပေး။] (ရင်းဋီကာသစ်၊ပ၊နှာ-၃၄၂)

**ရုပ်စသည် ၃-ပါးကို ဖြစ်စေသောစိတ် ၃၂-ပါး** ၁၄၄။ တတ္ထ၊ ထိုရုပ်ကို ဖြစ်စေတတ်သော စိတ် အစရှိသည် တို့တွင်။ ဒွါဒသ၊ တဆဲ့နှစ်ခုကုန်သော။ အကုသလာ စ၊ အကုသိုလ်စိတ်ဘို့ရင်း။ ကာမဓာတုယာ၊ ကာမဘုံ၌။ ကုသလာ စ၊ ကုသိုလ်စိတ် ၈-ခုတို့ရင်း။ တထာ၊ ထိုမှတပါး။ ကာမေ၊ ကာမဘုံ၌။ ဒသ ကြိယာ စ၊ မနောဓာတ်ကြဉ်သော တဆယ်သော ကြိယာစိတ်တို့ရင်း။ အဘိညာမာနသံ ဒွယဥ္စ၊ အဘိညာဉ်စိတ်နှစ်ခုတို့၏ အပေါင်းရင်း။

၁၄၅။ ဣမေ ဒွတ္တိံသ မာနသာ၊ ဤသုံးဆဲ့နှစ်ခုသော စိတ်တို့သည်။ ရူပါနိ စ၊ ရုပ်တို့ကိုလည်း။ သမုဋ္ဌာပေန္တိ၊ ဖြစ်စေကုန်၏။ ဣရိယာပထဥ္စ၊ ဣရိယာပုထ်ကိုလည်း။ ကပ္ပေန္တိ၊ ခိုင်စေကုန်၏။ ဝိညတ္တိံ စ၊ ဝိညတ်ကိုလည်း။ ဇနယန္တိ၊ ဖြစ်စေကုန်၏။

**ရုပ်, ဣရိယာပုထ် ခိုင်ခံ့ခြင်းကို ဖြစ်စေသောစိတ် ၂၆-ပါး**

၁၄၆။ ကုသလာ စ၊ ကုသိုလ်လည်း ဖြစ်ကုန်သော။ ကြိယာ စေဝ၊ ကြိယာလည်း ဖြစ်ကုန်သော။ မဟဂ္ဂတ မာနသာ စ၊ မဟဂ္ဂုတ်စိတ် ၁၈-ခုတို့ရင်း။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ အနာသဝစိတ္တာနိ စ၊ လောကုတ္တရာစိတ်တို့ရင်း။ ဣတိ၊ ဤသို့။ တေဆဗ္ဗီသတိ မာနသာ၊ ထို နှစ်ဆဲ့ခြောက်ခုသော စိတ်တို့သည်။

၁၄၇။ ရူပါနိ၊ ရုပ်တို့ကို။ သမုဋ္ဌာပေန္တိ၊ ဖြစ်စေကုန်၏။ ဣရိယာပထံ၊ ဣရိယာပုထ်ကို။ ကပ္ပေန္တိ၊ ခိုင်စေကုန်၏။ စောပနံ၊ လှုပ်ခြင်းသို့။ န စ ပါပေန္တိ၊ မရောက်စေကုန်။ ဝါ- စောပနံ န စ ပါပေန္တိ၊ ဝိညတ်ကိုမဖြစ်စေကုန်။ ဣမေ၊ ဤနှစ်ဆဲ့ခြောက်ခုသော စိတ်တို့သည်။ ဒွိကိစ္စာ နိယတာ၊ (ရုပ်ကို ဖြစ်စေခြင်း, ဣရိယာပုထ်ကို ခိုင်းစေခြင်းဟူသော) နှစ်ပါးသောကိစ္စ၌ မြဲကုန်၏။

**ရုပ်ကိုသာ ဖြစ်စေသောစိတ်၁၉-ပါး**

၁၄၈။ ဒသဝိညာဏော၊ စက္ခု အစရှိသော တဆယ်သော ဝိညာဉ်တို့ကို။ ဌပေတွာ။ ထား၍။ ဒွိသု၊ နှစ်ပါးကုန်သော။ ဘူမိသု၊ ကာမဘုံ, ရူပဘုံတို့၌။ ဝိပါကာ စ၊ မနောဓာတ်နှစ်ခု, သန္တီရဏသုံးခု, မဟာဝိပါက်စိတ် ရှစ်ခု, ရူပဝိပါက်ငါးခု၊ ဤတဆဲ့ရှစ်ခုသော ဝိပါက်စိတ်တို့ရင်း။ ကြိယာ မနောဓာတု စေဝ၊ ကြိယာမနောဓာတ် ပဉ္စဒွါရာဝဇ္ဇန်းစိတ်ရင်း။ ဣမာနိ ဧကူနဝီသတိ၊ ဤတခုယုတ် နှစ်ဆယ်သော စိတ်တို့သည်။

၁၄၉။ ရူပါနိ၊ ရုပ်တို့ကို။ သမုဋ္ဌာပေန္တိ၊ ဖြစ်စေကုန်၏။ ဣတရဒွယံ၊ ဤမှတပါးသော ဣရိယာပုထ်, ဝိညတ်နှစ်ခုတို့၏ အပေါင်းကို။ န ကရောန္တိ၊ မပြုကုန်။

**ရုပ်စသည်ကို မဖြစ်စေသောစိတ် ၁၆-ပး။**

။ပုန၊ တဖန်။ ဒွေပဉ္စဝိညာဏာ စ၊ ဒွေပဉ္စဝိညာဉ်တို့ရင်း။ အရူပီသု၊ အရူပဘုံတို့၌။ ဝိပါကာ စ၊ ဝိပါက်တို့ရင်း။

၁၅၀။ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သောသူတို့၏။ သန္ဓိစိတ္တဉ္စ၊ ပဋိသန္ဓေစိတ်ရင်း။ အရဟတော၊ ရဟန္တာ၏။ စုတိစိတ္တဉ္စ၊ စုတိစိတ်ရင်း။ ဣမေ သောဠသ မာနသာ၊ ဤတဆဲ့ခြောက်ခုသော စိတ်တို့သည်။ တိကိစ္စာနိ၊

(ရုပ်, ဣရိယာပုထ်, ဝိညတ်ဟူသော)သုံးပါးသော ကိစ္စတို့ကို။ န ကရောန္တိ မပြုကုန်[၁]။

ပဉ္စကနည်း　၁၅၁။ ကေဒ္ဒိတိစတုဋ္ဌာနံ=ကေဒ္ဒိတိစတုဋ္ဌာနတ္တာ၊ တကိစ္စ, နှစ်ကိစ္စ,သုံးကိစ္စ,လေးကိစ္စရှိသည်၏ အဖြစ်ကြောင့်။

ပဉ္စဋ္ဌာနာနံ၊ ငါးကိစ္စရှိကုန်သော စိတ်တို့၏။ [ဋ္ဌာနန္တိ စ ဣဓ ကိစ္စမဓိပ္ပေ-တံ]ဘေဒတော[၂]၊ အပြားအားဖြင့်။ စိတ္တံ၊စိတ်ကို။ပဉ္စဓာ၊ ငါးပါးအပြားရှိ၏

---

၁။ (စျာနင်နှင့်မယှဉ်သဖြင့် စိတ်အင်္ဂါအားနည်းရကား ဒွေးပဉ္စဝိညာဉ် ၁၀-သည် ရုပ်ကို မဖြစ်စေနိုင်။

ဝိတက်စသော စျာနင်ရှိသော စိတ်သည် အာရုံကို အပေါ်ယံ သမ်ကာ လျှံကာ မဟုတ်ပဲ စူးစူးစိုက်စိုက် အာရုံပြုသည်၊ စျာနင်ရှိမှုစျာနသတ္တိကြောင့် စိတ်အားကောင်းသည်။

ဒွေးပဉ္စဝိညာဉ်၌ စျာနင်မရှိသဖြင့် စိတ်အင်္ဂါ အားနည်းသည်၊ ထို့ကြောင့် ဒွေးပဉ္စ ဝိညာဉ် ၁၀-သည် ရုပ်ကို မဖြစ်စေနိုင်။

အရူပဝိပါက်စိတ် ၄-ပါးသည် ရုပ်ကို စက်ဆုပ်သော ရူပဝိရာဂ-အရူပကုသိုလ်စျာန် ဘာဝနာကြောင့် ဖြစ်ရသည်၊ ထိုအရူပဝိပါက်၏ အကြောင်းဖြစ်သော အရူပကုသိုလ်စျာန် သည် ရုပ်၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့်၎င်း, အရူပဝိပါက်စိတ် ၄-ခုသည် ရုပ်မရှိသော အရူပဘုံ၌သာဖြစ်သောကြောင့်၎င်း အရူပဝိပါက်စိတ် ၄-ပါးသည် ရုပ်ကို မဖြစ်စေနိုင်။

မိမိနှင့်အတူတကွဖြစ်သော ဟဒယဝတ္ထုရုပ်၏အားနည်းခြင်း,ကံပစ်ချ၍ ဘဝသစ်၌ ဖြစ်ခါ စမို့ တည်တည်တံ့တံ့ မရှိသေး၍ ရုပ်၏ အမှီသဟဲ မဖြစ်နိုင်ခြင်း, ပုရေဇာတစသော ပစ္စည်း အထောက်အပံ့ ချို့တဲ့ခြင်း, ဘဝသစ်၌ ရောက်ခါစ အာဂန္တုကမျှသာဖြစ်ခြင်း, အတူဖြစ် ဘက် ကမ္မဇရုပ်များက စိတ္တဇရုပ်တို့၏ တည်ဘို့ရာအကြောင်းကို ယူထားခြင်း၊ ဤအကြောင်း တို့ကြောင့် ပဋိသန္ဓေစိတ်သည် ရုပ်ကို မဖြစ်စေနိုင်။

ဝဋ်မြစ်ပြတ်ပြီးသော ပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်၍ အလွန်ငြိမ်သက်သောကြောင့်၎င်း အဝိဇ္ဇာ, တဏှာ တည်းဟူသော ဝဋ်မြစ်ပြတ်ပြီးဖြစ်၍ ဘဝသစ်၌ ရုပ် အဆက်အသွယ် မရှိ သောကြောင့်၎င်း ရဟန္တာတို့၏ စုတိစိတ်သည် ရုပ်ကို မဖြစ်စေနိုင်။

ဣရိယာပုထ်, ဝိညတ်တို့ကို မဖြစ်ရာ၌လည်း ဤနည်းအတိုင်း သိပါလေ၊ အကျယ်ကို ၎င်း ဋီကာသစ်၊ပါနှာ-၃၄၂-၄။ အဘိ၊ဋ္ဌ၊၁၊၃၆၂။ အဘိ၊ဋ္ဌ၊၂။ ၂၂-တို့၌ ကြည့်ရှုပါ။)

၂။ ("ကေဒ္ဒိတိစတုဋ္ဌာန ပဉ္စဋ္ဌာနပဘေဒတော" ဟု ဆင့်မှု၌ရှိသည်၊) ဋီကာဟောင်း အလို ဆင့်မှု အဋ္ဌကထာအတိုင်း သမာသ်ပုဒ်တပုဒ်တည်းသာ ဖြစ်သည်၊ ဋီကာသစ်အလိုမူ သမာသ်ပုဒ်တပုဒ်တည်း မဟုတ်ပဲ ကေဒ္ဒိတိစတုဋ္ဌာနံတပုဒ်, ပဉ္စဋ္ဌာနပဘေဒတော တပုဒ်ဟူ၍ ဝါကျအနေဖြင့် နှစ်ပုဒ်ရှိရမည်၊ နိဿယဆရာသည် ဋီကာသစ်ဝါဒသို့လိုက်၍ အနက်ပြန်ဆို ထားသည်၊ ဋီကာဟောင်း, ဋီကာသစ်ဝါဒ ၂-မျိုးတွင် ဋီကာဟောင်းဝါဒက အဓိပ္ပါယ်ပေါ် လွင် ဖြောင့်စင်းသည်၊ ဋီကာဟောင်းအလို အနက်ပေးမှု ကေဒ္ဒိတိ စတုဋ္ဌာနပဉ္စဋ္ဌာနပဘေ-ဒတော၊ တကိစ္စ, နှစ်ကိစ္စ, သုံးကိစ္စ, လေးကိစ္စ, ငါးကိစ္စရှိသောစိတ်တို့၏ အပြားအားဖြင့်-ဟု အနက်ပြန်ဆိုရမည်။)

ဟူ၍။ ပဉ္စ နိမ္မလလောစနော၊ အညစ်အကြေးကင်းသော ငါးပါးသော မျက်စိရှိတော်မူသော မြတ်စွာဘုရားသည်။ အက္ခာသိ၊ ဟောတော်မူပြီ။

အမှာ။ ။မံသစက္ခု၊ဒိဗ္ဗစက္ခု၊ဉာဏစက္ခု၊ ဗုဒ္ဓစက္ခု၊သမန္တစက္ခုဝသေန ပဉ္စ နိမ္မလာနိ လောစနာနိ ဧတဿာတိ ပဉ္စနိမ္မလ လောစနော ပြု။

## စိတ်ကို ကိစ္စ,ဌာနအားဖြင့် ဝေဖန်ပြခြင်း

**တကိစ္စ တဋ္ဌာန တပ်သော စိတ် ၆၈-ပါး**

၁၅၂။ သဗ္ဗေ၊ခပ်သိမ်းကုန်သော။ကုသလာ-ကုသလာ စိတ္တုပ္ပါဒါ စ၊ ကုသိုလ် အကုသိုလ် စိတ် ၃၃-ပါးတို့ရင်း။ မဟာကြိယာ စ[၁]၊ ဟသိတုပ္ပါဒ်နှင့် မဟာကြိယာစိတ်တို့ရင်း။ မဟဂ္ဂတာ ကြိယာ စေဝ၊ မဟဂ္ဂုတ်ကြိယာစိတ်တို့ရင်း။ စတ္တာရော၊လေးပါးကုန်သော။ ဖလမာနသာ စ၊ ဖိုလ်စိတ်တို့ရင်း။

၁၅၃။ သဗ္ဗေ၊ အလုံးစုံသာလျှင်ဖြစ်ကုန်သော။ ဣမေ ပဉ္စပညာသ၊ ဤ ငါးဆဲ့ငါးခုသော စိတ်တို့ကို။ ဇဝနဋ္ဌာနတောယေဝ၊ ဇောကိစ္စ အားဖြင့်သာလျှင်။ ဧကဋ္ဌာနေ၊ တခုသောကိစ္စ၌။ နိပ္ပပဉ္စေန၊ ရာဂအစရှိသော ပပဉ္စ ကင်းတော်မူသော။ သတ္ထုနာ၊မြတ်စွာဘုရားသည်။နိယာမိတာ၊ ဟောတော်မူအပ်ကုန်၏။

၁၅၄။ ပုန၊ တဖန်။ ဒွေပဉ္စဝိညာဏာ၊ ဒွေပဉ္စဝိညာဉ်တို့ကို။ ဒဿနေ စ၊ ဒဿနကိစ္စ၌ရင်း။ သဝနေ စ၊ သဝနကိစ္စ၌ရင်း။ တထာ၊ ထိုမှတပါး။ ဃာယနေ စ၊ ဃာယနကိစ္စရင်း။ သာယနဋ္ဌာနေ စ[၂]၊ သာယနကိစ္စ၌ရင်း။ ဖုသနေ စ၊ ဖုသနကိစ္စ၌ရင်း။ ပဋိပါဋိယာ၊ အစဉ်အတိုင်း။ နိယာမိတာ၊ ဟောတော်မူအပ်ကုန်၏။

၁၅၅။ မနောဓာတုတ္တိကံ၊ မနောဓာတ်သုံးခုတို့၏ အပေါင်းကို။ အာဝဇ္ဇနေ ဌာနေ စ၊ အာဝဇ္ဇန်းကိစ္စ၌ရင်း။ ပဋိစ္ဆနေ ဌာနေ စ၊ သမ္ပဋိစ္ဆိုင်းကိစ္စ၌ရင်း။ နိယာမိတံ၊ ဟောတော်မူအပ်၏။ဧတေ အဋ္ဌ သဋ္ဌိ၊ ဤခြောက်ဆဲ့ ရှစ်ခုသော စိတ်တို့သည်။ ဧကဋ္ဌာနိကတံ၊ တကိစ္စရှိသည်၏အဖြစ်သို့။ ဂတာ၊ ရောက်ကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

---

၁။ (မဟာကြိယာပါဠ်ဖြင့် ရဟန္တာသန္တာန်၌ဖြစ်သောစိတ်ချည်းဖြစ်၍ ဟသိတုပ္ပါဒ်နှင့် မဟာကြိယာစိတ်တို့ကို ယူ။)

၂။ (သာယနေ ဌာနေ ဟု ဆင့်မူ၌ ရှိသည်။)

၂-ကိစ္စ ၂-ဌာန တပ်သောစိတ် ၂-ပါး ၁၅၆။ ပုန၊ တဖန်၊ စိတ္တဒွယံ၊ စိတ်နှစ်ခုတို့၏ အပေါင်းကို။ ဒွိဋ္ဌာနိကံ နာမ၊ နှစ်ကိစ္စရှိသော စိတ်မည်၏ဟူ၍။ ဉဒီရိတံ၊ ဟောအပ်၏။ သောမနဿယုတ္တံ[1]၊ သောမနဿနှင့်ယှဉ်သော သန္တီရဏသည်။ ပဉ္စဒွါရေ၊ ပဉ္စဒွါရ၌။ သန္တီရဏံ၊ သန္တီရဏကိစ္စသည်။ သိယာ=ဘဝေယျ၊ ဖြစ်ရာ၏။

၁၅၇။ ဆဒွါရေ၊ ခြောက်ဒွါရ၌။ ဗလဝါရမ္မဏေ၊ အတိမဟန္တာရုံသည်[2]။ (အလွန်အားကြီး ထင်ရှားသော အာရုံသည်) သတိ၊ ရှိသော်။ တဒါရမ္မဏံ၊ တဒါရုံသည်။ သိယာ=ဘဝေယျ၊ ဖြစ်ရာ၏။ တထာ၊ ထို့အတူ။ ဝေါဋ္ဌဗ္ဗနံ၊ ဝုဋ္ဌောစိတ်သည်။ ပဉ္စဒွါရေသု၊ ပဉ္စဒွါရတို့၌။ ဝေါဋ္ဌဗ္ဗော၊ ဝုဋ္ဌောကိစ္စသည်။ ဟောတိ၊ ဖြစ်၏။

၁၅၈။ မနောဒွါရေသု၊ မနောဒွါရတို့၌။ သဗ္ဗေသံ၊ ကာမ,ရူပ,အရူပဘုံ၌ ဖြစ်ကုန်သော အလုံးစုံသော သတ္တဝါတို့အား။ အာဝဇ္ဇနံ ပန၊ အာဝဇ္ဇန်းကိစ္စသည်။ ဟောတိ၊ ဖြစ်၏။ ဣဒံ စိတ္တဒွယံ၊ ဤစိတ်နှစ်ခုတို့၏ အပေါင်းသည်။ ဒွိဋ္ဌာနိကံ နာမ၊ နှစ်ကိစ္စရှိသော စိတ်မည်သည်။ ဟောတိ၊ ဖြစ်၏။

---

အမှာ ၁။ သောမနဿယုတ္တသန္တီရဏံ ပဉ္စဒွါရေ သန္တီရဏံ သိယာ-ဆိုအပ်လျက် သန္တီရဏဟူ၍ အရာအားဖြင့်သာ ရအပ်သောကြောင့် ဂါထာဗန္ဓ လွယ်စိမ့်သောငှါ **သောမနဿယုတ္တံ** မျှသာ မိန့်သည်။

၂။ (နိဿယဆရာသည် "ဗလဝါရမ္မဏေ အတိမဟန္တာရမ္မဏေ သတိ"ဟူသော ဋီကာဟောင်း၊ နှာ-၃၄ အဖွင့်ကို ထောက်ရှု၍ ဆဒွါရေ၊ ခြောက်ဒွါရ၌။ ဗလဝါရမ္မဏေ၊ အတိမဟန္တာရုံသည်။ သတိ၊ ရှိသော်ဟု အနက်ပြန်ဆိုသည်။

ခြောက်ဒွါရဟု ဆိုသောကြောင့် ဗလဝါရမ္မဏအရ ဝိဘူတာရုံလည်း ရသင့်သည်၊ အတိမဟန္တာရုံသည် ပဉ္စဒွါရမှာသာဖြစ်သည်၊ မနောဒွါရ၌ မဖြစ်။

ဋီကာသစ်ဆရာကလည်း တဒါရုံကိစ္စတပ်သောစိတ်၏ ဗလဝါရမ္မဏ၌သာ ဖြစ်သည့်အဖြစ်ကိုသာ သိစေလို၍ ဗလဝါရမ္မဏေ သတိဟု ဆိုသည်၊ တဒါရုံကိစ္စသည် ဤသောမနဿသန္တီရဏစိတ်၏ သီးခြားကိစ္စဖြစ်၍ ဆိုသည်မဟုတ်၊ အကြောင်းကား တဒါရုံမှန်သမျှ ဗလဝါရမ္မဏချည်းဖြစ်သောကြောင့်တည်းဟု မိန့်သည်၊ ယင်းသို့ ဋီကာသစ်ဆရာက အတိမဟန္တာရုံဘဲ ဝိဘူတာရုံဘဲဟု သီးခြား ဝိသေသခွဲမပြ။

ထို့ကြောင့် ဗလဝါရမ္မဏအရ ဝိဘူတာရုံလည်း ယူသင့်သဖြင့် ဗလဝါရမ္မဏေ၊ အတိမဟန္တာရုံ, ဝိဘူတာရုံသည်။ သတိ၊ ရှိသော်-ဟု အနက်ပြန်ဆိုသင့်သည်။

သို့မဟုတ် ဗလဝါရမ္မဏဟူသည် အတိမဟန္တာရုံတည်း၊ အတိမဟန္တာရုံဟူသည် အလွန်အားကြီးထင်ရှားသော အာရုံဖြစ်သည်၊ ဤသို့ယူပါလျှင် ဋီကာဟောင်း, ဋီကာသစ် ၂-မျိုး စလုံးနှင့် ညီသည်။)

**၃-ကိစ္စ ၃-ဌာနတပ်သောစိတ် ၉-ပါး** ၁၅၉။ ပဋိသန္ဓိဘဝင်္ဂဿ၊ ပဋိသန္ဓေ, ဘဝင်၏။ ဌာနတော စ၊ ကိစ္စအားဖြင့်၎င်း။ စုတိယာ၊ စုတိ၏။ ဌာနတော ပန၊ ကိစ္စအားဖြင့်၎င်း။ နဝ၊ ကိုးပါးကုန်သော။ တေ မဟဂ္ဂတဝိပါကာ၊ ထို မဟဂ္ဂုတ်ဝိပါက်တို့ကို။ တိဋ္ဌာနိကာ၊သုံးပါးသော ကိစ္စရှိကုန်၏ဟူ၍။ မတာ၊ သိအပ်ကုန်၏။

**၄-ကိစ္စ ၄-ဌာနတပ်သောစိတ် ၈-ပါး** ၁၆၀။ ကာမာ မဟာပါကာ၊ ကာမ မဟာဝိပါက်ဟု ဆိုအပ်ကုန်သော။ အဋ္ဌ၊ ရှစ်ခုသော စိတ်တို့သည်။ ပဋိသန္ဓိဘဝင်္ဂတော၊ ပဋိသန္ဓေဌာန, ဘဝင်ဌာန အားဖြင့်၎င်း။ တဒါရမ္မဏတော စေဝ၊ တဒါရုံဌာနအားဖြင့်၎င်း။ စုတိဋ္ဌာနဝသေန စ၊ စုတိဌာန၏ အစွမ်းဖြင့်၎င်း။ စတုဋ္ဌာနိကာ၊ လေးကိစ္စရှိကုန်၏ဟူ၍။ ဝုစ္စန္တေ၊ ဆိုအပ်ကုန်၏။

၁၆၁။ စတုဋ္ဌာနိကစိတ္တာနိ၊ လေးဌာနရှိသော စိတ်တို့သည်။ အဋ္ဌ၊ ရှစ်ပါးအပြားရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ နိဒ္ဒိသေ၊ ပြရာ၏။ ဝါ၊ ဆိုရာ၏။

**၅-ကိစ္စ ၅-ဌာနတပ်သောစိတ် ၂-ပါး။** ။ကုသလာ' ကုသလပါကံ တုပေက္ခာသဟဂတဒွယံ၊ ကုသလဝိပါက် ဥပေက္ခာသဟဂုတ်သန္တီရဏ, အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏနှစ်ခုအပေါင်းသည်။

၁၆၂။ ပဉ္စဒွါရေ၊ ပဉ္စဒွါရ၌။ သန္တီရဏံ၊ သန္တီရဏ ကိစ္စတပ်သည်။ ဘဝေ၊ ဖြစ်၏။ ဆဒွါရိကေသု စ၊ ခြောက်ဒွါရတို့၌ကား။ ဗလဝါရမ္မဏေ၊ အားကြီးသောအာရုံသည်။ သတိ၊ ရှိသော်။ တဒါရမ္မဏတံ၊ တဒါရုံကိစ္စရှိသောစိတ်အဖြစ်သို့။ ယာတိ၊ ရောက်၏။

၁၆၃။ ပဋိသန္ဓိဘဝင်္ဂါနံ၊ ပဋိသန္ဓေဌာန,ဘဝင်ဌာနတို့၏။ ဝသေန စ၊ အစွမ်းဖြင့်၎င်း။ စုတိဋ္ဌာန ဝသေန စ၊ စုတိဌာန၏ အစွမ်းဖြင့်၎င်း။ ဣဒံ ဒွယံ၊ ဤဥပေက္ခာသဟဂုတ်သန္တီရဏ စိတ်နှစ်ခုအပေါင်းကို။ ပဉ္စဋ္ဌာနိကစိတ္တန္တိ၊ ဆိုခဲ့ပြီးသော သန္တီရဏ, တဒါရုံဌာနနှင့် ငါးဌာနရှိသော စိတ်ဟူ၍။ ဥဒီရိတံ၊ ဆိုအပ်၏။

၁၆၄။ ဒွယံ စိတ္တံ၊ စိတ်နှစ်ခုအပေါင်းသည်။ ပဉ္စကိစ္စံ၊ ငါးကိစ္စရှိ၏။
အင်္ဂကံ ပန၊ စိတ်ရှစ်ခုအပေါင်းသည်ကား။ စတုကိစ္စံ၊ လေးကိစ္စ ရှိ၏။
နဝကံ၊ စိတ်ကိုးခုအပေါင်းသည်။ တိကိစ္စံ၊ သုံးကိစ္စရှိ၏။
ဒွေ တု၊ စိတ်နှစ်ခုတို့သည်ကား။ ဒွိကိစ္စာ၊ နှစ်ကိစ္စ ရှိကုန်၏။
သေသံ၊ ကြွင်းသောစိတ်သည်။ ဧကကံ၊ တပါးတပါးသော ကိစ္စရှိ၏။

ကိစ္စအစဉ်ဖြစ်ပုံ   ၁၆၅။ ဘဝင်္ဂါဝဇ္ဇနဥ္စ၊ ဘဝင်ကိစ္စ, အာဝဇ္ဇန်းကိစ္စသည်ရင်း။ ဒဿနဥ္စ၊ ဒဿနကိစ္စသည်ရင်း။
သမ္ပဋိစ္ဆနဥ္စ၊ သမ္ပဋိစ္ဆိုင်းကိစ္စသည်ရင်း။ သန္တီရဏဥ္စ၊ သန္တီရဏကိစ္စသည်ရင်း။
ဝေါဋ္ဌဗ္ဗနဥ္စ၊ ဝုဋ္ဌောကိစ္စသည်ရင်း။ သတ္တမံ၊ ခုနစ်ခုမြောက်သော။ ဇဝနဥ္စ၊
ဇောကိစ္စသည်ရင်း။ ပဋိပါဋိယာ၊ အစဉ်အားဖြင့်။ ဘဝတိ၊ ဖြစ်၏။

## စိတ်တို့ကို ဝိညာဉ်, ဝိညာဏဓာတ်, အာရုံအားဖြင့် ဝေဖန်ခြင်း

ဆက္ကနည်း   ၁၆၆။ တံ၊ ထိုစိတ်သည်။ ဆန္နံ၊ ခြောက်ပါးကုန်သော။ ဝိညာဏာနံ၊ ဝိညာဉ်တို့၏။ ပဘေဒတော၊ အပြား
အားဖြင့်။ ဆဗ္ဗိဓံ[၁]၊ ခြောက်ပါး အပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

သတ္တကနည်း။   ။တံ၊ ထိုစိတ်သည်။ (ထည့်)သတ္တဝိညာဏဓာတူနံ၊ ခုနစ်ပါးသော ဝိညာဏဓာတ်တို့၏။ ပဘေဒတော တု၊
အပြားအားဖြင့်ကား။ သတ္တဓာ၊ ခုနစ်ပါးအပြားရှိ၏[၂]။

အင်္ဂကနည်း   ၁၆၇။ ဧကေကာရမ္မဏံ၊ တခုတခုသော အာရုံရှိသော။ ဆက္ကံ၊ စိတ်ခြောက်ခုအပေါင်းအားဖြင့်ရင်း။ ပဉ္စာ-
ရမ္မဏဘေဒတော စ၊ ငါးပါးသော အာရုံရှိသော စိတ်အပြားအားဖြင့်ရင်း။
ဆဠာရမ္မဏတော စေဝ၊ ခြောက်ပါးသော အာရုံရှိသော စိတ်အပြား
အားဖြင့်ရင်း၊ မနော၊ စိတ်သည်။ အင်္ဂဝိဓံ၊ ရှစ်ပါး အပြားရှိသည်။
ဟောတိ၊ ဖြစ်၏။

---

၁။ (စက္ခုဝိညာဉ်။ပ။ ကာယဝိညာဉ်၊ မနောဝိညာဉ် ပေါင်း ၆-ပါး။)

၂။ (စက္ခုဝိညာဏဓာတ်။ပ။ ကာယဝိညာဏဓာတ်၊ မနောဓာတ်၊ မနောဝိညာဏဓာတ်
ပေါင်း ၇-ပါး။)

## အာရုံအားဖြင့် စိတ်ပြားပုံ

**အာရုံ ၁-ပါးကို အာရုံပြုသောစိတ်**

၁၆၇။ တတ္ထ၊ ထိုရှစ်ပါး အပြားရှိသော စိတ်တို့တွင်။ ဒွေပဉ္စဝိညာဏာ၊ ဒွေပဉ္စဝိညာဉ်တဆယ်တို့သည်။ ဧကေကဂေါစရာ၊ တပါးတပါးသော အာရုံရှိသော စိတ်တို့မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဒွေ တု၊ နှစ်ပါးသော စက္ခုဝိညာဉ်စိတ်တို့သည်ကား။ ရူပါရမ္မဏိကာ၊ ရူပါရုံလျှင် အာရုံရှိကုန်၏။ ဒွေ ဒွေ၊ နှစ်ပါး နှစ်ပါးသော သောတဝိညာဉ်, ဃာနဝိညာဉ်စသော စိတ်တို့သည်။ သဒ္ဒါဒိဂေါစရာ၊ သဒ္ဒါရုံ, ဂန္ဓာစသည်လျှင် အာရုံရှိကုန်၏။

၁၆၉။ ပဉ္စာဘိညာဝိဝဇ္ဇိတံ၊ ငါးပါးသော အဘိညာဉ်ကိစ္စတပ်သော ပဉ္စမစျာန် ကုသိုလ်,ကြိယာသည် ကြဉ်အပ်သော။ သဗ္ဗံ၊ အလုံးစုံသော။ မဟဂ္ဂတစိတ္တဉ္စ၊ နှစ်ဆဲ့ငါးပါးသော မဟဂ္ဂုတ်စိတ်ရင်း။ သဗ္ဗံ၊ အလုံးစုံသော။ လောကုတ္တရစိတ္တဉ္စ၊ လောကုတ္တရာစိတ်ရင်း။ ဣတိ ဣဒံ၊ ဤအလုံးစုံ သုံးဆဲ့သုံးပါးသော စိတ်သည်။ ဧကကာရမ္မဏံ၊ တပါးတပါးသော (ဓမ္မာရုံ)အာရုံရှိသောစိတ်မည်သည်။ ဘဝေ၊ ဖြစ်၏။

၁၇၀။ ဣဒံ၊ ဤဆိုအပ်ခဲ့ပြီးသော အလုံးစုံသော စိတ်ကို။ ဧကကာရမ္မဏံ၊ တခုတခုသော အာရုံရှိသော။ ဆက္ကံ၊ စိတ်ခြောက်မျိုး[၁] အပေါင်းဟူ၍။ ဝိဘာဝိနာ၊ ပညာရှိသောသူသည်။ ဥဒ္ဒယံ၊ သိအပ်၏။

**အာရုံ ၅-ပါးကို အာရုံပြုသော စိတ် ၃-ပါး**

မနောဓာတုတ္တယံ၊ မနောဓာတ် သုံးခု အပေါင်းသည်။ ပဉ္စာရမ္မဏံ နာမ၊ ငါးပါးသော အာရုံရှိသော စိတ်မည်သည်။ ဘဝေ၊ ဖြစ်၏။

---

၁။ (အာရုံ ၁-ပါးကို အာရုံပြုသော စိတ် ၆-မျိုးမှာ— (၁) ရူပါရုံကို အာရုံပြုသော စက္ခုဝိညာဉ်ဒွေး၊ (၂) သဒ္ဒါရုံကို အာရုံပြုသော သောတဝိညာဉ်ဒွေး၊ (၃) ဂန္ဓာရုံကို အာရုံပြုသော ဃာနဝိညာဉ်ဒွေး၊ (၄) ရသာရုံကို အာရုံပြုသော ဇိဝှါဝိညာဉ်ဒွေး၊ (၅) ဖောဋ္ဌဗ္ဗာရုံကို အာရုံပြုသော ကာယဝိညာဉ်ဒွေး၊ (၆) ဓမ္မာရုံကို အာရုံပြုသော အဘိညာဉ်ဒွေးကြဉ် မဟဂ္ဂုတ်စိတ် ၂၅-ပါးနှင့် လောကုတ္တရာစိတ် ၈-ပါးတို့ဖြစ်သည်။ မဟဂ္ဂုတ်စိတ်နှင့် လောကုတ္တရာစိတ်ကို ဓမ္မာရုံကို အာရုံပြုချင်းတူသောကြောင့် တပေါင်းတည်းပြု၍ စိတ်တမျိုးအဖြစ်ဖြင့် ယူထားသည်၊ သို့ဖြစ်၍ စိတ်၆-မျိုးဟု ဆိုထားခြင်းဖြစ်သည်။ ရင်းဋီကာသစ်၊ပ၊ နှာ ၃၄၁-၃၄၈-၉။ဤကျမ်းနှာ-၁၈၁ အောက်ခြေမှတ်ချက်လည်း ကြည့်။)

**အာရုံ၆-ပါးကို အာရုံပြုသော ကာမစိတ် ၄၁-ပါးနှင့် အဘိညာဉ်စိတ်**

၁၇၁။ စတ္တာလီသံ စ၊ လေးဆယ်လည်းဖြစ်သော။ တထာ၊ ထိုမှတပါး။ ဧကံ စ၊ တခုလည်းဖြစ်သော။ သဗ္ဗာနိ၊ (ဒွေပဉ္စဝိညာဉ်, မနောဓာတ်မှ ကြွင်းသော) အလုံးစုံကုန်သော။ ကာမာဝစရစိတ္တာနိ၊ ကာမာဝစရစိတ်တို့ကိုရင်း။ သဗ္ဗာနိ၊ အလုံးစုံကုန်သော။ အဘိညာနိ စ၊ အဘိညာဉ်စိတ်တို့ကိုရင်း။ ဆဠာရမ္မဏိကာနိ၊ ခြောက်ပါးသော အာရုံရှိသော စိတ်တို့ဟူ၍။ ဝိညေယျာနိ၊ သိအပ်ကုန်၏။

**နဝကနည်း**

၁၇၂။ သတ္တဝိညာဏဓာတူသု၊ ခုနစ်ပါးသော ဝိညာဏဓာတ်တို့တွင်။ ပစ္ဆိမံ၊ နောက်ဆုံးဖြစ်သော မနောဝိညာဏဓာတ်ကို။ ကုသလာကုသလာဒိတော၊ ကုသိုလ်,အကုသိုလ် စသော အပြားအားဖြင့်။ ဝါ၊ ကုသိုလ်,အကုသိုလ်,အဗျာကတအားဖြင့်။ တိဓာ ကတွာ၊ သုံးပါးပြု၍။ စိတ္တံ၊ စိတ်သည်။ နဝ ဝိဓံ၊ ကိုးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

**မနောဝိညာဏဓာတ် ၇၆-ပါး**

၁၇၃။ ပုညာပုညဝသေနေဝ[၁]၊ အလုံးစုံသော ကုသိုလ်, အကုသိုလ်တို့၏ အစွမ်းဖြင့်ရင်း။ ဝိပါကကြိယဘေဒတော၊ ကြွင်းသော ဝိပါက် စတုဝီသ, ကြိယာဧကူနဝီသတို့၏ အပြားအားဖြင့်ရင်း။ မနောဝိညာဏဓာတုယာ၊ မနောဝိညာဏဓာတ်၏။ ဆသတ္တတိ ဝိဓော၊ ခုနစ်ဆဲ့ခြောက်ပါး အဘို့ရှိသော။ ဘေဒေါ၊ အပြားသည်။ ဟောတိ၊ ဖြစ်၏။

**ဒသကနည်း**

၁၇၄။ မနောဓာတုံ၊ မနောဓာတ်ကို။ ဝိပါကကြိယဘေဒတော၊ ဝိပါက်,ကြိယာ အပြားအားဖြင့်။ ဒွိဓာ၊ နှစ်ပါး အပြားရှိသည်ကို။ ကတွာ၊ ပြုခြင်းကြောင့်။ ပုဗ္ဗဝုတ္တေဟိ၊ ရှေးဆိုအပ်ကုန်သော။ နဝဓာ စိတ္တေဟိ၊ ကိုးပါးအပြားရှိကုန်သော စိတ်တို့နှင့်။ သဟ၊ တကွ။ မာနသံ၊ စိတ်သည်။ ဒသဓာ၊ ဆယ်ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

---

အမှာ ၁။ ပုညာပုညဝသေန-အစရှိသည်ဖြင့် ဇာတ်, ဘုံ, ဟိတ်, ဝေဒနာ-အစရှိသည်တို့၏ အစွမ်းအားဖြင့် ခုနစ်ဆဲ့ခြောက်ပါး အပြားတိုင်အောင် မနောဝိညာဏဓာတ်ကို ခွဲ၍ ထိုမနောဝိညာဏဓာတ်၏ အစွမ်းဖြင့် စိတ္တဝိဘာဂ-ကို ပြခြင်းငှါ နည်းပေးသည်။

ကောဒသကနည်း ၁၇၅။ ပစ္ဆိမံ၊ နောက်ဖြစ်သော။ ခါတုဒ္ဒယံ ပန၊ မနောဓာတ်, မနောဝိညာဏဓာတ် နှစ်ခုတို့၏ အပေါင်းကိုကား။ တိဓာ ကတွာ၊ မနောဓာတ်ကို ကုသလဝိပါက်, အကုသလဝိပါက်, ကြိယာအားဖြင့် သုံးပါး၊ မနောဝိညာဏဓာတ်ကို ကုသိုလ်, အကုသိုလ်, အဗျာကတအားဖြင့် သုံးပါးပြုခြင်းကြောင့်။ စိတ္တံ၊ စိတ်သည်။ ကောဒသဝိဓံ၊ တဆဲ့တပါး အပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ပဏ္ဍိတော၊ ပညာရှိသောသူသည်။ ပရိဒီပယေ၊ ပြရာ၏။

ဒွါဒသကနည်း ၁၇၆။ မနောဝိညာဏဓာတုမ္ပိ၊ မနောဝိညာဏဓာတ်ကိုလည်း။ ကုသလာကုသလာဒိတော၊ ကုသိုလ်, အကုသိုလ်အစရှိသောအားဖြင့်။ စတုဓာ၊ လေးပါးအပြားဖြင့်။ ဝိဘဇ္ဇိတွာန၊ ခွဲဝေခြင်းကြောင့်။ တံ စိတ္တံ၊ ထို စိတ်ကို။ ဒွါဒသဓာပိ၊ တဆဲ့နှစ်ပါး အပြားအားဖြင့်လည်း။ ဒီတံ၊ တည်သည်ကို။ ဝဒေ=ဝဒေယျ၊ ဆိုရာ၏။

စုဒ္ဒသကနည်း ၁၇၇။ စုဒ္ဒသဋ္ဌာနဘေဒတော၊ တဆဲ့လေးပါးသော ကိစ္စအပြားအားဖြင့်။ စိတ္တံ၊ စိတ်သည်။ စုဒ္ဒသဓာ၊ တဆဲ့လေးပါး အပြားရှိသည်။ ဘဝေ၊ ဖြစ်၏။

ပဋိသန္ဓိဘဝင်္ဂဿ၊ ပဋိသန္ဓေ,ဘဝင်၏။ ဝသေန စ၊ ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စအစွမ်းအားဖြင့်၎င်း။ စုတိယာ၊ စုတိ၏။ ဝသေန စ၊ စုတိကိစ္စအစွမ်းအားဖြင့်၎င်း။ အာဝဇ္ဇနဿ၊ အာဝဇ္ဇန်း၏။ ဝသေန စ၊ အာဝဇ္ဇန်းကိစ္စအစွမ်းအားဖြင့်၎င်း။

၁၇၈။ ပဉ္စန္နံ၊ ငါးပါးကုန်သော။ ဒဿနာဒိနံ၊ စက္ခုဝိညာဉ် အစရှိသည်တို့၏။ ဝသေန စ၊ ဒဿနကိစ္စ, သဝနကိစ္စ, ဃာယနကိစ္စ, သာယနကိစ္စ, ဖုသနကိစ္စ၏အစွမ်းအားဖြင့်၎င်း။ သမ္ပဋိစ္ဆနစေတသော၊ သမ္ပဋိစ္ဆိုန်းစိတ်၏။ ဝသေန စ၊ သမ္ပဋိစ္ဆိုင်းကိစ္စ၏ အစွမ်းအားဖြင့် ၎င်း။ သန္တီရဏဿ၊ သန္တီရဏ ၏။ ဝသေန စ၊ သန္တီရဏကိစ္စ၏ အစွမ်းအားဖြင့်၎င်း။ ဝေါဋ္ဌဗ္ဗနဇဝနာနံ၊ ဝုဋ္ဌော,ဇောတို့၏။ ဝသေန စ၊ ဝုဋ္ဌောကိစ္စ, ဇောကိစ္စ၏အစွမ်းအားဖြင့်၎င်း။

၁၇၉။ တထေဝ၊ထို့အတူလျှင်။ တဒါရမ္မဏစိတ္တဿ၊တဒါရုံစိတ်၏။ ဌာန-ဘေဒတော စ၊ တဒါရုံကိစ္စအပြားအားဖြင့်၎င်း။ ဧဝံ=ဣမိနာ ပကာရေန၊

ဤသို့သော အပြားအားဖြင့်။ စိတ္တံ၊ စိတ်သည်။ စုဒ္ဒသဓာ၊ တဆယ့်လေးပါး အပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ပရိဒီပယေ၊ပြရာ၏။

ဗဟုဝိဓနည်း ၁၇၀။ ဘူမိပုဂ္ဂလနာနတ္တဝသေန စ၊ ဘုံအထူး, ပုဂ္ဂိုလ် အထူး၏ အစွမ်းအားဖြင့်လည်း။ ပဝတ္တိတော၊ ဖြစ်ခြင်းကြောင့်။ ဣဒံ စိတ္တံ၊ ဤ ပြအပ်ပြီးသော စိတ်သည်။ ဗဟုဓာ ပန၊ များသော အပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ စ၊ ဤသို့လည်း။ ဝိဘာဝယေ၊ ပြရာ၏။

၁၇၁။ ဣမ=ဣမသ္မိံ သာသနေ၊ ဤသာသနာတော်၌။ သတိမာ[၁]၊ သတိရှိသော။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ ဣမသ္မိံ ကေဝိဓာဒိ-နယေ၊ ဤကေဝိဓ အစရှိသော နည်း၌။ ကုသလော၊ လိမ္မာသည်။ ဟောတိ၊ ဖြစ်၏။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ အဘိဓမ္မဂတာ၊ အဘိဓမ္မာ၌ ဖြစ်ကုန်သော။ အတ္ထာ၊ အနက်တို့သည်။ ဟတ္ထဂတာ၊ လက်၌ တည်ကုန်သော။ အာမလကာ ဝိယ၊ ရှစ်ရှားသီးတို့ကဲ့သို့။ ဝါ၊ အညစ်အကြေး ကင်းသော ပတ္တမြားတို့ကဲ့သို့။ ပါကဋာ၊ ထင်ရှားကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

အဘိဓမ္မာဝတာရေ၊ အဘိဓမ္မာဝတာရကျမ်း၌။ ကေဝိဓာဒိနိဒ္ဒေသော နာမ၊ ကေဝိဓာဒိနိဒ္ဒေသမည်သော။ စတုတ္ထော၊ လေးခုတို့၏ ပြည့်ကြောင်း ဖြစ်သော။ ပရိစ္ဆေဒေါ၊ အပိုင်းသည်။ ဣတိ သမတ္တော၊ ဤတွင် ပြီးပြီ။

ကေဝိဓာဒိနိဒ္ဒေသ ပြီး၏။

---

၁။ (မတိမာ-ဟု ဆဋ္ဌမူရှိသည်။ မတိမာ၊ ပညာရှိသော-ဟု ပေး။)

# ၅-ပဋိသန္ဓိပရိစ္ဆေဒ

## ၅-ဘူမိ ပုဂ္ဂလ စိတ္တုပ္ပတ္တိနိဒ္ဒေသ

၁၈၂။ ဣတော၊ ဤကေဝိဓာဒိ နိဒ္ဒေသမှ။ ပရံ၊ နောက်၌။ ဗုဒ္ဓိဝုဍ္ဍိကရံ၊ ပညာ၏ပွါးခြင်းကို ပြုတတ်သော။ ဘူမိသု၊ ဘုံတို့၌။ စိတ္တာနံ၊ စိတ်တို့၏။ ဥပ္ပတ္တိံ နယံ စ၊ ဖြစ်ခြင်းနည်းကိုလည်း။ ပုဂ္ဂလာနံ၊ ပုဂ္ဂိုလ်တို့၏။ ဝသေန၊ အစွမ်းအားဖြင့်။ ဘူမိသု၊ ဘုံတို့၌။ စိတ္တာနံ၊ စိတ်တို့၏။ ဥပ္ပတ္တိံ နယံ စ၊ ဖြစ်ခြင်းနည်းကိုလည်း။ အဟံ၊ သည်။ ပဝက္ခာမိ၊ ဟောအံ့။

ဂတိငါးပါး,ဘဝသုံးပါး

၁၈၃။ ဒေဝါ စေဝ၊ နတ်တို့လည်း။ မနုဿာ စ၊ လူတို့လည်း။ စတဿောပါယဘူမိယော စ၊ အပါယ်လေးဘုံတို့လည်း။ ဣတိ၊ ဤသို့။ ပဉ္စ၊ ငါးပါးကုန်သော။ ဂတိယော၊ ဂတိတို့ကို။ သတ္ထုနာ၊ မြတ်စွာဘုရားသည်။ နိဒ္ဒိဋ္ဌာ၊ ပြတော်မူအပ်ကုန်၏။

ဘဝါ တု=ဘဝါ ပန၊ ဘဝတို့ကိုကား။ တယော၊ ကာမဘဝ, ရူပဘဝ, အရူပဘဝ-သုံးပါးတို့ဟူ၍။ နိဒ္ဒိဋ္ဌာ၊ ပြတော်မူအပ်ကုန်၏။

ဘုံ ၃၀

၁၈၄။ တတ္ထ=တေသု တီသု ဘဝေသု၊ ထိုသုံးပါးသော ဘဝတို့၌။ ဘူမိယော၊ ဘုံတို့သည်။ တိံသေဝ၊ သုံးဆယ်တို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

---

ကျမ်းတက် ၁။ ဝန်ခံအပ်သောနည်းကို ပြသော ဆရာသည် စိတ္တာနံ ဘူမိသုပ္ပတ္တိံ ဟုဆို၍ ဘုံတို့၏ အာဓာရအစွမ်းဖြင့် ပသင်္ဂအားဖြင့် လာသော ဂတိဘေဒ,ဘဝဘေဒကို ပြခြင်းငှါ ဒေဝါစေဝ အစရှိသည်ကို မိန့်။ (ဂတိငါးပါး=ရူပဂတိ၊ အရူပဂတိ၊ ဒေဝဂတိ၊ မနုဿဂတိ၊ အပါယဂတိ၊ တနည်း-နိရယဂတိ၊ တိရစ္ဆာနဂတိ၊ ပေတဂတိ၊ မနုဿဂတိ၊ ဒေဝဂတိ။ ဘဝ ၃-ပါး=ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝ။)

အမှာ။ ။စတဿော အပါယဘူမိယော ဆိုပြီး၍ အသုရဂတိ၏ ပေတဂတိ၌သာ သင်္ဂြိုဟ်အပ်သည်၏ အဖြစ်ကြောင့် ဂတိယော ပဉ္စ မိန့်သည် ဆိုကုန်၏၊ ဋီကာသစ်ဆရာ အလိုကား တိဿော ဝါပါယဘူမိယော ပါဌ်ရှိရာသည်ဟု မိန့်၏။ (ဆဋ္ဌမူ၌ ဋီကာပါဌ်အတိုင်း ရှိသည်။)

၂။ (ဘုံ ၃၀-ဟု ဆိုခြင်းမှာ နာမ်ပဋိသန္ဓေစိတ် ၁၉-ပါးတို့၏ အစွမ်းအားဖြင့်ဖြစ်သော ဘုံတို့ကိုသာ ဆိုလိုသည်။ ရုပ်ပဋိသန္ဓေဖြင့်ရောက်အပ်သော အသညသတ် ပြဟ္မာဘုံ မပါချေ။ စင်စစ်အားဖြင့် အားလုံးပေါင်း ၃၁-ဘုံရှိသည်။)

**ဘုံအလိုက်ပုဂ္ဂိုလ်။** ။တာသု ဘူမိသု၊ ထိုသုံးဆယ်သော ဘုံတို့၌။ ဥပ္ပန္နာ၊ ဖြစ်ကုန်သော။ ပုဂ္ဂလာ၊ ပုဂ္ဂိုလ်တို့သည်။ တိံသေဝ၊ သုံးဆယ်တို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**ပဋိသန္ဓေစိတ်အရ ပုဂ္ဂိုလ်။** ။တေသု ဘူမိသု^၁၊ ဤသုံးဆယ်သော ဘုံတို့၌။ ဥပ္ပန္နာ၊ ဖြစ်ကုန်သော။ သဗ္ဗေ စ ပန ပုဂ္ဂလာ၊ အလုံးစုံသော ပုဂ္ဂိုလ်တို့သည်သာလျှင်။

၁၇၅။ ပဋိသန္ဓိကစိတ္တာနံ၊ ပဋိသန္ဓေစိတ်တို့၏။ ဝသေန၊ အစွမ်းအားဖြင့်။ ဧကူနဝီသတိ၊ တခုယုတ် နှစ်ဆယ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**ရုပ်ပဋိသန္ဓေ,နာမ်ပဋိသန္ဓေ ၂-မျိုး။** ။သော ပဋိသန္ဓိ စ နာမ၊ ဤ ပဋိသန္ဓေမည်သည်ကား—

၁၇၆။ အစိတ္တကာ စ၊ အစိတ္တက ပဋိသန္ဓေ (ရုပ်ပဋိသန္ဓေ) ၎င်း။ သစိတ္တာ စ၊ သစိတ္တက ပဋိသန္ဓေ(နာမ်ပဋိသန္ဓေ)၎င်း။ ဣတိ၊ ဤသို့။ ဒုဝိဓာ၊ နှစ်ပါးအပြားရှိ၏ဟူ၍။ သမုဒီရိတာ၊ဆိုအပ်၏။

**အစိတ္တကပဋိသန္ဓေ။** ။အသညီနံ၊ အသညသတ် ပုဂ္ဂိုလ်တို့၏။ ပဋိသန္ဓိ၊ ပဋိသန္ဓေသည်။ အစိတ္တကာ၊ အစိတ္တက ပဋိသန္ဓေသည်(ရုပ်ပဋိသန္ဓေသည်)။ ဟောတိ၊ ဖြစ်၏။

**သစိတ္တကပဋိသန္ဓေ။** ။သေသာ၊ ကြွင်းကုန်သော ပဋိသန္ဓေတို့သည်။ သစိတ္တကာ၊ သစိတ္တကပဋိသန္ဓေ (နာမ်ပဋိသန္ဓေ ၁၉-ပါး) တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဥဒ္ဓယျာ၊ သိအပ်ကုန်၏။ သာ ပန၊ ထို သစိတ္တက ပဋိသန္ဓေသည်ကား။ ဧကူနဝီသတိ၊ တခုယုတ် နှစ်ဆယ်သည်။ ဟောတိ၊ ဖြစ်၏။

**ပဋိသန္ဓေအားဖြင့် ပုဂ္ဂိုလ်-၂၀** ၁၇၇။ ပဋိသန္ဓိဝသေနေဝ၊ ( အဟိတ်, ဒွိဟိတ်, တိဟိတ် ) ပဋိသန္ဓေ၏ အစွမ်းအားဖြင့်သာလျှင်။ဝီသတိ၊ နှစ်ကျိပ်သော။ ပုဂ္ဂလာ၊ ပုဂ္ဂိုလ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

---

**ကျမ်းတက်** ၁။ ဘုံအားဖြင့် သုံးဆယ် အပြားရှိသော်လည်း ပဋိသန္ဓေစိတ် အရေအတွက်ဖြင့် တခုယုတ်နှစ်ဆယ် ဖြစ်ကုန်ဟူ၍ ပြလို၍ ဘူမိသွေ'တာသု စသည်ဒိန်။ (အသညသတ်ကြဉ်သော ဘုံ ၃၀-၌သာ စိတ်ဖြစ်ပေါ်သည်၊ အသညသတ်ဘုံ၌ ရုပ်သာရှိသည်၊ နာမ်မရှိချေ။ ထို့ကြောင့် စိတ်တို့ကို ဘုံ ၃၀-အားဖြင့် ဝေဖန်ပြသည်ဟု ဆိုသည်။)

ဣဓ°=ဣမသ္မိံ အဓိကာရေ၊ ဤအရာ၌။ စိတ္တာဓိကာရတ္တာ၊ စိတ်၏ အရာဖြစ်သည်၏ အဖြစ်ကြောင့်။ အစိတ္တာ၊ ရုပ်ပဋိသန္ဓေကို။ မဟာ၊ ငါသည်။ န စ ဥဒ္ဒိဋ္ဌာ^၂၊ မပြအပ်။

ပုဂ္ဂိုလ်-၁၁ ၁၇၇။ အဟေတု စ၊ အဟိတ်ပုဂ္ဂိုလ်ရင်း။ ဒွိဟေတု စ၊ ဒွိဟိတ်,တိဟိတ်ပုဂ္ဂိုလ်ရင်း။ ဣတိ၊ ဤသို့။ ပုဂ္ဂလာ၊ ပုဂ္ဂိုလ်တို့သည်။ တိဝိဓာ၊ သုံးပါးအပြားရှိကုန်သည်။ သိယုံ၊ ဖြစ်ကုန်၏။ အရိယာ ပန၊ အရိယာပုဂ္ဂိုလ်တို့သည်ကား။ အဋ္ဌ၊ ရှစ်ယောက်တို့သည်။ သိယုံ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဧကာဒသ^၃၊

---

ကျမ်းတက် ၁။ ပဋိသန္ဓေအစွမ်းဖြင့် နှစ်ကျိပ်သော ပုဂ္ဂိုလ်တို့သည် ဖြစ်ကုန်အံ့၊ အဘယ့်ကြောင့် ဘုမ္မိဝသေန တိ°သ ဟူ၍ ဆိုအပ်သနည်း၊ ကေတိ°သ ဆိုအပ်၏ ဟူသော စောဒနာကို ဖြေခြင်းငှါ ဣဓ အစရှိသည်ကို မိန့်။ (အဟိတ်ဒုဂ္ဂတိပဋိပန္ဓေ၊ အဟိတ် သုဂတိပဋိသန္ဓေ၊ ဥပေက္ခာဒွိဟိတ် အသင်္ခါရိကပဋိသန္ဓေ၊ သောမနဿဒွိဟိတ် သသင်္ခါရိက ပဋိသန္ဓေစသည်ဖြင့် ပဋိသန္ဓေကို စွဲ၍ ရေတွက်လျှင် ပုဂ္ဂိုလ် ၂၀-မျိုးဖြစ်သည်။)

(ပုဂ္ဂိုလ် ၂၀-မျိုးမှာ— (၁) ဒုဂ္ဂတိအဟိတ်ပဋိသန္ဓေပုဂ္ဂိုလ်၊ (၂) သုဂတိအဟိတ် ပဋိသန္ဓေပုဂ္ဂိုလ်၊ (၃) ဒွိဟိတ်သောမနဿ အသင်္ခါရိကပဋိသန္ဓေပုဂ္ဂိုလ်၊ (၄) ဒွိဟိတ် သောမနဿ သသင်္ခါရိကပဋိသန္ဓေပုဂ္ဂိုလ်၊ (၅) ဒွိဟိတ်ဥပေက္ခာ အသင်္ခါရိကပဋိသန္ဓေပုဂ္ဂိုလ်၊ (၆) ဒွိဟိတ်ဥပေက္ခာ သသင်္ခါရိကပဋိသန္ဓေပုဂ္ဂိုလ်၊ (၇) ကာမတိဟိတ်သောမနဿ အသင်္ခါ-ရိက ပဋိသန္ဓေပုဂ္ဂိုလ်၊ (၈) ကာမတိဟိတ်သောမနဿ သသင်္ခါရိကပဋိသန္ဓေပုဂ္ဂိုလ်၊ (၉) ကာမတိဟိတ် ဥပေက္ခာ အသင်္ခါရိကပဋိသန္ဓေပုဂ္ဂိုလ်၊ (၁၀) ကာမတိဟိတ် ဥပေက္ခာ သသင်္ခါရိကပဋိသန္ဓေပုဂ္ဂိုလ်၊ (၁၁) ရူပပဌမဈာန်ဝိပါက် ပဋိသန္ဓေပုဂ္ဂိုလ်၊ (၁၂) ရူပဒုတိယ ဈာန် ဝိပါက်ပဋိသန္ဓေပုဂ္ဂိုလ်၊ (၁၃) ရူပတတိယဈာန်ဝိပါက် ပဋိသန္ဓေပုဂ္ဂိုလ်၊ (၁၄) ရူပစတုတ္ထဈာန်ဝိပါက် ပဋိသန္ဓေပုဂ္ဂိုလ်၊ (၁၅) ရူပပဥ္စမဈာန်ဝိပါက်ပဋိသန္ဓေပုဂ္ဂိုလ်၊ (၁၆) အသညသတ်ပဋိသန္ဓေပုဂ္ဂိုလ်၊ (၁၇) ပဌမအရူပပဋိသန္ဓေပုဂ္ဂိုလ်၊ (၁၈) ဒုတိယအရူပပဋိ သန္ဓေပုဂ္ဂိုလ်၊ (၁၉) တတိယအရူပပဋိသန္ဓေပုဂ္ဂိုလ်၊ (၂၀) စတုတ္ထအရူပပဋိသန္ဓေပုဂ္ဂိုလ်တို့ ဖြစ်သည်။)

(ပဋိသန္ဓေသည် ရုပ်ပဋိသန္ဓေ, နာမ်ပဋိသန္ဓေ ၂-မျိုးရှိသည်ဟု ဆိုခဲ့သော်လည်း ယခု အပိုင်းကဏ္ဍသည် စိတ်စေတသိက်ဟူသော နာမ်ပိုင်းဆိုင်ရာကိုပြဆိုသည့် အပိုင်းကဏ္ဍ ဖြစ်သောကြောင့် ရုပ်ပဋိသန္ဓေကို မပြဆိုပဲ ချန်ထားခဲ့ပြီး နာမ်ပဋိသန္ဓေ ဆိုင်ရာကိုသာ ပြဆိုတော့မည်ဟု ဆိုလိုသည်။)

၂။ ဆဋ္ဌမူ၌ န စ ဥဒ္ဒိဋ္ဌာ-ဟုရှိသည်၊ ယင်းအလိုမူ န စ ဥဒ္ဒိဋ္ဌာ၊ မထုတ်ဆောင်အပ်ဟု ပေး။

၃။ (အဟိတ်ပုဂ္ဂိုလ်ကို ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်ဟု ခွဲခြားလျှင် ပုဂ္ဂိုလ် ၁၂-ပါး ဖြစ်သည်။)

တကျိပ်တယောက်သော ပုဂ္ဂိုလ်တို့ကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဤရိတာ၊ ဟောတော်မူအပ်ကုန်၏။

ဘုံ၌ စိတ်တို့ဖြစ်ပုံ ၁၇၉။ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော။ ဧတေသံ ပုဂ္ဂလာနံ၊ ဤပုဂ္ဂိုလ်တို့၏။ ပဘေဒတော၊ အပြားအားဖြင့်။ ဘူမိသု၊ ဘုံတို့၌။ စိတ္တာနံ၊ စိတ်တို့၏။ ဥပ္ပတ္တိံ၊ ဖြစ်ခြင်းကို။ ဂဏာတော[၁]၊ ရေတွက်သော။ မေ မမ၊ ငါ၏။ ဝစနံ၊ စကားကို။ နိဗောဓထ၊ သိလင့်ကုန်။

ဘုံ ၃၁-အားလုံး၌ ဖြစ်သောစိတ် ၁၄-ပါး ၁၈၀။ တိံသ ဘူမိကစိတ္တာနိ[၂]၊ သုံးဆယ်သော ဘုံ၌ ဖြစ်ကုန်သော စိတ်တို့သည်။ ကတိ၊ အဘယ်မျှတို့သည်။ ဇာယန္တိ၊ ဖြစ်ကုန်သနည်း။ မေ၊ ငါ့အား။ ဝဒ၊ ဆိုလော့။ စုဒ္ဒသေဝ တု စိတ္တာနိ[၃]၊ မဟာကုသိုလ်ရှစ်ခု, ဒိဋ္ဌိဂတဝိပ္ပယုတ်လေးခု, ဥဒ္ဓစ္စသဟဂုတ်, မနောဒွါရာဝဇ္ဇန်း၊ ဤ တဆဲ့လေးခုသော စိတ်တို့သည်သာလျှင်။ သဗ္ဗာသု ဘူမိသု၊ အလုံးစုံ သုံးဆယ်သော ဘုံတို့၌။ ဟောန္တိ၊ ဖြစ်ကုန်၏။

ကာမဘုံ၌သာ ဖြစ်သောစိတ် ၂၀-ပါး ၁၈၁။ ဝီသတိ စိတ္တာနိ၊ ဒေါသမူနှစ်ခု, ကုသလဝိပါက်စက္ခုဝိညာဉ်, သောတဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ နှစ်ခု ကြဉ်သော ကာမာဝစရဝိပါက် တဆဲ့ရှစ်ခုအားဖြင့် နှစ်ဆယ်သော စိတ်တို့သည်။ သဒါ၊ အခါခပ်သိမ်း။ ကာမေ ဘဝေယေဝ၊ ကာမဘုံ၌သာလျှင်။ သိယုံ၊ ဖြစ်ကုန်၏[၄]။

---

၁။ (ဆင္ဂမူ၌ ဘဏာတော ဟု ရှိသည်၊ ဘဏာတော၊ ရွတ်ဆိုသော ဟု ပေး။)

၂။ (တိံသဘူမိသု စိတ္တာနိ ဟု ဆင္ဂမူ၌ ရှိသည်။ ယင်းအလို တိံသဘူမိသု၊ တုံ ၃၀-တို့၌။ ပဝတ္တာနိ၊ ဖြစ်ကုန်သော(ထည့်)။ စိတ္တာနိ၊ စိတ်တို့သည်။ ပေး)

အမှာ ၃။ ဘူမိသုပ္ပတ္တိံ ဂဏာတော မေ နိဗောဓထ ဟူသော စကားကို ကြား၍ စောဒကသည် "တိံသဘူမိသု" အစရှိသည်ဖြင့် ခပ်သိမ်းသော ဘုံတို့နှင့် ဆက်ဆံသော စိတ်တို့ကို မေးသည်၊ ပရိဟာရ ဆရာသည် စုဒ္ဒသေဝ ဟု ဖြေသည်။

၄။ (ဖြဟ္မာတို့သန္တာန်မှာ အကုသလဝိပါက်စိတ် ဖြစ်သော်လည်း ထိုဖြဟ္မာတို့သန္တာန်၌ ဖြစ်သော အကုသလဝိပါက်စိတ်သည် ကာမဘုံ၌ရှိသော အနိဋ္ဌာရုံစသည်ကို အာရုံပြု၍

**ရူပဘုံ၌သာဖြစ်သောစိတ်။** ။ပဥ္စ^၁၊ ငါးခုသော ရူပါဝစရဝိပါက်စိတ်တို့သည်။ ရူပဘဝေယေဝ၊ ရူပဘုံ၌သာလျှင်။ သိယုံ၊ ဖြစ်ကုန်၏။

**အရူပဘုံ၌သာဖြစ်သောစိတ်။** ။စတ္တာရော၊ လေးခုသော အရူပါဝစရဝိပါက်စိတ်တို့သည်။အရူပီသု ဧဝ၊ အရူပဘုံတို့၌သာလျှင်။ သိယုံ၊ ဖြစ်ကုန်၏။

**၈ ဘုံ, ရူပဘုံ၌သာ ဖြစ်သောစိတ် ၁၈-ပါး**

၁၉၂။ အဋ္ဌာရသ၊ ရူပါဝစရကုသိုလ်, ရူပါဝစရကြိယာ, ကုသလဝိပါက်စက္ခုဝိညာဉ်, သောတဝိညာဉ်, သမ္ပဋိစ္ဆိုန်း, သန္တီရဏနှစ်ခု, ဝုဋ္ဌော ကြဉ်သော အဟိတ်ကြိယာနှစ်ခု, သောတာပတ္တိမဂ်အားဖြင့် တဆဲ့ရှစ်ခုသော စိတ်တို့သည်။ ကာမရူပဘဝေသွေဝ၊ ကာမဘုံ, ရူပဘုံတို့၌သာလျှင်။ ဘဝန္တိ၊ ဖြစ်ကုန်၏^၂။

**ဘုံသုံးပါး၌ ဖြစ်သောစိတ်။** ။ဒွေစတ္တာလီသ စိတ္တာနိ၊ မဟာကုသိုလ်, မဟာကြိယာ, အရူပကုသိုလ်, အရူပကြိယာ, သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာစိတ် ခုနစ်ခု, ဒေါသမူဒွေးကြဉ်သော အကုသိုလ်တဆယ်, မနောဒွါရာဝဇ္ဇန်းအားဖြင့် လေးဆဲ့နှစ်ခုသော စိတ်တို့သည်။ တီသု ဘဝေသု ပိ၊ သုံးပါးသော ကာမ, ရူပ, အရူပဘုံတို့၌လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

---

ဖြစ်ကြသည်၊ ဗြဟ္မာ့ပြည်၌ ထိုအနိဋ္ဌရုပ်စသည်များ မရှိသောကြောင့် အကုသလဝိပါက်စိတ်တို့သည် ဘုံအားဖြင့် ဗြဟ္မာ့ဘုံ၌ မဖြစ်ချေ၊ ကာမဘုံ၌သာ ဖြစ်ကြသည်၊ ဗြဟ္မာပြည်ဖြစ်သော ရူပ အရူပဘုံတို့မှာ အကုသလဝိပါက်တို့ မဖြစ်ကြ ဟု ဆိုလိုသည်။ ရင်းဋီကာသစ်၊ ပ၊ နှာ-၃၅၂။)

**ကျမ်းတက်** ၁။ ရူပဝိပါက်စိတ် ငါးခုတို့သည် ရူပဘုံ၌သာ ဖြစ်ကုန်၏၊ အရူပဝိပါက် လေးခုတို့သည် အရူပဘုံ၌သာ ဖြစ်ကုန်၏ ဟုပြခြင်းငှါ ပဥ္စ ရူပဘဝေ စသည်ကို မိန့်။

၂။ (အရူပဘုံ၌ ရူပသညာ မရှိသောကြောင့် ရူပသညာရှိသော ရူပကုသိုလ်, ကြိယာတို့ မဖြစ်နိုင်၊ အရူပဘုံ၌ စက္ခုဝတ္ထု, သောတဝတ္ထု, ဟဒယဝတ္ထု မရှိသောကြောင့် ကုသလဝိပါက် စက္ခုဝိညာဉ်စသော စိတ်တို့ မဖြစ်နိုင်၊ အရူပဘုံ၌ သောတပသာဒ မရှိသဖြင့် ပရတောဃောသ ပစ္စည်း (သူတပါးထံမှ သောတာပတ္တိမဂ်ကို ရစေသည့် တရားမြွက်သံ နာကြားရခြင်း) မရှိသောကြောင့် သောတာပတ္တိမဂ်စိတ် မဖြစ်နိုင်။ ရင်း ဋီကာသစ်၊ ပ၊ နှာ-၃၅၂။)

## ကာလအားဖြင့် စိတ်ဖြစ်ပုံကို ဝေဖန်ပြခြင်း

၂၆-ဘုံ၌ဖြစ်သောစိတ် ၁၉၃။ တေရသေ၀ စ စိတ္တာနိ^၁၊ မဟာကြိယာ ရှစ်ခု,အရဟတ္တမဂ်,အရဟတ္တဖိုလ်,အနာဂါမိဖိုလ်, နေ၀သညာ နာသညာယတနကုသိုလ်,ကြိယာအားဖြင့် တဆဲ့သုံးခုသော စိတ်တို့သည်သာလျှင်။ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော ဘုံတို့တွင်။ စတဿော ပါယဘူမိယော၊ အပါယ်လေးဘုံတို့ကို။ ဌပေတွာ၊ ထား၍။ ဆဗ္ဗီသဘူမိသု၊ နှစ်ဆဲ့ခြောက်ဘုံတို့၌။ ဟောန္တိ၊ ဖြစ်ကုန်၏။

၁၉၄။ အပရာနိ၊ တပါးကုန်သော။ ဆ စ စိတ္တာနိ၊ ကုသလဝိပါက် စက္ခုဝိညာဉ်,သောတဝိညာဉ်,သမ္ပဋိစ္ဆိုန်း,သန္တီရဏနှစ်ခု,ကြိယာမနောဓာတ် (ပဉ္စဒွါရာဝဇ္ဇန်း)အားဖြင့် ခြောက်ခုသော စိတ်တို့သည်လည်း၊ စတဿောပိ အာရုပ္ပဘူမိယော၊ အရူပလေးဘုံတို့ကိုသာလျှင်။ ဌပေတွာ၊ ထား၍။ ဆဗ္ဗီသဘူမိသု၊ နှစ်ဆဲ့ခြောက်ဘုံတို့၌။ ဇာယန္တိ၊ ဖြစ်ကုန်၏။

၂၅-ဘုံ၌ဖြစ်သောစိတ် ၁၉၅။ ပဉ္စစိတ္တာနိ၊ ဒိဋ္ဌိဂတသမ္ပယုတ်လေးခု,ဝိစိကိစ္ဆာသဟဂုတ်အစွမ်းဖြင့် ငါးခုသော စိတ်တို့သည်။ သုဒ္ဓါဝါသိကဒေဝါနံ၊ သုဒ္ဓါဝါသပြဟ္မာတို့၏။ ပဉ္စ ဘူမိယော၊ (သုဒ္ဓါဝါသ)ငါးဘုံတို့ကို။ ဌပေတွာ၊ ထား၍။ ပဉ္စဝီသတိ ဘူမိသု၊ နှစ်ဆဲ့ငါးဘုံတို့၌။ ဇာယန္တိ၊ ဖြစ်ကုန်၏^၂။

၁၉၆။ အပရာနိ၊ တပါးကုန်သော။ ဒွေ၊ တတိယာရုပ္ပကုသိုလ် ကြိယာ၏အစွမ်းဖြင့် နှစ်ခုသော စိတ်တို့သည်။ နေ၀သညာ၊ နေ၀သညာနာသညာယတနဘုံကိုရင်း။ စတဿောပါယဘူမိယော စ၊ အပါယ်

---

ကျမ်းတက် ၁။ ဤသို့ ဘဝ၏ အစွမ်းဖြင့် စိတ်ဖြစ်ခြင်းကို ပြပြီး၍ ယခုအခါ ကာလ၏ အစွမ်းဖြင့် ပြသည်ဖြစ်၍ ဌပေတွာ ပန အစရှိသည်ကို မိန့်။

၂။ (သုဒ္ဓါဝါသ ၅-ဘုံသည် အနာဂါမ်, ရဟန္တာတို့သာ နေရာဖြစ်သောကြောင့်ရင်း၊ ဒိဋ္ဌိဂတသမ္ပယုတ်, ဝိစိကိစ္ဆာစိတ်တို့ကို သောတာပတ္တိမဂ်ဖြင့်ပင် ပယ်ပြီးဖြစ်၍ အနာဂါမ်, ရဟန္တာတို့သန္တာန်မှာ ယင်းစိတ်များ မရှိသောကြောင့်ရင်း ဒိဋ္ဌိဂတသမ္ပယုတ်, ဝိစိကိစ္ဆာ စိတ်တို့သည် သုဒ္ဓါဝါသ ၅-ဘုံ၌ မဖြစ်။)

လေးဘုံတို့ကိုရင်း။ ဌပေတွာ၊ ထား၍။ ပဉ္စဝီသတိ ဘူမိသု၊ နှစ်ဆဲ့ငါးဘုံတို့၌။ ဟောန္တိ၊ ဖြစ်ကုန်၏ ၁။

၂၄-ဘုံ၌ဖြစ်သောစိတ် ၁၉၇။ ဒုတိယံ စိတ္တာနိ၊ ဝိညာဏဉ္စာယတနကုသိုလ်, ကြိယာ၏အစွမ်းဖြင့် နှစ်ခုသော စိတ်တို့သည်။ အာကိဉ္စညံ နေဝသညဉ္စ၊ အာကိဉ္စညာယတနဘုံ, နေဝသညာနာသညာယတနဘုံကိုရင်း။ အပါယဘူမိယော စ၊ အပါယ်လေးဘုံတို့ကိုရင်း။ ဌပေတွာ၊ ထား၍။ စတုဝီသတိ ဘူမိသု၊ နှစ်ဆဲ့လေးဘုံတို့၌။ ဇာယန္တိ၊ ဖြစ်ကုန်၏။

၂၃-ဘုံ၌ဖြစ်သောစိတ် ၁၉၈။ ဒွေယေဝ ပန စိတ္တာနိ၊ အာကာသာနဉ္စာယတနကုသိုလ်ကြိယာ၏အစွမ်းအားဖြင့် နှစ်ခုသော စိတ်တို့သည်။ အပါယဘူမိယော စ၊ အပါယ်လေးဘုံတို့ကိုရင်း။ တိဿော၊ (အာကာသာနဉ္စာယတနဘုံမှတပါး) သုံးပါးကုန်သော။ အာရုပ္ပဘူမိယော စ၊ အရူပဘုံတို့ကိုရင်း။ ဟိတွာ၊ စွန့်၍။ တေဝီသ ဘူမိသု၊ နှစ်ဆဲ့သုံးဘုံတို့၌။ ဟောန္တိ၊ ဖြစ်ကုန်၏။

၂၂-ဘုံ၌ ဖြစ်သောစိတ် ၁၉၉။ ကောဒသဝိဓံ စိတ္တံ၊ ရူပါဝစရကုသိုလ်, ကြိယာ, ဟသိတုပ္ပါဒ်အားဖြင့် တဆဲ့တပါးအပြားရှိသော စိတ်သည်။ အရူပေ စ၊ အရူပလေးဘုံတို့ကိုရင်း။ အပါယေ စ၊ အပါယ်လေးဘုံတို့ကိုရင်း။ အဋ္ဌ ဘူမိယော၊ ရှစ်ဘုံတို့ကို။ ဌပေတွာ၊ ထား၍။ ဒွါဝီသ ဘူမိသု၊ နှစ်ဆဲ့နှစ်ဘုံတို့၌။ ဟောတိ၊ ဖြစ်၏။

၂၁-ဘုံ၌ဖြစ်သောစိတ် ၂၀၀။ စတ္တာရောဝ၊ သောတာပတ္တိဖိုလ်မှစ၍ အနာဂါမိမဂ်တိုင်အောင်သော လေးပါးသော စိတ်တို့သည်သာလျှင်။ သုဒ္ဓါဝါသေ စ၊ သုဒ္ဓါဝါသငါးဘုံတို့ကိုရင်း။ အပါယေ စ၊ အပါယ်လေးဘုံတို့ကိုရင်း။ နဝ ဘူမိယော၊ ကိုးဘုံတို့ကို။ ဌပေတွာ၊ ထား၍။ ဧကဝီသာသု၊ နှစ်ဆဲ့တဘုံတို့၌။ နိစ္စမ္ပိ၊ အမြဲလည်း။ ဘဝန္တိ၊ ဖြစ်ကုန်၏။

---

၁။ တတိယ အရူပကုသိုလ်, ကြိယာစိတ်သည် နေဝသညာနာသညာ၏ အတိက္ကမိတဗ္ဗ အာရုံဖြစ်သောကြောင့် နေဝသညာနာသညာယတနဘုံ၌ မဖြစ်နိုင်။

အပါယ်ဘုံ၌ အဟိတ်ပဋိသန္ဓေသာရှိသောကြောင့် အပါယ်ဘုံ၌ တတိယ အရူပကုသိုလ် ကြိယာစိတ် မဖြစ်။ (ဝင်းဋီကာသစ်၊ ပ၊ နှာ-၃၅၃။)

**၁၇-ဘုံ၌ဖြစ်သောစိတ်**

၂၀၁။ ဧကံ စိတ္တံ၊ တခုသော သောတာပတ္တိမဂ်စိတ်သည်။ သုဒ္ဓါဝါသေ စ၊ သုဒ္ဓါဝါသငါးဘုံတို့ကိုရင်း။ အပါယာရုပ္ပဘူမိယော စ၊ အပါယ်လေးဘုံ, အရူပလေးဘုံတို့ကိုရင်း။ ဌပေတွာ၊ ထား၍။ သတ္တရသသွ ဘူမိသု၊ တဆဲ့ခုနစ်ဘုံတို့၌သာလျှင်။ ဇာယတိ၊ ဖြစ်၏။

**ကာမ ၁၁-ဘုံ၌သာဖြစ်သောစိတ်**

၂၀၂။ ဒွါဒသေ တု၊ ဒွေါသမူဒွေး၊ ကုသလဝိပါက် ဃာန, ဇိဝှါ, ကာယဝိညာဉ်, အကုသလဝိပါက် ခုနစ်ခုအားဖြင့် တဆဲ့နှစ်ခုသော စိတ်တို့သည်သာလျှင်။ သဗ္ဗာပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ မဟဂ္ဂတာဘူမိယော၊ မဟဂ္ဂုတ်ဘုံ(ရူပဘုံ, အရူပဘုံ)တို့ကို။ဌပေတွာ၊ ထား၍။ ကောဒသသု ဘူမိသု၊ ကာမတဆဲ့တဘုံတို့၌။ ဇာယန္တေ၊ ဖြစ်ကုန်၏[၁]။

**ကာမသုဂတိ ၇-ဘုံ၌သာ ဖြစ်သောစိတ်**

၂၀၃။ အဋ္ဌ စိတ္တာနိ တု၊ ရှစ်ခုသော မဟာဝိပါက် စိတ်တို့သည်ကား။ ကာမာဝစရဒေဝါနဉ္စ၊ ကာမာဝစရနတ်တို့၏ ရင်း။ မနုဿာနဉ္စ၊ လူတို့၏ရင်း။ ဝသေန၊ အစွမ်းဖြင့်။ သတ္တသု ဘူမိသု၊ ကာမသုဂတိခုနစ်ဘုံတို့၌။ သဒါ၊ အခါခပ်သိမ်း။ ဇာယန္တေ၊ ဖြစ်ကုန်၏။

**၆ဘုံ,-၃-ဘုံ၌ဖြစ်သောစိတ်**

၂၀၄။ ဧကော၊ တခုသော။ ပဉ္စမဇ္ဈာနပါကော၊ ပဉ္စမဈာန် ဝိပါက်သည်။ ဆသု ဘူမိသု၊ ဝေဟပ္ဖိုလ်, သုဒ္ဓါဝါသဟု ဆိုအပ်ကုန်သော (ရူပစတုတ္ထဈာန်ဘုံ) ခြောက်ဘုံတို့၌။ ဇာယတေ၊ ဖြစ်၏။

စတ္တာရိ ပန စိတ္တာနိ၊ ပဌမဈာန်ဝိပါက်, ဒုတိယဈာန်ဝိပါက်, တတိယဈာန်ဝိပါက်, စတုတ္ထဈာန်ဝိပါက်ဟု ဆိုအပ်ကုန်သော လေးခုသော စိတ်တို့သည်။ တီသု တီသွေ ဘူမိသု၊ ပဌမဈာန်သုံးဘုံ, ဒုတိယဈာန်သုံးဘုံ,

---

၁။ (ဘုံနှင့် ပုဂ္ဂိုလ်တို့ကို ခွဲခြား သတိပြုထားရန်ဖြစ်သည်။ ဗြဟ္မာဘုံ၌ အနိဋ္ဌာရုံမရှိသောကြောင့် အကုသလဝိပါက်စိတ်တို့မဖြစ်နိုင်။ သို့သော်လည်း ဗြဟ္မာပုဂ္ဂိုလ်၏ သန္တာန်၌ အကုသလဝိပါက်စိတ်တို့သည် ကာမအနိဋ္ဌာရုံနှင့် တွေ့သောအခိုက်အတန့်၌ ဖြစ်နိုင်သည်။)

တတိယဈာန်သုံးဘုံဟု ဆိုအပ်ကုန်သော သုံးဘုံ, သုံးဘုံတို့၌သာလျှင်။ ဇာယန္တေ၊ဖြစ်ကုန်၏[၁]။

**၁-ဘုံ၌ဖြစ်သောစိတ်** ၂၀၅။ အရူပါဝစရပါကာနံ၊ အရူပါဝစရဝိပါက်တို့၏။ ဝသေန၊ အစွမ်းအားဖြင့်။ စတ္တာ-ရိ ပန စိတ္တာနိ၊ လေးခုသော စိတ်တို့သည်။ ဧကေကဘူမိသု၊ တပါးတပါးသော ဘုံတို့၌။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ပရိဒီပယေ၊ ပြရာ၏။

## ဘုံ၌စိတ်ဖြစ်ပုံ

**အပါယ်ဘုံ၌ဖြစ်,မဖြစ်သောစိတ်** ၂၀၆။ ကာမေ[၂]၊ ကာမဘုံ၌။ကုသလာ-ကုသလာ စ၊ ကုသိုလ်,အကုသိုလ် နှစ်ဆယ်တို့ရင်း။ တေသံ၊ ထိုကုသိုလ် အကုသိုလ်တို့၏။ အဟေတုကာ-ပါကာ စ၊ အဟိတ်ဝိပါက် တဆဲ့ငါးခုတို့ရင်း။ အာဝဇ္ဇနဒွယဉ္စ၊ အာဝဇ္ဇန်းဒွေး ရင်း။ ဣတိ၊ ဤသို့။ သတ္တတိံသေဝ မာနသာ၊ သုံးဆဲ့ခုနစ်ခုသော စိတ်တို့ သည်သာလျှင်။

၂၀၇။ နရကာဒီသု၊ ငရဲ အစရှိကုန်သော။ စတူသုပိ စ အပါယေသု၊ အပါယ်လေးဘုံတို့၌လည်း။ ဇာယရေ၊ ဖြစ်ကုန်၏။

အဝသေသာနိ၊ ကြွင်းကုန်သော။ ဒွေပညာသ၊ ကာမာဝစရ မဟာ ဝိပါက် ၈-ပါး, မဟာကြိယာ ၈-ပါး, ဟသိတုပ္ပါဒ်-ပေါင်း တဆဲ့ခုနစ်ခု, မဟဂ္ဂုတ်လောကုတ္တရာသုံးဆဲ့ငါးခုအားဖြင့် ငါးဆဲ့နှစ်ခုသော စိတ်တို့သည်။ တေသု၊ ထိုအပါယ်လေးဘုံတို့၌။ ကဒါစိပိ၊ တရံတခါမျှလည်း။ နုပ္ပဇ္ဇန္တိ၊ မဖြစ်ကုန်။

---

၁။ (ရူပပဉ္စမဈာန် ဝိပါက်စိတ်သည် ဗြဟ္မပါရိသဇ္ဇာစသော ပဉ္စမဈာန်သုံးဘုံ၌ဖြစ်သည်၊ ရူပဒုတိယဈာန်ဝိပါက်, တတိယဈာန်ဝိပါက်စိတ်သည် ပရိတ္တာဘာစသော ဒုတိယ ဈာန်သုံးဘုံ၌ ဖြစ်သည်။ ရူပစတုတ္ထဈာန်ဝိပါက်သည် ပရိတ္တသုဘာစသော တတိယဈာန် သုံးဘုံ၌ဖြစ်သည်။ ရင်း ဋီကာသစ်၊ ၁၊ နှာ-၃၅၄။)

**ကျမ်းတက်** ၂။ ဤသို့ ဤမျှအတိုင်းအရှည် ရှိသည်သာ ဖြစ်ကုန်သော စိတ်တို့သည် ဤမျှသော ဘုံတို့၌ ဖြစ်ကုန်၏ဟု စိတ္တနိယမ၏အစွမ်းဖြင့် ဖြစ်ခြင်းကိုပြပြီး၍ ယခုအခါ ဤမျှ အတိုင်းအရှည်သာ ဖြစ်ကုန်သော ဘုံတို့၌ ဤမျှသော စိတ်တို့သည် ဖြစ်ကုန်၏ဟု ဘုံတို့၌ နိယမ၏ အစွမ်းဖြင့် ပြခြင်းငှါ **ကုသလာကုသလာ ကာမေ** အစရှိသည်ကို အားထုတ် သော ဟူ၏။

**ကာမဘုံ၌ဖြစ်,မဖြစ်သောစိတ်** ၂၀၈။ နဝ၊ ကိုးခုကုန်သော။ မဟဂ္ဂတာ ပါကာ၊ မဟဂ္ဂုတ်ဝိပါက်တို့သည်။ ကာမေ၊ ကာမဘုံ၌။ ဒေဝမနုဿာနံ၊ နတ်လူတို့အား။ နေဝ ဇာယန္တိ၊ မဖြစ်ကုန်။ အသီတိဟဒယာ၊ ရှစ်ဆယ်သော စိတ်တို့သည်။ သဒါ၊ အခါ ခပ်သိမ်း၊ ဇာယန္တိ၊ ဖြစ်ကုန်၏။

**ရူပဘုံ၌ မဖြစ်သောစိတ် ၂၄-ပါး** ၂၀၉။ ကာမေ၊ကာမဘုံ၌(ဖြစ်သော)။ အဋ္ဌမဟာပါကာ စ၊ မဟာဝိပါက်စိတ် ရှစ်ခုတို့သည်၎င်း။ ဒေါမနဿဒွယမ္ပိ စ၊ ဒေါမနဿသဟဂုတ်စိတ် နှစ်ခုတို့၏ အပေါင်းသည်၎င်း။ တထာ၊ ထိုမှတပါး။ ဃာနာဒိဝိညာဏတ္တယဉ္စ၊ ကုသလဝိပါက်ဃာနဝိညာဉ် အစရှိသော ဝိညာဉ်သုံးခုတို့၏ အပေါင်း သည်၎င်း။ အပုညဇာ ပါကာ စ၊ အကုသလဝိပါက် ခုနစ်ခုတို့သည်၎င်း။

၂၁၀။ အာရုပ္ပပါကာ စ၊ အရူပဝိပါက်လေးခုတို့သည်၎င်း။ ရူပါဝစရ-ဘူမိယံ၊ ရူပါဝစရဘုံ၌။ နတ္ထိ=န သန္တိ၊ မရှိကုန်။

**သုဒ္ဓါဝါသဘုံ၌ဖြစ်,မဖြစ်သောစိတ်။** ။ဣမေဟိ စိတ္တေဟိ၊ ဤ (ရူပဘုံ၌ မဖြစ်သော ၂၄-ပါးသော)စိတ်တို့ နှင့်။ သဟ၊ တကွ။ တယော မဂ္ဂါ စ၊ (သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်, အနာဂါမိမဂ်) သုံးခုသော မဂ်တို့ကို၎င်း။ ဖလဒွယဉ္စ၊ အောက်ဖိုလ်စိတ် နှစ်ခုအပေါင်းကို၎င်း။

၂၁၁။ စတ္တာရော ဒိဋ္ဌိသံယုတ္တာ စ၊ ဒိဋ္ဌိဂတသမ္ပယုတ် စိတ်လေးခုတို့ကို၎င်း။ ဝိစိကိစ္ဆာယုတ္တမ္ပိ စ၊ ဝိစိကိစ္ဆာသဟဂုတ်စိတ်ကို၎င်း။ ဟေဋ္ဌိမာ၊ ပဉ္စမ ဈာန်မှ အောက်ဖြစ်ကုန်သော။ စတ္တာရော ပါကာ စ။ ရူပါဝစရဝိပါက် လေးခုတို့ကို၎င်း။ သုဒ္ဓါဝါသေ၊ သုဒ္ဓါဝါသဘုံ၌။ န လဗ္ဘရေ=န လဗ္ဘန္တိ၊ မရအပ်ကုန်။

၂၁၂။ သေသာနိ၊ ကြွင်းကုန်သော။ ဧကပညာသ စိတ္တာနိ ပန၊ ငါးဆဲ့ တခုသော စိတ်တို့ကိုကား။ လဗ္ဘရေ=လဗ္ဘန္တိ၊ ရအပ်ကုန်၏။

**အရူပဘုံ၌မဖြစ်သောစိတ်။** ။သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ရူပါဝစရိကာ စ၊ ရူပါဝစရစိတ် တဆဲ့ငါးခုတို့၎င်း။ ကာမ-

ဓာတုယာ၊ ကာမဘုံ၌။ (ပဝတ္တာ၊ ဖြစ်ကုန်သော။) ဝိပါကာ စ၊ ကာမာ-ဝစရ ဝိပါက်စိတ် နှစ်ဆဲ့သုံးခုတို့ရင်း။

၂၁၃။ ဒေါမနဿဥ္စ၊ ဒေါမနဿသဟဂုတ်စိတ်နှစ်ခုရင်း။ အာဒိမဂ္ဂေါ စ၊ သောတာပတ္တိမဂ်ရင်း။ ဒွေ အဟေတုကာ ကြိယာ စ၊ ဝုဋ္ဌောကြဉ်သော အဟိတ်ကြိယာနှစ်ခု(ပဥ္စဒွါရာဝဇ္ဇန်း၊ ဟသိတုပ္ပါဒ်)တို့ရင်း။ ဣတိ၊ ဤသို့။ တေစတ္တာလီသ စိတ္တာနိ၊ လေးဆဲ့သုံးခုသော စိတ်တို့သည်။ အာရုပ္ပဘူမိ-ယံ၊ အရူပဘုံ၌။ နတ္ထိ=န သန္တိ၊ မရှိကုန်။

၂၁၄။ ဧဝံ=ဣမိနာ ပကာရေန၊ ဤသို့သော အပြားအားဖြင့်။ ဘူမိ-ဝသေနေဝ၊ ဘုံတို့၏ အစွမ်းအားဖြင့်သာလျှင်။ စိတ္တုပ္ပတ္တိံ၊ စိတ်တို့၏ ဖြစ်ခြင်းကို။ ဝိဘာဝယေ၊ ပြရာ၏။

## ပုဂ္ဂိုလ်အားဖြင့် စိတ်ဖြစ်ပုံ

**ကာမပုဂ္ဂိုလ်စိတ်ရ။** ။တထာ၊ ထို့အတူ။ ကောဒသန္နမ္ပိ ပုဂ္ဂလာနံ၊ တကျိပ်တယောက်ကုန်သော ပုဂ္ဂိုလ်[၁] တို့၏လည်း။ ဝသေ-န စ၊ အစွမ်းအားဖြင့်လည်း။ စိတ္တုပ္ပတ္တိံ၊ စိတ်တို့၏ဖြစ်ခြင်းကို။ ဝိဘာဝယေ၊ ပြရာ၏။

**အဟိတ်ပုဂ္ဂိုလ်ရ,မရသောစိတ်** ၂၁၅။ ကာမေ၊ ကာမဘုံ၌။ ကုသလာ-ကုသလာ စ၊ ကုသိုလ်အကုသိုလ် နှစ်ဆယ်တို့ရင်း။ တေသံ၊ ထိုကုသိုလ် အကုသိုလ်တို့၏။ အဟေတုကာ ပါ-ကာ စ၊ အဟိတ်ဝိပါက် တဆဲ့ငါးခုတို့ရင်း။ အာဝဇ္ဇနဒွယဥ္စ၊ အာဝဇ္ဇန်းဒွေး ရင်း။ ဣတိ၊ ဤသို့။ သတ္တတိံသေဝ မာနသာ၊ သုံးဆဲ့ခုနစ်ခုသော စိတ်တို့သည်သာလျှင်။

၂၁၆။ အဟေတုကဿ သတ္တဿ၊ အဟိတ်ပုဂ္ဂိုလ်အား။ ပဥ္စဘူမိသု၊ အပါယ်လေးဘုံ, မနုဿဘုံအားဖြင့် ငါးဘုံတို့၌။ ဇာယန္တေ၊ ဖြစ်ကုန်၏။

---

၁။ (အဟိတ်ပုဂ္ဂိုလ်, ဒွိဟိတ်ပုဂ္ဂိုလ်, တိဟိတ်ပုဂ္ဂိုလ်, အရိယာ ၈-ယောက်အားဖြင့် ပုဂ္ဂိုလ် ၁၁-ယောက်။ စင်စစ်အားဖြင့် ပုဂ္ဂိုလ် ၁၂-ယောက်ဟု ပြောလေ့ရှိသည်။ အဟိတ်ပုဂ္ဂိုလ်ကို သုဂတိအဟိတ်ပုဂ္ဂိုလ်, ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်ဟု ပိုင်းခြားလျှင် ပုဂ္ဂိုလ် ၁၂-ယောက် ဖြစ်သည်။)

အဝသေသာနိ၊ ကြွင်းကုန်သော။ ဒွေပဉ္စာသ၊ ငါးဆဲ့နှစ်ခုသော စိတ်တို့သည်။ ကဒါစိပိ၊ တရံတဆစ်သော ကာလ၌လည်း။ န ဇာယန္တိ၊ မဖြစ်ကုန်။

**ဒွိဟိတ်ပုဂ္ဂိုလ်ရ, မရသောစိတ်**

၂၁၇။ အဟေတုကဿ၊ အဟိတ်ပုဂ္ဂိုလ်အား။ ဝုတ္တေဟိ၊ ဆိုအပ်ကုန်သော သုံးဆဲ့ခုနစ်ခုသော စိတ်တို့နှင့်။ သဟ၊ တကွ။ ကာမ ပါကာ ဒုဟေတုကာ စ၊ ဒုဟိတ် ကာမဝိပါက်လေးခုတို့ငှင်း။ ဣတိ၊ ဤသို့။ စတ္တာလီသဉ္စ၊ လေးဆယ်သော စိတ်တို့သည်ငှင်း။ တထာ၊ ထိုမှတပါး။ ကေကဉ္စ၊ တခုသော စိတ်သည်ငှင်း။ ဒုဟေတုကဿ၊ ဒုဟိတ်ပုဂ္ဂိုလ်အား။ ဇာယန္တေ၊ ဖြစ်ကုန်၏။

၂၁၈။ သဗ္ဗေ၊ အလုံးစုံကုန်သော။ မဟဂ္ဂတာ စေဝ၊ မဟဂ္ဂုတ်စိတ်နှစ်ဆဲ့ခုနစ်ခုတို့ငှင်း။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ အနုာသဝါ စ၊ လောကုတ္တရာစိတ် ရှစ်ခုတို့ငှင်း။ တိဟေတုကာ ဝိပါကာ စ၊ တိဟိတ်ဝိပါက်စိတ်လေးခုတို့ငှင်း။ ကာမေ၊ ကာမာဝစရစိတ်၌။ နဝ ကြိယာပိ စ၊ မဟာကြိယာရှစ်ခု, ဟသိတုပ္ပါဒ်အားဖြင့် ကိုးခုသော ကြိယာစိတ်တို့ငှင်း။

၂၁၉။ ဣတိ၊ ဤသို့။ စတ္တာလီသဉ္စ၊ လေးဆယ်သော စိတ်တို့သည်ငှင်း။ တထာ၊ ထိုမှတပါး။ အဋ္ဌ စ၊ ရှစ်ခုသော စိတ်တို့သည်ငှင်း။ ဒုဟေတုနော၊ ဒုဟိတ်ပုဂ္ဂိုလ်အား။ န ဇာယန္တိ၊ မဖြစ်ကုန်။

**ကာမတိဟိတ် ပုထုဇဉ်ရ, မရသောစိတ်**

ကာမာဝစရသတ္တဿ၊ ကာမာဝစရသတ္တဝါဖြစ်သော။ တိဟေတုပဋိသန္ဓိနော၊ တိဟိတ်ပဋိသန္ဓေရှိသော။

၂၂၀။ ပုထုဇ္ဇနဿ၊ ပုထုဇဉ်အား။စတုပညာသ မာနသာ၊ ငါးဆဲ့လေးခုသော စိတ်တို့သည်။ ဇာယန္တေ၊ ဖြစ်ကုန်၏။ ဒွိဟေတုကဿ [၁]၊ ဒွိဟိတ်ပုဂ္ဂိုလ်အား။ ဝုတ္တာနိ၊ ဆိုအပ်ကုန်သော။ စတ္တာလီသံ တထေ’ကကဉ္စ၊ လေးဆဲ့တခုသော စိတ်တို့ငှင်း။

ကျမ်းတက် ၁။ “စတုပညာသ မာနသာ” ဟု ဆိုပြီး၍ ထိုငါးဆဲ့လေးခုသော စိတ်တို့ကို သရုပ်အားဖြင့် ပြခြင်းငှါ ဒွိဟေတုကဿ စသည်ကို မိန့်။

(ပုထုဇဉ်တိဟိတ်၌ဖြစ်သောစိတ်များ—အကုသိုလ်စိတ် ၁၂-ပါး၊ မဟာကုသိုလ် ၈-ပါး၊ ကာမဝိပါက် ၂၃-ပါး၊ အာဝဇ္ဇန်းဒွေး ၂-ပါး၊ မဟာကြိယာ ၉-ပါး—ပေါင်း ၅၄-ပါး)

၂၂၁။ ကာမဓာတုယာ၊ ကာမဘုံ၌။ (ပဝတ္တာ၊ ဖြစ်ကုန်သော။) စတ္တာရော ဉာဏသံယုတ္တာ ဝိပါကာ စ၊ ဉာဏသမ္ပယုတ် ဝိပါက်စိတ် လေးခုတို့ရင်း။ ရူပါရူပေသု၊ ရူပါဝစရစိတ်, အရူပါဝစရစိတ်တို့၌။ ပုညာနိ စ၊ ကိုးခုသော ကုသိုလ်စိတ်တို့ရင်း။ ဣတိ၊ ဤသို့။ စတုပညာသ မာနသာ၊ ငါးဆဲ့လေးခုသော စိတ်တို့သည်။

၂၂၂။ ပုထုဇ္ဇနဿ၊ ကာမာဝစရ တိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်အား။ ဇာယန္တေ၊ ဖြစ်ကုန်၏။ပဥ္စတိံသ၊ သုံးဆဲ့ငါးခုသော စိတ်တို့သည်။ နဇာယရေ= နဇာယန္တိ၊ မဖြစ်ကုန်။

**ကာမဘုံသောတာပန်ရ, မရသောစိတ်** ဆဒေဝေသု စ၊ နတ်ပြည်ခြောက်ထပ်တို့၌ရင်း။ မနုဿေသု စ။ လူ့ပြည်တို့၌ရင်း။ ဇာတဿ၊ ဖြစ်သော။ [ထည့်] သောတာပန္နဿ ဒေဟိနော၊ သောတာပန်ပုဂ္ဂိုလ်[၁] အား။

၂၂၃။ ပညာသေဝ စိတ္တာနိ၊ ငါးဆယ်သော စိတ်တို့သည်သာလျှင်။ ဇာယန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဝိနိဒ္ဒိသေ၊ ပြရာ၏။ အဿ၊ ထိုကာမသောတာပန်ပုဂ္ဂိုလ်အား။ နဝတိံသေဝ စိတ္တာနိ၊ သုံးဆဲ့ကိုးခုသော စိတ်တို့သည်။ နုပ္ပဇ္ဇန္တိ၊ မဖြစ်ကုန်။ ဣတိ၊ ဤသို့။ ဒီပယေ၊ ပြရာ၏။

**ကာမဘုံသကဒါဂါမ်ရ,မရသောစိတ်** ၂၂၄။ ပဌမံ ဖလံ၊ သောတာပတ္တိဖိုလ်ကို။ ဌပေတွာ၊ ထား၍။ သောတာပန္နဿ၊ သောတာပန်ပုဂ္ဂိုလ်အား။ ဝုတ္တာနိ၊ ဆိုအပ်ကုန်သော စိတ်တို့သည်။ အတ္တနော စ၊ မိမိ၏လည်း။ ဖလေန၊ သကဒါဂါမိဖိုလ်နှင့်။ သဟ၊ တကွ။ အဿ သကဒါဂါမိနော၊ ထိုသကဒါဂါမ်ပုဂ္ဂိုလ်အား။ သိယုံ၊ (ငါးဆယ်သော စိတ်တို့သည်)ဖြစ်ကုန်၏။

---

၁။ (သောတာပန်ပုဂ္ဂိုလ်၌ ဖြစ်သောစိတ်များ—ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါးနှင့် ဝိစိကိစ္ဆာစိတ်ကြဉ် တိဟိတ်ပုဂ္ဂိုလ်ဖြစ် ၄၉-ပါး၊ သောတာပတ္တိဖိုလ်—ပေါင်း ၅၀-ပါး။

အထူးသတိပြုရန်အမှာ— သောတာပန်ပုဂ္ဂိုလ်, သကဒါဂါမ်ပုဂ္ဂိုလ်, အနာဂါမ်ပုဂ္ဂိုလ် စသည်ဟု ခေါ်ရာ၌-ဖိုလ်ပုဂ္ဂိုလ်များကိုသာ ဆိုလိုသည်။ မဂ်ပုဂ္ဂိုလ်၏ သန္တာန်၌ မိမိ၏ မဂ်စိတ်မှတပါး အခြားစိတ်များ မဖြစ်နိုင်။)

**ကာမဘုံအနာဂါမ်ရသောစိတ်**

၂၂၅။ ပဋိသန္ဓိယဥ္စ၊ ဒေါသမူဒွေးကိုရှင်း။ ဒုတိယံ ဖလဥ္စ၊ သကဒါဂါမိဖိုလ်ကိုရှင်း။ သောတာပတ္တိဖလဉ္စ၊ သောတာပတ္တိဖိုလ်ကိုရှင်း။ ဟိတွာ၊ ပယ်၍။ [သောတာပတ္တိဖလဥ္စ ကား စ-သဒ္ဒါဖြင့် ယူသည်] သောတာပန္နဿ၊ သောတာပန်ပုဂ္ဂိုလ်အား။ ဝုတ္တာနိ၊ ဆိုအပ်ကုန်သော စိတ်တို့သည်။ အတ္တနော၊ အနာဂါမ်ပုဂ္ဂိုလ်၏။ ဖလေန၊ အနာဂါမိဖိုလ်နှင့်။ သဟ၊ တကွ။ ယာနိ စိတ္တာနိ၊ အကြင်လေးဆဲ့ရှစ်ခုသော စိတ်တို့သည်။ သန္တိ၊ ရှိကုန်၏။ တာနိ စိတ္တာနိ၊ ထိုလေးဆဲ့ရှစ်ခုသော စိတ်တို့သည်။ အနာဂါမိဿ သတ္တဿ၊ အနာဂါမ်ပုဂ္ဂိုလ်အား။ ဇာယန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဝိနိဒ္ဒိသေ၊ ပြရာ၏။

**ကာမဘုံရဟန္တာရသောစိတ်**

၂၂၆။ ကာမေ၊ ကာမသုဂတိခုနစ်ဘုံ၌။ ဇာတဿ၊ ဖြစ်သော။ အရဟတော၊ ရဟန္တာအား။ ကတိ၊ အဘယ်မျှကုန်သော။ စိတ္တာနိ၊ စိတ်တို့သည်။ ဇာယန္တေ၊ ဖြစ်ကုန်သနည်း။ ကာမေ၊ ကာမသုဂတိခုနစ်ဘုံ၌။ ဇာတဿ၊ ဖြစ်သော။ အရဟတော၊ ရဟန္တာအား။ စတ္တာလီသဉ္စ စတ္တာရိ၊ ကာမဝိပါက်နှစ်ဆဲ့သုံးခု, ကြိယာနှစ်ဆယ်, အရဟတ္တဖိုလ်အားဖြင့် လေးဆဲ့လေးခုသော စိတ်တို့သည်။ သိယုံ၊ ဖြစ်ကုန်၏။

**မဂ်ပုဂ္ဂိုလ်အသီးသီး ရသောစိတ်**

၂၂၇။ မဂ္ဂဋ္ဌာနံ၊ မဂ္ဂဋ္ဌာန်ဖြစ်ကုန်သော။ စတုန္နမ္ပိ၊ လေးယောက်လည်းဖြစ်ကုန်သော။ တေသံ ပုဂ္ဂလာနံ၊ ထိုပုဂ္ဂိုလ်တို့အား။ သကံ သကံ မဂ္ဂစိတ္တံ၊ မိမိ မိမိဥစ္စာဖြစ်သော မဂ်စိတ်သည်။ သိယာ၊ ဖြစ်ရာ၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ဟိ=ယသ္မာ၊ အကြင့်ကြောင့်။ တေ၊ ထိုမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့သည်။ ဧကစိတ္တက္ခဏာ[၁]၊ တချက်သော စိတ္တက္ခဏရှိကုန်သည် (မဂ်စိတ်တကြိမ်သာ ကျကုန်သည်)။ ဟောန္တိ၊ ဖြစ်ကုန်၏။ တသ္မာ၊ ထိုကြောင့်။ သကံ သကံ မဂ္ဂစိတ္တံ၊ မိမိ မိမိဥစ္စာဖြစ်သော မဂ်စိတ်သည်။ သိယာ၊ ဖြစ်ရာ၏။

---

ကျမ်းတက် ၁။ အဘယ့်ကြောင့် ထိုမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့အား တခုတခုသော စိတ်ဖြစ်သနည်း ဟူသော အမေးကို ဖြေခြင်းငှါ ဧကစိတ္တက္ခဏာ ဟိ တေ ဟူသော ပါဌ်ကိုမိန့်။

## ရူပပုဂ္ဂိုလ်စိတ်ရ¹

ပထမဈာန်ဘုံသားပုထုဇဉ် ၂၂၈။ ပဉ္စ တိံသေဝ စိတ္တာနိ၊ ကာမ, ရူပ, ဖြဟ္မာရ, မရသောစိတ် အရူပကုသိုလ်တဆဲ့ခုနစ်ခု, ဒေါသမူဒွေးကြဉ်သော အကုသိုလ်တဆယ်, (ကုသလဝိပါက်) စက္ခုဝိညာဉ်, သောတဝိညာဉ်, သမ္ပဋိစ္ဆိုန်း, သန္တီရဏ နှစ်ခု, အာဝဇ္ဇန်းဒွေး, ပဌမဈာန်ဝိပါက်အားဖြင့် သုံးဆဲ့ငါးခုသော စိတ်တို့ သည်သာလျှင်။ တီသွေဝ ပဌမဇ္ဈာနဘူမိသု၊ ပဌမဈာန်သုံးဘုံတို့၌သာ လျှင်။ ဇာတဿ၊ ဖြစ်သော။ ပုထုဇ္ဇနဿ၊ ပုထုဇဉ် ဗြဟ္မာအား။ ဇာယန္တေ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဝိနိဒ္ဒိသေ၊ ပြရာ၏။

၂၂၉။ ဈာနာဒီသု၊ ဈာနပဿာဒအစရှိသည်တို့၌။ ပဝတ္တံ၊ ဖြစ်သော၊ ဝိညာဏတ္တယဥ္စ၊ (ကုသလဝိပါက် ဈာနဝိညာဉ်စသော) ဝိညာဉ်သုံးခုတို့၏ အပေါင်းငှင်း။ သတ္တ၊ ခုနစ်ခုကုန်သော၊ အပုညဇာ စ၊ အကုသလဝိပါက်တို့ငှင်း။ မဟာပါကာ စ၊ မဟာဝိပါက်စိတ် ရှစ်ခုတို့ငှင်း။ တထာ၊ ထိုမှ တပါး။ ဥပရိဇ္ဈာနဘူမိကာ၊ အထက်ဈာန်ဘုံ၌ ဖြစ်ကုန်သော။ ပါကာ စ၊ (ပဌမဝိပါက်ကြဉ်သော) ရူပါဝစရဝိပါက်လေးခုတို့ငှင်း။

၂၃၀။ အာရုပ္ပဝိပါကာပိ စ၊ အရူပဝိပါက်လေးခုတို့ငှင်း၊ ဒေါမနဿ-ဒွယမ္ပိ စ၊ ဒေါမနဿသဟဂုတ်နှစ်ခုငှင်း။ အဋ္ဌာရသ ကြိယာ စေဝ၊ အာဝဇ္ဇန်းဒွေးကြဉ်သော ကြိယာတဆဲ့ရှစ်ခုတို့ငှင်း။ အဋ္ဌ လောကုတ္တရာနိ စ၊ လောကုတ္တရာရှစ်ခုတို့ငှင်း။

၂၃၁။ တေဝနိ စတုပညာသစိတ္တာနိ၊ ဤငါးဆဲ့လေးခုသောစိတ်တို့ကို။ ပဌမဇ္ဈာနနိဗ္ဗတ္တ ပုထုဇ္ဇနဿရိရိနော၊ ပဌမဈာန်ဘုံ၌ဖြစ်သော ပုထုဇဉ် ဗြဟ္မာအား။ န စ လဗ္ဘရေ=န စလဗ္ဘန္တိ၊ မရအပ်ကုန်။

၁။ (အနိဋ္ဌာရုံမရှိသော ရူပဗြဟ္မာဘုံ၌နေစဉ်ကာလ အခိုက်အတန့်၌သာ ဗြဟ္မာပုဂ္ဂိုလ်တို့ရအပ်သော စိတ်တို့ကို ပြထားခြင်းဖြစ်သည်။ အကယ်၍ ရူပဗြဟ္မာသည် ကာမဘုံသို့လာရောက်စဉ် အနိဋ္ဌာရုံတို့ကို မြင်ရကြားရပါမူ ထိုဗြဟ္မာပုဂ္ဂိုလ်၏ သန္တာန်၌ အကုသလဝိပါက် စက္ခုဝိညာဉ်, သောတဝိညာဉ်, သမ္ပဋိစ္ဆိုန်း, သန္တီရဏတို့လည်း ဖြစ်ရသည်။)

**ပဉ္စမစျာန်ဘုံသား သောတာပန် ပြဟ္မာ ရသောစိတ်** ၂၃၂။ ပုထုဇ္ဇနဿ၊ ပုထုဇဉ်ပြဟ္မာအား။ ဝုတ္တေသု၊ ဆိုအပ်ကုန်သော (၃၅-ပါးသော) စိတ်တို့တွင်။ အပုညပဉ္စကံ၊ ဒိဋ္ဌိဂတသမ္ပယုတ်လေးခု,ဝိစိကိစ္ဆာသဟဂုတ်အားဖြင့် အကုသိုလ်စိတ် ငါးခုတို့၏ အပေါင်းကို။ ဟိတွာ စ၊ စွန့်၍ငင်း။ ပဉ္စမံ ဖလံ၊ သောတာပတ္တိဖိုလ်ကို။ ဂဟေတွာ စ၊ ယူ၍ငင်း။[ပဉ္စမံ ဖလံ ဂဟေတွာ ကား စ-သဒ္ဒါဖြင့် ယူသည်] ကေတိံသ စိတ္တာနိ၊ သုံးဆဲ့တခုသော စိတ်တို့သည်။ တတ္ထ၊ ထို ပဉ္စမစျာန်သုံးဘုံတို့၌။ ဇာတဿ၊ ဖြစ်သော။ သောတာပန္နဿ၊ သောတာပန်ပြဟ္မာအား။ ဇာယရေ၊ ဖြစ်ကုန်၏။

**ပဉ္စမစျာန်ဘုံသား သကဒါဂါမ် ပြဟ္မာရသောစိတ်** ၂၃၃။ ပဉ္စမံ ဖလံ၊ သောတာပတ္တိဖိုလ်ကို။ ဥပေတွာ၊ ထား၍။ သကံ ဖလံ၊ မိမိဥစ္စာဖြစ်သော သကဒါဂါမိဖိုလ်ကို။ ပက္ခိပိတွာ၊ ထည့်၍။ ကေတိံသေဝ၊ သုံးဆဲ့တခုသော စိတ်တို့သည်သာလျှင်။ တတ္ထ၊ ထို ပဉ္စမစျာန်သုံးဘုံတို့၌။ ဇာတဿ၊ ဖြစ်သော။ သကဒါဂါမိနော၊ သကဒါဂါမ်ပြဟ္မာအား။ ဇာယန္တေ၊ ဖြစ်ကုန်၏။

**ပဉ္စမစျာန်ဘုံသား အနာဂါမ် ပြဟ္မာ ရသောစိတ်** ၂၃၄။ သကဒါဂါမိဝုတ္တေသု၊ သကဒါဂါမ်အား ဆိုအပ်ကုန်သော (၃၁-ပါးသော) စိတ်တို့တွင်။ ဒုတိယံ ဖလံ၊ သကဒါဂါမိဖိုလ်ကို။ ဥပေတွာ၊ ထား၍။ အတ္တနော၊ မိမိ၏။ ဖလစိတ္တေန၊ အနာဂါမိဖိုလ်စိတ်နှင့်။ သဟ၊ တကွ။ ကေတိံသေဝ၊ သုံးဆဲ့တခုသော စိတ်တို့သည်သာလျှင်။ တတ္ထေဝ။ ထို ပဉ္စမစျာန် သုံးဘုံတို့၌သာလျှင်။ ဇာတဿ၊ ဖြစ်သော။ အနာဂါမိဿ၊ အနာဂါမ်ပြဟ္မာအား။ ဇာယန္တေ၊ ဖြစ်ကုန်၏။

**ပဉ္စမစျာန်ဘုံသား ရဟန္တာ ရသောစိတ်** ၂၃၅။ စက္ခုု သောတာနံ ဝိညာဏဒွံ၊ (ကုသလဝိပါက်) စက္ခုဝိညာဉ်, သောတဝိညာဉ်ငင်း။ ပုညဇံ၊ ကုသလဝိပါက်ဖြစ်သော။ သမ္ပဋိစ္ဆနဒွံ၊ သမ္ပဋိစ္ဆိုန်းငင်း။ သန္တီရဏဒွယဉ္စေဝ၊ (ကုသလဝိပါက်) သန္တီရဏနှစ်ခုတို့၏ အပေါင်းငင်း။ ဝီသတိ၊ နှစ်ဆယ်သော။ ကြိယစိတ္တာနိ စ၊ ကြိယာစိတ်တို့ငင်း။

၂၃၆။ အရဟတ္တဖလဥ္စ၊ အရဟတ္တဖိုလ်ငှင်း။ ပဉ္စမဇ္ဈာနသမ္ဘဝေါ၊ ပဉ္စမစျာန်ကြောင့်ဖြစ်သော။ ပါကော စ၊ (ရူပပဉ္စမစျာန်) ဝိပါက်စိတ်ငှင်း။ ဣတိ၊ ဤသို့။ သတ္တဝီသတိ စိတ္တာနိ၊ နှစ်ဆဲ့ခုနစ်ခုသော စိတ်တို့သည်။ အရဟန္တဿ၊ ပဉ္စမစျာန်ဘုံ၌ဖြစ်သော ရဟန္တာပြဟ္မာအား။ ဇာယရေ၊ ဖြစ်ကုန်၏။

**ဒုတိယစျာန်ဘုံသား ပုထုဇဉ်ပြဟ္မာ ရသောစိတ်** ၂၃၇။ ဒုတိယဇ္ဈာန တတိယဇ္ဈာနပါကတော၊ (ရူပ) ဒုတိယစျာန်ဝိပါက်, တတိယစျာန်ဝိပါက်အားဖြင့်။ ဆတ္တိံသ၊ သုံးဆဲ့ခြောက်ခုသော စိတ်တို့သည်။ တီသွေဝ ဒုတိယဇ္ဈာနဘူမိသု၊ ဒုတိယစျာန်သုံးဘုံတို့၌သာလျှင်။ ဇာတဿ၊ ဖြစ်သော။ ပုထုဇ္ဇနဿ၊ ပုထုဇဉ်ပြဟ္မာအား။ ဇာယန္တေ၊ ဖြစ်ကုန်၏[၁]။

**ဒုတိယစျာန်ဘုံသား သောတာပန် ပြဟ္မာ ရသောစိတ်** ၂၃၈။ ပုထုဇ္ဇနဿ၊ (ဒုတိယစျာန်ဘုံသား) ပုထုဇဉ် ပြဟ္မာအား။ ဝုတ္တေသု၊ ဆိုအပ်ကုန်သော (၃၆-ပါးသော) စိတ်တို့တွင်။ အပုညပဥ္စကံ၊ ဒိဋ္ဌိဂတသမ္ပယုတ်လေးခု, ဝိစိကိစ္ဆာသဟဂုတ်အားဖြင့် အကုသိုလ်စိတ် ငါးခုတို့၏အပေါင်းကို။ ဟိတွာ၊ စွန့်၍။ အတ္တနော၊ မိမိ၏။ ဖလေန၊ သောတာပတ္တိဖိုလ်နှင့်။ သဟ၊ တကွ။ ဗာတ္တိံသ၊ သုံးဆဲ့နှစ်ခုသော စိတ်တို့သည်။ သောတာပန္နဿ၊

---

ကျမ်းတက် ၁။ ဤသို့ ပုထုဇဉ်,သောတာပန်စသော ပုဂ္ဂိုလ်တို့၏ အစွမ်းအားဖြင့် ပဉ္စမစျာန်သုံးဘုံ၌ စိတ်ဖြစ်ခြင်းကို ပြပြီး၍ ယခုအခါ ထို ပုဂ္ဂိုလ်တို့၏ အစွမ်းအားဖြင့်သာလျှင် ဒုတိယစျာန်ဘုံ၌ ပြခြင်းငှါ **ပုထုဇ္ဇနဿ** အစရှိသည် မိန့်။

ဒုတိယစျာန်, တတိယစျာန်ဝိပါက်တို့၏ တယောက်သော ပုဂ္ဂိုလ်အား ဖြစ်သော်လည်း ဒုတိယစျာန်ဘုံအပြင်၌ ဖြစ်သော ပုထုဇဉ်အစရှိသည်တို့ကို ပုထုဇဉ်အစရှိသည်၏ အဖြစ်၏ တူသည်၏ အဖြစ်ဖြင့် တပေါင်းတည်း ယူ၍ **ဒုတိယဇ္ဈာနတတိယဇ္ဈာနပါကတော** မိန့်သည်။ (ငှင်းဋီကာသစ်၊ပ၊နှာ-၃၅၆)

(ဒုတိယစျာန်ဘုံသား ပုထုဇဉ်ပြဟ္မာရသောစိတ် ၃၆။ ။ဒေါသမူဒွေးကြဉ် အကုသိုလ် ၁၀-ပါး၊ လောကီကုသိုလ် ၁၇-ပါး၊ ကုသလဝိပါက်စက္ခုဝိညာဉ် ၁-ပါး၊ သောတဝိညာဉ် ၁-ပါး၊ သမ္ပဋိစ္ဆိုင်း ၁-ပါး၊ သန္တီရဏ ၂-ပါး၊ အာဝဇ္ဇန်းဒွေး၊ ရူပဒုတိယစျာန်ဝိပါက်၊ ရူပတတိယစျာန်ဝိပါက်၊ ပေါင်း ၃၆-ပါး ဖြစ်သည်။ ဋီကာဟောင်း၊နှာ-၅၀။)

ဒုတိယစျာန် သုံးဘုံ၌ဖြစ်သော သောတာပန် ပြဟ္မာအား။ ဇာယန္တေ၊ ဖြစ်ကုန်၏။

**ဒုတိယစျာန်ဘုံသား သကဒါဂါမ် ပြဟ္မာရသောစိတ်**

၂၃၉။ သောတာပန္နဿ၊ သောတာပန် ပြဟ္မာအား။ ဝုတ္တေသု၊ ဆိုအပ်ကုန်သော (၃၂-ပါးသော) စိတ်တို့တွင်။ ပဌမံ ဖလံ၊ သောတာပတ္တိဖိုလ်ကို။ ဌပေတွာ၊ ထား၍။ အတ္တနော၊ မိမိ၏။ ဖလစိတ္တေန၊ သကဒါဂါမိဖိုလ်စိတ်နှင့်။ သဟ၊ တကွ။ ဗာတ္တိံသ၊ သုံးဆဲ့နှစ်ခုသော စိတ်တို့သည်။ သကဒါဂါမိဿ၊ ဒုတိယစျာန် သုံးဘုံ၌ဖြစ်သော သကဒါဂါမ်ပြဟ္မာအား။ ဇာယန္တေ၊ ဖြစ်ကုန်၏။

**ဒုတိယစျာန်ဘုံသား အနာဂါမ် ပြဟ္မာ ရသောစိတ်**

၂၄၀။ သကဒါဂါမိဝုတ္တေသု၊ သကဒါဂါမ် ပြဟ္မာအား ဆိုအပ်ကုန်သော (၃၂-ပါးသော) စိတ်တို့တွင်။ ဒုတိယံ ဖလံ၊ သကဒါဂါမိဖိုလ်ကို။ ဌပေတွာ၊ ထား၍။ အနာဂါမိ-ဖလေန၊ အနာဂါမိဖိုလ်စိတ်နှင့်။ သဟ၊ တကွ။ ဗာတ္တိံသေဝ၊ သုံးဆဲ့နှစ်ခုသော စိတ်တို့သည်သာလျှင်။ အဿ အနာဂါမိနော၊ ထို အနာဂါမ်ပြဟ္မာအား။ ဘဝန္တိ၊ ဖြစ်ကုန်၏။

**ဒုတိယစျာန်ဘုံသား ရဟန္တာ ရသောစိတ်**

၂၄၁။ ဒုတိယဇ္ဈာန တတိယဇ္ဈာန ပါက-တော၊ ဒုတိယစျာန်ဝိပါက် တတိယစျာန်ဝိပါက်အားဖြင့်။ ပါကေန စ၊ (ရူပဒုတိယစျာန်, တတိယစျာန်) ဝိပါက်စိတ်နှစ်ခုနှင့်၎င်း။ အတ္တနော၊ မိမိ၏။ ဖလေန စ၊ အရဟတ္တဖိုလ်စိတ်နှင့်၎င်း။ သဟ၊ တကွ။ အဌဝီသတိ၊ နှစ်ဆဲ့ရှစ်ခုသော စိတ်တို့သည်။ တီသွေဝ၊ ဒုတိယစျာန် သုံးဘုံတို့၌သာလျှင်။ ဇာတဿ၊ ဖြစ်သော။ အရဟန္တဿ၊ ရဟန္တာပြဟ္မာအား။ ဘဝန္တိ၊ ဖြစ်ကုန်၏[၁]။

---

၁။ (ဒုတိယစျာန်ဘုံသား ရဟန္တာရသောစိတ် ၂၈-ပါး။ ။ကုသလဝိပါက် စက္ခုဝိညာဉ်၊ သောတဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ ၂-ခု၊ ကြိယာစိတ် ၂၀၊ ရူပဒုတိယစျာန်ဝိပါက်၊ ရူပတတိယစျာန်ဝိပါက်၊ အရဟတ္တဖိုလ်၊ ပေါင်း ၂၈-ပါး။)

**တတိယစျာန်ဘုံသား ပုထုဇဉ်ဖြဟ္မာရသောစိတ်**

၃၄၂။ စတုတ္ထဇ္ဈာနပါကတော၊ စတုတ္ထစျာန်ဝိပါက်အားဖြင့်။ ပဉ္စတိံသေဝ၊ သုံးဆဲ့ငါးခုသော စိတ်တို့သည်သာလျှင်။ တီသု ဘူမိသု၊ တတိယစျာန်သုံးဘုံတို့၌။ ဇာတာနံ၊ ဖြစ်ကုန်သော။ (ထည့်) ပရိတ္တကသုဘာဒီနံ၊ ပရိတ္တသုဘာ အစရှိကုန်သော။ ဒေဝါနံ၊ ဖြဟ္မာတို့အား။ ဇာယန္တေ၊ ဖြစ်ကုန်၏[၁]။

**တတိယစျာန်ဘုံသား အရိယာဖြဟ္မာများ ရသောစိတ်**

၃၄၃။ ကေတိံသ စိတ္တာနိ၊ သုံးဆဲ့တခုသော စိတ်တို့သည်။ တတ္ထ၊ ထိုတတိယစျာန်သုံးဘုံတို့၌။ သောတာပန္နဿ၊ ဖြစ်သောသောတာပန် ဖြဟ္မာအား။ ဇာယရေ၊ ဖြစ်ကုန်၏။

သကဒါဂါမိနော၊ သကဒါဂါမ်ဖြဟ္မာအား။ ဧဝံ၊ ဤအတူ။ ကေတိံသ စိတ္တာနိ၊ သုံးဆဲ့တခုသော စိတ်တို့သည်။ ဇာယရေ၊ ဖြစ်ကုန်၏။

အနာဂါမိနောပိ စ၊ အနာဂါမ်ဖြဟ္မာအားလည်း။ တထာ၊ ထို့အတူ။ ကေတိံသ စိတ္တာနိ၊ သုံးဆဲ့တခုသော စိတ်တို့သည်။ ဇာယရေ၊ ဖြစ်ကုန်၏[၂]။

၃၄၄။ သတ္တဝီသတိ မာနသာ၊ နှစ်ဆဲ့ခုနစ်ခုသော စိတ်တို့သည်။ တတ္ထေဝ၊ ထိုတတိယစျာန်သုံးဘုံတို့၌သာလျှင်။ ဇာတဿ၊ ဖြစ်သော။ ခီဏာသဝဿ၊ ရဟန္တာဖြဟ္မာအား။ ဇာယရေ=ဇာယန္တိ၊ ဖြစ်ကုန်၏[၃]။

---

၁။ (လောကီကုသိုလ် ၁၇၊ ဒေါသမူဒွေးကြဉ် အကုသိုလ် ၁၀၊ ကုသလဝိပါက် စက္ခုဝိညာဉ်, သောတဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ ၂-ခုအားဖြင့် အဟိတ်ကုသလဝိပါက် ၅-ပါး, အာဝဇ္ဇန်းဒွေး, ရူပစတုတ္ထစျာန်ဝိပါက်အားဖြင့် ၃၅-ပါးသည် တတိယစျာန်ဘုံသား ပုထုဇဉ်ဖြဟ္မာသန္တာန်၌ ဖြစ်သည်။)

၂။ (တတိယစျာန်ဘုံသား ပုထုဇဉ်ဖြဟ္မာရသော စိတ်၃၅-ပါးတွင် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါးနှင့် ဝိစိကိစ္ဆာသဟဂုတ်ကြဉ် ၃၀-သောစိတ်၊ သောတာပတ္တိဖိုလ်အားဖြင့် ၃၁-ပါးသောစိတ်သည် တတိယစျာန်ဘုံသား သောတာပန် ဖြဟ္မာသန္တာန်၌ ဖြစ်သည်၊ သကဒါဂါမ်, အနာဂါမ် ပုဂ္ဂိုလ်များ၌ ယင်း ၃၁-ပါးတွင် သောတာပတ္တိဖိုလ်စိတ် နုတ်ပြီး ဆိုင်ရာဖိုလ်စိတ် ၁-ပါးစီ ထည့်၍ ၃၁-ပါးသော စိတ်တို့ ဖြစ်ကြသည်။)

၃။ (ကုသလဝိပါက်စက္ခုဝိညာဉ်, သောတဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ ၂-ခုအားဖြင့် အဟိတ်ကုသလဝိပါက် ၅-ပါး၊ ကြိယာစိတ် ၂၀-ပါး၊ ရူပစတုတ္ထစျာန်ဝိပါက်၊ အရဟတ္တ

**ဝေဟပ္ဖိုလ်ပုဂ္ဂိုလ် ရသောစိတ်**

တထာ၊ ထို့အတူ။ ဝေဟပ္ဖလေ စာပိ၊ ဝေဟပ္ဖိုလ်ဘုံ၌လည်း။ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော ပုထုဇ္ဇဉ် သေက္ခ (အသေက္ခ)အားဖြင့် ငါးယောက်သော ပြဟ္မာတို့အား။ မာနသာ၊ စိတ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏[၁]။

**သုဒ္ဓါဝါသဘုံသား အနာဂါမ်, ရဟန္တာရသောစိတ်**

၂၄၅။ ကေတိံသေဝ စိတ္တာနိ၊ သုံးဆဲ့တခုသော စိတ်တို့သည်သာလျှင်။ သုဒ္ဓါဝါသိကဘူမိသု၊ သုဒ္ဓါဝါသဘုံတို့၌။ ဇာတာသ၊ ဖြစ်သော။ အနာဂါမိကသတ္တာသ၊ အနာဂါမ်ပြဟ္မာအား။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ပရိဒီပယေ၊ ပြရာ၏။

၂၄၆။ သတ္တဝီသတိ မာနသာ၊ နှစ်ဆဲ့ခုနစ်ခုသော စိတ်တို့သည်။ တတ္ထေဝ၊ ထိုသုဒ္ဓါဝါသဘုံတို့၌သာလျှင်။ ဇာတာသ၊ ဖြစ်သော။ အရဟတော၊ ရဟန္တာပြဟ္မာအား။ ဟောန္တိ၊ ဖြစ်ကုန်၏[၂]။

ဇေဝံ=ဣမိနာ ဝုတ္တပ္ပကာရေန၊ ဤသို့ဆိုအပ်ပြီးသော အပြားအားဖြင့်။ ရူပီသု၊ ရူပဘုံတို့၌။ ဇာတာနံ၊ ဖြစ်ကုန်သော။ ပုဂ္ဂလာနံ၊ ပုဂ္ဂိုလ်တို့၏။ [ထည့်] စိတ္တာနိ၊ စိတ်တို့ကို။ ဝိဘာဝိနာ၊ ပညာရှိသောသူသည်။ ဝိညေယျာနိ၊ သိအပ်ကုန်၏။

---

ဖိုလ်၊ ပေါင်း ၂၇-ပါးသော စိတ်သည် တတိယစျာန်ဘုံသား ရဟန္တာသန္တာန်၌ ဖြစ်သည်။)

၁။ (နိဿယ၌ ဋီကာဟောင်း နှာ ၅၁-ရှိ "အသေက္ခ"ပုဒ် ကျကျန်နေသော သဗ္ဗေသံ ပုဒ်၏ အဖွင့်ပါဠိကိုကြည့်၍ "သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော ပုထုဇဉ်, သေက္ခအားဖြင့် ငါးယောက်သော ပြဟ္မာတို့အား"-ဟု အနက်ပြန်ဆိုထားသည်၊ စင်စစ်မှာ ဋီကာဟောင်း၌ "ဇာတာနံ ပုထုဇ္ဇန သေက္ခာ' သေက္ခာနံ ပဥ္စန္နံ သဗ္ဗေသံ ပုဂ္ဂလာနံ"-ဟု အဖွင့်ပါဠိရှိသင့်ပြီး ယင်း အဖွင့်ပါဠိနှင့်အညီ "သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော ပုထုဇဉ်, သေက္ခ, အသေက္ခအား ဖြင့် ငါးယောက်သော ပြဟ္မာတို့အား"-ဟု အနက်ပေးရမည်၊ အသေက္ခ=ရဟန္တာပါမှသာ ငါးယောက်ဟူသော စကားနှင့် လိုက်လျောပေမည်။

ရူပတတိယစျာန်ဘုံသား အသီးအသီးတို့၌ ဖြစ်သောစိတ် ၃၅-ပါးစသည်တွင် ရူပစတုတ္ထစျာန်ဝိပါက်နှင့် ရူပပဉ္စမစျာန်ဝိပါက် လဲလှယ်၍ ၃၅-ပါး,၃၁-ပါး, ၃၁-ပါး, ၃၁-ပါး, ၂၇-ပါး သော စိတ်တို့သည် ဝေဟပ္ဖိုလ်ဘုံသား ဖြစ်သော ပုထုဇဉ်, သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာတို့အား အသီးအသီး အစဉ်အတိုင်း ဖြစ်ကြသည်။)

၂။ (သုဒ္ဓါဝါသဘုံသား အနာဂါမ်ရသောစိတ် ၃၁-ပါး, ရဟန္တာရသောစိတ် ၂၇-ပါး မှာ ဝေဟပ္ဖိုလ်ဘုံသား အနာဂါမ်, ရဟန္တာရသော စိတ်အတိုင်းပင် ဖြစ်သည်။)

## အရူပပုဂ္ဂိုလ်စိတ်ရ

**ပဥ္စမ အရူပဘုံသား ပုထုဇဉ်ဖြစ်မှာရသောစိတ်**

၂၄၇။ စတုဝီသတိ စိတ္တာနိ၊ မဟာကုသိုလ်စိတ် ရှစ်ခု, အရူပကုသိုလ်လေးခု, ဒေါသ မူဒွေးကြဉ်သော အကုသိုလ်တဆယ်, မနောဒွါရာဝဇ္ဇန်း, ပဥ္စမာရူပ္ပဝိပါက်အားဖြင့် နှစ်ဆဲ့လေးခုသော စိတ်တို့သည်။ ပဥ္စမာရူပ္ပဘူမိယံ၊ ပဥ္စမအရူပဘုံ၌။ ဇာတဿ၊ ဖြစ်သော။ ပုထုဇ္ဇနဿ သတ္တဿ၊ ပုထုဇဉ်ဖြစ်မှာအား။ ဇာယန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဝိနိဒ္ဒိသေ၊ ပြရာ၏။

**ပဥ္စမ အရူပဘုံသား အရိယာဖြစ်မှာများ ရသောစိတ်**

၂၄၈။ အပုညပဉ္စကံ၊ (ပဥ္စမအရူပဘုံသား ပုထုဇဉ် ဖြစ်မှာရသောစိတ် ၂၄-ပါးတွင် ဒိဋ္ဌိဂတ သမ္ပယုတ် ၄-ပါး, ဝိစိကိစ္ဆာအားဖြင့်) အကုသိုလ်စိတ် ငါးခုတို့၏ အပေါင်းကို။ ဥပေတွာ၊ ထား၍။ အတ္တနော၊ မိမိ၏။ ဖလေန၊ သောတာပတ္တိဖိုလ်နှင့်။ သဟ၊ တကွ။ သမဝီသတိ စိတ္တာနိ၊ အမျှနှစ်ဆယ်သော စိတ်တို့သည်။ တတ္ထဝ၊ ထိုပဥ္စမအရူပဘုံ၌သာလျှင်။ ဇာတဿ၊ ဖြစ်သော။ သောတာပန္နဿ၊ **သောတာပန်** ဖြစ်မှာအား။ ဇာယန္တိ၊ ဖြစ်ကုန်၏။

၂၄၉။ ပုဗ္ဗပုဗ္ဗဖလံ၊ ရှေးရှေး၌ဖြစ်သော ဖိုလ်စိတ်ကို။ ဝိနာ၊ ကြဉ်၍။ အတ္တနော အတ္တနော၊ မိမိ မိမိ၏။ ဖလေန၊ ဖိုလ်နှင့်။ သဟ၊ ကွ။ ဝီသတိ စိတ္တာနိ၊ နှစ်ဆယ်သော စိတ်တို့သည်။ တတ္ထ၊ ထိုပဥ္စမအရူပဘုံ၌။ ဇာတဿ၊ ဖြစ်သော။ သကဒါဂါမိနော၊ **သကဒါဂါမ်**ဖြစ်မှာအား။ ဇာယန္တိ၊ ဖြစ်ကုန်၏။

တထာ၊ ထိုအတူ။ အနာဂါမိနောပိ စ၊ **အနာဂါမ်**ဖြစ်မှာအားလည်း။ ဇာယန္တိ၊ ဖြစ်ကုန်၏။

၂၅၀။ ဒသ ပဉ္စ စ မာနသာ၊ မဟာကြိယာရှစ်ခု, အရူပကြိယာလေးခု, မနောဒွါရာဝဇ္ဇန်း,ပဥ္စမာရူပ္ပဝိပါက်,အရဟတ္တဖိုလ်အားဖြင့် တဆဲ့ငါးခုသော စိတ်တို့သည်။ တတ္ထဝ၊ ထိုပဥ္စမ အရူပဘုံ၌သာလျှင်။ ဇာတဿ၊ ဖြစ်သော။ ခီဏာသဝဿ၊ **ရဟန္တာ**ဖြစ်မှာအား။ ဇာယန္တိ၊ ဖြစ်ကုန်၏။

ဒုတိယ အရူပဘုံသား ပုထုဇဉ်ပြဟ္မာ ရသောစိတ်

၂၅၁။ တေဝီသ စိတ္တာနိ၊ ပဌမအရူပဘုံ၌ ပုထုဇဉ်အားဆိုအပ်သော စိတ်(၂၄-ပါး) တို့တွင် အာကာသာနဉ္စာယတနကုသိုလ်, ဝိပါက်ကြဉ်သော စိတ်နှစ်ဆဲ့နှစ်ခု, ဒုတိယာရုပ္ပ ဝိပါက်အားဖြင့် နှစ်ဆဲ့သုံးခုသော စိတ်တို့သည်။ ဒုတိယာရုပ္ပ-ဘူမိယံ၊ ဒုတိယအရူပဘုံ၌။ ဇာတဿ၊ ဖြစ်သော။ ပုထုဇ္ဇနဿ သတ္တဿ၊ ပုထုဇဉ်ပြဟ္မာအား။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ ဝိဘာဝယေ၊ ပြရာ၏။

ဒုတိယ အရူပဘုံသား အရိယာပြဟ္မာများ ရသောစိတ်

တတ္ထ၊ ဤဒုတိယအရူပဘုံ၌။ ဇာတာနံ၊ ဖြစ်ကုန်သော။ တိဏ္ဏံ၊ သုံးယောက်ကုန်သော။ သေခါနံ၊ ဖလဋ္ဌာန်ဖြစ်ကုန်သော သေက္ခတို့အား။ ဧကူနဝီသ စိတ္တာနိ၊ ပုထုဇဉ်အား ဆိုအပ်သော စိတ်(၂၃-ပါး)တို့တွင် (ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါး, ဝိစိကိစ္ဆာသဟဂုတ်အားဖြင့်) အကုသိုလ်ငါးခုကြဉ်သော တဆဲ့ရှစ်ခု, သောတာပန်အား သောတာပတ္တိဖိုလ်, သကဒါဂါမ်အား သကဒါဂါမိဖိုလ်, အနာဂါမ်အား အနာဂါမိဖိုလ်အားဖြင့် တခုယုတ် နှစ်ဆယ်သော စိတ်တို့ကို။ ဝိဘာဝယေ၊ ပြရာ၏။

၂၅၂။ ဒွါဒသကြိယာ စ၊ မဟာကြိယာရှစ်ခု, အာကာသာနဉ္စာယတန ကြဉ်သော အရူပကြိယာသုံးခု, မနောဒွါရာဝဇ္ဇန်းအားဖြင့် တဆဲ့နှစ်ခုသော ကြိယာတို့ရှင်း။ ဧကော၊ တခုသော။ ပါကော စ၊ ဒုတိယာရုပ္ပဝိပါက်စိတ် ရှင်း။ ဖလဥ္စ၊ အရဟတ္တဖိုလ်ရှင်း။ ဣတိ၊ ဤသို့။ စုဒ္ဒသေဝ တု စိတ္တာနိ၊ တဆဲ့လေးခုသော စိတ်တို့သည်သာလျှင်။ ဒုတိယာရုပ္ပဘူမိယံ၊ ဒုတိယ အရူပဘုံ၌။ ဇာတဿ၊ ဖြစ်သော။ ခီဏာသဝဿ၊ ရဟန္တာပြဟ္မာအား။ ဟောန္တိ၊ ဖြစ်ကုန်၏။

တတိယ အရူပဘုံသား ပုထုဇဉ်ပြဟ္မာ ရသောစိတ်

၂၅၃။ ဗာဝီသတိ စိတ္တာနိ၊ ဒုတိယအရူပဘုံ၌ ပုထုဇဉ်အား ဆိုအပ်သော စိတ်(၂၃-ပါး) တွင် ဝိညာဏဉ္စာယတနကုသိုလ်, ဝိပါက်ကြဉ်သောစိတ် နှစ်ဆဲ့တခု, တတိ-

ယာရူပဝိပါက်အားဖြင့် နှစ်ဆဲ့နှစ်ခုသော စိတ်တို့သည်။ တတိယာရုပ္ပဘူမိယံ၊ တတိယ အရူပဘုံ၌။ ဇာတဿ၊ ဖြစ်သော။ ပုထုဇ္ဇနဿ သတ္တဿ၊ ပုထုဇဉ် ပြဟ္မာအား။ ဘဝင္ဂံ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ပကာသယေ၊ ပြရာ၏။

**တတိယအရူပဘုံသား အရိယာပြဟ္မာများ ရသောစိတ်**

၂၅၄။ အဋ္ဌာရသေဝ စိတ္တာနိ၊ ပုထုဇဉ်အားဆိုအပ်သော စိတ်(၂၂-ပါး) တို့တွင် (ဒိဋ္ဌိ-ဂတသမ္ပယုတ်စိတ် ၄-ပါး, ဝိစိကိစ္ဆာသဟဂုတ်အားဖြင့်) အကုသိုလ်ငါးခုကြဉ်သော တဆဲ့ခုနစ်ခု, သောတာပတ္တိဖိုလ်အားဖြင့် တဆဲ့ရှစ်ခုသော စိတ်တို့သည် သာလျှင်။ သောတာပန္နဿ၊ တတိယအရူပဘုံ၌ဖြစ်သော သောတာပန် ပြဟ္မာအား။ ဇာယရေ=ဇာယန္တိ၊ ဖြစ်ကုန်၏။

ပဌမံ ဖလံ၊ သောတာပတ္တိဖိုလ်ကို။ ဌပေတွာ၊ ထား၍။ ဒုတိယံ ဖလံ၊ သကဒါဂါမိဖိုလ်ကို။ ပက္ခိပိတွာ၊ ထည့်၍။ [ပဌမံ ဖလံ ဌပေတွာ ဆိုခြင်း ကြောင့် ဒုတိယံ ဖလံ ပက္ခိပိတွာ ဟူသော အနက်သည် အဝုတ္တသိဒ္ဓိ] တာနိ၊ ထို တဆဲ့ရှစ်ခုသော စိတ်တို့သည်။ သကဒါဂါမိနော၊ တတိယ အရူပဘုံ၌ ဖြစ်သော သကဒါဂါမ် ပြဟ္မာအား။ ဇာယရေ=ဇာယန္တိ၊ ဖြစ်ကုန်၏။

၂၅၅။ သကဒါဂါမိဝုတ္တေသု၊ သကဒါဂါမ်အား ဆိုအပ်သောစိတ် ၁၈-ပါးတို့တွင်။ ဒုတိယံ ဖလံ၊ သကဒါဂါမိဖိုလ်ကို။ ဌပေတွာ၊ ထား၍။ တတိယံ ဖလံ၊ အနာဂါမိဖိုလ်ကို။ ပက္ခိပိတွာ၊ ထည့်၍။ [ဤ၌လည်း အနာဂါမိဖိုလ် သည် ပကရဏသိဒ္ဓိ] အဋ္ဌာရသေဝ စိတ္တာနိ၊ တဆဲ့ရှစ်ခုသော စိတ်တို့သည် သာလျှင်။ အနာဂါမိဿ၊ တတိယအရူပဘုံ၌ဖြစ်သော အနာဂါမ် ပြဟ္မာ အား။ ဇာယရေ=ဇာယန္တိ၊ ဖြစ်ကုန်၏။

၂၅၆။ တေရသေဝ စ စိတ္တာနိ၊ မဟာကြိယာရှစ်ခု,တတိယ စတုတ္ထ အရူပကြိယာနှစ်ခု, မနောဒွါရာဝဇ္ဇန်း, အာကိဉ္စညာယတနဝိပါက်, အရဟတ္တ ဖိုလ်အားဖြင့် တဆဲ့သုံးခုသော စိတ်တို့သည်သာလျှင်။ တတိယာရုပ္ပဘူမိယံ၊ တတိယ အရူပဘုံ၌။ ဇာတဿ၊ ဖြစ်သော။ ခီဏာသဝဿ သတ္တဿ၊ ရဟန္တာပြဟ္မာအား။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဝိနိဒ္ဒိသေ၊ ပြရာ၏။

**စတုတ္ထအရူပဘုံသား ပုထုဇဉ်ဗြဟ္မာရသောစိတ်**

၂၅၇။ ဧကဝီသတိစိတ္တာနိ၊ တတိယအရူပဘုံ၌ ပုထုဇဉ်အား ဆိုအပ်သော စိတ် (၂၂-ပါး)တို့တွင် အာကိဉ္စညာယတန ကုသိုလ်နှင့် ဝိပါက်ကြဉ်သော စိတ် နှစ်ဆယ်, နေဝသညာနာသညာယတန ဝိပါက်အားဖြင့် နှစ်ဆဲ့တခုသော စိတ်တို့သည်။ စတုတ္ထာရုပ္ပဘူမိယံ၊ စတုတ္ထ အရူပဘုံ၌။ ဇာတဿ၊ ဖြစ်သော။ ပုထုဇ္ဇနဿ သတ္တဿ၊ ပုထုဇဉ်ဗြဟ္မာ အား။ ဇာယန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဝိနိဒ္ဒိသေ၊ ပြရာ၏။

**စတုတ္ထအရူပဘုံသား အရိယာဗြဟ္မာများ ရသောစိတ်**

၂၅၈။ သတ္တရသ၊ ပုထုဇဉ်အား ဆိုအပ်သော စိတ်(၂၁-ပါး) တို့တွင် (ဒိဋ္ဌိဂတသမ္ပယုတ် စိတ် ၄-ပါး, ဝိစိကိစ္ဆာသဟဂုတ်အားဖြင့်) အကုသိုလ်ငါးခုကြဉ်သော တဆဲ့ခြောက်ခု, သောတာပတ္တိဖိုလ်အားဖြင့် တဆဲ့ခုနစ်ခုသော စိတ်တို့ကို။ သောတာပန္နဿ သတ္တဿ၊ စတုတ္ထအရူပဘုံ၌ဖြစ်သော သောတာပန်ဗြဟ္မာအား။ ပကာသယေ၊ ပြရာ၏။

ပဌမံ ဖလံ၊ သောတာပတ္တိဖိုလ်ကို။ ဥပေတွာ၊ ထား၍။ ဒုတိယံ ဖလံ၊ သကဒါဂါမိဖိုလ်ကို။ ပက္ခိပိတွာ၊ ထည့်၍။ တာနိ၊ ထို တဆဲ့ခုနစ်ခုသော စိတ်တို့ကို။ သကဒါဂါမိနော၊ စတုတ္ထအရူပဘုံ၌ဖြစ်သော သကဒါဂါမ် ဗြဟ္မာအား။ ပကာသယေ၊ ပြရာ၏။

၂၅၉။ သကဒါဂါမိဝုတ္တေသု၊ သကဒါဂါမ်အား ဆိုအပ်သော စိတ် ၁၇-ပါးတို့တွင်။ ဒုတိယံ ဖလံ၊ သကဒါဂါမိဖိုလ်ကို။ ဥပေတွာ၊ ထား၍။ တတိယဖလံ၊ အနာဂါမိဖိုလ်ကို။ ပက္ခိပိတွာ၊ ထည့်၍။ သတ္တရသေဝ မာနသာ၊ တဆဲ့ခုနစ်ခုသော စိတ်တို့သည်သာလျှင်။ အဿ အနာဂါမိဿ၊ ထိုစတုတ္ထ အရူပဘုံ၌ဖြစ်သော အနာဂါမ်ဗြဟ္မာအား။ ဟောန္တိ၊ ဖြစ်ကုန်၏။

၂၆၀။ ဒွါဒသေဝ တု စိတ္တာနိ၊ မဟာကြိယာရှစ်ခု, နေဝသညာနာသညာယတနဝိပါက်နှင့် ကြိယာနှစ်ခု, မနောဒွါရာဝဇ္ဇန်း, အရဟတ္တဖိုလ်အား ဖြင့် တဆဲ့နှစ်ခုသော စိတ်တို့သည်သာလျှင်။ စတုတ္ထာရုပ္ပဘူမိယံ၊ စတုတ္ထ အရူပဘုံ၌။ ဇာတဿ၊ ဖြစ်သော။ အရဟန္တဿ၊ ရဟန္တာဗြဟ္မာအား။ ဇာယန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ ဝိဘာဝယေ၊ ပြရာ၏။

**အောက်အရူပဘုံသားအား အထက် အရူပစိတ်ဖြစ်ခြင်း**

၂၆၁။ ဟေဋ္ဌိမာနံ၊ အောက်အောက်ဘုံ၌ဖြစ်ကုန်သော။ အရူပီနံ ဗြဟ္မာနံ၊ အရူပဗြဟ္မာတို့အား။ ဥပရူပရိ၊ အထက်အထက်၌ ဖြစ်ကုန်သော။ အရူပကုသလာ စေဝ၊ အရူပကုသိုလ်စိတ်တို့သည်ရင်း။ ကြိယာပိ စ၊ အရူပကြိယာစိတ်တို့သည်ရင်း။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ [န ပန ဝိပါကာတိ အဓိပ္ပါယော=အရူပဝိပါက်စိတ်တို့ မဖြစ်။]

**အထက် အရူပဘုံသားအား အောက်အရူပစိတ် မဖြစ်ခြင်းအကြောင်း**

၂၆၂။ ဥဒ္ဓံ ဥဒ္ဓံ၊ အထက်အထက်၌ ဖြစ်ကုန်သော။ အရူပီနံ ဗြဟ္မာနံ၊ အရူပဗြဟ္မာတို့အား။ ဟေဋ္ဌိမာ ဟေဋ္ဌိမာ၊ အောက် အောက်ဘုံ၌ ဖြစ်ကုန်သော။ အာရုပ္ပါ ပန၊ အရူပကုသိုလ်ကြိယာစိတ်တို့သည်။ နေဝ ဇာယန္တေ၊ မဖြစ်ကုန်။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ဒိဋ္ဌာဒီနဝတော[1]၊ အာရုံ၌ရင်း စျာန်၌ရင်း မြင်အပ်သော အပြစ်ရှိသည်၏ အဖြစ်ကြောင့်။ နေဝ ဇာယန္တိ ကိရ၊ မဖြစ်ကုန်သတတ်။

**ပဌမအရူပဘုံ၌ ဖြစ်သောစိတ်**

၂၆၃။ ပဌမံ မဂ္ဂံ၊ သောတာပတ္တိမဂ်ကို။ ဌပေတွာ၊ ထား၍။ တယော၊ သုံးခုကုန်သော။ အနုတ္တရာ ကုသလာ စ၊ လောကုတ္တရာကုသိုလ် (အထက်မဂ် ၃-ပါး)တို့ရင်း။ ကာမာဝစရပုညာနိ စ၊ ကာမာဝစရကုသိုလ်ရှစ်ခုတို့ရင်း။ တထာ၊ ထို့မှတပါး။ ဒသ အပုညာနိ စ၊ ဒေါသမူဒွေးကြဉ်သော အကုသိုလ်တဆယ်တို့ရင်း။

၂၆၄။ စတ္တာရော၊ လေးပါးကုန်သော။ အာရုပ္ပပုညာနိ စ၊ အရူပကုသိုလ်တို့ရင်း။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ အနုတ္တရာ ပါကာ စ၊ လောကုတ္တရာဝိပါက် (ဖိုလ်စိတ်) လေးခုတို့ရင်း။ ပဌမာရုပ္ပပါကော စ၊

---

ကျမ်းတက် ၁။ အဘယ့်ကြောင့်နည်း ဟူသော စောဒနာကို ဖြေခြင်းငှါ ဒိဋ္ဌာဒီန-ဝတော ကိရ မိန့်။

(အထက်အထက် အရူပစျာန်သို့တက်ရန် အောက်အောက်စျာန်နှင့် ယင်း အောက်စျာန်တို့၏ အာရုံ၌အပြစ်ကို ဆင်ခြင်ကာ ယင်းအောက်စျာန်၌ နိကန္တိ ကင်းသည့်တိုင်အောင် ဘာဝနာပွါးရသည်။ ထို့ကြောင့် အထက် အရူပစျာန်၏ အာရုံသည် အောက် အရူပစျာန်၏ အာရုံနှင့် မတူချေ။)

ပဌမအရူပဝိပါက်ရှင်း။ နဝ၊ ကိုးခုကုန်သော။ ကာမကြိယာပိ စ၊ (မနော ဒွါရာဝဇ္ဇန်း၊ မဟာကြိယာ ၈-ပါးဟူသော) ကာမကြိယာတို့ရှင်း။

၂၆၅။ သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ အာရုပ္ပါ ကြိယာပိ၊ အရူပကြိယာ ၄-ပါးတို့ရှင်း။ ဣတိ၊ ဤသို့။ တေဝနို တေစတ္တာလီသ မာနသာ၊ ဤလေးဆဲ့ သုံးခုသော စိတ်တို့သည်။ ပဌမာရုပ္ပဘူမိယံ၊ ပဌမအရူပဘုံ၌။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

**ပဌမ အရူပဘုံ၌ မဖြစ်သောစိတ်**

၂၆၆။ သဗ္ဗော ကာမဝိပါကော စ၊ အလုံးစုံသော ကာမဝိပါက် နှစ်ဆဲ့သုံးခုရှင်း။ သဗ္ဗော ရူပေါ မဟဂ္ဂတော စိတ္တုပ္ပါဒေါ စ၊ အလုံးစုံသော ရူပါဝစရ မဟဂ္ဂုတ်စိတ် တဆဲ့ငါးခုရှင်း။ မနောဓာတု စ၊ ကြိယာမနော ဓာတ်(ပဥ္စဒွါရာဝဇ္ဇန်းစိတ်)ရှင်း။ ဒေါမနဿဒွယမ္ပိ စ၊ ဒေါမနဿသဟဂုတ် နှစ်ခုတို့၏အပေါင်းရှင်း။

၂၆၇။ အာဒိမဂ္ဂေါ စ၊ သောတာပတ္တိမဂ်ရှင်း။ တတော၊ ထိုပဌမ အရူပဝိပါက်မှ။ ဥပရိ၊ အထက်၌ဖြစ်ကုန်သော။ တယော အာရုပ္ပါ ပါကာ စ၊ အရူပဝိပါက်သုံးခုတို့ရှင်း။ ဣတိ၊ ဤသို့။ ဆစတ္တာလီသ စိတ္တာနိ၊ လေးဆဲ့ ခြောက်ခုသော စိတ်တို့သည်။ ဧတ္ထ ပဌမာရုပ္ပဘူမိယံ၊ ဤပဌမ အရူပဘုံ၌။ နတ္ထိ=န သန္တိ၊ မရှိကုန်။

**ဒုတိယအရူပဘုံစသည်၌ ဖြစ်သောစိတ်**

၂၆၈။ ပဌမာရုပ္ပဘူမိယံ၊ ပဌမ အရူပဘုံ၌။ ဝုတ္တေသု၊ ဆိုအပ်ကုန်သော။ စိတ္တေသု ပန၊ စိတ်(၄၃-ပါး) တို့တွင်ကား။ ပဌမာရုပ္ပတ္တယံ၊ ပဌမကုသိုလ်, ဝိပါက်, ကြိယာသုံးခုတို့၏ အပေါင်းကို။ ဌပေတွာ၊ ထား၍။ အတ္တနော၊ မိမိ ဝိညာဏဉ္စာယတနဘုံ၏။ ပါကော စ၊ ဝိညာဏဉ္စာယတန ဝိပါက်ရှင်း။

၂၆၉။ ဣတိ၊ ဤသို့။ တေဝနို တာလီသံ၊ ဤလေးဆယ်သော စိတ်တို့ သည်[၁]။ ဒုတိယာရုပ္ပဘူမိယံ၊ ဒုတိယအရူပဘုံ၌။ ဇာယန္တေ၊ ဖြစ်ကုန်၏။

---

၁-၁။ (ပဌမအရူပဘုံ၌ဖြစ်သော စိတ် ၄၃-ပါးအနက် ပဌမအရူပ ကုသိုလ်, ဝိပါက်, ကြိယာ ၃-ပါးကြဉ် ၄၀-ပါး၊ ဝိညာဏဉ္စာယတနဝိပါက် ၁-ပါး၊ ပေါင်း ၄၁-ပါးသည် ဒုတိယ အရူပဘုံ၌ဖြစ်သည်။

ဝေါ၊ ဤအတူ။ သေသဒွယေ၊ ကြွင်းသော အာကိဉ္စညာယတန, နေဝ-သညာ နာသညာယတနဘုံနှစ်ခုတို့၏ အပေါင်း၌။ ဟေဋ္ဌိမ ဟေဋ္ဌိမံ၊ အောက်အောက်၌ဖြစ်သော အရူပကုသိုလ်, ဝိပါက်, ကြိယာသုံးခုတို့၏ အပေါင်းကို။ ဟိတွာ၊ စွန့်၍။ စိတ္တဂဏနာ၊ စိတ်အရေအတွက်ကို။ ဧဝံ ယျာ၊ သိအပ်၏။

---

ဒုတိယအရူပဘုံ၌ဖြစ်သော စိတ် ၄၁-ပါးတွင် ဒုတိယ အရူပကုသိုလ်, ဝိပါက်, ကြိယာ ၃-ပါးကြဉ် ၃၈-ပါး၊ အာကိဉ္စညာယတနဝိပါက် ၁-ပါး၊ ပေါင်း ၃၉-ပါးသည် တတိယအရူပဘုံ၌ဖြစ်သည်။

တတိယအရူပဘုံ၌ဖြစ်သော စိတ် ၃၉-ပါးဝယ် တတိယအရူပကုသိုလ်, ဝိပါက်, ကြိယာ ကြဉ် ၃၆-ပါး၊ နေဝသညာနာသညာယတနဝိပါက် ၁-ပါး၊ ပေါင်း ၃၇-ပါးသည် စတုတ္ထ အရူပဘုံ၌ဖြစ်သည် ဟု ဆိုလိုသည်။

ဆင်ခြင်စဉ်းစားဘွယ်။ ။အဋ္ဌကထာ၌ တာလီသေတာနိ ရှိသော ပါဠိကိုကြည့်၍ ဋီကာဟောင်း (နှာ-၅၅) ဆရာက "ဝုတ္တေသု ပန။ပ။ စတ္တာလီသ စိတ္တာနိ ဒုတိယာရုပ္ပ ဘူမိယံ ဇာယန္တိ"-ဟု အဖွင့် သံဝဏ္ဏနာပြုသည်။

ဋီကာဟောင်းအဖွင့်ကို ထောက်ဆ၍ နိဿယဆရာက တာလီသေတာနိ-ကို တာလီသံ+ တောနိ-ဟု ပုဒ်ဖြတ်ပြီး တောနိ တာလီသံ၊ ဤ ၄၀-သော စိတ်တို့သည် ဟု အနက်ပြန်ဆိုသည်။

ဋီကာသစ်ဆရာကမူ ဤဒုတိယအရူပဘုံ၌ စိတ်ဖြစ်ရာဝယ် မည်သို့မျှမဖွင့်မဆို၊ သို့သော် တတိယ အရူပဘုံ, စတုတ္ထအရူပဘုံ အရာ၌မူကား နှာ-၃၅၈-၌ တတိယ အရူပဘုံ၌ စိတ် ၃၉-ပါး, စတုတ္ထအရူပဘုံ၌ စိတ် ၃၇-ပါး ဖြစ်ကြောင်းကို ဒုတိယာရုပ္ပဘူမိယံ ဝုတ္တေသု။ပ။ ဧကူန စတ္တာလီသ စိတ္တာနိ၊ တတ္ထ ဝုတ္တေသု။ပ။ သတ္တတိံသ-ဟု ဖွင့်ဆိုသည်။

ယင်း ဋီကာသစ် အဖွင့်အလိုမူ—ပဌမအရူပဘုံ၌ ၄၃-ပါး၊ ဒုတိယအရူပဘုံ၌ ၄၁-ပါး၊ တတိယအရူပဘုံ၌ ၃၉-ပါး၊ စတုတ္ထအရူပဘုံ၌ ၃၇-ပါးသောစိတ်တို့ အသီးအသီး ဖြစ်ကြသည်-ဟု ယူဆရမည်။

သို့ဖြစ်၍ ဒုတိယအရူပဘုံ၌ဖြစ်သော စိတ်မှာ-ပဌမအရူပဘုံ၌ဖြစ်သော စိတ် ၄၃-ပါးတွင် ပဌမအရူပကုသိုလ်, ဝိပါက်, ကြိယာ ၃-ပါးကြဉ် ၄၀-ပါး၊ ဝိညာဏဉ္စာယတနဝိပါက် ၁-ပါး၊ ပေါင်း ၄၁-ပါး ဖြစ်သည်ကို ယုံမှားဘွယ် မရှိပေ။

ထို့ကြောင့် အဋ္ဌကထာ၌ "တာလီသေကာနိ"-ဟု ပါဌ်ရှိသင့်ပြီး တာလီသေကာနိ၊ ၄၁-ပါးသော စိတ်တို့သည်-ဟု အနက်ပေးရမည်။

တနည်း—တာလီသေတာနိ-ကို တာလီသံ+တောနိ-ဟု ပုဒ်ဖြတ်ကာ ဧပေတွာ ပုဒ်နှောင်ထားပြီး ဧပေတွာ၊ ထား၍။ တာလီသံ၊ လေးဆယ်သော စိတ်တို့ငှါး။ အတ္တနော၊ မိမိဝိညာဏဉ္စာယတနဘုံ၏။ ပါကောစ၊ ဝိညာဏဉ္စာယတနဝိပါက်ငှါး။ ဣတိ၊ ဤသို့။ တောနိ၊ ဤ ၄၁-ပါးသော စိတ်တို့သည်။ ဒုတိယာရုပ္ပဘူမိယံ၊ ဒုတိယအရူပဘုံ၌။ ဇာယန္တေ၊ ဖြစ်ကုန်၏-ဟု ဂါထာ ၂-ခု ရေယှက်ပြီး အနက်ပေးရမည်။

သို့မှသာ ဋီကာသစ် အဖွင့်နှင့်လည်းညီ ပုဗ္ဗာပရဝိရောဓိ မဖြစ်ပဲ ယထာဘူတလည်း ကျပေမည်။)

အရူပဘုံအသီးသီး၌ဖြစ်သော ဝိပါက်စိတ်

၂၇၀။ အတ္တနော အတ္တနော၊ မိမိ မိမိ၏။ ပါကာ စ၊ ဝိပါက်တို့ရင်း။ သဗ္ဗေဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ စတ္တာရော၊ လေးခုကုန်သော။ အနုသဝါ ဝိပါကာ စ၊ လောကုတ္တရာ ဝိပါက် ၄-ပါးတို့ရင်း။ ဣတိ၊ ဤသို့။ စတုသ္ဝာရုပ္ပဘူမီသု၊ အရူပလေးဘုံတို့တွင်။ ဧကေကာယ ဘူမိယာ၊ တဘုံ တဘုံ၌။ ပစ္စေကံ၊ အသီး အသီး။ ပဋ္ဌ ပဋ္ဌ ဝိပါကာ၊ ငါးခု ငါးခုသော ဝိပါက်စိတ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

အရူပရဟန္တာများဖြစ်သော ကြိယာစိတ်

၂၇၁။ ဝေါဋ္ဌဗ္ဗနေန စိတ္တေန၊ ဝုဋ္ဌောစိတ်နှင့်။ သဟ၊ တကွ။ ကာမေ၊ ကာမဘုံ၌။ အဋ္ဌ မဟာကြိယာ စ၊ ရှစ်ခုသော မဟာကြိယာစိတ်တို့ရင်း။ စတဿောပိ၊ လေးခုလည်းဖြစ်ကုန်သော။ အရူပါ စ၊ အရူပကြိယာစိတ်တို့ရင်း။ ဣတိ၊ ဤသို့။ တေရသေဝ၊ တဆယ့်သုံးခုသာလျှင် ဖြစ်ကုန်သော။ ယာ ကြိယာ၊ အကြင်ကြိယာစိတ်တို့သည်။ သိယုံ၊ ဖြစ်ကုန်၏။ တာ ကြိယာ၊ ထိုကြိယာစိတ်တို့သည်။

၂၇၂။ ပဌမာရုပ္ပဘူမိယံ၊ ပဌမအရူပဘုံ၌။ ဇာတဿ၊ ဖြစ်သော။ ခီဏာသဝဿ၊ ရဟန္တာဖြဟ္မာအား။ ဇာယန္တေ၊ ဖြစ်ကုန်၏။

ဒုတိယာရုပ္ပဘူမိယံ၊ ဒုတိယအရူပဘုံ၌။ (ဇာတဿ၊ ဖြစ်သော။) ခီဏာသဝဿ၊ ရဟန္တာအား။ ပဌမာရုပ္ပကြိယာစိတ္တံ၊ (ပဌမအရူပရဟန္တာ ဖြစ်သော စိတ် ၁၃-ပါးတွင်) ပဌမအရူပကြိယာစိတ်ကို။ ဝဇ္ဇေတွာ၊ ကြဉ်၍။ ဒွါဒသေဝ ကြိယာ၊ တဆဲ့နှစ်ခုသော ကြိယာစိတ်တို့သည် သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

၂၇၃။ တတိယာရုပ္ပဘူမိယံ၊ တတိယအရူပဘုံ၌။ (ဇာတဿ၊ ဖြစ်သော။ ခီဏာသဝဿ၊ ရဟန္တာအား။) ဒုတိယာရုပ္ပကြိယာ စိတ္တံ၊ (ဒုတိယ အရူပ ရဟန္တာဖြစ်သောစိတ် ၁၂-ပါးတွင်) ဒုတိယာ အရူပကြိယာစိတ်ကို။ ဝဇ္ဇေတွာ၊ ကြဉ်၍။ ဧကာဒသ ကြိယာ၊ တဆဲ့တခုသော ကြိယာစိတ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

စတုတ္ထာရုပ္ပဘူမိယံ၊ စတုတ္ထအရူပဘုံ၌။ (ဇာတဿ၊ ဖြစ်သော။ ခီဏာသဝဿ၊ ရဟန္တာအား။) တတိယာရုပ္ပကြိယာစိတ္တံ၊ (တတိယအရူပ

ရဟန္တာဖြစ်သော စိတ် ၁၁-ပါးတွင်) တတိယအရူပကြိယာစိတ်ကို။ ဝဇ္ဇေ-တွာ၊ ကြဉ်၍။ ဒသေဝ စ ကြိယာ၊ တဆယ်သော ကြိယာစိတ်တို့ကိုသာလျှင်။ ဥဒ္ဒိယျာ၊ သိအပ်ကုန်၏။

(ဖြဟ္မာပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်သော စိတ်တို့နှင့် ဖြဟ္မာဘုံအသီးသီးတို့၌ဖြစ်သော စိတ်တို့ကိုပြသော အပိုင်းပြီး၏။)

---

## ပုဂ္ဂိုလ် ၁၂-ပါး[၁] အပြားအားဖြင့် စိတ်ကိုဝေဖန်ပြခြင်း

**ရဟန္တာအားသာ ဖြစ်သောစိတ်** ၂၇၄။ အာဝဇ္ဇနဒွယံ၊ အာဝဇ္ဇန်း ဒွေးကို။ ဌပေတွာ၊ ထား၍။ သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ ကြိယာ စ၊ ကြိယာစိတ် ၁၈-ခုတို့ငှါး။ အရဟတ္တဥ္စ၊ အရဟတ္တဖိုလ်ငှါး။ ဣတိ၊ ဤသို့။ ဧကူနဝီသတိစိတ္တာနိ၊ တခုယုတ်နှစ်ဆယ်သော စိတ်တို့သည်။ အရဟတော ပန၊ ရဟန္တာအားသာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏[၂]။

**ဖလဋ္ဌာန်,တိဟိတ်ပုထုဇဉ်တို့အား ဖြစ်သောစိတ်** ၂၇၅။ စတုန္နံ[၃]၊ လေးယောက်ကုန်သော။ ဖလဋ္ဌာနဥ္စ၊ ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အားငှါး။ တိဟေ-တုကပုထုဇ္ဇနေ စ၊ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၌ငှါး။ တေရသေဝ စိတ္တာနိ၊ တဆဲ့သုံးခုသော စိတ်တို့သည်သာလျှင်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ပကာ-သယေ၊ ပြရာ၏။

---

၁။ (ပုဂ္ဂိုလ် ၁၂-ပါးတို့မှာ—ဒုဂ္ဂတိအဟိတ်၊ သုဂတိအဟိတ်၊ ဒွိဟိတ်၊ ပုထုဇဉ်တိဟိတ်၊ မဂ္ဂဋ္ဌာန် ၄-ယောက်၊ ဖလဋ္ဌာန် ၄-ယောက်) (ဤကျမ်း၌ ပြထားသော ပုဂ္ဂိုလ်အလိုက်ရအပ်သော စိတ်တို့ကို ရဟန္တာ၌သာ ရအပ်သောစိတ်၊ ရဟန္တာ၌ရအပ်သောစိတ် အားလုံး-စသည်ဖြင့် ပိုင်းခြားပြီး သိသာအောင် လေ့လာကြပါလေ။)

အမှာ ၂။ ယခုအခါ သက်သက်သော ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် ထိုပုဂ္ဂိုလ်တို့၏သာ အသီးအခြားဥစ္စာဖြစ်သော စိတ်ကို ပြခြင်းငှါ အရဟတော ပန အစရှိသည်ဖြင့် ရဟန္တာအားသာ ဖြစ်သော စိတ်ကို ပြ၍ အနာဂါမ် အစရှိသည်တို့၏ အသီးအသီးသော ပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော မိမိမိမိ ဖိုလ်စိတ်သည် ထင်ရှားသည်သာတည်းဟု နှလုံးပြု၍ ချုံးအပ်၏။

(အနာဂါမ်အား အနာဂါမိဖိုလ်စိတ်, သကဒါဂါမ်အား သကဒါဂါမိဖိုလ်စိတ်, သောတာပန်အား သောတာပတ္တိဖိုလ်စိတ် ဖြစ်သည်ဟု ဆိုလိုသည်။)

ကျမ်းတက် ၃။ ယခုအခါ ထိုသို့ ပုဂ္ဂိုလ်တို့နှင့် ဆက်ဆံသော စိတ်တို့ကို ပြခြင်းငှါ **စတုန္နဥ္စ ဖလဋ္ဌာနံ** အစရှိသည်ကို မိန့်။

၂၇၆။ စတ္တာရော၊ လေးခုကုန်သော။ ဉာဏသံယုတ္တာ မဟာပါကာ စ၊ ဉာဏသမ္ပယုတ်မဟာဝိပါက်တို့ရင်း။ တထာ၊ ထိုမှတပါး။ နဝ၊ ကိုးခုကုန်သော။ ရူပါရူပဝိပါကာ စ၊ ရူပဝိပါက် အရူပဝိပါက်တို့ရင်း။ ဣတိ၊ ဤသို့။ ဣမေ တေရသေဝ၊ ဤတဆဲ့သုံးခုသော စိတ်တို့သည်သာလျှင်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

ဖလဋ္ဌာန်နှင့် ဒွိဟိတ်ပုဂ္ဂိုလ်အား ဖြစ်သောစိတ်

၂၇၇။ စတုန္နံ၊ လေးယောက်ကုန်သော။ ဖလဋ္ဌာနဥ္စ၊ ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အားရင်း။ ဒုဟေတုကပုထုဇ္ဇနေ စ၊ ဒွိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၌ရင်း။ ဉာဏဟီနာနိ၊ ဉာဏဝိပ္ပယုတ်ဖြစ်ကုန်သော။ စတ္တာရိ၊ လေးခုကုန်သော။ ဝိပါကာ ဝေ၊ ဝိပါက်စိတ်တို့သည်လျှင်။ ဇာယရေ၊ ဖြစ်ကုန်၏။

ပုဂ္ဂိုလ် ၇-ယောက်[၁] အား ဖြစ်သောစိတ်

၂၇၈။ တိဏ္ဏမ္ပိ၊ သုံးယောက်လည်း ဖြစ်ကုန်သော။ ပုထုဇ္ဇနာနဥ္စ၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့အားရင်း။ စတုန္နံ၊ လေးယောက်ကုန်သော။ အရိယဒေဟီနဥ္စ၊ (ဖိုလ်) အရိယာပုဂ္ဂိုလ်တို့အားရင်း။ ဣတိ၊ ဤသို့။ သတ္တန္နမ္ပိ၊ ခုနစ်ယောက်သော ပုဂ္ဂိုလ်တို့အားလည်း။ သတ္တရသေဝ စိတ္တာနိ၊ တဆဲ့ခုနစ်ခုသော စိတ်တို့သည်သာလျှင်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

၂၇၉။ ဒုဝေ ပဉ္စဝိညာဏာနိ စ၊ ဒွေးပဉ္စဝိညာဉ်တဆယ်တို့ရင်း။ မနောဓာတုတ္တယမ္ပိ စ၊ မနောဓာတ်သုံးခုတို့၏အပေါင်းရင်း။ သန္တီရဏာနိ စ၊ သန္တီရဏသုံးခုတို့ရင်း။ ဝေါဋ္ဌဗ္ဗဥ္စ၊ ဝုဋ္ဌောရင်း။ ဣတိ၊ ဤသို့။ ဣမေ သတ္တရသေဝ၊ ဤ တဆဲ့ခုနစ်ခုသောစိတ်တို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

အောက်ဖလဋ္ဌာန် ၃-ဦးနှင့် တိဟိတ်ပုထုဇဉ်အား ဖြစ်သောစိတ်

၂၈၀။ ဟေဋ္ဌာ၊ အောက်၌။ တိဏ္ဏံ၊ သုံးယောက်ကုန်သော။ ဖလဋ္ဌာနဥ္စ၊ ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အားရင်း။ တိဟေတုကပုထုဇ္ဇနေ စ၊ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၌ရင်း။ ဣတိ၊

၁။ (အဟိတ်, ဒွိဟိတ်, တိဟိတ်ပုဂ္ဂိုလ်နှင့် ဖလဋ္ဌာန် ၄-ယောက်၊ ပေါင်း ၇-ယောက်။)

ဤသို့။ စတုန္နမ္ပိ၊ လေးယောက်သော ပုဂ္ဂိုလ်တို့အားလည်း။ မဟဂ္ဂတာ၊ မဟဂ္ဂုတ်ဖြစ်ကုန်သော။ နဝဝ ဣသလာ၊ ကိုးခုသော ကုသိုလ်စိတ်တို့သည် သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**ပုထုဇဉ်နှင့်အောက်ဖလဋ္ဌာန် ၃-ယောက်တို့အားဖြစ်သောစိတ်**

၂၈၁။ တိဏ္ဏံ၊ သုံးယောက်ကုန်သော။ ပုထုဇ္ဇနာနဉ္စ၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့အားငင်း။ အာဒိတော၊ အစမှ။ တိဏ္ဏံ၊ သုံးယောက်ကုန်သော။ အရိယာနဉ္စ၊ (အောက်ဖိုလ်) အရိယာပုဂ္ဂိုလ်တို့အားငင်း။ တေရသေဝ တု စိတ္တာနိ၊ တဆဲ့သုံးခုသော စိတ်တို့သည်သာလျှင်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ နိဒ္ဒိသေ၊ ပြရာ၏။

၂၈၂။ အဌေဝ၊ ရှစ်ခုသာလျှင်ဖြစ်ကုန်သော။ ကာမပုညာနိ စ၊ မဟာကုသိုလ်တို့ငင်း။ အပုညတော=အပုညဝသေန၊ အကုသိုလ်၏ အစွမ်းအားဖြင့်။ ဒိဋ္ဌိဟီနာ၊ ဒိဋ္ဌိဂတဝိပ္ပယုတ်ဖြစ်ကုန်သော။ စတ္တာရောပိ စ၊ လေးခုသော စိတ်တို့ငင်း။ ဥဒ္ဓစ္စသံယုတ္တဉ္စ၊ ဥဒ္ဓစ္စသဟဂုတ်စိတ်ငင်း။ ဣတိ၊ ဤသို့။ တေရသ၊ တဆဲ့သုံးခုသော စိတ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**ပုထုဇဉ်နှင့် အောက်ဖလဋ္ဌာန် ၂-ယောက်တို့အားဖြစ်သောစိတ်**

၂၈၃။ ဟေဋ္ဌာ၊ အောက်၌။ ဒွိန္နံ၊ နှစ်ယောက်ကုန်သော။ ဖလဋ္ဌာနဉ္စ၊ (သောတာပန်၊ သကဒါဂါမ်) ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အားငင်း။ တထာ၊ ထိုမှတပါး။ သဗ္ဗပုထုဇ္ဇနေ စ၊ အလုံးစုံသော အဟိတ်, ဒွိဟိတ်, တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၌ငင်း။ ဒေါမနဿယုတ္တံ စိတ္တံ ဒွယမေဝ တု၊ ဒေါမနဿ သဟဂုတ်စိတ် နှစ်ခုတို့၏ အပေါင်းသည်သာလျှင်။ ဇာယတေ၊ ဖြစ်၏။

**ပုထုဇဉ်အားသာ ဖြစ်သောစိတ်**

၂၈၄။ တိဏ္ဏံ၊ သုံးယောက်ကုန်သော။ ပုထုဇ္ဇနာနဉ္စ၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့အားလည်း။ စတ္တာရိ၊ လေးခုကုန်သော။ ဒိဋ္ဌိယုတ္တာနိ စ၊ ဒိဋ္ဌိဂတသမ္ပယုတ် စိတ်တို့ငင်း။ ဝိစိကိစ္ဆာယုတ္တမ္ပိ စ၊ ဝိစိကိစ္ဆာသဟဂုတ်စိတ်ငင်း။ ဣတိ၊ ဤသို့။ ပဉ္စေဝ၊ ငါးခုသော စိတ်တို့သည်သာလျှင်။ ဇာယရေ=ဇာယန္တိ၊ ဖြစ်ကုန်၏။

မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် အသီးသီး ဖြစ်သောစိတ်

၂၀၅။ မဂ္ဂဋ္ဌာနံ၊ မဂ္ဂဋ္ဌာန် ဖြစ်ကုန်သော။ တေသံ စတုန္နံပိ၊ ထိုလေးယောက်သော ပုဂ္ဂိုလ်တို့အားလည်း။ သကံ သကံ ကေမဝ မဂ္ဂစိတ္တံ၊ မိမိ မိမိဥစ္စာဖြစ်သော မဂ်စိတ် တခုသည်သာလျှင်။ ဘဝေ=ဘဝေယျ၊ ဖြစ်ရာ၏။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ ဝိဘာဝယေ၊ ပြရာ၏။

နိဂုံး ၂၀၆။ ဘဝေသု၊ ဘုံတို့၌။ စိတ္တာနံ၊ စိတ်တို့၏။ ဝသေန စ၊ အစွမ်းအားဖြင့်ရင်း။ ပုဂ္ဂလာနံ၊ ပုဂ္ဂိုလ်တို့၏။ ဝသေန စ၊ အစွမ်းအားဖြင့်ရင်း။ စိတ္တုပ္ပတ္တိ၊ စိတ်တို့၏ဖြစ်ခြင်းကို။ ဘိက္ခူနံ၊ ရဟန်းတို့၏။ ပါဋ္ဌဝတ္ထာယ၊ လိမ္မာသောသူ၏ အဖြစ်တည်းဟူသော အကျိုးငှါ။ မယာ၊ ငါသည်။ ပကာသိတာ၊ ပြအပ်ပြီ။

၂၀၇။ ဧဝံ=ဣမိနာ ဝုတ္တပ္ပကာရေန၊ ဤသို့ဆိုအပ်ပြီးသော အပြားအားဖြင့်။ ဘူမိပုဂ္ဂလဘေဒတော၊ ဘုံ,ပုဂ္ဂိုလ်တို့၏ အပြားအားဖြင့်။ သဗ္ဗံ၊ အလုံးစုံသော။ ဣဒံ စိတ္တံ၊ ဤပြအပ်ပြီးသော စိတ်သည်။ ဗဟုဓာပိ စ၊ များသော အပြားရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝိဘာဝိနာ၊ ပညာရှိသော သူသည်။ ဝိညာတဗ္ဗံ၊ သိအပ်၏။

၂၀၈။ ဝုတ္တာနုသာရေန၊ ဆိုအပ်ပြီးသည်ကို အစဉ်မှီးသဖြင့်။ ဘေဒေ၊ အပြားကို။ ဝိဘာဝိနာ၊ ပညာရှိသည်။ ဉာတုံ၊ သိခြင်းငှါ။ သက္ကာ၊ တတ်ကောင်း၏။ ဂန္ထဝိတ္ထာရဘီတေန၊ ကျမ်း ကျယ်အံ့သည်မှ ကြောက်သောကြောင့်။ မယာ၊ ငါသည်။ ဣဒံ ဝစနံ၊ ဤစကားကို။ သံခိတ္တံ၊ ချုံးအပ်၏။

၂၀၉။ ပုဗ္ဗာပရံ၊ ရှေ့နောက်ကို။ ဝိလောကေတွာ၊ ကြည့်၍။ စိန္တေတွာ စ၊ ကြံ၍ရင်း။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ အတ္ထံ၊ အနက်ကို။ ဥပပရိက္ခိတွာ စ၊ စုံစမ်းဆင်ခြင်၍ရင်း။ ဝိဘာဝိနာ၊ ပညာရှိသည်။ ဂဟေတဗ္ဗံ၊ ယူအပ်၏။

၂၁၀။ ယော နရော၊ အကြင်ရဟန်းသည်။ သုသာရံ၊ အနက်သဒ္ဒါအားဖြင့် စွန့်အပ်သော အကာမရှိခြင်းကြောင့် ကောင်းသော အနှစ်ရှိသော။ ဝရံ(ပရံ)၊ ကောင်းသော အနှစ်ရှိသည်၏ အဖြစ်ကြောင့်

မြတ်သော။ သတ္တမောဟန္ဓကာရပ္ပဒီပံ၊ သတ္တဝါတို့၏ ပစ္စုပ္ပန်လောက, တမလွန်လောကဥ္စဖြစ်သော အစီးအပွါးကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ဆီမီးဖြစ်သော။ ဣမဥ္စာဘိ-ဓမ္မာဝတာရံ၊ ဤ အဘိဓမ္မာဝတာရကျမ်းကို။ သဒါ၊ အခါခပ်သိမ်း။ သာဓု၊ ကောင်းစွာ။ စိန္တေတိ၊ အနက်အားဖြင့် ကြံ၏။ ဝါစေတိ၊ သဒ္ဒါအားဖြင့် သရဇ္ဈာယ်၏။ တံ နရံ၊ ထိုရဟန်းကို။ ရာဂဒေါသာ၊ ရာဂဒေါသတို့သည်။ စိရံ၊ ကြာမြင့်စွာသော ကာလပတ်လုံး။ နောပယန္တိ၊ မကပ်နိုင်ကုန်[၁]။

အဘိဓမ္မာဝတာရေ၊ အဘိဓမ္မာဝတာရကျမ်း၌။ ဘူမိပုဂ္ဂလဝသေန၊ ဘုံ, ပုဂ္ဂိုလ်တို့၏အစွမ်းအားဖြင့်။ စိတ္တုပ္ပတ္တိနိဒ္ဒေသော နာမ၊ စိတ္တုပ္ပတ္တိနိဒ္ဒေသမည်သော။ ပဥ္စမော၊ ငါးခုတို့၏ပြည့်ကြောင်းဖြစ်သော။ ပရိစ္ဆေ-ဒေါ၊ အပိုင်းသည်။ ဣတိ သမတ္တော၊ ဤရွေ့ ပြီးပြီ။

ဘူမိပုဂ္ဂလစိတ္တုပ္ပတ္တိနိဒ္ဒေသ ပြီး၏။

---

မှတ်ဖွယ် ၁။ ရာဂဒေါသတို့၏ မောဟနှင့်ကင်း၍ မဖြစ်ခြင်းကြောင့် မောဟ၏ မကပ်ခြင်းသည် အနက်အားဖြင့် ပြီးသည်သာဟု နှလုံးပြု၍ "မောဟန္ဓကာရပ္ပဒီပံ" ဆိုပြီး၍လည်း "နောပယန္တိ" ဟူ၍ ရာဂဒေါသတို့၏ မကပ်ခြင်းကိုသာ မိန့်သည်။

ဝါ၊ "မောဟန္ဓကာရပ္ပဒီပံ" သဒ္ဒါဖြင့်သာ မောဟ၏ မကပ်ခြင်းကို ဆိုသောကြောင့် ရာဂဒေါသတို့၏ မကပ်ခြင်းကိုသာ ဆိုသည်။

မူလဖြစ်ကုန်သော သုံးပါးတို့၏ မကပ်ခြင်းကို ဆိုသဖြင့် ကြွင်းသော ကိလေသာတို့၏လည်း မကပ်ခြင်းကို ဆိုအပ်သည်သာတည်း။ (ငင်းဋီကာသစ်၊၁၊နှာ-၃၆၀)

("ရာဂဒေါသာ နောပယန္တိ၌ ရာဂဒေါသတို့သည် မောဟနှင့်ကင်း၍ မဖြစ်ကုန်၊ ထိုကြောင့် ရာဂဒေါသတို့၏ မကပ်ခြင်းကိုဆိုက မောဟ၏ မကပ်ခြင်းလည်း အနက်အားဖြင့် ပြီးသည်။

သို့ဖြစ်၍ "နောပယန္တိ"အရ ရာဂ, ဒေါသ, မောဟ ၃-ပါးစလုံး၏ မကပ်ခြင်းကို ယူသင့်သော်လည်း "မောဟန္ဓကာရပ္ပဒီပံ"ဟု မောဟကိုဆိုပြီး ဖြစ်သောကြောင့် ရာဂဒေါသတို့၏ မကပ်ခြင်းကိုသာ ရည်ရွယ်က "ရာဂဒေါသာ နောပယန္တိ"ဟူ၍ မိန့်သည်။

တနည်း မောဟန္ဓကာရပ္ပဒီပံ-ဖြင့် မောဟ၏ မကပ်ခြင်းကို ဆိုသဖြင့် နောပယန္တိ-ဖြင့် ရာဂ, ဒေါသတို့၏ မကပ်ခြင်းကို ဆိုသည်။)

## ၆-အာရမ္မဏဝိဘာဂ နိဒ္ဒေသ

၂၉၁။ ဣတော၊ ဤ ပဋ္ဌမပရိစ္ဆေဒမှ။ ပရံ၊ နောက်၌။ အဟံ၊ ငါသည်။ ဧတေသံ စိတ္တာနံ၊ ဤ စိတ်တို့၏။ အာရမ္မဏံ၊ အာရုံကို။ ဒဿယိဿာမိ၊ ပြအံ့။ ဟိ=ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ တေန အာရမ္မဏေန= တံ အာရမ္မဏံ၊ ထိုအာရုံကို။ ဝိနာ=ဝဇ္ဇေတွာ၊ ကြဉ်၍။ စိတ္တာနံ၊ စိတ်တို့၏။ သမ္ဘဝေါ[1]၊ ဖြစ်ခြင်းသည်။ ယသ္မာ၊ အကြင်ကြောင့်။ နတ္ထိ၊ မရှိ။ တသ္မာ၊ ထို့ကြောင့်။ အာရမ္မဏံ၊ အာရုံကို။ ဒဿယိဿာမိ၊ ပြအံ့။

အာရုံ ၆-ပါး ၂၉၂။ ရူပဉ္စ၊ ရူပါရုံရင်း။ သဒ္ဒဉ္စ၊ သဒ္ဒါရုံရင်း။ ဂန္ဓဉ္စ၊ ဂန္ဓာရုံရင်း။ ရသဉ္စ၊ ရသာရုံရင်း။ ဖောဋ္ဌဗ္ဗဉ္စ၊ ဖောဋ္ဌဗ္ဗာရုံရင်း။ ဓမ္မမေဝ စ၊ ဓမ္မာရုံရင်း။ ဣတိ၊ ဤသို့။ ဆဋ္ဌာရမ္မဏကောဝိဒါ၊ ခြောက်ပါးသော အာရုံတို့ကို ဟောခြင်း၌ လိမ္မာတော်မူကုန်သော ဘုရားအစရှိကုန်သော ပုဂ္ဂိုလ်တို့သည်။ အာရမ္မဏံ၊ အာရုံကို။ ဆဓာ၊ ခြောက်ပါးအပြားရှိ၏ဟူ၍။ အာဟု၊ ဟောတော်မူကုန်ပြီ[2]။

ရူပါရုံ ၂၉၃။ တတ္ထ=တေသု အာရမ္မဏေသု၊ ထိုခြောက်ပါးသော အာရုံတို့တွင်။ ဘူတေ၊ လေးခုသော မဟာဘုတ်တို့ကို။ ဥပါဒါယ၊ မှီ၍။ ဝတ္တမာနော၊ ဖြစ်သော။ စတုသမုဋ္ဌာနော၊ ကံ, စိတ်, ဥတု,

---

ကျမ်းတက် ၁။ "စိတ္တံ စေတသိကံ"အစရှိသည်ဖြင့် စိတ်အစရှိသည်တို့ကိုသာ အကျဉ်း ပြအပ်သောကြောင့် ထိုစိတ် အစရှိသည်တို့ကိုသာ အကျယ်ပြအပ်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် မပြအပ်သော အာရုံကို ဤ၌ ဆိုအပ်သနည်း ဟူသော စောဒနာကို နှလုံး ပြု၍ တေန ဝိနာ နတ္ထိ ဟိ သမ္ဘဝေါ မိန့်။ (စိတ်အားလုံးသည် အာရုံနှင့်ကင်း၍ မဖြစ် ပေါ်ကြချေ၊ ထို့ကြောင့် ပညာရှိတို့က 'အာရုံမရှိ စိတ်မရှိ၊ အာရုံရှိမှ စိတ်ရှိသည်'ဟု ဆောင်ပုဒ် ရေးသားထားခဲ့သည်။)

ကျမ်းတက် ၂။ ထိုအာရုံသည် အဘယ်မျှ အပြားရှိသနည်း အဘယ်မျှ သရုပ်ရှိ သနည်း ဟူသော အမေးကို ဖြေခြင်းငှါ ရူပံ သဒ္ဒံ စသည်ကို မိန့်။ (ရူပါရုံ=အဆင်း၊ သဒ္ဒါရုံ=အသံ။ ဂန္ဓာရုံ=အနံ့။ ရသာရုံ=အရသာ။ ဖောဋ္ဌဗ္ဗာရုံ=အတွေ့အထိ။ ဓမ္မာရုံ= ကြွင်းသော အာရုံဖြစ်သော စိတ်, စေတသိက်, အချို့သောရုပ်, နိဗ္ဗာန်, ပညတ်)

အာဟာရတည်းဟူသော လေးပါးသော အကြောင်းတို့ကြောင့်ဖြစ်သော။ သနိဒဿနပ္ပဋိဃော၊ မြင်အပ်သော သဘောနှင့်တကွ ထိပါးခြင်းသဘော နှင့်တကွဖြစ်သော။ ဝဏ္ဏော ဝေ၊ ရူပါယတနသည်လျှင်။ (ဝေ-သဒ္ဒါ နောက် ဂါထာမှလိုက်) ရူပါရမ္မဏသညိတော၊ ရူပါရုံအမည်ရှိ၏။

သဒ္ဒါရုံ ၂၉၄။ စိတ္တောတုသမုဋ္ဌာနော၊ စိတ်, ဥတုကြောင့်ဖြစ်သော။ ဒုဝိဓောပိ၊ နှစ်ပါးအပြားရှိသည်လည်းဖြစ်သော။ သဒ္ဒေါ၊ အသံကို။ မုနိနာ၊ မြတ်စွာဘုရားသည်။ သမုဒ္ဒိဋ္ဌော၊ ပြတော်မူအပ်၏။

စိတ္တဇသဒ္ဒ။ ။တတ္ထ၊ ထို နှစ်ပါးတို့တွင်။ (ထည့်) သဝိညာဏကသဒ္ဒေါဝ၊ သဝိညာဏက အသံသည်သာလျှင်။ စိတ္တသမုဋ္ဌိတော၊ စိတ်ကြောင့်ဖြစ်သည်။ ဟောတိ၊ ဖြစ်၏။

ဥတုဇသဒ္ဒ ၂၉၅။ ယော အဝိညာဏကသဒ္ဒေါ၊ အကြင် အဝိညာဏက အသံသည်။ အတ္ထိ၊ ရှိ၏။ သော အဝိညာဏကသဒ္ဒေါ၊ ထို အဝိညာဏကအသံသည်။ ဥတုသမုဋ္ဌိတော၊ ဥတုကြောင့်ဖြစ်သည်။ ဟောတိ၊ ဖြစ်၏။

ဒုဝိဓောပိ၊ နှစ်ပါးအပြားရှိသည်လည်းဖြစ်သော။ အယံ သဒ္ဒေါ၊ ဤအသံသည်။ သဒ္ဒါရမ္မဏတံ၊ သဒ္ဒါရုံ၏အဖြစ်သို့။ ဂတော၊ ရောက်၏။

ဂန္ဓာရုံ ၂၉၆။ ဂစ္ဆန္တော၊ ရောက်သည်ဖြစ်၍။ ဓရီယတိ၊ ကလာပ် အဆက်ဆက်တို့သည် ဆောင်အပ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဂန္ဓော၊ ဂန္ဓမည်၏။ ဝါ၊ တနည်းကား။ သူစနတောပိ၊ မိမိ တည်ရာပန်းအစရှိသောဝတ္ထုကိုပြတတ်သော အဖြစ်ကြောင့်လည်း။ ဂန္ဓော၊ ဂန္ဓမည်၏။ အယံ ဂန္ဓော၊ ဤ ဂန္ဓကို။ စတုသမုဋ္ဌာနော၊ ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော လေးပါးသော အကြောင်းတို့ကြောင့် ဖြစ်သော။ ဂန္ဓာရမ္မဏသမ္မတော၊ ဂန္ဓာရုံဟူ၍ သိအပ်၏။

ရသာရုံ ၂၉၇။ ရသမာနာ၊ သာယာခြင်း၏အစွမ်းဖြင့် နှစ်သက်ကုန်သည် ဖြစ်၍။ ရသန္တိ[၁]၊ သုံးဆောင်တတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ရသောတိ၊ ရသမည်၏ဟူ၍။ ပရိကိတ္တိတော၊ ဆိုအပ်သော။

အမှာ ၁။ ရသန္တိဌ် ရအက္ခရာသည် ပဒသန္ဓိမျှသာ၊ ရသမာနာပုဒ်မှ ရအက္ခရာကို, အသန္တိပုဒ်မှ သအက္ခရာကို ယူ၍ "ရသော"ဟု နိရုတ္တိနည်းကို မှတ်အပ်၏။

ရသော၊ ရသသည်။ စတုသမုဋ္ဌာနော၊ (ကံ, စိတ်, ဥတု, အာဟာရ) လေးပါးသော အကြောင်းတို့ကြောင့်ဖြစ်သော။ ရသာရမ္မဏနာမကော၊ ရသာရုံမည်၏။

ဖောဋ္ဌဗ္ဗာရုံ ၂၉၇။ ယံ ဓမ္မဇာတံ၊ အကြင်တရားသဘောကို။ ဖုသိယတိ၊ တွေ့အပ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံ ဓမ္မဇာတံ၊ ထိုတရားသဘောသည်။ ဖောဋ္ဌဗ္ဗံ၊ ဖောဋ္ဌဗ္ဗမည်၏။ ပထဝီတေဇဝါယဝေါ[၁]၊ ပထဝီ, တေဇော, ဝါယောတို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ ဖောဋ္ဌဗ္ဗံ၊ ဖောဋ္ဌဗ္ဗကို။ စတုသမ္ဘူတံ၊ (ကံ, စိတ်, ဥတု, အာဟာရ) လေးပါးသော အကြောင်းတို့ကြောင့်ဖြစ်သော။ ဖောဋ္ဌဗ္ဗာရမ္မဏံ၊ ဖောဋ္ဌဗ္ဗာရုံဟူ၍။ မတံ၊ သိအပ်၏။

ဓမ္မာရုံ ၂၉၉။ သဗ္ဗံ၊ အလုံးစုံသော။ နာမဉ္စ၊ စိတ်, စေတသိက်, နိဗ္ဗာန်တည်းဟူသော နာမ်သည်၎င်း။ ရူပါဒိပဉ္စကံ၊ ရူပါရုံအစရှိသော အာရုံငါးပါးတို့၏အပေါင်းကို။ ဟိတွာ၊ စွန့်၍။ ရူပဉ္စ၊ နိပ္ဖန္နရုပ်သည်၎င်း။ (ဋီကာသစ်အလို)။ (ရူပဉ္စ၊ ပသာဒရုပ် ၅-ခုနှင့် သုခုမရုပ် ၁၆-ခုသည်၎င်း။ ဋီကာဟောင်းအလို) လက္ခဏာနိ စ၊ အနိစ္စအစရှိသော လက္ခဏာတို့သည်၎င်း။ ပညတ္တိ စ၊ နာမပညတ်,ဥပါဒါပညတ်အားဖြင့် နှစ်ပါးအပြားရှိသော ပညတ်သည်၎င်း။ ဓမ္မာရမ္မဏသညိတံ၊ ဓမ္မာရုံအမည်ရှိ၏[၂]။

အာရုံ ၆-ပါးကိုဘုံအားဖြင့် ဝေဖန်ပြခြင်း

၃၀၀။ ကာမာဝစရဘူမိယံ၊ ကာမာဝစရဘုံ၌။ ဆာရမ္မဏာနိ၊ ခြောက်ပါးသော အာရုံတို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။

---

ကျမ်းတက် ၁။ ထိုဖောဋ္ဌဗ္ဗသည် အဘယ်နည်း ဟူသော အမေးကို ဖြေခြင်းငှါ **ပထဝီ တေဇ ဝါယဝေါ မိန့်။**

၂။ (သင်္ဂြိုဟ်ကျမ်း၌ စိတ်, စေတသိက်, ပသာဒရုပ်, သုခုမရုပ်, နိဗ္ဗာန်, ပညတ်၊ ဤ ၆-ပါးကို ဓမ္မာရုံ-ဟု ဆိုသည်၊ သင်္ဂဟ၊ ပိုဒ် ၅၀။)

ဤအဘိဓမ္မာဝတာရကျမ်း၌ ဋီကာသစ်ဆရာက စိတ်, စေတသိက်, နိဗ္ဗာန်, နိပ္ဖန္နရုပ်, အနိစ္စလက္ခဏာစသည် ၃-ပါး, ပညတ်၊ ဤ ၆-ပါးကို ဓမ္မာရုံ-ဟုဆို၍ ဋီကာဟောင်းဆရာက စိတ်,စေတသိက်,နိဗ္ဗာန်,ပသာဒရုပ်နှင့် သုခုမရုပ်ဟူသော ရုပ်,အနိစ္စစသော လက္ခဏာ ၃-ပါး, ပညတ်၊ ဤ ၆-ပါးကို ဓမ္မာရုံ-ဟု ဆိုသည်။ ၎င်းဋီကာဟောင်း၊ နှာ-၅၉။ ၎င်းဋီကာသစ်၊ ဒုနှာ-၄။)

ရူပေ ပန၊ ရူပဘုံ၌ကား။ တီဏိ၊ ရူပါရုံ, သဒ္ဒါရုံ, ဓမ္မာရုံအားဖြင့် သုံးပါးသော အာရုံတို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။

အရူပေ၊ အရူပဘုံ၌။ ဧကံ၊ တပါးသော။ ဓမ္မာရမ္မဏံ၊ ဓမ္မာရုံကို။ လဗ္ဘတိ၊ ရအပ်၏[၁]။

**အဘယဂိရိဆရာဝါဒကို ပယ်ခြင်းအကြောင်း**

၃၀၁။ ယေ ရူပါဒယော၊ အကြင်ရူပါရုံ အစရှိသော ငါးပါးသော အာရုံတို့သည်။ ခဏဝတ္ထုပရိတ္တတ္တာ[၂]၊ ခဏ,ဝတ္ထုတို့သည် (တိုတောင်းသေး) ငယ်သည်၏ အဖြစ်ကြောင့်။ အာပါထံ၊ ပဉ္စဒွါရတို့၌ ထင်ခြင်းသို့။ န ဝဇန္တိ၊ မရောက်ကုန်။ တေ ရူပါဒယော၊ ထိုရူပါရုံအစရှိသော ငါးပါးသော အာရုံတို့သည်။ ဓမ္မာရမ္မဏာ၊ ဓမ္မာရုံတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ယေသံ၊ အကြင်ဆရာတို့၏။ လဒ္ဓိ၊ အယူသည်။ ဟောတိ ကိရ၊ ဖြစ်သတတ်။

၃၀၂-၃၀၃။ တေ၊ ထိုဆရာတို့ကို။ ပဋိက္ခိပိတဗ္ဗာဝ[၃]၊ ပယ်အပ်ကုန်သည် သာလျှင်ကတည်း။ အညမညသ၊ အချင်းချင်း၏။ ဂေါစရံ၊ အာရုံကို။ နေဝ ပစ္စနုဘောန္တာနံ၊ မယူကုန်သော။ တေသံ၊ ထိုစက္ခုအစရှိသော ငါးပါး ကုန်သော ဣန္ဒြေတို့၏။ တံ ဂေါစရဥ္စ၊ ထိုရူပါရုံအစရှိသော အာရုံကိုငင်း။ ဓမ္မာရမ္မဏဥ္စ၊ ဓမ္မာရုံကိုငင်း။ မနော၊ မနောဝိညာဉ်ဟုဆိုအပ်သော စေတသိတ် သည်။ ပစ္စနုဘောတိ၊ ခံစား၏, ယူ၏ဟူ၍။ ဣတိ ဣမဿ ဝစနဿ၊ ဤပါဠိ၌

ကျမ်းတက် ၁။ ဤခြောက်ပါး အပြားရှိသော အလုံးစုံသော အာရုံတို့ကို အလုံးစုံသော အရပ်တို့၌ ရအပ်သလော၊ ထိုသို့မဟုတ် အချို့သော အရပ်၌ အချို့သော အာရုံတို့ကို ရအပ်ကုန်သလော ဟူသော အမေးကို ဖြေခြင်းငှါ **ဆာရမ္မဏာနိ** အစရှိသည်ကို မိန့်။

ကျမ်းတက် ၂။ ဤသို့ ခြောက်ပါးသောအာရုံတို့ကို သရုပ်အားဖြင့်ငင်း ပဝတ္တိပဘေဒ အားဖြင့်ငင်း ပြပြီး၍ ယခုအခါ ထိုအာရုံတို့၌ အဘယဂိရိဝါသီ ပုဂ္ဂိုလ်တို့၏ ချွတ်ယွင်းသော အယူကို ပြ၍ ထိုအယူကို ပယ်ခြင်းငှါ **ခဏဝတ္ထုပရိတ္တတ္တာ** အစရှိသည်ကို မိန့်။

ကျမ်းတက် ၃။ ဤသို့ အယူရှိကုန်သော ထိုပုဂ္ဂိုလ်တို့ကို ဣမေသံ ခေါ အာဝုသော ပဉ္စန္နံ ဣန္ဒြိယာနံ နာနာဝိသယာနံ နာနာဂေါစရာနံ န အညမညဿ ဂေါစရဝိသယံ ပစ္စနုဘောန္တာနံ မနော ပဋိသရဏံ မနော စ နေသံ ဂေါစရဝိသယံ ပစ္စနုဘောတိ (မ၊၁၊ နှာ-၃၆၉) ဟူသော ဤပါဠိဆောင်၍ ပယ်အပ်၏ဟု ပြသော ဆရာသည် **တေ ပဋိက္ခိပိတဗ္ဗာဝ** စသည်ကို မိန့်။ (ရင်းဋီကာသစ်၊ဒု၊နှာ-၅၊၆။) (မြတ်စွာဘုရား ကိုယ်တော်တိုင် ကပင် ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံဟု သီးခြားထုတ်ဖော် ဟောကြားတော်မူခဲ့သဖြင့် ပဉ္စာရုံကို ဓမ္မာရုံဟု ယူခြင်းမှာမသင့်၊ ထို့ကြောင့် ပယ်ရမည်။)

၏။ သတ္ထုနာ၊ မြတ်စွာဘုရားသည်။ ဝုတ္တတ္တာ ပန၊ ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်။ ရူပါဒယော ပန၊ ရူပါရုံအစရှိသည်တို့သည်။ ရူပါဒါရမ္မဏာနေဝ၊ ရူပါရုံအစရှိသော အာရုံတို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ပဋိက္ခိပိတဗ္ဗာ၊ ပယ်အပ်ကုန်၏။

**ပယ်ခြင်းအကြောင်း တနည်း**　၃၀၄။ ဒိဗ္ဗာစက္ခာဒိဉာဏာနံ၊ ဒိဗ္ဗစက္ခုအစရှိကုန်သော ဉာဏ်တို့အား။ အနာပါထဂတာနေဝ၊ ပဉ္စပသာဒတို့အား ထင်ခြင်းသို့ မရောက်သည်သာဖြစ်ကုန်သော။ ရူပါဒီနေဝ၊ ရူပါရုံအစရှိသည်တို့သည်လျှင်။ ဂေါစရာ၊ အာရုံတို့သည်၊ ဟောန္တိ၊ ဖြစ်ကုန်၏။ တာနိ၊ ထိုထင်ခြင်းသို့ မရောက်ကုန်သော ရူပါရုံအစရှိသည်တို့သည်။ ဓမ္မာရမ္မဏံ၊ ဓမ္မာရုံသည်။ န ဟောန္တိ၊ မဖြစ်ကုန်။ ဣတိတသ္မာပိ၊ ထိုကြောင့်လည်း။ န ယုဇ္ဇတိ၊ မသင့်[၁]။

၃၀၅။ ယံ ဓမ္မဇာတံ၊ အကြင်တရားသဘောသည်။ ရူပါရမ္မဏံ၊ ရူပါရုံသည်။ ဟောန္တံ၊ ဖြစ်၏။ [ဋီကာဟောင်း (နှာ-၆၀)၌ ဘဝန္တံဟု ဖွင့်၏] တံ ဓမ္မဇာတံ၊ ထိုတရားသဘောသည်။ ဓမ္မာရမ္မဏံ၊ ဓမ္မာရုံသည်။ ကထံ ဘဝေ၊ အဘယ်သို့ဖြစ်အံ့နည်း။ ဧဝံ သတိ၊ ဤသို့ရံခါ ရူပါရုံ အစရှိသည်ဖြစ်၍ ရံခါ ဓမ္မာရုံ, ရံခါ ဓမ္မာရုံဖြစ်၍ ရံခါ ရူပါရုံ အစရှိသည် ဖြစ်သည်ရှိသော်။ တေသံ၊ ထိုရူပါရုံ အစရှိသည်တို့ကို။ နိယမောပိ၊ မှတ်ခြင်းသည်လည်း။ ကထံ ဘဝေ၊ အဘယ်သို့ ဖြစ်အံ့နည်း။

**အာရုံအပြား**　၃၀၆။ ဆဗ္ဗိဓံ၊ ခြောက်ပါးအပြားရှိသော။ သဗ္ဗံ၊ အလုံးစုံသော။ ဧတံ အာရမ္မဏံ၊ ထိုအာရုံကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ သမုဒီရိတံ၊ ဟောတော်မူအပ်၏။ တံ အာရမ္မဏံ၊ ထိုအာရုံကို။ ပရိတ္တတ္တိကာဒီနံ၊ ပရိတ္တာရမ္မဏတိက် အစရှိသည်တို့၏။ ဝသေန၊ အစွမ်းဖြင့်။ ဗဟုဓာ၊ များသော အပြားအားဖြင့်။ မတံ၊ သိအပ်၏[၂]။

---

ကျမ်းတက်နှင့်အမှာ　၁။ ဤသို့ တခုသော အခြင်းအရာဖြင့် ပယ်ခြင်း အစီအရင်ကို ပြပြီး၍ တဖန် တပါးသော အကြောင်းဖြင့်လည်း ပြသည်ဖြစ်၍ ဒိဗ္ဗစက္ခာဒိ အစရှိသည်ကိုမိန့်၊ အာဒိ သဒ္ဒါဖြင့် ဒိဗ္ဗသောတဉာဏ်ကိုယူ။

ကျမ်းတက်နှင့်အမှာ　၂။ ဤသို့ ခြောက်ပါး အပြားရှိသော အာရုံကို ပြပြီး၍ ယခုအခါ ထိုအာရုံ၏ အတိုင်းမသိသော အပြားကို ပရိတ္တာရမ္မဏ အစရှိသော တိက်တို့၏ အစွမ်းဖြင့် ပြသည်ဖြစ်၍ သဗ္ဗမာရမ္မဏ အစရှိသည်ကို မိန့်။ ပရိတ္တာရမ္မဏတိက်ကို မဇ္ဈုပဒလောပအားဖြင့် ပရိတ္တတိက မိန့်သည်၊ အာဒိသဒ္ဒါဖြင့် မဂ္ဂါရမ္မဏ,အတီတာရမ္မဏ, အဇ္ဈတ္တာရမ္မဏ သုံးတိက်တို့ကို သင်္ဂြိုဟ်။

## ကေန်အာရုံများ

**ကာမအာရုံ** ၃၀၇။ သဗ္ဗော ကာမဝိပါကော စ၊ အလုံးစုံ နှစ်ဆဲ့သုံးခုသော ကာမဝိပါက်ဂုဏ်း။ ကြိယာဟေတုဒွယမ္ပိ စ၊ မနောဓာတ်, ဟသိတုပ္ပါဒ်အားဖြင့် ကြိယာနှစ်ခုအပေါင်းဂုဏ်း။ ဣတိ၊ ဤသို့။ ပဉ္စဝီသတိ၊ နှစ်ဆဲ့ငါးခုသော စိတ်တို့သည်။ ကေန္တပရိတ္တာရမ္မဏာ၊ စင်စစ် ကာမတရား အာရုံရှိကုန်သည်။ သိယုံ၊ ဖြစ်ကုန်၏။

**ပဉ္စာရုံ** ၃၀၈။ ဣဋ္ဌာဒိဘေဒါ[၁]၊ ဣဋ္ဌအစရှိသည် အပြားရှိကုန်သော။ ပဉ္စေဝ၊ ငါးပါးသာလျှင်ဖြစ်ကုန်သော။ ရူပသဒ္ဒါဒယော ပန၊ ရူပါရုံ သဒ္ဒါရုံ အစရှိသည်တို့ကား။ ပဋိပါဋိယာ၊ အစဉ်အတိုင်း။ ဒွိပဉ္စန္နံ ဝိညာဏာနံ၊ ဒွေပဉ္စဝိညာဉ်တို့၏။ ဂေါစရာ၊ အာရုံတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

၃၀၉။ မနောဓာတုတ္တယဿ တု၊ မနောဓာတ်သုံးခု အပေါင်း၏ကား။ သဗ္ဗံ၊ အလုံးစုံသော။ ရူပါဒိပဉ္စကံ၊ ရူပါရုံအစရှိသော အာရုံငါးပါးတို့၏ အပေါင်းသည်။ ဂေါစရံ၊ အာရုံသည်။ ဟောတိ၊ ဖြစ်၏။

**ရုပ်အာရုံ**။ ။တေရသန္နံ၊ ဒွေးပဉ္စဝိညာဉ် ၁၀, မနောဓာတ်အားဖြင့် တဆဲ့သုံးခုကုန်သော။ ဧတေသံ စိတ္တာနံ၊ ဤ စိတ်တို့၏။ ရူပက္ခန္ဓောဝ၊ ရူပက္ခန္ဓာသည်သာလျှင်။ ဂေါစရော၊ အာရုံသည်။ ဟောတိ၊ ဖြစ်၏။

**ပစ္စုပ္ပန်အာရုံ** ၃၁၀။ အရူပံ စ၊ နာမ်ကိုလည်း။ အာရမ္မဏံ၊ အာရုံကို။ န ကရောန္တိ၊ မပြုကုန်။ ပညတ္တိံ စ၊ ပညတ်ကိုလည်း အာရမ္မဏံ၊ ကို။ န ကရောန္တိ၊ ကုန်။ အတီတဉ္စ၊ အတိတ်ကိုလည်း။ အာရမ္မဏံ၊ ကို။ န ကရောန္တိ၊ ကုန်။ အနာဂတဉ္စ၊ အနာဂတ်ကိုလည်း။ အာရမ္မဏံ၊ ကို။ န ကရောန္တိ၊ မပြုကုန်သာလျှင်ကတည်း။ ဟိသစ္စံ၊ မှန်၏။ တေသံ၊ (ဒွေးပဉ္စ

---

ကျမ်းတက်နှင့်အမှာ ၁။ ပရိတ္တာရမ္မဏအဖြစ်ကို ထင်စွာ ပြခြင်းငှါ ဣဋ္ဌာဒိဘေဒါ အစရှိသည်ကို မိန့်။ (အာဒိသဒ္ဒါဖြင့် ဣဋ္ဌမဇ္ဈတ္တ, အနိဋ္ဌ, အနိဋ္ဌမဇ္ဈတ္တတို့ကိုယူ။)

(ရူပါရုံသည် စက္ခုဝိညာဉ်၏ အာရုံဖြစ်သည်၊ သဒ္ဒါရုံသည် သောတဝိညာဉ်၏ အာရုံဖြစ်သည် စသည်ဖြင့် အာရုံနှင့်စိတ်ကို အစဉ်အတိုင်း တွဲစပ်ယူပါလေ-ဟု ဆိုလိုသည်။)

ဝိညာဉ်တဆယ်နှင့် မနောဓာတ် ၃-ပါး တည်းဟူသော) ထိုတဆဲ့သုံးခုသော စိတ်တို့၏။ ဂေါစရော၊ အာရုံသည်။ ဝတ္တမာနော၊ ပစ္စုပ္ပန်သာတည်း။

**စိတ် ၁၃-ပါးကို ဘုံအားဖြင့် ဝေဖန်ပြခြင်း** ၃၁၁။ ကာမဓာတုယံ၊ ကာမဘုံ၌။ တေရသ၊ ဒွေးပဉ္စဝိညာဉ်, မနောဓာတ် အားဖြင့် တဆဲ့သုံးခု ကုန်သော။ တောနိ စိတ္တာနိ၊ ဤစိတ်တို့သည်။ ဇာယန္တေ၊ ဖြစ်ကုန်၏။

ရူပါဝစရေ၊ ရူပါဝစရဘုံ၌။ စတ္တာရိ၊ ကြိယာ မနောဓာတ်, (ပဉ္စဒွါရာဝဇ္ဇန်း) ကုသလဝိပါက်စက္ခုဝိညာဉ်, သောတဝိညာဉ်, သမ္ပဋိစ္ဆိုန်းအားဖြင့် လေးခုသော စိတ်တို့သည်။ ဇာယန္တေ၊ ဖြစ်ကုန်၏။

အရူပီသု၊ အရူပဘုံတို့၌။ တေသု၊ ထိုတဆဲ့သုံးခုသော စိတ်တို့တွင်၊ ကိဉ္စိ၊ တစုံတခုသော စိတ်သည်။ နေဝ ဇာယတိ၊ မဖြစ်။

## စိတ်ကို ပရိတ္တာရမ္မဏတိက်အားဖြင့် ဝေဖန်ပြခြင်း

**ကာမအာရုံ ၆-ပါး** ၃၁၂။ အဋ္ဌန္နံ၊ ရှစ်ခုကုန်သော။ မဟာပါကာနဉ္စ၊ မဟာဝိပါက်စိတ်တို့၏ငှင်း။ သန္တီရဏတ္တယဿပိ၊ သန္တီရဏသုံးခုတို့၏ အပေါင်း၏ငှင်း။ ဆသု ဒွါရေသု၊ ခြောက်ဒွါရတို့၌။ ရူပါဒိဆပရိတ္တာနိ၊ ရူပါရုံအစရှိသော ခြောက်ပါးသော ကာမာဝစရတရားတို့သည်။ ဂေါစရာ၊ အာရုံတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

၃၁၃။ ပဉ္စဒွါရေ၊ ပဉ္စဒွါရ၌။ ပစ္စုပ္ပန္နာ၊ ပစ္စုပ္ပန်ဖြစ်ကုန်သော။ မနောဒွါရေ၊ မနောဒွါရ၌။ တိကာလိကာ၊ ကာလသုံးပါးတို့နှင့် ယှဉ်ကုန်သော။ ရူပါဒယော၊ ရူပါရုံအစရှိကုန်သော။ ဆပရိတ္တာ၊ ခြောက်ပါးသော ကာမာဝစရတရားတို့သည်။ ဟသိတုပ္ပါဒဂေါစရာ၊ ဟသိတုပ္ပါဒ်၏ အာရုံတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**မဟဂ္ဂုတ်အာရုံ** ၃၁၄။ ဒုတိယာရုပ္ပစိတ္တဉ္စ[1]၊ ဒုတိယ အရူပစိတ် (ဝိညာဏဉ္စာယတနစိတ်)ငှင်း။ စတုတ္ထာရုပ္ပမာနသဉ္စ၊ စတုတ္ထအရူပစိတ်(နေဝသညာ နာသညာ ယတနစိတ်)ငှင်း။ ဣတိ၊ ဤသို့။

ကျမ်းတက် ၁။ ဤသို့ ပရိတ္တာရမ္မဏတို့ကို ပြပြီး၍ ယခုအခါ မဟဂ္ဂတာရမ္မဏ အပ္ပမာဏာရမ္မဏတို့ကို ပြခြင်းငှါ ဒုတိယာရုပ္ပစိတ္တဉ္စ စသည်ကို မိန့်။

ဆဗ္ဗိဓံ၊ ကုသိုလ်, ဝိပါက်, ကြိယာအားဖြင့် အသီးသီး သုံးပါးအပြား ရှိသည်၏အဖြစ်ကြောင့် ခြောက်ပါးအပြားရှိသော။ တံ စိတ္တံ၊ ထိုစိတ်သည်။ နိယတံ၊ အမြဲ။ မဟဂ္ဂတဂေါစရံ၊ မဟဂ္ဂုတ်တရား အာရုံရှိသည်။ ဟောတိ၊ ဖြစ်၏။

နိဗ္ဗာန်အာရုံ ၁၁၅။ အဋ္ဌ၊ ရှစ်ခုကုန်သော။ အနာသဝစိတ္တာနိ၊ လောကုတ္တရာစိတ်တို့သည်။ အပ္ပမာဏေဝ၊ နိဗ္ဗာန်သာလျှင်ဖြစ်သော။ ဂေါစရေ၊ အာရုံသည်။ ဟောတိ၊ ဖြစ်၏။ ဟိ=ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ နိဗ္ဗာနာရမ္မဏတ္တာ၊ နိဗ္ဗာန်အာရုံရှိသည်၏ အဖြစ်ကြောင့်။ ကေန္တေန၊ စင်စစ်အားဖြင့်။ အနညတော၊ တပါးသော အာရုံ မရှိသည်၏ အဖြစ်ကြောင့်တည်း။

## အနေကာန်အာရုံများ

**လောကီ, ပညတ်ကို အာရုံပြုသော စိတ် ၂၀-ပါး**

၁၁၆။ ကာမာဝစရပုညတော=ကာမာဝစရ ပုညဝသေန၊ ကာမာဝစရ ကုသိုလ်၏ အစွမ်းအားဖြင့်။ စတ္တာရော၊ လေးခုကုန်သော။ ဉာဏဟီနာ စ၊ ဉာဏဝိပ္ပယုတ်စိတ်တို့ရင်း။ ကြိယတော=ကြိယာဝသေနာပိ၊ ကြိယာ၏ အစွမ်းအားဖြင့်လည်း။ စတ္တာရော၊ လေးခုကုန်သော။ ဉာဏဟီနာ စ၊ ဉာဏဝိပ္ပယုတ်စိတ်တို့ရင်း။ ဒွါဒသ၊ တဆဲ့နှစ်ခုကုန်သော။ အကုသလာနိ စ၊ အကုသိုလ်စိတ်တို့ရင်း။ ဣတိ၊ ဤသို့။

၁၁၇။ တေ၊ ထိုနှစ်ဆယ်သော စိတ်တို့သည်။ ပရိတ္တာရမ္မဏာ စေဝ၊ ကာမာဝစရတရား အာရုံရှိကုန်သည်ရင်း။ မဟဂ္ဂတဂေါစရာ စ၊ မဟဂ္ဂုတ်တရား အာရုံရှိကုန်သည်ရင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေ၊ ထိုနှစ်ဆယ်သော စိတ်တို့သည်။ နဝတ္တဗ္ဗာဝ၊ ပရိတ္တာရမ္မဏ အစရှိသည်ဖြင့် မဆိုအပ်ကုန်သည် သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဟိ=ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ပညတ္တာရမ္မဏတ္တာ၊ ကသိုဏ်းအစရှိသော ပညတ်အာရုံရှိသည်၏ အဖြစ်ကြောင့်တည်း[၁]။

၁။ (မဟာကုသိုလ်ဉာဏဝိပ္ပယုတ် ၄-ပါး၊ မဟာကြိယာဉာဏဝိပ္ပယုတ် ၄-ပါး၊ အကုသိုလ်စိတ် ၁၂-ပါး၊ ဤ ၂၀-သောစိတ်သည် ကသိုဏ်းနိမိတ်စသော ပညတ်တရားကို ဆင်ခြင်ခိုက် ပညတ်တရားကိုသာ အာရုံပြု၍ ကာမတရား, မဟဂ္ဂုတ်တရားကို အာရုံမပြုဟု ဆိုလိုသည်။)

**ကာမ, မဟဂ္ဂုတ်, အပ္ပမာဏ, ပညတ်ကို အာရုံပြုသောစိတ်**

၃၁၈။ ပုညတော = ပုညဝသေန၊ ကုသိုလ်၏ အစွမ်းအားဖြင့်။ ဉာဏသံယုတ္တာ၊ ဉာဏသမ္ပယုတ်ဖြစ်ကုန်သော။ စတ္တာရော စ၊ လေးခုသောစိတ်တို့ရင်း။ ကြိယတော= ကြိယာဝသေနာပိ၊ ကြိယာ၏ အစွမ်းအားဖြင့်လည်း။ တထာ၊ ထို့အတူ။ ဉာဏသံယုတ္တာ၊ ဉာဏသမ္ပယုတ်ဖြစ်ကုန်သော။ စတ္တာရော စ၊ လေးခုသော စိတ်တို့ရင်း။ အဘိညာဒွယမ္ဗေဝ၊ အဘိညာဉ်နှစ်ခုတို့၏ အပေါင်းရင်း။ ကြိယာဝေါဋ္ဌဗ္ဗနမ္ပိ စ[1]၊ ကြိယာဝုဋ္ဌော (မနောဒွါရာဝဇ္ဇန်းစိတ်)ရင်း။

၃၁၉။ ကောဒသန္နံ၊ တဆဲ့တခုကုန်သော။ စေတသံ စိတ္တာနံ၊ ဤစိတ်တို့၏။ ဂေါစရော၊ အာရုံသည်။ တိဝိဓော၊ ပရိတ္တ, မဟဂ္ဂတ, အပ္ပမာဏ (=လောကုတ္တရာ)အားဖြင့် သုံးပါး အပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣမေ၊ ဤစိတ်တို့သည်။ နဝတ္တဗ္ဗာပိ၊ ပရိတ္တာရမ္မဏ အစရှိသည်ဖြင့် မဆိုအပ်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဟိ=ကသ္မာ၊ အဘယ့်ကြောင့် နည်းဟူမူကား။ ပညတ္တာရမ္မဏတ္တာ၊ ကသိုဏ်းအစရှိသော ပညတ်အာရုံ ရှိသည်၏ အဖြစ်ကြောင့်တည်း[2]။

**ပညတ်ကို ကေန်အာရုံပြုသော စိတ် ၂၁-ပါး**

၃၂၀။ ဝုတ္တာဝသေသာနိ၊ ဆိုအပ်ပြီးသောစိတ်တို့မှ ကြွင်းကုန်သော။ ယာနိ စိတ္တာနိ၊ အကြင်ရူပစိတ် တဆဲ့ငါးခု, ပဉ္စမာရုပ္ပ တတိယာရုပ္ပကုသိုလ် ဝိပါက်ကြိယာခြောက်ခုအားဖြင့် နှစ်ဆဲ့တခုသော စိတ်တို့သည်။ သန္တိ၊ ရှိကုန်၏။ တာနိ စိတ္တာနိ၊ ထို နှစ်ဆဲ့တခုသော စိတ်တို့သည်။ နဝတ္တဗ္ဗာရမ္မဏာနိ၊ ကသိုဏ်းအစရှိသော နိမိတ်

---

အမှာ　၁။ ကြိယာဝေါဋ္ဌဗ္ဗနံသည် သရူပကထန (သရုပ်အားဖြင့်ဆိုခြင်း) တည်း၊ ကုသိုလ်, အကုသိုလ်, ဝိပါက်ဝုဋ္ဌော ရှိသောကြောင့် မမိန့်။ (ကုသိုလ်ဝုဋ္ဌော, အကုသိုလ်-ဝုဋ္ဌော, ဝိပါက်ဝုဋ္ဌောဟူ၍ မရှိ။ ကြိယာဝေါဋ္ဌဗ္ဗနံ ဆိုသည်မှာ သရုပ်ပြလို၍ ကြိယာဝေါဋ္ဌဗ္ဗနံ-ဟု ဆိုသည်၊ စင်စစ်မှာ ဝုဋ္ဌောသည် ကြိယာစိတ်သာဖြစ်သည်၊ ကုသိုလ်, အကုသိုလ်, ဝိပါက် စိတ်များ မဟုတ်။)

၂။ (မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄-ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ် ၄-ခု၊ အဘိညာဉ်ဒွေး၊ ဝုဋ္ဌော၊ ဤ ၁၁-ပါးသော စိတ်သည် ကသိုဏ်းနိမိတ်စသော ပညတ် တရားကို ဆင်ခြင်ခိုက် ပညတ်တရားကိုသာ အာရုံပြုသည်၊ ကာမတရား, မဟဂ္ဂုတ်တရား, လောကုတ္တရာတရားကို အာရုံမပြုဟု ဆိုလိုသည်။)

ပညတ်, သတ္တပညတ်, အာကာသပညတ်, နတ္ထိဘာဝပညတ် အာရုံရှိသည်၏ အဖြစ်ကြောင့် ပရိတ္တာရမ္မဏ အစရှိသည်ဖြင့် မဆိုအပ်သော အာရုံရှိကုန်၏။ ဣတိ၊ ဤသို့။ ဝိဘာဝိနာ၊ ပညာရှိသောသူသည်။ ဝိညေယျာနိ၊ သိအပ်ကုန်၏။

ပရိတ္တာရမ္မဏတ္တိကံ၊ ပရိတ္တာရမ္မဏတိက်သည်။ သမတ္တံ၊ ပြည့်စုံပြီ။

## စိတ်ကို အတီတာရမ္မဏတိက်အားဖြင့် ဝေဖန်ပြခြင်း

**အတိတ်ကို ကေန်အာရုံပြုသောစိတ်** ၃၂၁။ ဒုတိယာရုပ္ပစိတ္တဥ္စ[၁]၊ ဒုတိယအရူပစိတ်ၵင်း။ စတုတ္ထာရုပ္ပမာနသဥ္စ၊ စတုတ္ထအရူပစိတ်ၵင်း။ ဣတိ၊ ဤသို့။ ဆဗ္ဗိဓံ၊ ကုသိုလ် ဝိပါက် ကြိယာအားဖြင့် ခြောက်ပါး အပြားရှိသော စိတ်သည်။ ဧကန္တံ၊ စင်စစ်။ အတီတာရမ္မဏံ၊ အတိတ်ဖြစ်သော ပဌမာရုပ္ပဝိညာဉ်, တတိယာရုပ္ပဝိညာဉ် အာရုံရှိသည်၏အဖြစ်ကြောင့် အတိတ်အာရုံရှိသည်။ သိယာ၊ ဖြစ်ရာ၏။

**ပစ္စုပ္ပန်ကို ကေန်အာရုံပြုသောစိတ်** ၃၂၂။ ဒွိပဉ္စန္နံ ဝိညာဏာနဥ္စ၊ ဒွေပဉ္စဝိညာဉ်တို့၏ၵင်း။ မနောဓာတုတ္တယဿ စ၊ မနောဓာတ်သုံးခုတို့၏ အပေါင်း၏ၵင်း။ ဂေါစရာ၊ အာရုံဖြစ်ကုန်သော။ ရူပါဒယော၊ ရူပါရုံအစရှိကုန်သော။ ပဥ္စ ဓမ္မာ၊ ငါးပါးသော တရားတို့သည်။ ပစ္စုပ္ပန္နာဝ၊ ပစ္စုပ္ပန်တို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**ကာလ ၃-ပါးကို[၂] အာရုံပြုသောစိတ်** ၃၂၃။ အဋ္ဌ၊ ရှစ်ခု ကုန်သော။ ကာမ မဟာပါကာ စ၊ ကာမမဟာဝိပါက် စိတ်တို့ၵင်း။ သန္တီရဏတ္တယမ္ပိ စ၊ သန္တီရဏသုံးခုတို့၏

ကျမ်းတက် ၁။ ဤသို့ ပရိတ္တာရမ္မဏတိက်၏ အစွမ်းအားဖြင့် ဝိသယိဝိဘာဂ(စိတ်ကို ဝေဘန်ခြင်း)ကို ပြပြီး၍ ယခုအခါ အပ္ပမာဏာရမ္မဏ နိဒ္ဒေသဖြင့်သာလျှင် မဂ္ဂါရမ္မဏတိက်ဖြင့် သဂြိုဟ်အပ်သော ဝိသယိ ဝိဘာဂကို ပြအပ်သောကြောင့် ထိုမဂ္ဂါရမ္မဏတိက်ကို ပယ်၍ အတီတာရမ္မဏတိက်၏ အစွမ်းအားဖြင့် ပြခြင်းငှါ ဒုတိယာရုပ္ပစိတ္တံ အစရှိသည်ကို မိန့်။

၂။ (ကာလ ၃-ပါးစသည် အာရုံပြုပုံအကျယ်ကို ၵင်းဋီကာဟောင်း၊ နှာ-၆၂-၃။ ၵင်းဋီကာသစ်၊ ဒု-နှာ-၁၂-၃-တို့၌ ကြည့်ရှုပါလေ။) (မဟာဝိပါက်စိတ် ၈-ပါးနှင့် သန္တီရဏစိတ်

အပေါင်းရင်း။ ဟသိတုပ္ပါဒစိတ္တဉ္စ၊ ဟသိတုပ္ပါဒ်စိတ်ရင်း။ ဣတိ၊ ဤသို့။ ဒွါဒသ၊ တဆဲ့နှစ်ခုကုန်သော။ ဧတေ တု မာနသာ၊ ဤ စိတ်တို့သည်။

၃၂၄။ အတီတာရမ္မဏာ စ၊ အတိတ်အာရုံရှိကုန်သည်ရင်း။ ပစ္စုပ္ပန္နာ-နာဂတဂေါစရာ စ၊ ပစ္စုပ္ပန် အနာဂတ် အာရုံရှိကုန်သည်ရင်း။ သိယာ = သိယုံ၊ ဖြစ်ကုန်၏။

**အတိတ်စသည့် ကာလ ၃-ပါးကို အာရုံပြုသောစိတ်**

ကာမေ၊ ကာမဘုံ၌။ ကုသလာကုသလာ စ၊ ကုသိုလ်, အကုသိုလ်နှစ်ဆယ်တို့ရင်း။ ကာမေ၊ ကာမဘုံ၌။ ကြိယတော=ကြိယာဝသေန၊ ကြိယာ၏အစွမ်းအားဖြင့်။ နဝ မာနသာ စ၊ မဟာကြိယာရှစ်ခု, ဝုဋ္ဌော(မနောဒွါရာဝဇ္ဇန်း)အားဖြင့် ကိုးခုသော စိတ်တို့ရင်း။

၃၂၅။ ဒွေပိ၊ နှစ်ခုလည်းဖြစ်ကုန်သော။ အဘိညာမာနသာ စ၊ အဘိညာဉ်စိတ်တို့ရင်း။ ဣမေ မာနသာ၊ ဤ (၃၁-ပါးသော)စိတ်တို့သည်။ အတီတာဒိဂေါစရာ၊ အတိတ်အစရှိသည် အာရုံရှိကုန်သည်။ သိယာ=သိယုံ၊ ဖြစ်ကုန်၏။

**ကာလဝိမုတ်ကို အာရုံပြုသောစိတ်။**

။ဣမေ မာနသာ၊ ဤ(၃၁-ပါးသော) စိတ်တို့သည်။ သန္တပညတ္တိကာလေသု၊ ငြိမ်သက်သော နိဗ္ဗာန်,ပညတ်ကို အာရုံပြုသော ကာလတို့၌။ နဝတ္တဗ္ဗာ၊ အတိတ်အစရှိသည်ဖြင့် မဆိုအပ်ကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ (နိဗ္ဗာန်, ပညတ်ကိုလည်း ထိုက်သည်အားလျော်စွာ အာရုံပြုကြသည်။)

အမှာ။ ။သန္တေ ပညတ္တိကာလေသု ရှိသော ပါဌ်မသင့်ဟု ဋီကာ(သစ်၊ဒု၊နှာ-၁၃-၌) မိန့်သည်။

---

၃-ပါးတို့သည် တဒါရုံကိစ္စတပ်လျက် ပဉ္စဒွါရဝီထိ၌ ပစ္စုပ္ပန်ကို အာရုံပြုသည်၊ မနောဒွါရဝီထိ၌ ကာလ ၃-ပါးကို အာရုံပြုသည်။ မဟာဝိပါက်နှင့် ဉပေက္ခာသန္တီရဏတို့သည် ပဋိသန္ဓေ, ဘဝင်,စုတိကိစ္စတပ်လျက် အတိတ်ကို အာရုံပြုသည်။ ဉပေက္ခာသန္တီရဏတို့သည် သန္တီရဏကိစ္စတပ်ခိုက် ပဉ္စဒွါရဝီထိ၌ ပစ္စုပ္ပန်ကို အာရုံပြုသည်၊ သောမနဿသန္တီရဏသည် သန္တီရဏကိစ္စ, တဒါရုံကိစ္စတပ်လျက် ပဉ္စဒွါရဝီထိ၌ ပစ္စုပ္ပန်ကို အာရုံပြုသည်၊ တဒါရုံကိစ္စတပ်လျက် မနောဒွါရဝီထိ၌ ကာလ ၃-ပါးကို အာရုံပြုသည်၊ ဟသိတုပ္ပါဒ်စိတ်သည် ပဉ္စဒွါရဝီထိ၌ ပစ္စုပ္ပန်ကို အာရုံပြု၍ မနောဒွါရဝီထိ၌ ကာလ ၃-ပါးကို အာရုံပြုသည်။)

ပညတ်ကိုသာ အာရုံပြုသောစိတ် ၃၂၆။ သေသာနိ၊ (ကာမဘုံ၌ ဖြစ်သောစိတ်, ဝိညာဏဉ္စာယတန, နေဝသညာနာသညာယတနစိတ်တို့မှ) ကြွင်းကုန်သော။ ရူပါရူပဘဝေသု၊ ရူပဘဝ,အရူပဘဝတို့၌။ သဗ္ဗာနိပိ၊ အလုံးစုံသော (ရူပစိတ် ၁၅-ပါး,အာကာသာနဉ္စာယတန ၃-ပါး, အာကိဉ္စညာယတန ၃-ပါးအားဖြင့် ၂၁-ပါးသော)စိတ်တို့သည်လည်း။ အတီတာရမ္မဏာဒိနာ၊ အတိတ်အာရုံ အစရှိသည်ဖြင့်။ နဝတ္တဗ္ဗာနိ၊ မဆိုအပ်ကုန်သည်။ ဟောန္တေဝ၊ ဖြစ်ကုန်သည်သာလျှင်ကတည်း။ (ပညတ်တရားကိုသာ အာရုံပြုသည်)

(အတီတာရမ္မဏတိက်အားဖြင့် ဝေဖန်ခြင်း ပြီးပြည့်စုံပြီ။)

---

အလုံးစုံအာရုံပြုသောစိတ် ၆-ပါး ၃၂၇။ ကာမတော=ကာမဝသေန၊ ကာမာဝစရ၏ အစွမ်း အားဖြင့်။ ပဥ္စကြိယာ စ၊ မဟာကြိယာဉာဏသမ္ပယုတ်လေးခု,ဥပေက္ခာသဟဂုတ်ကြိယာ မနောဝိညာဏဓာတ် (မနောဒွါရာဝဇ္ဇန်း)အားဖြင့် ငါးခုသော ကြိယာစိတ်တို့ရင်း။ ရူပတော=ရူပဝသေန၊ ရူပါဝစရ၏ အစွမ်းအားဖြင့်။ ပဉ္စမီ၊ ငါးခုတို့၏ ပြည့်ကြောင်းဖြစ်သော။ ကြိယာ စ၊ အဘိညာဉ်ကြိယာရင်း။ ဣတိ၊ ဤသို့။ (ထည့်) ဆန္န့၊ ခြောက်ခုကုန်သော။ ဧတေသံ စိတ္တာနံ၊ ဤစိတ်တို့၏။ အဂေါစရံ၊ အာရုံမဖြစ်သည် မည်သော။ ကိဉ္စိ၊ တစုံတခုသော တရားသည်။ နတ္ထိ၊ မရှိ။

နိဗ္ဗာန်စသည်ကို အာရုံပြုသော စိတ် ၁၁-ပါး ၃၂၈။ ကတိ၊ အဘယ်မျှ ကုန်သော။ စိတ္တာနိ၊ စိတ်တို့သည်။ နိဗ္ဗာနဉ္စ၊ နိဗ္ဗာန်ကိုရင်း။ ဖလဉ္စ၊ လေးပါးသော ဖိုလ်ကိုရင်း။ မဂ္ဂဉ္စ၊ လေးပါးသော မဂ်ကိုရင်း။ ရူပဉ္စ၊ ရုပ်ကိုရင်း။ အရူပမေဝ စ၊ စိတ် စေတသိက်ဟု ဆိုအပ်သော နာမ်ကိုရင်း။ ဂေါစရံ၊ အာရုံကို။ ကာတုံ၊ ပြုခြင်းငှါ။ သက္ကောန္တိ၊ တတ်နိုင်ကုန်သနည်း။ မေ၊ ငါ့အား။ ဝဒ=ဝဒါဟိ၊ ဆိုလော့။

၃၂၉။ ပုညတော=ပုညဝသေန၊ ကုသိုလ်၏အစွမ်းအားဖြင့်။ ဉာဏသံယုတ္တာ၊ ဉာဏသမ္ပယုတ်ဖြစ်ကုန်သော။ စတ္တာရော စ၊ လေးခုသော

စိတ်တို့ရင်း။ ကြိယာတော=ကြိယာ၀သေန၊ ကြိယာ၏ အစွမ်းအားဖြင့်။ တထာ၊ ထို့အတူ။ ဉာဏသံယုတ္တာ၊ ဉာဏသမ္ပယုတ်ဖြစ်ကုန်သော၊ စတ္တာရော စ၊ လေးခုသောစိတ်တို့ရင်း။ ဒွေပိ၊ နှစ်ပါးလည်းဖြစ်ကုန်သော။ အဘိညာ-ဟဒယာ စ၊ အဘိညာဥ်စိတ်တို့ရင်း။ ကြိယာဝေါဋ္ဌဗ္ဗနမ္ပိ စ၊ ကြိယာဝုဋ္ဌော ရင်း။

၃၃၀။ ဣတိ၊ ဤသို့။ ကောဒသာပိ၊ တဆဲ့တခုလည်း ဖြစ်ကုန်သော။ စိတ္တာနိ၊ စိတ်တို့သည်။ နိဗ္ဗာနဥ္စ၊ နိဗ္ဗာန်ကိုရင်း။ ဖလဥ္စ၊ လေးပါးသော ဖိုလ်ကိုရင်း။ မဂ္ဂဥ္စ၊ လေးပါးသောမဂ်ကိုရင်း။ ရူပဥ္စ၊ ရုပ်ကိုရင်း။ အရူပ-မေ၀ စ၊ စိတ်,စေတသိက်ဟု ဆိုအပ်သော နာမ်ကိုရင်း။ ဂေါစရံ၊ အာရုံကို။ ကာတုံ၊ ပြုခြင်းငှါ။ သက္ကောန္တိ၊ တတ်နိုင်ကုန်၏။

**အရဟတ္တ မဂ်,ဖိုလ်ကိုသာ အာရုံပြုသော စိတ် ၆-ပါး**

၃၃၁။ သဗ္ဗေသု၊ ခပ်သိမ်းကုန်သော။ စိတ္တေသု၊ စိတ်တို့တွင်။ ကတိ၊ အဘယ်မျှ ကုန်သော။ စိတ္တာနိ၊ စိတ်တို့သည်။ အရဟတ္တဖလဥ္စ၊ အရဟတ္တဖိုလ်ကိုရင်း။ မဂ္ဂဥ္စ၊ အရဟတ္တမဂ်ကိုရင်း။ ဂေါစရံ၊ အာရုံကို။ ကာတုံ၊ ပြုခြင်းငှါ။ သက္ကောန္တိ ပန၊ တတ်နိုင်ကုန်သနည်း။ မေ၊ ငါ့အား။ ဝဒ=ဝဒါဟိ၊ ဆိုလော့။

၃၃၂။ မေ မမ၊ ငါ၏။ ဝစနံ၊ စကားကို။ သုဏ=သုဏောဟိ၊ နာလော့။ သဗ္ဗေသု၊ ခပ်သိမ်းကုန်သော။ စိတ္တေသု၊ စိတ်တို့တွင်။ ဆ စိတ္တာနိ၊ ခြောက်ခုသော စိတ်တို့သည်။ အရဟတ္တဖလဥ္စ၊ အရဟတ္တဖိုလ်ကိုရင်း။ မဂ္ဂဥ္စ၊ အရဟတ္တမဂ်ကိုရင်း။ ဂေါစရံ၊ အာရုံကို။ ကာတုံ၊ ပြုခြင်းငှါ။ သက္ကောန္တိ၊ တတ်နိုင်ကုန်၏။

၃၃၃။ ဉာဏသံယုတ္တာ၊ ဉာဏသမ္ပယုတ်ဖြစ်ကုန်သော။ စတ္တာရော ကြိယာ စ၊ လေးခုသော ကြိယာတို့ရင်း။ ဝေါဋ္ဌဗ္ဗနမ္ပိ စ၊ ဝုဋ္ဌောစိတ်ရင်း။ ကြိယာဘိညာမနော[၁] စ၊ ကြိယာအဘိညာဥ်စိတ်ရင်း။ ဣတိ၊ ဤသို့။ ဆ၊ ခြောက်ခုသော စိတ်တို့သည်။ အရဟတ္တဖလဥ္စ၊ အရဟတ္တဖိုလ်ကိုရင်း။ မဂ္ဂဥ္စ၊ အရဟတ္တမဂ်ကိုရင်း။ ဂေါစရံ၊ အာရုံကို။ ကာတုံ၊ ပြုခြင်းငှါ။ သက္ကောန္တိ၊ တတ်နိုင်ကုန်၏။

---

၁။ (ဆဋ္ဌမူ၌ ကြိယာဘိညာမနောဓာတု-ဟု ရှိသည်၊ ကြိယာအဘိညာဥ်စိတ် ဟူသော သဘောရင်း ဟုပေး။)

စိတ် ၅-ပါးက အရဟတ္တမဂ်, ဖိုလ်ကို အာရုံမပြုနိုင်ခြင်း အကြောင်း

၃၃၄။ ပညာဝေါ = ပညာဝသေန၊ ကုသိုလ်၏ အစွမ်းအားဖြင့်။ ဉာဏသံယုတ္တာ၊ ဉာဏသမ္ပယုတ်ဖြစ်ကုန်သော။ စတ္တာရော စ၊ လေးခုသော စိတ်တို့သည်ရင်း။ ပညာဝေါ=ပညာဝသေန၊ ကုသိုလ်၏ အစွမ်းအားဖြင့်။ အဘိညာစိတ္တဥ္စ၊ အဘိညာဉ်စိတ်သည်ရင်း။ အရဟတ္တဖလဥ္စ၊ အရဟတ္တဖိုလ်စိတ်ကိုရင်း။ မဂ္ဂဥ္စ၊ အရဟတ္တမဂ်ကိုရင်း။ ဂေါစရံ၊ အာရုံကို။ ကာတုံ၊ ပြုခြင်းငှါ။ န သက္ကောန္တိ၊ မတတ်နိုင်ကုန်။

၃၃၅။ ကသ္မာ[၁]၊ အဘယ့်ကြောင့်နည်းဟူမူကား။ ပုထုဇ္ဇနာ ဝါ၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်ရင်း။ သေက္ခာ ဝါ၊ သေက္ခပုဂ္ဂိုလ်တို့သည်ရင်း။ အရဟတော၊ ရဟန္တာ၏။ မဂ္ဂစိတ္တံ ဝါ၊ အရဟတ္တမဂ်စိတ်ကိုရင်း။ ဖလမာနသံ ဝါ၊ အရဟတ္တဖိုလ်စိတ်ကိုရင်း။ ဇာနိတုံ၊ သိခြင်းငှါ။ ဟိ ယသ္မာ၊ အကြင် ကြောင့်။ န သက္ကောန္တိ၊ မတတ်နိုင်ကုန်။ တသ္မာ၊ ထို့ကြောင့်။ အရဟတ္တဖလဥ္စ၊ အရဟတ္တဖိုလ်ကိုရင်း။ မဂ္ဂဥ္စ၊ အရဟတ္တမဂ်ကိုရင်း။ ဂေါစရံ၊ အာရုံကို။ ကာတုံ၊ ပြုခြင်းငှါ။ န သက္ကောန္တိ၊ မတတ်နိုင်ကုန်။

အောက်အောက်ပုဂ္ဂိုလ်သည် အထက်အထက်ပုဂ္ဂိုလ်၏ စိတ်ကိုမသိနိုင်

၃၃၆။ ပုထုဇ္ဇနော[၂]၊ ပုထုဇဉ်သည်။ သောတာပန္နဿ၊ သောတာပန် ပုဂ္ဂိုလ်၏။ မာနသံ၊ အသီးသော ပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော သောတာပတ္တိ မဂ်ဖိုလ်ဟု ဆိုအပ်သော လောကုတ္တရာစိတ်ကို။ န ဇာနာတိ၊ မသိ။ သောတာ-

---

ကျမ်းတက် ၁။ အကြောင်းကို မေး၍ ဖြေခြင်းငှါ ကသ္မာ အရဟတော အာစရှိသည်ကို မိန့်။

ကျမ်းတက် ၂။ ထိုပုဂ္ဂိုလ်တို့၏ မတတ်နိုင်သည်၏ အဖြစ်သည်လည်း မရသော ကြောင့် ဖြစ်သည်၊ မရသော အရာ၌လည်း ခပ်သိမ်းသော ပုဂ္ဂိုလ်တို့အား တွေ့ဝေခြင်း ရှိသည်သာတည်းဟု ပြခြင်းငှါ ပုထုဇ္ဇနော န ဇာနာတိ အစရှိသည်ကိုမိန့်။

(ပုထုဇဉ်မှာ တွေဝေခြင်း မောဟရှိသောကြောင့် သောတာပတ္တိမဂ်, ဖိုလ်စိတ်ကို မရ နိုင်၊ မရသောကြောင့် သောတာပန်ပုဂ္ဂိုလ်၏ သောတာပတ္တိမဂ်, ဖိုလ်စိတ်ကို မသိနိုင်။ သောတာပန်စသော အောက်ပုဂ္ဂိုလ်တို့လည်း တွေဝေခြင်း မောဟရှိနေသေးသောကြောင့် သကဒါဂါမိမဂ်, ဖိုလ်စသော အထက်အထက်သော လောကုတ္တရာစိတ်ကို မရနိုင်၊ မရ သောကြောင့် သကဒါဂါမိစသော အထက်အထက်သော ပုဂ္ဂိုလ်တို့၏ သကဒါဂါမိမဂ်,ဖိုလ် စသော အထက်အထက်သော လောကုတ္တရာစိတ်ကို မသိနိုင်။)

ပန္နော၊ သောတာပန်ပုဂ္ဂိုလ်သည်။ သကဒါဂါမိဿ၊ သကဒါဂါမ်ပုဂ္ဂိုလ်၏။ မာနသံ၊ သကဒါဂါမိမဂ်, ဖိုလ်စိတ်ကို။ န ဇာနာတိ၊ မသိ။

၃၃၇။ သကဒါဂါမီ၊ သကဒါဂါမ်ပုဂ္ဂိုလ်သည်။ အနာဂါမိဿ၊ အနာဂါမ် ပုဂ္ဂိုလ်၏။ မာနသံ၊ အနာဂါမိမဂ်, ဖိုလ်စိတ်ကို။ န ဇာနာတိ၊ မသိ။ အနာဂါမီ၊ အနာဂါမ်ပုဂ္ဂိုလ်သည်။ အရဟန္တဿ၊ ရဟန္တာပုဂ္ဂိုလ်၏။ မာနသံ၊ အသီးသော ပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော အရဟတ္တမဂ်, ဖိုလ်ဟု ဆိုအပ်သော လောကုတ္တရာစိတ်ကို။ န ဇာနာတိ၊ မသိ။

၃၃၈။ ဟေဋ္ဌိမော ဟေဋ္ဌိမော၊ အောက်အောက်၌ဖြစ်သော ပုဂ္ဂိုလ်သည်။ ဥပရူပရိ၊ အထက်အထက်၌ဖြစ်သော ပုဂ္ဂိုလ်၏။ မာနသံ၊ စိတ်ကို။ နေဝ ဇာနာတိ၊ မသိ။ ဥပရူပရိ၊ အထက်အထက်၌ဖြစ်သော ပုဂ္ဂိုလ်သည်။ ဟေဋ္ဌိမဿ စ=ဟေဋ္ဌိမဿ ဟေဋ္ဌိမဿ၊ အောက်အောက်၌ဖြစ်သော ပုဂ္ဂိုလ်၏။ မာနသံ၊ စိတ်ကို။ ဇာနာတိ၊ သိ၏[၁]။

---

ကျမ်းတက် ၁။ ဆိုအပ်ပြီးသော အနက်ကိုသာလျှင် ချုံး၍ ပြသော ဆရာသည် ဟေဋ္ဌိမော အစရှိသည်ကို မိန့်။

အောက်အောက်၌ ဖြစ်သော ပုဂ္ဂိုလ်သည် အထက်အထက် ပုဂ္ဂိုလ်၏စိတ်ကို မသိသကဲ့သို့ အထက်အထက်၌ ဖြစ်သော ပုဂ္ဂိုလ်သည်လည်း အောက်အောက်၌ ဖြစ်သော ပုဂ္ဂိုလ်၏စိတ် ကိုမသိဟု ဆိုအံ့၊ မသိသည် မဟုတ်၊ ထိုအထက် အထက်၌ ဖြစ်သော ပုဂ္ဂိုလ်သည် မိမိရသော အရာဖြစ်သည်၏ အဖြစ်ကြောင့် သိသည်သာလျှင်တည်း ဟုပြလိုသည် ဖြစ်၍ ဥပရူပရိ အစရှိသည်ကို မိန့်။

“ဥပရူပရိ” ဆိုသကဲ့သို့ “ဟေဋ္ဌိမဿ ဟေဋ္ဌိမဿ” ဆိုအပ်လျက် ဟေဋ္ဌိမ သဒ္ဒါတခုကို စ သဒ္ဒါဖြင့် သဂြိုဟ်၍ ဟေဋ္ဌိမဿ စ မာနသံ မိန့်သည်။ (ၒင်းဋီကာသစ်၊ ဒု၊ နှာ-၁၇) (သောတာပန်ပုဂ္ဂိုလ်သည် သကဒါဂါမ်ပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်သော မဂ်စိတ်,ဖိုလ်စိတ်တို့ကို မသိနိုင်၊ သို့သော် သကဒါဂါမ်ပုဂ္ဂိုလ်ကမူ သောတာပန်ပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်သော မဂ် စိတ်,ဖိုလ်စိတ်တို့ကို သိနိုင်သည်၊ ကြွင်းအထက်အောက် အရိယာပုဂ္ဂိုလ်တို့အဘို့ ဤနည်း အတိုင်း မှတ်ယူပါလေ။

စျာန်ရပုဂ္ဂိုလ်များအဘို့လည်း အောက်စျာန်ပုဂ္ဂိုလ်က အထက်စျာန်ပုဂ္ဂိုလ်၏ စျာန်စိတ် ကို မသိနိုင်၊ အထက်စျာန်ရသော ပုဂ္ဂိုလ်ကမူ အောက်စျာန်ပုဂ္ဂိုလ်၏ စျာန်စိတ်တို့ကို သိနိုင် သည်။ ပရစိတ္တဝိဇာနန အဘိညာဉ်ရသော ပုထုဇဉ်သည်လည်း အရိယာပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်ပေါ်သော လောကုတ္တရာစိတ်တို့ကို မသိနိုင်။)

စိတ် ၅-ပါးက အရဟတ္တမဂ်, ဖိုလ်ကို အာရုံမပြုနိုင်ခြင်း အကြောင်း

၃၃၄။ ပုညတော = ပုညဝသေန၊ ကုသိုလ်၏ အစွမ်းအားဖြင့်။ ဉာဏသံယုတ္တာ၊ ဉာဏသမ္ပယုတ်ဖြစ်ကုန်သော။ စတ္တာရော စ၊ လေးခုသော စိတ်တို့သည်ရင်း။ ပုညတော=ပုညဝသေန၊ ကုသိုလ်၏ အစွမ်းအားဖြင့်။ အဘိညာစိတ္တဥ္စ၊ အဘိညာဉ်စိတ်သည်ရင်း။ အရဟတ္တဖလဥ္စ၊ အရဟတ္တဖိုလ်စိတ်ကိုရင်း။ မဂ္ဂဥ္စ၊ အရဟတ္တမဂ်ကိုရင်း။ ဂေါစရံ၊ အာရုံကို။ ကာတုံ၊ ပြုခြင်းငှါ။ န သက္ကောန္တိ၊ မတတ်နိုင်ကုန်။

၃၃၅။ ကသ္မာ[၁]၊ အဘယ့်ကြောင့်နည်းဟူမူကား။ ပုထုဇ္ဇနာ ဝါ၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်ရင်း။ သေက္ခာ ဝါ၊ သေက္ခပုဂ္ဂိုလ်တို့သည်ရင်း။ အရဟတော၊ ရဟန္တာ၏။ မဂ္ဂစိတ္တံ ဝါ၊ အရဟတ္တမဂ်စိတ်ကိုရင်း။ ဖလမာနသံ ဝါ၊ အရဟတ္တဖိုလ်စိတ်ကိုရင်း။ ဇာနိတုံ၊ သိခြင်းငှါ။ ဟိ ယသ္မာ၊ အကြင်ကြောင့်။ န သက္ကောန္တိ၊ မတတ်နိုင်ကုန်။ တသ္မာ၊ ထိုကြောင့်။ အရဟတ္တဖလဥ္စ၊ အရဟတ္တဖိုလ်ကိုရင်း။ မဂ္ဂဥ္စ၊ အရဟတ္တမဂ်ကိုရင်း။ ဂေါစရံ၊ အာရုံကို။ ကာတုံ၊ ပြုခြင်းငှါ။ န သက္ကောန္တိ၊ မတတ်နိုင်ကုန်။

အောက်အောက်ပုဂ္ဂိုလ်သည် အထက်အထက်ပုဂ္ဂိုလ်၏ စိတ်ကိုမသိနိုင်

၃၃၆။ ပုထုဇ္ဇနော[၂]၊ ပုထုဇဉ်သည်။ သောတာပန္နဿ၊ သောတာပန် ပုဂ္ဂိုလ်၏။ မာနသံ၊ အသီးသော ပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော သောတာပတ္တိ မဂ် ဖိုလ်ဟု ဆိုအပ်သော လောကုတ္တရာစိတ်ကို။ န ဇာနာတိ၊ မသိ။ သောတာ-

ကျမ်းတက် ၁။ အကြောင်းကို မေး၍ ဖြေခြင်းငှါ ကသ္မာ အရဟတော အစရှိသည်ကို မိန့်။

ကျမ်းတက် ၂။ ထိုပုဂ္ဂိုလ်တို့၏ မတတ်နိုင်သည်၏ အဖြစ်သည်လည်း မရသောကြောင့် ဖြစ်သည်၊ မရသော အရာ၌လည်း ခပ်သိမ်းသော ပုဂ္ဂိုလ်တို့အား တွေ့ဝေခြင်းရှိသည်သာတည်းဟု ပြခြင်းငှါ ပုထုဇ္ဇနော န ဇာနာတိ အစရှိသည်ကိုမိန့်။

(ပုထုဇဉ်မှာ တွေ့ဝေခြင်း မောဟရှိသောကြောင့် သောတာပတ္တိမဂ်, ဖိုလ်စိတ်ကို မရနိုင်၊ မရသောကြောင့် သောတာပန်ပုဂ္ဂိုလ်၏ သောတာပတ္တိမဂ်, ဖိုလ်စိတ်ကို မသိနိုင်။ သောတာပန်စသော အောက်ပုဂ္ဂိုလ်တို့လည်း တွေ့ဝေခြင်း မောဟရှိနေသေးသောကြောင့် သကဒါဂါမိမဂ်, ဖိုလ်စသော အထက်အထက်သော လောကုတ္တရာစိတ်ကို မရနိုင်၊ မရသောကြောင့် သကဒါဂါမိစသော အထက်အထက်သော ပုဂ္ဂိုလ်တို့၏ သကဒါဂါမိမဂ်, ဖိုလ်စသော အထက်အထက်သော လောကုတ္တရာစိတ်ကို မသိနိုင်။)

ပန္နော၊ သောတာပန်ပုဂ္ဂိုလ်သည်။ သကဒါဂါမိဿ၊ သကဒါဂါမ်ပုဂ္ဂိုလ်၏။ မာနသံ၊ သကဒါဂါမိမဂ်, ဖိုလ်စိတ်ကို။ န ဇာနာတိ၊ မသိ။

၃၃၇။ သကဒါဂါမီ၊ သကဒါဂါမ်ပုဂ္ဂိုလ်သည်။ အနာဂါမိဿ၊ အနာဂါမ်ပုဂ္ဂိုလ်၏။ မာနသံ၊ အနာဂါမိမဂ်, ဖိုလ်စိတ်ကို။ န ဇာနာတိ၊ မသိ။ အနာဂါမီ၊ အနာဂါမ်ပုဂ္ဂိုလ်သည်။ အရဟန္တဿ၊ ရဟန္တာပုဂ္ဂိုလ်၏။ မာနသံ၊ အသီးသော ပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော အရဟတ္တမဂ်, ဖိုလ်ဟု ဆိုအပ်သော လောကုတ္တရာစိတ်ကို။ န ဇာနာတိ၊ မသိ။

၃၃၈။ ဟေဋ္ဌိမော ဟေဋ္ဌိမော၊ အောက်အောက်၌ဖြစ်သော ပုဂ္ဂိုလ်သည်။ ဥပရူပရိ၊ အထက်အထက်၌ဖြစ်သော ပုဂ္ဂိုလ်၏။ မာနသံ၊ စိတ်ကို။ နေဝ ဇာနာတိ၊ မသိ။ ဥပရူပရိ၊ အထက်အထက်၌ဖြစ်သော ပုဂ္ဂိုလ်သည်။ ဟေဋ္ဌိမဿ စ=ဟေဋ္ဌိမဿ ဟေဋ္ဌိမဿ၊ အောက်အောက်၌ဖြစ်သော ပုဂ္ဂိုလ်၏။ မာနသံ၊ စိတ်ကို။ ဇာနာတိ၊ သိ၏[၁]။

---

ကျမ်းတက် ၁။ ဆိုအပ်ပြီးသော အနက်ကိုသာလျှင် ချုံး၍ ပြသော ဆရာသည် ဟေဋ္ဌိမော အစရှိသည်ကို မိန့်။

အောက်အောက်၌ ဖြစ်သော ပုဂ္ဂိုလ်သည် အထက်အထက် ပုဂ္ဂိုလ်၏စိတ်ကို မသိသကဲ့သို့ အထက်အထက်၌ ဖြစ်သော ပုဂ္ဂိုလ်သည်လည်း အောက်အောက်၌ ဖြစ်သော ပုဂ္ဂိုလ်၏စိတ်ကိုမသိဟု ဆိုအံ့၊ မသိသည် မဟုတ်၊ ထိုအထက် အထက်၌ ဖြစ်သော ပုဂ္ဂိုလ်သည် မိမိရသော အရာဖြစ်သည်၏ အဖြစ်ကြောင့် သိသည်သာလျှင်တည်း ဟုပြလိုသည် ဖြစ်၍ ဥပရူပရိ အစရှိသည်ကို မိန့်။

"ဥပရူပရိ" ဆိုသကဲ့သို့ "ဟေဋ္ဌိမဿ ဟေဋ္ဌိမဿ" ဆိုအပ်လျက် ဟေဋ္ဌိမ သဒ္ဒါတခုကို စ သဒ္ဒါဖြင့် သင်္ဂြိုဟ်၍ ဟေဋ္ဌိမဿ စ မာနသံ မိန့်သည်။ (ဌင်းဋီကာသစ်၊ ဒု၊ နှာ-၁၇) (သောတာပန်ပုဂ္ဂိုလ်သည် သကဒါဂါမ်ပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်သော မဂ်စိတ်,ဖိုလ်စိတ်တို့ကို မသိနိုင်၊ သို့သော် သကဒါဂါမ်ပုဂ္ဂိုလ်ကမူ သောတာပန်ပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်သော မဂ်စိတ်,ဖိုလ်စိတ်တို့ကို သိနိုင်သည်၊ ကြွင်းအထက်အောက် အရိယာပုဂ္ဂိုလ်တို့အဘို့ ဤနည်း အတိုင်း မှတ်ယူပါလေ။

ဈာန်ရပုဂ္ဂိုလ်များအဘို့လည်း အောက်ဈာန်ပုဂ္ဂိုလ်က အထက်ဈာန်ပုဂ္ဂိုလ်၏ ဈာန်စိတ်ကို မသိနိုင်၊ အထက်ဈာန်ရသော ပုဂ္ဂိုလ်ကမူ အောက်ဈာန်ပုဂ္ဂိုလ်၏ ဈာန်စိတ်တို့ကို သိနိုင်သည်။ ပရစိတ္တဝိဇာနန အဘိညာဉ်ရသော ပုထုဇဉ်သည်လည်း အရိယာပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်ပေါ်သော လောကုတ္တရာစိတ်တို့ကို မသိနိုင်။)

## ဝိသယပဓာန အားဖြင့် အာရုံကို ဝေဖန်ပြခြင်း

၃၃၉။ ဣတော၊ ဤမှ။ ပရံ၊ နောက်၌။ ယော ဓမ္မော[၁]၊ အကြင်တရားသည်။ ယဿ ဓမ္မဿ၊ အကြင်တရား၏။ အာရမ္မဏံ၊ အာရုံသည်။ ဟောတိ၊ ဖြစ်၏။ တံ ဓမ္မံ၊ ထိုတရားကို။ ဧကေကံ၊ တခုတခုစီ။ ဥဒ္ဒရိတွာ၊ ထုတ်၍။ ပဝက္ခာမိ၊ ဆိုအံ့။

**ကာမကုသိုလ်သည် အာရမ္မဏပစ္စည်းဖြစ်ပုံ** ၃၄၀။ ကာမေ[၂]၊ ကာမဘုံ၌။ ကုသလာရမ္မဏံ၊ ရှစ်ခုသော ကုသိုလ်တည်းဟူသော အာရုံသည်။ ကာမေ၊ ကာမဘုံ၌။ ကုသလာ ကုသလဿ စ၊ ရှစ်ခုသော ကုသိုလ်, တဆဲ့နှစ်ခုသော အကုသိုလ် အားရင်း။ ကုသလဿ၊ ကုသိုလ်ဖြစ်သော။ အဘိညာမာနသဿာပိ၊ အဘိညာဉ်စိတ်အားရင်း။ ကြိယဿ စ၊ ကြိယာဖြစ်သော။ အဘိညာမာ-နသဿာပိ၊ အဘိညာဉ်စိတ်အားရင်း။

၃၄၁။ ကာမာဝစရပါကဿ စ၊ ပဉ္စဝိညာဉ် သမ္ပဋိစ္ဆိုန်းဒွေးကြဉ်သော တဆဲ့တခုသော ကာမာဝစရဝိပါက်အားရင်း။ တထာ၊ ထို့အတူ။ ကာမ-ကြိယဿ စ၊ မနောဓာတ်(ပဉ္စဒွါရာဝဇ္ဇန်း)ကြဉ်သော ကာမကြိယာတဆယ် အားရင်း။ ဣတိ၊ ဤသို့။ ဧတေသံ ဆန္နံ ရာသီနံ၊ ဤ ခြောက်ရာသီတို့အား။ အာရမ္မဏံ၊ အာရမ္မဏပစ္စည်းသည်။ သိယာ၊ ဖြစ်ရာ၏။

**ရူပကုသိုလ်သည် အာရမ္မဏပစ္စည်းဖြစ်ပုံ** ၃၄၂။ ရူပါဝစရပုညာနိ၊ ရူပါ ဝစရ ကုသိုလ်တို့သည်။ တတော၊ ထိုခြောက်ရာသီမှ။ ကာမပါကံ၊ ကာမဝိပါက်ကို။ ဝိနာ၊ ကြဉ်၍။

---

ကျမ်းတက် ၁။ ဤသို့ ဝိသယီပဓာန၏ အစွမ်းဖြင့် ဝိဘာဂကို ပြပြီး၍ ယခုအခါ ဝိသယပဓာန၏ အစွမ်းဖြင့် ပြခြင်းငှါ ယော ဓမ္မော စသည် မိန့်။

အမှာ ၂။ ကာမေပုဒ်ကို ကာမေ ကုသလာရမ္မဏံ, ကာမေ ကုသလာကုသလဿ ဟု နှစ်ပုဒ်တို့၌စပ်အပ်၏။ ထိုစကားမှန်၏၊ အကုသိုလ်၏ ကေန် ကာမာဝစရ ဖြစ်သည်၏ အဖြစ် ကြောင့်ဝိသေသိတဗ္ဗ အဖြစ်သည် မရှိသော်လည်း ကုသိုလ်ကို အထူးပြုအပ်သည်သာတည်း၊ ထိုကြောင့် ကုသိုလ်ကိုငဲ့၍ အထက်ပုဒ်နှင့် စပ်အပ်သည်၊ ဝါ၊ အကုသိုလ်နှင့် တကွဖြစ်သော အားဖြင့် ကုသိုလ်ကိုလည်း ကာမာဝစရဟူ၍သာ ယူအပ်သောကြောင့် ကာမေပုဒ်ကို ကုသလာရမ္မဏံ ဟူသော ရှေ့ပုဒ်၏ ဝိသေသနဟု မှတ်အပ်၏။ (ဂဏ္ဌိကာသစ်၊ဒု၊နှာ-၁၇။)

ပဥ္စန္နံ ရာသီနံ၊ ငါးရာသီတို့အား။ အာရမ္မဏာနိ၊ အာရုံတို့သည်(အာရမ္မဏပစ္စည်းတို့သည်)။ ဟောန္တိ၊ ဖြစ်ကုန်၏။

**အရူပကုသိုလ်သည် အာရမ္မဏပစ္စည်းဖြစ်ပုံ**

၃၄၃။ အာရုပ္ပကုသလဥ္စာပိ၊ အရူပကုသိုလ် စိတ်သည်လည်း။ တေဘူမကုသလဿ စ[၁]၊ အလုံးစုံသော ကာမာဝစရကုသိုလ်, ကုသိုလ်အဘိညာဉ်, ဒုတိယ, စတုတ္ထ အရူပကုသိုလ်ဟု ဆိုအပ်သော တေဘူမိကကုသိုလ်အားရင်း။ တေဘူမကကြိယဿာပိ၊ အလုံးစုံသော ကာမာဝစရကြိယာ, ကြိယာအဘိညာဉ်, ဒုတိယ စတုတ္ထ အရူပကြိယာဟု ဆိုအပ်သော တေဘူမိကကြိယာအားရင်း။ တထေဝ၊ ထို့အတူလျှင်။ အကုသလဿာပိ၊ တဆဲ့နှစ်ခုသော အကုသိုလ်အားရင်း။

၃၄၄။ အရူပါဝစရပါကာနံ၊ အရူပါဝစရဝိပါက်တို့တွင်။ ဒွိန္နံ၊ နှစ်ခုကုန်သော။ စတုတ္ထဒုစ=စတုတ္ထဒုတိယာနဥ္စ[၂]၊ ဒုတိယ,စတုတ္ထဝိပါက်တို့အားရင်း။ ဣတိ၊ဤသို့။ ဣမေသံ အဋ္ဌရာသီနံ၊ ဤ ရှစ်ရာသီတို့အား။ အာရမ္မဏပစ္စယော၊ အာရမ္မဏပစ္စည်းသည်။ ဟောတိ၊ ဖြစ်၏။

**လောကုတ္တရာကုသိုလ် အာရမ္မဏပစ္စည်းဖြစ်ပုံ**

၃၄၅။ အပရိယာပန္နပုညမ္ပိ[၃]၊ လောကုတ္တရာကုသိုလ်စိတ်သည်လည်း။ ကာမာဝစရ-တော= ကာမာဝစရဝသေနာပိ စ၊ ကာမာဝစရ၏ အစွမ်းအားဖြင့်လည်း။ ကုသလဿ စ၊ လေးခုသော ဉာဏသမ္ပယုတ်ကုသိုလ်အားရင်း။ ကြိယဿ စ၊ လေးခုသော ဉာဏသမ္ပယုတ်ကြိယာ,ဥပေက္ခာသဟဂုတ် အဟိတ်ကြိယာ မနောဝိညာဏဓာတ် (မနော-ဒွါရာဝဇ္ဇန်း) အားဖြင့် ငါးခုသော ကြိယာအားရင်း။ ရူပတော=ရူပ-ဝသေန၊ ရူပါဝစရ၏ အစွမ်းအားဖြင့်။ ပဉ္စမဿာပိ၊ ပဉ္စမလည်းဖြစ်သော။

---

၁။ (တေဘူမကကုသလဿစ-ဟု ရင်းဋီကာသစ်၊ဒု၊နှာ-၁၉ ဆဋ္ဌမူဦရှိသည်။)

ကျမ်းတက် ၂။ "စတုတ္ထဒုတိယာနံ" ဆိုအပ်လျက် ဂါထာဗန္ဓ၏ အစွမ်းအားဖြင့် ဝိဘတ်ကို၊ ဝါ၊ ဝိဘတ်နှင့်တကွ တိယသဒ္ဒါကို ချေ၍ စတုတ္ထဒု မိန့်သည်။

၃။ ပရိစ္ဆိဇ္ဇ ဂါဟိကာယ တဏှာယ အာပန္နန္တိ ပရိယာပန္နံ၊ တေဘူမကဓမ္မရ၏။ န ပရိယာ-ပန္နန္တိ အပရိယာပန္နံ၊ တဒေဝ ပုညဥ္စာတိ အပရိယာပန္နပုညံ၊ လောကုတ္တရာကုသိုလ်ရ၏။

ကုသလဿ စ၊ အဘိညာဉ်ကုသိုလ်အားရင်း။ ကြိယဿ စ၊ အဘိညာဉ် ကြိယာအားရင်း။

၃၄၆။ ဣတိ၊ ဤသို့။ စတုန္နံ ရာသီနံ၊ လေးရာသီတို့အား။ သဒါ၊ အခါခပ်သိမ်း။ အာရမ္မဏံ၊ အာရမ္မဏပစ္စည်းသည်။ ဟောတိ၊ ဖြစ်၏။

**အကုသိုလ်အာရမ္မဏပစ္စည်းဖြစ်ပုံ။** ။တထေဝ၊ ထို့အတူလျှင်။ အကုသလံ၊ အကုသိုလ်သည်။ ကာမရူပါဝစရတော = ကာမရူပါဝစရဝသေန၊ ကာမာဝစရ ရူပါဝစရ၏ အစွမ်းအားဖြင့်။

၃၄၇။ ကုသလဿ စ၊ ရှစ်ခုသော ကာမကုသိုလ်,အဘိညာဉ် ကုသိုလ်အားရင်း။ ကြိယဿာပိ၊ မနောဓာတ်(ပဉ္စဒွါရာဝဇ္ဇန်း)ကြဉ်သော ကာမ ကြိယာတဆယ်, ကြိယာအဘိညာဉ်အားရင်း။ တထေဝ၊ ထို့အတူလျှင်။ အကုသလဿ စ၊ တဆဲ့နှစ်ခုသော အကုသိုလ်အားရင်း။ ကာမာဝစရပါကာနဥ္စ၊ တဒါရုံ ကောဒသဟု ဆိုအပ်ကုန်သော ကာမာဝစရ ဝိပါက်တို့အားရင်း။ ဣတိ၊ ဤသို့။ ဆန္နံ ရာသီနံ၊ ခြောက်ရာသီတို့အား။ အာရမ္မဏံ၊ အာရမ္မဏပစ္စည်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဤရိတံ၊ ဟောတော်မူအပ်၏။

**ကာမဝိပါက် အာရမ္မဏပစ္စည်းဖြစ်ပုံ** ၃၄၈။ ကာမေ၊ **ကာမဘုံ၌**။ ဝိပါကာရမ္မဏံ၊ အလုံးစုံသော ဝိပါက်တည်းဟူသော အာရုံသည်။ ကာမာဝစရတော=ကာမာဝစရဝသေနာပိ စ၊ ကာမာဝစရ၏ အစွမ်းအားဖြင့်လည်း။ ကုသလဿ စ၊ ရှစ်ခုသော မဟာကုသိုလ်အားရင်း။ ကြိယဿ စ၊ ဟသိတုပ္ပါဒ်, ဝုဋ္ဌော, မဟာကြိယာရှစ်ခုအားဖြင့် တဆယ်သော ကြိယာအားရင်း။ ရူပါဝစရတော=ရူပါဝစရဝသေန စေဝ၊ ရူပါဝစရ၏ အစွမ်းအားဖြင့်သာလျှင်။ ကုသလဿ စ၊ ပဉ္စမဖြစ်သော ရူပကုသိုလ်(အဘိညာဉ်ကုသိုလ်) အားရင်း။ ကြိယဿ စ၊ ပဉ္စမဖြစ်သော ရူပကြိယာ (အဘိညာဉ် ကြိယာ)အားရင်း။

၃၄၉။ ကာမာဝစရပါကာနဥ္စ၊ တဒါရုံကောဒသဟု ဆိုအပ်ကုန်သော ကာမာဝစရဝိပါက်တို့အားရင်း။ တထေဝ၊ ထို့ အတူလျှင်။ အကုသလဿ စ၊ တဆဲ့နှစ်ခုသော အကုသိုလ်အားရင်း။ ဣတိ၊ ဤသို့။ ဆန္နဥ္စ ရာသီနံ၊

ခြောက်ရာသီတို့အားသာလျှင်။ အာရမ္မဏပစ္စယော၊ အာရမ္မဏပစ္စည်း သည်။ ဟောတိ၊ ဖြစ်၏[၁]။

**ရူပဝိပါက် အာရမ္မဏပစ္စည်းဖြစ်ပုံ**

၃၅၀။ ရူပေ၊ ရူပဘုံ၌။ ဝိပါကာရမ္မဏံ၊ ဝိပါက်တည်းဟူသော အာရုံ သည်။ ကာမာဝစရတော = ကာမာဝစရဝသေနာပိ စ၊ ကာမာဝစရ၏ အစွမ်းအားဖြင့်လည်း။ ကုသလဿ စ၊ ရှစ်ခုသော မဟာကုသိုလ်အားရင်း။ ကြိယဿ စ၊ ဝုဋ္ဌော, မဟာကြိယာရှစ်ခုအားဖြင့် ကိုးခုသော ကြိယာ အားရင်း။ ရူပါဝစရတော=ရူပါဝစရဝသေန စ ဝေ၊ ရူပါဝစရ၏ အစွမ်း အားဖြင့်သာလျှင်။ ကုသလဿ စ၊ ပဉ္စမဖြစ်သော ရူပကုသိုလ် (အဘိညာဉ် ကုသိုလ်)အားရင်း။ ကြိယဿ စ၊ ပဉ္စမဖြစ်သော ရူပကြိယာ(အဘိညာဉ် ကြိယာ)အားရင်း။

၃၅၁။ အပုညဿ စ၊ တဆဲ့နှစ်ခုသော အကုသိုလ်အားရင်း။ ဣတိ၊ ဤသို့။ ပဉ္စန္နံ ရာသီနံ၊ ငါးရာသီတို့အား။ ဂေါစရော၊ အာရမ္မဏပစ္စည်းသည်။ ဟောတိ၊ ဖြစ်၏။

**အရူပဝိပါက် အာရမ္မဏပစ္စည်းဖြစ်ပုံ။**

။အရူပါဝစရပါကေသု၊ အရူပါဝစရ ဝိပါက်တို့၌။ အယမေဝ နယော၊ ဤနည်းကိုသာလျှင်။ မတော၊ ဟောအပ်၏။

**လောကုတ္တရာဝိပါက် အာရမ္မဏပစ္စည်းဖြစ်ပုံ**

၃၅၂။ အပရိယာပန္နပါကမ္ဟိ၊ လောကုတ္တရာဝိပါက် သည်လည်း။ ကာမတော = ကာမဝသေနာပိ စ၊ ကာမာဝစရ၏အစွမ်း အားဖြင့်လည်း။ ကုသလဿ စ၊ ဉာဏသမ္ပယုတ်မဟာကုသိုလ်လေးခုအား ရင်း။ ကြိယဿ စ၊ ဝုဋ္ဌော, မဟာကြိယာဉာဏသမ္ပယုတ်လေးခုအားဖြင့် ငါးခုသော ကြိယာအားရင်း။ ရူပတော=ရူပဝသေနာပိ စ၊ ရူပါဝစရ၏ အစွမ်းအားဖြင့်လည်း။ ကုသလဿ စ၊ ပဉ္စမဖြစ်သော ရူပကုသိုလ် (အဘိညာဉ်ကုသိုလ်)အားရင်း။ ကြိယဿ စ၊ ပဉ္စမဖြစ်သော ရူပကြိယာ

---

၁။ နောက်ဆက်တွဲကြည့်။

(အဘိညာဥ်ကြိယာ)အားရင်း။ အာရမ္မဏံ၊ အာရမ္မဏပစ္စည်းသည်။ ဟောတိ၊ ဖြစ်၏။

**ကာမကြိယာ အာရမ္မဏပစ္စည်းဖြစ်ပုံ**

၃၅၃။ ကာမေ၊ ကာမဘုံ၌။ ဣဒံ ကြိယစိတ္တံ၊ ဤအလုံးစုံသော ကြိယာစိတ်သည်။ ကာမာဝစရတော=ကာမာဝစရဝသေနာပိ စ၊ ကာမာဝစရ၏အစွမ်းအားဖြင့်လည်း။ ကုသလဿ စ၊ ရှစ်ခုသော မဟာကုသိုလ်အားရင်း။ ကြိယဿ စ၊ ဟသိတုပ္ပါဒ်,ဝုဋ္ဌော,မဟာကြိယာရှစ်ခုအားဖြင့် တဆယ်သော ကြိယာအားရင်း။ ရူပါဝစရတော=ရူပါဝစရဝသေန စ ဧဝ၊ ရူပါဝစရ၏ အစွမ်းအားဖြင့်သာလျှင်။ ကုသလဿ စ၊ ပဉ္စမဖြစ်သော ရူပကုသိုလ်(အဘိညာဥ်ကုသိုလ်)အားရင်း။ ကြိယဿ စ၊ ပဉ္စမဖြစ်သော ရူပကြိယာ(အဘိညာဥ်ကြိယာ)အားရင်း။

၃၅၄။ ကာမာဝစရဝိပါကဿ စ၊ တဒါရုံကောဒသဟုဆိုအပ်သော ကာမာဝစရဝိပါက်အားရင်း။ တထေဝ၊ ထို့အတူလျှင်။ အကုသလဿ စ၊ တဆဲ့နှစ်ခုသော အကုသိုလ်အားရင်း။ ဣတိ၊ ဤသို့။ ဧတေသံ ဆန္နံ ရာသီနံ၊ ဤခြောက်ရာသီတို့အား။ အာရမ္မဏပစ္စယော၊ အာရမ္မဏပစ္စည်းသည်။ ဟောတိ၊ ဖြစ်၏။

**ရူပကြိယာ အာရမ္မဏပစ္စည်းဖြစ်ပုံ**

၃၅၅။ ရူပေ၊ ရူပဘုံ၌။ ယံ ကြိယာမာနသံ၊ အကြင် ကြိယာစိတ်သည်။ အတ္ထိ၊ ရှိ၏။ ဧတံ ကြိယာမာနသံ၊ ထိုကြိယာစိတ်သည်။ တတော၊ ထိုခြောက်ရာသီမှ၊ ကာမပါကံ၊ ကာမဝိပါက်ကို။ ဝိနာ=ဝဇ္ဇေတွာ၊ ကြဉ်၍။ ပဉ္စန္နံ ရာသီနံ၊ ငါးရာသီတို့အား။ အာရမ္မဏံ၊ အာရမ္မဏပစ္စည်းသည်။ ဟောတိ၊ ဖြစ်၏။

**အရူပကြိယာ အာရမ္မဏပစ္စည်းဖြစ်ပုံ**

၃၅၆။ အရူပေ၊ အရူပဘုံ၌။ ကြိယာစိတ္တံ ပန၊ ကြိယာစိတ်(အရူပကြိယာစိတ်)သည်။ တေသံ ပဉ္စန္နမေဝ စ၊ ထို (ရူပကြိယာ၌ဆိုအပ်ပြီးသော)ငါးရာသီတို့အားရင်း။ အာရုပ္ပဿ ကြိယဿာပိ၊ ပဌမာရုပ္ပကြိယာသည် ဒုတိယာရုပ္ပကြိယာအား, တတိယာရုပ္ပကြိယာသည် စတုတ္ထာရုပ္ပကြိယာအားရင်း။ ဣတိ။ ဤသို့။ ဆန္နံ ရာသီနံ၊ ခြောက်ရာသီတို့အား။

ဂေါစရော၊ အာရမ္မဏပစ္စည်းသည်။ ဟောတေ၀၊ ဖြစ်သည်သာလျှင်ကတည်း။

**ရုပ် အာရမ္မဏပစ္စည်းဖြစ်ပုံ**

၃၅၇။ စတုသမုဋ္ဌာနံ၊ ကံ စိတ် ဥတု အာဟာရ တည်းဟူသော လေးပါးသော အကြောင်းတို့ကြောင့်ဖြစ်သော။ ရူပါရမ္မဏသညိတံ၊ ရုပ်အာရုံ အမည်ရှိသော။ ရူပံ[၁]၊ နှစ်ဆဲ့ရှစ်ပါးအပြားရှိသော ဘူတရုပ် ဥပါဒါရုပ်အားဖြင့် ပြားသော ရူပက္ခန္ဓာသည်။ ကာမာဝစရပုညဿ စ၊ ရှစ်ခုသော ကာမာဝစရကုသိုလ်အားရင်း။ တထေဝ၊ ထို့အတူလျှင်။ အကုသလဿ စ၊ တဆဲ့နှစ်ခုသော အကုသိုလ်အားရင်း။

၃၅၈။ အဘိညာဒွယစိတ္တဿ စ၊ အဘိညာဉ်စိတ် နှစ်ခုတို့၏ အပေါင်းအားရင်း။ ကာမပါကကြိယဿ စ၊ အလုံးစုံသော ကာမဝိပါက် အလုံးစုံသော ကာမကြိယာအားရင်း။ ဣတိ၊ ဤသို့။ တေသံ ဆန္နံ ရာသီနံ၊ ဤခြောက်ရာသီတို့အား။ အာရမ္မဏပစ္စယော၊ အာရမ္မဏပစ္စည်းသည်။ ဟောတိ၊ ဖြစ်၏။

**နိဗ္ဗာန် အာရမ္မဏပစ္စည်းဖြစ်ပုံ**

၃၅၉။ နိဗ္ဗာနာရမ္မဏံ[၂]၊ နိဗ္ဗာန်တည်းဟူသော အာရုံသည်။ ကာမရူပါဝစရတော=ကာမရူပါဝစရဝသေန၊ ကာမာဝစရ, ရူပါဝစရ၏ အစွမ်းအားဖြင့်။ ကုသလဿ စ၊ ဉာဏသမ္ပယုတ်တိဟိတ်ကုသိုလ်လေးခု, ပဉ္စမဖြစ်သော ရူပါဝစရကုသိုလ် (အဘိညာဉ်ကုသိုလ်)အားဖြင့် ငါးခုသော ကုသိုလ်

---

ကျမ်းတက် ၁။ ဤသို့ ရုပ်,နိဗ္ဗာန်ကြဉ်သော အာရုံကို ပြပြီး၍ ယခုအခါ ရုပ်အာရုံ, နိဗ္ဗာန်အာရုံကို ပြခြင်းငှါ ရူပံ စတုသမုဋ္ဌာနံ အစရှိသည်ကို အားထုတ်သောဝ်။

အလုံးစုံသာဖြစ်သောရုပ်သည် အသီးသီး လေးပါးသော အကြောင်းတို့ကြောင့် မဖြစ်သော်လည်း ရူပက္ခန္ဓာသည် လေးပါးသာ ဖြစ်ကုန်သော အကြောင်းတို့ကြောင့် ဖြစ်သည်ဟု နှလုံးပြု၍ စတုသမုဋ္ဌာနံ မိန့်သည်။ (ရင်းဋီကာသစ်၊ဒု၊နှာ-၂၂။)

ကျမ်းတက် ၂။ နိဗ္ဗာန်အာရုံသည် ဂေါတြဘူ,ဝေါဒါန် ဖြစ်သောကာလ, နိဗ္ဗာန်အာရုံရှိသော အဘိညာဉ်၏ ပရိကံအစရှိသည်ကို ပြုသောကာလ၌ ကာမာဝစရ တိဟိတ်ကုသိုလ်အား၊ အတိတ်ဘဝ၌ မျက်မှောက်ပြုအပ်သော နိဗ္ဗာန်ကို အောက်မေ့သောကာလ အစရှိသည်တို့၌ ရူပါဝစရကုသိုလ်အား၊ ဆိုအပ်ပြီးသောနည်းဖြင့်သာလျှင် ကာမာဝစရ,ရူပါဝစရကြိယာစိတ်အား၊ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့၏ အခြားမဲ့၌ ဖြစ်သောဖိုလ် ဝင်စားသောဖိုလ်ဖြစ်သောကာလတို့၌ လောကုတ္တရာကုသိုလ်, ဝိပါက်အားဖြင့် ဤသို့ ခြောက်ရာသီတို့အား အာရမ္မဏပစ္စည်းဖြစ်၏ဟု ပြခြင်းငှါ နိဗ္ဗာနာရမ္မဏံ အစရှိသည်ကို မိန့်။

အားရင်း။ ဥဘယဿာပိ၊ (ကာမာဝစရ,ရူပါဝစရအားဖြင့်) နှစ်ပါးလည်းဖြစ်သော။ ကာမရူပကြိယဿ စ၊ ဝုဋ္ဌော, ဉာဏသမ္ပယုတ် တိဟိတ်ကြိယာလေးခု, ပဥ္စမဖြစ်သော ရူပါဝစရကြိယာ (အဘိညာဉ်ကြိယာ)အားရင်း။

၃၆၀။ အပရိယာပန္နတော=အပရိယာပန္နဝသေန ဝေ စ၊လောကုတ္တရာ၏ အစွမ်းအားဖြင့်သာလျှင်။ ဖလဿ စ၊ ဖိုလ်အားရင်း။ ကုသလဿ စ၊ ကုသိုလ်အားရင်း။ ဣတိ၊ ဤသို့။ တေသံ ဆန္နံ ရာသီနံ၊ ဤ ခြောက်ရာသီတို့အား။ အာရမ္မဏပစ္စယော၊ အာရမ္မဏပစ္စည်းသည်။ ဟောတိ၊ ဖြစ်၏။

**ပညတ် အာရမ္မဏပစ္စည်းဖြစ်ပုံ** ၃၆၁။ နာနပ္ပကာရကံ၊ အထူးထူးအပြားပြားရှိသော။ သဗ္ဗံ၊ အလုံးစုံသော။ ပညတ္တာရမ္မဏံ၊ ပညတ်တည်းဟူသော အာရုံသည်။ တေဘူမကဿ ပုညဿ စ၊ မဟာကုသိုလ်ရှစ်ခု, ရူပကုသိုလ်ငါးခု, ပဥ္စမ, တတိယ အရူပကုသိုလ်တည်းဟူသော တေဘူမကကုသိုလ်အားရင်း။ တထေဝ၊ ထိုအတူလျှင်။ အကုသလဿ စ၊ တဆဲ့နှစ်ခုသော အကုသိုလ်အားရင်း။

၃၆၂။ ရူပါရူပဝိပါကဿ စ၊ ရူပဝိပါက်ငါးခု, ပဥ္စမနှင့် တတိယ အရူပဝိပါက်အားရင်း။ တေဘူမကကြိယဿ စ၊ ကာမကြိယာတဆဲ့တခု,ရူပကြိယာငါးခု, ပဥ္စမ, တတိယ အရူပကြိယာတည်းဟူသော တေဘူမကကြိယာအားရင်း။ ဣတိ၊ ဤသို့။ နဝန္နံ ရာသီနံ၊ ကိုးရာသီတို့အား။ အာရမ္မဏပစ္စယော၊ အာရမ္မဏပစ္စည်းသည်။ ဟောတိ၊ ဖြစ်၏။

## စိတ် အသီးသီးတို့၏ အာရုံများ

**ကာမစိတ်တို့၏အာရုံ** ၃၆၃။ ဒွေ[၁]၊ နှစ်ခုကုန်သော စက္ခုဝိညာဉ်စိတ်တို့သည်။ ရူပါရမ္မဏိကာ၊ ရူပါရုံအာရုံရှိကုန်၏။ ဒွေ ဒွေ၊ နှစ်ခုနှစ်ခုကုန်သော သောတဝိညာဉ်စသော စိတ်တို့သည်။ သဒ္ဒါဒိဂေါစရာ၊ သဒ္ဒါရုံအစရှိသည် အာရုံရှိကုန်၏။

---

ကျမ်းတက် ၁။ ဤသို့ အကြောင်တရားသည် အကြောင်တရား၏အာရုံဖြစ်၏။ ထိုတရားကို တခုတခုစီ ထုတ်သောအားဖြင့် ပြပြီး၍ ယခုအခါ အလုံးစုံသော စတုဘူမိကစိတ်တို့ကို ခြောက်ပါးသော အာရုံတို့၌ ယှဉ်၍ ပြခြင်းငှါ ရူပါရမ္မဏိကာ ဒွေ အစရှိသော ဂါထာနှစ်ခု အပေါင်းကိုမိန့်။

တယော စိတ္တုပ္ပါဒါ၊ မနောဓာတ်ဟု ဆိုအပ်ကုန်သော သုံးခုသော စိတ်တို့ကို။ ပဉ္စာရမ္မဏိကာနာမ၊ ငါးပါးသော အာရုံရှိကုန်သော စိတ်မည်ကုန်၏ ဟူ၍။ မတာ၊ ဟောအပ်ကုန်၏။

၃၆၄။ ဣမေ=ဣမသ္မိံ ကာမာဝစရအဓိကာရေ၊ ဤကာမာဝစရအရာ၌။ ကေစတ္တာလီသေဝ၊ (ဒွေပဉ္စဝိညာဉ် ၁ဝ၊ မနောဓာတ် ၃-ပါးကြဉ်) လေးဆဲ့တခုသော စိတ်တို့ကိုသာလျှင်။ ဆဠာရမ္မဏိကာ၊ ခြောက်ပါးသော အာရုံရှိကုန်၏ဟူ၍။ မတာ၊ ဟောအပ်ကုန်၏။ အယံ၊ ဤ ဆိုအပ်ပြီးသည်ကား။ ကာမာဝစရစိတ္တာနံ၊ ကာမာဝစရစိတ်တို့၏။ အာရမ္မဏက္ကမော၊ အာရုံအစဉ်တည်း။

**မဟဂ္ဂုတ်, လောကုတ္တရာ စိတ်တို့၏ အာရုံ**

၃၆၅။ ပဉ္စာဘိညာဝ၊ ငါးပါးသော အဘိညာဉ်တို့ကိုသာလျှင်။ ဝဇ္ဇေတွာ၊ ကြဉ်၍။ ရူပါရူပါ အနာသဝါ၊ ရူပ·အရူပ-လောကုတ္တရာ ဖြစ်ကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဣမေ စိတ္တုပ္ပါ-ဒါ၊ ဤစိတ်တို့သည်။ ဓမ္မာရမ္မဏဂေါစရာ၊ (ထိုက်သည်အားလျော်စွာ) ပညတ်, စိတ်, နိဗ္ဗာန်တည်းဟူသော ဓမ္မာရုံ အာရုံရှိကုန်၏။

## သေက္ခ အသေက္ခအားဖြင့် အရူပစိတ်၏ အာရုံကိုပြခြင်း

**ပဉ္စမာရုပ္ပကုသိုလ်စိတ် အာရမ္မဏပစ္စည်းဖြစ်ပုံ**

၃၆၆။ ပဉ္စမာရုပ္ပကုသလံ[၁]၊ ပဉ္စမအရူပကုသိုလ်သည်။ ကုသလဿ၊ ကုသိုလ်ဖြစ်သော။ ဒုတိယာရုပ္ပစေတသော၊ ဒုတိယအရူပစိတ်အားရင်း။ ဝိပါကဿ၊ ဝိပါက်ဖြစ်သော။ ဒုတိယာရုပ္ပစေတသော၊ ဒုတိယအရူပစိတ်အားရင်း။ ကြိယဿ၊ ကြိယာဖြစ်သော။ ဒုတိယာရုပ္ပ-စေတသော၊ ဒုတိယအရူပစိတ်အားရင်း။ အာရမ္မဏံ၊ အာရမ္မဏပစ္စည်းသည်။ ဘဝေ၊ ဖြစ်၏။

ကျမ်းတက် ၁။ အောက်၌ ဆိုအပ်သော နည်းရှိသော်လည်း အရူပါဝစရအာရုံတို့၌ အရူပါဝစရတရားတို့၏ သေက္ခ, အသေက္ခတို့၏ အစွမ်းအားဖြင့် အထူးထူး အပြားပြား ဖြစ်သော အခြင်းအရာကို ပြခြင်းငှါ ပဉ္စမာရုပ္ပကုသလံ စသည် မိန့်။

**ပဌမာရုပ္ပ ဝိပါက်စိတ် အာရမ္မဏပစ္စည်း မဖြစ်ပုံ**

၄၆၇။ အယံ ပဌမာရုပ္ပပါကော၊ ဤပဌမအရူပဝိပါက်သည်။ ကုသလဿ၊ ကုသိုလ်ဖြစ်သော။ ဒုတိယာရုပ္ပစေတသော၊ ဒုတိယအရူပစိတ်အားရင်း။ ဝိပါကဿ၊ ဝိပါက်ဖြစ်သော။ ဒုတိယာရုပ္ပ-စေတသော၊ ဒုတိယအရူပစိတ်အားရင်း။ ကြိယဿ၊ ကြိယာဖြစ်သော။ ဒုတိယာရုပ္ပစေတသော၊ ဒုတိယအရူပစိတ်အားရင်း။ အာရမ္မဏံ၊ အာရမ္မဏပစ္စည်းသည်။ န ဟောတိ ဟိ=န ဟောတိ ဧဝ၊ မဖြစ်သာလျှင်ကတည်း [၁]။

**ပဌမာရုပ္ပကြိယာစိတ် အာရမ္မဏပစ္စည်း မဖြစ်ပုံ**

၄၆၈။ ပဌမံ ကြိယာစိတ္တံ တု=ပဌမံ ကြိယာစိတ္တံ ပန၊ ပဌမအရူပကြိယာစိတ်သည်ကား။ ပုညဿ၊ ကုသိုလ် ဖြစ်သော။ ဒုတိယာရုပ္ပစေတသော၊ ဒုတိယအရူပစိတ်အား။ အာရမ္မဏံ၊ အာရမ္မဏပစ္စည်းသည်။ န ဟောတိ၊ မဖြစ်။ ပါကဿ၊ ဝိပါက်ဖြစ်သော။ ဒုတိယာရုပ္ပစေတသော၊ ဒုတိယအရူပစိတ်အား။ အာရမ္မဏံ၊ အာရမ္မဏပစ္စည်းသည်။ န ဟောတိ၊ မဖြစ် [၂]။

**ပဌမာရုပ္ပကြိယာစိတ် အာရမ္မဏပစ္စည်း ဖြစ်ပုံ**

၄၆၉။ ပဌမံ ကြိယာ စိတ္တံ တု [၃]=ပဌမံ ကြိယာစိတ္တံ ပန၊ ပဌမအရူပကြိယာစိတ်သည်ကား။ ကြိယဿ၊ ကြိယာဖြစ်သော။ ဒုတိယာရုပ္ပစေတသော၊ ဒုတိယအရူပစိတ်အား။ အာရမ္မဏံ၊ အာရမ္မဏပစ္စည်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝိဘာဝိနာ၊ ပညာရှိသောသူသည်။ ဒီပယေ၊ သိအပ်၏။

---

၁။ (ဝိညာဏဥ္စာယတနစိတ် ၃-ခုသည် အာကာသာနဉ္စာယတနကုသိုလ်ကို အာရုံပြုသောကြောင့် အာကာသာနဉ္စာယတနဝိပါက်သည် ဝိညာဏဥ္စာယတနစိတ် ၃-ခု၏ အာရုံ မဖြစ်ဟု ရှင်းဋီကာဟောင်း (နှာ-၇၀) ဆရာက မိန့်သည်။)

**ကျမ်းတက်** ၂။ ရဟန္တာ ဖြစ်သောကာလ တစုံတခုသော ကုသိုလ်၏ မရှိခြင်းကြောင့် နပုညဿ မိန့်သည်။

အာကာသာနဉ္စာယတနကြိယာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား ဝိညာဏဥ္စာယတန ဝိပါက်စိတ်မဖြစ်သောကြောင့် န **ပါကဿ** မိန့်သည်။

**ကျမ်းတက်** ၃။ ဒိဋ္ဌဓမ္မသုခဝိဟာရအကျိုး, နိရောဓသမာပတ်ဝင်စားခြင်းအကျိုးငှါ သမာပတ်တို့ကို ဝင်စားသောရဟန္တာအား ပဌမအရူပကြိယာစိတ်သည် ဒုတိယအရူပကြိယာစိတ်၏ အာရုံဖြစ်သောကြောင့် **ပဌမံ တု ကြိယာစိတ္တံ** မိန့်သည်။

**ပုဂ္ဂိုလ်အလိုက် ပဌမ, တတိယအရူပ အာရုံဖြစ်ပုံ**

၃၇၀။ ပုထုဇ္ဇနဿ၊ ပုထုဇဉ်ပုဂ္ဂိုလ်၏ရင်း။ သေက္ခဿ၊ သေက္ခပုဂ္ဂိုလ်၏ရင်း။ အရူပါရမ္မဏံ၊ အရူပတည်းဟူသော အာရုံသည်။ ဒွိဓာ=ဒွိပ္ပကာရံ၊ နှစ်ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

ကုသလံ၊ ပဌမအရူပကုသိုလ်သည်။ ကုသလဿာပိ၊ ဒုတိယအရူပကုသိုလ်အားလည်း။ အာရမ္မဏံ၊ အာရမ္မဏပစ္စည်းသည်။ ဟောတိ၊ ဖြစ်၏။

တံ ကုသလံ၊ ထို ပဌမအရူပကုသိုလ်သည်။ ဝိပါကဿ စ၊ ဒုတိယအရူပဝိပါက်အားလည်း။ အာရမ္မဏံ၊ အာရမ္မဏပစ္စည်းသည်။ သိယာ၊ ဖြစ်ရာ၏။

၃၇၁။ ခီဏာသဝဿ၊ ရဟန္တာဖြစ်သော။ ဘိက္ခုဿ၊ ရဟန်း၏။ ပဌမာရုပ္ပမာနသံ၊ ပဌမအရူပစိတ်တည်းဟူသော။ အာရမ္မဏံ၊ အာရုံသည်။ တိဓာ=တိပ္ပကာရံ၊ သုံးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ မဟေသိနာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

၃၇၂။ ကြိယံ၊ ပဌမအရူပကြိယာသည်။ ကြိယဿာပိ[1]၊ ဒုတိယအရူပကြိယာအားလည်း။ အာရမ္မဏံ၊ အာရမ္မဏပစ္စည်းသည်။ ဟောတိ၊ ဖြစ်၏။

ကုသလမ္ပိ၊ ပဌမအရူပကုသိုလ်သည်လည်း။ ကြိယဿ စ၊ ဒုတိယအရူပကြိယာအားလည်း။ အာရမ္မဏံ၊ အာရမ္မဏပစ္စည်းသည်။ ဟောတိ၊ ဖြစ်၏။

ကုသလံ တု၊ ပဌမအရူပကုသိုလ်သည်ကား။ ဝိပါကဿ၊ ဒုတိယအရူပဝိပါက်အား။ အာရမ္မဏံ၊ အာရမ္မဏပစ္စည်းသည်။ ဟောတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ တိဓာ=တိပ္ပကာရံ၊ သုံးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

၃၇၃။ တတိယာရုပ္ပစိတ္တံပိ၊ တတိယအရူပစိတ်သည်လည်း။ စတုတ္ထာ-ရုပ္ပစေတသော၊ စတုတ္ထအရူပစိတ်အား။ ဧဝမေဝ၊ ဤအတူလျှင်။ ဒွိဓာ

---

ကျမ်းတက် ၁။ “ဒွိဓာ တိဓာ”ဟုဆို၍ ထိုဒွိဓ တိဓအဖြစ်ကို ပြခြင်းငှါ ကုသလံ ကုသလဿ ဟူ၍ရင်း ကြိယဿာပိ ကြိယံ ဟောတိ ဟူ၍ရင်း ဤသို့ အစရှိသည်ကို မိန့်သည်။ (ဆဋ္ဌမူ၌ ကြိယဿာပိ ကြိယာ ဟောတိ ရှိသည်။)

စေဝ၊ နှစ်ပါးအပြားအားဖြင့်ရင်း။ တိဓာ စ၊ သုံးပါးအပြားအားဖြင့်ရင်း။ အာရမ္မဏံ၊ အာရမ္မဏပစ္စည်းသည်။ သိယာ၊ ဖြစ်ရာ၏ [၁]။

၃၇၄။ ဣမ=ဣမသို့ အဓိကာရေ၊ ဤအရာ၌။ ယံ ယံ ဝေါစရံ၊ အကြင် အကြင်အာရုံကို။ အာရဗ္ဘ၊ အာရုံပြု၍။ ယေ ယေ ဓမ္မာ၊ အကြင်အကြင် နာမ်တရားတို့သည်။ ဇာယန္တိ၊ ဖြစ်ကုန်၏။ သော သော ဝေါစရော၊ ထိုထို အာရုံသည်။ တေသံ တေသံ ဓမ္မာနံ၊ ထိုထို နာမ်တရားတို့အား။ အာရမ္မဏ-ပစ္စယော၊ အာရမ္မဏပစ္စည်းသည်။ ဟောတိ၊ ဖြစ်၏။

၃၇၅။ ဣမ၊ ဤသာသနာတော်၌။ ယော နရော၊ အကြင်ပုဂ္ဂိုလ်သည်။ ဒုတ္တရံ၊ ကူးနိုင်ခဲသော။ ဥတ္တရံ၊ မြတ်သော။ ဣမဿ၊ ဤ အဘိဓမ္မာဝတာရ ကျမ်း၏။ ပါရံ၊ အဆုံးကို။ ဥတ္တရတိ၊ လွန်နိုင်၏။ သော နရော၊ ထိုပုဂ္ဂိုလ် သည်။ ဒုတ္တရံ၊ ကူးနိုင်ခဲသော။ ဥတ္တရံ၊ မြတ်သော။ အဘိဓမ္မမဟဏ္ဏဝပါရံ၊ အဘိဓမ္မာတည်းဟူသော သမုဒ္ဒရာ၏ကမ်းကို။ ဥတ္တရတေဝ=ဥတ္တရတိ ဧဝ ကိရ၊ လွန်နိုင်သည်သာ ဖြစ်သတတ်။

အဘိဓမ္မာဝတာရေ၊ အဘိဓမ္မာဝတာရကျမ်း၌။ အာရမ္မဏဝိဘာဂေါ နာမ၊ အာရမ္မဏဝိဘာဂမည်သော။ ဆဋ္ဌော၊ ခြောက်ခုတို့၏ ပြည့်ကြောင်း ဖြစ်သော။ ပရိစ္ဆေဒေါ၊ အပိုင်းသည်။ ဣတိ သမတ္တော၊ ဤတွင် ပြီးပြီ။

အာရမ္မဏဝိဘာဂနိဒ္ဒေသ ပြီး၏။

---

၁။ (တတိယအရူပကုသိုလ်သည် ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်သန္တာန်၌ဖြစ်သော စတုတ္ထ အရူပကုသိုလ်၏ရင်း, စတုတ္ထအရူပဝိပါက်၏ရင်း အာရုံဖြစ်သည်။ ၂-ပါး။

တတိယအရူပကုသိုလ်သည် ရဟန္တာသန္တာန်၌ဖြစ်သော စတုတ္ထအရူပဝိပါက်၏ရင်း, စတုတ္ထအရူပကြိယာ၏ရင်း အာရုံဖြစ်သည်။

တတိယအရူပကြိယာသည် ရဟန္တာသန္တာန်၌ဖြစ်သော စတုတ္ထအရူပကြိယာ၏ အာရုံ ဖြစ်သည်၊ ၃-ပါး)။

# ၇-သစ္စာမပရိစ္ဆေဒ

## ၇-ဝိပါကစိတ္တပ္ပဝတ္တိနိဒ္ဒေသ

၃၇၆။ အနန္တဉာဏေန၊ အဆုံးမရှိသော ဉာဏ်ရှိတော်မူသော။ နိရင်္ဂဏေန၊ ရာဂအစရှိသော ကိလေသာ ရှိတော်မမူသော။ ဂုဏောသိနာ၊ ကိုယ်တော်သန္တာန်၌ သီလအစရှိသော ကျေးဇူးတို့ကို ရှာတော်မူပြီးသော။ ကာရုဏိကေန၊ ကရုဏာ၌ယှဉ်တော်မူသော။ ဝါ၊ ကရုဏာရှိတော်မူသော၊ တေန ဇိနေန၊ ထိုမြတ်စွာဘုရားသည်။ ဝုတ္တော၊ ဟောတော်မူအပ်သော။ ဝိပါကော၊ ဝိပါက်စိတ်၌။ မတိပါဋ္ဌဝတ္ထုံ၊ အယူပညာ လိမ္မာသောသူ၏ အဖြစ်တည်းဟူသော အကျိုးငှါ။ ဝိပါကစိတ္တပ္ပဘဝံ၊ ဝိပါက်စိတ်တို့၏ဖြစ်ခြင်းကို။ သုဏာထ၊ နာလင့်ကုန်[1]။

### ဝိပါက ကထာ၏ မာတိကာ ၁၀-ပါး

(၁) ကံ ၂၉-ပါး ၃၇၇။ ကေ့နတိံသ ကမ္မာနိ[2]၊ ကုသိုလ် အကုသိုလ် အားဖြင့် ကာမာဝစရနှစ်ဆယ်, မဟဂ္ဂုတ် ကုသိုလ်ကိုးခုအားဖြင့် တခုယုတ် သုံးဆယ်သော ကံတို့ကို။ ဒဿိတာနိ၊ ပြတော်မူအပ်ကုန်၏။

---

၁။ ဤပါဌ်တို့တွင် "အနန္တဉာဏေန" ပုဒ်ဖြင့် မြတ်စွာဘုရား၏ သဗ္ဗညုအဖြစ်ကို မိန့်သည်၊ "နိရင်္ဂဏေန" ပုဒ်ဖြင့် ခီဏာသဝအဖြစ်ကို၊ "ဂုဏောသိနာ" ပုဒ်ဖြင့် ပုဗ္ဗာစရိယအဖြစ်ကို၊ "ကာရုဏိကေန" ပုဒ်ဖြင့် မဟာကရုဏာတော်နှင့် ပြည့်စုံသည်၏ အဖြစ်ကို မိန့်သည်။

ဤမျှအတိုင်း အရှည်ရှိသော ထောမနာဖြင့်ကား မြတ်စွာဘုရား၏ ဝိပါကဒေသနာတော်၏ နိယျာနိက အစရှိသည်၏ အဖြစ်ကို ပြသည်။

၂။ ယခုအခါ ဝိပါက ကထာ၏ မာတိကာအစွမ်းအားဖြင့် အဋ္ဌကထာ၌ ထားအပ်သော ဆယ်ပါးသော အပြားတို့ကို ပြခြင်းငှါ ကေ့နတိံသ ကမ္မာနိ အစရှိသည်တို့ကို မိန့်။

(ဝိပါကကထာ၏ ဝဏ္ဏကထာဖြစ်သောကြောင့် လောကုတ္တရာကုသိုလ်နှင့် ဝိပါက်ကို ကြဉ်သည်။

ဝိပါက ကသာ၏ မာတိကာ ၁၀-ပါး

(၁) ကမ္မဝဝတ္ထာန=ကံ အပိုင်းအခြား၊

(၂) ဝိပါကဝဝတ္ထာန=ဝိပါက် အပိုင်းအခြား၊

(၂) ဝိပါက် ၃၂-ပါး။ ။ဒွတ္တိံသပါကာ၊ ကာမဝိပါက် နှစ်ဆဲ့သုံးခု, မဟဂ္ဂုတ်ဝိပါက် ကိုးခုအားဖြင့် သုံးဆဲ့နှစ်ခုသော ဝိပါက်တို့ကို။ ဒဿိတာ၊ ပြတော်မူအပ်ကုန်၏။

(၃) ကံနှင့် ဝိပါက်တို့၏ ဖြစ်ရာဒွါရ။ ။ကမ္မာနိ၊ ကံတို့သည်။ တိသု ဒွါရေသု၊ ကာယ,ဝစီ,မနောဒွါရ အားဖြင့် သုံးပါးသော ကမ္မဒွါရတို့၌။ ဒိဿရေ၊ ထင်ကုန်၏။ ဝိပါကာ၊ ဝိပါက်တို့သည်။ ဆသု ဒွါရေသု၊ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မနောဒွါရအားဖြင့် ခြောက်ပါးသော ဝိပါက်ဒွါရတို့၌။ ဒိဿရေ၊ ထင်ကုန်၏။

(၄) ကာမကုသိုလ်ကံ အကျိုးပေးပုံ ၃၇၈။ ကာမလောကသ္မိံ၊ ကာမဘုံ၌။ ကုသလံ၊ ကုသိုလ်သည်။ ပဝတ္တေ စ၊ ပဝတ္တိအခါ၌၎င်း။ ပဋိသန္ဓိယဉ္စ၊ ပဋိသန္ဓေအခါ၌၎င်း။ တံ တံ ပစ္စယံ၊ ကာလပြည့်စုံခြင်း အစရှိသော ထိုထိုအကြောင်းကို။ အာဂမ္မ၊ စွဲ၍။ ဝိဝိဓံ ဖလံ၊ သောမနဿ, ဥပေက္ခာ, သဟိတ်, အဟိတ်, အသင်္ခါရိက, သသင်္ခါရိကအားဖြင့် အထူးထူး အပြားပြားသော အကျိုးကို။ ဒဒါတိ၊ ပေး၏။

## စေတနာအလိုက် ပဋိသန္ဓေဖြစ်ပုံ

(၅) ကံတခုက ပဋိသန္ဓေ တခုကိုသာ ပေးခြင်း ၃၇၉။ ဧကာယ၊ တခုသော။ စေတနာယ၊ ဥပပဇ္ဇ, အပရာပရိယဖြစ်သော စေတနာ၏။ ဝါ၊ စေတနာ၌။ ဧကာ၊ တခုသော။ ပဋိသန္ဓိ၊ ပဋိသန္ဓေကို။ ပကာသိတာ၊ ပြတော်မူအပ်၏။

---

(၃) ကံနှင့်ဝိပါက်တို့၏ ဖြစ်ရာဒွါရ၊
(၄) ကာမကုသိုလ်ကံက ပဝတ္တိအခါ, ပဋိသန္ဓေအခါတို့၌ အကျိုး အမျိုးမျိုးပေးပုံ၊
(၅) ကံတခုက ပဋိသန္ဓေတခုကိုသာ ပေးခြင်း၊
(၆) ကံအမျိုးမျိုးက ပဋိသန္ဓေအမျိုးမျိုးကို ပေးခြင်း၊
(၇) ကံတခုက အကျိုး အမျိုးမျိုးပေးခြင်း(တိဟိတ် ဥက္ကဋ္ဌကံတခုက အကျိုး ၁၆-ပါး ပေးခြင်း)
(၈) အကြောင်း၏ အစွမ်းအားဖြင့် အသင်္ခါရ, သသင်္ခါရ အကျိုးဖြစ်ခြင်း၊
(၉) အာရုံအားဖြင့် ဝေဒနာပြန်ပုံ၊
(၁၀) ဇောအားဖြင့် တဒါရုံမြဲပုံ။ ရင်းဋီကာသစ်၊ဒု၊နှာ-၂၆-၇။)

**(၆) ကံအမျိုးမျိုးက ပဋိသန္ဓေအမျိုးမျိုးကို ပေးခြင်း**

နာနာကမ္မေဟိ၊ အထူးထူးသော ဥပပဇ္ဇ အပရာပရိယကံတို့ဖြင့်။ နာနာ ပဋိသန္ဓိယော၊ အထူးထူးသော ပဋိသန္ဓေတို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

## (၇)ကံတခုက အကျိုးအမျိုးမျိုး ပေးခြင်း

**တိဟိတ်ဥက္ကဋ္ဌကံ အကျိုးပေးပုံ**

၃၀၀။ ကာမာဝစရသညိတံ၊ ကာမာဝစရအမည်ရှိသော။ တိဟေတုကံ၊ တိဟိတ်ဥက္ကဋ္ဌဖြစ်သော။ ယံ တု=ယံ ပန ကမ္မံ၊ အကြင်ကံသည်။ အတ္ထိ၊ ရှိ၏။ တံ ကမ္မံ၊ ထို ကံသည်။ တိဟေတုကံ၊ တိဟိတ်ဖြစ်သော။ ပါကဉ္စ၊ အကျိုးကိုရင်း။ ဒုဟေတုံ၊ ဒုဟိတ်ဖြစ်သော။ ဝိပါကဉ္စ၊ အကျိုးကိုရင်း။ အဟေတုကံ၊ အဟိတ်ဖြစ်သော။ ဝိပါကဉ္စ၊ အကျိုးကိုရင်း။ ဒေတိ၊ ပေး၏။

**ဒွိဟိတ်ဥက္ကဋ္ဌကံ အကျိုးပေးပုံ**

၃၀၁။ ဒုဟေတုကံ၊ ဒွိဟိတ် ဥက္ကဋ္ဌဖြစ်သော။ ယံ တု=ယံ ပန ကမ္မံ၊ အကြင်ကံသည်။ အတ္ထိ၊ ရှိ၏။ တံ ကမ္မံ၊ ထိုကံသည်။ တိဟေတုကံ၊ တိဟိတ်ဖြစ်သော။ ဝိပါကံ၊ အကျိုးကို။ န ဒေတိ၊ မပေး။ အတ္တနော၊ မိမိ၏။ ဒုဟေတုကံ၊ ဒွိဟိတ်ဖြစ်သော။ ဝိပါကဉ္စ၊ အကျိုးကိုရင်း။ အဟေတုကံ၊ အဟိတ်ဖြစ်သော။ ဝိပါကဉ္စ၊ အကျိုးကိုရင်း။ ဒေတိ၊ ပေး၏။

**တိဟိတ်ကံကြောင့်ဖြစ်သော ပဋိသန္ဓေများ**

၃၀၂။ တိဟေတုကေန¹ကမ္မေန၊ တိဟိတ်ကံဖြင့်။ တိဟေတုကာ၊ တိဟိတ်ဖြစ်သော။ ပဋိသန္ဓိ၊ ပဋိသန္ဓေသည်။ ဟောတိ၊ ဖြစ်၏။ ဒုဟေတုကာပိ၊ ဒွိဟိတ်လည်းဖြစ်သော။ ပဋိသန္ဓိ၊

---

ကျမ်းတက် ၁။ ဆိုအပ်ပြီးသော အစီရင်သည် ပဋိသန္ဓေ,ပဝတ္တိတို့၏ အထူးမရှိသဖြင့်လော၊ ထိုသို့မဟုတ် ပဝတ္တိအစွမ်းဖြင့်လောဟု ဆိုအံ့၊ ပဝတ္တိအစွမ်းဖြင့်သာတည်း၊ ပဋိသန္ဓေ၌ကား ဤသို့ထူးသည်ဟု ပြ(လို)သည်ဖြစ်၍ တိဟေတုကေန အစရှိသည်ကို မိန့်။

(တိဟိတ်ဥက္ကဋ္ဌကံကြောင့် တိဟိတ် ပဋိသန္ဓေဖြစ်သည်၊ တိဟိတ် ဩမကကံကြောင့်ရင်း, ဒွိဟိတ် ဥက္ကဋ္ဌကံကြောင့်ရင်း ဒွိဟိတ်ပဋိသန္ဓေဖြစ်သည်၊ ဒွိဟိတ် ဩမကကံကြောင့် အဟိတ် ပဋိသန္ဓေ ဖြစ်သည်၊ ဤသို့ ထူးသည်ဟူလို။ ရင်းဋီကာသစ်၊ဒု၊နှာ-၂၉။)

ပဋိသန္ဓေသည်။ ဟောတေ၊ ဖြစ်သည်သာလျှင်ကတည်း။ အဟေတုကာ၊ အဟိတ်ဖြစ်သော။ ပဋိသန္ဓိ၊ ပဋိသန္ဓေသည်။ န စ နေဝ ဟောတိ၊ မဖြစ်[၁]။

**ဒွိဟိတ်ကံကြောင့်ဖြစ်သော ပဋိသန္ဓေများ**

၁၀၃။ ဒုဟေတုကေန၊ ဒွိဟိတ်ဖြစ်သော။ ကမ္မေန၊ ကံဖြင့်။ ဝါ၊ ကံကြောင့်။ ဒုဟေတုကာ၊ ဒွိဟိတ်ဖြစ်သော။ ပဋိသန္ဓိ၊ ပဋိသန္ဓေသည်ငှင်း။ အဟေတုကာပိ၊ အဟိတ်လည်းဖြစ်သော။ ပဋိသန္ဓိ၊ ပဋိသန္ဓေသည်ငှင်း။ ဟောတေ၊ ဖြစ်သည်သာလျှင်ကတည်း။ တိဟေတုကာ၊ တိဟိတ်ဖြစ်သော။ ပဋိသန္ဓိ၊ ပဋိသန္ဓေသည်။ န စ နေဝ ဟောတိ၊ မဖြစ်သည်သာလျှင်ကတည်း[၂]။

## တိပိဋကစူဠနာဂထေရ်ဝါဒ

**(၈) သင်္ခါရိကကံ အကျိုးပေးပုံ**

၁၀၄။ အသင်္ခါရံ၊ အသင်္ခါရိက ကံသည်။ အသင်္ခါရံပိ၊ အသင်္ခါရိကလည်း ဖြစ်သော။ ဖလံ၊ အကျိုးကို။ ဒေတိ၊ ပေး၏။ သသင်္ခါရမ္ပိ၊ သသင်္ခါရိကလည်း ဖြစ်သော။ ဖလံ၊ အကျိုးကို။ ဒေတိ၊ ပေး၏။ သသင်္ခါရံ၊ သသင်္ခါရိကကံသည်။ အသင်္ခါရံပိ၊ အသင်္ခါရလည်း ဖြစ်သော။ ဖလံ၊ အကျိုးကို။ ဒေတိ၊ ပေး၏။ တထာ၊ ထို့အတူ။ သသင်္ခါရံပိ၊ သသင်္ခါရလည်းဖြစ်သော။ ဖလံ၊ အကျိုးကို။ ဒေတိ၊ ပေး၏။

---

၁။ ဉာဏ်သည် ဇစ္စန္ဓအစရှိသော ဝိပတ္တိ၏ အကြောင်းဖြစ်သော မောဟ၏ငှင်း, အလုံးစုံသောအကုသိုလ်၏ငှင်း ပဋိပက္ခဖြစ်၏၊ ထို့ကြောင့် ထိုဉာဏ်နှင့်ယှဉ်သော ကံသည် ဇစ္စန္ဓအစရှိသောဝိပတ္တိ၏ အကြောင်းမဖြစ်၊ (သို့ဖြစ်၍) တိဟိတ်ကံသည် အလွန် အားနည်းသော်လည်း ဒုဟိတ်ပဋိသန္ဓေကိုသာ ကောက်၏၊ အဟိတ် (ပဋိသန္ဓေ)ကို မကောက်ဟု ပြခြင်းငှါ န စ **ဟောတိ အဟေတုကာ** မိန့်။

၂။ ပဋိသမ္ဘိဒါမဂ်၌ သုဂတိ၌ ဇစ္စန္ဓ, ဗဓိရအစရှိသော ဝိပတ္တိကြောင့် အဟိတ်ပဋိသန္ဓေကို ကြည့်၍ ဂတိသမ္ပတ္တိ၌ သဟိတ်ပဋိသန္ဓေကို ပြတော်မူသော အရှင်သာရိပုတ္တရာသည် "ဂတိသမ္ပတ္တိယာ ဉာဏသမ္ပယုတ္တေ"အစရှိသည်ဖြင့် ဇောခဏ၌ သုံးပါးသောဟိတ်တို့၏ အကြောင်းကြောင့် ဉာဏသမ္ပယုတ်ဝိပါက်ဖြစ်ခြင်းကို မိန့်အပ်၏၊ ဇောခဏ၌ နှစ်ပါးသော (အလောဘ, အဒေါသ)ဟိတ်တို့၏ အကြောင်းကြောင့် မမိန့်အပ်၊ ထို့ကြောင့် တိဟိတ်ကံကြောင့်သာ တိဟိတ်ပဋိသန္ဓေဖြစ်၏၊ ဒုဟိတ်ကံကြောင့် မဖြစ်ဟု ပြခြင်းငှါ ဒုဟေတုကေန။ပ။ န စ **ဟောတိ တိဟေတုကာ**ဟု မိန့်။

**စေတနာတပါးက ဝိပါက် ၁၆-ပါးကို ဖြစ်စေခြင်း**

၃၀၅။ ဧတ္ထ=ဧတာသု စေတနာသု၊ ဤစေတနာတို့တွင်။ ကောဃ၊ တခုသော။ ကုသလာဃ စေတနာဃ စ၊ ကုသိုလ်စေတနာ၏လည်း။ ဝါ၊ စေတနာ၌လည်း။ သောဠသဝိဓာ၊ တဆဲ့ခြောက်ပါး အပြားရှိကုန်သော။ ဝိပါကစိတ္တာနိ၊ ဝိပါက်စိတ်တို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ပကာသယေ=ပကာသေယျ၊ ပြရာ၏။

**အာရုံအားလျော်စွာ ဝေဒနာဖြစ်ခြင်း**

၃၀၆။ အာရမ္မဏေန၊ ဣဋ္ဌ အစရှိသော အာရုံဖြင့်။ ဝေဒနာပရိဝတ္တနံ၊ ထိုထို အာရုံအားလျော်စွာ သောမနဿ အစရှိသော ဝေဒနာ၏ ပြန်ခြင်းသည် (အပြန်အလှန် ပြောင်းလဲ၍ ဖြစ်ခြင်းသည်)။ ဟောတေဝ၊ ဖြစ်သည်သာလျှင်ကတည်း[၁]။

---

**အာရုံအားလျော်စွာဝေဒနာဖြစ်ပုံ** ၁။ ဤ စကားအစဉ်ကိုလည်း ကုသလဝိပါက်သန္တီရဏ, တဒါရုံတို့ကို ရည်၍ ဆိုသည်။ ထို ကုသလဝိပါက်သန္တီရဏ, တဒါရုံတို့သည် ဣဋ္ဌာရုံ၌ သောမနဿသဟဂတ, ဣဋ္ဌမဇ္ဈတ္တာရုံ၌ ဥပေက္ခာသဟဂတ ဖြစ်ကုန်၏။ အကုသလဝိပါက်သန္တီရဏ, တဒါရုံသည်ကား အနိဋ္ဌ,အနိဋ္ဌ မဇ္ဈတ္တအာရုံ၌ ဥပေက္ခာသဟဂတ သာ၊ ဒွေပဉ္စဝိညာဉ်,သမ္ပဋိစ္ဆိုင်းတို့၌လည်း ဣဋ္ဌအစရှိသော အာရုံတို့၌ ဥပေက္ခာသဟဂတ သာ၊ ကာယဝိညာဉ်သည် ဣဋ္ဌာရုံအစရှိသည်တို့၌ သုခသဟဂတ၊ အနိဋ္ဌာရုံအစရှိသည်တို့၌ ဒုက္ခသဟဂတတည်း။ (အဘိဓမ္မာဝတာရဋီသစ်၊ဒု၊နှာ-၃၄။)

**ဝိပါကကထာ မာတိကာ ၁၀-ပါး ကျမ်းတက်။** ။ ထိုပါဠိတို့တွင် အားထုတ်အပ်သော ဝိပါက ကထာ၏ မူလကာရဏဖြစ်သည်၏ အဖြစ်ကြောင့် ဧကူနတိံသ ကမ္မာနိ ဟူ၍ ပဌမ ကမ္မဝဝတ္ထာနကို ပြုသည်။

ကံကို ဆိုသည်ရှိသော် ဝိပါက ကထာ၏ တည်ရာဖြစ်သော ဝိပါက်ကိုလည်း ဆိုအပ်သောကြောင့် ပါကာ ဒွတ္တိံသ ဒဿိတာ ဟု ဒုတိယ ဝိပါကဝဝတ္ထာနကို ပြုသည်။

ကံဝိပါက်တို့၏ အဒ္ဓါရတို့၌ မထင်ခြင်းကြောင့် တီသု။ပ။ဒိဿရေ ဟု တတိယ ကမ္မဒွါရ, ဝိပါကဒွါရတို့ကို မိန့်သည်။

ကံ,ဝိပါက်တို့ကို ဆိုသော ပသင်္ဂ၌သာလျှင် တခုသောကံ၏သာ ထိုထို အကြောင်းကိုစွဲ၍ များစွာသောအကျိုးကို ပြီးစေခြင်းကို ပြခြင်းငှါ ကုသလံ။ပ။ဝိဝိခံ ဖလံ ဟု စတုတ္ထ (၄-ကြိမ်မြောက်) ကာမာဝစရကုသိုလ်၏ ပဝတ္တိပဋိသန္ဓေတို့၌ အထူးထူးသော အကျိုးကို ပြီးစေခြင်းကို မိန့်သည်။

ဤသို့ မိန့်သည်ရှိသော် ပဝတ္တိ ပဋိသန္ဓေတို့၏ ရအပ်သော ဝိပါက်၏ အစွမ်းဖြင့် ဆိုအပ်သည်၏အဖြစ်ကို မသိကုန်၍ တယော ကမ္မဿ ဝိပါကာဝသေသေန ဟူ၍၎င်း, ကော ပုဗ္ဗံ စဇိတွာန အသီတိကပ္ပကောဋိယော ဒုဂ္ဂတိံ နာဘိဇာနာမိ ဟူ၍၎င်း၊ ဤသို့ အစရှိသော ပါဠိ၏သဒ္ဒါအရိပ်ဖြင့် အနက်ကိုယူ၍ ပေးအပ်သော ပဋိသန္ဓေရှိသည်လည်းဖြစ်သော စေတနာ၏ တဖန် ပဋိသန္ဓေပေးခြင်းကို အောက်မေ့ကုန်ရာသောကြောင့် ကောဃ။ပ။ပကာသိတာ

ဇောဖြင့်တဒါရုံကိုမှတ်ခြင်း။ ။တဒါရမ္မဏစိတ္တမ္ပိ၊ တဒါရုံစိတ်ကိုလည်း။ ဇဝနေန၊ ဇောဖြင့်။ အဋ္ဌကထာယံ၊ အဋ္ဌကထာ၌။ နိယာမိတံ၊ မှတ်အပ်၏[၁]။

---

ဟု ပဥ္စမ (၅-ကြိမ်မြောက်) တခုသောကံကြောင့် တခုသာဖြစ်သော ပဋိသန္ဓေဖြစ်ခြင်းကို မိန့်သည်။

တခုသော ဘဝ၌ အထူးထူးသော ကံ၏အကျိုးဖြစ်ခြင်းကို ကြားနာကုန်သော သူတို့သည် "ဒိသွာ ကုမာရံ သတပုညလက္ခဏံ"အစရှိသော ပါဠိ၏အနက်ကို မသိကုန်၍ အထူးထူးသော ကံကြောင့် တခုသော ပဋိသန္ဓေသာ ဖြစ်သည်ကို ကြံကုန်ရာ၏ဟု နှလုံးပြု၍ **နာနာ**။ပ။ **ပဋိသန္ဓိယောဟု** ဆဋ္ဌမ (၆-ကြိမ်မြောက်) အထူးထူးသောကံ၏ အထူးထူးသော ပဋိသန္ဓေ ပေးခြင်းကို မိန့်သည်။

ထိုသို့သော အခြင်းအရာဖြင့် အကျိုးကို ဖြစ်စေသော တခုသောကံ၏ သောဠသဝိပါက, ဒွါဒသကမဂ္ဂ,အဟေတုကဋ္ဌကဟူသော ဤဝိပါက ဝိဘာဂသည် ဟေတုဘေဒအားဖြင့် ဖြစ်၏ဟု ပြခြင်းငှါ **တိဟေတုကံ** ။ပ။ **န စ ဟောတိ တိဟေတုကာ** ဟု သတ္တမ (၇-ကြိမ်မြောက်) အဋ္ဌကထာ၌လာသော ဟေတုကိတ္တန ကို ပြသည်။

ထိုဟေတုကိတ္တနသည် တခု တခုသော ကံ၏ ဝိပါက ဝိဘာဂကို ပြခြင်းအကျိုးရှိသော ကြောင့် ထို ဟေတုကိတ္တနကို ယခုအခါ တိပိဋကစူဠနာဂ,မောရဝါပိဝါသိမဟာဒတ္တ,တိပိဋက မဟာဓမ္မရက္ခိတ မထေရ်သုံးပါး အယူတို့တွင် "ကောယ စေတနာယ ဒွါဒသဝိပါကာနိ ဒွေတ္တဝ ဒသကမဂ္ဂေါ အဟေတုကဋ္ဌကမ္ပိ"ဟုလာသော ဒုတိယထေရဝါဒ၏ရင်း,"ကောယ စေတနာယ ဒသဝိပါကာနိ ဒွေတ္တဝ အဟေတုကဋ္ဌကမ္ပိ"ဟု လာသော တတိယထေရဝါဒ၏ရင်း ကောင်းစွာ မတည်သည်၏အဖြစ်ကြောင့် ကောင်းစွာတည်သော ပဌမထေရဝါဒ၏ အစွမ်းဖြင့် ပြခြင်းငှါ ဝိပါက်တို့၌ သင်္ခါရအစီအရင်သည် ပစ္စယ၏အစွမ်းဖြင့် ဖြစ်၏၊ ကံ၏အစွမ်းဖြင့် မဖြစ်ဟု ပြခြင်းငှါ အဋ္ဌမ (၈-ကြိမ်မြောက်)အသင်္ခါရမသင်္ခါရံ အစရှိသည်ဖြင့် ကံနှင့်မတူသည်ကို ပြု၍ သင်္ခါရ, အသင်္ခါရအပြားကို မိန့်သည်။

ကံ၏ သောမနဿသဟဂတ,ဥပေက္ခာသဟဂတဖြစ်သော်လည်း အာရုံ၏ အစွမ်းအားဖြင့် သာ ဝိပါက်ဝေဒနာ၏ ပြန်ခြင်းကို ပြခြင်းငှါ **အာရမ္မဏေန** ။ပ။ **ပရိဝတ္တနံ** ဟု နဝမ (၉-ကြိမ်မြောက်)အာရုံဖြင့် ဝေဒနာပြန်ခြင်းကို မိန့်သည်။

ကံ၏အစွမ်း,အာရုံ၏ အစွမ်းအားဖြင့် အနိယတဖြစ်သော တဒါရုံကို ဇော၏အစွမ်းဖြင့် မှတ်ခြင်းကို ပြခြင်းငှါ **တဒါရမ္မဏံ** ။ပ။ **နိယာမိတံ** ဟု ဒသမ (၁၀-ကြိမ်မြောက်) ဇောဖြင့် တဒါရမ္မဏနိယမကို မိန့်သည်။ (အဘိဓမ္မာဝတာရ၊ ဋီကာသစ်၊ဒု၊နှာ ၂၆-၇။)

၁။ (ဇောဖြင့် တဒါရုံကို မှတ်အပ်၏ဟူသော စကားကို ကုသိုလ်ဇောကို ရည်ရွယ်၍ ဆိုထားခြင်း ဖြစ်သည်။

ဍုဋ္ဌာရုံ၌ သောမနဿကုသိုလ်ဇောနောင် (ကုသလဝိပါက်) သောမနဿတဒါရုံ ၅-ခု ဖြစ်သည်၊ ဍုဋ္ဌမဇ္ဈတ္တာရုံ၌ ဥပေက္ခာကုသိုလ်ဇောနောင် (ကုသလဝိပါက်) ဥပေက္ခာ တဒါရုံ ၅-ခုဖြစ်သည်။ (မူအားဖြင့် သောမနဿဇောနောင် သောမနဿ ဥပေက္ခာ တဒါရုံတို့ ဖြစ်နိုင်သည်။ ဥပေက္ခာဇောနောင် သောမနဿဥပေက္ခာတဒါရုံတို့ ဖြစ်နိုင်သည်။ ဒေါမနဿ

## တိဟိတ်ကံကြောင့် တိဟိတ်ပဋိသန္ဓေဖြစ်ပုံ

**ပဌမမဟာဝိပါက် ပဋိသန္ဓေပုဂ္ဂိုလ်၏ စက္ခုဒွါရ ဝီထိဖြစ်ပုံ**

၃၈၇။ အာဒိနာ ကုသလေန၊ ပဌမကုသိုလ်ဖြစ်သော။ ကာမာဝစရစိတ္တေန၊ ကာမာဝစရစိတ် (သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်)နှင့်။ တုလျေန၊ တူသော။ ပါကစိတ္တေန၊ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာဝိပါက်စိတ်ဖြင့်။ ယေန သတ္တေန၊ အကြင်သတ္တဝါသည်။ ပဋိသန္ဓိ၊ ပဋိသန္ဓေကို။ ဂဟိတာ၊ ယူအပ်၏။

၃၈၈။ ဣဋ္ဌေ၊ အလိုရှိအပ်သော။ ဗလဝါရမ္မဏေ၊ အတိမဟန္တာရုံသည်။ တဿ သတ္တဿ၊ ထိုသတ္တဝါ၏။ စက္ခုဿ၊ စက္ခုဒွါရအား။ အာပါထမာဂတေ၊ လျောက်ပတ်သော အရပ်၌တည်သောအားဖြင့် ထင်ခြင်းသို့ ရောက်သည်ရှိသော်။ တဒါယ မနောဓာတုယာ၊ ထိုကြိယာမနောဓာတ်(ပဉ္စဒွါရာဝဇ္ဇန်း)သည်။ ဘဝင်္ဂံ၊ ဘဝင်ကို။ အာဝဋ္ဋိတေ၊ လည်စေသည်

---

ဇောနောင် ဥပေက္ခာတဒါရုံသာ ဖြစ်နိုင်သည်။ ယခုကျမ်း၌ အသေးစိတ် ပြထားခြင်း ဖြစ်သည်။)

ဣဋ္ဌာရုံ၌ လောဘမူ သောမနဿဇောနောင် အဟိတ်ကုသလဝိပါက် သောမနဿတဒါရုံ ဖြစ်သည်၊ ဣဋ္ဌမဇ္ဈတ္တာရုံ၌ လောဘမူဥပေက္ခာဇောနောင် အဟိတ်ကုသလဝိပါက် ဥပေက္ခာတဒါရုံဖြစ်သည်၊ အနိဋ္ဌာရုံ၌ လောဘမူဇောနောင် အကုသလဝိပါက် တဒါရုံဖြစ်သည်။ (ဣဋ္ဌာရုံ၌ ကုသလဝိပါက်သာ ဖြစ်၍ အနိဋ္ဌာရုံ၌ အကုသလဝိပါက်သာ ဖြစ်သည်။)

ဣဋ္ဌာရုံ၌ မောဟမူဇောနောင် အဟိတ်ကုသလဝိပါက် သောမနဿတဒါရုံ ဖြစ်သည်၊ ဣဋ္ဌမဇ္ဈတ္တာရုံ၌ မောဟမူဇောနောင် အဟိတ်ကုသလဝိပါက် ဥပေက္ခာတဒါရုံ ဖြစ်သည်၊ အနိဋ္ဌာရုံ၌ မောဟမူဇောနောင် အကုသလဝိပါက် တဒါရုံဖြစ်သည်။

ဒေါသမူဇောနောင် အကုသလဝိပါက် တဒါရုံဖြစ်သည်။

သောမနဿကြိယာဇောနောင် သောမနဿတဒါရုံ ဖြစ်သည်၊ ဥပေက္ခာကြိယာဇောနောင် ဥပေက္ခာတဒါရုံ ဖြစ်သည်ဟူလို။ အဘိဋ္ဌ၊၁၊နှာ-၃၁၇။ သင်္ဂဟ၊နှာ-၂၅-၇။)

(ကာမကုသိုလ်, ကြိယာ ဉာဏသမ္ပယုတ် ၈-ခုတို့သည် တိဟိတ်ဇော မည်ကုန်သည်၊ ကာမကုသိုလ်, ကြိယာ ဉာဏဝိပ္ပယုတ် ၈-ခုတို့ကို ဒွိဟိတ်ဇော-ဟု ခေါ်သည်။ အကုသိုလ် ၁၂, ဟသိတုပ္ပါဒ်စိတ်ကို အဟိတ်ဇောဟု ခေါ်သည်။ အကုသိုလ် ၁၂-ခုကို ကုသိုလ်ဟိတ် မရှိသဖြင့် အဟိတ်ဟု ဆိုထားခြင်း ဖြစ်သည်။ တိဟိတ်ဇောနောင် တိဟိတ်တဒါရုံ, ဒွိဟိတ်ဇောနောင် ဒွိဟိတ်တဒါရုံ, အဟိတ်ဇောနောင် အဟိတ်တဒါရုံ ဖြစ်သည်။ ရှင်းဋီကာသစ်၊ ဒု၊နှာ-၃၅။)

ရှိသော်။ ဝါ၊ အစဥ်အားဖြင့် ဖြစ်စိမ့်သောငှါ မပေးမူ၍ နှစ်စေသည် ရှိသော်။

၁၇၉။ စက္ခုဝိညာဏကာဒီသု၊ စက္ခုဝိညာဥ်အစရှိကုန်သော။ ဝီထိစိတ္တေသု၊ ဝီထိစိတ်တို့သည်။ ဇာတေသု၊ ဖြစ်ကုန်သည်ရှိသော်။ ပဌမံ ကာမမာနသံ၊ ပဌမကာမာဝစရစိတ် (သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်)သည်။ ဇဝနံ၊ ဇောသည်။ ဟုတွာ၊ ဖြစ်၍။ စေဇာယတေ၊ အကယ်၍ ဖြစ်အံ့။

**ပဌမ မဟာကုသိုလ် သောမနဿဇောနောင် တဒါရုံ ကျပုံ**

၁၈ဝ။ သတ္တက္ခတ္တုံ၊ ခုနစ်ကြိမ်။ ဇဝိတွာန၊ စော၍။ ပဌမေ ကုသလေ၊ ပဌမကုသိုလ်စိတ် (သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်အသင်္ခါရိကစိတ်)သည်။ ဂတေ၊ ချုပ်သည်ရှိသော်။ တဒေဝ၊ ထိုဇောသည် ခံစားအပ်သော ဣဋ္ဌာရုံကိုသာလျှင်။ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ ပုန၊ တဖန်။ တေနေဝ၊ ထိုဇောဖြစ်၍ချုပ်သော ကာမာဝစရကုသိုလ်စိတ် (သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်)နှင့် သာလျှင်။ သဒိသံ၊ ဝေဒနာ, ဉာဏ်, သင်္ခါရတူသော။

**မူလဘဝင်မည်ပုံ**

၁၈၁။ တဒါရမ္မဏသညိတံ၊ တဒါရုံ အမည်ရှိသော။ ဝိပါကံ စိတ္တံ၊ (သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက)ဝိပါက်စိတ်သည်။ ဇာယတေ၊ ဖြစ်၏။ သန္ဓိယာ၊ ပဋိသန္ဓေနှင့်။ တုလျတော၊ အာရုံအားဖြင့် မတူသော်လည်း သောမနဿ-သဟဂတ အစရှိသည်ဖြင့် တူသည်၏ အဖြစ်ကြောင့်။ မူလဘဝင်န္တိ၊ မူလဘဝင်မည်၏ ဟူ၍။ ပဝုစ္စတေ[၁]၊ ဟောအပ်၏။

**ဝိပါက်စိတ် ၄-ပါး**

၁၈၂။ တွေ=ဣမေသု ဝီထိစိတ္တေသု၊ ဤဝီထိစိတ်တို့၌။ ဝါ၊ တို့တွင်။ တဒ္ဓ၊ ထို (သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကဝိပါက်) တဒါရုံငှင်း။ သန္တီရဏာဒ္ဓ၊

---

အမှာ　၁။ တဒါရမ္မဏသညိတံ ဆိုပြီး၍ မူလဘဝင်န္တိ ပဝုစ္စတေ ဟု ဆိုအပ်သည့် အဖြစ်ကြောင့် အမည်နှစ်ပါးကိုလည်း ဤ ဝိပါက်စိတ်အားဖြင့် ရအပ်၏ဟုပြသည်။

(ပဋိသန္ဓေဝိပါက်စိတ်နှင့် ဝေဒနာချင်း, ဉာဏ်ချင်း, သင်္ခါရချင်း တူသော တဒါရုံစိတ်ကို မူလဘဝင်ဟု ခေါ်သည်။)

ကုသလဝိပါက် သောမနဿသန္တီရဏာဝင်း။ ဒသာနဥ္စ၊ ကုသလဝိပါက် စက္ခု ဝိညာဉ်ဝင်း။ သမ္ပဋိစ္ဆနဥ္စ၊ ကုသလဝိပါက် သမ္ပဋိစ္ဆိုင်းဝင်း။ ဣတိ၊ ဤသို့။ ဂဏနူပဂစိတ္တာနိ၊ ဝိပါက်အရေအတွက်သို့ ရောက်ကုန်သော စိတ်တို့သည်။ စတ္တာရေဝ= စတ္တာရိ ဧဝ၊ လေးခုတို့သည်သာလျှင်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

**ဒုတိယ မဟာကုသိုလ် သောမနဿဇောနှောင် တဒါရုံကျပုံ**

၃၉၃။ ယဒါ၊ အကြင်အခါ၌။ တသောဝ သတ္တဿ၊ (ပထမ မဟာဝိပါက် အသင်္ခါရိကစိတ်နှင့် ပဋိသန္ဓေနေသော) ထို သတ္တဝါအားသာလျှင်။ ဒုတိယံ ကုသလံ စိတ္တံ၊ ဒုတိယကုသိုလ် (သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက) စိတ်သည်။ ဇဝနံ၊ ဇောသည်။ ဟောတိ၊ ဖြစ်၏။ တဒါ၊ ထိုအခါ၌။ တေန ဇဝနေန၊ ထိုဒုတိယ ကုသိုလ်ဇောနှင့်။ တုလျဝိပါကမ္ပိ၊ တူသော (သော-မနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက) ဝိပါက်သည်လည်း။ တဒါ-ရမ္မဏကံ၊ တဒါရုံသည်။ သိယာ၊ ဖြစ်ရာ၏။

**အာဂန္တုကဘဝင်နှင့် တဒါရုံမည်သောစိတ်**

၃၉၄။ တဿ တဒါရမ္မဏဿ၊ ထိုတဒါရုံ၏။ (ထည့်) သန္ဓိယာ၊ ပဋိသန္ဓေနှင့်။ အသမာနတ္တာ၊ အသင်္ခါရိကအဖြစ်ဖြင့် မတူသည်၏ အဖြစ်ကြောင့်။ အဿ အနေန ဝိပါကေန၊ ဤဒုတိယ(သောမနဿ သဟ ဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက) ဝိပါက်စိတ်သည်။ အာဂန္တုကဘဝင်န္တိ စ၊ အာဂန္တုကဘဝင်ဟူ၍ဝင်း။ တဒါရမ္မဏကန္တိ စ၊ တဒါရုံဟူ၍ဝင်း။ ဒွေ နာမာနိ၊ နှစ်ပါးသော အမည်တို့ကို။ လဗ္ဘရေ=လဗ္ဘန္တိ၊ ရအပ်ကုန်၏[၁]။

---

၁။ (သောမနဿပဋိသန္ဓေ စိတ်ရှိသူ၌ ဒေါမနဿဇော စောသည့်အခါ သောမနဿ တဒါရုံ မကျနိုင်၍ ဥပေက္ခာသန္တီရဏ ဝိပါက်စိတ်က ဘဝင်ကိစ္စတပ်ပြီးလျှင် ပေါ်လာရသည်၊ ဤ ဥပေက္ခာသန္တီရဏ ဝိပါက်စိတ်ကို အာဂန္တုကဘဝင်ဟု ခေါ်လေ့ရှိသည်။

အထူးမှတ်ချက်။ ။ယခုကျမ်း၌ ပြဆိုချက်—

(၁) ကုသိုလ်ဇောနှောင် ဖြစ်ပေါ်သော တဒါရုံဖြစ်စေ, ဘဝင်ဖြစ်စေ ပဋိသန္ဓေစိတ်နှင့် ဝေဒနာ, ဉာဏ်, သင်္ခါရ အားလုံးတူလျှင် မူလဘဝင်ဟု ခေါ်ရသည်။

(၂) ပဋိသန္ဓေစိတ်နှင့် ဉာဏ်, သင်္ခါရ, ဉာဏ်သင်္ခါရ မတူလျှင် အာဂန္တုက ဘဝင်ဟု ခေါ်ရသည်။

(၃) ပဋိသန္ဓေစိတ်နှင့် ဝေဒနာမတူလျှင် ပိဋ္ဌိဘဝင်ဟုခေါ်ရသည်။

(၄) အကုသိုလ်ဇောနှောင် ဖြစ်ပေါ်သော တဒါရုံနှင့် ဘဝင်စိတ်တို့ကိုလည်း ပဋိသန္ဓေ စိတ်နှင့် ဝေဒနာမတူလျှင် ပိဋ္ဌိဘဝင်ဟုပင် ခေါ်သည်။)

**တတိယ မဟာကုသိုလ် သောမနဿ ဇောနောင် တဒါရုံကျပုံ**

၃၉၅။ ယဒါ၊ အကြင်အခါ၌။ တဿေဝ သတ္တဿ၊ ထို သတ္တဝါအား သာလျှင်။ တတိယံ ပုညံ၊ တတိယမဟာကုသိုလ် သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်သည်။ ဇဝနံ၊ ဇောသည်။ ဟောတိ၊ ဖြစ်၏။ တဒါ၊ ထိုအခါ၌။ တေန ဇဝနေန၊ ထို တတိယမဟာကုသိုလ် သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကဇောနှင့်။ သဒိသံ၊ တူသော။ တတိယံ ပါကံ၊ တတိယမဟာဝိပါက် သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်သည်။ တဒါရမ္မဏကံ၊ တဒါရုံသည်။ သိယာ၊ ဖြစ်ရာ၏။

**အာဂန္တုကဘဝင်**

၃၉၆။ ဣဒမ္ပိ စ၊ ဤတတိယမဟာဝိပါက် သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်ကိုလည်း။ အာဂန္တုကဘဝင်္ဂန္တိ၊ အာဂန္တုကဘဝင်ဟူ၍။ ပဝုစ္စတိ၊ ဟောအပ်၏။ ပုရိမာနိ၊ ရှေး၌ဖြစ်ကုန်သော။ ပဉ္စပိ ဝိပါကာနိ၊ (ကုသလဝိပါက် စက္ခုဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သောမနဿသန္တီရဏ, ပဌမမဟာဝိပါက် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်, ဒုတိယမဟာဝိပါက် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ်အားဖြင့်) ငါးခုသော ဝိပါက်စိတ်တို့သည်။ ဣမိနာ၊ ဤတတိယမဟာဝိပါက် သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်နှင့်။ သဒ္ဓိံ၊ တကွ။ ဆ၊ ခြောက်ခုတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**စတုတ္ထ မဟာကုသိုလ် သောမနဿဇောနောင် တဒါရုံကျပုံ**

၃၉၇။ ယဒါ၊ ၌။ တဿေဝ သတ္တဿ၊ ထို သတ္တဝါအားသာလျှင်။ စတုတ္ထံ ကုသလံ၊ စတုတ္ထမဟာကုသိုလ် သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ်သည်။ ဇဝနံ၊ ဇောသည်။ ဟောတိ၊ ဖြစ်၏။ တဒါ၊ ထိုအခါ၌။ တေန ဇဝနေန၊ ထိုစတုတ္ထမဟာကုသိုလ် သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကဇောနှင့်။ တုလျံ၊ တူသော။ စတုတ္ထံ ပါကံ၊ စတုတ္ထ မဟာဝိပါက် သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ်သည်။ တဒါ-ရမ္မဏတံ၊ တဒါရုံအဖြစ်သို့။ ဝဇေ=ဝဇေယျ၊ ရောက်ရာ၏။

အာဂန္တုကဘဝင်　၃၉၈။ ဣဒမ္ပိ၊ ဤစတုတ္ထမဟာဝိပါက် သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ်သည်လည်း။ အာဂန္တုကဘဝင်္ဂံ၊ အာဂန္တုကဘဝင်ဟု ဆိုအပ်သော။ တဒါရမ္မဏနာမကံ၊ တဒါရုံအမည်ရှိသည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာနိ၊ ရှေး၌ဖြစ်ကုန်သော။ ဆ ဝိပါကာနိ၊ (ကုသလဝိပါက် စက္ခုဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သောမနဿသန္တီရဏ, မဟာဝိပါက် ပဌမ, ဒုတိယ, တတိယ စိတ်အားဖြင့်) ခြောက်ခုသော ဝိပါက်စိတ်တို့သည်။ ဣမိနာ၊ ဤစတုတ္ထမဟာဝိပါက် သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ်နှင့်။ သဒ္ဓိံ၊ တကွ။ သတ္တ၊ ခုနစ်ခုတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဥပေက္ခာ သန္တီရဏဖြစ်ပုံ　၃၉၉။ ယဒါ၊ အကြင်အခါ၌။ တသ္မိံ ဒွါရေ၊ ထို စက္ခုဒွါရ၌သာလျှင်။ ဣဋ္ဌမဇ္ဈတ္တာရမ္မဏံ ပန၊ ဣဋ္ဌမဇ္ဈတ္တာရုံသည်။ တထာ၊ ထို့အတူ။ အာပါထံ၊ ထင်ခြင်းသို့။ အာဂစ္ဆတိ၊ ရောက်၏။ တဒါ၊ ထိုအခါ၌။ ဝုတ္တနယေန၊ ဆိုအပ်ပြီးသောနည်းဖြင့်။ ဣဓ၊ ဤဣဋ္ဌမဇ္ဈတ္တာရုံ၌။

၄၀၀။ အာရမ္မဏဝသေနဝ၊ အာရုံ၏ အစွမ်းအားဖြင့်သာလျှင်။ ဝေဒနာ၊ သောမနဿဝေဒနာသည်။ ပရိဝတ္တတိ၊ ပြန်၍ ဥပေက္ခာဝေဒနာဖြစ်၏။ ဝါ-ဝေဒနာ ပရိဝတ္တတိ၊ ဣဋ္ဌမဇ္ဈတ္တာရုံ၏အစွမ်းဖြင့် ဝေဒနာပြန်၏။ တသ္မာ၊ ထို့ကြောင့်။ ဥပေက္ခာသဟဂတံ၊ ဥပေက္ခာသဟဂုတ်ဖြစ်သော။ သန္တီရဏံ မနော၊ သန္တီရဏစိတ်သည်။ ဟောတိ၊ ဖြစ်၏။

မဟာကုသိုလ် ဥပေက္ခာဇောနှောင် တဒါရုံကျပုံ　၄၀၁။ ဥပေက္ခာသဟိတေသွေဝ၊ ဥပေက္ခာ သဟဂုတ်သာလျှင် ဖြစ်ကုန်သော။ စတူသုပိ ဇဝနေသု၊ လေးခုသော ဇောစိတ်တို့သည်လည်း။ ဇဝိတေသု၊ စောကုန်သည်ရှိသော်။ တေဟိ၊ ထိုဇောစိတ်တို့နှင့်။ တုလျာနိ၊ တူကုန်သော။ စတ္တာရိ ပါကစိတ္တာနိ၊ လေးခုသော မဟာဝိပါက်စိတ်တို့သည်။ ဇာယရေ၊ တဒါရုံ၏ အဖြစ်ဖြင့် ဖြစ်ကုန်၏။

ပိဋ္ဌိဘဝင်မည်ပုံ　၄၀၂။ အစ္စန္တံ=ကေဝလံ၊ စင်စစ်သဖြင့်။ ဝေဒနာယ၊ ဥပေက္ခာဝေဒနာဖြင့်။ အသမာနတ္တာ၊ (ပဋ္ဌိ

သန္တေစိတ်က သောမနဿ, တဒါရုံဝိပါက်စိတ်က ဥပေက္ခာဖြစ်နေ၍ ဝေဒနာ အားဖြင့်)ပဋိသန္ဓေနှင့် မတူသည်၏အဖြစ်ကြောင့်။ ပုရိမေဟိ၊ ရှေးဆိုအပ် ပြီးသော (သောမနဿ) တဒါရုံလေးခုတို့၏ အပေါင်းမှ။ ဝါ၊ ရှေးဆိုအပ် ပြီးသော တဒါရုံစိတ်တို့နှင့်။ အသမာနတ္တာ၊ (ရှေးတဒါရုံဝိပါက်စိတ် ၄-ခု တို့က သောမနဿ,ယခု တဒါရုံဝိပါက်စိတ်တို့က ဥပေက္ခာဖြစ်နေ၍ ဝေဒနာ အားဖြင့်)မတူသည်၏အဖြစ်ကြောင့်။ စတ္တာရိ၊ လေးခုကုန်သော(ဥပေက္ခာ တဒါရုံ မဟာဝိပါက်)စိတ်တို့သည်။ နာမတော၊ အမည်အားဖြင့်။ ပိဋ္ဌိ-ဘဝင်္ဂါနီတိ စ ၁၊ ပိဋ္ဌိဘဝင် မည်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

၄၀၇။ ဣမာနိ ပဉ္စ ဝိပါကာနိ၊ ဤငါးမဇ္ဈတ္တာရုံ၌ ဆိုအပ်ကုန်သော ဥပေက္ခာ သန္တီရဏ, မဟာဝိပါက် ဥပေက္ခာ သဟဂုတ် ၄-ပါးအားဖြင့် ဤ ငါးခုသော ဝိပါက်စိတ်တို့သည်။ ပုရိမေဟိ၊ ရှေး၌ဖြစ်ကုန်သော။

---

အမှာ ၁။ စသဒ္ဒါဖြင့် အာဂန္တုကဘဝင်တို့ဟူ၍၎င်း တဒါရုံတို့ဟူ၍၎င်း ဖြစ်ကုန်၏ဟု ပြသည်။

(ကာမတိဟိတ် သောမနဿ ပဋိသန္ဓေပုဂ္ဂိုလ်၏ မဟာကုသိုလ်ဥပေက္ခာဇောစောသော စက္ခုဒွါရဝီထိ၌ ဥပေက္ခာဇောနောင် မဟာဝိပါက် ဥပေက္ခာစိတ် ၄-ပါးသည် တဒါရုံအဖြစ် ကျသော် ယင်းဥပေက္ခာစိတ် ၄-ပါးသည် မူလ သောမနဿ ပဋိသန္ဓေနှင့်၎င်း, ယင်းပုဂ္ဂိုလ်၏ မဟာကုသိုလ် သောမနဿဇောနောင် ကျခဲ့သော သောမနဿတဒါရုံနှင့်၎င်း ဝေဒနာ ချင်း မတူသောကြောင့် ပိဋ္ဌိဘဝင်လည်း မည်သည်။

မူလပဋိသန္ဓေနှင့် သမ္ပယုတ်အားဖြင့်၎င်း, သင်္ခါရအားဖြင့်၎င်း,သမ္ပယုတ်သင်္ခါရအားဖြင့် ၎င်း မတူသောကြောင့် အာဂန္တုက ဘဝင်ဟုလည်း ခေါ်သည်။

ထို့ကြောင့် မဟာကုသိုလ် ဥပေက္ခာဇောနောင် တဒါရုံအဖြစ် ကျသော မဟာဝိပါက် ဥပေက္ခာစိတ် ၄-ပါးသည် တဒါရုံ, အာဂန္တုကဘဝင်, ပိဋ္ဌိဘဝင်ဟူသော အမည် ၃-မျိုး ရသည်၊ ၎င်းဋီကာဟောင်း၊နှာ-၇၄။အဘိ၊ဌ၊၁၊နှာ-၃၁၁။

တနည်း—ကာမတိဟိတ် သောမနဿ ပဋိသန္ဓေပုဂ္ဂိုလ်၏ မဟာကုသိုလ် ဥပေက္ခာဇော နောင်ကျသော မဟာဝိပါက် ဥပေက္ခာတဒါရုံစိတ် ၄-ပါးကို ယင်းပုဂ္ဂိုလ်၏ မဟာကုသိုလ် သောမနဿဇောနောင် ကျသော သောမနဿတဒါရုံ၏ နောက်၌ဖြစ်သောကြောင့် ပိဋ္ဌိ ဘဝင်ဟုလည်း ခေါ်သည်။

သောမနဿပဋိသန္ဓေပုဂ္ဂိုလ်မှာ သောမနဿတဒါရုံ ရှေးဦးစွာဖြစ်သည်၊ ထို့နောင်မှ အာရုံအားလျော်စွာ ဥပေက္ခာတဒါရုံ ဖြစ်သည်၊ ဥပေက္ခာပဋိသန္ဓေပုဂ္ဂိုလ်မှာ ဥပေက္ခာ တဒါရုံ ရှေးဦးစွာဖြစ်၍ ထို့နောင်မှ အာရုံအားလျော်စွာ သောမနဿ တဒါရုံ ဖြစ်သည်။

ယင်းသို့ သောမနဿ, ဥပေက္ခာ တဒါရုံ ၂-မျိုးသည် တဝီထိစီ ဖြစ်သော်လည်း ပုဂ္ဂိုလ် တဦးတည်း၏ သန္တာန်၌ ဖြစ်ပုံကိုစွဲ၍ ပုဂ္ဂိုလ်အလိုက် နောက်ဖြစ်သော တဒါရုံကို ပိဋ္ဌိဘဝင် ဟု ဆိုထားခြင်း ဖြစ်သည်၊ အဘိဓမ္မာဝတာရဋီကာဟောင်း၊နှာ-၇၄။)

သတ္တဟိ၊ ဤ၃ာရုံ၌ ဆိုအပ်ကုန်သော (ကုသလဝိပါက် စက္ခုဝိညာဉ်, သမ္ပ-ဋိစ္ဆိုင်း, သောမနဿသန္တီရဏ, မဟာဝိပါက် သောမနဿ သဟဂုတ်စိတ် ၄-ပါးအားဖြင့်) ခုနစ်ခုသော ဝိပါက်စိတ်တို့နှင့်။ သဒ္ဓိံ၊ တကွ။ ဒွါဒသ-ပါကာနိ၊ တဆဲ့နှစ်ခုသော ဝိပါက်စိတ်တို့သည်[၁]။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဝိနိဒ္ဒိသေ၊ ပြရာ၏။

ဝိပါက်စိတ် ၆၀ ၄၀၄။ စက္ခုဒွါရေ၊ စက္ခုဒွါရ၌။ ဒွါဒသပါကာနိ၊ တဆဲ့နှစ်ခုသော ဝိပါက်စိတ်တို့သည်။ ဘဝန္တိ ယထာ၊ ဖြစ်ကုန်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ သောတာဒီသုပိ၊ သောတဒွါရအစ ရှိသည်တို့၌လည်း။ ဒွါဒသ ဒွါဒသ ပါကာ၊ တဆဲ့နှစ်ခု တဆဲ့နှစ်ခုသော ဝိပါက်စိတ်တို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ဣမေ၊ ဤဝိပါက်စိတ်တို့သည်။ သမသဋ္ဌိ၊ အမျှခြောက်ဆယ်တို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

ကံတခုကြောင့် အကျိုးဝိပါက် ၆၀-ဖြစ်ခြင်း ၄၀၅။ ကောဃ၊တခုသော။စေတနာဃ၊ တိဟိတ် သောမနဿ သဟဂုတ် အသင်္ခါရိကစေတနာဖြင့်။ ကမ္မေ၊ ကံကို။ အာယူဟိတေ၊ အားထုတ်အပ်သည်ရှိသော်။ ဧဝံ၊ ဤဆိုအပ်ပြီးသော အပြားအားဖြင့်။ သမသဋ္ဌိ ဝိပါကာနိ၊ အမျှခြောက်ဆယ်သော ဝိပါက် စိတ်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ဣမသ္မိံ ဝစနေ၊ ဤစကား၌။ သံသ-ယော၊ ယုံမှားဘွယ်သည်။ နတ္ထိ၊ မရှိ။

ဝိပါက်စိတ် ၁၆-ပါး ၄၀၆။ ဧတ္ထ=ဧတေသု ဝိပါကေသု၊ ဤဝိပါက်စိတ် တို့၌။ ဝါ၊ တို့တွင်။ ဂဟိတာဂ္ဂဟဏေန၊ ယူအပ်ပြီးသော ဝိပါက်စိတ်တို့ကို မယူသဖြင့်။ စက္ခုဒွါရေသု၊ စက္ခုဒွါရတို့၌။ ဒွါဒသ စ၊ တဆဲ့နှစ်ခုသော စိတ်တို့ရင်း။ သောတဝိညာဏာဒီနိ၊ သောတ ဝိညာဉ်အစရှိကုန်သော။ စတ္တာရိ စ၊ လေးခုသော စိတ်တို့ရင်း။ ဣတိ၊ ဤသို့။ သောဠသ၊ တဆဲ့ခြောက်ခုသော ဝိပါက်စိတ်တို့သည်[၂]။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

---

၁။ (ကုသလဝိပါက် စက္ခုဝိညာဉ်, ကုသလဝိပါက် သမ္ပဋိစ္ဆိုင်း, ကုသလဝိပါက် သန္တီရဏ ၂-ပါး, မဟာဝိပါက် ၈-ပါး၊ ပေါင်း ၁၂-ပါး။)

၂။ (အဟိတ်ကုသလဝိပါက် ၈-ပါး, မဟာဝိပါက် ၈-ပါး၊ ပေါင်း ၁၆-ပါး။)

**ဒုတိယမဟာဝိပါက် ပဋိသန္ဓေ ပုဂ္ဂိုလ်၏ ပဋိသန္ဓိဒွါရဝိထိဖြစ်ပုံ**

၄၀၇။ သသင်္ခါရတိဟေတု ကုသလေနပိ၊ သသင်္ခါရိက တိဟိတ်သောမနဿ သဟဂုတ် ကုသိုလ်စိတ် ဖြင့်ရှင်း။ အသင်္ခါရ သသင်္ခါရုပေက္ခာသဟဂတေဟိပိ၊ အသင်္ခါရိက, သသင်္ခါရိက ဥပေက္ခာသဟဂုတ် ကုသိုလ်စိတ်တို့ဖြင့်ရှင်း။ ဧဝမေဝ၊ ဤအတူသာလျှင်။

၄၀၈။ ကမ္မေ၊ ကံကို။ အာယူဟိတေ၊ အားထုတ်အပ်သည်ရှိသော်။ တေသံ=တိဏ္ဏံ ကုသလာနံ၊ (တိဟိတ်သောမနဿသဟဂုတ် သသင်္ခါရိက ကုသိုလ်, တိဟိတ် ဥပေက္ခာသဟဂုတ် အသင်္ခါရိက, သသင်္ခါရိကကုသိုလ် အားဖြင့်) ထို သုံးခုသော ကုသိုလ်စိတ်တို့၏၊ ဝိပါကေဟိ၊ အကျိုးဖြစ်ကုန်သော။ တေဟိ တီဟိပိ၊ ထို သုံးခုသော ကုသိုလ်စိတ်တို့နှင့် တူကုန်သော (တိဟိတ် သောမနဿသဟဂုတ် သသင်္ခါရိကဝိပါက်, တိဟိတ်ဥပေက္ခာ သဟဂုတ် အသင်္ခါရိက, သသင်္ခါရိကဝိပါက်အားဖြင့်) သုံးခုသော ဝိပါက် စိတ်တို့သည်လည်း။ ဒိန္နာယ၊ ပေးအပ်သော။ ပဋိသန္ဓိယာ၊ ပဋိသန္ဓေ၌။ ဧသေဝ စ နယော၊ ဤနည်းကိုသာလျှင်။ ဇာနိတဗ္ဗော၊ သိအပ်၏။

**မှာထားချက်**

၄၀၉။ ဣဓ=ဣမသ္မိံ ဥပေက္ခာသဟိတဒွယေ၊ ဤ ဥပေက္ခာ သဟဂုတ် ပဋိသန္ဓေအစုံ၌။ ဣဋ္ဌမဇ္ဈတ္တဂေါစရဿ၊ ဣဋ္ဌမဇ္ဈတ္တာရုံ၏။ ဝသေန၊ အစွမ်းဖြင့်။ ပဌမံ၊ ရှေးဦးစွာ။ ပဝတ္တိံ၊ ဝိပါက် စိတ်တို့၏ ဖြစ်ခြင်းကို။ ဒဿေတွာ၊ ပြပြီး၍။

၄၁၀။ အထ ပစ္ဆာ[၁]၊ ထိုနောက်မှ။ ဣဓ=ဣမသ္မိံ ဣဋ္ဌသ္မိံ ဂေါစရေ၊ ဤ ဣဋ္ဌာရုံ၌။ ပဝတ္တိံ၊ ဝိပါက်စိတ်တို့၏ဖြစ်ခြင်းကို။ ဒဿေတဗ္ဗာ၊ ပြအပ် ၏။ ဧကေကသ္မိံ ဒွါရေ၊ တခုတခုသော ဒွါရ၌။ ဒွါဒသ ဒွါဒသေဝ၊ တဆဲ့ နှစ်ခု တဆဲ့နှစ်ခုသော ဝိပါက်စိတ်တို့သည်သာလျှင်။ ဘဝန္တိ၊ ဖြစ်ကုန်၏[၂]။

---

၁။ (ဆဋ္ဌမူ၌ တပစ္ဆာ ဟုရှိသည်၊ ထို ဣဋ္ဌမဇ္ဈတ္တာရုံ၏ နောက်၌ ဟုပေး။)

၂။ (ကာမတိဟိတ် သောမနဿ ပဋိသန္ဓေပုဂ္ဂိုလ်၏ ကုသိုလ်ဇော ဇောသော စက္ခုဒွါရဝိထိ၌ ရှေးဦးစွာ ဣဋ္ဌာရုံ၌ ဝိပါက်စိတ်တို့၏ ဖြစ်ခြင်းကိုပြသည်၊ ထိုနောင်မှ ဣဋ္ဌမဇ္ဈတ္တာရုံ၌ ဝိပါက်စိတ်ဖြစ်ပုံကို ပြသကဲ့သို့၊ ထို့အတူ ဤကာမတိဟိတ် ဥပေက္ခာ

**ဝိပါက်စိတ် ၁၆-ပါး**

၄၁၁။ တ္တေ=ဧတေသု ဝိပါကေသု၊ ဤဝိပါက်စိတ်တို့၌။ ဝါ၊ တို့တွင်။ ဂဟိတာဂ္ဂဟဏေန၊ ယူအပ်ပြီးသော ဝိပါက်စိတ်တို့ကို မယူသဖြင့်။ သောဠသပါကစိတ္တာနိ၊ (အဟိတ်ကုသလဝိပါက် ၈-ပါး, မဟာဝိပါက် ၈-ပါးအားဖြင့်) တဆဲ့ခြောက်ခုသော ဝိပါက်စိတ်တို့သည်။ ဟောန္တိ ၊ ဖြစ်ကုန်၏။ ပုဗ္ဗေ၊ ရှေး၌။ ဝုတ္တနယေနေဝ၊ ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်။ သဗ္ဗံ၊ အလုံးစုံသော စကားကို။ အသေသတော၊ အကြွင်းမရှိသောအားဖြင့်။ ဥေယျံ၊ သိအပ်၏။

၄၁၂။ တိဟေတုကေန ကမ္မေန၊တိဟိတ်ကံဖြင့်။ တိဟေတုကာ ပဋိသန္ဓိ၊ တိဟိတ်ပဋိသန္ဓေသည်။ ဘဝတိ၊ ဖြစ်၏။ ဣတိ အယံ ဝါရော၊ ဤဝါရကို။ တ္တောဝတာ၊ဤမျှအတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့်။ မယာ၊ ငါသည်။ ဝုတ္တော၊ ဆိုအပ်ပြီ။

(တိဟိတ်ကံကြောင့် တိဟိတ်ပဋိသန္ဓေဖြစ်ပုံ ပြီး၏။)

---

**ကံတခုက ပဋိသန္ဓေတခုဖြစ်စေခြင်းကို ဥပမာဖြင့်ပြပုံ**

၄၁၃။ ဧကံ၊ တခုသော။ ကမ္မံ၊ ကံသည်။ ဧကသ္မိံ ဘဝေ၊ တခုသောဘဝ၌။ ဧကံ၊ တခုသော။ သန္ဓိံ ၊ ပဋိသန္ဓေကို။ ဇနေတိ၊ ဖြစ်စေ၏။ တတော၊ ထိုပဋိ-

---

ပဋိသန္ဓေပုဂ္ဂိုလ်၏ စက္ခုဒွါရဝီထိ၌ ဣဋ္ဌမဇ္ဈတ္တာရုံ၌ ဝိပါက်စိတ်ဖြစ်ပုံကို ရှေးဦးစွာပြပြီး ထိုနောင်မှ ဣဋ္ဌာရုံ၌ ဝိပါက်စိတ်ဖြစ်ပုံကို ပြသည်။

စက္ခုဒွါရဝီထိစသော ပဉ္စဒွါရဝီထိ၌ အသီးသီး ဝိပါက်စိတ် ၁၂-ပါးစီ ဖြစ်သဖြင့် ကာမတိဟိတ် ဥပေက္ခာပဋိသန္ဓေပုဂ္ဂိုလ်၏ ပဉ္စဒွါရဝီထိ၌ ဝိပါက်စိတ်ပေါင်း ၆၀-ဖြစ်သည်။

ကာမတိဟိတ် သောမနဿ ပဋိသန္ဓေပုဂ္ဂိုလ်၏ ပဉ္စဒွါရဝီထိ၌ အသီးအသီး ဝိပါက်စိတ် ၁၂-ပါးစီ ဖြစ်သကဲ့သို့ ၎င်းပုဂ္ဂိုလ်၏ မနောဒွါရဝီထိ၌လည်း ကုသလဝိပါက် သန္တီရဏ ၂-ပါး, မဟာဝိပါက်စိတ် ၈-ပါး၊ ပေါင်း ဝိပါက်စိတ် ၁၀-ပါး ဖြစ်သည်၊ သို့ဖြစ်၍ ကာမတိဟိတ်သောမနဿ ပဋိသန္ဓေပုဂ္ဂိုလ်၏ ဆဒွါရ၌ ဝိပါက်စိတ်ပေါင်း ၇၀-ဖြစ်သည်။

ထို့အတူ ကာမတိဟိတ်ဥပေက္ခာပဋိသန္ဓေပုဂ္ဂိုလ်၏ ဆဒွါရ၌လည်း ဝိပါက်စိတ်ပေါင်း ၇၀-ပင်ဖြစ်သည်။ ၎င်းဋီကာသစ်၊ ဒု၊ နှာ-၄၈။)

သန္ဓေမှ။ ပရံ၊ တပါးသော ဒုတိယပဋိသန္ဓေကို။ န ဇနေတိ၊ မဖြစ်စေ။ ပဝတ္တိယံ၊ ပဝတ္တိအခါ၌။ အနေကာနိ၊ များစွာကုန်သော။ ဝိပါကာနိ၊ ဝိပါက်စိတ်တို့ကို။ သဉ္ဇနေတိ၊ ဖြစ်စေ၏။

၄၁၄။ ဟိသစ္စံ၊ မှန်၏။ ကေသွာ၊ တခုသော။ ဗီဇာ၊ မျိုးစေ့မှ။ ဧကံ၊ တခုသော။ အင်္ကုရံ၊ အညွန့်သည်။ ဇာယတေ၊ ဖြစ်၏။ အဿ ဣမဿ ဗီဇဿ၊ ဤမျိုးစေ့၏။ သုဗဟူနိ၊ အလွန်များစွာကုန်သော။ ဖလာနိ၊ အသီးတို့သည်။ ဟေတုပဝတ္တိတော၊ အကြောင်းဖြစ်ခြင်းကြောင့်။ ဟောန္တိ၊ ဖြစ်ကုန်၏။

## ဒွိဟိတ်ကံကြောင့် ဒွိဟိတ်ပဋိသန္ဓေဖြစ်ပုံ

**တတိယ မဟာဝိပါက်**
**ဒွိဟိတ်ပဋိသန္ဓေပုဂ္ဂိုလ်၏**
**စက္ခုဒွါရ ဝီထိဖြစ်ပုံ**

၄၁၅။ ဒုဟေတုကေန ကမ္မေန [၁]၊ ဒုဟိတ်ကံဖြင့်။ ဒုဟေတုကာ ပဋိသန္ဓိ၊ ဒုဟိတ်ပဋိသန္ဓေသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ အယံ ဝါရော၊ ဤ ဝါရသည်။ အနုပုဗ္ဗေန၊ အစဉ်သဖြင့်။ အာဂတော၊ ရောက်၏။

၄၁၆။ ဣဓ=ဣမသ္မိံ အဓိကာရေ၊ဤအရာ၌။ ဒုဟေတုကေန ပုညေန၊ ဒုဟိတ်ကုသိုလ်ဖြစ်သော။ သောမနဿယုတေန=သောမနဿယုတ္တေန၊ သောမနဿဝေဒနာနှင့် ယှဉ်သော။ အသင်္ခါရိကစိတ္တေန၊ အသင်္ခါရိကစိတ်ဖြင့်။ ကမ္မ၊ ကံကို။အာယူဟိတေ၊ အားထုတ်အပ်သည်ရှိသော်။

၄၁၇။ တေန၊ ထိုဒုဟိတ်သောမနဿသဟဂုတ် အသင်္ခါရိကစိတ်နှင့်။ တုလျေန၊ တူသော။ ပါကေန၊ (သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက)ဝိပါက်ဖြင့်။ ယေန သတ္တေန၊ အကြင်သတ္တဝါသည်။ ပဋိသန္ဓိ၊ ပဋိသန္ဓေကို။ ဂဟိတာ၊ ယူအပ်၏။ ဣဋ္ဌေ၊ ဣဋ္ဌဖြစ်သော။ အာရမ္မဏေ၊ အာရုံသည်။ တဿ သတ္တဿ၊ ထိုသတ္တဝါ၏။ (ထည့်) စက္ခုဒွါရေ၊ စက္ခုဒွါရ၌။ အာပါထမာဂတေ၊ ထင်ခြင်းသို့ ရောက်သည်ရှိသော်။

---

၁။ ယခုအခါ တိဟိတ်ဩမကကံဖြင့် ယူအပ်သော ဒုဟိတ်ပဋိသန္ဓေရှိသော ပုဂ္ဂိုလ်၏ ဝိပါကပဝတ္တိသည် ဒွိဟိတ်ဥက္ကဋ္ဌကံဖြင့် ယူအပ်သော ဒုဟိတ်ပဋိသန္ဓေရှိသော ပုဂ္ဂိုလ်၏ ဝိပါကပဝတ္တိနှင့်တူ၏ဟု ထိုဝိပါကပဝတ္တိကို ထား၍ ဒုဟိတ်ကံဖြင့် ယူအပ်သော ဒုဟိတ်ပဋိသန္ဓေရှိသော ပုဂ္ဂိုလ်အားသာ ဝိပါကပဝတ္တိကိုပြခြင်းငှါ ဒုဟေတုကေန ကမ္မေန အစရှိသည်ကို မိန့်။

၄၁၈။ သောမနဿ¹ယုတေ=သောမနဿယုတ္တေ၊ သောမနဿ ဝေဒနာနှင့်ယှဉ်သော၊ ဉာဏဟီနေ၊ ဉာဏဝိပ္ပယုတ်ဖြစ်သော။ တသ္မိံ ဒုဟေတုကေ ကုသလမာနသေ၊ ထို(သောမနဿသဟဂုတ် အသင်္ခါရိက) ဒုဟိတ် ကုသိုလ်စိတ်သည်။ သတ္တက္ခတ္တုံ၊ ခုနစ်ကြိမ်။ ဇဝိတ္ဝာန၊ စော၍။ ဂတေ၊ ချုပ်သည်ရှိသော်။

**ဒွိဟိတ် မဟာကုသိုလ် သောမနဿဇောနောင် တဒါရုံကျပုံ**

၄၁၉။ တဒေဝ၊ ထို (သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကကုသိုလ်) ဇောသည် ခံစားအပ်သော အာရုံကို သာလျှင်။ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ တဒနန္တရံ၊ ထိုဇော၏အခြားမဲ့၌။ တံသရိက္ခကံ၊ ထိုဇောနှင့်တူသော။ ဧကံ၊ တခုသော။ အသင်္ခါရိကမာနသံ၊ (သောမနဿသဟဂုတ် ဉာဏ ဝိပ္ပယုတ်)အသင်္ခါရိက ဝိပါက်စိတ်သည်။ စေ ဇာယတေ၊ အကယ်၍ဖြစ်အံ့။

**မူလဘဝင်နှင့် တဒါရုံ**

၄၂၀။ တံ စိတ္တံ၊ ထိုဒုဟိတ်အသင်္ခါရိကစိတ်သည်။ မူလဘဝင်္ဂန္တိ စ၊ မူလဘဝင်မည်သည်ရင်း။ တဒါရမ္မဏမိစ္စပိ=တဒါရမ္မဏံ ဣတိပိ၊ တဒါရုံမည်သည်ရင်း။ ဟောတိ၊ ဖြစ်၏။ ဥဘယမ္ပိ စ၊ နှစ်ပါးစုံသည်လည်း။ တဿေဝ၊ ထိုဒုဟိတ် အသင်္ခါရိကစိတ်၏သာလျှင်။ နာမံ၊ အမည်တည်း။ ဣတိ၊ ဤသို့။ ပရိဒီပိတံ၊ ပြအပ်၏။

**အာဂန္တုက ဘဝင်နှင့် တဒါရုံ**

၄၂၁။ ဒုဟေတုက သသင်္ခါရေ၊ ဒုဟိတ် သသင်္ခါရိကကုသိုလ်သည်။ ဇဝိတေပိ စ၊ စောသော်လည်း။ တံသမံ၊ ထိုစိတ်နှင့်တူသော။ အာဂန္တုကသင်္ခါတံ၊ အာဂန္တုကဟု ဆိုအပ်သော။ တဒါရမ္မဏမာနသံ၊ (သောမနဿ သဟဂုတ် ဒွိဟိတ် သသင်္ခါရိကဝိပါက်)တဒါရုံ စိတ်သည်။ ဟောတိ၊ ဖြစ်၏။

---

ကျမ်းတက် ၁။ ဒုဟိတ်ပဋိသန္ဓေရှိသော ပုဂ္ဂိုလ်အား ကာမာဝစရတိဟိတ် ဖြစ်သင့်သော်လည်း ကံနှင့်တူသော ဇောတို့ကို ပြခြင်းငှါ သောမနဿ၊ပ။ဒုဟေတုကေ မိန့်သည်။
တိဟိတ်ဇော၏ အဆုံး၌လည်း ထိုပုဂ္ဂိုလ်၏ ပဋိသန္ဓေကို ပေးသောကံသည် တိဟိတ်ဝိပါက်ကိုပေးခြင်း၌ မစွမ်းနိုင်၊ ထို့ကြောင့် တိဟိတ်တဒါရုံ မဖြစ်ခြင်းကြောင့်ရင်း, ဇော၏လည်း ကံနှင့် အသားတူသော ဟိတ်အစွမ်းဖြင့် ဒုဟိတ်ဖြစ်ခြင်းကြောင့်ရင်း ဒုဟိတ်တဒါရုံသာ ဖြစ်သည်။

**ဒွိဟိတ် ဥပေက္ခာဇောနှောင် တဒါရုံ ကျပုံ**

၄၂၂။ တထေဝ စ၊ ထို့အတူသာလျှင်။ ဉာဏမ္ပယုတ္တ ဂေါစရေ၊ ဉာဏမ္ပယုတ္တာရုံ၌။ ဒုဟေတူနံ၊ ဒုဟိတ်ဖြစ်ကုန်သော။ ဒွိန္နံ၊ နှစ်ခုကုန်သော။ ဥပေက္ခာယုတ္တာနံ၊ ဥပေက္ခာဝေဒနာနှင့် ယှဉ်ကုန်သော။ ဇဝနာနံ၊ (ဥပေက္ခာသဟဂုတ် ဒွိဟိတ် အသင်္ခါရိက, သသင်္ခါရိက)ဇောတို့၏။ အနန္တရံ၊ အခြားမဲ့၌။

၄၂၃။ တာဒိသာနိ၊ ထိုဇောတို့နှင့်တူကုန်သော။ ဒွေ၊ နှစ်ခုကုန်သော။ တဒါရမ္မဏမာနသာ၊ (ဥပေက္ခာသဟဂုတ် ဒွိဟိတ် အသင်္ခါရိက, သသင်္ခါ-ရိက) တဒါရုံစိတ်တို့သည်။ ဇာယန္တေ၊ ဖြစ်ကုန်၏။

**ပိဋ္ဌိဘဝင်, အာဂန္တုကဘဝင်နှင့် တဒါရုံ[1]**

တေသံ တဒါရမ္မဏမာနသာနံ၊ ထိုတဒါရုံစိတ်တို့၏။ ပိဋ္ဌိဘဝင်္ဂန္တိ နာမဉ္စ၊ ပိဋ္ဌိဘဝင်ဟူသော အမည် သည်ရင်း။ အာဂန္တုကန္တိ စ၊ အာဂန္တုက ဘဝင် ဟူသော အမည်သည်ရင်း။ ဟောတိ၊ ဖြစ်၏။

**ဝိပါက်စိတ် ၈-ပါး**

၄၂၄။ သန္တီရဏဒွယဉ္စေဝ၊ ကုသလဝိပါက် သန္တီရဏ နှစ်ခုတို့၏ အပေါင်းရင်း။ ဒဿနဉ္စ၊ ကုသလ ဝိပါက် စက္ခုဝိညာဉ်ရင်း။ သမ္ပဋိစ္ဆနဉ္စ၊ ကုသလဝိပါက် သမ္ပဋိစ္ဆိုင်းရင်း။ ဣမာနိ စ ဘဝင်္ဂါနိ၊ ဤလေးခုသော မူလ,အာဂန္တုက, ပိဋ္ဌိဘဝင် (မဟာ ဝိပါက် ဉာဏဝိပ္ပယုတ် ၄-ခု)တို့ရင်း၊ ဣတိ၊ ဤသို့။ အဋ္ဌ၊ ရှစ်ခုကုန်သော စိတ်တို့သည်[2]။ စက္ခုဒွါရေ၊ စက္ခုဒွါရ၌။ ဟောန္တိ၊ ဖြစ်ကုန်၏။

**ဝိပါက်စိတ်-၄၀**

၄၂၅။ ဧဝံ=ဣမိနာ ဝုတ္တပ္ပကာရေန၊ ဤသို့ ဆိုအပ်ပြီး သော အပြားအားဖြင့်။ ပဉ္စသုပိ စ ဒွါရေသု၊ ငါးဒွါရတို့၌လည်း။ အဋ္ဌ အဋ္ဌ၊ ရှစ်ခု ရှစ်ခုသော စိတ်တို့ကို။ ကတွာန၊ ပြု၍။ ပဝတ္တိယံ၊ ပဝတ္တိအခါ၌။ စတ္တာလီသ၊ လေးဆယ်ကုန်သော။ ဝိပါကာနိ၊ ဝိပါက်စိတ်တို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

---

၁။ (ပဋိသန္ဓေစိတ်နှင့် သင်္ခါရ, သမ္ပယုတ်, သမ္ပယုတ်-သင်္ခါရ မတူလျှင် အာဂန္တုက ဘဝင်ဟုခေါ်သည်။ ဝေဒနာမတူလျှင်မူ ပိဋ္ဌိဘဝင် ဟုခေါ်သည်။ အဋ္ဌသာလိနီ၊ အဘိဋ္ဌ၊ စာပိုဒ်၄၉၈၊ နှာ-၃၁၀-၃၁၁)

၂။ (အဟိတ်ကုသလဝိပါက် စက္ခုဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ ၂-ခု, မဟာဝိပါက် ဉာဏဝိပ္ပယုတ် ၄-ပါး၊ ပေါင်း ၈-ပါး။)

ဝိပါက်စိတ် ၁၂-ပါး ၄၂၆။ ဧတ္တ=ဧတေသု ဝိပါကေသု၊ ဤဝိပါက်စိတ်တို့၌။ ဝါ၊ တို့တွင်။ ဂဟိတာဂ္ဂဟဏေန၊ ယူအပ်ပြီးသော ဝိပါက်စိတ်တို့ကို မယူသဖြင့်။ စက္ခုဒွါရေ၊ စက္ခုဒွါရ၌။ အဋ္ဌ၊ ရှစ်ခုသော စိတ်တို့သည်။ သောတဃာနာဒိနာ၊ သောတဝိညာဉ်, ဃာနဝိညာဉ်အစရှိသည်နှင့်။ သဒ္ဓိံ၊ တကွ။ ဒွါဒသေဝ၊ တဆဲ့နှစ်ခုတို့သည်သာလျှင်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

၄၂၇။ ဧဝံ=ဣမိနာ ဝုတ္တပ္ပကာရေန၊ ဤသို့ ဆိုအပ်ပြီးသော အပြားအားဖြင့်။ ကောယ၊ တခုသော။ စေတနာယ၊ (မဟာကုသိုလ် ဒွိဟိတ်ဥက္ကဋ္ဌ)စေတနာဖြင့်။ ကမ္မေ၊ ကံကို။ အာယူဟိတေ၊ အားထုတ်အပ်သည်ရှိသော်။ ဒွါဒသ၊ တဆဲ့နှစ်ခုသာလျှင်ဖြစ်ကုန်သော[1]။ ဝိပါကာနိ၊ ဝိပါက်စိတ်တို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ပကာသိတံ၊ ပြအပ်၏။

၄၂၈။ သေသေန၊ ဆိုအပ်ပြီးသော ဒုဟိတ်စိတ်မှကြွင်းသော။ ဒုဟေတုကတ္တယေနာပိ၊ ဒုဟိတ်စိတ်သုံးခု[2] အပေါင်းနှင့်လည်း။ သဒိသေန၊ တူသော။ ပါကေန တု၊ ဝိပါက်စိတ်[3] ဖြင့်လျှင်။ အာဒိန္နသန္ဓိယာ၊ ယူအပ်သော ပဋိသန္ဓေ၌။ အယမေဝ နယော၊ ဤနည်းကိုလျှင်။ မတော၊ ဟောတော်မူအပ်၏။

၄၂၉။ ဒုဟေတုကေန ကမ္မေန၊ ဒွိဟိတ်ကံကြောင့်။ ဒုဟေတုကာ ပဋိသန္ဓိ၊ ဒွိဟိတ်ပဋိသန္ဓေသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ အယံ ဝါရောပိ၊ ဤဝါရကိုလည်း။ ဝတ္တဗ္ဗော၊ ဤမျှအတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့်။ မယာ၊ ငါသည်။ ဝုတ္တော၊ ဆိုအပ်ပြီ။

(ဒွိဟိတ် ဥက္ကဋ္ဌကံကြောင့် ဒွိဟိတ်ပဋိသန္ဓေဖြစ်ပုံ ပြီး၏။)

---

၁။ အဟိတ်ကုသလဝိပါက် ၈-ခု၊ ဉာဏဝိပ္ပယုတ် ၄-ပါး၊ ပေါင်း ၁၂-ပါး။

၂။ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကကုသိုလ်, ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကကုသိုလ်, ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကကုသိုလ်၊ ပေါင်း ၃-ခု။

၃။ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကဝိပါက်, ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကဝိပါက်, ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကဝိပါက်၊ ပေါင်း ၃-ခု။

## ဒွိဟိတ် ဩမကကံကြောင့် အဟိတ်ပဋိသန္ဓေဖြစ်ပုံ

၄၃၀။ ဒုဟေတုကေန ကမ္မေန၊ ဒွိဟိတ်ကံကြောင့်။ အဟေတုကာ ပဋိ-သန္ဓိ၊ အဟိတ်ပဋိသန္ဓေသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ စ၊ ဤသို့လည်း။ အယံဝါရော၊ ဤဝါရသည်။ အနုပုဗ္ဗေန၊ အစဉ်သဖြင့်။ အာဂတော၊ ရောက်၏။

**ကံနှင့် ပဋိသန္ဓေ မတူခြင်းအကြောင်း** ၄၃၁။ စတုသုပိ၊ လေးခုလည်း ဖြစ်ကုန်သော။ တေသု ဒုဟေတုကေသု ကုသလေသု စိတ္တေသု၊ ထိုဒုဟိတ်ကုသိုလ်စိတ်တို့တွင်။ အညတရေနေဝ၊ တခုခုသော စိတ်ဖြင့်သာလျှင်။ ကမ္မေ၊ ကံကို။ အာယူ-ဟိတေ ပန၊ အားထုတ်အပ်သည်ရှိသော်။

၄၃၂။ တဿေဝ၊ ထိုဒုဟိတ်ကုသိုလ်ဇော၏သာလျှင်။ ပါကဘူတာယ၊ အကျိုးဖြစ်၍ ဖြစ်သော။ ဥပေက္ခာသဟိတာဟေတု မနောဝိညာဏဓာတု-ယာ၊ ဥပေက္ခာသဟဂုတ် အဟိတ်မနောဝိညာဏဓာတ်ဖြင့်။ အာဒိန္နပဋိသန္ဓိ-နော၊ ယူအပ်သော ပဋိသန္ဓေရှိသော သတ္တဝါ၏။

၄၃၃။ သာ ပဋိသန္ဓိ၊ ထိုပဋိသန္ဓေကို။ ကမ္မသဒိသာတိ၊ ကံနှင့်တူ၏ဟူ၍။ န ဝတ္တဗ္ဗာ၊ မဆိုအပ်။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ ဟိယသ္မာ၊ အကြင်ကြောင့်။ ကမ္မံ၊ ကံသည်။ ဒုဟေတုကံ၊ ဒုဟိတ်သည်။ ဟောတိ၊ ဖြစ်၏။ပဋိသန္ဓိ၊ ပဋိသန္ဓေသည်။ အဟေတုကာ၊ အဟိတ်သည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ န ဝတ္တဗ္ဗာ၊ မဆိုအပ်။

**ဒွိဟိတ်ဇောနောင် အဟိတ်တဒါရုံကျပုံ** ၄၃၄။ ဗုဒ္ဓိမုပေတဿ၊ အမိဝမ်း မှဖွားရ၍စောင့်စည်းခြင်း, မစောင့်စည်းခြင်းတို့ကို ဖြစ်စေခြင်းငှါ စွမ်းနိုင်သည်၏ အဖြစ်ကြောင့် ကြီးခြင်းသို့ရောက်သော။ တဿ ဒေဟိနော၊ ထို သတ္တဝါ၏။ စက္ခုဒွါရေ၊ စက္ခုဒွါရ၌။ ဣဋ္ဌမဇ္ဈတ္တဂေါစရေ၊ ဣဋ္ဌမဇ္ဈတ္တာရုံသည်။ အာပါထမာဂတေ၊ ထင်ခြင်းသို့ ရောက်သည်ရှိသော်။

၄၃၅။ စတုန္နမ္ပိ၊ လေးခုလည်းဖြစ်ကုန်သော။ ဒုဟေတူနံ ပုညာနံ၊ ဒွိဟိတ်ကုသိုလ်စိတ်တို့တွင်။ ယဿ ကဿစိ၊ အမှတ်မရှိ တခုခုသော။ ဇဝနဿ၊ ဇော၏။ အဝသာနသ္မိံ၊ အဆုံး၌။ ဣဒံ အဟေတုကမနော၊ ဤအဟိတ်(ကုသလဝိပါက် ဥပေက္ခာသန္တီရဏ)စိတ်သည်။

၄၃၆။ တဒါရမ္မဏဘာဝေန၊ တဒါရုံ၏အဖြစ်ဖြင့်။ ဇာယတေ၊ ဖြစ်၏။ **တေ္တ**=ဣမသ္မိံ ဝစနေ၊ ဤစကား၌။ သံသယော၊ ယုံမှားဘွယ်သည်။ နတ္ထိ၊ မရှိ။

တံ တု=တံ ပန၊ ထိုအဟိတ်(ကုသလဝိပါက် ဥပေက္ခာသန္တီရဏ) စိတ်သည်ကား။ မူလဘဝင်္ဂ္ဂ၊ မူလဘဝင်မည်သည်ရှင်း။ တဒါရမ္မဏမေဝ စ၊ တဒါရုံမည်သည်ရှင်း။ ဟောတိ၊ ဖြစ်၏။

ဣဋ္ဌမဇ္ဈတ္တာရုံ၌ ဝိပါက်စိတ် ၃-ပါး  ၄၃၇။ စက္ခုဝိညာဏာဒီသု၊ စက္ခုဝိညာဉ်အစရှိကုန်သော။ဝီထိစိတ္တေသု၊ ဝီထိစိတ်တို့သည်။ ဇာတေသု၊ ဖြစ်ကုန်သည်ရှိသော်။ ဥပေက္ခာသဟိတံယေဝ၊ ဥပေက္ခာသဟဂုတ်သာလျှင်ဖြစ်သော။ သန္တီရဏမ္ပိ စ၊ (ကုသလဝိပါက်)သန္တီရဏသည်လည်း။ ဟောတိ၊ ဖြစ်၏။

၄၃၈။ တေသု၊ ထိုသန္တီရဏ,တဒါရုံစိတ်တို့တွင်။ ဧကံ၊ တခုသော စိတ်ကို။ ဌပေတွာန၊ ထား၍။ ဂဟိတာဂ္ဂဟဏေန၊ ယူအပ်ပြီးသည်ကို မယူသဖြင့်။ ဣဓ၊ ဤဣဋ္ဌမဇ္ဈတ္တာရုံ၌။ ဂဏနူပဂစိတ္တာနိ၊ ရေတွက်လောက်ကုန်သော စိတ်တို့သည်။ တီဏိယေဝ[၁]၊ သုံးခုတို့သည်သာလျှင်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

ဝိပါက်စိတ် ၄-ပါး  ၄၃၉။ ယဒါ၊ အကြင်အခါ၌။ စက္ခုဒွါရေ၊ စက္ခုဒွါရ၌။ ဣဋ္ဌေ၊ ဣဋ္ဌဖြစ်သော။ အာရမ္မဏေ၊ အာရုံသည်။ အာပါထမာဂတေ၊ ထင်ခြင်းသို့ရောက်သည်ရှိသော်။ တဒါ၊ ထိုအခါ၌။ သန္တီရဏဉ္စေဝ၊ သန္တီရဏသည်ရှင်း။ တဒါရမ္မဏမာနသဥ္စ၊ တဒါရုံစိတ်သည်ရှင်း။

၄၄၀။ သောမနဿယုတ္တံယေဝ၊ သောမနဿဝေဒနာနှင့် ယှဉ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ တေသု၊ ထိုသန္တီရဏ,တဒါရုံတို့တွင်။ ဧကေကံ၊ တခုတခုသော စိတ်ကို။ ဂဟေတွာ၊ ယူ၍။ ပုရိမာနိ၊ ရှေး၌ဖြစ်ကုန်သော။ တီဏိ၊ သုံးခုသော စိတ်တို့သည်။ စတ္တာရေဝ=စတ္တာရိဧဝ၊ လေးခု[၂]တို့သည် သာလျှင်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

ကျမ်းတက်  ၁။ ကုသလဝိပါက်စက္ခုဝိညာဉ်, သမ္ပဋိစ္ဆိုင်း,ဥပေက္ခာသန္တီရဏ၊ ပေါင်း ၃-ပါး။

၂။ (ကုသလဝိပါက် စက္ခုဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ ၂-ခု၊ ပေါင်း လေးခု)။

**ဝိပါက်စိတ် ၂၀**

၄၄၁။ ဇေ်ႆံ=ဣမိနာ ဝုတ္တပ္ပကာရေန၊ ဤသို့ ဆိုအပ်ပြီးသော အပြားအားဖြင့်။ ပဥ္စသု ဒွါရေသုပိ စ၊ ငါးဒွါရတို့၌လည်း။ စတ္တာရိ စိတ္တာနိ၊ လေးခု လေးခုသော စိတ်တို့ကို။ ကတွာ၊ ပြု၍။ ပဝတ္တိယံ၊ ပဝတ္တိအခါ၌။ ဝီသတိ၊ နှစ်ဆယ်သော[၁]။ ဝိပါကာနိ စိတ္တာနိ၊ ဝိပါက်စိတ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**အဟိတ်ကုသလဝိပါက် ၈-ပါး**

၄၄၂။ ဣမ၊ ဤဣဋ္ဌာရုံ၌။ ဂဟိတာဂ္ဂဟဏေန၊ ယူအပ်ပြီးသော စိတ်တို့ကို မယူသဖြင့်။ စက္ခုဒွါရေ၊ စက္ခုဒွါရ၌။ စတ္တာရိ၊ လေးခုသော စိတ်တို့သည်။ သောတဃာနာဒိနာ၊ သောတဝိညာဉ်,ဃာနဝိညာဉ် အစရှိသည်နှင့်။ သဒ္ဓိံ၊ တကွ။ အဟေတုကဋ္ဌကံ၊ အဟိတ်(ကုသလ)ဝိပါက် ရှစ်ခုတို့၏ အပေါင်းသည်။ ဟောတေဝ=ဟောတိဧဝ၊ ဖြစ်သည်သာလျှင်ကတည်း။

**တဒါရုံဖြစ်ပုံ ဖြစ်နည်း**

၄၄၃။ အဟေတုပဋိသန္ဓိဿ၊ အဟိတ်ပဋိသန္ဓေရှိသော သတ္တဝါအား။ ဒုဟေတုကံ ဝါ၊ ဒွိဟိတ်လည်းဖြစ်သော။ တိဟေတုံ ဝါ၊ တိဟိတ်လည်းဖြစ်သော။ တဒါရမ္မဏံ၊ တဒါရုံသည်။ န ဘဝေ၊ မဖြစ်။ ဒုဟေတုပဋိသန္ဓိနော၊ ဒွိဟိတ်ပဋိသန္ဓေရှိသော သတ္တဝါအား။ တိဟေတုကံ၊ တိဟိတ်ဖြစ်သော။ တဒါရမ္မဏံ၊ တဒါရုံသည်။ န ဘဝေ၊ မဖြစ်။

၄၄၄။ ယေန ပါကေန၊ အကြင်ဝိပါက်ဖြင့်။ သုဂတိယံ၊ ကာမသုဂတိဘုံ၌။ ပဋိသန္ဓိ၊ ပဋိသန္ဓေသည်။ ဇာတာ၊ ဖြစ်၏။ တေန ပါကေန၊ ထိုဖြစ်သော ပဋိသန္ဓေဝိပါက်နှင့်။ တုလျမ္ပိ ဝါ၊တူသည်လည်းဖြစ်သော။ ဟီနံ ဝါ၊ယုတ်သည်လည်းဖြစ်သော။ တဒါရမ္မဏကံ၊ တဒါရုံသည်။ ဘဝေ၊ ဖြစ်၏။

**အပါယ်ဘုံ၌လည်း ပဝတ္တိအခါ အဟိတ်ကုသလဝိပါက် ၈-ပါး ရခြင်း**

၄၄၅။ မနုဿလောကံ၊ လူ့ပြည်ကို။ အဟေတုကဋ္ဌကံ၊ အဟိတ် (ကုသလ)ဝိပါက် ရှစ်ခုတို့၏ အပေါင်းကို။ ဝုတ္တံ၊ ဆိုအပ်၏။ ဝါ-မနုဿလောကံ၊ လူ့ပြည်ကို၊ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ ဆိုအပ်သော။

---

၁။ စက္ခုဒွါရ၌ထိ၌ ဝိပါက်စိတ် ၄-ပါး၊သောတဒွါရဝိထိ စသည်တို့၌လည်း ၄-ပါးစီဖြစ်၍ ပဥ္စဒွါရ၌ အားလုံးပေါင်း ဝိပါက်စိတ် ၂၀-ဖြစ်သည်။

အဟေတုကဋ္ဌကံ၊ အဟိတ်(ကုသလ)ဝိပါက် ရှစ်ခုအပေါင်းကို။ စတုသုပိ၊ လေးပါးလည်းဖြစ်ကုန်သော။ အပါယေသု ပန၊ အပါယ်ဘုံတို့၌ကား။ ပဝတ္တေ၊ ပဝတ္တိအခါ၌။ လဗ္ဘတိ၊ ရအပ်၏။

၄၄၆။ ယဒါ၊အကြင်အခါ၌။ ထေရော[၁]၊မဟာမောဂ္ဂလ္လာန်ထေရ်သည်။ နေရယိကာနံ၊ ငရဲ၌ဖြစ်ကုန်သော သတ္တဝါတို့အား။ ဓမ္မံ၊ တရားကို။ ဒေသေတိ၊ ပဒုမ္မာကြာ ဖန်ဆင်း၍ ကြာချပ်၌ နေလျက် ဟော၏။ ဝဿေတိ၊ မိုးကိုရွာစေ၏။ ဂန္ဓဥ္စ၊ နံ့သာကိုငှင်း။ ဝါယုဉ္စ၊ လေကိုငှင်း။ မာပေတိ၊ ဖန်ဆင်း၏။ တဒါ၊ ထိုအခါ၌။

၄၄၇။ ထေရံ=ထေရသာ၊မောဂ္ဂလ္လာန်မထေရ်ကို။ ဒိသွာ=ဒဿနဟေတု စ၊ မြင်ခြင်းကြောင့်ငှင်း။ ဓမ္မံ=ဓမ္မဿ၊ တရားကို။ သုတွာ=သဝနဟေတု စ၊ နာခြင်းကြောင့်ငှင်း။ဂန္ဓဥ္စ၊ဖန်ဆင်းအပ်သော နံ့သာကိုလည်း[၂]။ဃာယတံ=ဃာယန္တာနံ၊ နမ်းကုန်သော။ ဇလဥ္စ၊ ရေကိုလည်း။ ပိဝတံ=ပိဝန္တာနံ၊ သောက်ကုန်သော။ မုဒုမေဝ၊ နူးညံ့သည်သာလျှင်ဖြစ်သော။ ဝါယုံ စ၊ လေကိုလည်း။ ဖုသတံ=ဖုသန္တာနံ၊ တွေ့ကုန်သော။ တေသံ၊ ထိုငရဲ၌ ဖြစ်ကုန်သော သတ္တဝါတို့အား။

၄၄၈။ ပုညဇာနေဝ၊ ကုသိုလ်၏အကျိုးသာလျှင်ဖြစ်ကုန်သော။ စက္ခု-ဝိညာဏကာဒီနိ၊ စက္ခုဝိညာဉ်အစရှိကုန်သော။ ပဥ္စပိ၊ ငါးခုသော စိတ်တို့ ငှင်း။ ပုညဇံ၊ ကုသိုလ်၏အကျိုးဖြစ်သော။ သန္တီရဏဒွယဥ္စ၊ အတိဣဋ္ဌ ဣဋ္ဌမဇ္ဈတ္တဖြစ်သော ဂန္ဓအစရှိသည်တို့၏ အစွမ်းအားဖြင့် သန္တီရဏနှစ်ခုတို့၏ အပေါင်းငှင်း။ ပုညဇာ၊ ကုသိုလ်၏အကျိုးဖြစ်သော။ ဧကာ၊ တခုသော။ မနောဓာတု စ၊ မနောဓာတ် (သမ္ပဋိစ္ဆိုင်း)ငှင်း။ ဣတိ၊ ဤသို့။ အဋ္ဌကံ၊ အဟိတ်(ကုသလ)ဝိပါက်ရှစ်ခုတို့၏အပေါင်းသည်[၃]။ ဟောတိ၊ ဖြစ်၏။

၄၄၉။ အယံ၊ ဤ ဆိုအပ်ပြီးသည်ကား။ တာဝ၊ ရှေးဦးစွာ။ ဣဋ္ဌ ဣဋ္ဌ-ဣဋ္ဌမဇ္ဈတ္တဂေါစရေ၊ ဤဣဋ္ဌာရုံ, ဣဋ္ဌမဇ္ဈတ္တာရုံ၌။ ကာမာဝစရပုညာနံ၊

---

ကျမ်းတက် ၁။ စတူသု အပါယေသု လဗ္ဘတိ ဆို၍ ထိုအဟေတုကဋ္ဌက၏ ဝိသယကို ပြခြင်းငှါ ထေရော နေရယိကာနံ စသည်ကို မိန့်။

၂။ အဋ္ဌကထာ၌ကား စန္ဒကူးတော၌ နေသန့်သော မထေရ်၏ သက်န်းအနံ့ ကို မိန့်၏။

၃။ ကုသလဝိပါက်တို့၏ငှင်း ဣဋ္ဌာရုံ၏ငှင်း ငရဲ၌ဖြစ်ခြင်းကို ပြသဖြင့် ကြွင်းသော အပါယ်သုံးဘုံ၌လည်း ဖြစ်ခြင်းကို ပြအပ်သည်သာဖြစ်၏။

ကာမာဝစရကုသိုလ်ဖြစ်ကုန်သော။ ဇဝနာနံ၊ ဇောတို့၏။ ဝသေန၊ အစွမ်းအားဖြင့်။ (ပဝတ္တာ၊ ဖြစ်သော) ကထာ၊ စကားတည်း။

၄၅၀။ တဒါရမ္မဏစေတသော၊တဒါရုံစိတ်ကို။ ယံ နိယမတ္တံ တု၊ အကြင်မှတ်ခြင်းကိုကား။ ဝုတ္တံ၊ဆိုအပ်၏။ [နိယာမောယေဝ နိယမတ္တံ] တံ နိယမတ္တံ၊ ထိုမှတ်ခြင်းကို။ ကုသလံ ပန၊ ကုသိုလ်ဇောကိုလျှင်။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ ဆိုအပ်၏။ ဣတိ၊ ဤသို့။ အဋ္ဌကထာယံ၊ အဋ္ဌကထာ၌[1]။ ဒီပိတံ၊ ပြအပ်၏။

(ဒွိဟိတ်ဩမကကံကြောင့် အဟိတ်ပဋိသန္ဓေဖြစ်ပုံ ပြီး၏။)

---

## အကုသိုလ်ဇောနောင် တဒါရုံကျပုံ

**သောမနဿဇောနောင် တဒါရုံကျပုံ** ၄၅၁။ ဣဓ=ဣမသ္မိံ အဓိပ္ပါယေ၊ ဤအလို၌။ ဧတ္ထသုပိ၊ လေးခုလည်းဖြစ်ကုန်သော။ သောမနဿယုတ္တေသု၊ သောမနဿဝေဒနာနှင့်ယှဉ်ကုန်သော။ တေသု အကုသလစိတ္တေသုပိ၊ ထို အကုသိုလ်စိတ်တို့သည်လည်း။ ဣဋ္ဌေ၊ ဣဋ္ဌဖြစ်သော။ အာရမ္မဏေ၊ အာရုံ၌။ ဇဝိတေသု၊ စောကုန်သည်ရှိသော်။

၄၅၂။ တဒနန္တရံ၊ ထိုသောမနဿသဟဂုတ် အကုသိုလ်စိတ်၏အခြားမဲ့၌။ သောမနဿယုတ္တာ၊ သောမနဿဝေဒနာနှင့်ယှဉ်သော။ အဟေတုမနောဝိညာဏဓာတု ဟိ၊ အဟိတ် (ကုသလဝိပါက်) မနောဝိညာဏဓာတ်သည်သာလျှင်။ တဒါရမ္မဏဘာဝေန၊ တဒါရုံ၏အဖြစ်ဖြင့်။ ဇာယတေ၊ ဖြစ်၏။ (ကုသလဝိပါက် ပဋိသန္ဓေနေသူအတွက် ဖြစ်သည်)

**ဥပေက္ခာဇောနောင် တဒါရုံကျပုံ** ၄၅၃။ ဥပေက္ခာယ၊ ဥပေက္ခာဝေဒနာနှင့်။ ယုတ္တေသု၊ ယှဉ်ကုန်သော။ ဆသု အကုသလစိတ္တေသု၊ ခြောက်ခုသော အကုသိုလ်စိတ်တို့သည်။ ဣဋ္ဌမဇ္ဈတ္တေ၊ ဣဋ္ဌမဇ္ဈတ္တဖြစ်သော။ ဂေါစရေ၊ အာရုံ၌၊ ဇဝိတေသု၊ စောကုန်သည်ရှိသော်။

---

၁။ (အဘိ၊ဋ္ဌ၊၁၊နှာ-၃၁၇။)

၄၅၄။ ပုညဇာ၊ ကုသိုလ်၏အကျိုးဖြစ်သော။ ဥပေက္ခာသဟဂတာ-ဟေတုမနောဝိညာဏဓာတု ဟိ၊ ဥပေက္ခာသဟဂုတ် အဟိတ် (ကုသလဝိပါက်) မနောဝိညာဏဓာတ်သည်သာလျှင်။ အနန္တရံ၊ ဥပေက္ခာသဟဂုတ် အကုသိုလ်ဇော၏ အခြားမဲ့၌။ တဒါရမ္မဏဘာဝေန၊ တဒါရုံ၏ အဖြစ်ဖြင့်။ ဇာယတေ၊ ဖြစ်၏။

၄၅၅။ ဣဋ္ဌာရမ္မဏယောဂသ္မိံ၊ ဘုရားအစရှိသော ဣဋ္ဌာရုံနှင့်ယှဉ်ခြင်း၌။ ကန်တော ဝါ၊ ယုံမှားရှိသော သူအားရင်း။ ဥဒ္ဓတဿ ဝါ၊ ပျံ့လွင့်သော သူအားရင်း။ သောမနဿယုတ္တာံ၊ သောမနဿနှင့်ယှဉ်သော။ တဒါ-ရမ္မဏမာနသံ၊ တဒါရုံစိတ်သည်။ ဟောတိ၊ ဖြစ်၏။

## မဟာဓမ္မရက္ခိတထေရ်၏ဝါဒကိုပြခြင်း

**သောမနဿဇောနောင် သောမနဿ တဒါရုံကျခြင်း**

၄၅၆။ သောမနဿယုတေ= သောမနဿ-ယုတ္တေ[၁]၊ ဣဋ္ဌာရုံ၌ ကုသိုလ်၄-ပါး, အကုသိုလ် ၄-ပါး, ကြိယာဗျာကတ ၅-ပါး၊ ပေါင်း ၁၃-ပါးတို့၏ အစွမ်းဖြင့် သောမနဿနှင့် ယှဉ်သော။ ဇဝနေ စိတ္တေ၊ ဇောစိတ်သည်။ ဇဝိတေ ပန၊ စောသည်ရှိသော်ကား။ သောမနဿ-ယုတ္တာ ဧဝ၊ သောမနဿနှင့် ယှဉ်သည်သာလျှင် ဖြစ်ကုန်သော။ ပဉ္စ၊ (မဟာဝိပါက် ၄-ပါး, သောမနဿသန္တီရဏအားဖြင့်) ငါးခုကုန်သော။ တဒါရမ္မဏမာနသာ၊ တဒါရုံစိတ်တို့ကို။ ဂဝေသိတဗ္ဗာ၊ ရှာအပ်ကုန်၏။

**ဥပေက္ခာဇောနောင် ဥပေက္ခာတဒါရုံကျခြင်း**

၄၅၇။ ဥပေက္ခာသဟိတေ ဇဝနေ စိတ္တေ၊ ကုသိုလ် ၄-ပါး, အကုသိုလ် ၆-ပါး, ကြိယာ ၄-ပါး၏ အစွမ်းဖြင့် တဆဲ့လေးခုသော ဥပေက္ခာနှင့် ယှဉ်သော ဇောစိတ်သည်။ ဇဝိတေ ပန၊ စောသည်ရှိသော်ကား။ ဥပေက္ခာသဟဂတာ၊ ဥပေက္ခာသဟဂုတ်ဖြစ်ကုန်သော။ ဆ

---

၁။ ဤမျှအတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့် တိပိဋကစူဠနာဂ မထေရ်၏ဝါဒ၌ ဒွါဒသကမဂ်, အဟေတုကဋ္ဌကနှင့် တကွ သောဠသဝိပါကစိတ်တို့ကို ပြပြီး၍ မောရဝါပိဝါသိမဟာဒတ္တထေရ်၏ ဝါဒ၌ ဝိဝေသသမရှိသောကြောင့် ထိုမထေရ်၏ ဝါဒကို မသုံးသပ်မူ၍ မဟာဓမ္မရက္ခိတထေရ်၏ဝါဒ၌ ကုသိုလ်, အကုသိုလ်, ကြိယာအားဖြင့် ပေါင်း၍ ပြအပ်ကုန်သော ပိဏ္ဍဇဝနတို့၏ အစွမ်းဖြင့် တဒါရုံကို ပြခြင်းငှါ သောမနဿယုတ္တေ စိတ္တေ အစရှိသည်ကို မိန့်။

စ၊ (မဟာဝိပါက် ၄-ပါး, ဥပေက္ခာသန္တီရဏ ၂-ပါးအားဖြင့်) ခြောက်ခုကုန်သော။ တဒါရမ္မဏ မာနသာ၊ တဒါရုံစိတ်တို့ကို။ ဂဝေသိတဗ္ဗာ၊ ရှာအပ်ကုန်၏။

**ဒေါသဇောနောင် သောမနဿတဒါရုံနှင့် ဘဝင်မဖြစ်ခြင်း အကြောင်း**

၄၅၈။ တိဟေတုသောမနဿေန[၁]၊ တိဟိတ် သောမနဿသဟဂုတ်စိတ်ဖြင့်။ အာဒိန္န-ပဋိသန္ဓိနော၊ ယူအပ်သော ပဋိသန္ဓေ ရှိသော။ ဈာနတော၊ ဖြစ်စေအပ်သော လောကီဈာန်မှ။ ပရိဟီနဿ၊ ယုတ်သော။ ဝိပ္ပဋိသာရိနော၊ ကြီးစွာသောလုံ့လဖြင့် ဖြစ်စေအပ်သော မြတ်သော တရားသည် ငါ့အား ပျောက်ခဲ့ပြီဟု ဖြစ်သော ဝိပ္ပဋိသာရရှိသော။ တံ ဈာနံ၊ ထိုဈာန်ကို။ ပစ္စဝေက္ခတော၊ ဆင်ခြင်သော ပုဂ္ဂိုလ်အား။

၄၅၉။ ဒေါမနဿယုတ္တံ၊ ဒေါမနဿနှင့်ယှဉ်သော။ စိတ္တံ၊ စိတ်သည်။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထိုဒေါမနဿဇော၏။ အနန္တရံ၊ အခြားမဲ့၌။ တဒါရမ္မဏမာနသံ၊ တဒါရုံစိတ်သည်။ ဇာယတေ ကိံ[၂]၊ ဖြစ်သလော။ န ဇာယတေ၊ မဖြစ်သလော။ ပြုဟိ၊ ဆိုလော့။

၄၆၀။ ဟိ=ယသ္မာ၊ အကြင်ကြောင့်။ ဒေါမနဿ အနန္တရံ၊ ဒေါမနဿဇော၏ အခြားမဲ့၌။ သောမနဿဿ၊ သောမနဿ၏။ ဥပ္ပတ္တိ၊ ဖြစ်ခြင်းကို။ အဿ ဝါ၊ ဤသောမနဿ၏မူလည်း။ အနန္တရံ၊ အခြားမဲ့၌။ ဒေါမနဿဿ၊ ဒေါမနဿ၏။ ဥပ္ပတ္တိ၊ ဖြစ်ခြင်းကို။ ပဋ္ဌာနေ၊ ပဋ္ဌာန်းကျမ်း (၁နှာ-၃၁၂) ၌။ ပဋိသိဒ္ဓါ၊ မြစ်တော်မူအပ်၏[၃]။

၄၆၁။ မဟဂ္ဂတံ၊ မဟဂ္ဂုတ်တရားကို။ အာရဗ္ဘ၊ အာရုံပြု၍။ ဇဝနေ၊ (ဒေါမနဿ)ဇောသည်။ ဇဝိတေပိ စ၊ ဇောသော်လည်း။ တဒါရမ္မဏ-

---

၁။ ဒွိဟိတ်,အဟိတ်ပုဂ္ဂိုလ်တို့အား ဝိပါကာဝရဏတို့နှင့် ပြည့်စုံသည်၏အဖြစ်ကြောင့် ဈာန်ဖြစ်ခြင်းသည်လျှင် မရှိဟု ပြခြင်းငှါ တိဟေတုသောမနဿေန မိန့်သည်။
(အဟိတ်ပုဂ္ဂိုလ်နှင့် ဒွိဟိတ်ပုဂ္ဂိုလ်မှာ မိမိတို့၏ ပဋိသန္ဓေဝိပါက်စိတ်က ပိတ်ပင်တားမြစ်ထားသောကြောင့် ဈာန်စိတ်မဖြစ်နိုင်ဟု ဆိုလိုသည်။)

၂။ ကိံ။ ။ပါ။မာနသံ ဟူသောပုဒ်သည် အနုမတိပုစ္ဆာတည်း။

၃။ ဘဝင်ကျသည်မူလည်းဖြစ်စေ တဒါရုံမူလည်းဖြစ်စေ ဤသို့ဖြစ်ရာ၌ အဘယ်ကို တားမြစ်ခြင်းရှိသနည်း ဟူသော စောဒနာကို ဖြေခြင်းငှါ ပဋ္ဌာနေ ပဋိသိဒ္ဓါ အစရှိသည်ကိုမိန့်၊ မဟောခြင်းသည်ပင် တားမြစ်ခြင်းဟု နှလုံးပြု၍ ပဋိသိဒ္ဓါ ဆိုသည်။

မာနသံ၊ တဒါရုံစိတ်ကို။ တတ္ထဝ၊ ထိုပဋ္ဌာန်းကျမ်း၌သာလျှင်။ ပဋိသိဒ္ဓံ၊ မြစ်တော်မူအပ်၏ [၁]။

၄၆၂။ တသ္မာ၊ ထို့ကြောင့်။ ဘဝင်္ဂပါတော ဝါ၊ ဘဝင်ကျခြင်းသည်ရင်း။ တဒါရမ္မဏမေဝ ဝါ၊ တဒါရုံသည်ရင်း။ န ဟောတိ၊ မဖြစ် [၂]။ တေသံ၊ ထိုဘဝင်, တဒါရုံတို့၏။ အဘာဝေ၊ မဖြစ်ခြင်း၌။ ကာတဗ္ဗံ၊ ပြုအပ်သော အကြောင်းသည်။ ကိံ နု၊ အဘယ်နည်း။ အဘိဓမ္မိကာ၊ အဘိဓမ္မာကိုသင်သောသူ။ တံ ကာရဏံ၊ ထိုအကြောင်းကို။ ဝဒ=ဝဒါဟိ၊ ဆိုလော့။

၄၆၃။ ပုညာပုညဝိပါကေဟိ [၃]၊ ကုသလဝိပါက်, အကုသလဝိပါက်တို့မှ။ ဥပေက္ခာသဟိတာဟေတု မနောဝိညာဏဓာတု တု၊ ဥပေက္ခာသဟဂုတ် အဟိတ်မနောဝိညာဏဓာတ်(ဥပေက္ခာသန္တီရဏ)သည်လျှင်။ တဒါရမ္မဏိကာ၊ တဒါရုံအရာ၌ဖြစ်သည်။ သိယာ၊ ဖြစ်ရာ၏။

**အာဝဇ္ဇန်းကင်း၍ စိတ် ဖြစ်နိုင်ခြင်း**

၄၆၄။ ဣမဿ၊ ဤတဒါရုံစိတ်၏။ အာဝဇ္ဇနံ၊ အာဝဇ္ဇန်းသည်။ ကိံ၊ အဘယ်နည်း။ ဣတိ၊ ဤသို့။ စောဒကော၊ စောဒကသည်။ အာဟ၊ ဆို၏။ ဣမဿ၊ ဤတဒါရုံစိတ်၏။ ဝါ၊ စိတ်အား။ အာဝဇ္ဇနံ၊ အာဝဇ္ဇန်းသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ အာစရိယော၊ ပရိဟာရဆရာသည်။ အာဟ၊ ဆို၏။

**အာဝဇ္ဇန်း ကင်းသော စိတ်များ။**

။တံ၊ ထို တဒါရုံစိတ်သည်။ ကထံ=ကေန ကာရဏေန၊ အဘယ်သို့သော အကြောင်းဖြင့်။ ဇာယတေ၊ ဖြစ်သနည်း။ ဣတိ၊ ဤသို့။ စောဒကော၊ စောဒကဆရာသည်။ အာဟ၊ ဆို၏။

---

၁။ ဘဝင်ကျခြင်း၏ မရှိခြင်း၌ အကြောင်းကို ဆိုပြီး၍ တဖန် တဒါရုံမဖြစ်ခြင်းကို ပြသည်ဖြစ်၍ မဟဂ္ဂတံ အစရှိသည်ကို မိန့်။

၂။ ဤအရာ၌ မဟဂ္ဂုတ်အာရုံသာရှိသော ဒေါမနဿဇောကို နိဒဿန၏အစွမ်းဖြင့် မိန့်သည်၊ဤဋ္ဌာန-ရုံဖြစ်သော ဘုရားအစရှိသော အာရုံ၌လည်း ဒေါမနဿဇော စောသည်ရှိသော် သောမနဿပဋိသန္ဓေရှိသော ပုဂ္ဂိုလ်အား တဒါရုံဖြစ်ခြင်း, ဘဝင်ကျခြင်းမရှိ၊ အဘယ့်ကြောင့်နည်း၊ ဣဋ္ဌာရုံ၌ ဥပေက္ခာသဟဂုတ် တဒါရုံ၏ရင်း, ဒေါမနဿ၏ အခြားမဲ့၌ သောမနဿ တဒါရုံ၏ရင်း မဖြစ်ခြင်းကြောင့်တည်း။

၃။ (ဆဋ္ဌမူ၌ ပုညာပုညဝိပါကာ ဟိ-ဟုရှိသည်။ ပုညာပုညဝိပါကာ၊ ကုသလဝိပါက် အကုသလဝိပါက်ဖြစ်သော။ ဟု အနက်ပေး၊ ဟိ-အနက် မရှိ။)

ဘဝင်္ဂါဝဇ္ဇနာနံ၊ ဘဝင်,အာဝဇ္ဇန်းတို့၏။ ဝါ၊ တို့အား။ ကိံ အာဝဇ္ဇနံ၊ အဘယ်အာဝဇ္ဇန်းသည်။ အတ္ထိ၊ ရှိသနည်း။ မဂ္ဂဿ စ၊ လောကုတ္တရာမဂ်စိတ်၏၎င်း။ အနန္တရဿ၊ မင်္ဂ၏အခြားမဲ့၌ဖြစ်သော။

၄၆၅။ ဖလဿပိ စ၊ ဖိုလ်၏၎င်း။ နိရောဓဿ၊ နိရောဓသမာပတ်မှ။ ဝုဋ္ဌဟန္တဿ၊ ထသော။ ဘိက္ခုနော၊ ရဟန်း၏။ ဖလစိတ္တဿ ဝါ၊ ဖိုလ်စိတ်၏၎င်း။အတ္ထာယ၊ အကျိုးငှါ။ (ထည့်) ကိံ အာဝဇ္ဇနံ၊ အဘယ်အာဝဇ္ဇန်းသည်။ အတ္ထိ၊ ရှိသနည်း။ တေသံ၊ ဤဘဝင်, အာဝဇ္ဇန်းအစရှိသော စိတ်တို့၏။ အာဝဇ္ဇနံ၊ အာဝဇ္ဇန်းသည်။ နတ္ထိ ယထာ၊ မရှိသကဲ့သို့။ ဧဝံ၊ ဤအတူ။ (ဤတဒါရုံစိတ်၏လည်း) အာဝဇ္ဇနံ၊ အာဝဇ္ဇန်းသည်။ နတ္ထိ ကိရ၊ မရှိသတတ်။ ဣတိ၊ ဤသို့။ အာစရိယော၊ ပရိဟာရဆရာသည်။ အာဟ၊ ဆို၏ [၁]။

**တဒါရုံ၏ အာရုံ** ၄၆၆။ အာဝဇ္ဇနေန၊ အာဝဇ္ဇန်းနှင့်။ ဝိနာပိ၊ ကင်း၍လည်း။ မာနသံ၊ စိတ်သည်။ ဟောတိ၊ ဖြစ်၏။ မာနသံ၊ စိတ်သည်။ ဇာယတု၊ (အာဝဇ္ဇန်းနှင့်ကင်း၍လည်း) ဖြစ်စေ [၂]။

ကျမ်းတက် ၁။ ဥပေက္ခာသဟဂတာဟေတု အစရှိသည်ဖြင့် ပရိဟာရဆရာမိန့်သော် တဖန်စောဒကသည် အစဉ်လိုက်သည်ဖြစ်၍ အာဝဇ္ဇနံ ကိမဿ ဟု ဆိုသည်။

ပရိဟာရဆရာသည် ဤအရာ၌ အာဝဇ္ဇန်းကို ရှာခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ အာဝဇ္ဇန်းကင်း၍ ဤစိတ်သည် ဖြစ်၏ဟု ပြ(လို)သည်ဖြစ်၍ နတ္ထိ တံ မိန့်သည်။

တဖန်စောဒကသည် အာဝဇ္ဇန်းကင်း၍ စိတ်ဖြစ်ခြင်းကို မဝံ့သည်ဖြစ်၍ တံ ဇာယတေ ကထံ ဟု ဆိုသည်။

ဤသို့စောဒကဆိုသော် ပရိဟာရဆရာသည် ဤအရာ၌ အာဝဇ္ဇန်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ အာဝဇ္ဇန်းကင်း၍စိတ်ဖြစ်ခြင်းမရှိ ဟူသော ဤစကားသည် ဧကန္တမဟုတ်ဟုပြခြင်းငှါ နိရာဝဇ္ဇနစိတ်တို့၏ ဖြစ်ခြင်းကို ပြ(လို)သည်ဖြစ်၍ ဘဝင်္ဂါဝဇ္ဇနာနံ စသည်ကို မိန့်။

ဘဝင်,အာဝဇ္ဇန်းတို့သည် မိမိ မိမိအာရုံတို့၌ ညွတ်သည်၏ အဖြစ်ကြောင့်၎င်း,အာဝဇ္ဇန်းကင်း၍ ဖြစ်ခြင်း၌ များစွာဖြစ်ဘူးသည်၏ အဖြစ်ကြောင့်၎င်း (အာဝဇ္ဇန်းကင်း၍) ဖြစ်ကုန်၏၊ ဤတဒါရုံသည်ကား အဘယ်ကြောင့် ဖြစ်သနည်း ဤစောဒနာကို ရည်၍ တဖန် နိရာဝဇ္ဇန (အာဝဇ္ဇန်းကင်းသော) စိတ်တို့ကို ပြ(လို)သည်ဖြစ်၍ မဂ္ဂဿ အစရှိသည်ကို မိန့်သည်။

(အာဝဇ္ဇန်းကင်းသောစိတ်များ။ ။ဘဝင်, အာဝဇ္ဇန်း, မဂ်စိတ်, မဂ်နောင် တဆက်တည်းဖြစ်သော ဖိုလ်စိတ်, နိရောဓသမာပတ်မှထသော အနာဂါမ် ရဟန္တာ၏ အနာဂါမိဖိုလ်နှင့် အရဟတ္တဖိုလ်စိတ်, သောမနဿ ပဋိသန္ဓေနေသော ပုဂ္ဂိုလ်၏ ဒေါသဇောနောင်ကျသော ဥပေက္ခာတဒါရုံ (ဥပေက္ခာဘဝင်) စိတ်တို့ဖြစ်သည်။)

၂။ (ဝိနာ အာဝဇ္ဇနေနာပိ၊ ဟောတု ဇာယတု မာနသံ-ဟု ဆဋ္ဌမူ ဋီကာဟောင်း၌ ရှိသည်၊ မာနသံ၊ စိတ်သည်။ အာဝဇ္ဇနေန၊ အာဝဇ္ဇန်းနှင့်။ ဝိနာပိ၊ ကင်း၍လည်း။ ဟောတု= ဇာယတု၊ ဖြစ်စေ-ဟု အနက်ပေး။)

ဣမဿ၊ ဤတဒါရုံစိတ်၏။ အာရမ္မဏံ၊ အာရုံသည်။ ကိံ၊ အဘယ်နည်း။ ပဏ္ဍိတ၊ ပညာရှိ။ တွံ၊ သင်သည်။ အာရမ္မဏံ၊ အာရုံကို။ ယဒိ ဇာနာသိ၊ အကယ်၍ သိအံ့။ တံ အာရမ္မဏံ၊ ထိုအာရုံကို။ မယှံ၊ ငါ့အား။ ဗြူဟိ၊ ဆိုလော့။

**အာရုံနှင့်ကင်း၍ စိတ်မဖြစ်နိုင်**

၄၆၇။ အာရမ္မဏေန၊ အာရုံနှင့်။ ဝိနာ၊ ကင်း၍။ တေံ မာနသံ၊ ဤစိတ်သည်။ န ဟိ ဇာယတိ၊ မဖြစ်သာလျှင်ကတည်း။ ဣတိ၊ ဤသို့။ စောဒကော၊ စောဒကသည်။ အာဟ၊ ဆို၏။

ရူပါဒီသု၊ ရူပါရုံအစရှိကုန်သော။ ပရိတ္တေသု၊ ကာမာဝစရအာရုံတို့တွင်။ ယံကိဉ္စိ၊ အမှတ်မရှိ ရွေး၍လေ့ကျင့်ဘူးသော အာရုံကို။ အာရဗ္ဘ၊ အာရုံပြု၍။ ဇာယတေ၊ (တဒါရုံစိတ်)ဖြစ်၏[1]။

## မြဲခြင်းနိယာမတရား ၅-ပါး

၄၆၈။ ဥတု,ဗီဇနိယာမော စ[2]၊ ဥတုနိယာမ, ဗီဇနိယာမငါး။ ကမ္မ-ဓမ္မနိယာမတာ စ၊ ကမ္မနိယာမ,ဓမ္မနိယာမငါး။

အမှာ။　။ကမ္မဓမ္မာနံ နိယာမော စေ ကမ္မဓမ္မနိယာမတာ-ပြု။

စိတ္တဿ၊ စိတ်၏။ နိယာမော စ၊ နိယာမငါး။ ဣတိ၊ ဤသို့။ ပဉ္စ၊ ငါးပါးကုန်သော။ နိယာမတာ၊ နိယာမတို့ကို။ ဉေယျာ၊ သိအပ်ကုန်၏။

**ဥတုနိယာမ**

၄၆၉။ တတ္ထ=တေသု ပဉ္စသု နိယာမေသု၊ ထိုငါးပါးသော နိယာမတို့တွင်။ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော။ ရုက္ခာနံ၊ ထိုထိုအခါ၌ အသီးအစရှိသည်တို့ကို ဖြစ်စေတတ်ကုန်သော သစ်ပင်တို့၏။ ကေပ္ပဟာရေန၊ ထိုထိုဥတုသမယကို မလွန်မူ၍ တခုသောကာလ၌

---

၁။ ကိမဿာရမ္မဏံဟု ဆိုပြီး၍ နိရာဝဇ္ဇန်းအဖြစ်ကဲ့သို့ အနာရမ္မဏအဖြစ်ကိုလည်း ဆိုရာ၏ဟု ထိုအာရုံနှင့်ကင်း၍မဖြစ်ခြင်းကို ပြသဖြင့် မိမိစကား ပြီးစေလိုသည်ဖြစ်၍ ဝိနာ အာရမ္မဏေန စသည်ကို မိန့်။

၂။ ပြုတတ်သောသူ မရှိလျက် အဘယ်သို့လျှင် နိရာဝဇ္ဇနပဝတ္တိကဖြစ်သော (အာဝဇ္ဇန်းကင်း၍ဖြစ်သော) အချို့သောစိတ်၏ သာဝဇ္ဇန (အာဝဇ္ဇန်းရှိသည်)၏အဖြစ်ဖြင့် ဖြစ်ခြင်းသည် ဖြစ်သနည်းဟူသော စောဒနာကို ရည်၍ ဤစိတ်သည် စိတ္တနိယာမဖြင့် ဖြစ်၏ဟု ပြခြင်းငှါ ဥတုဗီဇနိယာမော စ အစရှိသည်ကို မိန့်။

သာလျှင်။ ဖလပုပ္ဖါဒိဓာရဏံ[၁]၊ အသီးအပွင့်အစရှိသည်တို့ကို ဆောင်ခြင်း သည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤအသီး အပွင့် အစရှိသည်တို့ကိုဆောင်ခြင်း သည်။ ဥတုနိယာမတာ၊ ဥတုနိယာမ မည်၏။ ဝါ၊ ဥတုသဘော၏မြဲခြင်း မည်၏။

ဗီဇနိယာမ ၄၇၀။ တေသံ တေသံ ဗီဇာနံ တုု၊ ထိုထိုမျိုးစေ့တို့၏လျှင်။ တံ တံ တုလျဖလုပ္ပတ္တိ စ၊ ထိုထိုမျိုးစေ့တို့နှင့်တူ သော အသီး၏ ဖြစ်ခြင်းသည်ရင်း။ နာဠိကေရဿ၊ အုံးသီး၏။ မတ္ထကေ၊ အထက်၌။ ဆိဒ္ဒတ္တဉ္စ၊ အပေါက်ရှိသည်၏ အဖြစ်သည်ရင်း။ ဝါ၊ အပေါက် သည်ရင်း။

အမှာ။ ။ဆိဒ္ဒဝန္တဿ ဘာဝေါ ဆိဒ္ဒတ္တံ၊ ဆိဒ္ဒံယေဝ ဝါ ဆိဒ္ဒတ္တံ-ပြု။

အတ္ထိ၊ ရှိ၏။ အယံ၊ ဤအပေါက်ရှိခြင်းသည်။ ဗီဇဇော၊ မျိုးစေ့မှ ဖြစ်သော။ နိယာမော၊ နိယာမမည်၏[၂]။

ကမ္မနိယာမ ၄၇၁။ တိဟေတုကံ၊ တိဟိတ်ကံသည်။ တိဟေတုံ၊ တိဟိတ် ဖြစ်သော။ ဝိပါကဉ္စ၊ အကျိုးကိုရင်း။ ဒုဟေတုံ၊ ဒုဟိတ်ဖြစ်သော။ဝိပါကဉ္စ၊အကျိုးကိုရင်း။ အဟေတုကံ၊ အဟိတ်ဖြစ်သော။ ဝိပါကဉ္စ၊ အကျိုးကိုရင်း။ ယတော၊ အကြင်အကြောင်း၏ အဖြစ်မြဲသော အားဖြင့်။ ဒေတိ၊ ပေး၏။ အယံ၊ ဤမိမိအား လျော်ကပ်သော တူ မတူ သော အကျိုးကိုပေးခြင်းသည်။ ကမ္မနိယာမတာ၊ ကမ္မနိယာမ မည်၏[၃]။

---

၁။ အာဒိသဒ္ဒါဖြင့် ပလ္လဝအစရှိသည်တို့ကို သင်္ဂြိုဟ်သည်။ (နွေ မိုး ဆောင်း ရာသီ ဥတုအလိုက် ပူမှု မိုးရွာမှု အေးမှုတို့ဖြစ်ခြင်း၊ ဥတု၏ အပူ အအေး အလိုက်သာ သစ်ပင် ပန်းပင်တို့ သီးကြ ပွင့်ကြခြင်းသည် ဥတု၏ မြဲခြင်းသဘော ဥတုနိယာမဖြစ်သည်။)

၂။ ကုလားပဲခြုံ၏ မြောက်သို့ အညွန့်ရှိသည်၏အဖြစ် ဒက္ခိဏာဝလ္လိ (မည်သောနွယ်)၏ လက်ျာမှ သစ်ပင်ကိုပတ်ခြင်း, သူရိယာဝတ္တပန်းတို့၏ နေသို့ ရှေးရှုသည်၏အဖြစ်, မာလော နွယ်၏ သစ်ပင်သို့ရှေးရှုသွားခြင်း အစရှိသည့်တို့သည် ဤ (ဗီဇနိယာမ)၌သာ ပေါင်းခြင်း သို့ ရောက်ကုန်၏။

၃။ န အန္တလိက္ခေ န သမုဒ္ဒမဇ္ဈေ ဟူသော ဤဂါထာ၏အဋ္ဌုပ္ပတ္တိ၌ လာသော မြက်သစ် ကရွတ်ခွေ၌ စွဲသောမီး၏ တက်၍ ကောင်းကင်၌ ပျံသော ကျီး၏လည်၌ စွပ်ခြင်း, သင်္ဘော သူကြီး၏ မယားကို သဲအိုး လည်ဆွဲ၍ သမုဒ္ဒရာ၌ချခြင်း, တောင်ထွဋ်၌ ပြိုကျ၍ လိုဏ်၌ နေကုန်သော ရဟန်းတို့၏ တံခါးကိုပိတ်ခြင်း၊ ဤသို့ ထိုထိုကံနှင့် တူသောအကျိုး၏ ဖြစ်ခြင်း သည်လည်း ကမ္မနိယာမပင်တည်း (ရင်းဋီကာသစ်၊ ဒုနှာ ၅၅-၇)

**ဓမ္မနိယာမ** ၄၇၂။ ဗောဓိသတ္တဿ၊ ပစ္ဆိမဘဝိက ဘုရားလောင်း၏။ ဇာတိယံ[၁]၊ ပဋိသန္ဓေယူသောအခါ ဖွားသောအခါ၌။ မေဒနီကမ္ပနာဒိကံ၊ မြေတုန်လှုပ်ခြင်းအစရှိသော သုံးဆဲ့နှစ်ပါးသော နိမိတ်သည်၎င်း။ အနေကမ္ပိ၊ များစွာလည်းဖြစ်သော။ ဝိသေသတ္တံ၊ သုံးဆဲ့နှစ်ပါးသော ပုဗ္ဗနိမိတ်မှတပါး ထင်ရှားဖြစ်သော အံ့ဘွယ်အထူးသည်၎င်း။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤအံ့ဘွယ်အထူးဖြစ်ခြင်းသည်။ ဓမ္မနိယာမတာ၊ ဓမ္မနိယာမ မည်၏။ ဝါ၊ သီလ အစရှိသော ပါရမီတရား၏ မြဲခြင်းမည်၏။

**စိတ္တနိယာမ** ၄၇၃။ တေန ဂေါစရေန၊ ထိုအာရုံသည်။ ပသာဒသ္မိံ၊ ပသာဒ၌။ ဝါ၊ ပသာဒကို။ ဃဋ္ဋိတေပန၊ ထိသည်ရှိသော်ကား။ ဣမ၊ ဤစိတ်အစဉ်၌။ အာဝဇ္ဇနာဒီနံ၊ အာဝဇ္ဇန်းအစရှိကုန်သော စိတ်တို့၏။ ဥပ္ပတ္တိ၊ ဖြစ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤအာဝဇ္ဇန်း အစရှိသော စိတ်တို့၏ဖြစ်ခြင်းသည်။ စိတ္တနိယာမတာ၊ စိတ္တနိယာမ မည်၏။

**တိုက်တွန်းချက်** ၄၇၄။ ပယုတ္တော၊ အနုပါဒါပရိနိဗ္ဗာန်သို့ မရောက်မူ၍ မဆုတ်သော ဝီရိယဖြင့် လုံ့လရှိသော။ ယော ဓီရော၊ အကြင်ပညာရှိသည်။ မောဟန္ဓကာရပဂမံ၊ မောဟတည်းဟူသော အမိုက်တိုက်၏ ကင်းခြင်းကို။ ဝါ၊ အရဟတ္တဖိုလ်ကို။ ယဒိ ဣစ္ဆေ၊ အကယ်၍ အလိုရှိသည်ဖြစ်အံ့။ သော ဓီရော၊ ထိုပညာရှိသည်။ အန္ဓဇနာနံ၊ မိုက်သောသူတို့၏။ ဟဒယန္ဓကာရံ ဝိဒ္ဓံသနံ၊ နှလုံး၌ အမိုက်တိုက်ကဲ့သို့သော တွေဝေခြင်းကို ဖျက်ဆီးတတ်သော။ ဇလန္တံ ဒီပံ၊ ထွန်းပသော ဆီမီးဖြစ်သော။ ဣမံ၊ ဤအဘိဓမ္မာဝတာရအမည်ရှိသောကျမ်းကို။ သတတံ၊ အခါခပ်သိမ်း။

---

၁။ အဘိသမ္ဗောဓိ (=သဗ္ဗညုတဉာဏ်ရ၍ ဘုရားဖြစ်သောအခါ), ဓမ္မစက္ကပဝတ္တန (=ဓမ္မစကြာတရား ဟောသောအခါ) အစရှိသည်တို့၌လည်း မြေတုန်လှုပ်ခြင်း၏ ဖြစ်ခြင်းကြောင့် ဇာတိယံသည် နိဒဿန (ပုံစံ)မျှသာ။

**သတိပြုချက်။** ။(ဤနိဿယကျမ်းဝယ် ပကိဏ္ဏကနိဒ္ဒေသမှစ၍ ကျမ်းစာဆုံးသည်တိုင်အောင် အောက်ခြေမှတ်ချက်၌ ကျမ်းတက်စသည်ဖြင့် စာခေါင်းများတပ်မပြခဲ့ပဲ ၁-၂ စသော ဂဏန်းဖြင့်သာ ရေးသားထားသည်၊ သို့သော် ထူးရာအချို့၌မူ စာခေါင်းများတပ်ပြထားပေသည်။)

သိက္ခေ၊ ဆောင်ခြင်း ကြံခြင်းအစရှိသည်တို့၏ အစွမ်းအားဖြင့် သင်ရာ၏။

အဘိဓမ္မာဝတာရေ၊ အဘိဓမ္မာဝတာရကျမ်း၌။ ဝိပါကစိတ္တပ္ပဝတ္တိ-နိဒ္ဒေသော နာမ၊ ဝိပါကစိတ္တပ္ပဝတ္တိနိဒ္ဒေသမည်သော။ သတ္တမော၊ ခုနစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော။ ပရိစ္ဆေဒေါ၊ အပိုင်းသည်။ ဣတိသမတ္တော၊ ဤတွင် ပြီးပြီ။

ဝိပါကစိတ္တပ္ပဝတ္တိနိဒ္ဒေသ ပြီး၏။

# ၈-အဋ္ဌမပရိစ္ဆေဒ

## ၈ ပကိဏ္ဏကနိဒ္ဒေသ

၄၇၅။ ဣဒါနိ [၁]၊ ယခုအခါ၌။ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော။ စေတသိ မာနသံ၊ ဤစိတ်တို့၏။ ပကိဏ္ဏကံ၊ ပြိုးပြမ်းသော စကားကို။ ဘိက္ခုနံ၊ ရဟန်းတို့၏။ ပါဋ္ဌဝတ္ထာယ၊ လိမ္မာသည်၏ အဖြစ်တည်းဟူသောအကျိုးငှါ။ မယာ၊ ငါသည်။ ကထိယတိ၊ ဆိုအပ်၏။

ပင့်ကူဥပမာဝိထိစိတ်ဖြစ်ပုံ ၄၇၆။ ပဉ္စမက္ကဋကော နာမ၊ ပဉ္စမက္ကဋမည် သော ပင့်ကူသည်။ ဝါ၊ ပိုး,နှံ့အစရှိ သည်တို့၏ သွားရာအရပ်၌ ကွန်ရက်ကိုဖြန့်၍ ထိုပိုး,နှံ့အစရှိသည်တို့၏ ခရီး၌ စောင့်တတ်သောကြောင့် ပဉ္စမက္ကဋဟု ရအပ်သော အမည်ရှိသော ပင့်ကူသည်။ တတ္ထ မဂ္ဂေ၊ ထိုပိုး,နှံ့ အစရှိသည်တို့၏ ခရီး၌။ ပဉ္စသု ဒိသာသု၊ ငါးပါးကုန်သော အရပ်မျက်နှာတို့၌။ သုတ္တံ၊ ပင့်ကူချည်ကို။ ပသာရေတွာ၊ ဖြန့်၍။ ဇာလမဇ္ဈေ၊ ကွန်ရက်၏ အလယ်၌။ ဝါ- ပဉ္စသု ဒိသာသု၊ ငါးပါး ကုန်သော အရပ်မျက်နှာတို့၌။ သုတ္တံ၊ ပင့်ကူချည်ကို။ ပသာရေတွာ၊ ဖြန့်၍။ တတ္ထ ဇာလမဇ္ဈေ၊ ထိုကွန်ရက်၏ အလယ်၌။ နိပဇ္ဇတိ၊ အိပ်၏။

---

၁။ ယခုအခါ အကြင်အကြင် ဆိုအပ်ကုန်ပြီးသော အလုံးစုံသော စိတ်တို့ကို ထင်စွာ ပြခြင်းငှါ—

"သုတ္တံ ဒေါဝါရိကော စ၊ ဂါမိလ္လော အမ္ဗော ကောလိယကေန စ။
ဇစ္စန္ဓော ပီဌသပ္ပိ စ၊ ဝိသယဂ္ဂါဟော စ ဥပနိဿယမတ္ထသော"

ဟူ၍ (အဋ္ဌသာလိနီ၊ နှာ-၃၁၈) အဋ္ဌကထာ၌ လာသော မာတိကာ၏ အစွမ်းဖြင့် ပကိဏ္ဏကနည်းကို ပြခြင်းငှါ ဣဒါနိ ပန အစရှိသည်ကို အားထုတ်သောဝ်။

(အဋ္ဌသာလိနီ အဋ္ဌကထာလာ ပကိဏ္ဏကနည်း မာတိကာ ၉-ပါး။

(၁) ပင့်ကူချည် ဥပမာ။ (၂) တံခါးစောင့် ဥပမာ။
(၃) ရွာသူ သားငယ် ဥပမာ။ (၄) သရက်သီး ဥပမာ။
(၅) ကြံညှစ်သူ ဥပမာ။ (၆) သူကန်းနှင့် သူဆွံ့ ဥပမာ။
(၇) အာရုံကို ယူခြင်း။ (၈) အားကြီးသော မှီရာအကြောင်း။
(၉) ဒဿနစသော အကျိုးပယောဇဉ်။ ၎င်း ၉-ပါးတို့၏ အကျယ်ကို အဋ္ဌသာလိနီ၊ နှာ-၃၁၈-၃၂၃ တို့၌ ရှုပါလေ။

နောက်ဆက်တွဲ ကြည့်ပါ။)

၇၇၇။ ဧတ္ထ=ဧတေသု ပဉ္စသု ဒိသာသု၊ ဤငါးပါးသော အရပ်မျက်နှာတို့တွင်။ ပဌမာယ ဒိသာယ၊ ရှေးဦးစွာသော အရပ်မျက်နှာ၌။ ပဿာရိတေ၊ ဖြန့်အပ်သော။ သုခတ္တ၊ ပင့်ကူချည်၌။ ပါဏကေန ဝါ၊ ပိုးသည်ရင်း။ ပဋင်္ဂေ-န ဝါ၊ နှံသည်ရင်း။ မက္ခိကာယ ဝါ၊ ယင်သည်ရင်း။ ဃဋ္ဋိတေ၊ ထိသည်ရှိသော်။

၇၇၈။ သာ ဥဏ္ဏနာဘိ၊ ထိုပင့်ကူသည်။ ကိဉ္စိ၊ အတန်ငယ်။ စလိတ္တာ၊ လှုပ်၍။ နိပန္နဋ္ဌာနတော၊ အိပ်ရာအရပ်မှ။ သုတ္တာနုသာရေန၊ ပင့်ကူချည်ကို အစဉ်လျှောက်သဖြင့်။ ဂန္တွာ၊ သွား၍။ တဿ သတ္တဿ၊ ထိုသတ္တဝါ၏။ ယူသံ၊ သွေးကို။ ပိဝတိ၊ သောက်၏။

၇၇၉။ ပိဝိတ္တာ၊ သောက်ပြီး၍။ ပုနာဂန္တွာန၊ တဖန်လာ၍။ တတ္ထေဝ၊ ထိုကွန်ရက်၏ အလယ်၌သာလျှင်။ ယထာသုခံ၊ ချမ်းသာစွာ။ နိပဇ္ဇတိ၊ အိပ်၏။

ဒုတိယာဒိသု ဒိသာသု၊ နှစ်ခုမြောက်သော အရပ်မျက်နှာ အစရှိသည်တို့၌။ ပါဏကေန ဝါ၊ ပိုးသည်ရင်း။ ပဋင်္ဂေန ဝါ၊ နှံသည်ရင်း။ မက္ခိ-ကာယ ဝါ၊ ယင်သည်ရင်း။ ဃဋ္ဋိတေ၊ ထိသည်ရှိသော်။ ဧဝမေဝ၊ ဤအတူလျှင်။ ကရောတေဝ၊ ပြုသည်သာလျှင်ကတည်း။

ဥပမာနှင့် ဥပမေယျ ဟပ်ပြပုံ ၇၈၀။ ပဉ္စဒိသာသု၊ ငါးပါးသော အရပ်မျက်နှာတို့၌။ သုတ္တံ ဣဝ၊ ပင့်ကူချည်ကဲ့သို့။ ပဉ္စ ပသာဒါ၊ ငါးပါးသော ပသာဒတို့ကို။ ဒဋ္ဌဗ္ဗာ[၁]၊ မှတ်အပ်ကုန်၏။ မဇ္ဈေ၊ ကွန်ရက်၏ အလယ်၌။ မက္ကဋကော ဝိယ စ၊ ပင့်ကူကဲ့သို့လည်း။ စိတ္တံ ပန၊ စိတ်ကိုလျှင်။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

၇၈၁။ ပါဏကာဒီဟိ၊ ပိုးအစရှိသော သတ္တဝါတို့သည်။ တဿ သုတ္တ-ဿ၊ ထိုပင့်ကူချည်ကို။ သံဃဋ္ဋနာ ဝိယ၊ ထိခြင်းကဲ့သို့။ ပသာဒါနံ၊ ပသာဒတို့၏။ အာရမ္မဏေန၊ အာရုံနှင့်။ သာ ဃဋ္ဋနာ၊ ထိုထိခြင်းကို။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏။

---

၁။ ဥပမာ သံသန္ဒနကို ပြုခြင်းငှါ ပသာဒါ ပဉ္စ ဒဋ္ဌဗ္ဗာ အစရှိသည်ကို မိန့်။

၄၈၂။ မဇ္ဈေ၊ ကွန်ရက်၏အလယ်၌။ နိပန္နာယ၊ အိပ်သော။ ဥဏ္ဏနာဘိယာ၊ ပင့်ကူ၏။ တံ စလနံ ဝိယ၊ ထိုလှုပ်ခြင်းကဲ့သို့။ တတ္ထ=တိဿံ ဝီထိယံ၊ ထိုဝီထိ၌။ ပသာဒ ဃဋ္ဋနံ၊ ပသာဒ၌ထိသော။ အာရမ္မဏံ၊ အာရုံကို။ ဂဟေတွာ ပန၊ ယူ၍လျှင်။

၄၈၃။ မနောဓာတုကြိယာစိတ္တံ၊ မနောဓာတ် ကြိယာစိတ်သည်။ ဘဝင်္ဂါဝဋ္ဋနံ၊ ဘဝင်ကို လည်စေခြင်းကို။ မတံ၊ သိအပ်၏။ တဿ မက္ကဋဿ၊ ထိုပင့်ကူ၏။ သုတ္တာနုသာရေဝ၊ ပင့်ကူချည်ကို အစဉ်လျှောက်သဖြင့် သွားခြင်းကဲ့သို့။ ဝီထိစိတ္တပ္ပဝတ္တနံ၊ ဝီထိစိတ်၏ဖြစ်ခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

၄၈၄။ အဿ သတ္တဿ၊ ထိုပိုးအစရှိသော သတ္တဝါ၏။ သီသေ ပန၊ ဦးခေါင်း၌လျှင်။ ဝိဇ္ဈိတွာ၊ ဖောက်၍။ ယူသပါနံ ဣဝ၊ သွေးကို သောက်ခြင်းကဲ့သို့။ ဇဝနဿ ဇေတသော၊ ဇောစိတ်၏။ အာရမ္မဏေသု၊ အာရုံတို့၌။ ပဝတ္တနံ၊ ဖြစ်ခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

၄၈၅။ ပုန၊ တဖန်။ အာဂန္တွာ၊ လာ၍။ သုတ္တဇာလမဇ္ဈေ၊ ပင့်ကူချည်ကွန်ရက်၏အလယ်၌။ နိပဇ္ဇနံ ယထာ၊ အိပ်ခြင်းကဲ့သို့။ ဝတ္ထုံယေဝ၊ ဟဒယဝတ္ထုကိုသာလျှင်။ နိဿာယ၊ မှီ၍။ စိတ္တဿ၊ စိတ်၏။ ပရိဝတ္တနံ၊ ဘဝင်၏အဖြစ်ဖြင့် ပြန်ခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ဥပမာဖြင့် သိစေအပ်သော အနက်အဓိပ္ပါယ်

၄၈၆။ ဣဒံ တု ဩပမ္မံ၊ ဤဥပမာသည်။ ကိံ တု အတ္ထံ၊ အဘယ် အနက်ကိုလျှင်။ ဒီပေတိ၊ ပြသနည်း။ ပဌမံ၊ ရှေးဦးစွာ။ အာရမ္မဏေန၊ အာရုံသည်။ ပသာဒေ၊ ပသာဒကို။ ဃဋ္ဋိတေ ပန၊ ထိသည်ရှိသော်။

၄၈၇။ တတော ပသာဒဝတ္ထုတော စိတ္တာ၊ ထိုပသာဒဝတ္ထုကိုမှီသော စိတ်မှ။ ပဌမံယေဝ၊ ရှေးဦးစွာလျှင်။ ဝတ္ထုသန္နိဿိတံ မနော၊ ဟဒယဟဝတ္ထုကို မှီသော ဘဝင်စိတ်သည်။ ဇာယတိ၊ ဖြစ်၏။ ဣတိ=ဣမံ အတ္ထံ၊ ဤအနက်ကို။ ဣမိနာ ဩပမ္မေန၊ ဤ ဥပမာဖြင့်။ ဒိပိတံ၊ ပြအပ်၏[၁]။

---

၁။ (အာရုံနှင့် ပသာဒရုပ်တို့ တွေ့ဆုံထိခိုက်သောအခါ ပသာဒရုပ်ကို မှီ၍ဖြစ်သော ပဥ္စဝိညာဉ်စိတ်တို့ထက် အလျင် ရှေးဦးစွာ ဟဒယဝတ္ထုရုပ်ကို မှီ၍ဖြစ်သော ပဥ္စဒွါရာဝဇ္ဇန်းစိတ် ဖြစ်ပေါ်လာသည်-ဟု ဆိုလိုသည်။)

၄၈၈။ ဧကေကာရမ္မဏံ၊ ရူပါရုံ အစရှိသည်တို့တွင် တပါးပါးသော အာရုံသည်။ သဗ္ဗသော=သဗ္ဗာကာရေန၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ ဝါ-သဗ္ဗသော=သဗ္ဗေသု၊ အလုံးစုံသော စက္ခုအစရှိကုန်သော။ ဒွိသု ဒွိသု ဒွါရေသု၊ နှစ်ခု နှစ်ခုကုန်သော ဒွါရတို့၌။ အာပါထံ၊ ထင်ခြင်းသို့။ အာဂစ္ဆတိ၊ ရောက်၏။ အယံ အတ္တောပိ၊ ဤအနက်ကိုလည်း။ တေန ဩပမ္မေန၊ ထိုဥပမာဖြင့်။ ဒီပိတော၊ ပြအပ်၏။

**အာရုံ ၁-ပါးက ဒွါရ ၂-ပါး၌ ထင်ခြင်းသို့ရောက်ပုံ**

၄၈၉။ ရူပံ၊ ရူပါရုံသည်။ စက္ခုပသာဒမှိ၊ စက္ခုပသာဒကို ။ဃဋ္ဋေတွာ၊ ထိ၍။ တင်္ခဏေ ပန၊ ထိုခဏ၌လျှင်။ မနော-ဒွါရေ၊ မနောဒွါရ၌။ တထာ၊ ထိုအတူ။ အာပါထံ၊ ထင်ခြင်းသို့။ အာဂစ္ဆတိ၊ရောက်၏။ ဣမသ္မိံ ဝစနေ၊ ဤစကား၌။ သံသယော၊ ယုံမှားဘွယ်သည်။ နတ္ထိ၊ မရှိ[၁]။

## အာရုံ ၁-ပါးက ဒွါရ ၂-ပါး၌ ထင်ပုံကို ဥပမာဖြင့် ပြခြင်း

၄၉၀။ ဟိ=ပါကဋံ ကရောမိ၊ ထင်စွာပြအံ့။ ဣဓ၊ ဤလောက၌။ ခဂေါ၊ ငှက်သည်။ [ခေ=အာကာသေ ဂစ္ဆတီတိ ခဂေါ၊ ပက္ခီ] ရုက္ခဂ္ဂေ၊ သစ်ပင်ဖျား၌။ နိလီယန္တော၊ နားသည်ရှိသော်လျှင်။ သာခိနော၊ သစ်ပင်၏။ [သာခါ ဧတဿ အတ္ထီတိ သာခိ၊ ရုက္ခော] သာခံ၊ အခက်ကို။ ဃဋ္ဋေတိ၊ ထိစေ၏။ တဿ၊ ထိုငှက်၏။ ဆာယာ၊ အရိပ်သည်။ ဘူမိယံ၊ မြေ၌။ ဖရတိ၊ ပြန့်နှံ့၏။

၄၉၁။ သဗ္ဗသော = သဗ္ဗာနိ၊ ခပ်သိမ်းကုန်သော။ သာခါယ ဃဋ္ဋ-နစ္ဆာယ ဖရဏာနိ စ၊ သစ်ခက်၌ထိခြင်း, မြေ၌အရိပ်နှံ့ခြင်းတို့သည်လည်း။ အပုဗ္ဗာစရိမံ၊ မရှေးမနှောင်း။ ဧကက္ခဏသ္မိံယေဝ၊ တပြိုင်နက်သော ခဏ၌သာလျှင်။ ဇာယရေ ယထာ၊ ဖြစ်ကုန်သကဲ့သို့။

၄၉၂-၄၉၃။ ဧဝမေဝ စ၊ ဤအတူရင်း။ ရူပဿ၊ ရုပ်၏။ [ဃဋ္ဋနန, အာပါထဂမန နှစ်ပုဒ်တို့နှင့်စပ်] ပသာဒဿ၊ ပသာဒကို။ ဃဋ္ဋနဉ္စ၊ ထိခြင်း

---

၁။ ယခုအခါ တပါးတပါးသော အာရုံ၏ နှစ်ခု နှစ်ခုသော ဒွါရတို့၌ ထင်ခြင်းသို့ ရောက်ခြင်းကို ပြခြင်းငှါ ရူပံ စက္ခုပသာဒမှိ အစရှိသည်ကို မိန့်။

သည်ငှင်း။ တထေဝ၊ ထို့အတူသာလျှင်။ ဘဝင်္ဂစလနဿပိ၊ ဘဝင်လှုပ်ခြင်း၏လည်း။ ပစ္စယတ္တေန၊ အကြောင်း၏အဖြစ်ဖြင့်။ မနောဒွါရေ၊ မနောဒွါရ၌။ အတ္တတော၊ သဘောအားဖြင့်။ အာပါထ ဂမနမ္ပိ စ၊ ထင်ခြင်းသို့ ရောက်ခြင်းသည်ငှင်း။ အပုဗ္ဗာစရိမံ၊ မရှေးမနှောင်း။ ဧကက္ခဏသ္မိံယေဝ၊ တပြိုင်နက်သော ခဏ၌သာလျှင်။ ဟောတိ၊ ဖြစ်၏။

**အာဝဇ္ဇန်းစိတ်စသည်ဖြစ်ပုံ** ၄၉၄။ တတော၊ ထိုဘဝင်လှုပ်သည်မှ။ ပရံ၊ နောက်၌။ ဘဝင်္ဂံ၊ ဘဝင်ကို။ ဆိန္ဒိတ္ဝာ၊ ဖြတ်၍။ စက္ခုဒွါရေ၊ စက္ခုဒွါရ၌။ ယထာက္ကမံ၊ အစဉ်အားလျော်စွာ။ အာဝဇ္ဇနေ၊ အာဝဇ္ဇန်းသည်။ သမုပ္ပန္နေ၊ ဖြစ်သည်ရှိသော်။ ဒဿနေ စ၊ စက္ခုဝိညာဉ်သည်ငှင်း။ သမ္ပဋိစ္ဆနေ စ၊ သမ္ပဋိစ္ဆိုင်းသည်ငှင်း။

၄၉၅။ သန္တီရဏေ စ၊ သန္တီရဏသည်ငှင်း။ သမုပ္ပန္နေ၊ ဖြစ်သည်ရှိသော်။ တတော၊ ထိုနောက်မှ။ ဝေါဋ္ဌဗ္ဗနေပိ စ၊ ဝုဋ္ဌောသည်လည်း။ သမုပ္ပန္နေ၊ ဖြစ်သည်ရှိသော်။ ကုသလံ ဇဝနံ စိတ္တံ ဝါ ၁၊ ကာမာဝစရကုသိုလ်ဇောစိတ်သည်ငှင်း။ တထာ၊ ထို့အတူ။ အကုသလမေဝ ဝါ၊ အကုသိုလ်ဇောစိတ်သည်ငှင်း။ ဇာယတေ၊ ဖြစ်၏။

၄၉၆။ သောတဒွါရာဒီသုပိ၊ သောတဒွါရ အစရှိသည်တို့၌လည်း။ သဒ္ဒါဒီနံ၊ သဒ္ဒါရုံအစရှိသည်တို့၏။ ဃဋ္ဋနေ၊ ထိခြင်း၌။ ဧသော ဧဝ နယော၊ ဤနည်းကိုသာလျှင်။ အဝိသေသေန၊ အထူးမရှိသဖြင့်။ ဝိညုနာ၊ ပညာရှိသည်။ ဝိညေယျော၊ သိအပ်၏။

၄၉၇။ ဧတဿ အတ္တဿ၊ ဤအနက်ကို။ ဒီပနေ၊ ပြခြင်း၌။ ဒေါဝါရိက-ဂေါပမာဒီနိ။ တံခါးစောင့်ဥပမာ အစရှိကုန်သော။ တာနိ ဝစနာနိ၊ ထိုစကားတို့ကို။ ဥဒ္ဓရိတ္ဝာန၊ ထိုထိုကျမ်းမှ ထုတ်၍။ ဧတ္ထ၊ ဤဝီထိစိတ်အရာ၌။ ဝိညုနာ၊ ပညာရှိသော သူသည်။ ဒဿေတဗ္ဗာနိ၊ ပြအပ်ကုန်၏။

---

၁။ ဝါ-သဒ္ဒါဖြင့် ကြိယာအဗျာကတစိတ်ကိုလည်း သင်္ဂြိုဟ်သည်။

**စက္ခုဝိညာဉ်စိတ် ဖြစ်ကြောင်း ၄-ပါး** ၄၉၈။ စက္ခုဉ္စ၊ စက္ခုပသာဒ၏။ အသမ္ဘေဒေန စ[၁]၊ မပျက်သည်၏အဖြစ်ဖြင့်၎င်း။ ရူပါပါထဂမေန စ၊ ရူပါရုံထင်ခြင်းသို့ ရောက်သဖြင့်၎င်း။ အာလောကနိဿယေနာပိ၊ အလင်းဟုဆိုအပ်သော အမှီရှိသဖြင့်၎င်း။ သမနက္ကာရဟေတုနာ စ၊ မနသိကာရ သာလျှင်ဖြစ်သော အကြောင်းနှင့်တကွဖြစ်သဖြင့်၎င်း။

၄၉၉။ သမေတေဟိ၊ တပေါင်းတည်း ဖြစ်ကုန်သော။ စတူဟိ ပိ၊ လေးပါးလည်း ဖြစ်ကုန်သော။ ဧတေဟိ ပစ္စယေဟိ၊ ဤအကြောင်းတို့ကြောင့်။ တံ စက္ခုဝိညာဏံ၊ ထိုစက္ခုဝိညာဉ်သည်။ သမ္ပယုတ္တေဟိ၊ သမ္ပယုတ်တရားတို့နှင့်။ သဟ၊ တကွ။ ဇာယတေ၊ ဖြစ်၏။

**သောတဝိညာဉ်စိတ် ဖြစ်ကြောင်း ၄-ပါး** ၅၀၀။ သောတဉ္စ၊ သောတပသာဒ၏။ အသမ္ဘေဒေန စ၊ မပျက်သည်၏ အဖြစ်ဖြင့်၎င်း။ သဒ္ဒါပါထဂမေန စ၊ သဒ္ဒါရုံထင်ခြင်းသို့ ရောက်သဖြင့်၎င်း။ အာကာသနိဿယေနာပိ၊ နားပေါက်ဟု ဆိုအပ်သော အဆို့အပိတ်ကင်းမဲ့သော ဟင်းလင်းပြင် ဟင်းလင်းပေါက် အမှီရှိသဖြင့်၎င်း။ သမနက္ကာရဟေတုနာ စ၊ မနသိကာရ သာလျှင်ဖြစ်သော အကြောင်းနှင့်တကွဖြစ်သဖြင့်၎င်း[၂]။

၅၀၁။ သမေတေဟိ၊ တပေါင်းတည်းဖြစ်ကုန်သော။ စတူဟိ ပိ၊ လေးပါးလည်းဖြစ်ကုန်သော။ ဧတေဟိ ပစ္စယေဟိ၊ ဤအကြောင်းတို့ကြောင့်။ တံ သောတဝိညာဏံ၊ ထိုသောတဝိညာဉ်သည်။ သမ္ပယုတ္တေဟိ၊ သမ္ပယုတ်တရားတို့နှင့်။ သဟ၊ တကွ။ ဇာယတေ၊ ဖြစ်၏။

**ဃာနဝိညာဉ်စိတ် ဖြစ်ကြောင်း ၄-ပါး** ၅၀၂။ ဃာနဉ္စ၊ ဃာနပသာဒ၏။ အသမ္ဘေဒေန စ၊ မပျက်

---

၁။ ဂါမဒါရကောပမာ,ပီဌသပ္ပိဥပမာတို့ကို သင်္ဂြိုဟ်၍ ဒေါဝါရိကောပမာဒီနိ ဟု ဆိုပြီး၍ ဥပနိဿယမတ္တသော ဟူ၍ ဤပုဒ်၌ ဥပနိဿယ၏ အဖြစ်ကို ပြခြင်းငှါ အသမ္ဘေဒေန စက္ခုဉ္စ စသည်ကို မိန့်။

[စက္ခုဝိညာဉ်ဖြစ်ကြောင်း အင်္ဂါ ၄-ပါး— (၁) စက္ခုပသာဒရုပ်။ (၂) ရူပါရုံ။ (၃) အာလောက=အလင်းရောင်။ (၄) မနသိကာရ။]

၂။ [သောတဝိညာဉ် ဖြစ်ကြောင်း ၄-ပါး— (၁) သောတပသာဒရုပ်။ (၂) သဒ္ဒါရုံ။ (၃) အာကာသ=ဟင်းလင်းပြင်၊ ဟင်းလင်းပေါက်။ (၄) မနသိကာရ။]

သည်၏ အဖြစ်ဖြင့်ရင်း။ ဂန္ဓာပါထဂမေန စ၊ ဂန္ဓာရုံထင်ခြင်းသို့ ရောက်သဖြင့်ရင်း။ ဝါယောသန္နိဿယေနာပိ၊ နှာခေါင်းပေါက်သို့ ဝင်သောလေ အမှီရှိသဖြင့်ရင်း။ သမနက္ကာရဟေတုနာ စ၊ မနသိကာရ သာလျှင်ဖြစ်သော အကြောင်းနှင့်တကွဖြစ်သဖြင့်ရင်း [၁]။

၅၀၃။ သမေတေဟိ၊ တပေါင်းတည်း ဖြစ်ကုန်သော။ စတူဟိ ပိ၊ လေးပါးလည်း ဖြစ်ကုန်သော။ ဧတေဟိ ပစ္စယေဟိ၊ ဤအကြောင်းတို့ကြောင့်။ တံ ဃာနဝိညာဏံ၊ ထို ဃာနဝိညာဉ်သည်။ သမ္ပယုတ္တေဟိ၊ သမ္ပယုတ်တရားတို့နှင့်။ သဟ၊ တကွ။ ဇာယတေ၊ ဖြစ်၏။

**ဇိဝှါဝိညာဉ်စိတ် ဖြစ်ကြောင်း ၄-ပါး** ၅၀၄။ ဇိဝှါယ၊ ဇိဝှါပသာဒ၏။ အသမ္ဘေဒေန စ၊ မပျက်သည်၏ အဖြစ်ဖြင့်ရင်း။ ရသာပါထ ဂမေန စ၊ ရသာရုံထင်ခြင်းသို့ ရောက်သဖြင့်ရင်း။ အာပေါသန္နိဿယေနာပိ၊ တံထွေးဟု ဆိုအပ်သော အာပေါအမှီရှိသဖြင့်ရင်း။ သမနက္ကာရဟေတုနာ စ၊ မနသိကာရ သာလျှင် ဖြစ်သော အကြောင်းနှင့်တကွဖြစ်သဖြင့်ရင်း [၂]။

၅၀၅။ သမေတေဟိ၊ တပေါင်းတည်း ဖြစ်ကုန်သော။ စတူဟိ ပိ၊ လေးပါးလည်း ဖြစ်ကုန်သော။ ဧတေဟိ ပစ္စယေဟိ၊ ဤအကြောင်းတို့ ကြောင့်။ တံ ဇိဝှါယ ဝိညာဏံ၊ ထိုဇိဝှါဝိညာဉ်သည်။ သမ္ပယုတ္တေဟိ၊ သမ္ပယုတ်တရားတို့နှင့်။ သဟ၊ တကွ။ ဇာယတေ၊ ဖြစ်၏။

**ကာယဝိညာဉ်စိတ် ဖြစ်ကြောင်း ၄-ပါး** ၅၀၆။ ကာယဿ၊ ကာယပသာဒ ၏။ အသမ္ဘေဒေန စ၊ မပျက်သည်၏ အဖြစ်ဖြင့်ရင်း။ ဖောဋ္ဌဗ္ဗာပါထသင်္ဂမာ စ၊ ဖောဋ္ဌဗ္ဗာရုံ ထင်ခြင်းသို့ ရောက်သဖြင့်ရင်း။ ပထဝီနိဿယေနာပိ၊ ကာယပသာဒ၏ မှီရာဖြစ်သော ပထဝီဓာတ် အမှီရှိသဖြင့်ရင်း။ သမနက္ကာရဟေတုနာ စ၊ မနသိကာရ သာလျှင်ဖြစ်သော အကြောင်းနှင့်တကွ ဖြစ်သဖြင့်ရင်း [၃]။

---

၁။ [ဃာနဝိညာဉ်ဖြစ်ကြောင်း ၄-ပါး— (၁) ဃာနပသာဒ။ (၂) ဂန္ဓာရုံ။ (၃) ဝါယော=လေ။ (၄) မနသိကာရ။]

၂။ [ဇိဝှါဝိညာဉ်ဖြစ်ကြောင်း ၄-ပါး— (၁) ဇိဝှါပသာဒ။ (၂) ရသာရုံ။ (၃) အာပေါ=ရေ,အရည်,လျှာရည်။ (၄) မနသိကာရ။]

၃။ [ကာယဝိညာဉ်ဖြစ်ကြောင်း ၄-ပါး— (၁) ကာယပသာဒ။ (၂) ဖောဋ္ဌဗ္ဗာရုံ။ (၃) ထဒ္ဓ=ပထဝီဓာတ်၌ပါသော ခက်မာမှု။ (၄) မနသိကာရ။]

၅၀၇။ သမေတေဟိ၊ တပေါင်းတည်း ဖြစ်ကုန်သော။ စတူဟိ ပိ၊ လေးပါးလည်း ဖြစ်ကုန်သော။ ဧတေဟိ ပစ္စယေဟိ၊ ဤအကြောင်းတို့ကြောင့်။ တံ ကာယဝိညာဏံ၊ ထိုကာယဝိညာဉ်သည်။ သမ္ဘဝတ္တေဟိ၊ သမ္ပယုတ်တရားတို့နှင့်။ သဟ၊ တကွ။ ဇာယတေ၊ ဖြစ်၏။

**ဇောစိတ်ဖြစ်ကြောင်း ၄-ပါး** ၅၀၈။ မနသာ၊ ဘဝင်စိတ်၏။ အသမ္ဘေဒါပိ၊ မပျက်သည်၏ အဖြစ်ဖြင့်ငင်း[၁]။ ဓမ္မာပါထဂမနေန စ၊ ဓမ္မာရုံထင်ခြင်းသို့ ရောက်သဖြင့်ငင်း။ ဝတ္ထုသန္နိဿယေနာပိ၊ ဟဒယဝတ္ထုအမှီရှိသဖြင့်ငင်း။ သမနက္ကာရဟေတုနာ စ၊ မနသိကာရ သာလျှင်ဖြစ်သော အကြောင်းနှင့်တကွ ဖြစ်သဖြင့်ငင်း။

၅၀၉။ ဧဝံ တု၊ ဤသို့လျှင်။ သမေတေဟိ၊ တပေါင်းတည်း ဖြစ်ကုန်သော။ စတူဟိ ပိ၊ လေးပါးလည်း ဖြစ်ကုန်သော။ ဧတေဟိ ပစ္စယေဟိ၊ ဤအကြောင်းတို့ကြောင့်။ မနောဝိညာဏံ၊ ဇောမနောဝိညာဉ်သည်။ သမ္ဘဝတ္တေဟိ၊ သမ္ပယုတ်တရားတို့နှင့်။ သဟ၊ တကွ။ ဇာယတေ၊ ဖြစ်၏။

၅၁၀။ မနော၊ အသမ္ဘေဒါ မနသာ ဟူသောပုဒ်၌ ဆိုအပ်သောစိတ်ကို။ ဘဝင်္ဂစိတ္တန္တိ၊ ဘဝင်စိတ်ဟူ၍။ ဝိဘာဝိနာ၊ ပညာရှိသောသူသည်။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

**အာဝဇ္ဇန်းဒွေးကို မနသိကာရဟု ဆိုခြင်း။** ။အာဝဇ္ဇနကြိယာစိတ္တံ၊ အာဝဇ္ဇန်းကြိယာစိတ် နှစ်ခုတို့၏ အပေါင်းကို။ သမနက္ကာရောတိ၊ သမနက္ကာရဟူ၍။ သညိတံ၊ မှတ်အပ်၏။

၅၁၁။ ဝတ္ထုသန္နိဿယေနာတိ အယံ ပါဌော၊ ဇောစိတ် ဖြစ်ကြောင်း ၄-ပါးတွင် ဝတ္ထုသန္နိဿယေန-ဟူသော ဤပါဌ်သည်။ သဗ္ဗတ္ထ၊ ခပ်သိမ်း

---

၁။ (ဥပါဒ်, ဌီ, ဘင်စေ့၍ ချုပ်လေပြီးသော ဘဝင်စိတ်နှင့် အာဝဇ္ဇန်းစိတ်ဖြစ်အောင် ကျေးဇူးမပြုနိုင်သော အားနည်း အားနဲ့သော ဘဝင်စိတ်သည် သမ္ဘိန္နဘဝင်=သမ္ဘေဒ ဘဝင်=ပျက်စီးပြီးသော ဘဝင်စိတ် ဖြစ်သည်။

အာဝဇ္ဇန်းစိတ်ဖြစ်အောင် အနန္တရပစ္စည်းဖြင့် ကျေးဇူးပြုနိုင်သော အားရှိသော ဘဝင်စိတ်သည် အသမ္ဘိန္နဘဝင်=အသမ္ဘေဒဘဝင်=မပျက်စီးသေးသော ဘဝင်စိတ်မည်သည်။)

သော ဘုံ၌။ န ဂစ္ဆတိ၊ မဖြစ်။ ပဥ္စဝေါကာရ[၁]၊ ပဥ္စဝေါကာရ ဖြစ်သော။ ဘဝံ တု၊ ဘဝကို။ သန္ဓာယ၊ ရည်၍။ ကထိတော၊ ဆိုအပ်၏။

**ပဋိသန္ဓေစိတ် ၁၉-ပါး**　၅၁၂။ ကာမေ၊ ကာမဘုံ၌။ ဒသ စ၊ တဆယ်သော (ပဋိသန္ဓေ)စိတ်တို့ရှင်း။ ရူပေသု၊ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံတို့၌။ ပဉ္စ စ၊ ငါးခုသော (ပဋိသန္ဓေ) စိတ်တို့ရှင်း။ အရူပီသု၊ အရူပဘုံတို့၌။ စတ္တာရိ စ၊ လေးခုသော(ပဋိသန္ဓေ) စိတ်တို့ရှင်း။ ဣတိ၊ ဤသို့။ သဗ္ဗာနိ၊ အလုံးစုံကုန်သော။ ပဋိသန္ဓာဒိ-စိတ္တာနိ၊ ပဋိသန္ဓေအစရှိကုန်သော စိတ်တို့သည်။ ဧကူနဝီသတိ၊ တခုယုတ်နှစ်ဆယ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**ပဋိသန္ဓေ၏ အာရုံ**　၅၁၃။ ကမ္မဥ္စ၊ ပဋိသန္ဓေကို ဖြစ်စေတတ်သော ဥပ-ပဇ္ဇဝေဒနီယ,အပရာပရိယဝေဒနီယဖြစ်သော ကုသိုလ် အကုသိုလ် စေတနာ(ကံ)ရှင်း။ ကမ္မနိမိတ္တဥ္စ၊ ကံကိုအားထုတ်သော ကာလ အာရုံပြုအပ်သော အလှူ၏ အဆောက်အဦ, သတ္တဝါကို သတ်ခြင်း၏ အဆောက်အဦ အစရှိသော ကမ္မနိမိတ်ရှင်း။ တထာ၊ ထို့မှတပါး။ ဂတိနိမိတ္တကဥ္စ၊ အခြားမဲ့ဖြစ်လတ္တံ့သော ဘဝ၌ အကျုံးဝင်သော အမိဝမ်း-ရေ, ဥယျာဉ်, ပဒေသာပင်, ရေ, မီးလျှံ အစရှိသော ဝဏ္ဏာယတန တည်းဟူသော ဂတိနိမိတ်ရှင်း။ ဣဒံ တိဝိဓံ[၂]၊ ဤ သုံးပါးအပြားရှိသော အာရုံကို။ တေသံ၊ ထိုပဋိသန္ဓေစိတ်တို့၏။ အာရမ္မဏံ၊ အာရုံဟူ၍။ ဥဒီရိတံ၊ ဆိုအပ်၏။

---

၁။ ပဥ္စန္နံ ခန္ဓာနံ ဝေါကာရော ဧတ္ထာတိ ပဥ္စဝေါကာရော၊ ဘိန္နာဓိကရဏအညပဒတ္ထ-သမာသ်။

အတ္ထသော ဟူသော ပုဒ်ကို စက္ခာဒီနိ ဒဿနကိစ္စာနိ ဟူသော ဤမျှကိုသာ ရည်၍ ဆိုအပ်၏၊ တပါးသော တစုံတခု အထူးမရှိ၊ ထို့ကြောင့် ထိုအတ္ထသောပုဒ်၌ ဝိနိစ္ဆယကို မဆိုသည်။

(စက္ခုပသာဒသည် မြင်ခြင်းအကျိုးရှိသည်၊ သောတပသာဒသည် ကြားခြင်းအကျိုး ရှိသည်၊ ဃာနပသာဒသည် နံခြင်းအကျိုးရှိသည်၊ ဇိဝှါပသာဒသည် သာယာခြင်း အကျိုး ရှိသည်၊ ကာယပသာဒသည် ထိခြင်းအကျိုးရှိသည်၊ ဘဝင်စိတ်သည် သိခြင်းအကျိုးရှိသည်၊ ထို့ပြင် အထူးမရှိပြီ၊ သို့ဖြစ်၍ အတ္ထသောဟူသော မာတိကာ၏ အကျယ်အဆုံးအဖြတ်ကို မဆိုတော့ပြီ ဟူလို။)

၂။ တိဝိဓံ ဟူသော ဤစကားကို ယထာသမ္ဘဝ၏ အစွမ်းဖြင့် ဆိုအပ်၏၊ ရူပ, အရူပ ပဋိသန္ဓေတို့၏ကား ကမ္မနိမိတ်သည်သာ အာရုံဖြစ်၏။

**ကာမပဋိသန္ဓေ၏အာရုံ** ၅၁၄။ ကာမာဝစရသန္ဓိနံ၊ ကာမာဝစရပဋိသန္ဓေတို့၏။ ပရိတ္တံ၊ ကာမာဝစရဖြစ်သော။ အာရမ္မဏံ၊ အာရုံကို။ မတံ၊ သိအပ်၏။ တံ၊ ထိုကာမာဝစရအာရုံသည်။ ပစ္စုပ္ပန္နံ ဝါ၊ ပစ္စုပ္ပန်သည်၎င်း။ အတီတံ ဝါ၊ အတိတ်သည်၎င်း။ ဟောတိ၊ ဖြစ်၏။ အနာဂတံ၊ အနာဂတ်အာရုံသည်။ နတ္ထိ၊ မရှိ။

**တဒါရုံ ၁၁-ပါး** ၅၁၅။ အဋ္ဌေဝ၊ ရှစ်ပါးသာလျှင်ဖြစ်ကုန်သော။ မဟာပါကာ စ၊ မဟာဝိပါက်စိတ်တို့၎င်း။ တီဏိ၊ သုံးခုကုန်သော။ သန္တီရဏာနိ စ၊ သန္တီရဏစိတ်တို့၎င်း။ ဣတိ၊ ဤသို့။ ဧကာဒသဝိဓံ စိတ္တံ၊ တဆဲ့တပါးအပြားရှိသော စိတ်သည်။ တဒါရမ္မဏသညိတံ၊ တဒါရုံဟူသော အမည်ရှိ၏။

## တဒါရုံစိတ်ကို ဝေဖန်ပြခြင်း

၅၁၆။ တဒါရမ္မဏသညိတေ၊ တဒါရုံအမည်ရှိသော။ ဧကာဒသဝိဓေ၊ တဆဲ့တပါးအပြားရှိသော။ စိတ္တေ၊ စိတ်တွင်။ ပုညဝိပါကာနိ၊ ကုသလဝိပါက်စိတ်တို့သည်။ ဒသ၊ တဆယ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အပုညဇံ၊ အကုသလဝိပါက်စိတ်သည်။ ဧကံ၊ တခုသည်။ ဟောတိ၊ ဖြစ်၏။

၅၁၇။ မဟာပါကာ၊ မဟာဝိပါက်စိတ်တို့သည်။ ရူပါရူပဘဝဒ္ဒယေ၊ ရူပဘုံ,အရူပဘုံနှစ်ပါးအပေါင်း၌။ န ဇာယန္တေ၊ မဖြစ်ကုန်။ သန္တီရဏတ္တယံ၊ သန္တီရဏသုံးခုတို့၏အပေါင်းသည်။ ကာမရူပဘဝေသွေဝ၊ ကာမဘုံ,ရူပဘုံ၌သာလျှင်။ ဟောတိ၊ ဖြစ်၏ [၁]။

၁။ မဟာဝိပါက်တို့၏ ပဋိသန္ဓေ အစရှိသော လေးပါးသော ကိစ္စတို့၏ အစွမ်းဖြင့်သာ ဖြစ်ခြင်းကြောင့်, ရူပ, အရူပဘုံ၌ ပဋိသန္ဓေ,ဘဝင်,စုတိ၏ အစွမ်းအားဖြင့် ထိုထိုရူပဝိပါက် အရူပဝိပါက်၏သာ ဖြစ်ခြင်းကြောင့်, တဒါရုံ၏လည်း မဖြစ်ခြင်းကြောင့် ထိုရူပ, အရူပဘုံ၌ မရအပ်ဟု မဟာပါကာ။ပ။ဒွယေ မိန့်သည်။

(ရူပ အရူပဘုံ၌ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်သောစိတ်သည် ရူပဝိပါက်, အရူပဝိပါက် စိတ်များသာ ဖြစ်ခြင်းကြောင့်၎င်း၊ ရူပ, အရူပဘုံ၌ တဒါရုံမဖြစ်ခြင်းကြောင့်၎င်း ပဋိသန္ဓေ, ဘဝင်, စုတိ, တဒါရုံ ၄-ကိစ္စတပ်သော မဟာဝိပါက်စိတ်သည် ရူပ, အရူပဘုံ၌ မဖြစ်။)

အနိဋ္ဌာရုံတို့သည် ဗြဟ္မာပြည်၌ မဖြစ်သော်လည်း ထိုဗြဟ္မာပြည်၌ တည်၍ ဤကာမဘုံ အနိဋ္ဌာရုံကို မြင်ကုန်သော ဗြဟ္မာတို့အား အကုသလဝိပါက်တို့သည် မဖြစ်ကုန်ဟု မဆိုအပ်သောကြောင့် ရူပဘုံ၌လည်း သန္တီရဏသုံးခုကို မိန့်သည်၊ (ရူပဘုံ၌ သန္တီရဏကိစ္စတပ်ခိုက် ဖြစ်သည်၊ တဒါရုံကိစ္စတပ်ခိုက် မဖြစ်။)အဘိဓမ္မတ္ထသင်္ဂဟ (နှာ-၇၀),သစ္စသံခိပ် (နှာ-၂၄၈) အစရှိသည်တို့၌လည်း ဤသို့သောအလိုဖြင့် ရူပဘုံ၌ အကုသလဝိပါက်ဖြစ်ခြင်းကို ပြသည်။

**ရူပအရူပဘုံ၌ တဒါရုံ မဖြစ်ခြင်းအကြောင်း**

၅၁၈။ ယာနိ တဒါရမ္မဏစိတ္တာနိ၊ အကြင်တဒါရုံ စိတ်တို့ကို။ သတ္ထုနာ၊ မြတ်စွာဘုရားသည်။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏[၁]။ တေသု တဒါရမ္မဏစိတ္တေသု၊ ထိုတဒါရုံစိတ်တို့တွင်။ ဧကမ္ပိ စိတ္တံ၊ တခုသော စိတ်သည်လည်း။ ရူပါရူပဘဝဒွယေ၊ ရူပဘုံ အရူပဘုံနှစ်ပါး အပေါင်း၌။

၅၁၉။ တဒါရမ္မဏံ၊ တဒါရုံသည်။ ဟုတွာ၊ ဖြစ်၍။ ကဒါစိပိ၊ တရံ တဆစ်သော အခါ၌လည်း။ ဝါ၊ ပရိတ္တာရမ္မဏတို့၌ ကာမာဝစရဇောတို့၏ ဖြစ်ခြင်း၌လည်း။ န ပဝတ္တတိ၊ မဖြစ်။ ကသ္မာ၊ အဘယ်ကြောင့်။ တတ္ထ၊ ထိုရူပဘုံ အရူပဘုံနှစ်ပါးအပေါင်း၌။ န ဟောတိ၊ မဖြစ်သနည်း။ ဗီဇဿ၊ တဒါရုံဖြစ်ခြင်း၏ အကြောင်း(ဖြစ်သော ကာမပဋိသန္ဓေ တည်းဟူသော မျိုးစေ့)၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ န ဟောတိ၊ မဖြစ်။

၅၂၀။ ယံ ပဋိသန္ဓိဗီဇံ၊ အကြင်ပဋိသန္ဓေသာလျှင်ဖြစ်သော တဒါရုံ ဖြစ်ခြင်း၏အကြောင်းသည်။ ရူပါဒိဂေါစရေ၊ ရူပါရုံအစရှိသော အာရုံ၌။ တဿ၊ ထိုတဒါရုံကို။ ဇနကံ၊ ဖြစ်စေတတ်သည်။ ဘဝေယျ၊ ဖြစ်ရာ၏။ ကာမာဝစရသညိတံ၊ ကာမာဝစရအမည်ရှိသော။ တံ ပဋိသန္ဓိဗီဇံ၊ ထိုပဋိသန္ဓေသာလျှင်ဖြစ်သော တဒါရုံဖြစ်ခြင်း၏အကြောင်းသည်။ တတ္ထ၊ ဤ ရူပဘုံ အရူပဘုံနှစ်ပါးအပေါင်း၌။ နတ္ထိ၊ မရှိ[၂]။

**ရူပဘုံ၌ စက္ခုဝိညာဉ်စသည်ဖြစ်ခြင်း အကြောင်း**

၅၂၁။ စက္ခုဝိညာဏာဒီနံ၊ စက္ခု- ဝိညာဉ် အစရှိကုန်သော စိတ်တို့၏။ နတ္ထိတာ၊ မရှိသည်၏အဖြစ်သည်။ အာပဇ္ဇတိ၊ ရောက်ရာ၏။ ဣတိ၊ ဤသို့။ စေ ဝဒေယျ၊ အကယ်၍ ဆိုအံ့။ နာပဇ္ဇတိ၊ မရောက်။ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ ဣန္ဒြိယာနံ၊ စက္ခုအစရှိသော ဣန္ဒြေတို့၏။ ပဝတ္တာနုဘာဝတော

---

၁။ (ပဋ္ဌာနပါဠိ၊ ပ၊ နှာ-၁၃၃။ ပဋ္ဌာနပါဠိ၊ တ၊ နှာ-၃၉-၄၀။)

၂။ ဗီဇဿ အဘာဝတောဟု ရူပဘဝ၊ အရူပဘဝ နှစ်ပါး၌တဒါရုံ မဖြစ်ခြင်း၏ အကြောင်းကို ဆိုပြီး၍ ထိုအကြောင်းကိုပင် ပြခြင်းငှါ ပဋိသန္ဓိဗီဇံ အစရှိသည်ကို မိန့်။

(ရူပဘုံ၌)ရှိသည်၏ အဖြစ်တည်းဟူသော အာနုဘော်ကြောင့်။ စိတ္တသမ္ဘဝေါ၊ စက္ခုဝိညာဉ်စသော ဝီထိစိတ်၏ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏[၁]။

## မဟဂ္ဂုတ်, လောကုတ္တရာဇောနှောင် တဒါရုံမကျခြင်းအကြောင်း

၅၂၂။ သဗ္ဗမ္ပိ၊ အလုံးစုံလည်းဖြစ်သော။ တေံ တဒါရမ္မဏမာနသံ၊ ဤတဒါရုံစိတ်သည်။ ဧကန္တေန၊ စင်စစ်သဖြင့်။ ရူပါရူပဘဝဒ္ဝယေ၊ ရူပဘုံ အရူပဘုံ နှစ်ပါးအပေါင်း၌။ န ပဝတ္တတိ ယထာ စ၊ မဖြစ်သကဲ့သို့လည်း။ တထာ၊ ထို့အတူ။

၅၂၃။ အကာမာဝစရဓမ္မေပိ၊ ကာမာဝစရမှတပါးသော မဟဂ္ဂုတ် လောကုတ္တရာတရားတို့သို့လည်း။ တဒေတံ၊ ထိုတဒါရုံသည်။ နာနုဗန္ဓတိ၊ မလိုက်။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ အဇနကတ္တာ စ၊ မိမိကို မဖြစ်စေတတ်သည်၏ အဖြစ်ကြောင့်၎င်း။ ဇနကဿ၊ မိမိကို ဖြစ်စေတတ်သော ပဋ္ဌမကုသိုလ်အစရှိသော ဇောနှင့်။ အသမာနတော စ၊ မတူသည်၏ အဖြစ်ကြောင့်၎င်း။ နာနုဗန္ဓတိ၊ မလိုက်။

၅၂၄။ ဇနကံ၊ မိမိကိုဖြစ်စေတတ်သော။ ကုသလာကုသလာဒိဇဝနံ ဝါ၊ ပဋ္ဌမကုသိုလ်,အကုသိုလ် အစရှိသော ဇောသို့၎င်း။ တေန၊ ထိုပဋ္ဌမကုသိုလ်, အကုသိုလ်အစရှိသော ဇောနှင့်။ တုလျံ၊ တူသော။ ကာမာဝစရသညိတံ၊ ကာမာဝစရအမည်ရှိသော။ ကုသလာကုသလာဒိဇဝနံ ဝါ[၂]၊ ဒုတိယကုသိုလ်, အကုသိုလ်အစရှိသော ဇောသို့၎င်း။ ဣဒံ၊ ဤတဒါရုံသည်။ အနုဗန္ဓတိ၊ လိုက်၏။

**အချို့သောကာမဇောနှောင် တဒါရုံမကျခြင်း အကြောင်း**

၅၂၅။ ယေ ကာမာဝစရဓမ္မာ ပိ၊ အကြင် ကာမာဝစရ တရားတို့သည်လည်း။ မဟဂ္ဂတ ဂေါစရာ၊ မဟဂ္ဂုတ်,

---

၁။ ပဋိသန္ဓိဗီဇ မရှိသောကြောင့် ရူပဘုံ၌ တဒါရုံမဖြစ်သော် စက္ခုဝိညာဉ် အစရှိသည်တို့၏လည်း ကာမာဝစရပဋိသန္ဓိဗီဇ ဖြစ်သည်၏ အဖြစ်ကြောင့် ထိုရူပဘုံ၌ မဖြစ်ခြင်းသည် ရောက်၏ဟု စောဒနာသည် ဖြစ်၍ စက္ခုဝိညာဏကာဒီနံ အစရှိသည်ကို မိန့်။

(ရူပဘုံ၌ စက္ခုဝိညာဉ်စိတ်စသည်တို့၏ မှီရာ တည်ရာဖြစ်သော စက္ခုဝတ္ထု စက္ခုန္ဒြေ စသည်တို့ ရှိခြင်းကြောင့် စက္ခုဝိညာဉ်စသည့် ဝီထိစိတ်သည် ရူပဘုံ၌ ဖြစ်သည်ဟူလို။)

၂။ အာဒိသဒ္ဒါဖြင့် ကြိယာအဗျာကတကို သင်္ဂြိုဟ်သည်။

လောကုတ္တရာတရား အာရုံရှိကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ တေ စာပိ၊ ထိုမဟဂ္ဂုတ် လောကုတ္တရာတရားတို့ကို အာရုံပြုသော ကာမာဝစရတရားတို့သို့လည်း။ ဣဒံ၊ ဤတဒါရုံစိတ်သည်။ နေဝ အနုဗန္ဓတိ၊ မလိုက်[၁]။

**တဒါရုံစိတ်သည် ကာမတရားကိုသာ အာရုံပြုခြင်း**

၅၂၆။ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ အသာ၊ ထို တဒါရုံ၏။ ကေဝလံ၊ စင်စစ်သဖြင့်။ ပရိတ္တာရမ္မဏတ္တာ စ၊ ကာမာဝစရတရား အာရုံရှိသည်၏ အဖြစ်ကြောင့်ရင်း။ တထာ၊ ထိုမှတပါး။ အပရိစိတတ္တာ စ၊ မလေ့ကျင့်အပ်သည်၏ အဖြစ်ကြောင့်ရင်း။ သဗ္ဗဒါ၊ ခပ်သိမ်းသောအခါ၌။ နာနုဗန္ဓတိ၊ မလိုက်[၂]။

**တဒါရုံမဖြစ်ခြင်းကို အဋ္ဌကထာဝါဒအားဖြင့်ပြခြင်း**

၅၂၇။ တေန ယုတ္တိဝါဒေန၊ ထိုယုတ္တိကို ဆိုခြင်းဖြင့်။ ကိံ ပယောဇနံ၊ အဘယ် အကျိုး ရှိအံ့နည်း။ ဟိ=သစ္စံ၊ မှန်၏။ အဋ္ဌကထာသု၊ (သမ္မောဟဝိနောဒနီ)အဋ္ဌကထာ(နှာ-၁၄၇)တို့၌။ ဝုတ္တံ၊ ဆိုအပ်၏[၃]။ သဗ္ဗသော=သဗ္ဗာကာရေန၊ ခပ်သိမ်းသော

---

၁။ ဤတဒါရုံသည် မဟဂ္ဂုတ်,လောကုတ္တရာတရားတို့သို့ မလိုက်သကဲ့သို့ ဤ ကာမာဝစရ တရားတို့သည်လည်း မဟဂ္ဂုတ်,လောကုတ္တရာတရား အာရုံရှိ၍ ဖြစ်သောအခါ၌ မဟဂ္ဂုတ်, လောကုတ္တရာတရားတို့ကို အာရုံပြုသော ကာမာဝစရတရားတို့သို့လည်း မလိုက်ဟု ပြခြင်းငှါ **ကာမာဝစရေဓမ္မေပိ** အစရှိသည်ကို မိန့်၊ မဟဂ္ဂတသဒ္ဒါဖြင့် လောကုတ္တရာတို့ကိုလည်း သင်္ဂြိုဟ် သည်၊ တေ စာပိ၌ စ သဒ္ဒါဖြင့် လောကုတ္တရာအာရုံကို သင်္ဂြိုဟ်သည်။

၂။ အဘယ့်ကြောင့် မလိုက်သနည်း ဟူသော အမေးကို ဖြေခြင်းငှါ ပရိတ္တာရမ္မဏတ္တာ စသည်ကို မိန့်။

၃။ ယခုအခါ ဤယုတ္တိကို ဆိုခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ အဋ္ဌကထာပမာဏ အားဖြင့် ဤစကားကို ယူအပ်၏ဟု ပြသည်ဖြစ်၍ ကိံ တေန အစရှိသည်ကို မိန့်။

(ကာမဇောသည် အမည်, အမျိုးပညတ်, ထိုမှကြွင်းသောပညတ်ကို အာရုံပြုသောအခါ၊ အနိစ္စစသော လက္ခဏာ ၃-ပါးလျှင် အာရုံရှိသော ဝိပဿနာကို အာရုံပြုသောအခါ၊ ဝုဋ္ဌာန ဂါမိနီဗလဝဝိပဿနာကို အာရုံပြုသောအခါ၊ မဟဂ္ဂုတ်တရားကို အာရုံပြုသောအခါ၊ မိစ္ဆတ္တ နိယတတရားကို အာရုံပြုသောအခါ၊ သမ္မတ္တနိယတတရားကို အာရုံပြုသောအခါ၊ လောကုတ္တ ရာတရားကို အာရုံပြုသောအခါ၊ အဘိညာဉ်ကို အာရုံပြုသောအခါ၊ ပဋိသမ္ဘိဒါဉာဏ်ကို အာရုံ ပြုသောအခါ၊ အာရုံအားနည်းသောအခါ၊ ရူပဘုံ, အရူပဘုံ၌ ကာမဇောစောသောအခါ၊ ထိုကာမဇောများနောင် တဒါရုံမကျနိုင်။ တဒါရုံသည် ထိုကာမဇောများ၏ အာရုံကို မယူနိုင်။ အဘိ၊ဋ္ဌ၊၂၊နှာ-၁၄၇။)

အခြင်းအရာအားဖြင့်။ ကောဒသပိ၊ တဆဲ့တခုလည်း ဖြစ်ကုန်သော။ တဒါရမ္မဏစိတ္တာနိ၊ တဒါရုံစိတ်တို့သည်။

၅၂၈။ နာမဂေါတ္တံ၊ အမည်အမျိုး(ပညတ်)ကို။ အာရဗ္ဘ၊ အာရုံပြု၍။ ဇဝနေ၊ ကာမာဝစရဇောသည်။ ဇဝိတေပိ စ၊ စောသော်လည်း။ တဒါရမ္မဏံ၊ တဒါရုံကို။ န ဂဏှန္တိ၊ မယူကုန်။ ဝါ-တဒါရမ္မဏံ န ဂဏှန္တိ၊ တဒါရုံ အဖြစ်ဖြင့် မဖြစ်ကုန်။ ဝါ၊ ထိုဇော၏အာရုံကို မရအပ်ကုန်။

ရူပါရူပဘဝေသု ဝါ[1]၊ ရူပဘုံ အရူပဘုံတို့၌လည်း။ ဇဝနေ၊ ကာမာဝစရဇောသည်။ ဇဝိတေပိ စ၊ စောသော်လည်း။ တဒါရမ္မဏံ န ဂဏှန္တိ၊ တဒါရုံ အဖြစ်ဖြင့် မဖြစ်ကုန်။

၅၂၉။ ယဒါ၊ အကြင်အခါ၌။ ကာမဘဝေပိ၊ကာမဘုံ၌လည်း။ပညတ္တိံ၊ ပညတ်ကို။ အာရဗ္ဘ၊ အာရုံပြု၍။ ဇဝနေ၊ ကာမာဝစရဇောသည်။ ဇဝိတေပိ ဝါ၊ စောသော်လည်း။ တဒါရမ္မဏံ န ဂဏှန္တိ၊ တဒါရုံအဖြစ်ဖြင့်မဖြစ်ကုန်။

တထာ၊ ထို့အတူ။ လက္ခဏာရမ္မဏာယ၊ အနိစ္စအစရှိသော လက္ခဏာ သုံးပါးလျှင် အာရုံရှိသော။ ဝိပဿနာယာပိ၊ ဗလဝဝိပဿနာ၌လည်း။ တဒါရမ္မဏံ န လဗ္ဘန္တိ၊ ထိုဇော၏အာရုံကို မရအပ်ကုန်။

၅၃၀။ မိစ္ဆတ္တနိယတေသုပိ[2]၊ ဖောက်ပြန်သော အယူ၏အစွမ်းအားဖြင့် ဖြစ်သော နိယတတရားဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်သည် ဇော၏အဖြစ်ဖြင့်

---

၁။ ရူပါရူပဘဝေသု ဝါ-၌ ဝါသဒ္ဒါဖြင့် ဇဝနေ ဇဝိတေပိ တဒါရမ္မဏံ န ဂဏှန္တိ ဟု ပေါင်းသည်။

၂။ မိစ္ဆတ္တနိယတေသု ပိ-သဒ္ဒါဖြင့် သမ္မတ္တနိယတေသုပိ ဟုပေါင်းသည်၊ ဝါ ·လောကုတ္တရဓမ္မေ အာရဗ္ဘ ဟူ၍ ထိုသမ္မတ္တနိယတကိုပင် ပေါင်းသည်၊ ထို့ကြောင့် သမ္မတ္တနိယတတို့ကို အသီးမထုတ်သတည်း။

(မိစ္ဆတ္တနိယတတရားဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဖောက်ဖောက်ပြန်ပြန် ကြံဆသည့် ဝိကပ္ပနအခြင်းအရာအားဖြင့် နိယတမိစ္ဆာဒိဋ္ဌိကို အာရုံပြု၍ ဇောအဖြစ်ဖြင့် စောသောအခါ ကာမဝိပါက် တဒါရုံတို့သည် ထိုဇော၏အာရုံကို မယူနိုင်။ ထိုဇောနောင် တဒါရုံ မကျနိုင်၊ အကြောင်းကား—နိယတမိစ္ဆာဒိဋ္ဌိတရားသည် အတ္တသည် ပြတ်၏ စသည်ဖြင့် ဖောက်ဖောက်ပြန်ပြန် အတ္တကို ကြံဆခြင်းအားဖြင့် ဖြစ်သည်၊ ဝိပါက်သည် ဖောက်ဖောက်ပြန်ပြန် အခြင်းအရာအားဖြင့် ကြံဆခြင်း သဘောမရှိ။ ထို့ကြောင့် ထိုနိယတမိစ္ဆာဒိဋ္ဌိဇောနောင် တဒါရုံ မကျနိုင်။

တနည်း-ကာမဇောသည် မိစ္ဆတ္တနိယတတရားကို အာရုံပြု၍ စောသောအခါ ကာမဝိပါက် တဒါရုံသည် ထိုဇော၏အာရုံကို မယူနိုင်၊ ထိုဇောနောင် တဒါရုံမကျနိုင် ဟူလို။ ရင်းဋီကာသစ်၊ဒု၊နှာ-၆၈။)

စေကုန်သော်ငှ်း။ ဝါ၊ မှားသောသဘော အပယ်သို့လားကြောင်း မြဲသောသဘောရှိသော တရားတို့ကိုငှ်း။ လောကုတ္တရဓမ္မေပိ၊ လောကုတ္တရာ တရားတို့ကိုငှ်း။ အာရဗ္ဘ၊ အာရုံပြု၍။ ဇဝနေ၊ ကာမာဝစရဇောသည်။ ဂတေ စ၊ စေသော်ငှ်း။

၅၃၁။ တထာ၊ ထို့အတူ။ မဟဂ္ဂတေ ဓမ္မေ၊ မဟဂ္ဂုတ်တရားတို့ကို။ အာရဗ္ဘ၊ အာရုံပြု၍။ ဇဝနေ၊ ကာမာဝစရဇောသည်။ ဇဝိတေ စ၊ စေသော်ငှ်း။ ပဋိသမ္ဘိဒါဉာဏာနိ၊ ပဋိသမ္ဘိဒါဉာဏ်တို့ကို။ အာရဗ္ဘ၊ အာရုံပြု၍။ ဇဝနေ၊ ကာမာဝစရဇောသည်။ ဇဝိတေပိ စ၊ စေသော်ငှ်း။ တဒါရမ္မဏံ န လဗ္ဘတိ၊ ထိုဇော၏အာရုံကို မရအပ်ကုန်[၁]။

မနောဒွါရ၌လည်း တဒါရုံဖြစ်ခြင်း ၅၃၂။ မနောဒွါရေပိ၊ မနောဒွါရ၌လည်း။ သဗ္ဗေသံ၊ အဟိတ်, ဒွိဟိတ်အစရှိသော အလုံးစုံကုန်သော။ ဇဝနာနံ၊ ဇောတို့၏။ အနန္တရံ၊ အခြားမဲ့၌။ တဒါရမ္မဏစိတ္တာနိ၊ တဒါရုံစိတ်တို့သည်။ အနုပုဗ္ဗတော၊ အောက်၌ ဆိုအပ်ပြီးသော အစဉ်အားဖြင့်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

မနောဒွါရ၌ ဝီထိစိတ်ဖြစ်ခြင်း အကြောင်း ၅၃၃။ မနောဒွါရေ၊ မနောဒွါရ၌။ အာရမ္မဏဿ၊ အာရုံ၏။ ဃဋ္ဋနာ၊ ထိခြင်းသည်။ န ဝိဇ္ဇတိ၊ မရှိ။ ဘဝင်္ဂတော၊ ဘဝင်အစဉ်မှ။ ဝါ၊ ဘဝင်၏အာရုံမှ။ စေတသော၊ ဝီထိစိတ်၏။ ဝုဋ္ဌာနံ၊ ထခြင်းသည်။ ကထံ= ကေန ကာရဏေန၊ အဘယ်သို့သော အကြောင်းဖြင့်။ ဟောတိ၊ ဖြစ်သနည်း။ ဣတိ၊ ဤသို့။ စေ ဝဒေယျ၊ အကယ်၍ ဆိုအံ့။

၅၃၄။ မနောဒွါရေပိ၊ မနောဒွါရ၌လည်း။ ဃဋ္ဋနာယ=ဃဋ္ဋနံ၊ ထိခြင်းကို။ ဝိနာ=ဝဇ္ဇေတွာ၊ ကြဉ်၍။ ဂေါစရာ၊ အာရုံတို့သည်။ အာပါထံ၊ ထင်ခြင်းသို့။ ယသ္မာ၊ အကြင်ကြောင့်။ အာဂစ္ဆန္တေဝ၊ ရောက်ကုန်သည် သာလျှင်ကတည်း။ တသ္မာ၊ ထို့ကြောင့်။ စိတ္တာနံ၊ ဝီထိစိတ်တို့၏။ သမ္ဘဝေါ၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

---

၁။ မိစ္ဆတ္တနိယတသဘောရှိသော တရားအားကဲ့သို့ ပဋိသမ္ဘိဒါသဘောရှိသော တရားအားလည်း ကာမာဝစရဝိပါက်တို့၏ မထင်သည်၏ အဖြစ်ကြောင့် ပဋိသမ္ဘိဒါဉာဏ်တို့ကို အာရုံပြု၍ ဇောစေသော် တဒါရုံကို မရအပ်ဟု ပြခြင်းငှါ ပဋိသမ္ဘိဒါဉာဏာနိ အစရှိသည်ကိုမိန့်။

**အကုသလဝိပါက် ၈၄-ပါး** ၃၃၅။ ဒွါဒသာပုညစိတ္တာနံ၊ တဆဲ့နှစ်ခုသော အကုသိုလ်စိတ်တို့၏။ ပါပပါကာ[၁]၊ အကုသိုလ်၏အကျိုးဖြစ်ကုန်သော။ ဝိပါကာ၊ ဝိပါက်စိတ်တို့သည်။ သတ္တ သတ္တ၊ တခုတခုသောစိတ်၏ ခုနစ်ပါး ခုနစ်ပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိကတွာ၊ ဤသို့ပြုခြင်းကြောင့်။ ပဝတ္တိယံ၊ ပဝတ္တိအခါ၌။ စတုရာသီတိ၊ ရှစ်ဆဲ့လေးပါးတို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

**အကုသိုလ်ပဋိသန္ဓေ ၁၁-ပါး** ၃၃၆။ ဥဒ္ဓစ္စမာနသံ၊ ဥဒ္ဓစ္စသဟဂုတ်စိတ်ကို။ ဟိတွာ၊ ပယ်၍။ ကောဒသဝိဓာနံ၊ တဆဲ့တပါး အပြားရှိကုန်သော စိတ်တို့၏။ ကောဒသဝိဓာ စေဝ၊ တဆဲ့တပါးအပြားရှိသည်သာလျှင်ဖြစ်ကုန်သော။ ပဋိသန္ဓိယော၊ ပဋိသန္ဓေတို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏[၂]။

## ကြိယာစိတ်များ အကျိုးမပေးခြင်းအကြောင်း

၃၃၇။ သဗ္ဗသု၊ ခပ်သိမ်းကုန်သော။ ကြိယစိတ္တေသု၊ ကြိယာစိတ်တို့တွင်။ ယံ အာဝဇ္ဇနဒွယံ၊ အကြင်အာဝဇ္ဇန်းဒွေးသည်။ ဇဝနံ၊ ဇောသည်။ န စ ဟောတိ၊ မဖြစ်။ တံ အာဝဇ္ဇနဒွယံ၊ ထိုအာဝဇ္ဇန်းဒွေးကို။ ဝေ၊ စင်စစ်။ ကရဏမတ္တတ္တာ၊ ကြိယာမျှကိုထား၍ အကျိုးပေးခြင်း မရှိသည်၏ အဖြစ်ကြောင့်။ ဝါတပုပ္ဖသမံ၊ အချည်းနှီးသော အပင်နှင့်တူ၏[၃]ဟူ၍။ ဘဂဝတာ၊ သည်။ မတံ၊ ဟောတော်မူအပ်၏။

၃၃၈။ ကိစ္စသာဓနတော၊ ဘဝတဏှာဟူသော အရင်းဇစ်မြစ်မပြတ်သည်ရှိသော် ကုသိုလ် အကုသိုလ်ကံကိစ္စကို ပြီးစေသောအားဖြင့်။ ဝါ၊ ဒါနအစရှိသော ထိုထိုကိစ္စကို ပြီးစီးစေသောအားဖြင့်။ ဇဝနတ္တံ၊ ဇော၏

---

၁။ ဒွါဒသ ပုညစိတ္တာနံ ဆိုပြီး၍ **ပါပပါကာ**ဟု ဆိုခြင်းသည် တတြိဒံ သုဂတဿ သုဂတစီဝရပမာဏံ အစရှိသည်တို့၌ ကဲ့သို့ သညာသဒ္ဒါ၏ အစွမ်းအားဖြင့် ဆိုသည်။

၂။ ဤသို့ ပဝတ္တိအခါ၌ အကုသလဝိပါက်တို့၏ ဖြစ်ခြင်းကို ပြပြီး၍ ယခုအခါ ပဋိသန္ဓေအခါ၌ ပြခြင်းငှါ **ကောဒသဝိဓာနံ** အစရှိသည်ကို မိန့်။

ဥဒ္ဓစ္စစေတနာ၏ ပဝတ္တိအကျိုးပေးခြင်းမျှကို ကြည့်၍ ပဋိသန္ဓေကို ပေးခြင်းမရှိသော ကြောင့် **ဟိတွာ ဥဒ္ဓစ္စမာနသံ** မိန့်သည်။

၃။ ဝါတပုပ္ဖသမံ၊ အပွင့်သာရှိ၍ အသီးမသီးသော အချည်းနှီးသော အပင်နှင့်တူ၏၊ ယင်းဋီကာသစ်၊ဒုနှာ-၇၉။ လေပွင့်နှင့်တူ၏။ ယင်းဋီကာဟောင်း၊နှာ-၉၀။

အဖြစ်သို့။ သမ္ပတ္တံ၊ ရောက်သော (ဟသိတုပ္ပါဒ်, မဟာကြိယာ ၈-ပါး, မဟဂ္ဂုတ်ကြိယာ ၉-ပါး) တဆဲ့ရှစ်ခုသော ရဟန္တာတို့၏ အသီးသော ဥစ္စာ ဖြစ်သော စိတ်သည်။ ဆိန္နမူလသာ၊ ပြတ်သော အမြစ်ရှိသော။ ရုက္ခဿ၊ သစ်ပင်၏။ ပုပ္ဖံဝ၊ အပွင့်ကဲ့သို့။ အဖလံ၊ အကျိုးကင်းသည်။ သိယာ၊ ဖြစ်ရာ၏။

ပစ္စယမည်ပုံ ၃၃၉။ ပဋိစ္စ၊ စွဲ၍။ ဝါ၊ အကြောင်းတရားသို့ ရှေ့ရှုသွား၍။ ဧတသ္မာ ဟေတုနာ၊ ဤအကြောင်းကြောင့်။ ဖလံ၊ အကျိုးသည်။ ဧတိ၊ တည်တတ် ဖြစ်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သော ဟေတု၊ ထိုအကြောင်းသည်။ ပစ္စယော၊ ပစ္စယမည်၏။

ပစ္စယလက္ခဏာ။ ။ယော ဓမ္မော[၁]၊ အကြင် အကြောင်းတရားသည်။ ယဿ ဓမ္မဿ၊ အကြင်အကျိုးတရားအား။ ဝါ၊ ၏။ ဌိတိယာ ဝါ၊ တည်ခြင်းအကျိုးငှါလည်း။ ဥပ္ပတ္တိယာပိ ဝါ၊ ဖြစ်ခြင်းအကျိုးငှါ လည်း။ ဝါ-ဌိတိယာ ဝါ၊ ဌီခဏ၌လည်း။ ဥပ္ပတ္တိယာပိ ဝါ၊ ဥပါဒ်ခဏ၌လည်း။

၃၄၀။ ဥပကာရော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။ သော ဓမ္မော၊ ထိုအကြောင်းတရားကို။ တဿ၊ ထိုအကျိုးတရား၏။ ပစ္စယောတိ= ပစ္စယော နာမ၊ ပစ္စည်းမည်၏ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

ပစ္စယပရိယာယ်။ ။သမ္ဘဝေါ[၂]၊ အကြောင်းကို။ ဟေတု၊ အကြောင်းကို။ ပဘဝေါ၊ အကြောင်းကို။ ကာရဏံ၊ အကြောင်းကို။ ပစ္စယော၊ ပစ္စယဟူ၍။ မတော၊ သိအပ်၏။

ဟိတ်မည်ပုံ ၃၄၁။ လောဘာဒိ၊ လောဘအစရှိသော။ ယော ဓမ္မော၊ အကြင်တရားသည်။ မူလဋ္ဌေန၊ သမ္ပယုတ်တရားတို့၏ ကောင်းစွာတည်သည်၏အဖြစ်ကို ပြီးစေခြင်းဟု ဆိုအပ်သော မူလအဖြစ် ဖြင့်။ ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။ သော

၁။ ဤသို့ ပစ္စယသဒ္ဒါ၏ ဝစနတ္ထကို ပြပြီး၍ ယခုအခါ ပစ္စယလက္ခဏာကို ပြသည်ဖြစ်၍ ယော ဓမ္မော စသည်ကို မိန့်။

၂။ ပစ္စယ၏ ပရိယာယ်ကို ပြခြင်းငှါ သမ္ဘဝေါ စသည်ကို မိန့်။

သမ္ဘဝတိ ဧတသ္မာတိ သမ္ဘဝေါ။ ပဘဝတိ ဧတသ္မာတိ ပဘဝေါ။ ဟိနောတိ ပတိဋ္ဌာတိ ဧတ္ထာတိ ဟေတု။ ဟိနောတိ ဝါ ဧတေန ကမ္မနိဒါနဘူတေန ဥဒ္ဓံ ဩဇံ အဘိဟရန္တေန မူလေန ဝိယ ပါဒပေါ တပ္ပစ္စယံ ဖလံ ဂစ္ဆတိ ဝုဒ္ဓိံ ဝိရုဠှိံ အာပဇ္ဇတီတိ ဟေတု။ အတ္တနော ဖလံ ကရောတီတိ ကာရဏံ။ (ၿငင်းဋီကာသစ်၊ ဒု၊ နှာ ၈၀-၁)

ဓမ္မော၊ ထိုတရားကို။ ဟေတူတိ=ဟေတု နာမ။ ဟိတ်မည်၏ ဟူ၍။ ဝိဘာဝိနာ၊ ပညာရှိသောသူသည်။ ဝိညာတဗ္ဗော၊ သိအပ်၏[၁]။

ဟိတ် ၆-ပါး, ၉-ပါး ၅၄၂။ လောဘော စ၊ လောဘလည်း။ ဒေါသော စ၊ ဒေါသလည်း။ မောဟော စ၊ မောဟလည်း။ တထာ၊ ထို့အတူ။ အလောဘာဒယော၊ အလောဘ အစရှိကုန်သော။ တယော စ၊ သုံးပါးသော တရားတို့လည်း။ ဣတိ၊ ဤသို့။ ဆဗ္ဗေဝ၊ ခြောက်ပါးသာလျှင် ဖြစ်ကုန်သော။ ဟေတုယော၊ ဟိတ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဇာတိတော၊ ကုသိုလ်, အကုသိုလ်, အဗျာကတဇာတ်အားဖြင့်။ နဝဓာ၊ ကုသိုလ်ဟိတ်သုံးပါး, အကုသိုလ်ဟိတ်သုံးပါး, အဗျာကတဟိတ်သုံးပါးဟူ၍ ကိုးပါးအပြားရှိကုန်သည်။ သိယုံ၊ ဖြစ်ကုန်၏။

လောဘဟိတ်စသည်၏ မူလဋ္ဌမည်ပုံကို ကောဝိဒအားဖြင့် ပြခြင်း ၅၄၃။ ယော ဓမ္မော၊ အကြင် တရားသည်။ ကုသလာဒီနံ၊ ကုသိုလ်အစရှိကုန်သော။ ဓမ္မာနံ၊ တရားတို့၏။ ကုသလာဒိတ္တသာဓကော၊ ကုသိုလ်အစရှိသည်၏အဖြစ်ကို ပြီးစေတတ်သည်။ ဟောတိ၊ ဖြစ်၏။ သော ဓမ္မော၊ ထိုတရားသည်။ မူလဋ္ဌောတိ=မူလဋ္ဌော နာမ၊ မူလအဖြစ်မည်၏။ ဣတိ=ဧဝံ၊ ဤသို့။ ကော၊ အချို့ကုန်သော။ အာစရိယာ ပန၊ ရေဝတဆရာနှင့် တပည့်တို့သည်။ ဝါ၊ ရေဝတဆရာတို့သည်။ ဝဒန္တိ၊ ဆိုကုန်၏။

ကောဝိဒအလို မူလဋ္ဌမည်ရာ၌ အပြစ်များ ၅၄၄။ ဧဝံ သန္တေ၊ ဤသို့ ကုသိုလ်အစရှိသည်၏အဖြစ်ကို ပြီးစေသော အစွမ်းဖြင့် မူလဋ္ဌဖြစ်သည်ရှိသော်။ ဟေတူနံ၊ ဟိတ်တို့၏။ တံသမုဋ္ဌာနရူပီသု၊ ထိုဟိတ်တို့ကြောင့်ဖြစ်ကုန်သော ရုပ်တို့၌။ ဟေတုပစ္စယတာ၊ ဟေတုပစ္စည်း၏အဖြစ်သည်။ ကဒါစိပိ၊ တရံတဆစ်သော အခါ၌လည်း။ နေဝ သမ္ဘဝတိ၊ မပြီး။

---

၁။ ဤသို့ ပဋ္ဌာန်း၌ လာကုန်သော အလုံးစုံသော ပစ္စည်းတို့နှင့် ဆက်ဆံသောအားဖြင့် အနက်ကို ဆိုပြီး၍ ဤ၌ အလိုရှိအပ်သော ဟေတုပစ္စည်း၏သာ သရုပ်ကို ပြခြင်းငှါ **လောဘာဒိ ပန ယော ဓမ္မော အစရှိသည်ကို မိန့်။**

၅၄၅။ ဟိ=သစ္စံ၊ မှန်၏။ တေ ဟေတူ၊ ထိုအလောဘ အစရှိကုန်သော ဟိတ်တို့သည်။ ရူပါနံ၊ ရုပ်တို့၏။ ကုသလာဒိတံ၊ ကုသိုလ်အစရှိသည်၏ အဖြစ်ကို။ န သာဓေန္တိ၊ မပြီးစေကုန်။ တေ ဟေတူ၊ ထိုအလောဘအစရှိကုန်သော ဟိတ်တို့သည်။ တေသံ ရူပါနံ၊ ထိုရုပ်တို့၏။ ပစ္စယာ၊ အကြောင်းတို့သည်။ န စ န ဟောန္တိ၊ မဖြစ်သည်လည်း မဟုတ်ကုန်။ ဟောန္တိ ဧဝ၊ ဖြစ်ကုန်သည်သာလျှင်ကတည်း [၁]။

---

၁။ ကုသိုလ်,အကုသိုလ်ဟိတ်တို့သည် ထိုကုသိုလ်,အကုသိုလ်ကြောင့် ဖြစ်သော ရုပ်အား ကုသိုလ်အစရှိသည်၏ အဖြစ်ငှါ မစွမ်းနိုင်သကဲ့သို့ အဗျာကတဟိတ်သည်လည်း ထိုအဗျာကတ ကြောင့် ဖြစ်သောရုပ်အား အဗျာကတဖြစ်ခြင်းငှါ မစွမ်းနိုင်ဟု ပြသည်ဖြစ်၍ န ဟိ အစရှိ သည်ကို မိန့်။

ကုသိုလ်အစရှိသည်၏ အဖြစ်ကို အကယ်၍ မပြီးစေကုန်အံ့၊ ပစ္စည်းတို့သည်လည်း မဖြစ်ကုန်ဟု ဆိုရာသည်ကို နှလုံးပြု၍ န တေသံ အစရှိသည်ကို မိန့်။

(ဟေတုပစ္စယော ၌ ဟေတုသည် မူလအနက်ကို ဟောသည်၊ ယင်းမူလအနက်ဟူသည် ကုသိုလ်စသောတရားတို့၏ ကုသိုလ်စသည့်အဖြစ်ကို ပြီးစေသော သဘော (ကုသိုလ်, အကုသိုလ်, အဗျာကတဖြစ်ကြောင်း)ဟု ရှင်ရေဝတ ဆရာကဆိုသည်၊ ထိုဆရာဝါဒကို ဤကျမ်းဆရာက လက်မခံပေ။

အကြောင်းကား—မူလအနက်ဟူသည် ကုသိုလ်, အကုသိုလ်, အဗျာကတဖြစ်ကြောင်း ဆိုသော် ဟိတ်ကြောင့်ဖြစ်သော ရုပ်တရား၌ ဟေတုသတ္တိဖြင့် ကျေးဇူးမပြုနိုင်။ လောဘ စသော ဟိတ်တရားသည် ထိုဟိတ်ကြောင့်ဖြစ်သော ရုပ်တရား၏ အကြောင်းတရား မဖြစ် နိုင်ဟူသော အပြစ်ရောက်လေသည်၊ ထို့ကြောင့် လက်မခံပေ။

ရှင်းဦးအံ့—ကုသိုလ်ဟိတ်ကြောင့် ကုသိုလ်ဟိတ်နှင့် ယှဉ်သောစိတ်မှာ ကုသိုလ်ဖြစ်ရ သည်၊ အကုသိုလ်ဟိတ်ကြောင့် အကုသိုလ်ဟိတ်နှင့်ယှဉ်သောစိတ်မှာ အကုသိုလ်ဖြစ်ရသည်၊ အဗျာကတဟိတ်ကြောင့် အဗျာကတဟိတ်နှင့် ယှဉ်သောစိတ်မှာ အဗျာကတဖြစ်ရသည်၊ (ဟိတ်မရှိသော အဟိတ်စိတ်မှာ အဗျာကတ မဖြစ်တော့ပေ) ယှဉ်ဘက်ဟိတ်ကြောင့် ကုသိုလ်, အကုသိုလ်, အဗျာကတဖြစ်ရသည်၊ ယင်း ကုသိုလ်, အကုသိုလ်, အဗျာကတ ဖြစ်ကြောင်းကို မူလအနက်ဟု ဆရာရှင်ရေဝတ က ဆိုသည်။

ကုသိုလ်, အကုသိုလ်, အဗျာကတဖြစ်ရသည်မှာ ဟိတ်ကြောင့် မဟုတ်၊ ယောနိသော မနသိကာရ စသည်ကြောင့် ဖြစ်သည်၊ သင့်တင့် မှန်ကန်သော နှလုံးသွင်းမှုဖြစ်လျှင် ကုသိုလ် ဖြစ်သည်၊ မသင့်မတင့် နှလုံးသွင်းမှုဖြစ်လျှင် အကုသိုလ်ဖြစ်သည်၊ ကုသိုလ် အကုသိုလ်ကံ ကြောင့် ဖြစ်ပေါ်လျှင် ဝိပါက် အဗျာကတဖြစ်သည်၊ အနုသယကင်းသော သန္တာန်၌ ဖြစ်လျှင်၎င်း, အကျိုးကိုဖြစ်စေခြင်း သဘောမရှိလျှင်၎င်း ကြိယာအဗျာကတဖြစ်သည်၊ ထို့ကြောင့် ဟိတ်တရားသည် ကုသိုလ်, အကုသိုလ်, အဗျာကတ ဖြစ်ကြောင်းမဟုတ်။

ထို့ပြင် စိတ်က ရုပ်ကိုဖြစ်စေရာဝယ် စိတ်နှင့် သမ္ပယုတ်ဖြစ်သောဟိတ်လည်း ရုပ်ကိုဖြစ် စေသည် မည်သည်၊ ဟိတ်ကြောင့်လည်း ရုပ်ဖြစ်သည်၊ အလောဘစသော ကုသိုလ်ဟိတ် သည် ထိုကုသိုလ်ဟိတ်ကြောင့်ဖြစ်သော ရုပ်ကို ကုသိုလ်ဖြစ်ရန် မစွမ်းနိုင်၊ ထို့အတူ အကုသိုလ်

၅၄၆။ တသ္မာ၊ ထို့ကြောင့်။ ကုသလာဒီနံ၊ ကုသိုလ်အစရှိသောတရား တို့၏။ ကုသလာဒိတ္တသာဓကော၊ ကုသိုလ်အစရှိသည်၏အဖြစ်ကို ပြီးစေ တတ်သော သဘောကို။ မူလဋ္ဌောတိ၊ မူလသဘောမည်၏ဟူ၍။ သမ- ယညုနာ၊ အဘိဓမ္မာကိုသင်သော ဆရာတို့၏ အယူကို သိသော။ ဝိညုနာ၊ ပညာရှိသည်။ န ဂန္တဗ္ဗော၊ မယုံကြည်အပ်။

**ဟေတုအနက် မူလဋ္ဌအဆုံးအဖြတ်** ၅၄၇။ သုပ္ပတိဋ္ဌိတဘာဝဿ၊ မိမိ အကြောင်းရှိသော တရားတို့ ၏ ကောင်းစွာတည်သည်၏ အဖြစ်ကို။ သာဓနေန၊ ပြီးစေသဖြင့်။ ဥပ- ကာရကော၊ ကျေးဇူးပြုတတ်သောသဘောသည်။ ဟေတူနံ၊ ဟိတ်တို့၏။ မူလဋ္ဌောတိ=မူလဋ္ဌော နာမ၊ မူလသဘောမည်၏။ ဣတိ စ၊ ဤသို့သာ လျှင်။ ဝိဘာဝိနာ၊ ပညာရှိသောသူသည်။ ဝိညာတဗ္ဗော၊ သိအပ်၏။

---

ဟိတ်, အဗျာကတဟိတ်သည် ထိုအကုသိုလ်ဟိတ်, အဗျာကတဟိတ်ကြောင့် ဖြစ်သောရုပ်ကို အကုသိုလ်, အဗျာကတဖြစ်ရန် မစွမ်းနိုင်၊ ထိုရုပ်သည် သဘာဝအားဖြင့် အဗျာကတဖြစ် သည်၊ ဟိတ်ကြောင့် အဗျာကတဖြစ်သည် မဟုတ်၊ လောဘစသောဟိတ်သည် ထိုဟိတ် ကြောင့်ဖြစ်သော ရုပ်တရား၏ အကြောင်းသာဖြစ်သည်၊ ထို့ကြောင့် လောဘစသောဟိတ် တရားသည် ထိုဟိတ်ကြောင့် ဖြစ်သော ရုပ်တရားအား ဟေတုသတ္တိဖြင့် ကျေးဇူးပြုနိုင် ပေသည်။

မှန်၏၊ ဘုရားရှင်သည် ပစ္စယနိဒ္ဒေသ၌ "ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော"ဟု ဟောတော်မူသည်။ သို့ဖြစ်၍ ကျမ်း ဆရာက ရှင်ရေဝတ၏ ဝါဒကို လက်မခံပေ။

ကျမ်းဆရာက ဟေတု၏ အနက်ဖြစ်သော မူလအနက်ဟူသည် မိမိဟိတ်နှင့်ယှဉ်ဘော် ယှဉ်ဘက်ဖြစ်သော စိတ် စေတသိက်တရားတို့ကို မြဲမြံစွာ တည်တံ့ ခိုင်ခံ့ ကြီးပွါးကြောင်း ဖြစ်သော သဘောဖြစ်သည်ဟု ဆိုသည်။

သစ်မြစ်သည် မြေ၌ သစ်ပင်ကို တည်တံ့ ခိုင်ခံ့ စည်ပင် ကြီးပွါးအောင် ပြုပေးသကဲ့သို့ လောဘစသော ဟိတ်တရားသည် မိမိနှင့် ယှဉ်ဘော်ယှဉ်ဘက်ဖြစ်သည့် စိတ်စေတသိက် သမ္ပယုတ်တရားတို့ကို အာရုံ၌ စွဲမြဲစွာ တည်တံ့ ခိုင်ခံ့ ကြီးပွါးအောင် ပြုလုပ်ပေးသည်၊ ထို့ကြောင့် ဟိတ်တရားကို မူလဟု ခေါ်သည်။

ဟိတ်မရှိသော အဟိတ်စိတ်တို့ကား ရေပေါ်ရှိ မှော်ပင်များကဲ့သို့ အာရုံ၌ မြဲမြံ တည်တံ့ ခိုင်ခံ့ခြင်း မရှိကြကုန်။

အဘိဓမ္မာဝတာရဋီကာသစ်၊ ဒု၊နှာ-၈၂။ ဋီကာကျော်၊နှာ-၁၂၄။ အဘိဋ္ဌ၊၃၊နှာ-၃၄၄။)

## ဟိတ် ၆-ပါးက ကျေးဇူးပြုပုံ

**ကုသိုလ်,အကုသိုလ်,ကြိယာ ဟိတ် ကျေးဇူးပြုပုံ**

၅၄၇။ ကုသလာကုသလာ၊ ကုသိုလ် အကုသိုလ် ဖြစ်ကုန်သော။ ဟေတူ စ၊ ဟိတ်တို့သည်ရင်း။ သဗ္ဗသော=သဗ္ဗဘာဂေန၊ ကာမာဝစရ အစရှိသော ခပ်သိမ်းသော အဘို့ အားဖြင့်။ ကြိယာဟေတူ စ၊ ကြိယာဟိတ်တို့သည်ရင်း။ ပဥ္စဝေါကာရ ဘူမိယံ၊ ပဥ္စဝေါကာရဘုံ၌။ သမ္ပယုတ္တာနံ၊ သမ္ပယုတ်ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ တရားတို့အားရင်း။ တံသမုဋ္ဌာနရူပါနဉ္စ၊ ထိုဟိတ်ကြောင့် ဖြစ်ကုန်သော ရုပ်တို့အားရင်း။

၅၄၈။ ဟေတုပစ္စယတံ၊ ဟေတုသတ္တိဖြင့် ကျေးဇူးပြုသည်၏အဖြစ်သို့။ ယာတာ၊ ရောက်ကုန်၏။

တေ ဟေတူ၊ ဤကုသိုလ်, အကုသိုလ်, ကြိယာဟိတ်တို့သည်။ စတုဝေါကာရဘူမိယံ၊ စတုဝေါကာရဘုံ၌။ သမ္ပယုတ္တာနမေဝ၊ သမ္ပယုတ် တရားတို့အားသာလျှင်။ ဟေတုပစ္စယတံ၊ ဟေတုသတ္တိဖြင့် ကျေးဇူးပြု သည်၏အဖြစ်သို့။ ယာတာ၊ ရောက်ကုန်၏။

**ကာမဝိပါက်ဟိတ်ကျေးဇူးပြုပုံ**

၅၅၀။ ကာမေ၊ ကာမဘုံ၌။ ဝိပါက-ဟေတူ ပိ၊ ဝိပါက်ဟိတ်တို့သည် လည်း။ ကာမာဝစရဘူမိယံ၊ ကာမာဝစရဘုံ၌။ အတ္တနာ၊ မိမိနှင့်။ သမ္ပ-ယုတ္တာနံ၊ သမ္ပယုတ်ဖြစ်ကုန်သော တရားတို့အား။ ပဋိသန္ဓိက္ခဏေ ပန၊ ပဋိသန္ဓေခဏ၌ကား [၁]။

၅၅၁။ ကဋတ္တာရူပဇာတာနံ [၂]၊ ဖြစ်ကုန်သော ကမ္မဇရုပ်တို့အား။ တထေဝ စ၊ ထို့အတူလျှင်။ ပဝတ္တိယံ၊ ပဝတ္တိအခါ၌။ စိတ္တဇာနံ၊ စိတ်ကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ [၃]၊ ရုပ်တို့အားရင်း။ အတ္တနာ၊ မိမိနှင့်။ သမ္ပယုတ္တာနဉ္စ၊

---

၁။ ပဋိသန္ဓေခဏ၌ စိတ္တသမုဋ္ဌာနရုပ်တို့၏ မရှိခြင်းကြောင့် မိမိနှင့် သမ္ပယုတ်ဖြစ်ကုန် သော တရား, ကဋတ္တာ ရုပ်တို့အားသာလျှင် ပစ္စည်းဖြစ်၏ဟု အတ္တနာ။ပ။ဇာတာနံ မိန့်သည်။

၂။ ကမ္မဿ ကဋတ္တာ ဝေ ၈ ဥပစိတတ္တာ စ န ဣဿရာဒိဟေတုတော သမ္ဘူတာနိ ရူပါနိ ကဋတ္တာရူပါနိ၊ ကဋတ္တာရူပါနေဝ ဇာတာနိ ဘူတာနိ နိဗ္ဗတ္တာနိ ကဋတ္တာရူပဇာတာနိ။ (ရင်းဋီကာသစ်၊ဒုံနှာ-ဂ၄။)

၃။ စိတ္တဇာနဉ္စ၌ စသဒ္ဒါဖြင့် အတ္တနာ သမ္ပယုတ္တာနံကို ကောက်သည်။

သမ္ပယုတ်ဖြစ်ကုန်သော တဒုဘယ်တို့အားရင်း။ ဟေတုပစ္စယတ်၊ ဟေတုသတ္တိဖြင့် ကျေးဇူးပြုသည်၏အဖြစ်သို့။ ဂတာ၊ ရောက်ကုန်၏။

ရူပဝိပါက်ဟိတ်ကျေးဇူးပြုပုံ ၅၅၂။ ရူပေ၊ ရူပဘုံ၌။ တေ ဝိပါကဟေတူ စ၊ ထို ရူပဝိပါက် ဟိတ်တို့သည်လည်း။ ရူပါဝစရဘူမိယံ၊ ရူပါဝစရဘုံ၌။ ယထာဝုတ္တပ္ပကာရာနံ၊ အကြင်အကြင် ဆိုအပ်ပြီးသော အပြားရှိကုန်သော (သမ္ပယုတ်တရား, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်) တရားတို့အား။ ဟေတုပစ္စယာ၊ ဟေတုသတ္တိဖြင့် ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

လောကုတ္တရာ ဝိပါက်ဟိတ် ကျေးဇူးပြုပုံ ၅၅၃။ လောကုတ္တရဝိပါကဇာ၊လောကုတ္တရာ ဝိပါက်နှင့် တကွ ဖြစ်ကုန်သော။ ဟေတုယော၊ ဟိတ်တို့သည်။ ပဉ္စဝေါကာရေ၊ ပဉ္စဝေါကာရဘုံ၌။ စိတ္တဇာနံ၊ စိတ်ကြောင့်ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်တို့အားရင်း။ လောကုတ္တရဝိပါကဇာနံ၊ လောကုတ္တရာဝိပါက်နှင့် တကွဖြစ်ကုန်သော။ သမ္ပယုတ္တာနဉ္စ၊ သမ္ပယုတ်တရားတို့အားရင်း။ ဟေတူ၊ ဟေတုသတ္တိဖြင့်ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏[၁]။

၅၅၄။ တေ ဟေတုယော၊ ထိုလောကုတ္တရာဝိပါက်နှင့် တကွဖြစ်ကုန်သော ဟိတ်တို့သည်။ စတုဝေါကာရဘူမိယံ၊ စတုဝေါကာရဘုံ၌။ သမ္ပယုတ္တာနမေဝ စ၊ သမ္ပယုတ်တရားတို့အားသာလျှင်။ ဟေတုပစ္စယာ၊ ဟေတုသတ္တိဖြင့် ကျေးဇူးပြုတတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

အရူပဝိပါက်ဟိတ်ကျေးဇူးပြုပုံ။ ။ဣတရေ၊ ဤမှတပါးသော အရူပဘုံ၌။ ဝိပါကဟေတုယော၊ အရူပဝိပါက်ဟိတ်တို့သည်။ သဘူမိယံ၊ မိမိ(အရူပ)ဘုံ၌။ သမ္ပယုတ္တာနံ၊ သမ္ပယုတ်တရားတို့အား။ ဟေတုပစ္စယာ၊ ဟေတုသတ္တိဖြင့် ကျေးဇူးပြုကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

၅၅၅။ ဟေတုတ္တော စ၊ ဟိတ်တို့၏အနက်ကိုရင်း။ ဟေတုယော စေဝ၊ ဟိတ်တို့ကိုရင်း။ ဟေတုပစ္စယသမ္ဘဝေါ စ၊ ဟေတုပစ္စည်းကြောင့်ဖြစ်သော

---

၁။ လောကုတ္တရာဝိပါက်တို့၏ ပဋိသန္ဓေ၏ အစွမ်းဖြင့် မဖြစ်ခြင်းကြောင့် ကမ္မသမုဋ္ဌာန်ရုပ်အား ကျေးဇူးပြုသည်၏ အဖြစ်သည် မရှိဟု ပြခြင်းငှါ စိတ္တဇာနံ အရရှိသည်ကို မိန့်သည်။

တရားကိုရင်း။ ဝါ၊ ဟေတုပစ္စည်းကြောင့် ပစ္စယုပ္ပန်တရားတို့၏ဖြစ်သော အခြင်းအရာကိုရင်း။ သဥ္စာတသုခဟေတုနာ၊ ကောင်းစွာဖြစ်သော ဉာဏ်ရှိသော သူသည်။ ဝါ၊ ကောင်းစွာဖြစ်သော သုခ၏ အကြောင်းဖြစ်သော ဉာဏ်ရှိသောသူသည်။ ဝေမေဝ စ၊ ဤဆိုအပ်ပြီးသော အတူလျှင်။ ဝိညေယျော၊ သိအပ်၏[၁]။

အဓိပတိ ၄-ပါး   ၅၅၆။ ဆန္ဒော စ၊ ဆန္ဒရင်း။ စိတ္တဥ္စ၊ စိတ်ရင်း။ ဝီရိယဥ္စ၊ ဝီရိယရင်း။ ဝိမံသာ စ၊ ပညာရင်း။ ဣတိ၊ ဤသို့။ အဓိပတိ၊ အဓိပတိတို့ကို။ စတုဓာ=စတူဟိ ပကာရေဟိ၊ လေးပါးအပြားတို့ဖြင့်။ လောကာဓိပတိနာ၊ အလုံးစုံသော လောက၏ အကြီးအမှူးဖြစ်တော်မူသော။ သတ္ထုနာ၊ မြတ်စွာဘုရားသည်။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်သည်။ သိယုံ၊ ဖြစ်ကုန်၏။

ဆန္ဒာဓိပတိစသည်မည်ပုံ   ၅၅၇။ ဆန္ဒံတု၊ ဆန္ဒကိုလျှင်။ ဇေဋ္ဌကံ၊ အကြီးကို။ ကတွာ၊ ပြု၍။ ဆန္ဒံ၊ ဆန္ဒကို။ ဓုရံ၊ သဟဇာတပုဗ္ဗင်္ဂမအစွမ်းဖြင့် ရှေ့သွားကို။ ကတွာ၊ ပြု၍။ စိတ္တဿ၊ စိတ်၏။ ဥပ္ပတ္တိကာလသ္မိံ၊ ဖြစ်သောကာလ၌။ သော ဆန္ဒော၊ ထိုဆန္ဒသည်။ အဓိပတိ နာမ၊ အကြီးမည်၏။ ဝါ-သော စိတ္တုပ္ပါဒေါ၊ ထိုစိတ္တုပ္ပါဒ်သည်။ ဆန္ဒာဓိပတိ နာမ၊ ဆန္ဒအကြီးရှိသည်မည်၏။

၅၅၈။ သေသေသု၊ ဆန္ဒာဓိပတိမှကြွင်းကုန်သော။ တီသုပိ၊ စိတ္တာဓိပတိ အစရှိကုန်သော သုံးပါးတို့၌လည်း။ ဧသေဝ စ နယော၊ ဤနည်းကိုသာလျှင်။ ဉေယျော၊ သိအပ်၏။

---

၁။ (ချမ်းသာသော ပုဂ္ဂိုလ်၏ စိတ်သည် တည်ကြည်သည်၊ တည်ကြည်သောသူသည် မဖောက်မပြန် မှန်ကန်စွာ သိမြင်သည်”ဟု ဟောတော်မူသောကြောင့် ချမ်းသာခြင်းသုခသည် သိမြင်ခြင်းဉာဏ်၏ အကြောင်းဖြစ်သည်၊ သို့ဖြစ်၍ အကျိုးဉာဏ်သည် သုခဟေတု မည်သည်၊ ထိုဉာဏ်ရှိသော ပုဂ္ဂိုလ်လည်း သုခဟေတုပင် မည်သည်။

တနည်း—ပစ္စုပ္ပန်ချမ်းသာစီးပွါး, တမလွန်ချမ်းသာစီးပွါးကို သိခြင်းကြောင့် ပညာရှိဟူ၍ ဆိုအပ်၏ဟု သံ၊၁၊နှာ-၉၀ ၌ ဟောတော်မူသောကြောင့် ဉာဏ်သည် ချမ်းသာခြင်း သုခ၏ အကြောင်းဖြစ်သည်၊ သို့ဖြစ်၍ အကြောင်းဖြစ်သောဉာဏ်သည် သုခဟေတုမည်သည်၊ ထိုဉာဏ်ရှိသူလည်း သုခဟေတုပင် မည်သည်။ ရင်းဋီကာသစ်၊ဒု၊နှာ-၈၄။)

(ဟိတ်အနက်ကို နံပါတ် ၅၄၃-မှ ၅၄၇-ထိ ဂါထာ၌ရှု၍ ဟိတ်တရားကို ၅၂၄-ဂါထာ၌ ရှုကာ ဟိတ်ကြောင့် ပစ္စယုပ္ပန်တရားဖြစ်ပုံကို ၅၄၈-မှ ၅၅၄-ထိ ဂါထာ၌ရှုပါ။)

အဓိပတိမည်ပုံ။ ။ဇေဋ္ဌဋ္ဌေန၊ အကြီးအမှူး၏အဖြစ်ဖြင့်။ ဥပကာရကော၊ ကျေးဇူးပြုတတ်သော တရားကို။ အဓိပတိတိ၊အဓိပတိမည်၏ဟူ၍။ နိဒ္ဒိဋ္ဌော၊ ပြတော်မူအပ်၏။

၅၅၉။ ယော ယော၊ အကြင် အကြင် ထေရ,နဝ,မဇ္ဈိမတို့တွင် အမှတ်မရှိသော ရဟန်းသည်။ ဝိစိတ္တံ၊ အထူးသဖြင့် ဆန်းကြယ်သော။ သုမတိမတိဝိဗောဓနံ၊ တင့်တယ်သောပညာ- ဝါ၊ တင့်တယ်သော အယူရှိသော သူတို့၏ပညာကို ပွင့်စေတတ်သော။ ပဓာနံ၊ မြတ်သော။ ကုမတိမတိန္ဒနပါဝကံ၊ ကဲ့ရဲ့အပ်သော ပညာ-ဝါ၊ ကဲ့ရဲ့အပ်သော အယူရှိသော သူတို့၏ မိစ္ဆာဒိဋ္ဌိတည်းဟူသော မီးစာကို လောင်တတ်သော မီးကဲ့သို့သော။ အတိမဓုရံ၊ နက်နဲသိမ်မွေ့သော အတ္ထရသ,ကောင်းစွာ အညစ်အကြေးကင်းသော ပြေပြစ်သော သဒ္ဒရသဖြင့် အလွန်ကောင်းသော။ ဣမံ၊ ဤ အဘိဓမ္မာဝတာရ အမည်ရှိသော ကျမ်းကို။ အဝေဒိ၊ သက်ဝင်၍ သိ၏။ သော သော၊ ထိုထို ထေရ,နဝ,မဇ္ဈိမတို့တွင် အမှတ်မရှိသော ရဟန်းသည်။ သကလံ၊ အလုံးစုံသော။ ဇိနဝစနံ၊ ပိဋကတ်သုံးပုံတည်းဟူသော မြတ်စွာဘုရားစကားတော်ကို။ အဝေဒိ၊ သက်ဝင်၍ သိ၏[၁]။

အဘိဓမ္မာဝတာရေ၊ အဘိဓမ္မာဝတာရကျမ်း၌။ ပကိဏ္ဏကနိဒ္ဒေသော နာမ၊ ပကိဏ္ဏကနိဒ္ဒေသမည်သော။ အဋ္ဌမော၊ ရှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော။ ပရိစ္ဆေဒေါ၊ အပိုင်းသည်။ ဣတိသမတ္တော၊ ဤတွင် ပြီးပြီ။

ပကိဏ္ဏကနိဒ္ဒေသ ပြီး၏။

---

၁။ သောဘဏာ မတိ, သောဘဏံ ဝါ မတံ ဧတေသံ အတ္ထီတိ သုမတိနော၊ တေသံ မတိ ဝိဗောဓေတိ ပဗောဓေတီတိ သုမတိမတိဝိဗောဓနံ။

ကုစ္ဆိတာ မတိ, ကုစ္ဆိတံ ဝါ မတံ ဧတေသန္တိ ကုမတိနော၊ တေသံ မတိ ကုမတိမတိ၊ သာယေဝ ဣန္ဓနသဒိသတာယ ဣန္ဓနံ တဿ ပါဝကံ အဂ္ဂိ ဝိယာတိ ကုမတိ မတိန္ဒနပါဝကံ ပြု။ (ၡင်းဋီကာသစ်၊ ဒု၊နှာ-၇၅။)

# ၉-နဝမပရိစ္ဆေဒ

## ၉-ပုညဝိပါကပစ္စယနိဒ္ဒေသ

**သင်္ခါရ ၃-ပါးက လောကီဝိပါက်အား ကျေးဇူးပြုပုံ**

၅၆၀-၅၆၁။ လောကိကာနေဝ၊ လောကီသာလျှင် ဖြစ်ကုန်သော။ ယာနိ ဗာတ္တိံသပါကစိတ္တာနိ၊ အကြင် သုံးဆဲ့နှစ်ပါးကုန်သော ဝိပါက်စိတ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေသံ ပါကစိတ္တာနံ၊ ထိုဝိပါက်စိတ်တို့အား။ ပုညာပုညာဒိသင်္ခါရာ၊ ပုညာဘိသင်္ခါရ,အပုညာဘိသင်္ခါရ အစရှိကုန်သော သင်္ခါရတို့သည်။ ဘဝါဒိသု၊ ဘဝအစရှိသည်တို့၌။ ပဋိသန္ဓိပဝတ္တီသု၊ ပဋိသန္ဓေအခါ, ပဝတ္တိအခါတို့၌။ ယထာ၊ အကြင်အခြင်းဖြင့်။ ပစ္စယာ၊ ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တထာ စ၊ ထိုအခြင်းဖြင့်လည်း။ ယေသဉ္စ ဝိပါကာနံ၊ အကြင်ဝိပါက်တို့အားလည်း။ ပစ္စယာ၊ ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေပိ ဝိပါကာ၊ ထိုဝိပါက်တို့ကိုလည်း။ ဝိဘာဝိနာ၊ ပညာရှိသောသူသည်။ ဝိညာတဗ္ဗာ၊ သိအပ်ကုန်၏။

**ဘဝ ၃-ပါးစသည်**

၅၆၂။ တယော ဘဝါ စ၊ ကာမ,ရူပ,အရူပအားဖြင့် သုံးပါးကုန်သော ဘဝတို့ကိုရင်း။ စတဿော ယောနိယော စ၊ အဏ္ဍဇ, ဇလာဗုဇ, သံသေဒဇ, ဩပပါတိက အားဖြင့် လေးပါးကုန်သော သတ္တဝါအပေါင်းတို့ကိုရင်း။ ဂတိပဉ္စကဥ္စ၊ နိရယ, ပေတ, တိရစ္ဆာန,မနုဿ,ဒေဝအားဖြင့် ဂတိငါးပါး အပေါင်းကိုရင်း။ သတ္တ ဝိညာဏဋ္ဌိတိယော စ၊ နာနတ္တကာယ နာနတ္တသညီအစရှိကုန်သော ဝိညာဏဋ္ဌိတိတို့ကိုရင်း။ နဝ သတ္တာဝါသာ စ၊ နာနတ္တသညီအစရှိကုန်သော ကိုးပါးသော သတ္တာဝါသတို့ကိုရင်း။ ဣရိတာ၊ ဟောတော်မူအပ်ကုန်၏[၁]။

---

၁။ ထိုဘဝ အစရှိသည်တို့သည် အဘယ်တို့နည်း ဟူသော အမေးကို ဖြေခြင်းငှါ တယော ဘဝါ စသည်မိန့်၊ သညီ, အသညီ, နေဝသညီနာသညီ ဘဝအားဖြင့် သုံးပါး၊ ဧကဝေါကာရ, စတုဝေါကာရ ပဉ္စဝေါကာရအားဖြင့် သုံးပါးတို့ကို ဣဓ၌ပေါင်း။

အသညသတ်ပုဂ္ဂိုလ်တို့ကို ဝိညာဉ်မရှိခြင်းကြောင့်ရင်း, နေဝသညာနာသညာယတနဗြဟ္မာတို့ကို သညာဝိညာဉ်၏ သိမ်မွေ့သည်၏အဖြစ်ကြောင့်ရင်း ဝိညာဏဋ္ဌိတိတို့၌ မယူအပ်ကုန်။

ကာမပုညာဘိသင်္ခါရက ၁၆၃။ ကာမေ၊ ကာမဘုံ၌။ ပုညာဘိသင်္ခါရသ-
ကျေးဇူးပြုပုံ ညိတာ ⁰၊ ပုညာဘိသင်္ခါရအမည်ရှိကုန်
သော။ အဋ္ဌ စေတနာ၊ မဟာကုသိုလ်
စိတ်၌ရှိသော ရှစ်ခုသော စေတနာတို့သည်။ ကာမေ သုဂတိယံ၊ ကာမ
သုဂတိဘုံ၌။ တေသံ နဝန္နံ ပါကစိတ္တာနံ၊ ထိုသဟိတ်,အဟိတ်အားဖြင့်
ကိုးခုကုန်သော သုဂတိပဋိသန္ဓေ ဝိပါက်စိတ်တို့အား။

၁၆၄။ နာနာက္ခဏိကကမ္မူပနိဿယပစ္စယေဟိ၊ နာနာက္ခဏိက ကမ္မ
ပစ္စည်း, ဥပနိဿယပစ္စည်းတို့ဖြင့်။ ပဋိသန္ဓိယံ၊ ပဋိသန္ဓေအခါ၌။ ဒွေဓာ=

သတ္တဝါတို့၏ နေရာဖြစ်သည်၏ အဖြစ်ကြောင့်ကား သတ္တာဝါသ ဆိုအပ်ကုန်၏။
[ဝိညာဏဋ္ဌိတိ (=ပဋိသန္ဓေဝိညာဉ်၏ တည်ရာ) ၇-ပါး

(၁) နာနတ္တကာယ နာနတ္တသညီ=အဆင်းသဏ္ဌာန် အမျိုးမျိုးကွဲပြီး အဟိတ်,ဒွိဟိတ်, တိဟိတ်အားဖြင့် ပဋိသန္ဓေစိတ်မတူသော—လူ, ကာမာဝစရနတ်, ဥတ္တရမာတာ ဘီလူးမ, ပုနဗ္ဗသုမာတာ, ပိယင်္ကရမာတာစသော ဝိနိပါတိကအသုရာ, အဟိတ် ကုသလဝိပါက် ပဋိသန္ဓေနေသော ဝေမာနိကပြိတ္တာ။

(၂) နာနတ္တကာယ ဧကတ္တသညီ=ကိုယ်ခန္ဓာသဏ္ဌာန် အရွယ်အစား ကွဲပြားပြီး ပဋိ-သန္ဓေစိတ်တူသော—ရူပ ပဌမစျာန်ဘုံသား, အပါယ်လေးဘုံသား။

(၃) ဧကတ္တကာယ နာနတ္တသညီ = အဆင်းသဏ္ဌာန်စသည်သာ တူပြီး ဒုတိယစျာန် ဝိပါက်, တတိယစျာန်ဝိပါက်အားဖြင့် ပဋိသန္ဓေစိတ်မတူသော ရူပဒုတိယစျာန် ဘုံသား။

(၄) ဧကတ္တကာယ ဧကတ္တသညီ = ကိုယ်ခန္ဓာအဆင်းသဏ္ဌာန်ရော ပဋိသန္ဓေစိတ်ပါ တူညီသော—ရူပတတိယစျာန်ဘုံသား,ဝေဟပ္ဖိုလ်ဘုံသားနှင့် သုဒ္ဓါဝါသဘုံသား။

(၅) အာကာသာနဉ္စာယတနူပဂ=အာကာသာနဉ္စာယတနဘုံသား။

(၆) ဝိညာဏဉ္စာယတနူပဂ=ဝိညာဏဉ္စာယတနဘုံသား။

(၇) အာကိဉ္စညာယတနူပဂ=အာကိဉ္စညာယတနဘုံသား။

သတ္တာဝါသ ၉-ပါး

သတ္တဝါတို့၏ နေရာဌာနဖြစ်သောကြောင့် ဘုံကို မုချအားဖြင့် သတ္တာဝါသခေါ်၍ ဥပစာ အားဖြင့် ပုဂ္ဂိုလ်ကိုလည်း သတ္တာဝါသဟု ခေါ်သည်။

ဝိညာဏဋ္ဌိတိ ၇-ပါးတွင် အသညသတ်ပုဂ္ဂိုလ်နှင့် နေဝသညာနာသညာယတနဘုံသား ပြဟ္မာကို ထည့်ပေါင်းက သတ္တာဝါသ ၉-ပါးဖြစ်သည်။

သုဒ္ဓါဝါသသည် ဘုရားမပွင့်သော အသင်္ချေယျကပ်၌ ဆိတ်သုဉ်းလေသဖြင့် အခါခပ်သိမ်း မတည်သောကြောင့် သတ္တာဝါသတွင် မပါဝင်ပေ။]

၁။ ယခုအခါ ဆိုအပ်ကုန်ပြီးသော ဘဝစသည်တို့၌ သုံးဆဲ့နှစ်ခုသော ဝိပါက်တို့အား သုံးပါးသော အဘိသင်္ခါရတို့၏ ကျေးဇူးပြုသည်၏ အဖြစ်ကို ပြခြင်းငှါ ကာမေ ပုညာဘိ သင်္ခါရသညိတာ အစရှိသည်ကို အားထုတ်ဘိသောဝ်။

ဒွိဟိ ပကာရေဟိ၊ နှစ်ပါးအပြားတို့ဖြင့်။ ပစ္စယာ၊ ကျေးဇူးပြုတတ်ကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

၅၆၅။ ဥပေက္ခာသဟဂတာဟေတုမနောဝိညာဏဓာတုယာ၊ ဥပေက္ခာသဟဂုတ် အဟိတ် မနောဝိညာဏဓာတ်ကို။ ဝိနာ=ဝဇ္ဇေတွာ၊ ကြဉ်၍။ ပရိတ္တပါကာနံ၊ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သောမနဿသဟဂုတ်သန္တီရဏကုသလဝိပါက်တို့အား။ ပဝတ္တိယံ၊ ပဝတ္တိအခါ၌။ ဒွေဓာ၊ နာနာက္ခဏိကကမ္မ, ဥပနိဿယပစ္စည်းဟူသော နှစ်ပါးအပြားတို့ဖြင့်။ ပစ္စယာ၊ ကျေးဇူးပြုတတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**ရူပဘုံ၌ ကျေးဇူးပြုပုံ** ၅၆၆။ တာယေဝ စေတနာ၊ ထို ရှစ်ခုသော ကာမာဝစရကုသိုလ် စေတနာတို့သည်သာလျှင်။ ရူပဘဝေ၊ ရူပဘုံ၌။ ပဉ္စန္နံ ပါကစိတ္တာနံ၊ ကုသလဝိပါက် စက္ခုဝိညာဉ်, သောတဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏနှစ်ခုအားဖြင့် ငါးခုသော ဝိပါက်စိတ်တို့အား။ ပဝတ္တိယံ၊ ပဝတ္တိအခါ၌။ ဒွိဓာဝ၊ နှစ်ပါးအပြားတို့ဖြင့်သာလျှင်။ ပစ္စယာ၊ ကျေးဇူးပြုကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

**ဒုဂ္ဂတိဘုံ၌ ကျေးဇူးပြုပုံ** ၅၆၇။ ကာမေ ဒုဂ္ဂတိယံ၊ ကာမဒုဂ္ဂတိဘုံ၌။ အဋ္ဌန္နံ၊ ရှစ်ခုကုန်သော။ ပရိတ္တာနံ၊ အဟိတ်ကုသလဝိပါက် ဝိညာဉ်တို့အား။ တထာ၊ ထို့အတူ။ ပဝတ္တေ၊ ပဝတ္တိအခါ၌။ ပစ္စယာ၊ ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပဋိသန္ဓိယံ၊ ပဋိသန္ဓေအခါ၌။ ပစ္စယာ၊ ကျေးဇူးပြုကုန်သည်။ န ဟောန္တိ၊ မဖြစ်ကုန်[၁]။

၅၆၈။ ဝုတ္တပ္ပကာရာဝ၊ ဆိုအပ်ပြီးသော အပြားရှိကုန်သော ရှစ်ခုသော ကာမာဝစရကုသိုလ်စေတနာတို့သည်လျှင်။ ကာမေ သုဂတိယံ၊ ကာမသုဂတိဘုံ၌။ တထာ၊ ထို့အတူ။ သောဠသန္နံ၊ (ကုသလဝိပါက် ၈-ပါး, မဟာဝိပါက် ၈-ပါးအားဖြင့်) တဆဲ့ခြောက်ခုကုန်သော။ ဝိပါကာနံ၊ ဝိပါက်တို့အား။ ပဝတ္တေ၊ ပဝတ္တိအခါ၌။ နဝန္နံ၊ (ကုသလဝိပါက် ဥပေက္ခာသန္တီရဏ, မဟာဝိပါက်အားဖြင့်) ကိုးပါးကုန်သော။ ဝိပါကာနံ၊ ဝိပါက်

---

၁။ ဒုဂ္ဂတိ၌ ကုသလဝိပါက်ပဋိသန္ဓေမရှိခြင်းကြောင့် န ဟောန္တိ ပဋိသန္ဓိယံ မိန့်သည်။

တို့အား။ ပစ္စယသန္တိယံ၊ ပစ္စယသန္တေအခါ၌။ ပစ္စယာ၊ ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏[၁]။

**ရူပပုညာဘိသင်္ခါရက ကျေးဇူးပြုပုံ**

၅၆၉။ ရူပေ၊ ရူပဘုံ၌။ ပုညာဘိသင်္ခါရာ၊ အဘိညာဉ်ကြဉ်သော ငါးခုသော ရူပါဝစရပုညာဘိသင်္ခါရတို့သည်[၂]။ ရူပါဝစရဘူမိယံ၊ ရူပါဝစရဘုံ၌။ ပဉ္စန္နံ၊ ငါးခုကုန်သော။ ပါကစိတ္တာနံ၊ ရူပါဝစရဝိပါက်စိတ်တို့အား။ ပဋိသန္ဓိယံ၊ ပဋိသန္ဓေအခါ၌။ ပစ္စယာ၊ ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**အပုညာဘိသင်္ခါရက ကျေးဇူးပြုပုံ**

၅၇၀။ ကာမေ ဒုဂ္ဂတိယံ၊ ကာမဒုဂ္ဂတိဘုံ၌။ ဣမေ အပုညသင်္ခါရာ၊ ဤအပုညာဘိသင်္ခါရတို့သည်။ ကေဿ၊ တခုသော။ ဝိညာဏဿ၊ ဥပေက္ခာသန္တီရဏတည်းဟူသော ပဋိသန္ဓေဝိညာဉ်အား။ ပဋိသန္ဓိယံ၊ ပဋိသန္ဓေအခါ၌။ ဒွိဓာ၊ (နာနာက္ခဏိကကမ္မ, ဥပနိဿယဟူသော) နှစ်ပါးအပြားတို့ဖြင့်။ ပစ္စယာ၊ ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

၅၇၁။ ဆန္နံ ပန၊ သန္တီရဏကြဉ်သော ခြောက်ခုသော အကုသလဝိပါက်ဝိညာဉ်တို့အားကား။ ပဝတ္တေဝ၊ ပဝတ္တိအခါ၌သာလျှင်။ ပစ္စယာ၊ ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပဋိသန္ဓိယံ၊ ပဋိသန္ဓေအခါ၌။ ပစ္စယာ၊ ကျေးဇူးပြုကုန်သည်။ နော ဟောန္တိ၊ မဖြစ်ကုန်။

---

၁။ ဤသို့ ပဋိသန္ဓေ,ပဝတ္တိတို့၏ မရောသောအားဖြင့် ပစ္စယဝိဓိကို ပြပြီး၍ ယခုအခါ ပေါင်း၍ ပြခြင်းငှါ ဟောန္တိ ဝုတ္တပ္ပကာရာဝ စသည်ကို မိန့်။

၂။ (ပဋိသန္ဓေကျိုးကို မပေးနိုင်သောကြောင့် အဘိညာဉ်စေတနာကို ကြဉ်သည်။

တနည်း—အဘိညာဉ်စေတနာသည် စတုတ္ထဈာန်သမာဓိ၏ အကျိုးဆက်မျှဖြစ်၍ စတုတ္ထဈာန်သမာဓိ၏ အကျိုးနှင့်တူသဖြင့် ပဋိသန္ဓေကျိုးကို မပေးနိုင်၊ ထို့ကြောင့် အဘိညာဉ်စေတနာကို ကြဉ်သည်။

တနည်း—အဘိညာဉ်ဈာန်ဇောသည် တကြိမ်သာကျသဖြင့် ဘုံအားဖြင့် မဟဂ္ဂုတ်ချင်းတူသော ဈေးဇောမှ အာသေဝနသတ္တိဖြင့် ကျေးဇူးပြုမခံရ၍ အားနည်းရကား ပဋိသန္ဓေကျိုးကို မပေးနိုင်၊ ထို့ကြောင့် ကြဉ်ရသည်။

တနည်း—အကျိုးဝိညာဉ်၏ အကြောင်းမဖြစ်သောကြောင့် အဘိညာဉ်စေတနာကို ကြဉ်သည်။

အဘိဓမ္မာဝတာရဋီကာသစ်၊ ဒု၊နှာ-၉၀-၁။ အဘိ၊ဋ္ဌ၁၊နှာ-၁၁၇။ မူလ၊ဋီ၊၂၊နှာ-၉၅။)

သတ္တန္နမ္ပိ၊ ခုနစ်ပါးသော အကုသလဝိပါက်တို့အားလည်း။ ပဝတ္တေ စ၊ ပဝတ္တိအခါ၌ရင်း။ ပဋိသန္ဓိယဥ္စ၊ ပဋိသန္ဓေအခါ၌ရင်း။ ပစ္စယာ၊ (ထိုက်သည်အားလျော်စွာ) ကျေးဇူးပြုကုန်သည်။ ဘဝင္ဂေဝ၊ ဖြစ်ကုန်သည်သာလျှင်ကတည်း။

## အပုညာဘိသင်္ခါရသည်
## ပဝတ္တိအခါ အကုသလဝိပါက်အား ကျေးဇူးပြုပုံ

**ကာမသုဂတိဘုံ၌ ကျေးဇူးပြုပုံ**　၅၇၂။ ကာမေ သုဂတိယံ၊ ကာမသုဂတိဘုံ၌။ တေသံ သတ္တန္နမ္ပိ၊ ထို ခုနစ်ပါးသော အကုသလဝိပါက်တို့အားလည်း။ တထေဝ စ၊ ထိုအတူရင်းလျှင်။ ပဝတ္တေ၊ ပဝတ္တိအခါ၌။ ပစ္စယာ၊ ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပဋိသန္ဓိယံ၊ ပဋိသန္ဓေအခါ၌။ ပစ္စယာ၊ ကျေးဇူးပြုကုန်သည်။ န ဟောန္တိ၊ မဖြစ်ကုန်။

**ရူပဘုံ၌ ကျေးဇူးပြုပုံ**　၅၇၃။ ရူပဘဝေ၊ ရူပဘုံ၌။ စတုန္နမ္ပိ၊ လေးခုလည်းဖြစ်ကုန်သော။ တေသံ ဝိညာဏာနံ၊ ထို အကုသလဝိပါက် စက္ခု, သောတ, သမ္ပဋိစ္ဆိုင်း, သန္တီရဏတို့အား။ တထာ၊ ထိုအတူ။ ပဝတ္တေ၊ ပဝတ္တိအခါ၌။ ပစ္စယာ၊ ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပဋိသန္ဓိယံ၊ ပဋိသန္ဓေအခါ၌။ ပစ္စယာ၊ ကျေးဇူးပြုကုန်သည်။ န ဟောန္တိ၊ မဖြစ်ကုန်။

**ဗြဟ္မာ့ဘုံ၌ အနိဋ္ဌာရုံမရှိ**　၅၇၄။ သော စ ပစ္စယဘာဝေါ၊ ထိုကျေးဇူးပြုသည်၏ အဖြစ်သည်လည်း။ ကာမဘဝေ၊ ကာမဘုံ၌။ အနိဋ္ဌရူပါဒိဥပလဒ္ဓိယံ၊ အနိဋ္ဌဖြစ်သော ရူပါရုံ အစရှိသည်ကို ရခြင်း၌။ ဟောတိ၊ ဖြစ်၏။ ဗြဟ္မလောကေ၊ ဗြဟ္မာဘုံ၌။ အနိဋ္ဌရူပါဒယော၊ အနိဋ္ဌဖြစ်သော ရူပါရုံအစရှိသည်တို့သည်။ န ဝိဇ္ဇရေ၊ မရှိကုန်[၁]။

၁။ ထိုအာရုံတို့သည် စင်စစ်အားဖြင့် အနိဋ္ဌာရုံတို့တည်း၊ ရူပဘုံ၌လည်း အဘယ်သို့ အနိဋ္ဌာရုံနှင့် ပေါင်းယှဉ်ခြင်း ဖြစ်သနည်း ဟူသော စောဒနာကို ဖြေခြင်းငှါ သော စ ကာမဘဝေ စသည်ကိုမိန့်။ ဤ ကာမဘဝေပုဒ်သည် အနိဋ္ဌ ရူပါဒီနံ၏ ဝိသေသနတည်း၊ ဥပလဒ္ဓိယံ၏ ဝိသေသနမဟုတ်။

**အာနေဉ္စာဘိသင်္ခါရ က ကျေးဇူးပြုပုံ**

၅၇၅။ တထေဝ၊ ထို့အတူရင်းလျှင်။ အာနေဉ္စ-သင်္ခါရော၊ အာနေဉ္စာဘိသင်္ခါရသည်။ အရူပါဝစရဘူမိယံ၊ အရူပါဝစရဘုံ၌။ စတုန္နံ၊ လေးခုကုန်သော။ ပါကစိတ္တာနံ၊ အရူပါဝစရဝိပါက်စိတ်တို့အား။ ပဝတ္တေ စ၊ ပဝတ္တိအခါ၌ရင်း။ ပဋိသန္ဓိယဉ္စ၊ ပဋိသန္ဓေအခါ၌ရင်း။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

၅၇၆။ ဧဝံ=ဣမိနာ ဝုတ္တပ္ပကာရေန၊ ဤသို့ ဆိုအပ်ပြီးသော အပြား အားဖြင့်။ တာဝ၊ ရှေးဦးစွာ။ ဧတေ သင်္ခါရာ၊ ဤသင်္ခါရတို့သည်။ ဘဝေသု၊ ဘုံတို့၌။ ပဋိသန္ဓိပဝတ္တီသု၊ ပဋိသန္ဓေအခါ, ပဝတ္တိအခါတို့၌။ ယထာ စ၊ အကြင် အခြင်းအရာအားဖြင့်လည်း။ ပစ္စယာ၊ ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တထာ၊ ထို အခြင်းအရာအားဖြင့်။ ယေသဉ္စ ပါကာနံ၊ အကြင်ဝိပါက်တို့အားလည်း။ ပစ္စယာ၊ ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေ ပါကာပိ၊ ထို ဝိပါက်တို့ကိုလည်း။ ဝိဘာဝိနာ၊ ပညာရှိ သည်။ ဉေ ယျာ၊ သိအပ်ကုန်၏[၁]။

၅၇၇။ ယောနိအာဒီသု၊ ယောနိဟု ဆိုအပ်သော ပဋိသန္ဓေ ဂတိ ဘဝ အစရှိသည်တို့၌။ ဧသော စ နယော၊ ဤနည်းကိုသာလျှင်။ ဉေ ယျော၊ သိအပ်၏။

တတြ၊ ထိုဘဝအစရှိသည်တို့၌။ ဣဒံ၊ ဤဆိုလတံ့သည်ကား။ အာဒိ-တော၊ အစဖြစ်သောဘဝမှ။ ပဋ္ဌာယ၊ စ၍။ မုခမတ္တနိဒဿနံ၊ အကြောင်း မျှကို ပြခြင်းတည်း[၂]။

**ပုညာဘိသင်္ခါရက ဘဝစသည်၌ ကျေးဇူးပြုပုံ**

၅၇၈။ အဝိသေသေန၊ ကာမာဝစရ, ရူပါဝစရဟူ၍ အထူးမရှိသော အားဖြင့်။ သော ပုညာဘိ-သင်္ခါရော၊ ထိုတဆဲ့သုံးခုသော ပုညာဘိသင်္ခါရသည်[၃]။ ဒွိဘဝေသုပိ၊ နှစ်ပါးသော ကာမာဝစရ,ရူပါဝစရဘုံတို့၌လည်း။ ပဋိသန္ဓိံ၊ ပဋိသန္ဓေကို။ ဒတွာန၊

---

၁။ ယထာ စ ၌ စသဒ္ဒါဖြင့် ယေသဉ္စ ဟု သဂြိုဟ်၊ တထာ ဟူသော ဤပုဒ်၌လည်း တေ ဟု သဂြိုဟ်။

၂။ ဘဝမှ စ၍ မုခမတ္တပ္ပကာသနကို ပြုလိုသော ဆရာသည် တတြိဒံ အစရှိသည်ကိုမိန့်။

၃။ (မဟာကုသိုလ်စိတ် ၈-ခု, ရူပကုသိုလ်စိတ် ၅-ခု၌ရှိသော စေတနာ ၁၃-ပါးသည် ပုညာဘိသင်္ခါရမည်သည်၊ အကုသိုလ်စိတ် ၁၂-ခု၌ရှိသော စေတနာ၁၂-ခုသည် အပုညာဘိ-

(ထိုက်သည်အားလျော်စွာ)ပေး၍။ သဗ္ဗံ၊ အလုံးစုံသော။ ပါကံ၊ အကျိုးကို။ ဇနေတိ၊ ဖြစ်စေ၏။

၅၇၉။ အဏ္ဍဇာဒီသု၊ အဏ္ဍဇ အစရှိကုန်သော။ စတူသု၊ လေးပါးကုန်သော။ ယောနီသု စ၊ ယောနိတို့၌ရင်း။ ဒေဝမနုဿာနံ၊ နတ်,လူတို့၏။ ဝသာ၊ အစွမ်းအားဖြင့်။ ဒွီသု ဝေ၊ နှစ်ပါးသာလျှင်ဖြစ်ကုန်သော။ ဂတီသု စ၊ ဂတိတို့၌ရင်း။ တထာ၊ ထို့အတူ။ ဝိဉ္ဉေယျော၊ သိအပ်၏။

၅၈၀။ စတူသု၊ လေးပါးကုန်သော။ နာနတ္တကာယာဒိဝိညာဏာနံ ဌိတီသုပိ[၁]၊ နာနတ္တကာယအစရှိကုန်သော ဝိညာဏဋ္ဌိတိ[၂]တို့၌လည်း။ တထာ၊ ထို့အတူ။ ဝိဉ္ဉေယျော၊ သိအပ်၏။ ဝုတ္တပ္ပကာရသ္မိံ၊ ဆိုအပ်ပြီးသော အပြားရှိသော။ စတုဗ္ဗိဓေ၊ လေးပါးအပြားရှိသော[၃]။ သတ္တာဝါသေ စ၊ သတ္တာဝါသ၌ရင်း။ တထာ၊ ထို့အတူ။ ဝိဉ္ဉေယျော၊ သိအပ်၏။

၅၈၁။ ဝေံ=ဧဝမိနာ ဝုတ္တပ္ပကာရေန၊ ဤသို့ ဆိုအပ်ပြီးသော အပြားအားဖြင့်။ ပုညာဘိသင်္ခါရော၊ ပုညာဘိသင်္ခါရသည်။ ဘဝါဒီသု၊ ဘဝ အစရှိသည်တို့၌။ ယထာရဟံ[၄]၊ ထိုက်သည်အားလျော်စွာ။ ဧကဝီသတိ-

---

သင်္ခါရမည်သည်၊ အရူပကုသိုလ်စိတ် ၄-ခု၌ရှိသော စေတနာ ၄-ခုသည် အာနေဉ္ဇာဘိသင်္ခါရမည်သည်။)

၁။ နာနတ္တ။ပ။ဌိတီသုပိ ဟူသော ဤပုဒ်ကို အလုတ္တသမာသ်အားဖြင့် မိန့်သည်။

၂-၃။ (၁) နာနတ္တကာယ နာနတ္တသညီ။ (၂) နာနတ္တကာယ ဧကတ္တသညီ။ (၃) ဧကတ္တကာယ နာနတ္တသညီ။ (၄) ဧကတ္တကာယ ဧကတ္တသညီ။

(ပုညာဘိသင်္ခါရသည်—ကာမဘဝ,ရူပဘဝဟူသော ဘဝ ၂-ပါး၊ အဏ္ဍဇစသော ယောနိ ၄-ပါး၊ ဒေဝဂတိ, မနုဿဂတိဟူသော ဂတိ ၂-ပါး၊ နာနတ္တကာယ နာနတ္တသညီ, နာနတ္တကာယ ဧကတ္တသညီ, ဧကတ္တကာယ နာနတ္တသညီ, ဧကတ္တကာယ ဧကတ္တသညီ ဟူသော ဝိညာဏဋ္ဌိတိ၄-ပါး။ နာနတ္တကာယ နာနတ္တသညီစသော သတ္တာဝါသ ၄-ပါးတို့၌ အဟိတ်ကုသလဝိပါက် ၈-ခု, မဟာဝိပါက် ၈-ခု, ရူပဝိပါက် ၅-ခု၊ ပေါင်း ၂၁-ခုသော ဝိပါက်အား ပဋိသန္ဓေအခါ,ပဝတ္တိအခါတို့၌ ထိုက်သည်အားလျော်စွာ နာနာက္ခဏိကကမ္မ,ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေသည်။)

၄။ ပုညာဘိသင်္ခါရ၏ ကျေးဇူးပြုပုံမှာ—ဘဝ အစရှိသည်တို့၌ နှစ်ဆဲ့တခုသော ဝိပါက်တို့အား တခုသောအဝတ္ထာဖြင့် ပစ္စည်းမဖြစ်မူ၍ ဒုဂ္ဂတိ၌ အကျုံးဝင်ကုန်သော ဘဝ,ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, သတ္တာဝါသတို့၌ ပဋိသန္ဓေကို မပေးမူ၍ ပဝတ္တိအခါ၌သာ ရှစ်ခုသော အဟိတ်ကုသလဝိပါက်တို့အား မဟာကုသိုလ်စေတနာတည်းဟူသော ပုညာဘိသင်္ခါရက ကျေးဇူးပြုသည်၏ အဖြစ်ကြောင့်ရင်း, ကာမာဝစရသုဂတိ၌ အကျုံးဝင်ကုန်သော ဘဝ စသည်တို့၌ ပဋိသန္ဓေကိုပေး၍ ပဝတ္တိ၌ တဆယ့်ခြောက်ပါးသော ဝိပါက်တို့အား ကျေးဇူးပြုသည်၏ အဖြစ်ကြောင့်ရင်း, ရူပါဝစရဘုံ၌ အကျုံးဝင်ကုန်သော ဘဝ စသည်တို့၌ ရူပါဝစရ

ပါကာနံ၊ နှစ်ဆဲ့တခုသော ဝိပါက်စိတ်တို့အား။ ဒွိဓာ=ဒွိဟိ ပကာရေဟိ၊ နှစ်ပါးသော အပြားတို့ဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

**အပုညာဘိသင်္ခါရက ဘဝစသည်၌ ကျေးဇူးပြုပုံ**

၅၈၂။ သော အပုညသင်္ခါရော၊ ထိုအပုညာဘိသင်္ခါရသည်။ ကာမေ ဘဝေ၊ ကာမဘုံ၌။ စတူသု ယောနီသု စ၊ အဏ္ဍဇစသော လေးပါးသော ယောနိတို့၌ရင်း။ တီသု ဂတီသု စ၊ မနုဿ, ဒေဝကြဉ်သော သုံးပါးသော ဂတိတို့၌ရင်း။ ဧကိဿာ ဝိညာဏဋ္ဌိတိယာ ပန၊ နာနတ္တကာယ ဧကတ္တသညီဟု ဆိုအပ်သော တခုသော ဝိညာဏဋ္ဌိတိ၌ရင်း။

၅၈၃။ ဧကသ္မိံ သတ္တာဝါသေ ပန၊ နာနတ္တကာယ ဧကတ္တသညီဟုဆိုအပ်သော တခုသာလျှင်ဖြစ်သော သတ္တာဝါသ(အပါယ် ၄-ဘုံ)၌ရင်း။ သတ္တန္နံ၊ ခုနစ်ခုကုန်သော။ ပါကစိတ္တာနံ၊ အကုသလဝိပါက်စိတ်တို့အား။ ပဝတ္တေ စ၊ ပဝတ္တိအခါ၌ရင်း။ ပဋိသန္ဓိယဉ္စ၊ ပဋိသန္ဓေအခါ၌ရင်း။ ဒွိဓာ=ဒွိဟိ ပကာရေဟိ၊ (နာနာက္ခဏိကကမ္မ, ဥပနိဿယဟူသော) နှစ်ပါးအပြားတို့ဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

---

ကုသိုလ် စေတနာတည်းဟူသော ပုညာဘိသင်္ခါရ က ပဋိသန္ဓေကိုပေး၍ ပဝတ္တိ၌ ကာမာဝစရ မဟဂ္ဂုတ်, ပုညာဘိသင်္ခါရတို့က ဆယ်ပါးသော ဝိပါက်တို့အား အသီးအသီး ကျေးဇူးပြုသည်၏အဖြစ်ကြောင့်ရင်း ယထာရဟံ မိန့်သည်။ (ယင်းဋီကာသစ်၊ဒု၊ နှာ ၉၂-၃။)

(ယထာရဟံ အဓိပ္ပါယ်ကား-မဟာကုသိုလ်စေတနာ ၈-ခုဟူသော ကာမပုညာဘိသင်္ခါရသည် ဒုဂ္ဂတိဘုံ၌ ပဝတ္တိအခါ အဟိတ်ကုသလဝိပါက် ၈-ခုအား နာနာက္ခဏိကကမ္မ, ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေသည်။

သုဂတိဘဝ၊ အဏ္ဍဇစသော ယောနိ ၄-ပါး၊ ဒေဝ, မနုဿဟူသော ဂတိ ၂-ပါး၊ နာနတ္တကာယစသော ဝိညာဏဋ္ဌိတိ ၄-ပါး၊ နာနတ္တကာယစသော သတ္တာဝါသ ၄-ပါးတို့၌ ပဋိသန္ဓေအခါ အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏ ၁-ပါး၊ မဟာဝိပါက် ၈-ပါး၊ ပေါင်း ၉-ပါးသော ဝိပါက်အား နာနာက္ခဏိကကမ္မ, ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေသည်။

ပဝတ္တိအခါ အဟိတ်ကုသလဝိပါက် ၈-ပါး၊ မဟာဝိပါက် ၈-ပါး၊ ပေါင်း ၁၆-ပါးသော ဝိပါက်အား နာနာက္ခဏိကကမ္မ, ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေသည်။

ရူပကုသိုလ်စေတနာ ၅-ခုဟူသော ရူပပုညာဘိသင်္ခါရသည် ရူပဘဝ၊ သြပပါတိကယောနိ၊ ဒေဝဂတိ၊ နာနတ္တကာယ ဧကတ္တသညီ, ဧကတ္တကာယနာနတ္တသညီ, ဧကတ္တကာယ ဧကတ္တသညီဟူသော ဝိညာဏဋ္ဌိတိ ၃-ပါး၊ နာနတ္တကာယ ဧကတ္တသညီစသော ၃-ပါးနှင့် အသညသတ်ဟူသော သတ္တာဝါသ ၄-ပါးတို့၌ ပဋိသန္ဓေအခါ ရူပဝိပါက် ၅-ခုအား, ပဝတ္တိအခါ ကုသလဝိပါက် စက္ခုဝိညာဉ်, သောတဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ ၂-ခုအားဖြင့် အဟိတ်ကုသလဝိပါက် ၅-ပါး၊ ရူပဝိပါက် ၅-ပါး၊ ပေါင်း ၁၀-ပါးသော ဝိပါက်အား နာနာက္ခဏိကကမ္မ, ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေသည်ဟူလို။)

**အာနေဥ္စာဘိသင်္ခါရက ဘဝစသည်၌ ကျေးဇူးပြုပုံ**

၅၇၄။ တထေဝ၊ ထို့အတူလျှင်။ သော အာနေဥ္စသင်္ခါရော၊ ထို အာနေဥ္စာဘိသင်္ခါရသည်။ ကော ရူပဘဝေ = ကေသ္မိံ အရူပဘဝေ၊ တခုသော အရူပဘုံ၌။ ကေိဿာ ယောနိယာ စေဝ၊ ဩပပါတိကဟုဆိုအပ်သော တခုသော ယောနိ၌ရင်း။ ကေိဿာ ဂတိယာပိ စ၊ ဒေဝဂတိဟု ဆိုအပ်သော တခုသော ဂတိ၌ရင်း။

၅၇၅။ တီသု စိတ္တဋ္ဌိတီသု ဧဝ စ၊ အာကာသာနဉ္စာယတနအစရှိကုန်သော သုံးပါးသော ဝိညာဏဋ္ဌိတိတို့၌ရင်း။ စတုဗ္ဗိဓေ သတ္တာဝါသေ စ၊ အာကာသာနဉ္စာယတနအစရှိသော လေးပါးအပြားရှိသော သတ္တာဝါသ၌ရင်း။ စတုန္နံ၊ လေးခုကုန်သော။ ပါကစိတ္တာနံ၊ ဝိပါက်စိတ်တို့အား။ ဒွေဓာ =ဒွိဟိ ပကာရေဟိ၊ (နာနာက္ခဏိကကမ္မ, ဥပနိဿယဟူသော)နှစ်ပါးအပြားတို့ဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

၅၇၆။ ဧဝံ=ဣမိနာ ဝုတ္တပ္ပကာရေန၊ ဤသို့ ဆိုအပ်ပြီးသော အပြားအားဖြင့်။ သင်္ခါရာ၊ သင်္ခါရတို့သည်။ ဘဝါဒီသု၊ ဘဝအစရှိသည်တို့၌။ ပဋိသန္ဓိပဝတ္တီနံ၊ ပဋိသန္ဓေ ပဝတ္တိတို့၏။ ဝသေန၊ အစွမ်းအားဖြင့်။ ယထာ စ၊ အကြင်အခြင်းဖြင့်လည်း။ ပစ္စယာ၊ ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တထာ၊ ထိုအခြင်းအရာဖြင့်။ ယေသဉ္စ ပါကာနံ၊ အကြင်ဝိပါက်တို့အားလည်း။ ပစ္စယာ၊ ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေ ပါကာ စ၊ ထိုဝိပါက်တို့ကိုလည်း။ ဝိဇာနိတဗ္ဗာ၊ သိအပ်ကုန်၏။

**ရုပ်နာမ်မျှသာဖြစ်ခြင်း**

၅၇၇။ ရူပါရူပဓမ္မာနံ[၁]၊ စိတ်စေတသိက်ဟု ဆိုအပ်ကုန်သော ရုပ်နာမ် တရားတို့၏။ သင်္ကန္တိ၊ ပြောင်းခြင်းသည်။ န ဝိဇ္ဇတိ၊ မရှိ။ သင်္ကန္တိဘာဝေ၊

---

၁။ သင်္ခါရတို့၏ ပဋိသန္ဓေ,ပဝတ္တိတို့၌ ဝိပါက်တို့အား ကျေးဇူးပြုသည်၏ အဖြစ်ကို ဆို၏၊ ထိုသို့ဆိုရာ၌ ပဋိသန္ဓေကိုပင် ရှေးဦးစွာ သိခြင်းငှါ မတတ်ကောင်းပါသည် မဟုတ်ပါလော၊ ထိုစကားမှန်၏၊ ရှေးဘဝမှ ပဋိသန္ဓေဝိညာဉ်သည် ဤဘဝသို့ လာ၏ဟု ဆိုအံ့၊ ရုပ်နာမ်တရားတို့၏ ဆံခြည်ဖျားမျှလည်း အရပ်တပါးသို့ ပြောင်းခြင်းမရှိသောကြောင့် ထိုစကားသည် မသင့်၊ အတိတ်ဘဝ၌ ဖြစ်သော သင်္ခါရကြောင့် မဖြစ်ဟု ဆိုအံ့၊ အဟေတုက (အကြောင်းမရှိပဲ ဖြစ်၏ဟူသော) ဒေါသသို့ ရောက်ခြင်းကြောင့် ထိုစကားလည်း မသင့်၊ ဤသို့သော အလိုဖြင့် စောဒနာသည်ဖြစ်၍ န ရူပါရူပဓမ္မာနံ အစရှိသည်ကို မိန့်။

ပြောင်းသည်၏အဖြစ်သည်။ အသတိ၊ မရှိသော်။ ပဋိသန္ဓိ၊ ပဋိသန္ဓေသည်။ ကထံ=ကေန ကာရဏေန၊ အဘယ်သို့သော အကြောင်းဖြင့်။ သိယာ၊ ဖြစ်ရာအံ့နည်း။ ဣတိ၊ ဤသို့။ စောဒကော၊ စောဒကသည်။ အာဟ၊ ဆို၏။

၅၇၇။ စိတ္တဿ၊ စိတ်၏။ အတီတဘာဝတော၊ လွန်လေပြီးသော ဘဝမှ။ ဣမ၊ ဤပစ္စုပ္ပန်ဘဝသို့။ သင်္ကန္တိ၊ ပြောင်းခြင်းသည်။ နတ္ထိ၊ မရှိ။ တတော ဟေတုံ၊ ထိုအတိတ်ဘဝ၌ဖြစ်သော ကမ္မသင်္ခါရတည်းဟူသော နိကန္တိ အာရုံကို။ ဝိနာ=ဝဇ္ဇေတွာ၊ ကြဉ်၍။ တဿ စိတ္တဿ၊ ထိုစိတ်၏။ ပါတု-ဘာဝေါ၊ ထင်ရှားဖြစ်ခြင်းသည်။ န ဝိဇ္ဇတိ၊ မရှိ။

၅၇၉။ သုလဒ္ဓပစ္စယံ၊အဝိဇ္ဇာအစရှိသော သဟကာရီကာရဏ[1]နှင့်တကွ ဖြစ်သည်၏ အစွမ်းအားဖြင့် ကောင်းစွာရအပ်သော အကြောင်းရှိသော။ ရူပါရူပမတ္တံ တု၊ ရုပ်နာမ်တရားမျှသည်သာလျှင်။ ဇာယတိ၊ ဖြစ်၏။

သတ္တ,ဇီဝမရှိ။ ။ဝေ၊ ဤသို့။ ပစ္စယံ၊ အကြောင်းကို။ လဘိတွာ၊ ရ၍။ ဥပ္ပဇ္ဇမာနံ၊ ဖြစ်သောစိတ်ကို။

၅၈၀။ သမညာယ၊ ဝေါဟာရမျှဖြင့်။ ဘဝန္တရံ၊ ဘဝတပါးသို့။ ဥပေတီတိ၊ ကပ်၏ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။ သတ္တော စ၊ သတ္တဝါ သည်လည်း။ န ဝိဇ္ဇတိ၊ မရှိ။ ဇီဝေါ စ၊ ဇီဝသည်လည်း။ န ဝိဇ္ဇတိ၊ မရှိ။ အတ္တဘာဝေါပိ၊ အတ္တဘောသည်လည်း။ န ဝိဇ္ဇတိ၊ မရှိ။

## ပဋိသန္ဓေ,စုတိဖြစ်ပုံ

၅၈၁။ တဿ သတ္တဿ၊ ထိုသတ္တဝါ၏။ သုဒုဗ္ဗုဓံ၊ အလွန်သိနိုင်ခဲသော။ ဣဒံ ပဋိသန္ဓိက္ကမံ၊ ဤပဋိသန္ဓေအစဉ်ကို။ ပါကဋံ၊ ထင်စွာ။ ကတွာ၊ ပြု၍။ အဟံ၊ ငါသည်။ ဒဿယိဿာမိ၊ ပြအံ့။ တုမှေ၊ သင်တို့သည်။ သာဓု၊ ကောင်းစွာ။ နိဗောဓထ၊ သိလင့်ကုန်[2]။

---

၁။ သဟကာရီ=အတူတကွ ဖြစ်လေ့ရှိသော၊ အတူတကွဖြစ်ပေ်ဖြစ်ဖက် ဖြစ်သော။ ကာရဏ=အကြောင်း၊

သခါရနှင့် အတူတကွ ဖြစ်လေ့ရှိသော ဖြစ်ဖော်ဖြစ်ဘက် ဖြစ်သော အဝိဇ္ဇာစသော အကြောင်းတရား။

၂။ ယခုအခါ ထိုပဋိသန္ဓေအစဉ်ကို ထင်ရှားသော မနုဿပဋိသန္ဓိ၏ အစွမ်းဖြင့် ပြခြင်းငှါ အားထုတ်သော ဆရာသည် တဿိဒံ အစရှိသည်ကိုမိန့်။ (ဆဋ္ဌမူဋ္ဌီ တဿိဒံရှိသည်)

၅၉၂။ အတီတသ္မိံ၊ လွန်လေပြီးသော။ ဘဝေ၊ ဘဝ၌။ အာသန္န-မရဏာသ၊ သဘောအားဖြင့်ရင်း, သူတပါး လုံ့လဖြင့်ရင်း အလွန်နီးသော သေခြင်းရှိသော။ တဿ သတ္တဿ၊ ထိုသတ္တဝါအား။ အာတပေ၊ နေပူ၌။ ပက္ခိတ္တံ၊ ပစ်အပ်သော။ ဟရိတံ၊ စိမ်းသော။ တာလပဏ္ဏံဝ၊ ထန်းရွက်ကဲ့သို့။

၅၉၃။ သရီရသ္မိံ၊ ကိုယ်သည်။ သုဿမာနေ၊ အစဉ်သဖြင့် ချုပ်သည် ရှိသော်။ စက္ခုန္ဒြိယာဒိကေ၊ စက္ခုအစရှိသော ဣန္ဒြေသည်။ နဋ္ဌေ၊ ပျက်သည်ရှိသော်။ ကာယပ္ပသာဒိကေ၊ ကာယပသာဒအစရှိသည်၌မှီသော ဝိညာဉ်သည်။ ဟဒယဝတ္ထုမတ္တသ္မိံ၊ ဟဒယဝတ္ထုအရပ်မျှ၌။ ဌိတေ၊ တည်သည်ရှိသော်။

၅၉၄။ ဝတ္ထုသန္နိဿိတံ၊ ဟဒယဝတ္ထုမျှ၌မှီသော။ စိတ္တံ၊ ကံအစရှိသည် တို့ကို အာရုံပြု၍ဖြစ်သော ဇောဝိညာဉ်သည်။ ဟောတိ၊ ဖြစ်၏။ တသ္မိံ ခဏေပိ စ၊ ထိုခဏ၌လည်း။ ပုဗ္ဗာနုသေဝိတံ၊ ရှေး၌မှီဝဲအပ်သော၊ ပုညံ၊ ကုသိုလ်ဖြစ်သော။ ကမ္မံ ဝါ၊ ကံကိုရင်း။ အပုညမေဝ၊ အကုသိုလ်သာလျှင် ဖြစ်သော။ ကမ္မံ ဝါ၊ ကံကိုရင်း[၁]။

၅၉၅။ ကမ္မနိမိတ္တံ ဝါ၊ ကမ္မနိမိတ်ကိုရင်း။ အာလမ္ဗိတွာ၊ အာရုံပြု၍။ ပဝတ္တတိ။ ဖြစ်၏။ ဇဝံ=ဣမိနာ ဝုတ္တပ္ပကာရေန၊ ဤဆိုအပ်ပြီးသော အပြားအားဖြင့်။ လဒ္ဓပစ္စယံ၊ ရအပ်သော အကြောင်းရှိသည်ဖြစ်၍။ ပဝတ္တ-မာနံ၊ ဖြစ်သော။ တံ ဝိညာဏံ[၂]၊ ထိုဇောဝိညာဉ်ကို(ပဋိသန္ဓေဝိညာဉ်ကို)။

၅၉၆။ အဝိဇ္ဇာယ၊ အနုသယ၏အဖြစ်ဖြင့်ဖြစ်သော အဝိဇ္ဇာသည်။ ဝါ၊ ဘဝတဏှာစိတ်နှင့်ယှဉ်သော အဝိဇ္ဇာသည်။ ပဋိစ္ဆန္နာဒီနဝေ၊ ဖုံးလွှမ်း အပ်သော ဒုက္ခတည်းဟူသော အပြစ်ရှိသော။ ဝိသယေ၊ ကံအစရှိသော အာရုံ၌။ တဏှာ၊ တဏှာသည်။ နမေတိ၊ ညွတ်စေ၏။ ဝါ၊ တပါးသော အာရုံကို မယူစေမူ၍ မြဲစွာစွဲလမ်းသောအားဖြင့် ကံအစရှိသော အာရုံကို

---

၁။ ဝါ သဒ္ဒါဖြင့် ဂတိနိမိတ်ကို သင်္ဂြိုဟ်သည်၊ ထိုသုံးပါးတို့တွင် ကံသည်ရင်း ဂတိနိမိတ် သည်ရင်း မနေဒ္ဒါရ၌သာ ထင်ခြင်းသို့ ရောက်၏၊ ကမ္မနိမိတ်သည်ကား ပဉ္စဒွါရ၌လည်း ထင်ခြင်းသို့ ရောက်၏။ (ယင်းဋီကာသစ်၊ ဒုနှာ ၉၆)

၂။ (မရဏာသန္နဇော,စုတိ,ပဋိသန္ဓေဝိညာဉ်၊ ဤ ၃-မျိုးကို ကေတ္တနည်းအားဖြင့် ဝိညာ-ဏဟု ခေါ်သည်၊ သို့ဖြစ်၍ ဝိညာဏအရ မရဏာသန္နဇော,စုတိ,ပဋိသန္ဓေဝိညာဉ်၊ ဤ၃-မျိုး တွင် အရာအားလျော်စွာ သင့်သလို ယူကြပါလေ။ ရင်းဋီကာသစ်၊ဒုနှာ-၉၇။)

ယူစေ၏။ သဟဇာ သင်္ခါရာ၊စုတိ၏အနီး ဇောဝိညာဉ်နှင့်တကွဖြစ်ကုန်သော စေတနာ, ဖဿ အစရှိသော တရားတို့သည်။ ခိပန္တိ၊ ပစ်ချကုန်၏။ ဝါ၊ ပစ်ချသကဲ့သို့ ထိုက်အစရှိသော အာရုံ၌ ပဋိသန္ဓေ၏အစွမ်းဖြင့် ဝိညာဉ် တည်ခြင်း၏ အကြောင်းအဖြစ်ဖြင့် ဖြစ်ကုန်၏။

၅၉၇။ သန္တတိဝသာ၊ သန္တတိ၏အစွမ်းဖြင့်။ တဏှာယ၊ တဏှာသည်။ နမိယမာနံ၊ ညွတ်စေအပ်သော။ တံဝိညာဏံ၊ ထိုဇောဝိညာဉ်သည်။ ဩရိမာ တီရမှာ၊ ဤဘက်ကမ်းမှ။ ရဇ္ဇုကာ၊ သစ်ပင်၌ ဆွဲသောကြိုးကို။ အာလမ္ဗိတွာန၊ ဆွဲ၍။

၅၉၈။ မာတိကာတိက္ကမောဝ၊ မြောင်းကိုလွန်သော ယောကျ်ားကဲ့သို့။ ပုရိမံ၊ ရှေး၌ဖြစ်သော။ ဧတံ နိဿယံ၊ ဤဟာဒယဝတ္ထုဟု ဆိုအပ်သော မှီရာကို။ ဇဟာတိ၊ စွန့်၏။

အပရံ၊ တပါးသော။ ကမ္မသမ္ဘူတံ၊ ကံကြောင့်ဖြစ်သော။ နိဿယံ၊ ဟာဒယဝတ္ထုဟုဆိုအပ်သော မှီရာကို။ အာလမ္ဗိတွာ ဝါ၊ ပဋ္ဌဝေါကာရဘုံ၏ အစွမ်းဖြင့် မှီ၍ဖြစ်ရင်း။ အ-လမ္ဗိတွာ ဝါ၊ စတုဝေါကာရဘုံ၏ အစွမ်းဖြင့် မမှီမူ၍ဖြစ်ရင်း။

၅၉၉။ အာရမ္မဏာဒိဟိ၊ အာရမ္မဏ နိဿယ အစရှိကုန်သော။ ပစ္စ-ယေဟိ၊ ပစ္စည်းတို့ဖြင့်။ တံ ဝိညာဏံ၊ ထိုဇောဝိညာဉ်သည်။ ပဝတ္တတိ၊ ဖြစ်၏။

စုတိစိတ်။ ။ဧတ္ထ=ဧတေသု စိတ္တေသု၊ ဤ စိတ်တို့တွင်။ ပုရိမံ၊ ဇဟာတိ သဒ္ဒါဖြင့် ဆိုအပ်သော ရှေးစိတ်သည်။ စဝနံ၊ စုတိမည်၏။

ပဋိသန္ဓေစိတ်။ ။ပစ္ဆိမံ တု၊ အာရမ္မဏာဒိဟိ ပစ္စယေဟိ ပဝတ္တတိသဒ္ဒါဖြင့် ဆိုအပ်သော နောက်စိတ်သည်ကား။ ပဋိသန္ဓိ၊ ပဋိသန္ဓေစိတ်မည်၏[၁]။

---

၁။ ဤအရာ၌ ဤဘက်ကမ်းကဲ့သို့ ရှေးဘဝကို မှတ်အပ်၏၊ ဤဘက်ကမ်း၌ တည်သော သစ်ပင်ကဲ့သို့ ရှေးဘဝ၌ဖြစ်ကုန်သော ခန္ဓာတို့ကို မှတ်အပ်ကုန်၏၊ ကြိုးကဲ့သို့ ကံအစရှိသော အာရုံကို မှတ်အပ်၏၊ ယောကျ်ားကဲ့သို့ ဝိညာဉ်ကို မှတ်အပ်၏၊ ထိုယောကျ်ား၏ ကြိုးကို ဆွဲခြင်းကဲ့သို့ တဏှာ၏ အာရုံသို့ ရှေးရှုညွတ်စေခြင်းကို မှတ်အပ်၏၊ လုံ့လကဲ့သို့ ခိပနက သင်္ခါရတို့ကို မှတ်အပ်၏၊ မြောင်းကဲ့သို့ စုတိစိတ်ကို မှတ်အပ်ကုန်၏၊ ထိုမှာဘက်ကမ်းကဲ့သို့ တမလွန်လောကကို မှတ်အပ်၏။ (ယင်းဋီကာသစ်၊ဒု၊နှာ-၉၇)

၆၀၀။ တဒေတံ=တံ ဧတံ ဝိညာဏံ၊ ထိုပဋိသန္ဓေဝိညာဉ်သည်။ ပုရိမာ ဘဝတောပိ၊ ရှေးဘဝမှလည်း။ ဣမ၊ ဤ ပစ္စုပ္ပန်ဘဝသို့။ နာပိ အာဂတာ၊ လာလည်း မလာ။ ကမ္မာဒိဥ္စ ဟေတုံ [၁]၊ အတိတ်ဘဝ၌ဖြစ်သောကံအစရှိသော အကြောင်းကိုလည်း။ ဝိနာ၊ ကြဉ်၍။ တံ ဝိညာဏံ၊ ထိုပဋိသန္ဓေဝိညာဉ် သည်။ န စေဝ ပါတုဘူတံ၊ ထင်ရှားလည်း မဖြစ်။

**ပဋိသန္ဓေစိတ်ဖြစ်ရာ၌ ဥပမာဖြင့်ပြခြင်း**

၆၀၁။ ဧတ္ထ၊ ဤ စုတိပဋိသန္ဓေအရာ၌။ ဧတဿ စိတ္တဿ [၂]၊ ဤပဋိသန္ဓေဝိညာဉ်၏။ ပုရိမာ ဘဝတော၊ ရှေးဘဝမှ။ ဣမ၊ ဤပစ္စုပ္ပန် ဘဝသို့။ အနာဂမနေ၊ မလာခြင်း၌။ အတီတ ဘဝဟေတူဟိ၊ အတိတ်ဘဝ၌ ဖြစ်ကုန်သော ကံအစရှိသော အကြောင်းတို့ကြောင့်။ ဧတဿ စိတ္တဿ၊ ဤပဋိသန္ဓေဝိညာဉ်၏။ သမ္ဘဝေ၊ ဖြစ်ခြင်း၌။

၆၀၂။ ပဋိဃောသ ဒီပ မုဒ္ဒါဒီ [၃]၊ ပဲ့တင်သံ, ဆီမီး, တံဆိပ်ရေး အစရှိကုန် သော။ အတ္ထနိဒဿနာ၊ အနက်ကို ပြတတ်ကုန်သော ဥပမာတို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

---

၁။ ကမ္မာဒိ၌ အာဒိသဒ္ဒါဖြင့် ခိပနကသင်္ခါရ,နမန၏ အစွမ်းအားဖြင့်ဖြစ်သော တဏှာ၊ ကံအစရှိသော အာရုံ၏ အပြစ်ကို ဖုံးလွှမ်းတတ်သော အဝိဇ္ဇာ၊ မြဲစွာ စွဲလမ်းခြင်း အစရှိ သည်ကို ပြုတတ်ကုန်သော ဥပါဒါန် အစရှိသည်တို့ကိုယူ။ (ကံအစရှိသော အာရုံ၌ ပစ်ချ သော ကံအစရှိသောအာရုံကို ယူစေသော သင်္ခါရ, အာရုံသို့ ညွတ်စေသော တဏှာ,အပြစ်ကို ဖုံးလွှမ်းသော အဝိဇ္ဇာ, မြဲစွာစွဲလမ်းတတ်သော ဥပါဒါန် စသည်တို့ကို ကမ္မာဒိ၌ အာဒိသဒ္ဒါ ဖြင့် ယူသည်။)

၂။ သဒ္ဒပဋိဃောသ အစရှိသည်တို့၏ ပစ္စယ, ပစ္စယုပ္ပန္န အဖြစ်သည် ရှိသော်လည်း သန္တာန်စပ်ခြင်း မသင့်သောကြောင့် ထိုသဒ္ဒပဋိဃောသ အစရှိသည်တို့၏ ဧကတ္တ, နာနတ္တ အဖြစ်ကို မသုံးသပ်မူ၍ ဤဘဝသို့ မလာ၊ အတီတဟေတုသမုပ္ပါဒ (အတိတ်ဘဝ ကံအစရှိ သော အကြောင်းကြောင့် ဖြစ်ခြင်း)ကိုသာ ပြသော ဆရာသည် ဧတ္ထ စေ'တဿ အစရှိ သည်ကို မိန့်။

၃။ အာဒိသဒ္ဒါဖြင့် အာဒါသတလဂတ မုခနိမိတ္တ စသည်ကိုယူ။

(ပဲ့တင်သံဖြစ်ရာ၌ ပဲ့တင်သံသည် မူလအသံလည်း မဟုတ်၊ မူလအသံနှင့်ကင်း၍လည်း မဖြစ်နိုင်သကဲ့သို့ရင်း, ဆီမီးတခုမှ မီးကူးရာ၌ ဒုတိယဆီမီးသည် ပဌမ မူလဆီမီးလည်း မဟုတ်၊ ပဌမ မူလဆီမီးနှင့် ကင်း၍လည်း မဖြစ်နိုင်သကဲ့သို့ရင်း, တံဆိပ်နှိပ်ရာ၌ တံဆိပ်ရာ သည် မူလတံဆိပ်အဆက်လည်း မဟုတ်၊ မူလတံဆိပ်နှင့် ကင်း၍လည်း မဖြစ်နိုင်သကဲ့သို့ရင်း၊ ကြေးမုံမှန်ပြင်ထဲ မျက်နှာရိပ်ထင်ရာ၌ မျက်နှာရိပ်သည် ကြည့်သူ၏ မျက်နှာလည်းမဟုတ်၊ ကြည့်သူ၏ မျက်နှာနှင့် ကင်း၍လည်း မဖြစ်နိုင်သကဲ့သို့ရင်း၊ ထို့အတူ ပဋိသန္ဓေဝိညာဉ်သည်

အညတြ၊ တပါးသော အသံအစရှိသော အကြောင်းဖြစ်ရာ အရပ်သို့။ အဂန္တွာ၊ မသွားမူ၍။ သဒ္ဒါဒိပေါတုကာ၊ အသံအစရှိသည် အကြောင်း ရှိကုန်သည်။ ဟောန္တိ ယထာ၊ ဖြစ်ကုန်သကဲ့သို့။ ဝါ- အညတြ၊ ရှေးက အကြောင်းဖြစ်ရာ အရာ၌ စုဝေး၍ ထိုစုဝေးရာအရပ်မှ တပါးသောအရပ် သို့။ ဂန္တွာ၊ သွား၍။ သဒ္ဒါဒိပေဘုကာ၊ အသံအစရှိသည် အကြောင်းရှိကုန် သည်။ န ဟောန္တိ ယထာ၊ မဖြစ်ကုန်သကဲ့သို့။

၆၀၃။ ဝေမေဝ စ၊ ဤအတူရင်းလျှင်။ ဝိညာဏံ၊ ပဋိသန္ဓေဝိညာဉ်ကို။ ဝိဘာဝိနာ၊ ပညာရှိသည်။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

သန္တာနဗန္ဓတော၊ သန္တာန်စပ်သောအားဖြင့်။ ဧကတာ ဝါပိ၊ တပေါင်း တည်း၏အဖြစ်သည်ရင်း။ နာနတာ ဝါပိ၊ အသီးအသီး၏ အဖြစ်သည်ရင်း။ နတ္ထိ၊ မရှိ။

ကေတ္တနည်း[၁] ယူရာ၌အပြစ် ၆၀၄။ သန္တာနဗန္ဓေ၊ သန္တာန်စပ်သည်။ သတိ၊ ရှိသော်။ ဧကန္တေန၊ စင်စစ် သဖြင့်။ ဧကတာ၊ တပေါင်းတည်း၏ အဖြစ်သည်။ သိယာ၊ဖြစ်ငြားအံ့။ ခီရတော၊ ယိုခြင်းသဘောရှိသော နို့ရည်မှ။ သမ္ဘူတံ၊ ဖြစ်သော။ ဒဓိ၊ ခဲခြင်းသဘောရှိသော နို့မမ်းသည်။ ကဒါစိပိ၊ တရံတဆစ်သော ကာလ၌ လည်း။ န ဘဝေယျ၊ မဖြစ်ရာ။

နာနတ္တနည်း[၂] ယူရာ၌အပြစ် ၆၀၅။ အထာပိ = အပရော နယော၊ နည်းတပါးကို။ ဝုစ္စတေ၊ ဆိုအံ့။ သန္တာနဗန္ဓေ၊ သန္တာန်စပ်သည်။ သတိ၊ ရှိလျက်။ သာ ဧကန္တနာနတာ၊ ထိုစင်စစ် အသီးအသီး၏ အဖြစ်သည်။ စေ ဘဝေယျ၊ အကယ်၍ဖြစ်အံ့။ ခီရဿာမိ၊ နို့ရည်၏အရှင်ဖြစ်သော။ သော နရော၊ ထိုပုဂ္ဂိုလ်သည်။ ဒဓိဿာမိ၊ နို့မမ်း၏အရှင်သည်။ နေဝ ဘဝေယျ၊ မဖြစ်ရာ။

---

အတိတ်ဘဝဟောင်းက ဝိညာဉ်လည်းမဟုတ်၊ အတိတ်ဘဝဟောင်းက ကံ အဝိဇ္ဇာ သင်္ခါရ တဏှာစသော အကြောင်းနှင့် ကင်း၍လည်း မဖြစ်နိုင်-ဟု ဆိုလိုသည်။)

၁။ ကေတ္တနည်း=သန္တာန်အစဉ်မပြတ် တစပ်တည်း တဆက်တည်းဟု သိရသောနည်း။

၂။ နာနတ္တနည်း=သန္တာန်အစဉ်မပြတ် တစပ်တည်း တဆက်တည်း ဖြစ်သော်လည်း မရဏာသန္နဇော, စုတိ, ပဋိသန္ဓေဝိညာဉ်တို့ သဘောလက္ခဏာချင်း မတူကွဲပြား ခြားနား ကြသည်ဟု သိရသောနည်း။

၆၀၆။ တသ္မာ၊ ထိုသို့လောကဝေါဟာရ၏ ပြတ်ခြင်းကြောင့်။ ဧတ္ထ၊ ဤပဋိသန္ဓေအစဉ်ကို ဆုံးဖြတ်ရာ၌။ ဧကန္တ ဧကတာပိ ဝါ၊ စင်စစ် တပေါင်းတည်း၏အဖြစ်ကိုဇင်း။ ဧကန္တ နာနတာပိ ဝါ၊ စင်စစ် အသီးအသီး၏အဖြစ်ကိုဇင်း။ သမယညုနာ၊ အယူကိုသိသော။ ဝိညုနာ၊ ပညာရှိသည်။ န စေဝ ဥပဂန္တဗ္ဗာ၊ မသိအပ်[၁]။

၆၀၇။ တဿ ဝိညာဏဿ၊ ထိုပဋိသန္ဓေဝိညာဉ်၏။ ဧဝံ၊ ဤဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့်။ အသင်္ကန္တိ ပါတုဘာဝေ၊ ပြောင်း၍ထင်ရှားဖြစ်ခြင်းကင်းသည်။ ဝါ၊ မပြောင်းမူ၍ ထင်ရှားဖြစ်သည်။ သတိ၊ ရှိသော်။ ဣမသ္မိံ မနုဿတ္တဘာဝေ၊ ဤလူ၏အတ္တဘော၌။ ယေ ခန္ဓာဘိသမ္ဘဝါ၊ အကြင်ဖြစ်ကုန်သော ခန္ဓာတို့သည်။ ဝါ၊ အကြင် ကံ၏တည်ရာဖြစ်ကုန်သော ခန္ဓာတို့သည်၊ သန္တိ၊ ရှိကုန်၏။

၆၀၈။ တေသံ ခန္ဓာဘိသမ္ဘဝါနံ၊ ထိုဖြစ်ကုန်သော ခန္ဓာတို့၏။ ဝါ၊ ထိုကံ၏တည်ရာဖြစ်ကုန်သော ခန္ဓာတို့၏။ ဣဓ နိရုဒ္ဓတ္တာ စ၊ ဤလောကမှ တပါးသော လောကသို့ မသွားမူ၍ ဤလောက၌သာ ချုပ်သည်၏အဖြစ်ကြောင့်ဇင်း။ ဣဓ၊ ဤလောက၌။ ကတဿ၊ ပြုအပ်သော။ ဖလဟေတုနော၊ အကျိုး၏အကြောင်းဖြစ်သော။ တဿ ကမ္မဿ၊ ထိုကံ၏။ ပရတ္ထ၊ တပါးသော လောကသို့။ အဂမနတော စေဝ၊ မသွားခြင်းကြောင့်ဇင်း။

၆၀၉။ အညဿ စ၊ကံကိုပြုသောသူမှ တပါးသော သတ္တဝါအားလည်း။ တံ ဖလံ၊ ထိုအကျိုးသည်။ သိယာ၊ ဖြစ်ရာ၏။ အညတော ကမ္မတော စေဝ၊ ဖြစ်သောကံမှ တပါးသောကံကြောင့်လည်း။ တံ ဖလံ၊ ထိုအကျိုးသည်။ သိယာ၊ ဖြစ်ရာ၏။ တသ္မာ၊ ထို့ကြောင့်။ သဗ္ဗမေဝ စ၊ အလုံးစုံသာလျှင်ဖြစ်သော။ ဧတံ ဝိဓာနံ၊ ဤဆိုအပ်သော အစီအရင်သည်။ ဝါ၊ ဤလောကမှ တပါးသော လောကသို့ သွားတတ်သောသူမရှိ, တပါးသောလောက၌ တပါးသော ခန္ဓာတို့သည် ဖြစ်ကုန်၏ဟု ဆိုအပ်သော ဤအစီအရင်သည်။ န သုန္ဒရံ နနု၊ မကောင်းသည် မဟုတ်လော။ [နနု သိယာတိ ဝါ သမ္ဗန္ဓော]

---

၁။ ဤအရာ၌ ဧကန္တဧကတာ ပဋိသေဓဖြင့် သဃံ ကတံ သုခံ ဒုက္ခံ ဟူသော အယူကို မြစ်သည်။ ဧကန္တနာနတာ ပဋိသေဓဖြင့် ပရံ ကတံ သုခံ ဒုက္ခံ ဟူသော အယူကို မြစ်သည်။

ဣတိ၊ သို့။ ဝုတ္တ၊ ဤအရာ၌။ စောဒကော၊ စောဒကသည်။ အာဟ၊ ဆို၏။

၆၁၀။ သန္တာနေ၊ တခုသော ကံဖြစ်ရာ တရားအစု၏ သန္တာန်၌။ ဝတ္တ-မာနံ၊ ဖြစ်သော။ ယံ ဖလံ၊ အကြင်အကျိုးသည်။ ဟောတိ၊ ဖြစ်၏။ တံ ဖလံ၊ ဤအကျိုးသည်။ အညဿ စ၊ တပါးသော သူအားလည်း။ န ဟောတိ၊ မဖြစ်။ အညတော စ၊ တပါးသော ကံကြောင့်လည်း။ န ဟောတိ၊ မဖြစ်။

ဗီဇာနံ၊ သရက်စေ့ ရှောက်စေ့ အစရှိသည်တို့ကို။ အဘိသင်္ခါရော၊ ပျားရည်,စတုမဓူ, ချိပ်ရည်အစရှိသည်တို့ဖြင့် ထုံခြင်း ပြုပြင်စီရင်ခြင်းသည်။ ဧတဿတ္ထဿ၊ ဤအနက်ကို။ ဝါ၊ အကြောင်းအကျိုးတို့၏ သဘောအားဖြင့် တပါးဖြစ်သော်လည်း အကြောင်းအကျိုး၏ အဖြစ်ဖြင့် စပ်သည်၏ အဖြစ်ကြောင့် ထိုအကျိုးသည် တပါးသော သတ္တဝါအားဖြစ်၏,တပါးသော ကံကြောင့် ဖြစ်၏ဟု မဆိုအပ်ဟူသော ဤအနက်ကို။ သာဓကော၊ ပြီးစေတတ်သည်။ ဟောတိ၊ ဖြစ်၏။

၆၁၁။ ကေသုိ ° သန္တာနေ ¹၊ တခုသော ကံဖြစ်ရာတရားအစု၏ သန္တာန်၌။ ဝတ္တမာနံ၊ ဖြစ်သော။ ဖလံ၊ အကျိုးသည်။ အညဿပိ ဝါ၊ တပါးသော သတ္တဝါအားလည်း။ နေဝ ဟောတိ၊ မဖြစ်။ တံ ဖလံ၊ ထိုအကျိုးသည်။ အညတော ဝါ၊ တပါးသော ကံကြောင့်လည်း။ န ဟောတိ၊ မဖြစ်။

၆၁၂။ ဗီဇာနံ၊ သရက်စေ့,ရှောက်စေ့ အစရှိသည်တို့ကို။အဘိသင်္ခါရော၊ ပျားရည်,စတုမဓူ,ချိပ်ရည် အစရှိသည်တို့ဖြင့် ထုံခြင်း ပြုပြင်စီရင်ခြင်းသည်။ ဧတဿတ္ထဿ၊ ဤအနက်ကို။ ဝါ၊ အကြောင်းအကျိုးတို့၏ သဘောအားဖြင့် တပါးဖြစ်သော်လည်း အကြောင်းအကျိုး၏အဖြစ်ဖြင့် စပ်သည်၏ အဖြစ်ကြောင့် ထိုအကျိုးသည် တပါးသော သတ္တဝါအား ဖြစ်၏, တပါးသော ကံကြောင့် ဖြစ်၏ဟု မဆိုအပ်ဟူသော ဤအနက်ကို။ သာဓကော၊ ပြီးစေတတ်သည်။ ဟောတိ၊ ဖြစ်၏။

---

၁။ သန္တာနေ။ပ။သာဓကော ဟူ၍ သင်္ခေပအားဖြင့် ဆိုအပ်သော အနက်ကို ပြခြင်းငှါ ကေသုိ ° ပန သန္တာနေ အစရှိသည်ကို မိန့်။

ဗီဇာနံ၊ သရက်စေ့, ရှောက်စေ့ အစရှိသည်တို့ကို။ မဓုအာဒိနာ၊ ပျားရည်အစရှိသည်ဖြင့်။ အဘိသင်္ခါရေ၊ ထုံခြင်း ပြုပြင်စီရင်ခြင်းကို။ ကတေ၊ ပြုသည်ရှိသော်။

၆၁၃။ တဿ ဗီဇဿ၊ ထိုထုံအပ်သောအစေ့၏။ သန္တာနေ၊ သန္တာန်၌။ ပဋမံ၊ ချိုသည်၏အဖြစ်သို့ ရောက်သည်မှ ရှေးဦးစွာလျှင်။ လဒ္ဓပစ္စယော၊ ပျားအစရှိသော ရအပ်သော အကြောင်းရှိသော။ တဿ ဗီဇဿ၊ ထိုထုံအပ်သော အစေ့၏။ ကာလန္တရေ၊ အသီးသီးသော ကာလ၌။ ဖလရသော၊ အသီးအရသာသည်။ မဓုရော၊ ချိုသည်။ ဟောတိ၊ ဖြစ်၏။

၆၁၄။ ဟိ=သစ္စံ၊မှန်၏။ တာနိ ဟိ=တာနိ ဧဝ ဗီဇာနိ၊ထိုထုံအပ်သော အစေ့တို့သည်ရင်း။ အဘိသင်္ခရဏမ္ပိ ဝါ၊ ထုံခြင်း ပြုပြင်စီရင်ခြင်းသည်ရင်း။ ဖလဋ္ဌာနံ၊ အသီးဖြစ်ရာအရပ်သို့။ န ပါပုဏန္တိ ယထာ၊ မရောက်ကုန်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ ဣဒမ္ပိ စ၊ ဤစကားကိုလည်း။ ဧဧ ယံ၊ သိအပ်၏[၁]။

၆၁၅။ အပိ စ၊ တနည်းကား။ ဗာလကာလေ၊ သူငယ်၏ကိုယ်၌။ ပယုတ္တေန၊ ယှဉ်အပ်သော။ ဝုဒ္ဓကာလသ္မိံ၊ ကြီးသောကာလ၌။ ဖလဒါ-ယိနာ၊ အကျိုးပေးလေ့ရှိသော။ ဝိဇ္ဇာသိပ္ပေါသဓာဒိနာ၊ အတတ်ပညာ သင်ခြင်း,ဆေးကို ယှဉ်ခြင်းအစရှိသည်ဖြင့်။ အယံ အတ္ထော၊ ဤအနက်ကို။ ဒီပေတဗ္ဗော၊ ပြအပ်၏။

၆၁၆။ ဧဝံ သန္တေပိ၊ ဤသို့ဖြစ်သော်လည်း။ ဝါ၊ ဤသို့မပြောင်းမူ၍ ထင်ရှားဖြစ်သည်ရှိသော်လည်း။ ဝါ၊ ထိုမပြောင်းမူ၍ ထင်ရှားဖြစ်ခြင်း၌ ဆိုအပ်သောအပြစ်ကို ပယ်ခြင်းပြီးသော်လည်း။ တံ ကမ္မံ၊ ထိုကံသည်။ ဝိဇ္ဇမာနမ္ပိ ဝါ၊ ရှိသည်ဖြစ်၍လည်း။ ဝါ၊ ဆီမီး၏ ဆီမီးစာ, ဆီကဲ့သို့ရှိသည် မချုပ်သည် ဖြစ်၍လည်း။ ဖလဿ၊ အကျိုး၏။ ပစ္စယော၊ အကြောင်း သည်။ ဟောတိ၊ ဖြစ်သလော။ အထ ဝါ၊ ထိုသို့မဟုတ်မူကား။ အဝိဇ္ဇ-

---

၁။ ဤအရာ၌ အဘိသင်္ခတံ ဗီဇံ ကဲ့သို့ ကံရှိသော သတ္တဝါကို သိအပ်၏၊ အဘိသင်္ခါရ ကဲ့သို့ ကံကို သိအပ်၏၊ မျိုးစေ့၏ အညွန့် အစရှိသော အစဉ်ကဲ့သို့ ပဋိသန္ဓေဝိညာဉ် အစ ရှိသော အစဉ်ကို သိအပ်၏၊ ထိုအသီး၌ ဖြစ်သော ချိုသောအရသာ၏ရင်း၊ ရှောက်သီးခွံ၌ နီသော အဆင်း၏ရင်း ထိုမျိုးစေ့အားသာ ထိုအဘိသင်္ခါရကြောင့်သာ ဖြစ်ခြင်းကဲ့သို့ ကံကို ပြုသော သတ္တဝါအားသာရင်း၊ ထိုအဘိသင်္ခါရကြောင့်သာရင်း ဖြစ်ခြင်းကိုသိအပ်၏၊ (ယင်းဋီကာသစ်၊ဒု၊နှာ-၁၀၂။)

မာနကံ ဝါ၊ မရှိသည်ဖြစ်၍လည်း။ ဝါ၊ ဝဋ္ဋဒုက္ခမရှိသော ရဟန္တာ၏ စုတိစိတ်ကဲ့သို့ မရှိသည် ချုပ်သည်ဖြစ်၍လည်း။ ပစ္စယော၊ အကြောင်းသည်။ ဟောတိ၊ဖြစ်သလော။

၆၁၇။ ဝိဇ္ဇမာနံ၊ ရှိသည် မချုပ်သည်ဖြစ်၍။ ပစ္စယော၊ အကြောင်းသည်။ သစေ ဟောတိ၊ အကယ်၍ဖြစ်အံ့။ တပ္ပစ္စယက္ခဏေ ပန၊ ထိုကံ ဖြစ်သောခဏ၌သာလျှင်။ ဟေတုနာ၊ အကြောင်းဖြစ်သောကံနှင့်။ သဒ္ဓိ-မေဝ စ၊ တကွသာလျှင်။ ဝိပါကေန၊ အကျိုးသည်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။

၆၁၈။ အထ ဝါ=အပရော နယော၊ နည်းတပါးကို။ ဝုစ္စတေ၊ ဆိုအံ့။ အဝိဇ္ဇမာနံ၊ ဖြစ်သည်မှ ရှေး၌ ထင်ရှားရှိသည်၏အဖြစ်သို့ မရောက်သော။ နိရုဒ္ဓံ၊ ခဏတ္တယသို့ ရောက်၍ချုပ်သော။ တံ ကမ္မံ၊ ထိုကံသည်။ ပစ္စယော၊ အကြောင်းသည်။ ဘဝေ၊ ဖြစ်ငြားအံ့။ ပဝတ္တိက္ခဏတော၊ ကံကိုအားထုတ် သော ခဏမှ။ ပုဗ္ဗေ စ၊ ရှေး၌ဧရင်း။ ပစ္ဆာ စ၊ အကျိုးဖြစ်သည်မှ နောက်၌ဧရင်း။ နိစ္စဖလံ၊ မြဲသော အကျိုးရှိသည်။ သိယာ၊ ဖြစ်ရာ၏။ ဣတိ အယံ၊ ဤသည်လျှင်။ စောဒနာ၊ စောဒနာတည်း။

ဝုစ္စတေ၊ အဖြေကို ဆိုအံ့။

၆၁၉။ ကတတ္တာ၊ ပြုအပ်ပြီးသည်၏ အဖြစ်ကြောင့်သာလျှင်။ ကမ္မံ၊ ကံသည်။ ပစ္စယော၊ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ နိစ္စဖလံ၊ မြဲသောအကျိုးရှိသည်။ န စ ဟောတိ၊ မဖြစ်။ ပါဋိဘောဂါဒိကံ[1]၊ အဘိုးကို ခံတမ်းခြင်း(အဘိုးအစားပြန်ပေးမည်ဟု ဂတိ တာဝန်ခံခြင်း) အစရှိသော ကြိယာတည်းဟူသော။ နိဒဿနံ၊ ဥပမာကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

၆၂၀။ ကတတ္တာယေဝ၊ ပြုအပ်ပြီးသည်၏ အဖြစ်ကြောင့်သာလျှင်။ တံ ကမ္မံ၊ ထိုကံသည်။ ဖလဿ၊ အကျိုး၏။ ပစ္စယော၊ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။ အဿ ကမ္မဿ၊ ထိုကံ၏။ ဝိဇ္ဇမာနတ္တံ စ၊ ရှိသည်၏အဖြစ်

---

၁။ ပြုအပ်ပြီးသည်၏ အဖြစ်ကြောင့်သာ အကြောင်း အကယ်၍ ဖြစ်အံ့၊ အမြဲ အကျိုး ပေးခြင်း၌ အဘယ်တားမြစ်ခြင်း ရှိသနည်း ဟူသော အမေးကို ဖြေခြင်းငှါ ပဋိဘောဂါဒိကံ အစရှိသည်ကိုမိန့်၊ အာဒိသဒ္ဒါဖြင့် နောက်မှ အဘိုးကို ပေးအံ့ဟု ဘဏ္ဍာကို ယူခြင်း, မြီယူခြင်း ကို သင်္ဂြိုဟ်။

သည်လည်း။ န ဟောတိ၊ မဖြစ်။ တဿ ကမ္မဿ၊ ထိုကံ၏။ အဝိဇ္ဇမာနတာ ဝါ၊ မရှိသည်အဖြစ်သည်လည်း။ န ဟောတိ၊ မဖြစ်။

၆၂၁။ ပရမတ္ထပ္ပကာသနေ၊ မြတ်သောအနက်ကို ပြတတ်သော။ သောတူနံ၊ နာသောသူတို့၏။ ပီတိဗုဒ္ဓိဝိဝဍ္ဍနေ၊ ပီတိဉာဏ်ကို ပွါးစေတတ်သော။ ဝါ၊ ပီတိနှင့်ယှဉ်သော ဉာဏ်ကို ပွါးစေတတ်သော။ အယံ အဘိဓမ္မာဝတာရေ၊ ဤအဘိဓမ္မာဝတာရကျမ်းကို။ ပဏ္ဍိတေဟိ၊ ပညာရှိတို့သည်။ သောတဗ္ဗော ပန၊ နာအပ်သည်သာလျှင်ကတည်း။

အဘိဓမ္မာဝတာရေ၊ အဘိဓမ္မာဝတာရကျမ်း၌။ ပုညဝိပါကပစ္စယနိဒ္ဒေသော နာမ၊ ပုညဝိပါကပစ္စယနိဒ္ဒေသမည်သော။ နဝမော၊ ကိုးခုတို့၏ ပြည့်ကြောင်းဖြစ်သော။ ပရိစ္ဆေဒေါ၊ အပိုင်းသည်။ ဣတိ=သမတ္တော၊ ဤတွင် ပြီးပြီ။

ပုညဝိပါကပစ္စယနိဒ္ဒေသ ပြီး၏။

# ၁၀-ဒသမပရိစ္ဆေဒ

## ၁၀-ရူပဝိဘာဂ

၆၂၂။ အာဒိမှိ၊ အစဖြစ်သော ဥဒ္ဒေသဂါထာ၌။ စိတ္တဇာနံ၊ စိတ် စေတသိက်တို့၏။ အနန္တရံ၊ အခြားမဲ့၌။ ယံ ရူပံ၊ အကြင်ရုပ်ကို။ ဝုတ္တံ၊ ဆိုအပ်ပြီ။ ဒါနိ=ဣဒါနိ၊ ယခုအခါ၌။ ဝါ၊ စိတ္တ, စေတသိကဘာဝနန၏ အခြားမဲ့ဖြစ်သော ဤအခါ၌။ တဿ ရူပဿ၊ ထိုရုပ်ကို။ ဝိဘာဝနံ၊ နိဒ္ဒေသ, ပဋိနိဒ္ဒေသတို့၏ အစွမ်းဖြင့် သရုပ်အားဖြင့် ပြခြင်းကို။ သမာသေန၊ အကျဉ်းအားဖြင့်။ ကရိဿာမိ၊ ပြုအံ့။

ရုပ်မည်ပုံ ၆၂၃။ ယံ ဓမ္မဇာတံ၊ အကြင်တရားသဘောသည်။ ရုပ္ပတိ၊ သီတ ဥဏှစသည်တို့ကြောင့် ဖောက်ပြန်ခြင်းသို့ရောက် တတ်၏။ ဝါ၊ သီတ ဥဏှအစရှိသည်တို့သည် ဖောက်ပြန်ခြင်းသို့ ရောက်စေ အပ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံ ဓမ္မဇာတံ၊ ထိုတရားသဘောသည်။ ရူပံ၊ ရုပ်မည်၏။

ဝါ၊ တနည်းကား။ ယံ ဓမ္မဇာတံ၊ အကြင်တရားသဘောသည်။ ရူပယတိ၊ မိမိထင်ရှားရှိလျက် မိမိသန္တာန်ကို ဖောက်ပြန်ခြင်းသို့ ရောက်စေ တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံ ဓမ္မဇာတံ၊ ထိုတရားသဘောသည်။ တထာ၊ ထို့အတူ။ ရူပံ၊ ရုပ်မည်၏[၁]။

ဣတိ၊ ဤသို့။ ရူပါရူပဘာဝါတီတော၊ ရူပဘာဝ အရူပဘာဝကို လွန်တော်မူ ပြီးသော။ သုရူပေါ၊ သုံးဆဲ့နှစ်ပါးသော မဟာပုရိသလက္ခဏာတော်ကြီး, ရှစ်ဆယ်သော လက္ခဏာတော်ငယ်, တလံသောအရောင်တော်၊ မှန်ကင်းဝန်း အစရှိသည်တို့ဖြင့် တန်းဆာဆင်အပ်သည်၏အဖြစ်ကြောင့် တင့်တယ်သော

---

၁။ ရှေ့ဝိဂ္ဂဟ်ဖြင့် ဝိကာရရုပ္ပတ္တိ (ရှေ့ရုပ်အစဉ်နှင့် မတူ ကွဲပြား ခြားနားသော နောက်ရုပ်အစဉ်၏ ဖြစ်ခြင်း)သည် ရုပ္ပန ဟု ပြသည်။

ဤ နောက်ဝိဂ္ဂဟ်ဖြင့် ဝိရောဓိပစ္စယ သန္နိပါတ (သီတ-ဥဏှစသော ဆန့်ကျင်ဘက် အကြောင်း အစုအဝေး)ကြောင့် ထင်ရှားရှိသော ရုပ်၏သာ မိမိသန္တာန်၌ ဝိသဒိသုပ္ပတ္တိ ဟေတုဘာဝ (ရှေ့ရုပ်အစဉ်နှင့်မတူသော နောက်ရုပ်အစဉ်ဖြစ်ခြင်း၏ အကြောင်းအဖြစ်) သည် ရုပ္ပန ဟုပြသည်။

ရူပကာယရှိတော်မူသော မြတ်စွာဘုရားသည်။ ဝါ၊ တင့်တယ်သော သဘော ရှိတော်မူသော မြတ်စွာဘုရားသည်။ ရူပံ၊ ရုပ်ကို။ အဗြဝိ၊ ဟောတော်မူပြီ [၁]။

**ရုပ် ၂-မျိုး** ၆၂၄။ တံ ရူပံ၊ ထိုရုပ်သည်။ ဘူတောပါဒါယဘေဒတော၊ ဘူတရုပ် ဥပါဒါရုပ်တို့၏အစွမ်းအားဖြင့် ပြားခြင်းကြောင့်။ ဝါ၊ မဟာဘုတ်ရုပ် ဥပါဒါရုပ်တို့၏ အစွမ်းအားဖြင့် ပြားခြင်းကြောင့်။ ဒုဝိဓံ၊ နှစ်ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏ [၂]။

**မဟာဘုတ်။** ။မဟာဘူတာ၊ မဟာဘုတ်တို့သည်။ စတုဗ္ဗိဓာ၊ လေးပါး အပြားရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**ဥပါဒါရုပ်။** ။ဥပါဒါ=ဥပါဒါယရူပါနိ၊ ဥပါဒါရုပ်တို့သည်။ စတုဝီသတိ၊ နှစ်ဆဲ့လေးပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ [ပဋိသမ္ဘိဒါ-ယောနိသော စသည်ကဲ့သို့ ယ-ကာရလောပ]

**မဟာဘုတ် ၄-ပါး** ၆၂၅။ ပထဝီဓာတု စ [၃]၊ ပထဝီဓာတ်ရင်း။ အာပေါ စ၊ အာပေါဓာတ်ရင်း။ တေဇော စ၊ တေဇောဓာတ်ရင်း။ တထေဝ စ၊ ထိုမှတပါးလည်း။ ဝါယော စ၊ ဝါယောဓာတ်ရင်း။ ဣမေ စတ္တာရော၊ဤလေးပါးတို့သည်။ မဟာဘူတာ၊မဟာဘုတ်မည်ကုန်၏။

---

၁။ နောက်နည်း၌ (သုရူပေါ်၌) ရူပသဒ္ဒါသည် ယံ လောကေ ပိယရူပံ သာတရူပံ အစရှိသည်တို့၌ ကဲ့သို့ သဘာဝတ္ထတည်း။

ထိုရူပသဒ္ဒါဖြင့် ဒသဗလ, စတုဝေသာရဇ္ဇ အစရှိသော အသာဓာရဏ ဂုဏ်အထူးနှင့် ယှဉ်ခြင်းကို ပြခြင်းကြောင့် မြတ်စွာဘုရား၏ ဓမ္မကာယသမ္ပတ္တိဖြင့်လည်း သောဘဏ အဖြစ်ကို ပြသည်။ (ယင်းဋီကာသစ်၊ဒု၊နှာ ၁၀၆၊၁၀၇။)

၂။ တဒမိနုဝတ္တိတာယ ဘဝတိ ဧတ္ထ ဥပါဒါရူပန္တိ ဘူတံ။

နောက်နည်း၌ မဟာဘုတ်တို့ကိုပင် ဤအရာ၌ ပုရိမပဒလောပ ဘူတသဒ္ဒါဖြင့် မိန့်သည်။ (မဟာဘူတောပါဒါယဘေဒတော-ဟု ဆိုအပ်လျက် မဟာဟူသောရှေ့ပုဒ်ကိုချေ၍ ဘူတောပါဒါယဘေဒတော-ဟု ဆိုသည်၊ ယင်းဘူတ-သဒ္ဒါဖြင့် မဟာဘုတ် ၄-ပါးတို့ကို ဟောသည်ဟု ဆိုလိုသည်။)

၃။ မဟာဘုတ်လေးပါးတို့သည် အဘယ်တို့နည်း၊ အဘယ့်ကြောင့် ထိုရုပ်တို့သည် မဟာဘုတ် မည်ကုန်သနည်း၊ ဥပါဒါရုပ်တို့သည် အဘယ်တို့နည်း၊ အဘယ့်ကြောင့် ထိုရုပ်တို့ကို ဥပါဒါရုပ်ဟု ဆိုအပ်ကုန်သနည်း ဟူသော စောဒနာကို နှလုံးထား၍ အစဉ်အားဖြင့် ဖြေသော ဆရာသည် ပထဝီဓာတု စသည် မိန့်။

ဣတိ၊ ဤသို့။ မဟာဘူတေန [၁]၊ နတ်နှင့်တကွသော လောက၌ ကြီးသည်၏ အဖြစ်ဖြင့် ထင်ရှားဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ဝါ၊ ကြီးမြတ်သောသတ္တဝါ ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ဝါ၊ ကြီးမြတ်သော ခီဏာသဝဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ဒေသိတာ၊ ဟောတော်မူ အပ်ကုန်၏။

**မဟာဘုတ်မည်ပုံ**　၆၂၆။ မဟန္တာ၊ ကြီးကုန်သည်။ ဝါ၊ သဥပါဒိဏ္ဏက သန္တာန်, အနုပါဒိဏ္ဏကသန္တာန်၌ သသမ္ဘာရ ဓာတ်၏အစွမ်းအားဖြင့်ကြီးကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ ပါတုဘူတာ၊ ထင်ရှားဖြစ်ကုန်သည်တည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ မဟာဘူတာ၊ မဟာဘုတ်မည်ကုန်၏။ [မဟန္တာ ဟုတွာ ဘူတာ ဇာတာ နိဗ္ဗတ္တာတိ မဟာဘူတာ ပြု]

ဝါ၊ တနည်းကား။ မဟာဘူတသမာ[၂]၊ များစွာသော အံ့ဘွယ်သော အံ့ဘွယ်အထူး, များစွာ မဟုတ်မမှန်ခြင်း ရှိကုန်သော မျက်လှည့်သည်နှင့်တူသည်၏အဖြစ်, ဇာတ်အားဖြင့်သာလျှင် ကြီးသည်ဖြစ်၍ ဖြစ်ကုန်သော ဘီလူး အစရှိကုန်သော သူတို့နှင့်တူသည်၏ အဖြစ်ကြောင့်။ မဟာဘူတာ၊ မဟာဘုတ်မည်ကုန်၏။

ဝါ၊ တနည်းကား။ အဘူတေန ဝဉ္စကတ္တာ၊ မဟုတ်မမှန်သောအားဖြင့် လှည့်ပတ်တတ်သည်၏အဖြစ်ကြောင့်။ ဝါ၊ မဟုတ်မမှန်သော နှစ်လိုဘွယ်သော အဆင်းသဏ္ဌာန်အစရှိသည်ဖြင့် သတ္တဝါတို့ကို လှည့်ပတ်တတ်သော ဘီလူးအစရှိသည်တို့ကဲ့သို့ မိန်းမယောကျ်ားအစရှိသည်တို့၌ မဟုတ်မမှန်သော နှစ်လိုဘွယ်သော အဆင်းသဏ္ဌာန်အစရှိသည်ဖြင့် လူမိုက်တို့ကို

---

၁။ မဟာဘူတေနကို အနက် ၃-နည်း ပြန်ဆိုရာတွင် နောက်နှစ်နည်း၌—

ကာလော ဃသတိ ဘူတာနိ၊ သဗ္ဗာနေဝ သဟတ္တနာ။

ယော စ ကာလဃသော ဘူတော၊ သ ဘူတ ပစနိံ ပစိ။

အစရှိသည်တို့၌ ကဲ့သို့ မဟာဘူတေန၌ ဘူတသဒ္ဒါသည် သတ္တဝါအနက်,ခီဏာသဝအနက် တို့၌ ဖြစ်သည်။

၂။ မဟန္တာ ဘူတာ, မဟန္တာနိ အဗ္ဘုတာနိ ဝါ ဧတေသူတိ မဟာဘူတာ၊ မာယာကာ-ရာ။ ဇာတိဝသေန မဟန္တာ ဘူတာတိ ဝါ မဟာဘူတာ၊ ယက္ခာဒယော။ တေဟိ ဧတေ သမာတိ မဟာဘူတသမာ။

လှည့်ပတ်တတ်သည်၏အဖြစ်ကြောင့်။ မဟာဘူတာ၊ မဟာဘုတ်မည်ကုန်၏။ ဣတိ၊ ဤသို့။ သညိတာ၊ မှတ်အပ်ကုန်၏။ ဝါ၊ သမုတ်အပ်ကုန်၏[၁]။

ဥပါဒါရုပ် ၂၄-ပါး ၆၂၇။ စက္ခု စ၊ စက္ခုပသာဒရုပ်။ သောတဉ္စ၊ သောတပသာဒရုပ်။ ဃာနဉ္စ၊ ဃာနပသာဒရုပ်၊ ဇိဝှါ စ၊ ဇိဝှါပသာဒရုပ်။ ကာယော စ၊ ကာယပသာဒရုပ်။ ရူပတာ စ၊ ရူပါရုံရုပ်။ [ရူပမေဝ ရူပတာ] သဒ္ဒေါ စ၊ သဒ္ဒါရုံရုပ်။ ဂန္ဓော စ၊ ဂန္ဓာရုံရုပ်။ ရသော စ၊ ရသာရုံရုပ်။ ဣတ္ထိ ပုရိသိန္ဒြိယ ဇီဝိတဉ္စ၊ ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဇီဝိတိန္ဒြေရုပ်။

၆၂၈။ ဝတ္ထုံ စ၊ ဟဒယဝတ္ထုရုပ်။ အာဟာရတာ စ၊ ကဗဠီကာရ အာဟာရရုပ်။ ဒုဝေ၊ နှစ်ပါးကုန်သော။ ကာယဝစီဝိညတ္တိယော စ၊ ကာယ-ဝိညတ် ဝစီဝိညတ်တို့ရုပ်။ အာကာသော စေဝ၊ အာကာသဓာတ်ရုပ်။ ရူပဿ လဟုတာဒိတ္တယမ္ပိ စ၊ ရူပဿ လဟုတာ အစရှိသော သုံးခုတို့၏ အပေါင်းရုပ်[၂]။

၆၂၉။ ဥပစယော စ၊ ဥပစယရုပ်။ သန္တတိရူပံ ဇရတာ စ၊ ရူပဿ သန္တတိနှင့် ဇရတာရုပ်။ အနိစ္စတာပိ စ၊ ရူပဿအနိစ္စတာရုပ်။ ဣတိ၊ ဤသို့။ စတုဝီသတိ၊ နှစ်ဆဲ့လေးပါးကုန်သော။ ဣမာနိ၊ ဤရုပ်တို့ကို။ ဥပါဒါတိ၊ ဥပါဒါရုပ်တို့ဟူ၍။ ပဝုစ္စန္တိ၊ ဆိုအပ်ကုန်၏[၃]။

---

၁။ မဟန္တာနိ အဘူတာနိ ဒေဿတီတိ မဟာဘူတာ၊ (ယင်းဋီကာသစ်၊ဒုနှာ-၁၀၇-၉)
(ဓာတ်ကြီး ၄-ပါးတို့သည် ကြီးကျယ်သည်ဖြစ်၍ ထင်ရှားသောကြောင့်ရုပ်, မျက်လှည့်သမားနှင့် တူသောကြောင့်ရုပ်, ဘီလူးနှင့်တူသောကြောင့်ရုပ်, သတ္တဝါတို့ကို မဟုတ်မမှန် လှည့်ပတ်တတ်သောကြောင့်ရုပ် မဟာဘုတ်မည်ကုန်သည် ဟူလို။)

၂။ ဟဒယဉ္စ တံ ဝတ္ထုဉ္စ မနောဓာတုမနောဝိညာဏဓာတူနန္တိ ဟဒယဝတ္ထု၊ ဟဒယဿ ဝါ ဝိညာဏဿ ဝတ္ထူတိ ဟဒယဝတ္ထု၊ ပုရိမပဒလောပအားဖြင့် ဟဒယဟူသော ရှေ့ပုဒ် ကျေသောအားဖြင့် ဝတ္ထုံ မိန့်သည်။

ကဗဠီကာရော အာဟာရောယေဝ အာဟာရတာ။

ဓမ္မသင်္ဂဏီရူပနိဒ္ဒေသ၌ ကဗဠီကာရအာဟာရကို အဆုံး၌ပြအပ်သော်လည်း ဤ၌ နိပ္ဖန္နရုပ်တို့ကို တစုတည်း ပြခြင်းငှါ ဟဒယဒတ္ထု၏ အနန္တရ(အခြားမဲ့)၌ ပြသည်။

လဟုတာဒိတ္တယံ၌ အာဒိသဒ္ဒါဖြင့် မုဒုတာ, ကမ္မညတာတို့ကို သင်္ဂြိုဟ်။

လဟုတာ အစရှိသည်တို့၏ မိမိအနိပ္ဖန္နရုပ်ဖြစ်သည်၏ အဖြစ်ကြောင့် နိပ္ဖန္နရူပဝိကာရ (နိပ္ဖန္နရုပ်တို့၏ဖောက်ပြန်သော)အဖြစ်ကို ပြခြင်းငှါ ရူပဿဟု ဝိသေသန ပြုသည်။

၃။ စတုဝီသတိ ဟူသော ဂဏနပရိစ္ဆေဒသည် ဗလရုပ် အစရှိသည်တို့ကို မြစ်ခြင်း အကျိုး ရှိ၏။

ဥပါဒါရုပ်မည်ပုံ ၆၃၀။ မဟာဘူတာနိ၊ မဟာဘုတ်တို့ကို။ နိဿာယ၊ မှီ၍သာလျှင်။ အမုဥ္စိတွာ၊ မလွှတ်မူ၍။ ပဝတ္တိတော၊ ဖြစ်ခြင်းကြောင့်။ ဥပါဒါရူပံ ဣတိ၊ ဥပါဒါရုပ်ဟူ၍။ နိရုပါဒါနမာနသော[၁]၊ လေးပါးသော ဥပါဒါန်တို့မှ လွတ်မြောက်သော စိတ်ရှိတော်မူသော မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူပြီ။

ပထဝီ ၆၃၁။ ပတ္ထဋတ္တာ၊ ကြီးသည် ထူသည်၏ အဖြစ်ကြောင့်။ ပထဝီ၊ ပထဝီမည်၏[၂]။

ဝါယော။ ။ဝါယနတော၊ အရပ်တပါး၌ ဖြစ်ခြင်း၏ အကြောင်း၏ အဖြစ်ဖြင့် ဘုတ်အပေါင်းကို ရောက်စေတတ်သည်၏ အဖြစ်ကြောင့်။ ဝါယော၊ ဝါယောမည်သည်။ ဘဝေ၊ ဖြစ်၏။

တေဇော။ ။ရူပါနိ၊ ကြွင်းသော ဘုတ်သုံးပါးတည်းဟူသော ရုပ်တို့ကို။ တေဇေတိ၊ ရင့်စေတတ်၏။ ဝါ၊ ထက်သည်၏အဖြစ်ဖြင့် ဘုတ်သုံးပါးတို့၏အပေါင်းကို ပူစေတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တေဇော၊ တေဇောမည်၏[၂]။

အာပေါ။ ။ပါလနာ၊ စောင့်အပ်သောရုပ်ကို အဆုံးတိုင်အောင်။ အာပေတိ၊ နှံ့စေတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ အာပေါ၊ အာပေါမည်၏[၂]။

ဓမ္မဝဝတ္ထာန် ၄-ပါး ယူပုံယူနည်း ၆၃၂။ ဒါနိ=ဣဒါနိ၌။ တေသံ ရူပါနံ၊ ဆိုအပ်ကုန်ပြီးသော ဘူတရုပ်, ဥပါဒါရုပ် အပြားအားဖြင့် ပြားကုန်သော ရုပ်တို့၏။ လက္ခဏာဒိကံ၊ လက္ခဏာအစရှိသည်ကို။ ပဝက္ခာမိ၊ ဆိုအံ့။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ဟိ=ယသ္မာ၊ အကြင်ကြောင့်။ လက္ခဏာဒီသု[၃]၊ လက္ခဏာ

၁။ စတူဟိ ဥပါဒါနေဟိ နိမုတ္တတာယ နိက္ခန္တံ ဥပါဒါနတော မာနသံ တေဿာတိ နိရုပါဒါနမာနသော။ (ယင်းဋီကာသစ်၊ဒု၊နှာ-၁၁၁။)

၂။ ပုထဝီယေဝ ပထဝီဟု သဒ္ဒသိဒ္ဓိကို ပြသည်၊ ဂါထာဗန္ဓအစွမ်းဖြင့် ဣတိသဒ္ဒါကိုချေ၍ တေဇေတီသာ မိန့်သည်၊ အာပေတိ၌လည်း နည်းတူ။ (ယင်းဋီကာသစ်၊ဒု၊နှာ-၁၁၁။)

၃။ အဘယ့်ကြောင့်နည်း ဟူသော စောဒနာကို ဖြေခြင်းငှါ လက္ခဏာဒီသု အစရှိသည်ကိုမိန့်။ ဟိသဒ္ဒါ ဟေတုအတ္ထ။ (ယင်းဋီကာသစ်၊ဒု၊နှာ-၁၁၁။)

အစရှိသည်တို့ကို။ ဉာတေသု၊ သိအပ်ကုန်သည်ရှိသော်။ ဓမ္မာ၊ တရားတို့သည်။ အာဝိ ဘဝန္တိ၊ ထင်စွာဖြစ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ လက္ခဏာဒိကံ၊ လက္ခဏာအစရှိသည်ကို။ ပဝက္ခာမိ၊ ဆိုအံ့။

**လက္ခဏာ** ၆၃၃။ သာမညံ ဝါ[၁]၊ (နာမ်ရုပ်အားလုံး)ဆက်ဆံသောအနိစ္စအစရှိသော သဘောကိုင်း။ သဘာဝေါ ဝါ၊ ကက္ခဠ, ဖုသန အစရှိသော နာမ်ရုပ်အားလုံးနှင့် မဆက်ဆံသော မိမိ၏သီးခြားသဘောကိုင်း။ ဓမ္မာနံ၊ တရားတို့၏။ လက္ခဏံ၊ လက္ခဏာဟူ၍။ မတံ၊ သိအပ်၏။

**ရသ။** ။ကိစ္စံ ဝါ၊ သန္ဓာရဏ ဆောင်ရွက်ပြုလုပ်ခြင်း အစရှိသော ကိစ္စကိုင်း။ တဿ၊ ထိုကိစ္စ၏။ သမ္ပတ္တိ ဝါ၊ ပြည့်စုံခြင်းသဘောကိုင်း။ ရသောတိ၊ ရသဟူ၍။ ပရိဒီပိတော၊ ပြအပ်၏။

**ပစ္စုပဋ္ဌာန်** ၆၃၄။ ဖလံ ဝါ၊ သဟဇာတ နာနာက္ခဏိကတို့၏ အစွမ်းအားဖြင့်တည်သော အကျိုးသည်ကိုင်း။ ဥပဋ္ဌာန နယောပိ ဝါ၊ ယူအပ်သည်၏အဖြစ်ဖြင့် ဉာဏ်အားထင်သော အခြင်းအရာသည်ကိုင်း။ ပစ္စုပဋ္ဌာနံ၊ ပစ္စုပဋ္ဌာန်မည်၏။

**ပဒဋ္ဌာန်။** ။ယံ အာသန္နကာရဏံ တု၊ အကြင်ပြမ်းသော နီးသော အကြောင်းသည်။ အတ္ထိ၊ ရှိ၏။ တံ အာသန္နကာရဏံ၊ ထိုပြမ်းသော နီးသော အကြောင်းကို။ ပဒဋ္ဌာနသညိတံ၊ ပဒဋ္ဌာန်ဟူ၍ မှတ်အပ်၏။

**ပထဝီဓာတ်၏လက္ခဏာစသည်။** ။တတ္ထ၊ ထိုရုပ်တို့တွင်။ ပထဝီဓာတု၊ ပထဝီဓာတ်သည်။ ကက္ခဠတ္တလက္ခဏာ[၂]၊ ကြမ်းတမ်းသည်၏အဖြစ်တည်းဟူသော မှတ်ကြောင်းရှိ၏။ ဝါ၊ ကြမ်းတမ်းသည်ဖြစ်၍ မှတ်အပ်၏။ ပတိဋ္ဌာန ရသာ၊ သဟဇာတ်တရားတို့၏ တည်ရာ

---

၁။ ထိုလက္ခဏာ,ရသ, ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်တို့သည် အဘယ်တို့နည်း ဟူသော အမေးကို ဖြေခြင်းငါ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်တို့ကို သရုပ်အားဖြင့် ဆိုသည်ဖြစ်၍ သာမညံ ဝါ အစရှိသည်ကို မိန့်။

၂။ လက္ခီယတိ ဧတေနာတိ လက္ခဏံ၊ ကက္ခဠတ္တံ လက္ခဏမေတိဿာတိ ကက္ခဠတ္တလက္ခဏာ။ လက္ခီယတီတိ လက္ခဏံ၊ ကက္ခဠာ ဟုတ္ဝာ လက္ခီယမာနာ ဓာတု ကက္ခဠတ္တလက္ခဏာ။ (ဂုင်း ဋီသစ်၊ဒု၊နှာ-၁၁၂။)

အဖြစ်တည်းဟူသော ကိစ္စရှိ၏။ သမ္ပဋိစ္ဆန ပစ္စုပဋ္ဌာနာ၊ ခံသောအခြင်း အရာဖြင့် ထင်ခြင်းရှိ၏။

**အာပေါဓာတ်၏လက္ခဏာစသည်။** ။အာပေါဓာတု၊ အာပေါဓာတ်သည်။ ပဂ္ဃရဏ လက္ခဏာ၊ ယိုစီးသည်၏ အဖြစ်တည်းဟူသော မှတ်ကြောင်းရှိ၏။ ဝါ၊ ယိုစီးသည်ဖြစ်၍ မှတ်အပ်၏။ ဥပဗြူဟန ရသာ၊ သဟဇာတ်တရားတို့အား ညှိုးကျုံးသည်၏အဖြစ်သို့ ရောက်ခြင်းကို မပေးမူ၍ ပွါးစေခြင်းကိစ္စရှိ၏။ သင်္ဂဟ ပစ္စုပဋ္ဌာနာ၊ သဟ ဇာတ်တရားတို့အား ဖယိုဖရဲရှိသည်၏အဖြစ်ကို မပေးမူ၍ ပေါင်းသော အားဖြင့် ကောင်းစွာယူသော အခြင်းအရာဖြင့် ထင်ခြင်းရှိ၏။

**တေဇောဓာတ်၏လက္ခဏာစသည်။** ။တေဇောဓာတု၊ တေဇောဓာတ်သည်။ ဥဏှတ္တ လက္ခဏာ၊ ပူသည်၏ အဖြစ်တည်းဟူသော မှတ်ကြောင်းရှိ၏။ ဝါ၊ ပူသည်ဖြစ်၍ မှတ်အပ်၏။ ပရိ-ပါစန ရသာ၊ ရင့်သည်၏အဖြစ်ကိုပြုခြင်းကိစ္စရှိ၏။ မဒ္ဒဝါနုပ္ပဒါန ပစ္စုပဋ္ဌာ-နာ၊ သဟဇာတ်တရားတို့၏ နူးညံ့သည်၏အဖြစ်ကို ဖြစ်စေသော အခြင်း အရာရှိ၏။

**ဝါယောဓာတ်၏လက္ခဏာစသည်။** ။ဝါယောဓာတု၊ ဝါယောဓာတ်သည်။ ဝိတ္ထမ္ဘန လက္ခဏာ၊ ပြည့်သည်၏ အဖြစ်တည်းဟူသော မှတ်ကြောင်းရှိ၏။ ဝါ၊ ပြည့်သည်ဖြစ်၍ မှတ်အပ်၏။ သမုဒီရဏ ရသာ၊ တုန်လှုပ်ခြင်း ကိစ္စရှိ၏။ အဘိနီဟာရ ပစ္စုပဋ္ဌာနာ၊ ဘုတ်သုံးခုတို့၏ အပေါင်းကို အရပ်တပါး၌ ဖြစ်ခြင်း၏ အကြောင်း၏အဖြစ် ဖြင့် ဆောင်သော အခြင်းအရာဖြင့် ထင်ခြင်းရှိ၏။ ဝါ၊ မျိုးစေ့အစရှိသည်မှ အညွန့်အစရှိသည်ကိုကဲ့သို့ ထုတ်သော အခြင်းအရာဖြင့် ထင်ခြင်းရှိ၏။

**ဓာတ် ၄-ပါး၏ ပဒဋ္ဌာန်။** ။တွေ၊ ဤလေးပါးသော ဘုတ်တို့တွင်။ ဧကေကာ၊ တခုတခုသော ဘုတ်သည်။ သေသဘူတတ္တယ ပဒဋ္ဌာနာ၊ ကြွင်းသော ဘုတ်သုံးပါးတို့၏ အပေါင်းလျှင် နီးစွာသော အကြောင်းရှိ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

စက္ခုမည်ပုံ။ ။ယံ ဓမ္မဇာတံ၊ အကြင်တရားသဘောသည်။ စက္ခတိ၊ ဝိညာဉ်၏တည်ရာဖြစ်၍ ညီညွတ်သည် မညီညွတ်သည်ကို ကြားသကဲ့သို့ဖြစ်တတ်၏။ ဣတိ=တသ္မာ၊ ထို့ကြောင့်။ တံ ဓမ္မဇာတံ၊ ထိုတရားသဘောသည်။ စက္ခု၊ စက္ခုမည်၏။ ရူပံ၊ ရူပါရုံကို။ ဝိဘာဝေတိ၊ ပြတတ်၏။ ဣတိအယံ၊ ဤသည်လျှင်။ အတ္ထော၊ အနက်တည်း။ ဝါ-စက္ခတိ၊ ဝိညာဉ်၏တည်ရာဖြစ်၍ ရူပါရုံကို သာယာသကဲ့သို့ဖြစ်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ စက္ခု၊ စက္ခုမည်၏[၁]။

## စက္ခုအပြား

စက္ခု ၂-ပါး ၆၃၅။ တတ္ထ=တသ္မိံ နိဒ္ဒေသေ၊ ထိုစက္ခုနိဒ္ဒေသ၌။ စက္ခု၊ စက္ခုကို။ ပညာ မံသပ္ပဘေဒတော၊ ပညာစက္ခု, မံသစက္ခုဟူ၍ ပညာ, မံသတို့၏ ပြားခြင်းကြောင့်။ ဒွိဓာ၊ နှစ်ပါးအပြားတို့ဖြင့်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

ပညာစက္ခု ၅-ပါး။ ။တတ္ထ=တသ္မိံ ဒုဝိဓေ စက္ခုမှို၊ ထိုနှစ်ပါး အပြားရှိသောစက္ခုတွင်။ ပညာမယံစက္ခု၊ ပညာစက္ခုသည်။ ပဉ္စဝိဓံ၊ ငါးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏[၂]။

၆၃၆။ ဗုဒ္ဓဓမ္မသမန္တေဟိ[၃]၊ ဗုဒ္ဓစက္ခု, ဓမ္မစက္ခု, သမန္တစက္ခုဟု ဆိုအပ်ကုန်သော။ နာမတော=နာမေဟိ စ၊ အမည်တို့ဖြင့်ရင်း။ ဉာဏဒိဗ္ဗေဟိ၊ ဉာဏစက္ခု,ဒိဗ္ဗစက္ခုဟု ဆိုအပ်ကုန်သော။ နာမတော=နာမေဟိ စ၊ အမည်တို့ဖြင့်ရင်း။ ပဉ္စဝိဓံ၊ ငါးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ ယထာနုက္က-မတော၊ အကြင်အကြင်ဆိုအပ်ပြီးသော အစဉ်အားဖြင့်။ တေသံ၊ ထိုစက္ခု

---

၁။ ဤသို့ ဘူတရုပ်တို့၏ ဝစနတ္ထတို့နှင့် တကွ လက္ခဏာ အစရှိသည်တို့ကို ပြပြီး၍ ယခုအခါ ဥပါဒါရုပ်တို့၏ ဝစနတ္ထ အစရှိသည်တို့ကို ပြသည် ဖြစ်၍ စက္ခတိ အစရှိသည်ကိုမိန့်။

ဓာတ်တို့၏ အနေကတ္ထ ဖြစ်သည်၏ အဖြစ်ကြောင့် စက္ခတိ သဒ္ဒါ၏ ဝိဘာဝနတ္ထ အဖြစ်သည်လည်း ဖြစ်သင့်၏ ဟု နှလုံးပြု၍ ဝိဘာဝေတီတိ အတ္ထော မိန့်။

စက္ခတိ သဒ္ဒါသည် မဓုံ စက္ခတိ ဗျဉ္ဇနံ စက္ခတိ အစရှိသည်တို့၌ကဲ့သို့ အဿာဒတ္ထ။

၂။ စက္ခုရုပ်၏ နိဒ္ဒေသအရာ၌လည်း စက္ခုသဒ္ဒါ သာမညအားဖြင့် လာသော အလုံးစုံသော စက္ခုကို အပြားအားဖြင့် ပြခြင်းငှါ တတ္ထ စက္ခု အစရှိသည်ကို မိန့်။

၃။ အဘယ် အမည်တို့ဖြင့် ငါးပါး အပြားရှိသနည်း အမေးကို ဖြေခြင်းငှါ ဗုဒ္ဓဓမ္မ သမန္တေဟိ စသည်ကို မိန့်။

တို့၏။ နာနတ္တံ၊ အထူးကို။ မေ=မယှံ၊ ငါ၏။ သန္တိကာ၊ အထံမှ။ ဝါ-မေ=မယှံ၊ ငါ၏။ ဝစနတော၊ စကားမှ။ နိဗောဓထ၊ သိလင့်ကုန်။

ဗုဒ္ဓစက္ခု ၆၃၇။ အာသယာနုသယေ[၁]၊ သတ္တဝါတို့၏အာသယာနုသယ၌။ ပဝတ္တံ၊ ဖြစ်သော။ ဉာဏဒ္ဓယ၊ ဉာဏ်ကိုရင်း။ ဣန္ဒြိယာနံ၊ သဒ္ဓါလျှင် ငါးခုမြောက်ရှိကုန်သော ဣန္ဒြေတို့၏။ ပရောပရေ၊ ထက်သည်၏အဖြစ်, နုံ့သည်၏အဖြစ်၌။ ပဝတ္တံ၊ ဖြစ်သော။ ဉာဏဒ္ဓယ၊ ဉာဏ်ကိုရင်း။ ဗုဒ္ဓစက္ခုန္တိ၊ ဗုဒ္ဓစက္ခုဟူ၍။ လောကစက္ခုနာ၊ လူတို့၏ မျက်စိသဘွယ် ဖြစ်တော်မူသော။ မုနိနာ၊ မြတ်စွာဘုရားသည်။ နိဒ္ဒိဋ္ဌံ၊ ပြတော်မူအပ်၏။

ဓမ္မစက္ခု ၆၃၈။ ဟေဋ္ဌာမဂ္ဂတ္တယေ၊ အောက်မဂ်သုံးခုတို့၏ အပေါင်း၌။ ပဝတ္တံ၊ ဖြစ်သော။ ဉာဏံ၊ ဉာဏ်ကို။ ဓမ္မစက္ခုန္တိ၊ ဓမ္မစက္ခုဟူ၍။ သညိတံ၊ မှတ်အပ်၏။

သမန္တစက္ခု။ ။သဗ္ဗညုတာ ဉာဏံ၊ သဗ္ဗညုအဖြစ်ဟု ဆိုအပ်သောဉာဏ်ကို။ သမန္တစက္ခုန္တိ၊ ခန္ဓာအစရှိသည်တို့၏ အစွမ်းအားဖြင့် ထက်ဝန်းကျင် ခပ်သိမ်းသော အပြားအားဖြင့် မြင်တတ်သော အနက်ကြောင့် သမန္တစက္ခုဟူ၍။ ဥေယျံ၊ သိအပ်၏။

ဉာဏစက္ခု ၆၃၉။ ယံ ဉာဏံ၊ အကြင်ဉာဏ်သည်။ စက္ခုံ ဥဒပါဒီတိ၊ စက္ခုံ ဥဒပါဒိ ဟူ၍။ အာဂတံ၊ ထိုထိုပါဠိတို့၌ လာ၏။ တံ ဉာဏံ၊ ထိုဉာဏ်သည်။ ဉာဏစက္ခု၊ ဉာဏစက္ခုမည်၏။

ဒိဗ္ဗစက္ခု။ ။အဘိညာစိတ္တဇာ၊ အဘိညာဉ်စိတ်နှင့် ယှဉ်သော။ ပညာ၊ ပညာကို။ ဒိဗ္ဗစက္ခုန္တိ၊ ဒိဗ္ဗစက္ခုဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏[၂]။

---

၁။ ထိုငါးပါးသော စက္ခုတို့တွင် အဒ္ဒသံ ခေါ အဟံ ဘိက္ခဝေ ဗုဒ္ဓစက္ခုနာ လောကံ ဝေါလောကေန္တော သတ္တေ အပ္ပရဇက္ခေ မဟာရဇက္ခေ တိက္ခိန္ဒြိယေ စသည်ဖြင့် လာသော စက္ခုသည် ဗုဒ္ဓစက္ခု မည်၏ ဟု ပြ(လို)သည်ဖြစ်၍ **အာသယာနုသယေ** စသည်ကို မိန့်။

၂။ (ပညာစက္ခု ၅-ပါးတွင် ဗုဒ္ဓစက္ခု သမန္တစက္ခု ဉာဏစက္ခုတို့သည် ကာမ ဉာဏသမ္ပယုတ်စိတ်နှင့်ယှဉ်သော ကာမာဝစရဉာဏ်တို့သာ ဖြစ်သည်၊ ဓမ္မစက္ခုသည် အောက်မဂ်ဉာဏ် ၃-ပါးဖြစ်သည်၊ ဒိဗ္ဗစက္ခုသည် အဘိညာဉ်စိတ်နှင့်ယှဉ်သော ဉာဏ်ဖြစ်သည်။

အပရေဆရာတို့က မဂ်ဉာဏ်, ဝိပဿနာဉာဏ်သည် ဉာဏစက္ခုမည်သည်ဟုဆို၍ ဋီကာသစ်ဆရာက အရဟတ္တမဂ်ဉာဏ်, ဝိပဿနာဉာဏ်, ပစ္စဝေက္ခဏာဉာဏ်ကို ဉာဏစက္ခုဟု ဆိုသည်။ ရင်းဋီကာသစ်၊ဒု၊နှာ-၁၁၇။)

**မံသစက္ခု ၂-ပါး** ၆၄၀။ မံသစက္ခုပိ၊ မံသစက္ခုသည်လည်း။ သသမ္ဘာရ-ပသာဒတော၊ သသမ္ဘာရစက္ခု, ပသာဒစက္ခု နှစ်ပါးတို့၏အစွမ်းဖြင့်။ ဒုဝိဓံ၊ နှစ်ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏[၁]။

**သသမ္ဘာရစက္ခု။** ။ဧတ္ထ၊ ဤနှစ်ပါးသော သသမ္ဘာရစက္ခု, ပသာဒစက္ခု တို့တွင်။ သသမ္ဘာရဋ္ဌ နာမ၊ သသမ္ဘာရစက္ခုမည်သည်ကား။ အက္ခိကူပေ၊ မျက်တွင်း၌။ ပတိဋ္ဌိတံ၊ တည်၏။

၆၄၁။ ဟေဋ္ဌာ၊ အောက်၌။ အက္ခိကူပဋ္ဌိနာ၊ မျက်တွင်းရိုးဖြင့်။ (ပရိစ္ဆိန္နော၌စပ်) ဥဒ္ဓံ၊ မျက်တွင်းရိုးမှ အထက်၌။ ဘမုကဋ္ဌိနာ၊ မျက်မှောင်ရိုးဖြင့်။ ဥဘတော၊ မျက်တွင်း၏ နှစ်ဘက်အဘို့၌။ အက္ခိကူဋေဟိ၊ မျက်တောင်တို့ဖြင့်။ အန္တတော၊ မျက်တွင်း၏ အတွင်း၌။ ဌိတေန၊ တည်သော။ (ထည့်) မတ္ထလုင်္ဂေန၊ ဦးနှောက်ဖြင့်။

၆၄၂။ ဗဟိဒ္ဓါ၊ မျက်တွင်း၏ အပ၌။ အက္ခိလောမေဟိ၊ မျက်မွေးတို့ဖြင့်။ ပရိစ္ဆိန္နော၊ ပိုင်းခြားအပ်သော။ နှာရုသုတ္တေန၊ မျက်ကြောတည်းဟူသောကြိုးဖြင့်။ အာဗန္ဓော၊ ဦးနှောက်နှင့်ကောင်းစွာ ဖွဲ့အပ်သော။ ဝါ၊ တစပ်တည်း ဖွဲ့အပ်သော။ ယော ပန မံသပိဏ္ဍော၊ အကြင်အသားဆိုင် အသားစုသည်။ အတ္ထိ၊ ရှိ၏။ သော မံသပိဏ္ဍော၊ ထိုအသားဆိုင် အသားခဲကို။ ပဝုစ္စတိ၊ ဆိုအပ်၏။

၆၄၃။ သကလောပိ စ၊ အလုံးစုံလည်းဖြစ်သော။ အယံ လောကော၊ ဤမိုက်သော ပုထုဇဉ်အပေါင်းသည်။ ယံ မံသပိဏ္ဍံ၊ အကြင်အသားဆိုင်ကို။ ကမလဿ ဒလံ ဝိယ၊ ကြာပွင့်ချပ်ကဲ့သို့။ ပုထုလံ၊ ကြီးသော။ ဝိပုလံ၊ ပြန့်သော။ နီလံ၊ ညိုသော။ လောစနံ ဣတိ၊ မျက်စိဟူ၍။ ဇာနာတိ= ဂဏှာတိ၊ ယူ၏။

၆၄၄။ တံ၊ ထိုသို့ယူအပ်သော အသားဆိုင် အသားစုံသည်။ စက္ခု နာမ၊ စက္ခုမည်သည်။ န ဟောတိ၊ မဖြစ်။ တဿ=ယထာဝုတ္တဿ ပရမတ္ထစက္ခုနော၊ အကြင်အကြင် အလိုရှိအပ်သော ထိုပရမတ္ထစက္ခု၏။ ဝတ္ထု ဣတိ၊ တည်ရာ

---

၁။ ဤသို့ ပညာစက္ခု၏ အပြားကို ပြပြီး၍ တဖန် မံသစက္ခု၏ အပြားကို ပြခြင်းငှါ **မံသစက္ခုပိ** စသည်မိန့်။

ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏[၁]။ တွဒံ မံသပိဏ္ဍံ၊ ဤအသားဆိုင်ကို။ သသမ္ဘာရ-စက္ခုန္တိ၊ သသမ္ဘာရစက္ခုဟူ၍။ ပရိဒီပိတံ၊ ပြအပ်၏[၂]။

သမ္ဘာရရုပ် အကျဉ်း ၁၄-ပါး ၆၄၅။ ဝဏ္ဏော စ[၃]၊ ရူပါရုံရင်း။ ဂန္ဓော စ၊ ဂန္ဓာရုံရင်း။ ရသော စ၊ ရသာရုံရင်း။ ဩဇာ စ၊ ဩဇာရင်း။ စတဿော၊ လေးပါးကုန်သော။ ဓာတုယော ပိ စ၊ ပထဝီစသော ဓာတ်တို့ရင်း။ ဘာဝ သမ္ဘဝ သဏ္ဌာနံ စ၊ မိန်းမ၏ ဣတ္ထိဘော ယောကျ်ား၏ပုမ္ဘော, သမ္ဘဝဖြစ်သော အာပေါဓာတ်, ထိုထိုအခြင်းအရာဖြင့် တည်ကုန်သော မဟာဘုတ်တို့၌ ထိုထိုသဏ္ဌာန်၏ အစွမ်းအားဖြင့် သိအပ်သော ဝဏ္ဏာယတနရင်း။ ဇီဝိတာနိ စ၊ ဇီဝိတရုပ်တို့ရင်း။ တထေဝ စ၊ ထို့မှတပါးလည်း။

၆၄၆။ ကာယစက္ခုပသာဒါ စ၊ ကာယပသာဒ, စက္ခုပသာဒတို့ရင်း။ ဣတိ၊ ဤသို့။ စုဒ္ဒသ၊ တဆဲ့လေးပါးကုန်သော။ သမ္ဘာရာ၊ သမ္ဘာရရုပ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

သမ္ဘာရရုပ် အကျယ် ၄၄-ပါး။ ။တထာ၊ ထို့မှတပါး။ ဝိတ္ထာရတော စ၊ အကျယ်အားဖြင့်ကား။ တေ၊ ဤသမ္ဘာရရုပ်သည်။ စတဿော၊ လေးပါးကုန်သော။ ဓာတုယော စာပိ၊ ပထဝီစသော ဓာတ်တို့ရင်း။

၆၄၇။ ဝဏ္ဏော စ၊ ရူပါရုံရင်း။ ဂန္ဓော စ၊ ဂန္ဓာရုံရင်း။ ရသော စ၊ ရသာရုံရင်း။ ဩဇာ စ၊ ဩဇာရင်း။ သဏ္ဌာနဉ္စ၊ သဏ္ဌာနရုပ်ရင်း။ သမ္ဘဝေါ စ၊ သမ္ဘဝရုပ်ရင်း။ ဣတိ၊ ဤသို့။ ဒေတေ ဒသာပိ၊ ဤတဆယ်သော

---

၁။ စက္ခုမဖြစ်သော် အဘယ်နည်း ဟူသော အမေးကို ဖြေခြင်းငှါ ဝတ္ထု တဿာတိ ဝုစ္စတိ မိန့်။

၂။ နိဂုံး အုပ်သည်ဖြစ်၍ တွဒံ ပန စသည်ကိုမိန့်။

၃။ သသမ္ဘာရစက္ခု၏ သမ္ဘာရတို့ကို သရုပ်အားဖြင့်ရင်း, အရေအတွက်အားဖြင့်ရင်း ပြခြင်းငှါ ဝဏ္ဏော,ဂန္ဓော စသည်ကိုမိန့်။ (ဣတ္ထိဘာဝရုပ်, ပုမ္ဘာဝရုပ် ၂-ခုကို ဘာဝရုပ် တခုတည်းအဖြစ် ယူထားသဖြင့် သမ္ဘာရရုပ် အကျဉ်း ၁၄-ပါးဟု ဆိုထားသည်။ မိန်းမတို့၌ ဣတ္ထိဘာဝရုပ်ရ၍ ယောကျ်ားတို့၌ ပုမ္ဘာဝရုပ်ရသည်၊ ပုဂ္ဂိုလ်တဦးတည်း၌ ဘာဝရုပ် ၂-ပါးစုံ မရနိုင်။)

ရုပ်တို့သည်လည်း။ စတုသမုဋ္ဌာနာ=စတုသမုဋ္ဌာနိကတ္တာ၊ လေးပါးသော အကြောင်းတို့ကြောင့် ဖြစ်သည်၏အဖြစ်ကြောင့်။ [စတုသမုဋ္ဌာနသည် အန္တောဂတဟေတုတ္တာ] တေ၊ ထိုသမ္ဘာရရုပ်တို့သည်။ စတ္တာလီသ၊ လေးဆယ် တို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

၆၄၇။ စက္ခု စ၊ စက္ခုပသာဒရင်း။ ကာယပသာဒေါ စ၊ ကာယပသာဒ ရင်း။ ဘာဝေါ စ၊ ဘာဝရုပ်ရင်း။ ဇီဝိတမေဝ စ၊ ဇီဝိတရုပ်ရင်း။ ဣမာနိ စ၊ ဤ စင်စစ် ကံကြောင့် ဖြစ်ကုန်သော လေးပါးသောရုပ်တို့ရင်း။ ပုရိမာနိ စ၊ ရှေ့လေးပါးသော အကြောင်းတို့ကြောင့်ဖြစ်ကုန်သော လေးဆယ်သော ရုပ်တို့ရင်း။ ဣတိ၊ ဤသို့။ စတ္တာလီသဥ္စ စတ္တာရိ ရူပါနိ၊ လေးဆဲ့လေးခုသော ရုပ်တို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

၆၄၉။ ဣမေသံ ပန ရူပါနံ၊ ဤအကျဉ်းအားဖြင့် တဆဲ့လေးခု၊ အကျယ် အားဖြင့် လေးဆဲ့လေးခုသော ရုပ်တို့၏။ ဝသေန၊ အစွမ်းဖြင့်။ ပရိပိဏ္ဍိတံ၊ ထက်ဝန်းကျင်မှ ပေါင်းအပ်သော။ ဣဒံ၊ ဤရုပ်ကို။ သမ္ဘာရစက္ခုန္တိ၊ သမ္ဘာရစက္ခုဟူ၍။ ပဏ္ဍိတေဟိ၊ ပညာရှိတို့သည်။ ပကာသိတံ၊ ပြအပ်၏။

**ပသာဒစက္ခုမည်ပုံ** ၆၅၀။ ဧတ္ထ၊ ဤသမ္ဘာရရုပ်၌။ သိတော၊ မှီသော။ ဧတ္ထ၊ ဤသမ္ဘာရ ရုပ်၌။ ပဋိဗန္ဓော၊ စပ်သော။ ပရိတ္တကော၊ ငယ်သော။ ကမ္မသမ္ဘဝေါ၊ ကံကြောင့်ဖြစ်သော။ စတုန္နံ၊ လေးပါးကုန်သော။ ဘူတာနံ၊ မဟာဘုတ်တို့၏။ ယော ပန ပသာဒေါ၊ အကြင် ကြည်သည်၏ အဖြစ်တည်းဟူသော သဘောသည်။ အတ္ထိ၊ ရှိ၏။

၆၅၁။ ဣဒံ၊ ဤကြည်သည်၏ အဖြစ်တည်းဟူသော သဘောကို။ ပသာဒစက္ခုန္တိ၊ ပသာဒစက္ခုဟူ၍။ ပဉ္စစက္ခုနာ၊ ငါးပါးသော စက္ခုရှိတော်မူသော မြတ်စွာဘုရားသည်။ အက္ခာတံ၊ ဟောတော်မူအပ်၏။

**ပသာဒစက္ခု တည်နေပုံ။** ။တဒေတံ=တံ ဧတံ ပသာဒစက္ခုံ၊ ထိုပသာဒ စက္ခုသည်။ တဿ သသမ္ဘာရဿ စက္ခုနော၊ ထိုသသမ္ဘာရစက္ခု၏။ မဇ္ဈေ၊ အလယ်၌။

၆၅၂။ သေတေ မဏ္ဍလေ=သေတေန မဏ္ဍလေန၊ မျက်ဖြူဝန်းသည်။ သမ္ဗသော၊ ထက်ဝန်းကျင်မှ။ ပရိက္ခိတ္တဿ၊ ရံအပ်သော။ တဿ ကဏှမဏ္ဍလ-

မင်္ဂလာ[၁]၊ ထိုမျက်နက်ဝန်း၏ အလယ်၌။ ဝိနိဗ္ဗေ၊ တည်သော။ ဒိဋ္ဌမင်္ဂလေ၊ ရှေးတူရူ၌ တည်သောသူတို့၏ ကိုယ်သဏ္ဌာန်ဖြစ်ရာ အရပ်ဖြစ်သော ဒိဋ္ဌမင်္ဂလာ၌။

**အမှာ** ပဿတီတိ ဒိဋ္ဌံ၊ စက္ခုသညီတဿ ဒိဋ္ဌဿ မင်္ဂလံ ဒိဋ္ဌမင်္ဂလံ ပြု။

၆၅၃။ သန္ဓာရဏာဒိကိစ္စာဟိ၊ ကောင်းစွာဆောင်ခြင်း အစရှိသော ကိစ္စရှိကုန်သော။ စတူဟိပိ ဓာတူဟိ၊ မိမိ၏မှီရာဖြစ်ကုန်သော လေးပါးသော ဓာတ်တို့သည်လည်း[၂]။ ကတူပကာရံ၊ ပြုအပ်သော ကျေးဇူးရှိသည်။ ဟုတွာန၊ ဖြစ်၍။ ဥတုစိတ္တာဒိနာ၊ သန္တတိကြောင့်ဖြစ်သော သုံးပါးသော ဥတု စိတ် အစရှိသည်သည်[၃]။

၆၅၄။ ဥပတ္ထမ္ဘိယမာနံ၊ ထောက်ပံ့အပ်သည်ဖြစ်၍။ အာယုနာ၊ လေးပါးသော မဟာဘုတ်၌မှီသော ဇီဝိတိန္ဒြေသည်။ ကတ ပါလနံ၊ ပြုအပ် သော စောင့်ရှောက်ခြင်းရှိသည်ဖြစ်၍။ ဝဏ္ဏဂန္ဓရသာဒီဟိ[၄]၊ ဝဏ္ဏ ဂန္ဓ ရသ အစရှိကုန်သော။ ရူပေဟိ၊ ရုပ်တို့သည်။ ပရိဝါရိတံ၊ ခြံရံအပ်သည်ဖြစ်၍။

၆၅၅။ စက္ခုဝိညာဏကာဒီနံ၊ စက္ခုဝိညာဉ်အစရှိသည်တို့၏။ ဝတ္ထုံ စ၊ မှီရာကိုရင်း။ ဒွါရဉ္စ၊ ဒွါရကိုရင်း။ သာဓယံ၊ ပြီးစေလျက်။ ဦကာသိရသမာ-နေန ပမာဏေန၀၊ သန်းဦးခေါင်းနှင့်မျှသော အရပ်ပမာဏဖြင့်သာလျှင်။

---

၁။ သေတေန မဏ္ဍလေနဿ ရှိသော ပါဌ်၌ သင့်သည်ဟု ဋီကာမိန့်၏၊ ကဏှမဏ္ဍလဿ မဇ္ဈေဟု ဆိုအပ်လျက် စတုတ္ထဒု အစရှိသည်တို့၌ ကဲ့သို့ ဆန္ဒာနုရက္ခဏာအကျိုးငှါ ဝိဘတ်ကိုချေ၍ ကဏှမဏ္ဍလမဇ္ဈေ မိန့်သည်။ (ဇင်းဋီကာသစ်၊ ဒုနှာ-၁၁၉။)

၂။ (ပထဝီဓာတ်သည် ကောင်းစွာဆောင်ခြင်း ကိစ္စရှိသည်၊
အာပေါဓာတ်သည် ဖွဲ့ခြင်းကိစ္စရှိသည်၊
တေဇောဓာတ်သည် ရင့်ကျက်စေခြင်း ကိစ္စရှိသည်၊
ဝါယောဓာတ်သည် ထောက်ကန် တုန်လှုပ် လှုပ်ရှားခြင်း ကိစ္စရှိသည်။)

၃။ (စိတ္တသန္တတိ=စိတ်အစဉ်ကြောင့်ဖြစ်သော စိတ်၊
ဥတုသန္တတိ=ဥတုအစဉ်ကြောင့်ဖြစ်သော ကလာပ်တပါး၌ရှိသော ဥတု၊
အာဟာရသန္တတိ = အာဟာရ အစဉ်ကြောင့် ဖြစ်သော ကလာပ်တပါး၌ ရှိသော အာဟာရ၊)

၄။ အာဒိသဒ္ဒါဖြင့် ဩဇာကို သင်္ဂြိုဟ်။ (စက္ခုပသာဒရုပ်နှင့် ကလာပ်တူ ရုပ်များကို ပြခြင်းဖြစ်သည်။ စက္ခုဒသကကလာပ်၌ စက္ခုပသာဒ၊ ဇီဝိတိန္ဒြေ၊ အဝိနိဗ္ဘောဂရုပ် ၈-ခု၊ ပေါင်း ရုပ် ၁၀-ပါး အစုဖြစ်သည်ကို ပြသည်။ ထို့နည်းအတူ သောတ ဒသကကလာပ် ၁၀-ပါး၊ ဃာနဒသကကလာပ် ၁၀-ပါး၊ ဇိဝှါဒသကကလာပ် ၁၀-ပါး၊ ကာယဒသကကလာပ် ၁၀-ပါးတို့ကို နောက်၌ ပြထားသည်ကို တွေ့ရသည်။)

လက္ခိတံ၊ မှတ်အပ်သည်။ ဟုတွာ၊ဖြစ်၍။ ဝါ-ဥဂ္ဂါဟသိရသမာနေန ပမာဏေ-နေဝ၊ သန်းဦးခေါင်းနှင့်မျှသော ပမာဏရှိသော အရပ်၌သာလျှင်။ တိဋ္ဌတိ၊ တည်၏။ ဝါ၊ ခုနစ်ခုသော ဝါဂွမ်းစိုင်တို့ကို နှံ့စေ၍တည်သော ဆီးမီးကဲ့သို့ ခုနစ်ထပ်သော မျက်လွှာတို့ကို နှံ့စေ၍ တည်၏။

၆၅၆။ ဟိ=သစ္စံ၊ မှန်၏။ ယေန စက္ခုပသာဒေန ရူပါနိ မနုပဿတိ။ပ။ သမ္ပဝမန္တိ၊ ယေန စက္ခုပသာဒေန။ပ။ သမ္ပဝမ်ဟူ၍။ ဓမ္မသေနာပတိနာ၊ အရှင်သာရိပုတ္တရာသည်။ တေံ ဝစနံ၊ ဤစကားကို။ ဝုတ္တံ၊ ဟောအပ်၏။

ယေန စက္ခုပသာဒေန၊ အကြင်စက္ခုပသာဒဖြင့်။ ရူပါနိ၊ ရူပါရုံတို့ကို။ အနုပဿတိ၊ မြင်၏။ ဝါ-မနု=မစ္စော၊ သတ္တဝါသည်။ယေန စက္ခုပသာဒေန၊ အကြင်စက္ခုပသာဒဖြင့်။ ရူပါနိ၊ ရူပါရုံတို့ကို။ ပဿတိ၊ မြင်၏[၁]။ တေံ စက္ခုပသာဒံ၊ ဤစက္ခုပသာဒသည်။ ပရိတ္တံ၊ ငယ်၏။ သုခုမံ၊ သိမ်မွေ့၏။ ဥကာသိရသမ္ပဝမံ၊ သန်းဦးခေါင်း ပမာဏရှိ၏။

၆၅၇။ သောတာဒီသု စ၊ သောတအစရှိသည်တို့၌လည်း။ ဧသေဝ နယော၊ ဤနည်းကိုသာလျှင်။ ဝိဘာဝိနာ၊ ပညာရှိသောသူသည်။ ဥဒ္ဒေယျော၊သိအပ်၏။ဣတော၊ ဤစက္ခုမှ။ ပရံ၊နောက်၌။ တွေ၊ ဤသောတအစရှိသည်တို့၌။ ဝိသေသမတ္တမေဝ၊ အထူးကိုသာလျှင်။ ပဝက္ခာမိ၊ ဆိုအံ့။

**သောတပသာဒမည်ပုံ။** ။ယံ ဓမ္မဇာတံ၊ အကြင် တရားသဘောသည်။ သုဏာတိ၊ ကြားနာတတ်၏၊ နားထောင်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံ ဓမ္မဇာတံ၊ ထိုတရားသဘောသည်၊ သောတံ၊ သောတမည်၏။

**သောတပသာဒတည်နေပုံ။** ။တံ သောတံ၊ ထိုသောတသည်။ တနုတမ္ဗ-လောမာစိတေ၊ သသမ္ဘာရ နားပေါက်၏ အတွင်း၌ သိမ်မွေ့သော နီသော အမွေးတို့၏ ရောက်ရာဖြစ်သော။ အင်္ဂုလိ-

---

၁။ မဋ္ဌာ ဥက္ကာဋ္ဌိ ကရောန္တိ အစရှိသည်တို့၌ကဲ့သို့ နိဿိတကြိယာကို နိဿယကဲ့သို့ ပြု၍ ဝေါဟာရ ဖြစ်သင့်သောကြောင့် စက္ခုပသာဒေန ပဿတိ မိန့်သည်။ (ဋင်းဋီကာသစ်၊ ဒု၊နှာ-၁၂၀။) (စက္ခုဝိညာဉ်ဖြင့် ရူပါရုံကိုမြင်ခြင်းကို စက္ခုပသာဒ၌ တင်စား၍ ဌာနျူပစာ အားဖြင့် စက္ခုပသာဒဖြင့် ရူပါရုံကိုမြင်၏-ဟု ဆိုထားသည်၊ အမှန်မှာ-စက္ခုဝိညာဉ်ကသာ ရူပါရုံကို မြင်နိုင်သည်။)

ဝေဓကာသဏ္ဌာနေ ပဒေသေ၊ လက်စွပ်သဏ္ဌာန်ရှိသော အသားနှင့်ယှဉ်သော အရပ်၌။ ဝုတ္တပ္ပကာရာဟိ၊ ဆိုအပ်ပြီးသော အပြားရှိကုန်သော။ ဓာတူဟိ၊ ဓာတ်တို့သည်။ ကတူပကာရံ၊ ပြုအပ်သော ကျေးဇူးရှိသည်ဖြစ်၍။ ဥတု-စိတ္တာဟာရေဟိ၊ ဥတု,စိတ်,အာဟာရတို့သည်။ ဥပတ္ထမ္ဘိယမာနံ၊ ထောက်ပံ့အပ်သည်ဖြစ်၍။ အာယုနာ၊ ဇီဝိတိန္ဒြေသည်။ ပရိပါလိယမာနံ၊ စောင့်ရှောက်အပ်သည်ဖြစ်၍။ ဝဏ္ဏာဒီဟိ၊ ဝဏ္ဏအစရှိသည်တို့သည်။ ပရိဝါရိတံ၊ ခြံရံအပ်အပ်သည်ဖြစ်၍။ (ထည့်) သောတဝိညာဏာဒီနံ၊ သောတဝိညာဉ်အစရှိသည်တို့၏၊ ဝတ္ထုဒွါရဘာဝံ၊ မှီရာဒွါရ၏အဖြစ်ကို။ သာဓယမာနံ၊ ပြီးစေလျက်။ တိဋ္ဌတိ၊ တည်၏။

**ဃာနပသာဒမည်ပုံ။**　။ယံ ဓမ္မဇာတံ၊ အကြင် တရားသဘောသည်။ ဃာယတိ၊ အနံ့ကို ယူခြင်းကို ပြုတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်၊ တံ ဓမ္မဇာတံ၊ ထိုတရားသဘောသည်။ ဃာနံ၊ ဃာနမည်၏။

**ဃာနပသာဒတည်နေပုံ။**　။တံ ဃာနံ၊ ထိုဃာနသည်။ သသမ္ဘာရဃာန-ဗိလဿ၊ သသမ္ဘာရနှာပေါက်၏။ အန္တော၊ အတွင်း၌။ အဇပဒသဏ္ဌာနေ၊ ဆိတ်ခြေခွါသဏ္ဌာန်ရှိသော။ ပဒေသေ၊ အရပ်၌။ ယထာဝုတ္တပ္ပကာရာ၊ အကြင်အကြင် ဆိုအပ်ပြီးသော အပြားရှိသည်။ ဟုတွာ၊ ဖြစ်၍။ တိဋ္ဌတိ၊ တည်၏။

**ဇိဝှါပသာဒမည်ပုံ။**　။ယာ ဓမ္မဇာတိ၊ အကြင် တရားသဘောသည်။ သာယတိ၊ အရသာကို ရတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သာ ဓမ္မဇာတိ၊ ထိုတရားသဘောသည်။ ဇိဝှါ၊ ဇိဝှါမည်၏။ ဝါ၊ တနည်းကား။ ဇီဝိတံ၊ မျိုအပ်သော အရသာတည်းဟူသော ဇီဝိတကို။ အဝှါယတိ၊ ခေါ်သကဲ့သို့ ဖြစ်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဇိဝှါ၊ ဇိဝှါမည်၏။

**ဇိဝှါပသာဒတည်နေပုံ။**　။သာ ဇိဝှါ၊ ထိုဇိဝှါသည်။ သသမ္ဘာရဇိဝှါမဇ္ဈဿ၊ သသမ္ဘာရလျှာအလယ်၏။ ဥပရိ၊ အထက်၌။ ဥပ္ပလ ဒလဂ္ဂ သဏ္ဌာနေ၊ အလယ်ပြတ်သော ကြာရွက်ဖျားသဏ္ဌာန်ရှိသော။ ပဒေသေ၊ အရပ်၌။ ယထာဝုတ္တပ္ပကာရာ၊ အကြင်အကြင် ဆိုအပ်ပြီးသော အပြားရှိသည်။ ဟုတွာ၊ ဖြစ်၍။ တိဋ္ဌတိ၊ တည်၏။

**ကာယပသာဒမည်ပုံ။** ။ကုစ္ဆိတာနံ၊ စက်ဆုပ်အပ်ကုန်သော။ မလာနံ၊ ကိလေသာအစရှိသောအညစ်အကြေး, ထိုအညစ်အကြေးကို အာရုံပြု၍ဖြစ်ကုန်သော သဘာဝဓမ္မတို့၏။ အာယော၊ ဖြစ်ရာတည်း။ ဝါ- မလာနံ။ ကာယိန္ဒြေလျှင် မှီရာရှိကုန်သော လေးပါးသော ခန္ဓာတို့၏။ အာယော၊ အကြောင်းတည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ ကာယော၊ ကာယမည်၏။

**ကာယပသာဒတည်နေပုံ။** ။ဣမသ္မိံ ကာယေ၊ ဤသသမ္ဘာရကာယ၌။ ယာဝတာ = ယတ္တကံ၊ အကြင်မျှလောက်သော။ ဥပါဒိန္နကံ ရူပံ၊ ဥပါဒိန္နကရုပ်သည်။ အတ္ထိ၊ ရှိ၏။ သဗ္ဗတ္ထ၊ အလုံးစုံသော ဥပါဒိန္နကရုပ် ရှိရာအရပ်၌။ ကာယပသာဒေါ၊ ကာယပသာဒသည်။ ကပ္ပါသပဋလေ၊ ဝါဂွမ်းလွှာ၌။ သ္နေဟော ဝိယ၊ ဆီကဲ့သို့။ ယထာဝုတ္တပ္ပကာရော၊ အကြင်အကြင် ဆိုအပ်ပြီးသော အပြားရှိသည်။ ဟုတွာ၊ ဖြစ်၍။ တိဋ္ဌတိ၊ တည်၏[၁]။

## စက္ခုပသာဒ၏ ဓမ္မဝေဝစနာ ၄-ပါး

ေတ္တ၊ ဤအရာ၌။ တေသံ၊ ထိုစက္ခုအစရှိသည်တို့၏။ လက္ခဏာဒီနိ၊ လက္ခဏာအစရှိသည်တို့ကို။ ပဝက္ခာမိ၊ ဆိုအံ့။

**လက္ခဏာ။** ။စက္ခု၊စက္ခုပသာဒသည်။ ဒဋ္ဌုကာမတာ နိဒါန ကမ္မသမုဋ္ဌာနဘူတပသာဒ လက္ခဏံ၊ မြင်ခြင်းငှါ အလိုရှိသည်၏ အဖြစ်တည်းဟူသော ရူပတဏှာ အားကြီးသော အကြောင်းရှိသော ကံကြောင့် ဖြစ်သော ဘုတ်တို့၏ ကြည်သည်၏အဖြစ်တည်းဟူသော လက္ခဏာရှိ၏။

**ရသ။** ။ရူပေသု၊ ရူပါရုံတို့၌။ အာဝိဉ္ဆနရသံ၊ ပုဂ္ဂိုလ်ကိုဆောင်ခြင်းကိစ္စရှိ၏။ ဝါ၊ အာဝဇ္ဇန်းအစရှိသော ဝိညာဉ်ကို ငင်ခြင်းကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်။** ။စက္ခုဝိညာဏဿ၊ စက္ခုဝိညာဉ်၏။ အာဓာရဘာဝ ပစ္စုပဋ္ဌာနံ၊ တည်ရာ၏အဖြစ် တည်းဟူသော အခြင်းအရာဖြင့် ထင်ခြင်းရှိ၏။

---

၁။ ယာဝတာ ဥပါဒိန္နကံ အတ္ထိ ပုဒ်ဖြင့် ဆံဖျား, လက်သည်းဖျား အစရှိသည်တို့၌ ကာယပသာဒ မရှိခြင်းကို မိန့်သည်၊ ကပ္ပါသပဋလေ သ္နေဟော ဝိယ ပုဒ်ဖြင့် ကာယပသာဒ၏ နိရန္တရအဖြစ်ကို မိန့်သည်။ (ရှင်းဋီကာသစ်၊ဒုနှာ-၁၂၂။)

ပဒဋ္ဌာန်။　။ဒဋ္ဌုကာမတာ နိဒါန ကမ္မဇဘူတ ပဒဋ္ဌာနံ၊ မြင်ခြင်းငှါအလိုရှိသည်၏ အဖြစ်တည်းဟူသော ရူပတဏှာ ဥပနိဿယရှိသော ကံကြောင့်ဖြစ်သော ဘုတ်လျှင် နီးစွာသော အကြောင်းရှိ၏။

## သောတပသာဒ၏ ဓမ္မဝဝတ္ထာန် ၄-ပါး

လက္ခဏာ။　။သောတံ၊ သောတပသာဒသည်။ သောတုကာမတာနိဒါန-ကမ္မသမုဋ္ဌာနဘူတပသာဒ လက္ခဏံ၊ ကြားနာခြင်းငှါအလိုရှိသည်၏ အဖြစ်တည်းဟူသော သဒ္ဒတဏှာ ဥပနိဿယရှိသော ကံကြောင့်ဖြစ်သော ဘုတ်တို့၏ ကြည်သည်၏ အဖြစ်တည်းဟူသော လက္ခဏာရှိ၏။

ရသ။　။သဒ္ဒေသု၊ သဒ္ဒါရုံတို့၌။ အာဝိဉ္ဆနရသံ၊ ပုဂ္ဂိုလ်ကို ငင်ခြင်းကိစ္စရှိ၏။ ဝါ၊ အာဝဇ္ဇန်းအစရှိသော ဝိညာဉ်ကို ဆောင်ခြင်းကိစ္စရှိ၏။

ပစ္စုပဋ္ဌာန်။　။သောတဝိညာဏဿ၊ သောတဝိညာဉ်၏။ အာဓာရဘာဝ-ပစ္စုပဋ္ဌာနံ၊ တည်ရာ၏အဖြစ်တည်းဟူသော အခြင်းအရာဖြင့် ထင်ခြင်းရှိ၏။

ပဒဋ္ဌာန်။　။သောတုကာမတာ နိဒါန ကမ္မဇဘူတ ပဒဋ္ဌာနံ၊ ကြားနာခြင်းငှါ အလိုရှိသည်၏ အဖြစ်တည်းဟူသော သဒ္ဒတဏှာ ဥပနိဿယရှိသော ကံကြောင့်ဖြစ်သော ဘုတ်လျှင် နီးစွာသော အကြောင်းရှိ၏။

## ဃာနပသာဒ၏ ဓမ္မဝဝတ္ထာန် ၄-ပါး

လက္ခဏာ။　။ဃာနံ၊ ဃာနပသာဒသည်။ ဃာယိတုကာမတာနိဒါန-ကမ္မသမုဋ္ဌာနဘူတ ပသာဒ လက္ခဏံ၊ နမ်းခြင်းငှါ အလိုရှိသည်၏ အဖြစ်တည်းဟူသော ဂန္ဓတဏှာ ဥပနိဿယရှိသော ကံကြောင့်ဖြစ်သော ဘုတ်တို့၏ ကြည်သည်၏ အဖြစ်တည်းဟူသော လက္ခဏာရှိ၏။

ရသ။　။ဂန္ဓေသု၊ ဂန္ဓာရုံတို့၌။ အာဝိဉ္ဆန ရသံ၊ ပုဂ္ဂိုလ်ကို ဆောင်ခြင်းကိစ္စရှိ၏။ ဝါ၊ အာဝဇ္ဇန်းအစရှိသော ဝိညာဉ်ကို ဆောင်ခြင်းကိစ္စရှိ၏။

ပစ္စုပဋ္ဌာန်။ ။ဃာနဝိညာဏဿ၊ ဃာနဝိညာဉ်၏။ အာဓာရဘာဝ ပစ္စုပဋ္ဌာနံ၊ တည်ရာ၏အဖြစ်တည်းဟူသော အခြင်းအရာဖြင့် ထင်ခြင်းရှိ၏။

ပဒဋ္ဌာန်။ ။ဃာယိတုကာမတာနိဒါန ကမ္မဇဘူတ ပဒဋ္ဌာနံ၊ နမ်းခြင်းငှါ အလိုရှိသည်၏ အဖြစ်တည်းဟူသော ဂန္ဓတဏှာ ဥပနိဿယ ရှိသော ကံကြောင့်ဖြစ်သော ဘုတ်လျှင် နီးစွာသော အကြောင်းရှိ၏။

## ဇိဝှါပသာဒ၏ ဓမ္မဝဝတ္ထာန် ၄-ပါး

လက္ခဏာ။ ။ဇိဝှါ၊ ဇိဝှါပသာဒသည်။ သာယိတုကာမတာနိဒါန ကမ္မသမုဋ္ဌာနဘူတပ္ပသာဒ လက္ခဏာ၊ လျက်ခြင်းငှါအလိုရှိသည်၏ အဖြစ်တည်းဟူသော ရသတဏှာ ဥပနိဿယရှိသော ကံကြောင့်ဖြစ်သော ဘုတ်တို့၏ ကြည်သည်၏အဖြစ်တည်းဟူသော လက္ခဏာရှိ၏။

ရသ။ ။ရသေသု၊ ရသာရုံတို့၌။ အာဝိဉ္ဆနရသာ၊ ပုဂ္ဂိုလ်ကို ဆောင်ခြင်းကိစ္စရှိ၏။ ဝါ၊ အာဝဇ္ဇန်းအစရှိသော ဝိညာဉ်ကို ဆောင်ခြင်းကိစ္စ ရှိ၏။

ပစ္စုပဋ္ဌာန်။ ။ဇိဝှါဝိညာဏဿ၊ ဇိဝှါဝိညာဉ်၏။ အာဓာရဘာဝ ပစ္စုပဋ္ဌာနာ၊ တည်ရာ၏အဖြစ်တည်းဟူသော အခြင်းအရာဖြင့် ထင်ခြင်းရှိ၏။

ပဒဋ္ဌာန်။ ။သာယိတုကာမတာ နိဒါန ကမ္မဇဘူတပဒဋ္ဌာနာ၊ လျက်ခြင်းငှါ အလိုရှိသည်၏ အဖြစ်တည်းဟူသော ရသတဏှာ ဥပနိဿယ ရှိသော ကံကြောင့်ဖြစ်သော ဘုတ်လျှင် နီးစွာသော အကြောင်းရှိ၏။

## ကာယပသာဒ၏ ဓမ္မဝဝတ္ထာန် ၄-ပါး

လက္ခဏာ။ ။ကာယော၊ ကာယပသာဒသည်။ ဖုသိတုကာမတာ နိဒါန-ကမ္မသမုဋ္ဌာန ဘူတပသာဒ လက္ခဏော၊ တွေ့ခြင်းငှါ အလိုရှိသည်၏ အဖြစ်တည်းဟူသော ဖောဋ္ဌဗ္ဗတဏှာ ဥပနိဿယရှိသော ကံကြောင့်ဖြစ်သော ဘုတ်တို့၏ ကြည်သည်၏ အဖြစ်တည်းဟူသော လက္ခဏာရှိ၏။

ရသ။ ။ဖောဋ္ဌဗ္ဗေသု၊ ဖောဋ္ဌဗ္ဗာရုံတို့၌။ အာဝိဉ္ဆနရသော၊ ပုဂ္ဂိုလ်ကို ငင်ခြင်း ဆောင်ခြင်း ကိစ္စရှိ၏။ ဝါ၊ အာဝဇ္ဇန်းအစရှိသော ဝိညာဉ်ကို ဆောင်ခြင်းကိစ္စ ရှိ၏။

ပစ္စုပဋ္ဌာန်။ ။ကာယဝိညာဏဿ၊ ကာယဝိညာဉ်၏။ အာဓာရဘာဝ-ပစ္စုပဋ္ဌာနော၊ တည်ရာ၏ အဖြစ်တည်းဟူသော အခြင်းအရာဖြင့် ထင်ခြင်းရှိ၏။

ပဒဋ္ဌာန်။ ။ဖုသိတုကာမတာ နိဒါန ကမ္မဇဘူတ ပဒဋ္ဌာနော၊ တွေ့ခြင်းငှါ အလိုရှိသည်၏ အဖြစ်တည်းဟူသော ဖောဋ္ဌဗ္ဗတဏှာ ဥပ-နိဿယရှိသော ကံကြောင့်ဖြစ်သော ဘုတ်လျှင် နီးစွာသော အကြောင်းရှိ၏။

## ကေစိဝါဒအလို စက္ခုစသည် မည်ပုံ

၆၅၈။ ကေစိ ပန၊ မဟာသံဃိကတို့တွင် အချို့သော ဆရာတို့သည် ကား။ တေဇာဓိကာနံ၊ တေဇောဓာတ်လွန်ကုန်သော။ ဘူတာနံ၊ ဘုတ်တို့၏။ ပသာဒေါ၊ ကြည်ခြင်းသည်။ စက္ခု၊ စက္ခုမည်၏။

အာကာသာ'နိလတောယပ္ပဓိကာနံ၊ အာကာသ, ဝါယော, အာပေါ, ပထဝီဓာတ် လွန်ကုန်သော။ ဘူတာနံ၊ ဘုတ်တို့၏။ ပသာဒါ တု=ပသာဒါ ပန၊ ကြည်ခြင်းတို့သည်ကား။ သောတ၊ ကြွင်းကုန်သော သောတ ဃာန ဇိဝှါ ကာယမည်ကုန်၏။ ဣတိ၊ ဤသို့။ အာဟု၊ ဆိုကုန်၏ [၁]။

၆၅၉။ တေ၊ ထိုကေစိဆရာတို့ကို။ သုတ္တံ၊ ပါဠိကို။ အာဟရထ၊ ဆောင်ကုန်လော့။ ဣတိ ဟိ=ဧဝံ တု၊ ဤသို့လျှင်။ ဝတ္တဗ္ဗာ၊ ဆိုအပ်ကုန်၏။ တေ၊ ထိုကေစိဆရာတို့သည်။ အဒ္ဓါ၊ မချွတ်။ ကိဉ္စိပိ၊ တဂါထာတပုဒ်မျှလည်း ဖြစ်သော။ သုတ္တမေဝ၊ ပါဠိကိုလျှင်။ န ဒက္ခိဿန္တိ၊ မမြင်ကုန်လတ္တံ့ [၂]။

၆၆၀။ ဟိ=သစ္စံ၊မှန်၏။ဘူတာနံ၊ ဘုတ်တို့၏။ ဝိသေသေ၊ အထူးသည်။ သတိ၊ ရှိသော်။ ပသာဒေါ၊ ကြည်ခြင်းသည်။ ကထံ ဘဝေ၊ အဘယ်သို့ဖြစ်အံ့နည်း။

---

၁။ စက္ခုအစရှိသည်တို့၌ တေဇာဒိအဓိကတာ မည်သည် ထို စက္ခုအစရှိသည်တို့၏ မှီရာ မဟာဘုတ်တို့၏ လွန်သည်၏ အဖြစ်တည်းဟု ပြ(လို)သည်ဖြစ်၍ တေဇာဓိကာနံ အစရှိသည်ကို ဆိုသည်။

၂။ ဤသို့ ဆိုကုန်သော ဆရာတို့၏ စကား၌ အဖြေ အဘယ်နည်း ဟူသော အမေးကို ဖြေခြင်းငှါ တေ ပနေ'ဝံ တု အစရှိသည်ကိုမိန့်။

န ဘဝေ၊ မဖြစ်ရာ။ ဟိ=ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ယသ္မာ၊ အကြင့်ကြောင့်။ သမာနာနံ ဟိ=သမာနာနံ ဝေ၊ တူမျှသည်သာလျှင်ဖြစ်ကုန်သော။ ဘူတာနံ၊ ဘုတ်တို့၏။ ပသာဒေါ၊ ကြည်ခြင်းကို။ ပေါရာဏာဟိ၊ ရှေးဆရာတို့သည်။ ပရိဒီပိတော၊ ပြအပ်၏[၁]။

ကံထူး၍ပသာဒထူးခြင်း ၆၆၁။ တသ္မာ၊ ထိုကြောင့်။ စတုန္နံ၊ လေးပါးကုန်သော။ တေသံ နိဿယဘူတာနံ၊ ဤမှီရာဖြစ်ကုန်သော ဘုတ်တို့၏။ ဝိသေသပရိကပ္ပနံ၊ အထူးကို ကြံခြင်းကို။ သဗ္ဗသော၊ ခပ်သိမ်းသော အပြားအားဖြင့်။ ပဟာယေဝ၊ စွန့်၍သာလျှင်။

၆၆၂။ ကမ္မဝိသေသေန၊ ကံထူးသောအားဖြင့်။ ပသာဒါနံ၊ ပသာဒတို့၏။ ဝိသေသတာ၊ ထူးသည်၏အဖြစ်ကို။ ဉေယျာ၊ သိအပ်၏[၂]။ ဘူတဝိသေသေန၊ ဘုတ်ထူးသောအားဖြင့်။ တေသံ၊ ထိုပသာဒတို့၏။ ဝိသေသတာ၊ ထူးသည်၏အဖြစ်သည်။ န ဟိ ဟောတိ၊ မဖြစ်[၃]။

အသမ္ပတ္တဂါဟရုပ် ၆၆၃။ ဧဝံ၊ ဤသို့။ ကမ္မဝိသေသတော၊ ကံထူးသောအားဖြင့်။ ဝိသိဋ္ဌေသု၊ ထူးကုန်သော။ ဧတေသု၊ ဤစက္ခုအစရှိသည်တို့တွင်။ စက္ခုဉ္စ၊ စက္ခုသည်၎င်း။ သောတဉ္စ၊ သောတသည်၎င်း။ အပ္ပတ္တဂါဟကံ၊ မရောက်သော အာရုံကို ယူတတ်၏။

သမ္ပတ္တဂါဟရုပ်။ ။သေသံ၊ ကြွင်းသော။ ဃာနာဒိတ္တယံ တု၊ ဃာနအစရှိသော သုံးခုတို့၏အပေါင်းသည်ကား။ သမ္ပတ္တဂါဟကံ၊ ရောက်သောအာရုံကို ယူတတ်၏[၄]။

---

၁။ ပါဠိ၏ အစွမ်းဖြင့် ဤအနက်သည် မထင်သော်လည်း ယုတ္တိအားဖြင့် ထင်၏ ဟူ၍ ကေစိတို့ ဆိုအံ့၊ ယုတ္တိမရှိဟု ပြ(လို)သည်ဖြစ်၍ ဝိသေသေ သတိ အစရှိသည်ကို မိန့်။
အဘယ့်ကြောင့်နည်း ဟူသော အမေးကိုဖြေခြင်းငှါ သမာနာနံ ဟိ ဘူတာနံ ပသာဒေါ ပရိဒီပိတော မိန့်။

၂။ ဆိုအပ်ပြီးသော အပြားအားဖြင့် ပသာဒတို့၏ မှီရာ မဟာဘုတ်တို့၏ ဝိသေသ မဖြစ်သော် အဘယ်သို့လျှင် ပသာဒတို့၏ ဝိသေသအဖြစ်သည် ဖြစ်သနည်း ဟူသော အမေးကို ဖြေခြင်းငှါ တသ္မာ စသည်ကိုမိန့်။

၃။ နိဂုံးအုပ်သည်ဖြစ်၍ န ဟိ ဘူတဝိသေသေန ဟောတိ တေသံ ဝိသေသတာ မိန့်။

၄။ ဤသို့ ကံထူးသောအားဖြင့် ထူးကုန်သော စက္ခုအစရှိသည်တို့၌ အာရုံကို ယူခြင်း၌လည်း ဤအထူးသည် ဖြစ်၏ဟု ပြခြင်းငှါ ဧဝမေတေသု စက္ခုဉ္စ အစရှိသည်ကို မိန့်။

ရူပါရုံ။ ။ရူပန္တိ ပဒဿ၊ ရူပံ-ဟူသောပုဒ်၏။ အတ္ထော၊ အနက်ကို။ ဇေ၀ံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ယံ ဓမ္မဇာတံ၊ အကြင်တရားသဘောသည်။ ရူပ္ပတိ၊ ပြတတ်၏။ ဣတိ တသ္မာ၊ ထိုသို့ ပြတတ်သော သတ္တိကြောင့်။ တံ ဓမ္မဇာတံ၊ ထိုတရားသဘောသည်။ ရူပံ၊ ရုပ်မည်၏။ ဝဏ္ဏဝိကာရံ၊ အဆင်း၏ ဖောက်ပြန်ခြင်းသို့။ အာပဇ္ဇမာနံ၊ ရောက်သည်။ ဟုတွာ၊ ဖြစ်၍။ ဟဒယင်္ဂတဘာဝံ၊ စိတ်၌ ဖြစ်သောအလိုကို။ ပကာသေတိ၊ ပြတတ်၏။ ဣတိ အတ္ထော၊ ဤကား (ရူပ္ပတိသဒ္ဒါ၏) အနက် [၁]။

## ရူပါရုံ၏ ဓမ္မဝဝတ္ထာန် ၄-ပါး

လက္ခဏာ။ ။တံ ပန ရူပံ၊ ထိုရူပါရုံသည်ကား။ စက္ခုပဋိဟနန လက္ခဏံ၊ စက္ခုပသာဒ၌ ထိခြင်းလက္ခဏာ ရှိ၏။ ဝါ၊ စက္ခုပသာဒကို ထိခြင်းလက္ခဏာ ရှိ၏။

ရသ။ ။စက္ခုဝိညာဏဿ၊ မြင်သိစိတ် စက္ခုဝိညာဉ်၏။ ဝိသယဘာဝရသံ၊ အာရုံ၏ အဖြစ်တည်းဟူသော ကိစ္စရှိ၏။

ပစ္စုပဋ္ဌာန်။ ။တဿေဝ၊ ထို စက္ခုဝိညာဉ်၏သာလျှင်။ ဂေါစရဘာဝ ပစ္စုပဋ္ဌာနံ၊ ကျက်စားရာ၏ အဖြစ်တည်းဟူသော အခြင်းအရာဖြင့် ထင်ခြင်းရှိ၏။

ပဒဋ္ဌာန်။ ။စတုမဟာဘူတပဒဋ္ဌာနံ၊ လေးပါးသော မဟာဘုတ်လျှင် နီးစွာသော အကြောင်းရှိ၏။

ဥပါဒါရုပ်တို့၏ ပဒဋ္ဌာန်။ ။ဇေတံ ရူပံ၊ ဤ ရူပါရုံသည်။ စတုမဟာဘူတ-ပဒဋ္ဌာနံ ယထာ စ၊ လေးပါးသော မဟာဘုတ်လျှင် နီးစွာသော အကြောင်းရှိသကဲ့သို့လည်း။ တထာ၊ ထို့အတူ။ သဗ္ဗာနိပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ဥပါဒါရူပါနိ၊ ဥပါဒါရုပ်တို့သည်။ စတုမဟာဘူတပဒဋ္ဌာနာနိ၊ လေးပါးသော မဟာဘုတ်လျှင် နီးစွာသော အကြောင်းရှိကုန်၏။

---

၁။ ဓာတ်တို့၏ အနေကတ္ထ ဖြစ်သည်၏ အဖြစ်ကြောင့် ရူပသဒ္ဒါသည် ပကာသနတ္ထ၌ ဖြစ်၏။

သဒ္ဒါရုံ။ ။သဒ္ဒေါတိ ပဒဿ၊ သဒ္ဒေါ-ဟူသော ပုဒ်၏။ အတ္ထော၊ အနက်ကို။ ဝေ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ယော ဃောသော၊ အကြင် အသံကို။ သဒ္ဒီယတိ၊ မြွက်အပ်၏။ ဝါ၊ မိမိ၏ အကြောင်းတို့သည် သောတဝိညာဉ်ဖြင့် သိအပ်သည်၏ အဖြစ်သို့ ဆောင်အပ်၏။ ဣတိ တသ္မာ၊ ထိုသို့ ဆောင်အပ်သော သတ္တိကြောင့်။ သော ဃောသော၊ ထိုအသံသည်။ သဒ္ဒေါ၊ သဒ္ဒမည်၏။

## သဒ္ဒါရုံ၏ ဓမ္မဝဝတ္ထာန် ၄-ပါး

လက္ခဏာ။ ။သော သဒ္ဒေါ၊ ထိုသဒ္ဒသည်။ သောတပဋိဟနနလက္ခဏော၊ သောတပသာဒ၌ ထိခြင်းလက္ခဏာ ရှိ၏။ ဝါ၊ သောတပသာဒကို ထိခြင်းလက္ခဏာ ရှိ၏။

ရသ။ ။သောတဝိညာဏဿ၊ ကြားသိစိတ် သောတဝိညာဉ်၏။ ဝိသယဘာဝ ရသော၊ အာရုံ၏ အဖြစ်တည်းဟူသော ကိစ္စရှိ၏။

ပစ္စုပဋ္ဌာန်။ ။တဿေဝ၊ ထိုသောတဝိညာဉ်၏ သာလျှင်။ ဂေါစရဘာဝပစ္စုပဋ္ဌာနော၊ ကျက်စားရာ၏ အဖြစ်တည်းဟူသော အခြင်းအရာဖြင့် ထင်ခြင်းရှိ၏။

ရသာရုံ။ ။ရသောတိ ပဒဿ၊ ရသော-ဟူသော ပုဒ်၏။ အတ္ထော၊ အနက်ကို။ ဝေ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။

တေန ဓမ္မေန၊ ထိုတရားဖြင့်။ ရသန္တိ၊ သာယာတတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ သာယာကြောင်းဖြစ်သော သတ္တိကြောင့်။ သော ဓမ္မော၊ ထိုတရားသည်။ ရသော၊ ရသ-မည်၏။

## ရသာရုံ၏ ဓမ္မဝဝတ္ထာန် ၄-ပါး

လက္ခဏာ။ ။သော ရသော၊ ထို ရသသည်။ ဇိဝှါပဋိဟနနလက္ခဏော၊ ဇိဝှါပသာဒ၌ ထိခြင်းလက္ခဏာ ရှိ၏။ ဝါ၊ ဇိဝှါပသာဒကို ထိခြင်းလက္ခဏာ ရှိ၏။

ရသ။ ။ဇိဝှါဝိညာဏဿ၊ လျက်သိစိတ် ဇိဝှါဝိညာဉ်၏။ ဝိသယဘာဝရသော၊ အာရုံ၏ အဖြစ်တည်းဟူသော ကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်။** ။တဿေဝ၊ ထိုဇိဝှါဝိညာဉ်၏သာလျှင်။ ဂေါစရဘာဝပစ္စု-ပဋ္ဌာနော၊ ကျက်စားရာ၏ အဖြစ်တည်းဟူသော အခြင်းအရာဖြင့် ထင်ခြင်းရှိ၏။

**ဂန္ဓာရုံ။** ။ဂန္ဓေါတိ ပဒဿ၊ ဂန္ဓော-ဟူသော ပုဒ်၏။ အတ္ထော၊ အနက်ကို။ ဝေါ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။

အတ္တာနံ၊ မိမိကိုယ်ကို။ ဂန္ဓယတိ သူစယတိ၊ ပြတတ်၏။ ဣတိ တသ္မာ၊ ထိုသို့ ပြတတ်သော သတ္တိကြောင့်။ ဂန္ဓော၊ ဂန္ဓမည်၏။

### ဂန္ဓာရုံ၏ ဓမ္မဝဝတ္ထာန် ၄-ပါး

**လက္ခဏာ။** ။သော ဂန္ဓော၊ ထိုဂန္ဓသည်။ ဃာနပဋိဟနနလက္ခဏော၊ ဃာနပသာဒ၌ ထိခြင်းလက္ခဏာ ရှိ၏။ ဝါ၊ ဃာနပသာဒကို ထိခြင်းလက္ခဏာ ရှိ၏။

**ရသ။** ။ဃာနဝိညာဏဿ၊ နံသိစိတ် ဃာနဝိညာဉ်၏။ ဝိသယဘာဝ-ရသော၊ အာရုံ၏ အဖြစ်တည်းဟူသော ကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်။** ။တဿေဝ၊ ထိုဃာနဝိညာဉ်၏ သာလျှင်။ ဂေါစရဘာဝ-ပစ္စုပဋ္ဌာနော၊ ကျက်စားရာ၏ အဖြစ်တည်းဟူသော အခြင်းအရာဖြင့် ထင်ခြင်းရှိ၏။

**ဣတ္ထိန္ဒြေ ၆၄။** ဣတ္ထိန္ဒြိယန္တိ ပဒဿ၊ ဣတ္ထိန္ဒြိယံ-ဟူသော ပုဒ်၏။ အတ္ထော၊ အနက်ကို။ ဝေါ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။

အယံ ဣတ္ထိဘာဝေါ၊ ဤ ဣတ္ထိဘောသည်။ ကမ္မဇော၊ ကံကြောင့် ဖြစ်၏။ ပဋိသန္ဓိသမုဋ္ဌိတော၊ ပဋိသန္ဓေအခါ၌သာ ဖြစ်၏။

**ဣတ္ထိလိင်စသည်သည် ဣန္ဒြေမဟုတ်။** ။ယဥ္စေတံ=ယဥ္စ ဧတံ ဣတ္ထိ-လိင်ါဒိ[၁]၊ အကြင် ဣတ္ထိလိင်-အစရှိသည်သည်။ အတ္ထိ၊ ရှိ၏။ တံ ဣတ္ထိလိင်ါဒိ၊ ထိုဣတ္ထိလိင် အစရှိသည်သည်။ ဣန္ဒြိယံ၊ ဣန္ဒြေသည်။ န သိယာ၊ မဖြစ်ရာ။

---

၁။ ဣတ္ထိလိင်ါဒိ၌ အာဒိ-သဒ္ဒါဖြင့် ဣတ္ထိနိမိတ္တ, ဣတ္ထိကုတ္တ, ဣတ္ထာကပ္ပတို့ကို သင်္ဂြိုဟ်။ (သိစေသော အမှတ်အသားသည်—လိင်။
သိကြောင်း အမှတ်အသားသည်—နိမိတ္တ။

**ဂဗ္ဘသေယျကတို့အား ဣတ္ထိလိင်-စသည်တို့ ပဝတ္တိအခါ၌သာ ဖြစ်ခြင်း**

၆၆၅။ ဣတ္ထိန္ဒြိယံ၊ ဣတ္ထိန္ဒြေကို။ ပဋိစ္စ၀၊ စွဲ၍သာလျှင်။ ဣတ္ထိလိင်္ဂါဒယော၊ ဣတ္ထိလိင် အစရှိသည်တို့သည်။ ပဝတ္တေ ယေဝ၊ ပဝတ္တိအခါ၌သာလျှင်။ ဇာယန္တေ၊ ဖြစ်ကုန်၏။ တာနိ ဣတ္ထိလိင်္ဂါဒီနိ၊ ထိုဣတ္ထိလိင်-အစရှိသည်တို့သည်။ ပဋိသန္ဓိယံ၊ ပဋိသန္ဓေအခါ၌။ န ဇာယန္တေ၊ မဖြစ်ကုန်[၁]။

**ဣတ္ထိန္ဒြေကို မနောဝိညာဉ်ဖြင့်သာ သိခြင်း**

၆၆၆။ တံ၊ထိုဣတ္ထိန္ဒြေသည်။စက္ခုဝိညေယျံ၊ စက္ခုဝိညာဉ်ဖြင့် သိအပ်သည်။ န စ ဟောတိ၊ မဖြစ်။ တံ၊ ထို ဣတ္ထိန္ဒြေသည်။ မနော-ဝိညေယျမေ၀၊ မနောဝိညာဉ်ဖြင့် သိအပ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

---

အပြုအမူသည်—ကုတ္တ။
အသွင်အပြင်သည်—အာကပ္ပ။ (ဋီကာကျော်ဝါဒ)
အသွင်သဏ္ဍာန်သည်—လိင်္ဂ။
သိကြောင်းသည်—နိမိတ္တ။
အပြုအမူသည်—ကုတ္တ။
သွားခြင်းစသော အခြင်းအရာသည်—အာကပ္ပ။ (အဋ္ဌသာလိနီဝါဒ)
မိန်းမတို့၏ လက်ခြေစသည့်သဏ္ဍာန်သည်—ဣတ္ထိလိင်္ဂ။
မိန်းမတို့မှာ မုတ်ဆိတ်ကြင်စွယ် မရှိခြင်း, ဆံထုံး ထုံးဖွဲ့ခြင်း, ထမိဝတ်ခြင်း,မိန်းမတို့၏ ပြုံးရယ်ခြင်း စသည်သည် ဣတ္ထိနိမိတ္တ။
မန်း ဆန်ကောငယ်ဖြင့် ကစားခြင်း, ယက္ကန်းရက်တမ်း ကစားခြင်း စသည်သည်—ဣတ္ထိကုတ္တ။
မိန်းမတို့၏ သွားပုံလာဟန် စသည်သည်—ဣတ္ထာကပ္ပ။ (သမာနဝါဒ)
မိန်းမတို့၏ အင်္ဂါဇာတ်သည်—ဣတ္ထိလိင်္ဂ။
မိန်းမတို့၏ အသံ, ယောကျ်ား၌ အလိုရှိသော မိန်းမတို့၏ မေထုန်တဏှာသည်—ဣတ္ထိနိမိတ္တ။
မိန်းမတို့၏ သွားပုံလာဟန် စသည်သည်—ဣတ္ထိကုတ္တ။
မိန်းမတို့၏ ပုံပန်းအသွင်သဏ္ဍာန်သည်—ဣတ္ထာကပ္ပ။ (အာစရိယဝါဒ)
အဘိဓမ္မာဝတာရဋီကာသစ်၊ဒု၊နှာ-၁၃၂။ ဋီကာကျော်၊နှာ-၁၉ရ။ အဋ္ဌသာလိနီ။ နှာ-၃၅၇။)
၁။ ဤဣတ္ထိလိင်အစရှိသည်သည် ဣတ္ထိန္ဒြေကဲ့သို့ ပဋိသန္ဓေ၌ ဖြစ်သလော, မဖြစ်သလော ဟူသော အမေးကို ဖြေခြင်းငှါ ဣတ္ထိန္ဒြိယံ ပဋိစ္စ၀-အစရှိသည်ကို မိန့်။
ဣတ္ထိန္ဒြေကို စွဲ၍ ဖြစ်ကုန်သော်လည်း ဂဗ္ဘသေယျကတို့အား ပဋိသန္ဓေ၌ မဖြစ်ကုန်။ ပဝတ္တိ၌သာ ဖြစ်ကုန်၏ဟု ပြခြင်းငှါ ပဝတ္တေ။ပ။ပဋိသန္ဓိယံ မိန့်။

ဣတ္ထိလိင်္ဂါဒယော၊ ဣတ္ထိလိင် အစရှိသည်တို့သည်။ စက္ခုဝိညေယျာ၊ စက္ခုဝိညာဉ်ဖြင့် သိအပ်ကုန်သည်။ ဟောန္တိ ဝါ၊ ဖြစ်ကုန်သည်လည်း ရှိ၏။ န ဟောန္တိ ဝါ၊ မဖြစ်ကုန်သည်လည်း ရှိ၏။

**ကမ္မဇဦးသူတို့အား ဘာဝရုပ် ၂-ပါး ပဝတ္တိအခါ၌ ဖြစ်ခြင်း**

၆၆၇။ သသော၊ ကြွင်းသော။ ပုရိသိန္ဒြိယေပိ၊ ပုရိသိန္ဒြေ၌လည်း။ ဧသေဝ စ နယော၊ ဤနည်းကိုသာလျှင်။ ဥေယျော၊ သိအပ်၏။

ဣဒံ ဥဘယံ တု၊ ဤဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ နှစ်ပါးတို့၏ အပေါင်းသည်ကား။ ပဌမကပ္ပါနံ၊ ကမ္ဘာဦး၌ ဖြစ်ကုန်သောသူတို့အား။ ပဝတ္တိယံ၊ ပဝတ္တိအခါ၌။ သမုဋ္ဌာတိ၊ ဖြစ်၏[၁]။

၆၆၈။ ပရတော၊ ကမ္ဘာဦးမှ နောက်အဘို့၌။ ပဋိသန္ဓိယံ၊ ပဋိသန္ဓေ၌။ သမုဋ္ဌာတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝိညေယျံ၊ သိအပ်၏။

ပဝတ္တေပိ၊ ပဝတ္တိအခါ၌လည်း။ သမုဋ္ဌာယ၊ ဖြစ်၍။ ပဝတ္တေ၊ ပဝတ္တိအခါ၌။ ပရိဝတ္တတိ၊ ပြန်၏[၂]။

**လိင်ပြောင်းရခြင်းအကြောင်း**

၆၆၉။ မဟတာ ပါပကမ္မေန[၃]၊ ပရဒါရိက အစရှိသော အားကြီးသော မကောင်းမှုကံကြောင့်။ ပုရိသတ္တံ၊ ပုရိသဘောသည်။ ဝိနဿတိ၊ ပျောက်၏။ မဟတာ ကုသလေနေဝ၊ အားကြီးသော ကုသိုလ်ကြောင့်သာလျှင်။ ပုရိသိန္ဒြိယံ၊ ပုရိသိန္ဒြေသည်။ ဇာယတေ၊ ဖြစ်၏။ [မဟတာ ကုသလေ-

၁။ ဆိုအပ်ပြီးသော အကျယ်ကို ပုရိသိန္ဒြေ၌ ယထာသမ္ဘဝ ယှဉ်အပ်၏ဟု ညွှန်းခြင်းကို ပြသော ဆရာသည် ဧသေဝ အစရှိသည်ကို မိန့်။

သေသေပိ-ဟူ၍မျှသာ ဆိုသော် ဣတ္ထိန္ဒြေမှ ကြွင်းကုန်သော အလုံးစုံတို့၌လည်း ဟု တရံတခါ တစုံတယောက်သောသူ ကြံရာ၏ဟု နှလုံးထား၍ ပုရိသိန္ဒြိယေ မိန့်။

၂။ ပဝတ္တေပိ-၌ အပိ-သဒ္ဒါဖြင့် ပဌမပါရာဇိက ဝိနီတဝတ္ထုပါဠိ၌ လာသော ရဟန်း ယောကျ်ားအားရင်း,ရဟန်းမိန်းမအားရင်း ကဲ့သို့ ပဋိသန္ဓေ၌ဖြစ်သော လိင်၏လည်း ပဝတ္တိ အခါ၌ ပြန်ခြင်း (=ဣတ္ထိလိင်မှ ပုလ္လိင်သို့ပြောင်းခြင်း, ပုလ္လိင်မှ ဣတ္ထိလိင်သို့ ပြောင်းခြင်း) ကို ပြသည်။

၃။ ဤ နှစ်ပါးသော လိင်ဖြစ်ခြင်း, ပျက်ခြင်း၏ အကြောင်း အဘယ်နည်း ဟူသော စိစစ်ခြင်းကို နှလုံးထား၍ မဟတာ ပါပကမ္မေန စသည် မိန့်။

နေဝါတိ ဣဒံ သုဂတိံ သန္ဓာယ ဝုတ္တံ။ ဒုဂ္ဂတိယံ ပန ဉာဏယမ္ပိ အကုသလ ကမ္မေနေဝ ဇာယတိ။]

၆၇၀။ ဒုဗ္ဗလာကုသလေနေဝ၊ အားနည်းသော အကုသိုလ်ကြောင့်သာလျှင်။ ဣတ္ထိလိင်္ဂံ၊ ဣတ္ထိလိင်သည်။ ဝိနဿတိ၊ ပျောက်၏။ ဒုဗ္ဗလေနေဝ ပုညေန၊ အားနည်းသော ကုသိုလ်ကြောင့်သာလျှင်။ ဣတ္ထိဘာဝေါ၊ ဣတ္ထိဘောသည်။ ဇာယတေ၊ ဖြစ်၏။

**ဉာဏတော ဗျည်းအား ဣန္ဒြေတခုသာ ဖြစ်ခြင်း**

၆၇၁။ ဉာဘတော ဗျဉ္ဇနဿာပိ၊ ဉာဘတော ဗျည်းအားလည်း။ ဧကမေဝ၊ တခုသာလျှင် ဖြစ်သော။ ဣန္ဒြိယံ၊ ဣန္ဒြေသည်။ သိယာ၊ ဖြစ်ရာ၏။ ဧဝံ သန္တေ၊ ဤသို့ တခုသာဖြစ်သော ဣန္ဒြေ ဖြစ်သည်ရှိသော်။ ဒုတိယဗျဉ္ဇနဿ၊ နှစ်ခုမြောက်သော နိမိတ်၏။ အဘာဝေါ စ၊ မဖြစ်ခြင်း မရှိခြင်းသည်လျှင်။ သိယာ၊ ဖြစ်ရာ၏။

**ဒုတိယနိမိတ်ဖြစ်ခြင်း အကြောင်း**

၆၇၂။ ဒုတိယဗျဉ္ဇနဿ၊ နှစ်ခုမြောက်သောနိမိတ်၏။ အဘာဝေါ၊ မဖြစ်ခြင်းသည်။ န စ= နေဝ သိယာ၊ မဖြစ်ရာ။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ ယသ္မာ၊ အကြင့်ကြောင့်။ တံ၊ ထို ဣန္ဒြေသည်။ ဗျဉ္ဇနကာရဏံ၊နှစ်ခုမြောက်သော နိမိတ်၏အကြောင်းသည်။ န စ ဟောတိ၊ မဖြစ်သည်သာလျှင်ကတည်း။ တသ္မာ၊ ထို့ကြောင့်။ န သိယာ၊ မဖြစ်ရာ။ တဿ၊ ထို နှစ်ခုမြောက်သော နိမိတ်၏။ ကမ္မသဟာယံ၊ ရှေးဘဝ၌ပြီးသော ဣန္ဒြေကို ဖြစ်စေတတ်သော ကံ၏အဖော်ဖြစ်သော။ ရာဂစိတ္တံ တု၊ မိန်းမ၏ ယောကျ်ား၌, ယောကျ်ား၏မိန်းမ၌ မေထုနရာဂစိတ်သည်သာလျှင်။ ကာရဏံ၊ အကြောင်းတည်း[၁]။

၁။ ဒုတိယဗျဉ္ဇန(နိမိတ်)ဖြစ်ကြောင်းကို ပြခြင်းငှါ ဧဝံ သန္တေ-အစရှိသည်ဖြင့် စိစစ်ခြင်းကိုပြု၍ န စာဘာဝေါ-အစရှိသည်ဖြင့် အဖြေကို မိန့်၊ အဘယ်သည် အကြောင်းနည်း ဟူသော အမေးကို ဖြေခြင်းငှါ တဿ။ပ။ကာရဏံ မိန့်။

(ဉာဘတောဗျည်းမှာ ဣန္ဒြေတခုသာ ဖြစ်သည်၊ မိန်းမ ဉာဘတောဗျည်းမှာ ဣတ္ထိန္ဒြေ သာဖြစ်၍ ယောကျ်ား ဉာဘတောဗျည်းမှာ ပုရိသိန္ဒြေသာ ဖြစ်သည်။

သို့သော် နိမိတ်မှာမူ ၂-ခု ဖြစ်နိုင်သည်၊ မိန်းမ ဉာဘတောဗျည်းမှာ မိန်းမ၌ တပ်နှစ်သက်သော မေထုနရာဂစိတ် ဖြစ်ပေါ်သောအခါ ယောကျ်ားနိမိတ် ထင်ရှားဖြစ်ပေါ်လာ

## ဘာဝရုပ်၏ ဓမ္မဝိဝတ္ထာန် ၄-ပါး

ဥဘာယမ္ပိ၊ နှစ်ပါးသော။ ဧတေသံ၊ ထိုဣတ္ထိန္ဒြေ,ပုရိသိန္ဒြေ၏။ လက္ခဏာဒီနိ၊ လက္ခဏာ အစရှိသည်တို့ကို။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။

## ဣတ္ထိန္ဒြေ၏ ဓမ္မဝိဝတ္ထာန် ၄-ပါး

တတ္ထ၊ ထိုနှစ်ပါးသော ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေတို့တွင်။ ဣတ္ထိန္ဒြိယံ၊ ဣတ္ထိန္ဒြေသည် —

လက္ခဏာ။ ။ဣတ္ထိဘာဝ လက္ခဏံ၊ ဣတ္ထိ၏ အဖြစ်တည်းဟူသော လက္ခဏာ ရှိ၏။

ရသ။ ။ဣတ္ထီတိ၊ ဣတ္ထိဟူ၍။ ပကာသနရသံ၊ ပြခြင်းကိစ္စ ရှိ၏။

ပစ္စုပဋ္ဌာန်။ ။ဣတ္ထိလိင် နိမိတ္တ ကုတ္တာ ကပ္ပါနံ၊ မိန်းမသဏ္ဌာန်, မိန်းမဟု သိခြင်း၏ အကြောင်း, မိန်းမအမူအရာ, မိန်းမအခြင်းအရာ တို့၏။ ဝါ-သန့်ရှင်း, မသန့်ရှင်းသော လက်ခြေ အစရှိသည်၏ အဖြစ်

ပြီး ပဋိသန္ဓေက ပါလာသော မိန်းမနိမိတ် ကွယ်ပျောက်သွားသည်၊ မေထုနရာဂစိတ် ပြေငြိမ်းသောအခါ ဒုတိယ ယောကျ်ားနိမိတ် ကွယ်ပျောက်ပြီး ရှိရင်းစွဲ မိန်းမနိမိတ် ပြန်ပေါ်လာသည်။

ယောကျ်ား ဥဘတောဗျည်းမှာ ယောကျ်ား၌ တပ်နှစ်သက်သော မေထုနရာဂစိတ် ဖြစ်ပေါ်သောအခါ မိန်းမနိမိတ် ထင်ရှားဖြစ်ပေါ်လာပြီး ပဋိသန္ဓေက ပါလာသော ယောကျ်ားနိမိတ် ကွယ်ပျောက်သွားသည်၊ မေထုနရာဂစိတ် ပြေငြိမ်းသောအခါ ဒုတိယမိန်းမနိမိတ် ကွယ်ပျောက်ပြီး ပါရင်းစွဲ ယောကျ်ားနိမိတ် ပြန်ပေါ်လာသည်။

သို့ဖြစ်၍ ရှေးအတိတ်ဘဝ ကံ၏ အဖော်သဟဲဖြစ်သော မေထုနရာဂစိတ်သည် ဒုတိယ နိမိတ်၏ ဖြစ်ကြောင်းဖြစ်သည်၊ မိန်းမ ဥဘတောဗျည်း၏ ဒုတိယနိမိတ်ဖြစ်သောယောကျ်ား နိမိတ်သည် ဣန္ဒြေကိုဖြစ်စေသည့် ရှေးကံ၏ အဖော်သဟဲဖြစ်သော မေထုနရာဂစိတ်ကြောင့် ဖြစ်ပေါ်လာရသည်။

ယောကျ်ား ဥဘတောဗျည်း၏ ဒုတိယနိမိတ်ဖြစ်သော မိန်းမနိမိတ်သည် ဣန္ဒြေကိုဖြစ်စေသည့် ရှေးကံ၏ အဖော်သဟဲဖြစ်သော မေထုနရာဂစိတ်ကြောင့် ဖြစ်ပေါ်လာရသည်။

ထို့ကြောင့် မိန်းမ ဥဘတောဗျည်းသည် ဣတ္ထိန္ဒြေရှိသဖြင့် မိမိလည်း ကိုယ်ဝန်ယူဆောင်သည်၊ သူတပါး၌ မေထုန်အမှုပြုခြင်းကြောင့် သူတပါးကိုလည်း ကိုယ်ဝန်ပဋိသန္ဓေကို ဖြစ်စေသည်။

ယောကျ်ား ဥဘတောဗျည်းသည် သူတပါး၌ မေထုန်အမှုပြုခြင်းကြောင့် သူတပါးကိုသာ ကိုယ်ဝန်=ပဋိသန္ဓေ ဖြစ်စေသည်၊ မိမိမှာမူ ပုရိသိန္ဒြေရှိသဖြင့် ကိုယ်ဝန် ပဋိသန္ဓေကို မယူဆောင်နိုင်။ ၎င်းဋီကာသစ်၊ဒု၊နှာ-၁၃၆-၇။)

တည်းဟူသော မိန်းမသညာန်၊ ဆံထုံးခြင်း, အဝတ်ဝတ်ခြင်း အစရှိသော မိန်းမဟု သိခြင်းအကြောင်း၊ စကောယယ်ကျည်ပွေ့ယယ် စသည်ဖြင့် ကစားခြင်းတည်းဟူသောမိန်းမအမူအရာ၊ မသန့်ရှင်းသော သွားခြင်းအစရှိသော မိန်းမ အခြင်းအရာတို့၏။ ကာရဏဘာဝ ပစ္စုပဋ္ဌာနံ၊ အကြောင်း၏ အဖြစ်တည်းဟူသော အခြင်းအရာဖြင့် ထင်ခြင်းရှိ၏။ [ပေမူ၌ အာခါရဘာဝ-ပစ္စုပဋ္ဌာနံ-ဟု ရှိ၏ တည်ရာဟု ပေး။]

## ပုရိသိန္ဒြေ၏ ဓမ္မဝဝတ္ထာန် ၄-ပါး

ပုရိသိန္ဒြိယံ၊ ပုရိသိန္ဒြေသည်—

လက္ခဏာ။ ။ပုရိသဘာဝ လက္ခဏံ၊ ပုရိသ၏ အဖြစ်တည်းဟူသော လက္ခဏာ ရှိ၏။

ရသ။ ။ပုရိသောတိ၊ ပုရိသဟူ၍။ ပကာသန ရသံ၊ ပြခြင်းကိစ္စရှိ၏။

ပစ္စုပဋ္ဌာန်။ ။ပုရိသလိင်္ဂ နိမိတ္တ ကုတ္တာကပ္ပါနံ၊ ယောကျ်ားသဏ္ဌာန်, ယောကျ်ားဟု သိခြင်း၏ အကြောင်း, ယောကျ်ား အမူအရာ, ယောကျ်ား အခြင်းအရာတို့၏။ ဝါ-သန့်ရှင်း မသန့်ရှင်းသော လက်ခြေအစရှိသည်၏အဖြစ်တည်းဟူသော ယောကျ်ားသဏ္ဌာန်, ရောင်ထုံးခြင်း ပုဆိုးဝတ်ခြင်း အစရှိသော ယောကျ်ားဟု သိခြင်း၏ အကြောင်း, ရထားယယ်ထွန်ယယ် အစရှိသည်ဖြင့် ကစားခြင်းတည်းဟူသော ယောကျ်ား အမူအရာ, သန့်ရှင်းသော သွားခြင်း အစရှိသော ယောကျ်ား အခြင်းအရာတို့၏။ ကာရဏဘာဝ ပစ္စုပဋ္ဌာနံ၊ အကြောင်း၏ အဖြစ်တည်းဟူသော အခြင်းအရာဖြင့် ထင်ခြင်းရှိ၏။

ဇီဝိတရုပ်။ ။ဇီဝိတန္တိ ပဒဿ၊ ဇီဝိတဟူသောပုဒ်၏။ အတ္ထော၊ အနက်ကို။ ဝေ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။

၆၇၃။ ဣမ ဇီဝိတိန္ဒြိယနိဒ္ဒေသေ၊ ဤဇီဝိတိန္ဒြိယ နိဒ္ဒေသ၌။ ယံ ဝစနံ၊ အကြင်စကားကို။ ဝတ္တဗ္ဗံ၊ ဆိုအပ်သည်။ သိယာ၊ ဖြစ်ရာ၏။ တံ ဝစနံ၊ ထိုစကားကို။ အရူပဇီဝိတေ၊အရူပဇီဝိတ၌။ ဝုတ္တနယေနဝ၊ ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်။ ဝဒေ၊ဆိုရာ၏။

ဇီဝိတရုပ်၏ ဓမ္မဝဝတ္ထာန် ၄-ပါး

အသာ၊ ထိုဇီဝိတိန္ဒြေ၏။ လက္ခဏာဒီနိ ပန၊ လက္ခဏာ အစရှိသည်တို့ ကိုကား။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏။

ဇီဝိတိန္ဒြိယံ၊ ဇီဝိတိန္ဒြေသည်—

**လက္ခဏာ။** ။သဟဇရူပ ပရိပါလန လက္ခဏံ[၁]၊ မိမိနှင့်တကွဖြစ်ကုန်သော ရုပ်တို့ကို စောင့်ခြင်း လက္ခဏာ ရှိ၏။

**ရသ။** ။တေသံ၊ ထို မိမိနှင့်တကွ ဖြစ်ကုန်သော ရုပ်တို့၏။ ပဝတ္တန ရသံ၊ တည်ခြင်း၏ အကြောင်း၏ အဖြစ်တည်းဟူသော ကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်။** ။တေသမေဝ၊ ထို မိမိနှင့်တကွ ဖြစ်ကုန်သော ရုပ်တို့ကို သာလျှင်။ ဌပန ပစ္စုပဋ္ဌာနံ၊ ထားသော အခြင်းအရာဖြင့် ထင်ခြင်း ရှိ၏။

**ပဒဋ္ဌာန်။** ။ယာပယိတဗ္ဗဘူတ ပဒဋ္ဌာနံ၊ ဖြစ်စေအပ်သော သဟဇာတ် ဘုတ်လျှင် နီးစွာသော အကြောင်းရှိ၏။

**ဟဒယဝတ္ထုရုပ်** ၆၇၄။ ဝတ္ထုတိ၊ ဝတ္ထုဟူသည်ကား။ ဟဒယဝတ္ထု၊ ဟဒယဝတ္ထုတည်း။ ပဉ္စဝေါကာရေ[၂]၊ ပဉ္စဝေါကာရဘုံ၌။ မနောဓာတု စ၊ မနောဓာတ်သည်၎င်း။ မနောဝိညာဏဓာတုယော စ၊ အရူပမနောဝိညာဏဓာတ်ကိုထား၍ ကြွင်းသော မနောဝိညာဏဓာတ်တို့သည်၎င်း။ ယံ ရူပံ၊ အကြင် ဟဒယဝတ္ထုကို။ နိဿာယ၊ မှီ၍။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ တံ ရူပံ၊ ထို ဟဒယဝတ္ထုကို။ ဝတ္ထုတိ၊ ဝတ္ထု ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

---

၁။ ဇီဝိတိန္ဒြေ၏ ကေန် ကမ္မဇဖြစ်သည်၏ အဖြစ်ကြောင့် သဟဇ-သဒ္ဒါဖြင့်သာလျှင် အနုပါလေတဗ္ဗ ရုပ်တို့၏ ကမ္မဇ အဖြစ်သာ ပြီးသောကြောင့် ကမ္မဇ-သဒ္ဒါကို မပြုသည်။

၂။ ပဉ္စဝေါကာရေ-ဟူသော ဝိသေသန-ကို မနောဝိညာဏဓာတ်၏ အစွမ်းဖြင့် ပြုသည်၊ မနောဓာတ်ကား—စတုဝေါကာရဘုံ၌ မရှိသည်သာတည်း။

## ဟဒယဝတ္ထုရုပ်၏ ဓမ္မဝတ္ထာန် ၄-ပါး

ဟဒယဝတ္ထု၊ ဟဒယဝတ္ထုသည်—

**လက္ခဏာ။** ။မနောဓာတု မနောဝိညာဏဓာတူနံ၊ မနောဓာတ်, မနော-ဝိညာဏဓာတ်တို့၏။ နိဿယ လက္ခဏံ၊ မှီရာဟူသော လက္ခဏာ ရှိ၏။

**ရသ။** ။တာသညေ့ဝ ဓာတူနံ၊ ထို မနောဓာတ်,မနောဝိညာဏဓာတ်တို့၏ သာလျှင်။ အာဓာရဏ ရသံ၊ တည်ခြင်းဟူသော ကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်။** ။ဥဗ္ဗာဟန ပစ္စုပဋ္ဌာနံ၊အထက်သို့တင်၍ ဆောင်သကဲ့သို့သော အခြင်းအရာဖြင့် ထင်ခြင်း ရှိ၏။

**အာဟာရ မည်ပုံ။** ။အာဟာရတာတိ၊ အာဟာရတာ ဟူသည်ကား။ ကဗဠီကာရော အာဟာရော၊ ကဗဠီကာရ အာဟာရ တည်း။ ဩဇဋ္ဌမကံ ရူပံ၊ ဩဇာလျှင် ရှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ရုပ်ကို။ အာဟရတိ၊ ဆောင်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အာဟာရော၊ အာဟာရမည်၏[၁]။

**ကဗဠီကာရအာဟာရ** ၆၇၅။ ယာယ ဩဇာယ၊ အကြင်ထမင်း,မုယောမှုံ့ အစရှိသည်၌ ဖြစ်သော ဖရဏာဩဇာဖြင့်။ ယတ္ထ ယတ္ထ၊ အကြင် အကြင်ဇနပုဒ် မြို့ အစရှိသည်တို့၌။ ပါဏိနော၊ သတ္တဝါတို့သည်။ ယာပေန္တိ၊ မျှကုန်၏။ အယံ တု၊ ဤ ဩဇာကိုလျှင်။

---

၁။ လေးပါးသော အာဟာရတို့တွင် ဤ၌ ရုပ်၏ အရာဖြစ်သောကြောင့် ကဗဠီကာရ အာဟာရကို ယူအပ်၏ဟု ပြခြင်းငှါ **အာဟာရတာတိ ကဗဠီကာရော အာဟာရော** မိန့်။ ဤ ကဗဠီကာရော အာဟာရော-ဟူသော စကားကို ဝတ္ထုနှင့် တကွပြု၍ အာဟာရကို ပြခြင်းငှါ မိန့်သည်။

ကဗဠီကာရအာဟာရ၏ ဩဇာသည် ဤ၌ အာဟာရ မည်၏။

ဗာဟိရာဟာရတည်းဟူသော အကြောင်းကို ရ၍သာ အဇ္ဈတ္တိကာဟာရသည် ရုပ်ကို ဖြစ်စေသောကြောင့် ဤ ကဗဠီကာရအာဟာရသည် အဇ္ဈတ္တိကာဟာရ၏ ဥပနိဿယ၏ အဖြစ်ဖြင့်လည်း ရုပ်ကို ဆောင်တတ်၏ဟု ပြခြင်းငှါ **ဩဇဋ္ဌမကံ ရူပံ အာဟရတိ** မိန့်။ (ဩဇဋ္ဌမကရုပ်=ဩဇာလျှင် ရှစ်ခုမြောက်ဖြစ်သောရုပ်။ ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ ရသ, ဩဇတည်းဟူသော အဝိနိဗ္ဘောဂအဋ္ဌကလာပ်ရုပ်ကို ဆိုလိုသည်။)

ကဗဠီကာရော အာဟာရောတိ၊ ကဗဠီကာရ အာဟာရဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

**ထမင်းစသည်သည် ကမ္ဗဇတေဇောကိုသာ ဆောင်ယူခြင်း**

၆၇၆။ အနုပါနာဒိကံ[၁]၊ ထမင်းအဖျော် အစရှိသော။ ဝတ္ထု၊ ဝတ္ထုသည်။ ကမ္မဇံ အဂ္ဂိံ၊ ကမ္မဇတေဇောကို။ ဟရတိ=ဂဏှာတိ၊ ယူ၏။ ကေဝလံ၊ သြဇာနှင့်မယှဉ်သော ဝတ္ထုသည်။ ဇီဝိတံ၊ ဇီဝိတိန္ဒြေကို။ ပါလေတုံ၊ စောင့်ရှောက်ခြင်းငှါ။ န စ သက္ကောတိ၊ မတတ်နိုင်သာလျှင်ကတည်း။

**သြဇာသည် ဇီဝိတိန္ဒြေကိုသာ စောင့်ရှောက်ခြင်း**

၆၇၇။ သြဇာ၊ သြဇာသည်။ ဇီဝိတံ၊ ဇီဝိတိန္ဒြေကို။ ပါလေတုံ၊ စောင့်ရှောက်ခြင်းငှါ။ သက္ကောတိ၊ တတ်နိုင်၏။ ပါစကံ၊ ကမ္မဇတေဇောကို။ ဟရိတုံ၊ ယူခြင်းငှါ။ န စ သက္ကောတိ၊ မတတ်နိုင်သာလျှင်ကတည်း။ ဥဘော၊ နှစ်ပါးကုန်သော ဝတ္ထု,သြဇာတို့သည်။ ဧကတော၊ တပေါင်းတည်း။ ဟုတွာ၊ ဖြစ်ကုန်၍။ ပါစကံ၊ ကမ္မဇတေဇောကို။ ဟရိတုံပိ စ၊ ဆောင်ခြင်းငှါလည်း။ ဇီဝိတံ၊ ဇီဝိတိန္ဒြေကို။ ပါလေတုံပိ စ၊ စောင့်ရှောက်ခြင်းငှါလည်း။ သက္ကောန္တိ၊ တတ်နိုင်ကုန်၏။

## ကဗဠီကာရအာဟာရ၏ ဓမ္မဝတ္ထာန် ၄-ပါး

အဿ၊ ထို ကဗဠီကာရအာဟာရ၏။ လက္ခဏာဒိတော ပန၊ လက္ခဏာ အစရှိသော အားဖြင့်ကား။ ကဗဠီကာရော အာဟာရော၊ ကဗဠီကာရ အာဟာရသည်—

**လက္ခဏာ။**　။သြဇာလက္ခဏော၊ သြဇာလက္ခဏာ ရှိ၏။

**ရသ။**　။ရူပါဟရဏ ရသော၊ သြဇဋ္ဌမကရုပ်ကို ဆောင်ခြင်းကိစ္စ ရှိ၏။

---

၁။ ဝတ္ထု၏ကိစ္စ အဘယ်နည်း၊ သြဇာ၏ကိစ္စ အဘယ်နည်းဟု ဆိုအံ့။ ပရိဿယ (ရောဂါဟူသောဘေး)ကို ပယ်ခြင်းသည် ဝတ္ထု၏ ကိစ္စတည်း၊ စောင့်ခြင်းသည် သြဇာ၏ ကိစ္စတည်းဟုပြသည်ဖြစ်၍ **အနုပါနာဒိကံ** စသည် မိန့်။

**ပစ္စုပဋ္ဌာန်။** ။ဥပတ္ထမ္ဘန ပစ္စုပဋ္ဌာနော၊ ဩဇဋ္ဌမကရုပ်ကို ဆောင်သော အားဖြင့် ကိုယ်ကို ခိုင်စေသော အခြင်းအရာဖြင့် ထင်ခြင်း ရှိ၏။

**ပဒဋ္ဌာန်။** ။ကဗဠီ၊ အလုတ်အလွေးကို။ ကတ္ဗာ၊ ပြု၍။ အဇ္ဈောဟရိတဗ္ဗဝတ္ထုပဒဋ္ဌာနော၊ မျိုအပ်သော ဝတ္ထုလျှင် နီးစွာသော အကြောင်းရှိ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။

**ကာယဝိညတ်။** ။ကာယဝိညတ္တိ နိဒ္ဒေသေ၊ ကာယဝိညတ္တိ နိဒ္ဒေသ၌။ အတ္ထော၊ အနက်ကို။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။

**ဝိညတ်မည်ပုံ။** ။ကာယေန၊ ရူပကာယဖြင့်။ အတ္တနော၊ မိမိ၏။ ဘာဝံ၊ အလိုကို။ ဝိညာပေန္တာနံ၊ သူတပါးတို့ကို သိစေတတ်ကုန်သော သူတို့၏။ (ဘာဝေါ-၌ စပ်) ကာယဂ္ဂဟဏာနုသာရေန၊ လှုပ်သောကိုယ်၌ ဖြစ်သောအဆင်းကို ယူခြင်းဖြစ်၍ ဖြစ်ကုန်သော စက္ခုဒွါရိကဇောတို့၏အခြားမဲ့၌ ဖြစ်ကုန်သော ဆုံးဖြတ်သော ယူခြင်းဟု ဆိုအပ်ကုန်သော(တတိယ)မနောဒွါရိကဇောတို့ကို အစဉ်လျှောက်သဖြင့်။ ဂဟိတာယ၊ ယူအပ်သော။ စေတာယ၊ ဤစေတုတ္ထမနောဒွါရိကဇောဝီထိဖြင့်။ ဘာဝေါ၊ အလိုကို။ ဝိညာယတိ၊ သိအပ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဝိညတ္တိ၊ ဝိညတ်မည်၏[၁]။

သယဥ္စ၊ မိမိသည်လည်း။ ဝါ- သယဥ္စ၊ မိမိကိုလည်း။ ကာယဂ္ဂဟဏာနုသာရေန၊ လှုပ်သောကိုယ်၌ဖြစ်သော အဆင်းကို ယူခြင်းဖြစ်၍ ဖြစ်ကုန်သော စက္ခုဒွါရိကဇောတို့၏ အခြားမဲ့၌ ဖြစ်ကုန်သော ဆုံးဖြတ်သော ယူခြင်းဟု ဆိုအပ်သော မနောဒွါရိကဇောတို့ကို အစဉ်လျှောက်သဖြင့်။ ဝိညာယတိ၊ သိအပ်၏။ ဣတိ တသ္မာ ပိ၊ ထို့ကြောင့်လည်း။ ဝိညတ္တိ၊ ဝိညတ်မည်၏[၂]။

---

၁။ (လက်ခြေစသည်ကို လှုပ်ပြသူ၏ အလိုဆန္ဒ အတွင်းသဘောကို စတုတ္ထမနောဒွါရိကဝီထိကျမှ ကွဲကွဲပြားပြား သိသည်ဟုလို။)

၂။ စေတာယ ဘာဝေါ ဝိညာယတိ ဟူသော ဤပါဌ်ဖြင့် ဝိညတ္တိသဒ္ဒါ၏ ကရဏသာဓနအဖြစ်ကို မိန့်သည်၊ သယဥ္စ-အစရှိသည်ဖြင့်ကား ကမ္မသာဓန အဖြစ်ကို မိန့်သည်။

**ကာယဝိညတ်မည်ပုံ။** ။ကာယေန၊ ကိုယ်ဖြင့်။ သံဝရော၊ စောင့်ခြင်းသည်။ သာဓု၊ ကောင်း၏။ ဝါစာယ၊ နှုတ်ဖြင့်။ သံဝရော၊ စောင့်ခြင်းသည်။ သာဓု၊ ကောင်း၏။ ဣတိ၊ ဤသို့။ အာဂတော၊ လာသော။ စောပန သဒ္ဒါတော၊ လှုပ်ရှားခြင်းဟုဆိုအပ်သော။ ကာယော၀၊ ကိုယ်သည်လျှင်။ ဝိညတ္တိ၊ (သိစေတတ်သော သိအပ်သော)ဝိညတ်တည်း။ ကာယဝိညတ္တိ၊ ကိုယ်သည်လျှင်ဝိညတ်။

ကာယဝိပ္ဖန္ဒနေန၊ လှုပ်သော ကိုယ်ဖြင့်။ အဓိပ္ပါယဝိညာပနဟေတုတ္တာ၊ အလိုကို သိစေခြင်း၏ အကြောင်းဖြစ်သည်၏ အဖြစ်ကြောင့်။ ကာယေန၊ ကိုယ်ဖြင့်။ ဝိညာပေတိ၊ သိစေတတ်၏။

သယဥ္စ၊ မိမိသည်လည်း။ (ဝိညာယတိ၌ စပ်။) ဝါ- သယဥ္စ၊ မိမိ၏လည်း။ (ဝိညေယျတ္တာ-၌ စပ်။) တထာ၊ ထိုလှုပ်သောကိုယ်ဖြင့်။ ဝိညေယျတ္တာ၊ သိအပ်သည်၏ အဖြစ်ကြောင့်။ ကာယေန၊ ကိုယ်ဖြင့်။ ဝိညာယတိ၊ သိအပ်၏။ ဣတိ တသ္မာပိ၊ ထို့ကြောင့်လည်း။ ကာယဝိညတ္တိ၊ ကာယဝိညတ် မည်၏[၁]။

**ကာယဝိညတ်အရကောက်** ၆၇၈။ တတ္ထ၊ ထို ကာယဝိညတ္တိ ဟူသော ပုဒ်၌။ စိတ္တဇာနိလခေတုယာ၊ ရှေ့သို့ တက်ခြင်း အစရှိသည်ကို ဖြစ်စေတတ်သော စိတ်ကြောင့်ဖြစ်သော

---

၁။ ဤသို့ ဝိညတ္တိ-သဒ္ဒါ၏ ကရဏသာဓန, ကမ္မသာဓန နှစ်ပါးအပေါင်း၌ ဖြစ်ခြင်းကို ပြပြီး၍ ယခုအခါ ကာယ-သဒ္ဒါနှင့် ကမ္မဓာရယ်သမာသ်ကို ပြခြင်းငှါ, ကာယော-ဟူသော ဝေါဟာရ၏ ဝိညတ်၌လည်း ဖြစ်ခြင်းကို ပြသော ဆရာသည် ကာယေန သံဝရော သာဓု စသောပါဠိကို မိန့်။

(ကာယေန သံဝရော သာဓု-စသော ပါဠိဖြင့် ကာယဝိညတ္တိကို ကာယော ဝိညတ္တိ ကာယဝိညတ္တိဟု ကမ္မဓာရည်းသမာသ် ဝစနတ္ထပြုရမည်ကိုရင်း, ကာယဝိညတ္တိ၌ ကာယသဒ္ဒ သည် ဝိညတ်အနက်ဟောသည်ကိုရင်း သိစေသည်။)

(စိတ္တဇဝါယောဓာတ်နှင့် အတူတကွဖြစ်သော ရူပကာယကို ထောက်ကန်စေ, ဆောင်ယူစေ, လှုပ်ရှားစေ၍ ရူပကာယကို လှုပ်ရှားစေသော အကြောင်း၏ အဖြစ်ဖြင့် ရအပ်သော စိတ္တဇဝါယောဓာတ်၏ အခြင်းအရာအထူးသည် ကာယဝိညတ်မည်သည်၊ လှုပ်ရှားသောရူပကာယနှင့် လှုပ်ရှားသော ဝါယောဓာတ်သည် ကာယဝိညတ်မည်သည်မဟုတ်၊ ဥပမာ—ကြီးစွာသော ကျောက်ဖျာကြီးကို ချီမသောသူ၏ အားထုတ်ခြင်း အထူးကဲ့သို့တည်း။ ရင်းဋီကာသစ်၊ဒု၊နှာ-၁၄၄။)

ဝါယောဓာတ်၏။ သဟဇာတဿ၊ မိမိနှင့်တကွဖြစ်သော။ ရူပဿ၊ ရူပကာယ၏။ (စလနေ၌ စပ်) စလနေ=စလိတဘာဝေ၊ သန္ထမ္ဘန, သန္ဓာရဏ, စလန[1]ဟု ဆိုအပ်သော လှုပ်သည်၏ အဖြစ်၌။ ဟေတု=ဟေတုဘူတာ၊ သဟကာရီကာရဏ[2] ဖြစ်၍ဖြစ်သော။ ကော၊ တခုသော။ ယာ အာကာရ ဝိကာရတာ၊ အကြင် အခြင်းအရာဖြစ်သော အထူးသည်။ အတ္ထိ၊ ရှိ၏။

၆၇၉။ အယံ အာကာရဝိကာရတာ၊ ဤအခြင်းအရာဖြစ်သော အထူးသည်။ ကာယဝိညတ္တိ နာမ၊ ကာယဝိညတ် မည်၏။

ကာယဒွါရ။ ။သာ ကာယဝိညတ္တိ၊ ထိုကာယဝိညတ်ကို။ ကာယဒွါရန္တိ၊ ကာယဒွါရဟူ၍။ မတာ၊ သိအပ်၏။

ကာယကံ။ ။တတ္ထ၊ ထိုကာယဒွါရ၌။ ပုညာပုညဝသာ၊ ကုသိုလ်အကုသိုလ်တို့၏ အစွမ်းအားဖြင့်။ သိဒ္ဓါ၊ ပြီးသော။ ယာ စေတနာ၊ အကြင် စေတနာသည်။ အတ္ထိ၊ ရှိ၏။

၆၈၀။ သာ စေတနာ၊ ထိုစေတနာကို။ ကာယကမ္မန္တိ၊ ကာယကံဟူ၍။ ဟိတေသိနာ၊ သတ္တဝါတို့၏ အစီးအပွါးကို ရှာတော်မူတတ်သော။ သတ္ထုနာ၊ မြတ်စွာဘုရားသည်။ နိဒ္ဒိဋ္ဌာ၊ ပြတော်မူအပ်၏။

တေိဿာ၊ ဤစေတနာ၏။ သမ္ဘဝတ္တိ ပန၊ ဖြစ်ခြင်းသည်ကား။ ဝစီဒွါရေပိ၊ ဝစီဒွါရ၌လည်း။ ဇာယတေ၊ ဖြစ်သေး၏[3]။

---

၁။ ဤကျမ်း၌ သန္ထမ္ဘန=ရူပကာယ၏ ကောင်းစွာ ထောက်ကန်ခြင်း။ သန္ဓာရဏ=ရူပကာယ၏ ဆောင်ယူခြင်း။ စလန=ရူပကာယ၏ လှုပ်ရှားခြင်း။ ဤ ၃-မျိုးကို လှုပ်ရှားခြင်း=စလနသို့ ရှေးရှုသည်ဖြစ်၍ စလနဟုဆိုသည်။)

၂။ (သဟကာရီကာရဏ=မိမိနှင့် (စိတ္တဇဝါယောဓာတ်နှင့်) အတူတကွ ဖြစ်သော ရူပကာယ၏ အကြောင်း။)

၃။ (ပါဏာတိပါတကံသည် စင်စစ်အားဖြင့် ကာယဒွါရ၌ဖြစ်သော ကာယကံဖြစ်သည်။ သို့ရာတွင် သတ်လိုက်ပါဟု ဝစီဒွါရဖြင့် စေခိုင်းသဖြင့် ကျူးလွန်ပါလျှင် ကာယကံသည် ဝစီဒွါရ၌လည်း ဖြစ်သေးသည်ဟု ဆိုလိုသည်။)

**သတ္တမဝါယောဓာတ်ကသာ သဟဇာတ်ရုပ်ကို လှုပ်စေနိုင်ခြင်း**

၆၇၁။ ကောဝဇ္ဇနဝီထိယံ၊ တခုသော အာဝဇ္ဇန်းရှိသော မနော ဒွါရိကဇောဝီထိ၌။ (သတ္တသု ဇဝနေသု၊ ခုနစ်ချက်သော ဇောတို့တွင်။) ဟေဋ္ဌာဟိ၊ အောက်၌ ဖြစ်ကုန်သော။ ဆဟိ စိတ္တေဟိ၊ ခြောက်ချက်သော ဇောစိတ်တို့ကြောင့်။ သမုဋ္ဌိ-တံ၊ ဖြစ်သော။ ဝါယောဓာတုံ၊ ဝါယောဓာတ်တည်းဟူသော။ ဥပတ္ထမ္ဘံ၊ ထောက်ပံ့တတ်သော အကြောင်းကို။ လဘိတွာ၊ ရ၍[၁]။

၆၇၂။ သတ္တမေန စိတ္တေန၊ သတ္တမဇောစိတ်ကြောင့်။ သမုဋ္ဌိတာ၊ ဖြစ်သော။ ဝါယောဓာတု၊ ဝါယောဓာတ်သည်။ ဝိညတ္တိသဟိတာ၊ မိမိ ဝိညတ်နှင့် တကွဖြစ်သည်။ ဟုတွာ၊ ဖြစ်၍။ အတ္တနာ၊ မိမိနှင့်။ သဟဇံ ရူပံ၊ တကွဖြစ်သော ရုပ်ကို။ စာလေတိ၊ အရပ်တပါး၌ ဖြစ်ခြင်း၏ အကြောင်း၏ အဖြစ်ဖြင့် လှုပ်စေ၏။

**ဝစီဝိညတ်။** ။ဝစီဝိညတ္တိနိဒ္ဒေသေ၊ ဝစီဝိညတ္တိနိဒ္ဒေသ၌။ အတ္ထော၊ အနက်ကို။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။

**ဝစီဝိညတ် အရကောက်** ၆၇၃။ စိတ္တဇာတာယ၊ နှုတ်မြွက်ခြင်းကို ဖြစ်စေတတ်သော စိတ်ကြောင့်ဖြစ်သော။ ပထဝီဓာတုယာ၊ ပထဝီဓာတ်၏။ ဥပါဒိဏ္ဏကဃဋ္ဋနေ၊ ဥပါဒိဏ္ဏက ကလာပ် ဟုဆိုအပ်သော အက္ခရာဖြစ်ရာအရပ်ကို ထိခြင်းဟု မှတ်အပ်သော ကိစ္စ၌။ ဝါ၊ ထိခြင်း၏။ ပစ္စယော၊ အကြောင်းဖြစ်သော။ ဧကော၊ တခုသော။ ယော အာကာရဝိကာရော၊ အကြင် အခြင်းအရာအထူးသည်။ အတ္ထိ၊ ရှိ၏။ အယံ အာကာရဝိကာရော၊ ဤအခြင်းအရာအထူးကို။ ဝစီဝိညတ္တိ၊ ဝစီ ဝိညတ်ဟူ၍။ ဝိညေယျော၊ သိအပ်၏။

**ဝစီဒွါရ** ၆၇၄။ သဟ သဒ္ဒဝသာ၊ အသံနှင့် တကွသာလျှင် ဖြစ်သော အစွမ်းအားဖြင့်။ သာဝ၊ ထို ဝစီဝိညတ်ကိုသာလျှင်။ ဝစီဒွါရန္တိ၊ ဝစီဒွါရ ဟူ၍။ သကျကုလိန္ဒုနာ၊ စင်ကြယ်သော ကောင်းကင် ပြင်တည်းဟူသော သာကီဝင်မင်းမျိုးကို ထွန်းလင်းစေတတ်သည်၏ အဖြစ်

---

၁။ အလုံးစုံသာဖြစ်သော ဝါယောဓာတ်သည် သဟဇာတ်ရုပ်ကို လှုပ်စေသလော၊ ဤ ဓောဒနာကို ဖြေခြင်းငှါ လဘိတွာ ပနုပတ္ထမ္ဘံ အစရှိသည်ကို မိန့်။

ကြောင့် သာကီဝင်မင်းမျိုးတို့၏ လမင်းဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ဝါ၊ သာကီဝင်မင်းမျိုးထက် မြတ်တော်မူသော မြတ်စွာဘုရားသည်။ [ဣန္ဒြ-သဒ္ဒါ ဉတ္တမတ္ထ] နိဒ္ဒိဋ္ဌာ၊ ပြတော်မူအပ်၏။

**ဓာတ်အချင်းချင်း ထိခိုက်မှုသာ စိတ္တဇ သဒ္ဒ ဖြစ်ခြင်း**

၆၇၅။ ဝိညတ္တိဃဋ္ဋနံ၊ ဝိညတ် အကြောင်းရှိသော ပထဝီဓာတ်နှင့် ထိခြင်းကို။ ဝိနာ၊ ကြဉ်၍။ စိတ္တဇော၊ စိတ်ကြောင့်ဖြစ်သော။ သဒ္ဒေါ၊ အသံသည်။ န အတ္ထိ၊ မရှိ။ ဟိ ယသ္မာ၊ အကြင့်ကြောင့်။ ဓာတုသံဃဋ္ဋနေနေဝ၊ ဓာတ်အချင်းချင်း ထိသည်နှင့် သာလျှင်။ သဟ၊ တကွ။ သဒ္ဒေါ၊ အသံသည်။ ဇာယတိ၊ ဖြစ်၏။ တသ္မာ၊ ထိုကြောင့်။ ဝိညတ္တိဃဋ္ဋနံ၊ ဝိညတ် အကြောင်းရှိသော ပထဝီဓာတ်နှင့် ထိခြင်းကို။ ဝိနာ၊ ကြဉ်၍။ စိတ္တဇော၊ စိတ်ကြောင့်ဖြစ်သော။ သဒ္ဒေါ၊ အသံသည်။ န အတ္ထိ၊ မရှိ[၁]။

**ဝိညတ်မည်ပုံ**

၆၇၆။ သာ ဝိညတ္တိ၊ ထိုဝိညတ်သည်။ ဝိညာပနတော စေဝ၊ နှုတ်မြွက်သောအသံဖြင့် အလိုကို သိစေခြင်း၏ အကြောင်းဖြစ်သည်၏ အဖြစ်ကြောင့်ရင်း။ သယံ ဝိညေယျတောပိ စ[၂]၊ နှုတ်မြွက်သော အသံတည်းဟူသော အကြောင်းဖြင့် မိမိကို သိအပ်သည်၏ အဖြစ်ကြောင့်ရင်း။ ဝိညတ္တိ၊ ဝိညတ် မည်၏။ ဣတိ၊ ဤသို့။ တဿ[၂] ဝိညတ္တိသဒ္ဒဿ၊ ထို ဝိညတ္တိသဒ္ဒါ၏။ ကာရက ဒွယေ၊ ဟေတုကတ္တုသာဓန, ကမ္မသာဓန နှစ်ပါးအပေါင်း၌။ သမ္ဘဝေါ၊ ဖြစ်ခြင်းသည်။ သိယာ၊ ဖြစ်ရာ၏။

**ဝိညတ်ရုပ် စိတ္တဇဖြစ်ပုံ**

၆၇၇။ ဝိညတ္တိ ဒွယံ၊ ဝိညတ်ရုပ် နှစ်ခုတို့၏ အပေါင်းသည်။ အဋ္ဌ ရူပါနိ ဝိယ၊ မိမိ မိမိကလာပ်၌ ဖြစ်သော ရှစ်ခုသော ရုပ်တို့ကဲ့သို့။ စိတ္တဇံ၊ စိတ်ကြောင့် ဖြစ်သည်။ န ဟောတိ၊ မဖြစ်။ စိတ္တဇာနံ၊ စိတ်ကြောင့်ဖြစ်ကုန်သော ရုပ်

---

၁။ ဝိညတ်သည် သဒ္ဒရုပ်နှင့် အတူတကွ ဖြစ်သည်ဆိုလျှင် ဝိညတ်မရှိသော စိတ်ကြောင့် ဖြစ်သော သဒ္ဒရုပ် ရှိသလော-မရှိသလောဟု ဆိုအံ့၊ မရှိဟု ပြလိုသည်ဖြစ်၍ သဒ္ဒေါ န စိတ္တဇော စသည်မိန့်။ ဆိုပြီးသော အနက်ကိုပင်လျှင် ပြီးစေသည်ဖြစ်၍ ဓာတု သံဃဋ္ဋနေနေဝ အစရှိသည်ကို မိန့်။

၂။ ဆဋ္ဌမူ၌ အယံ ဝိညေယျတောပိ စ ဟူ၍ရင်း၊ တဿာ ဟူ၍ရင်း ရှိသည်။ ဋီကာသစ်၊ဒု၊နှာ-၁၄၉ နှင့် မညီ။)

တို့၏။ ဝိကာရတ္တာ၊ ဖောက်ပြန်သည်၏ အဖြစ်ကြောင့်။ စိတ္တဇန္တိ၊ စိတ္တဇ ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏[၁]။

## ကာယဝိညတ်၏ ရသ-စသည်

တတ္ထ၊ ထိုနှစ်ပါးသော ဝိညတ်တို့တွင်။ ကာယဝိညတ္တိ၊ ကာယဝိညတ်သည်—

ရသ။ ။အဓိပ္ပါယပကာသန ရသာ၊ အလိုကို ပြခြင်းကိစ္စ ရှိ၏။

ပစ္စုပဋ္ဌာန်။ ။ကာယဝိပ္ဖန္ဒနဟေတုဘာဝ ပစ္စုပဋ္ဌာနာ၊ ကိုယ်တုန်လှုပ်ခြင်း၏ အကြောင်း၏ အဖြစ်တည်းဟူသော အခြင်းအရာဖြင့် ထင်ခြင်း ရှိ၏။

ပဒဋ္ဌာန်။ ။စိတ္တသမုဋ္ဌာနဝါယောဓာတု ပဒဋ္ဌာနာ၊ စိတ်ကြောင့်ဖြစ်သော ဝါယောဓာတ်လျှင် နီးစွာသော အကြောင်းရှိ၏။

## ဝစီဝိညတ်၏ ရသ-စသည်

တထာ၊ ထို့အတူ။ ဝစီဝိညတ္တိ၊ ဝစီဝိညတ်သည်—

ရသ။ ။အဓိပ္ပါယပကာသန ရသာ၊ အလိုကို ပြခြင်းကိစ္စ ရှိ၏။

ပစ္စုပဋ္ဌာန်။ ။ဝစီဃောသဿ၊ နှုတ်မြွက်သော အသံဟု ဆိုအပ်သော စိတ္တဇ-သဒ္ဒါ၏။ ဟေတုဘာဝ ပစ္စုပဋ္ဌာနာ၊ အကြောင်း၏ အဖြစ်တည်းဟူသော အခြင်းအရာဖြင့် ထင်ခြင်း ရှိ၏။

ပဒဋ္ဌာန်။ ။စိတ္တသမုဋ္ဌာန ပထဝီဓာတု ပဒဋ္ဌာနာ၊ စိတ်ကြောင့်ဖြစ်သော ပထဝီဓာတ်လျှင် နီးစွာသော အကြောင်းရှိ၏။

အာကာသ ၆၇၇။ န ကဿတိ၊ တစုံတယောက်သော သူသည် ရေးခြစ်ခြင်း, ဖြတ်ခြင်းငှါ မတတ်နိုင်။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အာကာသော၊ အာကာသ မည်၏။ (ကမ္မသာဓန) ရူပါနံ၊ နှားပေါက် အစရှိသော ရုပ်တို့၏။ ဝိဝရော၊ အကြားကို။ လဗ္ဘတိ၊ ရအပ်

---

၁။ ဤဝိညတ်နှစ်ခုတို့၏ အပေါင်းသည် စိတ်ကြောင့် ဖြစ်သလော၊ ထိုသို့မဟုတ် ကံ အစရှိသည်တို့ကြောင့် ဖြစ်သလော-ဟူသော အမေးကိုဖြေခြင်းငှါ န ဝိညတ္တိ ဒွယံ စသည်ကို မိန့်။

၏။ ရူပါနံ၊ ရုပ်တို့၏။ ယော ပရိစ္ဆေဒေါ၊ အကြင် အပိုင်းအခြားသည်။ အတ္ထိ၊ ရှိ၏။ သော ပရိစ္ဆေဒေါ၊ ထိုအပိုင်းအခြားကို။ အာကာသောတိ၊ အာကာသ ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏[၁]။

အာကာသ၏ ဓမ္မဝိဝတ္ထာန် ၄-ပါး

သော အာကာသော၊ ထိုအာကာသသည်—

လက္ခဏာ။ ။ရူပပရိစ္ဆေဒ လက္ခဏော၊ ရုပ်တို့ကို ပိုင်းခြားတတ်သော လက္ခဏာရှိ၏။ ဝါ၊ ရုပ်တို့ဖြင့် ပိုင်းခြားအပ်သော လက္ခဏာ ရှိ၏။ ဝါ၊ ရုပ်တို့၏ အပိုင်းအခြားမျှ လက္ခဏာ ရှိ၏။

ရသ။ ။ရူပပရိယန္တပကာသန ရသော၊ ဤသည်ကား အောက်၌ဖြစ်သော ရုပ်တို့၏ အဆုံး, ဤသည်ကား အထက်၌ဖြစ်သော ရုပ်တို့၏ အဆုံးဟု ရုပ်တို့၏ နယ်နိမိတ်ကို ပြခြင်းကိစ္စ ရှိ၏။

ပစ္စုပဋ္ဌာန်။ ။ရူပမရိယာဒ ပစ္စုပဋ္ဌာနော၊ ရုပ်တို့၏အပိုင်းအခြားမျှ ဖြစ်၍ ယူအပ်သော အခြင်းအရာ ရှိ၏။ ဝါ၊ တနည်းကား။ အသမ္ဖုဋ္ဌဘာဝ ဆိဒ္ဒဝိဝရဘာဝ ပစ္စုပဋ္ဌာနော၊ ပိုင်းခြားအပ်သော ကလာပ်၌ ဘုတ်တို့ဖြင့် မတွေ့အပ်သည်၏အဖြစ်ဟူသော အခြင်းအရာ၊ နားပေါက်, ခံတွင်းပေါက်အစရှိသော အပေါက်အကြား၏ အဖြစ်တည်းဟူသော အခြင်း အရာဖြင့် ထင်ခြင်း ရှိ၏။

ပဒဋ္ဌာန်။ ။ပရိစ္ဆိန္နရူပ ပဒဋ္ဌာနော၊ ပိုင်းခြားအပ်သော ရုပ်လျှင် နီးစွာ သော အကြောင်းရှိ၏။

ရူပဿ လဟုတာဒိတ္တယနိဒ္ဒေသေ၊ ရူပဿ လဟုတာဒိတ္တယနိဒ္ဒေသသည်။ သမ္ပတ္တေ၊ ရောက်သည်ရှိသော်။ ဣဒံ ဝစနံ၊ ဤစကားကို။ ဝုစ္စတိ၊ ဆိုအပ်၏။

လဟုတာရုပ် ၃-ခု ၆၇၉။ ရူပဿ လဟုတာဒီသု၊ ရူပဿ လဟုတာ အစ ရှိသည်တို့၌။ ဟေဋ္ဌာ၊ အောက်၌။ ဝုတ္တနယေ-နေဝ၊ ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်။ တိဿော၊ သုံးပါးကုန်သော။

---

၁။ န ကဿတိ အကာသော၊ အကာသောယေဝ အာကာသော-ဟူသော ဝစနတ္ထကို ပြခြင်းငှါ န ကဿတီတိ အာကာသော မိန့်၊ ထိုအာကာသသည် အဘယ်နည်း ဟူသော အမေးကို ဖြေခြင်းငှါ ရူပါနံ ဝိဝရော ပန မိန့်။

ရူပဝိကာရောတိ၊ ရုပ်၏ဖောက်ပြန်ခြင်းတို့ဟူ၍။ ဝိဘာဝိနာ၊ ပညာရှိသည်။ ဝိညာတဗ္ဗာ၊ သိအပ်ကုန်၏ [၁]။

**လဟုတာရုပ် ၃-ခုတို့၏ဥပမာ**　၆၉၀။ တောသံ တိဿန္နံ၊ ဤသုံးပါးတို့၏။ ပဝတ္တိယံ၊ ဖြစ်ခြင်း၌။ အရောဂီ စ၊ အနာမရှိသော ပုဂ္ဂိုလ်သည်ငင်း။ မဒ္ဒိတံ စမ္မဉ္စ၊ နယ်အပ်သော သားရေသည်ငင်း။ ဓန္တဟေမဉ္စ၊ ဦးပြီးသောရွှေသည်ငင်း။ ကမတော၀၊ အစဉ်အတိုင်းသာလျှင်။ နိဒဿနံ၊ ဥပမာသည်။ ဟောတိ၊ ဖြစ်၏ [၂]။

**လဟုတာရုပ် ၃-ခုသည် အာဟာရ စိတ် ဥတုအကြောင်း တို့ကြောင့်ဖြစ်ခြင်း**　၆၉၁။ လဟုတာဒိတ္တယံ ပန၊ လဟုတာ အစရှိသော သုံးခုတို့၏အပေါင်းကိုကား။ ကမ္မံ၊ ကံသည်။ ကာတုံ၊ ပြုခြင်းငှါ။ န သက္ကောတိ၊ မတတ်နိုင်။ အာဟာရာဒိတ္တယံယေ၀၊ အာဟာရအစရှိသော သုံးခုတို့၏အပေါင်းသည်သာလျှင်။ တံ လဟုတာဒိတ္တယံ၊ ထိုလဟုတာ အစရှိသော သုံးခုတို့၏ အပေါင်းကို။ ကရောတိ၊ ပြု၏။ တတော၊ ထိုကြောင့်။ တိဇံ၊ စိတ်,ဥတု, အာဟာရ သုံးပါးသော အကြောင်းတို့ကြောင့်ဖြစ်သည်။ ဟောတိ၊ ဖြစ်၏။

ရူပဿလဟုတာ၏ ဓမ္မ၀၀တ္ထာန် ၄-ပါး

တတ္ထ၊ ထိုရူပဿ လဟုတာ အစရှိသည်တို့တွင်။ ရူပဿ လဟုတာ၊ ရူပဿ လဟုတာသည်—

**လက္ခဏာ။**　။အဒန္ဓတာ လက္ခဏာ၊ လေးသည်၏အဖြစ်၏ ဆန့်ကျင်ဖက် လက္ခဏာရှိ၏။

---

၁။ ဤသုံးပါးတို့သည် ရုပ်တို့၏ ဝိကာရဖြစ်သည်၏ အဖြစ်ကြောင့် ရူပဝိကာရ ဆိုအပ်ကုန်၏ဟု ပြခြင်းငှါ တိဿော။ပ။ ဝိဘာဝိနာ မိန့်။

၂။ အချင်းချင်း မစွန့်ကုန်သော ရူပဿ လဟုတာ အစရှိသည်တို့၏ အထူးကို သိနိုင်ခဲသောကြောင့် အထူးကို ပြခြင်းငှါ တောသံ ပန တိဿန္နံ စသည်ကို မိန့်။

(ရူပဿ လဟုတာရုပ်သည် အနာရောဂါကင်းသူ ကျန်းမာလန်းဆန်း ပေါ့ပါးသူနှင့် တူသည်။ ရူပဿ မုဒုတာရုပ်သည် ကြိုးလွန်သားရေနယ် ဘိနပ်စသည်တို့ ပြုလုပ်ပုံသွင်း၍ ရအောင် နူးညံ့သည့် ကောင်းစွာနယ်အပ်ပြီးသော သားရေနှင့်တူသည်။ ရူပဿ ကမ္မညတာ ရုပ်သည် ဘယက်တန်းဆာ လက်ဝတ်လက်ကောက် နားတောင်းစသည့် အမှုကိစ္စ အဝ၀ပြီး မြောက်အောင် လုပ်၍ရသည့် အညစ်အကြေးကင်းစင် ဦးပြည်းသော ရွှေနှင့်တူသည်။)

ရသ။ ။ရူပါနံ၊ ရုပ်တို့၏။ ဂရုဘာဝဝိနောဒန ရသာ၊ လေးသည်၏ အဖြစ်ကို ပယ်ခြင်းကိစ္စရှိ၏။

ပစ္စုပဋ္ဌာန်။ ။လဟုပရိဝတ္တိတာ ပစ္စုပဋ္ဌာနာ၊ လျင်သော အပြန်ရှိသည်ဖြစ်၍ ယူအပ်သော အခြင်းအရာရှိ၏။

ပဒဋ္ဌာန်။ ။လဟုရူပ ပဒဋ္ဌာနာ၊ ပေါ့သောရုပ်လျှင် နီးစွာသောအကြောင်းရှိ၏။

## ရူပဿ မုဒုတာ၏ ဓမ္မဝဝတ္ထာန် ၄ပါး

ရူပဿ မုဒုတာ၊ ရူပဿ မုဒုတာ သည်—

လက္ခဏာ။ ။အထဒ္ဓတာ လက္ခဏာ၊ ကြမ်းသည်၏ အဖြစ်၏ ဆန့်ကျင်ဖက် လက္ခဏာရှိ၏။

ရသ။ ။ရူပါနံ၊ ရုပ်တို့၏။ ထဒ္ဓဘာဝ ဝိနောဒန ရသာ၊ ကြမ်းသည်၏ အဖြစ်ကို ပယ်ခြင်းကိစ္စရှိ၏။

ပစ္စုပဋ္ဌာန်။ ။သဗ္ဗကိရိယာသု၊ အလုံးစုံသော ကြိယာတို့၌။ အဝိရောဓိတာ ပစ္စုပဋ္ဌာနာ၊ မဆန့်ကျင်သည်ဖြစ်၍ ယူအပ်သော အခြင်းအရာရှိ၏။

ပဒဋ္ဌာန်။ ။မုဒုရူပ ပဒဋ္ဌာနာ၊ နူးညံ့သော ရုပ်လျှင် နီးစွာသော အကြောင်းရှိ၏။

## ရူပဿ ကမ္မညတာ၏ ဓမ္မဝဝတ္ထာန် ၄-ပါး

ရူပဿ ကမ္မညတာ၊ ရူပဿ ကမ္မညတာသည်—

လက္ခဏာ။ ။သရီရကိရိယာနုကူလကမ္မညတာ လက္ခဏာ၊ ကိုယ်ဖြင့်ပြုအပ်သော ကြိယာအားလျော်သည်၏ အဖြစ်ဟု ဆိုအပ်သောအမှု၌ ကောင်းသည်၏ အဖြစ်တည်းဟူသော လက္ခဏာရှိ၏။

ရသ။ ။အကမ္မညတာ ဝိနောဒန ရသာ၊ အမှု၌ မကောင်းသည်၏အဖြစ်ကို ပယ်ခြင်းကိစ္စရှိ၏။

ပစ္စုပဋ္ဌာနံ။ ။အဒုဗ္ဗလဘာဝ ပစ္စုပဋ္ဌာနာ၊ အားမနည်းသည်၏အဖြစ်ဖြင့် ယူအပ်သော အခြင်းအရာရှိ၏။

ပဒဋ္ဌာနံ။ ။ကမ္မညတာ ရူပ ပဒဋ္ဌာနာ၊ အမှု၌ ကောင်းသော ရုပ်လျှင် နီးစွာသော အကြောင်းရှိ၏။

တော တိဿောပိ၊ ဤသုံးပါးတို့သည်လည်း။ အညမညံ၊ အချင်းချင်း။ န ဝိဇဟန္တိ၊ မစွန့်ကုန်။

ဥပစယသန္တတိနိဒ္ဒေသေ၊ ဥပစယသန္တတိနိဒ္ဒေသ၌။ အတ္ထော၊ အနက်ကို။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ဥပစယ ၆၉၂။ ရူပါနံ၊ နိပ္ဖန္နရုပ်တို့၏။ ယော အာစယော၊ အကြင်ရှေးဦးစွာဖြစ်ခြင်းသည်။ဝါ၊ အကြင်အာစယဟု ဆိုအပ်သော ရုပ်တို့၏ ရှေးဦးစွာ ဖြစ်ခြင်း ပွါးခြင်းသည်။ အတ္ထိ၊ ရှိ၏။ သော အာစယော၊ ထိုရှေးဦးစွာ ဖြစ်ခြင်းကို။ ဝါ၊ ထိုအာစယဟု ဆိုအပ်သော ရုပ်တို့၏ ရှေးဦးစွာ ဖြစ်ခြင်း ပွါးခြင်းကို။ ဥပစယောတိ၊ ဥပစယဟူ၍။ ဝုတ္တော၊ ဟောအပ်၏။

သန္တတိ။ ။တေသံ၊ ထိုနိပ္ဖန္နရုပ်တို့၏။ အနုပ္ပဗန္ဓတာ၊ အစဉ်၏အစွမ်းအားဖြင့် ဖြစ်ခြင်းကို။ သန္တတီတိ၊ သန္တတိဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

ဇာတိရုပ် ၆၉၃။ အတ္ထတော၊ သဘောအားဖြင့်။ တေ ဥဘယံပိ၊ ဤနှစ်ပါးစုံကိုလည်း။ ဇာတိရူပန္တိ၊ ဇာတိရုပ်ဟူ၍။ အဋ္ဌကထာသု၊ အဋ္ဌကထာတို့၌။ ဒီပိတံ၊ ပြအပ်၏။

အာကာရနာနတ္တာ ဝါ၊ အာစယာကာရ, အနုပဗန္ဓာကာရ အထူးအားဖြင့်ရင်း။ ဝေနေယျာနံ၊ တရားနာသော ဝေနေယျတို့၏။ ဝါ၊ မြတ်စွာဘုရားသည် ဆုံးမတော်မူအပ်ကုန်သော ဓမ္မပဋိဂ္ဂါဟက နတ်တို့၏။ ဝသေန ဝါ၊ အစွမ်းအားဖြင့်ရင်း။ ဝုတ္တံ၊ ဟောတော်မူအပ်၏[၁]။

၁။ ဇာတိရုပ်တခုသာ ဖြစ်အံ့၊ အဘယ့်ကြောင့် ခွဲခြမ်း၍ ဆိုအပ်သနည်း၊ မြတ်စွာဘုရား ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့် ဆိုအပ်၏၊ မြတ်စွာဘုရားသည်လည်း အဘယ့် ကြောင့် ခွဲခြမ်း၍ ဟောတော်မူသနည်း ဟူသော စောဒနာကို ပြခြင်းငှါ ဝုတ္တမာကာရနာ-နတ္တာ စသည် မိန့်။

လက္ခဏာဒိတော ပန၊ လက္ခဏာအစရှိသောအားဖြင့်ကား။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။

## ဥပစယ၏ ဓမ္မဝဝတ္ထာန် ၄-ပါး

ရူပဿ ဥပစယော၊ ရူပဿ ဥပစယသည်—

လက္ခဏာ။ ။အာစယ လက္ခဏော၊ ရှေးဦးစွာဖြစ်ခြင်း လက္ခဏာရှိ၏၊ ဝါ၊ အာစယဟု ဆိုအပ်သော ရုပ်တို့၏ ရှေးဦးစွာဖြစ်ခြင်း ပွါးခြင်း လက္ခဏာရှိ၏။

ရသ။ ။ပုဗ္ဗန္တတော၊ ရှေ့အဘို့မှ။ ဝါ၊ အနာဂတ်အဖြစ်မှ။ ရူပါနံ၊ ရုပ်တို့ကို။ ဥမ္မုဇ္ဇာပန ရသော၊ ပေါ် စေသကဲ့သို့ ဖြစ်ခြင်း ကိစ္စရှိ၏။

ပစ္စုပဋ္ဌာန်။ ။နိယျာတန ပစ္စုပဋ္ဌာနော၊ ဆောင်နှင်းသကဲ့သို့ ယူအပ်သော အခြင်းအရာရှိ၏။ ဝါ၊ တနည်းကား။ ပရိပုဏ္ဏဘာဝ-ပစ္စုပဋ္ဌာနော၊ ပြည့်စုံသည်၏ အဖြစ်ဖြင့် ယူအပ်သော အခြင်းအရာရှိ၏။

ပဒဋ္ဌာန်။ ။ဥပစိတရူပ ပဒဋ္ဌာနော၊ ဥပ္ပါဒက္ခဏသို့ရောက်သော ရုပ်လျှင် နီးစွာသော အကြောင်းရှိ၏။

## သန္တတိ၏ဓမ္မဝဝတ္ထာန် ၄-ပါး

ရူပဿ သန္တတိ၊ ရူပဿ သန္တတိသည်—

လက္ခဏာ။ ။ပဝတ္တိလက္ခဏာ၊ ဖြစ်ဆဲသောရုပ်တို့၏ဖြစ်ခြင်း လက္ခဏာရှိ၏။

ရသ။ ။အနုပ္ပဗန္ဓန ရသာ၊ ရှေ့နောက်၏ အစွမ်းဖြင့် စပ်ခြင်းကိစ္စရှိ၏။

ပစ္စုပဋ္ဌာန်။ ။အနုပစ္ဆေဒ ပစ္စုပဋ္ဌာနာ၊ အစဉ် မပြတ်သောအားဖြင့် ယူအပ်သော အခြင်းအရာရှိ၏။

ပဒဋ္ဌာန်။ ။အနုပ္ပဗန္ဓ ရူပ ပဒဋ္ဌာနာ၊ အစဉ်စပ်သော ရုပ်လျှင် နီးစွာသော အကြောင်းရှိ၏။

ဇရာမည်ပုံ ၆၉၄။ ဇရာနိဒ္ဒေသေ၊ ဇရာနိဒ္ဒေသ၌။ အတ္ထော၊ အနက်ကို။ ဝေ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဇီရဏံ၊ ရင့်သည်၏ အဖြစ်သည်။ ဇရာ၊ ဇရာမည်၏။

ဇရာ ၂-မျိုး။ ။အယံ ဇရာ နာမ၊ ဤဇရာမည်သည်ကား။ ပါကဋဇရာ စ၊ ပါကဋဇရာရင်း[၁]။ အပါကဋဇရာ စ၊ အပါကဋဇရာရင်း။ ဣတိ၊ ဤသို့။ ဒုဝိဓာ၊ နှစ်ပါးအပြားရှိ၏။

တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ ရူပဓမ္မေသု၊ ရုပ်တရားတို့၌။ ဇရာ၊ ဇရာသည်။ ပါကဋာ၊ ပါကဋဇရာမည်၏။ အရူပေသု၊ နာမ်တရားတို့၌။ ဇရာ၊ ဇရာသည်။ အပါကဋာ၊ အပါကဋ ဇရာမည်၏။

**ဇရတာရုပ်၏ ဓမ္မဝဝတ္ထာန် ၄-ပါး**

ရူပဿ ဇရတာ၊ ရူပဿ ဇရတာသည်—

လက္ခဏာ။ ။ရူပဿ ပရိပါကတာ လက္ခဏာ၊ ရုပ်၏ ရင့်ကျက်သည်၏ အဖြစ်တည်းဟူသော လက္ခဏာရှိ၏။

ရသ။ ။ဥပနယန ရသာ၊ ဘင်သို့ ဆောင်ခြင်း ကိစ္စရှိ၏။

ပစ္စုပဋ္ဌာန်။ ။သဘာဝါနပဂမေပိ၊ ကက္ခဠတ္တအစရှိသော သဘောမှ မကင်းသော်လည်း။ နဝ ဘာဝါပဂမ ပစ္စုပဋ္ဌာနာ၊ ဥပါဒ် အခိုက်အတန့်မှ ကင်းသည်၏ အဖြစ်ဖြင့် ယူအပ်သော အခြင်းအရာရှိ၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်း ဟူမူကား။ ဝီဟိပုရာဏဘာဝေါ ဝိယ၊ စပါး၏အဖြစ်မှ မကင်းသော်လည်း အသစ်၏အဖြစ်မှ ကင်းခြင်းကို ပြတတ်သော စပါးဟောင်း၏ အဖြစ်ကဲ့သို့တည်း။

ပဒဋ္ဌာန်။ ။ပရိပစ္စမာန ရူပ ပဒဋ္ဌာနာ၊ ရင့်ဆဲဖြစ်သော ရုပ်လျှင် နီးစွာသော အကြောင်းရှိ၏။

---

၁။ ပါကဋဇရာ=ထင်ရှားသိသာသော ဇရာ။ ဥပမာ—ဆံပင်ဖြူခြင်း၊ သွားကျိုးခြင်း၊ အရေတွန့်လိပ်ခြင်း၊ ခါးကိုင်းခြင်းစသည်။
အပါကဋဇရာ=မသိသာ မထင်ရှားသော ဇရာ။

## အနိစ္စတာရုပ်၏ ဓမ္မဝတ္ထုာန် ၄-ပါး

ရူပဿ အနိစ္စတာ၊ ရုပဿ အနိစ္စတာသည်—

လက္ခဏာ။ ။ပရိဘေဒ လက္ခဏာ၊ ထက်ဝန်းကျင်မှ ပျက်စီးခြင်းလက္ခဏာ ရှိ၏။

ရသ။ ။သံသီဒန ရသာ၊ နစ်ခြင်းကိစ္စရှိ၏။

ပစ္စုပဋ္ဌာန်။ ။ခယ ဝယ ပစ္စုပဋ္ဌာနာ၊ ခယဝယ[၁] အဖြစ်ဖြင့် ယူအပ်သော အခြင်းအရာရှိ၏။

ပဒဋ္ဌာန်။ ။ပရိဘိဇ္ဇမာန ရူပ ပဒဋ္ဌာနာ၊ ပျက်ဆဲဖြစ်သော ရုပ်လျှင် နီးစွာသော အကြောင်းရှိ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ဝေ=ဣမိနာ ဝုတ္တာပ္ပကာရေန၊ ဤသို့ ဆိုအပ်ပြီးသော အပြားအားဖြင့်။ စတုဝီသတိ၊ နှစ်ဆဲ့လေးပါးကုန်သော။ ဥပါဒါရူပါနိ၊ ဥပါဒါရုပ်တို့ကို။ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏။

၆၉၅။ စတ္တာရိ၊ လေးပါးကုန်သော။ ဘူတရူပါနိ စ၊ ဘူတရုပ်တို့ရင်း။ စတုဝီသတိ၊ နှစ်ဆဲ့လေးပါးကုန်သော။ ဥပါဒါ=ဥပါဒါယ ရူပါနိ စ၊ ဥပါဒါ ရုပ်တို့ရင်း။ ဣတိ၊ ဤသို့။ သဗ္ဗာနေဝ၊ အလုံးစုံသာလျှင်ဖြစ်ကုန်သော။ ရူပါနိ၊ ရုပ်တို့သည်။ အဋ္ဌဝီသတိ၊ နှစ်ဆဲ့ရှစ်ပါးတို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

## ပကိဏ္ဏက ၇-ပါး

၆၉၆။ အဟံ၊ ငါသည်။ ဣမေသု ရူပေသု၊ ဤရုပ်တို့၌။ အသမ္မောဟတ္ထမေဝ၊ မတွေဝေစေခြင်း အကျိုးငှါသာလျှင်။ သမောဓာနဥ္စ၊ အစုရင်း။ သမုဋ္ဌာနဥ္စ၊ ဖြစ်ကြောင်းရင်း။ နိပ္ဖန္နဥ္စ၊ ပြီးခြင်းရင်း။ သခ်တမ္ပိ စ၊ ပြုပြင်ခြင်းရင်း။

၆၉၇။ စောဒနဥ္စ၊ စောဒနာရင်း။ ပရိဟာရဥ္စ၊ ပရိဟာရရင်း။ ကေဝိဓာဒိကံ၊ ကေဝိဓအစရှိသော။ နယဥ္စ၊ နည်းရင်း။ ဣဒံ ပကိဏ္ဏကံ၊

---

၁။ အစဉ်အဘိုင်း ပျက်ခြင်းသည် ခယ။ ဆိမ်းစာနှင့် ဆိ တပြိုင်နက် ချုပ်ငြိမ်းသကဲ့သို့ နာမ်တရားနှင့် ရုပ်တရား တပြိုင်နက် ချုပ်ငြိမ်းခြင်းသည် ဝယ။ ရင်းဋီကာသစ်၊ဒု၊နှာ-၁၅၇။

ဤပြိုးပြွမ်းသော. စကားကို။ သခေ်ပေန၊ အကျဉ်းအားဖြင့်။ ပဝက္ခာမိ၊ ဆိုပေအံ့။ သုဏ=သုဏာဟိ၊ နာလော့။

(၁) သမောဓာန=ရုပ်အစု။ ။တတ္ထ၊ ထိုသမောဓာန အစရှိသည်တို့တွင်။ သမောဓာနန္တိ ပဒဿ၊ သမော-ဓာနံဟူသော ပုဒ်၏။ အတ္ထော၊ အနက်ကို။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ရုပ် ၂၈-ပါး။ ။သဗ္ဗမေဝ၊ အလုံးစုံသာလျှင်ဖြစ်သော။ ဣဒံ ရူပံ၊ ဤရုပ်သည်။ သဗ္ဗသမောဓာနတော၊ အလုံးစုံသော အစုအားဖြင့်။ ပထဝီဓာတု စ၊ ပထဝီဓာတ်ရင်း။ အာပေါဓာတု စ၊ အာပေါဓာတ်ရင်း။ တေဇောဓာတု စ၊ တေဇောဓာတ်ရင်း။ ဝါယောဓာတု စ၊ ဝါယောဓာတ်ရင်း။ စက္ခာယတနဥ္စ၊ စက္ခာယတနရင်း။ပ။ ဇရတာ စ၊ ဇရတာရင်း။ အနိစ္စတာ စ၊ အနိစ္စတာရင်း။ ဣတိ၊ ဤသို့။ အဋ္ဌဝီသတိဝိဓံ၊ နှစ်ဆဲ့ရှစ်ပါး အပြားရှိသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဣတော၊ ဤနှစ်ဆဲ့ရှစ်ပါးမှ။ အညံ၊ တပါးသော။ ရူပံ နာမ၊ ရုပ်မည်သည်။ နတ္ထိ၊ မရှိ။

## မိဒ္ဓကို ရုပ်ဟုယူသော ကေစိဝါဒကို ပယ်ခြင်း

ကေစိ၊ အချို့ကုန်သော။ မိဒ္ဓဝါဒိနော ပန၊ မိဒ္ဓကို ရုပ်ဟု ဆိုလေ့ရှိကုန်သော ဆရာတို့သည်ကား။ ဝါ၊ မိဒ္ဓအယူရှိကုန်သော ပုဂ္ဂိုလ်တို့သည်။ မိဒ္ဓရူပံ နာမ၊ ဥတု, စိတ်, အာဟာရတို့၏ အစွမ်းအားဖြင့် သုံးပါးသော အကြောင်းတို့ကြောင့်ဖြစ်သော မိဒ္ဓမည်သောရုပ်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့၊ ဝဒန္တိ၊ ဆိုကုန်၏။ တေ၊ ထိုကေစိဆရာတို့ကို။ ပဋိက္ခိပိတဗ္ဗာ၊ ပယ်အပ်ကုန်၏။

ကထံ ပဋိက္ခိပိတဗ္ဗာ၊ အဘယ်သို့ ပယ်အပ်ကုန်သနည်း ဟူမူကား။ အဒ္ဓါ မုနိသိ သမ္ဗုဒ္ဓေါ၊ နတ္ထိ နီဝရဏာ တဝါတိအာဒိဝစနေဟိ၊ အဒ္ဓါ မုနိသိ[၁] ။ပ။ တဝ-ဤသို့ အစရှိကုန်သော သုတ္တနိပါတ် ပါဠိတော်(နှာ-၃၆၂) တို့နှင့်။ ဝိရုဇ္ဈနတော၊ ဆန့်ကျင်ခြင်းကြောင့်။ မိဒ္ဓရူပံ၊ မိဒ္ဓရုပ်သည်။ န အတ္ထိ၊ မရှိ။

---

၁။ အဘယ်သို့ ပယ်အပ်ကုန်သနည်း ဟူသော အမေးကို ဖြေခြင်း၌ "အဒ္ဓါ မုနိသိ" စသည်ကို မိန့်။

မုနိ၊ မြတ်စွာဘုရား။ တံ၊ အရှင်ဘုရားသည်။ အဒ္ဒါ=ကေန္တေန၊ စင်စစ်သဖြင့်။ သမ္ဗုဒ္ဓေါ၊ အလုံးစုံသောတရားတို့ကို အလိုလိုသာ သိတော်မူသည်။ အသိ၊ ဖြစ်၏။ ဝါ-မုနီသိ၊ မုနိဣသိဖြစ်တော်မူသော မြတ်စွာဘုရား။ တံ၊ အရှင်ဘုရားသည်။ အဒ္ဒါ=ကေန္တေန၊ စင်စစ်သဖြင့်။ သမ္ဗုဒ္ဓေါ၊ အလုံးစုံသော တရားတို့ကို အလိုလိုသာ သိတော်မူ၏။ တဝ၊ အရှင်ဘုရားအား။ နိဝရဏာ၊ နီဝရဏတရားတို့သည်။ နတ္ထိ၊ မရှိကုန်။

ထိနမိဒ္ဓနီဝရဏဥ္စ[၁]၊ ထိနမိဒ္ဓနီဝရဏသည်၎င်း။ အဝိဇ္ဇာနီဝရဏဥ္စ၊ အဝိဇ္ဇာနီဝရဏသည်၎င်း။ နီဝရဏသမ္ပယုတ္တံ၊ နီဝရဏနှင့် ယှဉ်၏။ ဣတိ၊ ဤသို့။ သမ္ပယုတ္တဝစနတော စ၊ သမ္ပယုတ်ကို ဟောတော်မူခြင်းကြောင့်လည်း။ မိဒ္ဓံ၊ မိဒ္ဓသည်။ အရူပမေဝ၊ နာမ်သာတည်း။

မဟာပကရဏပဋ္ဌာနေ[၂]၊ မဟာပကရဏအမည်ရှိသော ပဋ္ဌာန်းကျမ်း၌။ နီဝရဏံ ဓမ္မံ ပဋိစ္စ နီဝရဏော ဓမ္မော ဥပ္ပဇ္ဇတိ န ပုရေဇာတပစ္စယာတိ၊ နီဝရဏံ ဓမ္မံ ပဋိစ္စ ။ပ။ နပုရေဇာတပစ္စယာဟူသော။ ပဒဿ၊ ပုဒ်၏။ ဝိဘင်္ဂေ၊ ဝိဘင်း၌။ အရူပေပိ ကာမစ္ဆန္ဒနီဝရဏံ ပဋိစ္စ ထိနမိဒ္ဓ ဥဒ္ဓစ္စ-ကုက္ကုစ္စာဝိဇ္ဇာနီဝရဏာနိ၊ အရူပေပိ ။ပ။ နီဝရဏံ-ဟူ၍။ ဝေမာဒီဟိ[၃]၊ ဤသို့ အစရှိကုန်သော။ ပါဠိဟိပိ၊ ပါဠိတို့နှင့်လည်း။ ဝိရုဇ္ဈနတော စ၊ ဆန့်ကျင်

၁။ ပရဝါဒီသည် မြဲစွာစွဲလမ်းခြင်း, တွေဝေသောအားဖြင့် ယူခြင်းရှိသည်၏ အဖြစ်ကြောင့် ထိုနီဝရဏအာရုံရှိသော ဆန္ဒရာဂကို ပယ်ခြင်း၏ အစွမ်းအားဖြင့်သာ နီဝရဏပဟာနကို အလိုရှိအပ်၏-ဟု ယုတ်သော အယူကို ဖြစ်စေအံ့၊ ပရဝါဒီ၏ ထိုအယူကို မြစ်ခြင်းငှါ တဖန် ထိန မိဒ္ဓ နီဝရဏ၏ အဝိဇ္ဇာနီဝရဏနှင့်တကွ သမ္ပယောဂဝစနကို ဆောင်သည်ဖြစ်၍ "ထိန မိဒ္ဓ နီဝရဏံ" စသည်ကို မိန့်။ (ထိန မိဒ္ဓ နီဝရဏဥ္စ၊ ထိန မိဒ္ဓနီဝရဏသည်၎င်း၊ အဝိဇ္ဇာနီဝရဏဥ္စ၊ အဝိဇ္ဇာနီဝရဏသည်၎င်း၊ နီဝရဏသမ္ပယုတ္တံ၊ နီဝရဏနှင့်ယှဉ်၏-ဟု အနက်ပေးရမည်။ ထို့ကြောင့် ၎င်း ဋီကာသစ်၊ ဒု၊နှာ-၁၅၇ ၌ "ထိန မိဒ္ဓနီဝရဏဉ္စေဝ အဝိဇ္ဇာ-နီဝရဏဉ္စ နီဝရဏေန သမ္ပယုတ္တန္တိ သမ္ဗန္ဓော"ဟု မိန့်သည်။) (ယင်း ဋီကာသစ်၊ဒု၊နှာ-၁၅၇။)

၂။ ဤမျှအတိုင်းအရှည်ဖြင့် သာလျှင် မိဒ္ဓ၏ အရူပအဖြစ် ပြီးသော်လည်း နှစ်ကြိမ်ဖွဲ့သည်ရှိသော် သုဗန္ဓဖြစ်သကဲ့သို့ များစွာသောပါဠိဖြင့် ပြီးစေသော် မဖျက်ဆီးနိုင်သည်ဖြစ်၏ဟု နှလုံးပြု၍ ပဋ္ဌာန်းကျမ်း၌ "နီဝရဏံ ဓမ္မံ ပဋိစ္စ ။ပ။ ပစ္စယာ" ဟူသော ဤပါဠိ၏ ဝိဘင်း၌ "အရူပေ ။ပ။ ဥပ္ပဇ္ဇတိ" ဟူ၍ ဟောအပ်သော အရူပဘုံ၌ ဖြစ်ခြင်းကိုလည်း ဆောင်သည်ဖြစ်၍ "မဟာပကရဏပဋ္ဌာနေ" စသည်ကို မိန့်။ (ယင်းဋီကာသစ်၊ဒု၊နှာ-၁၅၉။)

၃။ ဝေမာဒီဟိ-၌ အာဒိသဒ္ဒါဖြင့် ကေဝလော ဟာယံ ဘိက္ခဝေ အကုသလရာသိ၊ ယဒိဒံ ပဉ္စနီဝရဏာ, ဣဓမ ပဉ္စ နီဝရဏေ ပဟာယ ဝိဂတထိနမိဒ္ဓေါတိ တဿ ထိနမိဒ္ဓဿ စတ္တတ္တာ ဝန္တတ္တာ မုတ္တတ္တာ ပဟီနတ္တာ ပဋိနိဿဋ္ဌတ္တာ၊ တေန ဝုစ္စတိ ဝိဂတထိနမိဒ္ဓေါတိ ဣဒံ စိတ္တံ

ခြင်းကြောင့်လည်း။ မိဒ္ဓံ၊ မိဒ္ဓသည်။ အရူပမေဝ၊ နာမ်သာတည်း။ ဣတိ၊ ဤသို့။ ပဋိက္ခိပိတဗ္ဗာ၊ ပယ်အပ်ကုန်၏။

နီဝရဏံ ဓမ္မံ၊ နီဝရဏတရားကို။ ပဋိစ္စ၊ စွဲ၍။ နီဝရဏော ဓမ္မော၊ နီဝရဏတရားသည်။ န ပုရေဇာတပစ္စယာ၊ အညမညပစ္စည်းကြောင့်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အရူပေပိ၊ အရူပဘုံ၌လည်း။ ကာမစ္ဆန္ဒနီဝရဏံ၊ ကာမစ္ဆန္ဒနီဝရဏကို။ ပဋိစ္စ၊ စွဲ၍။ ထိန မိဒ္ဓ ဥဒ္ဓစ္စ ကုက္ကုစ္စာဝိဇ္ဇာနီဝရဏံ၊ ထိနမိဒ္ဓ, ဥဒ္ဓစ္စကုက္ကုစ္စ, အဝိဇ္ဇာနီဝရဏသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ (ပဋ္ဌာန၊၃၊နှာ-၃၀၀။)

ဇြဂ။ အရူပေပိ၊ အရူပဘုံ၌လည်း။ တေသ မိဒ္ဓဿ၊ ဤမိဒ္ဓ၏။ ဥပ္ပတ္တိ ပါဠတော၊ ဖြစ်ခြင်းကို ဟောတော်မူသောကြောင့်။ တံ၊ ထိုမိဒ္ဓသည်။ န ရူပံ၊ ရုပ်မဟုတ်။ ဣတိ စ၊ ဤသို့သာလျှင်။ ဝိညုနာ၊ ပညာရှိသည်။ ဧတ္ထ၊ ဤအရာ၌။ အရူပံ၊ နာမ်ကို။ နိဋ္ဌံ၊ အဆုံးအဖြတ်ကို။ အဝဂန္တဗ္ဗံ၊ သိအပ်၏။

## ဗလရုပ်စသည်ကို ယူသော အပရေဝါဒကို ပယ်ခြင်း

အပရေ၊ တပါးသော ဆရာတို့သည်။ ဗလရူပေန၊ ဗလရုပ်နှင့်။ သဒ္ဓိံ၊ တကွ။ ကေူနတိံသ ရူပါနိ၊ တခုယုတ် သုံးဆယ်သော ရုပ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

သမ္ဘဝရူပေန၊ သမ္ဘဝရုပ်နှင့်။ သဒ္ဓိံ၊ တကွ။ တိံသ ရူပါနိ၊ သုံးဆယ်သော ရုပ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဇာတိရူပေန၊ ဇာတိရုပ်နှင့်။ သဒ္ဓိံ၊ တကွ။ ဧကတိံသ ရူပါနိ၊ သုံးဆဲ့တခုသော ရုပ်တို့သည်။ဟောန္တိ၊ ဖြစ်ကုန်၏။

ရောဂရူပေန၊ ရောဂရုပ်နှင့်။ သဒ္ဓိံ၊ တကွ။ ဒွတ္တိံသ ရူပါနိ၊ သုံးဆဲ့နှစ်ခုသော ရုပ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကုန်၏။

---

ဣမမှာ ထိနမိဒ္ဓမှာ သောခေတိ ဝိသောခေတိ ပရိသောခေတိ မောစေတိ ဝိမောစေတိ ပရိမောစေတိ ဝါတိ အစရှိသော ဝိဘင်း ပါဠိ နှာ-၂၆၄ ကို သင့်ရှုပ်။ (ယင်းဋီကာသစ်၊ဒု၊ နှာ-၁၅၉-၆၀။)

တေပိ၊ ထိုအပရေဆရာတို့ကိုလည်း။ တေသံ၊ ထို ဗလရုပ် အစရှိသည်တို့၏။ ဝါယောဓာတု အာဒိတော၊ ဝါယောဓာတ် အစရှိသည်မှ။ (ထည့်) ဝိသုံ ဝိသုံ၊ အသီး အသီး။ အဘာဝံ၊ မရှိခြင်းကို။ ဒဿေတွာ၊ ပြ၍။ ပဋိက္ခိပိတဗ္ဗာ၊ ပယ်အပ်ကုန်၏။

ဝါယောဓာတုယာ၊ ဝါယောဓာတ်ကို။ ဂဟိတာယ၊ ယူအပ်သည်ရှိသော်။ ဗလရူပံ၊ ဗလရုပ်ကို။ ဂဟိတမေဝ၊ ယူအပ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ အညံ၊ တပါးသော။ ဗလရူပံ နာမ၊ ဗလရုပ် မည်သည်။ နတ္ထိ၊ မရှိ။

အာပေါဓာတုယာ၊ အာပေါဓာတ်ကို။ ဂဟိတာယ၊ ယူအပ်သည်ရှိသော်။ သမ္ဘဝရူပံ၊ သမ္ဘဝရုပ်ကို။ ဂဟိတမေဝ၊ ယူအပ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

ဥပစယသန္တတီဟိ၊ ဥပစယသန္တတိတို့ကို။ ဂဟိတာဟိ၊ ယူအပ်ကုန်သည်ရှိသော်။ ဇာတိရူပံ၊ ဇာတိရုပ်ကို။ ဂဟိတမေဝ၊ ယူအပ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

ဇရတာ အနိစ္စတာဒီဟိ၊ ဇရတာ အနိစ္စတာတို့ကို။ ဂဟိတာဟိ၊ ယူအပ်ကုန်သည်ရှိသော်။ ရောဂရူပံ၊ ရောဂရုပ်ကို။ ဂဟိတမေဝ၊ ယူအပ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ အညံ၊ တပါးသော။ ရောဂရူပံ နာမ၊ ရောဂရုပ် မည်သည်။ နတ္ထိ၊ မရှိ။

တသ္မာ၊ ထို့ကြောင့်။ အဋ္ဌဝီသတိ ဝိဓာနေဝ၊ နှစ်ဆဲ့ရှစ်ပါး အပြားရှိသည်သာလျှင် ဖြစ်ကုန်သော။ ရူပါနိ၊ ရုပ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဧဝံ၊ ဤသို့။ သမောဓာနတော၊ အစုအားဖြင့်။ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏[၁]။

---

၁။ အဘယ်ကဲ့သို့ ဗလရုပ် အစရှိသည်တို့၏ မရှိခြင်းကို ပြအပ်သနည်း ဟူသော အမေးကို ဖြေခြင်းငှါ ဝါယောဓာတုယာ စသည်ကို မိန့်။

ကာယဗလမည်သည် အတ္ထ=သဘောတရားကိုယ်အားဖြင့် ဝါယောဓာတ်၏ ပဝတ္တိ-အာကာရဝိသေသ=ဖြစ်ပုံအထူးတည်း။ လူမိုက်တို့သည် ထိုဝါယောဓာတ်၏ ပဝတ္တိ-အာကာရဝိသေသကို ဗလ-ဟု ဆိုကုန်၏၊ ထို့ကြောင့် ဝါယောဓာတုယာ ဂဟိတာယ ဗလရူပံ ဂဟိတမေဝ မိန့်သည်။

**(၂) ရူပသမုဋ္ဌာန် ၄-ပါး။** ။သမုဋ္ဌာနန္တိ ပဒဿ၊ သမုဋ္ဌာန်ဟူသောပုဒ်၏။ အတ္ထော၊ အနက်ကို။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ရူပသမုဋ္ဌာနာနိ၊ ရုပ်၏ဖြစ်ကြောင်းတို့သည်။ စတ္တာရိ၊ လေးပါးတို့တည်း။ ဥတုစိတ္တာဟာရကမ္မာနိ [၁]၊ ဥတု,စိတ်,အာဟာရ, ကံ-ဟု ဆိုအပ်ကုန်သော။ ဣတိ=ဣမာနိ စတ္တာရိ၊ ဤလေးပါးတို့တည်း။

၆၉၉။ ကမ္မဉ္စ၊ ကံရင်း။ ဥတု စ၊ ဥတုရင်း။ စိတ္တဉ္စ၊ စိတ်ရင်း။ အာဟာရော စ၊ အာဟာရရင်း။ ဣတိ ဣမေ [၂]၊ ဤသည်တို့သည်။ ရူပဟေတုယော၊ ရုပ်၏ ဖြစ်ကြောင်းတို့တည်း။ တေဟေဝ စ၊ ဤ လေးပါးသော အကြောင်းတို့ကြောင့်သာလျှင်။ ရူပါနိ၊ ရုပ်တို့သည်။ ဇာယန္တိ၊ ဖြစ်ကုန်၏။ အညတော၊ တပါးသော အကြောင်းကြောင့်။ န ဇာယန္တိ၊ မဖြစ်ကုန်။

**ကောသမုဋ္ဌာန်ရုပ် ၁၁-ပါး** ၇၀၀။ တသ္မာ၊ ထို့ကြောင့်။ ကောသမုဋ္ဌာနာ၊ တပါးတပါးသော ဖြစ်ကြောင်းရှိကုန်သော ရုပ်တို့သည်။ အဋ္ဌိန္ဒြိယာနိ စ၊ စက္ခုအစရှိသော ပသာဒရုပ်ငါးပါး, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဇီဝိတိန္ဒြေ၊ ဤ ရှစ်ပါးသော ဣန္ဒြေတို့ရင်း။ ဝတ္ထု စ၊ ဟဒယဝတ္ထုရင်း။ ဝိညတ္တိဒွယမေဝ စ၊ ကာယဝိညတ်, ဝစီဝိညတ်အားဖြင့်

---

သမ္ဘဝသည် ကာမဓာတ်၌ အချို့သော သတ္တဝါတို့၏ ဣန္ဒြိယ ပရိပါက (=ဣန္ဒြေရင့်ကျက်ခြင်း)၏ အကြောင်းဖြစ်သော အာပေါဓာတ်၏ ပဝတ္တိအာကာရ ဝိသေသတည်း။ ထို့ကြောင့် **အာပေါဓာတုယာ သမ္ဘဝရူပံ** မိန့်သည်။ (ယင်းဋီကာသစ်၊ဒု၊နှာ၊၁၆၀-၁။)

ဥပစယသန္တတိတို့မှ လွတ်သော ရူပုပ္ပါဒ(=ရုပ်ဖြစ်ခြင်း)မရှိ၊ ဥပ္ပါဒါဝတ္ထ=ဥပါဒ် အခိုက်အတန့်မှုလည်း တပါးသော ဇာတိမည်သည် မရှိ၊ ထို့ကြောင့် **ဥပစယသန္တတိဟိ ဇာတိရူပံ** မိန့်သည်။

ကမ္မသမုဋ္ဌာန်လည်းဖြစ်သော ရောဂ၏ ဝိသဘာဂပစ္စယကြောင့် ဖြစ်သော ဓာတုက္ခောဘသည် အာသန္နကာရဏ-တည်း၊ တပါးသော ရောဂ၏ကား ဆိုဘွယ်မရှိ၊ ထိုရောဂသည် အနက်တရားကိုယ်အားဖြင့် ရုပ်တရားတို့၏ ပါကာဝတ္ထ ရင့်ခြင်း ပျက်ခြင်း အခိုက်အတန့်မှ ဖြစ်သော ဌီခဏ,ဘင်ခဏတို့၌သာ ဖြစ်ရာ၏။ ထို့ကြောင့် **ဇရတာ အနိစ္စတာဒီဟိ ရောဂရူပံ ဂဟိတံ** မိန့်သည်။ (ယင်း ဋီကာသစ်,ဒု၊နှာ-၁၆၁။)

၁။ ထိုရုပ်၏ ဖြစ်ကြောင်း လေးပါးတို့သည် အဘယ်ဘိုနည်း ဟူသော အမေးကို ဖြေခြင်းငှါ **ဥတုစိတ္တာဟာရကမ္မာနိ** မိန့်။

၂။ ရူပဟေတုယော ပုဒ်၌ ဣတိ-သဒ္ဒါကို ထည့်၍ ဣတိ ဣမေ ဆိုသည်။

ဝိညတ်ရုပ် နှစ်ပါးအပေါင်းဝှင်း။ ဣတိ၊ ဤသို့။ ကောဒသ၊ တဆယ့်လေးပါးတို့သည်။ ဘာဝန္တိ၊ ဖြစ်ကုန်၏။

၇၀၁။ အဋ္ဌိန္ဒြိယာနိ စ၊ ရှစ်ပါးသော ဣန္ဒြေတို့သည်၎င်း။ ဝတ္ထု စ၊ ဟဒယဝတ္ထုသည်၎င်း။ ကေန္တေနေဝ၊ စင်စစ်အားဖြင့်သာလျှင်။ ကမ္မဇာ၊ ကံကြောင့် ဖြစ်ကုန်၏။ ဝိညတ္တိ ဒွယံ၊ ဝိညတ်ရုပ်နှစ်ခုတို့၏ အပေါင်းကို။ စိတ္တဇံယေဝ၊ စိတ်ကြောင့်ဖြစ်၏ဟူ၍သာလျှင်။ မဟေသိနာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

ဒွိသမုဋ္ဌာန်ရုပ် ၂-ပါး ၇၀၂။ သဒ္ဒေါ၊ အသံသည်။ စိတ္တေန စ၊ စိတ်ကြောင့်၎င်း။ ဥတုနာ စေဝ၊ ဥတုကြောင့်၎င်း။ ဒွိဟိ၊ နှစ်ပါးသော အကြောင်းတို့ကြောင့်။ သမုဋ္ဌိတော၊ ဖြစ်၏[၁]။

တိသမုဋ္ဌာန်ရုပ် ၃-ပါး။ ။လဟုတာ ဒိတ္တယံ၊ လဟုတာဒိတ္တယကို။ ဥတု-အာဟာရစိတ္တေဟိ၊ ဥတု, အာဟာရ, စိတ်တို့သည်။ ကတံ၊ ပြုအပ်၏[၂]။

စတုသမုဋ္ဌာန်ရုပ် ၁၁-ပါး ၇၀၃။ ဝဏ္ဏော စ၊ ရူပါရုံ၎င်း။ ဂန္ဓော စ၊ ဂန္ဓာရုံ၎င်း။ ရသော စ၊ ရသာရုံ၎င်း။ ဩဇာ စ၊ ဩဇာ၎င်း။ စတဿော၊ လေးပါးကုန်သော။ ဓာတုယော စာပိ၊ မဟာဘူတရုပ် ဓာတ်တို့၎င်း။ သန္တတျူပစယာကာသာ စ၊ သန္တတိ, ဥပစယ, အာကာသတို့၎င်း။ ဣတိ၊ ဤသို့။ ကောဒသ၊ တဆယ့်တပါးသော ရုပ်တို့သည်။ စတုဗ္ဘဝါ၊ ကံအစရှိသော လေးပါးသော အကြောင်းတို့ကြောင့် ဖြစ်ကုန်၏။

ကေဇရုပ်စသည် ၇၀၄။ ကောဒသ၊ လက္ခဏိယရုပ်ရှစ်ခု, ဟဒယဝတ္ထု, ဝိညတ်ဒွေးအားဖြင့် တဆယ့်တခုသော ရုပ်တို့သည်။ ကေတော၊ ကံနှင့်စိတ် အသီးသီး တပါးသော အကြောင်းကြောင့်။ ဇာတာ၊ ဖြစ်ကုန်၏။

---

၁။ အချို့သော သဒ္ဒသည် စိတ်ကြောင့်, အချို့သော သဒ္ဒသည် ဥတုကြောင့်၊ ဤသို့ နှစ်ပါးကြောင့် ဖြစ်သည်။ တခုတည်းသော သဒ္ဒ၏သာ တခုတည်းသော ခဏ၌ နှစ်ပါး တို့သည် အကြောင်း မဖြစ်ကုန်။

၂။ တပါးတပါးကို ဥတု, အာဟာရ, စိတ် ဤသုံးပါး ပြုသည်။

ဧကော၊ တခုသော သဒ္ဒသည်။ ဒွိဇော၊ စိတ်, ဥတုတည်းဟူသော နှစ်ပါးသော အကြောင်းကြောင့် ဖြစ်၏။

တယော၊ သုံးပါးကုန်သော လဟုတာဒိတ္တယတို့သည်။ တိဇာ၊ ဥတု, အာဟာရ, စိတ်တည်းဟူသော သုံးပါးသော အကြောင်းတို့ကြောင့် ဖြစ်ကုန်၏။

ကောဒသ၊ ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ, မဟာဘုတ် ဓာတ်လေးပါး, သန္တတိ, ဥပစယ, အာကာသအားဖြင့် တဆဲ့တခုသောရုပ်တို့ကို။ စတုဇာ၊ ကံအစရှိသော လေးပါးသော အကြောင်းတို့ကြောင့် ဖြစ်ကုန်၏ဟူ၍။ အက္ခာတာ၊ ဟောတော်မူအပ်ကုန်၏။

နကုတောစိသမုဋ္ဌာန်ရုပ် ၂-ပါး။　။ဒွေ၊ နှစ်ပါးကုန်သော ဇရတာ အနိစ္စတာတို့သည်။ ကေနစိ၊ တစုံတခုသော အကြောင်းကြောင့်။ န ဇာယရေ၊ မဖြစ်ကုန်။

ကမ္မဇရုပ် ၂၀　၇၀၅။ ဝိသတိ ရူပါ၊ဣန္ဒြိယရုပ်ရှစ်ခု,ဟဒယဝတ္ထု,သုဒ္ဓဋ္ဌက, သန္တတိ, ဥပစယ, အာကာသ၊ ဤ နှစ်ဆယ်သော ရုပ်တို့သည်။ ကမ္မေန၊ ကံကြောင့်။ ဇာယရေ၊ ဖြစ်ကုန်၏။

စိတ္တဇရုပ် ၁၇-ပါး။　။သတ္တရသ တု၊ ဝိညတ်ဒွေး, သဒ္ဒ, လဟုတာဒိတ္တယ, သုဒ္ဓဋ္ဌက, သန္တတိ, ဥပစယ, အာကာသ၊ ဤတဆဲ့ခုနစ်ခုသော ရုပ်တို့သည်။ စေတသာ၊ စိတ်ကြောင့်။ ဇာယရေ၊ ဖြစ်ကုန်၏။

ဥတုဇရုပ် ၁၅-ပါး။　။ဒသပဉ္စဝ၊ သဒ္ဒ, လဟုတာဒိတ္တယ, သုဒ္ဓဋ္ဌက, သန္တတိ, ဥပစယ, အာကာသ၊ ဤတဆဲ့ငါးခုသော ရုပ်တို့သည်။ ဥတုနာ၊ ဥတုကြောင့်။ ဇာယရေ၊ ဖြစ်ကုန်၏။

အာဟာရဇရုပ် ၁၄-ပါး။　။စုဒ္ဒသ၊ လဟုတာဒိတ္တယ, သုဒ္ဓဋ္ဌက, သန္တတိ, ဥပစယ, အာကာသ၊ဤ တဆဲ့လေးခုသော ရုပ်တို့သည်။ အာဟာရတော၊ အာဟာရကြောင့်။ ဇာယရေ၊ ဖြစ်ကုန်၏[၁]။

၁။ ယခုအခါ မိဿကသမုဋ္ဌာန်တို့ကိုလည်း ယူ၍ ထိုထိုအကြောင်းကြောင့် ဖြစ်ကုန်သော ရုပ်တို့၏ ဂဏနပရိစ္ဆေဒကို ပြခြင်းငှါ ကမ္မေန စသည်မိန့်။

ဝိညတ်ရုပ် နှစ်ပါးအပေါင်းရှင်း။ ဣတိ၊ ဤသို့။ ကောဒသ၊ တဆဲ့တပါးတို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

၇၀၁။ အဋ္ဌိန္ဒြိယာနိ စ၊ ရှစ်ပါးသော ဣန္ဒြေတို့သည်ရှင်း။ ဝတ္ထု စ၊ ဟဒယဝတ္ထုသည်ရှင်း။ ကေနစ္စနေဝ၊ စင်စစ်အားဖြင့်သာလျှင်။ ကမ္မဇာ၊ ကံကြောင့် ဖြစ်ကုန်၏။ ဝိညတ္တိ ဒွယံ၊ ဝိညတ်ရုပ်နှစ်ခုတို့၏ အပေါင်းကို။ စိတ္တဇံယေဝ၊ စိတ်ကြောင့်ဖြစ်၏ဟူ၍သာလျှင်။ မဟေသိနာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

**ဒွိသမုဋ္ဌာန်ရုပ် ၂-ပါး** ၇၀၂။ သဒ္ဒေါ၊ အသံသည်။ စိတ္တောန စ၊ စိတ်ကြောင့်ရှင်း။ ဥတုနာ စေဝ၊ ဥတုကြောင့်ရှင်း။ ဒွိဟိ၊ နှစ်ပါးသော အကြောင်းတို့ကြောင့်။ သမုဋ္ဌိတော၊ ဖြစ်၏[1]။

**တိသမုဋ္ဌာန်ရုပ် ၃-ပါး။** ။လဟုတာ ဒိတ္တယံ၊ လဟုတာဒိတ္တယကို။ ဥတု-အာဟာရစိတ္တေဟိ၊ ဥတု, အာဟာရ, စိတ်တို့သည်။ ကတံ၊ ပြုအပ်၏[2]။

**စတုသမုဋ္ဌာန်ရုပ် ၁၁-ပါး** ၇၀၃။ ဝဏ္ဏော စ၊ ရူပါရုံရှင်း။ ဂန္ဓော စ၊ ဂန္ဓာရုံရှင်း။ ရသော စ၊ ရသာရုံရှင်း။ ဩဇာ စ၊ ဩဇာရှင်း။ စတဿော၊ လေးပါးကုန်သော။ ဓာတုယော စာပိ၊ မဟာဘူတရုပ် ဓာတ်တို့ရှင်း။ သန္တတျုပစယာကာသာ စ၊ သန္တတိ, ဥပစယ, အာကာသတို့ရှင်း။ ဣတိ၊ ဤသို့။ ကောဒသ၊ တဆဲ့တပါးသော ရုပ်တို့သည်။ စတုဗ္ဘဝါ၊ ကံအစရှိသော လေးပါးသော အကြောင်းတို့ကြောင့် ဖြစ်ကုန်၏။

**ကေဇရုပ်စသည်** ၇၀၄။ ကောဒသ၊ ဣန္ဒြိယရုပ်ရှစ်ခု, ဟဒယဝတ္ထု, ဝိညတ်ဒွေးအားဖြင့် တဆဲ့တခုသော ရုပ်တို့သည်။ ကေတော၊ ကံနှင့်စိတ် အသီးသီး တပါးသော အကြောင်းကြောင့်။ ဇာတာ၊ ဖြစ်ကုန်၏။

---

၁။ အချို့သော သဒ္ဒသည် စိတ်ကြောင့်, အချို့သော သဒ္ဒသည် ဥတုကြောင့်၊ ဤသို့ နှစ်ပါးကြောင့် ဖြစ်သည်။ တခုဘည်းသော သဒ္ဒ၏သာ တခုတည်းသော ခဏ၌ နှစ်ပါးတို့သည် အကြောင်း မဖြစ်ကုန်။

၂။ တပါးတပါးကို ဥတု, အာဟာရ, စိတ် ဤသုံးပါး ပြုသည်။

ဧကော၊ တခုသော သဒ္ဒသည်။ ဒွိဇော၊ စိတ်၊ ဥတုတည်းဟူသော နှစ်ပါးသော အကြောင်းကြောင့် ဖြစ်၏။

တဃော၊ သုံးပါးကုန်သော လဟုတာဒိတ္တယတို့သည်။ တိဇော၊ ဥတု၊ အာဟာရ၊ စိတ်တည်းဟူသော သုံးပါးသော အကြောင်းတို့ကြောင့် ဖြစ်ကုန်၏။

ကောဒသ၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ မဟာဘုတ် ဓာတ်လေးပါး၊ သန္တတိ၊ ဥပစယ၊ အာကာသအားဖြင့် တဆဲ့တခုသောရုပ်တို့ကို။ စတုဇာ၊ ကံအစရှိသော လေးပါးသော အကြောင်းတို့ကြောင့် ဖြစ်ကုန်၏ဟူ၍။ အက္ခာတာ၊ ဟောတော်မူအပ်ကုန်၏။

နကုတောစိသမုဋ္ဌာန်ရုပ် ၂-ပါး။ ။ဒွေ၊ နှစ်ပါးကုန်သော ဇရတာ အနိစ္စတာတို့သည်။ ကေနစိ၊ တစုံတခုသော အကြောင်းကြောင့်။ န ဇာယရေ၊ မဖြစ်ကုန်။

ကမ္မဇရုပ် ၂၀ ၇၀၅။ ဝိသတိ ရူပါ၊ ဣန္ဒြိယရုပ်ရှစ်ခု၊ ဟဒယဝတ္ထု၊ သုဒ္ဓဋ္ဌက၊ သန္တတိ၊ ဥပစယ၊ အာကာသ၊ ဤ နှစ်ဆယ်သော ရုပ်တို့သည်။ ကမ္မေန၊ ကံကြောင့်။ ဇာယရေ၊ ဖြစ်ကုန်၏။

စိတ္တဇရုပ် ၁၇-ပါး။ ။သတ္တရသ တု၊ ဝိညတ်ဒွေး၊ သဒ္ဒ၊ လဟုတာဒိတ္တယ၊ သုဒ္ဓဋ္ဌက၊ သန္တတိ၊ ဥပစယ၊ အာကာသ၊ ဤတဆဲ့ခုနစ်ခုသော ရုပ်တို့သည်။ စေတသာ၊ စိတ်ကြောင့်။ ဇာယရေ၊ ဖြစ်ကုန်၏။

ဥတုဇရုပ် ၁၅-ပါး။ ။ဒသပဉ္စဝ၊ သဒ္ဒ၊ လဟုတာဒိတ္တယ၊ သုဒ္ဓဋ္ဌက၊ သန္တတိ၊ ဥပစယ၊ အာကာသ၊ ဤတဆဲ့ငါးခုသော ရုပ်တို့သည်။ ဥတုနာ၊ ဥတုကြောင့်။ ဇာယရေ၊ ဖြစ်ကုန်၏။

အာဟာရဇရုပ် ၁၄-ပါး။ ။စုဒ္ဒသ၊ လဟုတာဒိတ္တယ၊ သုဒ္ဓဋ္ဌက၊ သန္တတိ၊ ဥပစယ၊ အာကာသ၊ ဤ တဆဲ့လေးခုသော ရုပ်တို့သည်။ အာဟာရတော၊ အာဟာရကြောင့်။ ဇာယရေ၊ ဖြစ်ကုန်၏[၁]။

---

၁။ ယခုအခါ မိဿကသမုဋ္ဌာန်တို့ကိုလည်း ယူ၍ ထိုထိုအကြောင်းကြောင့် ဖြစ်ကုန်သော ရုပ်တို့၏ ဂဏနပရိစ္ဆေဒကို ပြခြင်းငှါ ကမ္မေန စသည်မိန့်။

ရုပ်ပေါင်း ၆၀-ပါး ၇၀၆။ သဗ္ဗာနိ၊ အလုံးစုံကုန်သော။ ဧတာနိ ရူပါနိ၊ ဤရုပ်တို့သည်။ သမုဋ္ဌာန ဝိဘာဂတော၊ သမုဋ္ဌာန်ကို ခွဲဝေသောအားဖြင့်။ ဆသဋ္ဌိ၊ ခြောက်ဆဲ့ခြောက်ခုတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဇရတာနိစ္စတာဟိ၊ ဇရတာ အနိစ္စတာတို့နှင့်။ သဟ၊ တကွ။ တေ၊ ထိုခြောက်ဆဲ့ခြောက်ခုသော ရုပ်တို့သည်။ အဋ္ဌသဋ္ဌိ စ၊ ခြောက်ဆဲ့ရှစ်ခုတို့သည်လည်း။ ဟောန္တေဝ၊ ဖြစ်ကုန်သာလျှင်ကတည်း။

## ဇရတာနှင့် အနိစ္စတာသည် တစုံတခုသော အကြောင်းကြောင့် မဖြစ်ခြင်းအကြောင်း

၇၀၇။ ဇရတာ စေဝ၊ ဇရတာသည်၎င်း။ အနိစ္စတာ စေဝ၊ အနိစ္စတာသည်၎င်း။ ကေနစိ၊ ကံစသော တစုံတခုသော အကြောင်းကြောင့်။ န သမုဋ္ဌိတာ၊ မဖြစ်ကုန်။ ကသ္မာ၊ အဘယ့်ကြောင့်။ န သမုဋ္ဌိတာ၊ မဖြစ်ကုန်သနည်း။ ဇာတဿ၊ ဖြစ်ပြီးသောတရား၏။ ပါကဘေဒတ္တာ၊ ဇရတာ၏ ရင့်ခြင်း, အနိစ္စတာ၏ ပျက်ခြင်း ဖြစ်သည်၏ အဖြစ်ကြောင့်။ န သမုဋ္ဌိတာ၊ မဖြစ်ကုန်။

**ဇရတာနှင့်အနိစ္စတာသည် ကံစသော အကြောင်းကြောင့် ဖြစ်၏ဟုယူရာ၌အပြစ်**

တာနိပိ၊ ထိုဇရတာ အနိစ္စတာတို့သည်လည်း။ ယဒိ ဇာယေယျုံ၊ (တစုံတခုသော အကြောင်းကြောင့်) အကယ်၍ ဖြစ်ကုန်အံ့[၁]။

၇၀၈။ ဧဝံ သန္တေ၊ ဤသို့ဖြစ်သည်ရှိသော်။ တေသမ္ပိ၊ ထိုဇရတာ အနိစ္စတာတို့၏လည်း။ ပါကဘေဒါ၊ ရင့်ခြင်း, ပျက်ခြင်းတို့သည်။ သိယုံ၊ ဖြစ်ကုန်ရာ၏။ ဟိ=သစ္စံ၊ မှန်၏။ ပါကော၊ ဇရတာသည်။ န ပစ္စတိ၊ တပါးသော ဇရာဖြင့် မရင့်။ ဘေဒေါ ဝါ၊ အနိစ္စတာသည်လည်း။ န စ

၁။ ထိုဇရတာ, အနိစ္စတာတို့၏သည်း ဇာတ ဖြစ်သည်ရှိသော် အဘယ် အပြစ်ရှိသနည်းဟု တစုံတယောက်သောသူသည် ဆိုအံ့၊ ထိုသူ၏ မကောင်းသော အယူကို ဖျက်သည်ဖြစ်၍ ဇာယေယျုံ စသည်မိန့်။

ဇရတာ။ပ။ သမုဋ္ဌိတာဟု ဆိုပြီး၍ တဖန် ထိုတစုံတခုသော အကြောင်းတို့ကြောင့် မဖြစ်ခြင်း၌ အကြောင်းကို ပြခြင်းငှါ ဇာတဿ ပါကဘေဒတ္တာမိန့်။

ဘိဇ္ဇတိ၊ တပါးသော ဘင်ဖြင့် မပျက်။ တံ၊ ထိုဇရတာ အနိစ္စတာတို့၏ ရင့်ခြင်း ပျက်ခြင်းသည်။ နတ္ထိ၊ မရှိ[၁]။

၇၀၉-၇၁၀။ ဇာတဿ၊ ဖြစ်ပြီးသော တရား၏။ ပါကဘေဒတ္တာ၊ ဇရတာ၏ရင့်ခြင်း, အနိစ္စတာ၏ ပျက်ခြင်းဖြစ်သည်၏အဖြစ်ကြောင့်။ တေဒွယံ၊ ဤဇရတာ အနိစ္စတာ နှစ်ခုတို့၏ အပေါင်းသည်။ န ဇာယတိ၊ (ကံစသော အကြောင်းကြောင့်) မဖြစ်။

ဇာတိကိုနိဒ္ဒေသဥ္ဟောတော်မူခြင်း အကြောင်း　　တေ္တ=တေသံ့ အဓိကာရေ၊ ဇရတာ အနိစ္စတာနှစ်ခုတို့၏ အပေါင်းသည် ဤသို့ ရင့်ခြင်း ပျက်ခြင်းဖြစ်သည် ဟူသော ဤအရာ၌။ ရူပဿုပစယောတိ ဝစနေန၊ ရူပဿုပစယော အစရှိသောပါဠ်ဖြင့်။ ဇာတိ၊ ဇာတိသည်။ ဇာယတိ၊ ဖြစ်၏။ ဣတိ စ၊ ဤသို့လည်း။ ဒီပိတံ ယထာ၊ ပြအပ်သကဲ့သို့။ဝေံတထာ၊ ထို့အတူ။ ပါကောပိ၊ ဇရတာသည်လည်း။ ပစ္စတု၊ တပါးသော ဇရာဖြင့် ရင့်စေလော။ ဘေဒေါပိ၊ အနိစ္စတာသည်လည်း။ ပရိဘိဇ္ဇတု၊ တပါးသော ဘင်ဖြင့် ပျက်စေလော။ ဣတိ၊ ဤသို့။ ကဿစိ၊ တစုံတယောက်သောသူ၏။ ဗုဒ္ဓိ၊ အသိဉာဏ်သည်။ သိယာ[၂]၊ ဖြစ်ရာ၏။ ဝါ၊ ဖြစ်အံ့။

---

၁။ ထိုဇရတာ အနိစ္စတာတို့၏လည်း ပါကဘေဒတို့သည် ဖြစ်စေကုန်၊ ထိုဖြစ်သော အခါ၌လည်း အဘယ်အပြစ်ရှိသနည်း ဟူသော အမေးကို ဖြေခြင်းငှါ န ဟိ ပါကော ပစ္စတိ ဘေဒေါ ဝါ န စ ဘိဇ္ဇတိ မိန့်။

ဆိုအပ်ပြီးသော အနက်ကိုပင်လျှင် ချုံး၍ နတ္ထိ တံ မိန့်။

နိဂုံးအုပ်ခြင်းငှါ ဇာတဿ ပါကဘေဒတ္တာ စသည်မိန့်။

(ဇရတာနှင့် အနိစ္စတာသည် ကံစသော တခုခုသော အကြောင်းကြောင့် ဖြစ်သည် ဆိုအံ့၊ ထိုဇရတာနှင့် အနိစ္စတာတို့မှာ ရင့်ခြင်း, ပျက်ခြင်းရှိသည် ဟူသော အပြစ်ရောက်သည်၊ မှန်၏၊ ဇရတာရုပ်မှာ တပါးသော ဇရာကြောင့် ရင့်သည်မဟုတ်၊ အနိစ္စတာရုပ်မှာ တပါးသောဘင်=မရဏကြောင့် ပျက်သည်မဟုတ်၊ ထိုဇရတာနှင့် အနိစ္စတာမှာ ရင့်ရော် အိုမင်းခြင်း, ပျက်စီးခြင်း မရှိပေ။ စင်စစ်သော်ကား ဖြစ်ပြီးသောရုပ်တရား၏ ရင့်ခြင်း, ပျက်ခြင်းကိုသာ ဇရတာ, အနိစ္စတာ-ဟု ဆိုသည်။ ထို့ကြောင့် ဇရတာနှင့် အနိစ္စတာသည် ကံစသော အကြောင်းကြောင့် ဖြစ်သည်မဟုတ်ဟူလို၊ ၎င်းဋီကာသစ်၊ဒု၊နှာ-၁၆၂-၃။)

၂။ တပါးသော သူတို့၏ အယူ အသက်ာ=ယုံမှားခြင်းကို ပြခြင်းငှါ သိယာ ကဿစိ စသည်ကို မိန့်။ (ဆဋ္ဌမူ၌ သိယာ ကတ္ထစိ ရှိသည်)

၇၁၁။ ဇာတိ၊ ဇာတိသည်။ န စေဝ ဇာယတေ၊ ကံစသောအကြောင်း ကြောင့် ဖြစ်သည်မဟုတ်။ ဣတိ၊ ဤသို့။ ဝိဘာဝိနာ၊ ပညာရှိသောသူ သည်။ ဥေယျာ၊ သိအပ်၏။ ဇာယမာနဿ၊ ဖြစ်ဆဲဖြစ်သော။ ဓမ္မဿ၊ ရုပ်တရား၏။ နိဗ္ဗတ္တိ၊ ဖြစ်ခြင်းသည်။ (ဇာတိ၊ ဇာတိသည်။) ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ နိဒ္ဒေသေ၊ ဓမ္မသင်္ဂဏီပါဠိတော် နိဒ္ဒေသ ၌။ ပကာသိတာ၊ (ပရိယာယ်အားဖြင့်)ပြအပ်၏[၁]။

ဇရတာနှင့်အနိစ္စတာသည် ကမ္မဇစသောဝေါဟာရကို မရခြင်းအကြောင်း

၇၁၂။ တတ္ထ ဝစနေ၊ ထိုဇရတာ, အနိစ္စတာ နှစ်ပါးတို့၏ အပေါင်းသည် ဤသို့ ရင့်ခြင်း ပျက်ခြင်း ဖြစ်သည်မဟုတ် ဟူသောစကား၌။ ယေသံ ဓမ္မာနမေဝ၊ အကြောင်တရားတို့၏သာလျှင်။ ယာ ဇာတိ၊ အကြောင်ဇာတိသည်။ အတ္ထိ၊ ရှိ၏။ သာ ဇာတိ၊ ထိုဇာတိသည်။ တပ္ပစ္စယတ္တဝေါဟာရဍ္ဍ၊ ထိုကံအကြောင်းရှိသည်၏အဖြစ် အစရှိသော ဝေါဟာရကိုရင်း (ကမ္မဇ

ရူပဿုပစယောတိ၌ ဣတိ သဒ္ဒါသည် အာဒျတ္ထတည်း၊ ထိုဣတိသဒ္ဒါဖြင့် ရူပဿ ဥပစယော သန္တတိတိ ဝစနေန ဟူသော အနက်ကို သင်္ဂြိုဟ်။ (ဣတိသဒ္ဒါဖြင့် သန္တတိပုဒ်ကို သင်္ဂြိုဟ်သည်။)

(ဖြစ်သောကြောင့်ဖြစ်သည်၊ ရင့်သောကြောင့် ရင့်သည်၊ ပျက်သောကြောင့် ပျက်သည် ဟု ဆိုငြားအံ့။ စင်စစ်အားဖြင့် "ဖြစ်သောကြောင့်" "ရင့်သောကြောင့်" "ပျက်သော ကြောင့်" ဟူသော ဝေါဟာရစကားတို့သည် ဖြစ်ခြင်း, ရင့်ခြင်း, ပျက်ခြင်းတို့ကို ဖြစ်ပေါ် စေသော သမုဋ္ဌာနိက အကြောင်းများ မဟုတ်-ဟု ဆိုလိုသည်။)

(ကမ္မဿ ကတတ္တာစသည်ကိုအကျယ်ဝေဘန်ရာဓမ္မသင်္ဂဏီနိဒ္ဒေသပါဠိတော် နှာ-၁၇၁ ၌ ရူပဿဥပစယော, ရူပဿသန္တတိ စကားဖြင့် ကံစသောအကြောင်းကြောင့် ဇာတိသည် ဖြစ်၏ဟု ဘုရားရှင် ဟောထားသည်မှာ မုချအားဖြင့် ဟောထားသည်မဟုတ်၊ ပရိယာယ် အားဖြင့် ဟောထားခြင်းဖြစ်သည်၊ စင်စစ်မှာ ကံစသော အကြောင်းကြောင့် ဖြစ်သော စက္ခုစသောရုပ်တရား၏ ဖြစ်ခြင်းမျှကိုသာ ဇာတိဟု ဆိုသည်၊ ထို့ကြောင့် ဇာတိသည် ကံစသော အကြောင်းရှိသည့် အဖြစ်ဟူသော ကမ္မဇစသော အမည်ဝေါဟာရကို ရရှိ ကြောင်းနှင့် ဖြစ်ဆဲဖြစ်သော ဇာတိသည် ကံစသော အကြောင်းကြောင့် ဖြစ်သည်မဟုတ် ကြောင်းကို သိစေလိုသော ရည်ရွယ်ချက်ဖြင့် ဓမ္မသင်္ဂဏီ နိဒ္ဒေသ၌ ဟောပြတော်မူသည်။ ရင်း ဋီကာသစ်၊ဒု၊နှာ-၁၆၃။)

၁။ သင်္ကာ=ယုံမှားအပ်သော သူတပါးအယူကို ပယ်ခြင်းငှါ န စေဝ ဇာယတေ စသည်မိန့်၊ ဇာတိသည် မဖြစ်သည်ရှိသော် နိဒ္ဒေသ၌ အဘယ့်ကြောင့် ဟောသနည်းဟူသော အမေးကို ဖြေခြင်းငှါ ဇာယမာနဿ စသည်မိန့်။

စသော အခေါ်အဝေါ်ကိုရင်း)။ အဘိနိဗ္ဗတ္တိသမ္မုတိံ စ၊ အဘိနိဗ္ဗတ္တိ၏ အစွမ်းအားဖြင့်ဖြစ်သော သမ္မုတိကိုရင်း (အဘိနိဗ္ဗတ္တိဟူသော သမုတ် ခြင်းကိုရင်း)။

၇၁၃။ လဘတေဝ ယထာ၊ ရသကဲ့သို့။ တထာ၊ ထို့အတူ။ တေသံ၊ ထို ဇရတာ, အနိစ္စတာတို့၏။ တေ ပါကဘေဒါ၊ ထိုရင့်ခြင်း,ပျက်ခြင်းတို့သည်။ တပ္ပစ္စယတ္တဝေါဟာရဥ္စ၊ ထိုကံအကြောင်း ရှိသည်၏အဖြစ် အစရှိသော ဝေါဟာရကိုရင်း။ အဘိနိဗ္ဗတ္တိသမ္မုတိံ စ၊ အဘိနိဗ္ဗတ္တိ၏အစွမ်းအားဖြင့် ဖြစ်သော သမ္မုတိကိုရင်း။ လဘန္တိ=လဘန္တု၊ ရစေကုန်လော။

၇၁၄။ ဧဝံ၊ဤသို့ရသည်ရှိသော်။ ဣဒံ ဒွယဥ္စာပိ၊ ဤဇရတာ,အနိစ္စတာ နှစ်ပါးတို့၏အပေါင်းသည်လည်း။ ကမ္မာဒိသမ္ဘဝံ၊ ကံ အစရှိသောအကြောင်း တို့ကြောင့်ဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ယဿ၊ အကြင် သူအား။ ဝါ၊ သူ၏။ ဗုဒ္ဓိ၊ အသိဉာဏ်သည်။ သိယာ၊ ဖြစ်ရာ၏။ ဝါ၊ ဖြစ်အံ့။

ပါကဘေဒါ၊ ရင့်ခြင်း ပျက်ခြင်းတို့သည်။ တံ ဝေါဟာရံ၊ ထိုကံအစရှိ သော အကြောင်းကြောင့် ဖြစ်၏ဟူသော ဝေါဟာရကို။ ကဒါစိပိ၊ တရံ တဆစ်သော အခါ၌လည်း။ န လဘန္တိ၊ မရကုန်။

၇၁၅။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ဟိ=ယသ္မာ၊ အကြင့် ကြောင့်။ ဇနကာနံ၊ ရုပ်ကို ဖြစ်စေတတ်ကုန်သော။ ပစ္စယာနံ၊ ကံအစရှိ ကုန်သော ဇနကအကြောင်းတို့၏။ အာနုဘာဝခဏေပွါဒေ၊ ကိစ္စာနုဘာဝဟု ဆိုအပ်သော ခဏ၏ ဖြစ်ခြင်း၌ (ရုပ်ကို ဖြစ်စေနိုင်ခြင်း အာနုဘော် ရှိသော ခဏ၌)။ ပါကဘေဒါနံ၊ ရင့်ခြင်း ပျက်ခြင်းတို့၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ န လဘန္တိ၊ (ကံအစရှိသော အကြောင်းကြောင့် ဖြစ်၏ ဟူသော ဝေါဟာရကို)မရကုန်။

ဇာတိယာ ပန၊ ဇာတိအားကား။ သော ဝေါဟာရော၊ ထိုကံအစရှိ သော အကြောင်းကြောင့် ဖြစ်၏ဟူသော ဝေါဟာရကို။ လဗ္ဘတိ၊ ရအပ်၏။

၇၁၆။ တသ္မာ၊ ထို့ကြောင့်။ ဇာတိဝ၊ ဇာတိသည်သာလျှင်။ တပ္ပစ္စ- ယတ္တဝေါဟာရဥ္စ၊ ထိုကံအကြောင်း အစရှိသည်၏အဖြစ် အစရှိသော

ဝေါဟာရကိုရင်း (ကမ္မဇစသော ဝေါဟာရကိုရင်း)။ အဘိနိဗ္ဗတ္တိသမ္မုတိံ၊ အဘိနိဗ္ဗတ္တိ၏ အစွမ်းအားဖြင့်ဖြစ်သော သမ္မုတိကိုရင်း(အဘိနိဗ္ဗတ္တိ=ဖြစ်ခြင်းဟူသော သမုတ်ခြင်းကိုရင်း)။ လဘတိ၊ ရ၏။ ဣတရဒ္ဒယံ၊ ဤဇာတိမှတပါးသော ဇရတာ အနိစ္စတာနှစ်ပါးအပေါင်းသည်။ န လဘတိ၊ မရ[၁]။

၇၁၇။ တံ ဒွယံ၊ ထိုဇရတာ အနိစ္စတာ နှစ်ပါးတို့၏ အပေါင်းသည်။ ဇီရတိ[၂]၊ ရင့်၏။ ဣတိ ဝါ၊ ဤသို့ရင်း။ ဘိဇ္ဇတိ၊ ပျက်၏။ ဣတိ ဝါ၊ ဤသို့ရင်း။ န ဝတ္တဗ္ဗံ၊ မဆိုအပ်။ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ ပစ္စယာနံ၊ ကံအစရှိသော ရုပ်ကို ဖြစ်စေတတ်ကုန်သော ဇနကအကြောင်းတို့၏။ အာနုဘာဝက္ခဏေ၊ ရုပ်ကို ဖြစ်စေနိုင်ခြင်း ကိစ္စ အာနုဘာဝ အစွမ်းရှိသောခဏ၌။ တဿ ဒွယဿ၊ ထိုဇရတာ အနိစ္စတာ နှစ်ခုတို့၏ အပေါင်း၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ န ဝတ္တဗ္ဗံ၊ မဆိုအပ်။

ဇရာမရဏသည် ကံစသော အကြောင်းကြောင့်မဖြစ်

၇၁၈။ အနိစ္စံ သင်္ခတဉ္စေ'တံ ဇရာ မရဏံ ဣတိ၊ အနိစ္စံ သင်္ခတဉ္စေ'တံ ဇရာမရဏံဟူသော။ ဣမဿပိ၊ ဤသဂါထာဝဂ္ဂသံယုတ်ပါဠိတော် (နှာ-၂၆၄)၏လည်း။ ဝုတ္တတ္တာ၊ ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်။ တံ ဒွယံ၊ ထိုဇရတာ အနိစ္စတာ နှစ်ခုတို့၏ အပေါင်းသည်။ ဇာယတိ၊ (ကံစသော အကြောင်းကြောင့်)ဖြစ်၏။ ဧဝံ၊ ဤသို့။ တုဝံ၊ သင်သည်။ စေ မညသိ၊ အကယ်၍ အောက်မေ့အံ့[၃]။

၁။ (ဇရတာနှင့် အနိစ္စတာတို့သည် ကမ္မဇစသော ဝေါဟာရကို မရ၊ အကြောင်းကား ကံစသော ဇနကအကြောင်းတို့၏ ရုပ်ကိုဖြစ်စေနိုင်သော အစွမ်းသတ္တိ အာနုဘော်ရှိသော ခဏ၌ (ကံစသော အကြောင်းတို့၏ ဇနကသတ္တိ ထင်ရှားသောခဏမှာ) မိမိဟူသော ဇရတာနှင့် အနိစ္စတာတို့ မရှိ၊ ထို့ကြောင့် ကမ္မဇစသော ဝေါဟာရကို မရဟူလို။ ရင်းဋီကာသစ်၊ဒု၊နှာ-၁၆၄-၅။)

၂။ (ဆဋ္ဌမူ၌ "ဇီယျတိ" ဟု ရှိသည်။)

၃။ ဇရာမရဏံ ဘိက္ခဝေ အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ ဟူ၍ သုတ္တန်၌ ဘုရားဟောတော်မူသည် မဟုတ်ပါလော။ အဘယ့်ကြောင့် ဇရတာ အနိစ္စတာ စေဝ န ကေဟိစိ သမုဋ္ဌိတာ-ဟူသော ဤစကားကို ဆိုအပ်သနည်းဟု ဆိုသော သူ၏ အကြံကို ပြ၍ ပယ်ခြင်းငှါ အနိစ္စံ သင်္ခတဉ္စေတံ စသည် မိန့်။ (ယင်း ဋီကာသစ်၊ဒု၊နှာ-၁၆၅။)

၇၁၉။ ဝေမ္ပိ စ၊ ဤသို့လည်း။ န ဝတ္တဗ္ဗံ၊ မဆိုအပ်။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ဟိ=ယသ္မာ၊ အကြင့်ကြောင့်။ သာ၊ ထို အနိစ္စံ သင်္ခတဓမ္မေတံ ဇရာမရဏံဟူသော ဒေသနာသည်။ ပရိယာယဒေသနာ၊ ပရိယာယ်ဒေသနာတည်း။ တသ္မာ၊ ထိုကြောင့်။ န ဝတ္တဗ္ဗံ[၁]၊ မဆိုအပ်။

အနိစ္စာနံ၊ အနိစ္စဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့၏။ တထာ၊ ထို့အတူ။ သင်္ခတာနံ၊ သင်္ခတဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့၏။ ဇရာမရဏတော၊ ဇရာမရဏဖြစ်သည်၏ အဖြစ်ကြောင့်။

၇၂၀။ အနိစ္စန္တိ ဣတိ၊ အနိစ္စဟူ၍ငင်း။ သင်္ခတန္တိ ဣတိ၊ သင်္ခတဟူ၍ ငင်း။ ပဋိစ္စသမုပ္ပန္နန္တိ ဣတိ၊ ပဋိစ္စသမုပ္ပန္နဟူ၍ငင်း။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ဝိညတ္တိယော ဝိယ၊ ဝိညတ်တို့ကဲ့သို့တည်း။ ဝါ၊ စိတ္တဇရုပ်တို့၏ ဖောက်ပြန်ခြင်း ဖြစ်သည်၏အဖြစ်ကြောင့် ဝိညတ်တို့ကို စိတ္တဇဟု ဟောအပ်ကုန်သကဲ့သို့တည်း[၂]။

လက္ခဏရုပ်၏ရှိခြင်း, မရှိခြင်း။ ။ဧဝံ၊ ဤသို့ အနိစ္စ သင်္ခတဖြစ်ကုန်သော တရားတို့၏ ဇရာ, မရဏ ဖြစ်သည်၏ အဖြစ်ကြောင့် အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံဟူ၍ ဟောတော်မူသည်။ ယဒိ သိယာ၊ အကယ်၍ ဖြစ်ငြားအံ့။ ဧဝံ သတိ၊ ဤသို့ဖြစ်သည်ရှိသော်။ ဧတံ တယံ၊ ဤဇာတိ, ဇရာ, ဘင်ဟု ဆိုအပ်သော လက္ခဏရုပ် သုံးခုတို့၏ အပေါင်းသည်။ သဗ္ဗထာ၊ ခပ်သိမ်းသော အပြားအားဖြင့်။ အဇာတတ္တာ၊ မဖြစ်သည်၏ အဖြစ်ကြောင့်။

၇၂၁။ ခံပုပ္ဖံ၊ ကောင်းကင်ပန်းသည်။ နတ္ထိ ဣဝ၊ မရှိသကဲ့သို့။ တထာ၊ ထို့အတူ။ နတ္ထိ၊ မရှိ။ အသင်္ခတံ၊ အသင်္ခတဖြစ်သော နိဗ္ဗာန်သည်။ နိစ္စံ ဝိယ၊

၁။ အဘယ့်ကြောင့် မဆိုအပ်သနည်း ဟူသောအမေးကို ဖြေခြင်းငှါ သာ ဟိ ပရိယာ-ယဒေသနာ” မိန့်၊

၂။ ပရိယာယဒေသနာ အဖြစ်ကိုပင်လျှင် ထင်စွာပြခြင်းငှါ “အနိစ္စာနံ တု ဓမ္မာနံ” စသည် မိန့်။

တထာသဒ္ဒါဖြင့် သင်္ခတာနံဟု သင်္ဂြိုဟ်သည်၊

အနိစ္စံ သင်္ခတဥ္စ စသဒ္ဒါဖြင့် ပဋိစ္စသမုပ္ပန္နံကို သင်္ဂြိုဟ်သည်၊

လဟုတာ အစရှိသည်တို့၏လည်း စိတ္တဇအစရှိသည်၏ အဖြစ်၏ ပရိယာယ်အားဖြင့်သာလျှင် အလိုရှိအပ်သည်၏ အဖြစ်ကြောင့် ဝိညတ္တိယော ဝိယ သည်လည်း နိဒဿနမျှသာ။

တစုံတခုသောအကြောင်းသည် မပြုပြင်အပ်သည်၏ အဖြစ်ကြောင့် မြဲသကဲ့သို့။ တထာ၊ ထို့အတူ။ နိစ္စံ၊ တစုံတခုသော အကြောင်းသည် မပြုပြင်အပ်သည်၏အဖြစ်ကြောင့် မြဲ၏။ ဣတိ အယံ၊ ဤသည်လျှင်။ စောဒနာ၊ စောဒနာတည်း။

ဣဒံ ဥဘယံ၊ ဤကောင်းကင်ပန်းကဲ့သို့ မရှိ၊ နိဗ္ဗာန်ကဲ့သို့ မြဲ၏ ဟူသော သခ်တတရား နှစ်ပါးစုံသည်။ နေဝ ဟောတိ၊ မဖြစ်။ ကသ္မာ၊ အဘယ့်ကြောင့်။ နေဝ ဟောတိ၊ မဖြစ်သနည်း။ နိဿယာယတ္တဝုတ္တိတော၊ ဖြစ်ဆဲ, ရင့်ဆဲ, ပျက်ဆဲဟူသော မှီရာနှင့်စပ်၍ ဖြစ်ခြင်းကြောင့်။ နေဝ ဟောတိ၊ မဖြစ်။

၇၂၂။ ပထဝိယာဒီနံ၊ ပထဝီအစရှိကုန်သော။ နိဿယာနံ၊ မှီရာတို့၏။ ဘာဝေ၊ ဖြစ်ခြင်းသည်။ သတိ၊ ရှိသော်။ တသ္မာ ဘာဝတော၊ ထိုသို့ဖြစ်ခြင်းကြောင့်။ ခံပုပ္ဖံ၊ ကောင်းကင်ပန်းသည်။ နတ္ထိ ဝိယ၊ မရှိသကဲ့သို့။ တထာ၊ ထို့အတူ။ တံ တယံ၊ ထိုဇာတိ, ဇရာ, ဘင်ဟုဆိုအပ်သော လက္ခဏာရုပ် သုံးခုတို့၏ အပေါင်းသည်။ န နတ္ထိ၊ မရှိသည် မဟုတ်။ အတ္ထိ၊ ရှိ၏။

၇၂၃။ ပထဝိယာဒီနံ၊ ပထဝီအစရှိသော မှီရာတို့၏။ အဘာဝေ၊ မရှိခြင်းသည်။ သတိ၊ ရှိသော်။ ယသ္မာ၊ အကြင့်ကြောင့်။ န စ လဗ္ဘတိ၊ မရအပ်။ တသ္မာ၊ ထို့ကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ နိစ္စံ ဝိယ၊ မြဲသကဲ့သို့။ တထာ၊ ထို့အတူ။ တံ တယံ၊ ထိုဇာတိ, ဇရာ, ဘင်ဟုဆိုအပ်သော လက္ခဏာရုပ် သုံးခုတို့၏ အပေါင်းသည်။ နိစ္စံ ဝါ၊ မြဲသည်လည်း။ န ဟောတိ၊ မဖြစ်[၁]။ ဣတိ အယံ၊ ဤသည်လျှင်။ ပရိဟာရော၊ အဖြေတည်း။

---

၁။ ထိုနိဿယာယတ္တဝုတ္တိ အဖြစ်ကိုပင်လျှင် ပြီးစေခြင်းငှါ ဘာဝေ ပထဝိယာဒိနံ စသည် မိန့်။

(ဇာတိ,ဇရာ,မရဏာသည် ပထဝီဓာတ်စသော မှီရာရုပ်နှင့်စပ်၍ဖြစ်သည်၊ သို့ဖြစ်၍ ထိုဇာတိဇရာမရဏာသည် ပထဝီဓာတ်စသော မှီရာရုပ်ဖြစ်လတ်သော် ထင်ရှားသောကြောင့် မရှိသည်လည်း မဟုတ်၊ ရှိသည်။ ပထဝီဓာတ်စသော မှီရာရုပ်တို့ မဖြစ်သောအခါ မထင်ရှားသောကြောင့် မြဲသည်လည်း မဟုတ်၊ မမြဲဟု ဆိုလိုသည်၊ ရင်းဋီကာသစ်၊ ဒု၊ နှာ-၁၆၅-၆။)

## ရုပ်ကို နိပ္ဖန္န,သနိဒဿနအားဖြင့် စိစစ်ခြင်း

နိပ္ဖန္နရုပ်။ ။နိပ္ဖန္နန္တိ ဧတ္ထ ပဒေ၊ နိပ္ဖန္နံဟူသော ဤပုဒ်၌။ အတ္ထော၊ အနက်ကို။ ဝေ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။

စတ္တာရော၊ လေးပါးကုန်သော။ မဟာဘူတာ စ၊ မဟာဘုတ်တို့ရင်း။ စက္ခု သောတ ဃာန ဇိဝှါ ကာယ ရူပ သဒ္ဒ ဂန္ဓ ရသ ဣတ္ထိ ပုရိသ ဇီဝိတိန္ဒြိယ-ကဗဠီကာရာဟာရ ဟဒယဝတ္ထူ စ၊ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဇီဝိတိန္ဒြေ,ကဗဠီကာရအာဟာရ, ဟဒယဝတ္ထုတို့ရင်း။ ဣတိ၊ဤသို့။ အဋ္ဌာရသ ရူပါနိ၊ တဆဲ့ရှစ်ပါးကုန်သော ရုပ်တို့သည်။ နိပ္ဖန္နာနိ နာမ၊ ပရိစ္ဆေဒ အစရှိသည်ကိုလွန်၍ မိမိ၏ ကက္ခဠတ္တ အစရှိသော သဘောအားဖြင့် ပိုင်းခြား၍ ယူအပ်သည်၏ အဖြစ်ကြောင့် နိပ္ဖန္န မည်ကုန်၏။ ဝါ၊ ကံ စိတ် ဥတု အာဟာရ တည်းဟူသော အကြောင်းတို့ကြောင့် ပြီးသည်၏ အဖြစ်ကြောင့် နိပ္ဖန္နမည်ကုန်၏။

အနိပ္ဖန္နရုပ်။ ။သေသာနိ၊ ကြွင်းကုန်သော။ ဒသ ရူပါနိ၊ ဆယ်ပါးသော ရုပ်တို့သည်။ အနိပ္ဖန္နာနိ နာမ၊ ကံ စိတ် ဥတု အာဟာရ တည်းဟူသော အကြောင်းတို့ကြောင့် မပြီးသည်၏ အဖြစ်ကြောင့် အနိပ္ဖန္န မည်ကုန်၏။

(၃)နိပ္ဖန္န(၄)သနိဒဿန ၇၂၄။ အဋ္ဌာရသ၊ တဆဲ့ရှစ်ပါးကုန်သော ရုပ်တို့သည်။ နိပ္ဖန္နာနိ၊ နိပ္ဖန္န မည်ကုန်၏။ အဝသေသကာ၊ ကြွင်းကုန်သော ရုပ်တို့သည်။ အနိပ္ဖန္နာ၊ အနိပ္ဖန္န မည်ကုန်၏။

အနိပ္ဖန္နာ၊ အနိပ္ဖန္နမည်ကုန်သည်။ ယဒိ ဟောန္တိ၊ အကယ်၍ ဖြစ်ကုန်အံ့[၁]။ တေ၊ ထိုအနိပ္ဖန္နရုပ်တို့သည်။ အသင်္ခတာ၊ အသင်္ခတမည်ကုန်သည်။ ဘဝေယျုံ၊ ဖြစ်ကုန်ရာ၏။ ဣတိ အယံ၊ ဤသည်ကား။ စောဒနာ၊ စောဒနာတည်း။

၇၂၅။ တေသမေဝ စ ရူပါနံ၊ ထိုတဆဲ့ရှစ်ပါးကုန်သော နိပ္ဖန္နရုပ်တို့၏ သာလျှင်။ ဝိကာရတ္တာ၊ ဖောက်ပြန်ခြင်း ဖြစ်သည်၏ အဖြစ်ကြောင့်။ တေ၊

---

၁။ သေသကာ အနိပ္ဖန္နာဟု ကြား၍ ပရဝါဒီသည် မလိုအပ်သောအပြစ်သို့ ရောက်စေသည်ဖြစ်၍ ယဒိ ဟောန္တိ စသည်ကို ဆိုသည်။

ထို အနိပ္ဖန္နရုပ်တို့သည်။ အသင်္ခတာ နာမ၊ အသင်္ခတ မည်ကုန်သည်။ ကထံ ဘဝေယျုံ၊ အဘယ်မှာ ဖြစ်နိုင်ပါတော့အံ့နည်း။ နိပ္ဖန္နာ စေဝ၊ နိပ္ဖန္န မည်ကုန်သည်ရင်း။ သင်္ခတာ စ၊ သင်္ခတမည်ကုန်သည်ရင်း။ ဟောန္တိ၊ ဖြစ်ကုန်တော့၏[၁]။ ဝါ-နိပ္ဖန္နာ၊ အနိပ္ဖန္နရုပ်တို့၏ မှီရာဖြစ်ကုန်သော နိပ္ဖန္နရုပ်တို့သည်။ စေ သင်္ခာဘာ၊ အကယ်၍ သင်္ခတ ဖြစ်ကုန်အံ့။ တေသမေဝ စ ရူပါနံ၊ ထို တဆဲ့ရှစ်ပါးကုန်သော နိပ္ဖန္နရုပ်တို့၏ သာလျှင်။ ဝိကာရတ္တာ၊ ဖောက်ပြန်ခြင်း ဖြစ်သည်၏အဖြစ်ကြောင့်။ တေ၊ ထို အနိပ္ဖန္နရုပ်တို့သည်။ အသင်္ခတာ နာမ၊ အသင်္ခတမည်ကုန်သည်။ ကထံ ဘဝေယျုံ၊ အဘယ်မှာ ဖြစ်နိုင်ပါတော့အံ့နည်း။ [ဤနည်း၌ နိပ္ဖန္နာ စေဝ-၌ ဝ-အက္ခရာကား အာဂမသိဒ္ဓိ။]

ဧဝံ၊ ဤသို့။ နိပ္ဖန္န သင်္ခတော၊ နိပ္ဖန္န သင်္ခတကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

စောဒနာ ပရိဟာရနည်း တွေ ပဒေ၊ စောဒနာ ပရိဟာရံဟူသော ဤ ပုဒ်၌။ အတ္ထော၊ အနက်ကို။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။

သဗ္ဗဋ္ဌာနိကရုပ် ၅-ပါး ၇၂၆။ ဣတ္ထိဘာဝေါ စ၊ ဣတ္ထိဘောဝရင်း။ ပုမတ္တဥ္စ၊ ပုမ္ဘောရင်း။ ဇီဝိတဥ္စ၊ ဇီဝိတိန္ဒြေရင်း။ သမ္ဘဝေါပိ စ၊ သမ္ဘဝရုပ်(သုက်)ရင်း။ တထာ၊ ထိုမှတပါး။ ကာယပသာဒေါ စ၊ ကာယပသာဒရင်း။ ဣတိ ဣမေ၊ ဤသည်တို့ကို။ သဗ္ဗဋ္ဌာနာတိ၊ အလုံးစုံသော ဌာနတို့၌ ဖြစ်ကုန်၏ ဟူ၍။ ဝဏ္ဏိတာ၊ ဟောတော်မူအပ်ကုန်၏။

### ပရမတ္ထတရားတို့ အချင်းချင်း မရောနှောခြင်း

(၅) စောဒနာ ၇၂၇။ ဧဝံ သန္တေ၊ ဤသို့ ဖြစ်သည်ရှိသော်။ ဓမ္မာနံ၊ တရားတို့၏။ သင်္ကရဒေါသတာ၊ ရောပြွမ်းခြင်း တည်းဟူသော အပြစ်ရှိသည်၏ အဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ စက္ခုကာယပသာဒါနံ၊ စက္ခုပသာဒ, ကာယပသာဒတို့၏။ ကေတ္တံ၊ တပေါင်းတည်း၏

---

၁။ (အနိပ္ဖန္နရုပ် ဟူသည်မှာ-နိပ္ဖန္နရုပ်တို့၏ ထူးခြားသောအခြင်းအရာ ဖောက်ပြန်ခြင်းကိုဆိုသည်။ သို့ဖြစ်၍ ယင်းအနိပ္ဖန္နရုပ်သည် အဘယ်မှာ အသင်္ခတ မည်နိုင်ပါ့မလဲ၊ နိပ္ဖန္နရုပ်, သင်္ခတရုပ်သာ မည်တော့မှာပေါ့ဟု ဖြေရှင်းသူ ပရိဟာရ ဆရာက ပြန်မေးသည်ဟူလို)။

အဖြစ်သည်။ ဥပပဇ္ဇတိ၊ ဖြစ်ရာ၏[၁]။ ဣတိ အယံ၊ ဤသည်ကား။ စောဒနာ၊ စောဒနာတည်း။

(၆) ပရိဟာရ ၇၂၈။ အညသ္မိံ၊ တပါးသော ရုပ်၌။ အညံ၊ တပါးသော ရုပ်သည်။ ပရမတ္ထတော၊ ပရမတ္ထအားဖြင့်။ ယသ္မာ၊ အကြင့်ကြောင့်။ န စ အတ္ထိ၊ မရှိသာလျှင်ကတည်း။ တသ္မာ၊ ထို့ကြောင့်။ ကာယိန္ဒြိယံ၊ ကာယိန္ဒြေသည်။ စက္ခုပသာဒေန၊ စက္ခုပသာဒနှင့်။ သင်္ကရံ၊ ရောပြွမ်းသည်။ န ဟောတိ၊ မဖြစ်[၂]။

ဌာနကို မသတ်မှတ်နိုင် ၇၂၉။ အညမညာဝိနိဗ္ဘောဂဝသေန[၃]၊ အချင်းချင်း သန္တာန်အားဖြင့် ရောနှောခြင်း၏ အစွမ်းဖြင့်။ ပဝတ္တိတော၊ ဖြစ်ခြင်းကြောင့်။ တေသံ ဓမ္မာနံ၊ ထို တရား

၁။ သောတ,ကာယပသာဒ စသည်တို့၏လည်း ခေတ္တ=တပေါင်းတည်း ဖြစ်သည်သာ ဖြစ်သောကြောင့် စက္ခု,ကာယ ပသာဒါနံ ခေတ္တံ ဥပပဇ္ဇတိသည် နိဒဿနမျှသာတည်း။ (ယင်းဋီကာသစ်၊ဒု၊နှာ-၁၆၇။)

၂။ (ကာယပသာဒသည် အလုံးစုံသော အရပ်၌ ဖြစ်သည့် သဗ္ဗဋ္ဌာနိကရုပ် ဖြစ်လျှင်ဝါ၊ တကိုယ်လုံးမှာ ပြန့်နှံ့နေလျှင် ကာယပသာဒသည် စက္ခုပသာဒစသည်နှင့်အတူ တပေါင်းတည်း ရောယှက်နေဘွယ် ရှိသည် မဟုတ်လော ဟူမူ—

မှီရာမဟာဘုတ်ချင်း ကွဲပြားသဖြင့် ပရမတ္ထအားဖြင့် တပါးသောရုပ်သည် တပါးသော ရုပ်၌ မရှိ၊ ထို့ကြောင့် ကာယပသာဒသည် စက္ခုပသာဒ စသည်နှင့်အတူ တပေါင်းတည်း ရောယှက်ဘွယ် မရှိ။

ရှင်းဦးအံ့— စက္ခုပသာဒသည် မြင်လိုခြင်း ရူပတဏှာ ဥပနိဿယရှိသော ကံကြောင့် ဖြစ်သည့် မဟာဘုတ်ကို မှီသည်၊ ကာယပသာဒသည် တွေ့ထိလိုခြင်း ဖောဋ္ဌဗ္ဗတဏှာ ဥပနိဿယ ရှိသောကံကြောင့် ဖြစ်သည့် မဟာဘုတ်ကို မှီသည်၊ စက္ခုပသာဒ၏ မှီရာမဟာဘုတ်ကို ကာယပသာဒက မမှီ၊ ကာယပသာဒ၏ မှီရာမဟာဘုတ်ကိုလည်း စက္ခုပသာဒ စသည်တို့က မမှီ၊ ယင်းသို့ မှီရာ မဟာဘုတ်ချင်း ကွဲပြားခြားနားသည်။

ထို့ကြောင့် ပရမတ္ထအားဖြင့် တပါးသောရုပ်သည် တပါးသော ရုပ်၌ မရှိ။

သို့ဖြစ်၍ ကာယပသာဒသည် စက္ခုပသာဒစသည်နှင့် ရောယှက်ဘွယ် မရှိ ဟူလို။ ၎င်းဋီကာသစ်၊ဒု၊နှာ-၁၆၇။)

၃။ တပါးသောရုပ်၌ တပါးသောရုပ်သည် ပရမတ္ထအားဖြင့် မရှိသော် အလုံးစုံသော ကိုယ်၌ ကာယာယတန-စသည် မဖြစ်ဟု ဆိုအံ့၊ ထိုသို့ မဖြစ်ခြင်းသည်လည်း မရှိ၊ အဘယ့်ကြောင့်နည်း၊ ဝိနိဗ္ဘောဂ၏အစွမ်းအားဖြင့်ရုပ်ဘို့၏ အထူးကို သိစေခြင်းငှါ မတတ်ကောင်းသောကြောင့်တည်းဟု ပြခြင်းငှါ **အညမညာဝိနိဗ္ဘောဂဝသေန** စသည်မိန့်။ (ကလာပ်တခုတည်း၌ ဖြစ်သောရုပ်တို့ကို ဤရုပ်သည် ဤအရပ်ဌာနမှာ ဖြစ်သည်၊ ဤရုပ်သည် ဤအရပ်ဌာနမှာ ဖြစ်သည်ဟု ရုပ်တရားတို့၏ ဖြစ်ရာဌာနအထူးကို မသတ်မှတ်နိုင်၊ သတ်မှတ်လို

တို့၏။ ဌာနန္တရံ၊ ဌာနအထူးကို။ သမယညုနာ၊ အယူကို သိသော ပညာရှိသည်။ ဝတ္တုံ၊ ဆိုခြင်းငှါ။ န သက္ကာ၊ မတတ်ကောင်း။

**ကာယပသာဒ ပြန့်နှံ့ရာဌာန** ၇၃၀။ ယာဝတာ=ယတ္တကံ၊ အကြင်မျှလောက်သော။ ဥပါဒိဏ္ဏကသန္တာနံ[၁]၊ ဥပါဒိဏ္ဏက သန္တာန်သည်။ အတ္ထိ၊ ရှိ၏။ တတ္တ၊ ထိုဥပါဒိဏ္ဏက သန္တာန်၌။ သော ကာယပသာဒေါ၊ ထိုကာယပသာဒသည်။ ဣတိ ယသ္မာ၊ အကြင့်ကြောင့်။ [ဣတိ-သဒ္ဒါသည် ယသ္မာ-ပုဒ်၏ အနက်ရှိသည်။] အတ္ထိ၊ ရှိ၏။ တသ္မာ၊ ထိုကြောင့်။ ဧဝံ၊ ဤသို့ သဗ္ဗဋ္ဌာနိကဟူ၍။ ဥဒီရိတံ၊ ဆိုအပ်၏[၂]။

**လက္ခဏာစသည် အားဖြင့်လည်း ကွဲပြားခြင်း** ၇၃၁။ လက္ခဏာဒိဝသေနာပိ၊ လက္ခဏာ အစရှိသည်တို့၏ အစွမ်းအားဖြင့်လည်း။ (တေသံ ဓမ္မာနံ၊ ထိုရုပ်တရားတို့၏။) နာနတ္တံ၊ ထူးသည်၏ အဖြစ်သို့။ သမုပါဂတံ၊ ရောက်၏။

ပဉ္စဝဏ္ဏာနံ၊ အညို အစရှိသော ငါးပါးသော အဆင်းရှိသော ချည်ဖြင့် ပြီးကုန်သော။ ဝါ၊ တခုတခုသော တမ်းခွန်၏ တပါးတပါးသော အဆင်း၏ အစွမ်းအားဖြင့် ငါးပါးသော အဆင်းရှိကုန်သော။ ဓဇာနံ၊ တမ်းခွန်တို့၏။

---

မရ၊ အကြောင်းကား—ရုပ်တရားတို့သည် အချင်းချင်း သန္တာန်အားဖြင့် ရောယှက်ခြင်း* ဖြစ်သည့်အတွက်ကြောင့်တည်း။ ယင်းဋီကာသစ်၊ဒု၊နှာ-၁၆၇။)

၁။ (ဆင္ဌမူ၌ အနုပါဒိန္နသန္တာနံ အတ္ထိ တတ္ထ ဟုရှိသည်၊အနုပါဒိန္နသန္တာနံ၊ အနုပါဒိန္နက သန္တာန်သည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထို အနုပါဒိန္နကသန္တာန်၌ဟု အနက်ပေးလေ။ ဆဋ္ဌမူ အဘိ၊ဋ္ဌ၊၁၊နှာ-၃၄၇ ၌ကား "ကာယေ ဥပါဒိန္နကရူပံ နာမ အတ္ထိ"ဟု ရှိသည်၊ သို့ဖြစ်၍ "ဥပါဒိန္နက သန္တာနံ အတ္ထိ"ဟူ၍သာ ရှိသင့်သည်ဟု ယူဆသည်၊ စဉ်းစားပါလေ။)

၂။ ကာယပသာဒသည် ပါစကတေဇော, ဆံပင်ဖျား, အမွေးဖျား, ခြေသည်း လက်သည်းဖျား, ခြောက်နေသော အသားမာများကို ချန်လှပ်၍ ဆီသည် ဝါဂွမ်းမှာ ပြန့်နှံ့၍ တည်သကဲ့သို့ တကိုယ်လုံးမှာ တွဲဘက်ရုပ်များနှင့်အတူ ပြန့်နှံ့၍တည်သည်၊ သို့ဖြစ်၍ ကာယပသာဒကို သဗ္ဗဋ္ဌာနိကရုပ်ဟု ခေါ်ဆိုသည်။)

ဆာယာ၊ အရိပ်သည်။ တေသံ ဓမ္မာနံ၊ ထိုတရားတို့၏။ ဥပမတံ၊ ဥပမာ အဖြစ်သို့။ ဂတာ၊ ရောက်၏[၁]။

အမှာ။ ။ဥပမတံ ဂတာ-၌ ဂါထာဗန္ဓ-၏ အစွမ်းဖြင့် ရဿ-ပြုသည်၊ ကေစိတို့ကား ဘာဝတဒ္ဓိတ် ပြု၍ ဥပမတ္တံ-ရှိလိုသည်။

၄၃၂။ တသ္မာ ဟိ=တသ္မာ ဧဝ၊ ထို့ကြောင့်သာလျှင်။ ဓမ္မာနံ၊ တရားတို့၏။ အညမညဝိမိဿိတာ၊ အချင်းချင်း ရောသည်၏ အဖြစ်သည်။ န ဟောတေဝ၊ မဖြစ်သာလျှင်ကတည်း။ ဣတိ၊ ဤသို့။ သမယညုနာ၊ အယူကို သိသော။ ဝိညုနာ၊ ပညာရှိသောသူသည်။ ဝိညေယျာ၊ သိအပ်၏။

ဧဝံ=ဣမိနာ ဝုတ္တပ္ပကာရေန၊ ဤသို့ ဆိုအပ်ပြီးသော အပြားအားဖြင့်။ နိပ္ဖန္နာနိပ္ဖန္နဘာဝေါ စ၊ နိပ္ဖန္န, အနိပ္ဖန္နအဖြစ်ကိုရင်း။ စောဒနာပရိဟာရော စ၊ စောဒနာ, ပရိဟာရကိုရင်း။ ဝေဒိတဗ္ဗော၊ သိအပ်၏။

(၇) ကေကနည်း စသည်။ ။နယမေကဝိဓာဒိကန္တိ ပဒဿ၊ နယမေက· ဝိဓာဒိကံ ဟူသောပုဒ်၏။ အတ္ထော၊ အနက်ကို။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ကေကနည်း ၄၃၃။ လောကိကတ္တာ စ၊ လောက၌ ယှဉ်အပ်သည်၏ အဖြစ်ကြောင့်ရင်း။ ဝါ၊ လောက၌ သိအပ်သည်၏ အဖြစ်ကြောင့်ရင်း။ န ဟေတုတ္တာ စ၊ လောဘအစရှိသော ဟိတ်မဖြစ်သည်၏ အဖြစ်ကြောင့်ရင်း။ သခ်တတ္တာ စ၊ မိမိအကြောင်းတို့သည် ပြုပြင်

---

[၁]။ (အပြုအနီစသော အဆင်းငါးမျိုးရှိသည့် တမ်းခွန်တိုင်ကို စိုက်ထားသည့်အခါ ယင်း တမ်းခွန်တိုင်၏ အရိပ်သည် တစပ်တည်း တခုတည်းကဲ့သို့ ထင်ရသည်၊ သို့သော် အခေါင်း မှာမူ အချင်းချင်း ကွဲပြားခြားနားသည်၊ အချင်းချင်း မရောနှောပေ။

ထို့အတူ ကာယပသာဒသည် စက္ခုပသာဒစသည်နှင့် သဏ္ဌာန်အားဖြင့် တစပ်တည်းကဲ့သို့ ဖြစ်သော်လည်း လက္ခဏ ရသ ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်အားဖြင့်မူ အချင်းချင်း ကွဲပြားခြားနား သည်၊ အချင်းချင်း မရောနှောပေ။

မှန်သည် ကလာပ်တခုတည်း၌ မဟာဘုတ်တမျိုးတည်းကို ဝိုင်းဝန်းမှီရသော ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာရုပ်တို့သည်ပင် မိမိဆိုင်ရာ သဘောလက္ခဏာအားဖြင့် အချင်းချင်း ကွဲပြားကြ သေးသည်။

သို့ဖြစ်လျှင် ကလာပ်အသီးသီးမှာ ဖြစ်ကြသော ကိုယ့်ကလာပ်နှင့် ကိုယ်ဖြစ်ကြသော ရုပ် တို့မှာ လက္ခဏာသဘောအားဖြင့်ရင်း, မှီရာမဟာဘုတ်အားဖြင့်ရင်း သာ၍ သာ၍ပင် ကွဲပြားခြားနားတော့သည်။ ရင်းဋီကာသစ်၊ဒု နှာ-၁၆၈-၉။)

အပ်သည်၏ အဖြစ်ကြောင့်ရင်း။ သာသဝါ စ၊ အာသဝေါတရားတို့သည် အာရုံပြုအပ်သည်၏ အဖြစ်ကြောင့်ရင်း။ ပစ္စယာယတ္တဝုတ္တိတော စ၊ မိမိ မိမိ၏ အကြောင်းနှင့်စပ်၍ ဖြစ်သည်၏ အဖြစ်ကြောင့်ရင်း။ သဗ္ဗံ၊ အလုံး စုံသော။ ရူပံ၊ ရုပ်သည်။ ကေဝိဓံ၊ တပါးသော အဘို့ရှိသည်။ ဟောတိ၊ ဖြစ်၏[၁]။

ဒုကနည်း ၇၃၄။ အဇ္ဈတ္တိကဗာဟိဒ္ဓါ စ၊ အတ္တဘောကို စွဲ၍ဖြစ်သော ဣန္ဒြိယဗဒ္ဓ တရားတို့၌ ဖြစ်သောရုပ်။ ဝါ၊ မိမိ၌ ဖြစ်သောရုပ်, အဇ္ဈတ္တမှ အပ၌ဖြစ်သော ရုပ်အားဖြင့်ရင်း။ ဣန္ဒြိယာနိန္ဒြိယာပိ စ၊ ဣန္ဒြိယရုပ်, အနိန္ဒြိယရုပ်အားဖြင့်ရင်း။ သုခုမောဠာရိကာ စေဝ၊ သုခုမရုပ်, ဩဠာရိကရုပ် အားဖြင့်ရင်း။ ဥပါဒိန္နာဒိတော စ၊ ဥပါဒိန္နရုပ် အနုပါဒိန္နရုပ် အားဖြင့်ရင်း။ ဒွိဓာ၊ နှစ်ပါး အပြားရှိ၏[၂]။

အဇ္ဈတ္တိကရုပ် ၇၃၅။ စက္ခွာဒိအာယတနာဒီနိ၊ စက္ခွာယတန အစရှိကုန် သော။ ပဉ္စ၊ ငါးပါးသော ပသာဒရုပ်တို့သည်။ အဇ္ဈတ္တိကာနိ၊ အဇ္ဈတ္တိကရုပ်မည်ကုန်၏။

ဗာဟိရရုပ်။ ။သေသံ၊ ကြွင်းသော။ တေဝိသတိဝိဓံ တု၊ နှစ်ဆဲ့သုံးပါး အပြားရှိသော ရုပ်ကိုကား။ ဗာဟိရန္တိ၊ ဗာဟိရရုပ်ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

ဣန္ဒြိယရုပ် ၇၃၆။ တု၊ ထိုမှတပါး။ စက္ခုသောတိန္ဒြိယာဒီနိ၊ စက္ခုန္ဒြေ, သောတိန္ဒြေ အစရှိကုန်သော။ အဋ္ဌ ပန၊ ရှစ်ခုသော ရုပ်တို့သည်ကား။ ဣန္ဒြိယာနိ၊ ဣန္ဒြိယရုပ်မည်ကုန်၏[၃]။

---

၁။ ပစ္စယာယတ္တဝုတ္တိတော-သည် နိဒဿန (ပုံစံ)မျှသာ၊ ကာမာဝစရတ္တာ, အဟေတုကတ္တာ, ဟေတုဝိပ္ပယုတ္တတ္တာ, သံယောဇနိယတ္တာ, ဂန္ထနိယတ္တာ, ဥပါဒါနိယတ္တာ, ဩဃနိယတ္တာ, ယောဂနိယတ္တာ, နီဝရဏိယတ္တာ, သံကိလေသိကတ္တာ, ပရာမဋ္ဌတ္တာ, အစေတသိကတ္တာ, စိတ္တဝိပ္ပယုတ္တတ္တာ, န ရူပါဝစရတ္တာ, န အရူပါဝစရတ္တာ, န အပရိယာပန္နတ္တာ, အနိယျာနိကတ္တာ, အနိစ္စတ္တာ-ဤသို့ အစရှိသော အကြောင်းဖြင့်လည်း ကေဝိဓသော-တည်း။ (ယင်း ဋီကာသစ်၊ ဒုနှာ-၁၆၉။)

၂။ ဤသို့ ကေဝိဓနေယကို ပြပြီး၍ ယခုအခါ အာဒိသဒ္ဒါဖြင့် သင်္ဂြိုဟ်အပ်သော ဒုဝိဓ-တာဒိနယကို ပြခြင်းငှါ အဇ္ဈတ္တိကဗာဟိဒ္ဓါ စ အစရှိသည်ကို မိန့်။

၃။ (စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဣတ္ထိဘော, ပုမ္ဘော, ဇီဝိတရုပ်၊ ပေါင်း ၈-ခုကို ဣန္ဒြိယရုပ်ဟု ခေါ်သည်။)

အနိန္ဒြိယရုပ်။　။သေသံ၊ ကြွင်းသော။ ဝီသံ၊ နှစ်ဆယ်သော။ ရူပံ တု၊ ရုပ်ကိုကား။ အနိန္ဒြိယံ၊ အနိန္ဒြိယရုပ်ဟူ၍။ ဥဒီရိတံ၊ ဟောအပ်၏။

သြဠာရိကရုပ်　၄၃၇။ စက္ခုအာယတနာဒိနိ၊ စက္ခာယတန အစရှိကုန်သော။ နဝ စ၊ (ပသာဒရုပ် ၅-ပါး၊ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ) ကိုးခုသော ရုပ်တို့ရင်း။ ဖောဋ္ဌဗ္ဗမေဝ စ၊ (ပထဝီ, တေဇော,ဝါယော ဓာတ် ၃-ပါးဖြင့်ပြီးသော) ဖောဋ္ဌဗ္ဗရုပ်ရင်း။ဣတိ၊ဤသို့။ ဗာရသ ဝိဓံ၊ တဆဲ့နှစ်ပါးအပြားရှိသော။ တံ ရူပံ၊ ထိုရုပ်ကို။ သြဠာရိကံ၊ သြဠာရိကရုပ်ဟူ၍။ ဥဒီရိတံ၊ ဆိုအပ်၏။

သုခုမရုပ်　၄၃၈။ တု၊ ထိုမှတပါး။ သေသာနိ၊ ကြွင်းကုန်သော။ သောဠသ၊ တဆဲ့ခြောက်ခုကုန်သော။ ရူပါနိ ပန၊ ရုပ်တို့သည်ကား။ သုခုမာနိ၊ သုခုမရုပ်မည်ကုန်၏။

ဥပါဒိန္နရုပ်။　။ကမ္မဇံ တု၊ ကံကြောင့်ဖြစ်သော ရုပ်သည်။ ဥပါဒိန္နံ၊ ဥပါဒိန္နရုပ်မည်၏။

အနုပါဒိန္နရုပ်။　။အညထာ၊ ကံမှတပါးသော စိတ်, ဥတု, အာဟာရတို့ ကြောင့်ဖြစ်သော ရုပ်သည်။ အနုပါဒိန္နံ၊ အနုပါဒိန္န ရုပ်မည်၏။

ဝေ၊ ဤသို့ ဆိုအပ်ပြီးသော အပြားအားဖြင့်။ ဒုဝိဓံ၊ နှစ်ပါးအပြား ရှိသည်။ ဟောတိ၊ ဖြစ်၏။

တိကနည်း။　။ပုန၊ တဖန်။ သနိဒဿနသပ္ပဋိဃ အနိဒဿနသပ္ပဋိဃ အနိဒဿနအပ္ပဋိဃဘေဒတော စ၊သနိဒဿန သပ္ပဋိဃရုပ်, အနိဒဿန သပ္ပဋိဃရုပ်, အနိဒဿန အပ္ပဋိဃရုပ် အပြားအားဖြင့်ရင်း။ ကမ္မဇာကမ္မဇ နေဝကမ္မဇနာကမ္မဇ ဘေဒတော စ၊ ကမ္မဇရုပ်, အကမ္မဇရုပ်, နေဝကမ္မဇ နာကမ္မဇရုပ် အပြားအားဖြင့်ရင်း။ တိဝိဓံ၊ သုံးပါးအပြားရှိ သည်။ ဟောတိ၊ ဖြစ်၏၊

သနိဒဿန သပ္ပဋိဃ တိကရုပ်။ ။တတ္ထ၊ ထိုသုံးပါးအပြားရှိသောရုပ်တို့တွင်။ ရူပါယတနံ၊ ရူပါယတနသည်။ သနိဒဿနသပ္ပဋိဃံ၊ သနိဒဿနသပ္ပဋိဃရုပ်မည်၏။ သေသံ၊ ကြွင်းသော။ ကောဒသဝိဓံ၊ တဆဲ့တပါးအပြားရှိသော။ ဩဠာရိကရူပံ၊ ဩဠာရိကရုပ်သည်။ အနိဒဿနသပ္ပဋိဃံ၊ အနိဒဿနသပ္ပဋိဃရုပ်မည်၏။ သေသံ၊ ကြွင်းသော။ သောဠသဝိဓံ၊ တဆဲ့ခြောက်ပါးအပြားရှိသော။ သုခုမရူပံ၊ သုခုမရုပ်သည်။ အနိဒဿန အပ္ပဋိဃံ၊ အနိဒဿနအပ္ပဋိဃရုပ်မည်၏။

ကမ္မဇတိကရုပ်။ ။ကမ္မတော၊ (ရှေးရှေးဘဝ) ကံကြောင့်။ ဇာတံ၊ ဖြစ်သောရုပ်သည်။ ကမ္မဇံ၊ ကမ္မဇရုပ်မည်၏။ အဋ္ဌိန္ဒြိယာ စ၊ ရှစ်ပါးသော ဣန္ဒြိယရုပ်တို့သည်၎င်း။ ဝတ္ထု စ၊ ဟဒယဝတ္ထုသည်၎င်း။ ကမ္မဇံ၊ ကံကြောင့် ဖြစ်သော ရုပ်မည်၏။

တဒညပ္ပစ္စယာ၊ ထိုကံမှ တပါးသော စိတ်, ဥတု, အာဟာရအကြောင်းကြောင့်။ ဇာတံ၊ ဖြစ်သောရုပ်သည်။ အကမ္မဇံ၊ အကမ္မဇရုပ် မည်၏။ [အကမ္မဇံ၌ အ-အက္ခရာသည် အညတ္ထ] နကုတောစိဇာတံ၊ တစုံတခုသော အကြောင်းကြောင့် မဖြစ်သောရုပ်သည်။ နေဝကမ္မဇ နာကမ္မဇံ၊ နေဝကမ္မဇ နာကမ္မဇရုပ်မည်၏။ ဇရတာ စ၊ ဇရတာသည်၎င်း။ အနိစ္စတာ စ၊ အနိစ္စတာသည်၎င်း။ နေဝကမ္မဇ နာကမ္မဇံ၊ နေဝကမ္မဇ နာကမ္မဇရုပ် မည်၏။ ဧဝံ၊ ဤဆိုအပ်ပြီးသော အပြားအားဖြင့်။ တိဝိဓံ၊ သုံးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

စတုက္ကနည်း။ ။ပုန၊ တဖန်။ ဒိဋ္ဌ သုတ မုတ ဝိညာတ ဝသေန စ၊ မြင်အပ်သောရုပ် ကြားအပ်သောရုပ် ရောက်အပ်သောရုပ် သိအပ်သောရုပ်တို့၏ အစွမ်းအားဖြင့်၎င်း။

ဒွါရဉ္စေဝ ဝတ္ထု စ၊ ဒွါရလည်းဖြစ် ဝတ္ထုလည်းဖြစ်သောရုပ်၎င်း။ ဒွါရမေဝ ဟုတွာ န ဝတ္ထု စ၊ ဒွါရသာဖြစ်၍ ဝတ္ထုမဖြစ်သောရုပ်၎င်း။ ဝတ္ထုမေဝ ဟုတွာ န ဒွါရဉ္စ၊ ဝတ္ထုသာဖြစ်၍ ဒွါရ မဖြစ်သောရုပ်၎င်း။ နေဝ ဒွါရဉ္စ န ဝတ္ထု စ၊ ဒွါရလည်းမဖြစ် ဝတ္ထုလည်း မဖြစ်သောရုပ်၎င်း။ ဣတိ ဧဝံ ဘေဒတော စ၊ ဤသို့သော အပြားအားဖြင့်၎င်း။

ဒွါရဥ္စေဝိန္ဒြိယဥ္စ၊ ဒွါရလည်းဖြစ် ဣန္ဒြိယလည်းဖြစ်သောရုပ်ဂုဏ်း။ ဒွါရံ ယေဝ စ ဟုတွာ နေဝိန္ဒြိယဥ္စ၊ ဒွါရသာဖြစ်၍ ဣန္ဒြိယမဖြစ်သောရုပ်ဂုဏ်း။ ဣန္ဒြိယမေဝ ဟုတွာ န ဒွါရဥ္စ၊ ဣန္ဒြိယသာဖြစ်၍ ဒွါရမဖြစ်သောရုပ်ဂုဏ်း။ နေဝဒွါရဥ္စ နေဝိန္ဒြိယဥ္စ၊ ဒွါရလည်းမဖြစ် ဣန္ဒြိယလည်း မဖြစ်သောရုပ်ဂုဏ်း။ ဣတိ ဧဝံ ဘေဒတော စ၊ ဤသို့သော အပြားအားဖြင့်ဂုဏ်း။

ဝတ္ထုဉ္စေဝ ဣန္ဒြိယဥ္စ၊ ဝတ္ထုလည်းဖြစ် ဣန္ဒြိယလည်းဖြစ်သောရုပ်ဂုဏ်း။ ဣန္ဒြိယမေဝ ဟုတွာ န ဝတ္ထု စ၊ ဣန္ဒြိယသာဖြစ်၍ ဝတ္ထုမဖြစ်သောရုပ်ဂုဏ်း။ ဝတ္ထုမေဝ ဟုတွာ နေဝိန္ဒြိယဥ္စ၊ ဝတ္ထုသာဖြစ်၍ ဣန္ဒြိယမဖြစ်သောရုပ်ဂုဏ်း။ နေဝိန္ဒြိယံ န ဝတ္ထု စ၊ ဣန္ဒြိယလည်းမဖြစ် ဝတ္ထုလည်းမဖြစ်သောရုပ်ဂုဏ်း။ ဣတိ ဧဝံ ဘေဒတော စ၊ ဤသို့သော အပြားအားဖြင့်ဂုဏ်း။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

ဒိဋ္ဌ စတုက္ကရုပ်။ ။တတ္ထ၊ ထိုဒိဋ္ဌအစရှိသည်တို့တွင်။ ရူပါယတနံ၊ ရူပါယတနသည်။ ဒိဋ္ဌံ နာမ၊ မြင်အပ်သောရုပ်မည်၏။ သဒ္ဒါယတနံ၊ သဒ္ဒါယတနသည်။ သုတံ နာမ၊ ကြားအပ်သောရုပ်မည်၏။ ဂန္ဓရသဖောဋ္ဌဗ္ဗာယတနတ္တယံ၊ ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတန သုံးခုတို့၏အပေါင်းသည်။ မုတံ နာမ၊ ရောက်အပ်သောရုပ်မည်၏။ အဝသေသံ၊ ကြွင်းသော။ စက္ခာယတနာဒိပဉ္စကဉ္စ၊ စက္ခာယတနအစရှိသော ပသာဒရုပ် ငါးပါးတို့၏ အပေါင်းသည်ဂုဏ်း။ သောဠသဝိဓံ၊ တဆဲ့ခြောက်ပါးအပြားရှိသော။ သုခုမရူပဉ္စ၊ သုခုမရုပ်သည်ဂုဏ်း။ ဝိညာတံ နာမ၊ သိအပ်သောရုပ် မည်၏။

ဒွါရဝတ္ထု စတုက္ကရုပ်။ ။စက္ခာယတနာဒိပဉ္စကံ၊ စက္ခာယတနအစရှိသော ပသာဒရုပ် ငါးပါးတို့၏ အပေါင်းသည်။ဒွါရဥ္စေဝ ဝတ္ထု စ၊ ဒွါရလည်းဖြစ် ဝတ္ထုလည်းဖြစ်သော ရုပ်မည်၏။ ဝိညတ္တိဒွယံ၊ ဝိညတ်ရုပ် နှစ်ခုတို့၏ အပေါင်းသည်။ ဒွါရမေဝ ဟောတိ န ဝတ္ထု၊ ဒွါရသာ ဖြစ်၍ ဝတ္ထုမဖြစ်သောရုပ်မည်၏။ ဟဒယဝတ္ထု၊ဟဒယဝတ္ထုသည်။ ဝတ္ထုမေဝ ဟောတိ န ဒွါရံ၊ ဝတ္ထုသာဖြစ်၍ ဒွါရမဖြစ်သောရုပ်မည်၏။ သေသံ၊ ကြွင်းသော။ သဗ္ဗံ၊ အလုံးစုံသော။ ရူပံ၊ ရုပ်သည်။ နေဝ ဒွါရံ န ဝတ္ထု စ၊ ဒွါရလည်းမဖြစ် ဝတ္ထုလည်း မဖြစ်သောရုပ်မည်၏။

ဒွါရဇ္ဇန္ဒြိယ စတုက္ကရုပ်။ ။တတိယစတုက္ကေ၊ တတိယစတုက္ကၪ္။ ဇ္ဇန္ဒြိယမေဝ ဟုတွာ န ဒွါရန္တိ၊ ဇ္ဇန္ဒြိယသာဖြစ်၍ ဒွါရမဖြစ်သောရုပ်မည်သည်ကား။ ဣတ္ထိန္ဒြိယပုရိသိန္ဒြိယဇီဝိတိန္ဒြိယာနိ၊ ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဇီဝိတိန္ဒြေတို့တည်း။ ဟိသစ္စံ၊ မှန်၏။ ဣမာနိ၊ ဤဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ,ဇီဝိတိန္ဒြေတို့သည်။ ဇ္ဇန္ဒြိယာနေဝ ဟောန္တိ န ဒွါရာနိ၊ ဇ္ဇန္ဒြိယသာဖြစ်ကုန်၏ ဒွါရမဖြစ်ကုန်။ သေသံ၊ အကြွင်းကို။ အနန္တရစတုက္ကေ၊ အခြားမဲ့ရှိသော စတုက္ကၪ္။ ဝုတ္တနယေနေဝ၊ ဆိုအပ်ပြီးသောနည်းဖြင့်သာလျှင်။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ဝတ္ထုဇ္ဇန္ဒြိယ စတုက္ကရုပ်။ ။စတုတ္ထစတုက္ကေ၊ စတုတ္ထစတုက္ကၪ္။ တတိယပဒံ၊ ဝတ္ထုမေဝ ဟုတွာ နေဝိန္ဒြိယဥ္စ ဟူသောတတိယပုဒ်ကို။ ဟဒယဝတ္ထုံ၊ ဟဒယဝတ္ထုကို။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ ဆိုအပ်၏။ သေသံ၊ အကြွင်းသည်။ ဝုတ္တနယမေဝ၊ ဆိုအပ်ပြီးသော နည်းရှိသာလျှင်ကတည်း။ ဧဝံ၊ ဤသို့သော အပြားအားဖြင့်။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ပဥ္စကနည်း။ ။ပုန၊ တဖန်။ ဧကဇ ဒွိဇ တိဇ စတုဇ န ကုတောစိဇာတဘေဒတော စ၊ တပါးသောအကြောင်းကြောင့် ဖြစ်သောရုပ်, နှစ်ပါးသောအကြောင်းကြောင့် ဖြစ်သောရုပ်, သုံးပါးသော အကြောင်းကြောင့် ဖြစ်သောရုပ်, လေးပါးသောအကြောင်းကြောင့် ဖြစ်သောရုပ်, တစုံတခုသော အကြောင်းကြောင့် မဖြစ်သော ရုပ်အားဖြင့်၎င်း။ ဒွါရိန္ဒြိယံ ဝတ္ထု စ၊ ဒွါရလည်းဖြစ် ဇ္ဇန္ဒြိယလည်းဖြစ် ဝတ္ထုလည်းဖြစ်သော ရုပ်၎င်း။ ဒွါရမေဝ ဟုတွာ နေဝိန္ဒြိယံ န ဝတ္ထု စ၊ ဒွါရသာဖြစ်၍ ဇ္ဇန္ဒြိယလည်း မဖြစ် ဝတ္ထုလည်း မဖြစ်သောရုပ်၎င်း။ ဝတ္ထုမေဝ ဟုတွာ နေဝိန္ဒြိယံ န ဒွါရဥ္စ၊ ဝတ္ထုသာဖြစ်၍ ဇ္ဇန္ဒြိယလည်းမဖြစ် ဒွါရလည်းမဖြစ်သောရုပ်၎င်း။ ဇ္ဇန္ဒြိယမေဝ ဟုတွာ န ဝတ္ထု နဒွါရဥ္စ၊ ဇ္ဇန္ဒြိယသာဖြစ်၍ ဝတ္ထုလည်းမဖြစ် ဒွါရလည်းမဖြစ်သောရုပ်၎င်း။ နေဝိန္ဒြိယံ န ဝတ္ထု နဒွါရဥ္စ၊ ဇ္ဇန္ဒြိယလည်းမဖြစ် ဝတ္ထုလည်းမဖြစ် ဒွါရလည်းမဖြစ်သော ရုပ်၎င်း။ ဣတိ ဧဝံ ပဘေဒတော စ၊ ဤသို့သော အပြားအားဖြင့်။ ပဥ္စဝိဓံ၊ ငါးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

ကေဇရုပ် ၁၁-ပါး။ ။တတ္ထ၊ ထိုငါးပါးသော ရုပ်တို့တွင်—

၃၃၉။ အင်္ဂိန္ဒြိယာနိ စ၊ ရှစ်ပါးသော ဣန္ဒြိယရုပ်တို့ငှင်း။ ဝတ္ထုဥ္စ၊ ဟဒယဝတ္ထုငှင်း။ ဝိညတ္တိဒွယမေဝ စ၊ ဝိညတ်ရုပ်နှစ်ခုအပေါင်းငှင်း။ ဣတိ၊ ဤသို့။ ကောဒသဝိဓံ၊ တဆဲ့တပါး အပြားရှိသော။ ရူပံ၊ ရုပ်ကို။ ကေဇန္တိ၊ တပါးသော အကြောင်းကြောင့်ဖြစ်သော ရုပ်ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။ (ဣန္ဒြေရုပ် ၈-ပါးသည် ကံကြောင့်သာဖြစ်၍ ဝိညတ်ရုပ် ၂-ပါးသည် စိတ်ကြောင့်သာ ဖြစ်သည်။)

ဒွိဇရုပ်စသည် ၃၄၀။ ဧကော၊ တခုသော။ သဒ္ဒေါ၊ သဒ္ဒသည်။ ဒွိဇော နာမ၊ စိတ်, ဥတုတည်းဟူသော နှစ်ပါးသော အကြောင်းကြောင့်ဖြစ်သော ရုပ်မည်၏။

လဟုတာဒိတ္တယံ၊ လဟုတာဒိတ္တယသည်။ တိဇံ၊ စိတ် ဥတု အာဟာရ တည်းဟူသော သုံးပါးသောအကြောင်းကြောင့်ဖြစ်သော ရုပ်မည်၏။

သေသံ၊ ကြွင်းသော။ ကောဒသ ဝိဓံ၊ တဆဲ့တပါးအပြားရှိသော ရုပ်ကို။ စတုဇန္တိ၊ ကံအစရှိသော လေးပါးသော အကြောင်းကြောင့်ဖြစ်သော ရုပ်ဟူ၍။ ပကာသိတံ၊ ပြအပ်၏။

နကုတောစိရုပ် ၃၄၁။ ဇရတာ စ၊ ဇရတာသည်ငှင်း။ အနိစ္စတာ စေဝ၊ အနိစ္စတာသည်ငှင်း။ န ကုတောစိ ဘဝေ၊ တစုံတခု သော အကြောင်းကြောင့် မဖြစ်သောရုပ် မည်၏။

ဒွါရ,ဣန္ဒြိယ,ဝတ္ထုပဉ္စကရုပ်။ ။ပုန၊ တဖန်။ စက္ခာဒိ ပဉ္စကံ၊ စက္ခုအစ ရှိသော ပသာဒရုပ်ငါးပါးတို့၏ အပေါင်းသည်။ ဒွါရံ ဣန္ဒြိယံ ဝတ္ထုမေဝ စ၊ ဒွါရလည်းဖြစ်, ဣန္ဒြိယလည်းဖြစ်, ဝတ္ထုလည်း ဖြစ်သော ရုပ်မည်၏။

၃၄၂။ ဝိညတ္တိနံ ဒွယံ၊ ဝိညတ်ရုပ် နှစ်ခုတို့၏ အပေါင်းသည်။ ဒွါရံ နေဝိန္ဒြိယံ န ဝတ္ထု စ၊ ဒွါရသာဖြစ်၍ ဣန္ဒြိယလည်းမဖြစ် ဝတ္ထုလည်း မဖြစ်သော ရုပ်မည်၏။

ဟဒယဝတ္ထု၊ ဟဒယဝတ္ထုသည်။ ဝတ္ထု၊ဝ န ဒွါရံ နေဝိန္ဒြိယံ၊ ဝတ္ထုသာ ဖြစ်၍ ဒွါရလည်းမဖြစ် ဣန္ဒြိယလည်း မဖြစ်သော ရုပ်မည်၏။

ဣတ္ထိပုရိသဇီဝိတိန္ဒြိယာနိ၊ ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဇီဝိတိန္ဒြေတို့သည်။ ဣန္ဒြိယမေဝ န ဝတ္ထု န ဒွါရဥ္စ၊ ဣန္ဒြိယသာဖြစ်၍ ဝတ္ထုလည်းမဖြစ် ဒွါရလည်း မဖြစ်သော ရုပ်မည်၏။

သေသံ၊ ကြွင်းသော။ ရူပံ ပန၊ ရုပ်သည်ကား။ နေဝိန္ဒြိယံ န ဝတ္ထု န ဒွါရံ၊ ဣန္ဒြိယလည်းမဖြစ် ဝတ္ထုလည်းမဖြစ် ဒွါရလည်းမဖြစ်သော ရုပ် မည်၏။

ဣတိ ဧဝံ၊ ဤသို့ ဆိုအပ်ပြီးသော အပြားအားဖြင့်။ ပဉ္စဝိဓံ၊ ငါးပါး အပြားရှိ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ဆက္ကနည်း။ ။ပုန၊ တဖန်။ ကမ္မဇ စိတ္တဇ ဥတုစိတ္တဇ ဥတုစိတ္တာဟာရဇ- စတုဇ န ကုတောစိ ဇာတဘေဒတော စ၊ ကံကြောင့် ဖြစ်သောရုပ်, စိတ်ကြောင့်ဖြစ်သော ရုပ်, ဥတု, စိတ်ကြောင့်ဖြစ်သောရုပ်, ဥတု, စိတ်, အာဟာရကြောင့်ဖြစ်သောရုပ်, လေးပါးသော အကြောင်း တို့ကြောင့် ဖြစ်သောရုပ်, တစုံတခုသော အကြောင်းကြောင့် မဖြစ်သောရုပ် အပြားအားဖြင့်ရင်း။

စက္ခုဝိညေယျံ၊ စက္ခုဝိညာဉ်ဖြင့် သိအပ်သော ရုပ်ရင်း။ သောတဃာန- ဇိဝှါကာယမနောဝိညေယျဝသေန စ၊ သောတဝိညာဉ်ဖြင့် သိအပ်သောရုပ်, ဃာနဝိညာဉ်ဖြင့်သိအပ်သောရုပ်, ဇိဝှါဝိညာဉ်ဖြင့် သိအပ်သောရုပ်, ကာယ- ဝိညာဉ်ဖြင့်သိအပ်သောရုပ်, မနောဝိညာဉ်ဖြင့်သိအပ်သော ရုပ်တို့၏ အစွမ်း အားဖြင့်ရင်း။ ဆဗ္ဗိဓံ၊ ခြောက်ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

ကမ္မဇ ဆက္ကရုပ်။ ။တတ္ထ၊ ထိုခြောက်ပါးသော ရုပ်တို့တွင်။ အဋ္ဌိန္ဒြိယာနိ စ၊ ရှစ်ပါးသော ဣန္ဒြိယရုပ်တို့သည်ရင်း။ ဝတ္ထုဥ္စ၊ ဟဒယဝတ္ထုသည်ရင်း။ ကမ္မဇမေဝ စ၊ ကံကြောင့်သာလျှင် ဖြစ်သောရုပ် မည်၏။

ဝိညတ္တိ ဒွယံ၊ ဝိညတ်ရုပ် နှစ်ခုတို့၏ အပေါင်းသည်။ စိတ္တဇမေဝ၊ စိတ်ကြောင့်သာလျှင် ဖြစ်သောရုပ် မည်၏။

သဒ္ဒေါ၊ သဒ္ဒသည်။ ဥတုစိတ္တဇော ၀၊ ဥတုစိတ်ကြောင့်သာလျှင် ဖြစ်၏။

လဟုတာဒိတ္တယံ၊ လဟုတာဒိတ္တယသည်။ ဥတု စိတ္တဇာဟာရဇမေဝ၊ ဥတု, စိတ်, အာဟာရကြောင့်သာလျှင် ဖြစ်၏။

သေသံ၊ ကြွင်းသော။ ကောဒသဝိဓံ၊ တဆဲ့တပါးအပြားရှိသော ရုပ်သည်။ စတုဇံ နာမ၊ ကံအစရှိသော လေးပါးသော အကြောင်းကြောင့် ဖြစ်သော ရုပ်မည်၏။

ဇရတာ စ၊ ဇရတာသည်၎င်း။ အနိစ္စတာ စ၊ အနိစ္စတာသည်၎င်း။ န ကုတောစိ ဇာတံ နာမ၊ တစုံတခုသော အကြောင်းကြောင့် မဖြစ်သော ရုပ် မည်၏။

စက္ခုဝိညေယျ ဆက္ကရုပ်။ ။ဒုတိယ ဆက္ကေ၊ ဒုတိယဆက္က၌။ စက္ခုဝိညာဏေန၊ စက္ခုဝိညာဉ်ဖြင့်။ ဝိညေယျံ၊ သိအပ်သော။ ရူပါယတနံ၊ ရူပါယတနသည်။ စက္ခုဝိညေယျံ နာမ၊ စက္ခုဝိညာဉ်ဖြင့် သိအပ်သော ရုပ်မည်၏။ပ။ ဖောဋ္ဌဗ္ဗာယတနံ၊ ဖောဋ္ဌဗ္ဗာယတနသည်။ ကာယဝိညေယျံ နာမ၊ ကာယဝိညာဉ်ဖြင့် သိအပ်သော ရုပ်မည်၏။ သေသာ၊ ကြွင်းကုန်သော။ ပဉ္စ ဩဠာရိကာ စ၊ ငါးပါးသော ဩဠာရိကရုပ်တို့ရင်း။ သောဠသ၊ တဆဲ့ခြောက်ပါးကုန်သော။ သုခုမရူပါနိ စ၊ သုခုမရုပ်တို့ရင်း။ ဣတိ၊ ဤသို့။ ကေဝီသတိဝိဓံ၊ နှစ်ဆဲ့တပါး အပြားရှိသော ရုပ်သည်။ မနောဝိညေယျံ နာမ၊ မနောဝိညာဉ်ဖြင့် သိအပ်သောရုပ် မည်သည်။ ဟောတိ၊ ဖြစ်၏။

ဝေံ၊ဤသို့ဆိုအပ်ပြီးသော အပြားအားဖြင့်။ ဆဗ္ဗိဓံ၊ ခြောက်ပါး အပြား ရှိသည်။ ဟောတိ၊ ဖြစ်၏။

သတ္တကနည်း။ ။ပုန၊ တဖန်။ ဆဝတ္ထု အဝတ္ထု ဘေဒတော စ၊ ခြောက်ပါးသော ဝတ္ထုရုပ်, အဝတ္ထုရုပ် အပြားအားဖြင့်ရင်း။ စက္ခုဝိညေယျံ၊ စက္ခုဝိညာဉ်ဖြင့် သိအပ်သောရုပ်ရင်း။ သောတဃာနဇိဝှါ-ကာယဝိညေယျံ၊ သောတဝိညာဉ်ဖြင့် သိအပ်သောရုပ်, ဃာနဝိညာဉ်ဖြင့် သိအပ်သော ရုပ်, ဇိဝှါဝိညာဉ်ဖြင့် သိအပ်သော ရုပ်, ကာယဝိညာဉ်ဖြင့် သိအပ်သော ရုပ်ရင်း။ မနောဓာတုဝိညေယျံ၊ မနောဓာတ်ဖြင့် သိအပ်သော

ရုပ်ရင်း။ မနောဝိညာဏဓာတုဝိညေယျံ၊ မနောဝိညာဏဓာတ်ဖြင့် သိအပ်သောရုပ်ရင်း။ ဣတိ၊ ဤသို့။ သတ္တဝိဓံ၊ ခုနစ်ပါး အပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

ဝတ္ထုရုပ်။ ။တတ္ထ၊ ထိုခုနစ်ပါးသော ရုပ်တို့တွင်။ ဟဒယဝတ္ထုနှာ၊ ဟဒယဝတ္ထုနှင့်။ သဒ္ဓိံ၊ တကွ။ စက္ခာဒိပဉ္စဝတ္ထုနိ၊ စက္ခုပသာဒရုပ် အစရှိသော ငါးပါးသော ဝတ္ထုတို့သည်။ ဆ ဝတ္ထုနိ၊ ခြောက်ပါးသော ဝတ္ထုရုပ် မည်ကုန်၏။

အဝတ္ထုရုပ်။ ။သေသံ၊ ကြွင်းသော။ ဗာဝီသတိဝိဓံ၊ နှစ်ဆဲ့နှစ်ပါး အပြားရှိသော။ ရူပံ၊ ရုပ်သည်။ အဝတ္ထုနာမ၊ အဝတ္ထုရုပ် မည်၏။

ဒုတိယသတ္တကံ၊ ဒုတိယသတ္တကသည်။ ဥတ္တာနမေဝ၊ ပေါ်လွင်သည် သာလျှင်ကတည်း။ ဝေ၊ ဤသို့ဆိုအပ်ပြီးသော အပြားအားဖြင့်။ သတ္တဝိဓံ၊ ခုနစ်ပါး အပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

အဋ္ဌကနည်း။ ။ပုန၊ တဖန်။ သတ္တဒွါရာဒွါရဘေဒတော၊ ခုနစ်ပါးသော ဒွါရရုပ်, အဒွါရရုပ်တို့၏ အပြားအားဖြင့်။ အဋ္ဌဝိဓံ၊ ရှစ်ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

ဒွါရရုပ်။ ။တတ္ထ၊ ထိုရှစ်ပါးအပြားရှိသော ရုပ်တို့တွင်။ ကာယဝိညတ္တိ ဝစီဝိညတ္တိဒွါရေဟိ၊ ကာယဝိညတ္တိဒွါရ, ဝစီဝိညတ္တိဒွါရတို့နှင့်။ သဒ္ဓိံ၊ တကွ။ စက္ခုဒွါရာဒီနိ၊ စက္ခုဒွါရ အစရှိကုန်သော။ ပဉ္စ၊ ပသာဒရုပ် ငါးပါးတို့သည်။ သတ္တဒွါရာနိ၊ ခုနစ်ပါးသော ဒွါရရုပ်မည်ကုန်၏။

အဒွါရရုပ်။ ။သေသံ၊ ကြွင်းသောရုပ်သည်။ အဒွါရံ၊ အဒွါရရုပ်မည်၏။ ဣတိ ဝေ၊ ဤသို့ဆိုအပ်ပြီးသော အပြားအားဖြင့်။ အဋ္ဌဝိဓံ၊ ရှစ်ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

နဝကနည်း။ ။ပုန၊ တဖန်။ အဋ္ဌိန္ဒြိယာနိန္ဒြိယဘေဒတော၊ ရှစ်ပါးသော ဣန္ဒြိယရုပ်, အနိန္ဒြိယရုပ်တို့၏ အပြားအားဖြင့်။ နဝဝိဓံ၊ ကိုးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

ဒသကနည်း။ ။ပုန၊ တဖန်။ နဝကမ္မဇာကမ္မဇဘေဒတော၊ ကိုးပါးသော ကမ္မဇရုပ်, အကမ္မဇရုပ်တို့၏ အပြားအားဖြင့်။ ဒသဝိဓံ၊ ဆယ်ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

ကောဒသကနည်း။ ။ပုန၊ တဖန်။ အာယတနဘေဒတော၊ အာယတန် အပြားအားဖြင့်။ ကောဒသဝိဓံ၊ တဆဲ့တပါး အပြားရှိသည်။ ဟောတိ၊ ဖြစ်၏[၁]။

ဗဟုဝိဓနည်း။ ။ဘဝေသု၊ ဘဝတို့၌။ ရူပကလာပ ပဝတ္တိဘေဒတော၊ ရုပ်ကလာပ်တို့၏ ဖြစ်သောအပြားအားဖြင့်။ ဗဟုဝိဓံ၊ များသောအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

## ရုပ်တို့ဖြစ်ပုံ

ရုပ်ဖြစ်ပုံ ၇၄၃။ ဣတော၊ ဤပကိဏ္ဏကမှ။ ပရံ၊ နောက်၌။ ကာမရူပဘဝဒွယေ[၂]၊ ကာမဘဝ, ရူပဘဝ နှစ်ပါးအပေါင်း၌။ ပဋိသန္ဓိပဝတ္တီသု၊ ပဋိသန္ဓေအခါ,ပဝတ္တိအခါတို့၌။ ရူပါနံ၊ ရုပ်တို့၏။ ဥပ္ပတ္တိံ၊ ဖြစ်ခြင်းကို။ အဟံ၊ ငါသည်။ ပဝက္ခာမိ၊ အပြားအားဖြင့် ဆိုအံ့။

ဩပပါတိကပဋိသန္ဓေကိုသာ ရသူ ၇၄၄။ ဘုမ္မဝဇ္ဇေသု၊ဘုမ္မစိုးနတ်သည် ကြဉ်အပ်ကုန်သော။ဒေဝေသု စ၊ နတ်တို့၌၎င်း။ နိရယေ စ၊ အဝီစိငရဲ၌၎င်း။ နိဇ္ဈာမတဏှိကေ စ၊ နိဇ္ဈာမတဏှိကပြိတ္တာ၌၎င်း။ ပုရိမာ၊ ရှေးဖြစ်ကုန်သော။ တိဿော၊ သုံးပါးကုန်သော။ ယောနိယော၊ အဏ္ဍဇ, ဇလာဗုဇ, သံသေဒဇယောနိတို့သည်။ န သန္တိ၊ မရှိကုန်။ ဣတိ၊ ဤသို့။ ဝိနိဒ္ဒိသေ၊ ပြရာ၏[၃]။

---

၁။ မနာယတန၏ နာမ်ဖြစ်သည်၏ အဖြစ်ကြောင့် ဓမ္မာယတန၏လည်း တစိတ်အားဖြင့် ရုပ်ဖြစ်သည်၏ အဖြစ်ကြောင့် "အာယတနဘေဒတော ကောဒသဝိဓံ မိန့်သည်။ (ယင်း ဋီကာသစ်၊ဒုနှာ-၁၇၁။)

၂။ အရူပဘဝ၌ ရုပ်ဖြစ်ခြင်း၏ မရှိခြင်းကြောင့်, အသညီဘဝ၏လည်း ရူပဘဝ၌အကျုံးဝင်သည်၏ အဖြစ်ကြောင့်"ကာမရူပဘဝဒွယေ" မိန့်သည်။ (ယင်းဋီကာသစ်၊ဒုနှာ-၁၇၂။)

၃။ ယောနိဝိဘာဂ (ပဋိသန္ဓေအားဖြင့် ဝေဘန်ခြင်း) သို့ရောက်၍ ဘုမ္မစိုးနတ်တို့၏ လူနှင့်တူသည်၏အဖြစ်ကြောင့် ဘုမ္မဝဇ္ဇေသု ဟူ၍ ဘုမ္မစိုးနတ်တို့ကို ကြဉ်သည်။ အဏ္ဍဇ

ပဋိသန္ဓေ ၄-ပါးလုံး ရသူများ ၇၄၅။ သေသော၊ ဒေဝဂတိ, နိရယဂတိ
တို့မှ ကြွင်းသော။ ဂတိတ္တယေ စ၊
မနုဿ, ပေတ, တိရစ္ဆာနဟုဆိုအပ်သော ဂတိသုံးပါး အပေါင်း၌ရင်း။ ဘုမ္မ-

စသော ရှေ့သုံးပါးတို့ကို ပယ်သဖြင့် နောက်သြပပါတိက ယောနိကို ခွင့်ပြုသည်ဟု အတ္ထ
အားဖြင့် ရောက်၏။

**နိဇ္ဈာမတဏှိကပြိတ္တာတို့ ယောနိ ၃-ပါး မရခြင်းအကြောင်း။** ။နိဇ္ဈာမ တဏှိက ပြိတ္တာတို့
၏ နိစ္စာတုရ အဖြစ်ဖြင့်
ကာမ၏ မရှိခြင်းကြောင့် ဂဗ္ဘဂဟဏမဖြစ်၊ ထို့ကြောင့် အဏ္ဍဇ, ဇလာဗုဇ ယောနိတို့သည်
နိဇ္ဈာမတဏှိကပြိတ္တာတို့၌ မရှိကုန်။

ရဲရဲတောက်သည်၏ အဖြစ်ကြောင့် ဝမ်း၌ ကိုယ်ဝန်မတည်ဟု ကေစိတို့ ဆိုကုန်၏။

နိဇ္ဈာမတဏှိက၌ ဖြစ်ကုန်သော သတ္တဝါတို့၏ လည်း မကောင်းမှုကံ၏ အာနုဘော်
အားဖြင့် မဟာဒုက္ခသို့ ရောက်အပ်သည်၏ အဖြစ်ကြောင့် ကြီးသောကိုယ်ရှိသည်သာ
ဖြစ်ရာ၏။ ထို့ကြောင့် သံသေဒဇယောနိသည်လည်း နိဇ္ဈာမတဏှိကတို့အား မဖြစ်။

မီးလျှံဖြင့် ပြင်းစွာပူသော ကိုယ်ရှိသည်၏ အဖြစ်ကြောင့် ထိုနိဇ္ဈာမ တဏှိကတို့၏
ဖြစ်သောကာလ စိုစွတ်ရာအရပ်, ပန်းအစရှိသည်တို့၌ ဖြစ်ခြင်း မရှိသောကြောင့် သံသေဒဇ
အဖြစ်သည် မရှိဟုလည်း ဆိုကုန်၏။

**သံသေဒဇနှင့်သြပပါတိကအထူး။** ။သံသေဒဇသည် ငယ်သောကိုယ်ရှိသည်ဖြစ်၍ ပဒုမ္မာ
ကြာတိုက် အစရှိသည်ကို မှီလျက်ဖြစ်၍ အစဉ်သဖြင့်
ကြီး၏၊ သြပပါတိကသည် သောဠသ ဝဿုဒ္ဒေသိကကဲ့သို့ ပရိပုဏ္ဏင်္ဂ, ပစ္စင်္ဂဖြစ်၍ ထင်ရှား
ဖြစ်၏။ (ယင်္ဂဋီကာသစ်၊ဒု၊နှာ၊၁၇၂။)

(နိဇ္ဈာမတဏှိက ပြိတ္တာတို့မှာ အမြဲမပြတ် နာကျင်ခြင်း ဆင်းရဲဒုက္ခကို ခံစားနေရ၍
ကာမဂုဏ်ခံစားမှု မဖြစ်နိုင်ရကား ကိုယ်ဝန်ယူခြင်း ပေးခြင်း မဖြစ်နိုင်၊ သို့ဖြစ်၍ အဏ္ဍဇ,
ဇလာဗုဇယောနိကို မရ။

တနည်း—နိဇ္ဈာမတဏှိကပြိတ္တာ၏ ကိုယ်ခန္ဓာသည် သံတွေခဲပမာ အလျှံပြောင်ပြောင်
တောက်လောင်နေသဖြင့် ဝမ်း၌ ကိုယ်ဝန်မတည်နိုင်၊ ထို့ကြောင့် အဏ္ဍဇ, ဇလာဗုဇယောနိ
တို့ကို မရ။ (ကေစိဝါဒ)

နိဇ္ဈာမတဏှိက ပြိတ္တာတို့သည် မကောင်းမှုကံ၏ အစွမ်းအားဖြင့် ကြီးစွာသော ဆင်းရဲ
ဒုက္ခကို ခံစားဘို့ရန် ကိုယ်ခန္ဓာကြီးကြီးမားမားဖြင့် ထင်ရှားဖြစ်လာရသည်၊ ထို့ကြောင့်
သံသေဒဇယောနိကို မရ။

တနည်း—နိဇ္ဈာမတဏှိကပြိတ္တာတို့မှာ သံတွေခဲပမာ အလျှံပြောင်ပြောင် တောက်လောင်
သော ကိုယ်ခန္ဓာရှိသည်၊ ၎င်းတို့ ဖြစ်သည့်အခါ စိုစွတ်ရာအရပ်, ပန်းအစရှိသည်တို့၌ မဖြစ်
နိုင်၊ ထို့ကြောင့် သံသေဒဇယောနိကို မရ။ (ဝဒန္တိဝါဒ)

သံသေဒဇပုဂ္ဂိုလ်သည် ပဒုမ္မာကြာတိုက် စသည်ကို စွဲမှီ၍ ဖြစ်သည်၊ ပဌမသေးငယ်
သော ကိုယ်ခန္ဓာရှိသည်၊ နောက်မှ တဖြေးဖြေး ကြီးပြင်းလာသည်။

သြပပါတိက ပုဂ္ဂိုလ်သည် ဖြစ်ပေါ်ကတဲက ၁၆-နှစ်အရွယ်ပမာ အင်္ဂါကြီးငယ် ပြည့်ပြည့်
စုံစုံဖြင့် ကိုယ်ခန္ဓာ ထင်ရှားဖြစ်ပေါ်လာသည်။ (ဤကား သံသေဒဇနှင့် သြပပါတိက
အထူးတည်း။)

ဒေဝေသုပိ စ၊ ဘုမ္မစိုးနတ်တို့၌ရင်း။ စတဿော စ၊ လေးပါးလည်း ဖြစ်ကုန်သော။ ယောနိယော၊ အဏ္ဍဇ, ဇလာဗုဇ, သံသေဒဇ, ဩပပါတိကယောနိတို့သည်။ ဘဝန္တိ[၁]၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဝိဘာဝိနော၊ ပညာရှိသော သူသည်။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

## ပဋိသန္ဓေအခါ၌ ရသောရုပ်ကလာပ်များ

**သဘာဝ ဂဗ္ဘသေယျက သတ္တဝါရသော ရုပ်ကလာပ်**

၇၄၆။ သ ဘာဝဿေဝ၊ ဘော (ဘာဝရုပ်) နှင့်တကွသာလျှင် ဖြစ်သော။ ဂဗ္ဘသေယျကသတ္တဿ၊ ဂဗ္ဘသေယျက သတ္တဝါဖြစ်သော။ ဒေဟိနော၊ သတ္တဝါအား။ ပဋိသန္ဓိက္ခဏေ၊ ပဋိသန္ဓေခဏ၌။ တိံသရူပါနိ၊ (ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသကဟူသော) သုံးဆယ်သော ရုပ်တို့သည်။ ဇာယန္တေ၊ ဖြစ်ကုန်၏[၂]။

**အဘာဝဇလာဗုဇနှင့် အဘာဝအဏ္ဍဇရသော ရုပ်ကလာပ်**

၇၄၇။ အဘာဝဂဗ္ဘသေယျာနဉ္စ၊ ဘော (ဘာဝရုပ်) မရှိသော ဂဗ္ဘသေယျကသတ္တဝါအားရင်း။ အဏ္ဍဇာနဉ္စ၊ အဥ၌ ဖြစ်ကုန်သော သတ္တဝါတို့အားရင်း။ ကာယဝတ္ထုဝသေန၊ ကာယဒသက, ဝတ္ထုဒသကတို့၏ အစွမ်းအားဖြင့်။ ဝီသတိရူပါနိ၊ နှစ်ဆယ်သော ရုပ်တို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏[၃]။

---

၁။ (လူတို့တွင် ယခုလူသားတို့သည် ဇလာဗုဇ၊ ကုန္တပုတ္တမထေရ်ညီနောင်သည် အဏ္ဍဇ၊ ပေါက္ခရသာတိပုဏ္ဏား, ပဒုမဒေဝီမိဖုရားနှင့် ၎င်း၏သားတော်ကြီးမှတပါး ကျန်၄၉၉-ယောက်သော သားတော်များ စသည်သည် သံသေဒဇ၊ အမ္ဗပါလိပြည့်တန်းဆာ, စိဉ္စမာနတို့သည် ဩပပါတိကတို့ ဖြစ်သည်။ တချို့က အမ္ဗပါလိပြည့်တန်းဆာ, စိဉ္စမာနတို့ကို သံသေဒဇဟု ဆိုကြသည်။ ၎င်းဋီကာသစ်၊ဒု၊နှာ—၁၇၂-၃။)

၂။ သဘာဝဿေဝ-၌ ဧဝ-သဒ္ဒါဖြင့် အဘာဝက=ဘာဝရုပ်မရှိသော ပုဂ္ဂိုလ်အား ဘာဝဒသက မရှိခြင်းကြောင့် သုံးဆယ်သောရုပ်တို့၏ မဖြစ်ခြင်းကို ပြသည်။

၃။ ရှေး၌ သဘာဝက ဂဗ္ဘသေယျကကို ဆိုပြီး၍ ထိုသဘာဝက ဂဗ္ဘသေယျကမှ နစ်စေခြင်းငှါ အဘာဝဂဗ္ဘသေယျာနံ မိန့်သည်။

ရှေ့၌ ဂဗ္ဘသေယျကသဒ္ဒါဖြင့် အဏ္ဍဇတို့ကို ယူသော်လည်း ဂေါဗလိဗဒ္ဒနည်း၏ အစွမ်းဖြင့် အဏ္ဍဇာနံ ဟု ဤ၌ အသီးအခြားဆိုသည်။ အဏ္ဍဇတို့၏ အဘာဝကအဖြစ်ကို နစ်စိမ့်သောငှါ မဆို။ အဏ္ဍဇတို့၏ အဘာဝအဖြစ်ကိုကား ဂဗ္ဘသေယျကသဒ္ဒါနှင့် သမာသ်ဖြစ်သော အဘာဝသဒ္ဒါကို ဤသို့ ဆောင်ခြင်းငှါ မတတ်ကောင်းသောကြောင့် ပကရဏအားဖြင့် မှတ်အပ်၏။ (ယင်းဋီကာသစ်၊ ဒု၊ နှာ-၁၇၃-၄။)

၇၄၈။ ဧတ္ထ၊ ဤအဘာဝဂဗ္ဘသေယျကသတ္တဝါ, အဏ္ဍဇသတ္တဝါတို့၌။ ဂဟိတာဂဟဏေန၊ ယူပြီးသည်ကို မယူသဖြင့်။ တေ၊ ထိုရုပ်တို့သည်။ ကောဒသ[၁]၊ တဆဲ့တပါးတို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

သမ္ဘေသု၊ ခပ်သိမ်းကုန်သော။ ဒသကေသုပိ၊ ဆိုပြီး ဆိုလတ္တံ့သော ဒသကတို့၌လည်း။ ဧသေဝ စ နယော၊ ဤနည်းကိုသာလျှင်။ ဉေယျော၊ သိအပ်၏။

ဇီဝိတနဝက ကလာပ် ၇၄၉။ ယဒါ၊ အကြင်အခါ၌။ သုဒ္ဓကံ မဋ္ဌကံ၊ သက်သက်သော အဋ္ဌကသည်။ ဇီဝိတေန၊ ဇီဝိတနှင့်။ သဒ္ဓိံ၊ တကွ။ ဇာယတေ၊ ဖြစ်၏။ တဒါ၊ ထိုအခါ၌။ ဇီဝိတနဝကံ နာမ၊ ဇီဝိတနဝကမည်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ သမုဒီရိတံ၊ ဟောအပ်၏။

ကာယဒသကကလာပ် ၇၅၀။ ဇီဝိတနဝကံ၊ ဇီဝိတနဝကသည်။ ကာယပသာဒေန၊ ကာယပသာဒနှင့်။ ကေတော၊ တပေါင်းတည်း။ သိယာ၊ ဖြစ်အံ့။ တံ၊ ထိုဒသကသည်။ ကာယ-

---

(ဂဗ္ဘသေယျ၌ ဇလာဗုဇ,အဏ္ဍဇ ၂-မျိုးလုံးရသည်၊ သို့ဖြစ်၍ အဘာဝဂဗ္ဘသေယျာနံ၌ ဂဗ္ဘသေယျသဒ္ဒါဖြင့် အဏ္ဍဇကိုယူနိုင်သော်လည်း ဂေါဗလိဗဒ္ဒနည်းဖြင့် အဏ္ဍဇာနံဟု အသီးအခြားဆိုထားသဖြင့် ဂဗ္ဘသေယျအရ ဇလာဗုဇကိုသာ ယူဟုဆိုလိုသည်။

ယှဉ်ဘက်သဒ္ဒါ၏ အနက်ကိုချန်၍ ဟောသောနည်းသည် ဂေါဗလိဗဒ္ဒနည်းမည်သည်၊ ဂေါဗလိဗဒ္ဒ၌ ဂေါသဒ္ဒါသည် နွားငယ်,နွားလတ်,နွားလားကို ဟောနိုင်သော်လည်း ယှဉ်ဘက် ဗလိဗဒ္ဒသဒ္ဒါ၏ အနက်ဖြစ်သော နွားလားအနက်ကိုချန်၍ နွားငယ်, နွားလတ်အနက်ကိုသာ ဟောသည်၊ နွားလားအနက်ကို ဗလိဗဒ္ဒသဒ္ဒါက ဟောသည်။

ထို့အတူ ဤ၌.ဂဗ္ဘသေယျသဒ္ဒါသ.ည် ဇလာဗုဇ, အဏ္ဍဇ ၂-မျိုးလုံးကို ဟောနိုင်သော်လည်း ယှဉ်ဘက် အဏ္ဍဇာနံ သဒ္ဒါ၏အနက်ကိုချန်၍ ဇလာဗုဇအနက်ကိုသာ ဟောသည်၊ အဏ္ဍဇအနက်ကို အဏ္ဍဇာနံသဒ္ဒါက ဟောသည်။

အဏ္ဍဇတို့၏ ဘာဝရုပ်မရှိခြင်းကို တားမြစ်စေလိုသောကြောင့် အဏ္ဍဇာနံဟုဆိုသည် မဟုတ်၊ အဏ္ဍဇတို့၏ ဘာဝရုပ်မရှိခြင်းကို အရအားဖြင့် မှတ်အပ်၏ဟူလို)။

၁။ (သုဒ္ဓဋ္ဌကကလာပ်ရုပ် ၈-ပါး, ဇီဝိတရုပ်, ကာယပသာဒ, ဟဒယဝတ္ထုရုပ်၊ ပေါင်း ၁၁-ပါး၊ ဘာဝရုပ်ရှိသော ဂဗ္ဘသေယျကသတ္တဝါမှာ ယင်း ၁၁-ပါး၌ ဘာဝရုပ် ၂-ပါးတွင် ၁-ပါးပါးထည့်၍ ရုပ် ၁၂-ပါးဖြစ်သည်။ ရင်းဋီကာသစ်၊ဒု၊နှာ-၁၇၄။)

ဒသကံ နာမ၊ ကာယဒသကမည်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ပရိယာပုဋ္ဌံ၊ သိအပ်၏။ ဝါ၊ ဆိုအပ်၏။

အမှာ။　။ကာယော ဒသမော ဧတ္ထာတိ ကာယဒသကံ၊ အသာဓာရဏေန ဝါ ကာယေန လက္ခိတံ ဒသကံ ကာယဒသကံ-ပြု။

**ဘာဝဒသကစသည်**

၇၅၁။ ဘာဝေန စ၊ ဘာဝနှင့်၎င်း။ ဝတ္ထုနာ စ၊ ဟဒယဝတ္ထုနှင့်၎င်း။ စက္ခာဒီဟိ စ၊ စက္ခု အစရှိသည်တို့နှင့်၎င်း။ သဒ္ဓိံ၊ တကွ။ ယောဇေတွာ၊ ယှဉ်၍။ သတ္တဒသကာ၊ ခုနစ်ပါးသော ဒသကတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဧသော စ နယော၊ ဤဆိုအပ်ပြီးသော နည်းကိုသာလျှင်။ ဝိညုနာ၊ ပညာရှိသော သူသည်။ ဉေယျော၊ သိအပ်၏။

**လူ ဩပပါတိကနှင့် ကာမာဝစရနတ်တို့ အလွန်ဆုံး ရသော ရုပ်ကလာပ်**

၇၅၂-၇၅၃။ မနုဿေသု၊ လူ့ဘုံတို့၌။ ဩပပါတိကသတ္တာနံ၊ ဩပပါတိကသတ္တဝါတို့အား။ ဥပပတ္တိယံ၊ ပဋိသန္ဓေအခါ၌။ (သတ္တတိ ရူပါနိ ဟောန္တိ-၌စပ်) ကာမာဝစရဒေဝါနံ၊ ကာမာဝစရနတ်တို့အား။ နိစ္စံ၊ အမြဲ။ စက္ခု စ၊ စက္ခုဒသက ကလာပ်၎င်း။ သောတဥ္စ၊ သောတဒသက ကလာပ်၎င်း။ ဃာနဥ္စ၊ ဃာနဒသက ကလာပ်၎င်း။ ဇိဝှါ စ၊ ဇိဝှါဒသက ကလာပ်၎င်း။ ကာယော စ၊ ကာယဒသက ကလာပ်၎င်း။ ဝတ္ထု စ၊ ဝတ္ထုဒသက ကလာပ်၎င်း။ ဘာဝေါ စ၊ ဘာဝဒသက ကလာပ်၎င်း။ ဣတိ၊ ဤသို့။ သတ္တန္နံ၊ ခုနစ်ပါးကုန်သော။ ဒသကာနံ၊ ဒသက ကလာပ်တို့၏။ ဝသာ၊ အစွမ်းအားဖြင့်။ သတ္တတိ ရူပါနိ၊ ခုနစ်ဆယ်သော ရုပ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏[၁]။

---

၁။ ကာမာဝစရနတ်တို့၌ အခါခပ်သိမ်း ပဋိသန္ဓေ၊ ပဝတ္တိတို့၌ ခုနစ်ဆယ်သော ရုပ်တို့ကို ရခြင်းကြောင့် နိစ္စံ ရူပါနိ သတ္တတိ မိန့်သည်။

လူတို့၌ကား ဩပပါတိကသတ္တာနံ-ဟု သာမညဆိုသော်လည်း ကမ္ဘာဦးသတ္တဝါတို့အား ဘာဝဒသက၏ ပဋိသန္ဓေခဏ၌ မဖြစ်ခြင်းကြောင့် အာဒိကပ္ပိက (ကမ္ဘာဦး) သတ္တဝါတို့အား ခြောက်ဆယ်သောရုပ်တို့ကို သိအပ်၏။

ဇီဝိတနဝကသည်လည်း ဩပပါတိက, သံသေဒဇ ကာမာဝစရသတ္တဝါတို့အား ပဝတ္တိ အခါ၌သာ ဖြစ်၏။ အဘဲ့ကြောင့်နည်း ထိုဇီဝိတနဝက၏ ပါစကဂ္ဂိ=ဝမ်းမီးနှင့် တကွ ဖြစ်သည်၏ အဖြစ်ကြောင့်၎င်း ထိုပါစကဂ္ဂိ၏လည်း အဇ္ဈောဟရာဟာရကို မှီသဖြင့် ဖြစ်ခြင်း

ရူပဗြဟ္မာရသောရုပ်ကလာပ် ၇၅၄။ ရူပီနံ ဗြဟ္မာနံ၊ ရူပဗြဟ္မာတို့အား။ စက္ခုသောတဝတ္ထုဝသာ ပန၊ စက္ခုဒသက, သောတဒသက, ဝတ္ထုဒသကတို့၏ အစွမ်းအားဖြင့်။ တိဓာဝ၊ သုံးပါးသာလျှင်ဖြစ်ကုန်သော။ ဒသကာနိ စ၊ ဒသကတို့ရင်း။ ဇီဝိတဆ နဝကဥ္စ၊ ဇီဝိတနဝက ကလာပ်ရင်း။

၇၅၅။ ဣတိ၊ ဤသို့။ စတုန္နံ၊ လေးပါးကုန်သော။ ရူပီနံ ကလာပါနံ၊ ရုပ်ကလာပ်တို့၏။ ဝသေန၊ အစွမ်းအားဖြင့်။ ဧကူနာနိ စတ္တာလီသေဝ ရူပါ-နိ၊ တခုယုတ် လေးဆယ်သော ရုပ်တို့သည်သာလျှင်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

အသညသတ်ပုဂ္ဂိုလ်ရသော ရုပ်ကလာပ် ၇၅၆။ ဇီဝိတနဝကေနေဝ၊ ဇီဝိတနဝက ကလာပ်ဖြင့် သာလျှင်။ အသညပ္ပတ္တိ၊ အသညသတ် ပဋိသန္ဓေကို။ ဒီပိတာ၊ ပြအပ်၏။

အယုတ်ဆုံး စက္ခု, သောတ, ဃာန, ဘာဝ ၄-ပါး ချို့တဲ့သူရသော ရုပ်ကလာပ် ဇစ္စန္ဓဗဓိရဃာနရဟိတေ စ၊ ပဋိသန္ဓေအားဖြင့် ကန်းသောသူ, ပဋိသန္ဓေအားဖြင့် နားပင်းသောသူ, ဃာနချို့သောသူ၌ရင်း။ နပုံသကေ စ၊ နပုန်း၌ရင်း။

၇၅၇။ ဝတ္ထုနော စ၊ ဝတ္ထုဒသက ကလာပ်၏ရင်း။ ကာယ ဇိဝှါနံ၊ ကာယဒသက, ဇိဝှါဒသက ကလာပ်တို့၏။ ဝသာ စ၊ အစွမ်းဖြင့်ရင်း။

ကြောင့်ရင်းတည်း။ သံသေဒဇကိုလည်း ပရိပုဏ္ဏာယတနိက ဖြစ်ခြင်းကြောင့် ဩပပါတိက တို့နှင့် အထူးမရှိဟု (သိစေလို၍) အသီးမယူသည်။

(ကာမာဝစရနတ်တို့မှာ ဣန္ဒြေချို့တဲ့ခြင်း, ဘာဝရုပ်ကင်းခြင်း မရှိသဖြင့် ပဋိသန္ဓေအခါ, ပဝတ္တိအခါတို့၌ အမြဲတမ်း စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဘာဝ, ဝတ္ထုဒသက ကလာပ်အားဖြင့် ကလာပ် ၇-ပါး၊ ရုပ်ပေါင်း ၇၀-ဖြစ်သည်။

ကမ္ဘာဦးပုဂ္ဂိုလ်မှာ ပဋိသန္ဓေခဏ၌ ဘာဝရုပ် မဖြစ်သောကြောင့် အလွန်ဆုံး ကလာပ်အားဖြင့် စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဝတ္ထုဒသက ကလာပ် ၆-ပါး၊ ရုပ်ပေါင်း ၆၀-ဖြစ်သည်။

ကာမာဝစရ ဩပပါတိက, သံသေဒဇ သတ္တဝါတို့မှာ ပဝတ္တိအခါ၌သာ ဇီဝိတနဝက ကလာပ်ရုပ်ဖြစ်သည်၊ အကြောင်းကား-ဇီဝိတနဝက ကလာပ်သည် မျိုအပ်သော အာဟာရကို မှီ၍ဖြစ်သော ဝမ်းမီးနှင့်အတူတကွ ဖြစ်သောကြောင့်တည်း။

ဣန္ဒြေ,အင်္ဂါကြီးငယ် ပြည့်စုံသော သံသေဒဇတို့၏ ရုပ်ဖြစ်ပုံမှာ ဩပပါတိက ကာမာဝစရ သတ္တဝါအတိုင်းပင်ဖြစ်၍ ဤ၌ သံသေဒဇကို သီးခြား မဆိုသည် ဟူလို။ ယင်းဋီကာသစ်၊ဒု၊နှာ-၁၇၅။)

အဝကံသတော၊ အယုတ်အားဖြင့်။ တိံသ၊ သုံးဆယ်သော ရုပ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏[၁]။

ချုံသူအလိုက် ရုပ်ဖြစ်ပုံ။ ။ဥက္ကံသဿ’ ဝက်ံသဿ၊ အလွန် အယုတ်၏။
အန္တရေ၊ အကြား၌။ အနုရူပတော၊ လျော်စွာ။

၇၅၀။ ပရိပုဏ္ဏာနံ ရူပါနံ၊ ပြည့်စုံသောရုပ်ရှိကုန်သော။ ပါဏီနံ၊ သတ္တဝါတို့၏။ ဝသေန၊ အစွမ်းဖြင့်။ ရူပါနံ၊ ရုပ်တို့၏။ ဥပ္ပတ္တိ၊ ဖြစ်ခြင်းကို။ ဝိဘာဝိနာ၊ ပညာရှိသည်။ ဝေဒိတဗ္ဗာ၊ သိအပ်၏[၂]။

---

၁။ ဇစ္စန္ဓဗဓိရာ ဟု ဆန္ဒာနုရက္ခဏအကျိုးငှါ ဒီဃပြုသည်၊ ဤဇစ္စန္ဓဗဓိရစသော စကား ကိုလည်း ဩပပါတိကဿ ဇစ္စန္ဓဗဓိရဃာနရဟိတေ နပုံသကေ ဇိဝှါကာယဝတ္ထုဒသကာနံ ဝသေန တိံသ ရူပါနိ ဥပ္ပဇ္ဇန္တိ ဟူသော အဋ္ဌကထာဝါဒကို ယူ၍ မိန့်သည်၊ အာနန္ဒာ (မူလ ဋီကာ) ဆရာကား ပါဠိနှင့် မညီဆို၍ ပယ်၏။ (ယင်းဋီကာ သစ်၊ဒု၊နှာ-၁၈၀)

(စက္ခု, သောတ, ဃာန, ဘာဝချို့တဲ့သော ဩပပါတိကနှင့် သံသေဒဇတို့မှာ ပဋိသန္ဓေ ခဏ၌ ကလာပ်အားဖြင့် ဇိဝှါ, ကာယ, ဝတ္ထုဒသက ၃-ပါး၊ ရုပ်ပေါင်း ၃၀-ဖြစ်သည်။

ဝိဘင်းမူလဋီကာဆရာ ရှင်အာနန္ဒာက-ယမိုက်၌ ဃာနနှင့်ဇိဝှါ အတူတကွ ဖြစ်သည်ကို ဟောတော်မူသည်ကို ထောက်၍ ဇိဝှါ မချိုစကောင်းသကဲ့သို့ ဃာနလည်း မချိုစကောင်း သောကြောင့်ရင်း, ဝိဘင်းပါဠိတော် နှာ ၄၂၆-၌ စက္ခု, သောတ ချိုပုံကိုသာ ဟောသည်၊ ဃာန ချိုပုံကို မဟောသောကြောင့်ရင်း ယမိုက်ပါဠိတော်, ဝိဘင်းပါဠိတော်တို့နှင့် မညီရ ကား "စက္ခု, သောတ, ဃာန, ဘာဝ ချို့တဲ့သောဩပပါတိကနှင့် သံသေဒဇတို့မှာ ရုပ်ပေါင်း ၃၁-ဖြစ်သည်"ဟူသော ဝိဘင်းအဋ္ဌကထာ ဝါဒကို ပယ်လေသည်။

သို့သော် ဣန္ဒြိယယမိုက် ဣတ္ထိန္ဒြိယမူ ဃာနိန္ဒြိယမူလီ, ပုရိသိန္ဒြိယမူ ဃာနိန္ဒြိယမူလီတို့၌ ဃာနချိုပုံကို ဟောသောကြောင့် ဩပပါတိကနှင့် သံသေဒဇတို့မှာ ရံဖန်ရံခါ ဃာနဒသက ချိုကောင်းသည်ဟု ယူဆရပေသည်။

ဆရာဇောတိပါလက ကမ္ဘာဦး ဩပပါတိကမှာသာ ဘာဝဒသကချိုသည်၊ ကျန်သုဂတိ ဩပပါတိကမှာ ဣန္ဒြေမချိုစကောင်း၊ သံသေဒဇမှာသာ စက္ခုစသော ဣန္ဒြေချိုကောင်း သည်-ဟု ဆိုသည်။

ဒုဂ္ဂတိဩပပါတိကတို့မှာမူ ရံခါရံဖန် ကံအားလျော်စွာ စက္ခု, သောတ, ဘာဝဒသက၊ ဤ ၃-ပါးတွင် တပါးပါးချိုကောင်းသည်၊ အခွင့်မသာလျှင် ဒသက ၃-ပါးလုံးပင် ချိုကောင်း ပေသည်။

အဘိဓမ္မာဝတာရ၊ ဋီသစ်၊ ဒု၊ နှာ ၁၈၀-၂။ ဝိဘင်း ဋ္ဌ၊ နှာ ၁၅၃။ ဝိဘင်း မူလဋီကာ၊ နှာ ၁၀၉။)

၂။ (ဩပပါတိကနှင့် သံသေဒဇတို့မှာ ပဋိသန္ဓေခဏ၌ စက္ခုချိုသော် သောတ,ဃာန, ဇိဝှါ,ကာယ,ဘာဝ,ဝတ္ထုဒသက ကလာပ် ၆-ပါး၊ ရုပ်ပေါင်း ၆၀-ဖြစ်သည်၊ သောတချိုသော် သောတနှင့် စက္ခုလဲလှယ်၍ ကလာပ် ၆-ပါး၊ ရုပ်ပေါင်း ၆၀-ဖြစ်သည်၊ စက္ခု, သောတ ၂-ပါးစုံချိုသော် စက္ခု, သောတဒသက ၂-ပါးကြဉ် ဒသက ၅-ပါး၊ ရုပ်ပေါင်း ၅၀-ဖြစ်သည်၊ ဤသို့စသည်ဖြင့် ချို့တဲ့သူအလိုက် ပဋိသန္ဓေခဏ၌ ရုပ်ဖြစ်ပုံကို သိလေဟူလို။)

## ပဝတ္တိအခါ၌ရသော ရုပ်ကလာပ်များ

၇၅၉။ ကာမာဝစရဒေဟိနော၊ ကာမာဝစရသတ္တဝါအား။ ဒွိန္နံ၊ နှစ်ပါးကုန်သော။ ဘာဝါနံ၊ ဘာဝရုပ်တို့၏။ ဧကတော၊ တပေါင်းတည်း။ အပ္ပဝတ္တနတော၊ မဖြစ်ခြင်းကြောင့်။ သတ္တဝီသတိ ရူပါနိ၊ နှစ်ဆဲ့ခုနစ်ပါးသောရုပ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏[၁]။

**ရူပဗြဟ္မာတို့ မရသောရုပ်** ၇၆၀။ ဃာနဉ္စ၊ ဃာနပသာဒရင်း။ ဇိဝှါ စ၊ ဇိဝှါပသာဒရင်း။ ကာယော စ၊ ကာယပသာဒရင်း။ တထာ၊ ထိုမှတပါး။ ဘာဝဒ္ဒယမ္ပိ စ၊ ဘာဝရုပ်နှစ်ခုတို့၏ အပေါင်းရင်း။ ဣတိ၊ ဤသို့။ ပဉ္စ ရူပါ၊ ငါးပါးသော ရုပ်တို့သည်။ ရူပီနံ ဗြဟ္မာနံ၊ ရူပဗြဟ္မာတို့အား။ န ဝိဇ္ဇရေ၊ မရှိကုန်[၂]။

**စတုသန္တတိရုပ်စသည်** ၇၆၁။ ကာမသ္မိံ၊ ကာမဘုံ၌။ စတုသန္တတိ၊ လေးပါးသော သန္တတိ ရုပ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ရူပေ၊ ရူပဘုံ၌။ တိသန္တတိ၊ သုံးပါးသော သန္တတိ ရုပ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အသညေသု၊ အသညသတ်ဘုံတို့၌။ ဒ္ဒိသန္တတိ၊ နှစ်ပါးသော သန္တတိရုပ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဗဟိဒ္ဓါ၊ အပသန္တာနန်၌။ ဧကသန္တတိ၊ တပါးသောသန္တတိရုပ်သည်။ ဟောတိ၊ ဖြစ်၏[၃]။

---

၁။ ဤသို့ သုံးပါးသောဘဝတို့၌ ပဋိသန္ဓေအခါ ရုပ်ဖြစ်ခြင်းကို ပြပြီး၍ ယခုအခါ ပဝတ္တိအခါ၌ ရုပ်ဖြစ်ခြင်းကို ပြခြင်းငှါ သတ္တဝီသတိ ရူပါနိ အစရှိသည်ကို မိန့်။

နှစ်ဆဲ့ရှစ်ခုသာ ဖြစ်ကုန်သော ရုပ်တို့သည် ကာမဘုံ၌ဖြစ်ကုန်၏ မဟုတ်ပါလောဟူသော စောဒနာကိုဖြေခြင်းငှါ အပ္ပဝတ္တနတော အစရှိသည်ကို မိန့်။ (ယင်းဋီကာသစ်၊ဒု၊နှာ-၁၈၂)

၂။ (ကာမဝိရာဂဘာဝနာအစွမ်းဖြင့် ဃာန, ဇိဝှါ, ကာယ ပသာဒတို့၌ တပ်ခြင်းကင်းသဖြင့် ရူပဗြဟ္မာတို့မှာ ဃာန, ဇိဝှါ, ကာယပသာဒတို့ မဖြစ်။

ဘာဝရုပ်သည် ကာမရာဂလျှင် အားကြီးသော မှီရာရှိသောကြောင့် ကာမဝိရာဂဘာဝနာအစွမ်းဖြင့်ဖြစ်သော ကာမရာဂကင်းသော ရူပဗြဟ္မာ၌ မဖြစ်ပေ။

အသညသတ်ကြဉ် ရူပဗြဟ္မာတို့မှာ ဃာန, ဇိဝှါ, ကာယ, ဘာဝရုပ် ၂-ခုကြဉ် ရုပ် ၂၃-ပါး ဖြစ်သည်၊ အသညသတ်ဗြဟ္မာမှာ မဟာဘုတ် ၄-ပါး, ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဇီဝိတ, အာဟာရ, အာကာသ, လက္ခဏရုပ် ၄-ပါး၊ ပေါင်း ရုပ် ၁၅-ပါး ဖြစ်သည်။ ရင်းဋီကာသစ်၊ ဒု၊ နှာ ၁၈၂။)

၃။ ကံ,စိတ်,ဥတု,အာဟာရ အကြောင်း ၄-ပါးကြောင့်ဖြစ်သော စတုဇရုပ်ကို "စတု-သန္တတိရုပ်" ဟု ခေါ်သည်၊ ကံ, စိတ်, ဥတုကြောင့်ဖြစ်သော တိဇရုပ်ကို "တိသန္တတိရုပ်"၊ ကံ,ဥတုကြောင့်ဖြစ်သော ဒွိဇရုပ်ကို "ဒွိသန္တတိရုပ်"၊ ဥတုကြောင့်ဖြစ်သော ဧကဇရုပ်ကို "ဧကသန္တတိရုပ်" ဟု ခေါ်သည်။ (ရင်းဋီကာသစ်၊ဒု၊နှာ-၁၈၃။)

**ရုပ်တို့၏ဖြစ်စဉ်**

၇၆၂။ သဗ္ဗေသံ ပါဏီနံ၊ ကာမဘုံ ရူပဘုံ၌ဖြစ်ကုန်သော အလုံးစုံသော သတ္တဝါတို့အား။ နိဗ္ဗတ္တမာနံ၊ ဖြစ်သော။ ရူပံ၊ ရုပ်သည်။ ဝါ- ရူပံ၊ ရုပ်သည်။ နိဗ္ဗတ္တမာနံ၊ ဖြစ်သည်ရှိသော်။ ကမ္မတောယေဝ၊ ကံကြောင့်သာလျှင်။ ပဌမံ၊ ရှေးဦးစွာ။ နိဗ္ဗတ္တတိ၊ ဖြစ်၏။ တေသ္မိံ ဝစနေ၊ ဤစကား၌။ သံသယော၊ ယုံမှားဘွယ်သည်။ နတ္ထိ၊ မရှိ [၁]။

**ကမ္မဇရုပ်ဖြစ်ပုံ**

၇၆၃။ ဂဗ္ဘသေယျကသတ္တာနံ၊ ဂဗ္ဘသေယျက သတ္တဝါတို့အား။ ပဋိသန္ဓိက္ခဏေ၊ ပဋိသန္ဓေခဏ၌။ ဒသကတ္တယံ၊ ကာယ, ဘာဝ, ဝတ္ထုဒသက သုံးခုတို့၏ အပေါင်းသည်။ ဟောတိ၊ ဖြစ်၏။ [ဒသကတ္တယံ ဟောတိသည် ပါဌ်သေသ] တဒူ ခေါ၊ ထိုဒသကသုံးခုတို့၏ အပေါင်းသည်လည်း။ သန္ဓိစိတ္တဿ [၂]၊ ပဋိသန္ဓေစိတ်၏။ ဥပ္ပါဒေယေဝ၊ ဥပ္ပါဒက္ခဏ၌သာလျှင်။ ဇာယရေ=ဇာယတိ၊ ဖြစ်၏။ (ဝုစ်ပြန်)

၇၆၄။ တဿ၊ ထိုပဋိသန္ဓေစိတ်၏။ ဥပ္ပါဒေ၊ ဥပ္ပါဒက္ခဏ၌။ တိံသ ရူပါနိ၊ သုံးဆယ်သော ရုပ်တို့သည်။ ဇာယရေ ယထေဝ၊ ဖြစ်ကုန်သကဲ့သို့။ တထေဝ၊ ထိုအတူသာလျှင်။ ဌိတိဘင်္ဂေသု၊ ဌီခဏ, ဘင်ခဏတို့၌။ တိံသ တိံသေဝ၊ သုံးဆယ် သုံးဆယ်သော ရုပ်တို့သည်သာလျှင်။ ဇာယရေ၊ ဖြစ်ကုန်၏။

**ရုပ်ကိုခန္ဓာ၌သွင်းပုံ**

၇၆၅။ သဗ္ဗာနိ၊ ခပ်သိမ်းကုန်သော။ တေ နိ ရူပါနိ၊ ဤရုပ်တို့ကို။ အနိစ္စော၊ ဥပါဒ် ဘင် ဖြစ်ခြင်း ပျက်ခြင်း ရှိသည်၏ အဖြစ်ကြောင့် မြဲသည်မဖြစ်သော။ အဒ္ဓုဝေါ၊ ဓုဝ သာရ ကင်းသည်၏အဖြစ်ကြောင့် မမြဲသော။ အနတ္တာ၊ အလိုသို့ မလိုက် တတ်သည်၏ အဖြစ်ကြောင့် ကိုယ်မဟုတ်သော။ ဒုက္ခက္ခန္ဓောဝ၊ ဒုက္ခ

---

၁။ ဤသို့ ပဋိသန္ဓေ, ပဝတ္တိအခါတို့၌ ရုပ်တို့၏ အရေအတွက် အပိုင်းအခြားကို ဆိုပြီး၍ ယခုအခါ ထိုပဋိသန္ဓေ, ပဝတ္တိတို့၌ ရုပ်တို့၏ဖြစ်စဉ်ကို ပြခြင်းငှါ ရူပံ နိဗ္ဗတ္တမာနံ စသည် မိန့်။

၂။ ပဋိသန္ဓေခဏ၌ ဒသကတ္တယကို အောက်၌ ဆိုပြီးသော်လည်း တဒူ ခေါ သန္ဓိစိတ္တဿ အစရှိသည်ကို ဝိသေသကိုပြခြင်းငှါ တဖန် မိန့်သည်။ (ယင်းဋီကာသစ်၊ဒု၊နှာ-၁၇၃။)

အပေါင်းသာ ဖြစ်သော။ ကေဝလော၊ ချမ်းသာနှင့် မရောသော။ ဝါ-
ကေဝလော ဒုက္ခက္ခန္ဓောဝ၊ အလုံးစုံ ဒုက္ခတို့၏ အပေါင်းသာ ဖြစ်သော။
ရူပက္ခန္ဓောတိ၊ ရူပက္ခန္ဓာဟူ၍။ သညိတော၊ မှတ်အပ်၏။

ရုပ်ကို ဝိပဿနာရှုခြင်း ၇၆၆။ ရောဂတော စ၊ အနာအားဖြင့်၎င်း။
ဂဏ္ဍတော စ၊ အိုင်းအမာနှင့် တူသော
အားဖြင့်၎င်း။ ရူပံ၊ ရုပ်ကို။ ဒိသွာန၊ ရှု၍။ ပရတော စ၊ သူ့စည်းစိမ်အား
ဖြင့်၎င်း။ ပလောကတော စ၊ ဗျာဓိ, ဇရာ, မရဏတို့ဖြင့် ပျက်တတ်သော
အားဖြင့်၎င်း။ ဒုက္ခတော စ၊ ဒုက္ခအားဖြင့်၎င်း။ ရူပံ၊ ရုပ်ကို။ ဒိသွာန၊
ရှု၍။ ရူပေ၊ ရုပ်၌။ ဆန္ဒံ၊ တပ်သောအားဖြင့် ဖြစ်သော ဆန္ဒကို။ ဝိရာဇ-
ယေ၊ ကင်းစေရာ၏။

တိုက်တွန်းချက် ၇၆၇။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ အဘိဓမ္မေ
ပိဋကေ၊ အဘိဓမ္မာပိဋကတ်၌။ ဓမ္မသေနာ-
ပတိနာ၊ တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတ္တရာထေရ်နှင့်။ သမတ္တံ၊
တူသည်၏အဖြစ်သို့။ ဂန္တုံ၊ ရောက်ခြင်းငှါ။ ဣစ္ဆေ၊ အလိုရှိအံ့။ ဟိတတ္ထိနာ၊
အစီးအပွါးဟု ဆိုအပ်သော အကျိုးရှိသော။ တေန ဘိက္ခုနာ၊ ထိုရဟန်း
သည်။ အယံ အဘိဓမ္မာဝတာရော၊ ဤအဘိဓမ္မာဝတာရကျမ်းကို။ သက္ကစ္စံ၊
သင်ခြင်း ဆောင်ခြင်း အစရှိသည်တို့၌ မပျင်းရိသည်ဖြစ်၍။ သမ္မာ၊
ကောင်းစွာ။ သိက္ခိတဗ္ဗော ပန၊ သင်အပ်သည်သာလျှင်ကတည်း။

အဘိဓမ္မာဝတာရေ၊ အဘိဓမ္မာဝတာရကျမ်း၌။ ရူပဝိဘာဂေါ နာမ၊
ရူပဝိဘာဂမည်သော။ ဒသမော၊ ဆယ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော။
ပရိစ္ဆေဒေါ၊ အပိုင်းသည်။ ဣတိ သမတ္တော၊ ဤတွင် ပြီးပြီ။

ရူပဝိဘာဂနိဒ္ဒေသ ပြီး၏။

# ၁၁-ဧကာဒသမပရိစ္ဆေဒ

## ၁၁-နိဗ္ဗာနနိဒ္ဒေသ

၇၆၈။ အာဒိတော၊ အစဖြစ်သော ဥဒ္ဒေသဂါထာ၌။ ရူပါနန္တရံ၊ ရုပ်၏အခြားမဲ့၌။ ဥဒ္ဒိဋ္ဌံ၊ ပြအပ်သော။ ယံ နိဗ္ဗာနံ၊ အကြင်နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ တဿ နိဗ္ဗာနဿ၊ ထိုနိဗ္ဗာန်၏။ ဣဒါနိ၊ ယခုအခါ၌။ ဝိဘာဝန နယက္ကမော၊ ပြခြင်းနည်း အစဉ်သည်။ ယသ္မာ၊ အကြင့်ကြောင့်။ အနုပ္ပတ္တော၊ ရောက်ပြီ။

၇၆၉။ တသ္မာ၊ ထိုကြောင့်။ အဟံ၊ ငါသည်။ ဒုက္ကရဿ၊ ပြုနိုင်ခဲသော။ ဒုဗ္ဗောဓဿ၊ သိနိုင်ခဲသော။ တဿ၊ ထိုနိဗ္ဗာန်ကို။ ဒဿေတုံ၊ ပြခြင်းငှါ။ ဣတော၊ ဤရူပဝိဘာဂမှ။ ပရံ၊ နောက်၌။ တဿ၊ ထိုနိဗ္ဗာန်ကို။ ဝိဘာဝနံ၊ ပြခြင်းကို။ ယထာဗလံ၊ အစွမ်းအားလျော်စွာ။ ပဝက္ခာမိ၊ ဆိုအံ့။

နိဗ္ဗာန်မည်ပုံ။ ။တတ္ထ=ဝစနေ၊ ထိုစကား၌။ နိဗ္ဗာနန္တိ=နိဗ္ဗာနံ နာမ၊ နိဗ္ဗာန်မည်သည်ကား။ ဘဝါ၊ ဘဝမှ။ ဘဝံ၊ ဘဝကို။ ဝါ-ဘဝါဘဝံ၊ ငယ်သောဘဝ, ကြီးသောဘဝကို။ ဝိနနတော၊ ချုပ်စပ်တတ်သောကြောင့်။ တဏှာ၊ တဏှာကို။ ဝါနံ၊ ဝါနဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တတော ဝါနတော၊ ထိုတဏှာမှ။ နိက္ခန္တတ္တာ၊ လွတ်သည်၏အဖြစ်ကြောင့်။ အမတံ၊ သေခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော။ ဝါ၊ အမြိုက်နှင့်တူသော။ အသင်္ခတံ၊ အကြောင်းတရားတို့သည် မပြုပြင်အပ်သော။ ပရမံ သုခံ၊ ခပ်သိမ်းသော ဆင်းရဲတို့မှ လွတ်သည်၏အဖြစ်ကြောင့် လွန်စွာချမ်းသာသော။ နိဗ္ဗာနန္တိ စ၊ နိဗ္ဗာန်ဟူ၍လည်း။ ပဝုစ္စတိ၊ ဆိုအပ်၏။

ဟိ=သစ္စံ၊ မှန်၏။ ယော သော သဗ္ဗသင်္ခါရသမထော သဗ္ဗောပဓိ[၁] ပဋိနိဿဂ္ဂေါ တဏှာက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာနန္တိ[၂]၊ ယော သော ။ ပ ။ နိဗ္ဗာနံဟူ၍။ ဧတံ ဝစနံ၊ ဤစကားကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။

---

၁။ ဆဋ္ဌမူ၌ သဗ္ဗူပဓိရှိသည်။

၂။ ဒီ၊၂၊နှာ-၃၁။ မ၊၁၊နှာ-၂၂၄။ မ၊၂၊နှာ-၂၉၁။ သံ၊၁၊နှာ-၁၃၈။

ယော သော သဗ္ဗသင်္ခါရသမထော၊ အကြင် အလုံးစုံသော သင်္ခါရ ငြိမ်းကြောင်းသည်။ ယော သော သဗ္ဗူပဓိ ပဋိနိဿဂ္ဂေါ၊ အကြင်အလုံး စုံသော ဥပဓိ[၁] စွန့်ကြောင်းသည်။ ယော သော တဏှာက္ခယော၊ အကြင် တဏှာကုန်ကြောင်းသည်။ ယော သော ဝိရာဂေါ၊ အကြင်တပ်ခြင်းကင်း ကြောင်းသည်။ ယော သော နိရောဓော၊ အကြင်တဏှာချုပ်ကြောင်း သည်။ ဝါ-ယော သော နိရောဓော၊ အကြင်ကိလေသာ တည်းဟူသော တောင်ဖြင့် ဖွဲ့လျက် သတ္တဝါတို့ကို တားမြစ်ရာ သံသရာမှ လွတ်ခြင်းသည်။ ယံ တံ နိဗ္ဗာနံ၊ အကြင်တဏှာမှ လွတ်သော နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။

၇၇၀။ ယဿ စ၊ အကြင်နိဗ္ဗာန်ကိုလျှင်။ အဓိဂမာ၊ အရိယာမဂ်ဖြင့် ထိုးထွင်း၍သိခြင်းကြောင့်။ သဗ္ဗကိလေသာနံ၊ ခပ်သိမ်းသော ကိလေသာ တို့၏။ ခယော၊ ကုန်ခြင်းသည်။ ဘဝေ၊ ဖြစ်၏။ တံ၊ ထိုနိဗ္ဗာန်ကို။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍။ နိဗ္ဗာနကုသလေန၊ နိဗ္ဗာန်ကို ဟောခြင်း၌ လိမ္မာ တော်မူသော မြတ်စွာဘုရားသည်။ နိဒ္ဒိဋ္ဌံ၊ ပြတော်မူအပ်၏။

## နိဗ္ဗာန်၏ ဓမ္မဝတ္ထာန် ၃-ပါး

လက္ခဏာ။ ။စေတ်၊ ဤသဘောတရားသည်။ နိဗ္ဗာနံ နာမ၊ နိဗ္ဗာန်မည်၏။ တယိဒံ=တံ ဣဒံ နိဗ္ဗာနံ၊ ထိုနိဗ္ဗာန်သည်—

---

၁။ (ဥပဓိ=ဥပ+ဓာ+ဣ)တည်ရာ။

ဒုက္ခစသည်တို့၏ တည်ရာဖြစ်၍ ကာမဂုဏ် ၅-ပါး, ခန္ဓာ ၅-ပါး, ကိလေသာ ၁၀-ပါး, လောကီကုသိုလ်ကံ အကုသိုလ်ကံကို ဥပဓိ ဟုဆိုသည်။

ယင်း ဥပဓိသည် ကာမူပဓိ, ခန္ဓူပဓိ, ကိလေသူပဓိ, အဘိသင်္ခါရူပဓိ ဟူ၍ ၄-မျိုးရှိသည်၊ ထိုတွင်—

ကာမဂုဏ် ၅-ပါးသည် ကာမဂုဏ်ကို စွဲ၍ဖြစ်သော သုခ, သောမနဿ၏ တည်ရာဖြစ်၍ ကာမူပဓိ မည်သည်။

ခန္ဓာ ၅-ပါးသည် ခန္ဓာလျှင် အရင်းရှိသော ဆင်းရဲ "ခန္ဓမူလကဒုက္ခ"၏ တည်ရာဖြစ်၍ ခန္ဓူပဓိ မည်သည်။

ကိလေသာသည် အပါယ်ဆင်းရဲ၏ တည်ရာဖြစ်၍ ကိလေသူပဓိ မည်သည်။

လောကီကုသိုလ်ကံ အကုသိုလ်ကံဟူသော အဘိသင်္ခါရသည် ဘဝဒုက္ခ၏ တည်ရာဖြစ်၍ အဘိသင်္ခါရူပဓိ မည်သည်။

(လောကီစည်းစိမ် ပြည့်စုံမှုနှင့် ခန္ဓာကိုယ် ပြည့်ဖြိုးမှုကို ဥပဓိသမ္ပတ္တိ ဟု သုံးစွဲကြသည်။)

သံ၊ဋ္ဌ၊၁၊နှာ-၃၀။ ဥဒါန၊ဋ္ဌ၊နှာ-၃၅၀။ သုတ္တနိ၊ဋ္ဌ၊၁၊နှာ-၄၀။ အံ၊ဋ္ဌိ၊၂၊နှာ-၃။ အံ၊ဋ္ဌိ၊၃၊ နှာ-၂၆။)

သန္တိ လက္ခဏံ၊ ခပ်သိမ်းသော ဆင်းရဲငြိမ်းကြောင်းဖြစ်သည်၏ အဖြစ်ကြောင့်ရှင်း, ကိလေသာပူလောင်ခြင်း ငြိမ်းသည်၏ အဖြစ်ကြောင့်ရှင်း ငြိမ်းခြင်းလက္ခဏာရှိ၏။

ရသ။ ။အစ္စုတိ ရသံ၊ မရွေ့ခြင်းနှင့်ပြည့်ခြင်းရှိ၏။ ဝါ၊ တနည်းကား။ အဿာသကရဏ ရသံ၊ သက်သာရာကို ပြုခြင်းကိစ္စရှိ၏။

ပစ္စုပဋ္ဌာန်။ ။အနိမိတ္တပစ္စုပဋ္ဌာနံ၊ခန္ဓနိမိတ်မှ ဆိတ်သည်၏အဖြစ်ကြောင့် ကိုယ်မဟုတ်သည်ဖြစ်၍ ယူအပ်သော အခြင်းအရာရှိ၏။ ဝါ၊ တနည်းကား။ နိဿရဏ ပစ္စုပဋ္ဌာနံ၊ ထွက်မြောက်ခြင်းကိုဖြစ်စေတတ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

နိဗ္ဗာန်ထင်ရှားရှိခြင်းအကြောင်း။ ။ဧတ္ထ ဌာနေ၊ ဤ အရာ၌။ ဌတွာ၊ တည်၍။ စောဒကော၊ စောဒကသည်။ အာဟ၊ ဆိုပြီ။ ကိံ အာဟ၊ အသို့ဆိုသနည်း။ ပရမတ္ထတော၊ ပရမတ္ထအားဖြင့်။ နိဗ္ဗာနံ နာမ၊ နိဗ္ဗာန်မည်သော။ ကော၊ တခုသော။ သဘာဝေါ၊ သဘောသည်။ န အတ္ထိ၊ မရှိ။

ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ အနုပလဗ္ဘနီယတော၊ ပရမတ္ထအားဖြင့် မရအပ်သည်၏အဖြစ်ကြောင့်။ တိတ္ထိယာနံ၊ တိတ္ထိတို့၏။ အတ္တာ၊ ကိုယ်သည်။ န အတ္ထိ ဝိယ ဝါ၊ မရှိသကဲ့သို့ရှင်း။ သသဝိသာဏံ၊ ယုန်ချိုသည်။ န အတ္ထိ ဝိယ ဝါ၊ မရှိသကဲ့သို့ရှင်း။ န အတ္ထိ၊ မရှိ။ ဣတိ၊ သို့။ အာဟ၊ ဆိုပြီ[၁]။

ပရမတ္ထတော၊ ပရမတ္ထအားဖြင့်။ နိဗ္ဗာနံ နာမ၊ နိဗ္ဗာန်မည်သော။ ကော၊ တခုသော။ သဘာဝေါ၊ သဘောသည်။ န အတ္ထိ၊ မရှိသည်။ န၊ မဟုတ်။ အတ္ထိဝေ၊ ရှိသည်သာလျှင်ကတည်း။

ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ပညာစက္ခုနာ၊ ပညာမျက်စိဖြင့်။ ဥပပရိက္ခိယမာနာနံ၊ စုံစမ်းဆင်ခြင်ခြင်းရှိကုန်သော။ ဟိတဂဝေသီနံ၊

---

၁။ ဤသို့ နိဗ္ဗာန်၏ လက္ခဏာအစရှိသည်ကိုပြပြီး၍ ယခုအခါ ဝိတဏ္ဍဝါဒီပက္ခကို ပြ၍ ပယ်သောဆရာသည် ဧတ္ထာဟ စသည်မိန့်။

ဤအယူနှလုံးသွင်းခြင်းသည် အဘယ့်ကြောင့် ဖြစ်သနည်း ဟူသော အမေးကိုဖြေခြင်းငှါ တိတ္ထိယာနံ။ပ။အနုပလဗ္ဘနီယတော မိန့်။

အစီးအပွါးကို ရှာလေ့ရှိကုန်သော ပုဂ္ဂိုလ်တို့အား။ ယထာနုရူပါယ၊ နိဗ္ဗာန်ကို ရခြင်းအားလျော်သော။ ပဋိပတ္တိယာ၊ သီလ, သမာဓိ,ပညာဟု ဆိုအပ်သော အကျင့်ဖြင့်။ ဥပလဗ္ဘနီယတော၊ ရအပ်သည်၏အဖြစ်ကြောင့်။ န အတ္ထိ၊ မရှိသည်။ န၊ မဟုတ်။ အတ္ထိဧဝ၊ ရှိသည်သာလျှင်ကတည်း။

ဟိသစ္စံ၊ မှန်၏။ ယံ၊ အကြင်နိဗ္ဗာန်ကို။ ပုထုဇ္ဇနာ၊ ပုထုဇဉ်တို့သည်။ နောပလဗ္ဘန္တိ၊ မရကုန်။ တံ၊ ထိုနိဗ္ဗာန်ကို။ နတ္ထီတိ၊ မရှိဟူ၍။ န ဝတ္တဗ္ဗံ၊ မဆိုအပ်။

**ရာဂစသည်တို့၏ကုန်ခြင်းမျှသည် နိဗ္ဗာန်မဟုတ်**

အထ၊ ထိုသို့ နိဗ္ဗာန်ကို မရှိဟု မဆိုအပ်သည်ရှိသော်။ကတမံ နုခေါ အာဝုသော နိဗ္ဗာနန္တိ[၁]၊ ကတမံ နုခေါ အာဝုသော နိဗ္ဗာနံ ဟူ၍။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ပုဋ္ဌေန၊ မေးအပ်သော။ ဓမ္မသေနာပတိနာ၊ တရားစစ်သူကြီးဖြစ်သော။ အာယသ္မတာ သာရိပုတ္တတ္ထေရေန၊ အရှင်သာရိပုတ္တရာထေရ်သည်။ ယော ခေါ အာဝုသော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောတိ[၁]၊ ယော ခေါ။ပ။ မောဟက္ခယောဟူ၍။ ရာဂါဒီနံ၊ ရာဂ အစရှိသည်တို့၏။ ခယော ဝ၊ ကုန်ခြင်းကိုသာလျှင်။ ဒဿိတော၊ ပြတော်မူအပ်၏။ တသ္မာ၊ ထို့ကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ရာဂါဒီနံ၊ ရာဂ အစရှိသည်တို့၏။ ခယမတ္တမေဝ၊ ကုန်ခြင်းမျှသာတည်း။ ဣတိ၊ ဤသို့။ စေ ဝဒေယျ၊ အကယ်၍ ဆိုအံ့။ တံ ဝစနံ၊ ထိုစကားကို။ န ဝတ္တဗ္ဗံ၊ မဆိုအပ်။

ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ အရဟတ္တဿာပိ၊အရဟတ္တဖိုလ်၏လည်း။ ရာဂါဒီနံ၊ ရာဂအစရှိသည်တို့၏။ ခယမတ္တပ္ပသင်္ဂဒေါသာပတ္တိတော၊ ကုန်ခြင်းမျှသာဟူသော လျှဉ်းပါးခြင်းအပြစ်၏ ရောက်ခြင်းကြောင့်။ န ဝတ္တဗ္ဗံ၊ မဆိုအပ်[၂]။

---

၁။ သံ၊ ၂၊ နှာ ၄၄၇၊ ၄၅၅။

၂။ ရာဂက္ခယအစရှိသည်သည် သကသုတ္တမဟုတ်၊နေယျတ္ထဟူသော အလိုဖြင့် တံ န ဟု ပယ်ခြင်းကို ပြု၍ စင်စစ်အားဖြင့် ဤစကားကို ဝန်ခံအပ်၏၊ ဝန်မခံမူ၍ ယထာရုတအားဖြင့် ပါဠိ၏အနက်ကို ယူသည်ရှိသော် များစွာသော အပြစ်တို့သည် ရောက်ကုန်၏ဟု ထိုအပြစ်တို့ကို ပြခြင်းငှါ အရဟတ္တဿာပိ စသည်ကိုမိန့်။ (ယင်း၌ီကာသစ်၊ဒု၊နှာ-၁၉၁။)

(ရာဂစသည်တို့ ကုန်ခြင်းမျှကိုသာ နိဗ္ဗာန်ဖြစ်သည်ဟု ဆိုလျှင် အရဟတ္တဖိုလ်သည်လည်း

အရဟတ္တဖလဿာပိ၊ အရဟတ္တဖိုလ်၏လည်း။ ရာဂါဒီနံ၊ ရာဂအစရှိသည်တို့၏။ ခယမတ္တပ္ပသင်္ဂေဒါသာပတ္တိ၊ ကုန်ခြင်းမျှသာဟူသော လျဉ်းပါးခြင်း၏ အပြစ်ရောက်ခြင်းသည်။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်းဟူမူကား။ နိဗ္ဗာနပုစ္ဆာနန္တရမေဝ၊ နိဗ္ဗာန်ကိုမေးသည်၏ အခြားမဲ့၌သာလျှင်။ ကတမံ နု ခေါ အာဝုသော အရဟတ္တန္တိ၊ ကတမံ နုခေါ အာဝုသော အရဟတ္တံ ဟူ၍။ ပုဋ္ဌေန၊ မေးအပ်သော အရှင်သာရိပုတ္တရာထေရ်သည်။ ယော ခေါ အာဝုသော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောတိ၊ ယော ခေါ။ပ။ မောဟက္ခယောဟူ၍။ ရာဂါဒီနံ၊ ရာဂအစရှိသည်တို့၏။ ခယော၀၊ ကုန်ခြင်းကိုသာလျှင်။ ဝုတ္တော၊ ဟောအပ်၏။

တသ္မာ၊ ထို့ကြောင့်။ တ၀ မတေန၊ သာသနယုတ္တိကို မဆင်ခြင်မူ၍ ပါဠိကို မြင်ကာမျှဖြင့် ယောင်ရမ်းသော သင်၏အလိုအားဖြင့်။ အရဟတ္တဖလဿာပိ၊ အရဟတ္တဖိုလ်၏လည်း။ ရာဂါဒီနံ၊ ရာဂအစရှိသည်တို့၏။ ခယမတ္တတာ၊ ကုန်ခြင်းမျှ၏ အဖြစ်သည်။ ဘဝေယျ၊ ဖြစ်ရာ၏။

လောကုတ္တရဖလစိတ္တဿ၊ လောကုတ္တရာဖိုလ်စိတ်ဖြစ်သော။ အရဟတ္တဿ[1]၊ အရဟတ္တဖိုလ်၏။ ရာဂါဒီနံ၊ ရာဂအစရှိသည်တို့၏။ တေ၀ ခယမတ္တတာပဇ္ဇနံ၊ ဤကုန်ခြင်းမျှ၏အဖြစ်သို့ ရောက်ခြင်းသည်။ န စ ယုတ္တံ၊ (နိဗ္ဗာန်ဖြစ်သည်ဟု ဆိုလျှင်) မသင့်သာလျှင်ကတည်း။

တသ္မာ၊ ထိုသို့ ယုတ္တိကို မဆင်ခြင်မူ၍ ပါဠိကို မြင်ကာမျှဖြင့် ဆိုသည် ရှိသော် မလိုအပ်သောအပြစ်၏ လျဉ်းပါးခြင်းကြောင့်။ ဧဝံ၊ ဤသို့။ ဗျဉ္ဇနစ္ဆာယာယ၊ မညီညွတ်သော အနက်နှင့်တကွဖြစ်သော ပုဒ်အနက် အရိပ်မျှဖြင့်။ မာ ဝဒေသိ၊ မဆိုလင့်။

ဥဘိန္နံ၊ နှစ်ပါးကုန်သော။ သုတ္တာနံ၊ နိဗ္ဗာန်၏အစွမ်း, အရဟတ္တဖိုလ်၏ အစွမ်းအားဖြင့်လာသော ပါဠိတို့၏။ အတ္ထော၊ လိုအပ်သောအနက်ကို။ ဥပပရိက္ခိတဗ္ဗော၊ စုံစမ်းဆင်ခြင်အပ်၏။

---

ရာဂစသည်တို့ ကုန်ခြင်းမျှသာ ဖြစ်သဖြင့် အရဟတ္တဖိုလ်သည် နိဗ္ဗာန်ဖြစ်သည်ဟု စောဒက တက်ဖွယ်ရှိသည်၊ ထို့ကြောင့် ရာဂစသည်တို့ ကုန်ခြင်းမျှကိုသာ နိဗ္ဗာန်ဖြစ်သည်ဟု မဆိုအပ် ဟု ရှင်းပြထားသည်။)

၁။ (ဆဋ္ဌမူ၌ အနုတ္တရဿ ဟု ရှိသည်။)

## ခယ၏ ဥပနိဿယအကြောင်းသာ နိဗ္ဗာန်မည်ခြင်း

**ရာဂက္ခယစသည်ကို ဥပစာအားဖြင့် နိဗ္ဗာန်ဟုဆိုခြင်း**

ယဿ ဓမ္မဿ၊ အကြင်နိဗ္ဗာန်တရား ကို။ အဓိဂမေန၊ အရိယာမဂ်ဖြင့် ထိုးထွင်း၍သိခြင်းကြောင့်။ရာဂါဒီနံ၊ ရာဂအစရှိသည်တို့၏။ ခယော၊ တဘန်မဖြစ်ပြန်သော ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ သော ဓမ္မော၊ ထိုနိဗ္ဗာန်တရားကို။ အက္ခယော၊ မကုန်သည်။ သမာနောပိ၊ ဖြစ်သော်လည်း။ ရာဂါဒီနံ၊ ရာဂစသည်တို့၏။ ခယဿ၊ ကုန်ခြင်း၏။ ဥပနိဿယတ္တာ၊ အားကြီးသော အကြောင်းဖြစ်သည်၏ အဖြစ်ကြောင့်။ ခယောပစာရေန၊ မိမိ၏အကျိုးဖြစ်သောခယကို မိမိ၌တင်စားသောအားဖြင့်။ ရာဂါဒီနံ ခယော နိဗ္ဗာနန္တိ၊ ရာဂါဒီနံ ခယော နိဗ္ဗာနံ ဟူ၍။ ဝုတ္တော၊ ဟောအပ်၏။ တိပုသံ ဇရော ဂုဠော သေမှောတိ-အာဒီသု ဝိယ၊ တိပုသံ ဇရော ဂုဠော သေမှော ဤသို့ အစရှိသည်တို့၌ ကဲ့သို့။ ဖလူပစာရေန၊ ဖလူပစာရအားဖြင့်။ ဝုတ္တံ၊ ဟောအပ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏[၁]။

**ရာဂက္ခယစသည်ကိုဥပစာအားဖြင့် အရဟတ္တဖိုလ်ဆိုခြင်း**

အရဟတ္တံ ပန၊အရဟတ္တဖိုလ်ကိုကား။ ခယန္တေ၊ ရာဂ အစရှိသည်တို့၏ ကုန်သောအဆုံး၌။ ဥပ္ပန္နတ္တာ၊ ဖြစ်သည်၏အဖြစ်ကြောင့်။ ခယောတိ၊ ခယောဟူ၍။ ဝုတ္တံ၊ ဖလူပစာရအားဖြင့် ဟောအပ်၏။ ဝါ၊ သမီပူပစာရ အားဖြင့် ဟောအပ်၏။

---

၁။ (တိပုသံ ဇရော=သလွဲမည်း တည်းဟူသော အဖျားရောဂါ၊ သလွဲမည်းစားမိ၍ ဖျားခြင်းကြောင့် သလွဲမည်း အဖျားရောဂါ ဆိုရာဝယ် အကျိုးဖြစ်သော အဖျားရောဂါ၏ ဇရဟူသော အမည်ကို အကြောင်းဖြစ်သော သလွဲမည်း၌ တင်စား၍ ဖလူပစာအားဖြင့် တိပုသ=သလွဲမည်းကို ဇရ ဟု ဆိုထားသည်။

ဂုဠော သေမှော=တင်လဲတည်းဟူသော သလိပ်၊ တင်လဲကြောင့် သလိပ်ဖြစ်ရာဝယ် အကျိုးဖြစ်သော သလိပ်၏ သေမှဟူသော အမည်ကို အကြောင်းဖြစ်သော တင်လဲ၌ တင်စား၍ ဖလူပစာအားဖြင့် ဂုဠ=တင်လဲကို သေမှဟု ဆိုထားသည်။

အကျိုးဖြစ်သော ရာဂစသည်တို့၏ ကုန်ခြင်း 'ခယ' ဟူသော အမည်ကို အကြောင်းဖြစ်သော နိဗ္ဗာန်၌ တင်စား၍ ဖလူပစာအားဖြင့် နိဗ္ဗာန်ကို ခယ-ဟု ဆိုထားခြင်းဖြစ်သည်။ ရင်းဋီကာသစ်၊ဒု၊နှာ-၁၉၂။)

**ရာဂက္ခယမတ္တ စသည်ကို နိဗ္ဗာန်ဆိုရာ၌ အပြစ်များ**

နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ရာဂါဒီနံ၊ ရာဂအစရှိသည် တို့၏။ ခယမတ္တံ၊ ကုန်ခြင်းမျှသည်။ ယဒိ-ဘဝေယျ၊ အကယ်၍ဖြစ်အံ့။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဗာလပုထုဇ္ဇနာပိ၊ ခွေး, မြေခွေးအစရှိကုန်သော ပုထုဇဉ်မိုက်တို့သည်လည်း။ သမဓိဂတနိဗ္ဗာနာ၊ သိအပ်သော နိဗ္ဗာန်ရှိကုန်သည်။ သစ္ဆိကတနိရောဓာ၊ မျက်မှောက်ပြုအပ်သော နိဗ္ဗာန်ရှိကုန်သည်။ ဘဝေယျုံ၊ ဖြစ်ကုန်ရာ၏[၁]။

ကိဉ္စ ဘိယျော၊ လွန်စွာ ဆိုဘွယ်ရှိသေး၏။ နိဗ္ဗာနဿ ဗဟုတ္တာဒိ-ဒေါသာပတ္တိတော စ၊ နိဗ္ဗာန်များသည်၏ အဖြစ်အစရှိသော အပြစ်ရောက်ခြင်းကြောင့်လည်း။ န ယုတ္တံ၊ မသင့်။

ဟိ သစ္စံ၊ မှန်၏။ ဝေ၊ ဤသို့ ရာဂအစရှိသည်တို့၏ ကုန်ခြင်းမျှသည် နိဗ္ဗာန်ဖြစ်သည်။ သတိ၊ ရှိသော်။ ရာဂါဒိက္ခယာနံ၊ ရာဂအစရှိသည်တို့ကဲ့သို့ ထိုရာဂအစရှိသည် ကုန်ခြင်းတို့၏။ ဗဟုဘာဝတော၊ များသည်၏အဖြစ်ကြောင့်။ နိဗ္ဗာနဿာပိ၊ နိဗ္ဗာန်၏လည်း။ ဗဟုဘာဝေါ၊ များသည်၏ အဖြစ်သည်။ ဘဝေယျ၊ ဖြစ်ရာ၏။

နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ သင်္ခတလက္ခဏဉ္စ၊ သင်္ခတလက္ခဏာသည်လည်း။ ဘဝေယျ၊ ဖြစ်ရာ၏။ သင်္ခတလက္ခဏတ္တာ၊ သင်္ခတလက္ခဏာဖြစ်သည်၏ အဖြစ်ကြောင့်။ သင်္ခတပရိယာပန္နဉ္စ၊ သင်္ခတ၌ အကျုံးဝင်သည်လည်း။ ဘဝေယျ၊ဖြစ်ရာ၏။ သင်္ခတပရိယာပန္နတ္တာ၊ သင်္ခတ၌ အကျုံးဝင်သည်၏ အဖြစ်ကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အနိစ္စံ၊ အနိစ္စသည်။ ဒုက္ခံ၊ ဒုက္ခသည်။ ဘဝေယျ၊ ဖြစ်ရာ၏[၂]။

---

၁။ (အလွန်မိုက်မဲသော လူ့ဗာလတို့က ဤသို့ စောဒကတက်ရာ၏—ရာဂကုန်ခြင်းမျှကိုသာ နိဗ္ဗာန်ဟု ဆိုငြားအံ့၊ ခွေးတိရစ္ဆာန်တို့သည်ပင် နိဗ္ဗာန်ကို သိမည်ဖြစ်သည်၊ မေထုန်မှီဝဲပြီးစအခါ၌ ဖြစ်ပေါ်သောင်းကျန်းလာသော ရာဂကုန်ခန်းသွားသဖြင့် ယင်းခွေးတိရစ္ဆာန်တို့၏ ရာဂကုန်ခန်းခြင်းသည် နိဗ္ဗာန်မဟုတ်ပါလော၊ ဤစောဒကကို ဤသို့ ဖြေရှင်းရာ၏—အကြောင်းဖြစ်သော နိဗ္ဗာန်ကြောင့် ကုန်ခန်းသောရာဂသည် အသစ်တဖန်ထပ်၍ မဖြစ်ပေါ်တော့ချေ။ထို့ကြောင့် လူမိုက်တို့ စောဒကတက်သည့် ခွေးသိ ဝက်သိ နိဗ္ဗာန်မျိုး မရှိဟူလို။)

ကျမ်းတက် ၂။ ယခုအခါ ရာဂါဒိက္ခယာနံ၌ အာဒိသဒ္ဒါဖြင့် သင်္ဂြိုဟ်အပ်ကုန်သော ဒေါသတို့ကို ပြခြင်းငှါ သင်္ခတ လက္ခဏံ အစရှိသည်ကို မိန့်။

"တီဏိမာနိ ဘိက္ခဝေ သင်္ခတဿ သင်္ခတလက္ခဏာနိ၊ ဥပ္ပါဒေါ ပညာယတိ၊ ဝယော

အနုပ္ပါဒက္ခယကိုနိဗ္ဗာန်ဆိုရာ၌ အပြစ်များ

ကိဥ္စ ဘိယျော၊ အဘယ်လွန်စွာ ဆိုအပ်သော အကြောင်းရှိသနည်း ဟူမူကား။ ခယော၊ ရာဂအစရှိသည်တို့၏ ကုန်ခြင်းသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ယဒိ ဘဝေယျ၊ အကယ်၍ဖြစ်အံ့ ၁။

ဘဒြမုခ၊ လှသောမျက်နှာရှိသော အသင် ပရဝါဒီပုဂ္ဂိုလ်။ ဂေါတြဘု-ဝေါဒါန မဂ္ဂဖလ စိတ္တာနံ၊ ဂေါတြဘု, ဝေါဒါန်, မဂ်စိတ်, ဖိုလ်စိတ်တို့၏။ ကိံ အာရမ္မဏံ၊ အဘယ်အာရုံကို။ ဝဒေသိ နု၊ ဆိုအံ့နည်း။ ဣတိ၊ ဤသို့။

ပညာယတိ၊ ဌိတဿ အညထတ္တံ ပညာယတိ”ဟု (အံ၊၁၊နှာ-၁၅၁ ၌) ဟောတော်မူသောကြောင့် ဝယ-ဟု ဆိုအပ်သော ခယ သည် သင်္ခတလက္ခဏာ ဖြစ်၏ဟု သင်္ခတလက္ခဏာဥ နိဗ္ဗာနံ ဘဝေယျ မိန့်သည်။

“ဇရာမရဏံ ဘိက္ခဝေ အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ”ဟု (သံ၊၁၊နှာ-၂၆၄ ၌) ဟောတော်မူခြင်းကြောင့် **သင်္ခတ ပရိယာပန္နံ** မိန့်သည်။

သင်္ခတ၌ အကျုံးဝင်သော တရားသည် ပစ္စယာဓီနဝုတ္တိ=အကြောင်းတရားနှင့်စပ်၍ဖြစ်ခြင်းကြောင့် ဤမှတပါးသော သင်္ခတကဲ့သို့ အနိစ္စဖြစ်၏ဟု သင်္ခတပရိယာပန္နတ္တာ အနိစ္စံ မိန့်သည်။

(ရာဂက္ခယစသည်ကို နိဗ္ဗာန်ဆိုခဲ့လျှင် ဥပါဒ်, ဌီ, ဘင်=ဝယ ဟူသော သင်္ခတလက္ခဏာ ၃-ပါးတွင် ဝယဟူသော ခယသည် တပါးအပါအဝင်ဖြစ်သည်၊ထို့ကြောင့် ဝယ=ခယ=နိဗ္ဗာန်သည် သင်္ခတလက္ခဏာဖြစ်သည် ဟူသော အပြစ်ရောက်သည်။

ဇရာ,မရဏ=ခယသည် အနိစ္စ,သင်္ခတ,ပဋိစ္စသမုပ္ပန္န တရားတည်းဟု ဟောတော်မူသောကြောင့် မရဏဟူသော ခယ=နိဗ္ဗာန်သည် သင်္ခတ၌ အကျုံးဝင်သည့် တရားဖြစ်သည်၊ အသင်္ခတ တရားမဟုတ်ဟူသော အပြစ်ရောက်သည်။

သင်္ခတ၌ အကျုံးဝင်သော ခယ=နိဗ္ဗာန်တရားသည် အခြားသင်္ခတ တရားကဲ့သို့ အကြောင်းတရားကြောင့် ဖြစ်ပေါ်သော တရားဖြစ်သည်၊ ထို့ကြောင့် ခယ=နိဗ္ဗာန်သည် အနိစ္စတရား, ဒုက္ခတရား ဖြစ်သည်၊ နိစ္စတရား ပရမသုခတရား မဟုတ်ဟူသော အပြစ်ရောက်သည်၊ ဂဏ္ဌိကာသစ်၊ဒု၊နှာ ၁၉၂-၃။)

၁။ ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့် ဘင်္ဂက္ခယ၏ နိဗ္ဗာန်အဖြစ်၌ အပြစ်ကို ပြပြီး၍ ယခုအခါ အနုပ္ပါဒက္ခယ၏ နိဗ္ဗာန်အဖြစ်ကို မြစ်ခြင်းငှါ **ယဒိ ခယော နိဗ္ဗာနံ ဘဝေယျ** စသည်မိန့်။

ပဌမမဂ်၏ အနန္တရပစ္စည်းဖြစ်သော ဉာဏ်သည် ဂေါတြဘုမည်၏၊ ကြွင်းသောမဂ်၏ ပုရေစရ=ရှေး၌ဖြစ်သော ဉာဏ်သည် ဝေါဒါန်မည်၏၊ ဖလသမာပတ်၏ ပုရေစရဉာဏ်သည် အနုလုံမည်၏၊ ထိုအနုလုံကိုကား သင်္ခါရအာရုံရှိသည်သာတည်းဟု ဤ၌ မယူသည်။ (ယင်း ဋီကာသစ်၊ဒု၊နှာ-၁၉၂-၃။) (ဖလသမာပတ်ဝီထိ၌ ဖိုလ်၏ ရှေး၌ဖြစ်သော အနုလုံသည် ကေဘုမ္မက သင်္ခါရကိုသာ အာရုံပြုသဖြင့် ဤ၌ လျှဉ်းပါးဘွယ်မလို၍ ယင်း အနုလုံကို မယူဘဲ ချန်ထားခဲ့သည်၊ ဂေါတြဘု, ဝေါဒါန်, မဂ်စိတ်, ဖိုလ်စိတ်တို့ဖြင့်သာ လျှဉ်းပါးစောဒနာသည် ဟူလို။)

ဝတ္တဗ္ဗော၊ ဆိုအပ်၏။ ရာဂါဒီနံ၊ ရာဂအစရှိသည်တို့၏။ ခယမေဝ၊ ကုန်ခြင်းကိုသာလျှင်။ ဝဒါမိ၊ (ဂေါတြဘူ, ဝေါဒါန်, မဂ်, ဖိုလ်တို့၏ အာရုံဟူ၍) ဆို၏။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။

ကိံ ပန၊ အဘယ်သို့နည်း။ ရာဂါဒယော၊ ရာဂအစရှိသည်တို့သည်။ ဂေါတြဘုအာဒီနံ၊ ဂေါတြဘူအစရှိသည်တို့၏။ ခဏေ၊ ခဏ၌။ ခီယန္တိ၊ ကုန်ကုန်ဆဲလော။ ဥဒါဟု၊ ထိုသို့ မဟုတ်မူကား။ ခီယိဿန္တိ၊ ကုန်ကုန်လတ္တံ့လော။ အထ၊ ထိုသို့မဟုတ်မူကား။ ခီဏာ၊ ကုန်ကုန်ပြီလော။

တွေ=တေသု ခဏေသု၊ ဤခဏတို့တွင်။ ကိံ ပန ခဏေ၊ အဘယ်ခဏ၌။ တွံ၊ သင်သည်။ ဝဒေသိ၊ ဆိုသနည်း။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗော၊ ဆိုအပ်၏။ ခီဏေသွေဝ၊ ကုန်(ပြီး)သည်တို့၌သာလျှင်။ ခယံ၊ ကုန်ခြင်းကို။ အဟံ၊ ငါသည်။ ဝဒါမိ၊ ဆို၏။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။

ဘဒြမုခ၊ လှသော မျက်နှာရှိသော ပရဝါဒီ။ သုဋ္ဌု၊ ကောင်းစွာ။ ဥပဓာရေတွာ၊ စုံစမ်းဆင်ခြင်၍။ ဝဒ၊ ဆိုလော့။ ဣတိ၊ ဤသို့ဆိုအပ်၏။ ခီဏေသွေဝ၊ ကုန်(ပြီး)သည်တို့၌သာလျှင်။ ခယံ၊ ကုန်ခြင်းကို။ ယဒိ ဝဒေသိ၊ အကယ်၍ဆိုအံ့၊ ဧဝံ သတိ၊ ဤသို့ဆိုသည်ရှိသော်။ ဂေါတြဘု-စိတ္တာဒီနံ၊ ဂေါတြဘူစိတ်အစရှိသည်တို့၏။ နိဗ္ဗာနာရမ္မဏတာ၊ နိဗ္ဗာန်အာရုံရှိသည်၏ အဖြစ်သည်။ န သိဇ္ဈတိ၊ မပြီးရာ။ ဣတိ၊ ဤသို့ဆို၏။

ကိံ ကာရဏံ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ ဂေါတြဘုခဏေ၊ ဂေါတြဘူခဏ၌။ ရာဂါဒယော၊ ရာဂအစရှိသည်တို့သည်။ ခီယိဿန္တိ၊ ကုန်ကုန်လတ္တံ့။ ဝေါဒါနက္ခဏေ၊ ဝေါဒါန်ခဏ၌။ တထာ၊ ထို့အတူ။ ခီယိဿန္တိ၊ ကုန်ကုန်လတ္တံ့။ မဂ္ဂက္ခဏေ ပန၊ မဂ်ခဏ၌ကား။ ခီယန္တိ၊ ကုန်ဆဲဖြစ်ကုန်၏။ န ခီဏာ၊ ကုန်ပြီးသည် မဟုတ်ကုန်။ ဖလက္ခဏေ၊ ဖိုလ်ခဏ၌။ ခီဏာ၊ ကုန်ကုန်ပြီ။

ဧဝံသန္တေ၊ ဤသို့ဖြစ်သည်ရှိသော်။ ဘဝတော၊ သင်ပရဝါဒီ၏။ မတေန၊ အလိုအားဖြင့်။ ဖလမေဝ၊ ကိလေသာတို့၏ ကုန်ပြီးသော ကာလ၌ဖြစ်သော ဖိုလ်သည်သာလျှင်။ ခယာရမ္မဏံ၊ ခယအာရုံရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣတရေ၊ ဤမှတပါးသော ဂေါတြဘူ, ဝေါဒါန်, မဂ်စိတ်သည်။ ခယာရမ္မဏံ၊ ခယအာရုံရှိသည်။ န ဟောတိ၊ မဖြစ်။

ဣတရေသံ၊ ဤဖိုလ်စိတ်မှ တပါးကုန်သော ဝေါဒြဘူ, ဝေါဒါန်, မဂ်စိတ်တို့၏။ ကိံ အာရမ္မဏံ၊ အဘယ်အာရုံကို။ ဝဒေသိ၊ ဆိုသနည်း။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗော၊ ဆိုအပ်၏။ အဒ္ဓါ၊ မချွတ်။ သော၊ ထိုပုဂ္ဂိုလ်သည်။ အာရမ္မဏံ၊ ဝေါဒြဘူအစရှိသည်တို့၏ ဆိုအပ်သောအာရုံကို။ အပဿန္တော၊ မမြင်သည်ဖြစ်၍။ နိရုတ္တရော၊ စကားဆိုစရာ မရှိသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

အနုပ္ပါဒနိရောဓသည် နိဗ္ဗာန်မဟုတ်။ ။အပိ စ[၁]၊ တနည်းကား။ ကိလေသက္ခယော နာမ၊ ကိလေသာကုန်ခြင်းမည်သည်ကို။ သပ္ပုရိသေဟိ၊ သူတော်ကောင်းတို့သည်။ ကရီယတိ၊ ပြုအပ်၏။ ယထာနုရူပပဋိပတ္တိယာ၊ ခြောက်ပါးသော ဝိသုဒ္ဓိအဆက်ဆက်ဟုဆိုအပ်သော အကြင်အကြင်လျော်သော အကျင့်ဖြင့်။ ဥပ္ပါဒီယတိ၊ (မဂ်ဖြစ်ခြင်းငှါ ကိလေသာ ကုန်ခြင်းကိုလည်း) ဖြစ်စေအပ်၏။ ဣတိ အတ္ထော၊ ဤကား ကရီယတိပုဒ်၏ အနက်တည်း။

နိဗ္ဗာန်ဟူက မပြုပြင်အပ်။ ။နိဗ္ဗာနံ ပန၊ နိဗ္ဗာန်ကိုကား။ ကေနစိ၊ တစုံတယောက်သောသူသည်။ န ကရီယတိ၊ မပြုအပ်။ န ဥပ္ပါဒီယတိ၊ မဖြစ်စေအပ်။ တသ္မာ၊ ထို့ကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အကတံ[၂]၊ မပြုအပ်သည် မည်၏။ အသင်္ခတံ၊ မပြုပြင်အပ်သည် မည်၏။

---

၁။ ပရိယာယ်တပါးဖြင့်လည်း အနုပ္ပါဒနိရောဓ၏ နိဗ္ဗာန်အဖြစ်ကို မြစ်ခြင်းငှါ အပိစ အစရှိသည်ကို မိန့်။

တနည်း ဤမျှအတိုင်းအရှည်ဖြင့် ခဏနိရောဓ၏ရင်း, အနုပ္ပါဒနိရောဓ၏ရင်း နိဗ္ဗာန်၏ အဖြစ်၌ အပြစ်ကို ပြပြီး၍ ယခုအခါ "ခယေ ဉာဏံ" အစရှိသည်တို့၌ကဲ့သို့ မဂ်၏လည်း ခယပရိယာယဖြစ်သည်၏ အဖြစ်ကြောင့် ရာဂက္ခယော အစရှိသောသဒ္ဒါမျှကိုသာ သမာနအဖြစ်ဖြင့် ယူသည်ရှိသော် မဂ်၏လည်း နိဗ္ဗာနဘာဝပသင်္ဂကိုရင်း ထိုသို့ဖြစ်သည်ရှိသော် အနိဋ္ဌာပတ္တိကိုရင်း ချီးမြှင့်လိုသည်ဖြစ်၍ အပိ စ အစရှိသည်ကို မိန့်။ (ယင်းဋီကာသစ်၊ ဒု၊ နှာ-၁၉၃-၄)

၂။ ဆဋ္ဌမူ၌ "တသ္မာ နိဗ္ဗာန မမတ မသင်္ခတံ"ဟု ရှိသည်၊ ဤအလိုသော်—တသ္မာ၊ ထို့ကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။အမတံ၊ သေခြင်းကင်းသည် မည်၏။ အသင်္ခတံ၊ မပြုပြင်အပ်သည် မည်၏ ဟု အနက်ပေးရမည်။

နိဗ္ဗာန်သိသူ အကတညူ။ ။အကတံ၊ မပြုအပ်သော။ တံ၊ ထိုနိဗ္ဗာန်ကို။
ယော အရိယသာဝကော၊ အကြင် အရိယာသာဝကသည်။ ဇာနာတိ၊ သိ၏။ ဣတိ၊ ထို့ကြောင့်။ သော အရိယသာဝကော၊ ထိုအရိယာသာဝကကို။ အကတညူတိ၊ အကတညူဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

ဟိသစ္စံ၊ မှန်၏။ အဿဒ္ဓေါ အကတညူ စ ။ပ။ သ ဝေ ဥတ္တမပေါရိသောတိ။ အဿဒ္ဓေါ အကတညူ စ ။ပ။ သ ဝေ ဥတ္တမပေါရိသောဟူ၍။ ဧတံ ဝစနံ၊ ဤစကားကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟော တော်မူအပ်၏[၁]။

၇၇၁။ ယော နရော၊ အကြင်ပုဂ္ဂိုလ်သည်။ အဿဒ္ဓေါ စ၊ ပွါးသော သဒ္ဓါရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဝါ-အဿဒ္ဓေါ စ၊ မဂ်ဖြင့် (မဂ်မှ) လာသော မတုန်လှုပ်သော သဒ္ဓါနှင့်ပြည့်စုံသည်လည်း။ ဟောတိ၊ ဖြစ်၏။ အကတညူ စ၊ မပြုအပ်သော နိဗ္ဗာန်ကို သိသည်လည်း။ ဟောတိ၊ ဖြစ်၏။ သန္ဓိစ္ဆေဒေါ စ၊ တဖန် ဘဝအစပ် ပြတ်ပြီးသည်၏ အဖြစ်ကြောင့် ပဋိသန္ဓေကို ကုန်စေ၍ တည်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဟတာဝကာသော စ၊ ကုန်ပြီးသော ပဋိသန္ဓေရှိသည်၏ အဖြစ်ကြောင့် ပယ်ဖျောက်အပ်ပြီးသော ဩကာသလောကရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဝန္တာသော စ၊ အန်ပြီးသော တဏှာရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဝေ၊ စင်စစ်။ သော နရော၊ ထိုပုဂ္ဂိုလ်သည်။ ဥတ္တမပေါရိသော၊ မြတ်သောအလှူကို ခံထိုက်သည်၏ အဖြစ်ကြောင့် ထူးမြတ်သောပုဂ္ဂိုလ်မည်၏။

| | |
|---|---|
| မရှိခြင်း အဘာဝ,ကုန်ခြင်း ခယသည်နိဗ္ဗာန်မဟုတ် | အပိစ၊ တနည်းကား။ နိသရဏန္တိ၊ နိဿရဏံ ဟူ၍။ ဘဂဝတာ၊ သည်။ ဝုတ္တတ္တာ စ၊ ဟော တော်မူအပ်သည်၏ အဖြစ်ကြောင့်လည်း။ |

နိဿရဏန္တိ ဟိ ဧတံ၊ နိဿရဏံ ဟူသော ဤအမည်သည်လျှင်။ နိဗ္ဗာနဿ၊ နိဗ္ဗာန်၏။ နာမံ၊ အမည်တည်း။

မယာ၊ ငါသည်။ ဝုတ္တဿ၊ နိဿရဏန္တိ ဟိ နိဗ္ဗာနဿေတံ နာမံ ဟု ဆိုအပ်သောစကား၏။ သာဓကံ၊ သက်သေဖြစ်သော။ ယထာ=ကိံ ဝစနံ၊

၁။ (ဓမ္မပဒ၊နှာ-၂၇။)

အဘယ်သို့သော စကားကို။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အာဟ၊ ဟော တော်မူသနည်းဟူမူကား။ တယော ခေါ မေ ဘိက္ခဝေ ဓမ္မာ ဒုပ္ပဋိဝိဇ္ဈာ။ပ။ နိရောဓော တဿ နိဿရဏန္တိ ဟိ၊ တယော ခေါ မေ ဘိက္ခဝေ ဓမ္မာ ဒုပ္ပဋိဝိဇ္ဈာ။ပ။ နိရောဓော တဿ နိဿရဏံ ဟူ၍သာလျှင်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏[၁]။

**နိဿရဏ ၃-ပါး။** ။ဘိက္ခဝေ၊ ရဟန်းတို့။ တယော၊ သုံးပါးကုန်သော။ ဣမေ ဓမ္မာ၊ ဤတရားတို့သည်။ ဒုပ္ပဋိဝိဇ္ဈာ၊ သိခြင်း, ရခြင်းငှါ ပြုနိုင်ခဲကုန်၏။

ကတမေ၊ အဘယ်မည်ကုန်သော။ တယော ဓမ္မာ၊ သုံးပါးသော တရား တို့သည်။ ဒုပ္ပဋိဝိဇ္ဈာ၊ သိခြင်း, ရခြင်းငှါ ပြုနိုင်ခဲကုန်သနည်း။

တိဿော၊ သုံးပါးကုန်သော။ နိဿရဏဓာတုယော၊ နိဿရဏဓာတ် တို့သည်။ ဒုပ္ပဋိဝိဇ္ဈာ၊ သိခြင်း, ရခြင်းငှါ ပြုနိုင်ခဲကုန်၏။

**နေက္ခမ္မနိဿရဏ။** ။နေက္ခမ္မံ၊ နေက္ခမ္မဟူသော။ ယဒိဒံ=ယံ ဣဒံ၊ အကြင် ပဌမစျာန်သည်။ အတ္ထိ၊ ရှိ၏။ တံ၊ ဤပဌမစျာန် သည်။ ကာမာနံ၊ ကာမတို့၏။ နိဿရဏံ၊ ထွက်မြောက်ရာ ထွက်မြောက် ကြောင်းတည်း။

**အရူပနိဿရဏ။** ။အရူပန္တိ၊ အရူပံဟူသော။ ယဒိဒံ=ယံ ဣဒံ၊ အကြင် အာကာသာနဉ္စာယတနစျာန်သည်။ အတ္ထိ၊ ရှိ၏။ တံ၊ ဤအာကာသာနဉ္စာယတနစျာန်သည်။ ရူပါနံ၊ ရုပ်တို့၏။ နိဿရဏံ၊ ထွက်မြောက်ရာ ထွက်မြောက်ကြောင်းတည်း။

**နိဗ္ဗာနနိဿရဏ။** ။ယံ ခေါ ပန ကိဉ္စိ၊ အလုံးစုံသော ခန္ဓာငါးပါးသည်။ ဘူတံ၊ ထင်ရှားရှိ၏။ သင်္ခတံ၊ အကြောင်းတရားတို့ သည် ပြုပြင်အပ်၏။ ပဋိစ္စသမုပ္ပန္နံ၊ မိမိအကြောင်းကို စွဲ၍ အညီအညွတ် ကောင်းစွာဖြစ်၏။ နိရောဓော၊ နိဗ္ဗာန်သည်။ တဿ၊ ထိုခန္ဓာငါးပါး၏။ နိဿရဏံ၊ ထွက်မြောက်ရာ ထွက်မြောက်ကြောင်းတည်း။

---

၁။ (ဒီ၊၃၊နှာ-၂၃၀။)

ဝေဝံ၊ ဤသို့။ ဝုတ္တာသ၊ ဟောတော်မူအပ်သော။ တဿ နိဗ္ဗာနဿ၊ ထို နိဗ္ဗာန်၏။ အဘာဝပတ္တိဒေါသတော၊ မရှိခြင်းသို့ ရောက်ခြင်းတည်းဟူသော အပြစ်ရှိခြင်းကြောင့်။ ပဌမဇ္ဈာနာ'ကာသာနဉ္စာယတနာနမ္ပိ၊ ပဌမဈာန်, အာကာသာနဉ္စာယတနဈာန်တို့၏လည်း။ အဘာဝေါ၊ မရှိခြင်းသည်။ ဘဝေယျ၊ ဖြစ်ရာ၏။ တသ္မာ၊ ထို့ကြောင့်။ အက္ခယဿ၊ မကုန်သော။ နိဗ္ဗာနဿ၊ နိဗ္ဗာန်၏။ ခယဒေါသာပဇ္ဇနံ၊ ကုန်ခြင်းတည်းဟူသော အပြစ်သို့ ရောက်ခြင်းသည်။ အယုတ္တံ၊ မသင့်။ ဣတိ၊ ထို့ကြောင့်။ ခယော၊ ကုန်ခြင်းသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ န တု ဟောတိ၊ မဖြစ်သာလျှင်ကတည်း။

အတ္ထိ နိဿရဏံ လောကေ ပညာယ မေ သုဖုသိတန္တိ[1] စ၊ အတ္ထိ နိဿရဏံ။ပ။ သုဖုသိတံ ဟူ၍ရင်း။ အတ္ထိ ဘိက္ခဝေ။ပ။ အသင်္ခတန္တိ[2] စ၊ အတ္ထိ ဘိက္ခဝေ။ပ။ အသင်္ခတံ ဟူ၍ရင်း။ ဓမ္မသာမိနာ၊ တရားသဖြင့် နတ်နှင့်တကွသော လောက၏ အရှင်ဖြစ်တော်မူသော။ ဝါ၊ တရား၏ အရှင်ဖြစ်တော်မူသော။ တထာဂတေန၊ ရှစ်ပါးသော အကြောင်းတို့ကြောင့် တထာဂတမည်တော်မူသော။ သမ္မာသမ္ဗုဒ္ဓေန၊ မဖောက်မပြန် မိမိအလိုလိုသာလျှင် အလုံးစုံသော တရားတို့ကို သိတော်မူပြီးသော မြတ်စွာဘုရားသည်။ ဝါ၊ စင်စစ်သဖြင့် မိမိအလိုလိုသာလျှင် မောဟတည်းဟူသော အိပ်ပျော်ခြင်းမှ ကင်းတော်မူပြီးသော မြတ်စွာဘုရားသည်။ ဝါ၊ သဗ္ဗညုတညာဏ်သို့ ရောက်တော်မူပြီးသော မြတ်စွာဘုရားသည်။ အနေကေသု၊ များစွာကုန်သော။ သုတ္တန္တေသု၊ သုတ္တန်တို့၌။ ပရမတ္ထဝသေန၊ ပရမတ္ထ၏အစွမ်းအားဖြင့်။ ဝုတ္တတ္တာ၊ ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်။ နိဗ္ဗာနံ နာမ၊ နိဗ္ဗာန်မည်သော။ ဧကော၊ တခုသော။ ဓမ္မော၊ တရားသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ ဧတ္ထ၊ ဤအရာ၌။ နိဋ္ဌံ၊ အဆုံးအဖြတ်ကို။ ဂန္တဗ္ဗံ၊ သိအပ်၏။

---

၁။ အတ္ထိ။ပ။ သုဖုသိတံ ဟူသော ဤပါဠိကို နတ္ထိ နိဿရဏံ လောကေ ကိံ ဝိဝေကေန ကာမာပိ ဟူ၍ တားမြစ်သည်ရှိသော် အတ္ထိ။ပ။ သုဖုသိတံ ဟူ၍ နိဗ္ဗာန်ကို တည်စေခြင်းငှါ အာဠဝကထေရ် ဟောသည်။

၂။ အသင်္ခတန္တိ၌ ဣတိသဒ္ဒါသည် အာဒိအနက်ရှိ၏၊ ထိုဖြင့် နော စေတံ ဘိက္ခဝေ အဘဝိဿ အဇာတံ အဘူတံ အကတံ အသင်္ခတံ ။ပ။ တသ္မာ ဇာတဿ ဘူတဿ ကတဿ သင်္ခတဿ နိဿရဏံ ပညာယတိ (ဥဒါန၊နှာ-၁၇၈) စသော ပါဠိကို သင်္ဂြိုဟ်သည်။

နာရမ္မဏာနံ၊ နိဗ္ဗာန်အာရုံရှိကုန်သော။ စိတ္တစေတသိကာနံ၊ စိတ်, စေတသိက်တို့၏။ န ဝတ္တဗ္ဗာရမ္မဏတ္တာ၊ န ဝတ္တဗ္ဗာရမ္မဏ (ပညတ်) အဖြစ်၏ လျဉ်းပါးခြင်းကြောင့်။ အယုတ္တံ၊ မသင့်။

ကထံ၊ အဘယ်သို့ နဝတ္တဗ္ဗာရမ္မဏအဖြစ် လျဉ်းပါးသနည်း ဟူမူကား။ ပရိတ္တာရမ္မဏတ္တိကေ စ၊ ပရိတ္တာရမ္မဏတိက်၌လည်း။ ကတမေ ဓမ္မာ အပ္ပမာဏာရမ္မဏာတိပဒံ၊ ကတမေ ဓမ္မာ အပ္ပမာဏာရမ္မဏာဟူသောပုဒ်ကို။ ဥဒ္ဓရိတွာ၊ ထုတ်တော်မူ၍။ စတ္တာရော မဂ္ဂါ အပရိယာပန္နာ စတ္တာရိ စ သာမညဖလာနိ၊ ဣမေ ဓမ္မာ အပ္ပမာဏာရမ္မဏာတိ ဟိ၊ စတ္တာရော မဂ္ဂါ အပရိယာပန္နာ ။ပ။ ဣမေ ဓမ္မာ အပ္ပမာဏာရမ္မဏာဟူ၍လျှင်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

ဧတေသံ၊ ဤလေးပါးသောမဂ်, လေးပါးသော သာမညဖိုလ်တို့၏။ ပညတ္တိအာရမ္မဏံ၊ ပညတ်အာရုံသည်။ ယဒိ သိယာ၊ အကယ်၍ဖြစ်အံ့။ အပ္ပမာဏာရမ္မဏတာ၊ အပ္ပမာဏာရမ္မဏအဖြစ်သည်။ န ယုဇ္ဇေယျ၊ မသင့်ရာ။ နဝတ္တဗ္ဗာရမ္မဏပက္ခံ၊ နဝတ္တဗ္ဗာရမ္မဏအဘို့သို့။ ဘဇေယျုံ၊ ဝင်ကုန်ရာ၏။

**နဝတ္တဗ္ဗာရမ္မဏတရားများ။** ။နဝတ္တဗ္ဗာရမ္မဏာ ပန၊ နဝတ္တဗ္ဗာရမ္မဏတရားတို့ကိုကား။ ရူပါဝစရတ္တိကစတုက္ကဇ္ဈာနာ ။ပ။ ဣမေ ဓမ္မာ နဝတ္တဗ္ဗာရမ္မဏာတိ ဟိ၊ ရူပါဝစရတ္တိကစတုက္ကဇ္ဈာနာ။ပ။ ဣမေ ဓမ္မာ နဝတ္တဗ္ဗာရမ္မဏာ-ဟူ၍လျှင်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

ကုသလတော စ၊ ကုသိုလ်အားဖြင့်ရင်း။ ဝိပါကတော စ၊ ဝိပါက်အားဖြင့်ရင်း။ ကိရိယတော စ၊ ကိရိယာအားဖြင့်ရင်း။ ရူပါဝစရတ္တိကစတုက္ကဇ္ဈာနာ၊ စတုက္ကနည်းအားဖြင့် ရူပါဝစရတိကဈာန်, ပဥ္စကနည်းအားဖြင့် စတုက္ကဈာန်တို့ရင်း။ စတုတ္ထဇ္ဈာနဿ၊ စတုတ္ထဈာန်၏။ ဝိပါကော စ၊ ဝိပါက်ရင်း။ ကုသလတော စ၊ ကုသိုလ်အားဖြင့်ရင်း။ ဝိပါကတော စ၊ ဝိပါက်အားဖြင့်ရင်း။ ကိရိယတော စ၊ ကိရိယာအားဖြင့်ရင်း။ အာကာသာနဉ္စာယတနဉ္စ၊ အာကာသာနဉ္စာယတနစိတ်ရင်း။ အာကိဉ္စညာယတနဉ္စ၊

အာကိဉ္စညာယတနစိတ်ဋ္ဌင်း။ ဣမေ ဓမ္မာ၊ ဤတရားတို့သည်။ နဝတ္တဗ္ဗာရမ္မဏာ၊ နဝတ္တဗ္ဗာရမ္မဏမည်ကုန်၏[၁]။

တသ္မာ၊ ထို့ကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ပညတ္တိမတ္တံ၊ ပညတ်မျှသည်။ န ဟောတိ၊ မဖြစ်။

**မဂ်, ဖိုလ် အာရုံသာ နိဗ္ဗာန်။**

။ယသ္မာ စ၊ အကြင့်ကြောင့်လည်း။ နိဗ္ဗာနဿ၊ နိဗ္ဗာန်အား။ ပဏ္ဏတ္တိဘာဝေါ၊ ပညတ်၏ အဖြစ်သည်။ န ယုဇ္ဇတိ၊ မသင့်။ တသ္မာ၊ ထို့ကြောင့်။ မဂ္ဂဖလာနံ၊ မဂ်ဖိုလ်တို့အား။ အာရမ္မဏပစ္စယဘူတံ၊ အာရမ္မဏပစ္စည်းဖြစ်၍ဖြစ်သော။ ဥပ္ပါဒါဒီနံ၊ ဥပါဒ်အစရှိသည်တို့၏။ အဘာဝတော၊ မရှိခြင်းကြောင့်။နိစ္စံ၊ မြဲသော။ ရူပသဘာဝါဘာဝတော၊ ရုပ္ပနသဘော မရှိခြင်းကြောင့်။ အရူပံ၊ နာမ်ဖြစ်သော။ ပပဉ္စာဘာဝတော၊ တဏှာ, မာန, ဒိဋ္ဌိတည်းဟူသော ပပဉ္စ မရှိခြင်းကြောင့်။ နိပ္ပပဉ္စံ၊ ပပဉ္စကင်းသော။ နိဗ္ဗာနံ နာမ၊ နိဗ္ဗာန်မည်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ ဥပဂန္တဗ္ဗံ၊ သိအပ်၏။

**နိဗ္ဗာန်၏အမည်များ**

၇၇၂။ အစ္စန္တံ[၂]၊ သံသရာတည်းဟူသော ပဝတ္တိ၏ အဆုံးဖြစ်သည်၏ အဖြစ်ကြောင့် အစ္စန္တလည်း မည်၏။ အနန္တံ၊ ဥပါဒ်ဘင် အဆုံးမရှိသည်၏အဖြစ်ကြောင့် အနန္တလည်းမည်၏။ သန္တံ၊ ကိလေသာပူပန်းခြင်း ငြိမ်းသည်၏အဖြစ်ကြောင့်။ ဝါ၊ ကိလေသာချောက်ချားခြင်း မရှိသည်၏အဖြစ်ကြောင့် သန္တလည်းမည်၏။ အမတံ၊ သေခြင်း၏ ဆန့်ကျင်ဘက် ဖြစ်သည်၏အဖြစ်ကြောင့် အမတလည်းမည်၏။ အပလောကိတံ၊ ပျက်ခြင်းမရှိသည်၏ အဖြစ်ကြောင့် အပ

---

၁။ (နဝတ္တဗ္ဗာရမ္မဏ=ပညတ်ကို အာရုံပြုသောတရားများ— ရူပပဌမစျာန် ၃-ပါး၊ ရူပဒုတိယစျာန် ၃-ပါး၊ ရူပတတိယစျာန် ၃-ပါး၊ ရူပစတုတ္ထစျာန် ၃-ပါး၊ ရူပပဉ္စမစျာန် ဝိပါက် ၁-ပါး၊ အာကာသာနဉ္စာယတနစိတ် ၃-ပါး၊ အာကိဉ္စညာယတနစိတ် ၃-ပါး၊ ပေါင်း ၁၉-ပါး။)

ရူပပဉ္စမစျာန်ကုသိုလ်နှင့် ကိရိယာသည် အဘိညာဉ်ကိစ္စတပ်ခိုက် ကာမတရားစသည်ကိုလည်း အာရုံပြုသောကြောင့် နဝတ္တဗ္ဗာရမ္မဏတရား မမည်ပေ။ ဋီကာသစ်၊ဒုၤနှာ-၁၉၇။)

၂။ ဤသို့ နိဗ္ဗာန်ကို ယုတ္တိအားဖြင့်ဋ္ဌင်း, ပါဠိအားဖြင့်ဋ္ဌင်း သုတ်သင်ပြီး၍ ယခုအခါ ထိုနိဗ္ဗာန်၏ ပရိယာယ်ကို ပြခြင်းငှါ အစ္စန္တ မနန္တံ အစရှိသည်ကို မိန့်။

လောကိတလည်းမည်၏။ ပဏီတံ၊ မရောင့်ရဲခြင်းကို ပြုတတ်သည်၏ အဖြစ်ကြောင့် ပဏီတလည်းမည်၏။ သရဏံ၊ အလုံးစုံသောဒုက္ခ၏ဆုံးရာ ဖြစ်သည်၏အဖြစ်ကြောင့် သရဏလည်းမည်၏။ ခေမံ၊ ကိလေသာခိုးသူ တို့သည် မနှိပ်စက်အပ်သည်၏အဖြစ်, ဘေးမရှိသည်၏ အဖြစ်ကြောင့် ခေမလည်း မည်၏။ တာဏံ၊ အလုံးစုံသော ဉပဒ္ဒဝေါကို မြစ်တတ်သည်၏ အဖြစ်ကြောင့် တာဏလည်းမည်၏။ လေဏံ၊ ဇာတိအစရှိသော ဆင်းရဲ တို့သည် လိုက်အပ်သောသူ၏ ပုန်းအောင်းခြင်းငှါ သင့်သည်၏ အဖြစ် ကြောင့် လေဏလည်းမည်၏။ ပရာယဏံ၊ လျော်စွာ ကျင့်သော ပုဂ္ဂိုလ် အား ငြိမ်းခြင်းကို ပေးတတ်သည်၏ အဖြစ်ဖြင့် လွန်စွာတည်ရာဖြစ်သည် ၏ အဖြစ်ကြောင့် ပရာယဏလည်း မည်၏။

၇၇၃။ သိဝဋ္ဌ၊ အလုံးစုံသော နှိပ်စက်ခြင်းမှ လွတ်သည်၏ အဖြစ် ကြောင့် သိဝလည်းမည်၏။ နိပုဏံ၊ ဉပနိဿယ ကင်းသော သူတို့အား သဗ္ဗညုဘုရား၏ ခံတွင်းတော်မှ ကြားနာရသော်လည်း သဘောအားဖြင့် ထိုးထွင်း၍ သိနိုင်ခဲသည်၏ အဖြစ်ကြောင့် နိပုဏလည်းမည်၏။ သစ္စံ၊ ဖောက်ပြန်ခြင်းမရှိသည်၏ အဖြစ်ကြောင့် သစ္စလည်းမည်၏။ ဒုက္ခက္ခယံ၊ အလုံးစုံသော ဒုက္ခ၏ကုန်ခြင်းကို ပြုတတ်သည်၏ အဖြစ်ကြောင့် ဒုက္ခက္ခယ လည်း မည်၏။ အနာသဝဋ္ဌ၊ တန်းခိုးထက်သည်၏ အဖြစ်ကြောင့် ရဲရဲ တောက်သော သံတွေ၌ ယင်ကဲ့သို့ အာသဝေါတရားလေးပါးတို့သည် အာရုံ ပြုသောအားဖြင့် ဖြစ်ခြင်းငှါ မတတ်နိုင်သည်၏ အဖြစ်ကြောင့် အနာသဝ လည်းမည်၏။ သုဒုဒ္ဒသံ၊ ကြီးမြတ်သော ကရုဏာရှိတော်မူသော မြတ်စွာ ဘုရား၏ တရားတော်သည် အလွန်နက်နဲ သိမ်မွေ့လှသဖြင့် ထိုးထွင်း၍ သိနိုင်ခဲသည်၏ အဖြစ်ကြောင့် သုဒုဒ္ဒသလည်း မည်၏။ ပရံ၊ လောကုတ္တရာ တို့တွင်လည်း အသခ်တဂုဏ်ဖြင့် ထူးမြတ်သည်၏ အဖြစ်ကြောင့် ပရလည်း မည်၏။ ပါရံ၊ သံသရာတည်းဟူသော မဟာသမုဒ္ဒရာ၏ တဖက်ကမ်း ဖြစ်သည်၏ အဖြစ်ကြောင့် ပါရလည်း မည်၏။ နိဗ္ဗာနံ၊ ရာဂအစရှိသော မီးငြိမ်းရာဖြစ်သောကြောင့် နိဗ္ဗာနလည်းမည်၏။ အနိဒဿနံ၊ မံသစက္ခု ဒိဗ္ဗစက္ခု၏ အာရုံမဟုတ်သည်၏ အဖြစ်ကြောင့် အနိဒဿနလည်း မည်၏။ ဝါ၊ နိဒဿနဟုဆိုအပ်သော ဉပမာ မရှိသည်၏ အဖြစ်ကြောင့် အနိဒဿန လည်း မည်၏။

၇၇၄။ တဏှာက္ခယံ၊ တဏှာ၏ ကုန်ခြင်းကို ပြုတတ်သည်၏ အဖြစ်ကြောင့် တဏှာက္ခယလည်းမည်၏။ ဓုဝံ၊ ဖောက်ပြန်ခြင်းသဘော မရှိသည်၏အဖြစ်ကြောင့် ဓုဝလည်းမည်၏။ ဒီပံ၊ လွန်စွာတည်ရာ ဖြစ်သည်၏ အဖြစ်ကြောင့် ဒီပလည်းမည်၏။ အဗျာပဇ္ဈံ၊ အနှောင့်အယှက်ရှိသော နှိပ်စက်ခြင်း မရှိသည်၏ အဖြစ်ကြောင့် အဗျာပဇ္ဈလည်းမည်၏။ အနီတိကံ၊ အနှောင့်အယှက်ရှိသော ဥပဒ္ဒဝေါ မရှိသည်၏ အဖြစ်ကြောင့် အနီတိကလည်းမည်၏။ အနာလယံ၊ တဏှာတည်းဟူသော အာလယ မရှိသည်၏ အဖြစ်ကြောင့် အနာလယလည်းမည်၏။ အရူပဥ္စ၊ ရုပ္ပနသဘော မရှိခြင်းကြောင့် အရူပလည်းမည်၏။ ပဒံ၊ သင်္ခတ အသင်္ခတတို့တွင် အသင်္ခတအဘို့ဖြစ်၍ လွန်စွာတည်ရာဖြစ်သောကြောင့် ပဒလည်းမည်၏။ အစ္စုတံ၊ ပျက်ခြင်း မရှိသည်၏ အဖြစ်ကြောင့် အစ္စုတလည်းမည်၏။ အက္ခရံ၊ ကုန်ခြင်း ပျက်စီးခြင်း မရှိသည်၏ အဖြစ်ကြောင့် အက္ခရလည်းမည်၏။

၇၇၅။ ဝိရာဂဥ္စ၊ တပ်ခြင်းကင်းကြောင်း ဖြစ်သည်၏ အဖြစ်ကြောင့် ဝိရာဂလည်းမည်၏။ နိရောဓော၊ တဏှာချုပ်ကြောင်း ဖြစ်သည်၏ အဖြစ်ကြောင့် နိရောဓလည်းမည်၏။ ဝိမုတ္တိ စ၊ သင်္ခတတရားတို့မှ လွတ်သည်၏ အဖြစ်ကြောင့် ဝိမုတ္တိလည်း မည်၏။ မောက္ခမေဝ စ၊ ဘဝအနှောင်အဖွဲ့မှ လွတ်သည်၏ အဖြစ်ကြောင့် မောက္ခလည်းမည်၏။ ဣမေဟိ နာမေဟိ၊ ဤအမည်တို့ဖြင့်။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍။ ကထိယတိ၊ ဆိုအပ်၏။

၇၇၆။ ဧဝံ=ဣမိနာ ဝုတ္တနယေန၊ ဤသို့ ဆိုအပ်ပြီးသော နည်းဖြင့်။ အစ္စုတံ၊ စုတေခြင်း မရှိသော။ နိဗ္ဗာနမ္ပိ၊ နိဗ္ဗာန်ကိုလည်း။ ဝိညာယ၊ သင်ခြင်း မေးမြန်းခြင်းတို့၏ အစွမ်းအားဖြင့် သိ၍။ တဿ စ၊ ထိုနိဗ္ဗာန်ကို လျှင်။ အဓိဂမူပါယော=ပဋိဝိဇ္ဈနူပါယဘူတာ၊ သိခြင်း၏အကြောင်း ဖြစ်ကုန်သော သိက္ခာသုံးပါးတို့ကို။ သဒါ၊ အခါခပ်သိမ်း။ ဝိညုနာ၊ ပညာရှိသောသူသည်။ ကတ္တဗ္ဗော=ကတ္တဗ္ဗာ၊ ကျင့်အပ်ကုန်၏။

၇၇၇။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ သဒ္ဓါဗုဒ္ဓိကရံ၊ သဒ္ဓါ ပညာကို ပွါးစေတတ်သော။ တထာဂတမတော၊ ပိဋကတ်သုံးပုံတည်းဟူသော မြတ်စွာဘုရားပါဠိတော်၌။ ဝါ၊ သစ္စာလေးပါး၌။ သမ္မောဟဝိဒ္ဓံသနံ၊ ပြင်းစွာသော တွေဝေခြင်းကို ဖျက်ဆီးတတ်သော။ ပညာသမ္ဘဝသမ္ဘဝသာဒနကရံ၊

ပညာကြောင့်ဖြစ်သော ဘုရားအစရှိသည်တို့၌ ကြည်ညိုခြင်းကို ပြုတတ်သော။ ဝါ၊ ပညာ၏ဖြစ်ခြင်းရှိသော ဘုရားအစရှိသည်တို့၌ ကြည်ညိုခြင်းကို ပြုတတ်သော။ အတ္ထဗျဉ္ဇနသာလိနံ၊ အလွန်ကောင်းသော အနက်သဒ္ဒါတို့နှင့် ပြည့်စုံသော။ ဝါ၊ အနက်သဒ္ဒါတည်းဟူသော အနှစ်ရှိသော [ရ-ကာရဿ လ-ကာရံ ကတွာ]။ သုမဓုရံ၊ အလွန်ကောင်းသော။ သာရညုဝိမှာပနံ၊ အနှစ်ကို သိသောသူတို့ကို အံ့ဩစေတတ်သော။ ဣမံ၊ ဤ အဘိဓမ္မာဝတာရ ကျမ်းကို။ ဇာနာတိ၊ သိ၏။ သော ဘိက္ခု၊ ထိုရဟန်းသည်။ ဂမ္ဘီရေ၊ နက်စွာသော။ နိပုဏော၊ သိမ်မွေ့သောဉာဏ်၏ အာရုံဖြစ်သော။ အဘိဓမ္မပိဋကေ၊ အဘိဓမ္မာပိဋကတ်၌။ ပဒံ၊ မြတ်သော။ နိဋ္ဌံ၊ အဆုံးအဖြတ်သို့။ ဝါ၊ အဆုံးဖြစ်သော နိဗ္ဗာန်သို့။ ဝါ-ပဒံ နိဋ္ဌံ၊ သုတမယဉာဏ် အရင်းရှိသော အနုပါဒါပရိနိဗ္ဗာန်သို့။ ယာတိ၊ ရောက်၏။

အဘိဓမ္မာဝတာရေ၊ အဘိဓမ္မာဝတာရကျမ်း၌။ နိဗ္ဗာနနိဒ္ဒေသော နာမ နိဗ္ဗာနနိဒ္ဒေသမည်သော။ ကောဒသမော၊ တဆဲ့တခုတို့၏ ပြည့်ကြောင်းဖြစ်သော။ ပရိစ္ဆေဒေါ၊ အပိုင်းသည်။ ဣတိ သမတ္တော၊ ဤတွင် ပြီးပြီ။

နိဗ္ဗာနနိဒ္ဒေသ ပြီး၏။

# ၁၂-ဒွါဒသမပရိစ္ဆေဒ

## ၁၂-ပညတ္တိနိဒ္ဒေသ

ပညတ်။ ။ဧတ္ထ၊ အကြင်အခြင်းဖြင့် အကျဉ်းပြအပ်ပြီးသော တရားတို့ကို အကျယ်ပြသည်၏အဆုံးဖြစ်သော ဤအရာ၌။ စောဒကော၊ စောဒကသည်။ အာဟ၊ ဆိုပြီ။

ကိံ အာဟ၊ အသို့ဆိုသနည်းဟူမူကား။ ဧဝံ ယံ၊ သိအပ်သောတရားသည်။ ဧတ္တကမေဝ၊ ဤမျှအတိုင်းအရှည်ရှိသော စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်မျှသာလော။ ဥဒါဟု၊ ထိုသို့ မဟုတ်မူကား။ အညမ္ပိ၊ တပါးသော တရားသည်လည်း။ အတ္ထိ၊ ရှိသေးသလော။ ဣတိ၊ ဤသို့။ အာဟ၊ ဆိုပြီ။ ပညတ္တိနာမ၊ ပညတ်မည်သောတရားသည်။ အတ္ထိ၊ ရှိသေး၏။ ဣတိ၊ ဤသို့ ဆို၏။

ပညတ်ခေါ်တွင်ပုံ။ ။သာ ပနေသာ=သာ ပန ဧသာ၊ ထိုပညတ်သည်။ ပညပေတဗ္ဗတော စ၊ ပရမတ္ထတရားတို့ကဲ့သို့ မိမိ သဘောအားဖြင့် ထင်ရှားမရှိသည်ဖြစ်၍ လောကသင်္ကေတ၏ အစွမ်း အားဖြင့် သိစေအပ်သည်၏အဖြစ်ကြောင့်ရင်း။ ပညာပနတော စ၊ ပရမတ္ထ အားဖြင့် ထင်ရှား ရှိ, မရှိသော တရားတို့ကို ပြခြင်း၏ အစွမ်းအားဖြင့် သိစေတတ်သည်၏ အဖြစ်ကြောင့်ရင်း။ ပညတ္တီတိ၊ ပညတ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

တေနေဝ၊ ထိုကြောင့်သာလျှင်။ ယာ တေသံ တေသံ ဓမ္မာနံ။ပ။ အဘိလာပေါတိ[၁]၊ ယာ တေသံ တေသံ ဓမ္မာနံ။ပ။ အဘိလာပေါဟူ၍။ အာဟ၊ ဟောတော်မူပြီ။

တေသံ တေသံ ဓမ္မာနံ၊ အောက်အဘိဓမ္မာ မာတိကာ၌ ဟောတော်မူအပ် ကုန်သော ကုသိုလ်, အကုသိုလ်အစရှိသော ထိုထိုတရားတို့၏။ ယာ သင်္ခါ၊

---

၁။ ဓမ္မသင်္ဂဏီ၊နှာ-၂၅၆။

အကြောင် ငါ ငါ၏ဥစ္စာ အစရှိသည်ဖြင့် ဆိုအပ်သည်၏ အဖြစ်သည်။ ယာ သ-မညာ၊ အကြောင် သင်္ကေတ၏အစွမ်းအားဖြင့် သိအပ်သည်၏ အဖြစ်သည်။ ယာ ပညတ္တိ၊ အကြောင် မရောမယှက် များစွာသော အပြားတို့ဖြင့် ဝေဖန်၍ သိစေအပ်သည်၏အဖြစ်သည်။ ယော ဝေါဟာရော၊ အကြောင်ထင်သည်ကိုပြု၍ ဆိုအပ်သည်၏အဖြစ်သည်။ ဝါ၊ အကြောင် ဟောခြင်း၏ အစွမ်းအားဖြင့် ယှဉ်အပ်သည်၏အဖြစ်သည်။ ယံ နာမံ၊ အကြောင် အနက်သို့ ရှေးရှုညွတ်တတ်သော နာမ်သည်။ ယံ နာမကမ္မံ၊ အကြောင် အမည်ကိုပြုခြင်းသည်။ ယံ နာမဓေယျံ၊ အကြောင် အမည်ကိုထားခြင်းသည်။ ယာ နိရုတ္တိ၊ အကြောင် အက္ခရာကို အကြောင်းပြုသဖြင့် အနက်ကိုထုတ်၍ဆိုခြင်းသည်။ ယံ ဗျဉ္ဇနံ၊ အကြောင်ထင်စွာပြုခြင်းသည်။ ယော အဘိလာပေါ၊ အကြောင်ဟောခြင်းသည်၊ အတ္ထိ၊ ရှိ၏။

## ဥပါဒါပညတ် ၄-မျိုး

**သင်္ခါ။** ။တတ္ထ၊ ထိုသင်္ခါ သမညာ အစရှိသောပါဠိ၌။ အတ္တော၊ အနက်ကို။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ သင်္ခါယတိ၊ ဆိုအပ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သင်္ခါ၊ သင်္ခါမည်၏။ ကထီယတိ၊ ဆိုအပ်၏။ ဣတိအတ္တော၊ ဤကား သင်္ခါယတိပုဒ်၏ အနက်။

ကိန္တိ၊ အသို့လျှင်။ ကထီယတိ၊ ဆိုအပ်သနည်း။ အဟန္တိ၊ ငါ ဟူ၍ရင်း။ မမာတိ၊ ငါ၏ဥစ္စာ ဟူ၍ရင်း။ ပရောတိ၊ သူတပါးဟူ၍ရင်း။ ပရဿာတိ၊ သူတပါး၏ဥစ္စာဟူ၍ရင်း။ မဉ္စောတိ၊ ညောင်စောင်းဟူ၍ရင်း။ ပီဌန္တိ၊ အင်းပျဉ်ဟူ၍ရင်း။ အနေကေဟိ၊ များစွာကုန်သော။ အာကာရေဟိ၊ အခြင်းအရာတို့ဖြင့်။ ကထီယတိ၊ ဆိုအပ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သင်္ခါ၊ သင်္ခါမည်၏။

**သမညာ** ။သမညာယတိ၊ သင်္ကေတ၏ အစွမ်းအားဖြင့် သိအပ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သမညာ၊ သမညာမည်၏။

**ပညတ္တိ။** ။ပညာပီယတိ၊ မရောမယှက် များစွာသော အပြားတို့ဖြင့် ဝေဖန်၍ သိစေအပ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ပညတ္တိ၊ ပညတ်မည်၏။

**ဝေါဟာရ။** ။ဝေါဟာရီယတိ၊ ခေါ်ဝေါ်အပ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝေါဟာရော၊ ဝေါဟာရမည်၏။ ကိန္တိ၊ အသို့လျှင်။ ဝေါဟ-ရီယတိ၊ ခေါ်ဝေါ်အပ်သနည်း။ အဟန္တိ၊ ငါဟူ၍၎င်း။ မမာတိ၊ ငါ၏ ဥစ္စာဟူ၍၎င်း။ ပရောတိ၊ သူတပါးဟူ၍၎င်း။ ပရဿာတိ၊ သူတပါး၏ ဥစ္စာ ဟူ၍၎င်း။ မဉ္စောတိ၊ ညောင်စောင်းဟူ၍၎င်း။ ပီဌန္တိ၊ အင်းပျဉ်ဟူ၍၎င်း။ ဝေါဟာရီယတိ၊ ခေါ်ဝေါ်အပ်၏။

**ပညတ်မည်ပုံ။** ။ဧဝံ၊ ဤသို့။ တာဝ၊ ရှေးဦးစွာ။ ပညပေတဗ္ဗတော၊ ပရမတ္ထတရားတို့ကဲ့သို့ မိမိသဘောအားဖြင့် ထင်ရှားမရှိသည်ဖြစ်၍ လောကသင်္ကေတ၏ အစွမ်းအားဖြင့် သိစေအပ်သည်၏ အဖြစ်ကြောင့်။ ပညတ္တီတိ၊ ပညတ်ဟူ၍။ ဝုတ္တာ၊ ဆိုအပ်၏။

**ဥပါဒါပညတ်မည်ပုံ။** ။ဟိ=သစ္စံ၊ မှန်၏။ အဟန္တိ၊ ငါဟူ၍။ ရူပါဒယော၊ ရုပ်အစရှိကုန်သော။ ဓမ္မေ၊ တရားတို့ကို။ ဥပါဒါယ ပဋိစ္စ ကာရဏံ ကတွာ၊ အကြောင်းကိုပြု၍။ ပညာပီယတိ၊ အပြားအားဖြင့် သိစေအပ်၏။ ရူပါဒယော၊ ရုပ်အစရှိကုန်သော။ တေ ဓမ္မာ၊ ထိုပရမတ္ထ တရားတို့သည်။ ဥပ္ပါဒဝယဝန္တော ယထာ၊ ဥပါဒ်, ဘင် အဆုံးရှိကုန်သကဲ့သို့။ တထာ၊ ထို့အတူ။ ဧဝံ ဝိဓာ၊ ဤသို့သဘောရှိကုန်သည်။ န ဟောန္တိ၊ မဖြစ် ကုန်။ ကေဝလံ၊ သက်သက်။ လောကသင်္ကေတေန၊ လောကသင်္ကေတဖြင့်။ သိဒ္ဓါ၊ ပြီးသော။ ယာ အယံ၊ အကြင်ပညတ်ကို။ အဟန္တိ၊ အဟံဟူ၍။ ကထီယတိ စေဝ၊ ဆိုလည်း ဆိုအပ်၏။ ပညာပီယတိ စ၊ အပြားအားဖြင့် သိလည်း သိစေအပ်၏[1]။ သော၊ ဤပညတ်သည်။ ပညတ္တိ၊ အတ္ထပညတ်[2] မည်၏။ ဣတိ အတ္ထော၊ ဤကား အနက်။

## နာမပညတ် ၆-မျိုး

ဣဒါနိ၊ ယခုအခါ၌။ ပညာပနတော၊ ပရမတ္ထအားဖြင့် ထင်ရှား ရှိ မရှိ သောတရားတို့ကို ပြခြင်း၏ အစွမ်းအားဖြင့် သိစေတတ်သည်၏ အဖြစ် ကြောင့်။ ပညတ္တိံ၊ နာမပညတ်ကို။ ပကာသေတုံ၊ ပြခြင်းငှါ။ နာမံ

---

၁။ အဟန္တိ။ပ။ ကတွာ-ဟူ၍ ဥပါဒါပညတ်၏ ဖြစ်ခြင်းကို ပြပြီး၍ ထိုဥပါဒါပညတ်ကို ထင်စွာပြခြင်းငှါ ယထာ တေ ရူပါဒယော စသည်ကို မိန့်။

၂။ (အတ္ထပညတ်နှင့် ဥပါဒါပညတ် အတူတူပင်တည်း။ ၎င်း ဋီကာသစ်၊ဒု၊နှာ-၂၀၀)

နာမကမ္မဋ္ဌိ အာဒိံ၊ နာမံ နာမကမ္မံ ဤသို့အစရှိသောစကားကို။ အာဟ၊ ဟောတော်မူ၏။

**နာမပညတ်။** ။တတ္ထ၊ ထိုနာမံ နာမကမ္မံအစရှိသော ပါဌ်၌။ နာမန္တိ၊ နာမံ ဟူသည်ကား။ တံ တံ ဓမ္မံ၊ ထိုထိုတရားကို။ သော၊ ဤတရားသည်။ ဣတ္ထန္နာမော နာမ၊ ဤမည်သော အမည်ရှိ၏။ ဣတိ၊ ဤသို့။ ပညာပေတိ၊ သိစေတတ်၏။ တသ္မာ၊ ထို့ကြောင့်။ တံ၊ ထိုပညတ်ကို။ ပညတ္တီတိ၊ နာမပညတ်ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

**နာမကမ္မပညတ်စသည်။** ။နာမကမ္မဋ္ဌိ အာဒီနိ၊ နာမကမ္မံ အစရှိသော ဤသို့သော ပုဒ်တို့သည်။ တဿ ဧဝ၊ ထိုနာမံ-ဟူသော ပုဒ်၏သာလျှင်။ ဝေဝစနာနိ၊ ဝေဝုစ်တို့တည်း။ အယံ၊ ဤသည်ကား။ ပညာပနတော၊ ပရမတ္ထအားဖြင့် ထင်ရှား ရှိ မရှိသော တရားတို့ကို ပြခြင်း၏ အစွမ်းအားဖြင့် သိစေတတ်သည်၏ အဖြစ်ကြောင့်။ ပညတ္တိနာမ၊ ပညတ်မည်၏။

**ပညတ် ၃-မျိုး။** ။သာ ပနေသာ=သာ ပန သော၊ ထိုပညတ်သည်။ တဇ္ဇာပညတ္တိ စ၊ တဇ္ဇာပညတ်ရင်း။ ဥပါဒါပညတ္တိ စ၊ ဥပါဒါပညတ်ရင်း။ ဥပနိဓာပညတ္တိ စ၊ ဥပနိဓာပညတ်ရင်း။ ဝါ- တဇ္ဇာပညတ္တိ စ၊ ထိုသဘောတရားအား လျော်သည်၏ အစွမ်းအားဖြင့် ဖြစ်သော ပညတ်ရင်း။ ဥပါဒါပညတ္တိ စ၊ အကြောင်းဖြစ်သော အနက်ကို စွဲ၍ မှီ၍ ပညတ်အပ်သော ပညတ်ရင်း။ ဥပနိဓာပညတ္တိ စ၊ ဆန့်ကျင်ဘက်ဖြစ်သော တခုသော ပညတ်ကို ထောက်၍ ငဲ့၍ဖြစ်သော ပညတ်ရင်း။ ဣတိ၊ ဤသို့။ တိဝိဓာ၊ သုံးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

**တဇ္ဇာပညတ်။** ။တတ္ထ၊ ထိုသုံးပါးသော ပညတ်တို့တွင်။ တဇ္ဇာပညတ္တိ နာမ၊ ထိုသဘောတရားအား လျော်သည်၏ အစွမ်းအားဖြင့် မှည့်ခေါ်အပ်သော တဇ္ဇာပညတ်မည်သည်ကား။ စက္ခု သောတ ရူပ သဒ္ဒ ပထဝီ တေဇော ဝါယောတိ အာဒိနယပဝတ္တာ [၁]၊ စက္ခု, သောတ,

၁။ စက္ခု, သောတ-သဒ္ဒါဖြင့် အဇ္ဈတ္တိကာယတနတို့ကို ပြသည်၊ ရူပ, သဒ္ဒ-သဒ္ဒါဖြင့် ဗာဟိရာယတနတို့ကို ပြသည်၊ ပထဝီ, တေဇော, ဝါယောသဒ္ဒါဖြင့် ဖောဋ္ဌဗ္ဗာယတနကို ပဘေဒအားဖြင့် ပြသည်၊ ဤပထဝီ, တေဇော, ဝါယော သဒ္ဒါဖြင့်ပင်လျှင် ဓမ္မာယတန၌လည်း ရအပ်သော အပြားကို ပြသည်၊ (ယင်းဋီကာသစ်၊ဒု၊နှာ-၂၀၁။)

ရူပ, သဒ္ဒ, ပထဝီ, တေဇော, ဝါယော ဤသို့အစရှိသော နည်းဖြင့် ဖြစ်သော ပညတ်တည်း။

## ဥပါဒါပညတ် ၂-ပါး

ဥပါဒါပညတ္တိ ပန၊ အကြောင်းဖြစ်သော အနက်ကို စွဲ၍မှီ၍ မှည့်ခေါ်အပ်သော ဥပါဒါပညတ်သည်ကား။ သမူဟာသမူဟဝသေန၊ သမူဟပညတ်, အသမူဟပညတ်တို့၏ အစွမ်းအားဖြင့်။ ဒုဝိဓာ၊ နှစ်ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

သမူဟပညတ်။　　။တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ သမူဟပညတ္တိ နာမ၊ သမူဟပညတ်မည်သည်ကား။ ရူပါရူပဓမ္မေသု၊ ရုပ်နာမ်တရားတို့တွင်။ ဧကဿ ဝါ၊ တခုသောတရား၏ငင်း။ ဗဟူနံ ဝါ၊ များစွာသော တရားတို့၏ငင်း။ နာမံ၊ အမည်ကို။ ဂဟေတွာ၊ ယူ၍။ သမူဟမေဝ၊ အပေါင်းကိုသာလျှင်။ ဥပါဒါယ၊ စွဲ၍။ ဝုစ္စတိ၊ ဆိုအပ်၏[၁]။ ကထံ၊ သမူဟပညတ် အဘယ်နည်းဟူမူကား။ အဋ္ဌ တရဋ္ဌ ဟတ္ထိ အဿ ဃဋ္ဋ ပဋ္ဋာဒိပဘေဒါ၊ ဝံ, အောင်း, ဆင်, မြင်း, အိုး, ပုဆိုးအစရှိသည် အပြားရှိသော ပညတ်တည်း။ အယံ ပညတ္တိ၊ ဤပညတ်သည်။ သမူဟပညတ္တိ နာမ၊ သမူဟပညတ်မည်၏[၂]။

အသမူဟပညတ်။　　။အသမူဟ ပညတ္တိ ပန၊ အသမူဟ ပညတ်သည်ကား။ ဒိသာကာသကာလ နိမိတ္တာဘာဝနိရောဓာဒိဘေဒါ[၃]၊

---

၁။ ပထဝီအစရှိသော ပညတ်သည် သသမ္ဘာရပထဝီ၌ တခု၏အမည်ကိုယူ၍ သမူဟကိုသာ စွဲ၍ ပညတ်အပ်၏၊ ဿဋ္ဌအစရှိသော ပညတ်တရားအပေါင်းတို့၌ အလုံးစုံသောတရားတို့၏သာ အမည်ကိုယူ၍ သမူဟကိုစွဲ၍ ပညတ်အပ်၏၊ ထို့ကြောင့် ဧကဿ ဝါ စသည်ကိုမိန့်။

၂။ ထို ၂-ပါးတို့တွင် တခု၏ အမည်ကိုယူ၍ သမူဟပညတ်ကိုစွဲ၍ ပညတ်အပ်သော ပညတ်သည် ပထဝီအစရှိသည်တို့၏ အစွမ်းအားဖြင့် ထင်သည်၏ အဖြစ်ကြောင့် ထိုပညတ်ကို ထား၍ ဤမှတပါး အလုံးစုံသော တရားတို့၏သာ အမည်ကိုယူ၍ သမူဟကိုသာစွဲ၍ ပညတ်ကိုပြခြင်းငှါ ကထံ စသည်ကို မိန့်။ (ယင်းဋီကာသစ်၊ဒုနှာ-၂၀၁-၂)

၃။ ဒိသာကာသအစရှိသည်တို့၌ ဒိသာသဒ္ဒါဖြင့် လ, နေအစရှိသည်တို့၏ လည်ခြင်းကို စွဲ၍ ပညတ်အပ်သော အရှေ့မျက်နှာအစရှိသော ဒိသာပညတ်ကို ပြသည်။

အာကာသသဒ္ဒါဖြင့် မတွေ့အပ်သော တရားတို့ကို စွဲ၍ ပညတ်အပ်သော တွင်း, လိုဏ် အစရှိသော အာကာသပညတ်ကို ပြသည်။

ဒိသာပညတ်, အာကာသပညတ်, နိမိတ္တပညတ်, နတ္ထိဘာဝပညတ်, နိရောဓသမာပတ်အစရှိသည် အပြားရှိသော ပညတ်တည်း။

## တနည်း ဥပါဒါပညတ် ၂-ပါး

ဝိဇ္ဇမာနပညတ်။ ။ယဒါ ပန၊ အကြင်အခါ၌ကား။ သာ၊ ထိုဥပါဒါပညတ်သည်။ ဝိဇ္ဇမာနံ၊ သဘောအားဖြင့် ရအပ်သော (ထင်ရှားရှိသော)။ ပရမတ္ထံ၊ ပရမတ္ထဖြစ်သော ရုပ်အစရှိသည်ကို။ ဇောတယတိ၊ ပြတတ်၏။ တဒါ၊ ထိုအခါ၌။ ဝိဇ္ဇမာနပညတ္တီတိ၊ ဝိဇ္ဇမာနပညတ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အဝိဇ္ဇမာနပညတ်။ ။ယဒါ၊ အကြင်အခါ၌။ အဝိဇ္ဇမာနံ၊ လောကသင်္ကေတကို ထား၍ ပရမတ္ထသဘောအားဖြင့် မရအပ်သော (ထင်ရှားမရှိသော)။ သမူဟာသမူဟဘေဒံ၊ သမူဟ အသမူဟအားဖြင့် ပြားသော။ နာမမတ္တံ၊ အမည်မျှရှိသည်ကို။ ဇောတယတိ၊ ပြတတ်၏။ တဒါ၊ ထိုအခါ၌။ အဝိဇ္ဇမာနပညတ္တီတိ၊ အဝိဇ္ဇမာနပညတ်ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

ဥပါဒါပညတ်ကို တတိယမနောဒွါရ ဝီထိကျမှ သိခြင်း ဒုဝိဓာပိ၊ နှစ်ပါးအပြားရှိသည်လည်း ဖြစ်သော။ သော၊ ဤဥပါဒါပညတ်ကို။ သောတဒွါရဇဝနာနန္တရံ၊ ပစ္စုပ္ပန်ဖြစ်သော သဒ္ဒါရုံ အာရုံရှိသော သောတဒွါရဝီထိ, ထိုသောတဒွါရကို အစဉ်လျှောက်သဖြင့်ဖြစ်သော အတိတ်သဒ္ဒါရုံ အာရုံရှိသော မနောဒွါရိကဇောဝီထိ၏

---

ကာလသဒ္ဒါဖြင့် နံနက်အစရှိသော ကာလပညတ်ကို ပြသည်။

နိမိတ္တသဒ္ဒါဖြင့် ဗဟိဒ္ဓ၌ ပထဝီမဏ္ဍလ အစရှိသည်ကို, အဇ္ဈတ္တိက၌ ဘာဝနာဝိသေသကို စွဲ၍ ပညတ်အပ်သော ကသိုဏ်းနိမိတ် အစရှိသည်ကို ပြသည်။

အဘာဝသဒ္ဒါဖြင့် ဘာဝနာ၏ အစွမ်းဖြင့် မဖြစ်ခြင်း သဘောရှိသော အာကာသာနဉ္စာယတနစျာန်ကို စွဲ၍ဖြစ်သော အာကိဉ္စညာယတန၏အာရုံ နတ္ထိဘာဝပညတ်ကို ပြသည်။

နိရောဓသဒ္ဒါဖြင့် ဘာဝနာ၏ အစွမ်းဖြင့် ချုပ်သော နေဝသညာနာသညာယတနကို မှီ၍ ပညတ်အပ်သော နိရောဓပညတ်ကိုပြသည်။

အာဒိသဒ္ဒါဖြင့် ခယအစရှိသည် သဘောရှိသော ထိုထိုတရားကို စွဲ၍ ပညတ်အပ်သော အနုပ္ပန္နလက္ခဏာ အစရှိသည်ကို သင်္ဂြိုဟ်သည်။ (ယင်းဋီကာသစ်၊ဒု၊နှာ-၂၀၂။)

အခြားမဲ့၌။ ဂဟိတပုဗ္ဗသင်္ကေတေန၊ ယူအပ်သော ရှေးအဘို့၌ဖြစ်သော သင်္ကေတရှိသော။ ဝါ၊ ဤအနက်ကား ဤသဒ္ဒါ၏ အနက်, ဤသဒ္ဒါသည် ဤအနက်ကို ဟော၏ဟု သဒ္ဒါ, သဒ္ဒါ၏အနက်ကိုစပ်၍ ယူခြင်း၏ အစွမ်းအားဖြင့် ယူအပ်သော ရှေး၌ဖြစ်သော သင်္ကေတရှိသော။ မနောဒွါရဇဝန·ဝိညာဏေန၊ မနောဒွါရ၌ဖြစ်သော ဇောဝိညာဉ်ဖြင့်။ ဝိညာယတိ၊ သိအပ်၏။ ဂဟိတပုဗ္ဗသင်္ကေတေန၊ ယူအပ်သော ရှေးအဘို့၌ဖြစ်သော သင်္ကေတရှိသော။ မနောဒွါရဇဝနဝိညာဏေန၊ မနောဒွါရ၌ဖြစ်သော ဇောဝိညာဏ်ဖြင့်။ ယာယ၊ အကြင်နာမပညတ်သည်[၁]။ ပညာပီယတိ၊ သမုတိ ပရမတ္ထအားဖြင့် နှစ်ပါးအပြားရှိသော အနက်ကို သိစေအပ်၏။

ပညတ် ၆-မျိုး။　　။ယံ၊ အကြင်ပညတ်ကို။ သန္ဓာယ၊ ရည်၍ (ယှဉ်စပ်၍)။ ဝိဇ္ဇမာနပညတ္တိ။ပ။ အဝိဇ္ဇမာနေန အဝိဇ္ဇမာန ပညတ္တီတိ၊ ဝိဇ္ဇမာနပညတ္တိ။ပ။ အဝိဇ္ဇမာနေန အဝိဇ္ဇမာန ပညတ္တိ ဟူ၍။ ဆက္ကနယော၊ ဆက္ကနည်းကို။ ဝုတ္တော၊ ဟောအပ်၏။

ဝိဇ္ဇမာနပညတ်။　　။တတ္ထ၊ ထိုဆက္ကနည်း၌။ ဝါ၊ ဝိဇ္ဇမာနပညတ် အစရှိသည်တို့တွင်။ ပရမတ္ထတော၊ ပရမတ္ထအားဖြင့်။ ဝိဇ္ဇ·မာနာနံ၊ ထင်ရှားရှိကုန်သော။ ရူပါဒီနံ၊ ရုပ်အစရှိသည်တို့ကို။ ပညာပနာ၊ အပြားအားဖြင့် သိစေခြင်းသည်။ ဝိဇ္ဇမာနပညတ္တိ၊ ဝိဇ္ဇမာနပညတ်မည်၏။

အဝိဇ္ဇမာနပညတ်။　　။တထာ=ပရမတ္ထတော၊ ပရမတ္ထအားဖြင့်။ အဝိဇ္ဇ·မာနာနံ၊ ထင်ရှားမရှိကုန်သော။ ဣတ္ထိ ပုရိသာဒီနံ၊ ဣတ္ထိ, ပုရိသအစရှိသည်တို့ကို။ ပညာပနာ၊ အပြားအားဖြင့် သိစေခြင်းသည်။ အဝိဇ္ဇမာနပညတ္တိ၊ အဝိဇ္ဇမာနပညတ်မည်၏။

ဝစနမတ္တံ၊ သဒ္ဒါမျှကို။ ဌပေတွာ၊ ထား၍။ ကေနစိ အာကာရေန၊ ပရမတ္ထအားဖြင့်ရင်း လောကသင်္ကေတအားဖြင့်ရင်း တစုံတခုသော အခြင်းအရာဖြင့်။ အနုပလဗ္ဘမာနာနံ၊ မရအပ်ကုန်သော။ ပဉ္စမသစ္စာဒီနံ ဝါ[၂]၊ အာကာသအစရှိကုန်သော ပဉ္စမသစ္စာ အစရှိသည်တို့ကိုရင်း။ တိတ္ထိယ·

---

၁။ (နာမပညတ်နှင့်ဥပါဒါပညတ်အတူတူပင်။ ဋီကာ သစ်၊ဒု၊နှာ-၂၀၁။)
၂။ အာဒိသဒ္ဒါဖြင့် အဌမဗောဇ္ဈင်္ဂ အစရှိသည်ကို သင်္ဂြိုဟ်။

ပရိကပ္ပိတာနံ၊ တိတ္ထိတို့သည် ကြံအပ်ကုန်သော။ ပကတိပုရိသာဒီနံ ဝါ၊ ပကတိပုရိသ အစရှိသည်တို့ကိုငင်း။ ပညာပနာပိ၊ အပြားအားဖြင့် သိစေခြင်းသည်လည်း။ အဝိဇ္ဇမာနပညတ္တိယေဝ၊ အဝိဇ္ဇမာနပညတ်သာလျှင်တည်း။

ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်။ ။တေဝိဇ္ဇော၊ သုံးပါးသော ဝိဇ္ဇာရှိသောသူ။ ဆဠဘိညော၊ ခြောက်ပါးသော အဘိညာဉ်ရှိသောသူ။ ဣတိ ဝေမာဒိနယပဝတ္တာ၊ ဤသို့ အစရှိသော နည်းဖြင့်ဖြစ်သော ပညတ်သည်။ ဝိဇ္ဇမာနေန၊ (ပရမတ္ထအားဖြင့်)ထင်ရှားရှိသော အဘိညာဉ် အစရှိသည်ဖြင့်။ အဝိဇ္ဇမာနပညတ္တိ၊ (ပရမတ္ထအားဖြင့်) ထင်ရှားမရှိသော ပုဂ္ဂိုလ်အစရှိသည်ကို သိစေတတ်သော ပညတ်မည်၏။

အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်။ ။ဣတ္ထိ သဒ္ဒေါ၊ မိန်းမ၏အသံ။ ပုရိသသဒ္ဒေါ၊ ယောကျ်ား၏အသံ။ ဣတိ ဝေမာဒိကာ၊ ဤသို့ အစရှိသော ပညတ်သည်။ အဝိဇ္ဇမာနေန၊ (ပရမတ္ထအားဖြင့်) ထင်ရှားမရှိသော မိန်းမယောကျ်ား အစရှိသည်ဖြင့်။ ဝိဇ္ဇမာနပညတ္တိ၊ (ပရမတ္ထအားဖြင့်) ထင်ရှားရှိသောသဒ္ဒါရုံ အစရှိသည်ကို သိစေတတ်သော ပညတ်မည်၏။

ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်။ ။စက္ခုဝိညာဏံ၊ စက္ခုဝတ္ထုကို မှီသော ဝိညာဉ်။ သောတဝိညာဏံ၊ သောတဝတ္ထုကို မှီသောဝိညာဉ်။ ဣတိ ဝေမာဒိကာ၊ ဤသို့ အစရှိသောပညတ်သည်။ ဝိဇ္ဇမာနေန၊ (ပရမတ္ထအားဖြင့်) ထင်ရှားရှိသော စက္ခုဝတ္ထုအစရှိသည်ဖြင့်။ ဝိဇ္ဇမာနပညတ္တိ၊ (ပရမတ္ထအားဖြင့်) ထင်ရှားရှိသော စက္ခုဝိညာဉ် အစရှိသည်ကို သိစေတတ်သော ပညတ်မည်၏။

အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်။ ။ခတ္တိယကုမာရော၊ မင်းသတို့သား။ ဗြာဟ္မဏကုမာရော၊ ပုဏ္ဏားသတို့သား။ ဘိက္ခုကုမာရော၊ ရဟန်းသတို့သား။ ဣတိ ဝေမာဒိကာ၊ ဤသို့ အစရှိသောပညတ်သည်။ အဝိဇ္ဇမာနေန၊ (ပရမတ္ထအားဖြင့်) ထင်ရှားမရှိ

၁။ အာဒိသဒ္ဒါဖြင့် အာကာသ ကုသုမ (=ကောင်းကင်ပန်း) စသည်ကို သင်္ဂြိုဟ်။

သော မင်းပုဏ္ဏား အစရှိသည်ဖြင့်။ အဝိဇ္ဇမာနပညတ္တိ၊ (ပရမတ္ထအားဖြင့်) ထင်ရှားမရှိသော သတ္တဝါ အစရှိသည်ကို သိစေတတ်သော ပညတ်မည်၏။ ဣတိ ဧဝံ၊ ဤသို့။ ဝုတ္တာ၊ ဟောအပ်ကုန်သော။ ဆပညတ္တိယောပိ၊ ခြောက်ပါးသော ပညတ်တို့သည်လည်း။ ဧတ္ထေဝ၊ ဤဥပါဒါပညတ်၌သာ လျှင်။ သင်္ဂဟံ၊ ပေါင်းခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ အယံ၊ ဤပညတ်သည်။ ဥပါဒါပညတ္တိ နာမ၊ ဥပါဒါပညတ်မည်၏။

ဥပနိဓာပညတ်။ ။ဥပနိဓာပညတ္တိပိ၊ ဆန့်ကျင်ဘက်ဖြစ်သော တခုသော ပညတ်ကို ထောက်၍ ငဲ့၍ဖြစ်သော ဥပနိဓာပညတ်သည်လည်း။ ဧတိဿာ ဧဝ၊ ဤဥပါဒါပညတ်၏သာလျှင်။ ပဘေဒါ၊ အပြားတည်း။ သာ ပန၊ ထိုဥပနိဓာပညတ်သည်ကား။ ဒီဃံ၊ အရှည်ကို။ ဥပနိဓာယ၊ ထောက်၍။ ရဿော၊ အတို။ ရဿံ၊ အတိုကို။ ဥပနိဓာယ၊ ထောက်၍။ ဒီဃော၊ အရှည်။ ဣတိအာဒိနယပ္ပဝတ္တာ စ၊ ဤသို့ အစရှိသော နည်းဖြင့်ဖြစ်သော ပညတ်သည်ရင်း။ မာနုသကံ၊ လူ၌ဖြစ်သော။ ရဇ္ဇံ၊ စကြဝတေးမင်း၏ အဖြစ်သည်။ ဒိဗ္ဗသုခံ၊ နတ်၌ဖြစ်သော ချမ်းသာကို။ ဥပနိဓာယ၊ ထောက်၍။ ကပဏံ၊ ယုတ်သာလျှင်ကတည်း။ ဣတိ ဧဝ-မာဒိကာ စ၊ ဤသို့ အစရှိသော ပညတ်သည်ရင်း။ ဟောတိ၊ ဖြစ်၏။

တသ္မာ၊ ထိုကြောင့်။ ပညပေတဗ္ဗတော စ၊ ပရမတ္ထတရားတို့ကဲ့သို့ မိမိ သဘောအားဖြင့် ထင်ရှားမရှိသည်ဖြစ်၍ လောကသင်္ကေတ၏ အစွမ်းအားဖြင့် သိစေအပ်သည်၏ အဖြစ်ကြောင့်ရင်း။ ပညာပနတော စ၊ ပရမတ္ထအားဖြင့် ရှိ မရှိသောတရားတို့ကို ပြခြင်း၏ အစွမ်းအားဖြင့် သိစေတတ်သည်၏ အဖြစ်ကြောင့်ရင်း။ ပညတ္တိ၊ ပညတ်မည်၏။ ဣတိ၊ ဤသို့။ ဝေဒိ-တဗ္ဗာ၊ သိအပ်၏။

သမညာ၊ ပညတ်သည်။ သမတ္တာ၊ ပြီးပြီ။

သစ္စာ ၂-ပါး၌ ကျမ်းကျင်လျှင် မတုန်လှုပ် ၃၃၀။ ပရမတ္ထတော စ၊ ပရမတ္ထသစ္စာသည်ရင်း။ ပညတ္တိ စ၊ သမုတိသစ္စာသည်ရင်း။ ဝိဇ္ဇတိ၊ ရှိ၏။ [ထည့်] တတိယော၊ သုံးခုတို့၏ ပြည့်ကြောင်းဖြစ်သော။ ကောဋိ၊ အဘို့သည်။ န ဝိဇ္ဇတိ၊ မရှိ။ ဒွိသု

ဌာနေသု၊ နှစ်ပါးသော အရာတို့၌။ ကုသလော၊ လိမ္မာသောသူသည်။ ပရ-ဝါဒေသု၊ တပါးကုန်သော တိတ္ထိတို့၏ အယူတို့သည်။ သမ္ပတ္တေသု၊ ရောက်ကုန်သည်ရှိသော်။ [ထည့်] ဝါ၊ တပါးကုန်သော တိတ္ထိတို့၏ အယူတို့ကြောင့်။ န ကမ္ပတိ၊ မတုန်လှုပ်။

အဘိဓမ္မာဝတာရေ၊ အဘိဓမ္မာဝတာရကျမ်း၌။ ပညတ္တိနိဒ္ဒေသော နာမ၊ ပညတ္တိနိဒ္ဒေသမည်သော။ ဒွါဒသမော၊ တဆဲ့နှစ်ခုတို့၏ ပြည့်ကြောင်း ဖြစ်သော။ ပရိစ္ဆေဒေါ၊ အပိုင်းသည်။ ဋ္ဌိတော=သမတ္တော၊ ဤတွင် ပြီးပြီ။

ပညတ္တိနိဒ္ဒေသ ပြီး၏။

# ၁၃-တေရသမပရိစ္ဆေဒ

## ၁၃-ကာရကပဋိဝေဓနိဒ္ဒေသ

### ပရမတ္ထအားဖြင့် ပြုသူ,ခံစားသူ မရှိခြင်း

ဧတ္ထ၊ ပညတ္တိနိဒ္ဒေသ၏ အခြားမဲ့ဖြစ်သော ဤအရာ၌။ ဝေဒကော၊ ဝေဒကသည်။ အာဟ၊ ဆိုပြီ။ ကိံ အာဟ၊ အဘယ် ဆိုသနည်းဟူမူကား။ ကုသလာဒယော နာမ၊ ကုသိုလ်အစရှိသည် မည်ကုန်သော။ ဓမ္မာ၊ တရားတို့ကို။ နိဒ္ဒိဋ္ဌာ၊ ဥဒ္ဒေသ, နိဒ္ဒေသအစရှိသည်တို့၏ အစွမ်းအားဖြင့် ပြအပ်ကုန်ပြီ။ တေသံ၊ ဤကုသိုလ်အစရှိသော တရားတို့ကို။ ကာရကော၊ ပြုတတ်သော။ အတ္တာ၊ အတ္တကို။ န ပန နိဒ္ဒိဋ္ဌော၊ မပြအပ်[၁]။

**အတ္တမရှိလျှင် ဒေသနာဟောကျိုး မရှိနိုင်ဟု စောဒနာခြင်း**

ဟိ ယသ္မာ၊ အကြင့်ကြောင့်။ ကာရကဿ၊ ပြုတတ်သော။ ဝေဒကဿ၊ ခံစားတတ်သော။ တဿ အတ္တနော၊ ထိုအတ္တ၏။ အဘာဝေ၊ မရှိခြင်းသည်။ သတိ၊ ရှိသော်။ ကုသလာကုသလာနံ၊ ကုသိုလ်အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့၏။ အဘာဝေါ၊ မရှိခြင်းသည်။ သိယာ၊ ဖြစ်ရာ၏။ တေသံ၊ ထိုကုသိုလ်အစရှိသော တရားတို့၏။ အဘာဝေ၊ မရှိခြင်းသည်။ သတိ၊ ရှိသော်။ တဒါယတ္တဝုတ္တီနံ၊ ထိုကုသိုလ်အစရှိသော တရားတို့နှင့်စပ်၍ ဖြစ်ခြင်းရှိကုန်သော။ တေသံ၊ ထိုကုသိုလ်အစရှိကုန်သော တရားတို့၏။ ဝိပါကာနံ၊ ဝိပါက်တို့၏။ အဘာဝေါ၊ မရှိခြင်းသည်။ ဟောတိ၊ ဖြစ်၏။

တသ္မာ၊ ထိုသို့ပြုတတ်သော အတ္တမရှိသော် ကုသိုလ်အစရှိသော တရားတို့၏ရင်း ထိုကုသိုလ်အစရှိသော တရားတို့၏ အကျိုးတို့၏ရင်း မရှိခြင်းကြောင့်။ ကုသလာဒီနံ ဓမ္မာနံ၊ ကုသိုလ်အစရှိကုန်သော တရားတို့ကို။ ဒေသနာ၊ ဟောခြင်းသည်။ နိရတ္ထိကာ၊ အကျိုးမရှိ။ ဣတိ၊ ဤသို့။ အာဟ၊ ဆိုပြီ။

---

၁။ အတ္တပြဿနာကို ဤအပိုင်းနောက်ဆုံး၌ စကားပြေဖြင့် ရှင်းလင်းရေးသား ဖော်ပြလိုက်သည်။ သတိပြု၍ ဖတ်ရှုပါလေ။

**ဒေသနာဟောကျိုး ရှိခြင်းအကြောင်း** အတြ၊ ဤအရာ၌။ ပရိဟာရော၊ အဖြေကို။ မယာ၊ ငါသည်။ ဝုစ္စတေ၊ ဆိုအံ့။ အယံ ဒေသနာ၊ ဤကုသိုလ်အစရှိသော တရားတို့ကိုဟော ခြင်းသည်။ နိရတ္ထိကာ၊ အကျိုးမရှိသည်။ န၊ မဟုတ်။ အယံ ဒေသနာ၊ ဤကုသိုလ် အစရှိသော တရားတို့ကို ဟောခြင်းသည်။ သတ္ထိကာဝ၊ အကျိုးရှိသည်သာ လျှင်ကတည်း။

**တရားဒေသနာမရှိလျှင် ပရိကပ္ပိတ အတ္တလည်း မရှိနိုင်ခြင်းအကြောင်း** ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ကာရ-ကဿ၊ ပြုတတ်သော အတ္တ၏။ အဘာဝါ၊ မရှိခြင်းကြောင့်။ ကုသလာဒီနံ၊ ကုသိုလ်အစရှိ သော တရားတို့၏။ အဘာဝေါ၊ မရှိခြင်းသည်။ ယဒိ သိယာ၊ အကယ်၍ဖြစ်အံ့။ ပရိကပ္ပိတဿ၊ ကြံအပ်သော။ တဿ အတ္တနောပိ၊ ထိုအတ္တ၏လည်း။ အဘာဝေါ၊ မရှိခြင်းသည်။ သိယာ၊ ဖြစ်ရာ၏။ ကိံ ကာရဏံ၊ အဘယ့်ကြောင့်နည်း။ ဣတိ၊ ဤသို့။ စေ ဝဒေယျ၊ အကယ်၍ ဆိုအံ့။ တဿ အတ္တနော၊ ထိုပြုတတ် ခံစားတတ်သော အတ္တကို။ ကာရကဿ၊ ပြုတတ်သော။ အညဿ၊ တပါးသော အတ္တ၏။ အဘာဝ-တော၊ မရှိခြင်းကြောင့်။ သိယာ၊ ဖြစ်ရာ၏။

**ဒေသနာရှိခြင်းကို ယုတ္တိအားဖြင့်ပြခြင်း** ကာရကာဘာဝေပိ၊ ပြုတတ်သော (တပါးသော) အတ္တမရှိသော်လည်း။ ကတ္တာ၊ ပြုတတ်သော။ အတ္တာ၊ (သတ္တဝါဟူသော) အတ္တသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ စေ ဝဒေယျ၊ အကယ်၍ဆိုအံ့။ တထာ၊ ထိုပြုတတ်သော (တပါးသော) အတ္တမရှိသော်လည်း (သတ္တဝါဟူသော) အတ္တရှိသည် ရှိ သော်။ ဝါ၊ ပြုတတ်သော အတ္တမရှိသော်လည်း အတ္တရှိသည်အတူ။ ကတ္တရိ၊ ပြုတတ်သော အတ္တသည်။ အသတိပိ၊ မရှိသော်လည်း။ ကုသလာဒီနမ္ပိ၊ ကုသိုလ်အစရှိသော တရားတို့၏လည်း။ အတ္ထိတာ၊ ရှိသည်၏အဖြစ်ကို။ ဥပဂန္တဗ္ဗာ၊ သိအပ်၏။

တတ္ထ၊ ထိုပြုတတ်သော (တပါးသော) အတ္တမရှိသော်လည်း (သတ္တဝါ ဟူသော) အတ္တရှိ၏ဟူ၍ ယူခြင်း၌။ တဝ၊ သင်၏။ အယံ အနုရောမော၊ ဤလျော်သောအဘို့၌ ကျခြင်းသည်။ ဣမ၊ ဤပြုတတ်သော အတ္တမရှိ သော်လည်း ကုသိုလ်အစရှိသည်တို့ ရှိ၏ဟူ၍ ယူခြင်း၌၊ ကုတော၊ အဘယ်

အကြောင်းကြောင့်။ ဝိရောဓော၊ ဆန့်ကျင်အံ့နည်း။ ဝါ၊ အပြစ်ရှိအံ့နည်း။ ဝါ၊ အမျက်ရှိသနည်း။ (ဣတိ၊ ဤသို့ ပရိဟာရ ဆရာက ဆို၏။)

**လောကူပမာဖြင့် တရားဒေသနာ ရှိပုံကိုပြခြင်း**

အထာပိ၊ ပြုတတ်သော အတ္တမရှိသော်လည်း။ လောကေ၊ လောက၌။ ကာရကာဘာဝေပိ၊ ပြုတတ်သောသူ မရှိသော်လည်း။ ပထဝီ အာပ တေဇ ဥတုအာဒယော၊ ပထဝီ, အာပေါ်, တေဇော, ဥတုအစရှိသည်တို့ကို။ ပဋိစ္စ၊ စွဲ၍။ အင်္ကုရာဒီနံ၊ အညွန့်အစရှိသည်တို့၏။ အဘိနိဗ္ဗတ္တိ၊ ဖြစ်ခြင်းသည်။ ဒိဿတိ ယထာ၊ ထင်သကဲ့သို့။ တထာ၊ ထို့အတူ။ ကုသလာဒီနံ၊ ကုသိုလ်အစရှိကုန်သော၊ တေသံ ဓမ္မာနမ္ပိ၊ ဤတရားတို့၏လည်း။ ဟေတုပစ္စယသာမဂ္ဂိယာ၊ (အကျိုးကို) ဖြစ်စေတတ်ထသော အကြောင်း, စောင့်တတ်သော အကြောင်းတို့၏ ညီညွတ်ခြင်းကြောင့်။ အဘိနိဗ္ဗတ္တိ၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

**အတ္တကိုပယ်ခြင်း။**

။အထာပိ=အပရော နယော၊ နည်းတပါးကို။ ဝုစ္စတေ၊ ဆိုအံ့။ ဣတ္ထ၊ ဤကာရက, ဝေဒက အရာ၌။ တဿ ပညာယ[1]၊ ထို(မိစ္ဆာပုဂ္ဂိုလ်၏) ပညာဖြင့်။ ပရိကပ္ပိတော၊ ကြံအပ်သော။ နိစ္စော၊ အမြဲဖြစ်သော။ ဓုဝေါ၊ မြဲသော။ ကုသလာဒီနံ၊ ကုသိုလ်အစရှိသည်တို့ကို။ ကတ္တာ၊ ပြုတတ်သော။ အတ္တာ၊ အတ္တသည်။ ပရမတ္ထတော၊ ပရမတ္ထအားဖြင့်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ စေ ဝဒေယျ၊ အကယ်၍ ဆိုအံ့။ ကာရကာဘာဝေပိ၊ ပြုတတ်သောသူ မရှိသော်လည်း။ ကုသလာဒီနံ၊ ကုသိုလ်စသည်တို့၏။ သော ဘာဝါဘာဝဝိစာရဏာ၊ ဤသို့ ရှိ-မရှိကို စိစစ်ခြင်းသည်။ တိဋ္ဌတု၊ တည်စေဦး။ (ထည့်သည်)

**အတ္တကို စိစစ်ခြင်း။**

။တာဝ၊ ရှေးဦးစွာ။ တံ၊ ထိုအတ္တကိုပင်လျှင်။ ဥပပရိက္ခိဿာမ၊ စုံစမ်း ဆင်ခြင်ကုန်အံ့။ တာဝ[2]၊ သင်၏။ ကာရကော၊ ပြုတတ်သော။ ဝေဒကော၊ ခံစားတတ်သော။

---

၁။ (တဿာ ပညာယ-ဟု ဆင္ဌမူ၌ရှိသည်၊ သို့သော် ကာမံ ။ပ။ တဿ လဒ္ဓိဝသေန "ပညာယ ပရိကပ္ပိတော"တိ ဝုတ္တံ ဟူသော ဋီကာသစ်(ဒု-နှာ-၂၀၅-၆။) ပါဌ်ကိုထောက်က တဿ ပညာယပါဌ်သာ ယုတ္တတရဖြစ်သည်။)

၂။ (ဆဋ္ဌမူ၌ တာဝ ရှိသည်၊ ရှေးဦးစွာ-ဟုပေး)

သော ပန အတ္တာ၊ ထိုအတ္တသည်ကား။ သ စေတနော ဝါ၊ စေတနာ ရှိသည်လည်း။ ဟောတိ ကိံ၊ ဖြစ်သလော။ ဥဒါဟု၊ ထိုသို့မဟုတ်မူကား။ အစေတနော ဝါ၊ စေတနာမရှိသည်လည်း။ ဟောတိ ကိံ၊ ဖြစ်သလော။ ဣတိ၊ ဤသို့။ အာစရိယော၊ ပရိဟာရဆရာသည်။ ပုစ္ဆတိ၊ မေး၏။

**အတ္တ၌အပြစ်ကိုပြခြင်း။** ။သ စေတနော ဝါ၊ စေတနာရှိသည်လည်း။ ဟောတု၊ ဖြစ်စေ။ အစေတနော ဝါ၊ စေတနာ မရှိသည်လည်း။ ဟောတု၊ ဖြစ်စေ (ထည့်)။ ဧတ္ထ၊ ဤအရာ၌။ ကိံ၊ အဘယ်အပြစ်ရှိသနည်း။ ဣတိ၊ ဤသို့။ စောဒကော၊ စောဒကသည်။ ပုစ္ဆတိ၊ မေး၏ (ထည့်)။

**အစေတနာအတ္တ၌ အပြစ်ကိုပြခြင်း။** ။အစေတနော၊ စေတနာမရှိသည်။ ယဒိ သိယာ၊ အကယ်၍ဖြစ်အံ့။ ပါကာရတရုပါသာဏတိဏာသဒိသော၊ တံတိုင်း, သစ်ပင်, ကျောက်, မြက် အစရှိသည်တို့နှင့် တူသည်။ သိယာ၊ ဖြစ်ရာ၏။ တဿ၊ ထို အတ္တ၏။ ကာရကဝေဒကတ္တာဘာဝေါ၊ ပြုတတ်, ခံစားတတ်သည်၏အဖြစ် မရှိခြင်း သည်။ သိယာ၊ ဖြစ်ရာ၏။

**သစေတနာအတ္တ၌အပြစ်ကိုပြခြင်း။** ။သစေတနော၊ စေတနာရှိသည်။ ယဒိ သိယာ၊ အကယ်၍ဖြစ်အံ့။ သော၊ ထိုအတ္တသည်။ စေတနာယ၊ စေတနာမှ။ အညော ဝါ၊ တပါး သည်လည်း။ သိယာ၊ ဖြစ်ရာ၏။ အနညော ဝါ၊ အဝိနိဗ္ဘောဂ၏ အစွမ်း အားဖြင့် စေတနာမှ တပါးမဟုတ်သည်လည်း။ သိယာ၊ ဖြစ်ရာ၏[၁]။

## အတ္တသည် စေတနာမှတပါး မဟုတ်ဟုယူရာ၌ အပြစ်များ

**စေတနာပျက်က အတ္တလည်းပျက်ခြင်း။** ။အနညော၊ အဝိနိဗ္ဘောဂအား ဖြင့် စေတနာမှ တပါးမဟုတ် သည်။ အထ သိယာ၊ အကယ်၍ဖြစ်အံ့။ စေတနာယ၊ စေတနာ၏။ နာသေ၊ ပျက်ခြင်းသည်။သတိ၊ ရှိသော်။ အတ္တနောပိ၊ အတ္တ၏လည်း။

---

၁။ (ယင်းစကားရပ်သည် စောဒက၏ ပဌမပဋိညာဉ်ဖြစ်သည်။)

နာသော၊ ပျက်ခြင်းသည်။ သိယာ၊ ဖြစ်ရာ၏။ ကိံ ကာရဏံ၊ အဘယ့်ကြောင့်နည်း။ ဣတိ၊ ဤသို့။ စေ ဝဒေယျ၊ အကယ်၍ဆိုအံ့။ စေတနာယ၊ စေတနာ၏။ အနညတ္တာ၊ (အတ္တမှ) တပါးမဟုတ်သည်၏ အဖြစ်ကြောင့်တည်း။

အတ္တမပျက်လျှင် စေတနာလည်း မပျက်စီးနိုင်

အတ္တနော ပန၊ အတ္တ၏ကား။ နိစ္စတ္တာ၊ မြဲသည်၏အဖြစ်ကြောင့်။ အနာသော၊ မပျက်ခြင်းသည်။ ဘဝတိ၊ ဖြစ်၏[၁]။ စေတနာယ ယောဝ၊ စေတနာ၏သာလျှင်။ နာသော၊ ပျက်ခြင်းသည်။ ဘဝတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဘဝတော၊ အရှင်စောဒက၏။ ဝေ၊ အဓိပ္ပါယော၊ ဤသို့သော အလိုသည်။ အထာပိ သိယာ၊ အကယ်၍လည်း ဖြစ်အံ့။

အတြ၊ ထိုသို့ အယူဖြစ်ရာ၌။ ပရိဟာရော၊ အဖြေကို။ ဝါ-ကာရဏံ၊ အကြောင်းကို။ ဝုစ္စတေ၊ ဆိုအံ့။

အတ္တနော၊ အတ္တ၏။ အနာသေ၊ မပျက်ခြင်းသည်။ သတိ၊ ရှိသော်။ စေတနာယ၊ စေတနာ၏။ ဝိနာသော၊ ပျက်စီးခြင်းသည်[၂]။ န ဘဝတိ၊ မဖြစ်။ ကိံ ကာရဏံ၊ အဘယ့်ကြောင့်နည်း။ ဣတိ၊ ဤသို့။ စေ ဝဒေယျ၊ အကယ်၍ဆိုအံ့။ စေတနာယ၊ စေတနာ၏။ အနညတ္တာ၊ အတ္တမှတပါးမဟုတ်သည်၏ အဖြစ်ကြောင့်တည်း။

စေတနတ္တာနံ၊ စေတနာ, အတ္တတို့၏။ အနညတ္တေ၊ တပါးမဟုတ်သည်၏ အဖြစ်သည်။ သတိ၊ ရှိသော်။ စေတနာယယောဝ၊ စေတနာ၏သာလျှင်။ နာသော၊ ပျက်ခြင်းသည်။ ဘဝတိ၊ ဖြစ်၏။ အတ္တနော၊ အတ္တ၏။ နာသော၊ ပျက်ခြင်းသည်။ န ဘဝတိ၊ မဖြစ်။ ဣတိ၊ ဤသို့။ ဧတံ၊ ဤစေတနာသာ ပျက်၍ အတ္တမပျက်ခြင်းသည်။ အယုတ္တံ၊ မသင့်။

၁။ (ယင်းစကားရပ်သည် စောဒက၏ ဒုတိယ ပဋိညာဉ်ဖြစ်သည်၊ ဆဋ္ဌမူ၌ အတ္တနော ပန နာသော န ဘဝတိ နိစ္စတ္တာဟု ရှိသည်။)

၂။ (စေတနာယပိ နာသော ဟု ဆဋ္ဌမူ၌ ရှိသည်။)

**အတ္တသာ ပျက်စေခြင်း။** ။စေတနာယ ယေဝ၊ စေတနာ၏ သာလျှင်။ ဝိနာသေ၊ ပျက်ခြင်း၌။ ဝိသေသကာရဏံ၊ ထူးသော အကြောင်းသည်။ အထ နတ္ထိ၊ အကယ်၍ မရှိအံ့။ အတ္တာဝ၊ အတ္တသည်သာလျှင်။ နဿတု၊ ပျက်စေ။ စေတနာ၊ စေတနာသည်။ တိဋ္ဌတု၊ တည်စေလော။

**စေတနာသာပျက်၍ အတ္တမပျက်စီးဟု ယူရာ၌အပြစ်** အထ၊ ထိုမှတပါး။ စေတနာယ၊ စေတနာ၏။ နာသေ၊ ပျက်ခြင်းသည်။ သတိ၊ ရှိလျက်။ အတ္တနော၊ အတ္တ၏။ နာသော၊ ပျက်ခြင်းသည်။ န ဘဝတိ၊ မဖြစ်။ ဣတိ၊ ဤသို့။ စေ ဝဒေယျ၊ အကယ်၍ ဆိုအံ့ [၁]။ စေတနာယ၊ စေတနာမှ။ အတ္တာ၊ အတ္တသည်။ အညော၊ တပါးသည်။ သိယာ၊ ဖြစ်ရာ၏။

**စေတနာနှင့်အတ္တတခြားစီဟု ယူရာ၌အပြစ်** အထ၊ ထိုသို့ အတ္တသည် စေတနာမှ တပါး ဖြစ်သည်ရှိသော်။ အညဿ၊ တပါးသော။ အတ္တဿ၊ အတ္တ၏။ နာသေ၊ ပျက်ခြင်းသည်။ သတိ၊ ရှိသော်။ သယမ္ပိ [၂]၊ မိမိသည်လည်း။ နာသော၊ ပျက်ခြင်းသည်။ န ဘဝတိ၊ မဖြစ်။

**စေတနာအနညတ္တ ဟူသော ပဌမပဋိညာဉ်နှင့် မညီခြင်း** ဝေဋ္ဌ သတိ၊ ဤသို့ (အခြားတပါးသော အတ္တပျက်သော်လည်း မိမိ အတ္တ မပျက် ဟူသော အယူ) ဖြစ်သည်ရှိသော်။ စေတနာယ၊ စေတနာမှ။ အတ္တာ၊ အတ္တသည်။ အနညော၊ တပါးမဟုတ်။ ဣတိ၊ ဤသို့။ တဝ၊ သင်၏။ ပဋိညာ၊ ရှေးပေးအပ်သော ပဋိညာဉ်သည်။ ဟီနာ၊ ယုတ်၏။

**အတ္တမပျက်စီးဟူသော ဒုတိယပဋိညာဉ်နှင့်မညီခြင်း** စေတနတ္တာနံ၊ စေတနာ, အတ္တတို့၏။ အနညတ္တေ၊ တပါးမဟုတ်သည်၏ အဖြစ်သည်။ သတိ၊ ရှိသော်။ အတ္တနော၊ အတ္တ၏။ အနာသော၊ မပျက်ခြင်းသည်။ အထာပိ ဘဝတိ၊ အကယ်၍ ဖြစ်အံ့။

---

၁။ (ယင်းစကားရပ်သည် စောဒက၏ တတိယ ပဋိညာဉ်ဖြစ်သည်။)
၂။ (သယံ ဟု ဆဋ္ဌမူ၌ ရှိသည်။)

စေတနာယပိ၊ စေတနာ၏လည်း။ အနာသော၊ မပျက်ခြင်းသည်။ ဘဝတု၊ ဖြစ်စေလော။

အတ္တနော၊ အတ္တ၏။ အနာသေ၊ မပျက်ခြင်းသည်။ သတိ၊ ရှိသော်။ စေတနာယ ပိ၊ စေတနာ၏လည်း။ အနာသော၊ မပျက်ခြင်းသည်။ အထ န ဘဝတိ၊ အကယ်၍ မဖြစ်အံ့။ ပဋိညာ၊ အတ္တာ န နဿတိ=အတ္တသည် မပျက်စီးသည်ဟူသော သင်၏ပဋိညာဉ်သည်။ ဟီနာ၊ ယုတ်၏။

**စေတနာသာ ပျက်၍ အတ္တမပျက်ဟူသော တတိယပဋိညာဉ်နှင့်မညီခြင်း**

ဝုတ္တပ္ပကာရတော၊ ဆိုအပ်ပြီးသော အပြားမှ။ ဝိပရီတံ ဝါ၊ ပြန်သည်မူလည်း။ ဝါ-ဝုတ္တပ္ပ-ကာရတော ဝိပရီတံ ဝါ၊ စေတနာပျက်သော်လည်း အတ္တမပျက်, အတ္တ မပျက်သော်လည်း စေတနာပျက်၏ဟူ၍ သင်၏အလိုသည်။ အထ သိယာ၊ အကယ်၍ဖြစ်အံ့။ အတ္တာ၊ အတ္တသည်။ နဿတု၊ ပျက်စေ။ စေတနာ၊ စေတနာသည်။ တိဋ္ဌတု၊ တည်စေလော။

အထ၊ ထိုမှတပါး။ ဧဝံ၊ ဤသို့ အတ္တပျက်စေ, စေတနာတည်စေ ဟူသော အယူသည်။ န ဘဝတိ၊ မဖြစ်။ ဣတိ၊ ဤသို့။ စေ ဝဒေယျ၊ အကယ်၍ဆိုအံ့။ အနညတ္တပက္ခံ၊ အနညတ္တပက္ခ=အတ္တသည် စေတနာမှ တပါးမဟုတ် ဟူသော အဘို့ကို။ ပရိစ္စဇ၊ စွန့်လော။ အထ ပန န ပရိစ္စ-ဇသိ၊ အကယ်၍ မစွန့်အံ့။ ပဋိညာဟီနော၊ စေတနာသာ ပျက်၏ အတ္တ မပျက်ဟူသော ပဋိညာဉ်မှ ယုတ်သည်။ ဘဝသိ၊ ဖြစ်၏။

### အတ္တသည် စေတနာမှတပါးဟု ယူရာ၌ အပြစ်များ

မမ၊ ငါ၏။ အယံ အတ္တာ၊ ဤအတ္တသည်။ စေတနာယ၊ စေတနာမှ။ အနညော၊ တပါးမဟုတ်သည်။ န၊ မဟုတ်။ အညောယေဝ၊ တပါး သာလျှင်တည်း။ ဣတိ၊ ဤသို့။ ဘဝတော၊ အရှင်စောဒက၏။ အယံ အဓိပ္ပါယော၊ ဤအလိုသည်။ အထ သိယာ၊ အကယ်၍ ဖြစ်အံ့။

**စေတနာ အတ္တ၏ အညတ္တ ၂-မျိုး**

အတြ၊ ဤအရာ၌။ ပရိဟာရော၊ အဖြေကို။ ဝါ-ကာရဏံ၊ အကြောင်းကို။ မယာ၊ ငါသည်။ ဝုစ္စတေ၊ ဆိုအံ့။

ဣဓ၊ ဤအညတ္တပက္ခ=အတ္တသည် စေတနာမှ တပါးဟူသော အဘို့၌။ လက္ခဏကတံ၊ အချင်းချင်း မတူကုန်သော ပြားသော လက္ခဏာတို့သည် ပြုအပ်သော။ အညတ္တဥ္စ၊ အညတ္တရင်း။ ဒေသန္တရကတံ၊ ပြားသော အရပ်သည် ပြုအပ်သော။ အညတ္တဥ္စ၊ အညတ္တရင်း။ ဣတိ၊ ဤသို့။ အညတ္တံ၊ အညတ္တသည်။ ဒုဝိဓံ၊ နှစ်ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

တတ္ထ၊ ထိုနှစ်ပါးသော အညတ္တတို့တွင်။ တွံ၊ သင်သည်။ စေတနတ္တာနံ၊ စေတနာ, အတ္တတို့၏။ လက္ခဏကတံ၊ အချင်းချင်း မတူကုန်သော ပြားသောလက္ခဏာတို့သည် ပြုအပ်သော။ အညတ္တံ၊ အညတ္တကို။ ဝဒေသိ ကိံ၊ ဆိုသလော။ ဥဒါဟု၊ ထိုသို့မဟုတ်မူကား။ ဒေသန္တရကတံ၊ ပြားသော အရပ်သည် ပြုအပ်သော။ အညတ္တံ၊ အညတ္တကို။ ဝဒေသိ ကိံ၊ ဆိုသလော။ ဣတိ၊ ဤသို့။ အာစရိယော၊ ပရိဟာရဆရာသည်။ ပုစ္ဆတိ၊ မေး၏။

လက္ခဏကတအညတ္တယူရာ၌အပြစ်။ ။အဟံ၊ ငါသည်။ လက္ခဏကတံ၊ အချင်းချင်း မတူကုန်သော ပြားသော လက္ခဏာတို့သည် ပြုအပ်သော။ အညတ္တံ၊ အညတ္တ (တပါး၏အဖြစ်)ကို။ ဝဒါမိ၊ ဆို၏။

ဟိ=သစ္စံ၊ မှန်၏။ ဝါ-ဟိ ပါကဋ္ဌံ ကရောမိ၊ ထင်စွာပြုအံ့။ ကေဒေသေ၊ တခုသောဖြစ်ရာအရပ်၌။ ဝတ္တမာနာနမ္ပိ၊ ဖြစ်သည်လည်းဖြစ်ကုန်သော။ ရူပ ရသ ဂန္ဓာဒီနံ၊ ရူပ, ရသ, ဂန္ဓအစရှိသည်တို့၏။ လက္ခဏတော၊ လက္ခဏာအားဖြင့်။ အညတ္တံ၊ အညတ္တသည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ ကေဒေသေ၊ တခုသောဖြစ်ရာအရပ်၌။ ဝတ္တမာနာနမ္ပိ၊ ဖြစ်သည်လည်း ဖြစ်ကုန်သော။ စေတနတ္တာနံ၊ စေတနာ, အတ္တတို့၏။ လက္ခဏတော၊ လက္ခဏာအားဖြင့်။ အညတ္တံ၊ အညတ္တသည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ လက္ခဏကတံ၊ အချင်းချင်း မတူကုန်သော ပြားသော လက္ခဏာတို့သည် ပြုအပ်သော။ အညတ္တံ၊ အညတ္တကို။ ဝဒါမိ၊ ဆို၏[၁]။ ဣတိ၊ ဤသို့။ စောဒကော၊ စောဒကသည်။ အာဟ၊ ဆို၏။

---

၁။ (ယင်းစကားရပ်သည် စောဒက၏ ပဌမ ပဋိညာဉ်ဖြစ်သည်။ စေတနာနှင့်အတ္တသည် ဖြစ်ရာတူသော်လည်း လက္ခဏာအားဖြင့် အသီးအသီး မတူကွဲပြား ခြားနားသည်။

အတြ၊ ဤအရာ၌။ ပရိဟာရော၊ အဖြေကို။ ဝါ· ကာရဏံ၊ အကြောင်းကို။ မယာ၊ ငါသည်။ ဝုစ္စတေ၊ ဆိုအပ်၏။

ဟိ=ပါကဋံ ကရောမိ၊ထင်စွာပြုအံ့။ အာမက သာကေ၊သစ်ရွက်စိမ်းကို။ ဇာတဝေဒသာ [၁]၊ မီးဖြင့်။ ဉယှမာနေ၊ခံလောက်၌တင်၍ချက်သည်ရှိသော်။ အာမကဝဏ္ဏဝိနာသေ၊ စိမ်းသောအဆင်း၏ပျက်ခြင်းသည်။ သတိ၊ ရှိသော်။ ရသာဒီနံ၊ ရသအစရှိသည်တို့၏။ ဝိနာသော၊ ပျက်ခြင်းသည်။ ဘဝတိ ယထာ၊ ဖြစ်သကဲ့သို့။ တထေဝ၊ ထို့အတူလျှင်။ စေတနာယ၊ စေတနာ၏။ ဝိနာသေ၊ ပျက်ခြင်းသည်။ သတိ၊ ရှိသော်။ အတ္တနောပိ၊ အတ္တ၏လည်း။ ဝိနာသော၊ ပျက်ခြင်းသည်။ သိယာ၊ ဖြစ်ရာ၏။ ကိံ ကာရဏံ၊ အဘယ့်ကြောင့်။ သိယာ၊ ဖြစ်ရာသနည်း။ ဣတိ၊ ဤသို့။ စေ ဝဒေယျ၊ အကယ်၍ဆိုအံ့။ ရူပရသာဒီနံ ဝိယ၊ ရူပ, ရသအစရှိသည်တို့ကဲ့သို့။ ဧကဒေသတ္တာ၊ တခုသော ဖြစ်ရာအရပ် ရှိသည်၏ အဖြစ်ကြောင့်။ သိယာ၊ ဖြစ်ရာ၏။

ဧကဒေသတ္တေ၊ တခုသော ဖြစ်ရာအရပ် ရှိသည်၏အဖြစ်သည်။ သတိပိ၊ ရှိသော်လည်း။ အတ္တနော ပန၊ အတ္တ၏ကား။ နာသော၊ ပျက်ခြင်းသည်။ န ဘဝတိ၊ မဖြစ်။ စေတနာယယေဝ၊ စေတနာ၏သာလျှင်။ ဝိနာသော၊ ပျက်ခြင်းသည်။ ဘဝတိ၊ ဖြစ်၏။ ဣတိ ဧဝံ၊ ဤသို့။ ဘဝတော၊ အရှင်စောဒက၏။ မတိ၊ အလိုသည်။ အထ သိယာ၊ အကယ်၍ဖြစ်အံ့။ ဧဝံ သတိ၊ ဤသို့ ဖြစ်သည်ရှိသော်။ အတြ၊ ဤအရာ၌။ ပရိဟာရော၊ အဖြေကို။ ဝါ-ကာရဏံ၊ အကြောင်းကို။ မယာ၊ ငါသည်။ ဝုစ္စတေ၊ ဆိုအပ်၏။

အတ္တနော၊ အတ္တ၏။ အနာသေ၊ မပျက်ခြင်းသည်။ သတိ၊ ရှိသော်။ စေတနာယပိ၊ စေတနာ၏လည်း။ အနာသောဝ၊ မပျက်ခြင်းသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ကိံ ကာရဏံ၊ အဘယ့်ကြောင့်။ ဟောတိ၊ ဖြစ်သနည်း။ ဣတိ၊ ဤသို့။ စေ ဝဒေယျ၊ အကယ်၍ဆိုအံ့။ ရူပရသာဒီနံ ဝိယ၊ ရူပ, ရသ

ဥပမာ—စက္ခုဒသက ကလာပ်၌ ရူပ, ရသ, ဂန္ဓစသည်တို့သည် ကလာပ်စည်း တခုတည်းမှာ ဖြစ်သော်လည်း လက္ခဏာအားဖြင့်မူ အသီးအသီး မတူ ကွဲပြားခြားနား တပါးစီ တမျိုးစီ ဖြစ်သကဲ့သို့တည်း။)

၁။ (အာမကသဃ်ရွေ ဇာတဝေဒသာ-ဟု ဆင္ဒမူ၌ ရှိသည်၊ ဤအလို အာမသဃ်-ရွေ၊ သစ်ရွက်စိမ်းအပေါင်းကို။ ဇာတဝေဒသာ၊ မီးသည်။ ဉယှမာနေ၊ ခံလောက်၌ တင်၍ ချက်အပ်သည်ရှိသော်-ဟု ပေး။)

ဣဓ၊ ဤအညတ္တပက္ခ=အတ္တသည် စေတနာမှ တပါးဟူသော အဘို့၌။ လက္ခဏကတံ၊ အချင်းချင်း မတူကုန်သော ပြားသော လက္ခဏာတို့သည် ပြုအပ်သော။ အညတ္တဉ္စ၊ အညတ္တရင်း။ ဒေသန္တရကတံ၊ ပြားသော အရပ်သည် ပြုအပ်သော။ အညတ္တဉ္စ၊ အညတ္တရင်း။ ဣတိ၊ ဤသို့။ အညတ္တံ၊ အညတ္တသည်။ ဒုဝိဓံ၊ နှစ်ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

တတ္ထ၊ ထိုနှစ်ပါးသော အညတ္တတို့တွင်။ တွံ၊ သင်သည်။ စေတနတ္တာနံ၊ စေတနာ, အတ္တတို့၏။ လက္ခဏကတံ၊ အချင်းချင်း မတူကုန်သော ပြားသောလက္ခဏာတို့သည် ပြုအပ်သော။ အညတ္တံ၊ အညတ္တကို။ ဝဒေသိ ကိံ၊ ဆိုသလော။ ဥဒါဟု၊ ထိုသို့မဟုတ်မူကား။ ဒေသန္တရကတံ၊ ပြားသော အရပ်သည် ပြုအပ်သော။ အညတ္တံ၊ အညတ္တကို။ ဝဒေသိ ကိံ၊ ဆိုသလော။ ဣတိ၊ ဤသို့။ အာစရိယော၊ ပရိဟာရဆရာသည်။ ပုစ္ဆတိ၊ မေး၏။

လက္ခဏကတအညတ္တယူရာဌ်အပြစ်။ ။အဟံ၊ ငါသည်။ လက္ခဏကတံ၊ အချင်းချင်း မတူကုန်သော ပြားသော လက္ခဏာတို့သည် ပြုအပ်သော။ အညတ္တံ၊ အညတ္တ (တပါး၏ အဖြစ်)ကို။ ဝဒါမိ၊ ဆို၏။

ဟိ=သစ္စံ၊ မှန်၏။ ဝါ-ဟိ ပါကဋ္ဌ ကရောမိ၊ ထင်စွာပြုအံ့။ ကေဒေသေ၊ တခုသောဖြစ်ရာအရပ်၌။ ဝတ္တမာနာနမ္ပိ၊ ဖြစ်သည်လည်းဖြစ်ကုန်သော။ ရူပ ရသ ဂန္ဓာဒီနံ၊ ရူပ, ရသ, ဂန္ဓအစရှိသည်တို့၏။ လက္ခဏတော၊ လက္ခဏာအားဖြင့်။ အညတ္တံ၊ အညတ္တသည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ တထာ၊ ထိုအတူ။ ကေဒေသေ၊ တခုသောဖြစ်ရာအရပ်၌။ ဝတ္တမာနာနမ္ပိ၊ ဖြစ်သည်လည်း ဖြစ်ကုန်သော။ စေတနတ္တာနံ၊ စေတနာ, အတ္တတို့၏။ လက္ခဏတော၊ လက္ခဏာအားဖြင့်။ အညတ္တံ၊ အညတ္တသည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ လက္ခဏကတံ၊ အချင်းချင်း မတူကုန်သော ပြားသော လက္ခဏာတို့သည် ပြုအပ်သော။ အညတ္တံ၊ အညတ္တကို။ ဝဒါမိ၊ ဆို၏[၁]။ ဣတိ၊ ဤသို့။ စောဒကော၊ စောဒကသည်။ အာဟ၊ ဆို၏။

၁။ (ယင်းစကားရပ်သည် စောဒက၏ ပဌမ ပဋိညာဉ်ဖြစ်သည်။ စေတနာနှင့်အတ္တသည် ဖြစ်ရာတူသော်လည်း လက္ခဏာအားဖြင့် အသီးအသီး မတူကွဲပြား ခြားနားသည်။

အတြ၊ ဤအရာ၌။ ပရိဟာရော၊ အဖြေကို။ ဝါ· ကာရဏံ၊ အကြောင်းကို။ မယာ၊ ငါသည်။ ဝုစ္စတေ၊ ဆိုအံ့။

ဟိ=ပါကဋ္ဌံ ကရောမိ၊ ထင်စွာပြုအံ့။ အာမက သာကေ၊ သစ်ရွက်စိမ်းကို။ ဇာတဝေဒသာ [၁]၊ မီးဖြင့်။ ဥယှမာနေ၊ ခံလောက်၌တင်၍ချက်သည်ရှိသော်။ အာမကဝဏ္ဏဝိနာသေ၊ စိမ်းသောအဆင်း၏ပျက်ခြင်းသည်။ သတိ၊ ရှိသော်။ ရသာဒီနံ၊ ရသအစရှိသည်တို့၏။ ဝိနာသော၊ ပျက်ခြင်းသည်။ ဘဝတိ ယထာ၊ ဖြစ်သကဲ့သို့။ တထေဝ၊ ထိုအတူလျှင်။ စေတနာယ၊ စေတနာ၏။ ဝိနာသေ၊ ပျက်ခြင်းသည်။ သတိ၊ ရှိသော်။ အတ္တနောပိ၊ အတ္တ၏လည်း။ ဝိနာသော၊ ပျက်ခြင်းသည်။ သိယာ၊ ဖြစ်ရာ၏။ ကိံကာရဏံ၊ အဘယ့်ကြောင့်။ သိယာ၊ ဖြစ်ရာသနည်း။ ဣတိ၊ ဤသို့။ စေ ဝဒေယျ၊ အကယ်၍ဆိုအံ့။ ရူပရသာဒီနံ ဝိယ၊ ရူပ, ရသအစရှိသည်တို့ကဲ့သို့။ ကေဒေသတ္တာ၊ တခုသော ဖြစ်ရာအရပ် ရှိသည်၏ အဖြစ်ကြောင့်။ သိယာ၊ ဖြစ်ရာ၏။

ကေဒေသတ္တေ၊ တခုသောဖြစ်ရာအရပ် ရှိသည်၏အဖြစ်သည်။ သတိပိ၊ ရှိသော်လည်း။ အတ္တနော ပန၊ အတ္တ၏ကား။ နာသော၊ ပျက်ခြင်းသည်။ န ဘဝတိ၊ မဖြစ်။ စေတနာယယေဝ၊ စေတနာ၏သာလျှင်။ ဝိနာသော၊ ပျက်ခြင်းသည်။ ဘဝတိ၊ ဖြစ်၏။ ဣတိ ဇေ၊ ဤသို့။ ဘဝတော၊ အရှင်စောဒက၏။ မတိ၊ အလိုသည်။ အထ သိယာ၊ အကယ်၍ဖြစ်အံ့။ ဇေ သတိ၊ ဤသို့ ဖြစ်သည်ရှိသော်။ အတြ၊ ဤအရာ၌။ ပရိဟာရော၊ အဖြေကို။ ဝါ-ကာရဏံ၊ အကြောင်းကို။ မယာ၊ ငါသည်။ ဝုစ္စတေ၊ ဆိုအံ့။

အတ္တနော၊ အတ္တ၏။ အနာသေ၊ မပျက်ခြင်းသည်။ သတိ၊ ရှိသော်။ စေတနာယပိ၊ စေတနာ၏လည်း။ အနာသောဝ၊ မပျက်ခြင်းသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ကိံကာရဏံ၊ အဘယ့်ကြောင့်။ ဟောတိ၊ ဖြစ်သနည်း။ ဣတိ၊ ဤသို့။ စေ ဝဒေယျ၊ အကယ်၍ဆိုအံ့။ ရူပရသာဒီနံ ဝိယ၊ ရူပ, ရသ

ဥပမာ—စက္ခုဒသက ကလာပ်၌ ရူပ, ရသ, ဂန္ဓစသည်တို့သည် ကလာပ်စည်း တခုတည်းမှာ ဖြစ်သော်လည်း လက္ခဏာအားဖြင့်မူ အသီးအသီး မတူ ကွဲပြားခြားနား တပါးစီ တမျိုးစီ ဖြစ်သကဲ့သို့တည်း။)

၁။ (အာမကသဃ်ဋ္ဌေ ဇာတဝေဒဿ-ဟု ဆဋ္ဌမူ၌ ရှိသည်၊ ဤအလို အာမသဃ်ဋ္ဌေ၊ သစ်ရွက်စိမ်းအပေါင်းကို။ ဇာတဝေဒဿ၊ မီးသည်။ ဥယှမာနေ၊ ခံလောက်၌ တင်၍ ချက်အပ်သည်ရှိသော်-ဟု ပေး။)

အစရှိသည်တို့ကဲ့သို့။ အဝိနိဗ္ဘောဂတော၊ လက္ခဏာအားဖြင့် ပြားသော်လည်း ဌာနရောနှောသည်၏ အဖြစ်ကြောင့်။ ဟောတိ၊ ဖြစ်၏။

ကေဒေသတ္တေ၊ တခုသော ဖြစ်ရာအရပ် ရှိသည်၏အဖြစ်သည်။ သမာ-နေ၊ ဖြစ်လျက်။ အဝိနိဗ္ဘောဂဘာဝေပိ၊ လက္ခဏာအားဖြင့် ပြားသော်လည်း ဌာနရောနှောလျက်လည်း။ ကေန ဟေတုနာ၊ အဘယ်အကြောင်းကြောင့်။ စေတနာယယေဝ၊ စေတနာ၏သာလျှင်။ နာသော၊ ပျက်ခြင်းသည်။ ဘဝတိ၊ ဖြစ်သနည်း။ အတ္တနော၊ အတ္တ၏။ နာသော၊ ပျက်ခြင်းသည်။ အထ န ပန ဘဝတိ၊ မဖြစ်သနည်း။

ဝိသေသကာရဏံ၊ ထူးသောအကြောင်းသည်။ အထ နတ္ထိ၊ အကယ်၍ မရှိအံ့။ တဝ၊ သင်၏။ လဒ္ဓိယာ၊ အယူအားဖြင့်။ အတ္တာဝ၊ အတ္တသည်သာလျှင်။ နဿတု၊ ပျက်စေ။ စေတနာ၊ စေတနာသည်။ တိဋ္ဌတု၊ တည်စေလော။

စေတနာယ၊ စေတနာ၏။ နာသေ၊ ပျက်ခြင်းသည်။ သတိ၊ ရှိလျက်။ အတ္တနော၊ အတ္တ၏။ နာသော၊ ပျက်ခြင်းသည်။ အထ န ဘဝတိ၊ အကယ်၍မဖြစ်အံ့။ ဥဘိန္နံ၊ စေတနာ, အတ္တနှစ်ပါးတို့၏။ ကေဒေသတာ၊ တခုသော ဖြစ်ရာအရပ်ရှိသည်၏ အဖြစ်သည်။ နတ္ထိ၊ မရှိ[၁]။

ဝေဠု သတိ၊ ဤသို့ စေတနာ, အတ္တနှစ်ပါးတို့ ကေဒေသအဖြစ် မရှိသည်ရှိသော်။ ကော ဒေါသော၊ အဘယ် အပြစ်ရှိသနည်း။ ဣတိ၊ ဤသို့။ စေ ဝဒေယျ၊ အကယ်၍ဆိုအံ့။

ကေဒေသေ၊ တခုသောဖြစ်ရာအရပ်၌။ ဝတ္တမာနာနမ္ပိ၊ ဖြစ်သည်လည်း ဖြစ်ကုန်သော။ ရူပရသဂန္ဓာဒီနံ၊ ရူပ,ရသ,ဂန္ဓ စသည်တို့၏။ လက္ခဏ-တော၊ လက္ခဏာအားဖြင့်။ အညတ္တံ၊ အညတ္တ[၂]သည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ တထာ၊ ထို့အတူ။ ကေဒေသေ၊ တခုသော ဖြစ်ရာအရပ်၌။ ဝတ္တမာနာနမ္ပိ၊ ဖြစ်သည်လည်းဖြစ်ကုန်သော။ စေတနတ္တာနံ၊ စေတနာ

---

၁။ (ယင်းစကားရပ်သည် စောဒက၏ ဒုတိယပဋိညာဉ်ဖြစ်သည်။ စေတနာနှင့်အတ္တသည် ဖြစ်ရာမတူ ကွဲပြားခြားနားသည် ဟူလို။)
၂။ (အညတ္တ=တပါး၏ အဖြစ်၊ မတူကွဲပြား ခြားနား။)

အတ္တတို့၏။ လက္ခဏတော၊ လက္ခဏာအားဖြင့်။ အညတ္တံ၊ အညတ္တသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ယံ ပန ဝစနံ၊ အကြင်စကားကို။ တဿ၊ သင်စောဒကသည်။ ဝုတ္တံ၊ ဆိုအပ်၏။ တံ ဝစနံ၊ ထိုစကားသည်။ အယုတ္တံ၊ မသင့်။ ဝါ-ဥဘိန္နံ ကေဒေသတာ နတ္ထိဟူသော စကားနှင့်ဆန့်ကျင်၏။ တဝ၊ သင်၏။ ပဋိညာ၊ ရှေးပဋိညာဉ် ပမာဏဖြစ်အံ့ နောက်ပဋိညာဉ်သည်, နောက်ပဋိညာဉ် ပမာဏဖြစ်အံ့ ရှေးပဋိညာဉ်သည်[၁]။ ဟီနာ၊ ယုတ်၏။ ဝါ-ပဋိညာ၊ စေတနာအတ္တ၏ ပဒေသ(=ဖြစ်ရာ) အစွမ်းဖြင့်။ နာနတ္တ(=အသီးအခြား) ဖြစ်သည်ရှိသော် အတ္တ၏ အစေတနတ္တ=(စေတနာမရှိသည့်) အဖြစ်သို့ ရောက်ခြင်းကြောင့် "သစေတနော အတ္တာ" ဟူသော အောက်၌ သင်ပေးအပ်သော ပဋိညာဉ်သည်။ ဟီနာ၊ ယုတ်၏။

ရူပရသာဒီနံ ဝိယ၊ ရူပ ရသ အစရှိသည်တို့ကဲ့သို့။ ကေဒေသတ္တေ၊ တခုသော ဖြစ်ရာအရပ် ရှိသည်၏ အဖြစ်သည်။ သမာနေပိ၊ တူသော်လည်း။ အတ္တနော၊ အတ္တ၏။ အနာသော၊ မပျက်ခြင်းသည်။ သတိ၊ ရှိသော်။ စေတနာယပိ၊ စေတနာ၏လည်း။ အနာသော၊ မပျက်ခြင်းသည်။ အထ န ဘဝတိ၊ အကယ်၍ မဖြစ်အံ့။ ပဋိညာဟီနော၊ (အတ္တသည် စေတနာမှ တပါးမဟုတ်ဟူသော) ပဋိညာဉ်မှ ယုတ်သည်။ အသိ၊ ဖြစ်၏။

ဝုတ္တပ္ပကာရတော၊ ဆိုအပ်ပြီးသော အပြားမှ။ ဝိပရီတံ ဝါ၊ ပြန်သည်မူလည်း။ အထ သိယာ၊ အကယ်၍ဖြစ်အံ့။ တဝ၊ သင်၏။ အတ္တာ၊ အတ္တသည်။ နဿတု၊ ပျက်စေ။ စေတနာ၊ စေတနာသည်။ တိဋ္ဌတု၊ တည်စေလော။ အထ၊ ထိုသို့မဟုတ်၊ ဝေံ၊ ဤသို့ အတ္တပျက်စေ, စေတနာတည်စေဟူသော အယူသည်။ န ဘဝတိ၊ မဖြစ်။ ဣတိ၊ ဤသို့။ စေ ဝဒေယျ၊ အကယ်၍ဆိုအံ့။ ကေဒေသတာဝ၊ တခုသော ဖြစ်ရာအရပ်ရှိသည်၏ အဖြစ်သည်လျှင်။ နတ္ထိ၊ မရှိ။

---

၁။ (ရှေးပဋိညာဉ်=တခုသော ဖြစ်ရာအရပ်၌ ဖြစ်သည်လည်း ဖြစ်ကုန်သော စေတနာ, အတ္တတို့၏ လက္ခဏာအားဖြင့် တပါး၏အဖြစ် ဖြစ်သည်ဟူသော ရှေးပဋိညာဉ်။) (စေတနာနှင့်အတ္တသည် ဖြစ်ရာတူသော်လည်း လက္ခဏာအားဖြင့် မတူကွဲပြား ခြားနားသည်ဟူသည့် ပဌမဝန်ခံချက်။)

(နောက်ပဋိညာဉ်=စေတနာ, အတ္တ ၂-ပါးတို့၏ တခုသောဖြစ်ရာအရပ် ရှိသည်၏ အဖြစ် မရှိဟူသည့် နောက်ပဋိညာဉ်) (စေတနာနှင့် အတ္တသည် ဖြစ်ရာမတူ ကွဲပြား ခြားနားသည်ဟူသော နောက်ဝန်ခံချက်။)

ဒေသန္တရကတ အညတ္တ ယူရာ၌ အပြစ် — ဒေသန္တရကတံ၊ ပြားသောအရပ်သည် ပြုအပ်သော။ အညတ္တံ၊ တပါး၏အဖြစ်ကို။ အထ ဝဒေသိ၊ အကယ်၍ ဆိုအံ့။ စေတနတ္တာနံ၊ စေတနာ, အတ္တတို့၏။ အညတ္တေ၊ တပါး၏အဖြစ်သည်။ သတိ၊ ရှိသော်။ ဃဋ ပဋ သကဋ ဂေဟာဒီနံ၊ အိုး, ပုဆိုး, လှည်း, အိမ် အစရှိသည်တို့၏။ အညတ္တံ ဝိယ၊ အညတ္တကဲ့သို့။ အညတ္တံ၊ တပါး၏အဖြစ်သည်။ သိယာ၊ ဖြစ်ရာ၏။

စေတနာယ၊ စေတနာမှ။ ဝိနာ၊ ကင်း၍။ အနညတာ၊ တပါးမဟုတ်သော။ တော၊ သင်၏။ အတ္တာ၊ အတ္တသည်။ ဃဋ္ဋေန၊ အိုးမှ။ ဝိနာ၊ ကင်း၍။ ပဋ္ဋော၊ ပုဆိုးသည်။ အညော ဝိယ၊ တပါးဖြစ်သကဲ့သို့။ အညော၊ တပါးသည်။ န သိယာ၊ မဖြစ်ရာ။

ဟိ=သစ္စံ၊ မှန်၏။ ဃဋ္ဋော၊ အိုးသည်။ အညော စ၊ တပါးလျှင်တည်း။ ပဋ္ဋော၊ ပုဆိုးသည်။ အညော စ၊ တပါးလျှင်တည်း။ ဧဝဥ္စ သတိ၊ ဤသို့ စေတနာ၏ အတ္တမှ တပါးအဖြစ်ရှိသော်။ ကော ဒေါသော၊ အဘယ် အပြစ်ရှိသနည်း။ ဣတိ၊ ဤသို့။ စေ ဝဒေယျ၊ အကယ်၍ဆိုအံ့။ အတ္တာ၊ အတ္တသည်။ အစေတနော၊ စေတနာမရှိ။ ဣတိကတွာ၊ ဤသို့ နှလုံး ပြု၍။ ပုဗ္ဗေ ဝုတ္တဒေါသတော၊ ယဒိ အစေတနာ သိယာ အစရှိသည်ဖြင့် အစ၌ ဆိုအပ်သောအပြစ်မှ။ န ပရိမုစ္စတိ၊ မလွတ်ရာ။

တသ္မာ၊ ထိုသို့ စုံစမ်းဆင်ခြင်သည်ရှိသော် ဆင်ခြင်ခြင်းငှါ မခံ့သည်၏ အဖြစ်ကြောင့်။ ပရမတ္ထတော၊ ပရမတ္ထအားဖြင့်။ ကောစိ၊ တစုံတယောက်သော။ ကတ္တာ ဝါ၊ ပြုတတ်သောသူသည်၎င်း။ ဝေဒကော ဝါ၊ ခံစားတတ်သောသူသည်၎င်း။ န အတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

## သမ္မုတိအားဖြင့်သာ ပြုသူ ခံစားသူစသည် ဟောတော်မူခြင်း

ဧဝံ၊ ဤသို့ ပရမတ္ထအားဖြင့် ကုသိုလ် အကုသိုလ်တရားတို့ကို ပြုတတ်သောသူ, ထိုကုသိုလ် အကုသိုလ်၏ အကျိုးတို့ကို ခံစားတတ်သောသူ မရှိသည်။ ယဒိ သိယာ၊ အကယ်ဖြစ်အံ့။ ဧဝံ သန္တေ၊ ဤသို့ ဖြစ်သည်

ရှိသော်။ အထ၊ ထိုသို့ဖြစ်လျက်။ ကသ္မာ၊ အဘယ့်ကြောင့်။ ဘဂဝတော၊ မြတ်စွာဘုရားသည်။ (ဝုတ္တံ၌စပ်)

အသ္မာ လောကာ ပရံ လောကံ။ပ။ သယံ ကတန္တိ စ၊ အသ္မာ လောကာ ပရံ လောကံ။ပ။ သယံ ကတံ ဟူ၍ရင်း။

သတ္တော သံသာရ'မာပန္နော။ပ။ သတ္တော'ပပါတိကောတိ စ၊ သတ္တော သံသာရ' မာပန္နော။ ပ။ သတ္တော' ပပါတိကော ဟူ၍ရင်း။

ဘာရာ ဟဝေ ပဉ္စက္ခန္ဓာ။ ပ။ ဘာရနိက္ခေပနံ သုခန္တိ စ၊ ဘာရာ ဟဝေ ပဉ္စက္ခန္ဓာ။ ပ။ ဘာရနိက္ခေပနံ သုခံ ဟူ၍ရင်း။

ယဉ္ဟိ ကရောတိ ပုရိသော ။ပ။ တဉ္စ အာဒါယ ဂစ္ဆတီတိ စ၊ ယဉ္ဟိ ကရောတိ ပုရိသော ။ပ။ တဉ္စ အာဒါယ ဂစ္ဆတိ ဟူ၍ရင်း။

ကေသော'ကေန ကပ္ပေန ။ပ။ ဣတိ ဝုတ္တံ မဟေသိနာတိ စ၊ ကေသော-ကေန ကပ္ပေန ။ပ။ ဣတိ ဝုတ္တံ မဟေသိနာ ဟူ၍ရင်း။

အဿဒ္ဓေါ အကတညူ စ။ ပ။သ ဝေ ဥတ္တမပေါရိသောတိ စ၊ အဿဒ္ဓေါ အကတညူ စ။ ပ။ သ ဝေ ဥတ္တမပေါရိသော ဟူ၍ရင်း။ ဝုတ္တံ၊ ဟောတော်မူအပ်သနည်း။ ဣတိ အယံ၊ ဤသည်လျှင်။ စောဒနာ၊ စောဒနာတည်း။

၇၇၉။ သော စ နရော၊ ထိုသတ္တဝါသည်။ အသ္မာ လောကာ၊ ဤလောကမှ။ ပရံ လောကံ၊ တပါးသော လောကသို့။ သန္ဓာဝတိ၊ ရှေး၍၊ ကျင်လည်၍ သွား၏။ သော စ နရော၊ ထိုသတ္တဝါသည်။ ကရောတိ၊ ပြု၏။ သယံ ကတံ၊ မိမိသည် ပြုအပ်သော။ သုခံ ဒုက္ခံ၊ ချမ်းသာဆင်းရဲကို။ ဝေဒေတိ၊ ခံစား၏။

၇၈၀။ သတ္တော၊ သတ္တဝါသည်။ သံသာရံ၊ ခန္ဓာတို့၏ အစဉ် အစရှိသည်တို့၏ အစွမ်းအားဖြင့်ဖြစ်သော သံသရာသို့။ အာပန္နော၊ အဖန်တလဲလဲဖြစ်ခြင်း၏ အစွမ်းအားဖြင့် သွား၏။ အဿ ပုဂ္ဂလဿ၊ ထိုသံသရာသို့ သွားသော ပုဂ္ဂိုလ်အား။ ဒုက္ခံ၊ ဇာတိအစရှိသော ဆင်းရဲသည်။ မဟဗ္ဘယံ၊ ကြီးစွာသော ဘေးကို ဖြစ်စေတတ်၏။ မာတာ၊ အမိသည်။ အတ္ထိ၊ ရှိ၏။ ပိတာ၊ အဘ

သည်။ အတ္ထိ၊ ရှိ၏။ ဩပပါတိကော၊ ဖြစ်ဆဲဖြစ်သော။ သတ္တော၊ သတ္တဝါသည်။ အတ္ထိ၊ ရှိ၏ [1]။

၇၈၁။ ဟဝေ၊ စင်စစ်။ ပဉ္စက္ခန္ဓာ၊ ရုပ်အစရှိကုန်သော ခန္ဓာငါးပါးတို့သည်။ ဘာရာ၊ ဝန်ဖြစ်ကုန်၏။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ဘာရဟာရော၊ ခန္ဓာတည်းဟူသော ဝန်ကို ဆောင်၏။ လောကေ၊ လောက၌။ ဘာရာဒါနံ၊ ပဋိသန္ဓေ၏ အစွမ်းအားဖြင့် ခန္ဓာတည်းဟူသော ဝန်ကိုယူခြင်းသည်။ ဒုက္ခံ၊ ဆင်းရဲ၏။ ဘာရနိက္ခေပနံ၊ တဖန် မယူအပ်သည်၏ အဖြစ်သို့ရောက်သော အနုပါဒိသေသနိဗ္ဗာန်၏ အစွမ်းအားဖြင့် ဝန်ကို ချခြင်းသည်။ သုခံ၊ ချမ်းသာ၏ [2]။

၇၈၂။ ပုရိသော၊ ပုဂ္ဂိုလ်သည်။ ကာယေန၊ ကိုယ်ဖြင့်ရင်း။ ဝါစာ=ဝါစာယ၊ နှုတ်ဖြင့်ရင်း။ ဥဒ၊ ထိုမှို။ စေတသာ၊ စိတ်ဖြင့်ရင်း။ ယံ ကမ္မံ၊ အကြင်ကုသိုလ် အကုသိုလ်ကံကို။ ကရောတိ၊ ပြု၏။ တံ ဟိ=တံ ဧဝ၊ ထိုကုသိုလ် အကုသိုလ်ကံသည်သာလျှင်။ တဿ၊ ထိုပုဂ္ဂိုလ်နှင့်။ သကံ၊ စပ်သည်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ထိုကုသိုလ် အကုသိုလ်ကံကိုသာလျှင်။ အာဒါယ၊ ယူ၍။ ဂစ္ဆတိ၊ သွား၏ [3]။

၇၈၃။ ဧကေန ကပ္ပေန၊ တခုသော ကမ္ဘာ၌။ ဧကဿ ပုဂ္ဂလဿ၊ တယောက်သော ပုဂ္ဂိုလ်၏။ အဋ္ဌိသဉ္စယော၊ အရိုးအပေါင်းသည်။ ပဗ္ဗတ-သမော၊ ဝေပုလ္လတောင်နှင့်မျှသော။ ရာသိ၊ အစုသည်။ သိယာ၊ ဖြစ်ရာ၏။ ဣတိ၊ ဤသို့။ မဟေသိနာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏ [4]။

၇၈၄။ ယော နရော၊ အကြင်ပုဂ္ဂိုလ်သည်။ အဿဒ္ဓေါ စ၊ ပွါးသော သဒ္ဓါရှိသည်ရင်း။ ဝါ၊ မဂ်ဖြင့်လာသော မတုန်မလှုပ်သော သဒ္ဓါရှိသည်ရင်း။ အကတညူ စ၊ အကြောင်းတရားတို့သည် မပြုအပ်သော နိဗ္ဗာန်ကို သိသည်ရင်း။ သန္ဓိစ္ဆေဒေါ စ၊ တဖန် ဘဝအစပ် ပြတ်ပြီးသည်၏အဖြစ်ကြောင့် ပဋိသန္ဓေကို ကုန်စေ၍တည်သည်ရင်း။ ဟတာဝကာသော စ၊

---

၁။ (သံ၊ ၁၊ နှာ-၃၄။ အနည်းငယ်မတူ) ၂။ (သံ၊ ၂၊ နှာ-၂၂။) ၃။ (သံ၊ ၁၊ နှာ-၇၁-၂။ အနည်းငယ်မတူ) ၄။ (သံ၊ ၁၊ နှာ-၃၉၃။)

ကုန်ပြီးသော ပဋိသန္ဓေရှိသည်၏ အဖြစ်ကြောင့် ပယ်ဖျောက်အပ်ပြီးသော ဩကာသလောကရှိသည်ဖြင့်။ ဝန္တာသော စ၊ အန်ပြီးသော တဏှာရှိသည်ဖြင့်။ ဟောတိ၊ ဖြစ်၏။ ဝေါ၊ စင်စစ်။ သော နရော၊ ထိုပုဂ္ဂိုလ်သည်။ ဥတ္တမပေါရိသော၊ မြတ်သော အလှူကို ခံထိုက်သည်၏ အဖြစ်ကြောင့် ထူးမြတ်သော ပုဂ္ဂိုလ်မည်၏ ၁။

ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဧဝံ၊ ဤသို့။ သစ္စံ ဝုတ္တံ၊ ဟောတော်မူအပ်သည် မှန်၏။ တဒ္ဓ ခေါ၊ ထိုသို့ ဟောတော်မူခြင်းသည်လည်း။ သမ္မုတိဝသေန၊ သမုတိ၏အစွမ်းအားဖြင့်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ပရမတ္ထတော၊ ပရမတ္ထအားဖြင့်။ န ဟောတိ၊ မဖြစ်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ (ဝုတ္တံ၌ စပ်)

ကိံ နု သတ္တောတိ၊ ပ။ န ယိ'ဓ သတ္တူပလဗ္ဘတီတိ စ၊ ကိံ နု သတ္တောတိ။ပ။ န ယိ'ဓ သတ္တူပလဗ္ဘတိ ဟူ၍ဖြင့်။

ယထာပိ အင်္ဂသမ္ဘာရာ ။ပ။ သမ္မုတီတိ စ၊ ယထာပိ အင်္ဂသမ္ဘာရာ။ပ။ သမ္မုတိ ဟူ၍ဖြင့်။ ဣဒမ္ပိ ဝစနံ၊ ဤစကားကိုလည်း။ ဝုတ္တံ နနု၊ ဟောတော်မူအပ်သည် မဟုတ်လော။

**သင်္ခါရအစုသာ ရှိခြင်း** ၇၈၅။ မာရ၊ အိုမာရ်နတ်။ ကိံ၊ ရုပ်, ဝေဒနာ အစရှိသည်တို့တွင် အဘယ်ကို။ သတ္တောတိ၊ သတ္တဝါဟူ၍။ ပစ္စေသိ၊ ယုံကြည်သနည်း။ ဝါ၊ ယူသနည်း။ သတ္တောတိ ဂဟဏံ၊ သတ္တဝါဟူ၍ ယူခြင်းသည်။ တေ=တဝ၊ သင်၏။ ဒိဋ္ဌိဂတံ ဟိ၊ မှားသော အယူသာတည်း။ အယံ၊ ဤသတ္တဝါဟူသည်။ သုဒ္ဓသင်္ခါရပုဉ္ဇော၊ သက်သက်သော သင်္ခါရအစုသာတည်း။ ဣဓ၊ ဤ လောက၌။ သတ္တော၊ သတ္တဝါကို။ န ဥပလဗ္ဘတိ၊ မရအပ် ၂။

၇၈၆။ အင်္ဂသမ္ဘာရာ=အင်္ဂသမ္ဘာရေသု၊ လှည်းဘီး အစရှိကုန်သော အစိတ်တို့၏ အပေါင်းတို့၌။ ရထော ဣတိ၊ ရထားဟူ၍။ သဒ္ဒေါ၊ ခေါ်ဝေါ်ခြင်းသည်။ ဟောတိ ယထာပိ၊ ဖြစ်သကဲ့သို့လည်း။ ဧဝံ တထာ၊ ထို့အတူ။

---

၁။ (ဓမ္မပဒ၊ နှာ-၂၇။)　　၂။ (သံ၊ ၁၊ နှာ-၁၃၇။)

ခန္ဓေသု၊ ခန္ဓာတို့သည်။ သန္တေသု၊ ရှိကုန်သော်။ သတ္တောတိ၊ သတ္တဝါဟူ၍။ သမ္မုတိ၊ သမုတ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏[၁]။

တသ္မာ၊ ထိုသို့ပရမတ္ထအားဖြင့် သတ္တဝါမရှိခြင်းကို ဟောတော်မူသည်၏ အဖြစ်ကြောင့်။ ဝစနမတ္တမေဝ၊ သဒ္ဒါမျှကိုသာလျှင်။ န အာလမ္ဗိတဗ္ဗံ[၂]၊ မဆွဲအပ်။ ဝါ၊ အာရုံမပြုအပ်။ ဒဠှမူဠှဂ္ဂါဟိနာ စ၊ မြဲစွာစွဲလမ်းသည့်တွေဝေသည်ဖြစ်၍ ယူတတ်သည်လည်း။ န ဘဝိတဗ္ဗံ၊ မဖြစ်ရာ။ ဂရုကုလံ၊ ဆရာကို။ ဥပသေဝိတွာ၊ မှီဝဲ၍။ သုတ္တပဒါနံ၊ နီတတ္ထ, နေယျတ္ထ နှစ်ပါးအပြားတို့ဖြင့် တည်ကုန်သော သုတ္တန်တို့၏။ အဓိပ္ပါယော၊ အဓိပ္ပါယ်ကို။ ဇာနိတဗ္ဗော၊ သိအပ်၏။ သုတ္တပဒေသု၊ သုတ္တန်တို့၌။ အဘိယောဂေါ၊ အလွန်လုံ့လရှိခြင်းကို။ ကာတဗ္ဗော၊ ပြုအပ်၏။

**သစ္စာ ၂-ပါးတို့ကို မရောယှက်ရပုံ** သမ္မုတိသစ္စဉ္စ၊ သမုတိသစ္စာငှင်း။ ပရမတ္ထသစ္စဉ္စ၊ ပရမတ္ထသစ္စာငှင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ပါးကုန်သော။ သစ္စာနိ၊ သစ္စာတို့ကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။ တသ္မာ၊ ထိုကြောင့်။ ဒွေပိ၊ နှစ်ပါးလည်းဖြစ်ကုန်သော။ သမ္မုတိပရမတ္ထသစ္စာနိ၊ သမုတိသစ္စာ, ပရမတ္ထသစ္စာတို့ကို။ အသင်္ကရတော၊ မရောယှက်သော အားဖြင့်။ ဉာတဗ္ဗာနိ၊ သိအပ်ကုန်၏။

**အကြောင်းညီညွတ်ခြင်းကြောင့် သဘာဝဓမ္မဖြစ်ခြင်း** ဧဝံ၊ ဤသို့။ အသင်္ကရတော၊ မရောယှက်သောအားဖြင့်။ ဉတွာ၊ သိ၍။ ကောစိ၊ တစုံတယောက်သော။ ကာရကော ဝါ၊ ပြုတတ်သည်လည်းဖြစ်သော။ ဝေဒကော ဝါ၊ ခံစားတတ်သည်လည်းဖြစ်သော။ နိစ္စော၊ အမြဲဖြစ်သော။ ဓုဝေါ၊ မြဲသော။ အတ္တာ၊ အတ္တသည်။ ပရမတ္ထတော၊ ပရမတ္ထအားဖြင့်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ဥပပရိက္ခိတွာ၊ စူးစမ်းဆင်ခြင်၍။ ပစ္စယသာမဂ္ဂိယာ၊ အကြောင်းညီညွတ်ခြင်းကြောင့်။ ဓမ္မာနံ၊ တရားတို့၏။ ပဝတ္တိံ၊ ဖြစ်ခြင်းကို။ သလ္လက္ခေတွာ၊ မှတ်၍။ ပဏ္ဍိတေန၊ ပညာရှိသော။ အတ္ထကာမေန၊ အကျိုးကိုအလိုရှိသော။

၁။ (သံ၊၁၊နှာ-၁၃၇။) ၂။ (အဝလမ္ဗိတဗ္ဗံ ဟု ဆဋ္ဌမူ၌ ရှိသည်။)

ကုလပုတ္တေန၊ အမျိုးသားသည်။ ဒုက္ခဿန္တကိရိယာယ၊ ဒုက္ခ၏အဆုံးကို ပြုခြင်းငှါ။ ပဋိပဇ္ဇိတဗ္ဗံ၊ ကျင့်အပ်၏။

၇၇၇။ ယော သော ဘိက္ခု၊ အကြင်ရဟန်းသည်။ ဣမံ ဂန္ထံ၊ ဤအဘိ- ဓမ္မာဝတာရကျမ်းကို။ အစ္စန္တံ၊ စင်စစ်။ သတတမ္ပိ၊ မပြတ်လည်း။ စိန္တေတိ၊ ကြံ၏။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ ဝါ၊ ထိုရဟန်း၏။ ပရမာ၊ မြတ်သော။ ပညာ၊ ပညာသည်။ ကမေန၊ အစဉ်သဖြင့်။ ဝေပုလံ= ဝေပုလ္လံ၊ ပြန့်ပြောသည်၏အဖြစ်သို့။ ဂစ္ဆတိ၊ ရောက်၏။

၇၇၈။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ အတိမတိကရံ၊ အလွန် သော ပညာကိုပြုတတ်သော။ အဓိနီဟရံ၊ အလွန်သောစိတ်၏ ပူပန်ခြင်းကို ပယ်တတ်သော။ [အဓိ'စိတ္တသန္တာပံ နီဟရတိ အပနေတီတိ အဓိနီဟရံ၊ အဘိနီဟရံလည်း ရှိ၏။] ဝိမတိ ဝိနာသ ကရံ၊ ဝိစိကိစ္ဆာ၏-ဝါ-မောဟ၏ ပျောက်ခြင်းကို ပြုတတ်သော။ ပီယက္ကရံ၊ အနက်သဒ္ဒါ ပြည့်စုံခြင်းကြောင့် စိတ်နှလုံး၏ ပွါးခြင်းကို ပြုတတ်သော။ (ပီဓာတ် ဝဍ္ဍနတ္ထ) ဣမံ၊ ဤ အဘိဓမ္မာဝတာရကျမ်းကို။ သဒါ၊ အခါခပ်သိမ်း။ ပဌတိ၊ ရွတ်ဘတ် သရဇ္ဈာယ်၏။ သုဏာတိ၊ နာ၏။ တဿ ဘိက္ခုနော၊ ထို ရဟန်း၏။ မတိ၊ ပညာသည်။ ဣဓ၊ ဤသာသနာတော်၌။ ဝါ၊ ဤအဘိဓမ္မာ၌။ ဝိကာသတိ၊ ပွင့်၏။ ဝါ၊ တောက်ပ၏။

အဘိဓမ္မာဝတာရေ၊ အဘိဓမ္မာဝတာရကျမ်း၌။ ကာရကပဋိဝေဓနိဒ္ဒေ- သော နာမ၊ ကာရကပဋိဝေဓနိဒ္ဒေသမည်သော။ တေရသမော၊ တဆဲ့သုံးခု တို့၏ ပြည့်ကြောင်းဖြစ်သော။ ပရိစ္ဆေဒေါ၊ အပိုင်းသည်။ ဣတိ သမတ္တော၊ ဤတွင် ပြီးပြီ။

ကာရကပဋိဝေဓနိဒ္ဒေသ ပြီး၏။

## ဤကျမ်း စာမျက်နှာ ၄၄၁-မှ ၄၅၂-အထိ
## စုဏ္ဏိယဝါကျများ၏ အဓိပ္ပါယ်ကို
## စကားပြေဖြင့် ရှင်းလင်း ဖော်ပြလိုက်သည်

---

### အတ္တ ပြဿနာ

**စောဒကအဆို။** ။ကုသိုလ်စသည့် တရားများကို အကျဉ်းနည်း, အကျယ်နည်းဖြင့် ပြဆိုခဲ့ပြီ၊ ထိုကုသိုလ်စသည့် တရားများကို ပြုတတ်သော အတ္တကိုမူ သင်မပြဆိုသေး၊

ပြုတတ်, ခံစားတတ်သော အတ္တ မရှိသော် ကုသိုလ်, အကုသိုလ်တရား၊ ယင်းတို့၏ အကျိုးတရားများလည်း မရှိတော့ပေ၊

သို့ဖြစ်သဖြင့် ကုသိုလ်စသည့် တရားများကို ဟောရခြင်း အကျိုးမရှိနိုင်ဟု စောဒကဆရာက ဆိုသည်။

**ပရိဟာရအဆို။** ။ပြုတတ်သည့် အတ္တမရှိလို့ ကုသိုလ်စသည့် တရားများ မရှိနိုင်ဟုဆိုလျှင် ကြံဆအပ်သော ပရိကပ္ပိတ အတ္တလည်း မရှိနိုင်ပေ၊ အကြောင်းကား ထိုပြုတတ် ခံစားတတ်သော အတ္တကို ဖန်တီးပြုလုပ်တတ်သော အခြားတပါးသော အတ္တမရှိသောကြောင့်တည်း၊

ပြုတတ်သော တပါးသော ကာရကအတ္တ မရှိသော်လည်း ပြုတတ်ခံစားတတ်သော သတ္တဝါ အတ္တရှိသည်ဟု သင်စောဒကယူဆလျှင် ၎င်းနည်းတူ ကုသိုလ်စသည်ကို ပြုတတ်သော ကာရကအတ္တ မရှိသော်ငြားလည်း ကုသိုလ်စသည့် တရားများ, ယင်းတို့၏ အကျိုးတရားများ ရှိလေသည်၊

ဥပမာ——သစ်ပင်၏ အညွန့်စသည်တို့သည် ပြုတတ်သူ မရှိသော်လည်း မြေ, ရေ, နေရောင် ဥတု စသည်ကိုစွဲ၍ ဖြစ်ပေါ်သကဲ့သို့ ထို့အတူ ကုသိုလ်စသည့် တရားများသည် ပြုတတ်သည့် ကာရက အတ္တ မရှိသော်လည်း ဖြစ်စေတတ်, စောင့်ရှောက်တတ်သော သင့်လျော်လျောက်ပတ်သည့် အကြောင်းတို့၏ ညီညွတ်ခြင်းကို စွဲ၍ ဖြစ်ကြပေသည်၊

သို့ဖြစ်သဖြင့် ကုသိုလ်စသည့် တရားများ ဟောရကျိုး ရှိပေသည် ဟု ပရိဟာရ ဆရာက ဆိုသည်။

## တနည်း အတ္တ ပြဿနာ

မိစ္ဆာပညာဖြင့် ကြံဆအပ်သော နိစ္စ ဓုဝ ဖြစ်သော ကုသိုလ်စသည်ကို ပြုတတ်သော အတ္တသည် ပရမတ္ထအားဖြင့် ထင်ရှားရှိသည်ဟု သင်စောဒက ဆရာက ယူဆသည်၊ သင်ယူဆသော ပရမတ္ထအားဖြင့် ထင်ရှားရှိသည့် အတ္တကိုပင် ရှေးဦးစွာ ဝေဘန်သုံးသပ် စိစစ်ပြမည်၊

ပြုတတ်သော အတ္တ မရှိသော်လည်း ကုသိုလ်စသည်တို့ ရှိမှု မရှိမှုကို မဝေဘန် မသုံးသပ်လိုသေး၊ ချန်ထားခဲ့ဦးမည်ဟု ပရိဟာရဆရာက ဆိုသည်၊

ပရိဟာရ။ ။သင်ဆိုသည့် ပြုတတ်,ခံစားတတ်သည့် အတ္တဟာ စိတ် စေတနာ စသည့်နာမ်တရားများ ရှိသလော, မရှိသလောဟု ပရိဟာရဆရာက စောဒကကို မေးသည်၊

စောဒက။ ။အတ္တမှာ စိတ်စေတနာ စသည်တို့ ရှိသည်ဖြစ်စေ မရှိသည် ဖြစ်စေ၊ ထိုအတ္တမှာ အဘယ်အပြစ်ရှိမလဲဟု စောဒက ဆရာက ပရိဟာရဆရာကို ပြန်မေးသည်၊

ပရိဟာရ။ ။အကယ်၍ အတ္တမှာ စိတ်စေတနာ မရှိဘူးဆိုလျှင် အတ္တဟာ တံတိုင်း သစ်ပင် စသည်နှင့် တူနေမှာပေါ့၊ ပြုတတ်, ခံစား တတ်သည့်သတ္တိ အတ္တမှာ မရှိနိုင်တော့ဘူး ဟူသော အပြစ်ရှိသည်၊

အကယ်၍ အတ္တမှာ စိတ်စေတနာရှိသည်ဟု ဆိုပြန်လျှင် အတ္တဟာ စေတနာနှင့် တခြားစီဖြစ်နေသည်၊ သို့မဟုတ် အဝိနိဗ္ဘောဂ၏ အစွမ်းအား ဖြင့် အတူတူဖြစ်နေသည် ဟူသော အပြစ်ရှိသည်။

အကယ်၍ အတ္တဟာ အဝိနိဗ္ဘောဂ၏ အစွမ်းအားဖြင့် စေတနာနှင့် အတူတူ ဖြစ်နေသည်ဟု သင်စောဒက ယူဆလျှင် စိတ်စေတနာ ပျက်စီး လျှင် အတ္တလည်း ပျက်စီးရမည်ဖြစ်သည်၊ ဘာ့ကြောင့်ဆိုသော် စိတ်စေတ နာနှင့် အတ္တဟာ အတူတူ ဖြစ်နေခြင်းကြောင့်တည်း။

အတ္တဟာ နိစ္စတရားဖြစ်လို့ မပျက်စီးနိုင်၊ စေတနာသာ ပျက်စီးသည်ဟု သင်စောဒက ယူဆလျှင် အတ္တနည်းတူ စေတနာလည်း မပျက်စီးပေ၊

အကြောင်းကား စေတနာသည် အတ္တမှ တပါးမဟုတ်သောကြောင့်၊ ဝါ-စေတနာနှင့် အတ္တ အတူတူ ဖြစ်သောကြောင့်တည်း။

စေတနာနှင့် အတ္တဟာ အတူတူ ဖြစ်နေသည်ဆိုလျှင် စေတနာသာ ပျက်စီးသည် အတ္တမှာမူ မပျက်စီးဟု ဆိုရန် မသင့်ပေ၊

စေတနာပျက်ခြင်း၌ အကြောင်းထူးမရှိလျှင် ပျက်လိုက အတ္တသာ ပျက်စီးပါစေ၊ စေတနာမပျက်စီးပါစေနဲ့ တည်တံ့ပါစေဟု ပရိဟာရဆရာက ဆိုသည်။

သင်စောဒက ပြောသလို စေတနာသာ ပျက်စီး၍ အတ္တမှာ မပျက်စီးလျှင် စေတနာနှင့် အတ္တဟာ တခြားစီဖြစ်နေပေမည်၊ ယင်းသို့ စေတနာနှင့် အတ္တ တခြားစီဖြစ်နေလျှင် တခြားတပါးသော အတ္တ ပျက်စီးစေကာမူ မိမိအတ္တ မပျက်စီးပေ။

ယင်းသို့ဖြစ်သော် သင်စောဒက ဆိုခဲ့သည့် "စေတနာနှင့် အတ္တဟာ အတူတူပဲဖြစ်သည်" ဟူသည့်စကားနှင့် မညီညွတ်တော့ပေ။

စေတနာနှင့်အတ္တဟာ အတူတူပဲဖြစ်သည်ဟု ယူခဲ့ပြန်လျှင် အတ္တ မပျက်စီးက စေတနာလည်း မပျက်စီးသင့်ပေ၊

အတ္တ မပျက်စီးက စေတနာလည်း မပျက်စီးနိုင်ဟု သင်စောဒကယူဆလျှင်၊ ဝါ-အတ္တ မပျက်သော်လည်း စေတနာပျက်သည်ဟု မယူဆလျှင် "အတ္တကား မပျက်စီး၊ စေတနာသာ ပျက်စီးသည်"ဟူသော သင်စောဒက ဆိုခဲ့သည့်စကားနှင့် ဆန့်ကျင်ပေသည်၊

သို့မဟုတ် အတ္တ မပျက်စီးသော်လည်း စေတနာပျက်စီးသည်ဟု သင်စောဒက ယူဆနှလုံးသွင်းပါလျှင် အတ္တသာ ပျက်စီးပါစေ၊ စေတနာမှာ မပျက်စီးပါစေနဲ့ တည်တံ့ပါစေ-ဟု ပရိဟာရဆရာက ဆိုသည်၊

အကယ်၍ ကျွန်ုပ် ပရိဟာရ ပြောဆိုသည့် "အတ္တ ပျက်စေ၊ စေတနာ တည်စေ"ဟူသော ဝါဒကို လက်မခံသော် "အတ္တနှင့် စေတနာဟာ အတူတူပဲဖြစ်သည်"ဟု သင်စောဒက ဆိုခဲ့သည့်စကားကို ပြန်ရုပ်သိမ်းပါ၊

ပြန်မရပ်သိမ်းလျှင် "စေတနာသာ ပျက်စီးသည်၊ အတ္တမှာမူ မပျက်စီး"ဟူသော သင်စောဒက ဆိုခဲ့သည့်စကားနှင့် မညီညွတ်ပေ၊

တဖန်-စေတနာနှင့် အတ္တဟာ တခြားစီဖြစ်သည်ဟု သင်စောဒက ဆိုလျှင် ဖြစ်ရပ်တူပြီး လက္ခဏာကွဲပြားသော လက္ခဏကတ အညတ္တ, ဖြစ်ရပ်လည်းမတူ လက္ခဏာလည်း ကွဲပြားခြားနားသော ဒေသန္တရကတ အညတ္တ ၂-မျိုးတွင် အဘယ် အညတ္တကို ဆိုသနည်း၊

အကယ်၍ ဖြစ်ရပ်တူပြီး လက္ခဏာကွဲပြားသော လက္ခဏကတ အညတ္တကို သင်စောဒက ဆိုခဲ့လျှင်—

စေတနာ ပျက်စီးက အတ္တလည်း ပျက်စီးရပေမည်၊ ဘာ့ကြောင့်ဆိုသော် ကလာပ်တခုတည်း၌ရှိသည့် ရူပရသစသည်တို့ကဲ့သို့၊ ဝါ- ရူပရသစသည်တို့သည် ကလာပ်တခုတည်းမှာ ဖြစ်ကြသကဲ့သို့ စေတနာနှင့်အတ္တဟာ ဖြစ်ရပ်တူသောကြောင့်တည်း။

ဥပမာ- သစ်ရွက်စိမ်းကို မီးဖိုပေါ်တင်၍ ချက်သည့်အခါ သစ်ရွက်စိမ်း အဆင်းပျက်သော် ၎င်းသစ်ရွက်၏ အရသာလည်းပျက်သကဲ့သို့တည်း။

အတ္တဟာ စေတနာနှင့် ဖြစ်ရပ်ဌာန တူနေသော်လည်း အတ္တကား မပျက်၊ စေတနာသာ ပျက်သည်ဟု သင် စောဒကယူဆခဲ့သော် သင်စောဒက ယူဆသည့်အတိုင်း မဖြစ်နိုင်ပေ။

ကလာပ်တခုတည်းမှာဖြစ်သော ရူပရသစသည်တို့သည် လက္ခဏာချင်း မတူသော်လည်း ဖြစ်ရာဌာန ရောနှောတူသကဲ့သို့ အတ္တနှင့်စေတနာဟာ လက္ခဏာချင်း မတူကွဲပြား ခြားနားသော်လည်း ဖြစ်ရပ်ဌာန ရောနှောတူနေသောကြောင့် အတ္တမပျက်စီးက စေတနာလည်း မပျက်စီးပေ၊ စေတနာပျက်စီးက အတ္တလည်း ပျက်စီးသည်သာတည်း။

သို့မဟုတ် သင်ဆိုခဲ့သည့်အတိုင်း စေတနာသာ ပျက်စီးသည်၊ အတ္တကား မပျက်စီးဟု ဖြစ်ခဲ့လျှင် အတ္တနှင့် စေတနာဟာ ဖြစ်ရာဌာန မတူညီနိုင်ပေ။

သို့ဖြစ်လျှင် ရူပရသစသည်တို့သည် ကလာပ်တခုတည်းမှာ ဖြစ်သော်လည်း လက္ခဏာအားဖြင့် မတူကွဲပြား ခြားနားကြသကဲ့သို့ "အတ္တနှင့်

စေတနာဟာ ဖြစ်ရပ်တူသော်လည်း လက္ခဏာအားဖြင့် မတူကွဲပြား ခြားနားသည်” ဟူသောစကားကို မဆိုသင့်ပေ။

ဝါ၊ အတ္တနှင့်စေတနာဟာ ဖြစ်ရာဌာန မတူညီ ကွဲပြားခဲ့သော် “အတ္တမှာ စိတ် စေတနာရှိသည်” ဟူသော သင် ဆိုခဲ့သည့်စကားနှင့် ဆန့်ကျင်တော့သည်။

ရူပရသ စသည်ကဲ့သို့ အတ္တနှင့်စေတနာဟာ ဖြစ်ရာဌာန တူသော်လည်း အတ္တမပျက်စီးစေကာမူ စေတနာ ပျက်စီးသည်ဟု သင်စောဒကဆရာ ယူဆငြားအံ့။

ယင်းကဲ့သို့ ယူဆလျှင် “အတ္တနှင့် စေတနာဟာ အတူတူပဲ ဖြစ်သည်”ဟု သင်စောဒက ဆိုခဲ့သည့်စကားနှင့် မညီပေ၊ အတူတူဖြစ်လျှင် အတူတူ ပျက်စီးရပေမည်။

ထိုသို့မဟုတ်လျှင် အတ္တပျက်စီးပါစေ၊ စေတနာတည်ပါစေဟု ပရိဟာရ ဆရာက ဆိုသည်။

ယင်းသို့ ပရိဟာရဆရာ ဆိုသည့်အတိုင်း “အတ္တ ပျက်စီးပါစေ၊ စေတနာ မပျက်စီးပါစေ တည်တံ့ပါစေ” ဟူသော အယူကို သင်စောဒက လက်မခံလျှင် အတ္တနှင့် စေတနာဟာ ဖြစ်ရပ်ဌာန တူသည်ဟု မဆိုနိုင်၊ ဝါ၊ ဖြစ်ရာဌာန မတူနိုင်ဟု ပရိဟာရဆရာက ဆိုသည်။

အိုစောဒကဆရာ—သင်သည် အတ္တနှင့် စေတနာဟာ ဖြစ်ရာဌာနလည်း ကွဲပြား လက္ခဏာလည်း ခြားနားသည့် ဒေသန္တရကတ အညတ္တ ဟု ဆိုငြားအံ့—

ယင်းသို့ ဆိုချေသော် စေတနာနှင့် အတ္တဟာ တခြားစီ ဖြစ်နေပေမည်၊ ဥပမာ-ပုဆိုးနှင့် အိုးသည် တခြားစီ ဖြစ်သကဲ့သို့တည်း။

စေတနာနှင့် အတ္တဟာ တခြားစီ ဖြစ်နေခဲ့သော် “အတ္တမှာ စေတနာ မရှိ” ဟူသော အပြစ် ရောက်ပေသည် ဟု ပရိဟာရ ဆရာက ဆိုသည်။

ထိုသို့ အတ္တကို ဝေဘန်သုံးသပ် စီစစ်သည့်အခါ ခိုင်လုံသော အကြောင်း ခြင်းရာကို မတွေ့သဖြင့် ပုတတ်, ခံစားတတ်သော အတ္တသည် ပရမတ္ထ အားဖြင့် အကယ်တိတိ မရှိနိုင်ဟု မုချ မှတ်ရမည်။

# ၁၄-ဓာတုသမ္မာပရိဂ္ဂ

## ၁၄-ရူပါဝစရသမာဓိဘာဝနာနိဒ္ဒေသ

**ဘာဝနာနည်း** ၇၇၉။ ဣတော၊ ဤကာရကာ ပဋိဝေဓပိုင်းမှ။ ပရံ၊ နောက်၌။ သုခါနယံ၊ ဒိဋ္ဌမမ္ဘိက, သမ္ပရာယိက အကျိုးတို့ဖြင့် ဆုံးမတတ်သောကြောင့် သတ္တဝါတို့၏ ချမ်းသာကို ဆောင်တော်မူတတ်သော။ သုဂတံ၊ မြတ်စွာဘုရားကို။ မာနယံ=မာနယန္တော၊ ပူဇော်လျက်။ ဟိတာနယံ၊ ပစ္စုပ္ပန်၌ဖြစ်သော အစီးအပွါး, တမလွန်၌ဖြစ်သော အစီးအပွါးကို ဆောင်တတ်သော။ ပရမံ၊ မြတ်သော။ ဘာဝနာနယံ၊ လောကီ, လောကုတ္တရာ ဘာဝနာနည်းကို။ အဟံ၊ ငါသည်။ ဗျာကရောမိ၊ ဟောအံ့။ မဓုရတ္ထဝဏ္ဏနံ၊ ကောင်းမြတ်သော အနက်အဖွင့်ရှိသော။ တံ ဘာဝနာ နယံ၊ ထိုလောကီ,လောကုတ္တရာ ဘာဝနာနည်းကို။ သုဏာထ၊ နာလင့်ကုန်။

**သီလအခြေခံ** ၇၈၀။ မနုဿာနံ၊ လူတို့၏။ ဓမ္မတော၊ ပကတိဓမ္မ ဖြစ်သော ဆယ်ပါးသော ကုသလကမ္မပထတရား ထက်။ ဥတ္တရံ၊မြတ်သော။ ဉာဏဒဿနံ၊ ဉာဏ်အမြင်ဖြစ်သော မဟဂ္ဂုတ်, လောကုတ္တရာတရားသို့။ ဝါ- ဥတ္တရိမနုဿာနံ၊ ဗာလမနုဿတို့ထက် မြတ်ကုန်သော ဈာနလာဘီအရိယာပုဂ္ဂိုလ်တို့၏။ ဓမ္မတော၊ ဓမ္မအားဖြင့်။ ဉာဏဒဿနံ၊ ဉာဏ်အမြင်ဖြစ်သော မဟဂ္ဂုတ်, လောကုတ္တရာတရားသို့။ ပတ္တုကာမေန၊ရောက်ခြင်းငှါ အလိုရှိသော အမျိုးသားသည်။ အာဒိတော၊ အစစွာ။ သီလသောဓနံ၊ သီလကို သုတ်သင်ခြင်းကို။ ကာတဗ္ဗံ၊ ပြုအပ်၏။

**သီလသုတ်သင်ကြောင်း** ၇၈၁။ သက်ဿရ သမာစာရေ၊ ရွံရှာခြင်းဖြင့် အောက်မေ့အပ်သော ရွံရှာခြင်းဖြင့် ကပ်အပ်သော အကျင့်ရှိသော။ ဒုဿီလေ၊ ဒုဿီလဖြစ်သော။ သီလဝန္တံ-တော၊ သီလကင်းသော ပုဂ္ဂိုလ်၌။ ဝါ- ဒုဿီလေ၊ ပျက်သောသီလရှိသော။ သီလဝန္တတော၊ အချင်းခပ်သိမ်း သီလကင်းသော ပုဂ္ဂိုလ်၌။ ဈာနံ၊ လောကီ

ဈာန်သည်လည်း။ နတ္ထိ၊ မရှိ၏ရှင့်။ မဂ္ဂေါ၊ လောကုတ္တရာမဂ်သည်။ ကုတော=ကေန ကာရဏေန၊ အဘယ်အကြောင်းကြောင့်။ အတ္ထိ၊ ရှိအံ့နည်း။ တသ္မာ၊ ထို့ကြောင့်။ သီလံ၊ သီလကို။ ဝိသောဓယေ၊ သုတ်သင်ရာ၏။

သီလ ၂-ပါး ၇၉၂-၃။ သီလံ၊ သီလကို။ စာရိတ္တဝါရိတ္တဝသေန၊ မြတ်စွာဘုရားသည် ဤအမှုကိုပြုအပ်၏ဟု ပညတ်တော်မူသော သိက္ခာပုဒ်ကို ဖြည့်ခြင်းတည်းဟူသော စာရိတ္တသီလ, ဤအမှုကို မပြုအပ်ဟု မြစ်တော်မူသည်ကို မပြုခြင်းတည်းဟူသော ဝါရိတ္တသီလတို့၏ အစွမ်းအားဖြင့်။ ဒုဝိဓံ၊ နှစ်ပါးအပြားရှိ၏ဟူ၍။ မတံ၊ သိအပ်၏။ အတ္တကာမေန၊ မိမိအစီးအပွါးကို တောင့်တသောအားဖြင့် မိမိကိုယ်ကို အလိုရှိသော။ ဝိဝေကသုခံ၊ ကာယ,စိတ္တ,ဥပဓိဝိဝေကသုခ[၁] ကို။ ဣစ္ဆတာ=ဣစ္ဆန္တေန၊ အလိုရှိသော အမျိုးသားသည်။ တံ သီလံ၊ ထိုသီလကို။ အခဏ္ဍံ၊ မပေါက်

---

၁။ (ကာယဝိဝေက=ကိုယ်ဖြင့် ကင်းဆိတ်ခြင်း၊ ကာယဝိဝေကဟူသည်မှာ မိမိနှင့် ဂိုဏ်းဂဏ တဖွဲ့တည်းဖြစ်သော အပေါင်းအဖော် အားလုံးတို့ကို ပယ်စွန့်ကာ ဆိတ်ငြိမ်သော အရပ်သို့ကပ်၍ တယောက်ထည်းတည်း နေခြင်းဖြစ်သည်။

စိတ္တဝိဝေက=စိတ်ဖြင့် ကင်းဆိတ်ခြင်း၊ စိတ္တဝိဝေကဟူသည်မှာ မဟဂ္ဂုတ်,လောကုတ္တရာ စိတ်တို့၏ ကိလေသာ, နီဝရဏတို့မှ ကင်းဆိတ်ခြင်းကို ဆိုသည်။

ဥပဓိဝိဝေက=ဥပဓိဖြင့် ကင်းဆိတ်ခြင်း၊ သုခ, ဒုက္ခ၏ တည်ရာဖြစ်၍ ဥပဓိဟုဆိုသည်။ ဥပဓိဝိဝေကဟူသည် ဥပဓိဟုဆိုအပ်သော ကိလေသာ, ဥပါဒါနက္ခန္ဓာ, လောကီကုသိုလ်, အကုသိုလ်စေတနာ ၂၉-ခုတို့၏ ဆိတ်သုဉ်းခြင်း နိဗ္ဗာန်ကို ဆိုလိုသည်။ မဟာနိ၊နှာ-၂၀။ မဟာနိ၊ ဋ္ဌ၊နှာ-ဂ၂၊ ဂဂ။

ကာယဝိဝေက=အပေါင်းအဖော်ကို ပယ်စွန့်၍ ဂ-ပါးသော ဝီရိယာရမ္ဘဝတ္ထုအားဖြင့် တယောက်ထည်းတည်း နေခြင်း။

စိတ္တဝိဝေက=တယောက်ထည်းတည်း ကသိုဏ်းပရိကမ်ကို ပြု၍ သမာပတ် ဂ-ပါးကို ဖြစ်စေခြင်း။

ဥပဓိဝိဝေက=သမာပတ် ဂ-ပါး ရပြီးနောက် ဈာန်ကို အခြေပြု၍ သင်္ခါရတရားကို သုံးသပ်ကာ ပဋိသမ္ဘိဒါနှင့်တကွ အရဟတ္တဖိုလ်ကို ရစေခြင်း။ ဒီ၊ဋ္ဌ၊၃၊နှာ-၂၄၇။

ကာယဝိဝေက=အဖော်မမှီး တကိုယ်တည်း နေထိုင်ကျင့်သုံးခြင်း။

စိတ္တဝိဝေက=သမာပတ် ဂ-ပါး။

ဥပဓိဝိဝေက=နိဗ္ဗာန်။ မ၊ဋ္ဌ၊၂၊နှာ-၄၉။

ကာယဝိဝေကသုခ=ကိုယ်ဖြင့် ကင်းဆိတ်ခြင်း ချမ်းသာ။

စိတ္တဝိဝေကသုခ=စိတ်ဖြင့် ကင်းဆိတ်ခြင်း ချမ်းသာ၊ သမာပတ်ချမ်းသာ။

ဥပဓိဝိဝေကသုခ=နိဗ္ဗာန်ချမ်းသာ။)

သည်ကို။ အက္ခဏ္ဍံ၊ မပြတ်သည်ကို။ အကမ္မာသံ၊ မပြောက်မကြားသည်ကို။ အနိန္ဒိတံ၊ မကဲ့ရဲ့အပ်သည်ကို။ ကာတဗ္ဗံ၊ ပြုအပ်၏။

**သီလဂုဏ်။** ။သီလဿ နာမ၊ သီလမည်သည်ကား။ ဘိက္ခုနံ၊ ရဟန်းတို့၏။ အနုတ္တရော၊ အတုမရှိသော။ အလင်္ကာရော၊ တန်းဆာတည်း။

၇၆၄။ ရတနံ၊ စကြဝတေးမင်းတို့၏ စက်ရတနာ အစရှိသည်တို့ထက်လည်း အထူးနှင့်တကွ မွေ့လျော်ခြင်းကို ဖြစ်စေတတ်သော လွန်မြတ်သော ရတနာတည်း။ သရဏံ၊ ကိုးကွယ်ရာတည်း။ ခေမံ၊ ဘေးငြိမ်းရာတည်း။ တာဏံ၊ စောင့်ရှောက်ရာတည်း။ လေဏံ၊ ပုန်းအောင်းရာတည်း။ ပရာယဏံ၊ လည်းလျောင်းရာတည်း။ ပဏီတော၊ မြတ်သော။ စိန္တာမဏိ စ၊ စိန္တာမဏိ ပတ္တမြားနှင့်လည်း တူ၏။ သီလံ၊ သီလသည်။ အနုတ္တရံ၊ အတုမရှိသော။ ယာနံ၊ ယာဉ်တည်း။

၇၆၅။ သီလံ၊ သီလသည်။ သီတလံ၊ ချမ်းသော။ ကိလေသ မလ-ဓောဝနံ၊ ကိလေသာတည်းဟူသော အညစ်အကြေးကို စင်ကြယ်စေတတ်သော။ သလိလံ၊ ရေတည်း။ ဂုဏာနံ၊ အလုံးစုံသောလောကီ, လောကုတ္တရာဂုဏ်တို့၏။ မူလဘူတဥ္စ၊ အကြောင်းရင်းလည်း ရှိသည်ဖြစ်၏။ ဒေါသာနံ၊ ကိလေသာတည်းဟူသော အပြစ်တို့၏။ ဗလ ဃာတိ စ၊ လွန်ကြူးကြောင်းဖြစ်သော အားကို သတ်တတ်သည်လည်း။ ဟောတိ၊ ဖြစ်၏။

၇၆၆။ တေ သီလံ၊ ဤသီလသည်။ ပရံ၊ ထူးသော။ ဥတ္တမံ၊ မြတ်သော။ တိဒိဝါ ရောဟဏံ၊ နတ်ပြည်သို့ တက်ကြောင်းဖြစ်သော။ သောပါနံ၊ စောင်းတန်းတည်း။ နိဗ္ဗာန နဂရဿ၊ နိဗ္ဗာန်ပြည်သို့။ ပဝေသနေ၊ ဝင်ခြင်း၌။ ခေမော၊ ဘေးမရှိသော။ မဂ္ဂေါ၊ ခရီးတည်း။

**သီလစင်ကြယ်အောင် ပြုအပ်ခြင်း** ၇၆၇။ တသ္မာ၊ ထိုသို့အပြားရှိသော အာနိသင်နှင့် ပြည့်စုံသည်၏ အဖြစ်ကြောင့်။ အတ္တကာမေန၊ မိမိအစီးအပွါးကို တောင့်တသောအားဖြင့်

မိမိကိုယ်ကို အလိုရှိသော။ ပိယသီလေန၊ ချစ်သောသီလရှိသော။ ဘိက္ခုနာ၊ ရဟန်းသည်။ ဒုဝိဓလက္ခဏံ၊ သမာဒါန, ပတိဋ္ဌာနအားဖြင့် နှစ်ပါးအပြား ရှိသော လက္ခဏာရှိသော။ ဝါ၊ စာရိတ္တ, ဝါရိတ္တအားဖြင့် နှစ်ပါးအပြား ရှိသော သဘောရှိသော။ တံ သီလံ၊ ထိုသီလကို။ သုပရိသုဒ္ဓံ၊ အလွန်စင် ကြယ်စွာ။ ကတ္တဗ္ဗံ၊ ပြုအပ်၏။

၇၉၈။ ဣဓ၊ ဤသာသနာတော်၌။ ပရိသုဒ္ဓေ၊ စင်ကြယ်သော။ သီလသ္မိံ၊ သီလ၌။ ဌိတေန၊ တည်သော အမျိုးသားသည်။ ပလိဗောဓဿ၊ ကြောင့်ကြမှု ပလိဗောဓ၏။ ဥပစ္ဆေဒေါ၊ ပြတ်ခြင်းကို။ ကာတဗ္ဗော၊ ပြုအပ်၏။ ဒသ၊ ဆယ်ပါးကုန်သော။ ပလိဗောဓာ၊ ကြောင့်ကြမှု ပလိ ဗောဓတို့ကို။ အာဝါသော စ ကုလံ လာဘော။ပ။ ဣဒ္ဓိတိ တေ ဒသာတိ၊ အာဝါသော စ ကုလံ လာဘော။ပ။ ဣဒ္ဓိတိ တေ ဒသဟူ၍။ မဟာအဋ္ဌ ကထာယံ၊ မဟာအဋ္ဌကထာ [၁]၌။ အာဟ၊ မိန့်ပြီ။

**ပလိဗောဓ ၁၀-ပါး** ၇၉၉။ အာဝါသော စ၊ တခုသောတိုက်ခန်းကိုအစ ပြု၍ အလုံးစုံသော သံဃာ့အရပ်တည်းဟူ သော နေရာရင်း။ ကုလဉ္စ၊ ဆွေမျိုးဖြစ်သောအမျိုး, အလုပ်အကျွေးအမျိုး ရင်း။ လာဘော စ၊ ပစ္စည်းလေးပါးရင်း။ ဂဏော စ၊ သုတ္တန္တိကဂိုဏ်း, အာဘိဓမ္မိကဂိုဏ်းရင်း။ ပဉ္စမံ၊ ငါးခုတို့၏ပြည့်ကြောင်းဖြစ်သော။ ကမ္မဉ္စ၊ အမှုသစ်ရင်း။ အဒ္ဓါနဉ္စ၊ ခရီးသွားခြင်းရင်း။ ဉာတိ စ၊ တယောက်ယောက် သောအမျိုးရင်း။ အာဗာဓော စ၊ အမှတ်မရှိသော အနာရင်း။ ဂန္ထော စ၊ ပရိယတ်ကို ဆောင်ခြင်းရင်း။ ဣဒ္ဓိ စ၊ ပုထုဇဉ်တို့၏ တန်းခိုးရင်း။ ဣတိ၊ ဤသို့။ တေ ပလိဗောဓာ၊ ထိုကြောင့်ကြမှု ပလိဗောဓတို့သည်။ ဒသ၊ ဆယ်ပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**ကမ္မဋ္ဌာနာစရိယရှာဖွေချယ်ပုံ။** ၈၀၀။ ဒသဝိဓဿပိ၊ ဆယ်ပါး အပြားရှိ သည်လည်းဖြစ်သော။ ပလိဗော- ဓဿ၊ ပလိဗောဓ၏။ ဥပစ္ဆေဒံ၊ ပြတ်ခြင်းကို။ ကတွာ၊ ပြု၍။ ကမ္မဋ္ဌာနဿ၊

---

၁။ ဝိသုဒ္ဓိ၊ ၁၊ ၈၇-၈၆။

သဗ္ဗတ္ထက, ပါရိဟာရိယအားဖြင့် နှစ်ပါးအပြားရှိသော ကမ္မဋ္ဌာန်းကို[၁]။ ဒါယကော၊ ပေးတတ်သော။ ယော အာစရိယော၊ အကြင်ဆရာသည်။ အတ္ထိ၊ ရှိ၏။ သော အာစရိယော၊ ထိုဆရာသို့။ ဥပသင်္ကမိတဗ္ဗော၊ ကပ်အပ်၏။

ကမ္မဋ္ဌာနာစရိယ ဂုဏ်အင်္ဂါ ၇-ပါး ဂ၀၁။ ပိယော စ၊ သီလပြည့်စုံခြင်း အစရှိသည်တို့ကြောင့် သတ္တဝါတို့သည် ချစ်အပ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဂရု စ၊ ကျောက်ထီးကဲ့သို့ အလေးပြုအပ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဘာဝနီယော စ၊ ချီးမွမ်းအပ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဝတ္တာ စ၊ တစုံတခုဖြစ်သော ပျင်းခြင်းကို မြင်၍လည်း အပြစ်တင်၍ ဆုံးမသောအားဖြင့် ဆိုတတ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဝစနက္ခမော စ၊ မေးမြန်းခြင်းငှါ ခံ့သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဂမ္ဘီရဉ္စ ကထံ ကတ္တာ၊ တိရစ္ဆာနကထာ[၂]ကို မပြောမူ၍ ဆယ်ပါးသော ကထာဝတ္ထု[၃]နှင့်စပ်သော နက်နဲသောစကားကို

---

၁။ သဗ္ဗတ္ထက ကမ္မဋ္ဌာန်း=ကမ္မဋ္ဌာန်းတရား အားထုတ်သည့် ယောဂီသည် မိမိနှစ်သက်ရာ ကမ္မဋ္ဌာန်းကို အားထုတ်တိုင်း အားထုတ်တိုင်း ကြိုတင်၍ အခါခပ်သိမ်း အားထုတ်ရမည်ဖြစ်သော ကမ္မဋ္ဌာန်း ၃-ပါး၊ ယင်း ၃-ပါးတို့မှာ မေတ္တာကမ္မဋ္ဌာန်း၊ မရဏာနုဿတိကမ္မဋ္ဌာန်း၊ အသုဘကမ္မဋ္ဌာန်းများ ဖြစ်သည်။

ပါရိဟာရိယ ကမ္မဋ္ဌာန်း=စရိုက်အားလျော်စွာ အမြဲဆောင်ထား အားထုတ်အပ်သော ကမ္မဋ္ဌာန်း။ (ကမ္မဋ္ဌာန်း ၄၀။) ရင်း ဋီကာသစ်၊ဒု၊နှာ-၂၁၅။ ဝိသုဒ္ဓိမဂ်၊ ဌ၊ ပ၊ နှာ-၉၄။)

၂။ တိရစ္ဆာနကထာ=ဖီလာစကား၊ ဆန့်ကျင်ဘက်စကား၊ နတ်ရွာ, ဈာန်, မဂ်, ဖိုလ်, နိဗ္ဗာန်တို့နှင့် ဖီလာဆန့်ကျင်ဘက် ဖြစ်သောစကား။ (ဒီ၊၁၊နှာ-၇။)

၃။ (ကထာဝတ္ထု ၁၀-ပါး=(၁) အပ္ပိစ္ဆကထာ=အလိုနည်းခြင်းနှင့် စပ်သောစကား။ (၂) သန္တုဋ္ဌိကထာ = ရောင့်ရဲလွယ်ခြင်းနှင့် စပ်သောစကား။ (၃) ပဝိဝေကကထာ = ကာယဝိဝေကစသော ဆိတ်ငြိမ်ခြင်းနှင့် စပ်သောစကား။ (၄) အသံသဂ္ဂကထာ = ကာမဂုဏ်နှင့် မရောမယှက် ဒဿနသံသဂ္ဂစသည် ကင်းသောစကား။ (၅) ဝီရိယာရမ္ဘကထာ= လုံ့လအားထုတ်ခြင်းနှင့် စပ်သောစကား၊ (သွားနေစဉ် ဖြစ်ပေါ်လာသည့် ကိလေသာကို ရပ်သည့်အခါ ပါမလာအောင် အားထုတ်ခြင်းနှင့် စပ်သောစကားစသည်။) (၆) သီလသမ္ပဒါကထာ=စတုပါရိသုဒ္ဓိသီလ ပြည့်စုံမှုနှင့် စပ်သောစကား။ (၇) သမာဓိသမ္ပဒါကထာ = သမာပတ် ဂ-ပါး ပြည့်စုံမှုနှင့် စပ်သောစကား။ (ဂ) ပညာသမ္ပဒါကထာ = လောကီ, လောကုတ္တရာပညာ ပြည့်စုံမှုနှင့် စပ်သောစကား။ (၉) ဝိမုတ္တိသမ္ပဒါကထာ=အရိယာဖိုလ် ပြည့်စုံမှုနှင့် စပ်သောစကား။ (၁၀) ဝိမုတ္တိဉာဏဒဿနသမ္ပဒါကထာ=ပစ္စဝေက္ခဏာ ၁၉-ပါး ပြည့်စုံမှုနှင့် စပ်သောစကား။ မ၊၁၊နှာ-၁၉၉။ မ၊ဋ္ဌ၊၂၊နှာ-၄၄၁၃။)

ပြောတတ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ အဋ္ဌာနေ၊ မဖြစ်စေအပ်သည့် အရာဖြစ်သော အစီးအပွါး မရှိသည်၌။ နေဝ စ နိယောဇကော၊ မယှဉ် စေတတ်။

၈၀၂။ ဝေမာဒိဂုဏောပေတံ၊ ဤသို့ အစရှိသောဂုဏ်နှင့်ပြည့်စုံသော။ ဟိတေသိနံ၊ အစီးအပွါးကို ရှာတတ်သော။ ကမ္မဋ္ဌာနဿ၊ သဗ္ဗတ္ထက, ပါရိဟာရိယအားဖြင့် နှစ်ပါးအပြားရှိသော ကမ္မဋ္ဌာန်းကို။ ဒါယကံ၊ ပေး တတ်သော။ ကလျာဏမိတ္တံ၊ ကလျာဏမိတ္တသို့။ ကာလေန၊ မိမိအားရင်း, ဆရာအားရင်း လျောက်ပတ်သော ကာလ၌။ ဥပဂန္တွာ၊ ကပ်၍။

၈၀၃။ အဿ၊ ထိုဆရာ၏။ ဝါ၊ ဆရာအား။ ဝတ္တံ၊ အငယ် အကြီးအား လျော်သဖြင့် ခန္ဓက၌လာသော အာစရိယဝတ်ကို။ ကတွာ၊ ပြု၍။ ကမ္မ-ဋ္ဌာနံ၊ နှစ်ပါးအပြားရှိသော ကမ္မဋ္ဌာန်းကို။ ဂဟေတဗ္ဗံ၊ ယူအပ်၏။ တေနပိ၊ ထိုဆရာသည်လည်း။ စရိတံ၊ စရိုက်ကို။ ဉတွာ၊ သိ၍။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ဒါတဗ္ဗံ၊ ပေးအပ်၏။

**စရိုက် ၆-ပါး။** ၈၀၄။ ဣဒံ စရိတံ ပန၊ ဤစရိုက်ကိုကား။ ရာဂ ဒေါသ-မောဟဝသေန စ၊ ရာဂ, ဒေါသ, မောဟတို့၏ အစွမ်းအားဖြင့်ရင်း။ သဒ္ဓါ ဗုဒ္ဓိ ဝိတက္ကာနံ၊ သဒ္ဓါ, ပညာ, ဝိတက်တို့၏။ ဝသေန စ၊ အစွမ်းအားဖြင့်ရင်း။ ဆဗ္ဗိဓံ၊ ခြောက်ပါးအပြားရှိ၏ဟူ၍။ မတံ၊ သိအပ်၏။

**စရိုက်အပြား ၆၄-ပါး** ၈၀၅။ တေသံ၊ ထိုစရိုက်တို့၏။ ဝေါမိဿကနယာ၊ သမ္ပယောဂ အားဖြင့်ရင်း, တခုသော သန္တာန်၌ အကျုံးဝင်သည်၏ အဖြစ်၏ အစွမ်းအားဖြင့်ရင်း ရောယှက် သောအားဖြင့်။ တေ၊ ထိုစရိုက်တို့သည်။ စတုသဋ္ဌိ၊ ခြောက်ဆဲ့လေးပါး[1] တို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ တေဟိ၊ ထိုဝေါမိဿကနယတို့ဖြင့်။ အညေ၊ အကျိုးသည်။ န စ=နေဝ အတ္ထိ၊ မရှိသာလျှင်ကတည်း။ဣတိကတွာ၊ ဤသို့

[1]။ (ရာဂါဒိတိကစရိုက် ၇-ပါး၊ သဒ္ဓါဒိတိကစရိုက် ၇-ပါး၊ မိဿကစရိုက် ၄၉-ပါး၊ ဒိဋ္ဌိ ၁-ပါး၊ ပေါင်း ၆၄-ပါး။ အကျယ်ကို ရင်းဋီကာသစ်၊ဒု၊နှာ-၂၁၆-၈-၌ ကြည့်ပါ။ နောက်ဆက်တွဲလည်း ကြည့်။)

နုလုံးပြု၍။ ဣမေ၊ ဤအဘိဓမ္မာဝတာရကျမ်း၌။ မယာ၊ ငါသည်။ န ဒဿိ-
တာ၊ မပြအပ်ကုန်။

## စရိုက်နှင့်လျော်သော ကမ္မဋ္ဌာန်းများ

**ရာဂစရိုက်နှင့်လျော်သော ကမ္မဋ္ဌာန်း ၁၁-ပါး**

၁၀၆။ တတ္ထ=ဣမေသု ကမ္မဋ္ဌာနေသု၊ ဤ လေးဆယ်သော ကမ္မဋ္ဌာန်းတို့တွင်။ ဒသ၊ ဆယ်ပါးကုန်သော။ အသုဘာ စ၊ အသုဘတို့ရင်း။ တထာ၊ ထိုမှတပါး။ ကာယဂတာသတိ စ၊ ကာယဂတာသတိရင်း။ ကောဒသ၊ တဆဲ့တပါးကုန်သော။ ဣမေ၊ ဤ ကမ္မဋ္ဌာန်းတို့သည်။ ရာဂစရိတဿ၊ ရာဂစရိုက်ရှိသော ပုဂ္ဂိုလ်အား။ အနုကူလတာ၊ လျော်ကုန်၏။

**ဒေါသစရိုက်နှင့်လျော်သော ကမ္မဋ္ဌာန်း ၈-ပါး**

၁၀၇။ သဝဏ္ဏကသိဏာ၊ နီလ, ပီတ, လောဟိတ, ဩဒါတ တည်းဟူသော ဝဏ္ဏကသိုဏ်း လေးပါးတို့နှင့်တကွ ဖြစ်ကုန်သော။ စတဿော၊ လေးပါးကုန်သော။ အပ္ပမညာယော စ၊ အပ္ပမညာတို့ရင်း။ ဣမေ အဋ္ဌေဝ၊ ဤ ရှစ်ပါးသော ကမ္မဋ္ဌာန်းတို့သည်လျှင်။ ဒေါသ-စရိတဿ၊ ဒေါသစရိုက်ရှိသောပုဂ္ဂိုလ်အား။ သဒါ၊ အခါခပ်သိမ်း။ အနု-ကူလတာ၊ လျော်ကုန်၏။

**မောဟ, ဝိတက်စရိုက်နှင့် လျော်သောကမ္မဋ္ဌာန်း**

၁၀၈။ တတ္ထ=ဣမေသု ကမ္မဋ္ဌာနေသု၊ ဤ ကမ္မဋ္ဌာန်းတို့၌။ အနုဿတီသု၊ အနု-ဿတိတို့တွင်။ ဧကံ၊ တခုသော။ တံ အာနာပါနံ၊ ထိုအာနာပါနကမ္မဋ္ဌာန်းသည်။ မောဟစရိတဿ စ၊ မောဟစရိုက်ရှိသော ပုဂ္ဂိုလ်အားရင်း။ ဝိတက္ကစရိတဿ စ၊ ဝိတက်စရိုက်ရှိသော ပုဂ္ဂိုလ်အားရင်း။ အနုကူလံ၊ လျော်၏။ ဣတိ၊ ဤသို့။ နိဒ္ဒိဋ္ဌံ၊ ပြအပ်၏။

**သဒ္ဓါစရိုက်နှင့်လျော်သော ကမ္မဋ္ဌာန်း ၆-ပါး**

၁၀၉။ ပုရိမံ၊ ရှေးဖြစ်သော။ အနုဿတိဆက္ကံ၊ ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ,သီလာနုဿတိ,စာဂါ-နုဿတိ, ဒေဝတာနုဿတိ တည်းဟူသော အနုဿတိခြောက်ပါးတို့၏

အပေါင်းသည်။ သဒ္ဓါစရိတဒေဟိနော၊ သဒ္ဓါစရိုက်ရှိသော ပုဂ္ဂိုလ်အား။ အနုကူလံ၊ လျော်၏။

ဗုဒ္ဓိ=ပညာစရိုက်နှင့်လျော်သော ကမ္မဋ္ဌာန်း ၄-ပါး

မရဏူပသမာယုတ္တာ၊ မရဏ, ဥပသမဥ္စ္ဆယှဉ်သော။ သတိ စ၊ သတိဖင်း။ အာဟာရ နိဿိတာ၊ အာဟာရ၌ မှီသော။

၁၁၀။ သညာ စ၊ သညာဖင်း။ ဓာတုဝဝတ္ထာနဥ္စ၊ စတုဓာတုဝဝတ္ထာန်ဖင်း။ ဣမေ ပန စတ္တာရော၊ ဤလေးပါးသော ကမ္မဋ္ဌာန်းတို့သည်။ ဗုဒ္ဓိပ္ပကတိဇန္တုနော၊ ပညာစရိုက်ရှိသော ပုဂ္ဂိုလ်အား။ အနုကူလာ၊ လျော်ကုန်၏။ ဣတိ၊ ဤသို့။ ဒီပိတာ၊ ပြအပ်ကုန်၏။

စရိုက်အားလုံးနှင့်လျော်သော ကမ္မဋ္ဌာန်း ၁၀-ပါး

၁၁၁။ စတ္တာရော၊ လေးပါးကုန်သော။ အာရုပ္ပါပိ စ၊ အရူပကမ္မဋ္ဌာန်းတို့ဖင်း။ သေသာနိ၊ ဒေါသစရိတ ပုဂ္ဂိုလ်အား လျော်သော ကမ္မဋ္ဌာန်းတို့၌ ဆိုအပ်သော လေးပါးသော ဝဏ္ဏကသိုဏ်းတို့မှ ကြွင်းကုန်သော။ ကသိဏာနိ စ၊ ပထဝီ,အာပေါ,တေဇော, ဝါယော, အာလောက, အာကာသ ကသိုဏ်းတို့ဖင်း။ ဣမေ၊ ဤကမ္မဋ္ဌာန်းတို့သည်။သဗ္ဗစရိတာနံ၊ ခပ်သိမ်းသော စရိုက်ရှိကုန်သော ပုဂ္ဂိုလ်တို့အား။ အနုကူလာ၊ လျော်ကုန်၏။ ဣတိ၊ ဤသို့။ ဝဏ္ဏိတာ၊ ဟောအပ်ကုန်၏။

စရိုက်အလိုက် ကမ္မဋ္ဌာန်းလျော်ရခြင်း အကြောင်း

၁၁၂။ ကေန္တဝိပစ္စနီကဘာဝတော စ၊ ရာဂစရိုက်ပုဂ္ဂိုလ်အစရှိသည်တို့အား အသုဘအစရှိသော ကမ္မဋ္ဌာန်း၏ စင်စစ် ဆန့်ကျင်သည်၏ အဖြစ်အားဖြင့်ဖင်း၊ အတိသပ္ပါယတော စ၊ သဒ္ဓါစရိတ ပုဂ္ဂိုလ်အစရှိသည်တို့အား ဗုဒ္ဓါနုဿတိ အစရှိသော ကမ္မဋ္ဌာန်း၏ အလွန်လျောက်ပတ်သည်၏ အဖြစ်အားဖြင့်ဖင်း။ ဣဒံ သဗ္ဗံ၊ ဤအလုံးစုံသော စကားကို။ ဝုတ္တံ၊ ဆိုအပ်၏။ ဣတိ၊ ဤသို့။ ဝိဘာဝိနာ၊ ပညာရှိသောသူသည်။ ဧဝံ ယုံ၊ သိအပ်၏။

**ကမ္မဋ္ဌာန်း ၄၀**

၈၁၃-၄။ ဒသ၊ ဆယ်ပါးကုန်သော။ ကသိဏာနိ စေဝ၊ ကသိုဏ်းတို့ရင်း။ ဒသ၊ ဆယ်ပါးကုန်သော။ အသုဘာ စ၊ အသုဘတို့ရင်း။ ဒသ၊ ဆယ်ပါးကုန်သော။ အနုဿတီ စ၊ အနုဿတိတို့ရင်း။ စတဿော၊ လေးပါးကုန်သော။ အပ္ပမညာယော စ၊ အပ္ပမညာတို့ရင်း။ စတ္တာရော၊ လေးပါးကုန်သော။ အရူပိနော စ၊ အရူပကမ္မဋ္ဌာန်းတို့ရင်း။ စတုမှာတု ဝဝတ္ထာနဥ္စ၊ ပထဝီအစရှိသော ဓာတ်လေးပါးတို့ကို ဆုံးဖြတ်ခြင်းရင်း။ အာဟာရေ၊ အာဟာရ၌ဖြစ်သော သညာရင်း။ ဣတိ၊ ဤသို့။ သဗ္ဗာနိ၊ ခပ်သိမ်းကုန်သော။ ကမ္မဋ္ဌာနာနိ၊ ကမ္မဋ္ဌာန်းတို့သည်။ စတ္တာလီသာ၊ အများလေးဆယ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ နိဒ္ဒိသေ၊ ပြရာ၏။

**ဥပစာရသမာဓိကို ဖြစ်စေသော ကမ္မဋ္ဌာန်း ၁၀-ပါး**

၈၁၅။ ဧတေသု ကမ္မဋ္ဌာနေသု၊ ဤကမ္မဋ္ဌာန်းတို့တွင်။ ကတိ၊ အဘယ်မျှသော ကမ္မဋ္ဌာန်းတို့သည်။ ဥပစာရဝဟာ၊ ဥပစာရသမာဓိကိုသာ ဆောင်ကုန်သနည်း။ အာနာပါနဿတိ စ၊ အာနာပါနဿတိကိုရင်း။ ကာယဂတဉ္စ၊ ကာယဂတာသတိကိုရင်း။ ဟိတွာ၊ ပယ်၍။ အဋ္ဌပိ၊ ရှစ်ပါးလည်း ဖြစ်ကုန်သော။

၈၁၆။ သေသာ၊ ကြွင်းကုန်သော။ အနုဿတိယော စ၊ အနုဿတိတို့ရင်း။ သညာ စ၊ အာဟာရေ ပဋိကူလသညာရင်း။ ဝဝတ္ထာနဥ္စ၊ စတုမှာတုဝဝတ္ထာန်ရင်း။ ဣတိ၊ ဤသို့။ ဒသ၊ ဆယ်ပါးကုန်သော။ တေ၊ ထိုကမ္မဋ္ဌာန်းတို့သည်။ ဥပစာရဝဟာ၊ ဥပစာရသမာဓိကိုသာ ဆောင်ကုန်၏။ ဣတိ၊ ဤသို့။ ဝုတ္တာ၊ ဟောအပ်ကုန်၏။

သေသာ၊ ကြွင်းကုန်သော။ တေ၊ ထိုသုံးဆယ်သော ကမ္မဋ္ဌာန်းတို့သည်။ အပ္ပနာဝဟာ၊ အပ္ပနာကို ဆောင်တတ်ကုန်၏။

**ဈာန်၅-ပါးကိုဖြစ်စေသော ကမ္မဋ္ဌာန်း ၁၁-ပါး**

၈၁၇။ အပ္ပနာယ၊ အပ္ပနာကို။ အာဝဟေသု၊ ဆောင်တတ်ကုန်သော။ တွေ=ဣမေသု၊ ဤသုံးဆယ်သော ကမ္မဋ္ဌာန်းတို့တွင်။ ဒသ၊ ဆယ်ပါးကုန်သော။ ကသိဏာနိပိ စ၊ ကသိုဏ်းတို့ရင်း။ အာနာပါနဿတိ စေဝ၊ အာနာပါနဿတိရင်း။ ဣမေ၊ ဤကမ္မဋ္ဌာန်းတို့

သည်။ စတုက္ကဇ္ဈာနိကာ၊ စတုက္ကနည်းအားဖြင့် လေးပါးသော ရူပါဝစရ ဈာန်, ပဉ္စကနည်းအားဖြင့် ပဉ္စကဈာန် ရှိကုန်၏။

**ပဌမဈာန်ကိုသာ ဖြစ်စေသော ကမ္မဋ္ဌာန်း ၁၁-ပါး**

၈၁၇။ တေ္တ = ဋ္ဌမေသု ကမ္မဋ္ဌာနေသု၊ ဤ ကမ္မဋ္ဌာန်းတို့တွင်။ ဒသ၊ ဆယ်ပါးကုန်သော။ အသုဘာနိ စ၊ အသုဘတို့ငှင်း။ တထာ၊ ထိုမှတပါး။ ကာယဂတာသတိ စ၊ ကာယဂတာသတိငှင်း။ ကောဒသ၊ တဆယ့်တပါးကုန်သော။ ဋ္ဌမေ ဓမ္မာ၊ ဤကမ္မဋ္ဌာန်းတို့သည်။ ပဌမဇ္ဈာနိကာ၊ ပဌမဈာန်၏ အာရုံတို့သည်။ သိယုံ၊ ဖြစ်ကုန်၏။

**ပ,ဒု,တ,စတုတ္ထဈာန်ကို ဖြစ်စေသော ကမ္မဋ္ဌာန်း**

၈၁၈။ အာဒိဗြဟ္မဝိဟာရာ၊ အစဗြဟ္မဝိဟာရ ဖြစ်ကုန်သော။ တယော၊ (မေတ္တာ, ကရုဏာ, မုဒိတာဟု ဆိုအပ်သော) သုံးပါးကုန်သော ဗြဟ္မဝိဟာရတို့သည်။ တိကဇ္ဈာနဝဟာ၊ စတုက္ကနည်းဖြင့် တိကဈာန်, ပဉ္စကနည်းဖြင့် စတုက္ကဈာန်ကို ဆောင်တတ်ကုန်၏။

**စတုတ္ထဈာန်ကိုသာ ဖြစ်စေသောကမ္မဋ္ဌာန်း**

၈၁၉။ စတုတ္ထော၊ လေးခုမြောက်သော။ ဗြဟ္မဝိဟာရောပိ စ၊ ဥပေက္ခာဗြဟ္မဝိဟာရ ငှင်း။ အာရုပ္ပါ စ၊ အာရုပ္ပကမ္မဋ္ဌာန်းတို့ ငှင်း။ ဋ္ဌမေ၊ ဤကမ္မဋ္ဌာန်းတို့ကို။ စတုတ္ထဇ္ဈာနိကာ၊ စတုတ္ထဈာန်၏ အာရုံ ဖြစ်ကုန်၏ ဟူ၍။ မတာ၊ သိအပ်ကုန်၏။

**လွန်ခြင်း ၂-ပါး**

၈၂၀။ အာရမ္မဏင်္ဂါနံ၊ အာရုံကို လွန်ခြင်း, အင်္ဂါကို လွန်ခြင်းဟူ၍ လွန်အပ်သော အာရုံ, လွန်အပ်သော အင်္ဂါတို့၏။ ဝသေန၊ အစွမ်းဖြင့်။ သမတိက္ကမော၊ လွန်ခြင်းသည်။ ဒုဝိဓော၊ နှစ်ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

**အာရုံကိုလွန်ခြင်း။**

။အရူပေ၊ အရူပဈာန်ရှိသော ကမ္မဋ္ဌာန်း၌။ ဂေါစရာတိက္ကမော၊ အာရုံကို လွန်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

စျာန်အင်္ဂါကို လွန်ခြင်း။ ။ရူပေ၊ ရူပစျာန်ရှိသော ကမ္မဋ္ဌာန်း၌။
စျာနင်္ဂတိက္ကမော၊ စျာနင်ကို လွန်ခြင်းသည်။
ဟောတိ၊ ဖြစ်၏။

ခွဲပွါးအပ်သောကမ္မဋ္ဌာန်း ၇၂၁။ တေသု=ဣမေသု ကမ္မဋ္ဌာနေသု၊ဤလေးဆယ်သော ကမ္မဋ္ဌာန်း တို့တွင်။
ဒသေဝ၊ ဆယ်ပါးသာလျှင်ဖြစ်ကုန်သော။ ကသိဏာနိ၊ ကသိုဏ်းတို့သည်။ ဝဍ္ဎေတဗ္ဗာနိ၊ ပွါးစေအပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သေသာ၊ ကြွင်းကုန်သော။ အသုဘာဒယော၊ အသုဘကမ္မဋ္ဌာန်း အစရှိသည်တို့သည်။ န စ ဝဍ္ဎေတဗ္ဗာ၊ မပွါးစေအပ်ကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

ပဋိဘာဂနိမိတ် ရသော ကမ္မဋ္ဌာန်း ၂၂-ပါး ၇၂၂။ တေသု=ဣမေသု ကမ္မဋ္ဌာနေသု၊ ဤလေးဆယ်သော ကမ္မဋ္ဌာန်းတို့တွင်။
ဒသေဝ၊ ဆယ်ပါးသာလျှင် ဖြစ်ကုန်သော။ ကသိဏာနိ စ၊ ကသိုဏ်းတို့ရင်း။ ဒသာပိ၊ ဆယ်ပါးလည်းဖြစ်ကုန်သော။ အသုဘာနိ စ၊ အသုဘတို့ရင်း။ အာနာပါနဿတိ စေဝ၊ အာနာပါနဿတိရင်း။ တထာ၊ ထိုမှတပါး။ ကာယဂတာသတိ စ၊ ကာယဂတာသတိရင်း။ ဣမေ၊ ဤနှစ်ဆယ့်နှစ်ပါးသော ကမ္မဋ္ဌာန်းတို့သည်။

၇၂၃။ ပဋိဘာဂနိမိတ္တာနိ၊ ပဋိဘာဂနိမိတ်ဖြစ်ကုန်သော။ အာရမ္မဏာနိ၊ အာရုံရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သေသာ၊ ကြွင်းကုန်သော တဆဲ့ရှစ်ပါးသော ကမ္မဋ္ဌာန်းတို့သည်။ နေဝ ပဋိဘာဂနိမိတ္တာရမ္မဏာ၊ ပဋိဘာဂနိမိတ် အာရုံ မရှိကုန်သည်။ သိယုံ၊ ဖြစ်ကုန်၏။

နတ်ပြည်၌မရသောကမ္မဋ္ဌာန်း ၁၂-ပါး ၇၂၄။ ဒသ၊ ဆယ်ပါးကုန်သော။ အသုဘာနိ စ၊ အသုဘတို့ရင်း။ အာဟာရေ ပဋိကူလသညာ စ၊ အာဟာရေ ပဋိကူလသညာရင်း။ ကာယဂတာသတိ စ၊ ကာယဂတာသတိရင်း။ ဒွါဒသ၊ တဆဲ့နှစ်ပါးကုန်သော။ ဧတာနိ၊ ဤကမ္မဋ္ဌာန်းတို့သည်။ သဗ္ဗဒါ၊ အခါခပ်သိမ်းသော ကာလ၌။ ဒေဝေသု၊ နတ်ပြည်တို့၌။ န ပဝတ္တန္တိ၊ မဖြစ်ကုန်။

**ဗြဟ္မာ့ပြည်၌ မရသော ကမ္မဋ္ဌာန်း ၁၃-ပါး**

၇၂၅။ ဒွါဒသ၊ တဆယ့်နှစ်ပါးကုန်သော။ တာနိ တောနိ စ၊ ထို ကမ္မဋ္ဌာန်းတို့သည်ရင်း။ အာနာပါနဿတိပိ စ၊ အာနာပါနဿတိရင်း။ တေရသေဝ၊ တဆဲ့သုံးပါးသာလျှင်ဖြစ်ကုန်သော။ တောနိ၊ ဤကမ္မဋ္ဌာန်းတို့သည်။ ဗြဟ္မလောကေ၊ ဗြဟ္မပြည်၌။ န ဝိဇ္ဇရေ၊ မရှိကုန်။

**အရူပဘုံ၌ မရသော ကမ္မဋ္ဌာန်း**

၇၂၆။ စတုရာရုပ္ပေ၊ လေးပါးသော အရူပ ကမ္မဋ္ဌာန်းတို့ကို။ ဌပေတွာ၊ ထား၍။ အရူပီသု၊ အရူပဘုံတို့၌။ ကိဉ္စိ၊ တစုံတခုသော ကမ္မဋ္ဌာန်းသည်။ နတ္ထိ၊ မရှိ။

**လူ့ဘုံ၌ ရသော ကမ္မဋ္ဌာန်း။**

။မနုဿလောကေ၊ လူ့ပြည်၌။ သဗ္ဗာနိ၊ အလုံးစုံသော ကမ္မဋ္ဌာန်း လေးဆယ်တို့သည်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဣမသ္မိံ ဝစနေ၊ ဤစကား၌။ သံသယော၊ ယုံမှားဘွယ်သည်။ နတ္ထိ၊ မရှိ။

**ဒိဋ္ဌဝတ္ထုဖြင့် ယူအပ်သော ကမ္မဋ္ဌာန်း ၁၉-ပါး**

၇၂၇။ စတုတ္ထံ၊ စတုတ္ထဖြစ်သော။ ကသိဏံ၊ ဝါယောကသိုဏ်းကို။ ဟိတွာ၊ ပယ်၍။ ကသိဏာ စ၊ ကြွင်းသော ကသိုဏ်းကိုးပါးတို့ရင်း။ အသုဘာနိ စ၊ အသုဘတို့ရင်း။ ဣမေ ဧကူနဝီသတိ၊ ဤတခုယုတ် နှစ်ဆယ်သော ကမ္မဋ္ဌာန်းတို့ကို။ ဒိဋ္ဌေနေဝ၊ မြင်အပ်သော ဝတ္ထုဖြင့်သာလျှင်။ ဂဟေတဗ္ဗာ၊ ယူအပ်ကုန်၏။

**ဒိဋ္ဌ, သုတဝတ္ထုဖြင့် ယူအပ်သော ကမ္မဋ္ဌာန်း**

၇၂၈။ တေသု၊ ဤကမ္မဋ္ဌာန်းတို့တွင်။ ကာယမှိ သတိယမ္ပိ၊ ကာယဂတာသတိ၌။ တစပဉ္စကံ၊ တစပဉ္စကမျှကို။ ဒိဋ္ဌေန၊ မြင်အပ်သော ဝတ္ထုဖြင့်။ ဂဟေတဗ္ဗံ၊ ယူအပ်၏။

သေသံ၊ ကြွင်းသော ကမ္မဋ္ဌာန်းကို။ သုတေနေဝ၊ ကြားအပ်သော ဝတ္ထုဖြင့်သာလျှင်။ ဂဟေတဗ္ဗံ၊ ယူအပ်၏။ ဣတိ၊ ဤသို့။ ဒီပိတံ၊ ပြအပ်၏။

ဖုဋ္ဌဝတ္ထုဖြင့် ယူအပ်သောကမ္မဋ္ဌာန်း ၇၂၉။ ဧတ္ထ၊ ဤကမ္မဋ္ဌာန်းတို့တွင်။ အာနာပါနသတိ၊ အာနာပါနသတိကို။ ဖုဋ္ဌေန၊ တွေ့အပ်သော ဝတ္ထုဖြင့်။ ဂဟေတဗ္ဗာ၊ ယူအပ်၏။ ဣတိ၊ ဤသို့။ ပရိဒီပိတာ၊ ပြအပ်၏။

ဒိဋ္ဌ,ဖုဋ္ဌဝတ္ထုဖြင့် ယူအပ်သော ကမ္မဋ္ဌာန်း ဧတ္ထ၊ ဤကမ္မဋ္ဌာန်းတို့တွင်။ ဝါယောကသိဏံ၊ ဝါယောကသိုဏ်းကို။ ဒိဋ္ဌဖုဋ္ဌေန၊ မြင်အပ်သောဝတ္ထု, တွေ့အပ်သောဝတ္ထုဖြင့်။ ဂယှတိ၊ ယူအပ်၏။

သုတဝတ္ထုဖြင့် ယူအပ်သောကမ္မဋ္ဌာန်း ၇၃၀။ သေသာ၊ ကြွင်းကုန်သော။ အဋ္ဌာရသာပိ စ၊ တဆဲ့ရှစ်ပါးသော ကမ္မဋ္ဌာန်းတို့ကိုလည်း။ သုတေနေဝ၊ ကြားအပ်သော ဝတ္ထုဖြင့်သာလျှင်။ ဂဟေတဗ္ဗာ၊ ယူအပ်ကုန်၏။

အာဒိကမ္မိကပုဂ္ဂိုလ်ပွါးအပ် မပွါးအပ်သောကမ္မဋ္ဌာန်း ဥပေက္ခာအပ္ပမညာ စ၊ ဥပေက္ခာဗြဟ္မဝိဟာရဂုဏ်း။ အရူပါ စေဝ၊ အရူပကမ္မဋ္ဌာန်းတို့ဂုဏ်း။ ဣမေ ပဉ္စ၊ ဤငါးပါးသော ကမ္မဋ္ဌာန်းတို့သည်။

၇၃၁။ အာဒိတောဝ၊ အစမှသာလျှင်။ ဂဟေတဗ္ဗာ၊ ဘာဝနာကို အားထုတ်သောအားဖြင့် ဖြစ်စေအပ်ကုန်သည်။ န ဟောန္တိ၊ မဖြစ်ကုန်။ ဣတိ၊ ဤသို့။ ပကာသိတာ၊ ပြအပ်ကုန်၏။

သေသာနို၊ ကြွင်းကုန်သော။ ပဉ္စတိံသ စ၊ သုံးဆဲ့ငါးပါးသော ကမ္မဋ္ဌာန်းတို့သည်ကား။ အာဒိတော၊ အစမှ။ ဂဟေတဗ္ဗာနိ၊ ဘာဝနာကို အားထုတ်သောအားဖြင့် ပွါးစေအပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

အရူပချာန်ရကြောင်း ကမ္မဋ္ဌာန်း ၇၃၂။ ဧတေသု ကမ္မဋ္ဌာနေသု၊ ဤကမ္မဋ္ဌာန်းတို့တွင်။ အာကာသကသိဏံ၊ အာကာသ ကသိုဏ်းကို။ ဝိနာ၊ ကြဉ်၍။ နဝ၊ ကိုးပါးကုန်သော။ ကသိဏာ၊ ကသိုဏ်းတို့သည်။ အရူပါနံ၊ အရူပချာန်တို့၏။ ပစ္စယာ၊ အကြောင်းတို့သည်။ ဟောန္တေဝ၊ ဖြစ်ကုန်သာလျှင်ကတည်း။

**အဘိညာဉ်ရကြောင်း ကမ္မဋ္ဌာန်း**

၇၃၃။ ဒသာပိ၊ ဆယ်ပါးလည်း ဖြစ်ကုန်သော။ ကသိဏာ တု၊ ကသိုဏ်းတို့သည်ကား။ အဘိညာနံ၊ အဘိညာဉ်တို့၏။ ပစ္စယာ၊ အကြောင်းတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**စျာန် ၄-ပါး ရကြောင်း ကမ္မဋ္ဌာန်း။**

။တယော၊ သုံးပါးကုန်သော။ ဗြဟ္မဝိဟာရာပိ စ၊ (မေတ္တာ, ကရုဏာ, မုဒိတာ)ဗြဟ္မဝိဟာရတို့သည်လည်း။ စတုက္ကဿ၊ စတုက္ကစျာန်၏။ ပစ္စယာ၊ အကြောင်းတို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

**အထက်ထက်ဖြစ်သော အရူပစျာန် ရကြောင်းကမ္မဋ္ဌာန်း**

၇၃၄။ ဟေဋ္ဌိမံ ဟေဋ္ဌိမံ၊ အောက် အောက်၌ဖြစ်သော။ အရူပံ၊ အရူပကမ္မဋ္ဌာန်းသည်။ ဥပရူပရိမဿ၊ အထက်အထက်၌ဖြစ်သော အရူပစျာန်၏။ ပစ္စယော၊အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။

**နိရောဓသမာပတ်ဖြစ်ကြောင်း ကမ္မဋ္ဌာန်း**

တထာ၊ ထိုမှတပါး။ စတုတ္ထံ၊ စတုတ္ထဖြစ်သော။ အရူပံ၊ အရူပကမ္မဋ္ဌာန်းသည်။ နိရောဓဿ၊ နိရောဓသမာပတ်၏။ ပစ္စယော၊ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဒီပိတံ၊ ပြအပ်၏။

**ကမ္မဋ္ဌာန်းသည် ဝိပဿနာ သမ္ပတ္တိ စသည်၏ဖြစ်ကြောင်း**

၇၃၅။ သဗ္ဗာနိ၊ အလုံးစုံ ကုန်သော။ ဧတာနိ စတ္တာလီသဝိဓာနိ တု၊ ဤလေးဆယ်အပြားရှိကုန်သော ကမ္မဋ္ဌာန်းတို့သည်ကား။ ဝိပဿနာဘဝသမ္ပတ္တိသုခါနံ၊ ဝိပဿနာပြည့်စုံခြင်း, ဘဝပြည့်စုံခြင်း, ဒိဋ္ဌဓမ္မသုခဝိဟာရတို့၏။ ပစ္စယာ၊ အကြောင်းတို့သည်။ သိယုံ၊ ဖြစ်ကုန်၏။

**ကမ္မဋ္ဌာန်းဆရာ ကျင့်ဝတ်**

၇၃၆။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ဂဟေတွာန၊ ယူပြီး၍။ အာစရိယဿေဝ၊ ဆရာ၏ သာလျှင်။ သန္တိကေ၊ အထံဖြစ်သော တကျောင်းတည်း ပရိဝုဏ်တခုတည်း

၌။ ဝသန္တဿ၊ နေသောရဟန်းအား။ အာဂတာဂတက္ခဏေ၊ လာတိုင်းလာတိုင်းသော ခဏ၌။ [သ-ကာရော ပဒသန္ဓိမတ္တကရော] ဝါ-ဝသန္တဿ၊ နေသော။ အာဂတဿ၊ လာသောရဟန်းအား။ အာဂတက္ခဏေ၊ လာသော ခဏ၌။ ကထေတဗ္ဗံ၊ အကြောင်းကို ကြား၍ ကြား၍ ဆိုအပ်၏။

၈၃၇။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ဥဂ္ဂဟေတွာ၊ သင်ပြီး၍။ အညတြ၊ တပါးသောအရပ်သို့။ ဂန္တုကာမဿ၊ သွားခြင်းငှါအလိုရှိသော။ ဘိက္ခုနော ပန၊ ရဟန်းအားကား။ နာတိသင်္ခေပဝိတ္ထာရံ၊ မကျဉ်းလွန်း, မကျယ်လွန်းသည်ကို။ ကတွာ၊ ပြု၍။ ကထေတဗ္ဗံ၊ ဟောအပ်၏။

## ကမ္မဋ္ဌာန်းအားထုတ်မည့် ယောဂီကျင့်ဝတ်

၈၃၈။ တေနပိ၊ ထိုရဟန်းသည်လည်း။ မနောဘုနော၊ စိတ်ကိုနှိပ်စက်တတ်သောကြောင့် မနောဘုဟု ဆိုအပ်သော ကာမရာဂ၏။ သမ္မဒ္ဒနံ၊ ထိုးခုတ်၍လည်းရာ အရပ်ကဲ့သို့သော။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ဂဟေတွာ-န၊ ယူ၍။ အဋ္ဌရသဟိ[၁]၊ တဆယ့်ရှစ်ပါးကုန်သော။ ဒေါသေဟိ၊ အပြစ်တို့နှင့်။ နိစ္စံ၊ အမြဲ။ ဝိဝဇ္ဇိတေ၊ မယှဉ်သော။

---

၁။ (အပြစ်ရှိသော, မလျောက်ပတ်သောကျောင်း ၁၈-မျိုး။

(၁) ဝိဝါဒပွါး စကားများ ဆူလှောင်းသောကျောင်း။
(၂) ကျောင်းသစ်။
(၃) ပြင်ဖွယ်များသော ကျောင်းဟောင်း။
(၄) လမ်းမကြီးနှင့် နီးသောကျောင်း။
(၅) အများသုံး ရေတွင်း ရေကန် ထုံးအိုင်နှင့် နီးသောကျောင်း။
(၆) ရွာသူ ရွာသား ကျက်စားရာ ဟင်းရွက်တောနှင့် နီးသောကျောင်း။
(၇) ပန်းဥယျာဉ်နှင့် နီးသောကျောင်း။
(၈) သစ်သီးရှိသောကျောင်း။
(၉) ချီးမွမ်းဖွယ်ကောင်း၍ လူစုံပြွမ်းသည့်ကျောင်း။
(၁၀) မြို့နှင့်နီးသောကျောင်း။
(၁၁) သစ်တော, ထင်းတော, ဝါးတောနှင့် နီးသောကျောင်း။
(၁၂) လယ်ယာနှင့် နီးသောကျောင်း။
(၁၃) ရဟန်းရန်သူရှိသောကျောင်း။
(၁၄) ရေဆိပ်, ကုန်းဆိပ်နှင့် နီးသောကျောင်း။

လျှောက်ပတ်သောကျောင်း ၈၃၉။ အနုရူပေ၊ လျှောက်ပတ်သော။ ဂါမတော၊ ဆွမ်းခံရွာမှ။ နာတိဒူရေ၊ ဆွမ်းခံရွာ၏ ဂါဝုတ်ခွဲအတွင်း၌ ရှိသည်၏အဖြစ်ကြောင့် မဝေးလွန်းသော။ နစ္စာသန္နေ၊ လေးအပြန်ငါးရာ ရှိသည်၏အဖြစ်ကြောင့် မနီးလွန်းသော။ သိဝေ၊ ချမ်းစွာသော။ ပဥ္စင်္ဂသံယုတေ၊ ငါးပါးသောအင်္ဂါနှင့်ယှဉ်သော ၁။ ဝိဟာရသ္မိံ၊ ကျောင်း၌။ ဝိဟာတဗ္ဗံ၊ နေအပ်၏။

ခုဒ္ဒကပလိဗောဓ ၈၄၀။ ခုဒ္ဒကော၊ ငယ်သော။ ပလိဗောဓော၊ ကြောင့်ကြမှု ပလိဗောဓသည်။ စေ ပန အတ္ထိ၊ အကယ်၍ရှိအံ့။ ဝိဘာဝိနာ၊ ပညာရှိသော ရဟန်းသည်။ ခုဒ္ဒကော၊ ငယ်သော။ ပလိဗောဓောပိ၊ ပလိဗောဓကိုလည်း။ ဆိန္ဒိတဗ္ဗော၊ ဖြတ်အပ်၏။ ဒီဃာ၊ ရှည်ကုန်သော။ ကေသာ၊ ဆံတို့ကို။ ဆိန္ဒိတဗ္ဗာ၊ ရိတ်အပ်ကုန်၏။ ဒီဃာ၊ ရှည်ကုန်သော။ နခါ၊ လက်သည်း ခြေသည်းတို့ကို။ ဆိန္ဒိတဗ္ဗာ၊ ဖြတ်အပ်ကုန်၏။ ဒီဃာ၊ ရှည်ကုန်သော။ လောမာ၊ အမွေးတို့ကို။ ဆိန္ဒိတဗ္ဗာ၊ နုတ်အပ်ကုန်၏။

၈၄၁။ စီဝရံ၊ သင်္ကန်းသည်။ ကိလိဋ္ဌံ၊ ညစ်နွမ်းသည်။ သစေ သိယာ၊ အကယ်၍ဖြစ်အံ့။ စီဝရံ၊ သင်္ကန်းကို။ ရဇိတဗ္ဗံ၊ ဆိုးအပ်၏။ ပတ္တမလံ၊ သပိတ်၌ အညစ်အကြေး ရှိသည်။ သစေ ဟောတိ၊ အကယ်၍ဖြစ်အံ့။ သော ပတ္တော၊ ထိုသပိတ်ကို။ သုဋ္ဌု၊ ကောင်းစွာ။ ပစိတဗ္ဗော၀၊ ဖုတ်အပ်သည် သာလျှင်ကတည်း။

---

(၁၅) သဒ္ဓါနည်းပါးသော ရွာစွန်ကျောင်း။
(၁၆) မင်းဘေးနှင့် နီးသောကျောင်း။
(၁၇) မင်း ၂-ပါးတို့၏ အလယ်၌တည်သော တိုင်းကျပ်ကျောင်း။
(၁၈) ဘီလူးဘေးစသည် ရှိသောကျောင်း။ ဋင်း ဋီကာသစ်၊ ဒု၊နှာ-၂၂၇။ ဝိသုဒ္ဓိ၊ဋ္ဌ၊ ပ၊နှာ-၁၃၈။)

၁။ (လျှောက်ပတ်သော ကျောင်းအင်္ဂါ ၅-ပါး—
(၁) ဆွမ်းခံရွာနှင့် မနီးမဝေး နေ့ချင်းပြန်နိုင်ခြင်း။
(၂) နေ့အခါ လူတို့နှင့် မရောမယှက်ခြင်း, ညဉ့်အခါ လူသံကင်းဆိတ်ခြင်း။
(၃) မှက်, ခြင်စသော ဘေးရန်မရှိခြင်း။
(၄) ပစ္စည်း လေးပါး ရလွယ်ခြင်း။
(၅) အကျင့်စာရိတ္တ,ပရိယတ္တိ,ပဋိပတ္တိ ဗဟုဿုတနှင့် ပြည့်စုံသော မထေရ်ရဟန်းတို့ နေထိုင်ခြင်း။ ဋင်း ဋီကာသစ်၊ဒု၊နှာ-၂၂၉။ အံ၊ဌ၊နှာ-၂၆၈။)

## ကသိုဏ်းဝန်းပြုလုပ်နည်း

၀၄၂။ အစ္စိန္နပလိဗောဓေန၊ ဖြတ်အပ်ပြီးသော ပလိဗောဓရှိသော။ တေန ဘိက္ခုနာ၊ ထိုရဟန်းသည်။ ပစ္ဆာ၊ ဆွမ်းစားပြီးသည်နောက်၌။ ဝိဝိတ္တေ၊ လူတို့မှဆိတ်သော။ ဩကာသေ၊ အရပ်၌။ ယထာသုခံ၊ ချမ်းသာစွာ။ ဝသန္တေန၊ နေသဖြင့်။

ကသိုဏ်းအပြစ် ၄-ပါး ၀၄၃။ နီလံ၊ ညိုသောအဆင်းရှိသော။ မတ္တိကဥ္စ၊ မြေကိုလည်း။ ပီတံ၊ ရွှေသောအဆင်းရှိသော။ မတ္တိကဥ္စ၊ မြေကိုလည်း။ သေတံ၊ ဖြူသောအဆင်းရှိသော။ မတ္တိကဥ္စ၊ မြေကိုလည်း။ လောဟိတံ၊ နီသောအဆင်းရှိသော။ မတ္တိကဥ္စ၊ မြေကိုလည်း။ ဝဇ္ဇေတွာ၊ ကြဉ်၍။ သဏှာယ၊ နူးညံ့သော။ အရုဏဝဏ္ဏာယ၊ အရုဏ်အဆင်းနှင့်တူသော အရောင်ရှိသော။ မတ္တိကာယ၊ မြေဖြင့်။

၀၄၄။ ဈာနံ၊ ဈာန်သို့။ ပတ္တုကာမေန၊ ရောက်ခြင်းငှါ အလိုရှိသော။ ဓီမတာ၊ ပညာရှိသော ရဟန်းသည်။ မနောရမံ၊ နှလုံးမွေ့လျော်ဘွယ်ရှိသော။ ကသိဏံ၊ ကသိုဏ်းကို။ ကတ္တဗ္ဗံ၊ ပြုအပ်၏။ ဝိဝိတ္တသ္မိံ၊ လူတို့မှဆိတ်သော။ သေနာသနေ ဝါ၊ ကျောင်း၌လည်း။ ဗဟိဒ္ဓါ ဝါ၊ ကျောင်းစွန်အပ၌လည်း။ တာဒိသေ၊ ထိုသို့သဘောရှိသော။

ကသိုဏ်းဝန်း ၂-မျိုး ၀၄၅။ ပဋိစ္ဆန္နေ၊ ဖုံးလွှမ်းအပ်သော။ ဌာနေ ဝါ၊ အရပ်၌လည်း။ ပဗ္ဘာရေ ဝါ၊ တောင်ဝှမ်း၌လည်း။ ဂုဟန္တရေ ဝါ၊ လိုဏ်အတွင်း၌လည်း။ သံဟာရိမံ ဝါ၊ သွားရာဆောင်ခြင်းငှါ လျောက်ပတ်သော ကသိုဏ်ဝန်းကိုလည်း (ပြောင်းရွှေ့၍ရသော ကသိုဏ်းဝန်းကိုလည်း)။ တတြဋ္ဌကမေဝ ဝါ၊ ထိုပြုရာအရပ်၌သာ တည်သော ကသိုဏ်းဝန်းကိုလည်း။ ကာတဗ္ဗံ၊ ပြုအပ်၏။

သံဟာရိမ ကသိုဏ်းဝန်း ၀၄၆။ သံဟာရိမံ၊ သွားရာ ဆောင်ခြင်းငှါ လျောက်ပတ်သော ကသိုဏ်းဝန်းကို။ ကရောန္တေန၊ ပြုသော ရဟန်းသည်။ စတူသုပိ ဒဏ္ဍကေသု၊ လေးချောင်းသော လှံတံတို့၌လည်း။ စမ္မံ ဝါ၊ သားရေကိုလည်း။ ကဋသာရံ ဝါ၊ ဖျာသင်ဖြူးကိုလည်း။ ဝဏ်ဏဒီ၊ ထိုမှတပါး။ ဒုဿပဋ္ဋမ္ပိ ဝါ၊ ပုဆိုးဖျင်ကိုလည်း။

၈၄၇။ ဗန္ဓိတွာ၊ ဖွဲ့၍။ တတ္ထ၊ ထိုသားရေ, ဖျာသင်ဖြူး, ပုဆိုးဖျင်၌။ ပမာဏတော၊ ဆိုလတ္တံ့သော ပမာဏအားဖြင့်။ မတ္တိကာယ၊ မြေဖြင့်။ ကာတဗ္ဗံ၊ ပြုအပ်၏။ တံ၊ ထိုကသိုဏ်းဝန်းကို။ ဘူမိယံ၊ မြေ၌။ ပတ္ထရိတွာ စ၊ ဖြန့်၍လည်း။ သြလောကေတဗ္ဗမေဝ၊ ကြည့်အပ်သာလျှင်ကတည်း။

**တတြဋ္ဌက ကသိုဏ်းဝန်း** ၈၄၈။ တတြဋ္ဌံ၊ ထိုပြုရာအရပ်၌သာ တည်သော ကသိုဏ်းဝန်းကို။ ကရောန္တေန၊ ပြုသော ရဟန်းသည်။ ဘူမိယံ၊ မြေ၌။ ဝဋ္ဋံ၊ အဝန်းကို။ ကတွာ၊ ပြု၍။ ခါဏုကေ၊ တံသင်းတို့ကို။ အာကောဋေတွာန၊ နှက်၍။ တံ၊ ထိုသားရေ, ဖျာသင်ဖြူး ပုဆိုးဖျင်ကို။ ဝလ္လိဟိ၊ နွယ်တို့ဖြင့်။ ဝိနန္ဓိတွာ၊ မြေးယှက်၍။ ကဏ္ဏိကံ၊ ကြာချပ်နှင့်အတူ။ သမံ၊ ညီစွာ။ ကာတဗ္ဗံ၊ ပြုအပ်၏။

**ကသိုဏ်းဝန်းပမာဏ** ၈၄၉။ ဝိဝဋ္ဋံ၊ ဝဋ်ဆင်းရဲအပေါင်းမှ ကင်းမဲ့သော နိဗ္ဗာန်ကို။ ဣစ္ဆတာ=ဣစ္ဆန္တေန၊ အလို ရှိသောရဟန်းသည်။ တံ၊ ထိုကသိုဏ်းကို။ ဝိတ္ထာရတော ပမာဏေန၊ အကျယ်ပမာဏအားဖြင့်။ ဝိဒတ္ထိ စတုရင်္ဂုလံ၊ တထွာအလွန် လက်လေးသစ် ပမာဏရှိသော။ ဝဋ္ဋံ၊ အဝန်းကို။ ကာတုံ၊ ပြုခြင်းသည်။ ဝဋ္ဋတိ၊ အပ်၏။

၈၅၀။ ပဏ္ဍိတော၊ ပညာရှိသော ရဟန်းသည်။ ကသိဏမဏ္ဍလံ၊ ကသိုဏ်းဝန်းကို။ သာဓု၊ ကောင်းစွာ။ ဘေရိတလသမံ၊ စည်မျက်နှာနှင့် အတူ ညီညွတ်သည်ကို။ ကတွာ၊ ပြု၍။ တံ ဌာနံ၊ ထိုကသိုဏ်းဝန်းထားရာ အရပ်ကို။ သမ္မဇ္ဇိတွာန၊ တံမြက်လှည်း၍။ နှာတွာ၊ ကိုယ်ပူ အိုက်ခြင်းကို ပျောက်ခြင်းငှါ ရေချိုး၍။ အာဂမ္မ၊ လာ၍။

၈၅၁-၂။ တမှာ ကသိဏမဏ္ဍလာ၊ ထိုကသိုဏ်းဝန်းထားရာ အရပ်မှ။ ဟတ္ထပါသပ္ပမာဏသ္မိံ၊ နှစ်တောင့်ထွာ ပမာဏ ဟတ္ထပါသ အတွင်း ဖြစ်သော။ ပဒေသေ၊ အရပ်၌။ သုပညတ္တေ၊ ကောင်းစွာထားအပ်သော။ ဝိဒတ္ထိစတုရင်္ဂုလေ ဥစ္စေ၊ တထွာလက်လေးသစ်မြင့်သည်။ ဟုတွာ၊ ဖြစ်၍။ သုအတ္ထတေ၊ ကောင်းစွာခင်းအပ်သော။ တတ္ထ အာသနသ္မိံ၊ ထိုနေရာ၌။ နိသီဒိတွာ၊ ထက်ဝယ်ဖွဲ့၍။ ကာယံ၊ ကိုယ်ကို။ ဥဇုံ၊ ဖြောင့်စွာ။ ပဏိဓာယ၊ ထား၍။ ပရိမုခံ၊ ကမ္မဋ္ဌာန်းသို့ရှေးရှု။ သတိံ၊ သတိကို။ ကတွာ=ဌပေ-တွာ၊ ထား၍။

**ကာမဂုဏ်အပြစ်ကိုရှုခြင်းစသည်** ဂ၅၃။ ကာမေသု၊ ဝတ္ထုကာမ,ကိလေသ ကာမတို့၌။ အာဒီနဝံ၊ အပြစ်ကို။ ဒိသွာ၊ ရှု၍။ နေက္ခမ္မံ၊ နေက္ခမ္မဟု ဆိုအပ်သော ဥပစာနှင့် တကွသော ဈာန်, နိဗ္ဗာန်, ဝိပဿနာကို။ ဝါ၊ နေက္ခမ္မဟု ဆိုအပ်သော အလုံးစုံသော ကုသိုလ်တရားကို။ ခေမတော၊ ဘေးမရှိသောအားဖြင့်။ ဒဋ္ဌု ဒိသွာ၊ ရှု၍။ ရတနတ္တယေ၊ ရတနာသုံးပါးတို့၏ အပေါင်း၌။ ပရမံ ပီတိပါမောဇ္ဇံ၊ ရတနာသုံးပါးဂုဏ်ကို အောက်မေ့သဖြင့် အားကြီးသော နှစ်သက်ဝမ်းမြောက်မှု ပီတိပါမောဇ္ဇကို။ ဇနေတွာ၊ ဖြစ်စေ၍။

**အားထုတ်ခြင်း** ဂ၅၄။ အဟံ၊ ငါသည်။ ဣမာယ ပဋိပတ္တိယာ၊ ဤ ဘုရား,ပစ္စေကဗုဒ္ဓါ, သာဝကတို့သည် ကျင့်အပ်သော နေက္ခမ္မပဋိပတ္တိဖြင့်။ ပဝိဝေကသုခဿ၊ စိတ္တဝိဝေကအစရှိသော ဝိဝေကကို ဖြစ်စေတတ်သော သုခကို။ ဘာဂီ၊ ရခြင်းရှိသည်။ အဒ္ဓါ၊ မချွတ်။ အဿံ=ဘဝေယျံ၊ ဖြစ်အံ့။ ဣတိ၊ ဤသို့။ ဥတ္တမံ=မဟန္တံ၊ ကြီးစွာသော။ ဉဿာဟံ၊ အားထုတ်ခြင်းကို။ ကတွာ၊ ပြု၍။

ဂ၅၅။ သမေနေဝ အာကာရေန၊ မဖွင့်လွန်း မမှိတ်လွန်းသော ကြည့်ခြင်းတည်းဟူသော ညီညွတ်သော ကြည့်ခြင်းဟု ဆိုအပ်သော အခြင်းအရာဖြင့်လျှင်။ လောစနံ၊ မျက်စိကို။ ဥမ္မိလိတွာန၊ ဖွင့်၍။ နိမိတ္တံ၊ ပထဝီကသိုဏ်း၌ စက္ခုဖြင့် ယူအပ်သောအာရုံကို။ ဂဏှတာ=ဂဏှန္တေန၊ နှလုံးပြု၍ ယူသဖြင့်။ သာဓု၊ ကောင်းစွာ။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ဘာဝေတဗ္ဗံ၊ ပွါးစေအပ်၏။

**ဆင်ခြင်ပုံ ဆင်ခြင်နည်း** ဂ၅၆။ ယော ဝဏ္ဏော၊ အကြင်ပထဝီကသိုဏ်း၌ အရုဏ်အဆင်းနှင့် တူသော အရောင်သည်။ အတ္ထိ၊ ရှိ၏။ သော ဝဏ္ဏော၊ ထိုအရုဏ်အဆင်းနှင့် တူသော အရောင်ကို။ န ပေက္ခိတဗ္ဗော=န စိန္တေတဗ္ဗော၊ (အရောင်အဆင်းအစွမ်းဖြင့် ဝဏ္ဏကသိုဏ်းကို နှလုံးသွင်း၍ ပွါးသကဲ့သို့ ယောဂီသည်) မကြံအပ်။ လက္ခဏံ၊ ကသိုဏ်း၌ ပထဝီဓာတ်၏ ထဒ္ဓလက္ခဏာတည်းဟူသော ပရမတ္ထ

ကိုလည်း။ န စ ဒဋ္ဌဗ္ဗံ၊ နှလုံးမသွင်းအပ်။ ဝဏ္ဏံ ပန၊ အဆင်းကိုကား။ အမုဉ္စိတွာ၊ မလွှတ်မူ၍။ ဥဿဒဿ ဝသေန၊ များသည်၏ အစွမ်းဖြင့်[၁]။

**စီးဖြန်းပုံ** ၇၅၇။ ပဏ္ဏတ္တိဓမ္မသို့၊ သသမ္ဘာရပထဝိကိုစွဲ၍ ပညတ်အပ်သော ဝေါဟာရမျှ၌။ စိတ္တံ၊ စိတ်ကို။ ဌပေတွာ၊ ထား၍။ ဧကဂ္ဂမာနသော၊ တည်ကြည်သော စိတ်ရှိသည်။ ဟုတွာ၊ ဖြစ်၍။ ပထဝီ ပထဝီစွေဝ၊ ပထဝီ, ပထဝီဟူ၍သာလျှင်။ ဝတွာ၊ ဆို၍။ ပဏ္ဍိတော၊ ပညာရှိသောရဟန်းသည်။ ဘာဝေယျ၊ ပွါးစေရာ၏[၂]။

၇၅၈။ ပထဝီ၊ မြေ။ မေဒနီ၊ မြေ။ ဘူမိ၊ မြေ။ ဝသုဓာ၊ မြေ။ ဝသုန္ဒရာ၊ မြေ။ ဧဝံ၊ ဤသို့။ ပထဝိနာမေသု၊ ပထဝီအမည်တို့တွင်။ ဧကံ၊ တခုခုကို။ ဝတ္တုမ္ပိ၊ ဆိုခြင်းသည်လည်း။ ဝဋ္ဋတိ၊ သင့်၏။

**ဥဂ္ဂဟနိမိတ်ဖြစ်အောင် အားထုတ်ပုံ** ၇၅၉။ ယာဝ၊ အကြင်မျှလောက်။ ဥဂ္ဂဟနိမိတ္တံ၊ ဥဂ္ဂဟနိမိတ်သည်။ နုပ္ပဇ္ဇတိ၊ မဖြစ်သေး။ တာဝ၊ ထိုမျှလောက်။ သော ယောဂီ၊ ထိုယောဂီပုဂ္ဂိုလ်သည်။ ကိဉ္စိကာလံ၊ အတန်ငယ်သော ကာလပတ်လုံး။ ဥမ္မီလိတွာ၊ မျက်စိကိုဖွင့်၍။ နိမိတ္တဂ္ဂဟဏဝသေန၊ နိမိတ်ကို ယူသည်၏ အစွမ်းဖြင့်။ ကသိဏမဏ္ဍလံ၊ ကသိုဏ်းဝန်းကို။ ဩလောကေတွာ၊ ကြည့်၍။ ပုန၊ တဖန်။ ကိဉ္စိကာလံ၊ အတန်ငယ်သော ကာလပတ်လုံး။ နိမ္မီလိတွာ[၃]၊ မျက်စိကို မှိတ်၍။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ အာဝဇ္ဇေယျ၊ ဆင်ခြင်ရာ၏။

၇၆၀။ ဧဝံ၊ ဤဆိုအပ်ပြီးသော နည်းဖြင့်။ ဧကဂ္ဂစေတသော၊ တည်ကြည်သော စိတ်ရှိသည်။ ဟုတွာ၊ ဖြစ်၍။ ဘာဝယတော၊ ပွါးစေ

---

၁။ (သသမ္ဘာရ ပထဝီဓာတ်၌ ပထဝီဓာတ်၏ သတ္တိအားဖြင့် လွန်ကဲများပြားသည် ဖြစ်၍ ပထဝီ=မြေ ဟူ၍ ခေါ်ဝေါ်သမုတ်ထားသည်။ ၎င်း ဋီကာသစ်၊ ဒုနှာ-၂၃၃။)

၂။ (ဆင်ခြင်သည့်အခါ အရုဏ်ရောင်အဆင်းကိုလည်း မဆင်ခြင်၊ ပထဝီဓာတ်၏ ခက်ထန် ကြမ်းတမ်းခြင်း ထဒ္ဓလက္ခဏာကိုလည်း မဆင်ခြင်ပဲ အဆင်းကို ယင်း၏ မှီရာ မြေဒြဗ်နှင့် တစပ်တည်းထင်စေ၍ အရုဏ်ရောင်အဆင်း၏ မှီရာ သသမ္ဘာရ မြေဒြဗ်တည်းဟူသော ဝေါဟာရ ပညတ်၌ စိတ်ကိုထား၍ ပထဝီ, ပထဝီစသည်ဖြင့် နှုတ်ဖြင့်ရွတ်၍၎င်း၊ မရွတ်ပဲ စိတ်ဖြင့် ကြံဆ၍၎င်း ဆင်ခြင်ပွါးများရမည်။ ၎င်း ဋီကာသစ်၊ဒုနှာ-၂၃၃-၄။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ပ၊နှာ-၁၂၁-၂။)

၃။ (ဆဋ္ဌမူ၌ နိမီလိတွာ ဟု ရှိသည်။)

သော။ ပုန၊ တဖန်။ နိမ္မိလိတွာ၊ မျက်စိကိုမှိတ်၍။ အာဝဇ္ဇန္တဿ၊ ဆင်ခြင်သော။ တဿ ယောဂိနော။ ထိုယောဂီပုဂ္ဂိုလ်အား။ ယဒါ၊ အကြင်အခါ၌။

ဥဂ္ဂဟနိမိတ်ဖြစ်ပုံ　ဂ၆၁။ ဥမ္မီလိတေ ကာလေ ယထာ၊ မျက်စိကို ဖွင့်သော ကာလ၌ကဲ့သို့။ တထာ၊ ထို့အတူ။ တံ၊ ထိုကသိုဏ်းဝန်းသည်။ အာပါထံ၊ မနောဒွါရိကဇောတို့၏ အာရုံအဖြစ်သို့။ ဧ ယာတိ၊ အကယ်၍ရောက်အံ့။ တဒါ၊ ထိုအခါ၌။ ဥဂ္ဂဟနိမိတ္တံ၊ ဥဂ္ဂဟနိမိတ်သည်။ ဥပ္ပန္နံ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ပဝုစ္စတိ၊ ဆိုအပ်၏။

ပဋိဘာဂနိမိတ်ပေါ်အောင် အားထုတ်ပုံ　ဂ၆၂။ နိမိတ္တေ၊ ဥဂ္ဂဟနိမိတ်သည်။ သဥ္ဇာတေ ပန၊ ဖြစ်သည်ရှိသော်ကား။ တတော၊ ထိုဥဂ္ဂဟနိမိတ်ဖြစ်သည်မှ။ ပဘုတိ၊ စ၍။ ဝိဇာနတာ၊ ပညာရှိသော။ ယောဂိနာ၊ ယောဂီပုဂ္ဂိုလ်သည်။ တသ္မိံ ဌာနေ ဝေ၊ ထိုဥဂ္ဂဟ နိမိတ်ဖြစ်ရာအရပ်, ကသိုဏ်းဝန်းရှိရာ အရပ်၌သာလျှင်။ နော စ နိသီဒိတဗ္ဗံ၊ မနေအပ်။

ဂ၆၃။ ဓီမတာ၊ ပညာရှိသော။ တေန ယောဂိနာ၊ ထိုယောဂီပုဂ္ဂိုလ်သည်။ အတ္တနော၊ မိမိ၏။ ဝသနဋ္ဌာနံ၊ နေရာအရပ်သို့။ ပဝိသိတွာန၊ ဝင်၍။ တတ္ထ၊ ထိုမိမိနေရာအရပ်၌။ ယထာသုခံ၊ ချမ်းသာစွာ။ နိသိန္နေန၊ နေသဖြင့်။ ဘာဝေတဗ္ဗံ၊ ပွါးစေအပ်၏။

ဂ၆၄။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ ပါဒါနံ၊ ခြေတို့ကို။ ဓောဝနေ၊ ဆေးခြင်း၌။ ပပဥ္စပရိဟာရတ္ထံ၊ ကြာမြင့်ခြင်းကို ရှောင်လွှဲခြင်းငှါ။ ဧကတလိကာ၊ တထပ်မျှရှိကုန်သော။ ဒွေ ဥပါဟနာ စ၊ နှစ်ခုသော ဘိနပ်တို့ကိုလည်း။ ဣစ္ဆိတဗ္ဗာ၊ အလိုရှိအပ်ကုန်၏[၁]။

---

၁။ (ယောဂီရဟန်းသည် ကျောင်းစွန်တခု၌ ကမ္မဋ္ဌာန်း အားထုတ်နေစဉ် အတောအတွင်း ကျင်ငယ်စသည်စွန့်ရန် ကမ္မဋ္ဌာန်းအားထုတ်ရာ အရပ်မှ တခြားသို့သွား၍ ကျင်ငယ်စသည်စွန့်ပြီး ကမ္မဋ္ဌာန်းအားထုတ်ရာသို့ ပြန်လာသည့်အခါ ခြေတို့ကို ဆေးကြော သုတ်သင်ရမည်၊ အကြောင်းကား ခြေတို့ကို မဆေးကြောပဲ သံဃိကကျောင်းကို ခြေနင်းမိခဲ့လျှင် အာပတ်သင့်သောကြောင့်ဖြစ်သည်၊ အာပတ်သင့်နေလျှင် သီလဝိသုဒ္ဓိမဖြစ်တော့ပေ၊ သွားတိုင်း သွားတိုင်း ခဏခဏ ခြေတို့ကို ဆေးကြောသုတ်သင်ပြန်လျှင်လည်း ကမ္မဋ္ဌာန်းအလုပ်ဖင့်နွှေးမည်၊ ကမ္မဋ္ဌာန်း အနှောင့်အရှက်ဖြစ်မည်၊ သို့ဖြစ်၍ တထပ်သော ဘိနပ်ကို စီးနင်း

၇၆၅။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်၏။ ဝါ၊ ထိုယောဂီပုဂ္ဂိုလ်အား။ တရုဏော၊ နုသော။ သမာဓိ၊ သမာဓိသည်။ ကေနစိ အသပ္ပါယေန၊ အာဝါသ အသပ္ပါယ အစရှိသည်တို့တွင် တစုံတခု မလျော်ကပ်သော ကြောင့်။ သစေ နဿတိ၊ အကယ်၍ ပျောက်ခဲ့အံ့။ တံ ဌာနံ၊ ထိုကသိုဏ်း ဝန်းထားရာအရပ်သို့။ ဂန္တွာ၊ သွား၍။ တံ၊ ထိုဥဂ္ဂဟနိမိတ်ကို။ အာဒါယ၊ ယူ၍။

၇၆၆။ ပိဋ္ဌေ၊ အင်းပျဉ်၌။ သုခနိသိန္နေန၊ ချမ်းသာစွာနေသဖြင့်။ တံ၊ ထိုဥဂ္ဂဟနိမိတ်ကို။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ဘာဝေတဗ္ဗ၊ ပွါးလည်း ပွါးစေအပ်၏။ သမန္နာဟရိတဗ္ဗ၊ ဆင်လည်း ဆင်ခြင်အပ်၏။ တက္ကာဟ- တမ္ပိ စ၊ ကြံတတ်သောကြောင့် တက္ကဟု ရအပ်သော အမည်ရှိသော ဘာဝ နာစိတ်နှင့်ယှဉ်သော သမ္မာသင်္ကပ္ပဖြင့် ရှေးဦးစွာ ကြံခြင်း, အဖန်တလဲလဲ ကြံခြင်းကိုလည်း။ ကရေ=ကရေယျ၊ ပြုရာ၏။

၇၆၇။ စိတ္တံ၊ စိတ်သည်။ တံ နိမိတ္တံ ပန၊ ထိုနိမိတ်ကိုလျှင်။ ဟိတွာ၊ စွန့်၍။ ဗဟိ၊ အပ၌။ စေ ဓာဝတိ၊ အကယ်၍ ပြေးအံ့။ မာနသံ၊ စိတ်ကို။ နိဝါရေတွာ၊ တားမြစ်၍။ နိမိတ္တသ္မိံ၊ ဥဂ္ဂဟနိမိတ်၌။ ဌပေတဗ္ဗံ၊ ထားအပ် ၏။

**ပဋိဘာဂနိမိတ်ဖြစ်ပုံ** ၇၆၈။ တပေါဓနော၊ ခြိုးခြံသော အကျင့်တည်းဟူသော ဥစ္စာရှိသော ယောဂီပုဂ္ဂိုလ်သည်။

ယတ္ထ ယတ္ထ၊ အကြင်အကြင်အရပ်၌။ နိသီဒိတွာ၊ နေ၍။ တံ နိမိတ္တံ၊ ထိုဥဂ္ဂဟနိမိတ်ကို။ မနသိကာတုံ၊ နှလုံးသွင်းခြင်းငှါ (ထည့်)။ ဣစ္ဆတိ၊ အလိုရှိ၏။ တတ္ထ တတ္ထ၊ ထိုထိုအရပ်၌။ ဒိဝါရတ္တိံ၊ နေ့, ညဉ့်ပတ်လုံး။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်၏။ စေတသော၊ စိတ်အား။ ဥပဋ္ဌာတိ၊ ထင်၏။

၇၆၉။ ဝေ၊ ဤသို့။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ တက္ကာဟတံ၊ ဝိတက် ဖြင့် ကြံသည်ကို။ ကရောန္တဿ၊ ပြုသော။ တဿ ယောဂိနော၊ ထိုယောဂီ

---

သွားရမည်၊ အထပ်များသော ဘိနပ်ကို မစီးရ၊ အထပ်များသော ဘိနပ်ကို စီးလျှင် အသံ ဖြစ်ပေါ်လာ၍ ကမ္မဋ္ဌာန်း၏ ဈာန်၏ ဆူးငြောင့်ခလုတ်ဖြစ်သည်၊ ထို့ကြောင့် တထပ်သော ဘိနပ်ကိုသာ စီးရမည်၊ ထို့အတူ ဘေးရန်ကာကွယ်ရန်အတွက် တောင်ဝှေးကိုလည်း ကိုင် ဆောင်ရမည်။ ရင်း ဋီကာသစ်၊ဒုနှာ-၂၃၄။ ဝိသုဒ္ဓိမဂ်၊ဌ၊ပနှာ-၁၂၂။)

ပုဂ္ဂိုလ်အား။ အနုပုဗ္ဗေန၊ အစဉ်သဖြင့်။ သမ္ဘာနိ၊ ခပ်သိမ်းကုန်သော။ ပဉ္စ နီဝရဏာနိပိ စ၊ ငါးပါးသော နီဝရဏတို့သည်လည်း။ ဝိက္ခမ္ဘန္တိ၊ ကွာကုန်၏။

၇၇၀။ ယောဂိနော၊ ယောဂီပုဂ္ဂိုလ်အား။ ဥပစာရသမာဓိနာ၊ ဥပစာရသမာဓိဖြင့်။ စိတ္တမ္ပိ၊ စိတ်သည်လည်း။ သမာဓိယတိ၊ တည်ကြည်၏။ ပဋိဘာဂနိမိတ္တမ္ပိ၊ ပဋိဘာဂနိမိတ်သည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

**ဥဂ္ဂဟနိမိတ်နှင့် ပဋိဘာဂနိမိတ်အထူး**

၇၇၁။ ဣမဿ ဝါ၊ ဤပဋိဘာဂနိမိတ်၏ရင်း။ ပုရိမဿ ဝါ၊ ရှေးဥဂ္ဂဟနိမိတ်၏ရင်း။ ယော ဝိသေသော၊ အကြင်အထူးသည်။ အတ္ထိ၊ ရှိ၏။ အယံ ဝိသေသော၊ ဤအထူးသည်။ ကော ပန၊ အဘယ်နည်း။ ဣတိအယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ ထဝိကာ၊ ကြေးမုံထည့်သော အိတ်မှ။ နီဟတံ၊ ထုတ်အပ်သော။ မဇ္ဇိတံ၊ ပွတ်သတ်အပ်သော။ အာဒါသမဏ္ဍလံ ဝိယ စ၊ ကြေးမုံဝန်းကဲ့သို့ရင်း။

၇၇၂။ မေဃတော၊ တိမ်မှ။ နိက္ခန္တံ၊ ထွက်သော။ သမ္ပုဏ္ဏံ၊ ကောင်းစွာပြည့်သော။ စန္ဒမဏ္ဍလံ ဝိယစ၊ လဝန်းကဲ့သို့ရင်း။ တောယဒေ၊ တိမ်၏အနီး၌။ ဗလာကာ ဝိယ စ၊ ဗျိုင်းကဲ့သို့ရင်း။

၇၇၃။ တဒါ၊ ထိုအခါ၌။ တံ ဥဂ္ဂဟနိမိတ္တံ၊ ထိုဥဂ္ဂဟနိမိတ်ကို။ ပဒါလေတွာ၊ ဖောက်ခွဲ၍။ နိဂ္ဂတံ ဣဝ၊ ထွက်သကဲ့သို့။ တတော၊ ထိုဥဂ္ဂဟနိမိတ်ထက်။ အဓိကတရံ၊ လွန်စွာ။ သုဒ္ဓံ၊ စင်ကြယ်သည်။ ဟုတွာ၊ ဖြစ်၍။ တံ၊ ထိုပဋိဘာဂနိမိတ်သည်။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ ဥပဋ္ဌာတိ၊ ထင်၏။

**ပဋိဘာဂနိမိတ်သည် သဏ္ဌာန်, အဆင်းမရှိ**

၇၇၄။ တံ၊ ထိုပဋိဘာဂနိမိတ်သည်။ သဏ္ဌာနဝန္တဉ္စ၊ ပုံပန်းသဏ္ဌာန် ရှိသည်လည်း။ န ဟောတိ၊ မဖြစ်။ တံ၊ ထိုပဋိဘာဂနိမိတ်သည်။ ဝဏ္ဏဝန္တဥ္စ၊ အဆင်းရှိသည်လည်း။ န ဟောတိ၊ မဖြစ်။ တံ၊ ထိုပဋိဘာဂနိမိတ်သည်။ ဥပဋ္ဌာကာရမတ္တံ၊ ထင်သောအခြင်းအရာမျှသာ

တည်း။ ပညဇံ၊ ဘာဝနာပညာသည် ဖြစ်စေအပ်၏။ ဘာဝနာမယံ၊ ဘာဝနာကြောင့်ဖြစ်၏။

**ဥပစာရသမာဓိဖြစ်ခြင်း** ၈၇၅-၆။ ဘာဝနာမယေ၊ ဘာဝနာကြောင့်ဖြစ်သော။ ပဋိဘာဂေ နိမိတ္တေ၊ ပဋိဘာဂနိမိတ်သည်။ သမုပ္ပန္နေ၊ ဖြစ်သည်ရှိသော်။ ယုတ္တယောဂဿ၊ ကမ္မဋ္ဌာန်းစီးဖြန်းခြင်း လုံ့လ၌ယှဉ်သော။ ဘိက္ခုနော၊ ရဟန်းအား။ ပဥ္စ နီဝရဏာနိပိ၊ ငါးပါးသော နီဝရဏတို့သည်လည်း။ ဝိက္ခမ္ဘိတာနေဝ၊ ကွာကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကိလေသာ၊ နီဝရဏမှ ကြွင်းကုန်သော တဒေကဋ္ဌ=ထိုနီဝရဏနှင့် ပယ်အပ်သော သဘောအဖြစ်အားဖြင့် တူသော ကိလေသာတို့သည်။ သန္နိသိန္နာဝ၊ ငြိမ်းကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဥပစာရသမာဓိနာ၊ ဥပစာရသမာဓိဖြင့်။ စိတ္တံ၊ စိတ်သည်။ သမာဟိတံယေဝ၊ တည်ကြည်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

**သမာဓိတည်ကြောင်း ၂-ပါး** ၈၇၇။ ဒွီဟိ အာကာရေဟိ၊ ဈာန်တရား တို့၏ ဆန့်ကျင်ဘက်မှ ဝေးသည်၏အဖြစ် မြဲမြံသည်၏အဖြစ်သို့ ရောက်ခြင်းတည်းဟူသော နှစ်ပါးသော အကြောင်းတို့ဖြင့်။ မာနသံ၊ စိတ်သည်။ သမာဓိယတိ၊ တည်ကြည်၏။ ဥပစာရက္ခဏေ၊ ဥပစာရအခိုက်၌ရှင်း။ တဿ သမာဓိနော၊ ထိုသမာဓိကို။ ပဋိလာဘေ စ၊ ရသောအခိုက်၌ရှင်း။ ဣတိ၊ ဤသို့။ ဒွီဟိ အာကာရေဟိ၊ နှစ်ပါးသောအကြောင်းတို့ဖြင့်။ မာနသံ၊ စိတ်သည်။ သမာဓိယတိ၊ တည်ကြည်၏။

**သမာဓိ ၂-ပါး** ၈၇၈။ ဥပစာရက္ခဏေ၊ ဥပစာရအခိုက်၌။ နီဝရဏပ္ပဟာနေန၊ နီဝရဏကို ပယ်သဖြင့်။ သမာဓိယတိ၊ စိတ်တည်ကြည်၏။

တထာ၊ ထို့အတူ။ ပဋိလာဘက္ခဏေ၊ ရသောအခိုက်၌။ အင်္ဂါနံ၊ အပ္ပနာ၌ ဖြစ်ကုန်သော ဈာန်အင်္ဂါတို့၏။ ပါတုဘာဝေန၊ ထင်ရှားဖြစ်သဖြင့်။ သမာဓိယတိ၊ စိတ်တည်ကြည်၏။

သမာဓိ ၂-ပါး အထူး　၇၇၉။ ဒွိန္နံ၊ နှစ်ပါးကုန်သော။ သမာဓီနံ၊ ဥပစာရ-သမာဓိ, အပ္ပနာသမာဓိတို့၏။ နာနာ-ကရဏံ၊ အထူးသည်။ ကိံ ပန၊ အဘယ်နည်း။ ဥပစာရက္ခဏေ၊ ဥပစာရ အခိုက်၌။ အင်္ဂါနိ၊ ဈာန်အင်္ဂါတို့သည်။ ထာမဇာတာနိ၊ ခိုင်မြဲသော အားရှိကုန်သည်။ န စ=နေဝ ဟောန္တိ၊ မဖြစ်ကုန်သာလျှင်ကတည်း။

၇၈၀။ အပ္ပနာယံ ပန၊ အပ္ပနာအခိုက်၌ကား။ အင်္ဂါနိ၊ ဈာန်အင်္ဂါတို့သည်။ ထာမဇာတာနိ၊ ခိုင်မြဲသောအားရှိကုန်သည်။ ဇာယရေ၊ ဖြစ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တံ အပ္ပနာစိတ္တံ၊ ထိုအပ္ပနာစိတ်သည်။ ဒိဝသမ္ပိ၊ တနေ့ပတ်လုံးလည်း။ ပဝတ္တတိ၊ ဖြစ်၏။

ပဋိဘာဂနိမိတ်ကို စောင့်ရှောက်အပ်ခြင်း　၇၈၁။ သော ယောဂီ၊ ထိုယောဂီပုဂ္ဂိုလ်သည်။ တေနေဝ ပလ္လင်္ကေန စ၊ ထိုပဋိဘာဂ နိမိတ်ကို ရသော ထက်ဝယ်ဖြင့်သာလျှင်။ တံ နိမိတ္တကံ၊ ထိုပဋိဘာဂနိမိတ်ကို။ ဝဍ္ဎေတွာ၊ ပွါးစေ၍။ အပ္ပနံ၊ အပ္ပနာကို။ အဓိဂန္တုံ၊ ရခြင်းငှါ။ ယဒိ သက္ကောတိ၊ အကယ်၍ တတ်နိုင်အံ့။ သုန္ဒရံ၊ ကောင်း၏။

၇၈၂။ သော ယောဂီ၊ ထိုယောဂီသည်။ နော စေ သက္ကောတိ၊ အကယ်၍ မတတ်နိုင်အံ့။ သတိမတာ၊ သတိရှိသော။ တေန ယောဂိနာ၊ ထိုယောဂီပုဂ္ဂိုလ်သည်။ တံ နိမိတ္တံ၊ ထိုပဋိဘာဂနိမိတ်ကို။ စက္ကဝတ္တိယဂဗ္ဘော ဝ စ၊ စကြဝတေးမင်းဖြစ်ခြင်းငှါ ဘုန်းရှိသော ကိုယ်ဝန်ကိုကဲ့သို့ရင်း။ ဒုလ္လဘံ၊ ရခဲသော။ ရတနံ ဝိယ စ၊ ရတနာကိုကဲ့သို့ရင်း။

နိမိတ်ကို စောင့်ရှောက်ခြင်းအကျိုး　၇၈၃။ သတတံ၊ အမြဲ။ အပ္ပမတ္တေန၊ မမေ့မလျော့သဖြင့်။ ရက္ခိ-တဗ္ဗံ၊ စောင့်အပ်၏။

လဒ္ဓံ၊ ရအပ်သော။ နိမိတ္တံ၊ ပဋိဘာဂနိမိတ်ကို၊ ရက္ခတော၊ စောင့်သော ယောဂီပုဂ္ဂိုလ်အား။ ပရိဟာနိ၊ ဥပစာရဈာန်၏ယုတ်ခြင်းသည်။ န ဝိဇ္ဇတိ၊ မရှိ။

**နိမိတ်မစောင့်ရှောက်ခြင်း အပြစ်** ၇၇၄။ နိမိတ္တေ၊ နိမိတ်ကို။ (ထည့်)အာရက္ခ- ဏော၊ စောင့်ခြင်းသည်။ အသန္တမှိ၊ မရှိသော်။ လဒ္ဓံ လဒ္ဓံ၊ ရတိုင်း ရတိုင်း သော နိမိတ်သည်။ ဝိနဿတိ၊ ပျောက်၏။

တသ္မာ၊ ထို့ကြောင့်။ တံ နိမိတ္တံ၊ ထိုနိမိတ်ကို။ ရက္ခိတဗ္ဗံ ဧဝ၊ စောင့်အပ်သာလျှင်ကတည်း။

**စောင့်ရှောက်ခြင်း အစီရင်။** ။တတြ ဝစနေ၊ ထိုစကား၌။ အယံ၊ ဤ ဆိုလတ္တံ့သည်ကား။ ရက္ခဏာ ဝိဓိ၊ စောင့် ခြင်း အစီရင်တည်း။

**အသပ္ပါယ ၇-ပါး** ၇၇၅။ အာဝါသော စ၊ ကျောင်းရင်း။ ဂေါစရော စ၊ ဆွမ်းခံရွာရင်း။ ဘဿဥ္စ၊ တိရစ္ဆာနကထာ၌ အကျုံးဝင်သော အသပ္ပါယ စကားရင်း။ ပုဂ္ဂလော စ၊ တိရစ္ဆာနကထာကို ပြောဟောတတ်သော သီလ အစရှိသော ဂုဏ်ကင်းသော ပုဂ္ဂိုလ်ရင်း။ ဘောဇနဥ္စ၊ ဘောဇဉ်ရင်း။ ဥတု စ၊ ဥတုရင်း။ ဣရိယာပထော စ၊ ရပ်ခြင်း, စင်္ကြံသွားခြင်း အစရှိသော ဣရိယာပုထ်ရင်း။ ဣတိ၊ ဤသို့။ အသပ္ပါယေ၊ မလျော်ကပ်ကုန်သော။ ဧတေ သတ္တ၊ ဤ ခုနစ်ပါးတို့ကို။ ဝိဝဇ္ဇယေ၊ ကြဉ်ရာ၏။

**သပ္ပါယ ၇-ပါး** ၇၇၆။ သပ္ပါယေ၊ လျော်ကပ်ကုန်သော။ သတ္တ၊ ခုနစ်ပါးတို့ကို။ သေဝေထ၊ မှီဝဲရာ၏။ ဟိ=သစ္စံ၊ မှန်၏။ ဧဝံ၊ ဤသို့ ဆိုအပ်ပြီးသော အပြားအားဖြင့်။ ပဋိပဇ္ဇတော၊ ခုနစ်ပါးသော အသပ္ပါယတို့ကို ကြဉ်၍ ခုနစ်ပါးသော သပ္ပါယတို့ကို မှီဝဲ သဖြင့် ကျင့်သော။ ဘိက္ခုဿ၊ ရဟန်းအား။ န စိရေနေဝ ကာလေန၊ မကြာမြင့်သော ကာလဖြင့်သာလျှင်။ အပ္ပနာ၊ အပ္ပနာသည်။ ဟောတိ၊ ဖြစ်၏။

**အပ္ပနာကောသလ္လဉာဏ် ၁၀-ပါး** ၇၇၇။ ဧဝမ္ပိ၊ ဤသို့ ဆိုအပ်ပြီးသော အပြား အားဖြင့်လည်း။ ပဋိပဇ္ဇတော၊ ကျင့် သော။ ယဿ ဘိက္ခုနော၊ အကြင်

ရဟန်းအား။ အပ္ပနာ၊ အပ္ပနာသည်။ န ဟောတေဝ၊ မဖြစ်သေးသည်သာဖြစ်ငြားအံ့။ ဗုဓော၊ ပညာရှိသော။ သော ဘိက္ခု၊ ထိုရဟန်းသည်။ အပ္ပနာယ စ ကောသလ္လံ၊ အပ္ပနာ၌ လိမ္မာသည်၏အဖြစ်ကို ဖြစ်စေတတ်သောဉာဏ်ကို။ သမ္မာ၊ ကောင်းစွာ။ သမ္ပာဒယေ၊ ပြည့်စုံစေရာ၏။

၇၇၇။ ဒသဝိဓံ၊ ဆယ်ပါးအပြားရှိသော။ ဣဒံ အပ္ပနာယ ကောသလ္လံ၊ ဤအပ္ပနာကောသလ္လကို[၁]။ ဣဓ၊ ဤအဘိဓမ္မာဝတာရကျမ်း၌။ မယာ၊ ငါသည်။ ဂန္ထဝိတ္ထာရဘီတေန၊ကျမ်းကျယ်အံ့သည်မှကြောက်သောကြောင့်။ ဝိဿဇ္ဇိတံ၊ စွန့်အပ်၏။

၇၇၉။ ဟိ=သစ္စံ၊မှန်၏။ ပဋိလဒ္ဓေ၊ရအပ်သော။ နိမိတ္တသ္မိံ၊ ပဋိဘာဂ-နိမိတ်၌။ ဝါ-နိမိတ္တသ္မိံ၊ နိမိတ်ကို။ ပဋိလဒ္ဓေ၊ ရပြီးသော်။ ဧဝံ၊ ဤသို့

---

၁။ (အပ္ပနာကောသလ္လ ၁၀-ပါး—

(၁) ဆံပင်ရိတ်ခြင်း, ခြေသည်းလက်သည်းဖြတ်ခြင်းစသော အဇ္ဈတ္တဝတ္ထု, ညစ်နွမ်းသော သင်္ကန်းကို ဖွတ်လျှော်စေခြင်းစသော ဗဟိဒ္ဓဝတ္ထုကို သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်ခြင်း။

(၂) သဒ္ဓါစသော ဣန္ဒြေငါးပါးကို ညီမျှအောင်ပြုခြင်း၊ (သဒ္ဓါနှင့်ပညာကို ညီမျှအောင် ပြုခြင်း၊ သမာဓိနှင့် ဝီရိယကို ညီမျှအောင် ပြုခြင်း၊ အခါခပ်သိမ်း သတိအားကောင်းခြင်း, အမြဲသတိထားခြင်း။)

(၃) ကသိုဏ်းနိမိတ်၌ လိမ္မာကျွမ်းကျင်စေခြင်း။ (ဘာဝနာဖြင့် ရအပ်သောနိမိတ်ကို စောင့်ရှောက်ခြင်း၌ လိမ္မာခြင်း။)

(၄) တွန့်တိုဆုတ်နစ်သော စိတ်ကို ဓမ္မဝိစယ, ဝီရိယ, ပီတိသမ္ဗောဇ္ဈင် ၃-ပါးတို့ကို ပွါးစေလျက် ချီးမြှင့်တက်ကြွားစေခြင်း။

(၅) ပျံ့လွင့်သောစိတ်ကို ပဿဒ္ဓိ, သမာဓိ, ဥပေက္ခာ သမ္ဗောဇ္ဈင် ၃-ပါးတို့ကို ပွါးစေလျက် ဖိနှိပ်ပယ်ဖျောက်ခြင်း။

(၆) မသက်သာ မရွှင်လန်းသောစိတ်ကို သံဝေဂဝတ္ထု ၈-ပါးဖြင့် ထိတ်လန့်စေခြင်း၊ ရတနာ ၃-ပါး ဂုဏ်ကို အောက်မေ့သဖြင့် ကြည်လင်ရွှင်လန်းစေခြင်း။

(၇) မတွန့်တို မပျံ့လွင့်သော, အာရုံ၌ အညီအမျှဖြစ်သော, သက်သာ ရွှင်လန်းသောစိတ်ကို လျစ်လျူရှုခြင်း။

(၈) သမာဓိ မရဘူးသော ပုဂ္ဂိုလ်ကို ဝေးစွာရှောင်ကြည်ခြင်း၊ နေက္ခမ္မ အကျင့်မကျင့်ဘူးသော ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း။

(၉) သမာဓိရပြီး, ပဌမစျာန်ရပြီး, နေက္ခမ္မအကျင့် ကျင့်ပြီးသော ပုဂ္ဂိုလ်ကို အမြဲမှီဝဲချဉ်းကပ်ခြင်း။

(၁၀) သမာဓိသို့ ညွတ်ကိုင်း ရှိုင်းဝှမ်းခြင်း။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ပ၊ နှာ-၁၂၅-၁၃၂။)

ဆိုအပ်ပြီးသော အပြားအားဖြင့်။ အပ္ပနာကောသလ္လံ၊ အပ္ပနာကောသလ္လကို။ သမ္ပာဒယတော၊ ပြည့်စုံစေသော ရဟန်းအား။ အပ္ပနာ၊ အပ္ပနာသည်။ သမ္ပဝတ္တတိ၊ ဖြစ်၏။

**ဝီရိယကို မစွန့်အပ်ခြင်း** ဂ၉၀။ ဧဝမ္ပိ၊ ဤသို့ ဆိုအပ်ပြီးသော အပြားအားဖြင့်လည်း။ ပဋိပန္နဿ၊ ကျင့်သော ရဟန်းအား။ သာ အပ္ပနာ၊ ထိုအပ္ပနာသည်။ သစေ န ပဝတ္တတိ၊ အကယ်၍ မဖြစ်အံ့။ တထာပိ၊ ထိုသို့ မဖြစ်သော်လည်း။ ပဏ္ဍိတော၊ ပညာရှိသော ရဟန်းသည်။ ယောဂံ၊ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းလုံ့လကို။ န ဇဟေ၊ မစွန့်ရာ။ ဝါယမေထေဝ၊ လုံ့လပြုရာသာလျှင်ကတည်း။

မာဏဝေါ၊ သတ္တဝါသည်။ သမ္မာဝါယာမံ၊ ဝီရိယကို။ ဟိတွာ၊ စွန့်၍။ ပရိတ္တမ္ပိ၊ အနည်းငယ်မျှလည်းဖြစ်သော။ ဝိသေသံ နာမ၊ တရားထူးမည်သည်ကို။ အဓိဂစ္ဆေ၊ ရသည်ဟု ဆိုငြားအံ့။ ဝါ၊ ရောက်သည်ဟု ဆိုငြားအံ့။ ဧတံ ဌာနံ၊ ဤသို့ ရခြင်းသည်။ ဟိ ယသ္မာ၊ အကြင့်ကြောင့်၊ န ဝိဇ္ဇတိ၊ မရှိ[၁]။ [ဋီကာဂါထာအတွက် နိဿယ၌ အနက်ရေးမထား၊ သင့်သလို ပေးလိုက်သည်။]

**သမာဓိနှင့် ဝီရိယညီမျှစေ** ဂ၉၁။ တသ္မာ၊ ထိုကြောင့်။ စိတ္တပ္ပဝတ္တိအာကာရံ၊ ဘာဝနာစိတ်၏ တွန့်သည်၏ အဖြစ်, ပျံ့လွင့်သည်၏အဖြစ် အစရှိသည်တို့၏ အစွမ်းအားဖြင့်ဖြစ်သော အခြင်းအရာကို။ သလ္လက္ခယံ=သလ္လက္ခယန္တော၊ မှတ်လျက်။ ဗုဓော၊ ပညာရှိသော ရဟန်းသည်။ ဝီရိယဿ၊ ဝီရိယ၏။ သမာဓိနာ၊ သမာဓိနှင့် (ထည့်)။ သမတံ ဧဝ၊ မျှသည်၏အဖြစ်ကိုသာလျှင်။ ပုနပ္ပုနံ၊ အဖန် တလဲလဲ။ ယောဇယေထ၊ ယှဉ်စေရာ၏။

ဂ၉၂။ ဤသကမ္ပိ၊ စဉ်းငယ်လည်း။ လယံ၊ တွန့်ခြင်းသို့။ ယန္တံ၊ ရောက်သော။ မာနသံ၊ (ဘာဝနာ) စိတ်ကို။ ပဂ္ဂဏှေထေဝ၊ ချီးမြှင့်ရာသာလျှင်ကတည်း။ အစ္စာရဒ္ဓံ၊ အားထုတ်လွန်းသော ဝီရိယကို။ နိသေဓေတွာ၊

---

၁။ (မာဏဝေါ စသော ဂါထာသည် ဆင္ဌမူ၌ မရှိပါ၊ ဋီကာဋီကာသစ်၊ ဒု၊ နှာ-၂၃၉ ၌ တသ္မာ၏ အစွဲကို အနိယတ်ဝါကျဖြင့် ဖွင့်ပြထား၍ ရှေး၌ ဋီကာဂါထာရှိသည်ဟု ယူဆသည်)။

မြစ်၍။ သမမေဝ၊ အညီအမျှသာလျှင်။ စိတ္တံ၊ စိတ်ကို (ထည့်)။ ပဝတ္တယေ၊ ဖြစ်စေရာ၏။

၇၉၃။ မာနသံ၊ စိတ်ကို။ လီနုဒ္ဓတဘာဝေဟိ၊ တွန့်သည်၏အဖြစ်, ပျံ့လွင့်သည်၏အဖြစ်တို့မှ။ မောစယိတွာန၊ လွတ်စေ၍။ ပဋိဘာဂနိမိတ္တာဘိမုခံ၊ ပဋိဘာဂနိမိတ်သို့ ရှေးရှုသော။ တံ မာနသံ၊ ထိုစိတ်ကို။ ပဋိပါဒယေ၊ ပြီးစေရာ၏။

## ပဌမဈာန်ရပုံ

၇၉၄။ ဧဝံ၊ ဤသို့ ဆိုအပ်ပြီးသော အပြားအားဖြင့်။ နိမိတ္တာဘိမုခံ၊ ပဋိဘာဂနိမိတ်သို့ရှေးရှု။ ပဋိပါဒယတော၊ ပြီးစေသော။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ ဣဒါနေဝ၊ ယခုအခါ၌သာလျှင်။ သာ အပ္ပနာ၊ ထိုအပ္ပနာသည်။ သမိဇ္ဈိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ စ၊ ဤသို့လည်း။

၇၉၅။ ဘဝင်္ဂံ၊ ဘဝင်ကို။ ပစ္ဆိန္ဒိတွာ၊ ဖြတ်၍။ ပထဝီကသိဏံ၊ ပထဝီ ပထဝီဟု ပွါးစေခြင်းအစွမ်းအားဖြင့်ထင်သော။ တဒေဝ၊ ထိုပဋိဘာဂနိမိတ်ကိုသာလျှင်။ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ မနောဒွါရမှိ၊ မနောဒွါရ၌။ ယောဂိနော၊ ယောဂီပုဂ္ဂိုလ်အား။

၇၉၆။ အာဝဇ္ဇနစိတ္တံ၊ အာဝဇ္ဇန်းစိတ်သည်။ ဇာယတေ၊ ဖြစ်၏။ တတော၊ ထိုအာဝဇ္ဇန်းနောင်မှ။ တသ္မိံဝ အာရမ္မဏေ၊ ထိုပဋိဘာဂနိမိတ်တည်းဟူသော အာရုံ၌လျှင်။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ စတ္တာရိ ဝါ၊ (ခိပ္ပါဘိညပုဂ္ဂိုလ်အတွက် ဥပစာ, အနုလုံ, ဂေါတြဘူ, အပ္ပနာဇောတည်းဟူသော) လေးကြိမ်လည်း ဖြစ်ကုန်သော။ ပဉ္စ ဝါ၊ (ဒန္ဓာဘိညပုဂ္ဂိုလ်အတွက် ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ, အပ္ပနာဇောတည်းဟူသော)ငါးကြိမ်လည်းဖြစ်ကုန်သော။ ဇဝနာနိ၊ ကာမာဝစရဇော, ရူပါဝစရဇောတို့သည်။ ဇာယန္တေ၊ ဖြစ်ကုန်၏။

၇၉၇။ အဝသာနေ၊ ကာမာဝစရ မဟာကုသိုလ်ဇောတို့၏ အဆုံး၌။ ဧကံ တု၊ တခုသောဇောသည်။ ရူပါဝစရိကံ၊ ရူပါဝစရဇောသည်။ ဘဝေ၊ ဖြစ်၏။ တက္ကာဒယော၊ ဝိတက်အစရှိသည်တို့သည်။ အညေဟိ၊ တပါးကုန်

သော ပကတိ ကာမာဝစရစိတ်တို့ထက်။ ဗလဝတရာ၊ အလွန်အားရှိကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

**ပရိကံစသည်မည်ပုံ** ၇၉၈။ တာနိ၊ ထိုဇောတို့ကို။ အပ္ပနာစေတသော၊ အပ္ပနာစိတ်ကို။ ဝါ၊ အပ္ပနာစိတ်၏။ ပရိကမ္မတော၊ ပြုပြင်တတ်သည်၏အဖြစ်ကြောင့်။ ပရိကမ္မာနီတိပိ၊ ပရိကမ်တို့ဟူ၍ရင်း။ ဥပစာရတော၊ အပ္ပနာအနီး၌ ဖြစ်သည်၏အဖြစ်ကြောင့်။ ဥပစာရာနိ စာတိပိ၊ ဥပစာရတို့ဟူ၍ရင်း။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ (ပရိကမ္မောပစာရတောကို ပရိကမ္မတော, ဥပစာရတောဟု တော-ပစ္စည်းလိုက်၍ ပုဒ်ခွဲ။)

၇၉၉။ အပ္ပနာယ၊ အပ္ပနာအား။ အနုလောမတ္တာ၊ လျော်သည်၏အဖြစ်ကြောင့်။ အနုလောမာနိ စ၊ အနုလုံတို့ဟူ၍လည်း။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။

ဧတ္ထ၊ ဤပရိကမ်, ဥပစာ, အနုလုံအမည်ရှိကုန်သော ဇောတို့တွင်။ ယံ တံ သဗ္ဗန္တိမံ၊ အကြင်အလုံးစုံတို့၏ အဆုံး၌ဖြစ်သော တတိယဇော, စတုတ္ထဇောသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုတတိယဇော, စတုတ္ထဇောကို။ ဂေါတြဘူတိ၊ ဂေါတြဘူဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏[၁]။

**ဂဟိတ အဂ္ဂဟိတနည်း ပရိကမ် စသည် မည်ပုံ** ၈၀၀။ ဧတ္ထ၊ ဤဇောတို့၌။ ဂဟိတာဂဟဏေန၊ ယူအပ်ပြီးသော ဇော၏ အမည်ကို တပါးသော ဇောတို့က မယူသဖြင့်။ အာဒိကံ၊ အစဖြစ်သောဇောသည်။ ပရိကမ္မံ၊ ပရိကမ်မည်၏။ ဒုတိယံ၊

၁။ (ကာမဇော ၄-ကြိမ်တွင် ပဌမဇောစိတ်ကို ပရိကမ်, ဥပစာ, အနုလုံဟု နာမည် ၃-မျိုး ခေါ်နိုင်သည်။ ထို့အတူ ကာမဒုတိယဇောစိတ်, တတိယဇောစိတ်တို့ကိုလည်း ပရိကမ်, ဥပစာ, အနုလုံဟု နာမည် ၃-မျိုးပင် ခေါ်နိုင်သည်။

တိက္ခပုဂ္ဂိုလ်၌ ၃-ကြိမ်မြောက် ကာမဇောစိတ်, မန္ဒပုဂ္ဂိုလ်၌ ၄-ကြိမ်မြောက် ကာမဇောစိတ်ကို ဂေါတြဘူဟုသာ ခေါ်နိုင်သည်။

မန္ဒပုဂ္ဂိုလ်အတွက် ဈာနဝီထိဇော ၅-ခုမှာ ပရိကမ်, ဥပစာ, အနုလုံ, ဂေါတြဘူ, ဈာန်ဖြစ်သည်။ တိက္ခပုဂ္ဂိုလ်အတွက် ဈာနဝီထိဇော ၄-ခုမှာ ဥပစာ, အနုလုံ, ဂေါတြဘူ, ဈာန်ဖြစ်သည်။ ပရိကမ်, ဥပစာ, အနုလုံ, ဂေါတြဘူ ဇောတို့သည် မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ် ကာမာဝစရဇောစိတ်များ ဖြစ်သည်။)

နှစ်ခုမြောက်သော။ တံ ဇဝနံ၊ ထိုဇောသည်။ ဥပစာရံ၊ ဥပစာရမည်၏။ တတိယံ၊ သုံးခုမြောက်သော ဇောသည်။ အနုလောမကံ၊ အနုလုံမည်၏။

၉၀၁။ စတုတ္ထံ၊ လေးခုမြောက်သောဇောကို။ ဂေါတြဘု ဒိဋ္ဌံ၊ ဂေါတြဘုမည်၏ဟူ၍ ပြအပ်၏။ ပဉ္စမံ၊ ငါးခုမြောက်သော ဇောသည်။ အပ္ပနာမနော၊ အပ္ပနာစိတ်သည်။ ဟောတိ၊ ဖြစ်၏။

ဝါ၊ (ခိပ္ပါဘိညအတွက်) တနည်းကား။ ပဌမံ၊ ရှေးဦးစွာသော ဇောသည်။ ဥပစာရံ၊ ဥပစာရမည်၏။ ဒုတိယံ၊ နှစ်ခုမြောက်သောဇောသည်။ အနုလောမကံ၊ အနုလုံမည်၏။

၉၀၂။ တတိယံ၊ သုံးခုမြောက်သောဇောကို။ ဂေါတြဘု ဒိဋ္ဌံ၊ ဂေါတြဘုမည်၏ဟူ၍ ပြအပ်၏။ စတုတ္ထံ၊ လေးခုမြောက်သော စတုတ္ထဇောသည်။ အပ္ပနာမနော၊ အပ္ပနာစိတ်သည်။ ဟောတိ၊ ဖြစ်၏။

စတုတ္ထံ ဝါပိ၊ လေးကြိမ်မြောက်သော ဇောသည်၎င်း။ ပဉ္စမံ ဝါပိ၊ ငါးကြိမ်မြောက်သော ဇောသည်၎င်း။ အပ္ပေတိ၊ အပ္ပနာ၏အစွမ်းအားဖြင့် ဖြစ်၏။ တတော၊ ထိုငါးကြိမ်ထက်။ ပရံ၊ အလွန်။ န အပ္ပေတိ၊ အပ္ပနာ၏ အစွမ်းအားဖြင့် မဖြစ်။

**၆ ကြိမ်, ၇-ကြိမ်မြောက်၌ အပ္ပနာမဖြစ်ခြင်း အကြောင်း**

၉၀၃။ ဆဋ္ဌေ ဝါပိ၊ ခြောက်ကြိမ်မြောက်၌၎င်း။ သတ္တမေ ဝါပိ၊ ခုနစ်ကြိမ်မြောက်၌၎င်း။ အပ္ပနာ၊ အပ္ပနာသည်။ နေဝ ဇာယတိ၊ မဖြစ်။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ဘဝင်္ဂဿ၊ ဘဝင်ကျခြင်း၏။ အာသန္နတ္တာ၊ နီးသည်၏ အဖြစ်ကြောင့်တည်း။ တာဝဒေ၊ ထိုခဏ၌။ ဇဝနံ၊ ခြောက်ကြိမ်မြောက်သောဇော, ခုနစ်ကြိမ်မြောက်သောဇောသည်။ ပတတိ၊ ကျသကဲ့သို့ ဖြစ်၏။

**အာဘိဓမ္မိကဂေါဒတ္တထေရ်ဝါဒ**

၉၀၄။ ပုရိမေဟိ၊ ရှေး၌ဖြစ်သောဇောတို့မှ။ အာသေဝနံ၊ အာသေဝန ပစ္စည်းကို။ လဒ္ဓါ၊ ရ၍။ ဆဋ္ဌံ ဝါ၊ ခြောက်ကြိမ်မြောက်သော ဇောသည်၎င်း။ သတ္တမမ္ပိ ဝါ၊ ခုနစ်ကြိမ်မြောက်သော ဇောသည်၎င်း။ အပ္ပေတိ၊

အပ္ပနာ၏ အစွမ်းအားဖြင့်ဖြစ်၏။ ဣတိ၊ ဤသို့။ ဧတ္ထ၊ ဤအရာ၌။ အာဘိဓမ္မိကော၊ အဘိဓမ္မာကိုတတ်သော။ ဂေါဒတ္တော၊ ဂေါဒတ္တမထေရ်သည်။ အာဟ၊ ဆို၏။

၆-ကြိမ်, ၇-ကြိမ်မြောက်၌ အပ္ပနာမဖြစ်ပုံကို ဥပမာဖြင့်ပြခြင်း

၉၀၅။ ဟိ၊ ထင်စွာပြအံ့။ ကောစိ နရော၊ တစုံ တယောက်သော ယောကျ်ားသည်။ ဆိန္နတဋ္ဌာမုခေါ၊ ကမ်းပါးပြတ်သို့ရှေ့ရှု။ ဓာဝန္တော၊ ပြေးသည်။ ဟောတိ၊ ဖြစ်၏။ သော နရော၊ ထိုယောကျ်ားသည်။ ဌာတုကာမော၊ ရပ်လိုသော်လည်း။ ပရိယန္တေ၊ ကမ်းပါးပြတ်၏ အနီး၌။ ဌာတုံ၊ ရပ်ခြင်းငှါ၊ နေဝ သက္ကောတိ ယထာ၊ မတတ်နိုင်သကဲ့သို့။

၉၀၆။ ဧဝမေဝ၊ ဤအတူသာလျှင်။ ဆဋ္ဌေ ဝါ၊ ခြောက်ကြိမ်မြောက်၌ရင်း။ သတ္တမေ ဝါပိ၊ ခုနစ်ကြိမ်မြောက်၌ရင်း။ မာနသော၊ စိတ်သည်။ အပ္ပေတုံ၊ အပ္ပနာ၏အစွမ်းဖြင့် ဖြစ်ခြင်းငှါ။ န သက္ကောတိ၊ မတတ်နိုင်။ ဣတိ၊ ဤသို့။ ဝိဘာဝိနာ၊ ပညာရှိသောသူသည်။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

၉၀၇။ အယံ အပ္ပနာ၊ ဤအပ္ပနာသည်။ ဧကစိတ္တက္ခဏာယေဝ၊ တချက်သော စိတ္တက္ခဏ ရှိသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ တတော၊ ထိုနောက်မှ။ ဘဝင်္ဂပါတောဝ၊ ဘဝင်ကျသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ပရိဒီပိတံ၊ ပြအပ်၏။

၉၀၈။ တတော၊ ထိုနောက်မှ။ ဘဝင်္ဂံ၊ ဘဝင်ကို၊ ဆိန္ဒိတွာ၊ ဖြတ်၍။ ပစ္စဝေက္ခဏဟေတုကံ၊ ဆင်ခြင်ခြင်းအကြောင်းရှိသည်ကို။ ကတွာ၊ ပြု၍။ ဝါ-ပစ္စဝေက္ခဏဟေတုကံ၊ ဆင်ခြင်ခြင်း၏ အကြောင်းဖြစ်သော။ အာဝဇ္ဇနံ၊ အာဝဇ္ဇန်းစိတ်သည်။ ဟောတိ၊ ဖြစ်၏။ တတော၊ ထိုအာဝဇ္ဇန်း နောင်မှ။ ဈာနပစ္စဝေက္ခဏမာနသံ၊ ဈာန်ကို ဆင်ခြင်သော စိတ်သည်။ ဟောတိ၊ ဖြစ်၏။

နီဝရဏ ၅-ပါး ၉၀၉။ ကာမစ္ဆန္ဒော စ၊ ကာမစ္ဆန္ဒရင်း။ ဗျာပါဒေါ စ၊ ဗျာပါဒရင်း။ ထိနမိဒ္ဓဉ္စ၊ ထိနမိဒ္ဓရင်း၊ ဥဒ္ဓစ္စတော စ၊ ဥဒ္ဓစ္စရင်း။ ကုက္ကုစ္စဉ္စ၊ ကုက္ကုစ္စရင်း။ ဝိစိကိစ္ဆာ စ၊ ဝိစိကိစ္ဆာရင်း။ ဣမေ

ပဥ္စ၊ ဤငါးပါးတို့သည်။ ဝါ၊ ဤငါးပါးတို့ကို။ ပဟီနာ၊ ပယ်အပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**ဈာနင် ၅-ပါး** ၉၁၀။ ဝိတက္ကေန စ၊ ဝိတက်နှင့်ငင်း။ ဝိစာရေန စ၊ ဝိစာရနှင့်ငင်း။ ပီတိယာ စ၊ ပီတိနှင့်ငင်း။ သုခေန စ၊ သုခနှင့်ငင်း။ ဧကဂ္ဂတာယ စ၊ ဧကဂ္ဂတာနှင့်ငင်း။ သံယုတ္တံ၊ ယှဉ်သော။ ဣဒံ ဈာနံ၊ ဤဈာန်သည်။ ပဉ္စင်္ဂိကံ၊ ငါးပါးသော အင်္ဂါရှိသည်။ ဟောတိ၊ ဖြစ်၏။

**ကာမစ္ဆန္ဒ၏ဆန့်ကျင်ဖက်သမာဓိ** ၉၁၁။ ကာမစ္ဆန္ဒဝသာ၊ ကာမစ္ဆန္ဒ၏ အစွမ်းဖြင့်။ နာနာဝိသယ-လုဒ္ဓဿ၊ အထူးထူးသော အာရုံ၌ တပ်မက်သော။ ဝနေ၊ တော၌။ မက္ကဋ-ကော ဝိယ၊ မျောက်ကဲ့သို့။ ဣတော စိတော၊ ဤမှ ထိုမှ။ ဘမန္တဿ၊ လည်သော (သွားနေသော)။

၉၁၂။ စေတသော၊ စိတ်ကို။ ကေသွိံ၊ တခုသော။ ဝိသယေယေဝ၊ အာရုံ၌သာလျှင်။ သမာဓာနေန၊ ကောင်းစွာထားခြင်းကြောင့်။ သမာဓိ၊ သမာဓိကို။ ကာမစ္ဆန္ဒဿ၊ ကာမစ္ဆန္ဒ၏။ ပဋိပက္ခောတိ၊ ဆန့်ကျင်ဘက်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

**ဗျာပါဒ၏ ဆန့်ကျင်ဖက် ပီတိ** ၉၁၃။ တတော ပါမောဇ္ဇဘာဝတော စေဝ၊ ထိုသို့ ဝမ်းမြောက်ခြင်း သဘောရှိသည်၏ အဖြစ်ကြောင့်ငင်း။ တတော သီတလတ္တသဘာဝတော စ၊ ထိုသို့ချမ်းခြေင်း သဘောရှိသည်၏ အဖြစ်ကြောင့်ငင်း။ ပီတိ၊ ပီတိကို။ ဗျာပါဒဿ၊ နှလုံးမသာမယာ ပူပန်ညှိုးလျှသော သဘောရှိသော ဒေါသ၏။ ပဋိပက္ခောတိ၊ ဆန့်ကျင်ဘက်ဟူ၍။ ဘာသိတာ၊ ဟောအပ်၏။

**ထိနမိဒ္ဓ၏ ဆန့်ကျင်ဖက် ဝိတက်** ၉၁၄။ သဝိပ္ဖါရိကဘာဝေန၊ ယှဉ်ဘက်တရားတို့ကို အာရုံသို့ ရောက်အောင် ပျံ့လွင့်တင်ပေးတတ်သည့် ဗျာပါရအားကြီးသော သဘောရှိသည်၏ အဖြစ်ဖြင့်။ နေက္ခမ္မာဒိပဝတ္တိတော၊ အာရုံ၌ စူးစူးစိုက်စိုက် သက်ဝင်

တည်တံ့သော သဘောရှိသော ပဌမစျာန်အစရှိသည်တို့ကို ဖြစ်စေတတ်သောကြောင့်။ ဝိတက္ကော၊ ဝိတက်ကို။ ထိနမိဒ္ဓဿ၊ ဗျာပါဒ ကင်းမဲ့ ထိုင်းမှိုင်းသော ထိနမိဒ္ဓ၏။ ပဋိပက္ခောတိ၊ ဆန့်ကျင်ဘက်ဟူ၍။ ဝဏ္ဏိတော၊ ဟောအပ်၏။

**ဥဒ္ဓစ္စ,ကုက္ကုစ္စ၏ ဆန့်ကျင်ဖက် သုခ** ၉၁၅။ သယဥ္စ၊ မိမိသည်လည်း။ အတိသန္တတော ဝေ၊ အလွန်ငြိမ်သက်သည်၏ အဖြစ်ကြောင့်သာလျှင်။ သုခံ၊ သုခသည်။ အဝူပသန္တဘာဝဿ၊ မငြိမ်သက်ခြင်းသဘောရှိသော။ ဥဒ္ဓစ္စကုက္ကုစ္စဒွယဿ၊ ဥဒ္ဓစ္စကုက္ကုစ္စနှစ်ပါး၏။ ပဋိပက္ခံ၊ ဆန့်ကျင်ဘက်သည်။ ဟောတိ၊ ဖြစ်၏။

**ဝိစိကိစ္ဆာ၏ ဆန့်ကျင်ဖက် ဝိစာရ** ၉၁၆။ မတိယာ၊ ပညာအား။ အနုရူပတ္တာ၊ လျော်သည်၏ အဖြစ်ကြောင့်။ အနုမဇ္ဇနလက္ခဏော၊ အာရုံကို အသေအချာ သိကျွမ်းအောင် အဖန်ဖန်သုံးသပ်ခြင်း လက္ခဏာရှိသော။ ဝိစာရော၊ ဝိစာရကို။ ဝိစိကိစ္ဆာယ၊ ဝိစိကိစ္ဆာ၏။ ပဋိပက္ခောတိ၊ ဆန့်ကျင်ဘက်ဟူ၍။ ဒီပိတော၊ ပြအပ်၏။

**ပဌမစျာန်ရခြင်း** ၉၁၇။ ပဉ္စင်္ဂဝိပ္ပယုတ္တံ၊ (ကာမစ္ဆန္ဒစသော) ငါးပါးသော နီဝရဏတို့နှင့်မယှဉ်သော။ ပဉ္စင်္ဂသံယုတံ၊ (ဝိတက်စသော) ငါးပါးသော အင်္ဂါတို့နှင့်ယှဉ်သော။ သိဝံ၊ ချမ်းသာ။ တိဝိဓကလျာဏံ၊ သုံးပါးအပြားရှိသော ကောင်းခြင်းရှိသော။ ဒသလက္ခဏသံယုတံ၊ ဆယ်ပါးသော လက္ခဏာတို့နှင့်ယှဉ်သော။

၉၁၈။ ပဌမံ၊ ရှေးဦးစွာသော။ တံ စျာနံ၊ ထိုစျာန်ကို။ တေန ယောဂိနာ၊ ထိုယောဂီပုဂ္ဂိုလ်သည်။ ဝေဥ္စ၊ ဤသို့လျှင်။ အဓိဂတံ၊ ရအပ်သည်။ ဟောတိ၊ ဖြစ်၏။

**ရပြီးစျာန်တည်တံ့အောင် စျာန်ဝင်စားရခြင်း** တဿ စျာနဿ၊ ထိုစျာန်၏။ သဗ္ဗသော၊ ခပ်သိမ်းသော အပြားအားဖြင့်။ သုစိရဋ္ဌိတိကာမေန၊ အလွန်ကြာမြင့်စွာ တည်ခြင်းကို အလိုရှိသော ယောဂီပုဂ္ဂိုလ်သည်။

၉၁၉။ ပါပကေ၊ ဘေးရန်ဖြစ်သော တရားတို့ကို။ ဝိသောဓေတွာန၊ အထူးသဖြင့် သုတ်သင်၍။ တံ ဈာနံ၊ ထိုဈာန်ကို။ သမာပဇ္ဇိတဗ္ဗံ၊ ဝင်စားအပ်၏။ သမာပဇ္ဇတော၊ ဝင်စားသော။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ တံ ဈာနံ၊ ထိုဈာန်သည်။ သုစိရဋ္ဌိတိကံ၊ အလွန်ကြာမြင့်စွာ တည်ခြင်းရှိသည်။ ဘဝေ၊ ဖြစ်၏။

**ပဋိဘာဂနိမိတ်ကို ချဲ့ပွါးရခြင်း**

၉၂၀။ စိတ္တဘာဝနဝေပုလ္လံ၊ သမာဓိဘာဝနာ ပြန့်ပြောသည်၏အဖြစ်ကို။ ပတ္ထယန္တေန၊ တောင့်တသော။ ဘိက္ခုနာ၊ ရဟန်းသည်။ တံ ပဋိဘာဂ နိမိတ္တံ၊ ထိုပဋိဘာဂနိမိတ်ကို။ ယထာလဒ္ဓံ၊ အစဉ်အတိုင်း။ ဝဍ္ဎေ-တဗ္ဗံ၊ ပွါးစေအပ်၏။

**ပဋိဘာဂနိမိတ်ကို ချဲ့ပွါးရမည့် အခါ ၂-ပါး**

၉၂၁။ ဥပစာရဥ္စ၊ ဥပစာရရင်း။ အပ္ပနာ စ၊ အပ္ပနာရင်း။ ဣတိ၊ ဤသို့။ ဝဍ္ဎနာ-ဘူမိယော၊ ပွါးစေခြင်း၏အရာတို့သည်။ ဒွေဝ၊ နှစ်ပါးတို့သာလျှင်တည်း။ ဟိ=သစ္စံ၊ မှန်၏။ ဥပစာရံ၊ ဥပစာရသို့။ ပတွာ ဝါ၊ ရောက်၍လည်း။ ဝဍ္ဎေတုံ စ၊ ပွါးစေခြင်းငှါလည်း။ ဝဋ္ဋတိ၊ အပ်၏။

၉၂၂။ အပ္ပနံ၊ အပ္ပနာသို့။ ပတွာ ဝါ၊ ရောက်၍လည်း။ ဝဍ္ဎေတုံ စ၊ ပွါးစေခြင်းငှါလည်း။ ဝဋ္ဋတိ၊ အပ်၏။ တတြ=တဿ ဝဍ္ဎနဿ၊ ထို ပွါးစေခြင်း၏။ ဝါ-တတြ=တေသု ဒွိသု ဘူမိသု၊ ထိုနှစ်ပါးသော ပွါးစေခြင်း၏အရာတို့၌။ အယံ၊ ဤဆိုလတ္တံ့သည်ကား။ ဝဍ္ဎနက္ကမော၊ ပွါးစေခြင်း၏ အစဉ်တည်း။ ကဿကော၊ လယ်လုပ်ယောကျ်ားသည်။ ကသိတဗ္ဗံ၊ ထွန်အပ်သော။ ဌာနံ၊ အရပ်ကို။ ပရိစ္ဆိန္ဒတိ ယထာ၊ ပိုင်းခြားသကဲ့သို့။

၉၂၃။ ဧဝမေဝ၊ ဤအတူလျှင်။ ယောဂိနာ၊ ယောဂီပုဂ္ဂိုလ်သည်။ အင်္ဂုလဒွင်္ဂုလာဒိနာ၊ လက်တသစ်၊ လက်နှစ်သစ် အစရှိသည်ဖြင့်။ ပရိစ္ဆိဇ္ဇ ပရိစ္ဆိဇ္ဇ၊ ပိုင်းခြား၍ ပိုင်းခြား၍။ ယထာပရိစ္ဆေဒံ၊ အလိုရှိတိုင်း။ ဝဍ္ဎေတဗ္ဗံ၊ ပွါးစေအပ်၏။

ဝသီဘော် ၅-ပါး[၁] ၉၂၄။ ပတွောပိ၊ ရောက်ပြီးသော်လည်း။ ပဌမေ
ဈာနေ၊ ပဌမဈာန်၌။ ဝါ၊ သို့။ ပတွောပိ၊
ရောက်ပြီးသော်လည်း။ တပဿိနာ၊ ခြိုးခြံသော အကျင့်ရှိသော။ တေန၊

---

၁။ ဝသိဘာ=ဝသိဘာဝ=ဝသီဘော်=စွမ်းရည်သတ္တိ ရှိခြင်း။

(၁) အာဝဇ္ဇနဝသီဘော်=ဈာန်အင်္ဂါ ဆင်ခြင်မှု၌ စွမ်းနိုင်ခြင်း၊ စွမ်းရည်သတ္တိရှိခြင်း။

ပဌမဈာန်ကိုဝင်စား၍ ၎င်းဈာန်မှ ထလတ်ပြီးသော် ပဌမဈာန်၌ပါသော ဝိတက်ဈာန်အင်္ဂါကို ဆင်ခြင်ဘို့ရန် ဘဝင်စလန ဘဝင်ုပစ္ဆေဒ ဖြစ်ပြီးလျှင် ဝိတက်ဈာန်အင်္ဂါကို အာရုံပြုသော မနောဒွါရာဝဇ္ဇန်း ဖြစ်၏။ ထိုနောက် ဝိတက်ဈာန်အင်္ဂါကိုပင် အာရုံပြုသော ပစ္စဝေက္ခဏာဇော ၄-ကြိမ်, ၅-ကြိမ်ဖြစ်သည်။ ဝိစာရဈာန်အင်္ဂါကို ဆင်ခြင်ရာ၌လည်း ဘဝင်စလန, ဘဝင်ုပစ္ဆေဒ ဖြစ်ပြီးလျှင် ဝိစာရဈာန်အင်္ဂါကို ဆင်ခြင်သော မနောဒွါရာဝဇ္ဇန်း ဖြစ်သည်၊ ထို့နောက် ပစ္စဝေက္ခဏာဇောတို့ ဖြစ်ကြသည်၊ ဤသို့နှင့်နှင် ပီတိ, သုခ, ဧကဂ္ဂတာတို့ကို ဆင်ခြင်သော ဝီထိ ဆက်ကာဆက်ကာ အဆက်မပြတ် ဖြစ်ကြသည်၊ ဤကဲ့သို့ ဈာန်အင်္ဂါ ၅-ပါး အသီးသီးကို ဆင်ခြင်ရာတို့၌ ဘဝင်စိတ်များစွာ မဖြစ်စေပဲ အစဉ်အတိုင်း အဆက်မပြတ် ဝီထိဖြစ်နိုင်အောင် ကမ္မဋ္ဌာန်းအာရုံကို လျင်လျင်မြန်မြန် ယူနိုင်သော စွမ်းရည်သတ္တိရှိခြင်းသည် အာဝဇ္ဇနဝသီဘော် မည်သည်။

(၂) သမာပဇ္ဇနဝသီဘော်=ဈာန်ဝင်စားခြင်း၌ စွမ်းရည်သတ္တိ ရှိခြင်း။

ဈာန်ဝင်စားလိုသည့် ဆန္ဒဖြစ်ပေါ်ပြီးနောက် တဆက်တည်း ဘဝင်အပိုမကျတော့ပဲ ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလုံ ဂေါတြဘူဖြစ်ကြသည်၊ ယင်းနောက် အလိုရှိသမျှ ဈာန်စိတ်ဖြစ်စေနိုင်ခြင်း စွမ်းရည်သတ္တိ သည် သမာပဇ္ဇနဝသီဘော် မည်သည်။

(၃) အဓိဋ္ဌာနဝသီဘော်=ဘဝင်အစဉ်ကို လွှမ်းမိုးဖြတ်တောက်၍ ဈာန်အစဉ်ကို ထားခြင်း၌ စွမ်းရည်သတ္တိ ရှိခြင်း။

တံတားသည် မြစ်ရေအလျင်ကို တားထားသကဲ့သို့ ရည်မှန်းပိုင်းခြားထားသော ကာလအတိုင်းအတာအတိုင်း မယုတ်မလိုစေဘဲ ဘဝင်အဟုန်ကို တားဆီး၍ဈာန်အစဉ်ကို ထားနိုင်သော စွမ်းရည်သတ္တိရှိခြင်းသည် အဓိဋ္ဌာနဝသီဘော်မည်၏။

(၄) ဝုဋ္ဌာနဝသီဘော်=ဈာန်မှထခြင်း၌ စွမ်းရည်သတ္တိရှိခြင်း။

ရည်မှန်းပိုင်းခြားထားသည့်အတိုင်း ကြာရှည်ဖြစ်စေ, ခဏမျှဖြစ်စေ ဈာန်ဝင်စားပြီး ရည်မှန်းပိုင်းခြားထားသော ကာလကို မလွန်စေပဲ ဈာန်မှ ထနိုင်သော စွမ်းရည်သတ္တိရှိခြင်းသည် ဝုဋ္ဌာနဝသီဘော်မည်၏။

(၅) ပစ္စဝေက္ခဏာဝသီဘော်=ဈာန်အင်္ဂါဆင်ခြင်မှု၌ စွမ်းရည်သတ္တိရှိခြင်း။

ဈာန်အင်္ဂါကိုဆင်ခြင်သော ဝီထိဘို့၏ တဝီထိနှင့်တဝီထိ အကြားဝယ် ဘဝင်များစွာ မခြားပဲ ဆက်ကာဆက်ကာ ဈာန်အင်္ဂါကို လျင်မြန်စွာ ဆင်ခြင်နိုင်သော ပစ္စဝေက္ခဏာဇောတို့ ဖြစ်ကြသည်၊ ယင်း ပစ္စဝေက္ခဏာဇောတို့၏ စွမ်းရည်သတ္တိ သည် ပစ္စဝေက္ခဏာဝသီဘော်မည်သည်။

ထိုယောဂီပုဂ္ဂိုလ်သည်။ ပဉ္စဟိ အာကာရေဟိပိ၊ ငါးပါးသော အခြင်းအရာတို့ဖြင့်လည်း။ သုစိဏ္ဏဝသိနာ၊ ကောင်းစွာလေ့လာသော ဝသီဘော်ရှိသည်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။

၆၂၅။ အာဝဇ္ဇနံ သမာပတ္တိ အဓိဋ္ဌာနေသု၊ အာရုံကို အာဝဇ္ဇန်းစိတ်ဖြင့် လျင်မြန်စွာ ယူနိုင် ဆင်ခြင်နိုင်ခြင်း, ဝင်စားခြင်း, အဓိဋ္ဌာန်ခြင်းဟု ဆိုအပ်ကုန်သော။ တီသု စ၊ သုံးပါးတို့၌ရင်း။ ဝုဋ္ဌာနပစ္စဝေက္ခာသု စ၊ ထခြင်း, ဇောစိတ်ဖြင့် ဆင်ခြင်ခြင်း နှစ်ပါးတို့၌ရင်း။ ပဉ္စဝ သိတာ၊ ငါးပါးသော ဝသီဘော်တို့ကို။ ဘာသိတာ၊ ဟောအပ်ကုန်၏။

၆၂၆။ အာဝဇ္ဇိတွာ၊ ဆင်ခြင်၍။ အဓိဋ္ဌိတွာ၊ အဓိဋ္ဌာန်၍။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ သမာပဇ္ဇ၊ ဝင်စား၍။ ဝုဋ္ဌိတွာ၊ ထ၍။ ပစ္စဝေက္ခိတွာ၊ ဆင်ခြင်၍။ ပဉ္စ ဝသိတာ၊ ငါးပါးသော ဝသီဘော်တို့ကို။ သာဓယေ၊ ပြီးစေရာ၏။

**ဝသီဘော်မရှိခြင်း အပြစ်** ၆၂၇။ ပဌမေ၊ ပဌမစျာန်၌။ အဝသီပတ္တော၊ ဝသီဘော်သို့ မရောက်ပဲလျက်။ ယော ယောဂီ၊ အကြင် ယောဂီပုဂ္ဂိုလ်သည်။ ဒုတိယံ၊ ဒုတိယစျာန်ကို

အာဝဇ္ဇနဝသီဘော်မြောက်လျှင် ပစ္စဝေက္ခဏဝသီဘော်လည်း ပြီးစီးတော့သည်၊ ထို့ကြောင့် ပစ္စဝေက္ခဏဝသီဘော်ကို အာဝဇ္ဇနဝသီဘော်၌ သွင်းယူကြသည်။

ယင်း ၂-ပါး အထူးကား—စျာန်အင်္ဂါကို မပြတ်ဆင်ခြင်နိုင်သော မနောဒွါရာဝဇ္ဇန်း၏ သတ္တိကို အာဝဇ္ဇနဝသီဘော်ဆို၍ ပစ္စဝေက္ခဏာဇော၏ သတ္တိကို ပစ္စဝေက္ခဏဝသီဘော်ဆိုသည်။

တနည်း—အာရုံကို လျင်လျင်မြန်မြန် ယူနိုင် ဆင်ခြင်နိုင်သော စွမ်းရည်သတ္တိသည် အာဝဇ္ဇနဝသီဘော်မည်သည်။

ဝသီဘော်အစွမ်းဖြင့် ခုနစ်ကြိမ်မြောက် ဇောသို့မရောက်စေပဲ ပစ္စဝေက္ခဏာဇော ၄-ကြိမ်, ၅-ကြိမ်တို့ဖြင့်သာ ဆင်ခြင်နိုင်သော စွမ်းရည်သတ္တိသည် ပစ္စပေက္ခဏဝသီဘော်မည်သည်။

တနည်း—ဉာဏဝိပ္ပယုတ်စိတ်ဖြင့် မဆင်ခြင်နိုင်သော်လည်း ဆင်ခြင်ပါအံ့ဟု ဖြစ်သော မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ ဘဝင်တို့၌ ကာလကို မလွန်စေပဲ (ဘဝင်များစွာ မဖြစ်စေပဲ) မနောဒွါရာဝဇ္ဇန်းဖြင့်သာ လျင်မြန်စွာ ဆင်ခြင်နိုင်သော သတ္တိသည် အာဝဇ္ဇနဝသီဘော်မည်သည်။

ဝသီဘော်အစွမ်းဖြင့်ရင်း, ပစ္စဝေက္ခဏာအစွမ်းဖြင့်ရင်း ဉာဏဝိပ္ပယုတ်စိတ်တို့ဖြင့်လည်း ဆင်ခြင်နိုင်သော စွမ်းရည်သတ္တိသည် ပစ္စဝေက္ခဏဝသီဘော်မည်သည်။

ရင်းဋီကာသစ်၊ဒုနှာ-၂၄၉၊၂၅၀။)

ဏ္ဍစ္ဆတိ၊ အလိုရှိ၏။ သော ယောဂီ၊ ထိုယောဂီပုဂ္ဂိုလ်သည်။ ပဌမာ စ၊ ပဌမ စျာန်မှဂုင်း။ ဒုတိယာပိ စ၊ ဒုတိယစျာန်မှဂုင်း။ ဥဘတော၊ နှစ်ပါးသော စျာန်တို့မှ။ ဘဋ္ဌော၊ ယုတ်သည်။ ဘဝေ၊ ဖြစ်၏။

**ဟာနဘာဂိယစျာန်** ၉၂၈။ ပမာဒယောဂိနော၊ မေ့လျော့သောအားဖြင့် ကမ္မဋ္ဌာန်းစီးဖြန်းခြင်း လုံ့လနှင့်ပြည့်စုံသော ပုဂ္ဂိုလ်အား။ ကာမသဟဂတာ၊ အာရုံအားဖြင့် ကာမနှင့်တကွ ဖြစ်ကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ (ထည့်) သညာမနက္ကာရာ၊ သညာ, မနသိ-ကာရ(အာဝဇ္ဇန်း)တို့သည်။ စေ စရန္တိ၊ အကယ်၍ ဖြစ်ကုန်အံ့။ တံ စျာနံ၊ ထိုစျာန်သည်။ ဟာနဘာဂိယံ၊ ကာမသို့ ပြေးဝင်ကုန်သော သညာ မနသိ ကာရတို့၏ အစွမ်းဖြင့် ယုတ်ခြင်းသို့ ဝင်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

**ဌိတိဘာဂိယစျာန်** ၉၂၉။ မန္ဒဿ၊ အားထုတ်မှု နုန့်နှေးသော။ ယောဂိနော၊ ယောဂီပုဂ္ဂိုလ်အား။ တသ္မိံ၊ ထိုပဌမစျာန်၌။ တဒနုဓမ္မတာ၊ အာရုံအားဖြင့် ထိုပဌမစျာန်သို့ အစဉ် လိုက်သော။ သတိ၊ သတိသည်။ သန္တာ၊ ထင်ရှားရှိသည်ဖြစ်၍။ သန္တိဋ္ဌတေ၊ တည်အံ့။ တံ စျာနံ၊ ထိုစျာန်သည်။ ဌိတိဘာဂိယံ၊ တည်ခြင်းသို့ ဆည်း ကပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

**ဝိသေသဘာဂိယစျာန်** ၉၃၀။ အပ္ပမတ္တဿ၊ မမေ့မလျော့သော သတိရှိသော ယောဂီပုဂ္ဂိုလ်အား။ အဝိတက္က-သဟိတာ၊ အဝိတက္ကနှင့် တကွဖြစ်ကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။(ထည့်) သညာမနက္ကာရာ၊ သညာ, မနသိကာရတို့သည်။ စေ စရန္တိ၊ အကယ်၍ ဖြစ်ကုန်အံ့။ တံ စျာနံ၊ ထိုစျာန်သည်။ ဝိသေသဘာဂိယံ၊ ထူးသော ဒုတိယစျာန်၏ နီးစွာသော အကြောင်းဖြစ်သည်၏ အဖြစ်ကြောင့် ဝိသေသ (ဖြစ်သော ဒုတိယစျာန်)သို့ ဆည်းကပ်သည်။ သိယာ၊ ဖြစ်၏။

**နိဗ္ဗေဓဘာဂိယစျာန်** ၉၃၁။ နိဗ္ဗိဒါသံယုတ္တာ၊ ဝိပဿနာ၏ အာရုံတို့ သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ သညာမနက္ကာ-ရာ၊ သညာ, မနသိကာရတို့သည်။ စေ စရန္တိ၊ အကယ်၍ ဖြစ်ကုန်အံ့။

တံ ဈာနံ၊ ထိုဈာန်သည်။ နိဗ္ဗေဓဘာဂိယံ၊ နိဗ္ဗေဓ (လောကုတ္တရာမဂ်) သို့ ဆည်းကပ်သည်။ ဟောတိ၊ ဖြစ်၏[၁]။ ဣတိ၊ ဤသို့။ ပရိဒီပိတံ၊ ပြအပ်၏။

ဒုတိယဈာန်သို့တက်ပုံ　၈၃၂။ တသ္မာ၊ ထိုကြောင့်။ ဧတေသု ပဉ္စသု၊ ဤငါးပါးသော ဝသီဘော်တို့၌။ သုစိဏ္ဏဝသိနာ၊ ကောင်းစွာ လေ့လာသော ဝသီဘော်ရှိသော ပုဂ္ဂိုလ်သည်။ ပဂုဏတော၊ လေ့လာသော။ တတော ပဌမာ ဈာနာ၊ ထိုပဌမဈာန်မှ။ ဝုဋ္ဌာယ၊ ထ၍။ ဝိမိနာ၊ ဆိုအပ်ပြီးသော အစီအရင်ဖြင့်။

ပဌမဈာန်၌ အပြစ်မြင်ခြင်း　၈၃၃။ ယသ္မာ၊ အကြင့်ကြောင့်။ အယံ သမာပတ္တိ၊ ဤပဌမဈာန်သမာပတ်သည်။ အာသန္နာကုသလာရိကာ စ၊ နီးသောနီဝရဏတည်းဟူသော ရန်သူလည်း ရှိ၏။ တက္ကစာရာနံ၊ ဝိတက်, ဝိစာရ[၂]တို့၏။ ထူလတ္တာ စ၊ ရှုန့်ရင်းသည်၏ အဖြစ်ကြောင့်လည်း။ အယံ၊ ဤပဌမဈာန်သမာပတ်သည်။ တတော၊ ထိုဒုတိယဈာန်အောက်။ အင်္ဂဒုဗ္ဗလာ၊ အားနည်းသော အင်္ဂါ ရှိ၏။

၈၃၄။ ဣတိ၊ ဤသို့။ ဓိမတာ၊ ပညာရှိသော။ ယောဂိနာ၊ ယောဂီ ပုဂ္ဂိုလ်သည်။ ပဌမေ၊ ပဌမဈာန်၌။ အာဒီနဝံ၊ အပြစ်ကို။ ဒိသွာ၊ မြင်၍။ ဒုတိယံ ဈာနံ၊ ဒုတိယဈာန်ကို။ သန္တတော၊ ငြိမ်သက်သောအားဖြင့်။ စိန္တယိတွာန၊ ကြံ၍။

၈၃၅။ ပဌမေ ဈာနသ္မိံ၊ ပဌမဈာန်၌။ နိကန္တိံ၊ တပ်ခြင်းကို။ ပရိယာဒါယ၊ ကုန်စေ၍။ ဒုတိယာဓိဂမတ္ထာယ၊ ဒုတိယဈာန်ကို ရခြင်းငှါ။ ဘာဝနက္ကမော၊ ဘာဝနာအစဉ်ကို။ ကာတဗ္ဗော၊ ပြုအပ်၏။

---

၁။ ((၁) ဟာနဘာဂိယဈာန်=ရပြီးဈာန်မှ ယုတ်လျော့စေသောဈာန်။
(၂) ဌိတိဘာဂိယဈာန်=မတိုးမဆုတ် တည်တံ့နေသောဈာန်။
(၃) ဝိသေသဘာဂိယဈာန်=အထက်ဈာန်အထူးကို ရစေသောဈာန်။
(၄) နိဗ္ဗေဓဘာဂိယဈာန်=မဂ်, ဖိုလ်, နိဗ္ဗာန်ကို ရစေသောဈာန်။)

၂။ (ဝိတက်သည် ထိုထိုဤဤ အလီလီသော အာရုံတို့၌ ကြံစည်တတ်သော သဘောရှိသည်။ ကာမစ္ဆန္ဒအာရုံ စသည်တို့၌ ကြံစည်မိလျှင် ဈာန်ပျက်စီးယုတ်လျော့ဘွယ် ဖြစ်သဖြင့် ဝိတက်သည် ကြမ်းတမ်းသော သဘောရှိသည်။ ဝိစာရမှာ ဝိတက်၏ အဖော်သဟဲ ဖြစ်သဖြင့် ကြမ်းတမ်းသည်။)

ဒုတိယဈာန်ရခြင်း ၉၃၆။ အထ၊ ထိုသို့ ပြုသည်ရှိသော်။ ပဥ္စမဇ္ဈာနာ၊ ပဥ္စမဈာန်မှ။ ဝိဓိနာ၊ ဆိုအပ်ပြီးသော အစီအရင်ဖြင့်။ ဝုဋ္ဌာယ၊ ထ၍။ ယဒါ၊ အကြင်အခါ၌။ သတော၊ သတိရှိသည်ဖြစ်၍။ သမ္ပဇာနဿ၊ ပညာအဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍။ ဈာနင်္ဂံ၊ ဈာန်အင်္ဂါကို။ ပစ္စဝေက္ခတော၊ ဆင်ခြင်သော။ အဿ၊ ထို ယောဂီပုဂ္ဂိုလ်အား။

၉၃၇။ တက္ကစာရာ၊ ဝိတက်, ဝိစာရတို့သည်။ ထူလတော၊ ရုန့်ရင်းသောအားဖြင့်။ ဥပတိဋ္ဌန္တိ၊ ထင်ကုန်၏။ သေသံ၊ ကြွင်းသော။ အင်္ဂတ္တယံ၊ ပီတိ,သုခ,ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါသုံးပါးတို့၏ အပေါင်းသည်။ တဿ ယောဂိနော၊ ထိုယောဂီပုဂ္ဂိုလ်အား။ သန္တမေဝ၊ ငြိမ်သက်သည်သာလျှင်။ ဟုတွာ၊ ဖြစ်၍။ (ထည့်) ဥပတိဋ္ဌတိ၊ ထင်၏။

၉၃၈။ တဒါ၊ ထိုအခါ၌[၁]။ ထူလင်္ဂါနံ၊ ရုန့်ရင်းသော အင်္ဂါတို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှါ။ သန္တင်္ဂပဋိလာဘာယ၊ ငြိမ်သက်သော ဈာန်အင်္ဂါကို ရခြင်းငှါ။ တဒေဝ စ နိမိတ္တံ၊ ထိုပဋိဘာဂနိမိတ်ကိုလျှင်။

၉၃၉။ ပထဝီ ပထဝီစ္စေဝ၊ ပထဝီ,ပထဝီဟူ၍လျှင်။ ပုန၊ တဖန်။ မနသာကရောတော၊ နှလုံးပြုသော။ တဿ ယောဂိနော၊ ထိုယောဂီပုဂ္ဂိုလ်အား။ ဣဒါနိ၊ ယခုအခါ၌။ တံ ဒုတိယဇ္ဈာနံ၊ ထိုဒုတိယဈာန်[၂]သည်။ ဥပ္ပဇ္ဇိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။

၉၄၀။ ဘဝင်္ဂံ ပန၊ ဘဝင်ကိုလျှင်။ ပစ္ဆိဇ္ဇ၊ ဖြတ်၍။ ပထဝီကသိဏံ၊ ပထဝီ, ပထဝီဟု ပွါးစေခြင်း၏ အစွမ်းအားဖြင့် ထင်သော။ တဒေဝ၊

---

၁။ အချို့စာမူ၌ တေနဿ ဟု ရှိသည်၊ တေန၊ ထိုသို့ထင်ခြင်းကြောင့်။ .... အဿ ယောဂိနော၊ ထိုယောဂီပုဂ္ဂိုလ်အား။ ဟု အနက်ပေး။

၂။ (စတုက္ကနည်းအားဖြင့် ပြထားခြင်းဖြစ်သည်။ ဤနည်းသည် ထက်မြက်သော တိက္ခ ပုဂ္ဂိုလ်တို့အတွက်သာ ဖြစ်သည်။ ဤနည်း၌—ပထမဈာန်၌ အင်္ဂါ ၅-ပါး၊ ဒုတိယဈာန်၌ အင်္ဂါ ၃-ပါး၊ တတိယဈာန်၌ အင်္ဂါ ၂-ပါး၊ စတုတ္ထဈာန်၌ အင်္ဂါ ၂-ပါး ရှိသည်။

ပဉ္စကနည်းမှာ နုန့်နှေးသော မန္ဒပုဂ္ဂိုလ်အတွက် ဖြစ်သည်။ ပဉ္စကနည်း၌ ဈာန် ၅-ပါးရှိသည်၊ အင်္ဂါ ၅-ပါးရှိသော ပထမဈာန်၊ အင်္ဂါ ၄-ပါးရှိသော ဒုတိယဈာန်၊ အင်္ဂါ ၃-ပါးရှိသော တတိယဈာန်၊ အင်္ဂါ ၂-ပါးရှိသော စတုတ္ထဈာန်၊ အင်္ဂါ ၂-ပါးရှိသော ပဉ္စမဈာန်များ ဖြစ်သည်။)

ထိုပဋိဘာဂနိမိတ်ကိုလျှင်။ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ ယောဂိနော၊ ယောဂီပုဂ္ဂိုလ်အား။ မနောဒွါရမှိ၊ မနောဒွါရ၌။

၉၄၁။ အာဝဇ္ဇနစိတ္တံ၊ အာဝဇ္ဇန်းစိတ်သည်။ ဇာယတေ၊ ဖြစ်၏။ တတော၊ ထိုအာဝဇ္ဇန်းနောင်မှ၊ တသ္မိံ အာရမ္မဏေ၊ ထိုပဋိဘာဂနိမိတ် တည်းဟူသော အာရုံ၌။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ စတ္တာရိ ဝါ၊ လေးကြိမ်လည်း ဖြစ်ကုန်သော။ ပဉ္စ ဝါ၊ ငါးကြိမ်လည်း ဖြစ်ကုန်သော။ ဇဝနာနိ၊ ကာမာဝစရဇော,ရူပါဝစရဇောတို့သည်။ ဇာယန္တေ၊ ဖြစ်ကုန်၏။

၉၄၂။ တေသံ ဇဝနစေတသံ၊ ထိုဇောစိတ်တို့တွင်။ ဝါ၊ ထိုဇောစိတ်တို့၏။ အဝသာနေ၊ အဆုံး၌။ ဧကမ္ဘိ၊ တခုလည်းဖြစ်သော။ ဒုတိယဇ္ဈာန-မာနသံ၊ ဒုတိယဈာန်စိတ်သည်။ ရူပါဝစရိကံ၊ ရူပါဝစရဇောသည်။ ဟောတိ၊ ဖြစ်၏။

၉၄၃။ သမ္ပသာဒနံ၊ သဒ္ဓါနှင့်ယှဉ်သော။ အဇ္ဈတ္တံ၊ မိမိသန္တာန်၌ဖြစ်သော။ ပီတိယာ စ၊ ပီတိနှင့်ရင်း။ သုခေန စ၊ သုခနှင့်ရင်း။ ကေဂ္ဂတာယ စ၊ ကေဂ္ဂတာနှင့်ရင်း။ သံယုတ္တံ၊ ယှဉ်သော။ တိဝင်္ဂိကံ၊ အင်္ဂါသုံးပါးရှိသော။ ဈာနံ၊ ဈာန်သည်။ ဟောတိ၊ ဖြစ်၏။

၉၄၄။ ဟေဋ္ဌာ၊ အောက်ပဌမဈာန်၌။ ဝုတ္တနယေနေဝ၊ ဆိုအပ်ပြီး သော နည်းဖြင့်သာလျှင်။ သေသံ၊ ကြွင်းသောစကားကို။ ဥပလက္ခယေ၊ မှတ်ရာ၏[၁]။ ဧဝံ၊ ဤသို့။ ဒုဝင်္ဂဟီနံ၊ ပယ်အပ်သော ဝိတက်,ဝိစာရ ဟူသော နှစ်ပါးသော အင်္ဂါရှိသော။ တီဟိ အင်္ဂေဟိ၊ ပီတိ, သုခ, ကေဂ္ဂတာ ဟူသော သုံးပါးသော အင်္ဂါတို့နှင့်။ သံယုတ္တံ၊ ယှဉ်သော။

---

၁။ (ပီတိ, သုခ, ကေဂ္ဂတာတို့သည် ဝိတက်, ဝိစာရတို့ထက် အားရှိ အားကောင်းခြင်း၊ ဒုတိယဈာနဝီထိ၌ ကာမဇောများ ပရိကမ်, ဥပစာ, အနုလုံ, ဂေါတြဘူ အမည်ရခြင်း၊ ဇော ၅-ကြိမ်မြောက်၌ အပ္ပနာဈာန်ဇောဖြစ်ခြင်း၊ ၆-ကြိမ်, ၇-ကြိမ်တို့၌ အပ္ပနာဈာန် မဖြစ်ခြင်း၊ ထို့နောင် ဘဝင်ကျခြင်း၊ တဖန် ဘဝင်ပြတ်ပြီး ဈာနပစ္စဝေက္ခဏာဝီထိ၌ အာဝဇ္ဇန်းစိတ်, ပစ္စဝေက္ခဏာဇောစိတ်တို့ ဖြစ်ခြင်းတို့ကို ပဌမဈာန်ကို နည်းမှီ၍ သိပါလေ ဟူလို။ ရင်းဋီကာသစ်၊ဒု၊နှာ-၂၅၂။)

၉၄၅။ တိဝိဓကလျာဏံ၊ သုံးပါးအပြားရှိသော ကောင်းခြင်းနှင့်ယှဉ်သော။ ဒသလက္ခဏသံယုတ္တံ၊ ဆယ်ပါးသော လက္ခဏာ ^ နှင့်ယှဉ်သော။

---

၁။ (ပထမစျာန်၏ ကောင်းခြင်း ၃-ဖြာနှင့် လက္ခဏာ ၁၀-ပါး

**ကောင်းခြင်း ၃-ဖြာ။** ။(၁) ပဌမစျာန်၏ အစ၌ကောင်းခြင်း အာဒိကလျာဏကား— ပဋိပဒါဝိသုဒ္ဓိတည်း။ (အကျင့်၏ စင်ကြယ်မှုတည်း)။ ။ (၂) ပဌမစျာန်၏အလယ်၌ ကောင်းခြင်း မဇ္ဈေကလျာဏကား—ဥပေက္ခာကို ပွါးများခြင်းတည်း (တတြမဇ္ဈတ္တုပေက္ခာ၏ ပွါးများခြင်း, သမ္ပယုတ်တရားတို့ကို အညီအမျှထား၍ ပွါးစေခြင်းတည်း)။ ။ (၃) ပဌမစျာန်၏အဆုံး၌ ကောင်းခြင်း ပရိယောသာနကလျာဏကား—ရွှင်လန်းခြင်းတည်း (ဉာဏ်အမြင်အားရှိခြင်း, ထင်ရှားရွှင်လန်းခြင်းတည်း)။

**လက္ခဏာ ၁၀-ပါး။** ။အစ၌ ကောင်းခြင်း အာဒိကလျာဏ၏ လက္ခဏာ ၃-ပါးတို့ကား ပဋိပဒါဝိသုဒ္ဓိနှင့် ပြည့်စုံသောကြောင့်— (၁) နီဝရဏဘေးရန်မှ စင်ကြယ်ခြင်း။ ။ (၂) စင်ကြယ်သောကြောင့် သမထနိမိတ်သို့ ရောက်ခြင်း (အပ္ပနာသမာဓိသို့ ရောက်ခြင်း)။ ။ (၃) အပ္ပနာသမာဓိ တည်းဟူသော သမထနိမိတ်သို့ ရောက်သဖြင့် ခိုင်ခံ့ခြင်း, တည်တံ့ခြင်းတည်း။

အလယ်၌ ကောင်းခြင်း မဇ္ဈေကလျာဏ၏ လက္ခဏာ ၃-ပါးတို့ကား နီဝရဏ အညစ်အကြေးတို့မှ စင်ကြယ်ပြီးဖြစ်သောကြောင့်— (၁) နောက်ထပ်တဖန် စင်ကြယ်ရန် သုတ်သင်ဘို့ရန် မရှိသဖြင့် စျာန်စိတ်ကို လျစ်လျူရှုခြင်း။ ။ (၂) တည်ကြည်ပြီး ဖြစ်သောကြောင့် အပ္ပနာသို့ ရောက်နေသော စိတ်ကိုလျစ်လျူရှုခြင်း (အပ္ပနာသို့ ရောက်ပြီးဖြစ်သော စိတ်ကို အပ္ပနာသို့ရောက်ရန် နောက်ထပ်တဖန် အားထုတ်ဘွယ် မလိုသည့်အတွက် ယင်းစိတ်ကို လျစ်လျူရှုခြင်းဖြစ်သည်)။ ။ (၃) တခုတည်းသော အာရုံရှိသော စိတ်ကို လျစ်လျူရှုခြင်းတည်း (ကိလေသာ အနှောင့်အယှက်တို့မှ စင်ကြယ်ပြီး ဖြစ်သောကြောင့် စိတ်ကို တည်ကြည်နေအောင် စိတ်ကို အာရုံတခု၌ တည်တံ့နေအောင် နောက်ထပ်တဖန် ပြုဘွယ်မလိုချေ၊ ထို့ကြောင့် တခုတည်းသော အာရုံရှိသော စိတ်ကို လျစ်လျူရှုထားသည်ဟု ဆိုလိုသည်။)

အဆုံး၌ ကောင်းခြင်း ပရိယောသာနကလျာဏ၏ လက္ခဏာ ၄-ပါးတို့ကား ဉာဏ်အမြင်ထင်ရှား ရွှင်လန်းသောကြောင့်— (၁) သမာဓိနှင့်ပညာကို အချင်းချင်း မလွန်ကဲစေပဲ ညီညီမျှမျှဖြစ်ခြင်း (သမာဓိသည် သမထအရာ၌ ခေါင်းဆောင်ဖြစ်သည်၊ ပညာသည် ဝိပဿနာအရာ၌ ခေါင်းဆောင်ဖြစ်သည်၊ ဤ ခေါင်းဆောင်တရား ၂-ပါးတို့သည် အချင်းချင်း မလွန်ကဲမူ၍ ညီညီမျှမျှ ဖြစ်ပေါ်နေခြင်းကို ဆိုလိုသည်)။ (၂) သဒ္ဓါစသော ဣန္ဒြေတို့သည် ကိလေသာအမျိုးမျိုးမှ လွတ်သောကြောင့် ဝိမုတ္တိရသအားဖြင့် တခုတည်းသော တူသောရသရှိသည်၊ ယင်းသို့ သဒ္ဓါစသော ဣန္ဒြေတို့၏ တခုတည်းသော တူသော ဝိမုတ္တိရသရှိသောအားဖြင့် သုတ်သင်ခြင်း=ဖြူစင်စေခြင်း=ရွှင်လန်းခြင်း။ ။ (၃) စျာန်စိတ်သည် အချင်းချင်း မလွန်ကဲခြင်း ညီညွတ်ခြင်း သဘောရှိသော သမာဓိ, ပညာနှင့် ဝိမုတ္တိရသတည်းဟူသော တခုတည်းသော ရသရှိသော သဒ္ဓါစသော ဣန္ဒြေတို့အား လျောက်ပတ်သော ဝီရိယကို ဖြစ်စေသည်၊ ယင်းသို့သော ဝီရိယကိုဖြစ်စေသောအားဖြင့်

ဘာဝနာမယံ၊ ဘာဝနာကြောင့်ဖြစ်သော။ ဒုတိယံ ဈာနံ၊ ဒုတိယဈာန်ကို။ ဘိက္ခုနာ၊ ယောဂီရဟန်းသည်။ အဓိဂတံ၊ ရအပ်သည်။ ဟောတိ၊ ဖြစ်၏။

**ဒုတိယဈာန်သို့တက်ပုံ** ၉၄၆။ ဒုတိယေ ဈာနေ၊ ဒုတိယဈာန်ကို။ အဓိဂတေ၊ ရပြီးသော်။ သတိမတော၊ သတိရှိသော ယောဂီပုဂ္ဂိုလ်သည်။ ဒုတိယေပိ၊ဒုတိယဈာန်၌လည်း။ ပဉ္စဟိ အာကာရေဟိ၊ ငါးပါးသော အခြင်းအရာတို့ဖြင့်။ သုစိဏ္ဏဝသိနာ၊ ကောင်းစွာ လေ့လာသော ဝသီဘော်ရှိသည်။ ဟုတွာ၊ ဖြစ်၍။

**ဒုတိယဈာန်၌အပြစ်မြင်ခြင်း** ၉၄၇။ ပဂုဏာတော၊ လေ့လာသော။ တသ္မာ ဒုတိယာ ဈာနာ၊ ထိုဒုတိယဈာန်မှ။ ဝုဋ္ဌာယ၊ ထ၍။ ပုန၊ တဖန်။ အယံ သမာပတ္တိ၊ ဤဒုတိယဈာန်သမာပတ်သည်။ အာသန္နတက္ကဝိစာရပစ္စတ္ထိကာ၊ နီးသော ဝိတက် ဝိစာရတည်းဟူသော ရန်သူရှိ၏။

၉၄၈။ ပီတိယာ၊ ပီတိဖြင့်။ ပိယတော၊ အလိုရှိသော။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ စေတသော၊ စိတ်၏။ ဥပ္ပိလာပနံ[၁]၊ ပေါ်လွင်တက်ကြွသကဲ့သို့ဖြစ်၏။ ပီတိယာ၊ ပီတိ၏။ ထူလတ္တာ၊ ရန့်ရင်းသည်၏

---

သုတ်သင်ခြင်း=ဖြူစင်စေခြင်း=ရှင်လန်းခြင်း။ ။ (၄) ဈာန်တရား၏ ဥပါဒ်ခဏ,ဌီခဏ တို့၏ အရှိန်ကို မှီဝဲသော သဘောအားဖြင့် ရှင်လန်းခြင်းတည်း။

ယင်းသို့ ပဌမဈာန်၏ အာဒိကလျာဏ၌ လက္ခဏာ ၃-ပါး, မဇ္ဈေကလျာဏ၌ လက္ခဏာ ၃-ပါး, ပရိယောသာနကလျာဏ၌ လက္ခဏာ ၄-ပါးအားဖြင့် ပဌမဈာန်၏ လက္ခဏာ ၁၀-ပါး ဖြစ်သည်။

ကျန်ဒုတိယစသော ဈာန်များ၏ ကောင်းခြင်း ၃-ဖြာနှင့် လက္ခဏာ ၁၀-ပါးကိုလည်း ဤနည်းမသေ့ သိပါလေ။

ပဋိသံ၊ နှာ-၁၆၇။ ပဋိသံ၊ဌ၊၂၊နှာ-၇၆-၇။ ဝိသုဒ္ဓိ၊ဋ္ဌ၊၁၊နှာ-၁၄၃-၅။ ဝိသုဒ္ဓိ၊ဋီ၊၁-နှာ-၁၇၁-၄။ ပဋိသံ၊မြန်၊နှာ-၂၁၃-၄။)

၁။ (ဥပ္ပိလာပန ဟူသည် တဏှာပေမ မကင်းသောသူအား တဏှာနှင့်တကွဖြစ်သော ပီတိ၏ ဖြစ်ပုံအခြင်းအရာတည်း၊ ယင်း ပီတိ၏ ဖြစ်ပုံအခြင်းအရာဟူသည် စိတ်ကိုပေါ်လွင် တက်ကြွစေသကဲ့သို့ ဖြစ်မှုတည်း၊ ဤ ဒုတိယဈာန်၌ အပြစ်ကို ပြလိုသဖြင့် "ဥပ္ပိလာပန"ဟု သုံးစွဲထားခြင်းဖြစ်သည်၊ ဂုဏ်ဋီကာသစ်၊ဒု၊နှာ-၂၅၃။)

အဖြစ်ကြောင့်[၁]။ အယံ၊ ဤဒုတိယဈာန်သည်။ တတော၊ ထိုတတိယဈာန်အောက်။ အင်္ဂဒုဗ္ဗလာ၊ အားနည်းသော အင်္ဂါရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။

၉၄၉။ တတ္ထ၊ ထိုဒုတိယဈာန်၌။ အာဒီနဝံ၊ အပြစ်ကို။ ဒိသွာ၊ မြင်၍။ တတိယေ၊ တတိယဈာန်၌။ သန္တတော၊ ငြိမ်သက်သောအားဖြင့်။ ဒိသွာ၊ ရှု၍။ ဒုတိယေ ဈာနမှိ၊ ဒုတိယဈာန်၌။ နိကန္တိံ၊ တပ်ခြင်းကို။ ပရိယာဒါယ၊ ကုန်စေ၍၊ ခွါ၍။

၉၅၀။ တတိယာဓိဂမတ္ထာယ၊ တတိယဈာန်ကို ရခြင်းငှါ။ ဘာဝနက္ကမော၊ ဘာဝနာအစဉ်ကို။ ကာတဗ္ဗော၊ ပြုအပ်၏။

**တတိယဈာန်ရခြင်း** အထ၊ ထိုသို့ပြုသည်ရှိသော်။ ယဒါ၊ အကြင်အခါ၌။ ဒုတိယဇ္ဈာနာ၊ ဒုတိယဈာန်မှ။ ဝုဋ္ဌာယ၊ ထ၍။

၉၅၁။ သတဿ၊ သတိရှိသည်ဖြစ်၍။ သမ္ပဇာနဿ၊ ပညာအဆင်အခြင်ရှိသည်ဖြစ်၍။ ဈာနင်္ဂံ၊ ဈာန်အင်္ဂါကို။ ပစ္စဝေက္ခတော၊ ဆင်ခြင်သော။ အဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ ပီတိ၊ ပီတိသည်။ ထူလတော၊ ရုန့်ရင်းသောအားဖြင့်။ ဥပဋ္ဌာတိ၊ ထင်၏။ သုခါဒိ၊ သုခအစရှိသည်သည်။ သန္တတော၊ ငြိမ်သက်သောအားဖြင့်။ ဥပဋ္ဌာတိ၊ ထင်၏။

၉၅၂။ တဒါ၊ ထိုအခါ၌။ ထူလင်္ဂါနံ၊ ရုန့်ရင်းသော အင်္ဂါတို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှါ။ သန္တင်္ဂ ပဋိလာဘာယ၊ ငြိမ်သက်သောဈာန်အင်္ဂါကိုရခြင်းငှါ။ တဒေဝ နိမိတ္တံ၊ ထိုပဋိဘာဂနိမိတ်ကိုလျှင်။

၉၅၃။ ပထဝီ ပထဝီစွေဝ၊ ပထဝီ ပထဝီဟူ၍သာလျှင်။ ပုန၊ တဖန်။ မနသာ ကရောတော၊ နှလုံးပြုသော။ တဿ ယောဂိနော၊ ထို ယောဂီ

---

၁။ (ပီတိသည် ထိုထိုအာရုံတို့ကို နှစ်သက်တတ်သော သဘော, စိတ်ကို ပေါ်လွင်တက်ကြွစေသော သဘောရှိသဖြင့် ကာမစ္ဆန္ဒ အာရုံကို မတော်တဆ ဆိုသလို နှစ်သက်မိနိုင်သည်၊ ထိုအခါ ဈာန်၏ဘေးရန် ဖြစ်နိုင်သည်။ ထို့ကြောင့် ပီတိသည် ရုန့်ရင်းကြမ်းတမ်းသည်။)

ပုဂ္ဂိုလ်အား။ ဣဒါနိ၊ ယခုအခါ၌။ တံ တတိယံ ဈာနံ၊ ထို တတိယဈာန်သည်။ ဥပ္ပဇ္ဇိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။

၅၅၄။ ဘဝင်ံ ပန၊ ဘဝင်ကိုလျှင်။ အနုပစ္ဆိဇ္ဇ၊ ဖြတ်၍။ ပထဝီကသိဏံ၊ ပထဝီ, ပထဝီဟု ပွါးစေခြင်း၏ အစွမ်းအားဖြင့် ထင်သော။ တဒေဝ၊ ထိုပဋိဘာဂနိမိတ်ကိုလျှင်။ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ ယောဂိနော၊ ယောဂီပုဂ္ဂိုလ်အား။ မနောဒ္ဓါရမှိ၊ မနောဒ္ဓါရ၌။

၅၅၅။ အာဝဇ္ဇနံ စိတ္တံ၊ အာဝဇ္ဇန်းစိတ်သည်။ ဇာယတေ၊ ဖြစ်၏။ တတော၊ ထိုအာဝဇ္ဇန်းနောင်မှ။ တသ္မိံ အာရမ္မဏေ၊ ထိုပဋိဘာဂနိမိတ် တည်းဟူသော အာရုံ၌။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ စတ္တာရိ ဝါ၊ လေးကြိမ်လည်း ဖြစ်ကုန်သော။ ပဉ္စ ဝါ၊ ငါးကြိမ်လည်း ဖြစ်ကုန်သော။ ဇဝနာနိ၊ ကာမာဝစရဇော, ရူပါဝစရဇောတို့သည်။ ဇာယန္တေ၊ ဖြစ်ကုန်၏။

၅၅၆။ တေသံ ဇဝနစေတသံ၊ ထိုဇောစိတ်တို့တွင်။ ဝါ၊ ထိုဇောစိတ်တို့၏။ အဝသာနေ၊ အဆုံး၌။ ဧကံ၊ တခုသော။ တတိယဇ္ဈာနမာနသံ၊ တတိယဈာန်စိတ်သည်။ ရူပါဝစရိကံ၊ ရူပါဝစရဇောသည်။ ဟောတိ၊ ဖြစ်၏။

၅၅၇။ သတိယာ စ၊ သတိနှင့်ရင်း။ သမ္ပဇညေန စ၊ ပညာနှင့်ရင်း။ သမ္ပန္နံ၊ ပြည့်စုံသော။ သုခေန စ၊ သုခနှင့်ရင်း။ ဧကဂ္ဂတာယ စ၊ ဧကဂ္ဂတာနှင့်ရင်း။ သံယုတ္တံ၊ ယှဉ်သော။ တံ တတိယံ၊ ထို တတိယဈာန်ကို။ ဒုဝင်ံ၊ အင်္ဂါနှစ်ပါးရှိ၏ဟူ၍။ မတံ၊ သိအပ်၏။

၅၅၈။ ဟေဋ္ဌာ၊ အောက် ပဌမဈာန်၌။ ဝုတ္တနယေနေဝ၊ ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်။ သေသံ၊ ကြွင်းသောစကားကို။ ဥပလက္ခယေ၊ မှတ်ရာ၏။ ဧဝံ၊ ဤသို့။ ဧကင်္ဂဟီနံ၊ ပီတိတည်းဟူသော ပယ်အပ်သော အင်္ဂါတပါးရှိသော။ ဒွိင်္ဂိ အင်္ဂေဟိ၊ သုခ, ဧကဂ္ဂတာ တည်းဟူသော နှစ်ပါးသော အင်္ဂါတို့နှင့်။ သံယုတ္တံ၊ ယှဉ်သော။

၅၅၉။ တိဝိဓကလျာဏံ၊ သုံးပါးအပြားရှိသော ကောင်းခြင်းနှင့်ယှဉ်သော။ ဒသလက္ခဏသံယုတ္တံ၊ ဆယ်ပါးသော လက္ခဏာနှင့်ယှဉ်သော။

ဘာဝနာမယံ၊ ဘာဝနာကြောင့်ဖြစ်သော။ တတိယံ ဈာနံ၊ တတိယဈာန်ကို။ ဘိက္ခုနာ၊ ရဟန်းသည်။ အဓိဂတံ၊ ရအပ်သည်။ ဟောတိ၊ ဖြစ်၏။

**စတုတ္ထဈာန်သို့တက်ပုံ** ၉၆၀။ တတိယေ ဈာနေ၊ တတိယဈာန်ကို။ အဓိဂတေ၊ ရပြီးသော်။ သတိမတာ၊ သတိရှိသော ယောဂီပုဂ္ဂိုလ်သည်။ တသ္မိံ ပန၊ ထို တတိယဈာန်၌လျှင်။ ပဥ္စဟိ အာကာရေဟိ စ၊ ငါးပါးသော အခြင်းအရာတို့ဖြင့်လည်း။ သုစိဏ္ဏဝသိနာ၊ ကောင်းစွာလေ့လာသော ဝသီဘော်ရှိသည်။ ဟုတွာ၊ ဖြစ်၍။

**တတိယဈာန်၌ အပြစ်မြင်ခြင်း** ၉၆၁။ ပဂုဏတော၊ လေ့လာသော။ တသ္မာ တတိယာ ဈာနာ၊ ထို တတိယဈာန်မှ။ ဝုဋ္ဌာယ၊ ထ၍။ ပုန၊ တဖန်။ အယံ သမာပတ္တိ၊ ဤတတိယဈာန် သမာပတ်သည်။ အာသန္နပီတိဒေါသာ၊ နီးသောပီတိ တည်းဟူသော ရန်သူရှိ၏။ ဣတိ စ၊ ဤသို့ရင်း။

၉၆၂။ တတ္ထ၊ ဤတတိယဈာန်၌။ သုခမိစ္စေဝ၊ သုခဟူ၍သာလျှင်။ စေတသော၊ စိတ်၏။ ယဒေဝ=ယော ဧဝ စ အာဘောဂေါ၊ အကြင်နှလုံး သွင်းခြင်းသည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုနှလုံးသွင်းခြင်းဖြင့်။ (ထည့်) ဧဝံ၊ ဤသို့။ သုခသ၊ သုခ၏။ ထူလတ္တာ၊ ရုန့်ရင်းသည်၏ အဖြစ်ကြောင့်[၁]။ အယံ သမာပတ္တိ၊ ဤတတိယဈာန်သမာပတ်သည်။ အင်္ဂဒုဗ္ဗလာ၊ အားနည်းသောဈာန်အင်္ဂါရှိသည်။ ဟောတိ၊ ဖြစ်၏။

၉၆၃။ ဣတိ စ၊ ဤသို့ရင်း။ တတိယေ ဈာနသ္မိံ၊ တတိယဈာန်၌။ အာဒီနဝံ၊ အပြစ်ကို။ ဒိသွာ၊ မြင်၍။ ပုန၊ တဖန်။ ယောဂိနော၊ ယောဂီပုဂ္ဂိုလ်၏။ စေတသာ၊ စိတ်ဖြင့်။ စတုတ္ထံ၊ စတုတ္ထဈာန်ကို။ သန္တတော၊ ငြိမ်သက်သောအားဖြင့်။ ဒိသွာ၊ ရှု၍။

---

၁။ (သုခသည် သောမနဿဝေဒနာ ဖြစ်သည်။ သာယာမှုကို ခံစားသော သဘောရှိသည်။ သာယာမှု ချမ်းသာမှုဘက်သို့ ယိမ်းယိုင်နေသည်။ လှုပ်ရှားညွတ်ကိုင်းနေသည်။ တည်တံ့သော သဘောကင်းသည်။ သုခသည် ရာဂဖြစ်ရန် နီးစပ်သည်၊ ထို့ကြောင့် ရုန့်ရင်းသည်။)

၉၆၄။ တတိယေ ဈာနသ္မိံ၊ တတိယဈာန်၌။ နိကန္တိံ၊ တပ်ခြင်းကို။ ပရိယာဒါယ၊ ကုန်စေ၍၊ ခွါ၍။ ပုန၊ တဖန်။ စတုတ္ထာဓိဂမတ္ထာယ၊ စတုတ္ထစျာန်ကို ရခြင်းငှါ။ ဘာဝနက္ကမော၊ ဘာဝနာအစဉ်ကို။ ကာတဗ္ဗော၊ ပြုအပ်၏။

**စတုတ္ထစျာန်ရခြင်း**

၉၆၅။ အထ၊ ထိုသို့ပြုသည်ရှိသော်။ ယဒါ၊ အကြင်အခါ၌။ တတိယဇ္ဈာနာ၊ တတိယစျာန်မှ။ ဝုဋ္ဌာယ၊ ထ၍။ သတဿ၊ သတိရှိသည်ဖြစ်၍။ သမ္ပဇာနဿ၊ ပညာ အဆင်အခြင်ရှိသည်ဖြစ်၍။ ဈာနင်္ဂံ၊ ဈာန်အင်္ဂါကို။ ပစ္စဝေက္ခတော၊ ဆင်ခြင်သော။ အဿ တဿ ယောဂိနော၊ ထိုယောဂီပုဂ္ဂိုလ်အား။

၉၆၆။ တံ သုခံ မာနသံ၊ ထိုသုခဟု နှလုံးသွင်းသောစိတ်သည်။ ထူလ-တော၊ ရုန့်ရင်းသောအားဖြင့်။ ဥပဋ္ဌာတိ၊ ထင်၏။ တတော၊ ထိုသုခထက်။ ဥပေက္ခာ စ၊ ဥပေက္ခာသည်ရင်း။ စိတ္တေကဂ္ဂတာပိ စ၊ စိတ္တေကဂ္ဂတာသည်ရင်း။ သန္တတော၊ ငြိမ်သက်သောအားဖြင့်။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ ဥပဋ္ဌာတိ၊ ထင်၏။

၉၆၇။ ထူလင်္ဂဿ၊ ရုန့်ရင်းသောအင်္ဂါကို။ ပဟာနာယ၊ ပယ်ခြင်းငှါ။ သန္တင်္ဂဿ၊ ငြိမ်သက်သော ဈာန်အင်္ဂါကို။ ဥပလဒ္ဓိယာ၊ ရခြင်းငှါ။ တဒေဝ နိမိတ္တံ၊ ထိုပဋိဘာဂနိမိတ်ကိုလျှင်။ ပထဝီ ပထဝီတိ စ၊ ပထဝီ, ပထဝီဟူ၍ရင်း။

၉၆၈။ ဇဝံ၊ ဤသို့။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ မနသာ ကရောတော၊ နှလုံးပြုသော။ ယောဂိနော၊ ယောဂီပုဂ္ဂိုလ်အား။ တံ ဣဒံ စတုတ္ထံ ဈာနံ ပန၊ ထိုစတုတ္ထစျာန်သည်။ ဥပ္ပဇ္ဇိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။

၉၆၉။ ဘဝင်္ဂံ ပန၊ ဘဝင်ကိုလျှင်။ ဥပစ္ဆိန္ဒိတွာ၊ ဖြတ်၍။ တထာ၊ ထိုအတူ။ ပထဝီကသိဏံ၊ ပထဝီ, ပထဝီဟု ပွါးခြင်း၏ အစွမ်းအားဖြင့် ထင်သော။ တဒေဝ၊ ထိုပဋိဘာဂနိမိတ်ကိုသာလျှင်။ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ ယောဂိနော၊ ယောဂီပုဂ္ဂိုလ်အား။ မနောဒွါရမှိ၊ မနောဒွါရ၌။

၉၇၀။ အာဝဇ္ဇနံ စိတ္တံ၊ အာဝဇ္ဇန်းစိတ်သည်။ ဇာယတေ၊ ဖြစ်၏။ တတော၊ ထိုအာဝဇ္ဇန်းနောင်မှ။ တသ္မိံ အာရမ္မဏေ၊ ထိုပဋိဘာဂနိမိတ်တည်းဟူသော အာရုံ၌။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ စတ္တာရိ ဝါ၊ (ဥပစာ, အနုလုံ, ဂေါတြဘူ, ဈာန်ဟူ၍) လေးကြိမ်လည်းဖြစ်ကုန်သော။ ပဉ္စ ဝါ၊ (ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ, ဈာန်ဟူ၍) ငါးကြိမ်လည်း ဖြစ်ကုန်သော။ ဇဝနာနိ စ၊ ကာမာဝစရဇော, ရူပါဝစရဇောတို့သည်လည်း။ ဇာယန္တေ၊ ဖြစ်ကုန်၏။

၉၇၁။ တေသံ ဇဝနစေတသံ၊ ထိုဇောစိတ်တို့၏။ ဝါ၊ ထိုဇောစိတ်တို့တွင်။ အဝသာနေ၊ အဆုံး၌။ ဧကံ၊ တခုသော။ စတုတ္ထဇ္ဈာနမာနသံ၊ စတုတ္ထဈာန်စိတ်သည်။ ရူပါဝစရိကံ၊ ရူပါဝစရဇောသည်။ ဟောတိ၊ ဖြစ်၏။

၉၇၂။ ကောဂ်ဝိပ္ပဟီနံ၊ သုခတည်းဟူသော ပယ်အပ်သော တပါးသော အင်္ဂါရှိသော။ ဣဒံ စတုတ္ထံ ဈာနံ ပန၊ ဤစတုတ္ထဈာန်ကိုကား။ ဒွိဟိ အင်္ဂေဟိ၊ ဥပေက္ခာ, ဧကဂ္ဂတာ တည်းဟူသော နှစ်ပါးသော အင်္ဂါတို့နှင့်။ ယောဂတော၊ ယှဉ်ခြင်းကြောင့်။ ဒုဝင်္ဂိကံ၊ နှစ်ပါးသော အင်္ဂါရှိ၏ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

၉၇၃။ ဝေ၊ ဤသို့။ တိဝိဓကလျာဏံ၊ သုံးပါးအပြားရှိသော ကောင်းခြင်းနှင့်ယှဉ်သော။ ဒသလက္ခဏသံယုတ္တံ၊ ဆယ်ပါးသော လက္ခဏာနှင့်ယှဉ်သော။ ဘာဝနာမယံ၊ ဘာဝနာကြောင့်ဖြစ်သော။ စတုတ္ထံ၊ စတုတ္ထဈာန်ကို။ ဘိက္ခုနာ၊ ယောဂီရဟန်းသည်။ အဓိဂတံ၊ ရအပ်သည်။ ဟောတိ၊ ဖြစ်၏။

**စတုတ္ထဈာန်၌ထူးပုံ** ၉၇၄။ ယသ္မာ၊ အကြင့်ကြောင့်။ သုခံ၊ သုခသည်။ ဥပေက္ခာယ၊ ဥပေက္ခာအား။ အာသေဝနံ၊ အာသေဝနပစ္စည်းသည်။ န ဟောတိ၊ မဖြစ်။ ဥပေက္ခာသဟဂတာနေဝ၊ ဥပေက္ခာသဟဂုတ်သာလျှင် ဖြစ်ကုန်သော။ ဇဝနာနိ၊ ဇောတို့သည်။ ဇဝန္တိ စ၊ ဇောလည်း ဇောကုန်၏။

၉၇၅။ တသ္မာ၊ ထိုကြောင့်။ စတုတ္ထံ၊ စတုတ္ထစျာန်ကို။ ဥပေက္ခာသုခဂတံ၊ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်၏ဟူ၍။ သမုဒီရိတံ၊ ဆိုအပ်၏[၁]။ ဧတ္ထ၊ ဤ စတုတ္ထစျာန်၌။ အယံ ဟိ၊ ဤသည်လျှင်။ ဝိသေသော၊ အထူးတည်း။ သေသံ၊ အကြွင်းသည်။ ဝုတ္တနယံ ပန၊ ဆိုအပ်ပြီးသော နည်းရှိသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

**စတုက္ကနည်းနှင့် ပဉ္စကနည်းညှိပုံ**

၉၇၆။ စတုက္ကနယေ၊ စတုက္ကနည်း၌။ ယံ ဒုတိယံ စျာနံ၊ အကြင် ဒုတိယစျာန်သည်။ အတ္ထိ၊ ရှိ၏။ တံ ဒုတိယံ စျာနံ၊ ထိုဒုတိယစျာန်ကို။ ဒွိဓာ၊ နှစ်ပါးသောအဘို့ဖြင့်။ ကတ္ွာ၊ ပြု၍။ ပဉ္စကနယေ၊ ပဉ္စကနည်း၌။ ဒုတိယံ၊ ဒုတိယစျာန်ကိုငှင်း။ တတိယံ၊ တတိယစျာန်ကိုငှင်း။ ကတံ၊ ပြုအပ်၏။

၉၇၇။ ယံ တတိယံ၊ အကြင်စတုက္ကနည်း၌ တတိယစျာန်သည်။ အတ္ထိ၊ ရှိ၏။ တံ တတိယံ စျာနံ၊ ထိုစတုက္ကနည်း၌ တတိယစျာန်ကို။ စတုတ္ထဉ္စ၊ ပဉ္စကနည်း၌ စတုတ္ထစျာန်ကိုလည်း။ ကတံ၊ ပြုအပ်၏။ စတုတ္ထံ၊ စတုက္ကနည်း၌ စတုတ္ထစျာန်ကို။ ဣဓ၊ ဤပဉ္စကနည်း၌။ ပဉ္စမံ၊ ပဉ္စမစျာန်ကို။ ကတံ၊ ပြုအပ်၏။ ပဌမံ၊ ပဌမစျာန်သည်။ ပဌမံ ယေဝ၊ ပဌမစျာန်သာတည်း။ ဧတ္ထ၊ ဤပဉ္စကနည်း၌။ အယံ ဝိသေသတာ၊ ဤထူးသည်၏ အဖြစ်သည်။ ဟောတိ၊ ဖြစ်၏။

၉၇၈။ ဝေံ၊ ဤသို့။ ဧတ္တာဝတာ၊ ဤမျှအတိုင်းအရှည်ရှိသော သဒ္ဒါအစဉ်, အနက်အစဉ်ဖြင့်။ နာတိသင်္ခေပတော စ၊ မကျဉ်းလွန်းသော အားဖြင့်ငှင်း။ နာတိဝိတ္ထာရတော စ၊ မကျယ်လွန်းသော အားဖြင့်ငှင်း။ အယံ ရူပါဝစရဘာဝနာ၊ ဤရူပါဝစရဘာဝနာကို။ မယာ၊ ငါသည်။ ဝုတ္တာ၊ မိန့်အပ်ပြီ။

---

၁။ (သုခဝေဒနာသည် ဥပေက္ခာဝေဒနာအား အာသေဝနပစ္စည်းဖြင့် ကျေးဇူးမပြုသည့်ပြင် စတုတ္ထစျာန်သည် သုခ၌တပ်ခြင်းကင်းသော သုခဝိရာဂဘာဝနာအစွမ်းဖြင့် ဖြစ်သောကြောင့် စတုတ္ထစျာန်သည် ဥပေက္ခာဝေဒနာသာ ဖြစ်သည်ဟူလို။ ၎င်းဋီကာ သစ်၊ဒု၊ နှာ-၂၅၄။)

၉၇၉။ သုမဓုရ ဝရ တရ ဝစနော၊ အနက်သဒ္ဒါအားဖြင့် အလွန်ကောင်းမြတ်သည်ထက် အထူးသဖြင့် ကောင်းမြတ်ခြင်းရှိသော။ အတိနိသိတဝိသဒ ဗုဒ္ဓိပ္ပစာရဇနဝေဒနီယော[၁]၊ အလွန်ထက်သော သန့်ရှင်းသောဉာဏ်၏ ဖြစ်ခြင်းရှိသောသူသည် သိအပ်သော။ အယံ အဘိဓမ္မာဝတာရော၊ ဤအဘိဓမ္မာဝတာရကျမ်းသည်။ ဝါ- အယံ ပရိစ္ဆေဒေါ၊ ဤအပိုင်းသည်။ ကံ ဇနံ၊ အဘယ်မည်သောသူကို။ နေဝ ရဉ္ဇယတိ၊ မတပ်စေအံ့နည်း။ ရဉ္ဇယတိ ဧဝ၊ တပ်စေသည်သာလျှင်တည်း။

အဘိဓမ္မာဝတာရေ၊ အဘိဓမ္မာဝတာရကျမ်း၌။ ရူပါဝစရ သမာဓိဘာဝနာ နိဒ္ဒေသော နာမ၊ ရူပါဝစရသမာဓိဘာဝနာ နိဒ္ဒေသမည်သော။ စုဒ္ဒသမော၊ တဆဲ့လေးခုတို့၏ ပြည့်ကြောင်းဖြစ်သော။ ပရိစ္ဆေဒေါ၊ အပိုင်းသည်။ ဣတိ သမတ္တော၊ ဤတွင် ပြီးပြီ။

ရူပါဝစရသမာဓိဘာဝနာနိဒ္ဒေသ ပြီး၏။

---

၁။ (ယခုရှိရင်းစွဲပါဌ်ကား အဘိဓမ္မာဝတာရ ဋီကာဟောင်း အလိုဖြစ်သည်၊ ဆဋ္ဌမူ စာကိုယ်၌ အတိနိသိတ ဝိသဒဗုဒ္ဓိပသာဒဇနဝေဒနီယော-ဟု ပါဌ်ရှိသည်။ ယင်းအလိုမူ— အလွန်ထက်သော သန့်ရှင်းကြည်လင်သော ဉာဏ်ပညာရှိသော သူတို့သည် သိအပ်သော-ဟု အနက်ပေး။ အဘိဓမ္မာဝတာရဋီကာသစ် အလိုကား ဆဋ္ဌမူ စာကိုယ်ပါဌ်၌ ဝိသဒပုဒ် မပါရုံမျှသာ ထူးသည်။)

# ၁၅-ပဉ္စရူပသမာပတ္တိနိဒ္ဒေသ

## ၁၅-အရူပါဝစရသမာပတ္တိဘာဝနာနိဒ္ဒေသ

**အရူပါဝစရဘာဝနာ** ၉၇၀။ ရူပါရူပံ၊ ရူပဘာဝ, အရူပဘာဝကို။ အတိ-တေန၊ လွန်တော်မူပြီးသော။ ရူပါရူပါဒိ-ဝေဒိနာ၊ ရူပ, အရူပအစရှိသော ဘုမ္မန္တရ(=ဘုံအထူး)ကို သိတော်မူသော မြတ်စွာဘုရားသည်။ ယာနိ အရူပပုညာနိ စ၊ အကြင် အရူပကုသိုလ်တို့ကို လည်း။ သရူပေန၊ သရုပ်အားဖြင့်။ ဤရိတာနိ၊ ဟောတော်မူအပ်ကုန်၏။

၉၇၁။ ဒါနိ=ဣဒါနိ၊ ယခုအခါ၌။ တေသံ၊ ထိုအရူပကုသိုလ်တို့၏။ ဥတ္တမံ၊ မြတ်သော။ ဘာဝနာနယံ၊ ဘာဝနာနည်းကို။ ယောဂါဝစရ-ဘိက္ခူနံ၊ ယောဂါဝစရ ရဟန်းတို့၏။ ဟိတတ္ထာယ၊ အစီးအပွါးဟူသော အကျိုးငှါ။ သမာသတော၊ အကျဉ်းအားဖြင့်။ အဟံ၊ ငါသည်။ ပဝက္ခာမိ၊ အပြားအားဖြင့် ဟောအံ့။

**ရုပ်၌အပြစ်မြင်ခြင်း** ၉၇၂။ ရူပေ၊ ရူပကာယသည်။ ဝိဇ္ဇမာနသ္မိံ၊ ရှိသည် ရှိသော်။ ဒဏ္ဍာဒါနာဒယော၊ ဆောက်ပုတ် ဆဲ့ကိုင်ခြင်း အစရှိသည်တို့သည်ရင်း။ စက္ခုရောဂါဒယော၊ မျက်စိအနာ အစရှိကုန်သော။ အနေကာပိ အာဗာဓာ ပန၊ များစွာသော အနာတို့ သည်ရင်း။ သိယုံ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။

၉၇၃။ ရူပေ၊ ကရဇရုပ် အစရှိသော ဩဠာရိကရုပ်၌။ အာဒီနဝံ၊ ထိုရုပ်အကြောင်းရှိသော အပြစ်ကို။ ဒိသွာ၊ မြင်၍။ ရူပေ၊ ရုပ်၌။ နိဗ္ဗိန္ဒ-မာနသော၊ တပ်ခြင်းကင်းခြင်း ငြီးငွေ့ခြင်း စိတ်ရှိသည်ဖြစ်၍။ တဿ၊ ထိုရုပ်ကို။ အတိက္ကမနတ္ထာယ၊ လွန်မြောက်ခြင်းငှါ။ အရူပံ၊ အရူပဘာဝနာကို။ ပဋိပဇ္ဇတိ၊ ကျင့်၏[၁]။

---

၁။(ရူပကာယရှိ၍သာ ဆောက်ပုတ်, တုတ်, ဒါးစသောလက်နက်စွဲကိုင်လျက် သတ်ပုတ် ရိုက်နှက်ကြ၊ ရန်သူမျိုးငါးပါးနှင့် ဆက်ဆံကြ၊ မျက်စိရောဂါ, နားရောဂါစသည် ၉၆-ပါးသော ရောဂါ ဖြစ်ကြ ခံစားကြရသည်၊ ဤရူပကာယကင်းရာ မရှိရာ အရူပဘုံ၌ ထိုကာယိက ဒုက္ခဖြစ်သော မျက်စိရောဂါစသော အပြစ်မျိုးမှကင်းသဖြင့် ရှင်းလင်းအေးမြ ငြိမ်သက် ပေလိမ့်မည်-ဟု ရူပကာယ=ကရဇကာယ ရုပ်အပေါင်း၌ အပြစ်မြင်၍ ထိုရုပ်ကို လွန်မြောက် ရန် အရူပဘာဝနာကို ကျင့်ရသည် ဟူလို။)

အာကာသာနုဋ္ဌာ ၉၇၄။ အဝိသာရဒေါ၊ ရွံ့ရှာခြင်းရှိသော။ သော၊
ယတနစျာန် ထိုယောဂီပုဂ္ဂိုလ်သည်။ တမှာ ကသိဏရူပါ၊
ထိုကသိုဏ်းရုပ်မှ။ နိဗ္ဗိဇ္ဇ၊ တပ်ခြင်းကင်းသည်
ဖြစ်၍။ အပက္ကမိတုကာမောဝ၊ ဖဲခြင်းငှါ အလိုရှိသည်သာလျှင်။ ဟောတိ၊
ဖြစ်၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ သူကရာဘိဟတော၊ တော၌
ဝက်သည် ပက်မိကာမျှသော။ သာဝ၊ ခွေးကဲ့သို့တည်း[၁]။

၉၇၅။ ဓီမာ၊ ပညာရှိသော။ ယောဂီ၊ ယောဂီပုဂ္ဂိုလ်သည်။ စတုတ္ထေ
ဈာနသ္မိံ၊ စတုတ္ထဈာန်၌။ စိဏ္ဏဝသီ၊ လေ့လာသော ဝသီဘော်ရှိသည်။
ဟုတွာ၊ ဖြစ်၍။ စတုတ္ထဈာနတော၊ စတုတ္ထဈာန်မှ။ ဝိဓိနာ၊ ဆိုအပ်ပြီး
သော အစီအရင်ဖြင့်။ ဝုဋ္ဌာယ၊ ထ၍။ ပုန၊ တဖန်။

စတုတ္ထဈာန်၌ အပြစ်မြင်ခြင်း ၉၇၆။ ဣဒံ စိတ္တံ၊ ဤရူပါဝစရ စတုတ္ထ
ဈာန်စိတ်သည်။ယတော၊အကြင့်
ကြောင့်။ ရူပံ၊ ငါ ငြီးငွေ့သော ကသိုဏ်းရုပ်ကို။ အာရမ္မဏံ၊ အာရုံကို။
ကရောတိ၊ ပြု၏။ အာသန္နသောမနဿဉ္စ၊ နီးသော သောမနဿတည်းဟူ
သော ရန်သူလည်း ရှိ၏။ သန္တဝိမောက္ခတော၊ ငြိမ်သက်သော ဝိမောက္ခဟု
ဆိုအပ်သော အရူပဈာန်ထက်။ ထူလဉ္စ၊ ရုန့်လည်း ရုန့်ရင်း၏။

၉၇၇။ ဣတိ၊ ဤသို့။ စတုတ္ထေ၊ ရူပါဝစရ စတုတ္ထဈာန်၌။ အာဒီနဝံ၊
အပြစ်ကို။ ဒိသွာ၊ မြင်၍။ တတ္ထ၊ ထိုစတုတ္ထဈာန်၌။ သဗ္ဗသော၊ ခပ်သိမ်း
သော အပြားအားဖြင့်။ နိကန္တိံ၊ တပ်ခြင်းကို။ ပရိယာဒါယ၊ ကုန်စေ၍။
ပဉ္စမာရုပ္ပဉ္စ၊ ပဥ္စမ အရူပဈာန်ကိုလည်း။ သန္တတော၊ ငြိမ်သက်သောအား
ဖြင့်။ ဒိသွာ၊ ရှု၍။

၉၇၈။ စက္ကဝါဠပရိယန္တံ၊ စကြဝဠာ အဆုံးတိုင်အောင်ရင်း။ ယတ္တကံ
ဝါ ပန၊ အကြင်မျှလောက်သော အရပ်ကိုလည်း။ ဣစ္ဆတိ၊ အလိုရှိ၏။

၁။ (တော၌ ဝက်ထိုး ဝက်ပက် ခံရဘူးသော ခွေးသည် အဝေးမှ ထမင်းအိုးကို မြင်
သည့်အခါ ဝက်ထင်မှတ်ပြီး ကြောက်လန့်ပြေးသကဲ့သို့၊ ထို့အတူ ရူပကာယ၌ စက်ဆုပ်ရွံရှာ၍
တပ်ခြင်းကင်းသော ယောဂီသည် ထိုရူပကာယ ကရဇရုပ်နှင့်တူသော ပဋိဘာဂနိမိတ်ဟူ
သော ကသိုဏ်းရုပ်၌လည်း စက်ဆုပ်ရွံရှာ တပ်ခြင်းကင်းသည်ဟူလို။ ၎င်း ဋီကာသစ်၊ဒု၊နှာ-
၂၅၅-၆။)

တတ္တကံ၊ ထိုမျှလောက်သော အရပ်တိုင်အောင်ငှင်း။ ပတ္ထရိတွာန၊ ဖြန့်၍။ တေန၊ ထိုကသိုဏ်းရုပ်ဖြင့်။ တံဖုဋ္ဌောကာသဉ္စ၊ ထိုထိရာနှံ့ရာအရပ်ကိုလည်း။

စီးဖြန်းပုံ ၉၇၉။ အာကာသော ဣတိ ဝါ၊ အာကာသော ဟူ၍ငှင်း။ အနန္တော အာကာသော ဣတိ ဝါ၊ အနန္တော အာကာသောဟူ၍ငှင်း။ မနသာကရောန္တော၀၊ နှလုံးပြုသည်ဖြစ်၍လည်း။ ဥဂ္ဃါ-ဋေတိ၊ ခွါ၏။ ဣတိ၊ ဤသို့။ ပဝုစ္စတိ၊ ဆိုအပ်၏။

ကသိုဏ်းကိုခွါသည်၌ အမိပ္ပါယ် ၉၈၀။ ဟိ=သစ္စံ၊ မှန်၏။ သော ယောဂီ၊ ထို ယောဂီပုဂ္ဂိုလ်သည်။ ကသိဏံ၊ ကသိုဏ်းကို။ ဥဂ္ဃါဋေန္တော၊ ခွါသည်ရှိသော်။ တံ၊ ထိုကသိုဏ်းကို။ န သံဝေလ္လေတိ၊ သင်ဖြူးဖျာကိုကဲ့သို့ မလိပ်မခေါက်။ ကပါလတော၊ မုံ့အိုးကင်းမှ။ ပူဝံ ဝိယ၊ မုံ့ကိုကဲ့သို့။ န ဝုဒ္ဓရတိ၊ ထုတ်လည်း မထုတ်။

၉၈၁။ ကေဝလံ ပန၊ သက်သက်ကား။ တံ၊ ထိုကသိုဏ်းရုပ်ကို။ နေဝ အာဝဇ္ဇတိ၊ မဆင်ခြင်။ န ပေက္ခတိ၊ မကြံ။ ဟိ=သစ္စံ၊ မှန်၏။ သော၊ ထို ယောဂီပုဂ္ဂိုလ်သည်။ နာဝဇ္ဇန္တော၊ မဆင်ခြင်သည်ဖြစ်၍။ နပေက္ခန္တော၊ မကြံသည်ဖြစ်၍။ ဥဂ္ဃါဋေတိနာမ၊ ခွါသည်မည်၏။

ပဌမအရူပစျာန်စိတ်ဖြစ်ခြင်း ၉၈၂။ သော၊ ထိုယောဂီပုဂ္ဂိုလ်သည်။ တံ ကသိဏုဂ္ဃါဋိမာကာသံ နိမိတ္တံ၊ ထို ကသိုဏ်းကို ခွါ၍ရအပ်သော ဟင်းလင်းပြင် ကောင်းကင် တည်းဟူသော နိမိတ်ကိုလျှင်။ အာကာသော ဣတိ၊ အာကာသော၊ အာကာသောဟူ၍။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ စိတ္တေန၊ စိတ်ဖြင့်။ အာဝဇ္ဇတိ၊ ဆင်ခြင်၏။

၉၈၃။ ဟိ=သစ္စံ၊ မှန်၏။ တေ၊ ဤကသိုဏ်းကို ခွါ၍ ရအပ်သော ကောင်းကင်တည်းဟူသော နိမိတ်ကို။ အာဝဇ္ဇတော၊ ဆင်ခြင်သော။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ တက္ကာဟတမ္ပိ စ၊ ဝိတက်ဖြင့် ကြံခြင်း ကိုလည်း။ ကရောတော၊ ပြုသော။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ သဗ္ဗသော၊ ခပ်သိမ်းသော အပြားအားဖြင့်။ ပဋိ နီဝရဏာ၊ ငါးပါးသော နီဝရဏတို့သည်။ ဝိက္ခမ္ဘန္တိ၊ ကွာကုန်၏။

၉၉၄။ တံ နိမိတ္တံ၊ ထို ကသိုဏ်းကို ခွါ၍ ရအပ်သော ဟင်းလင်းပြင် ကောင်းကင်တည်းဟူသောနိမိတ်ကို။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ အာသေဝတိ စ၊ မှီလည်း မှီဝဲ၏။ ဘာဝေတိ စ၊ ပွါးလည်း ပွါးစေ၏။ ဇဝံ၊ ဤသို့။ ကရောတော၊ ပြုသော။ သန္တစိတ္တဿ၊ ငြိမ်သက်သော စိတ်ရှိသော။ တဿ ယောဂိနော၊ ထိုယောဂီပုဂ္ဂိုလ်အား။

၉၉၅-၆။ တတြာကာသေ၊ ထိုကသိုဏ်းကို ခွါ၍ ရအပ်သော ကောင်း ကင်၌၊ ပဥ္စမာရုပ္ပမာနသံ၊ ပဥ္စမ အရူပစျာန်စိတ်သည်။ အပ္ပေတိ၊ အပ္ပနာ၏ အစွမ်းအားဖြင့် ဖြစ်၏။ ဣစ္စာပိ၊ ဤပဥ္စမ အရူပစျာန်၌လည်း။ ပုရိမေ ဘာဂေ၊ ရှေးအဘို့၌။ ဥပေက္ခာယ၊ ဥပေက္ခာဝေဒနာနှင့်။ သမ္ပယုတ္တာနိ၊ ယှဥ်ကုန်သော။ တီဏိ ဝါ၊ သုံးကြိမ်လည်း ဖြစ်ကုန်သော။ စတ္တာရိ ဝါ၊ လေးကြိမ်လည်း ဖြစ်ကုန်သော။ ဇဝနာနိ၊ ကာမာဝစရ ဉာဏသမ္ပယုတ် မဟာကုသိုလ် မဟာကြိယာဇောတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ စတုတ္ထံ ဝါ၊ လေးကြိမ်မြောက်ရင်း။ ပဥ္စမံ ဝါပိ၊ ငါးကြိမ်မြောက်ရင်း။ အာရုပ္ပ-မာနသံ၊ အရူပစျာန်စိတ်သည်။ ဟောတိ၊ ဖြစ်၏။

ဝိညာဏဉ္စာယတနစျာန် ၉၉၇။ ပုန၊ တဖန်။ ဒုတိယာရုပ္ပမာနသံ၊ ဒုတိယ အရူပစျာန်စိတ်ကို။ ဘာဝေ-တုကာမေန၊ ပွါးစေလိုသော ယောဂီပုဂ္ဂိုလ်သည်။ ပဥ္စမာရုပ္ပမာနသေ၊ ပဥ္စမအရူပစျာန်၌။ သုစိဏ္ဏဝသိနာ၊ ကောင်းစွာ လေ့လာသော ဝသီဘော် ရှိသည်။ ဟုတ္វာ၊ ဖြစ်၍။

အာကာသာနဉ္စာယတနစျာန်၌ အပြစ်မြင်ခြင်း ၉၉၈။ ဣဒံ၊ ဤပဥ္စမ အရူပစျာန်သည်။ အာသန္နရူပါဝစရဇ္ဈာနပစ္စတ္ထိကံ၊ နီးသော ရူပါဝစရစျာန်တည်း ဟူသော ရန်သူရှိ၏။ ဣတိ စ၊ ဤသို့ရင်း။ ဒုတိယာရုပ္ပစိတ္တံဝ၊ ဒုတိယ အရူပ စိတ်ကဲ့သို့။ န စ သန္တံ၊ ငြိမ်လည်း မငြိမ်သက်။ ဣတိ စ၊ ဤသို့ရင်း။

၉၉၉။ ဇဝံ၊ ဤသို့။ ပဥ္စမာရုပ္ပမာနသေ၊ ပဥ္စမ အရူပစျာန်စိတ်၌။ အာဒီနဝံ၊ အပြစ်ကို။ ဒိသွာ၊ မြင်၍။ နိကန္တိံ၊ တပ်ခြင်းကို။ ပရိယာဒါယ၊ ကုန်စေ၍။ ဒုတိယံ၊ ဒုတိယအရူပစျာန်ကို။ သန္တတော၊ ငြိမ်သက်သော အားဖြင့်။ ဒိသွာ၊ ရှု၍။

စီးပြန်းပုံ ၁၀၀၀။ တံ အာကာသံ၊ ထိုကသိုဏ်းကို ခွါ၍ ရအပ်သော ကောင်းကင်ကို။ ဖရိတွာန၊ နှံ့၍။ ပဝတ္တံ၊ ဖြစ်သော။ တဠ္ဌ မာနသံ ပန၊ ထိုအာကာသာနဉ္စာယတနစိတ်ကိုလျှင်။ ဝိညာဏ-မိစ္စေဝ၊ ဝိညာဏံ ဝိညာဏံဟူ၍သာလျှင်။ ဗဟုံ၊ များစွာ၊ မနသာ ကာတဗ္ဗံ၊ နှလုံးပြုအပ်၏။

၁၀၀၁။ အာဝဇ္ဇနဥ္စ၊ ဆင်ခြင်ခြင်းကိုရင်း။ တထာ၊ ထို့အတူ။ တက္ကာဟ-တမ္ပိ စ၊ ဝိတက်ဖြင့် ကြံခြင်းကိုရင်း။ ကာတဗ္ဗံ၊ ပြုအပ်၏။ ဣမ၊ ဤဒုတိယ အရူပစျာန်၌။ အနန္တန္တိ အနန္တန္တိ၊ အနန္တံ, အနန္တံဟူ၍။ န မနသာ ကာတဗ္ဗံ၊ နှလုံးမပြုအပ်။

၁၀၀၂။ တသ္မိံ နိမိတ္တသ္မိံ၊ ထိုပဌမ အရူပဝိညာဉ်ဟု ဆိုအပ်သော ဝိညာဏနိမိတ်၌။ မာနသံ၊ ဘာဝနာစိတ်ကို။ ဝိစာရေန္တဿ၊ ဖြစ်စေသော။ ယောဂိနော၊ ယောဂီပုဂ္ဂိုလ်၏။ တံ စိတ္တံ၊ ထိုစိတ်သည်။ ဥပစာရေန၊ ဥပစာရစျာန်ဖြင့်။ သမာဓိယတိ၊ တည်ကြည်၏။

၁၀၀၃။ တံ နိမိတ္တံ၊ ထိုပဌမ အရူပဝိညာဉ်ဟု ဆိုအပ်သော ဝိညာဏ နိမိတ်ကို။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ အာသေဝတိ စ၊ မှီလည်း မှီဝဲ၏။ ဘာဝေတိ စ၊ ပွါးလည်း ပွါးစေ၏။ ဧဝံ၊ ဤသို့။ ကရောန္တဿ၊ ပြုသော။ သတိသမ္ပန္နစေတသော၊ သတိနှင့်ပြည့်စုံသော စိတ်ရှိသော။ တဿ၊ ထို ယောဂီပုဂ္ဂိုလ်အား။

၁၀၀၄။ အာကာသံ ဖုသဝိညာဏော[1]၊ ကသိုဏ်းကို ခွါ၍ ရအပ်သော ကောင်းကင်ကို နှံ့၍ဖြစ်သော ပဌမာရုပ္ပဝိညာဉ်၌။ ဒုတိယာရုပ္ပမာနသံ၊ ဒုတိယ အရူပစိတ်သည်။ အပ္ပေတိ၊ အပ္ပနာ၏အစွမ်းအားဖြင့် ဖြစ်၏။ အသ္မိံ အပ္ပနာယ၊ ဤဝိညာဏဉ္စာယတနစျာန် အပ္ပနာ၌။ နယော၊ နည်းသည်။ သော ဝုတ္တနယော ဝ၊ ထိုပဌမ အရူပစျာန်၌ ဆိုအပ်ပြီးသော နည်းသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

ဝိညာဏဉ္စမည်ပုံ ၁၀၀၅။ အယံ အာကာသော၊ ဤကောင်းကင်သည်။ အနန္တော၊ အဆုံးမရှိ။ ဣတိ ဧဝံ၊ ဤသို့။ တံ အာကာသမေဝ၊ ထိုကသိုဏ်းကို ခွါ၍ ရအပ်သော ကောင်းကင်ကိုလျှင်။

၁။ (ဋီကာဟောင်း, ဋီကာသစ်တို့၌ အာကာသဖုဋ္ဌဝိညာဏော-ဟုရှိသည်။)

ဖရိတွာ၊ နှံ့၍။ ပဝတ္တံ၊ ဖြစ်သော။ ဝိညာဏံ၊ ပဌမ အရူပဝိညာဉ်ကို။ ဝိညာဏဥ္စန္တိ၊ ဝိညာဏဥ္စဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဝိညာဏာနန္တမည်ပုံ ၁၀၀၆။ မနက္ကာရဝသေနာပိ၊ နှလုံးပြုခြင်း၏အစွမ်းဖြင့်လည်း။ အနန္တံ၊ အနန္တကို။ ပရိဒိပိတံ၊ ပြအပ်၏။ ဣဒံ၊ ဤဒုတိယ အရူပစျာန်ကို။ ဝိညာဏာနန္တမိစ္စေဝ၊ ဝိညာဏာနန္တဟူ၍လျှင်။ ဝတ္တဗ္ဗံ၊ ဆိုအပ်သည်။ သိယာ၊ ဖြစ်ရာ၏။

အာကိဉ္စညာယတနစျာန် ၁၀၀၇။ အထ၊ ထို့နောက်မှ၊ တတိယာရုပ္ပမာနသံ၊ တတိယ အရူပ စျာန်စိတ်ကို။ ဘာဝေတုကာမေန၊ ပွါးစေလိုသော ယောဂီပုဂ္ဂိုလ်သည်။ ဒုတိယာရုပ္ပမာနသေ၊ ဒုတိယအရူပစျာန်စိတ်၌။ သုစိဏ္ဏဝသီနာ၊ ကောင်းစွာလေ့လာသော ဝသီဘော်ရှိသည်။ ဟုတွာ၊ ဖြစ်၍။

အာကိဉ္စညာယတနစျာန်၌ အပြစ်မြင်ခြင်း ၁၀၀၈။ ဣဒံ၊ ဤဒုတိယ အရူပစျာန်သည်။ အာသန္န ပဌမာရုပ္ပ စိတ္တပစ္စတ္ထိကံ၊ နီးသော ပဌမအရူပစိတ် တည်းဟူသော ရန်သူရှိ၏။ ဣတိ စ၊ ဤသို့ရင်း။ တတိယာရုပ္ပစိတ္တံဝ၊ တတိယ အရူပစိတ်ကဲ့သို့။ န စ သန္တံ၊ ငြိမ်လည်း မငြိမ်သက်။ ဣတိ စ၊ ဤသို့ရင်း။

၁၀၀၉။ ဧဝံ၊ ဤသို့။ ဒုတိယာရုပ္ပမာနသေ၊ ဒုတိယအရူပစိတ်၌။ အာဒီနဝံ၊ အပြစ်ကို။ ဒိသွာ၊ ရှု၍။ နိကန္တိံ၊ တပ်ခြင်းကို။ ပရိယာဒါယ၊ ကုန်စေ၍။ တတိယံ၊ တတိယအရူပစျာန်ကို။ သန္တတော၊ ငြိမ်သက်သော အားဖြင့်။

စီးဖြန်းပုံ ၁၀၁၀။ ဧဝံ၊ ဤသို့။ မနသိ ကတွာန၊ နှလုံးသွင်း၍။ ပဌမာရုပ္ပဝိညာဏာဘာဝေါ၊ ပဌမအရူပဝိညာဉ်၏ မရှိခြင်းကို။ တဿေဝ၊ ထိုပဌမအရူပဝိညာဉ်၏သာလျှင်။ သုညတော၊ ဆိတ်သော အားဖြင့်။ ပုန၊ တဖန်။ မနသာ ကာတဗ္ဗော၊ နှလုံးပြုအပ်၏။

၁၀၁၁။ တံ ပနာကာသဝိညာဏံ၊ ထိုကသိုဏ်းကိုခွါ၍ ရအပ်သော ကောင်းကင်ကို နှံ့၍ဖြစ်သော ပဌမာရုပ္ပဝိညာဉ်ကို။ ပုန၊ တဖန်။ မနသာ၊

စိတ်ဖြင့်။ အကတွာ၊ အာရုံမပြုမူ၍။ တေန၊ ထိုပဌမာရုပ္ပဝိညာဉ်သည်။ နတ္ထိ၊ မရှိ။ နတ္ထိ၊ မရှိ။ ဣတိ ဝါ၊ ဤသို့ရင်း။ တတော၊ ထိုပဌမာရုပ္ပ-ဝိညာဉ်မှ၊ သုညံ၊ ဆိတ်၏။ သုညံ၊ ဆိတ်၏။ ဣတိ ဝါ၊ ဤသို့ရင်း။

၁၀၁၂။ ဧဝဥ္စ၊ ဤသို့လျှင်။ ဓိမတာ၊ ပညာရှိသော ယောဂီပုဂ္ဂိုလ်သည်။ အာဝဇ္ဇိတဗ္ဗဥ္စ၊ ဆင်လည်း ဆင်ခြင်အပ်၏။ မနသာပိ စ ကတ္တဗ္ဗံ၊ နှလုံးလည်းပြုအပ်၏။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ တက္ကာဟတဉ္စ၊ ဝိတက်ဖြင့် ကြံခြင်းကိုလည်း။ ကာတဗ္ဗံ၊ ပြုအပ်၏။

၁၀၁၃။ တသ္မိံ နိမိတ္တေ၊ ထိုပဌမာရုပ္ပဝိညာဉ်၏ မရှိခြင်းဟု ဆိုအပ်သော ဈာန်ဖြစ်ကြောင်းနိမိတ်၌။ ဧဝံ၊ ဤသို့။ မာနသံ၊ စိတ်ကို။ ဝိစာ-ရေန္တဿ၊ ဖြစ်စေသော။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ သတိ၊ အဘာဝ နိမိတ်အာရုံရှိသော သတိသည်။ တိဋ္ဌတိ[1]၊ တည်၏။ ဘိယျောပိ၊ လွန်စွာလည်း။ မာနသံ၊ စိတ်သည်။ သမာဓိယတိ၊ တည်ကြည်၏။

၁၀၁၄။ တံ နိမိတ္တံ၊ ထိုပဌမာရုပ္ပဝိညာဉ်၏ မရှိခြင်းဟု ဆိုအပ်သော ဈာန်ဖြစ်ကြောင်း နိမိတ်ကို။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ အာသေဝတိ စ၊ မှီလည်း မှီဝဲ၏။ ဘာဝေတိ စ၊ ပွါးလည်း ပွါးစေ၏။ ဧဝံ၊ ဤသို့။ ကရောန္တ-ဿ၊ ပြုသော။ သတိသမ္ပန္နစေတသော၊ သတိနှင့်ပြည့်စုံသော စိတ်ရှိသော။ တဿ ယောဂိနော၊ ထိုယောဂီပုဂ္ဂိုလ်အား။

၁၀၁၅။ ကသိဏုဂ္ဃါဋိမာကာသံ၊ ကသိုဏ်းကို ခွါ၍ ရအပ်သော ကောင်းကင်ကို။ ဖရိတွာန၊ နှံ့၍။ သမန္တတော၊ ထက်ဝန်းကျင်မှ။ ပဝတ္တဿ၊ ဖြစ်သော။ ဝိညာဏဿ၊ ပဌမာရုပ္ပဝိညာဉ်၏။ နတ္ထိဘာဝေ၊ မရှိသည်၏ အဖြစ်၌။ အဘာဝတော[2]၊ မရှိသည်၏ အဖြစ်အားဖြင့်။

၁၀၁၆။ တံ ပန တတိယာရုပ္ပဝိညာဏံ၊ ထိုတတိယ အရူပ ဝိညာဉ်သည်။ အပ္ပေတိ၊ အပ္ပနာ၏ အစွမ်းဖြင့် ဖြစ်၏။

[1]။ (ဆဋ္ဌမူစာကိုယ်နှင့် ဋီကာဟောင်း၌ တိဋ္ဌတိ-ဟုရှိ၍ ဋီကာသစ်၌ သန္တိဋ္ဌတိ-ဟု ရှိသည်။)

[2]။ (ဆဋ္ဌမူ၌ နတ္ထိဘာဝေ အဘာဝကေ ဟုရှိသည်။ နတ္ထိဘာဝေ၊ နတ္ထိဘော ဟုဆိုအပ်သော။ အဘာဝကေ၊ အဘာဝ ပညတ်၌ ဟု အနက်ပေး။)

ယောဂိနော၊ ယောဂီပုဂ္ဂိုလ်အား။ ဧတ္ထ၊ ဤတတိယအရူပစျာန်၌။ အပ္ပနာယ နယော၊ အပ္ပနာနည်းသည်။ သော ဝုတ္တနယော၊ ထိုပထဝီကသိုဏ်း၌ ဆိုအပ်သော နည်းသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

၁၀၁၇။ အာကာသဂတဝိညာဏံ၊ ကသိုဏ်းကို ခွါ၍ ရအပ်သော ကောင်းကင်ကို နှံ့၍ဖြစ်သော ပဌမာရုပ္ပဝိညာဉ်ကို။ ဒုတိယာရုပ္ပစက္ခုနာ၊ ဒုတိယ အရူပ ဝိညာဉ်တည်းဟူသော စက္ခုဖြင့်။ ပဿန္တော၊ ရှုလျက်။ ဝိဟရိတွာန၊ နေ၍။ နတ္ထိ နတ္ထီတိအာဒိနာ၊ နတ္ထိ နတ္ထိ ဤသို့အစရှိသည်ဖြင့်။

၁၀၁၈။ တသ္မိံ ပရိကမ္မမနက္ကာရေ၊ ထိုပရိကမ်၏ အစွမ်းဖြင့် မနသိကာရနှလုံးသွင်းခြင်းသည်။ အန္တရဟိတေ၊ ကွယ်သည်ရှိသော်။ (ဋီကာဟောင်းအလို) (ပရိကမ္မ မနက္ကာရေ၊ ပရိကမ်၏အစွမ်းဖြင့် နှလုံးသွင်းခြင်းရှိသော။ တသ္မိံ၊ ထို ပဌမာရုပ္ပဝိညာဉ်သည်။ အန္တရဟိတေ၊ ထို ပဌမာရုပ္ပဝိညာဉ်ကို နှလုံးမသွင်းခြင်း အာရုံမပြုခြင်းဖြင့် ကွယ်ပျောက်သည်ရှိသော်။ ဋီကာသစ်အလို။) သော၊ ထိုယောဂီပုဂ္ဂိုလ်သည်။ တဿ၊ ထိုပဌမာရုပ္ပဝိညာဉ်၏။ အပဂမမတ္တံ၊ မရှိခြင်းမျှကိုသာလျှင်။ ပဿန္တော၊ ရှုလျက်။ ဝသတိ၊ နေ၏။

| | |
|---|---|
| ပထမာရုပ္ပဝိညာဉ်၏ မရှိခြင်းကိုရှုရာ၌ ဥပမာဖြင့်ပြခြင်း | ၁၀၁၉။ ကောစိ၊ တစုံတယောက်သောယောကျ်ားသည်။ ကတ္ထစိ၊ စည်းဝေးရာတန်ဆောင်း အစရှိသော တစုံတခုသော အရပ်၌။ သံဃသ၊ သံဃာ၏။ သန္နိပါတံ၊ တစုံ |

တခု ပြုဘွယ်ကိစ္စရှိ၍ စည်းဝေးခြင်းကို။ ဒိသွာ၊ မြင်၍။ ကတ္ထစိ၊ တစုံတခုသောအရပ်သို့။ ဂန္တွာ၊ သွားလေ၍။ (ထည့်) သံဃေ၊ စည်းဝေးသော သံဃာသည်။ ဂတေ၊ ပြုဘွယ်ကိစ္စ၏ အဆုံး၌ ထ၍သွားသည်ရှိသော်။ တံဌာနံ၊ ထိုအရပ်သို့။ ပုန၊ တဖန်။ အာဂန္တွာ၊ လာ၍။ (ထည့်) သုညမေဝ၊ ဆိတ်သည်ကိုသာလျှင်။ အနုပဿတိ ယထာ၊ ရှုသကဲ့သို့တည်း[၁]။

၁။ (ယောကျ်ားတယောက်သည် အစည်းအဝေးကျင်းပနေသော သံဃာတော်များကို တွေ့မြင်ပြီးနောက် ကိစ္စတခုဖြင့် အပြင်သို့ခဏထွက်သွားစဉ် သံဃာတော်များသည် အစည်းအဝေးပြီးဆုံး၍ စည်းဝေးရာမှ ထပြန်ကြလေသည်။

**နေဝသညာနာသညာယတနစျာန်**

၁၀၂၀။ ပုန၊ တဖန်။ စတုတ္ထာရုပ္ပမာနသံ၊ စတုတ္ထအရူပစျာန်ကို။ ဘာဝေတုကာမေန၊ ပွါးစေလိုသော ယောဂီပုဂ္ဂိုလ်သည်။ တတိယာရုပ္ပမာနသေ၊ အာကိဉ္စညာယတန တတိယအရူပစျာန်၌။ သုစိဏ္ဏဝသိနာ၊ ကောင်းစွာလေ့လာသော ဝသီဘော်ရှိသည်။ ဟုတွာ၊ ဖြစ်၍။

**နေဝသညာနာသညာယတနစျာန်၌ အပြစ်မြင်ခြင်း**

၁၀၂၁။ ဣဒံ၊ ဤတတိယ အရူပစျာန်သည်။ အာသန္နဒုတိယာရုပ္ပစိတ္တပစ္စတ္ထိကံ၊ နီးသော ဒုတိယအရူပစိတ်တည်းဟူသော ရန်သူရှိ၏။ ဣတိ စ၊ ဤသို့၄င်း။ စတုတ္ထာရုပ္ပစိတ္တံဝိ၊ စတုတ္ထအရူပစိတ်ကဲ့သို့။ န စ သန္တံ၊ ငြိမ်လည်း မငြိမ်သက်။ ဣတိ စ၊ ဤသို့ရင်း။

၁၀၂၂။ ဧဝံ၊ ဤသို့။ တတိယာရုပ္ပမာနသေ၊ အာကိဉ္စညာယတန တတိယ အရူပစျာန်၌။ အာဒီနဝံ၊ အပြစ်ကို။ ဒိသွာ၊ ရှု၍။ နိကန္တိံ၊ တပ်ခြင်းကို။ ပရိယာဒါယ၊ ကုန်စေ၍။ စတုတ္ထံ၊ စတုတ္ထအရူပစျာန်ကို။ သန္တတော၊ ငြိမ်သက်သောအားဖြင့်။

**စီးဖြန်းခြင်း**

၁၀၂၃။ ဧဝံ၊ ဤသို့။ မနသိ ကတွာန၊ နှလုံးပြု၍။ ပုန၊ တဖန်။ မိမတာ၊ ပညာရှိသော ယောဂီပုဂ္ဂိုလ်သည်။ တတ္ထေဝ၊ ထိုတတိယ အရူပစျာန်၌သာလျှင်။ ဣဒံ မနော၊ ဤ တတိယ အရူပစိတ်သည်။ အဘာဝံ၊ မရှိခြင်းကို။ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ သမ္ပဝတ္တံ၊ ဖြစ်၏။

၁၀၂၄။ ဣဒံ စိတ္တံ၊ ဤတတိယ အရူပစိတ်သည်။ သန္တံ၊ ငြိမ်သက်၏။ သန္တံ၊ ငြိမ်သက်၏။ ဣစ္စေဝံ=ဣတိဧဝံ၊ ဤသို့လျှင်။ တံ၊ ထိုတတိယ အရူပ

---

သံဃာ့အစည်းအဝေး ပြီးဆုံးပြီးနောက်မှ ပြန်ရောက်လာသော ထိုယောကျ်ားသည် သံဃာတော်များကို မတွေ့ရပဲ သံဃာတော်များ၏ မရှိခြင်းကိုသာ တွေ့မြင်သကဲ့သို့၊

ယောဂီပုဂ္ဂိုလ်သည် ရှေးက ဝိညာဏဉ္စာယတနစျာန်ဖြင့် ပဌမာရုပ္ပဝိညာဉ်ကို အာရုံပြုပြီးနောက် မရှိမရှိ ဟု နှလုံးသွင်းခြင်းဖြင့် ထို ပဌမာရုပ္ပဝိညာဉ်မရှိလတ်သော် တတိယာရုပ္ပစျာန်ဖြင့် ထို ပဌမာရုပ္ပဝိညာဉ်၏ အရာဝယ် ထင်ရှားရစ်သော ထို ပဌမာရုပ္ပဝိညာဉ်၏ မရှိခြင်းကိုသာ တွေ့မြင်သည်၊ ပဌမာရုပ္ပဝိညာဉ်၏ မရှိခြင်း အဘာဝကိုသာ အာရုံပြု၍ အာကိဉ္စညာယတနစျာန်ဖြစ်သည်ဟူလို။ ရင်းဋီကာသစ်၊ ဒု၊ နှာ-၂၆၂-၃။)

စိတ်ကို။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ အာဝဇ္ဇိတဗ္ဗဥ္စ၊ ဆင်ခြင်အပ်သည်ရင်း။ မနသာ ကာတဗ္ဗံပိ စ၊ နှလုံးပြုအပ်သည်ရင်း။ ဟောတိ၊ ဖြစ်၏။

၁၀၂၅။ တဿ နိမိတ္တေ၊ ထိုမရှိခြင်းတည်းဟူသော ဈာန်ဖြစ်ကြောင်း 'နတ္ထိဘော' နိမိတ်၌။ ဝေါ၊ ဤသို့။ မာနသံ၊ ဘာဝနာစိတ်ကို။ ဝိစာရေန္တဿ၊ ဖြစ်စေသော။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ သတိ၊ သတိသည်။ တိဋ္ဌတိ၊ တည်၏။ ဘိယျောပိ၊ လွန်စွာလည်း။ မာနသံ၊ စိတ်သည်။ သမာဓိယတိ၊ တည်ကြည်၏။

၁၀၂၆။ တံ နိမိတ္တံ၊ ထိုမရှိခြင်းတည်းဟူသော ဈာန်ဖြစ်ကြောင်း နိမိတ်ကို။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ အာသေဝတိ စ၊ မှီလည်း မှီဝဲ၏။ ဘာဝေတိ စ၊ ပွါးလည်း ပွါးစေ၏။ ဝေါ၊ ဤသို့။ ကရောန္တဿ၊ ပြုသော။ သတိသမ္ပန္န-စေတသော၊ သတိနှင့်ပြည့်စုံသော စိတ်ရှိသော။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။

၁၀၂၇။ စတုတ္ထံပိ စ၊ လေးပါးလည်းဖြစ်ကုန်သော။ တတိယာရုပ္ပ-သခါတက္ခန္ဓေသု၊ တတိယ အရူပဟု ဆိုအပ်ကုန်သော ခန္ဓာတို့၌။ တံ ပန စတုတ္ထာရုပ္ပဝိညာဏံ၊ ထိုစတုတ္ထအရူပဝိညာဉ်သည်။ အပ္ပေတိ၊ အပ္ပနာ၏ အစွမ်းအားဖြင့် ဖြစ်၏။

၁၀၂၈။ ဧတ္ထ၊ ဤစတုတ္ထအရူပဈာန်၌။ အပ္ပနာယ နယောပိ၊ အပ္ပနာ နည်းသည်လည်း။ ဝုတ္တနယူပမော၊ ဆိုအပ်ပြီးသော နည်းနှင့်တူ၏။

စတုတ္ထသမာပတ် ငြိမ်သက်ပုံ။ ။အပိစ၊ တနည်းကား။ ဧတ္ထ၊ ဤစတုတ္ထ အရူပဈာန်၌။ အယံ ဝိသေသော၊ ဤ အထူးကို။ ဝိဘာဝိနာ၊ ပညာရှိသောသူသည်။ ဝေဒိတဗ္ဗော၊ သိအပ်၏။

၁၀၂၉။ ယာ သမာပတ္တိ၊ အကြင်သမာပတ်သည်။ အဘာဝမတ္တမ္ပိ၊ သုညတမျှကိုလည်း (နတ္ထိဘောပညတ်မျှကိုလျှင်)။ ဂေါစရံ၊ အာရုံကို။ ကတွာ၊ ပြု၍။ ဌဿတိ၊ တည်လတ္တံ့။ အယံ သမာပတ္တိ၊ ဤသမာပတ်သည်။ ဝတ=ကေန္တေန၊ စင်စစ်သဖြင့်။ သန္တာ၊ ငြိမ်သက်သည်ဖြစ်၏။ အဟော ပဒိဿတိ၊ ဩော် ထင်၏။

၁၀၃၀။ သန္တာရမ္မဏဘာဝေယဝ၊ ငြိမ်သက်သောအာရုံရှိသည်၏ အဖြစ်ကြောင့်သာလျှင်။ အယံ သမာပတ္တိ၊ ဤသမာပတ်သည်။ သန္တာတိ၊ ငြိမ်သက်၏ဟူ၍။ ဝိပဿတိ၊ ရှု၏။

ငြိမ်သက်သော်လည်း အာရုံကို　　သန္တတော၊ ငြိမ်သက်သောအားဖြင့်။
လွန်မြောက်နိုင်ခြင်း၏ အကြောင်း　　စေ မနက္ကာရော၊ အကယ်၍ နှလုံးပြု
　　သည်ဖြစ်အံ့။ ကထဉ္စ၊ အဘယ်သို့လျှင်။

သမတိက္ကမော၊ လွန်ခြင်းသည်။ ဟောတိ၊ ဖြစ်သနည်း။ ဣတိအယံ၊ ဤသည်ကား။ စောဒနာ၊ စောဒနာတည်း။

၁၀၃၁။ အနာပဇ္ဇိတုကာမတာ၊ ဝင်စားခြင်းငှါ အလိုမရှိသည်၏ အဖြစ်ကြောင့်။ သမတိက္ကမော၊ လွန်ခြင်းသည်။ ဟောတေဝ၊ ဖြစ်သည်သာလျှင်ကတည်း။ အဟံ၊ ငါသည်။ ဧတံ၊ ဤတတိယအရူပစျာန်ကို။ သမာပဇ္ဇာမိ၊ ဝင်စားအံ့။ ဣတိ၊ ဤသို့။ အာဘောဂေါ၊ နှလုံးသွင်းခြင်းသည်။ န ဝိဇ္ဇတိ၊ မရှိ။

၁၀၃၂-၃။ ဟိ=သစ္စံ၊ မှန်၏။ တံ၊ ထိုတတိယအရူပစျာန်ကို။ သန္တတော၊ ငြိမ်သက်သောအားဖြင့်။ မနသာ ကရောန္တော၊ နှလုံးပြုသည်ဖြစ်၍။ ယာယ၊ အကြင်သို့သဘောရှိသော။ သညာယ၊ သညာကြောင့်။ သော၊ ထိုနေဝသညာနာသညာယတနနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည်။ နေဝသညီ စ နာသညီ၊ နေဝသညာနာသညာနှင့်ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ သုခုမံ ပရံ၊ အလွန်သိမ်မွေ့သော အဘိုဖြစ်သော။ အဒုဗ္ဗလျံ၊ မိမိကိစ္စ၌ အားမနည်းသည်၏အဖြစ်သို့ ရောက်စေအပ်သော။ မဟဂ္ဂတံ၊ မဟဂ္ဂုတ်ဖြစ်သော။ တံ ပန သညံ[၁]၊ ထိုသညာသို့။ ပါပုဏာတိ၊ ရောက်၏။

---

၁။ ။(ဆင္ခမှု၌ အသည်ံ ပန ဒုဗ္ဗလျံ ဟုရှိသည်၊ ဋီကာအဖွင့်နှင့်မညီ၊
ဘုရင်တပါးသည် လက်မှုပညာပြပွဲကို လှည့်လည်ရှုစားတော်မူစဉ် ကြိုးကြိုးစားစားဖြင့် သားနားတင့်တယ်အံ့ဩဘွယ် လှပဆန်းကြယ်သော ဆင်စွယ်ရုပ်ကလေးများကို ပြုလုပ်နေသော ဆင်စွယ်ရုပ်ထုသမားကို မြင်တော်မူရာ "တော်ပါပေသည် အံ့ဘွယ်ရှိပါပေသည် ဤမည်သော အတတ်တို့ကို ပြုလုပ်နိုင်ပါပေသည်" ဟု အားရနှစ်သက် ချီးမွမ်းသော်လည်း ဘုရင်မင်းမြတ်ကိုယ်တိုင်ကား ထီးနန်းကို စွန့်လွှတ်၍ ဆင်စွယ်ရုပ်ထုသမား မဖြစ်လို၊

**ဝေဒနာစသည်လည်း သိမ်မွေ့ခြင်း** ကေဝလံ တု၊ စင်စစ်ကား။ သညာ ဝ၊ သညာသည် သာလျှင်။ ဒေိသိ၊ ဤသို့ သဘောရှိသည်။ န၊ မဟုတ်။ အထခေါ ပန၊ စင်စစ်သော်ကား။

၁၀၃၄။ ဝေမေဝ၊ ဤအတူလျှင်။ ဧတ္ထ၊ ဤစတုတ္ထအရူပစျာန်၌။ ဝေဒနာဒယော၊ ဝေဒနာအစရှိသည်တို့သည်။ သုခုမာ၊ သိမ်မွေ့ကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

**နေဝသညာ နာသညာမည်ပုံကို။ ဥပမာပြခြင်း** ။ပတ္တမက္ခနတေလေန စ၊ သပိတ်၌သုတ်သော ဆီဖြင့်ရင်း။ ဝါ၊ (ဆီသည်) အန္တောဝုတ္ထ[၁] ဖြစ်သည်၏ အဖြစ်ကြောင့် ယာဂုနှင့်တကွ မအပ်သည်၏ အဖြစ်ဖြင့် ဆီရှိ၏ ဟူ၍ရင်း, ကျည်တောက်ပြည့်ခြင်း အစရှိသည်၏အစွမ်းဖြင့် မရှိဟူ၍ရင်း, ဆိုအပ်သော သပိတ်၌ သုတ်သောဆီဖြင့်ရင်း[၂]။ မဂ္ဂသိ ဥဒကေန စ၊ ခရီး၌ ရေဖြင့်ရင်း။

---

အကြောင်းကား မင်းစည်းစိမ်သည် အလွန်မွန်မြတ်သော အကျိုးအာနိသင်ရှိသောကြောင့် ဖြစ်သည်။

ထိုကဲ့သို့ ချီးမွမ်းလျက်ပင် ဆင်စွယ်ရုပ်ထုသမားတို့ကို ကျော်လွန်၍ နန်းတော်ရောက် ကြွမြန်းလေသကဲ့သို့၊

ထို့အတူ ယောဂီပုဂ္ဂိုလ်သည် တတိယာရုပ္ပစျာန်ကို "ငြိမ်သက်ပါပေသည်၊ မွန်မြတ်ပါပေ သည်"ဟု ချီးမွမ်းသော်လည်း စတုတ္ထာရုပ္ပစျာန်သည် တတိယာရုပ္ပစျာန်ထက် သာ၍ ငြိမ်သက် သာ၍ မွန်မြတ်သဖြင့် ထိုတတိယာရုပ္ပစျာန်ကို မဝင်စားလိုတော့ပေ၊ သို့ဖြစ်၍ တတိယာရုပ္ပ စျာန်ကို ငြိမ်သက်,မွန်မြတ်ပါပေသည် ဟု နှလုံးသွင်းရင်း အာရုံပြုရင်းပင် တတိယာရုပ္ပစျာန် ကို လွန်မြောက်၍ အလွန်ငြိမ်သက်မွန်မြတ်သော စတုတ္ထာရုပ္ပစျာန်သို့ ရောက်ပေသည်ဟူလို။ ဋီကာသစ်၊ ဒု၊ နှာ-၂၆၃။ အဘိ၊ ဋ္ဌ၊ ၁၊ နှာ-၂၅၁-၂။)

၁။ အန္တောဝုတ္ထ=ဝိနည်းကံအရ မအပ်သောကျောင်း "အကပ္ပိယကုဋိ" ထဲ၌ သိုမှီး သိမ်းဆည်းထားအပ်သော ခဲဘွယ်ဘောဇဉ်။

၂။ (သာမဏေသည် သပိတ်ကို ဆီသုတ်လိမ်းထားသည်၊ မထေရ်က ယာဂုသောက်ချိန်၌ သပိတ်ယူခဲ့ရန် အမိန့်ရှိသည်၊ သာမဏေက သပိတ်၌ ဆီရှိကြောင်း လျှောက်ထားလေရာ မထေရ်က ကျည်တောက်ထဲ (ဆီပုလင်းထဲ) ထည့်ရန် ဆီယူခဲ့ဟု အမိန့်ရှိလေသော် သာမဏေက ဆီမရှိပါဟု လျှောက်ထားပြန်သည်။

ထိုစကားရပ်၌ ဆီတမျိုးတည်းကိုပင် အကပ္ပိယကုဋိထဲ၌ သိုမှီး သိမ်းဆည်း ထားသည့် အတွက် ယာဂုဖြင့်ရော၍ မသောက်ကောင်းသောကြောင့် ဆီရှိပါသည်-ဟု လျှောက်ထား ခြင်းကဲ့သို့ စတုတ္ထအရူပစျာန်သည် သိမ်မွေ့သော သင်္ခါရ၏အဖြစ်ဖြင့် ထင်ရှားခြင်းကြောင့်

ဝါ၊ ဘိနပ်စွတ်လောက်ရုံမျှ၏ အဖြစ်ဖြင့် ရေရှိ၏ဟူ၍ရင်း, ချိုးခြင်း၏ အစွမ်းဖြင့် မရှိဟူ၍ရင်း ဆိုအပ်သောခရီး၌ ရေဖြင့်ရင်း[၁]။

၁၀၃၅။ စတုတ္ထာရုပ္ပဗောဓနေ၊ စတုတ္ထအရူပစျာန်ကို သိစေခြင်း၌။ အယံ အတ္ထော၊ ဤအနက်ကို။ ဝါ၊ တစုံတခုအထူးကိုစွဲ၍ သဘောအားဖြင့် ရှိ၏ဟု ဆိုအပ်သောတရား၏ တစုံတခုအထူးကိုစွဲ၍ မရှိဟုဆိုအပ်သည်၏ အဖြစ်ဟုဆိုအပ်သော ဤအနက်ကို။ သာမဓေတဗ္ဗော၊ ပြီးစေအပ်၏[၂]။

နေဝသညာမည်ခြင်း အကြောင်း။ ။ပဋုသညာယ ကိစ္စဿ၊ ထင်သော သညာကိစ္စကို။ ဝါ၊ အာရုံကိုမှတ်ခြင်း, ဝိပဿနာ၏ အာရုံအဖြစ်သို့ရောက်၍ ငြီးငွေ့ခြင်းကို ဖြစ်စေခြင်း တည်းဟူသော ထင်သောသညာကိစ္စကို။ နေဝ ကရဏတော၊ မပြုခြင်း ကြောင့်။

---

"သညာရှိသည်" ဟု ဆိုရသည်ကိုရင်း ကျည်တောက် (ဆီပုလင်း)၌ ပြည့်လောက်အောင် ဆီမရှိသည့်အတွက် ဆီမရှိပါ-ဟု လျှောက်ထားပြန်သကဲ့သို့ ဝိပဿနာ၏ အာရုံဖြစ်လောက်သော သညာ, နိဗ္ဗိဒါဉာဏ်ကို ဖြစ်စေနိုင်လောက်သော သညာမဟုတ်သဖြင့် "သညာမရှိ"ဟု ဆိုရသည်ကိုရင်း ဥပမာ ဥပမေယျ စပ်ဟပ်သိပါလေ။

အချုပ်မှာ—စတုတ္ထအရူပစျာန်သည် ရုန့်ရင်းသောသညာကား မရှိ၊သိမ်မွေ့သော သညာ မရှိသည်မဟုတ် (ရှိ၏) ဟု ဆိုလိုသည်။)

၁။ (ဆရာနှင့်တပည့် ခရီးထွက်ရာ ရှေ့မှသွားသော တပည့် သာမဏေက ဘိနပ်ကို စိုစေလောက်သော ရေကို မြင်သဖြင့် ရေရှိပါသည် ဘိနပ်ချွတ်ပါဘုရား-ဟု လျှောက်ထားလေသည်။

ထိုအခါ ဆရာရဟန်းက ရေရှိလျှင် ရေသနုပ်ကို ယူခဲ့ ရေချိုးမည်ဟု ပြောဆိုလေသော် ချိုးလောက်အောင် ရေမရှိသည့်အတွက် ရေမရှိပါဘုရားဟု သာမဏေက လျှောက်ထား ပြန်သည်။

ထို့အတူ စတုတ္ထအရူပစျာန်စိတ်သည် သိမ်မွေ့သော သင်္ခါရ၏ အဖြစ်ဖြင့် ထင်ရှားခြင်း ကြောင့် သညာရှိသည်ဟုလည်း ဆိုရသည်။

ထင်ရှားသော သညာ၏ကိစ္စကို မပြုနိုင်သည့်အတွက် သညာမရှိဟုလည်း ဆိုရသည်။

ဤ၌ သညာ၏ ကိစ္စဟူသည်—အာရုံကို အမှတ်ပြု၍ သိခြင်း, ဝိပဿနာ၏ အာရုံ၏ အဖြစ်သို့ ကပ်ရောက်၍ နိဗ္ဗိဒါဉာဏ်ကို ဖြစ်စေခြင်းကို ဆိုသည်။

ရင်းဋီကာသစ်၊ဒုၤနှာ-၂၆၄။ အဘိ၊ဋ္ဌ၁၊နှာ-၂၅၃-၄။)

၂။ (စတုတ္ထ အရူပစျာန်စိတ်ကို သိမ်မွေ့သော သညာ၏ ရှိခြင်းဟူသော သဘော အထူးကိုစွဲ၍ ဉာဏ်ဖြင့်ယူ၍ "သညာရှိ၏"ဟု ဆိုအပ်သည်။

ယင်း "သညာရှိ၏"ဟု ဆိုအပ်သော တရားကိုပင် ရုန့်ရင်းသော သညာ၏ မရှိခြင်း အထူးကိုစွဲ၍ ဉာဏ်ဖြင့်ယူ၍ "သညာမရှိ"ဟု ဆိုအပ်သည် ဟူလို။)

၁၀၄၆။ စတုတ္ထာရုပ္ပသမ္ဘာဝါ၊ စတုတ္ထအရူပစျာန်ကြောင့် ဖြစ်သော။ အယံ သညာ၊ ဤသညာကို။ နေဝသညာတိ၊ နေဝသညာဟူ၍။ နိဒ္ဒိဋ္ဌာ၊ ပြအပ်၏။

**သညာကိစ္စမပြုနိုင်ခြင်းကို ဥပမာဖြင့်ပြခြင်း**

သာ သညာ၊ ထိုသညာသည်။ ပဋုသညာယ ကိစ္စံ၊ ထင်သော သညာကိစ္စကို။ ကာတုံ၊ ပြုခြင်းငှါ။ နေဝ သက္ကောတိ၊ မတတ်နိုင်။

၁၀၄၇။ ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ သုခေါဒကေ၊ ရေနွေး၌။ ဝါ၊ ချိုးလိုသောသူတို့၏ ပူသည် အေးသည်၏အဖြစ်ကို မပြုမူ၍ ချမ်းသာကို ဖြစ်စေတတ်သည်၏အဖြစ်ကြောင့် သုခေါဒကဟု ဆိုအပ်သောရေနွေး၌။ တေဇောဓာတု၊ တေဇောဓာတ်သည်။ ဒဟနကိစ္စံ၊ ပူခြင်းကိစ္စကို။ ကာတုံ၊ ပြုခြင်းငှါ။ န သက္ကောတိ ယထာ၊ မတတ်နိုင်သကဲ့သို့။

တထာ၊ ထို့အတူ။ သော၊ ဤသညာသည်။ အတိသန္တာရမ္မဏေ၊ အလွန်ငြိမ်သက်သောအာရုံ၌။ ပဝတ္တတ္တာ၊ ဖြစ်သည်၏အဖြစ်ကြောင့်။ အာရမ္မဏသဉ္ဇာနနံ၊ အာရုံကိုမှတ်ခြင်းကို။ ကာတုံ၊ ပြုခြင်းငှါ။ န သက္ကောတိ၊ မတတ်နိုင်[၁] (ထည့်၍သမ္ဗန်သည်)။

**နာသညာမည်ခြင်း အကြောင်း။**

။သာ သညာ၊ ထိုသညာသည်။ သင်္ခါရာဝသေသတ္တာ၊ သင်္ခါရအကြွင်းရှိသည်၏အဖြစ်ကြောင့်။ သုခုမတ္တေန၊ သိမ်မွေ့သည်၏အဖြစ်ဖြင့်။ ဝိဇ္ဇတိ၊ ရှိ၏။ တသ္မာ စ ပန၊ ထို့ကြောင့်သာလျှင်။ သာ သညာ၊ ထိုသညာကို။ နာသညာတိ၊ နာသညာဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

**အာရုံကို လွန်၍ အရူပသမာပတ်ဖြစ်ခြင်း**

၁၀၄၈။ ဟိ=သစ္စံ၊ မှန်၏။ တော သမာပတ္တိယော၊ ဤအရူပသမာပတ်တို့သည်။ ရူပဋ္ဌ၊ ကသိုဏ်း ရုပ်ဟု ဆိုအပ်သော ပဋိဘာဂနိမိတ်ကိုရင်း။ အာကာသဋ္ဌ၊ ကသိုဏ်းကို ခွါ၍ ရအပ်သော

---

၁။ (သုခေါဒက=သုခ+ဥဒက=ချမ်းသာစေသော ရေ၊ ရေနွေး။
ရေနွေး၌ရှိသော တေဇောဓာတ်သည် ပူခြင်းကိစ္စကို မပြုနိုင်သကဲ့သို့ နေဝသညာ နာသညာသည် အလွန်ငြိမ်သက်သော အာရုံ၌ ဖြစ်သောကြောင့် အာရုံကို အမှတ်ပြု၍ သိခြင်း=သညာကိစ္စကို မပြုနိုင် ဟူလို။)

ကောင်းကင်ကိုရင်း။ ဝိညာဏဥ္စ၊ ကောင်းကင်၌ အာရုံပြု၍ ဖြစ်သော ပဌမာရုပ္ပဝိညာဉ်ကိုရင်း။ တဒဘာဝကဉ္စ၊ ထိုပဌမာရုပ္ပဝိညာဉ်၏ မရှိခြင်း 'နတ္ထိဘောပညတ်'ကိုရင်း။ ကမတော၊ အစဉ်အတိုင်း။ အတိက္ကမိတွာ၊ လွန်၍။ စတဿော၊ လေးပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

စ၊ ထိုစကား မှန်၏။ အာရမ္မဏာတိက္ကမတော။ပ။ ပါသာဒတလ သာဋိကာတိ၊ အာရမ္မဏာတိက္ကမတော။ပ။ ပါသာဒတလ, သာဋိကာ ဟူ၍။ အဋ္ဌကထာယံ၊ အဋ္ဌကထာ၌ (ထည့်)။ အာဟ၊ မိန့်ပြီ။

၁၀၃၉။ ဣမာ၊ ဤအရူပသမာပတ်တို့သည်။ အာရမ္မဏာတိက္ကမတော၊ အာရုံကိုလွန်သောအားဖြင့်။ စတဿောပိ၊ လေးပါးတို့သည်လည်း။ ဘဝန္တိ၊ ဖြစ်ကုန်၏။ တာသံ၊ ဤအရူပသမာပတ်တို့၏။ အင်္ဂါတိက္ကမံ၊ စျာန်အင်္ဂါကို လွန်ခြင်းကို။ ဝိဘာဝိနော၊ ပညာရှိတို့သည်။ န ဣစ္ဆန္တိ၊ အလိုမရှိကုန်။

**နောက်နောက် သမာပတ်သည် ရှေးရှေးသမာပတ်ထက်မြတ်ခြင်း**

၁၀၄၀။ ဣမ=ဣမာသု စတူသု သမာပတ္တီသု၊ ဤလေးပါးသော သမာပတ်တို့၌။ ဝါ၊ တို့တွင်။ ပစ္ဆိမာ ပစ္ဆိမာ၊ နောက်နောက်၌ ဖြစ်ကုန်သော သမာပတ်တို့သည်။ ပုရိမာ ပုရိမာဟိ၊ ရှေးရှေး၌ ဖြစ်ကုန်သော သမာပတ်တို့ထက်။ (ထည့်) သုပဏီတတရာ၊ အလွန် အထူးသဖြင့် မြင့်မြတ်ကုန်သည်။ ဝါ၊ ကောင်းစွာ အထူးသဖြင့် မြတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

တတ္ထ၊ ထိုရှေးရှေးသော သမာပတ်ထက် နောက်နောက်သော သမာပတ် မြတ်ရာ၌။ ပါသာဒတလ သာဋိကာ၊ ပြာသာဒ်အပြင်, ပုဆိုးဟု ဆိုအပ်ကုန်သော။ ဝါ၊ ဘုံလေးဆင့်ရှိသော ပြာသာဒ်၏ အောက်အောက် အပြင်ထက် အထက်အထက်အပြင်၌ အထူးနှင့်တကွ ငါးပါးသော ကာမဂုဏ် ရှိကုန်သော လေးခုသော ပြာသာဒ်အပြင်, ရုန့်ရင်းသောချည် ချောသော ချည် အလွန်ချောသောချည် အထူးသဖြင့် အလွန်ချောသော ချည်တို့ဖြင့် စီရင်အပ်သော အလျား, အနံ တူမျှသော ပမာဏရှိသော ပုဆိုးဟု ဆိုအပ် ကုန်သော။ ဥပမာ၊ ဥပမာတို့ကို။ ဝိညေယျာ၊ သိအပ်ကုန်၏[၁]။

၁။ (လေးထပ်တိုက်တလုံးဝယ် အောက်ဆုံးအထပ်၌ စားသောက်ဘွယ်မျိုးစုံ, ကြည့် ချင်ဘွယ်အဖုံဖုံ, နာပျော်ဘွယ်အထူးထူးနှင့် ခမ်းခမ်းနားနား တင့်တင့်တယ်တယ် ခြယ်လှယ်

၁၀၄၁။ သုဒ္ဓဒဿိနာ၊ စင်ကြယ်သော ဉာဏ်အမြင်ရှိတော်မူသော။ ပိယဒဿိနာ၊ ချစ်ဘွယ်ခံသော ရူပကာယရှိတော်မူသော မြတ်စွာဘုရားသည်။ ဒဿိတော၊ ပြတော်မူအပ်သော။ အယံ အရူပသမာပတ္တိနယော၊ ဤ အရူပသမာပတ်နည်းကို။ မယာ၊ ငါသည်။ သခေ်ပေန၊ အကျဉ်းအားဖြင့်။ ဒဿိတော၊ ပြအပ်ပြီ။

၁၀၄၂။ ယော ဘိက္ခု၊ သည်။ သာရတရံ၊ အထူးသဖြင့် အနှစ်ရှိသော။ ဣမံ ရူပါရူပဇ္ဈာနသမာပတ္တိဝိဓာနံ၊ ဤ ရူပစျာန်, အရူပစျာန် သမာပတ် အစီအရင်ကို။ ဇာနာတိ၊ သိ၏။ သော ဘိက္ခု၊ သည်။ ရူပါရူပဇ္ဈာနသမာပတ္တိသု၊ ရူပစျာန်, အရူပစျာန်သမာပတ်တို့၌။ ဒက္ခော၊ လိမ္မာသည်ဖြစ်၍ ရူပါရူပံ ဘဝံ၊ ရူပဘဝ, အရူပဘဝကို။ အဘိဘုယျ၊ နှိပ်စက်၍။ ယာတိ၊ နိဗ္ဗာန်သို့ရောက်၏။ ဝါ- နီဝရဏေ၊ နီဝရဏတို့ကို (ထည့်သည်)။ အဘိဘုယျ၊ နှိပ်စက်၍။ ရူပါရူပံ ဘဝံ၊ ရူပဘဝ အရူပဘဝသို့။ ယာတိ၊ ရောက်၏။

အဘိဓမ္မာဝတာရေ၊ အဘိဓမ္မာဝတာရကျမ်း၌။ အရူပါဝစရသမာဓိဘာဝနာနိဒ္ဒေသော နာမ၊ အရူပါဝစရသမာဓိဘာဝနာနိဒ္ဒေသမည်သော။ ပန္နရသမော၊ တဆဲ့ငါးခုတို့၏ပြည့်ကြောင်းဖြစ်သော။ ပရိစ္ဆေဒေါ၊ အပိုင်းသည်။ ဣတိ သမတ္တော၊ ဤတွင် ပြီးပြီ။

အရူပါဝစရသမာဓိဘာဝနာနိဒ္ဒေသ ပြီး၏။

---

မွမ်းမံ ပြင်ဆင်ထားသည်၊ ဒုတိယအထပ်၌ ပိုမိုပြင်ဆင်ထားသည်၊ တတိယအထပ်၌ ထို့ထက် သာလွန်ပြင်ဆင်ထားသည်၊ စတုတ္ထအထပ်၌ ထို့ထက်သာ၍သာ၍ပင် ပိုမိုပြင်ဆင်ထားသည်၊
ဤ၌ အထပ် ၄-ထပ်သည် ပုံသဏ္ဌာန် အရွယ်အစား အားဖြင့် တူသော်လည်း အခမ်းအနား မွမ်းမံပြင်ဆင်ထားပုံမှာ မတူ၍ အောက်အောက်အထပ်ထက် အထက်အထက်အထပ်က သာလွန်လှပ ကောင်းမွန်သကဲ့သို့ရှင်း၊
ရက်ကန်းသည် တယောက်သည် ကြမ်းသောချည်, နုသောချည်, ထို့ထက်နုသောချည်, ထို့ထက်ပင် အလွန်နုသောချည်ဟု ချည် ၄-မျိုးဖြင့် ပုဆိုး ၄-ထည်ကို ရက်ရာ၌ ပုဆိုး ၄-ထည်သည် အလျား အနံ အရွယ်အစားအားဖြင့် တူမျှသော်လည်း ချည်အားဖြင့်မူ တထည်ထက် တထည်က သာလွန်နုနယ် အဘိုးတန်သကဲ့သို့ရှင်း၊
ထို့အတူ အရူပသမာပတ် ၄-ပါးသည် အင်္ဂါအားဖြင့် ဥပေက္ခာ, ဧကဂ္ဂတာ ၂-ပါးစီ ဖြစ်သော်လည်း တိုးတက် ပွါးများအပ်သော ဘာဝနာအစွမ်းကြောင့် အောက်အောက် သမာပတ်ထက် အထက်အထက် သမာပတ်က သာလွန်မွန်မြတ်ပေသည်။ ရင်းဋီကာသစ်၊ ဒု၊နှာ-၂၆၆။ အဘိ၊ဋ္ဌ၁၊နှာ-၂၅၄-၅)

# ၁၆-သောဠသမပရိစ္ဆေဒ

## ၁၆-အဘိညာနိဒ္ဒေသ

၁၀၄၃။ ဣတော၊ ဤအရူပါဝစရသမာဓိဘာဝနာနိဒ္ဒေသမှ။ ပရံ၊ နောက်၌။ ပရံ၊ ထူးသည်ကိုပြု၍။ ပညာသုဒ္ဓိကရံ၊ ပညာ၏ စင်ကြယ်ခြင်းကို ပြုတတ်သော။ ပဥ္စန္နမ္ပိ အဘိညာနံ၊ ငါးပါးကုန်သော အဘိညာဉ်တို့၏ လည်း။ မုခမတ္တနိဒဿနံ၊ အမြွက်မျှကို ပြခြင်းကို။ အဟံ၊ သည်။ ကရိဿာမိ၊ ပြုအံ့။

**တိုက်တွန်းချက်** ၁၀၄၄။ အဌပိ၊ ရှစ်ပါးလည်း ဖြစ်ကုန်သော။ ရူပါရူပသမာပတ္တိ၊ ရူပသမာပတ် အရူပသမာပတ် တို့ကို။ နိဗ္ဗတ္တေတွာ၊ ဖြစ်စေပြီး၍။ လောကိကာပိ အဘိညာယော၊ လောကီ အဘိညာဏ်တို့ကိုလည်း။ ဝိဘာဝိနာ၊ ပညာရှိသော ရဟန်းသည်။ ဘာဝေတဗ္ဗာ၊ ပွါးစေအပ်ကုန်၏။

၁၀၄၅။ သတာ၊ သတိရှိသော။ စတုတ္ထဇ္ဈာနမတ္တေပိ၊ ရူပါဝစရ စတုတ္ထ ဈာန်မျှ၌လည်း။ သုစိဏ္ဏဝသိနာ၊ ကောင်းစွာ လေ့လာသော ဝသီဘော်ရှိ သော။ ယောဂိနာ၊ ယောဂီပုဂ္ဂိုလ်သည်။ အဘိညာသု၊ အဘိညာဉ်တို့၌။ ဧနုယောဂံ၊ လုံ့လကို။ ကာတုံ၊ ပြုခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။

**ယောဂီတန်းဆာ အဘိညာ** ၁၀၄၆။ ဟိ=သစ္စံ၊ မှန်၏။ အဘိညာ နာမ၊ အဘိညာဉ် မည်သည်ကား။ သာဘိညာနံ၊ အဘိညာဉ်နှင့်တကွ ဖြစ်ကုန်သော။ ဘိက္ခူနံ၊ တို့၏။ အနုတ္တရော၊ အတုမရှိသော။ အလင်္ကာရော၊ တန်းဆာတည်း။ တာဏံ၊ စောင့်ရှောက် ရာတည်း။ ဣတိ စ၊ ဤသို့ရင်း။ သတ္ထံ၊ လက်နက်တည်း။ ဣတိ စ၊ ဤသို့ရင်း။ ပဝုစ္စတိ၊ ဆိုအပ်၏။

**အဘိညာဉ်အကျိုး**[၁] ၁၀၄၇။ ယောဂါဝစရဘိက္ခုနာ၊ ယောဂါဝစရ ရဟန်း သည်။ အဘိညာသု၊ အဘိညာဉ်တို့ကို။

၁။ (ပဥ္စမစျာန် သမာဓိဘာဝနာကို ပွါးစေခြင်းသည် ထိုစျာန်သမာပတ်၌ မြဲမြံခိုင်ခံ့ ခြင်း, အာနိသင်ကိုရခြင်း အကျိုးကို ဖြစ်စေသည်၊ ယင်း ပဥ္စမစျာန် သမာဓိနှင့်ရင်း အဘိ ညာဉ်နှင့်ရင်း ပြည့်စုံသော ပုဂ္ဂိုလ်သည် ပွါးများရမည်ဖြစ်သော ဝိပဿနာပညာဘာဝနာကို လွယ်ကူစွာ ပြည့်စုံစေသည်၊ ရစေနိုင်သည်။ ရင်းဋီကာသစ်၊ဒုံနှာ-၂၆၇။)

နိဗ္ဗတ္တိတာသု၊ ဖြစ်စေအပ်ကုန်သည်ရှိသော်။ အသ၊ ထိုယောဂါဝစရ ရဟန်း၏။ ဝါ၊ အား။ သမာဓိဘာဝနာ၊ သမာဓိဘာဝနာကို ပွါးစေခြင်း သည်။ တဒါ၊ ထိုအခါ၌။ နိဋ္ဌင်္ဂတာ၊ ရအပ်သော အာနိသင်ရှိသည်၏ အဖြစ်, ဘာဝနာ ချမ်းသာသည်၏အဖြစ်ကြောင့် အပြီးသို့ရောက်သည်။ သိယာ၊ ဖြစ်ရာ၏။

အဘိညာဉ် ၅-ပါး ၁၀၄၇။ ဒိဗ္ဗာနိ စက္ခုသောတာနိ စ၊ ဒိဗ္ဗစက္ခုဉာဏ်, ဒိဗ္ဗသောတဉာဏ်တို့ရင်း။ ဣဒ္ဓိ စ၊ ဣဒ္ဓိဝိဓဉာဏ်ရင်း။ စိတ္တဝိဇာနနဉ္စ၊ ပရစိတ္တဝိဇာနနဉာဏ်ရင်း။ ပုဗ္ဗေနိဝါသဉာဏဉ္စ၊ ပုဗ္ဗေနိဝါသဉာဏ်ရင်း။ ဣတိ၊ ဤသို့။ ဣမာ ပဉ္စာဘိညာ၊ ဤငါးပါးသော အဘိညာဉ်တို့သည်။ သိယုံ၊ ဖြစ်ကုန်၏။

စိတ်ကို ဆုံးမအပ်ခြင်း ၁၀၄၈။ အဘိညာယော၊ အဘိညာဉ်တို့သို့။ ပတ္တုကာမေန၊ ရောက်ခြင်းငှါ အလိုရှိသော ရဟန်းသည်။ ကသိဏာနုလောမတာဒီဟိ၊ ကသိဏာနုလောမတာ အစရှိကုန်သော။ စတုဒ္ဒသနယေဟိပိ၊ တဆဲ့လေးပါးသော နည်းတို့ဖြင့်လည်း။ မာနသံ၊ စိတ်ကို။ ဒမေတဗ္ဗံ၊ ဆုံးမအပ်၏[၁]။

---

၁။ (အဘိညာဉ် အရာ၌ စိတ်ကို ဆုံးမကြောင်း ၁၄-ပါး (၁) ကသိဏာနုလောမ=ပထဝီကသိုဏ်းအစ ဩဒါတကသိုဏ်း အဆုံးရှိသော ကသိုဏ်း ၈-ပါးတို့၌ အစဉ်အဘိုင်း ကြိမ်ဖန်များစွာ ဈာန်ဝင်စားမှု။

(၂) ကသိဏပဋိလောမ=ဩဒါတကသိုဏ်းမှစ၍ နောက်ပြန်အားဖြင့် အစဉ်အတိုင်း ကြိမ်ဖန်များစွာ ဈာန်ဝင်စားမှု။

(၃) ကသိဏာနုလောမ ပဋိလောမ=ပထဝီကသိုဏ်းမှစ၍ ဩဒါတကသိုဏ်းတိုင်အောင် ရင်း, ဩဒါတ ကသိုဏ်းမှစ၍ ပထဝီကသိုဏ်း တိုင်အောင်ရင်း အစဉ်အတိုင်းအပြန်အလှန် ကြိမ်ဖန်များစွာ ဈာန်ဝင်စားမှု။

(၄) ဈာနာနုလောမ=ပဌမဈာန်မှစ၍ နေဝသညာနာသညာယတနဈာန်တိုင်အောင် အစဉ်အတိုင်း ကြိမ်ဖန်များစွာ ဈာန်ဝင်စားမှု။

(၅) ဈာနပဋိလောမ=နေဝသညာနာသညာယတနဈာန်မှစ၍ ပဌမဈာန်တိုင်အောင် နောက်ပြန်အားဖြင့် အစဉ်အတိုင်း ကြိမ်ဖန်များစွာ ဈာန်ဝင်စားမှု။

(၆) ဈာနာနုလောမ ပဋိလောမ=ပဌမဈာန်မှစ၍ နေဝသညာ နာသညာယတန ဈာန် တိုင်အောင်ရင်း, နေဝသညာနာသညာယတနဈာန်မှစ၍ ပဌမဈာန်တိုင်အောင်ရင်း အစဉ်အတိုင်း အပြန်အလှန် ကြိမ်ဖန်များစွာ ဈာန်ဝင်စားမှု။

(၇) ဈာနုက္ကန္တိက=ပထဝီကသိုဏ်း၌ ပဌမဈာန်ကို ဝင်စားပြီး၍ ထိုကသိုဏ်း၌ပင် တတိယဈာန်ကို ဝင်စား၏၊ ထိုတတိယဈာန်မှ ထပြီးလျှင် ပထဝီကသိုဏ်းကို ခွါ၍ အာကာ

ဣဒ္ဓိဝိဓဉာဏ် ၁၀၅၀။ ဒနွေ၊ တဆဲ့လေးပါးသော အခြင်းအရာတို့ဖြင့် ဆုံးမပြီးသော်။ သမာဟိတေ၊ စတုတ္ထဈာန် သမာဓိဖြင့် တည်ကြည်ပြီးသော်။ သုဒ္ဓေ၊ နီဝရဏ ဝေးသည်၏အဖြစ်ကြောင့် ၎င်း, ဆန့်ကျင်ဘက်၏ ငြိမ်းခြင်း၌လည်း ဗျာပါရမရှိသော တတြမဇ္ဈတ္တု- ပေက္ခာသည် ဖြစ်စေအပ်သော သတိ၏ စင်ကြယ်ခြင်းဖြင့်၎င်း,သဘောအား အားဖြင့်၎င်း စင်ပြီးသော်။ ပရိယောဒါတေ၊ စင်သည်၏ အဖြစ်ကြောင့် ပြိုးပြိုးပြက်ပြက်ရှိပြီးသော်။ ဝါ၊ ဝိတက်ဝိစာရတည်းဟူသော ချောက်ချား

---

သာနုဋ္ဌာယတနစျာန်ကို ဝင်စား၏၊ ထို့နောက် အာကိဉ္စညာယတနစျာန်ကို ဝင်စား၏၊ ဤသို့ ကသိုဏ်းအစဉ်မပျက်စေပဲ ဈာန်အစဉ်ကို ခုန်ကျော်၍ ကြိမ်ဖန်များစွာ ဈာန်ဝင် စားမှု (ဈာန+ဥ+ကန္တိက။ ဥ=အထက်+ကန္တိက=သွားသည်။ ဥက္ကန္တိက=ခုန်ကျော် သွားခြင်း)။

(၈) ကသိဏုက္ကန္တိက=ပထဝီကသိုဏ်း၌ ပဌမဈာန်ဝင်စားပြီး၍ တပန် ထိုဈာန်ကိုပင် တေဇောကသိုဏ်း၌ ဝင်စား၏၊ ဤနည်းဖြင့် ဈာန်အစဉ်မပျက်စေပဲ ကသိုဏ်းအစဉ်ကို ခုန်ကျော်၍ ကြိမ်ဖန်များစွာ ဈာန်ဝင်စားမှု။

(၉) ဈာနကသိဏုက္ကန္တိက = ပထဝီကသိုဏ်း၌ ပဌမဈာန်ကို ဝင်စား၍ ထို့နောင် တေဇောကသိုဏ်း၌ တတိယဈာန်ကို ဝင်စား၏၊ ဤနည်းဖြင့် ဈာန်အစဉ်, ကသိုဏ်းအစဉ် နှစ်မျိုးလုံးကို ခုန်ကျော်၍ ကြိမ်ဖန်များစွာ ဈာန်ဝင်စားမှု။

(၁၀) အင်္ဂသင်္ကန္တိက=ပထဝီကသိုဏ်းတခုတည်း၌ပင် ပဌမဈာန်ကို ဝင်စား၍ အခြား သောဈာန်တို့ကိုလည်း ဝင်စား၏၊ ဤနည်းဖြင့် ဤကသိုဏ်းတခုတည်း၌ပင် ဈာန်အင်္ဂါကို ပြောင်းရွှေ့၍ ကြိမ်ဖန်များစွာ ဈာန်ဝင်စားမှု ( အင်္ဂ+သင်္ကန္တိက၊ အင်္ဂ=ဈာန်အင်္ဂါ+ သင်္ကန္တိက=ပြောင်းရွှေ့ခြင်း)။

(၁၁) အာရမ္မဏသင်္ကန္တိက=ပဌမဈာန်တခုတည်းကို ပထဝီကသိုဏ်း၌ဝင်စား၍ အခြား သောကသိုဏ်းများ၌လည်း ဝင်စား၏၊ ဤနည်းဖြင့် ဈာန်တခုတည်းကိုပင် ကသိုဏ်းအာရုံ ပြောင်းရွှေ့၍ ကြိမ်ဖန်များစွာ ဈာန်ဝင်စားမှု။

(၁၂) အင်္ဂါရမ္မဏသင်္ကန္တိက = ပထဝီကသိုဏ်း၌ ပဌမဈာန်ကိုဝင်စား၍ အာပေါ ကသိုဏ်း၌ ဒုတိယဈာန်ကို ဝင်စား၏၊ ဤနည်းဖြင့် ဈာန်အင်္ဂါ,ကသိုဏ်းအာရုံ ၂-မျိုးလုံးကို ပြောင်းရွှေ့၍ ကြိမ်ဖန်များစွာ ဈာန်ဝင်စားမှု။

(၁၃) အင်္ဂဝဝတ္ထာပန=ပဌမဈာန်သည် အင်္ဂါ ၅-ပါးရှိ၏၊ ဒုတိယဈာန်သည် အင်္ဂါ ၃-ပါးရှိ၏၊ ဤနည်းဖြင့် ဈာန်အင်္ဂါကို ပိုင်းခြားမှတ်သားမှု ( အင်္ဂ=ဈာန်အင်္ဂါ+ဝဝတ္ထာ ပန=ပိုင်းခြားမှတ်သားခြင်း)။

(၁၄) အာရမ္မဏဝဝတ္ထာပန=ဤအာရုံကား ပထဝီကသိုဏ်းတည်း၊ ဤအာရုံကား အာပေါကသိုဏ်းတည်း၊ ဤနည်းဖြင့် ကသိုဏ်းအာရုံကို ပိုင်းခြားမှတ်သားမှု။ ၎င်း ဋီကာ သစ်၊ဒုနှာ-၂၆၇-၉။ ဝိသုဒ္ဓိဋ္ဌောဒုနှာ-၂၂၃။)

ခြင်းကင်းသည်၏ အစွမ်းဖြင့် ပြိုးပြိုးပြက်ပြက်ရှိပြီးသော်။ အနင်္ဂဏော၊ ယုတ်သော အလိုမရှိသည်၏အဖြစ်ဖြင့် အင်္ဂဏ (ကိလေသာ)မရှိပြီးသော်။ အနုပက္ကိလေသေ၊ ကပ်၍ညစ်ငြူးစေတတ်ကုန်သော ရာဂအစရှိသည်တို့၏ ၎င်း, အဘိဇ္ဈာ အစရှိကုန်သော စိတ္တုပက္ကိလေသတို့၏၎င်း ကင်းသည်၏ အဖြစ်ကြောင့် ညစ်ငြူးခြင်းကင်းပြီးသော်။ မုဒုဘူတေ၊ လေ့လာသည်၏ အဖြစ်သို့ ရောက်သဖြင့် ကောင်းစွာ ပွါးစေအပ်သည်၏ အဖြစ်ကြောင့် နူးညံ့စွာ ဖြစ်ပြီးသော်။ ကမ္မနိယေ၊ ဣဒ္ဓိပါဒ်အဖြစ်သို့ ရောက်သဖြင့် အမှု၌ ခံ့ပြီးသော်။ ဌိတေ၊ စင်သည်၏အဖြစ် အစရှိသည်တို့၌ မတုန်မလှုပ်တည် ပြီးသော်။ အစလေ၊ တည်သည်၏အဖြစ်ကြောင့် မတုန်မလှုပ်ခြင်းသို့ ရောက်ပြီးသော်။ ဝါ-ဌိတေ၊ နူးညံ့သည်၏အဖြစ်, အမှု၌ခံ့သည်၏ အဖြစ် တို့ဖြင့် မိမိအလို၌ တည်သည်၏အဖြစ်ကြောင့် တည်ပြီးသော်။ အစလေ၊ သဒ္ဓါအစရှိသည်တို့သည် သိမ်းဆည်းအပ်သည်၏အဖြစ်, အဿဒ္ဓိယ အစရှိ သည်တို့ဖြင့် မတုန်လှုပ်သည်၏အဖြစ်ကြောင့် တုန်လှုပ်ခြင်း ကင်းပြီးသော်။

၁၀၅၁။ ဣတိ၊ ဤသို့။ စိတ္တေ၊ စိတ်သည်။ အဋ္ဌင်္ဂသမ္ပန္နေ၊ ရှစ်ပါးသော အင်္ဂါ[၁]နှင့် ပြည့်စုံသည်ရှိသော်။ ဣဒ္ဓိဝိဓာယ၊ ဣဒ္ဓိကောဋ္ဌာသအလို့ငှါ။ ဝါ၊ ဣဒ္ဓိအပြားငှါ။ စိတ္တံ၊ ပရိကမ်စိတ်ကို၊ စေ အဘိနီဟရတိ၊ အကယ်၍ ကသိုဏ်း အာရုံမှပယ်၍ အဘိညာဉ်သို့ ရှေးရှုစေလွှတ်အံ့။ ဣဒ္ဓိဝိကုဗ္ဗနံ၊ ဣဒ္ဓိသာလျှင် ဖြစ်သော ပကတိအဆင်းကိုစွန့်ခြင်း ကြိယာသည်။ ဝါ၊ တန်းခိုးအထူးထူး ဖန်ဆင်းခြင်းသည်။ သိဇ္ဈတိ၊ ပြီး၏။

အဘိညာဉ် ဖြစ်ပုံ ဝီထိ ၄-မျိုး[၂]

၁၀၅၂။ အဘိညာပါဒကဇ္ဈာနံ၊ အဘိညာဉ်၏အခြေ ဖြစ်သောဈာန်ကို။ သမာပဇ္ဇ၊ ဝင်စား၍။ တတော၊ ထိုအဘိညာဉ်၏ အခြေဖြစ်သော ဈာန်မှ၊ ဝုဋ္ဌာယ၊ ထ၍။ သတံဝါ ပိ၊ အရာကို၎င်း။ သဟဿံဝါ၊ အထောင် ကို၎င်း။ ယဒိ ဣစ္ဆတိ၊ အကယ်၍ အလိုရှိအံ့။

၁။ (ဌိတေနှင့် အစလေကို အင်္ဂါတပါးတည်း အဖြစ်ယူ၍ သမာဟိတေ မှ ဌိတေ အစလေတိုင်အောင် အင်္ဂါ ၈ ပါးယူ။ တနည်း—သမာဟိတေ ကို အင်္ဂါ အဖြစ်မယူပဲ ဌိတေနှင့် အစလေကို အသီးအသီး အင်္ဂါတပါးစီ အဖြစ်ယူ၍ သုဒ္ဓေမှ အစလေတိုင်အောင် အင်္ဂါ ၈-ပါးယူ။ ၎င်းဋီကာသစ်၊ဒု၊နှာ-၂၇၀။)

၂။ (ပါဒကဈာနဝီထိ, ပရိကမ္မဝီထိ(အဓိဋ္ဌာနဝီထိ)၊ အဘိညာဉ် ပါဒကဝီထိ၊ အဘိညာ-ဝီထိ။)

၁၀၅၃။ သတံ ဟောမိ သတံ ဟောမိစ္စေဝ၊ သတံ ဟောမိ, သတံ ဟောမိဟူ၍သာလျှင်။ မာနသံ၊ ပရိကမ်စိတ်ကို။ ကတွာန၊ ပြု၍။ အဘိညာပါဒကဈာနံ၊ အဘိညာဉ်၏ အခြေဖြစ်သောဈာန်ကို။ သမာပဇ္ဇ၊ ဝင်စား၍။ တတော၊ ထိုအဘိညာဉ်၏ အခြေဖြစ်သောဈာန်မှ။

၁၀၅၄။ ပုန၊ တဖန်။ ဝုဋ္ဌာယ၊ ထ၍။ အဓိဋ္ဌာတိ၊ အဓိဋ္ဌာန်၏။ အဓိဋ္ဌာနစေတသာ၊ အဓိဋ္ဌာန်စိတ်နှင့်။ သဟ၊ တကွ။ သော ယောဂီ၊ ထိုယောဂီပုဂ္ဂိုလ်သည်။ သတံ၊ အရာသည်။ ဟောတိ၊ ဖြစ်၏။ သဟဿာဒိသု၊ သဟဿ အစရှိသည်တို့၌။ အယံ နယော၊ ဤနည်းကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

**ပါဒကဈာန်စိတ်၏ အာရုံစသည်**

၁၀၅၅။ ပါဒကဈာနစိတ္တံ တု၊ ပါဒကဈာန်စိတ်သည်ကား။ နိမိတ္တာရမ္မဏံ၊ ပဋိဘာဂနိမိတ်အာရုံရှိသည်။ သိယာ၊ ဖြစ်ရာ၏။ တ္တေ=ဧတေသု ပရိကမ္မာဓိဋ္ဌာနေသု၊ ဤပရိကမ်,အဓိဋ္ဌာန်တို့တွင်။ ပရိကမ္မမနာနိ၊ သတံ ဟောမိ သဟဿံ ဟောမိ ဟူ၍ ဖြစ်ကုန်သော ကာမာဝစရစိတ်တို့သည်။ သတာရမ္မဏိကာနိ၊ အရာသော အဆင်းအာရုံရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

၁၀၅၆။ တဒဓိဋ္ဌာနစိတ္တမ္ပိ[၁]၊ ထိုအရာအထောင်အစရှိသည်ကို အဓိဋ္ဌာန်သော စိတ်သည်လည်း။ သတာရမ္မဏမေဝ၊ အရာသော အဆင်းအာရုံရှိသည်သာလျှင်၊ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုအဓိဋ္ဌာန်စိတ်သည်။ ပုဗ္ဗေ၊ ရှေး၌။ ဝုတ္တပ္ပနာစိတ္တံ ဝိယ၊ ဆိုအပ်သော အပ္ပနာစိတ်ကဲ့သို့။ ဂေါတြဘုနန္တရံ၊ ဂေါတြဘူ၏ အခြားမဲ့၌။ ဟောတိ၊ ဖြစ်၏။

**အဘိညာဏ်ဝီထိ**

၁၀၅၇။ တတ္ထ၊ ထိုဂေါတြဘူ၏ အခြားမဲ့၌။ စတုတ္ထဈာနိကံ၊ ရူပါဝစရစတုတ္ထဈာန်နှင့် ယှဉ်သော။ တံ မနော၊ ထိုအပ္ပနာစိတ်သည်။ ဧကံ၊ တကြိမ်။ ဇာယတေ၊ ဖြစ်၏။ ဣဓ၊ ဤဣဒ္ဓိဝိဓဉာဏ်၌။ ပရိကမ္မဝိသေသော၀၊ ပရိကမ်သာ ထူး၏။ သေသံ၊ အကြွင်းသည်။ ပုဗ္ဗသမံ၊ ရှေးနှင့်တူ၏။

ဣဒ္ဓိဝိဓဉာဏံ၊ ဣဒ္ဓိဝိဓဉာဏ်သည်၊ နိဋ္ဌိတံ၊ ပြီးပြီ။

၁။ (တဒါဓိဋ္ဌာနစိတ္တမ္ပိဟု ဆဋ္ဌမူ၌ရှိသည်။)

ဒိဗ္ဗသောတဉာဏ် ၁၀၅၇။ တတ္ထ၊ ထို အဘိညာဉ်တို့တွင်။ ဧတ္ထ ဒိဗ္ဗ-
သောတံ၊ ဤဒိဗ္ဗသောတ အဘိညာဉ်ကို။
ကထံ၊ အဘယ်သို့။ ဘာဝေတဗ္ဗံ၊ ပွါးစေအပ်သည်။ သိယာ၊ ဖြစ်ရာသနည်း။
အဘိညာပါဒကဈာနံ၊ အဘိညာဉ်၏ အခြေဖြစ်သော ဈာန်ကို။ သမာပဇ္ဇ၊
ဝင်စား၍။ တတော၊ ထိုပါဒကဈာန်မှ။ ပုန၊ တဖန်။

အဓိဋ္ဌာနစိတ္တံ ၁၀၅၈။ ဝုဋ္ဌာယ၊ ထ၍။ ပရိကမ္မေန၊ ပရိကမ်ဖြစ်သော။
ကာမာဝစရစေတသာ၊ ကာမာဝစရစိတ်ဖြင့်။
မဟန္တော စ၊ ရှုန့်ရင်းသည်လည်းဖြစ်သော။ သုခုမောပိ စ၊ သိမ်မွေ့သည်
လည်းဖြစ်သော။ သဒ္ဒေ၊ အသံကို။ အာဝဇ္ဇိတဗ္ဗော၊ ဆင်ခြင်အပ်သည်
သာလျှင်တည်း။

၁၀၆၀။ ဧဝံ၊ ဤသို့။ သဒ္ဒဿ၊ ဩဠာရိက သုခုမဖြစ်သော အသံ၏။
နိမိတ္တံ၊ ထောက်၍ ရအပ်သော ဩဠာရိက သုခုမအခြင်းအရာကို။ မနသိ
ကုဗ္ဗတော၊ နှလုံးပြုသော။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ တံ ဒိဗ္ဗသောတံ၊
ထိုဒိဗ္ဗသောတဉာဏ်သည်။ ဣဓနိ၊ ယခုအခါ၌။ ဥပ္ပဇ္ဇိဿတိ၊ ဖြစ်လတ္တံ့။
ဣတိ။ ဤသို့။

၁၀၆၁။ သဒ္ဒေသု၊ ပရိကမ်၏ အာရုံဖြစ်ကုန်သော ဩဠာရိက သုခုမ
အသံတို့တွင်။ အညတရံ သဒ္ဒံ၊ ပရိကမ်၏အစွမ်းအားဖြင့် မပြတ်နှလုံးပြုအပ်
သော တခုသောအသံကို။ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ တတော၊
ထိုနောက်မှ။ မနောဒွါရာဝဇ္ဇနေ၊ မနောဒွါရာဝဇ္ဇန်းသည်။ ဥပ္ပဇ္ဇိတွာ၊
ဖြစ်၍။ နိရုဒ္ဓေ၊ ချုပ်သည်ရှိသော်။ ပုန၊ တဖန်။

၁၀၆၂။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ စတ္တာရိ ဝါ၊ လေးကြိမ်လည်း
ဖြစ်ကုန်သော။ ပဉ္စ ဝါ၊ ငါးကြိမ်လည်းဖြစ်ကုန်သော။ ဇဝနာနိ၊ ဇောတို့
သည်။ ဇာယန္တေ၊ ဖြစ်ကုန်၏။ တေ=တေသု စိတ္တေသု၊ ဤဇောစိတ်
တို့တွင်။ ပုရိမာနိ၊ ရှေး၌ဖြစ်ကုန်သော။ တီဏိ ဝါ၊ သုံးကြိမ်သော ဇောတို့
သည်ရင်း။ စတ္တာရိ ဝါ၊ လေးကြိမ်သော ဇောတို့သည်ရင်း။

၁၀၆၃။ ပရိကမ္မောပစာရာနုလောမ ဂေါတြဘုနာမကာ၊ ပရိကမ်,
ဥပစာ, အနုလုံ, ဂေါတြဘူဟူသော အမည်ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်
၏။ စတုတ္ထံ ဝါ၊ လေးကြိမ်မြောက်သော ဇောကိုရင်း။ ပဉ္စမံ ဝါပိ၊ ငါးကြိမ်

မြောက်သော ဇောကိုရင်း။ အပ္ပနာစိတ္တံ၊ အပ္ပနာစိတ်ဟူ၍။ ဉာရိတံ၊ ဟောအပ်၏။

၁၀၆၄။ အပ္ပနာမာနသေန၊ အပ္ပနာစိတ်နှင့်။ သဟဇာတံ၊ တကွ ဖြစ်သော။ ယံ ဉာဏံ တု၊ အကြင်ဉာဏ်သည်၊ အတ္ထိ။ ရှိ၏၊ တံ ဉာဏံ၊ ထိုဉာဏ်ကို။ ဒိဗ္ဗသောတန္တိ၊ ဒိဗ္ဗသောတဉာဏ်ဟူ၍။ သုတကောဝိဒါ၊ ပရိယတ်၌ လိမ္မာကုန်သော ပညာရှိတို့သည်။ ဝဒန္တိ၊ ဆိုကုန်၏။

## ဒိဗ္ဗသောတဉာဏ်မြဲမြံအားရှိအောင် ပါဒကစျာန်၏ အာရုံကိုချဲ့ပွါးခြင်း

၁၀၆၅။ တံ ဉာဏံ၊ ထိုဒိဗ္ဗသောတဉာဏ်ကို။ ထာမဇာတံ၊ ဖြစ်သော အားရှိသည်ကို (မြဲမြံခိုင်ခံ့အောင်)။ ကရောန္တေန၊ ပြုသော။ တေန ယောဂိနာ၊ ထိုယောဂီပုဂ္ဂိုလ်သည်။ ပါဒကဇ္ဈာနာရမ္မဏံ၊ ပါဒကစျာန်၏ အာရုံကို။ ဝဍ္ဎေတဗ္ဗံ၊ ပွါးစေအပ်၏။ တေတ္ထန္တရဂတံ၊ ဤအတွင်း၌ဖြစ်သော။ သဒ္ဒံ၊ အသံကို။ သုဏာမိ၊ နာအံ့။ ဣတိ စ၊ ဤသို့လျှင်။ စေတသာ၊ စိတ်ဖြင့်။

၁၀၆၆။ အင်္ဂုလံ၊ လက်တသစ်ရင်း။ ဒွင်္ဂုလံ၊ လက်နှစ်သစ်ရင်း။ ဘိယျော၊ အလွန်။ ဝိဒတ္ထိ၊ တထွာရင်း။ တထာ၊ ထိုမှတပါး။ ရတနံ၊ တတောင်ရင်း။ ဂါမော၊ ရွာရင်း။ တတောယေဝ၊ ထိုထက်အလွန်လျှင်။ ဒေသော၊ အရပ်ရင်း။ တတော့ပရံ၊ ထို့ထက်အလွန်။ စက္ကဝါဠော၊ စကြာဝဠာတိုင်ရင်း။

၁၀၆၇။ ဣစ္စေဝံ တု၊ ဤသို့လျှင်။ ပရိစ္ဆိဇ္ဇ၊ ပိုင်းခြား၍။ ယထာက္ကမံ၊ အစဉ်အတိုင်း။ ဝဍ္ဎေတဗ္ဗံ၊ ပွါးစေအပ်၏။ အဓိဂတာဘိညော၊ ရအပ်ပြီးသော အဘိညာဉ်ရှိသော။ သော၊ ဤယောဂီပုဂ္ဂိုလ်သည်။ ပါဒကာရမ္မဏေန၊ စတုတ္ထစျာန်၏ ပဋိဘာဂနိမိတ်ဟု ဆိုအပ်သော အာရုံဖြင့်။

၁၀၆၈။ ဖုဋ္ဌောကာသဂတေ၊ နှံ့ရာအရပ်၌ဖြစ်ကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ သဒ္ဒေ၊ ထိုအသံတို့ကို။ သုဏာတိ၊ ကြား၏။ သုဏန္တော၊ ကြားသည်ရှိသော်။ သော ယောဂီ၊ ထိုယောဂီပုဂ္ဂိုလ်သည်။ ပါဠိယေက္ကမ္ပိ၊ အသီးအသီးလည်း။ သလ္လက္ခေတုံ၊ မှတ်ခြင်းငှါ။ ပဟောတိ၊ စွမ်းနိုင်၏။

ဒိဗ္ဗသောတဉာဏံ၊ ဒိဗ္ဗသောတဉာဏ်သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

**စေတောပရိယဉာဏ်** ၁၀၆၉။ စေတောပရိယမာနသံ၊ စေတောပရိယ ဉာဏ်ကို။ ကထံ ပန၊ အသို့လျှင်။ ဥပ္ပါဒေ-တဗ္ဗံ၊ ဖြစ်စေအပ်သနည်း။ ဣဒံ ဉာဏံ၊ ဤစေတောပရိယဉာဏ်သည်။ ဒိဗ္ဗ-**စက္ခုဝသေနေဝ၊** ဒိဗ္ဗစက္ခုဉာဏ်ပါဒကဉ္စယရှိသဖြင့်သာလျှင်။ ဣဇ္ဈတိ၊ ပြည့်စုံ၏။

၁၀၇၀။ တသ္မာ၊ ထို့ကြောင့်။ အာလောကံ၊ အလင်းကို။ ဝဍ္ဎေတွာ၊ ပွါးစေ၍။ ဒိဗ္ဗေန စက္ခုနာ၊ ဒိဗ္ဗစက္ခုဉာဏ်ဖြင့်။ ဟဒယံ၊ နှလုံးသားကို။ နိဿာယ၊ မှီ၍။ ဝတ္တမာနံ၊ ဖြစ်သော။ လောဟိတံ၊ သွေးအဆင်းကို။

၁၀၇၁။ ဒိသွာ၊ မြင်၍။ ပရဿ၊ သူတပါး၏။ စိတ္တံ တု၊ စိတ်ကိုလျှင်။ ဘိက္ခုနာ၊ ယောဂီရဟန်းသည်။ ဝိညေယျံ၊ သိအပ်သည်။ ဟောတိ၊ ဖြစ်၏။

**စိတ်အလိုက်သွေးဖြစ်ပုံ။** ။သောမနဿယုတ္တေ၊သောမနဿနှင့်ယှဉ်သော။ စိတ္တေ၊ စိတ်သည်။ ဝတ္တမာနေ၊ ဖြစ်သည်ရှိသော်။ လောဟိတံ၊ သွေးသည်။ လောဟိတံ၊ ပညောင်သီးမှည့် အတူ နီသော အဆင်းရှိသည်။ သိယာ၊ ဖြစ်ရာ၏။

၁၀၇၂။ ဒေါမနဿယုတ္တေ၊ ဒေါမနဿနှင့် ယှဉ်သော။ စိတ္တေ၊ စိတ်သည်။ ဝတ္တမာနေ တု၊ ဖြစ်သည်ရှိသော်ကား။ ကာဠကံ၊ သပြေသီးမှည့် အတူ မဲသော အဆင်းရှိသည်။ သိယာ၊ ဖြစ်ရာ၏။ ဥပေက္ခာသဟိတေ၊ ဥပေက္ခာနှင့် ယှဉ်သော။ စိတ္တေ၊ စိတ်သည်။ ဝတ္တမာနေ၊ ဖြစ်သည်ရှိသော်။ တိလတေလူပမံ၊ နှမ်းဆီနှင့်တူသည်။ သိယာ၊ ဖြစ်ရာ၏။

၁၀၇၃။ တသ္မာ၊ ထို့ကြောင့်။ ပရဿ၊ တပါးသော။ သတ္တဿ၊ သတ္တဝါ၏။ ဟဒယလောဟိတံ၊ နှလုံးသားကို မှီသော သွေးအဆင်းကို။ ဒိသွာ၊ မြင်၍။ တံ စေတောပရိယဉာဏံ၊ ထို စေတောပရိယဉာဏ်ကို။ ထာမတံ၊ အားရှိသည်၏အဖြစ်သို့။ ဂတံ၊ ရောက်သည်ကို။ ကာတဗ္ဗံ၊ ပြုအပ်၏။

၁၀၇၄။ ဧဝံ၊ ဤသို့။ ယထာနုက္ကမတော၊အစဉ်အားလျော်စွာ။ တသ္မိံ၊ ထို စေတောပရိယဉာဏ်သည်။ ထာမဂတေ၊ အားရှိသည်၏ အဖြစ်သို့ ရောက်သည်ရှိသော်။ လောဟိတဒဿနံ၊ သွေးအဆင်းကို မြင်ခြင်းကို။ ဝိနာ၊ ကြဉ်၍။ စိတ္တမေဝ၊ စိတ်ကိုသာလျှင်။ ဝိဇာနာတိ၊ သိ၏။

၁၀၇၅။ သဗ္ဗမေဝ၊ အလုံးစုံသာလျှင်ဖြစ်သော။ ကာမာဝစရစိတ္တဉ္စ၊ ကာမာဝစရစိတ်လည်းဖြစ်သော။ ရူပါရူပေသု၊ ရူပဘုံ အရူပဘုံတို့၌။ မာနသဉ္စ၊ စိတ်လည်းဖြစ်သော။ သရာဂါဒိပ္ပဘေဒကံ၊ သရာဂအစရှိသည် အပြားရှိသော စိတ်ကို။ ဝိဇာနာတိ၊ သိ၏[၁]။

စေတောပရိယဉာဏံ၊ စေတောပရိယဉာဏ်သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

---

ပုဗ္ဗေနိဝါသာနုဿတိဉာဏ် ၁၀၇၆။ ပုဗ္ဗေနိဝါသဉာဏေန၊ ပုဗ္ဗေနိဝါသဉာဏ်ဖြင့်။ တဒနုဿတိ၊ ထိုပုဗ္ဗေနိဝါသတို့ကို အောက်မေ့ခြင်းကို။ ကာတဗ္ဗာ၊ ပြုအပ်၏။ တံ၊ ထိုပုဗ္ဗေနိဝါသဉာဏ်ကို။ သမ္ပာဒေတုကာမေန၊ ပြည့်စုံစေလိုသော။ အာဒိကမ္မိကဘိက္ခုနာ၊ အစစွာသော အမှုဉ်ယှဉ်သော ရဟန်းသည်။

အနုပုဗ္ဗတော၊ အစဉ်အတိုင်း။ စတ္တာရိ၊ လေးပါးကုန်သော။ ဈာနာနိ ပန၊ ဈာန်တို့ကိုလျှင်။ သမာပဇ္ဇ၊ ဝင်စား၍[၂]။

ဆင်ခြင်ပုံ ၁၀၇၇။ တတော အဘိညာပါဒကဇ္ဈာနာ၊ ထိုအဘိညာဉ်၏ အခြေဖြစ်သောဈာန်မှ။ ပုန၊ တဖန်။ ဝုဋ္ဌာယ၊ ထ၍။ သဗ္ဗပစ္ဆိမာ၊ အလုံးစုံတို့၏နောက်၌ဖြစ်သော။ နိသဇ္ဇာ၊ ထိုင်နေရာမှ။ ဘိက္ခုနာ၊ ရဟန်းသည်။ အာဝဇ္ဇိတဗ္ဗာဝ၊ ဆင်ခြင်အပ်သည်သာလျှင်ကတည်း။

၁၀၇၈-၉။ တတော၊ ထိုအလုံးစုံတို့၏နောက်၌ ဖြစ်သော နေရာမှ။ ပဘုတိ၊ စ၍။ သဗ္ဗမ္ပိ၊ အလုံးစုံကိုလည်း။ ပဋိလောမက္ကမာ၊ ပဋိလောမ အစဉ်အားဖြင့်။ အာဝဇ္ဇိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

ဒိဝသေ၊ နေ့၌ရင်း။ ရတ္တိယံ၊ ညဉ့်၌ရင်း။ ကတံ၊ မိမိပြုအပ်သော။ တံတဗ္ဗံ၊ ထိုအလုံးစုံကို။ ပဋိလောမက္ကမေနေဝ၊ ပဋိလောမအစဉ်အားဖြင့်

[၁]။ (အဘိညာကထာကို ပုထုဇဉ် အစွမ်းဖြင့် ဆိုအပ်သောကြောင့် ဤအရာ၌ လောကုတ္တရာစိတ်ကို ချန်ခဲ့သည်။

အရူပဈာန်၌ အားမထုတ်ဘူးသော ပုထုဇဉ်,သေက္ခသည် အရူပစိတ်ကို ပိုင်းခြား မသိနိုင်၊ ဤ၌ သမာပတ် ၈-ပါးရသော ပုဂ္ဂိုလ် အစွမ်းအားဖြင့် အရူပစိတ်ကိုလည်း ပိုင်းခြား သိသည်။ ၎င်းဋီကာသစ်၊ဒု၊နှာ-၂၇၇။)

[၂]။ (ပီတိ,သုခတို့ဖြင့် ကိုယ်စိတ်တို့ကို ပြည့်ဖြိုးစေခြင်းငှါ စတုက္က နည်းအားဖြင့် ဈာန် ၄-ပါးတို့ကို အစဉ်အတိုင်း ဝင်စားရသည်။)

သာလျှင်။ အာဝဇ္ဇိတမ္ပိ၊ ဆင်ခြင်အပ်၏။ ဒုတိယေ ဒိဝသေပိ စ၊ နှစ်ရက်မြောက်သော နေ့၌ရင်း။ တတိယေ ဒိဝသေပိ စ၊ သုံးရက်မြောက်သော နေ့၌ရင်း။

ပက္ခမာသေသုပိ စ၊ ပက္ခ,လတို့၌ရင်း။ တထာ၊ ထိုမှတပါး။ သံဝစ္ဆရေ-သုပိ စ၊ နှစ်တို့၌ရင်း။

၁၀၇၀။ ယာဝ၊ အကြင်မျှလောက်။ အသ္မိံ ဘဝေ၊ ဤဘဝ၌။ သန္ဓိ၊ ပဋိသန္ဓေသည်။ အတ္ထိ၊ ရှိ၏။ တာဝ၊ ထိုမျှလောက်။ တေန ဘိက္ခုနာ၊ ထိုရဟန်းသည်။

ကတံ၊ မိမိပြုအပ်သော။ တံ သဗ္ဗံ၊ ထိုအလုံးစုံကို။ အာဝဇ္ဇိတဗ္ဗံ၊ ဆင်ခြင်အပ်၏။ ပုရိမသ္မိံ ဘဝေပိ စ၊ ဤဘဝမှ အခြားဖြစ်သော ရှေးဘဝ၌လည်း။

၁၀၇၁။ စုတိက္ခဏေပိ၊ စုတိခဏ၌လည်း။ နိဗ္ဗတ္တံ၊ မိမိအကြောင်းဖြစ်သော။ နာမရူပဥ္စ၊ နာမ်ရုပ်ကိုသာလျှင်။ သာဓုကံ၊ ကောင်းစွာ။ အာဝဇ္ဇိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

ဧဝံ၊ ဤသို့။ တသ္မိံ နာမရူပေ၊ ထိုနာမ်ရုပ်ကို။ အာဝဇ္ဇိတေ၊ ဆင်ခြင်သည်ရှိသော်။ ယဒါ ပန၊ အကြင်အခါ၌ကား။

၁၀၇၂။ စုတိက္ခဏေ၊ စုတိခဏ၌။ တဒေဝ နာမရူပံ၊ ထိုနာမ်ရုပ်ကိုလျှင်။ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။

မနောဒွါရေ မနက္ကာရော၊ မနောဒွါရာဝဇ္ဇန်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တဒါ၊ ထိုအခါ၌။

၁၀၇၃။ အာဝဇ္ဇနေ၊ မနောဒွါရာဝဇ္ဇန်းသည်။ နိရုဒ္ဓသ္မိံ၊ ချုပ်သည်ရှိသော်။ တဒေဝ၊ ထိုနာမ်ရုပ်ကိုလျှင်။ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။

စတ္တာရိ ဝါ၊ လေးကြိမ်လည်းဖြစ်ကုန်သော။ ပဉ္စ ဝါ၊ ငါးကြိမ်လည်းဖြစ်ကုန်သော။ ဇဝနစိတ္တာနိ၊ ဇောစိတ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏[၁]။ ပုဗ္ဗေ၊

---

၁။ နောက်ဆုံး ထိုင်ခြင်းမှစ၍ ပဋိသန္ဓေတိုင်အောင် အာရုံပြု၍ သိသော ဉာဏ်သည် ပရိကမ္မဉာဏ်သာ (ပရိကမ္မသမာဓိဉာဏ်သာ) မည်သည်၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏ် မမည်သေး၊ အကြောင်းကား—ရှေး အတိတ်ဘဝတို့၌ နေခဲ့ဘူး အာရုံပြုခဲ့ဘူးသော တရားတို့ကို

ရှေး၌။ ဝုတ္တာနယေနေဝ၊ ဆိုအပ်ပြီးသော နည်းဖြင့်လျှင်။ သေသံ၊ အကြွင်းကို။ ဝိဘာဝိနာ၊ ပညာရှိသောသူသည်။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

၁၀၈၄။ ပုရိမာနိ၊ ရှေး၌ဖြစ်ကုန်သော စိတ်တို့သည်။ ပရိကမ္မာဒိနာမာနိ၊ ပရိကမ်အစရှိသည် မည်ကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ပစ္ဆိမံ တု၊ နောက်၌ဖြစ်သော စိတ်သည်ကား။ ရူပါဝစရိကံ၊ ရူပါဝစရဖြစ်သော။ အပ္ပနာစိတ္တံ၊ အပ္ပနာစိတ်သည်။ ဘဝေ၊ ဖြစ်၏။

ပုဗ္ဗေနိဝါသာနုဿတိ တရားကိုယ်　　၁၀၈၅။ တေန စိတ္တေန၊ ထိုအပ္ပနာစိတ်နှင့်။ ယံ ဉာဏံ၊ အကြင်ဉာဏ်သည်။ သံယုတ္တံ၊ ယှဉ်၏။ တေန ဉာဏေန၊ ထိုဉာဏ်နှင့်။ ယာ ပနသတိ၊ အကြင်သတိသည်။ သံယုတ္တာ၊ ယှဉ်၏။ သာ သတိ၊ ထိုသတိကို။ ပုဗ္ဗေနိဝါသာနုဿတိ၊ ပုဗ္ဗေနိဝါသာနုဿတိ ဟူ၍။ ဤရိတာ၊ မိန့်အပ်၏။

ပုဗ္ဗေနိဝါသာနုဿတိဉာဏံ၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်သည်။
နိဋ္ဌိတံ၊ ပြီးပြီ။

---

ဒိဗ္ဗစက္ခုဉာဏ်　　၁၀၈၆။ ဒိဗ္ဗစက္ခုနာ၊ ဒိဗ္ဗစက္ခုဉာဏ်ဖြင့်။ ရူပံ၊ ရူပါရုံကို။ ပဿိတုကာမေန၊ မြင်ခြင်းငှါ အလိုရှိသော။ ဘိက္ခုနာ၊ ရဟန်းသည်။ အဘိညာပါဒကံ၊ အဘိညာဉ်အခြေဖြစ်သော။ ကသိဏာရမ္မဏံ၊ ကသိုဏ်းအာရုံရှိသော။ ဈာနံ၊ ဈာန်ကို။

၁၀၈၇။ အဘိနီဟာရက္ခမံ၊ ဒိဗ္ဗစက္ခုဉာဏ်သို့ ရှေးရှုစေလွှတ်ခြင်းငှါ ထိုက်သည်ကို။ ကတွာ၊ ပြု၍။ တေဇောကသိဏမေဝ ဝါ၊ တေဇောကသိုဏ်းကိုရင်း။ ဩဒါတကသိဏံ ဝါပိ၊ ဩဒါတကသိုဏ်းကိုရင်း။ အာလောကကသိဏံပိ ဝါ၊ အာလောက ကသိုဏ်းကိုရင်း။

၁၀၈၈။ ဣမေသု တီသု ကသိဏေသု၊ ဤသုံးပါးသော ကသိုဏ်းတို့၌။ ကတပုဗ္ဗေဟိ၊ ပြုအပ်သော ကောင်းမှုရှိသော ရဟန်းတို့သည်။ အာသန္နံ၊

အာရုံပြုခြင်း မရှိသောကြောင့်တည်း။ ပဋိသန္ဓေကို လွန်၍ စုတိနာမ်ရုပ်ကို အာရုံပြု၍ သိသော အပ္ပနာစိတ် (အဘိညာဉ်စိတ်)သည်သာ ပုဗ္ဗေနိဝါသာနုဿတိဉာဏ် မည်သည်။ ရင်းဋီကာသစ်၊ဒု၊နှာ-၂၇၈-၉။)

နီးသည်ကို။ ဝါ၊ ဒိဗ္ဗစက္ခုဉာဏ်ဖြစ်ခြင်း၏အကြောင်းကို။ ကာတဗ္ဗံ၊ ပြုအပ်၏[၁]။ (အာသန္နံ ကာတဗ္ဗန္တိ ပါဌ်သေသော) တွေ့၊ ဤဒိဗ္ဗစက္ခုဉာဏ်ဖြင့် ရူပါရုံကိုမြင်ရာ၌။ အာလောက ကသိဏံ၊ အာလောက ကသိုဏ်းကို။ သေဋ္ဌန္တိ၊ ထူးမြတ်၏[၂]ဟူ၍။ ပရိဒီပိတံ၊ ပြအပ်၏။

**အာလောကကသိုဏ်းကို ဥပစာရစျာန်တွင်း၌ ချဲ့ပွါးရခြင်း**

၁၀၇၉။ တသ္မာ၊ ထိုကြောင့်။ တံ ဝါပိ၊ ထို အာလောက ကသိုဏ်းကိုငှင်း။ ဣတရံ ဝါပိ၊ ဤမှတပါးသော တေဇောကသိုဏ်း, ဩဒါတကသိုဏ်း နှစ်ပါးတို့၏ အပေါင်းကိုငှင်း။ ယထာက္ကမံ၊ အစဉ်အတိုင်း။ ဥပ္ပါဒေတွာ၊ ဖြစ်စေ၍။ ဥပစာရဘူမိယံယေဝ၊ ဥပစာရဘုံ[၃]၌သာလျှင်။ ဌတွာ၊ တည်၍။ တံ ပန၊ ထို အာလောက ကသိုဏ်းကိုလျှင်။

၁၀၈၀။ ဝဍ္ဎေတွာန၊ ပွါးစေ၍။ ပဏ္ဍိတော၊ ပညာရှိသော ရဟန်းသည်။ ဌပေတဗ္ဗံ၊ ထားအပ်၏။ အပ္ပနံ၊ အပ္ပနာကို။ န ဥပ္ပါဒေယျ၊ မဖြစ်စေရာ။ သစေ ဥပ္ပါဒေတိ၊ အကယ်၍ဖြစ်စေအံ့။ တံ၊ ထိုအာလောက ကသိုဏ်းသည်။ ပါဒကဇ္ဈာနနိဿိတံ၊ ပါဒကစျာန်၏အာရုံသည်။ ဟောတိ၊ ဖြစ်၏။

၁၀၈၁။ ဝဍ္ဎိတဿ၊ ပွါးစေသော။ ဈာနဿ၊ စျာန်၏။ အန္တောဂဓံ၊ အတွင်း၌ဖြစ်သော။ ရူပံ တု၊ ရူပါရုံကိုလျှင်။ ယောဂိနာ၊ယောဂီပုဂ္ဂိုလ်သည်။ ပဿိတဗ္ဗံ၊ ရှုအပ်သည်။ ဘဝေ၊ ဖြစ်၏။ (အာရုံပွဲ့လွင့်ခြင်း၏ အကြောင်း ဖြစ်၍ ဗဟိဒ္ဓရူပါရုံကို ဒိဗ္ဗစက္ခုဉာဏ်ဖြင့် မရှု။) တံ ရူပံ၊ ထို ရူပါရုံကို။ ပဿတော၊ ရှုသော။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။

၁၀၈၂။ ပရိကမ္မဿ ဝါရောပိ၊ ပရိကမ်၏ ဝါရသည်လည်း။ တာဝဒေ၊ ထိုခဏ၌။ အတိက္ကမတိ၊ လွန်၏။ တတော၊ ထိုသို့လွန်ခြင်းကြောင့်။

---

၁။ (အလိုရှိသည့်အခါ ထင်လွယ်,မြင်လွယ်အောင် ဥပစာရစျာန်ကို လေ့လာပြီး ချဲ့ပွါးထားရမည် ဟူလို။)

၂။ အလင်းရောင်ကို ဖြန့်လွှတ်နိုင်သော သဘောရှိသောကြောင့် အာလောကကသိုဏ်းကို ထူးမြတ်သည်ဟု ဆိုထားသည်။ ဧင်းဋီကာသစ်၊ဒု၊နှာ-၂၇၀။)

၃။ (အလင်းရောင်ကို အစဉ်မပြတ် ပြုစွမ်းနိုင်သော ပရိကမ်စိတ်ကို ဥပစာရဘုံ ဟု ခေါ်သည်။ ဧင်းဋီကာသစ်၊ဒု၊နှာ-၂၇၀။)

အာလောကောပိ၊ အလင်းသည်လည်း။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ ခိပ္ပံ၊ လျင်စွာ။ အန္တရဓာယတိ၊ ကွယ်၏။

၁၀၉၃။ တသ္မိံ၊ ထိုအလင်းသည်။ အန္တရဟိတေ၊ ကွယ်သည်ရှိသော်။ ရူပဂတမ္ပိ စ၊ ရူပါရုံသည်လည်း။ န ဒိဿတိ၊ မထင်[၁]။ အထ၊ ထိုသို့ မထင်သည်ရှိသော်။

**အလင်းရောင်ကြာရှည်တည်အောင်ပြုပုံ။**

။တေန ဘိက္ခုနာ၊ ထို ရဟန်းသည်။ ပါဒကဇ္ဈာနံ၊ ပါဒကစျာန်ကို။ ပဝိသိတွာ၊ ဝင်၍။ တတော၊ ထိုပါဒကစျာန်မှ။ ပုန၊ တဖန်။

၁၀၉၄။ ဝုဋ္ဌာယ၊ ထ၍။ အာလောကော၊ အလင်းကို။ ဖရိတဗ္ဗော၊ ပြန့်နှံ့စေအပ် ဖြန့်အပ်သည်သာလျှင်ကတည်း။ ဧဝံ၊ ဤသို့။ အနုက္ကမေန၊ အစဉ်အားဖြင့်သာလျှင်။ အာလောကော၊ အလင်းသည်။ ထာမဂါ၊ ကြာမြင့်စွာ တည်ခြင်းရှိသည်။ သိယာ၊ ဖြစ်ရာ၏။

၁၀၉၅။ သော၊ ထိုယောဂီပုဂ္ဂိုလ်သည်။ ဧတ္ထ၊ ဤ အရပ်၌။ အာလောကော၊ အလင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ ဣတိ၊ ဤသို့။ ယတ္တကံ၊ အကြင်မျှလောက်သော။ ဌာနမေဝ၊ အရပ်ကိုသာလျှင်။ ပရိစ္ဆိန္ဒတိ၊ ပိုင်းခြား၏။ တတ္ထေဝ၊ ထိုပိုင်းခြားရာအရပ်၌သာလျှင်။ အာလောကော၊ အလင်းသည်။ တိဋ္ဌတိ၊ တည်၏။

၁၀၉၆။ ဒိဝသမ္ပိ၊ တနေ့ပတ်လုံးလည်း။ နိသီဒိတွာ၊ နေ၍။ ပဿတော၊ ရှုသော ရဟန်းအား။ ဒဿနံ၊ ရူပါရုံကိုမြင်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဧတ္ထ၊ ဤအရာ၌။ တိဏုက္ကာယ၊ မြက်မီးရှူးဖြင့်။ မဂ္ဂံ၊ ခရီးကို။ ဂတော၊ သွားသော။ ပုရိသော၊ ယောကျ်ားသည်။ နိဒဿနံ၊ ဥပမာတည်း[၂]။

---

၁။ (ဤ၌ ပရိကမ်ဟူသည် အာလောက, တေဇော, ဩဒါတ ကသိုဏ်း ၃-ပါးတွင် တပါးပါးကို အာရုံပြုသော ဥပစာရစျာန်ကို ဆိုသည်၊ ယင်းဥပစာရစျာန်သည် ပရိကမ်ပြု၍ အဆင်းရူပါရုံကို မြင်သည့်အခါ (မြင်လျှင်မြင်ခြင်း) မဖြစ်တော့ပေ၊ ယင်းဥပစာရစျာန် မဖြစ်သည်ကို ပရိကမ်၏ အလှည့်လွန်သည်ဟု ဆိုသည်။ အဆင်းကို မြင်သည့်အခါ ပရိကမ် အားနည်းလာခြင်းကြောင့် အလင်းရောင် ကွယ်ပျောက်သည်၊ အလင်းရောင်ပျောက်သဖြင့် အဆင်းလည်း ကွယ်ပျောက်သည် ဟူလို။ ယင်းဋီကာသစ်၊ဒု၊နှာ-၂၇၀-၁။)

၂။ ယောကျ်ားတဦးသည် ညဉ့်အခါ မြက်မီးစည်း (မီးရှူး)ဖြင့် ခရီးသွားရာ မြက်မီး စည်း မီးငြိမ်းလေသော် လမ်းခရီးညီညွတ်မှု မညီညွတ်မှုကို မမြင်ရပေ၊ ထိုအခါ ယောကျ်ား

၁၀၉၇။ တတြ၊ ထိုဒိဗ္ဗစက္ခုဉာဏ်အရာ၌။ အယံ ဒိဗ္ဗစက္ခုနော၊ ထို ဒိဗ္ဗစက္ခုဉာဏ်၏။ အယံ ဥပ္ပါဒနက္ကမောပိ၊ ဤဖြစ်ခြင်း အစဉ်ကိုလည်း။ ဝေဒိတဗ္ဗော၊ သိအပ်၏။ တံ ဝုတ္တပ္ပကာရရူပံ၊ ထို ဆိုအပ်ပြီးသော အပြား ရှိသော ရူပါရုံကို။ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။

၁၀၉၈။ မနောဒွါရေ မနက္ကာရေ၊ မနောဒွါရာဝဇ္ဇန်းသည်။ ဇာတေ၊ ဖြစ်သည်ရှိသော်။ တဒေဝ စ ရူပံ၊ ထိုရူပါရုံကိုပင်လျှင်။ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ ယာနိ ဇဝနာနိ၊ အကြင်ဇောတို့သည်။ ဇာယန္တိ၊ ဖြစ်ကုန်၏။

၁၀၉၉။ တီဏိ ဝါ၊ သုံးကြိမ်လည်းဖြစ်ကုန်သော။ စတ္တာရိ ဝါ၊ လေးကြိမ် လည်းဖြစ်ကုန်သော။ တာနိ၊ ထိုဇောတို့သည်။ ကာမာဝစရစိတ္တာနိ၊ ကာမာဝစရစိတ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သေသံ၊ အကြွင်းကို။ ဟေဋ္ဌာ၊ အောက်၌။ ဝုတ္တနယေနေဝ၊ ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်။ ဝိဘာဝိနာ၊ ပညာရှိသောသူသည်။ ဥဒ္ဒေယျံ၊ သိအပ်၏။

၁၁၀၀။ တံ အတ္ထသာဓကစိတ္တံ၊ ထိုအကျိုးကိုပြီးစေတတ်သောစိတ်ကို[၁]။ စတုတ္ထဇ္ဈာနိကံ၊ စတုတ္ထဈာန်နှင့်ယှဉ်၏ဟူ၍။ မတံ၊ သိအပ်၏။ တံ စိတ္တသံ-

---

သည် မြက်မီးစည်းကို မြေကြီး၌ ပွတ်တိုက်၍ ပွတ်တိုက်၍ ယခင် အလင်းရောင်ထက် အားကောင်း ပိုသင်းသော အလင်းရောင်ဖြင့် ခရီးဆက်သည်၊ ဤနည်းနှင်နှင် မြက်မီးစည်း ကို မြေကြီး၌ ပွတ်တိုက်၍ ပွတ်တိုက်၍ ရှေးရှေး မီးရောင်ထက် အားကောင်းပိုသင်းသော အလင်းရောင်ဖြင့် ခရီးဆက်၍ဆက်၍ သွားစဉ် နေတက်၍လာသည့်အခါ မြက်မီးစည်းကို စွန့်ပစ်၍ နေ့အခါ၌လည်း ခရီးနှင်လေသည်။

ထို့အတူ ယောဂီသည် အာလောကအတွင်း အဆင်းကို မြင်လျှင် မြင်ခြင်း ပရိကမ် အားနည်းခြင်းကြောင့် အလင်းပျောက်သည်၊ အလင်းပျောက်သဖြင့် အဆင်းကွယ်ပြောက် သည်၊ ထိုအခါ ပါဒကဈာန်ကို အဖန်ဖန်ဝင်စား၍ အလင်းကို ဖြန့်ရမည်၊ အလင်းရောင် အားရှိသောအခါ "ဤအရပ်၌ အလင်း ဖြစ်စေသတည်း"ဟု အဓိဋ္ဌာန် ပိုင်းခြားလျှင် ထားတိုင်းသောအရပ်၌ တနေ့ပတ်လုံး အလင်းတည်၍ အဆင်းကို မြင်နိုင်သည်၊မံသစက္ခုဖြင့် မမြင်နိုင်သော ဝမ်း၌ဘည်သော အဆင်း, ဟဒယဝတ္ထုကို မှီသော နှလုံးသွေး အဆင်း စသည်တို့ကို မံသစက္ခုဖြင့် မြင်သကဲ့သို့ မြင်ရပေသည်။ ထိုအခါ ဒိဗ္ဗစက္ခု အဘိညာဉ်ဖြစ်ပြီ ဟူလို။ ရင်းဋီကာသစ်၊ဒု၊နှာ-၂၇၁။)

[၁]။ (ပကတိ မျက်စိဖြင့် မမြင်နိုင်သော ဝမ်း၌တည်သော အဆင်း, ဟဒယဝတ္ထုကို မှီသော နှလုံးသွေးအဆင်း, နံရံ တောင် တံတိုင်း ခြားကွယ်သော ရူပါရုံ စကြဝဠာ တပါး ၌ တည်ရှိသော ရူပါရုံတို့ကို ပကတိ မျက်စိဖြင့် မြင်သကဲ့သို့ မြင်နိုင်စွမ်းရှိသောစိတ် (ဒိဗ္ဗ- စက္ခုအဘိညာဉ်စိတ်)။ ရင်းဋီကာသစ်၊ဒု၊နှာ-၂၇၂။)

ယုတ္တံ၊ ထိုစိတ်နှင့်ယှဉ်သော။ ဉာဏံ၊ ဉာဏ်ကို။ ဒိဗ္ဗစက္ခုန္တိ၊ ဒိဗ္ဗစက္ခုဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အနာဂတံသဉာဏ်နှင့် ယထာကမ္မူပဂဉာဏ် ပြည့်စုံခြင်း

၁၁၀၁။ အနာဂတံသဉာဏဿ စ၊ အနာဂတံသဉာဏ်၏လည်းကောင်း။ ယထာကမ္မူပဂဿ စ၊ ယထာကမ္မူပဂဉာဏ်၏လည်းကောင်း။ ပရိကမ္မံ၊ ပရိကမ်သည်။ ဝိသုံ၊ အသီး။ နတ္ထိ၊ မရှိ။ ဒိဗ္ဗစက္ခုနာ၊ ဒိဗ္ဗစက္ခုဉာဏ်ကို ရသဖြင့်။ ဣဇ္ဈန္တိ၊ ပြည့်စုံကုန်၏[၁]။

၁၁၀၂။ စုတူပပါတဉာဏမ္ပိ၊ စုတူပပါတဉာဏ်လည်း။ ဒိဗ္ဗစက္ခုမ္ပိ၊ ဒိဗ္ဗစက္ခုဉာဏ်လည်း။ ဣတိ၊ ဤသို့။ တံ ဉာဏံ ဒွယံ၊ ထိုဉာဏ်နှစ်ခုတို့၏ အပေါင်းသည်။ အတ္ထတော၊ ပရမတ္ထအားဖြင့်။ ဧကမေဝ၊ တူသည်သာလျှင်။ ဟောတိ၊ ၏။ ဗျဉ္ဇနေ ပန၊ သဒ္ဒါ၌လျှင်၊ နာနတ္တံ၊ ထူးသည်၏ အဖြစ်သည်။ ဟောတိ၊ ဖြစ်၏[၂]။

ဒိဗ္ဗစက္ခုဉာဏံ၊ ဒိဗ္ဗစက္ခုဉာဏ်သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

---

၁။ (ဒိဗ္ဗစက္ခုဖြင့် ကြည့်ရှုဆင်ခြင်၍ မြင်ရပြီးသော သတ္တဝါတို့၏ ရှေးပြုခဲ့ဘူးသော ကံနှင့် နောင်ဖြစ်လတ္တံ့သော အနာဂတ်ခန္ဓာနှင့် စပ်သမျှကို မြင်ရနိုင်သည်ဖြစ်၍ ဒိဗ္ဗစက္ခုဉာဏ်နှင့် ကင်း၍ ပရိကမ် အသီးအခြား မရှိ၊ ထို့ကြောင့် ဒိဗ္ဗစက္ခုဉာဏ် ရလျှင်ပင် အနာဂတံသဉာဏ်နှင့် ယထာကမ္မူပဂဉာဏ် ပြီးပြည့်စုံတော့သည်၊ သို့ဖြစ်၍ ၎င်းဉာဏ် ၂-ပါးကို ဒိဗ္ဗစက္ခုဉာဏ်၏ အခြံအရံ "ပရိဘဏ္ဍ" ဉာဏ်ဟု ဆိုသည်။ ၎င်းဋီကာသစ် ဒု၊နှာ-၂၀၂။ ဝိသုဒ္ဓိ၊ဌ၊ဒု၊နှာ-၃၄-၅။)

၂။ (စုတိပဋိသန္ဓေ အနီး၌ တည်ရှိသော ရူပါရုံကို မြင်စွမ်းနိုင်သော ဒိဗ္ဗစက္ခုဉာဏ်ကိုပင် စုတိပဋိသန္ဓေအနီး၌ ဖြစ်သောကြောင့် စုတူပပါတဉာဏ်ဟု ခေါ်သည်၊ သို့ဖြစ်၍ ၎င်းဉာဏ် ၂-ပါးသည် သဒ္ဒါသာ ထူးခြားသည်၊ ပရမတ္ထ အနက်အားဖြင့် အတူတူပင် ဖြစ်သည်။

စုတိပဋိသန္ဓေ အနီး၌ တည်ရှိသော ရူပါရုံကို မြင်စွမ်းနိုင်သော ဉာဏ်သည် ဒိဗ္ဗစက္ခုဉာဏ်လည်းမည်သည်၊ စုတူပပါတဉာဏ်လည်း မည်သည်။ ကျန် ဒူရ ပဋိစ္ဆန္န စသော ရူပါရုံကို မြင်စွမ်းနိုင်သော ဉာဏ်သည် ဒိဗ္ဗစက္ခုဉာဏ်သာ မည်သည်၊ ဤကား အထူး။ ၎င်းဋီကာသစ်၊ ဒု၊နှာ-၂၀၂-၃။)

၁၁၀၃။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ ဣမ=ဣမသ္မိံ သာသနေ၊ ဤ သာသနာတော်၌။ ပရမံ၊ မြတ်သော။ ဣမံ ဂန္ထံ၊ ဤအဘိဓမ္မာဝတာရ ကျမ်းကို။ သုဏာတိ၊ နာ၏။ စိန္တေ၊ စိတ်၌။ ကရောတိ စ၊ ပြုလည်းပြု၏။ သော ဘိက္ခု၊ ထိုရဟန်းသည်။ အနေန တရေန၊ ဤအဘိဓမ္မာဝတာရ မည်သော သင်္ဘောလှေဖြင့်။ တရိတ္ဂာ၊ ကူး၍။ အဘိဓမ္မမဟဏ္ဏဝ ပါရံ၊ အဘိဓမ္မာတည်းဟူသော သမုဒ္ဒရာ၏ကမ်းသို့။ ယာတိ၊ ရောက်၏။

အဘိဓမ္မာဝတာရေ၊ အဘိဓမ္မာဝတာရကျမ်း၌။ အဘိညာနိဒ္ဒေသော နာမ၊ အဘိညာနိဒ္ဒေသမည်သော။ သောဠသမော၊ တဆယ့်ခြောက်ခုတို့၏ ပြည့်ကြောင်းဖြစ်သော။ ပရိစ္ဆေဒေါ၊ အပိုင်းသည်။ ဣတိ သမတ္တော၊ ဤတွင် ပြီးပြီ။

အဘိညာနိဒ္ဒေသ ပြီး၏။

# ၁၇-သတ္တရသမပရိစ္ဆေဒ

## ၁၇·အဘိညာရမ္မဏနိဒ္ဒေသ

**အဘိညာဉ် ၇-ပါး**

၁၁၀၄။ အနာဂတံသဉာဏဉ္စ၊ အနာဂတံသဉာဏ်ရင်း။ ယထာကမ္မုပဂမ္ပိ စ၊ ယထာကမ္မုပဂဉာဏ်ရင်း။ ပဉ္စ၊ ငါးပါးကုန်သော။ ဣဒ္ဓိဝိဓာဒီနိ စ၊ ဣဒ္ဓိဝိဓအစရှိကုန်သော ဉာဏ်တို့ရင်း။ ဣတိ၊ ဤသို့။ ဣမာ သတ္တ၊ ဤခုနစ်ပါးတို့သည်။ အဘိညာ၊ အဘိညာဉ်မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

၁၁၀၅။ ဣတော၊ ဤမှ။ ပရံ၊ နောက်၌။ သတ္တန္နံ၊ ခုနစ်ပါးကုန်သော။ တာသံ အဘိညာဏံ၊ ထိုအဘိညာဉ်တို့၏။ အာရမ္မဏဝိနိစ္ဆယံ၊ အာရုံ အဆုံးအဖြတ်ကို။ သမာသေန၊ အကျဉ်းအားဖြင့်။ ပဝက္ခာမိ၊ ဟောအံ့။

**အဘိညာဉ်နှင့်အာရုံ**

၁၁၀၆။ စတ္တာရော၊ လေးပါးကုန်သော။ ယေ အာရမ္မဏတ္တိကာ၊ အကြင်အာရမ္မဏတိက်တို့ကို။ မဟေသိနာ၊ မြတ်စွာဘုရားသည်။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ တေသု၊ ဤတိက်တို့၌။ ဝါ၊ ဤအာရုံတို့၌။ သတ္တန္နံ၊ ခုနစ်ပါးကုန်သော။ ဉာဏာနံ၊ ဉာဏ်တို့၏။ သမ္ဘဝတ္တံ၊ ဖြစ်ခြင်းကို။ မေ=မမ၊ ငါ၏။ သန္တိကာ၊ အထံမှ။ သုဏာထ၊ နာလင့်ကုန်။

## ဣဒ္ဓိဝိဓဉာဏ်၏အာရုံ ၇-ပါး

၁၁၀၇။ တတ္ထ၊ ထိုအဘိညာဉ် တို့တွင်။ ဣဒ္ဓိဝိဓဉာဏံ၊ ဣဒ္ဓိဝိဓဉာဏ်သည်။ ပရိတ္တာဒီသု၊ ကာမာဝစရ အစရှိကုန်သော။ သတ္တသု၊ ခုနစ်ပါးကုန်သော။ အာရမ္မဝိဘာဂေသု၊ အာရမ္မဏဝိဘာဂတို့၌။ ပဝတ္တတိ၊ ဖြစ်၏။ ကထံ ပဝတ္တတိ၊ အဘယ်သို့ဖြစ်သနည်း ဟူမူကား။

**ကာမအာရုံ**

၁၁၀၈။ ယဒါ၊ အကြင်အခါ၌။ ကာယံ၊ ကိုယ်ကို။ စိတ္တ-သန္နိဿိတံ၊ စိတ်၌ မှီသည်ကို။ ကတွာ၊ ပြု၍။ အဒိဿမာနေန၊ မထင်ရှားသော(သူတပါးတို့မမြင်နိုင်သော)။ ကာယေန၊ ကိုယ်ဖြင့်။ ဂန္တုကာမော၊ သွားခြင်းငှါ အလိုရှိသည်။ ဘဝေ၊ ဖြစ်၏။

တဒါ၊ ထိုအခါ၌။ သော ယောဂီ၊ ထိုယောဂီပုဂ္ဂိုလ်သည်။ တံ၊ ထိုကိုယ်ကို။ စိတ္တဝသေန၊ မဟဂ္ဂုတ်စိတ်၏ အစွမ်းအားဖြင့်။ ပရိဏာမေတိ၊ ညွတ်စေ၏။ (ထည့်)

၁၁၀၉။ မဟဂ္ဂတေ စိတ္တသ္မိံ၊ မဟဂ္ဂုတ်စိတ်၌။ သမာရောပေတိ၊ ကောင်းစွာ တင်၏။ တဒါ၊ ထိုအခါ၌။ ကာယာရမ္မဏတော၊ ကိုယ်၌ အဆင်းအာရုံရှိခြင်းကြောင့်။ ဉာဏံ၊ ဣဒ္ဓိဝိဓဉာဏ်သည်။ ပရိတ္တာရမ္မဏံ၊ ကာမာဝစရတရားအာရုံရှိသည်။ သိယာ၊ ဖြစ်ရာ၏။

**မဟဂ္ဂုတ်အာရုံ** ၁၁၁၀။ ယဒါ၊ အကြင်အခါ၌။ စိတ္တံ၊ စိတ်ကို။ ကာယ-သန္နိဿိတံ၊ ကိုယ်၌မှီသည်ကို။ ကတွာ၊ ပြု၍။ ဒိဿမာနေန၊ ထင်ရှားသော။ ကာယေန၊ ကိုယ်ဖြင့်။ ဂန္တုကာမော၊ သွားခြင်းငှါ အလိုရှိသည်။ ဘဝေ၊ ဖြစ်၏။ တဒါ၊ ထိုအခါ၌။ သော ယောဂီ၊ ထိုယောဂီပုဂ္ဂိုလ်သည်။ တံ၊ ထိုစိတ်ကို။ ကာယဝသေန၊ ကိုယ်၏ အစွမ်းဖြင့်။ ပရိဏာမေတိ၊ ညွတ်စေ၏။

၁၁၁၁။ တံ ပါဒကဇ္ဈာနစိတ္တံ၊ ထိုပါဒကဈာန်စိတ်ကို။ ကာယေ၊ကိုယ်၌။ ရောပေတိ၊ တင်၏။ တဒါ၊ ထိုအခါ၌။ ဈာနာရမ္မဏတော၊ ဈာန်အာရုံ ရှိခြင်းကြောင့်။ တံ ဉာဏံ၊ထို ဣဒ္ဓိဝိဓဉာဏ်သည်။ မဟဂ္ဂတဂေါစရံ၊ မဟဂ္ဂုတ် တရားအာရုံရှိသည်။ ဟောတိ၊ ဖြစ်၏။

**အတိတ်, အနာဂတ်အာရုံ** ၁၁၁၂။ ယဒါ၊ အကြင်အခါ၌။ အနာဂတဉ္စ၊ အနာဂတ်တရားကိုရင်း။ အတီတဉ္စ၊ အတိတ်တရားကိုရင်း။ ဝိသယံ၊ အာရုံကို။ ကရောတိ၊ ပြု၏။ တဒါ၊ ထိုအခါ၌။ အတီတာရမ္မဏဉ္စ၊ အတိတ်တရား အာရုံရှိသည်ရင်း။ အနာဂတ-ဂေါစရဉ္စ၊ အနာဂတ်တရား အာရုံရှိသည်ရင်း။ ဟောတိ၊ ဖြစ်၏။

**ပစ္စုပ္ပန်အာရုံ** ၁၁၁၃။ ဒိဿမာနေန၊ ထင်ရှားသော။ ကာယေန၊ ကိုယ်ဖြင့်။ ဘိက္ခုနော၊ ၏။ ဂမနေ၊ သွားခြင်း သည်။ သတိ၊ ရှိသော်။ တဿ ဉာဏဿ၊ ထို ဣဒ္ဓိဝိဓဉာဏ်၏။ ဂေါစရော၊ အာရုံသည်။ ပစ္စုပ္ပန္နော၊ ပစ္စုပ္ပန်သည်။ ဘဝေ၊ ၏။ ဣတိ၊ ဤသို့။ ဝိနိဒ္ဒိသေ၊ ပြရာ၏။

အဇ္ဈတ္တအာရုံ ၁၁၁၄။ ကာယံ၊ မိမိကိုယ်ကို။ စိတ္တဝသေနာပိ၊ စိတ်၏ အစွမ်းအားဖြင့်ရင်း။ စိတ္တံ၊ မိမိစိတ်ကို။ ကာယ-ဝသေန ဝါ၊ ကိုယ်၏အစွမ်းအားဖြင့်ရင်း။ ပရိဏာမနကာလသ္မိံ၊ ညွတ်စေသော ကာလ၌။ အဇ္ဈတ္တာရမ္မဏံ၊ အဇ္ဈတ္တတရားအာရုံရှိသည်။ သိယာ၊ ဖြစ်၏။

ဗဟိဒ္ဓအာရုံ ၁၁၁၅။ ဗဟိဒ္ဓါ၊ အပ၌။ ရူပဒဿနေ၊ ဆင်,မြင်း အစ ရှိသည်၏ အဆင်းကိုပြသော ကာလ၌။ ဗဟိဒ္ဓါ-ရမ္မဏံ၊ ဗဟိဒ္ဓတရား အာရုံရှိသည်။ ဟောတိ၊ ဖြစ်၏။ ဝေံ၊ ဤသို့။ ဣဒ္ဓိဝိဓံ ဉာဏံ၊ ဣဒ္ဓိဝိဓဉာဏ်သည်။ သတ္တသု၊ ခုနစ်ပါးကုန်သော အာရမ္မဏဝိဘာဂ တို့၌။ သမ္ပဝတ္တတိ၊ ဖြစ်၏။

---

## ဒိဗ္ဗသောတဉာဏ်၏ အာရုံ ၄-ပါး

၁၁၁၆။ ပစ္စုပ္ပန္နေ စ၊ ပစ္စုပ္ပန်တရား၌ရင်း။ ပရိတ္တေ စ၊ ကာမာဝစရ တရား၌ရင်း။ ဗဟိဒ္ဓဇ္ဈတ္တိကေသု ဓမ္မေသုပိ စ၊ ဗဟိဒ္ဓတရား, အဇ္ဈတ္တိက တရားတို့၌ရင်း။ ဣတိ၊ ဤသို့။ ဧတေသု စတူသု ဓမ္မေသု၊ ဤ လေးပါးသော တရားတို့၌။ ဒိဗ္ဗသောတံ၊ ဒိဗ္ဗသောတဉာဏ်သည်။ ပဝတ္တတိ၊ ဖြစ်၏။

ကာမနှင့်ပစ္စုပ္ပန်အာရုံ ၁၁၁၇။ ယတော၊ အကြင့်ကြောင့်။ ပစ္စုပ္ပန္နော စ၊ ပစ္စုပ္ပန်လည်းဖြစ်သော။ ပရိတ္တော စ၊ ကာမာဝစရလည်းဖြစ်သော။ သဒ္ဒေါ၊ အသံသည်။ အာရမ္မဏံ၊ အာရုံသည်။ ဟောတိ၊ ဖြစ်၏။ တတော၊ ထို့ကြောင့်။ ပရိတ္တာရမ္မဏံ ပစ္စုပ္ပန္နာရမ္မဏံတံ၊ ကာမာဝစရတရား, ပစ္စုပ္ပန်တရားအာရုံရှိသည်၏အဖြစ်သို့။ ဂတံ၊ ရောက်၏။

အဇ္ဈတ္တ,ဗဟိဒ္ဓအာရုံ ၁၁၁၈။ အတ္တနော၊ မိမိ၏။ ကုစ္ဆိသဒ္ဒဿ၊ ဝမ်း၌ လေသံကို။ သဝနေပိ စ၊ ကြားသော ကာလ၌ရင်း။ ပရဿ၊ သူတပါး၏။ သဒ္ဒဿ၊ အသံကို။ သဝနေပိ စ၊ ကြားသောကာလ၌ရင်း။ အဇ္ဈတ္တာရမ္မဏဉ္စေဝ၊ အဇ္ဈတ္တတရား အာရုံရှိသည် ရင်း။ ဗဟိဒ္ဓါရမ္မဏမ္ပိ စ၊ ဗဟိဒ္ဓတရား အာရုံရှိသည်ရင်း ဟောတိ၊ ဖြစ်၏။

## စေတောပရိယဉာဏ်၏ အာရုံ ၈-ပါး

၁၁၁၉။ စေတောပရိယဉာဏမ္ပိ၊ စေတော ပရိယဉာဏ်သည်လည်း။ ပရိတ္တာဒီသု၊ ကာမာဝစရ အစရှိကုန်သော။ အဋ္ဌသု၊ ရှစ်ပါးကုန်သော။ အာရမ္မဏဝိဘာဂေသု၊ အာရမ္မဏဝိဘာဂတို့၌။ ပဝတ္တတိ၊ ဖြစ်၏။ ကထံ ပဝတ္တတိ၊ အဘယ်သို့ဖြစ်သနည်း ဟူမူကား။

**ကာမအာရုံ** ၁၁၂၀။ ပရိတ္တာနံ၊ ကာမာဝစရစိတ်တို့ကို။ ဇာနနေ၊ သိသောကာလ၌။ ပရိတ္တာရမ္မဏံ၊ ကာမာဝစရ တရားအာရုံရှိသည်။ ဟောတိ၊ ဖြစ်၏။

**မဟဂ္ဂုတ်အာရုံ။** ။မဇ္ဈိမာနံ၊ ပရိတ္တ, အပ္ပမာဏတို့၏အလယ်၌ဖြစ်သည်၏ အဖြစ်ကြောင့် မဇ္ဈိမဟု ဆိုအပ်ကုန်သော ရူပါဝစရ, အရူပါဝစရစိတ်တို့ကို။ ပဇာနနေ၊ သိသော ကာလ၌။ တံ၊ ထိုစေတော ပရိယဉာဏ်သည်။ မဟဂ္ဂတဂေါစရံ၊ မဟဂ္ဂုတ်တရားအာရုံရှိသည်။ ဟောတိ၊ ဖြစ်၏။

**အပ္ပမာဏအာရုံ** ၁၁၂၁။ မဂ္ဂဿ၊ မဂ်ကို။ ဇာနနေ စ၊ သိခြင်းသည်ရှင်း။ ဖလဿာပိ၊ ဖိုလ်ကိုလည်း။ ပဇာနနေ စ၊ သိခြင်းသည်ရှင်း။ သတိ၊ ရှိသော်။ တဒါ၊ ထိုအခါ၌။ အဿ ဉာဏဿ၊ ထိုစေတောပရိယဉာဏ်၏။ ဂေါစရော၊ အာရုံသည်။ အပ္ပမာဏော၀၊ လောကုတ္တရာတရားသည်သာလျှင်၊ ဟောတိ၊ ဖြစ်၏။

**မဂ်အာရုံ** ၁၁၂၂။ မဂ္ဂစိတ္တဿ၊ မဂ်စိတ်ကို။ ဇာနနေ၊ သိသော ကာလ၌။ တံ၊ ထိုစေတောပရိယဉာဏ်သည်။ မဂ္ဂါရမ္မဏံ၊ မဂ်အာရုံရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ တဿ၊ ထို စေတောပရိယဉာဏ်၏။ မဂ္ဂါရမ္မဏတာ၊ မဂ်အာရုံ ရှိသည်၏ အဖြစ်ကို။ ပရိယာယေနေ၀၊ ပရိယာယ်အားဖြင့်သာလျှင်။ မတာ၊ သိအပ်၏[၁]။

---

၁။ စေတောပရိယအဘိညာဉ်သည် စိတ်ကိုသာ အာရုံပြုသည်၊ ကြွင်းသောစေတသိက် နာမ်ခန္ဓာတို့ကို အာရုံမပြု၊ ထို့ကြောင့် စေတောပရိယအဘိညာဉ်သည် စေတသိက် တရား ဖြစ်သော မဂ်ကို အာရုံပြုသည်ဆိုခြင်းမှာ ပရိယာယ် ဥပစာအားဖြင့်သာ ဆိုခြင်း ဖြစ်သည် ဟု မဟာအဋ္ဌကထာ ဆရာတို့က ဆိုသည်။

သို့သော် သင်္ဂြိုဟ်ဆရာ အဘိဓမ္မာဆရာဘို့ကမူ ပဋ္ဌာန်းပါဠိတော်၊ပ-တွဲ၊နှာ-၁၃၃-၌— "ကုသလာခန္ဓာ ဣဒ္ဓိဝိဓ ဉာဏဿ, စေတောပရိယဉာဏဿ,ယထာကမ္မူပဂဉာဏဿ, အနာ-

**အတိတ်, အနာဂတ် အာရုံ** ၁၁၂၃။ ယဒါ ပန၊ အကြင်အခါ၌ကား။ အတီတေ၊ အတိတ်၌။ သတ္တဒိဝသဗ္ဘန္တရေဝ၊ ခုနစ်ရက်အတွင်း၌ရင်း။ တထာ၊ ထိုအတူ။ အနာဂတေ၊ အနာဂတ်၌။ သတ္တဒိဝသဗ္ဘန္တရေပိ စ၊ ခုနစ်ရက်အတွင်း၌ရင်း။

၁၁၂၄။ ပရေသံ၊ သူတပါးတို့၏။ စိတ္တံ၊ စိတ်ကို။ ဇာနနေ၊ သိခြင်းသည်။ သတိ၊ ရှိသော်။ တဒါ၊ ထိုအခါ၌။ အတီတာရမ္မဏဉ္စေဝ၊ အတိတ်တရား အာရုံရှိသည်ကိုရင်း။ အနာဂတဂေါစရဉ္စ၊ အနာဂတ်တရား အာရုံရှိသည်ကိုရင်း။ သမုဒီရိတံ၊ ဆိုအပ်၏။

**ပစ္စုပ္ပန်အာရုံ** ၁၁၂၅။ ကထဉ္စ ပန၊ အသို့လျှင်။ တံ၊ ထိုစေတောပရိယဉာဏ်သည်။ ပစ္စုပ္ပန္နဂေါစရတံ၊ ပစ္စုပ္ပန်အာရုံရှိသည်၏အဖြစ်သို့။ ဂတံ၊ ရောက်သနည်း။

**ပစ္စုပ္ပန် ၃-မျိုး။** ။ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်ကို။ ခဏသန္တတိအဒ္ဓတော၊ ခဏပစ္စုပ္ပန်,သန္တတိပစ္စုပ္ပန်,အဒ္ဓါပစ္စုပ္ပန်အားဖြင့်။တိဓာ=တိဝိဓံ၊ သုံးပါးအပြားရှိ၏ဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။

**ခဏပစ္စုပ္ပန်** ၁၁၂၆။ တတ္ထ၊ ထိုသုံးပါးသော ပစ္စုပ္ပန်တို့တွင်။တိက္ခဏသမ္ပတ္တံ၊ ဥပါဒ်ဌီဘင်အားဖြင့် သုံးပါးသော ခဏ၌ အကျုံးဝင်သော ပစ္စုပ္ပန်သည်။ ခဏာဒိကံ ပစ္စုပ္ပန္နံ၊ ခဏသဒ္ဒါအစရှိသော ပစ္စုပ္ပန်မည်၏။ ဝါ၊ ခဏပစ္စုပ္ပန်မည်၏။

**သန္တတိပစ္စုပ္ပန်။** ။ကေဒ္ဒေသန္တတိဝါရပရိယာပန္နံ၊ တခု, နှစ်ခုသော သန္တတိဝါရ၌အကျုံးဝင်သော။ ဣဒံ၊ ဤပစ္စုပ္ပန်ကို။

---

ဂတံသာ ဉာဏဿ အာရမ္မဏပစ္စယေန ပစ္စယော”ဟု ဟောတော်မူသောကြောင့် စေတောပရိယအဘိညာဉ်သည် နာမ်ခန္ဓာ ၄-ပါးလုံးကို အာရုံပြုသည်၊ သို့ဖြစ်သဖြင့် စေတောပရိယအဘိညာဉ်သည် မဂ်ကို မုချအားဖြင့်သာ အာရုံပြုသည်ဟု မိန့်ဆို ဆုံးဖြတ်ကြသည်။ ငင်းဋီကာသစ်၊ဒု၊နှာ-၂ဂ၆-၇။)

၁၁၂၇။ သန္တတိပစ္စုပ္ပန္နန္တိ၊ သန္တတိပစ္စုပ္ပန်ဟူ၍။ သန္တတိကောဝိဒါ၊ သန္တတိ၌လိမ္မာကုန်သော ဆရာတို့သည်။ အာဟု၊ ဆိုကုန်ပြီ[၁]။

အဒ္ဓါပစ္စုပ္ပန်။ ။ကေဘာဝပရိစ္ဆိန္နံ၊ တခုသောဘဝ၌ ပဋိသန္ဓေစုတိဖြင့် ပိုင်းခြားအပ်သော တဘဝ၌ အကျုံးဝင်သော တရားအပေါင်းကို။ ပစ္ဆိမံ ပစ္စုပ္ပန္နန္တိ၊ အဒ္ဓါပစ္စုပ္ပန်ဟူ၍။ အာဟု၊ ဆိုကုန်ပြီ။

ကေစိဝါဒ ၁၁၂၈။ ခဏာဒိကတ္တယံ၊ ခဏအစရှိသော ဥပါဒ်၊ ဌီ၊ ဘင် သုံးခုတို့၏ အပေါင်းဖြစ်သော။ တံ ပစ္စုပ္ပန္နံ၊ ထို ပစ္စုပ္ပန်သည်။ စေတောပရိယဉာဏဿ၊ စေတောပရိယဉာဏ်၏။ အာရမ္မဏံ၊ အာရုံသည်။ ဟောတိ၊ ဖြစ်၏။

၁၁၂၉။ ယထာ ကိံ၊ အဘယ်ကဲ့သို့နည်း ဟူမူကား။ ပုပ္ဖမုဋ္ဌိမှိ၊ ပန်းဆုပ်ကို။ ဥက္ခိတ္တေ၊ အထက်သို့ ပစ်သည်ရှိသော်။ ကေက္ခဏေ ပန၊ တပြိုင်နက်သောခဏ၌လျှင်။ ကေ၊ တခုသော ပန်းပွင့်သည်။ ဝဏ္ဏေန၊ မိမိအညှာဖြင့်။ ကေဿ၊ တခုသော ပန်းပွင့်၏။ ဝဏ္ဋံ၊ အညှာကို။ ဝိဇ္ဈတိ ယထာ၊ ထိုးမိသကဲ့သို့။

---

၁။ [တမျိုးတည်းသော တရား၏ဖြစ်စဉ်ကို သန္တတိဟု ဆိုသည်၊ယင်းသည် ရုပ်တရား၏ ဖြစ်စဉ် ရူပသန္တတိ, နာမ်တရား၏ ဖြစ်စဉ် အရူပသန္တတိ ဟူ၍ ၂-မျိုး ရှိသည်။

အမှောင်မှ အလင်းသို့, အလင်းမှ အမှောင်သို့ ရောက်သောသူအား အာရုံမထင်ရှားခင် ဖြစ်သော ရုပ်အစဉ်, နာမ်အစဉ်သည်ရင်း၊ ခဝါဖွပ်ခြင်း စသည်ကို အဝေးက မြင်လျက် အသံမကြားခင်ဖြစ်သော ရုပ်အစဉ်, နာမ်အစဉ်သည်ရင်း ကေ ဒွေ သန္တတိဝါရ မည်သည်။ (တချို့မှာ အာရုံထင်ရှားမှု လျင်မြန်သောကြောင့် ကေသဒ္ဒါကို ဆိုသည်။) ၎င်း ကေ ဒွေ သန္တတိဝါရသည်၊ ဝါ။ဤရူပသန္တတိ, အရူပသန္တတိသည် သန္တတိပစ္စုပ္ပန် မည်သည်။ (မဇ္ဈိမ ဘာဏကထေရ်ဝါဒ)

ခရီးဝေးမှ ပြန်လာသူအား ကိုယ်၌ငွေ့ မငြိမ်းခင် အမောမပြေခင် ဖြစ်သော ရုပ်အစဉ်, နေပူမှလာ၍ တိုက်ခန်းတွင်းသို့ ဝင်သောသူအား အမိုက်မှောင် မငြိမ်းခင် ဖြစ်သော ရုပ်အစဉ်, တိုက်ခန်းတွင်း ကမ္မဋ္ဌာန်း နှလုံးသွင်း၍ နေ့အခါ လေသာပြတင်းဖွင့်၍ ကြည့်ရှုသူအား မျက်စိလှုပ်ရှားမှု မငြိမ်းခင်ဖြစ်သော ရုပ်အစဉ်သည်ရင်း (ရူပသန္တတိ)။ ကာမဇောဝါရ ၂-ခု, ၃-ခုသည်ရင်း (အရူပသန္တတိ)။ ကေ ဒွေ သန္တတိဝါရ မည်သည်၊ ယင်း ၂-ပါးစုံသော ရူပသန္တတိ,အရူပသန္တတိသည် သန္တတိပစ္စုပ္ပန် မည်သည်။ (သံယုတ္တဘာဏက ထေရ်ဝါဒ) ၎င်းဋီကာသစ်၊ဒု၊နှာ-၂၀၇-၈။]

၁၁၃၀။ ဇဝံ တထာ၊ ထိုအတူ။ မဟာဇနဿာပိ၊ လူအများ၏လည်း။ စိတ္တေ၊ စိတ်ကို။ အာဝဇ္ဇိတေ၊ ဆင်ခြင်သည်ရှိသော်။ ဝါ- မဟာဇနဿာပိ စိတ္တေ အာဝဇ္ဇိတေ၊ အတိတ်စိတ်, အနာဂတ်စိတ်, ဤသူစိတ်, ထိုသူစိတ်ဟု ခွဲခြမ်းခြင်းကို မပြုမူ၍ ပရဿ စိတ္တံ ဇာနာမိ-ဟု တပေါင်းတည်း လူအများ စိတ်ကို ဆင်ခြင်သည်ရှိသော်။ ကေဿ၊ တယောက်သောသူ၏။ စိတ္တံ၊ စိတ်ကို။ ကေန၊ တခုသော စိတ်ဖြင့်။ အဝဿံ ပန၊ မချွတ်လျှင်။ ဝိဇ္ဇတိ၊ သိ၏။ ဣတိ၊ ဤသို့။ ဣဓ၊ ဤစေတောပရိယညာဏ်အရာ၌။ ကေစိ၊ အချို့ကုန်သော အဘယဂိရိဆရာတို့သည်။ အာဟု၊ ဆိုကုန်၏။

**ကေစိဝါဒ မသင့်ခြင်း အကြောင်း** ၁၁၃၁။ ယေန စိတ္တေန၊ အကြင် စိတ်ဖြင့်။ ဓမ္မံ၊ တရားကို။ အာဝဇ္ဇတိ၊ ဆင်ခြင်၏။ ယေန စေတသာ၊ အကြင်ဇောစိတ်ဖြင့်။ ဇာနာတိ၊ သိ၏။ တေသံ ဒ္ဝိန္နံ၊ ထိုနှစ်ပါးကုန်သော အာဝဇ္ဇန်းစိတ်နှင့် ဇောစိတ်တို့၏ သဟဋ္ဌာနာဘာဝတော၊ တခုသော အာရုံ၌ တကွ တည်ခြင်း မရှိသည်၏ အဖြစ်ကြောင့်။ တံ ဝစနံ၊ ထိုကေစိဆရာတို့၏ စကားသည်။ န ယုဇ္ဇတိ၊ မသင့်။

၁၁၃၂။ အနိဋ္ဌေ၊ မဂ္ဂဝီထိ,ဖလဝီထိမှတပါး အလိုမရှိအပ်သော။ ဌာနေ၊ အရာ၌။ ဇဝနာဝဇ္ဇနာနံ၊ ဇောစိတ်နှင့် အာဝဇ္ဇန်းစိတ်တို့၏။ နာနာရမ္မဏ-ပတ္တိတော၊ အထူးထူး မတူ ကွဲပြားခြားနားသော အာရုံရှိသည်၏ အဖြစ်သို့ ရောက်ခြင်းကြောင့်။ တံ ဝစနံ၊ ထိုကေစိဆရာတို့၏စကားသည်။ အယုတ္တံ၊ မသင့်၊ ဣတိ၊ ဤသို့။ အဋ္ဌကထာသု၊ အဋ္ဌကထာတို့၌။ ပကာသိတံ၊ ပြအပ်၏[၁]။

၁။ (ပန်းဆုပ်ကို အထက်သို့ ပစ်လိုက်သည်နှင့် တပြိုင်နက် ပန်းပွင့်တခု၏ အညှာဖြင့် ပန်းပွင့်တခု၏ အညှာကို ထိုးမိ ထိမိသကဲ့သို့ လူအများ၏ (တပါးသောသူ၏) စိတ်ကို ဆင်ခြင်သည်ရှိသော် တခုသော မိမိစိတ်ဖြင့် တခုသော သူတပါး၏ စိတ်ကို သိနိုင်သည်ဟု ကေစိဆရာတို့က ဆိုသည်။

မဂ္ဂဝီထိ, ဖလဝီထိတို့မှ တပါး ကျန်ဝီထိတို့၌ အာဝဇ္ဇန်းစိတ်နှင့် ဇောစိတ်တို့မှာ အာရုံ တူရမြဲဖြစ်သည်၊ ဤကေစိဝါဒ၌ ဆင်ခြင်သော အာဝဇ္ဇန်းစိတ်က အာရုံတမျိုး, သိသော ဇောစိတ်က အာရုံတမျိုးဖြစ်၍ အာဝဇ္ဇန်းစိတ်နှင့် ဇောစိတ်မှာ အာရုံမတူသဖြင့် စေတောပရိယအဘိညာဉ်သည် ခဏပစ္စုပ္ပန်ကို အာရုံပြုသည်ဟု ယူသော ကေစိဝါဒမသင့်ဟု အဋ္ဌကထာဆရာတို့က ဆိုကြသည်။)

သန္တတိနှင့် အဒ္ဓါပစ္စုပ္ပန်ကိုသာ အာရုံပြုခြင်း

၁၁၃၃။ ယသ္မာ၊ အကြင့်ကြောင့်။ ဧဝံ၊ ဤသို့။ အယုတ္တန္တိ၊ မသင့်ဟူ၍။ ပကာသိတံ၊ ပြအပ်၏။ (ထည့်) တသ္မာ၊ ထို့ကြောင့်။ သန္တတိ အဒ္ဓါနပစ္စုပ္ပန္နာနမေဝ၊ သန္တတိ-ပစ္စုပ္ပန်, အဒ္ဓါနပစ္စုပ္ပန်တို့၏သာလျှင်။ ဝသေန၊ အစွမ်းအားဖြင့်။ တံ ဣဒံ၊ ထိုစေတောပရိယဉာဏ်သည်။ ပစ္စုပ္ပန္နံ အာရမ္မဏံ၊ ပစ္စုပ္ပန်အာရုံရှိသည်။ ဟောတိ၊ ဖြစ်၏။

သံယုတ်အဋ္ဌကထာဝါဒ

၁၁၃၄။ အဒ္ဓါချံ၊ အဒ္ဓါအမည်ရှိသော။ ဣဒံ ပစ္စုပ္ပန္နမ္ပိ၊ ဤပစ္စုပ္ပန်ကိုလည်း။ ဇဝ-နဝါရတော၊ တကြိမ်သော ဇောဝါရအားဖြင့်။ ဝါ၊ နှစ်ကြိမ် သုံးကြိမ်သော ဇောဝါရအားဖြင့်။ ဒီပေတဗ္ဗံ၊ ပြအပ်၏။ ဣတိ၊ ဤသို့။ သံယုတ္တအဋ္ဌကထာ-ယံ၊ သံယုတ္တအဋ္ဌကထာ၌။ (ထည့်) နိဒ္ဒိဋ္ဌံ၊ ပြအပ်၏။ တတြ၊ ထိုပြရာ၌။ အယံ၊ ဤဆိုလတ္တံ့သည်ကား၊ ဒီပနာနယော၊ ပြကြောင်းနည်းတည်း။

၁၁၃၅။ ဟိ=ဝိတ္ထာရေမိ၊ ချဲ့အံ့။ ယဒါ၊ အကြင်အခါ၌။ ဣဒ္ဓိမာ၊ တန်းခိုးရှိသော ပုဂ္ဂိုလ်သည်။ ပရဿ၊ သူတပါး၏။ စိတ္တံ၊ စိတ်ကို။ ဉာတုံ၊ သိခြင်းငှါ။ အာဝဇ္ဇတိ၊ ဆင်ခြင်၏။ တဿ၊ ထိုပုဂ္ဂိုလ်၏။ အာဝဇ္ဇနမနော၊ အာဝဇ္ဇန်းစိတ်သည်။ ခဏဝှယံ ပစ္စုပ္ပန္နံ၊ ခဏပစ္စုပ္ပန်ကို။

၁၁၃၆။ အာရမ္မဏံကတွာ၊ အာရုံပြု၍။ တေန စိတ္တေန၊ ထိုစိတ်နှင့်။ သဒ္ဓိံ၊ တကွ။ နိရုဇ္ဈတိ၊ ချုပ်၏။ တဒါ၊ ထိုအခါ၌။ တဿ၊ ထိုပုဂ္ဂိုလ်အား။ စတ္တာရိ ဝါ၊ လေးကြိမ်လည်းဖြစ်ကုန်သော။ ပဉ္စဝါ၊ ငါးကြိမ်လည်းဖြစ်ကုန်သော။ ဇဝနာနိ၊ ဇောတို့သည်။ ဇာယန္တေ၊ ဖြစ်ကုန်၏။

ဣဒ္ဓိစိတ်

၁၁၃၇။ တေသံ၊ ဤလေးကြိမ် ငါးကြိမ်သော ဇောတို့တွင်။ ပစ္ဆိမံ စိတ္တံ၊ နောက်၌ဖြစ်သော ဇောစိတ်ကို။ ဣဒ္ဓိ-စိတ္တံ၊ ဣဒ္ဓိစိတ်ဟူ၍။ ဥဒီရိတံ၊ ဆိုအပ်၏။ သေသာနိ၊ ဣဒ္ဓိစိတ်မှကြွင်းကုန်သော ဇောစိတ်တို့သည်။ ကာမာဝစရ စိတ္တာနိ၊ ကာမာဝစရ စိတ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ သို့။ ဝိနိဒ္ဒိသေ၊ ပြရာ၏။

ဠဒ္ဒိစိတ်သာ သူတပါးစိတ်ကို သိခြင်း

၁၁၃၈။ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော။ တေသံ၊ ထို ဇောစိတ်တို့၏။ နိရုဒ္ဓံ၊ ချုပ်ပြီးသော်။ တဒေဝ- စ စိတ္တံ၊ ထို သူတပါး၏ စိတ်သည်သာလျှင်။ အာရမ္မဏံ၊ အာရုံသည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ သဗ္ဗာနိ၊ အလုံးစုံကုန်သော။ တာနိပိ စိတ္တာနိ၊ ထိုဇောစိတ်တို့သည်လည်း။

၁၁၃၉။ ကောရမ္မဏတံ၊ တခုတည်းသော အာရုံရှိသည်၏အဖြစ်သို့။ ယန္တိ၊ ရောက်ကုန်၏။ အဒ္ဓါဝသာ၊ အဒ္ဓါ၏ အစွမ်းအားဖြင့်။ တေသံ၊ ထို ဇောစိတ်တို့၏။ နာနာရမ္မဏတာ၊ အထူးထူးသော အာရုံရှိသည်၏အဖြစ် သည်။ န ဘဝေ=န ဘဝေယျ၊မဖြစ်ရာ။ ပစ္စုပ္ပန္နာရမ္မဏတော၊ ပစ္စုပ္ပန်အာရုံ ရှိသောအားဖြင့်။

၁၁၄၀။ ကောရမ္မဏဘာဝေ၊ တခုသော အာရုံရှိသည်၏အဖြစ်သည်။ သတိပိ၊ ရှိသော်လည်း။ ဠဒ္ဒိမာနသမေဝ စ၊ ဠဒ္ဒိစိတ်သည်သာလျှင်။ ပရဿ၊ သူတပါး၏။ စိတ္တံ၊ စိတ်ကို။ ဇာနာတိ၊ သိ၏။ ဠတရာနိ၊ ဤဠဒ္ဒိစိတ်မှ တပါးကုန်သော အာဝဇ္ဇန်း, ပရိကမ်စိတ်တို့သည်။ န ဇာနန္တိ၊ မသိကုန်။ ယထာ ပန၊ အဘယ်ကဲ့သို့နည်းဟူမူကား။

၁၁၄၁။ စက္ခုဒွါရေ ဝိညာဏံ၊ စက္ခုဝိညာဉ်သည်။ ရူပံ၊ ရူပါရုံကို။ ပဿတိ၊ မြင်၏။ ဠတရံ၊ ဤစက္ခုဝိညာဉ်မှ တပါးသော စိတ်သည်။ န ပဿတိ ယထာ၊ မမြင်သကဲ့သို့။ ဝမေဝ စ၊ ဤအတူသာလျှင်။ တံ၊ ထို သူတပါး၏စိတ်ကို။ ဠဒ္ဒိစိတ္တမေဝ စ၊ ဠဒ္ဒိစိတ်သည်သာလျှင်။ ဇာနာတိ၊ သိ၏။

ဗဟိဒ္ဓအာရုံ

၁၁၄၂။ ပရစိတ္တာရမ္မဏတ္တာ၊ သူတပါး၏စိတ်အာရုံရှိသည် ၏အဖြစ်ကြောင့်။ ဗဟိဒ္ဓါရမ္မဏံ၊ ဗဟိဒ္ဓတရား အာရုံရှိသည်။ သိယာ၊ ဖြစ်ရာ၏။ ဠတိ၊ ဤသို့။ စေတောပရိယညာဏမ္ပိ၊ စေတောပရိယညာဏ်သည်လည်း။ အဋ္ဌသွေဝ၊ ရှစ်ပါးကုန်သော အာရမ္မဏ ဝိဘာဂတို့၌သာလျှင်။ ပဝတ္တတိ၊ ဖြစ်၏။

## ပုဗ္ဗေနိဝါသဉာဏ်၏ အာရုံ ၈-ပါး

၁၁၄၃။ ပုဗ္ဗေနိဝါသဉာဏမ္ပိ၊ ပုဗ္ဗေနိဝါသဉာဏ်သည်လည်း။ ပရိတ္တာ-ဒီသု၊ ကာမာဝစရအစရှိကုန်သော။ အဋ္ဌသု၊ ရှစ်ပါးကုန်သော။ အာရမ္မဏ-ဝိဘာဂေသု၊ အာရမ္မဏဝိဘာဂတို့၌။ ပဝတ္တတိ၊ ဖြစ်၏။ ကထံ ပဝတ္တတိ၊ အသို့ဖြစ်သနည်း ဟူမူကား။

**ကာမအာရုံ** ၁၁၄၄။ ကာမာဝစရခန္ဓာနံ၊ ကာမာဝစရခန္ဓာတို့ကို။ သမ-နုဿရဏေ၊ အောက်မေ့သောကာလ၌။ ပရိတ္တာ-ရမ္မဏံယေဝ၊ ကာမာဝစရတရားအာရုံရှိသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ပရိဒီပယေ၊ ပြရာ၏။

**မဟဂ္ဂုတ်အာရုံ** ၁၁၄၅။ ရူပါဝစရိကာရူပ္ပခန္ဓာနုဿရဏေပန၊ ရူပါဝစရ-ခန္ဓာ, အရူပါဝစရခန္ဓာတို့ကို အောက်မေ့သော ကာလ၌ကား။ တံ၊ ထိုပုဗ္ဗေနိဝါသဉာဏ်သည်။ မဟဂ္ဂတဂေါစရံ၊ မဟဂ္ဂုတ်တရားအာရုံရှိသည်။ ဘဝတိ၊ ဖြစ်၏။ ဣတိ ဟိ၊ ဤသို့လျှင်၊ ဉာတဗ္ဗံ၊ သိအပ်၏။

**အပ္ပမာဏအာရုံ** ၁၁၄၆။ အတီတေ၊ အတိတ်၌။ အတ္တနာ၊ မိမိသည်။ ဘာဝိတံ၊ ပွါးစေအပ်သော။ မဂ္ဂံ ဝါ၊ မဂ်ကိုရင်း။ ဖလမ္ပိ ဝါ၊ မျက်မှောက်ပြုအပ်သော ဖိုလ်ကိုရင်း။ သမနုဿရတော၊ အောက်မေ့သော ပုဂ္ဂိုလ်အား။ အပ္ပမာဏာရမ္မဏံ၊ အပ္ပမာဏ တရားအာရုံ ရှိသည်။ သိယာ၊ ဖြစ်ရာ၏။

**မဂ်အာရုံ** ၁၁၄၇။ အတ္တနာ ဝါ၊ မိမိသည်ရင်း။ ပရေဟိ ဝါ၊ သူတပါး တို့သည်ရင်း။ ဘာဝိတံ၊ ပွါးစေအပ်သော။ မဂ္ဂံ၊ မဂ်ကို။ သမနုဿရတော၊ အောက်မေ့သော ပုဂ္ဂိုလ်အား။ တံ၊ ထိုပုဗ္ဗေ နိဝါသဉာဏ်သည်။ မဂ္ဂါရမ္မဏမေဝ၊ မဂ်အာရုံရှိသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

**အတိတ်အာရုံ**။ ။ဣဒံ၊ ဤပုဗ္ဗေနိဝါသဉာဏ်သည်။ ကေဝလံ၊ အမြဲ အားဖြင့်။ အတီတာရမ္မဏံယေဝ၊ အတိတ်တရားအာရုံ ရှိသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

**ဉာဏ် ၃-ပါး၏ အတိတ် အာရုံပြုခြင်း ထူးပုံ**

၁၁၄၇။ စေတောပရိယဉာဏမ္ပိ၊ စေတောပရိယဉာဏ်သည်ရင်း။ ယထာကမ္မုပဂမ္ပိ စ၊ ယထာကမ္မုပဂဉာဏ်သည်ရင်း။ အတီတာရမ္မဏာ၊ အတိတ်တရား အာရုံရှိကုန်သည်။ ကိဉ္စာပိ ဟောန္တိ၊ အကယ်၍ ဖြစ်ကုန်၏။ အထ ခေါ၊ ထိုသို့ဖြစ်ကုန်သော်လည်း။

၁၁၄၈။ အဿ စေတောပရိယဉာဏဿ၊ ထိုစေတောပရိယဉာဏ်၏။ သတ္တဒိဝသဗ္ဘန္တရံ၊ ခုနစ်ရက်အတွင်း၌ဖြစ်သော။ အတီတံ၊ အတိတ်ဖြစ်သော။ စိတ္တမေဝ၊ စိတ်သည်သာလျှင်။ အာရမ္မဏံ၊ အာရုံသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဥဒီရိတံ၊ ဆိုအပ်၏။

၁၁၅၀။ ယထာကမ္မုပဂဿပိ၊ ယထာကမ္မုပဂဉာဏ်၏လည်း။ အတီတေ၊ အတိတ်၌။ စေတနာမတ္တံဝေ၊ စေတနာမျှသာလျှင်။ အာရမ္မဏံ၊ အာရုံသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဥဒီရိတံ၊ ဆိုအပ်၏။

ပုဗ္ဗေနိဝါသဉာဏဿ၊ ပုဗ္ဗေနိဝါသဉာဏ်၏။ ကိဉ္စိ၊ တစုံတခုသော။ ခန္ဓာ၊ ခန္ဓာနှင့်စပ်သော အမည်အနွယ်သည်။ အဂေါစရံ၊ အာရုံမဖြစ်သည်။ နတ္ထိ၊ မရှိ။

**အဇ္ဈတ္တ, ဗဟိဒ္ဓအာရုံ**

၁၁၅၁။ အတ္တခန္ဓာနုဿရဏေ၊ မိမိခန္ဓာကို အောက်မေ့သော ကာလ၌။ အဇ္ဈတ္တာရမ္မဏံ၊ အဇ္ဈတ္တတရား အာရုံရှိသည်၊ သိယာ၊ ဖြစ်၏။ အညခန္ဓာနုဿရဏေ၊ သူတပါးခန္ဓာကို အောက်မေ့သောကာလ၌။ ဗဟိဒ္ဓါရမ္မဏံ၊ ဗဟိဒ္ဓတရားအာရုံရှိသည်။ ဘဝေ၊ ဖြစ်၏။

**ပညတ်အာရုံ**

၁၁၅၂။ နာမဂေါတ္တဿ၊ အမည်အနွယ်ကို။ သရဏေ၊ အောက်မေ့သော ကာလ၌။ တံ၊ ထိုပုဗ္ဗေနိဝါသဉာဏ်သည်။ နဝတ္တဗ္ဗဂေါစရံ၊ နဝတ္တဗ္ဗ(ပညတ်)အာရုံရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ပုဗ္ဗေနိဝါသဉာဏမ္ပိ၊ ပုဗ္ဗေနိဝါသဉာဏ်သည်လည်း။ အဋ္ဌသွေဝ၊ ရှစ်ပါးကုန်သော အာရမ္မဏဝိဘာဂတို့၌သာလျှင်။ ပဝတ္တတိ၊ ဖြစ်၏။

## ဒိဗ္ဗစက္ခုဉာဏ်၏အာရုံ ၄-ပါး

၁၁၅၃။ ပစ္စုပ္ပန္နေ စ၊ ပစ္စုပ္ပန်တရား၌၎င်း။ ပရိတ္တေ စ၊ ကာမာဝစရ တရား၌၎င်း။ ဗဟိဒ္ဓဇ္ဈတ္တိကေသုပိ၊ ဗဟိဒ္ဓတရား, အဇ္ဈတ္တိကတရားတို့၌၎င်း။ ဣတိ၊ ဤသို့။ ဧတေသု စတူသု ဓမ္မေသု၊ ဤလေးပါးသော တရားတို့၌။ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗစက္ခုဉာဏ်သည်။ ပဝတ္တတိ၊ ဖြစ်၏။

## ဒိဗ္ဗစက္ခုဉာဏ်နှင့် ဒိဗ္ဗသောတဉာဏ်၏ အာရုံထူးပုံ

၁၁၅၄။ ဒိဗ္ဗစက္ခုအာရမ္မဏက္ကမေ၊ ဒိဗ္ဗစက္ခုဉာဏ်၏ အာရုံအစဉ်၌။ ဒိဗ္ဗသောတသမံ၊ ဒိဗ္ဗသောတဉာဏ်နှင့်တူ၏။ ရူပံ၊ ရူပါရုံ။ သဒ္ဒေါ၊ သဒ္ဒါရုံ။ ဣတိအယမေဝ၊ ဤသည်သာလျှင်။ ဒွိန္နံ၊ နှစ်ပါးကုန်သော ဒိဗ္ဗစက္ခုဉာဏ်, ဒိဗ္ဗသောတဉာဏ်တို့၏။ ဝိသေသတာ၊ ထူးသည်၏အဖြစ်သည်။ ဟောတိ၊ ဖြစ်၏။

---

## အနာဂတံသဉာဏ်၏ အာရုံ ၈-ပါး

၁၁၅၅။ အနာဂတံသဉာဏမ္ပိ၊ အနာဂတံသဉာဏ်သည်လည်း။ ပရိတ္တာဒီသု၊ ကာမာဝစရ အစရှိကုန်သော။ အဋ္ဌသု၊ ရှစ်ပါးကုန်သော။ အာရမ္မဏဝိဘာဂေသု၊ အာရမ္မဏဝိဘာဂတို့၌။ ပဝတ္တတိ၊ ဖြစ်၏၊ ကထံ ပဝတ္တတိ၊ အသို့ဖြစ်သနည်းဟူမူကား။

**ကာမအာရုံ** ၁၁၅၆-၇။ အယံ၊ ဤသူသည်။ ကာမာဝစရေ၊ ကာမာဝစရဘုံ၌။ နိဗ္ဗတ္တိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ပဇာနတော၊ သိသောပုဂ္ဂိုလ်အား။ ပရိတ္တာရမ္မဏံ၊ ကာမာဝစရ တရားအာရုံရှိသည်။ ဟောတိ၊ ဖြစ်၏။

**မဟဂ္ဂုတ်အာရုံ။** ။အယံ၊ ဤသူသည်။ အနာဂတေ၊ အနာဂတ်၌။ ရူပါရူပေသု၊ ရူပဘဝ, အရူပဘဝတို့၌။ နိဗ္ဗတ္တိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ ဧဝံပိ၊ ဤ သို့လည်း။ ပဇာနတော၊ သိသော ပုဂ္ဂိုလ်အား။ မဟဂ္ဂတဂေါစရံ၊ မဟဂ္ဂုတ်တရားအာရုံရှိသည်။ သိယာ၊ ဖြစ်ရာ၏။

အပ္ပမာဏအာရုံ။ ။အယံ၊ ဤသူသည်။ မဂ္ဂံ၊ မဂ်ကို။ ဘာဝေဿတိ၊ ပွါးစေလတ္တံ့။ ဖလံ၊ ဖိုလ်ကို။ သစ္ဆိကရိဿတိ၊ မျက်မှောက်ပြုလတ္တံ့။

၁၁၅၈။ ဝေ၊ ဤသို့။ ပဇာနနေ၊ သိသောကာလ၌။ တံ၊ ထိုအနာဂတံသဉာဏ်သည်။ အပ္ပမာဏာရမ္မဏံ၊ အပ္ပမာဏတရား အာရုံရှိသည်။ ဘဝေ၊ ဖြစ်၏။

မဂ်အာရုံ။ ။မဂ္ဂံ၊ မဂ်ကို။ ဘာဝေဿတိ၊ ပွါးစေလတ္တံ့။ ဝေ၊ ဤသို့။ ဇာနနေ၊ သိခြင်း၌။ မဂ္ဂဂေါစရံ၊ မဂ်အာရုံရှိသည်။ ဟောတိ၊ ဖြစ်၏။

အနာဂတ်အာရုံ ၁၁၅၉။ ဣဒံ ဉာဏံ၊ ဤ အနာဂတံသ ဉာဏ်သည်။ ဧကန္တေန၊ စင်စစ်သဖြင့်။ အနာဂတဂေါစရံ၊ အနာဂတ်တရားအာရုံရှိသည်။ ဟောတိ၊ ဖြစ်၏။

ဉာဏ် ၂-ပါး၏အနာဂတ်အာရုံပြုခြင်းထူးပုံ။ ။စေတောပရိယံ တု၊စေတောပရိယဉာဏ် သည်လည်း။ အနာဂတဂေါစရံ၊ အနာဂတ်တရားအာရုံရှိသည်။ ကိဉ္စာပိ ဟောတိ၊ အကယ်၍ ဖြစ်၏ရှင့်။

၁၁၆၀။ အထ ခေါ၊ ထိုသို့ဖြစ်သော်လည်း။ တံ၊ ထိုစေတောပရိယဉာဏ်သည်။ သတ္တဒိဝသဗ္ဘန္တရံ၊ ခုနစ်ရက်အတွင်း၌ဖြစ်သော။ စိတ္တမေဝ စ၊ စိတ်ကိုသာလျှင်။ ဇာနာတိ၊ သိ၏။ ဟိ=သစ္စံ၊ မှန်၏။ တံ၊ ထိုစေတောပရိယဉာဏ်သည်။ အညဂေါစရံ၊ ခုနစ်ရက်အတွင်း၌ စိတ်မှတပါးသော အာရုံရှိသည်။ န ဟောတိ၊ မဖြစ်။

၁၁၆၁။ အနာဂတံသဉာဏဿ၊ အနာဂတံသဉာဏ်၏။ အနာဂတံ၊ အနာဂတ်ဖြစ်သော။ ခန္ဓာ၊ ခန္ဓာနှင့်စပ်သော အမည်အနွယ်သည်။ သဂေါစရံ၊ မိမိအာရုံသည်။ ဟောတိ၊ ဖြစ်၏။

**အဇ္ဈတ္တအာရုံ**။ ။အဟံ၊ ငါသည်။ ဒေဝေါ၊ နတ်သည်။ ဘဝိဿာမိ၊ ဖြစ်အံ့။ ဣစ္စေဝံ=ဣတိဧဝံ၊ ဤသို့လျှင်။ ဇာနနေ၊ သိသောကာလ၌။ အဇ္ဈတ္တဂေါစရံ၊ အဇ္ဈတ္တတရားအာရုံရှိသည်။ ဟောတိ၊ ဖြစ်၏။

**ဗဟိဒ္ဓအာရုံ** ၁၁၆၂။ အယံ တိဿော၊ ဤတိဿသည်။ အယံ ဖုဿော၊ ဤဖုဿသည်။ အနာဂတေ၊ နောင်အခါ၌။ အမုတြ၊ ဤ မည်သော ဘဝ၌။ နိဗ္ဗတ္တိဿတိ၊ ဖြစ်လတ္တံ့။ ဣစ္စေဝံ=ဣတိဧဝံ၊ ဤသို့လျှင်။ ဇာနနေ၊ သိသောကာလ၌။ တဿ၊ ထိုအနာဂတံသဉာဏ်အား။ ဗဟိဒ္ဓါရမ္မဏံ၊ ဗဟိဒ္ဓတရားအာရုံရှိသည်။ သိယာ၊ ဖြစ်ရာ၏။

**ပညတ်အာရုံ** ၁၁၆၃။ အနာဂတေ၊ နောင်အခါ၌။ ယဿ ကဿစိ၊ အမှတ်မရှိသောသူ၏။ နာမဂေါတ္တဿ၊ အမည်အနွယ်ကို။ ဇာနနေ၊ သိသောကာလ၌။ ပုဗ္ဗေနိဝါသဉာဏံဝ၊ ပုဗ္ဗေနိဝါသဉာဏ်ကဲ့သို့။ တံ၊ ထို အနာဂတံသဉာဏ်သည်။ နဝတ္တဗ္ဗဂေါစရံ၊ နဝတ္တဗ္ဗ (ပညတ်) တရားအာရှိရုံသည်။ သိယာ၊ ဖြစ်ရာ၏[၁]။

---

## ယထာကမ္မုပဂဉာဏ်၏ အာရုံ ၅-ပါး

၁၁၆၄။ ယထာကမ္မုပဂဉာဏံ၊ ယထာကမ္မုပဂဉာဏ်သည်။ ပရိတ္တာဒီသု၊ ကာမာဝစရအစရှိကုန်သော၊ ပဉ္စသု၊ ငါးပါးကုန်သော။ အာရမ္မဏဝိဘာဂေသု၊ အာရမ္မဏဝိဘာဂတို့၌။ ပဝတ္တတိ၊ ဖြစ်၏။ ကထံ=ပဝတ္တတိ၊ အသို့ဖြစ်သနည်း ဟူမူကား။

---

၁။ (ပုဗ္ဗေနိဝါသာနုဿတိဉာဏ်နှင့် အနာဂတံသဉာဏ်သည် သဗ္ဗညုတဉာဏ်နှင့် အလားတူသည်၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်သည် အတိတ်ဖြစ်သော ခန္ဓာ ၅-ပါး, ထိုခန္ဓာ ၅ ပါးနှင့် စပ်သော တရားမှန်သမျှတို့ကို အာရုံပြုနိုင်သည်။ အနာဂတံသ ဉာဏ်သည် အနာဂတ်ဖြစ်သော ခန္ဓာ ၅-ပါး, ထိုခန္ဓာ ၅-ပါးနှင့် စပ်သော တရားမှန်သမျှတို့ကို အာရုံပြုနိုင်သည်။ ထို့ကြောင့် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်နှင့် အနာဂတံသဉာဏ်ကို. သဗ္ဗညုတဉာဏ်နှင့် အလားတူသည်ဟု ဆိုကြသည်။ ၎င်းဋီကာသစ်၊ဒု၊နှာ-၂၉၁-၂။ယင်းသို့ ဋီ၌ သာမညဆိုသော်လည်း မြတ်စွာဘုရား၏ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်နှင့် အနာဂတံသဉာဏ်ကိုသာ ယူသင့်သည်။ဒီ-ဋ္ဌ၊ ၂၊နှာ-၂-၃-ကြည့်။)

ကာမအာရုံ　၁၁၆၅။ ကာမကမ္မဿ၊ ကာမာဝစရကံကို။ ဇာနနေ၊ သိသောကာလ၌။ ပရိတ္တာရမ္မဏံ၊ ကာမာဝစရ တရားအာရုံရှိသည်။ သိယာ၊ ဖြစ်ရာ၏။

မဟဂ္ဂုတ်အာရုံ။　။တထာ၊ ထိုအတူ။ မဟဂ္ဂတကမ္မဿ၊ မဟဂ္ဂုတ်ကံကို။ ဇာနနေ၊ သိသောကာလ၌။ တံ၊ ထိုယထာကမ္မုပဂ ဉာဏ်သည်။ မဟဂ္ဂတဂေါစရံ၊ မဟဂ္ဂုတ်တရားအာရုံရှိသည်။ ဟောတိ၊ ဖြစ်၏။

အတိတ်အာရုံ　၁၁၆၆။ အတီတမေဝ၊ အတိတ်ကိုသာလျှင်။ ဇာနာတိ၊ သိ၏။ တသ္မာ၊ ထိုကြောင့်။ အတီတဂေါစရံ၊ အတိတ်တရားအာရုံရှိသည်။ ဟောတိ၊ ဖြစ်၏။

အဇ္ဈတ္တအာရုံ။　။အတ္တနော၊ မိမိ၏။ ကမ္မဇာနနေ၊ ကံကို သိသောကာလ၌။ အဇ္ဈတ္တာရမ္မဏံ၊ အဇ္ဈတ္တတရားအာရုံရှိသည်။ ဟောတိ၊ ဖြစ်၏။

ဗဟိဒ္ဓအာရုံ　၁၁၆၇။ ပရကမ္မ ပဇာနနေ၊ သူတပါး၏ကံကို သိသောကာလ၌။ ဗဟိဒ္ဓါရမ္မဏံ၊ဗဟိဒ္ဓတရားအာရုံရှိသည်။ ဟောတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ ယထာကမ္မုပဂဿပိ၊ ယထာကမ္မုပဂဉာဏ် ၏လည်း။ ပဝတ္တိ၊ ဖြစ်ခြင်းကို။ ဉာတဗ္ဗာ၊ သိအပ်၏။

၁၁၆၈။ သတ္တန္နမ္ပိ၊ ခုနစ်ပါးလည်းဖြစ်ကုန်သော။ အဘိညာနံ၊ အဘိ-ညာဉ်တို့၏။ အာရမ္မဏပ္ပဘေဒေါ၊ အာရုံအစဉ်ကို။ ဝုတ္တော၊ ဆိုအပ်ပြီ။ ဧဝံ ဝုတ္တနယေနေဝ၊ ဤသို့ ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်။ ဝိဘာ-ဝိနာ၊ ပညာရှိသော သူသည်။ ဝေဒိတဗ္ဗော၊ သိအပ်၏။

၁၁၆၉။ ဝိဝိဓတ္ထဝဏ္ဏပဒံ၊အထူးထူး အပြားပြားသော အတ္ထပဒ, ဗျဉ္ဇနပဒ ရှိသော။ မဓုရတ္ထံ၊ ကောင်းသော အနက်ရှိသော။ အတိနိသာဟရံ^၁၊ ဉာဏ်၏ ထက်ခြင်းကို အလွန်ဆောင်တတ်သော။ သောတုဇနဿ၊ စာသင်သား၏။

---

၁။ ဆဋ္ဌမူ၌ ဝိဝိဓတ္ထဝဏ္ဏပဒေဟိ သမ္ပန္နံ မဓုရတ္ထမတိနိဟရံ ဟုရှိသည်။

ဟဒယပီတိကရံ၊ စိတ်၏နှစ်သက်ခြင်းကိုပြုတတ်သော။ နေ့၊ ဤအဘိဓမ္မာဝတာရကျမ်းကို။ သစေတနော၊ စေတနာရှိသော။ ကောစိ မနုဇော၊ အဘယ်မည်သော သူသည်။ န သုဏေယျ[၁]၊ မနာရာအံ့နည်း။ သုဏေယျဧဝ၊ နာရာသာလျှင်ကတည်း။

အဘိဓမ္မာဝတာရေ၊ အဘိဓမ္မာဝတာရကျမ်း၌။ အဘိညာရမ္မဏနိဒ္ဒေသောနာမ၊ အဘိညာရမ္မဏနိဒ္ဒေသမည်သော။ သတ္တရသမော၊ တဆဲ့ခုနစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော။ ပရိစ္ဆေဒေါ၊ အပိုင်းသည်။ ဣတိ သမတ္တော၊ ဤတွင် ပြီးပြီ။

အဘိညာရမ္မဏနိဒ္ဒေသ ပြီး၏။

---

၁။ ဆဋ္ဌမူ၌ သုဏေယျ ဟုရှိသည်။

# ၁ဂ—အဠာရသမ ပရိစ္ဆေဒ

## ၁ဂ-ဒိဋ္ဌိဝိသုဒ္ဓိနိဒ္ဒေသ

**ပညာဘာဝနာ** ၁၁၇၀။ သာဘိညံ၊ အဘိညာဉ်နှင့်တကွသော။ သမာဓိံ၊ သမာဓိကို။ ဘာဝေတွာ၊ ပွါးစေ၍။ တဒနန္တရံ၊ ထိုသမာဓိဘာဝနာ၏အခြားမဲ့၌။ မိမတာ၊ ပညာရှိသော။ တေန ဘိက္ခုနာ၊ ထိုယောဂီရဟန်းသည်။ ယတော၊ အကြင့်ကြောင့်။ ပညာ၊ ဘာဝနာ ပညာကို။ ဘာဝေတဗ္ဗာ၊ ပွါးစေအပ်၏။

၁၁၇၁။ တတော၊ ထိုသို့ ဘာဝနာပညာကို ပွါးစေအပ်သောကြောင့်။ ဒါနိ=ဣဒါနိ၊ ယခုအခါ၌။ အဟံ၊ ငါသည်။ ဘိက္ခူနံ၊ ရဟန်းတို့၏။ ပရံ၊ လွန်စွာ။ ပီတိသုခါဝဟံ၊ နှစ်သက်ချမ်းသာခြင်းကို ဆောင်တတ်သော။ ဥတ္တမံ၊ သမာဓိဘာဝနာထက် မြတ်သော။ ပညာဘာဝနံ၊ ပညာဘာဝနာကို။ သမာသေနေဝ၊ အကျဉ်းအားဖြင့်သာလျှင်။ ဝက္ခာမိ၊ ဟောအံ့။

**ပညာပဋိညာဉ်** ၁၁၇၂။ ပညာ၊ ပညာသည်။ ကာ ပန၊ အဘယ်နည်း။ ဣမဿ၊ ဤပညာဟူသောပုဒ်၏။ အတ္ထော၊ အနက်သည်။ ကော စ၊ အဘယ်နည်း။ ဣမဿ၊ ဤပညာ၏။ လက္ခဏာဒိကံ၊ လက္ခဏာအစရှိသည်သည်။ ကိံ၊ အဘယ်နည်း။ သာ၊ ထိုပညာသည်။ ကတိဓာ၊ အဘယ်မျှ အပြားရှိသနည်း။ တေန၊ ထိုရဟန်းသည်။ ကထံ၊ အဘယ်သို့။ ဘာဝေတဗ္ဗာ၊ ပွါးစေအပ်သနည်း။ ဣတိ အယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ ဝုစ္စတေ၊ အဖြေကို ဆိုအံ့။

**ပညာတရားကိုယ်** ၁၁၇၃။ ပုညစိတ္တသမာယုတ္တာ၊ ကုသိုလ်စိတ်နှင့် ယှဉ်သော။ ဝိပဿနာပညာ၊ ဝိပဿနာပညာသည်။ ပညာ၊ ပညာမည်၏။

**ပညာမည်ပုံ။** ။သာ ပညာ၊ ထိုပညာသည်။ ပဇာနာတိ၊ အပြားအားဖြင့် သိတတ်၏။ ဣတိ ဣမိနာ အတ္ထေန၊ ဤသို့ အပြားအားဖြင့် သိတတ်၏ဟူသော အနက်ကြောင့်။ ပညာ၊ ပညာမည်၏။ ဝါ၊

တနည်းကား။ ပကာရတော၊ အပြားအားဖြင့်။ ဇာနနာ၊ သိခြင်းသည်။ ပညာ၊ ပညာမည်၏။

**သညာ,ဝိညာဏ်, ပညာအထူး** ၁၁၇၄။ သညာ ဝိညာဏ ပညာနံ၊ သညာ ဝိညာဉ် ပညာ တို့၏။ ဝိသေသော၊ ᐧအထူးသည်။ ကော၊ အဘယ်နည်း။ အန္တရံ၊ ထူးသောအကြောင်း သည်။ ကိံ၊ အဘယ်နည်း။ သညာ ဝိညာဏ ပညာနံ၊ သညာ ဝိညာဉ် ပညာ တို့၏။ ဇာနနတ္တေ၊ ဝိသယ ဝိဇာနနာကာရ=အာရုံကို သိခြင်း အခြင်း အရာသည်။ သမေပိ စ၊ တူသော်လည်း။

**သညာသိ** ၁၁၇၅။ သာ သညာ [၁]၊ ထိုသညာသည်။ နီလာဒိတော၊ အညိုအစရှိသော အားဖြင့်။ သဥ္ဇာနနမတ္တံဝ၊ တဖန် သိကြောင်းဖြစ်သော အမှတ်ကို သိခြင်းမျှသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ သာ သညာ၊ ထိုသညာသည်။ လက္ခဏပဋိဝေဓံ တု၊ အနိစ္စအစရှိသော လက္ခဏာကို ထိုးထွင်း၍ သိခြင်းကိုကား။ ကာတုံ၊ ပြုခြင်းငှါ။ နေဝ သက္ကောတိ၊ မတတ်နိုင်။

**ဝိညာဏ်သိ** ၁၁၇၆။ ဝိညာဏံ ပန၊ ဝိညာဉ်သည်ကား။ နီလပီတာဒိဂေါ- စရံ၊ အညို အရွှေအစရှိသော အာရုံကို။ ဇာနာတိ၊ သိ၏။ အနိစ္စာဒိလက္ခဏံ၊ အနိစ္စအစရှိသော လက္ခဏာကို။ ပဋိဝိဇ္ဈိတုံ၊ ထိုးထွင်း၍ သိခြင်းငှါ။ သက္ကောတိပိ၊ တတ်လည်း တတ်နိုင်၏။

၁၁၇၇။ တံ ဝိညာဏံ၊ ထိုဝိညာဉ်သည်။ ဥဿက္ကိတွာ၊ ဥဒယဉာဏ် အစဉ်ဖြင့် အားထုတ်၍။ မဂ္ဂံ၊ မဂ်သို့။ ပါပေတုမေဝ၊ ရောက်စေခြင်းငှါသာ လျှင်။ န သက္ကောတိ၊ မတတ်နိုင်။

**ပညာသိ။** ။ပညာ၊ ပညာသည်။ ဝုတ္တနယံ၊ ဝိညာဉ်၌ ဆိုအပ်ပြီးသော နည်းရှိသော။ တံ တိဝိဓမ္ပိ၊ ထိုသုံးပါးအပြားရှိသော ကိစ္စကို လည်း။ ကာတုံ၊ ပြုခြင်းငှါ၊ သက္ကောတိ၊ တတ်နိုင်၏။

---

၁။ (ယာ သဥ္ဇာနနမတ္တံ သညာ-ဟု ဆင္ဌမူ၌ ရှိသည်။)

၁၁၇၈။ ဣမေသံ ပန တိဏ္ဏမ္ပိ၊ ဤသုံးပါးကုန်သော သညာ ဝိညာဉ် ပညာတို့၏လည်း။ ဝိသေသော၊ အထူးကို။ သမုဒိရိတော၊ ဆိုအပ်၏။

## ပညာ၏စမ္မဝတ္တာန် ၄-ပါး

လက္ခဏာ။ ။သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော။ ဓမ္မာနံ၊ တရားတို့၏။ သဘာဝပဋိဝေဓနံ၊ မိမိသဘောကို ထိုးထွင်း၍ သိခြင်းသည်။ ဝါ၊ တူသော သဘောကို ထိုးထွင်း၍ သိခြင်းသည်။

၁၁၇၉။ ပညာယ၊ ပညာ၏။ လက္ခဏံ၊ လက္ခဏာတည်း။ ဣတိ၊ ဤသို့။ လက္ခဏညူဟိ၊ လက္ခဏာကို သိကုန်သော ဆရာတို့သည်။ ဒီပိတံ၊ ပြအပ်၏။

ရသ။ ။သမ္မောဟနန္ဓကာရဿ၊ ဆိုအပ်ပြီးသော တရားတို့၌ တွေဝေခြင်း တည်းဟူသော အမှိုက်တိုက်ကို။ ဝိဒ္ဓံသန ရသာ၊ ဖျက်ဆီးခြင်း ကိစ္စရှိ၏ဟူ၍။ မတာ၊ သိအပ်၏။

ပစ္စုပဋ္ဌာန်　၁၁၈၀။ အသမ္မောဟ ပစ္စုပဋ္ဌာနာ၊ ခပ်သိမ်းသော တရားတို့၌ မတွေဝေသော အခြင်းအရာဖြင့် ထင်ခြင်းရှိ၏။ ဝါ၊ အကျိုးဖြစ်သော မတွေဝေခြင်းကို ဖြစ်စေတတ်၏။

ပဒဋ္ဌာန်။ ။သမာဓာသန္နကာရဏာ၊ သမာဓိလျှင် နီးစွာသော အကြောင်းရှိ၏။ ဧဝံ၊ ဤသို့။ ဧတ္ထ၊ ဤအရာ၌။ ပညာယ၊ ပညာ၏၊ လက္ခဏာဒိကာ၊ လက္ခဏာ အစရှိသည်ကို။ ဝိညေယျာ၊ သိအပ်၏။

ပညာအပြား။ ။ကတိဓာတိ ဧတ္ထ၊ ကတိဓာ ဟူသော ဤပုစ္ဆာ၌၊ ဝိသဇ္ဇနံ၊ အဖြေကို။ ဝုစ္စတေ၊ ဆိုအံ့။

ပညာ ၁-ပါး　၁၁၈၁။ လက္ခဏေန၊ သဘာဝပဋိဝေဓလက္ခဏာအားဖြင့်။ ဧကဓာ၊ တပါးအဘို့ရှိသည်ကို။ ဝုတ္တာ၊ ဆိုအပ်၏။

ပညာ ၂-ပါး။ ။လောကိကာ စ၊ ဝဋ်၌အကျုံးဝင်သည်၏ အဖြစ်ကြောင့် လောက၌ယှဉ်သော။ ဝါ၊ လောက၌ သိအပ်သော

ပညာဝရင်း။ အလောကိကာ စ၊ ဝဋ်၌ အကျုံးမဝင်သည်၏ အဖြစ်ကြောင့် လောက၌ မယှဉ်သော။ ဝါ၊ လောက၌ မသိအပ်သော လောကုတ္တရာပညာ ရင်း။ ဣတိ၊ ဤသို့။ ဒွိဓာ၊ နှစ်ပါးအပြားရှိ၏။

**လောကီပညာ။** ။တတ္ထ၊ ဤနှစ်ပါးသော ပညာတို့တွင်။ လောကိယေန၊ လောကီဖြစ်သော။ မဂ္ဂေန၊ မဂ်နှင့်။ ယုတ္တာ၊ ယှဉ်သော ပညာသည်။ လောကိကာ၊ လောကီပညာမည်သည်။ သိယာ၊ ဖြစ်ရာ၏။

**လောကုတ္တရာပညာ** ၁၁၈၂။ လောကုတ္တရေန၊ လောကုတ္တရာဖြစ်သော။ မဂ္ဂေန၊ မဂ်နှင့်၊ ယုတ္တာ၊ ယှဉ်သောပညာ ကို။ လောကုတ္တရာ၊ လောကုတ္တရာပညာဟူ၍။ မတာ၊ သိအပ်၏။

**ပညာ ၃-ပါး။** ။စိန္တာသုတမယာဒိတော၊ စိန္တာမယပညာ,သုတမယပညာ အစရှိသော အားဖြင့်။ ပညာ၊ ပညာသည်။ တိဝိဓာပိ၊ သုံးပါးအပြားရှိသည်လည်း။ သိယာ၊ ဖြစ်ရာ၏။

**စိန္တာမယပညာ** ၁၁၈၃။ တတ္ထ၊ ထိုစိန္တာမယ အစရှိကုန်သော သုံးပါး တို့တွင်။ အတ္တနောဝ၊ မိမိ၏သာလျှင်။ စိန္တာယ၊ အကြောင်းကို ကြံခြင်းဖြင့်သာလျှင်။ နိပ္ဖန္နတ္တာ၊ ပြီးသည်၏ အဖြစ် ကြောင့်။ တဿ၊ ထိုသူ၏။ သာ ပညာ၊ ထိုပညာသည်။ စိန္တာမယာ၊ စိန္တာမယပညာမည်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဘူရိပညေန၊ ကြီးသော ပညာရှိတော်မူသော မြတ်စွာဘုရားသည်။ ဝါ၊ မြေကဲ့သို့ ကြီးပြန့်သော ပညာရှိတော်မူသော မြတ်စွာဘုရားသည်။ ဒေသိတာ၊ ဟောတော်မူအပ်၏။

**သုတမယပညာ** ၁၁၈၄။ ပရတော၊ သူတပါးမှ။ ဥပဒေသံ၊ ဥပဒေသကို။ (ထည့်) သုတွာန၊ ကြား၍။ ယာ ပညာ၊ အကြင်ပညာကို။ လဒ္ဓါ၊ ရအပ်၏။ အယံ ပညာ၊ ဤပညာကို။ ဣဓ၊ ဤအရာ၌။ သုတေနေဝ၊ ကြားခြင်းဖြင့်သာလျှင်။ နိပ္ဖန္နာ=နိပ္ဖန္နတ္တာ၊

ပြီးသည်၏အဖြစ်ကြောင့်။ [အန္တော၈တဟေတုတ္တဝိသေသန်] သုတမယာ ပညာ၊ သုတမယပညာဟူ၍။ မတာ၊ သိအပ်၏။

ဘာဝနာမယပညာ ၁၁၈၅။ တ္တော၊ ဤအရာ၌။ ယထာ ဝါပိ တထာ စ၊ သူတပါးမှ ကြား မကြားမူ၍လည်း။ ဘာဝ-နာယ၊ ဘာဝနာ၏။ ဝသေန၊ အစွမ်းဖြင့်။ နိပ္ဖန္နာ=နိပ္ဖန္နတ္တာ၊ ပြီးသည်၏ အဖြစ်ကြောင့်။ အပ္ပနာပတ္တာ၊ အပ္ပနာသို့ ရောက်သော။ ပညာ၊ ပညာကို။ ဘာဝနာမယာ ပညာ၊ ဘာဝနာမယပညာဟူ၍။ မတာ၊ သိအပ်၏။

ပညာ ၄-ပါး ၁၁၈၆။ အတ္ထဓမ္မနိရုတ္တိသု၊ အတ္ထ,ဓမ္မ,နိရုတ္တိတို့၌။ ဉာဏဥ္စ၊ ဉာဏ်ရင်း။ တီသုပိ ဉာဏေသု၊ သုံးပါးကုန်သော အတ္ထ,ဓမ္မ,နိရုတ္တိတို့၌လည်း။ ဉာဏဥ္စ၊ ဉာဏ်ရင်း။ ဣတိ၊ ဤသို့။ ပဋိသမ္ဘိဒါ-စတုက္ကဿ၊ အတ္ထ,ဓမ္မ,နိရုတ္တိ,ပဋိဘာန[၁] ဟုဆိုအပ်သော ပဋိသမ္ဘိဒါလေးပါး

---

၁။ [အတ္ထပဋိသမ္ဘိဒါဉာဏ်။ ။(အတ္ထ=အကျိုး၊ ပဋိ=ဖောက်ထွင်းခြင်း, ထိုးထွင်းခြင်း၊ သံ = မဖောက်မပြန်၊ ဘိဒါ = ဝေဖန်ခွဲခြမ်းခြင်း၊ ဉာဏ= ဉာဏ်။) အကျိုး ၅-ပါးကို ဖောက်ထွင်း ထိုးထွင်းလျက် မဖောက်မပြန် ဝေဖန်ခွဲခြမ်းတတ် သော ဉာဏ်သည် အတ္ထပဋိသမ္ဘိဒါဉာဏ်မည်၏။

အကျိုး ၅-ပါး။ ။ဤတွင် အကျိုး ၅-ပါးမှာ—(၁) အကြောင်းကြောင့် ဖြစ်သမျှသော အကျိုး။ (၂) နိဗ္ဗာန်။ (၃) ဟောတော်မူအပ်သော ပါဠိတော်၏ အနက်။ (၄) ဝိပါက်။ (၅) ကြိယာဖြစ်သည်။

အကျိုး ၃-ပါး။ ။ယင်း ၅-ပါးတွင် နိဗ္ဗာန်သည် ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာသူမြတ်တို့ ရောက်အပ် ရအပ်သောကြောင့် ပတ္တဗ္ဗ အကျိုးမည်၏၊ ဟောတော်မူ အပ်သော ပါဠိတော်၏ အနက်သည် သိစေအပ်သောကြောင့် ဉာပေတဗ္ဗ အကျိုးမည်သည်၊ အကြောင်းကြောင့် ဖြစ်သမျှသော အကျိုး, ဝိပါက်, ကြိယာသည် ဖြစ်စေအပ်သောကြောင့် နိဗ္ဗတ္တေတဗ္ဗ အကျိုးမည်သည်၊ ဤသို့ ခွဲဝေလျှင် အကျိုးသည် ၃-မျိုးသာရှိသည်။ (ဤ၌ ကြိယာကို ကံ၏ အကျိုးနှင့်စပ်သည်ဖြစ်၍ 'အတ္ထ=အကျိုး' ဟု ဆိုသည်။)

ဓမ္မပဋိသမ္ဘိဒါဉာဏ်။ ။(ဓမ္မ=အကြောင်း။) အကြောင်းငါးပါးကို ဖောက်ထွင်းလျက် မဖောက်မပြန် ဝေဖန်ခွဲခြမ်းတတ်သော ဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါ ဉာဏ်မည်၏။

အကြောင်း ၅-ပါး ။ဤတွင် အကြောင်း ၅-ပါးမှာ—(၁) အကျိုးကို ဖြစ်စေသမျှသော အကြောင်း။ (၂) အရိယာမဂ်။ (၃) ဟောတော်မူအပ်

အပေါင်း၏။ ဝသေန၊ အစွမ်းဖြင့်။ စတုဓာ၊ လေးပါးအပြားရှိသည်။ သိယာ၊ ဖြစ်ရာ၏။

---

သော ပါဠိတော်။ (၄) ကုသိုလ်။ (၅) အကုသိုလ်ဖြစ်သည်။ (ဤ၌ ကုသိုလ်,အကုသိုလ်သည် ဝိပါက်၏ ပဓာနအကြောင်းဖြစ်၍ 'ဓမ္မ=အကြောင်း'ဟု ဆိုသည်။)

**အကြောင်း ၃-ပါး။** ။ယင်းအကြောင်း ၅-ပါးအနက် အရိယာမဂ်သည် နိဗ္ဗာန်သို့ ရောက်စေ တတ်သောကြောင့် သမ္ပာပက အကြောင်းမည်သည်၊ ဟောတော်မူအပ်သောပါဠိတော်သည် အနက်အကျိုးကို သိစေတတ်သောကြောင့် ဉာပက အကြောင်းမည်သည်၊ အကျိုးကို ဖြစ်စေသမျှသော အကြောင်းနှင့် ကုသိုလ်, အကုသိုလ်တို့သည် အကျိုးကို ဖြစ်စေတတ်သောကြောင့် နိဗ္ဗတ္တက အကြောင်းမည်သည်၊ ဤသို့ခွဲဝေလျှင် အကြောင်း ၃-မျိုးသာ ရှိသည်။

**နိရုတ္တိပဋိသမ္ဘိဒါဉာဏ်။** ။(နိ=ထုတ်၍၊ ဥတ္တိ=ရွတ်ဆိုခြင်း၊ ပြောဆိုခြင်း။) အားလုံး သတ္တဝါတို့ ပြောဆိုသမျှ ဘာသာစကားတို့၌ တတ်သိနားလည် ကျွမ်းကျင်ခြင်း၊ မဂဓတိုင်းသားတို့ ပြောဆိုသည့် မူလဘာသာစကားတို့၏ အနက်အဓိပ္ပါယ်ကို တတ်သိနားလည် ကျွမ်းကျင်ခြင်း။ [အဋ္ဌကထာတို့ အလိုအားဖြင့်ကား—မဂဓတိုင်းသားတို့ ပြောဆိုသည့် မူလဘာသာဖြစ်သော အတ္ထ,ဓမ္မ ၂-ပါးကို ပြတတ်၍ ပျက်စီးခြင်းမရှိ ကိန်းသေ အနက်မှန်ကိုဟောသော ထုတ်၍ဆိုအပ် ပြောဆိုအပ်သော ပစ္စုပ္ပန်စကားသံ သဒ္ဒါရုံ ပရမတ္ထသဒ္ဒါသည် နိရုတ္တိမည်၏။ (ကေစိဆရာတို့က နာမပညတ္တိသဒ္ဒါကို နိရုတ္တိဟု ဆိုကြသည်။) ဤနိရုတ္တိကို "ဖဿော ဝေဒနာဟု ဆိုသံကြားလျှင် သဘာဝနိရုတ္တိဟုတ်သည် သဘောမှန်သည်၊ ဖဿာ ဝေဒနောဟု ဆိုသံကြားလျှင် သဘာဝနိရုတ္တိမဟုတ်၊ သဘော မမှန်ဟု မနောဖြင့် ဆုံးဖြတ်နိုင်ခြင်း" စသည်ဖြင့် ဖောက်ထွင်းလျက် မဖောက်မပြန် ဝေဖန် ခွဲခြမ်းတတ်သော သောတဒ္ဒါရဝီထိ၌ ဖြစ်သောဉာဏ်သည် နိရုတ္တိပဋိသမ္ဘိဒါဉာဏ်မည်၏။ ယင်းနိရုတ္တိ ပဋိသမ္ဘိဒါဉာဏ်သည် ပစ္စုပ္ပန်သဒ္ဒါရုံကိုသာ အာရုံပြုသည်။]

**မာဂဓိကမူလဘာသာ။** ။ဤတွင် မဂဓတိုင်းသားတို့ ပြောဆိုသည့် မူလဘာသာစကား ဟူသည်ကား—(၁) ဘုရားဟောဖော် ပါဠိတော်။ (၂) ဗြဟ္မာတို့ပြောဆိုသော စကား။ (၃) ကမ္ဘာဦးသူတို့ ပြောဆိုသောစကား။ (၄) မည်သည့် ဘာသာစကားကိုမျှ မကြားဘူးသောသူတို့ ပြောဆိုသော စကားဖြစ်သည်၊ ယင်းမာဂဓိက မူလဘာသာသည် မည်သည့်အခါမျှ ဖောက်ပြန် ပျက်စီးခြင်းမရှိ၊ အမြဲတည်တံ့ ခိုင်မြဲသည်၊ တခြားသော ဘာသာစကားသည် ကာလကြာမြင့်သောအခါ ဖောက်ပြန် ပျက်စီး ပြောင်းလဲကြပေသည်။

**ပဋိဘာန ပဋိသမ္ဘိဒါဉာဏ်။** ။(ပဋိဘာန = ထင်စွာ ပြုတတ်သောဉာဏ်၊) အတ္ထ, ဓမ္မ နိရုတ္တိဉာဏ် ၃-ပါးကို။ ဝါ-အလုံးစုံသော ဉာဏ်ဟူသမျှကို

အတ္ထပဋိသမ္ဘိဒါ ၁၁၈၇။ ယံကိဉ္စိ၊ အလုံးစုံသော။ ပစ္စယုပ္ပန္နံ၊ ဟေတု အစရှိသော ပစ္စည်းတို့ကြောင့်ဖြစ်သော တရားဂုဏ်း။ ဝိပါကော စ၊ ကုသိုလ်, အကုသိုလ်တို့၏ အကျိုးဖြစ်ကုန်သော ဝိပါက်တို့ဂုဏ်း။ တထာ၊ ထိုမှတပါး။ ကြိယာ စ၊ ကြိယာဂုဏ်း။ နိဗ္ဗာနဉ္စ၊ နိဗ္ဗာန်ဂုဏ်း။ ဘာသိတတ္ထော စ၊ ပါဠိ၏အနက်ဂုဏ်း။ ဣတိ၊ ဤသို့။ ဧတေ ပဉ္စ၊ ဤ ငါးပါးသော တရားတို့သည်။ အတ္ထသညိတာ၊ အတ္ထပဋိသမ္ဘိဒါမည်ကုန်၏။

ဓမ္မပဋိသမ္ဘိဒါ ၁၁၈၈။ ဖလနိဗ္ဗတ္တကော၊ အကျိုးကိုဖြစ်စေတတ်သော။ ဟေတု စ၊ အကြောင်းဂုဏ်း။ အရိယမဂ္ဂေါ စ၊ အရိယမဂ်ဂုဏ်း။ ဘာသိတဉ္စ၊ ပါဠိဂုဏ်း။ ကုသလာကုသလဉ္စ၊ ကုသိုလ်, အကုသိုလ်ဂုဏ်း။ ဣတိ၊ ဤသို့။ ဧတေ ပဉ္စ၊ ဤ ငါးပါးသော တရားတို့သည်။ ဓမ္မသညိတာ၊ ဓမ္မပဋိသမ္ဘိဒါမည်ကုန်၏။

နိရုတ္တိပဋိသမ္ဘိဒါ ၁၁၈၉။ တသ္မိံ အတ္ထေ စ၊ ထို အကျိုး၌ဂုဏ်း။ တသ္မိံ ဓမ္မေ စ၊ ထို အကြောင်း၌ဂုဏ်း။ ယာ သဘာဝ-နိရုတ္တိ၊ အကြင် မဖောက်မပြန်သော မာဂဓဘာသာသည်။ ဝါ၊ အကြင် မဖောက်မပြန်သော နာမပညတ်သည်။ အတ္ထိ၊ ရှိ၏။ သာ သဘာဝနိရုတ္တိ၊ ထို မဖောက်မပြန်သော မာဂဓဘာသာကို။ ဝါ၊ ထို မဖောက်မပြန်သော နာမပညတ်ကို။ နိရုတ္တီတိ စ၊ နိရုတ္တိပဋိသမ္ဘိဒါဟူ၍လည်း၊ နိရုတ္တိကုသလေန၊ နိရုတ္တိ၌ လိမ္မာတော်မူသော မြတ်စွာဘုရားသည်။ နိဒ္ဒိဋ္ဌာ၊ ပြတော်မူအပ်၏။

ပဋိဘာနပဋိသမ္ဘိဒါ ၁၁၉၀။ တိဝိဓံ၊ သုံးပါးအပြားရှိသော။ ဉာဏံ၊ ဉာဏ်ကို။ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ ပစ္စဝေက္ခတော၊ မတွေ့မဝေ ဆင်ခြင်သောသူ၏။ တေသု ဉာဏေသု၊ ထိုဉာဏ်တို့၌။ ယံ ဉာဏံ၊ အကြင်ဉာဏ်သည်။ အတ္ထိ၊ ရှိ၏။ တံ ဉာဏံ၊ ထိုဉာဏ်ကို။ ပဋိဘာနန္တိ၊ ပဋိဘာနပဋိသမ္ဘိဒါဟူ၍။ မတံ၊ သိအပ်၏။

---

"ဤဉာဏ်သည် ဤမည်သော အာရုံကို အာရုံပြု၍ ဤမည်သောကိစ္စဖြင့်ဖြစ်၏၊ ဤသို့သော လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ရှိ၏"ဟု အာရုံ, ကိစ္စ, လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒ-ဋ္ဌာန်စသည်တို့နှင့်တကွ ထိုးထွင်းလျက် မဖောက်မပြန် ဝေဘန်ခွဲခြမ်း၍ သိတတ်သောဉာဏ်သည် ပဋိဘာနပဋိသမ္ဘိဒါဉာဏ်မည်၏။ ဂုဏ်း ဋီကာသစ်၊ ဒု၊နှာ-၂၉၈-၃၀၃။ အဘိ၊ဋ္ဌ၊၂၊နှာ-၃၇၀-၃၇၂။ ဝိသုဒ္ဓိ၊ဋ္ဌ၊၂၊နှာ-၇၀-၇၂။ ဝိသုဒ္ဓိ၊ဋီ၊၂၊နှာ-၈၁-၈၃။]

ပဋိသမ္ဘိဒါဉာဏ် ၁၁၉၁။ ပရိယတ္တိပရိပုစ္ဆာဟိ စ၊ မြတ်စွာ
ဖြစ်ပေါ်ကြောင်း ၅-ပါး ဘုရားစကားတော်ကို သင်ခြင်း,ပါဠိ,
အဋ္ဌကထာ, ဂဏ္ဌိပဒ, အတ္ထပဒ,
ဝိနိစ္ဆယကထာကို မေးမြန်းခြင်း တို့ဖြင့်၎င်း။ သဝနာဓိဂမေဟိ စ၊ အရိ
အသေ အလိုရှိသည်ကိုပြု၍ နာခြင်း, မဂ်ဖြစ်ခြင်း တို့ဖြင့်၎င်း။ ပုဗ္ဗယော-
ဂေန စ၊ ရှေးဘုရားတို့၏ သာသနာတော်၌ ဂတပစ္စာဂတိက[၁] အဖြစ်ဖြင့်
အနုလောမ, ဂေါတြဘူအနီးတိုင်အောင် ဝိပဿနာကို အားထုတ်ခြင်း
ဖြင့်၎င်း။ ပဋိသမ္ဘိဒါ၊ ပဋိသမ္ဘိဒါတို့သည်။ ပဘေဒံ၊ ပြားခြင်းသို့။ ဂစ္ဆန္တိ၊
ရောက်ကုန်၏။

ဘာဝနာဝိဓာန=ပွါးပုံပွါးနည်း။ ။ကထံ ဘာဝေတဗ္ဗာတိ ဌတ္တော၊ ကထံ
ဘာဝေတဗ္ဗာဟူသော ဤပုစ္ဆာ၌။
ဝုစ္စတေ၊ အဖြေကို ဆိုအံ့။

၁၁၉၂။ ဌတ္တော၊ ဤပညာဘာဝနာအရာ၌။ ဘူမိဘူတေသု၊ လက္ခဏာ
အစရှိသည်ကိုယူခြင်း၏အစွမ်းဖြင့် ဉာဏ်၏ဖြစ်ရာ ဖြစ်ကုန်သော။ ခန္ဓာဒီသု၊
ခန္ဓာအစရှိကုန်သော။ ဓမ္မေသု၊ တရားတို့၌။ ယောဂိနာ၊ ယောဂီပုဂ္ဂိုလ်
သည်။ ဥဂ္ဂဟာဒိဝသေန၊ သင်ခြင်း အစရှိသည်တို့၏အစွမ်းဖြင့်။ ပရိစယံ၊
လေ့ကျက်ခြင်းကို။ ကတွာ၊ ပြု၍။

၁၁၉၃။ သီလဥ္စ၊ သီလဝိသုဒ္ဓိကိုင်၎င်း။ စိတ္တဝိသုဒ္ဓိဥ္စ၊ စိတ္တဝိသုဒ္ဓိကိုင်၎င်း။
သမ္ပာဒေတွာ၊ ပြည့်စုံစေ၍။ တတော ပရံ၊ ထိုမှနောက်၌။ ဒိဋ္ဌိသုဒ္ဓါဒယော၊

---

၁။ [ဂတပစ္စာဂတိက= (ဂတ+ပစ္စာဂတ+ဣက) ဂတ=သွားခြင်း၊ ပစ္စာဂတ=ပဋိ-
အာဂတ=တဖန်ပြန်လာခြင်း၊ ဣက=ကမ္မဋ္ဌာန်းနှလုံးသွင်းခြင်း၊ ကျင့်ဝတ်။ ဆွမ်းခံသွားစဉ်,
ဆွမ်းခံရာမှ ပြန်လာစဉ်အခါတို့၌ ကမ္မဋ္ဌာန်းကို နှလုံးသွင်းသောဝတ် (မဟာဋီကာ၊ဒု၊နှာ-
၀၄)။ အဓိဋ္ဌာန်ဖြင့် ကမ္မဋ္ဌာန်းကို နှလုံးသွင်း၍ လမ်းသွားစဉ် ကမ္မဋ္ဌာန်းပျက်ခဲ့သော်
ယင်းကမ္မဋ္ဌာန်းပျက်ရာဌာနသို့ ပြန်သွားပြီး တဖန် ကမ္မဋ္ဌာန်းကို နှလုံးသွင်းပြန်သောဝတ်
(အဘိ၊ဋ္ဌ၊၂၊နှာ-၃၃၅-၇)]။

ဒိဋ္ဌိဝိသုဒ္ဓိအစရှိကုန်သော။ ပဉ္စ သုဒ္ဓိယော၊ ငါးပါးသော ဝိသုဒ္ဓိတို့ကို။ သမ္ပာဒေတဗ္ဗေန၊ ပြည့်စုံစေသဖြင့်[၁]။

၁၃၉၄။ တာယ ပညာယ၊ ထို သင်ခြင်း အစရှိသည်တို့၏ အစွမ်းဖြင့် ခန္ဓာအစရှိသည်တို့၌ဖြစ်သော ပညာနှင့်။ ယုတ္တေန၊ ယှဉ်သော။ ဇနနာဒိတော၊ ဇာတိအစရှိသည်မှ။ ဘီတေန၊ ကြောက်သော။ ဘဝါဘဝံ၊ ဘဝ၏ မဖြစ်ခြင်းကို။ ပတ္ထယန္တေန၊ တောင့်တသော။ ဘိက္ခုနာ၊ ရဟန်းသည်။ ဘာဝေတဗ္ဗာ၊ ပွါးစေအပ်၏။

ခန္ဓာ ၅-ပါး ၁၃၉၅။ ရူပဉ္စ၊ ရုပ်ရင်း။ ဝေဒနာ စ၊ ဝေဒနာရင်း။ သညာ စ၊ သညာရင်း။ သင်္ခါရာ စေဝ၊ သင်္ခါရတို့ရင်း။ ဝိညာဏဉ္စ၊ ဝိညာဉ်ရင်း။ ဣတိ၊ ဤသို့။ သဗ္ဗသော၊ ခပ်သိမ်းသော အပြားအားဖြင့်။ ပဉ္စငါးပါးကုန်သော။ ဧတေ ခန္ဓာ၊ ဤ ခန္ဓာတို့ကို။ သမ္ဗုဒ္ဓဒေသိတာ၊ မြတ်စွာဘုရားသည် ဟောတော်မူအပ်ကုန်၏။

ရူပက္ခန္ဓာ ၁၃၉၆။ တတ္ထ=တေသု ပဉ္စသု ခန္ဓေသု၊ ထိုငါးပါးကုန်သော ခန္ဓာတို့တွင်။ ယံ တံ ကိဉ္စိ၊ အလုံးစုံသော။ အတီတာနာဂတာဒိကံ၊ အတိတ်,အနာဂတ် အစရှိသော။ အဇ္ဈတ္တံ ဝါ၊ အဇ္ဈတ္တ၌လည်း ဖြစ်သော။ ဗဟိဒ္ဓါ ဝါ၊ ဗဟိဒ္ဓ၌လည်းဖြစ်သော။ သုခုမံ ဝါ၊ သုခုမလည်း ဖြစ်သော။ ဩဠာရိကံပိ ဝါ၊ ဩဠာရိကလည်းဖြစ်သော။

၁၃၉၇။ ဟီနံ ဝါ၊ ဟီနလည်းဖြစ်သော။ ပဏီတံ ဝါ၊ ပဏီတလည်း ဖြစ်သော။ ယံ ရူပဉ္စ၊ အကြင်ရုပ်သည်ရင်း။ ဒူရေ၊ အဝေး၌။ ယံ ရူပဉ္စ၊ အကြင်ရုပ်သည်ရင်း။ သန္တိကေ၊ အနီး၌။ ယံ ရူပဉ္စ၊ အကြင်ရုပ်သည်ရင်း။ အတ္ထိ၊ ရှိ၏။ တံ သဗ္ဗံ၊ ထိုအလုံးစုံသောရုပ်ကို။ ဧကတော၊ တပေါင်းတည်း။ ကတွာ၊ ပြု၍။ ရူပက္ခန္ဓောတိ၊ ရူပက္ခန္ဓာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

---

၁။ (ခန္ဓာစသည်တို့သည် ဝိပဿနာဉာဏ်၏ ဖြစ်ရာဘူမိ ဖြစ်သည်။
သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ ၂-ပါးသည် ဝိပဿနာ၏ အခြေပါဒအမြစ် မူလဖြစ်သည်။
ဒိဋ္ဌိဝိသုဒ္ဓိစသော ဝိသုဒ္ဓိ ၅-ပါးသည် ဝိပဿနာ၏ ပွါးများစေအပ်သော သရီရ ကိုယ်
ဖြစ်သည်၊ ဧင်းဋီကာသစ်၊ဒု၊နှာ-၃၀၄။)

ဝေဒနာက္ခန္ဓာ ၁၁၉၈။ ဝေဒယိတလက္ခဏံ။ အဘိဓမ္မာ ဝေဒနာ
အစရှိသည်တို့၌လည်း။ ယံ တံ ကိဉ္စိ၊ အလုံး
စုံသော။ ဝေဒယိတ လက္ခဏံ၊ ခံစားခြင်း လက္ခဏာရှိသော တရားသည်။
အတ္ထိ၊ ရှိ၏။ တံ သဗ္ဗံ၊ ထိုအလုံးစုံသော တရားကို။ ကေတော၊ တပေါင်း
တည်း။ ကတ္ဝာ၊ ပြု၍။ ဝေဒနာက္ခန္ဓတာ၊ ဝေဒနာက္ခန္ဓာကို။ ကတာ၊
ပြုအပ်၏။

သညာက္ခန္ဓာ ၁၁၉၉။ စိတ္တဇံ၊ စိတ်၌ဖြစ်သော။ ယံ တံ ကိဉ္စိ၊ အလုံးစုံ
သော။ သဉ္ဇာနန လက္ခဏံ၊ မှတ်ခြင်းလက္ခဏာ
ရှိသော တရားသည်။ အတ္ထိ၊ ရှိ၏။ တံ သဗ္ဗံ၊ ထိုအလုံးစုံသော တရားကို။
ကေတော၊ တပေါင်းတည်း။ ကတ္ဝာ၊ ပြု၍။ သညာက္ခန္ဓောတိ၊ သညာက္ခန္ဓာ
ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

သင်္ခါရက္ခန္ဓာ ၁၂၀၀။ စိတ္တသမ္ပယုတ္တံ၊ စိတ်၌ဖြစ်သော။ ယံကိဉ္စိ၊ အလုံး
စုံသော။ အဘိသင်္ခါရလက္ခဏံ၊ ပြုစီရင်ခြင်း
လက္ခဏာရှိသော (ဝေဒနာ,သညာ ကြဉ် စေတသိက် ၅၀-ပါး)တရားသည်။
အတ္ထိ၊ ရှိ၏။ တံ သဗ္ဗံ၊ ထိုအလုံးစုံသော တရားကို။ ကေတော၊ တပေါင်း
တည်း။ ကတ္ဝာ၊ ပြု၍။ သင်္ခါရက္ခန္ဓတာ၊ သင်္ခါရက္ခန္ဓာကို။ ကတာ၊
ပြုအပ်၏။

ဝိညာဏက္ခန္ဓာ ၁၂၀၁။ တတ္ထ၊ထိုငါးပါးသော ခန္ဓာတို့တွင်။ယံ တံ ကိဉ္စိ၊
အလုံးစုံသော။ စိတ္တံ၊ စိတ်သည်။ ဝိဇာနန-
လက္ခဏံ၊အာရုံကို သိခြင်းလက္ခဏာရှိ၏။ တံ သဗ္ဗံ၊ ထိုအလုံးစုံသော စိတ်ကို။
ကေတော၊ တပေါင်းတည်း။ ကတ္ဝာ၊ ပြု၍။ ဝိညာဏက္ခန္ဓတာ၊ ဝိညာဏက္ခန္ဓာ
ကို။ ကတာ၊ ပြုအပ်၏။

နာမ်,ရုပ်ကို ၁၂၀၂။ စတ္တာရော၊လေးပါးကုန်သော။မဟာဘူတာ
ပိုင်းခြားမှတ်ခြင်း စ၊ မဟာဘုတ်တို့ရင်း။ စတုဝီသတိ၊ နှစ်ဆဲ့
လေးပါးကုန်သော။ ဥပါဒါ စ၊ ဥပါဒါရုပ်တို့
ရင်း။ ဣတိ၊ ဤသို့။ တေ အဋ္ဌဝီသတိဓာ ရူပံ၊ ဤနှစ်ဆဲ့ရှစ်ပါးသော
ရုပ်ကို။ ရူပန္တိ၊ ရုပ်ဟူ၍။ ဂဏှတိ၊ ပိုင်းခြား၍ယူ၏။

၁၂၀၃။ ကောသီတိယာ စိတ္တေန၊ ရှစ်ဆဲ့တခုသော လောကီစိတ်နှင့်။ သံယုတ္တာ၊ ယှဉ်ကုန်သော။ ဝေဒနာဒယော၊ ဝေဒနာအစရှိသည်တို့သည်။ ဝေဒနာ သညာ သင်္ခါရ ဝိညာဏက္ခန္ဓသညိတာ၊ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ မည်ကုန်၏။

၁၂၀၄။ စတ္တာရော၊ လေးပါးကုန်သော။ အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ခန္ဓေ၊ ခန္ဓာတို့ကို။ နာမန္တိ၊ နာမ်ဟူ၍။ ပရိဂ္ဂဏှာတိ၊ ပိုင်းခြားတတ်သောဉာဏ်ဖြင့် ပိုင်းခြား၍ယူ၏။

ရူပက္ခန္ဓော၊ ရူပက္ခန္ဓာသည်။ ရူပံ၊ ရုပ်သည်။ ဘဝေ၊ ဖြစ်၏။ အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ခန္ဓာ၊ ခန္ဓာတို့သည်။ နာမံ၊ နာမ်သည်။ ဘဝေ၊ ဖြစ်၏။

**ရုပ်နာမ်တို့၏ လက္ခဏာ**

၁၂၀၅။ ရူပံ၊ ရုပ်သည်။ ရုပ္ပနလက္ခဏံ၊ ဖောက်ပြန်ခြင်း လက္ခဏာရှိ၏။ နာမံ၊ နာမ်သည်။ နမနလက္ခဏံ၊ အာရုံသို့ညွတ်ခြင်း လက္ခဏာရှိ၏။ ဣတိ၊ ဤသို့။ သင်္ခေပတော၊ အကျဉ်းအားဖြင့်။ နာမရူပံ၊ နာမ်ရုပ်ကို။ သော၊ ထိုယောဂီပုဂ္ဂိုလ်သည်။ ပရိဂ္ဂဏှာတိ၊ ပိုင်းခြားတတ်သော ဉာဏ်ဖြင့် ပိုင်းခြား၍ယူ၏။

၁၂၀၆။ တာလဿ ယမကံ ကန္ဒံ၊ နှစ်ခုသော ထန်းစေ့တို့မှ ထွက်၍ တပေါင်းတည်းဖြစ်သော ထန်းဖူးအစုံကို။ ဒွိဓာ၊ နှစ်ဖြာ။ ဖာလေန္တော ဝိယ၊ ခွဲသကဲ့သို့။ နာမဉ္စ၊ နာမ်ငင်း။ ရူပဉ္စ၊ ရုပ်ငင်း။ ဣတိ၊ ဤသို့။ ဒွိဓာ၊ နှစ်ပါး အပြားအားဖြင့်။ ဝဝတ္ထပေတိ၊ ပိုင်းခြား၍မှတ်၏။

**နာမ်ရုပ်မှတပါး သတ္တဝါစသည်မရှိ**

၁၂၀၇။ နာမတော၊ နာမ်မှငင်း။ ရူပတော၊ ရုပ်မှငင်း။ အညော၊ တပါးသော။ သတ္တော ဝါ၊ သတ္တဝါလည်းဖြစ်သော။ ပုဂ္ဂလော ဝါ၊ ပုဂ္ဂိုလ်လည်းဖြစ်သော။ အတ္တာ ဝါ၊ အတ္တလည်းဖြစ်သော။ ကောစိ တစုံတခုသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ သဗ္ဗဒါ၊ ခပ်သိမ်းသော ကာလ၌။ နိဋ္ဌံ၊ ဆုံးဖြတ်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။

၁၂၀၈။ ဧဝံ၊ ဤသို့။ သော၊ ထိုယောဂီပုဂ္ဂိုလ်သည်။ နာမရူပံ၊ နာမ်ရုပ်ကို။ သဘာဝတော၊ သဘောအားဖြင့်။ ဝဝတ္ထပေတွာ၊ မှတ်၍။

ဏ္ဏ၊ ဤအရာ၌။ သတ္တသမ္ဘောဟ ဃာတတ္ထံ၊ သတ္တဝါဟုဖြစ်သော တွေဝေခြင်းကို ခွါခြင်း ဖျောက်ခြင်းငှါ။ ဗဟုသုတ္တဝသေန၊ များစွာသော ပါဠိ၏အစွမ်းအားဖြင့်။

၁၂၀၉။ နာမရူပမတ္တညေဝ၊ နာမ်ရုပ်မျှသာတည်း။ ကောစိ၊ တစုံတယောက်သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ နတ္ထိ၊ မရှိ။ ဧဝံ၊ ဤသို့။ ဧတ္ထ၊ ဤအရာ၌။ ပဏ္ဍိတော၊ ပညာရှိသော။ ပေါသော၊ ပုဂ္ဂိုလ်သည်။ တံ၊ ထိုနာမ်ရုပ်ကို။ ဝဝတ္ထပေတိ၊ မှတ်၏။

ရထားပမာ သတ္တဝါ

၁၂၁၀။ ဟိ=သစ္စံ၊ မှန်၏။ ယထာ ဟိ အင်္ဂသမ္ဘာရာ ။ပ။ တံ ဂစ္ဆတိပိ တိဋ္ဌတိတိ၊ ယထာ ဟိ အင်္ဂသမ္ဘာရာ။ပ။ တံ ဂစ္ဆတိပိ တိဋ္ဌတိဟူ၍။ ဧတံ၊ ဤစကားကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

အင်္ဂသမ္ဘာရာ၊ ဝင်စွယ် လှည်းဘီး လှည်းသံ အစရှိသော အစိတ်တို့၏ ပေါင်းခြင်းကြောင့်။ ရထောဣတိ၊ ရထားဟူ၍။ သဒ္ဒေါ၊ ဝေါဟာရသည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ ခန္ဓေသု၊ ငါးပါးကုန်သော ဥပါဒါနက္ခန္ဓာတို့သည်။ သန္တေသု၊ ရှိကုန်သည်ရှိသော်။ သတ္တောတိ၊ သတ္တဝါဟူ၍။ သမ္မုတိ၊ ဝေါဟာရသည်။ ဟောတိ၊ ဖြစ်၏[၁]။

သစ်သား ရုပ်အလား နာမ်, ရုပ် ၂-ပါး

၁၂၁၁။ ဟိ၊ ထင်စွာပြအံ့။ ဒါရုယန္တမ္ပိ၊ သစ်သားယန္တရား ရုပ်သည်လည်း။ နိဇ္ဇီဝဉ္စ၊ ဇီဝကင်း (အသက်မရှိ) သည်ရှင်း။ နိရီဟကဉ္စ၊ ဗျာပါရ (ကြောင့်ကြအားထုတ်မှု) မရှိသည်ရှင်း။ ဟောတိ၊ ဖြစ်၏။ ဒါရုရဇ္ဇုသမာယောဂေ၊ သစ်သား, ကြိုးတို့၏ ပေါင်းယှဉ်ခြင်းသည်။ သတိ၊ ရှိသော်။ တံ၊ ထိုသစ်သားယန္တရားရုပ်သည်။ ဂစ္ဆတိပိ ယထာ၊ သွားလည်း သွားသကဲ့သို့။ တိဋ္ဌတိပိ ယထာ၊ ရပ်လည်း ရပ်သကဲ့သို့။

၁၂၁၂။ တထေဝ၊ ထို့အတူလျှင်။ နာမရူပမ္ပိ၊ နာမ်ရုပ်သည်လည်း။ နိဇ္ဇီဝဉ္စ၊ ဇီဝကင်း(အသက်မရှိ)သည်ရှင်း။ နိရီဟကဉ္စ၊ ဗျာပါရ(ကြောင့်ကြ

---

၁။ (သံ၊၁၊နာ-၁၃၇။)

အားထုတ်မှု) မရှိသည်ရင်း။ ဟောတိ၊ ဖြစ်၏။ အညမညသမာယောဂေ၊ အချင်းချင်း ပေါင်းယှဉ်ခြင်းသည်။ သတိ၊ ရှိသော်။ တံ၊ ထိုနာမ်ရုပ်သည်။ ဂစ္ဆတိပိ၊ သွားသကဲ့သို့ရင်း။ တိဋ္ဌတိပိ၊ ရပ်သကဲ့သို့ရင်း။ ခါယတိ၊ ထင်၏။

တေန၊ ထို့ကြောင့်။ နာမဥ္စ ရူပဥ္စ။ပ။ တိဏ္ဏကဋ္ဌသာဒိသောတိ၊ နာမဥ္စ ရူပဥ္စ။ပ။ တိဏ္ဏကဋ္ဌသာဒိသော ဟူ၍။ ပေါရာဏာ၊ ရှေးဆရာတို့သည်။ အာဟု၊ ဆိုကုန်ပြီ။

**မြက်,သစ်သားအလား နာမ်,ရုပ် ၂-ပါး**

၁၂၁၃။ ဣဓ၊ ဤအရာ၌။ သစ္စတော၊ ဟုတ်မှန်သော အားဖြင့်။ ဝါ၊ ပရမတ္ထအားဖြင့်၊ နာမဥ္စ၊ နာမ်သည်ရင်း။ ရူပဥ္စ၊ ရုပ်သည်ရင်း။ အတ္ထိ၊ ရှိ၏။ ဟိ=သစ္စံ၊ မှန်၏။ ဧတ္ထ၊ ဤအရာ၌။ သတ္တော စ၊ သတ္တဝါသည်ရင်း။ မနုဇော စ၊ လူသည်ရင်း။ န ဝိဇ္ဇတိ၊ မရှိ။ ဣဒံ၊ ဤနာမ်ရုပ်သည်။ အဘိသင်္ခတံ၊ ပြုပြင်အပ်သော။ ယန္တံ ဣဝ၊ ယန္တရားရုပ်ကဲ့သို့။ သုညံ၊ ဆိတ်၏။ ဒုက္ခဿ ပုဉ္ဇော၊ အမြဲကျင်နာသည်၏ အဖြစ်ကြောင့် ဒုက္ခအစုသာတည်း။ တိဏ္ဏကဋ္ဌသာဒိသော၊ အတ္တမှ ဆိတ်သည်၏ အဖြစ်ကြောင့် မြက်သစ်သားနှင့်တူ၏[၂]။

**တုတ် ၂-ချောင်းအလား နာမ်ရုပ် ၂-ပါး**

၁၂၁၄။ ဟိ=သစ္စံ၊ မှန်၏။ အညမညံ၊ အချင်းချင်း။ ဥပနိဿာယ၊ မှီ၍။ ဌိတေသု၊ တည်ကုန်သော။ ဒဏ္ဍကေသု၊ လှံတံတို့တွင်။ ကေသ္မိံ၊ တချောင်းသော လှံတံသည်။ ပတမာနေ၊ လဲကျသည်ရှိသော်။ ဣတရော၊ ဤမှတပါးသော လှံတံသည်။ တထေဝ၊ ထို့အတူလျှင်။ ပတတိ၊ လဲကျ၏။

တေန၊ ထို့ကြောင့်။ ယမကံ နာမရူပဥ္စ။ပ။ ပစ္စယာတိ၊ ယမကံ နာမရူပဥ္စ။ပ။ ပစ္စယာဟူ၍။ ပေါရာဏာ၊ ရှေးဆရာတို့သည်။ အာဟု၊ ဆိုကုန်ပြီ။

၁၂၁၅။ နာမဥ္စ၊ နာမ်သည်ရင်း၊ ရူပဥ္စ၊ ရုပ်သည်ရင်း။ ယမကံ၊ အစုံ ဖြစ်၏။ ဥဘော၊ နှစ်ပါးကုန်သော နာမ်ရုပ်တို့သည်။ အညောညနိဿိတာ၊

---

၂။ (ဝိသုဒ္ဓိ၊၂၊နှာ-၂၃၀။)

အချင်းချင်း မှီကုန်၏။ ပစ္စယာ၊ တပါးသည် တပါး၏ အကြောင်းဖြစ်ကုန်သော်လည်း။ ကေသိဉ္စိ၊ တပါးသော တရားသည်။ ဘိဇ္ဇမာနသ္မိံ၊ ပျက်သည်ရှိသော်။ ဥဘော၊ နှစ်ပါးကုန်သော နာမ်ရုပ်တို့သည်။ ဘိဇ္ဇန္တိ၊ ပျက်ကုန်၏[၁]။

**အစွမ်းကင်းခြား နာမ်, ရုပ် ၂-ပါး**

၁၂၁၆။ ဥဘိန္နံ၊ နှစ်ပါးကုန်သော။ တေ္တ=တေသံ နာမရူပါနံ၊ ထိုနာမ်ရုပ်တို့တွင်။ နာမံ၊ နာမ် (သက်သက်)သည်။ နိတ္တေဇံ၊ အာနုဘော်ကင်း၏။ ဟိ=သစ္စံ၊ မှန်၏။ တံ၊ ထိုနာမ်သည်။ သကေနေဝ တေဇေန၊ မိမိအာနုဘော်ဖြင့်သာလျှင်။ ပဝတ္တိတုံ၊ ဖြစ်ခြင်းငှါ။ န သက္ကောတိ၊ မတတ်နိုင်။

၁၂၁၇။ န ဗျာဟရတိ၊ စကားမဆို။ နေဝ သေတိ၊ မအိပ်။ န တိဋ္ဌတိ၊ မတည်။ န ဂစ္ဆတိ၊ မသွား။ န ဘေဒေတိ၊ မခွဲ။ န စောရေတိ၊ မခိုး။ န ဘုဉ္ဇတိ၊ မစား။ န ခါဒတိ၊ မခဲ။

၁၂၁၈။ တထာ၊ထို့အတူ၊ရူပမ္ပိ၊ ရုပ်(သက်သက်)သည်လည်း။နိတ္တေဇံ၊ အာနုဘော်ကင်း၏။ သဗ္ဗထာ၊ ခပ်သိမ်းသော အပြားဖြင့်။ နာမဥ္စ၊ နာမ်ကိုလျှင်။ ဝိနာ၊ ကြဉ်၍။ သကေနေဝ တေဇေန၊ မိမိအာနုဘော်ဖြင့်သာလျှင်။ ပဝတ္တိတုံ၊ ဖြစ်ခြင်းငှါ။ န သက္ကောတိ၊ မတတ်နိုင်။

၁၂၁၉။ ဘုဉ္ဇာမီတိ၊ စားအံ့ဟူ၍။ ပိဝါမီတိ၊ သောက်အံ့ဟူ၍။ ခါဒါမီတိ၊ ခဲအံ့ဟူ၍။ တထေဝ စ၊ ထိုမှတပါး။ ရောဒါမီတိ၊ ငိုအံ့ဟူ၍။ ဟသာမီတိ၊ ရယ်အံ့ဟူ၍။ ဣတိ=ဧဝံ၊ ဤသို့ဖြစ်ခြင်းသည်။ ရူပဿ၊ ရုပ်အား။ န ဝိဇ္ဇတိ၊ မရှိ။

**ကောန်း ဆော့ ပမာ နာမ်ရုပ် ၂-ဖြာ**

၁၂၂၀။ ပဥ္စဝေါကာရဘူမိယံ၊ ပဥ္စဝေါကာရဘုံ၌။ နာမံ၊ နာမ်ကို။ နိဿာယ၊ မှီ၍။ သဗ္ဗံ၊ အလုံးစုံသော။ ရူပံ တု၊ ရုပ်သည်လျှင်။ ပဝတ္တတိ၊ ဖြစ်၏။ ရူပံ၊ ရုပ်ကို။ နိဿာယ၊ မှီ၍။ နာမံ တု၊ နာမ်သည်လျှင်။ သဒါ၊ အခါခပ်သိမ်း။ ပဝတ္တတိ၊ ဖြစ်၏။

---

၁။ (ဝိသုဒ္ဓိ၊၂၊နှာ-၂၃၀။)

၁၂၂၁။ ဣမဿ အတ္ထဿ၊ ဤအနက်ကို။ အာဝိဘာဝတ္ထမေဝ စ၊ ထင်စွာဖြစ်စေခြင်းငှါသာလျှင်။ ဇစ္စန္ဓပီဌသပ္ပီနံ၊ ကေနန်း ဆွံ့ တို့၏။ ဥပမာ၊ ဥပမာကို။ ဣဓ၊ ဤအရာ၌။ ဝတ္တဗ္ဗာ၊ ဆိုအပ်၏[၁]။

**နာမ်ရုပ် ၂-ပါး အသီးသီးအစွမ်းမရှိပုံကို လှေဖြင့်သွားခြင်း ဥပမာဖြင့်ပြခြင်း**

၁၂၂၂။ ဟိ=ပါကဋ္ဋံ ကရောမိ၊ ထင်ရှားပြုအံ့။ နာဝံ နိဿာယ၊ လှေ၌ တည်၍။ မနုဿာ၊ လူတို့သည်။ အဏ္ဏဝေ၊ သမုဒ္ဒရာ၌။ ယန္တိ ယထာ၊ သွားကုန်သကဲ့သို့။ ဧဝံ တထာ၊ ထိုအတူ။ ရူပံ၊ ရုပ်ကို။ နိဿာယ၊ မှီ၍။ နာမ-ကာယော၊ နာမကာယသည်။ ပဝတ္တတိ၊ ဖြစ်၏။

၁၂၂၃။ မနုဿေ၊ လှေကိုဆောင်တတ်သော ပဲ့သူကြီးအမှုလုပ် အစရှိသော လူတို့ကို။ နိဿာယ၊ မှီ၍။ နာဝါ၊ လှေသည်။ အဏ္ဏဝေ၊ သမုဒ္ဒရာ၌။ ဂစ္ဆတိ ယထာ၊ သွားသကဲ့သို့။ ဧဝံတထာ၊ ထိုအတူ။ နာမမ္ပိ၊ နာမ်ကိုလည်း။ နိဿာယ၊ မှီ၍။ ရူပကာယော၊ ရူပကာယသည်။ ပဝတ္တတိ၊ ဖြစ်၏။

**ဒိဋ္ဌိဝိသုဒ္ဓိမည်ပုံ**

၁၂၂၄။ သတ္တသညံ၊ သတ္တဝါဟု စွဲလမ်းခြင်းကို။ ဝိနေ-ဒေတွာ၊ ပယ်ဖျောက်၍။ သဗ္ဗထာ၊ ခပ်သိမ်းသော အပြားအားဖြင့်။ နာမရူပဿ၊ နာမ်ရုပ်ကို။ ဧတံ ယာထာဝဒဿနံ၊ ဤသို့ မဖောက်မပြန် မြင်ခြင်းဖြစ်သော နာမရူပ ပရိစ္ဆေဒဉာဏ်ကို။ ဒိဋ္ဌိ-သုဒ္ဓီတိ၊ ဒိဋ္ဌိဝိသုဒ္ဓိဟူ၍။ ဗုဒ္ဓါဒီဟိ၊ ဘုရားအစရှိသည်တို့သည်။ (ထည့်) ဝုစ္စတိ၊ ဟောအပ်၏။

၁၂၂၅။ ဇာတိအာဒိတော၊ ဇာတိအစရှိသော။ ဒုက္ခတော၊ ဆင်းရဲမှ။ ပရိမုစ္စိတုကာမောဝ၊ လွတ်ခြင်းငှါ အလိုရှိသည်သာဖြစ်သော။ ပဏ္ဍိတော၊

---

၁။ (ကေနန်း, ဆွံ့ ၂-ယောက်တို့သည် ကေနန်းချည်း, ဆွံ့ချည်းသက်သက်ဖြင့် အရပ်မျက်နှာသို့ မသွားနိုင်ကြ၍ အချင်းချင်း ပြောဆို တိုင်ပင်ကြပြီးလျှင် ကေနန်း၏ ပခုံးပေါ်သို့ ဆွံ့က တက်စီး၍ သွားကြကုန်သည်ရှိသော် အရပ်မျက်နှာသို့ ရောက်နိုင်ကြကုန်သကဲ့သို့၊
ထိုအတူ ကေနန်းနှင့်တူသော ရုပ်သည် သူ့ ချည်းဖြင့် သွားခြင်းစသည်ကို မပြုနိုင်၊ ဆွံ့နှင့်တူသောနာမ်သည်လည်း သူ့ ချည်းဖြင့် သွားခြင်းစသည်ကို မပြုနိုင်၊
နာမ်ရုပ်နှစ်ပါးတို့သည် အချင်းချင်းမှီ၍ သွားခြင်း စားခြင်းစသည်ကို ပြုနိုင်ကြသည် ဟူလို။ ၎င်းဋီကာသစ်၊ဒု၊နှာ-၃၀၉။)

ပညာရှိသော ပုဂ္ဂိုလ်သည်။ အန္တဒွယံ၊ သဿတ, ဥစ္ဆေဒဒိဋ္ဌိဟုဆိုအပ်သော အယုတ်တရား နှစ်ပါးကို။ ဝါ၊ သတ္တဝါ၏ စင်စစ် ရှိသည်၏အဖြစ် မရှိသည်၏ အဖြစ်ဟုဆိုအပ်သော အယုတ်တရားနှစ်ပါးကို။ ဝိဝဇ္ဇေတွာ၊ ကြဉ်၍။ ဘာဝယေ၊ ပွါးစေရာ၏။

၁၂၂၆။ ယော နရော၊ အကြင်ပုဂ္ဂိုလ်သည်။ ဣမံ ဒိဋ္ဌိဝိသုဒ္ဓိံ၊ ဤဒိဋ္ဌိဝိသုဒ္ဓိကို။ သုဋ္ဌုတရံ၊ အလွန်။ ပရိသုဒ္ဓံ၊ စင်ကြယ်ခြင်းကို။ ကရောတိ၊ ပြု၏။ တဿ နရဿ၊ ထိုပုဂ္ဂိုလ်အား။ ဒိဋ္ဌိဂတာနိ၊ ဒိဋ္ဌိ အယူဟု ဆိုအပ်ကုန်သော။ မလာနိ၊ အညစ်အကြေးတို့သည်။ အသေသံ၊အကြွင်းမဲ့။ နာသံ၊ ပျက်စီးခြင်း ကွာခြင်းသို့။ ဥပေန္တိ ဟိ=ဥပေန္တိဝေ၊ရောက်ကုန်သည်သာလျှင် ကတည်း။

အဘိဓမ္မာဝတာရေ၊ အဘိဓမ္မာဝတာရကျမ်း၌။ ဒိဋ္ဌိဝိသုဒ္ဓိနိဒ္ဒေသော နာမ၊ ဒိဋ္ဌိဝိသုဒ္ဓိနိဒ္ဒေသမည်သော။ အဋ္ဌာရသမော၊ တဆဲ့ရှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော။ ပရိစ္ဆေဒေါ၊ အပိုင်းသည်။ ဣတိ သမတ္တော၊ ဤတွင်ပြီးပြီ။

ဒိဋ္ဌိဝိသုဒ္ဓိနိဒ္ဒေသ ပြီး၏။

# ၁၉-ဧကူနဝီသတိမ ပရိစ္ဆေဒ

## ၁၉-ကင်္ခါဝိတရဏဝိသုဒ္ဓိနိဒ္ဒေသ

ကင်္ခါဝိတရဏဝိသုဒ္ဓိဉာဏ်

၁၂၂၇။ တေသ နာမရူပဿ၊ ဤနာမ်ရုပ်၏။ ဟေတုပစ္စယေ၊ ဇနက, ဥပတ္ထမ္ဘက အကြောင်းတို့ကို။ ဇာနိတွာ=ပရိဂ္ဂဏှိတွာ၊ ပိုင်းခြား၍ ယူခြင်းကြောင့်။ တီသု၊ သုံးပါးကုန်သော။ အဒ္ဓါသု၊ အခွန့်တို့၌။ ကင်္ခါ၊ ယုံမှားခြင်းကို။ ဝိတရိတွာ၊ လွန်၍။ ဌိတံ၊ တည်သော။

၁၂၂၈။ တံ ဉာဏံ၊ ထိုပစ္စယပရိဂ္ဂဟဉာဏ်ကို။ ကင်္ခါဝိတရဏံ နာမ၊ ကင်္ခါဝိတရဏ မည်၏ဟူ၍။ သမုဒီရိတံ၊ ဆိုအပ်၏။ တံ၊ ထိုကင်္ခါဝိတရဏ ဉာဏ်ကို။ သမ္ပာဒေတုကာမေန၊ ပြည့်စုံစေလိုသော။ အတ္ထကာမေန၊ အကျိုးစီးပွါးကို အလိုရှိသော။ ဘိက္ခုနာ၊ ရဟန်းသည်။

၁၂၂၉။ နာမရူပဿ၊ နာမ်ရုပ်၏။ ဟေတု၊ ဇနကအကြောင်းသည်။ ကော၊ အဘယ်သည်။ ဘဝေ၊ ဖြစ်သနည်း။ ပစ္စယော၊ ဥပတ္ထမ္ဘက အကြောင်းသည်။ ကော ဝါ၊ အဘယ်သည်လျှင်။ ဘဝေ နု၊ ဖြစ်သနည်း။ ဣစ္စေဝံ=ဣတိဧဝံ၊ ဤသို့။ တံ၊ ထိုနာမ်ရုပ်၏အကြောင်းကို။ အာဝဇ္ဇိတွာ၊ ဆင်ခြင်၍။ တာဝ၊ ရှေးဦးစွာ။ (တာဝဒေ၌ ဒေ-အနက် မရှိ။)

ရုပ်၏ဇနက,ဥပ္ပတ္ထမ္ဘက အကြောင်းများ ပိုင်းခြားခြင်း

၁၂၃၀။ ကေသာ စ၊ ဆံတို့ရင်း။ လောမာ စ၊ အမွေးတို့ရင်း။ နခါ စ၊ လက်သည်း ခြေသည်းတို့ရင်း။ ဒန္တာ စ၊ သွားတို့ ရင်း။ တစော စ၊ အရေရင်း။ မံသဥ္စ၊ အသားရင်း။ နဟာရု စ=နှာရု စ၊ အကြောရင်း။ အဋ္ဌိ စ၊အရိုးရင်း။ မိဉ္ဇဥ္စ၊ ခြင်ဆီရင်း။ ဝက္ကဥ္စ၊ (ကျောက်ကပ်) အညှိရင်း။ ဟဒယဉ္စ၊ နှလုံးရင်း။ ယကနမ္ပိ စ၊ အသည်းရင်း။

၁၂၃၁။ ဣစ္စေဝ'မာဒိ ဗာတ္တိံ'သ ကောဋ္ဌာသ ပစ္စယဿ၊ ဤသို့ အစ ရှိသော သုံးဆဲ့နှစ်ပါးသော ကောဋ္ဌာသတို့၏ အပေါင်းအစုဖြစ်သော။ ရူပကာယဿ၊ ရူပကာယဟု ဆိုအပ်သော။ ကာယဿ၊ ကိုယ်၏။ ယေ ဟေတုပစ္စယာ၊ အကြင်ဇနက, ဥပတ္ထမ္ဘက အကြောင်းတို့သည်။ သန္တိ၊

ရှိကုန်၏။ တေ ဟေတုပစ္စယေ၊ ထိုဇနက, ဥပတ္ထမ္ဘကအကြောင်းတို့ကို။ မနသာ၊ စိတ်ဖြင့်။ ပရိဂ္ဂဏှတိ၊ ပိုင်းခြား၍ယူ၏။

ရုပ်၏ဇနကအကြောင်း ၄-ပါး ၁၂၃၂။ အဝိဇ္ဇာတဏှုပါဒါနဥ္စ၊ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်ရင်း။ ကမ္မဥ္စ၊ ကံရင်း။ ဣတိ၊ ဤသို့။ တေ၊ ဤလေးပါးသော တရားသည်။ တေသံ ရူပကာယဿ၊ ဤရူပကာယ၏။ စတုဗ္ဗိဓော၊ လေးပါးအပြားရှိသော။ ဟေတု၊ ဇနကအကြောင်းတည်း။

ရုပ်၏ဥပတ္ထမ္ဘက အကြောင်း ၁-ပါး အာဟာရော၊ အာဟာရကို။ ပစ္စယော၊ ဥပတ္ထမ္ဘက အကြောင်းဟူ၍။ မတော၊ သိအပ်၏။

ဟေတု=ဇနက အကြောင်းမည်ပုံ ၁၂၃၃။ ဇနကော=ဇနကတ္တာ၊ ဖြစ်စေတတ်သည်၏ အဖြစ်ကြောင့်။ ဟေတု၊ ဟေတုဟူ၍။ အက္ခာတော၊ ဟောအပ်၏။

ပစ္စယ=ဥပတ္ထမ္ဘက အကြောင်းမည်ပုံ။ ။အနုပါလကော = အနုပါလကတ္တာ၊ ထောက်ပံ့တတ်သည်၏ အဖြစ်ကြောင့်။ ပစ္စယော၊ ပစ္စယဟူ၍။ အက္ခာတော၊ ဟောအပ်၏။ (ဇနကောတိ အနုပါလကောတိ စ အန္တောဂဓတဟေတွတ္ထမိဒံ ဝိသေသနံ) ဗိဇံ တု၊ မျိုးစေ့သည်ကား။ အင်္ကုရဿ၊ အညွန့်၏။ ဟေတု၊ ဇနကအကြောင်းသည်။ ဟောတိ၊ ဖြစ်၏။ပထဝါဒယော၊ ပထဝီ အစရှိသည်တို့သည်။ ပစ္စယာ၊ ဥပတ္ထမ္ဘကအကြောင်းတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

အကြောင်း ၅-ပါး ၁၂၃၄။ ဣတိ၊ ဤသို့။ ဣမေ ပဉ္စဓမ္မာ၊ ဤ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, အာဟာရဟူသော ငါးပါးသော တရားတို့သည်။ ဟေတုပစ္စယတံ၊ ဟေတုအဖြစ်, ပစ္စယအဖြစ်သို့။ ဂတာ၊ ရောက်ကုန်၏။

မှီရာအကြောင်း ၃-ပါး။ ။တတ္ထ၊ ထို ငါးပါးသော တရားတို့တွင်။ မာတာဝ၊ အမိကဲ့သို့။ အဝိဇ္ဇာဒယော၊ အဝိဇ္ဇာ အစရှိကုန်သော။ တယော၊ သုံးပါးကုန်သော တရားတို့သည်။ ဥပနိဿယာ၊ မှီရာတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**ဇနကအကြောင်း ၁-ပါး**

၁၂၃၅။ ပိတာ၊ အဘသည်။ ပုတ္တဿ၊ သားကို။ ဇနကော ဝိယ။ ဖြစ်စေတတ်သကဲ့သို့။ ကမ္မံ တု၊ ကံသည်ကား။ ဇနကံ၊ ဖြစ်စေတတ်သည်။ ဟောတိ၊ ဖြစ်၏။

ဓာတိ၊ အထိန်းသည်။ ကုမာရဿ၊ သူငယ်ကို။ ဓာရကော ဝိယ၊ ကြီးစေတတ်, ဆောင်တတ်သကဲ့သို့။ အာဟာရော၊ အာဟာရသည်။ ဓာရကော၊ ပွါးစေတတ်, ဆောင်တတ်သည်။ ဘဝေ၊ ဖြစ်၏။

**နာမ်၏အကြောင်းများကို ပိုင်းခြားခြင်း**

၁၂၃၆။ ဣစ္စေဝံ = ဣတိ ဧဝံ။ ဤသို့လျှင်။ သော၊ ထိုယောဂီပုဂ္ဂိုလ်သည်။ ရူပကာယဿ၊ ရူပကာယ၏။ ပစ္စယပရိဂ္ဂဟံ၊ အကြောင်းကို ပိုင်းခြား၍ ယူခြင်းကို။ ကတွာ၊ ပြု၍။ ပုနပိ၊ တဖန်လည်း။ စက္ခုဉ္စ၊ စက္ခုပသာဒကို၎င်း။ ရူပဉ္စ၊ ရူပါရုံကို၎င်း။ အာလောကမေဝ စ၊ အလင်းကို၎င်း။

၁၂၃၇။ ပဋိစ္စ၊ စွဲ၍။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဉ်သည်။ ဟောတိ၊ ဖြစ်၏။ ဣစ္စေဝမာဒိနာ၊ ဤသို့သဘောရှိသော။ နယေန၊ နည်းဖြင့်။ နာမကာယဿ၊ နာမကာယ၏။ ပစ္စယံ၊ အကြောင်းကို။ ပရိဂ္ဂဏှာတိ၊ ပိုင်းခြား၍ ယူ၏။

**အစွန့် ၃-ပါး၌ နာမ်ရုပ် အကြောင်းကို ရှုမြင်ခြင်း**

၁၂၃၈။ သော၊ ထိုယောဂီပုဂ္ဂိုလ်သည်။ ဝေါ၊ ဤသို့။ နာမရူပဿ၊ နာမ်ရုပ်၏။ တေရဟိ၊ ယခု ပစ္စုပ္ပန်၌။ ပစ္စယာ၊ အကြောင်းကြောင့်။ ဝုတ္တိံ၊ ဖြစ်ခြင်းကို။ ဒိသွာန၊ မြင်၍။ ဣဒံ၊ ဤ နာမ်ရုပ်သည်။ တေရဟိ၊ ယခု ပစ္စုပ္ပန်၌။ ပစ္စယာ၊ အကြောင်းကြောင့်။ ပဝတ္တတိ ယထာ၊ ဖြစ်သကဲ့သို့။ တထေဝ၊ ထိုအတူလျှင်။ ဣဒံ၊ ဤနာမ်ရုပ်သည်။ အတီတေပိ၊ အတိတ်၌လည်း။

၁၂၃၉။ ပစ္စယာ၊ အကြောင်းကြောင့်။ ပဝတ္တိတ္ထ၊ ဖြစ်လေပြီ။ တထေဝ၊ ထိုအတူလျှင်။ အနာဂတေပိ စ၊ အနာဂတ်၌လည်း။ ပဝတ္တိဿတိ၊ ဖြစ်လတ္တံ့။ ဧဝံ၊ ဤသို့။ တီသု၊ သုံးပါးကုန်သော။ အဒ္ဓါသု၊ အစွန့်တို့၌။ အနုပဿတိ၊ ရှု၏။

ယုံမှားခြင်း ၁၆-ပါး[၁] ပြောက်ခြင်း

၁၂၄၀။ ဇေ၊ ဤသို့။ ပဿတော၊ ရှုသော။ တဿ ယောဂိနော၊ ထို ယောဂီပုဂ္ဂိုလ်အား။ ပုဗ္ဗန္တေ၊ အတိတ်ဖြစ်သော ခန္ဓပဗန္ဓအစု၌။ ပဥ္စဓာ၊ ငါးပါးအပြားဖြင့်။ အာဂတာ၊ လာသော။ (ဆင္ဒမူ၌ ပဥ္စဓာ တထာဟု ရှိသည်၊ ဋီကာသစ်နှင့် မညီ။) ယာ သာ ကင်္ခါ၊ အကြင် ယုံမှားခြင်းသည်။ အတ္ထိ၊ ရှိ၏။ အပရန္တေပိ၊ အနာဂတ်ဖြစ်သော ခန္ဓပဗန္ဓ အစု၌လည်း။ ပဥ္စဓာ၊ ငါးပါးအပြားဖြင့်။ သမုဒီရိတာ၊ ဆိုအပ်သော။ ယာ ကင်္ခါ၊ အကြင်ယုံမှားခြင်းသည်။ သိယာ=အတ္ထိ၊ ရှိ၏။

၁၂၄၁။ ပစ္စုပ္ပန္နေပိ အဒ္ဓါနေ၊ ယခု ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ပစ္စုပ္ပန်အခွန့်၌လည်း။ ဆဗ္ဗိဓာ၊ ခြောက်ပါးအပြားဖြင့်။ ပရိကိတ္တိတာ၊ ဆိုအပ်သော။ ယာ ကင်္ခါ၊ အကြင် ယုံမှားခြင်းသည်။ အတ္ထိ၊ ရှိ၏။ သဗ္ဗာ စ၊ အလုံးစုံလည်းဖြစ်သော။ အနဝသေသာ၊ အကြွင်းမရှိသော။ သာ ကင်္ခါ၊ ထိုယုံမှားခြင်းသည်။ ဝါ-သဗ္ဗာဝ၊ အလုံးစုံလည်း ဖြစ်သော။

---

ယုံမှားခြင်း ၁၆-ပါး

**အတိတ်၌ ယုံမှားခြင်း၅-ပါး။** ။(၁) အဟောသိ နုခေါ အဟံ အတီတမဒ္ဓါနံ=ငါသည် ရှေးဘဝက ဖြစ်ခဲ့ဘူးလေသလားဟု ယုံမှားခြင်း။

(၂) န နုခေါ အဟောသိ အဟံ အတီတမဒ္ဓါနံ=ငါသည် ရှေးဘဝက မဖြစ်ခဲ့ဘူးထင်ပါရဲ့ဟု ယုံမှားခြင်း၊

(၃) ကိံ နုခေါ အဟောသိ အဟံ အတီတမဒ္ဓါနံ=ငါသည် ရှေးဘဝက မင်းဖြစ်ခဲ့လေသလား၊ ပုဏ္ဏား ဖြစ်ခဲ့လေသလား စသည်ဖြင့် ဘယ်သူများ ဖြစ်ခဲ့ပါလိမ့်မလဲဟု ယုံမှားခြင်း၊

(၄) ကထံ နုခေါ အဟောသိ အဟံ အတီတမဒ္ဓါနံ=ငါသည် ရှေးဘဝက ရှည်ရှည် မြင့်မြင့်ကြီး ဖြစ်ခဲ့လေသလား၊ တိုတိုတုတ်တုတ်ကလေး ဖြစ်ခဲ့လေသလား၊ ဖြူဖြူဖွေးဖွေး ကလေး ဖြစ်ခဲ့လေသလား၊ နက်ကြုတ်ကြုတ်ကလေး ဖြစ်ခဲ့လေသလား စသည်ဖြင့် ဘယ်လို များ ဖြစ်ခဲ့ပါလိမ့်မလဲဟု ယုံမှားခြင်း။

၅။ ကိံ ဟုတွာ ကိံ အဟောသိ နု ခေါ အဟံ အတီတမဒ္ဓါနံ=ငါသည် ရှေးဘဝက မင်းဖြစ်ခဲ့ပြီးမှ ပုဏ္ဏား ဖြစ်ခဲ့လေသလား ပုဏ္ဏားဖြစ်ပြီးမှ မင်းဖြစ်ခဲ့လေသလား စသည်ဖြင့် ယုံမှားခြင်း။

**အနာဂတ်၌ ယုံမှားခြင်း ၅-ပါး။** ။(၁) ဘဝိဿာမိ နုခေါ အဟံ အနာဂတမဒ္ဓါနံ= ငါသည် နောင်ဘဝမှာ ဖြစ်ဦးမှာ လေလား ဟု ယုံမှားခြင်း။

(၂) န နုခေါ ဘဝိဿာမိ အဟံ အနာဂတမဒ္ဓါနံ=ငါသည် နောင်ဘဝမှာ ဖြစ်ဦးမည် မထင်ပါဘူးဟု ယုံမှားခြင်း၊

သာ ကင်္ခါ၊ ထိုယုံမှားခြင်းသည်။ အနုဝသေသာ၊ အကြွင်း မရှိသည်။ ဟုတွာ၊ ဖြစ်၍။ ပဟီယျတိ၊ ဝိက္ခမ္ဘနအားဖြင့် ပျောက်၏။

ဝင်္ဂအားဖြင့် နာမ်ရုပ်၏ အကြောင်းကို ပိုင်းခြားခြင်း

၁၂၄၂။ ဧဝံ၊ တယောက်သော။ ပဏ္ဍိတော၊ ပညာရှိသော ပုဂ္ဂိုလ်သည်။ ကမ္မဝိပါကာနံ၊ ကမ္မဝဋ် ဝိပါကဝဋ်တို့၏။ ဝသေန၊ အစွမ်းအားဖြင့်။ တေသံ နာမရူပါနံ၊ ဤ နာမ်ရုပ်၏။ ပစ္စယံ၊ အကြောင်းကို။ ပရိဂ္ဂဏှာတိ၊ ပိုင်းခြား၍ ယူ၏။

ကံ ၁၂-ပါးကို ကမ္မဝဋ်၌ သွင်းယူခြင်း

ပါကကာလကမ္မစတုက္က

၁၂၄၃။ ဒိဋ္ဌဓမ္မဝေဒနီယည္ဟ၊ မျက်မှောက် ဖြစ်သော ပစ္စုပ္ပန်အတ္တဘော၌ ခံစားအပ်သော အကျိုးရှိသောကံငှင်း။ တထာ၊ ထိုမှတပါး။ ဥပပဇ္ဇာ ပရာပရိယာ-ဟောသိကမ္မဝသာ စ၊ ပစ္စုပ္ပန်အတ္တဘောမှ အခြားမဲ့ တဆက်တည်းဖြစ်

(၃) ကိံ နုခေါ ဘဝိဿာမိ အဟံ အနာဂတမဒ္ဓါနံ=ငါသည် နောင်ဘဝမှာ မင်းဖြစ်မှာလေလား၊ ပုဏ္ဏား ဖြစ်မှာလေလား စသည်ဖြင့် ဘယ်သူများ ဖြစ်လိမ့်ဦးမလဲဟု ယုံမှားခြင်း၊

(၄) ကထံ နုခေါ ဘဝိဿာမိ အဟံ အနာဂတမဒ္ဓါနံ=ငါသည် နောင်ဘဝမှာ ရှည်ရှည် မြင့်မြင့်ကြီး ဖြစ်မှာလေလား၊တိုတိုတုတ်တုတ်ကလေးဖြစ်ကောင်း ဖြစ်လိမ့်မထင် စသည်ဖြင့် ဘယ်လိုများ ဖြစ်လိမ့်ဦးမှန်းဟု ယုံမှားခြင်း၊

(၅) ကိံ ဟုတွာ ကိံ ဘဝိဿာမိ နုခေါ အဟံ အနာဂတမဒ္ဓါနံ=ငါသည် နောင်ဘဝမှာ မင်းဖြစ်ပြီးမှ ပုဏ္ဏား ဖြစ်မှာလေလား၊ ပုဏ္ဏားဖြစ်ပြီးမှ မင်း ဖြစ်ကောင်းဖြစ်လိမ့်မထင် စသည်ဖြင့် ယုံမှားခြင်း၊

ပစ္စုပ္ပန်၌ ယုံမှားခြင်း ၆-ပါး။

။(၁) အဟံ နုခေါသ္မိ=ဤခန္ဓာကိုယ်ကြီးဟာ ငါမှဟုတ်ပါ၏လောဟု ယုံမှားခြင်း၊

(၂) နောဟံ နုခေါသ္မိ=ဤခန္ဓာကိုယ်ကြီးဟာ ငါဟုတ်မထင်ပါဘူးဟု ယုံမှားခြင်း၊

(၃) ကိံ နုခေါသ္မိ=ငါဟာ ယခု အဘယ်ဇာတ် အဘယ်အမျိုး၌ အဘယ်သူ ဖြစ်နေပါသနည်းဟု ယုံမှားခြင်း၊

(၄) ကထံ နုခေါသ္မိ=ငါယခု ဘယ်ပုံ သယ်သဏ္ဍာန် ဖြစ်နေသနည်းဟု ယုံမှားခြင်း၊

(၅) အယံ နုခေါ သတ္တော ကုတော အာဂတော=ငါဟူသောသတ္တဝါသည် ဘယ်ဘဝက လာခဲ့သနည်းဟု ယုံမှားခြင်း၊

(၆) သော ကုဟိံ ဂါမီ ဘဝိဿတိ=ထိုငါသည် အဘယ်ဘဝသို့ သွားရအံ့နည်းဟု ယုံမှားခြင်း။ မ၊၁၊နှာ-၁၈။ သံ၊၁၊နှာ-၂၆၅။)

၁။ ကံ၏ အဖော်သဟဲဖြစ်၍ ကိလေသဝဋ်ကို ကမ္မဝဋ်၌ သွင်းယူထားသည်။ (ယင်း ဋီကာသစ်၊ဒု၊နှာ-၃၁၅)

သော အနန္တရ ဒုတိယဘဝ အတ္တဘော၌ ခံစားအပ်သော အကျိုးရှိသော ကံ, ပစ္စုပ္ပန်အတ္တဘောနှင့် အခြားမဲ့ တဆက်တည်းဖြစ်သော အနန္တရဘဝ အတ္တဘောမှတပါး အဆက်ဆက်သော အတ္တဘော၌ ခံစားအပ်သော အကျိုးရှိသော ကံ, အဟောသိကံတို့၏ အစွမ်းအားဖြင့်ရင်း။ ကမ္မံ၊ ကံသည်။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

**ဒိဋ္ဌဓမ္မဝေဒနီယကံ အကျိုးပေးပုံ။** ။တတ္ထ၊ ထိုလေးပါးသော ကံတို့တွင်။ ဒိဋ္ဌဓမ္မဝေဒနီယံ နာမ၊ ပစ္စုပ္ပန်ယခု မျက်မှောက်ဘဝ အတ္တဘော၌ ခံစားအပ်သော အကျိုးရှိသော ကံမည်သည်ကား။ ကေဇဝနဝီထိယံ၊ တခုသော ဇောဝီထိ၌။ သတ္တသု၊ ခုနစ်ချက်ကုန်သော။ စိတ္တေသု၊ စိတ်တို့တွင်။ ကုသလာ ဝါ၊ ကုသိုလ်လည်း ဖြစ်သော။ အကုသလာ ဝါ၊ အကုသိုလ်လည်း ဖြစ်သော။ ပဌမဇဝနစေတနာ၊ ပဌမဇောစေတနာသည်။ ဒိဋ္ဌဓမ္မဝေဒနီယကမ္မံ နာမ၊ ပစ္စုပ္ပန်ယခု မျက်မှောက်ဘဝ အတ္တဘော၌ ခံစားအပ်သော အကျိုးရှိသောကံ မည်၏။

တံ၊ ထိုဒိဋ္ဌဓမ္မဝေဒနီယ ကံသည်။ ဣမသ္မိံယေဝ အတ္တဘာဝေ၊ ဤပစ္စုပ္ပန်မျက်မှောက်ဘဝ အတ္တဘော၌သာလျှင်။ ဝိပါကံ၊ အကျိုးကို။ ဒေတိ၊ ပေး၏။

**အဟောသိကံ။** ။တထာ အသက္ကောန္တံ၊ ထိုသို့ အတ္တဘော၌ အကျိုးကို ပေးခြင်းငှါ မတတ်နိုင်သည်ရှိသော်ကား။ ကမ္မံ၊ ကံသည်။ အဟောသိ၊ ဖြစ်ပြီ။ ကမ္မဝိပါကော၊ ကံ၏ အကျိုးသည်။ နာဟောသိ၊ ဖြစ်သည်မဟုတ် (မဖြစ်တော့ချေ)။ ကမ္မံ၊ ကံသည်။ အဟောသိ၊ ဖြစ်ပြီ။ ကမ္မဝိပါကော၊ ကံ၏အကျိုးသည်။ န ဘဝိဿတိ၊ မဖြစ်လတ္တံ့။ ကမ္မံ၊ ကံသည်။ အဟောသိ၊ ဖြစ်ပြီ။ ကမ္မဝိပါကော၊ ကံ၏အကျိုးသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ဣမဿ တိကဿ၊ ဤ တိက၏။ ဝသေန၊ အစွမ်းဖြင့်။ အဟောသိ ကမ္မံ နာမ၊ အဟောသိကံ မည်သည် (အချည်းနှီးသည်)။ ဟောတိ၊ဖြစ်၏။

**ဥပပဇ္ဇဝေဒနီယကံ အကျိုးပေးပုံ။** ။အတ္ထသာဓိကာ၊ ဒါနအစရှိသော ကောင်းကျိုး, ပါဏာတိပါတ အစ ရှိသော မကောင်းသော အကျိုးကို ပြီးစေတတ်သော။ သတ္တမဇဝန-

စေတနာ၊ သတ္တမဇော စေတနာသည်။ ဥပပဇ္ဇဝေဒနီယကမ္မံနာမ၊ ပစ္စုပ္ပန်အတ္တဘောမှ အခြားမဲ့သော အတ္တဘော၌ ခံစားအပ်သော အကျိုးရှိသောကံ မည်၏၊ (ယခု ပစ္စုပ္ပန်မျက်မှောက်ဘဝနှင့် တဆက်တည်းဖြစ်သော အနန္တရဘဝ နောက်ဘဝ၌ အကျိုးပေးသော ကံမည်၏၊ ဝါ-နောက်ဘဝ၌ ဖြစ်စေသည့် ဇနကကံ ဖြစ်၏)။

တံ၊ ထို ဥပပဇ္ဇဝေဒနီယကံသည်။ အနန္တရေ၊ အခြားမဲ့ဖြစ်သော။ အတ္တဘာဝေ၊ အတ္တဘော၌။ ဝိပါကံ၊ အကျိုးကို။ ဒေတိ၊ ပေး၏။

အဟောသိကံ။ ။တထာ အသက္ကောန္တံ၊ ထိုသို့အခြားမဲ့သော အတ္တဘော၌ အကျိုးကိုပေးခြင်းငှါ မတတ်နိုင်သည်ရှိသော်။ ဝုတ္တနယေန၊ ဆိုအပ်ပြီးသောနည်းဖြင့်။ အဟောသိ ကမ္မံနာမ၊ အဟောသိကံ မည်သည်။ ဟောတိ၊ ဖြစ်၏။

အပရာပရိယဝေဒနီယကံ အကျိုးပေးပုံ။ ။ဥဘိန္နံ၊ နှစ်ပါးကုန်သော။ ပဌမဇော, သတ္တမဇော စေတနာတို့၏။ အန္တရေ၊ အလယ်၌။ ပဉ္စ ဇဝနစေတနာ၊ ငါးချက်သော ဇောစေတနာသည်။ အပရာပရိယဝေဒနီယကမ္မံ နာမ၊ ပစ္စုပ္ပန်ဘဝ အတ္တဘောနှင့် ပစ္စုပ္ပန်ဘဝ အတ္တဘော၏ အနန္တရ အခြားမဲ့သော ဒုတိယဘဝ အတ္တဘောမှတပါး အဆက်ဆက်သော အတ္တဘော၌ ခံစားအပ်သော အကျိုးရှိသောကံ မည်၏။

သံသရာလည်သမျှ အဟောသိကံမဖြစ်။ ။တံ၊ ထို အပရာပရိယဝေဒနီယကံသည်။ အနာဂတေ၊ နောင်အခါ၌။ ယဒါ၊ အကြင်အခါ၌။ ဩကာသံ၊ အခွင့်ကို။ လဘတိ၊ ရ၏။ တဒါ၊ ထိုအခါ၌။ ဝိပါကံ၊ အကျိုးကို။ ဒေတိ၊ ပေး၏။ သံသာရပဝတ္တိယာ၊ သံသာရာ၏ ဖြစ်ခြင်းသည်။ သတိယာ၊ ရှိသည်ရှိသော်။ အဟောသိကမ္မံနာမ၊ အဟောသိကံ မည်သည်။ န ဟောတိ၊ မဖြစ်။

ပါကဒါနပရိယာယကမ္မစတုက္က ၁၂၄၄။ ဂရုကဉ္စ၊ ကြီးသော အပြစ်, ကြီးသော အာနုဘော်ရှိသောကြောင့် တပါးသောကံသည် မတားမြစ်နိုင်သောကံရင်း။ ဗဟုလမ္ပိစ၊ မပြတ်ပြုအပ်သောကံ, တကြိမ်သော ပြုအပ်သော်လည်း မပြတ်မှီဝဲအပ်

သော ကံဂုဏ်း (ဝါ-အာစိဏ္ဏ ကံဂုဏ်း)။ အာသန္နဥ္စ၊ သေခါနီးကာလ၌ အောက်မေ့အပ် ပြုအပ်သော ကံဂုဏ်း။ ကဋတ္တာ စ၊ ဂရုက အစရှိသည်၏ အဖြစ်သို့မရောက်မူ၍ ပြုကာမျှကြောင့်သာ ကံဟုဆိုအပ်သော ကဋတ္တာ ကံဂုဏ်း။ ဣတိ၊ ဤသို့။ အပရံ၊ တပါးသော။ ကမ္မံ၊ ကံသည်။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ သမုဒီရိတံ၊ ဆိုအပ်၏။

**ကိစ္စကမ္မ စတုက္က** ၁၂၄၅။ ဇနကဥ္စပဋိသန္ဓေကိုပေးခြင်း အစရှိသည်တို့၏ အစွမ်းဖြင့် ဝိပါက်အစဉ်ကို ဖြစ်စေတတ်သော

ကံဂုဏ်း။ ဥပတ္ထမ္ဘကဥ္စ၊ သုခဒုက္ခအစဉ်၏။ ဝါ၊ နာမ်ရုပ်အစဉ်၏ ကြာမြင့်စွာ ဖြစ်ခြင်း၏ အကြောင်းဖြစ်သော ထောက်ပံ့တတ်သော ကံဂုဏ်း။ တထာ၊ ထိုမှတပါး။ ဥပပီဠကံ ကမ္မဥ္စ၊ သုခဒုက္ခဖြစ်သည်ရှိသော် များသော အနာရှိသည်၏အဖြစ် အစရှိသော အကြောင်းကို ဖြစ်စေသဖြင့် ထိုသုခ ဒုက္ခကို တားမြစ်တတ်, နှိပ်စက်တတ်သော ကံဂုဏ်း။ ဥပဃာတကမေဝ စ၊ ဆန့်ကျင်ဘက်ဖြစ်သော ကံ၏အကျိုး မဖြစ်ခြင်းကို ပြုခြင်း၏ အစွမ်းဖြင့် ဖြတ်တတ်, တားမြစ်တတ်သော ကံဂုဏ်း။ ဣတိ၊ ဤသို့။ အညံ၊ တပါး သော။ ကမ္မံ၊ ကံသည်။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

ဇနကကံ။ ။တတ္ထ၊ ထိုလေးပါးသောကံတို့တွင်။ ဇနကံနာမ၊ ဇနကကံ မည်သည်ကား။ ကုသလံ ဝါ၊ ကုသိုလ်လည်းဖြစ်သော။ အကုသလံ ဝါ၊ အကုသိုလ်သည်းဖြစ်သော။ ကမ္မံ၊ ကံသည်။ ပဋိသန္ဓိယမ္ပိ၊ ပဋိသန္ဓေအခါ၌ငုဏ်း။ ပဝတ္တေပိ၊ ပဝတ္တိအခါ၌ငုဏ်း။ ရူပါရူပဝိပါကက္ခန္ဓေ၊ ရုပ်နာမ်ဝိပါက် ခန္ဓာတို့ကို။ ဇနေတိ၊ ဖြစ်စေတတ်၏။ (ပဋိသန္ဓေ နှင့် ကမ္မဇရုပ်နာမ်တို့ကို ဖြစ်စေသော လောကီကံ ၂၉-ပါး။)

ဥပတ္ထမ္ဘကကံ။ ။ဥပတ္ထမ္ဘကံ ပန၊ ဥပတ္ထမ္ဘကကံသည်ကား။ ဝိပါကံ၊ (ပဋိသန္ဓေ) အကျိုးကို။ ဇနေတုံ၊ ဖြစ်စေခြင်းငှါ။ န သက္ကောတိ၊ မတတ်နိုင်။ အညေန၊ တပါးသော။ ကမ္မေန၊ ကုသိုလ်, အကုသိုလ်ကံသည်။ ပဋိသန္ဓိယာ၊ ပဋိသန္ဓေကို၊ ဒိန္နာယ၊ ပေးသည်ရှိသော်။ ဝိပါကေ၊ ပဝတ္တိအကျိုးကို။ ဇနိတေ၊ ဖြစ်စေသည်ရှိသော်။ ဥပ္ပဇ္ဇနက- သုခဒုက္ခံ၊ ဖြစ်လတ္တံ့သော ချမ်းသာဆင်းရဲကို။ ဥပတ္ထမ္ဘေတိ၊ ခိုင်စေ၏

(ထောက်ပံ့၏)။ အဒ္ဓါနံ၊ ကြာမြင့်စွာသော ကာလ ပတ်လုံး၊ ပဝတ္တေတိ၊ ဖြစ်စေ၏။

ဥပပီဠကကံ။ ။ဥပပီဠကံ ပန၊ ဥပပီဠကကံသည်ကား။ အညေန၊ တပါးသော။ ကမ္မေန၊ ကုသိုလ်အကုသိုကံသည်။ ပဋိသန္ဓိယာ၊ ပဋိသန္ဓေကို။ ဒိန္နာယ၊ ပေးအပ်သည်ရှိသော်။ ဝိပါကေ၊ ပဝတ္တိအကျိုးကို။ ဇနိတေ၊ ဖြစ်စေသည်ရှိသော်။ ဥပ္ပဇ္ဇနကသုခဒုက္ခံ၊ ဖြစ်လတ္တံ့သော ချမ်းသာ ဆင်းရဲကို။ ပီဠေတိ၊ နှိပ်စက်၏။ ဗာဓတိ၊ တားမြစ်၏။ အဒ္ဓါနံ၊ ကြာမြင့်စွာသော ကာလပတ်လုံး။ ပဝတ္တိတုံ၊ ဖြစ်ခြင်းငှါ။ န ဒေတိ၊ မပေး။

ဥပဃာတကကံ။ ။ဥပဃာတကံ ပန၊ ဥပဃာတကကံသည်ကား။ သယံ၊ မိမိသည်။ ကုသလမ္ပိ၊ ကုသိုလ်သည်၎င်း။ အကုသလမ္ပိ၊ အကုသိုလ်သည်၎င်း။ သမာနံ၊ ဖြစ်၍။ အညံ၊ တပါးသော။ ဒုဗ္ဗလကမ္မံ၊ အားနည်းသောကံကို။ ဃာတေတွာ၊ သတ်၍။ တဿ၊ ထိုတပါးသော ဒုဗ္ဗလကံ၏။ ဝိပါကံ၊ အကျိုးကို။ ပဋိဗာဟိတွာ၊ တားမြစ်၍။ အတ္တနော၊ မိမိ၏။ ဝိပါကဿ၊ အကျိုး၏။ ဩကာသံ၊ အခွင့်ကို။ ကရောတိ၊ ပြု၏။

ဧဝံ ပန၊ ဤသို့ကား။ ကမ္မေန၊ ကံသည်။ ဩကာသေ၊ အခွင့်ကို။ ကတေ၊ ပြုသည်ရှိသော်။ တံ ဝိပါကံ၊ ထိုအကျိုးသည်။ ဝါ၊ ထိုကံ၏အကျိုးသည်။ ဥပ္ပန္နံနာမ၊ ဖြစ်သည်မည်သည်။ ဟောတိ၊ ဖြစ်၏။

ဣတိ၊ ဤသို့။ ဒွါဒသဝိဓံ၊ တဆဲ့နှစ်ပါးအပြားရှိသော။ ဣမံ ကမ္မံ၊ ဤကံကို။ ကမ္မဝဋ္ဋေ၊ ကမ္မဝဋ်၌။ ပက္ခိပိတွာ၊ ထည့်၍။ ဧဝံ၊ ဤသို့။ ဧကော၊ တယောက်သော ယောဂီပုဂ္ဂိုလ်သည်။ ကမ္မဝိပါကဝသေန၊ ကမ္မဝဋ်,ဝိပါကဝဋ်တို့၏ အစွမ်းအားဖြင့်။ နာမရူပဿ၊ နာမ်ရုပ်၏။ ပစ္စယပရိဂ္ဂဟံ၊ အကြောင်းကို ပိုင်းခြား၍ ယူခြင်းကို။ ကရောတိ၊ ပြု၏။

ဣတိ ဧဝံ၊ ဤသို့။ ကမ္မဝိပါကဝဋ္ဋဝသေန၊ ကမ္မဝဋ်, ဝိပါကဝဋ်တို့၏ အစွမ်းဖြင့်။ နာမရူပဿ၊ နာမ်ရုပ်၏။ ပဝတ္တိံ၊ ဖြစ်ခြင်းကို။ ဒိသွာ၊ မြင်၍။ ဣဒံ၊ ဤနာမ်ရုပ်သည်။ တေရဟိ၊ ယခုပစ္စုပ္ပန်၌။ ပဝတ္တတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ အတီတေပိ အဒ္ဓါနေ၊ အတိတ်အခွန့်၌လည်း။ ကမ္မဝိပါကဝသေန၊ ကမ္မဝဋ်,ဝိပါကဝဋ်တို့၏ အစွမ်းအားဖြင့်။ ပစ္စယတော၊ အကြောင်းကြောင့်။ ပဝတ္တိတ္ထ၊ ဖြစ်လေပြီ။ အနာဂတေပိ၊ အနာဂတ်အခွန့်

ဥ္စလည်း။ ပဝတ္တိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ နယံ၊ နည်းကို။ နေတိ၊ ဆောင်၏။

ဣတိ၊ ဤသို့။ ကမ္မဥ္စဝ၊ ကံဝဋ်း။ ဝိပါကော စ၊ ဝိပါက်ဝဋ်း။ ဣတိ။ ဤသို့။ ကမ္မဝိပါကဝသေန၊ ကံဝိပါက်တို့၏အစွမ်းဖြင့်။ လောကော၊ လောကသည်။ ပဝတ္တတီတိ၊ ဖြစ်၏ဟူ၍။ တံ၊ ထိုနာမ်ရုပ်ကို။ သမနုပဿတိ၊ မဖောက်မပြန်ရှု၏။

ဧဝံ၊ ဤသို့။ သမနုပဿတော၊ မဖောက်မပြန်ရှုသော။ တဿ ယောဂိနော၊ ထိုယောဂီပုဂ္ဂိုလ်အား။ သဗ္ဗာ၊ အလုံးစုံသော။ သောဠသဝိမဲ၊ တဆဲ့ခြောက်ပါး အပြားရှိသော။ ကင်္ခါ၊ ယုံမှားခြင်းသည်။ ပဟီယျတိ၊ ပျောက်၏။

**အကြောင်းအကျိုးစပ်သော အားဖြင့် နာမ်ရုပ်ဖြစ်ပုံကိုရှုခြင်း**

၁၂၄၆။ ဟေတုဖလဿ သမ္ဗန္ဓဝသေန[1]၊ အကြောင်း,အကျိုးစပ်ခြင်း၏ အစွမ်းဖြင့်။ ဧတံ နာမရူပံ၊ ဤနာမ်ရုပ်သည်။ ကေဝလံ ဧကန္တေန၊ စင်စစ်သဖြင့်။ ပဝတ္တတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ သမ္မာ၊ ကောင်းစွာ။ သမနုပဿတိ၊ မဖောက်မပြန်ရှု၏။

**ပြုသူ ခံစားသူ မရှိ**

၁၂၄၇။ ဧဝံ၊ ဤသို့။ ကာရဏတော၊ ပြုခြင်းကြိယာမှ။ ဥဒ္ဓံ၊ အထက်၌။ ကာရဏံ၊ ပြုတတ်သောသူကို။ န စ ပဿတိ၊ မမြင်။ ပါကပဝတ္တိတော၊ အကျိုးဖြစ်ခြင်းမှ၊ ဥဒ္ဓံ၊ အထက်၌။ ပါကပဋိဝေဒကံ၊ အကျိုးကိုရသောသူကို။ န ပဿတိ၊ မမြင်။

တေန၊ ထို့ကြောင့်။ ကမ္မဿ ကာရကော နတ္ထိ။ပ။ ဧဝေတံ သမ္မဒဿနန္တိ၊ ကမ္မဿ ကာရကော နတ္ထိ။ပ။ ဧဝေ'တံ သမ္မဒဿနံဟူ၍။ ပေါရာဏာ၊ ရှေးအဋ္ဌကထာဆရာတို့သည်။ အာဟု၊ ဆိုကုန်ပြီ။

**သမ္မဒဿနဉာဏ်**

၁၂၄၈။ ကမ္မဿ၊ ကံကို။ ကာရကော၊ ပြုတတ်သော သူသည်။ နတ္ထိ၊ မရှိ။ ဝိပါကဿ စ၊ အကျိုးကိုလည်း။ ဝေဒကော၊ ခံစားတတ်သော သူသည်။ နတ္ထိ၊ မရှိ။ သုဒ္ဓဓမ္မာ၊ တစုံတခုသော သတ္တဝါ ပုဂ္ဂိုလ်နှင့် မရောကုန်သော (ရုပ်နာမ်) တရား

---

၁။ (ဆဋ္ဌမူ၌ ဟေတုဖလဿ သမ္ဗန္ဓဝသေနေဝ-ဟု ရှိသည်။)

တို့သည်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဝေဝိစာနံ၊ ဤသို့သဘောရှိသော။ တေ ဒဿနံ၊ ဤမြင်ခြင်းသည်။ သမ္မဒဿနံ၊ မဖောက်မပြန် မြင်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ကံနှင့် ဝိပါက်တို့၏ အစမရှိပုံကို ဥပမာဖြင့် ပြခြင်း

၁၂၄၉။ ဝေ၊ ဤသို့။ သဟေတုကေ၊ အကြောင်းနှင့် တကွသော။ ကမ္မေ စ၊ ကံသည်ရင်း။ ဝိပါကေ စ၊ ဝိပါက်သည်ရင်း။ ဝတ္တမာနေ၊ ဖြစ်သည်ရှိသော်။ ဗီဇရုက္ခာဒိကာနံ၊ မျိုးစေ့, သစ်ပင်အစရှိသည်တို့၏။ ပုဗ္ဗာ ကောဋိ၊ ရှေးအစွန်းသည်။ န နာယတိ=န ပညာယတိ ဣဝ၊ မထင်သကဲ့သို့။ တထာ၊ ထိုအတူ။ ပုဗ္ဗာကောဋိ၊ (ကံနှင့်ဝိပါက်တို့၏) ရှေးအစွန်းသည်။ န နာယတိ=န ပညာယတိ၊ မထင်[၁]။

၁၂၅၀။ အနာဂတေပိ၊ အနာဂတ်ကာလ၌လည်း။ သံသာရေ၊ ခန္ဓာနံ ပဋိပါဋိအစရှိသည်ဖြင့် ဟောအပ်သော သံသရာသည်။ သတိ၊ ရှိသော်။ အပ္ပဝတ္တိ၊ (ကံနှင့်ဝိပါက်တို့၏)မဖြစ်ခြင်းသည်။ န ဒိဿတိ၊ မထင်[၂]။

တေ အတ္ထံ၊ ကမ္မဿ ကာရကော နတ္ထိ အစရှိသည်ဖြင့် ဆိုအပ်သော ဤအနက်ကို။ အနညာယ၊ မသိ၍။ ဝါ၊ မသိခြင်းကြောင့်။ တိတ္ထိယာ၊ တိတ္ထိတို့သည်။ အသယံဝသီ၊ မိမိအလိုမရှိကုန်သည် ဖြစ်၍။ ဝါ၊ မိစ္ဆာဘိနိဝေသ တည်းဟူသော တပါးသော အလိုရှိကုန်သည်ဖြစ်၍။

---

၁။ (မျိုးစေ့ကြောင့် သစ်ပင်ဖြစ်သည်၊ သစ်ပင်ကြောင့် မျိုးစေ့ဖြစ်သည် ဆိုရာ၌— အကြောင်းအဆက်ဆက်ကို ရှာဖွေကြည့်သောအခါ မျိုးစေ့, သစ်ပင်တို့၏ အစကို ရှာမတွေ့သကဲ့သို့ရင်း၊ ကြက်မမှ ကြက်ဥဖြစ်သည်၊ ကြက်ဥမှ ကြက်မဖြစ်သည် ဆိုရာ၌လည်း အကြောင်းအဆက်ဆက်ကို ရှာဖွေကြည့်သောအခါ ကြက်မ,ကြက်ဥတို့၏ အစကို ရှာမတွေ့သကဲ့သို့ရင်း၊

ထို့အတူ ကံကြောင့် အကျိုးဝိပါက်ဖြစ်သည်၊ အကျိုးဝိပါက်ကြောင့် အကြောင်းကံဖြစ်သည်ဆိုရာ၌ အကြောင်းအဆက်ဆက်ကို ရှာဖွေကြည့်သော် ကံနှင့်ဝိပါက်တို့၏ အစကို ရှာမတွေ့ပေ၊ သို့ဖြစ်၍ ကံနှင့်ဝိပါက်တို့မှာ ရှေးအစွန်းအစ မရှိပေ။)

၂။ (ခန္ဓာ, အာယတန, ဓာတ်တို့၏ အဆက်မပြတ်ဖြစ်ခြင်း ဟူသော သံသရာ၌ ကျင်လည်သမျှကာလပတ်လုံး "ကံကြောင့် အကျိုးဝိပါက် ဖြစ်ရဦးမည်၊ အကျိုးဝိပါက်ကြောင့် အကြောင်းကံ ဖြစ်ရဦးမည်"ဟု အနာဂတ်၌ အကျိုးအဆက်ဆက်ကို ရှာဖွေကြည့်သည့်အခါ သံယောဇဉ် မကုန်သေးသောသူမှာ နောင် အနာဂတ်၌လည်း ကံနှင့်ဝိပါက်တို့ မုချ ဖြစ်ရသည်ကို တွေ့ရပေသည်၊ သို့ဖြစ်၍ သံသရာလည်သမျှ ကံနှင့် အကျိုးဝိပါက်အဆုံးသည် မရှိနိုင်ပေ ဟူလို။ ဋီကာသစ်၊ဒု၊နှာ-၃၂၁-၂။)

၁၂၅၁။ သတ္တသညံ၊ သတ္တဝါဟူသော အမှတ်ကို။ ဂဟေတွာန၊ ယူကုန်၍။သဿတုစ္ဆေဒဒဿိနော၊ သဿတအယူ, ဥစ္ဆေဒအယူရှိကုန်သည်။ အညမညဝိရောဓိနော၊ တပါးသည် တပါးနှင့် ဆန့်ကျင်သော အယူရှိကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ ဒွါသဋ္ဌိဒိဋ္ဌိံ၊ ခြောက်ဆဲ့နှစ်ပါးသော ဒိဋ္ဌိအယူကို။ ဂဏှန္တိ၊ ယူကုန်၏။

၁၂၅၂။ ဒိဋ္ဌိဗန္ဓနဗဒ္ဓါ၊ မိစ္ဆာဒိဋ္ဌိတည်းဟူသော အဖွဲ့ဖြင့် ဖွဲ့အပ်ကုန်သော။ တေ၊ ထိုတိတ္ထိတို့ကို။ တဏှာသောတေန၊ တဏှာအယဉ်သည်။ ဝုယှရေ၊ မျှောအပ်ကုန်၏။ တဏှာသောတေန၊ တဏှာအယဉ်သည်။ ဝုယှန္တာ၊ မျှောအပ်ကုန်သော။ တေ၊ ထိုတိတ္ထိတို့သည်။ ဒုက္ခာ၊ ဆင်းရဲမှ။ န ပမုစ္စရေ၊ မလွတ်ကုန်။

၁၂၅၃။ ဧဝံ၊ ဤသို့။ ဧတံ၊ ဤအကြောင်းကို။ အဘိညာယ၊ သိ၍။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သာဝကော၊ တပည့်ဖြစ်သော။ ဘိက္ခု၊ ရဟန်းသည်။ ဂမ္ဘီရံ၊ နက်သောဉာဏ်၏ အာရုံဖြစ်သည်၏အဖြစ်ကြောင့် နက်သော။ နိပုဏံ၊ သိမ်မွေ့သောဉာဏ်၏ အာရုံဖြစ်သည်၏ အဖြစ်ကြောင့် သိမ်မွေ့သော။ သုညံ၊ သတ္တဝါမှ ဆိတ်သည်၏ အဖြစ်, အချင်းချင်း၏ သဘောမှ ဆိတ်သည်၏အဖြစ်ကြောင့် ဆိတ်သော။ ပစ္စယံ၊ နာမ်ရုပ်အကြောင်းကို။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍သိ၏။

**ဝိပါက်၌ကံ, ကံ၌ဝိပါက် မရှိပုံကို ဥပမာဖြင့် ပြခြင်း**

၁၂၅၄။ ဝိပါကမှိ၊ ဝိပါက်၌။ သန္တိဋ္ဌမာနံ၊ တည်သော။ (ထည့်) ကမ္မံ၊ ကံသည်။ နတ္ထိ၊ မရှိ။ ကမ္မေ၊ ကံ၌။ သန္တိဋ္ဌမာနော၊ တည်သော။ (ထည့်) ပါကော၊ အကျိုးသည်။ န ဝိဇ္ဇတိ၊ မရှိ။ ဥဘော၊ နှစ်ပါးကုန်သော ကံဝိပါက်တို့သည်။ အညမညံ၊ အချင်းချင်းမှ။ သုညာ၊ ဆိတ်ကုန်၏။ ကမ္မံ၊ ကံကို။ ဝိနာ၊ ကြဉ်၍။ ဖလံ၊ အကျိုးသည်။ န စ ဟောတိ၊ မဖြစ်။

၁၂၅၅။ သူရိယေ၊ နေ၌။ အဂ္ဂိ၊ မီးသည်။ န အတ္ထိ၊ မရှိ။ မဏိမှိ၊ သူရိယကန် ပတ္တမြား၌။ အဂ္ဂိ၊ မီးသည်။ န အတ္ထိ၊ မရှိ။ ဂေါမယေ၊ နွားချေး၌။ အဂ္ဂိ၊ မီးသည်။ န အတ္ထိ၊ မရှိ။ တေသံ၊ ထိုနေပူ, သူရိယကန်ကျောက်ပတ္တမြား, နွားချေးဟူသော မီးစာတို့၏။ ဗဟိ၊ အပ၌။ သော အဂ္ဂိ၊ ထို မီးသည်။ န အတ္ထိ၊ မရှိ။ သမ္ဘာရေဟိ စ၊ တပေါင်းတည်း

ဖြစ်ကုန်သော နေပူ, သူရိယကန်ကျောက်ပတ္တမြား, နွားချေးမီးစာဟူသော သုံးပါးသော အကြောင်းတို့ကြောင့်လည်း။ ဇာယတိ ယထာ၊ (မီး)ဖြစ်သကဲ့သို့။

၁၂၅၆။ တထာ၊ ထို့အတူ။ ကမ္မဿ၊ ကံ၏။ အန္တော၊ အတွင်း၌။ ဝိပါကော၊ အကျိုးကို။ န ဥပလဗ္ဘတိ၊ မရအပ်။ ကမ္မဿ၊ ကံ၏။ ဗဟိဒ္ဓါပိ၊ အပ၌လည်း။ ဝိပါကော၊ အကျိုးကို။ န ဥပလဗ္ဘတိ၊ မရအပ်။ တတ္ထ၊ ထိုအကျိုး၌။ ကမ္မံ၊ ကံသည်။ န ဝိဇ္ဇတိ၊ မရှိ။

**အကြောင်းကံကြောင့် အကျိုးဖြစ်ခြင်း**

၁၂၅၇။ တံ ကမ္မံ၊ ထိုကံသည်။ ဖလေန၊ အကျိုးမှ။ သုညံ၊ ဆိတ်၏။ ကမ္မေ၊ ကံ၌။ ဖလံ၊ အကျိုးသည်။ န ဝိဇ္ဇတိ၊ မရှိ။ ကမ္မဥ္စ ခေါ၊ ကံကိုလျှင်။ ဥပါဒါယ၊ အမှီပြု၍။ တတော၊ ထို ကံကြောင့်။ ဖလံ၊ အကျိုးသည်။ နိဗ္ဗတ္တတေ၊ ဖြစ်၏[၁]။

**ပြုသူ ဖန်ဆင်းသူ မရှိ အကြောင်းအများကြောင့် ရုပ်နာမ် ဖြစ်ခြင်း**

၁၂၅၈။ ဧတ္ထ၊ ဤတရားအပေါင်း၌။ ဒေဝေါ၊ နတ်သည်။ န အတ္ထိ၊ မရှိ။ ဗြဟ္မာ ဝါ၊ ဗြဟ္မာသည်လည်း။ န အတ္ထိ၊ မရှိ။

သံသာရဿ၊ (အကြောင်း)သံသာရကို[၂]။ ကာရကော၊ ပြုတတ်သော သူသည်။ န အတ္ထိ၊ မရှိ။ ဟေတုသမ္ဘာရပစ္စယာ၊ အကြောင်း အပေါင်း တည်းဟူသော အကြောင်းကြောင့်။ ဝါ၊ ဟေတုပစ္စယ တည်းဟူသော အကြောင်းကြောင့်။ သုဒ္ဓဓမ္မာ၊ တစုံတခုသော သတ္တဝါပုဂ္ဂိုလ်နှင့် မရောကုန်သော ရုပ်နာမ်တရားတို့သည်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။

**ကင်္ခါဝိတရဏဉာဏ် မည်ပုံ**

၁၂၅၉။ ဧဝံ၊ ဤသို့။ နာနပ္ပကာရေဟိ၊ အထူးထူး အပြားပြား တို့ဖြင့်။ နာမရူပဿ၊ နာမ်ရုပ်၏။ ပစ္စယံ၊ အကြောင်းကို။ ပရိဂ္ဂဟေတွာ၊ ပိုင်းခြား၍ ယူ၍။ အဒ္ဓါသု၊ သုံးပါးသော အခွန့်တို့၌။ ကင်္ခံ၊ တဆဲ့ခြောက်ပါးသော ယုံမှားခြင်းကို။ တရိတွာ၊ လွန်၍။ ဥဋ္ဌိတံ၊ ဖြစ်၍တည်သော။

၁။ (ကံနှင့်ဝိပါက်သည် အချင်းချင်း ကင်းသော်လည်း နေပူ, သူရိယကန်ကျောက်, လောင်စာ ၃-မျိုးတို့ကိုစွဲ၍ မီးဖြစ်ပေါ်သကဲ့သို့ ကံကိုစွဲ၍ ကံဟူသော အကြောင်းကြောင့် အကျိုးဝိပါက် ဖြစ်ပေါ်လာရသည် ဟူလို။)

၂။ (သံသာရဿ-ဟု ဆဋ္ဌမူ၌ရှိသည်၊ သံသာရဿ၊သံသရာကိုဟု ပေး။)

၁၂၆၀။ တံ ဉာဏံ၊ ထိုဉာဏ်ကို။ ကင်္ခါဝိတရဏံ နာမ၊ ကင်္ခါဝိတရဏာမည်၏ဟူ၍။ သမုဒီရိတံ၊ ဆိုအပ်၏။

**ကင်္ခါဝိတရဏာဉာဏ် ပရိယာယ်။** ။တံ၊ ထိုဉာဏ်ကို။ ဓမ္မဋ္ဌိတိ၊ အကျိုးတရားတို့၏တည်ရာ အကြောင်းတရား၌ဖြစ်သော ဓမ္မဋ္ဌိတိဉာဏ် ဟူ၍၎င်း။ ယထာဘူတံ၊ သင်္ခါရတရားတို့၏ အနိစ္စတာ စသော သဘောကို သိသော ယထာဘူတဉာဏ် ဟူ၍၎င်း။ သမ္မာဒဿနန္တိပိ၊ မဖောက်မပြန် မှန်သောအားဖြင့် ရှုတတ်သော သမ္မာဒဿနဉာဏ် ဟူ၍၎င်း။ သမုဒီရိတံ၊ ဆိုအပ်၏။

**စူဠသောတာပန်** ၁၂၆၁။ ဣမိနာ ပန ဉာဏေန၊ ဤကင်္ခါဝိတရဏာဉာဏ်နှင့်။ သံယုတ္တော၊ ယှဉ်သော ယောဂီပုဂ္ဂိုလ်သည်။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရားသာသနာတော်၌။ လဒ္ဓပ္ပတိဋ္ဌောဝ၊ အရိယာမဂ်တည်းဟူသော ရအပ်သောတည်ရာ ရှိသကဲ့သို့သော။ စူဠကော သောတာပန္နော၊ စူဠသောတာပန်သည်။ ဝါ၊ လောကီသီလ, သမာဓိ, ပညာတို့နှင့် ပြည့်စုံသည်၏ အဖြစ်ကြောင့် သောတာပန်ကဲ့သို့ အမြဲသုဂတိ လည်းလျောင်းရာရှိသည်။ ဟောတိ၊ ဖြစ်၏။

၁၂၆၂။ ယသ္မာ၊ အကြင့်ကြောင့်။ စေတံ ဉာဏံ၊ ဤကင်္ခါဝိတရဏာဉာဏ်သည်။ စေ၊ ဤသို့။ မဟာနိသံသံ၊ ကြီးသော အာနိသင် ရှိ၏။ တသ္မာ၊ ထိုကြောင့်။ သပညော၊ မိမိအစီးအပွါးကိုရှုသော ပညာနှင့်ပြည့်စုံသော။ အတ္ထကာမော၊ မိမိအကျိုးစီးပွါးကို အလိုရှိသော။ ယော ဓီရော၊ အကြင်ပညာရှိသော ယောဂီပုဂ္ဂိုလ်သည်။ နာမရူပဿ၊ နာမ်ရုပ်၏။ ဟေတုပစ္စယာနိ၊ ဇနကအကြောင်း, ဥပတ္ထမ္ဘက အကြောင်းတို့ကို။ ပရိဂ္ဂဟံ၊ ပိုင်းခြား၍ ယူခြင်းကို။ သာဓု၊ ကောင်းစွာ။ ကရေတိ၊ ပြု၏။ သ=သော ဓီရော၊ ထိုပညာရှိသော ပုဂ္ဂိုလ်သည်။ ခိပ္ပံ၊ လျင်မြန်စွာ။ နိဗ္ဗာနပုရံ၊ နိဗ္ဗာန်ပြည်သို့။ ဥပေတိ၊ ကပ်ရောက်၏။

အဘိဓမ္မာဝတာရေ၊ အဘိဓမ္မာဝတာရကျမ်း၌။ ကင်္ခါဝိတရဏာဝိသုဒ္ဓိနိဒ္ဒေသော နာမ၊ ကင်္ခါဝိတရဏာဝိသုဒ္ဓိနိဒ္ဒေသမည်သော။ ကေနုဝီသတိမော၊ တဆဲ့ကိုးခုတို့၏ ပြည့်ကြောင်းဖြစ်သော။ ပရိစ္ဆေဒေါ၊ အပိုင်းသည်။ ဣတိ သမတ္တော၊ ဤတွင် ပြီးပြီ။

ကင်္ခါဝိတရဏာဝိသုဒ္ဓိနိဒ္ဒေသ ပြီး၏။

# ၂၀-ဝီသတိမပရိစ္ဆေဒ

## ၂၀-မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသ

၁၂၆၃။ ကလာပသမ္မသနေန၀၊ ကလာပအားဖြင့်။ ဝါ၊ ကလာပ်တို့ကို သုံးသပ်ခြင်းဖြင့်သာလျှင်။ ယောဂေါ၊ လုံ့လကို။ကရဏီယော၊ပြုအပ်သည်။ သိယာ၊ ဖြစ်ရာ၏။ တံ မဂ္ဂါမဂ္ဂေ တု ဉာဏံ၊ ထိုမဂ္ဂါမဂ္ဂဉာဏ်ကို။ အဓိဂန္တုံ၊ ရခြင်းငှါ။ ဣစ္ဆတာ=ဣစ္ဆန္တေန၊ အလိုရှိသော ယောဂီပုဂ္ဂိုလ်သည်။

### အဖြစ်,အပျက်ကို အကျဉ်းအားဖြင့်ရှုခြင်း

ဥဒယ ၁၂၆၄။ ပစ္စုပ္ပန္နဿ၊ ပစ္စုပ္ပန်ဖြစ်သော။ ဓမ္မဿ၊ နာမ်ရုပ်တရား ၏။ နိဗ္ဗတ္တိ၊ ဖြစ်ခြင်းကို။ ဥဒယော၊ ဥဒယ ဟူ၍။ မတော၊ သိအပ်၏။

ဝယ။ ။တဿေဝ ဓမ္မဿ၊ ထိုပစ္စုပ္ပန်ဖြစ်သော တရား၏သာလျှင်။ ဝိပရိ- ဏာမော၊ ပျက်ခြင်းကို။ ဝယောတိ၊ ဝယဟူ၍။ သမုဒီရိ- တော၊ ဆိုအပ်၏။

ဥဒယဗ္ဗယဉာဏ် ၁၂၆၅။ အနုပဿနာပိ၊ ဥဒယ ဝယ အဖြစ်အပျက်ကို ရှုခြင်းကိုလည်း။ ဉာဏန္တိ၊ ဉာဏ်ဟူ၍။ ဝရ- ဉာဏေန၊ မြတ်သော ဉာဏ်ရှိတော်မူသော မြတ်စွာဘုရားသည်။ ဒေသိတံ၊ ဟောတော်မူအပ်၏။

နာမ်ရုပ်၏ အဖြစ်အပျက် သိခြင်း။ ။သော ယောဂါဝစရမာဏဝေါ၊ ထို ယောဂါဝစရပုဂ္ဂိုလ်သည်—

၁၂၆၆။ ဣမဿ နာမရူပဿ၊ ဤ နာမ်ရုပ်၏။ ဥပ္ပတ္တိတော၊ ဖြစ်ခြင်းမှ။ ပုဗ္ဗေ၊ ရှေး၌။ နိစယော ဝါ၊ အစုသည်ငှင်း။ ရာသိ ဝါ၊ အပေါင်းသည်ငှင်း။ နတ္ထိ၊ မရှိ။ ဣတိ စ၊ ဤသို့ငှင်း။

တထာ၊ ထိုမှတပါး။ ဥပ္ပဇ္ဇတော=ဥပ္ပဇ္ဇန္တဿပိ စ၊ ဖြစ်ဆဲ ဖြစ်သော နာမ်ရုပ်၏လည်း။

၁၂၆၇။ ရာသိတော ဝါ၊ အပေါင်းမှရှင်း။ နိစယာ ဝါပိ၊ အစုမှရှင်း။ အာဂမနံ၊ လာခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိ စ၊ ဤသို့ရှင်း။

တထာ၊ ထိုမှတပါး။ နိရုဇ္ဈမာနဿ၊ ချုပ်ဆဲဖြစ်သော နာမ်ရုပ်၏။ ဒိသာဂမနံ၊ အရပ်မျက်နှာသို့ သွားခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိ စ၊ ဤသို့ရှင်း။

၁၂၆၈။ နိရုဒ္ဓဿာပိ၊ ချုပ်ပြီးသော နာမ်ရုပ်၏လည်း။ ကေသ္မိံ ဌာနေ၊ တခုသော အရပ်၌။ စယော၊ အပေါင်းအစုသည်။ နတ္ထိ၊ မရှိ။ ဣတိ စ၊ ဤသို့ရှင်း။ ဧဝံ၊ ဤသို့။ ပဇာနာတိ၊ သိ၏။

တေသ အတ္ထဿ၊ ဤထင်ရှားမရှိသော တရားတို့၏ဖြစ်ခြင်း, ဖြစ်ပြီးသော တရားတို့၏နောက်၌ မရှိခြင်းတည်းဟူသော အနက်ကို။ ဒီပနေ၊ ပြသော။ တွေ အဓိကာရေ၊ ဤအရာ၌။ ဝီဏူပမာ၊ စောင်း၏အစွမ်းအားဖြင့်လာသော ဥပမာကို။ ဝုတ္တာ၊ အဋ္ဌကထာ[၁]၌ ဆိုအပ်၏။

## အဖြစ်,အပျက်ကို အကျယ်အားဖြင့် ရှုခြင်း

ခန္ဓာ ၅-ပါး၌ ဖြစ်,ပျက်လက္ခဏာ ၁၀-ပါးစီကို ရှုခြင်း

၁၂၆၉။ ဧဝံ၊ ဤသို့။ သင်္ခေပတော၊ အကျဉ်းအားဖြင့်။ ဥဒယဗ္ဗယမနက္ကာရံ၊ ဥဒယဗ္ဗယကို နှလုံးသွင်းခြင်းကို။ ကတွာ၊ ပြု၍။ တဿေဝ ဉာဏဿ၊ ထို ဥဒယဗ္ဗယဉာဏ်၏သာလျှင်။ ဝိဘင်္ဂဿ၊ ဝိဘင်း(အကျယ်)၏။ ဝသေန တု၊ အစွမ်းအားဖြင့်ကား။

၁၂၇၀။ အဝိဇ္ဇာသမုဒယာ၊ အဝိဇ္ဇာဖြစ်ခြင်းကြောင့်။ ရူပသမုဒယော၊ ရုပ်၏ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိအာဒိနာ၊ ဤသို့ အစရှိသော။

၁။ (စောင်းသံသည် စောင်းခွက်, သားရေ, တီးခြင်းတို့ကိုစွဲ၍ ရှေး၌မဖြစ်ဘူးပဲ ဖြစ်လာသကဲ့သို့, ဖြစ်ပြီး၍ ချုပ်ပျက်သကဲ့သို့ ထို့အတူ ရုပ်နာမ်တရားတို့သည် ရှေး၌ မရှိကုန်ပဲ ယခု အသစ်ဖြစ်ပေါ်လာကုန်သည်၊ ဖြစ်ပြီး၍ ခဏချက်ခြင်း ချုပ်ပျောက်ပျက်စီးကုန်သည် ဟု ဆိုလိုသည်။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ဒု၊ နှာ-၂၆၆။)

နယေန၊ နည်းဖြင့်။ ဧကေကက္ခန္ဓသ္မိ၊ တပါးတပါးသော ခန္ဓာ၌။ ဥဒယဗ္ဗယဒဿနေ၊ ဥဒယဗ္ဗယကို ရှုခြင်း၌။

၁၂၇၁။ ဒသ ဒသာတိ၊ ဆယ်ပါး ဆယ်ပါးတို့ဟူ၍။ ကတ္ဝာန၊ ပြု၍။ ယေ ပညာသလက္ခဏာ၊ အကြင်ငါးဆယ်သော လက္ခဏာတို့ကို။ ဝုတ္တာ၊ ဟောအပ်ကုန်၏။ တေသံ ပညာသလက္ခဏာနံ၊ ထိုငါးဆယ်သောလက္ခဏာ

---

၁။ (ရုပ်နာမ်၌ ဥဒယဗ္ဗယ လက္ခဏာ ၅၀-ပါး
ရုပ်၌ ဥဒယဗ္ဗယ လက္ခဏာ ၁၀-ပါး

ရုပ်၌ ဥဒယလက္ခဏာ ၅-ပါး။ ။(၁) အဝိဇ္ဇာ သမုဒယာ ရူပသမုဒယော=အရဟတ္တမဂ်ဖြင့် မပယ်ရသေးသဖြင့် ရှေးဘဝ၌ အဝိဇ္ဇာထင်ရှားရှိခဲ့ဘူး ဖြစ်ခဲ့ဘူးခြင်းကြောင့် ယခုဘဝ ရူပက္ခန္ဓာ ဖြစ်၍နေခြင်း။ (၂) တဏှာသမုဒယာ ရူပသမုဒယော=ရှေးဘဝ၌ တဏှာဖြစ်ခဲ့ဘူးခြင်းကြောင့် ယခုဘဝ ရူပက္ခန္ဓာ ဖြစ်၍နေခြင်း။ (၃) ကမ္မသမုဒယာ ရူပသမုဒယော=ရှေးဘဝ၌ ကုသိုလ်, အကုသိုလ်ကံ ထင်ရှားရှိခဲ့ဘူး ဖြစ်ခဲ့ဘူးခြင်းကြောင့် ယခုဘဝ ရူပက္ခန္ဓာဖြစ်၍နေခြင်း။ (၄) အာဟာရသမုဒယာ ရူပသမုဒယော=ကဗဠီကာရ အာဟာရ ထင်ရှားရှိနေခြင်းကြောင့် ရူပက္ခန္ဓာဖြစ်၍နေခြင်း။ (အကြောင်းအားဖြင့် ရူပက္ခန္ဓာဖြစ်ခြင်း ၄-ပါး)။ (၅) နိဗ္ဗတ္တိလက္ခဏံ=ရုပ်၏ ပေါ်စဖြစ်စ ဥပါဒ်စဖြစ်သော သင်္ခတလက္ခဏာ(ခဏအားဖြင့် ရူပက္ခန္ဓာဖြစ်ခြင်း ၁-ပါး)။

ရုပ်၌ ဝယလက္ခဏာ ၅-ပါး။ ။(၁) အဝိဇ္ဇာနိရောဓာ ရူပနိရောဓော=အဝိဇ္ဇာချုပ်ခြင်းကြောင့် အနာဂတ်ရုပ်၏ မဖြစ်လာပဲ ချုပ်ခြင်း။ (၂) တဏှာနိရောဓာ ရူပနိရောဓော=တဏှာချုပ်ခြင်းကြောင့် အနာဂတ်ရူပက္ခန္ဓာ၏ မဖြစ်လာပဲ ချုပ်ခြင်း။ (၃) ကမ္မနိရောဓာ ရူပနိရောဓော=ကုသိုလ်ကံ, အကုသိုလ်ကံ ချုပ်ခြင်းကြောင့် အနာဂတ်ရူပက္ခန္ဓာ၏ မဖြစ်လာပဲ ချုပ်ခြင်း။ (၄) အာဟာရနိရောဓာ ရူပနိရောဓော=မစားမသောက်သဖြင့် အာဟာရ၏ မရှိခြင်းဟူသော ချုပ်ခြင်းကြောင့် မဖြစ်ပေါ်သေးသောရုပ်၏ မဖြစ်ပေါ်လာပဲ ချုပ်ခြင်း။ (အကြောင်းအားဖြင့် ရူပက္ခန္ဓာ ချုပ်ခြင်း ၄-ပါး)။ (၅) ဝိပရိဏာမလက္ခဏံ=ရုပ်၏ ဖောက်ပြန်ပျက်စီးခြင်း ဘင်ဟူသော သင်္ခတလက္ခဏာ (ခဏအားဖြင့် ရူပက္ခန္ဓာ ပျက်စီးခြင်း ချုပ်ခြင်း ၁-ပါး)။

နာမက္ခန္ဓာ၌ ဥဒယဗ္ဗယ လက္ခဏာ ၁၀-ပါးစီ

ဝေဒနာ၌ ဥဒယဗ္ဗယ လက္ခဏာ ၁၀-ပါး။ ။(၁) အဝိဇ္ဇာသမုဒယာ ဝေဒနာသမုဒယော။ (၂) တဏှာသမုဒယာ ဝေဒနာသမုဒယော။ (၃) ကမ္မသမုဒယာ ဝေဒနာသမုဒယော။ (၄) ဖဿသမုဒယာ ဝေဒနာသမုဒယော။ (အကြောင်းအားဖြင့် ဝေဒနာဖြစ်ခြင်း ၄-ပါး)။ (၅) နိဗ္ဗတ္တိလက္ခဏံ (ခဏအားဖြင့် ဝေဒနာဖြစ်ခြင်း ၁-ပါး)။ (၆) အဝိဇ္ဇာနိရောဓာ ဝေဒနာနိရောဓော။ (၇) တဏှာနိရောဓာ ဝေဒနာနိရောဓော။ (၈) ကမ္မနိရောဓာ ဝေဒနာနိရောဓော။ (၉) ဖဿ

တို့၏။ ဝသေနာပိ၊ အစွမ်းအားဖြင့်လည်း။ မမွေ၊ ရုပ်အစရှိသော တရားတို့ကို။ သမနုပဿတိ၊ မဖောက်မပြန်ရှု၏။

---

နိရောဓာ ဝေဒနာနိရောဓော။ (အကြောင်းအားဖြင့် ဝေဒနာချုပ်ခြင်း ၄-ပါး)။ (၁၀) ဝိပရိဏာမလက္ခဏံ=ဝေဒနာ၏ ဖောက်ပြန်ပျက်စီးခြင်း ဘင်ဟူသော သင်္ခတလက္ခဏာ (ခဏအားဖြင့် ဝေဒနာချုပ်ခြင်း ၁-ပါး။)။

သညာ၌ ဥဒယဗ္ဗယ လက္ခဏာ ၁၀-ပါး။ ။(၁) အဝိဇ္ဇာ သမုဒယာ သညာ သမုဒယော။ (၂) တဏှာသမုဒယာ သညာသမုဒယော။ (၃) ကမ္မ သမုဒယာ သညာ သမုဒယော။ (၄) ဖဿ သမုဒယာ သညာ သမုဒယော။ (အကြောင်းအားဖြင့် သညာဖြစ်ခြင်း ၄-ပါး။) နိဗ္ဗတ္တိလက္ခဏံ=သညာ၏ ပေါ်စဖြစ်စ ဥပါဒ်စဖြစ်သော သင်္ခတလက္ခဏာ။ (ခဏအားဖြင့် သညာဖြစ်ခြင်း ၁-ပါး။) (၆) အဝိဇ္ဇာ-နိရောဓာ သညာနိရောဓော။ (၇) တဏှာနိရောဓာ သညာနိရောဓော။ (၈) ကမ္မနိရောဓာ သညာနိရောဓော။ (၉) ဖဿနိရောဓာ သညာနိရောဓော။ (အကြောင်းအားဖြင့် သညာချုပ်ခြင်း ၄-ပါး။) (၁၀) ဝိပရိဏာမလက္ခဏံ=သညာ၏ ဖောက်ပြန်ပျက်စီးခြင်း ဘင်ဟူသော သင်္ခတလက္ခဏာ (ခဏအားဖြင့် သညာချုပ်ခြင်း ၁-ပါး)။

သင်္ခါရ၌ ဥဒယဗ္ဗယ လက္ခဏာ ၁၀-ပါး။ ။(၁) အဝိဇ္ဇာသမုဒယာ သင်္ခါရသမုဒယော။ (၂) တဏှာသမုဒယာ သင်္ခါရသမုဒယော။ (၃) ကမ္မ သမုဒယာ သင်္ခါရ သမုဒယော။ (၄) ဖဿ သမုဒယာ သင်္ခါရ သမုဒယော။ (အကြောင်းအားဖြင့် သင်္ခါရဖြစ်ခြင်း ၄-ပါး)။ (၅) နိဗ္ဗတ္တိလက္ခဏံ=သင်္ခါရ၏ ပေါ်စ ဖြစ်စ ဥပါဒ်စဖြစ်သော သင်္ခတလက္ခဏာ။ (ခဏအားဖြင့် သင်္ခါရဖြစ်ခြင်း ၁-ပါး)။ (၆) အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော။ (၇) တဏှာနိရောဓာ သင်္ခါရနိရောဓော။ (၈) ကမ္မနိရောဓာ သင်္ခါရနိရောဓော။ (၉) ဖဿနိရောဓာ သင်္ခါရနိရောဓော။ (အကြောင်းအားဖြင့် သင်္ခါရချုပ်ခြင်း ၄-ပါး)။ (၁၀) ဝိပရိဏာမလက္ခဏံ=သင်္ခါရ၏ ဖောက်ပြန်ပျက်စီးခြင်း ဘင်ဟူသော သင်္ခတလက္ခဏာ (ခဏအားဖြင့် သင်္ခါရချုပ်ခြင်း ၁-ပါး)။

ဝိညာဉ်၌ ဥဒယဗ္ဗယ လက္ခဏာ ၁၀-ပါး။ ။(၁) အဝိဇ္ဇာသမုဒယာ ဝိညာဏသမုဒယော။ (၂) တဏှာသမုဒယာ ဝိညာဏသမုဒယော။ (၃) ကမ္မသမုဒယာ ဝိညာဏသမုဒယော။ (၄) နာမရူပသမုဒယာ ဝိညာဏသမုဒယော။ (အကြောင်းအားဖြင့် ဝိညာဏ်ဖြစ်ခြင်း ၄-ပါး)။ (၅) နိဗ္ဗတ္တိလက္ခဏံ=ဝိညာဉ်၏ ဖြစ်စဖြစ်ပေါ် ဥပါဒ်စဖြစ်သော သင်္ခတလက္ခဏာ)။ (၆) အဝိဇ္ဇာနိရောဓာ ဝိညာဏနိရောဓော။ (၇) တဏှာနိရောဓာ ဝိညာဏနိရောဓော။ (၈) ကမ္မနိရောဓာ ဝိညာဏနိရောဓော။ (၉) နာမရူပနိရောဓာ ဝိညာဏနိရောဓော။ (အကြောင်းအားဖြင့် ဝိညာဉ်ချုပ်ခြင်း ၄-ပါး)။ (၁၀) ဝိပရိဏာမလက္ခဏံ=ဝိညာဉ်၏ ဖောက်ပြန်ပျက်စီးခြင်း ဘင်ဟူသော သင်္ခတလက္ခဏာ)။

ဤသို့လျှင် ခန္ဓာ ၅-ပါး၌ ဥဒယဗ္ဗယလက္ခဏာ ၅၀-ပါး ဖြစ်သည်။ ပဋိသံ၊နှာ-၅၃-၄။ ဝိသုဒ္ဓိမဂ်၊ဒု၊နှာ-၂၆၆-၇။)

ဖြစ်,ပျက် ၁၀-ပါးကို ရှုခြင်း

၁၂၇၂။ ဝေံ=ဤမိနာ ဝုတ္တနယေန၊ ဤသို့ဆိုအပ်ပြီးသော နည်းဖြင့်။ ရူပုဒယော=ရူပဥဒယော၊ အဝိဇ္ဇာ,တဏှာ,ကံ,အာဟာရတို့၏ဖြစ်ခြင်းကြောင့် ရုပ်၏ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဝေံ=ဤမိနာ ဝုတ္တနယေန၊ ဤသို့ဆိုအပ်ပြီးသော နည်းဖြင့်။ အဿ ရူပဿ၊ ထိုရုပ်၏။ ဝယော၊ အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရတို့၏ ချုပ်ခြင်းကြောင့် ပျက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ စ၊ ဤသို့ရင်း။

ဝေံ၊ ဤသို့။ ရူပမ္ပိ၊ ကံ, အာဟာရ, ဥတု, စိတ်တို့ကြောင့်ဖြစ်သော ရုပ်သည်လည်း။ ဥဒေတိ၊ ဖြစ်၏။ ဝေံ၊ ဤသို့။ ရူပမ္ပိ၊ ကံ, အာဟာရ, ဥတု, စိတ်တို့ကြောင့်ဖြစ်သော ရုပ်သည်လည်း။ ဝေတိ၊ ပျက်၏။ ဣတိ စ၊ ဤသို့ရင်း။ သမနုပဿတိ၊ မဖောက်မပြန်ရှု၏။

ဥဒယဗ္ဗယဉာဏ် ရင့်သန်လျှင် သစ္စာ ၄-ပါး တရားစသည် ထင်လာခြင်း

၁၂၇၃။ ဝေံ၊ ဤသို့။ ဓော၊ ဤတရား အပေါင်း၌။ ပစ္စယတောပိ၊ အကြောင်းအားဖြင့်ရင်း။ ခဏတောပိ၊ ခဏအားဖြင့်ရင်း။ ဥဒယဗ္ဗယံ၊ အဖြစ်အပျက်ကို။ ပဿတော၊ ရှုသော။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ တေ သဗ္ဗဓမ္မာ၊ ထိုအလုံးစုံသော (သစ္စာ ၄-ပါး, ပဋိစ္စသမုပ္ပါဒ်, ပဋိစ္စသမုပ္ပန္နတရား, ဧကတ္တစသော နည်း ၄-ပါး, လက္ခဏာရေး ၃-ပါး) တရားတို့သည်သာလျှင်။ ပါကဋာ၊ ထင်ရှားကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ရုပ်,နာမ် ဖြစ် ပျက်ပုံ ဥပမာ

၁၂၇၄။ ဥဒကေ၊ ရေ၌။ ဒဏ္ဍရာဇိဝ၊ လှံတံဖြင့်ပြုအပ်သော အရေးကဲ့သို့ရင်း။ အာရဂ္ဂေ၊ ပွတ်ဆောက်ဖျား၌။ သာသပေါ ဣဝ၊ ထားအပ်သော မုန်ညင်းစေ့ကဲ့သို့ရင်း။ ဝိဇ္ဇုပ္ပါဒါဝ၊ လျှပ်စစ်ပျက်ခြင်းကဲ့သို့ရင်း။ တေ ဓမ္မာ၊ ထိုရုပ်,နာမ် တရားတို့သည်။ ပရိတ္တဋ္ဌာယိနော၊ တိုသော တည်ခြင်း ရှိကုန်သည်။ သိယုံ၊ ဖြစ်ကုန်၏။

၁၂၇၅။ ဣမေ ဓမ္မာ၊ ဤရုပ်,နာမ်တရားတို့သည်။ ကဒလီသုပိနာလာတစက္ကမာယူပမာ၊ ငှက်ပျောတုံး, အိပ်မက်, ပတ်ပတ်လည်သော မီးစ,

ဣန္ဒဇာလအစရှိသော မာယာနှင့်တူကုန်သည်။ အသာရာ၊ အနှစ်မရှိကုန်သည်။ နိဿာရာ၊ အနှစ်မဲ့ကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ ယောဂိနော၊ ယောဂီပုဂ္ဂိုလ်အား။ ခါယန္တိ၊ ထင်ကုန်၏။

**အာရဒ္ဓ ဝိပဿကပုဂ္ဂိုလ် မည်ခြင်း အကြောင်း**

၁၂၇၆။ ဧဝံ၊ ဤသို့။ ဧတ္တာဝတာ၊ ဤမျှအတိုင်း အရှည်ရှိသော ဘာဝနာအစီအရင်ဖြင့်။ တေန ဘိက္ခုနာ၊ ထိုယောဂီရဟန်းသည်။ ပညာသလက္ခဏာနိ၊ ငါးဆယ်သော လက္ခဏာတို့ကို။ ပဋိဝိဇ္ဈ၊ သိ၍။ ဌိတံ၊ တည်သော။ ဥဒယဗ္ဗယဒဿနံ၊ အဖြစ်အပျက်ကို ရှုတတ်သော။

၁၂၇၇။ တရုဏံ၊ နုသော။ ပဌမံ၊ ရှေးဦးစွာသော။ ဉာဏံ၊ ဉာဏ်ကို။ အဓိဂတံ၊ ရအပ်သည်။ ဟောတိ၊ ဖြစ်၏။ ယဿ ဉာဏဿ စ၊ အကြင် ဥဒယဗ္ဗယာနုပဿနာဉာဏ်ကိုလည်း။ အဓိဂမာ၊ ရခြင်းကြောင့်။ ယောဂီ၊ ယောဂီပုဂ္ဂိုလ်သည်။ အာရဒ္ဓဝိပဿကော၊ အားထုတ်သော ဝိပဿနာရှိသော ပုဂ္ဂိုလ်သည်။ ဟောတိ၊ ဖြစ်၏။

**ဝိပဿနာညစ်ညူးကြောင်း ၁၀-ပါး**

၁၂၇၈။ အထ၊ ထိုအခါ၌။ တရုဏာယ၊ နုသော။ ဝါ၊ ယခုသာဖြစ်သော။ တဿာယ ဝိပဿနာယ၊ ဥဒယဗ္ဗယာနုပဿနာဟူသော ဤတရုဏ ဝိပဿနာဖြင့်။ ဝိပဿကဿေဝ၊ ဝိပဿနာပွါးသည် သာလျှင်ဖြစ်သော။ ယောဂိနော၊ ယောဂီပုဂ္ဂိုလ်အား။ ဒသေဝ၊ ဆယ်ပါးသာလျှင်ဖြစ်ကုန်သော။ ဣမေ ဥပက္ကိလေသာ၊ ဤညစ်ညူးစေတတ်ကုန်သော တရားတို့သည်။ ဇာယန္တေ၊ ဖြစ်ကုန်၏။

၁၂၇၉။ ဩဘာသော စ၊ ဝိပဿနာအရောင်ရောင်း။ ပီတိ စ၊ ဝိပဿနာစိတ်နှစ်ခု[1]နှင့် ယှဉ်သော ပီတိရောင်း။ ပဿဒ္ဓိ စ၊ ကိုယ်စိတ်၏ ငြိမ်းခြင်းရောင်း။ ဉာဏဉ္စ၊ ဝိပဿနာဉာဏ်ရောင်း။ အဓိမောက္ခော[2] စ၊ ဝိပဿနာစိတ်နှင့် ယှဉ်

---

၁။ (အဖြစ်ကိုရှုသောဉာဏ်နှင့် ယှဉ်သောစိတ်, အပျက်ကိုရှုသောဉာဏ်နှင့် ယှဉ်သောစိတ်ကို ရည်၍ဆိုဟန်တူသည်၊ အဋ္ဌကထာ, ဋီကာများ၌ ဝိပဿနာဟုသာ သာမညဖွင့်ဆိုကြသည်။ ရင်းဋီကာသစ်၊ဒု၊နှာ-၃၃၅)။
၂။ (သဒ္ဓါဟု ဆင့်မူ၌ ရှိသည်။)

သော သဒ္ဓါရင်း[၁]။ သတိ စ၊ သတိရင်း။ သုခဉ္စ၊ ချမ်းသာရင်း။ ဥပေက္ခာ စ၊ ဝိပဿနုပေက္ခာ, အာဝဇ္ဇနုပေက္ခာရင်း။ ဝီရိယဉ္စ၊ ဝီရိယရင်း။ နိကန္တိ စ၊ သိမ်မွေ့သောအခြင်းအရာဖြင့် ဖြစ်သောဝိပဿနာ၌ တွယ်တာငဲ့ကွက်နှစ်သက်တပ်စွန်းခြင်းရင်း။ ဣတိ၊ ဤသို့။ ဒသေဝ၊ ဆယ်ပါးသာလျှင်ဖြစ်ကုန်သော။ ဣမေ ဥပက္ကိလေသာ၊ ဤညစ်ညူးစေတတ်ကုန်သော တရားတို့သည်။ ဇာယန္တေ၊ ဖြစ်ကုန်၏။

**ဝိပဿနုပက္ကိလေသ မဖြစ်သောပုဂ္ဂိုလ်**

၁၂၈၀။ သမ္မတ္တပဋိဝေဓဿ၊ ရောက်အပ်ပြီးသော သစ္စာ ၄-ပါး, ဖိုလ်ကို ထိုးထွင်း၍သိခြင်းရှိသော။ သောတာပန္နာဒိနော ဝါ၊ သောတာပန်အစရှိသော ပုဂ္ဂိုလ်အားရင်း။ တထာ၊ ထိုမှတပါး။ ဝိပ္ပဋိပန္နဿ စ၊ သီလပျက်ခြင်း အစရှိသည်တို့၏အစွမ်းဖြင့် ပျက်သော အကျင့်ရှိသော ပုဂ္ဂိုလ်အားရင်း။ ဝါ၊ ဝိပဿနာဘာဝနာဟု ဆိုအပ်သော သမ္မာပဋိပတ်မှကင်းသော အကျင့်ရှိသောပုဂ္ဂိုလ်အားရင်း။ ဥပက္ကိလေသာ၊ ညစ်ညူးစေတတ်ကုန်သော တရားတို့သည်။ န ဇာယရေ၊ မဖြစ်ကုန်။

**ဝိပဿနုပက္ကိလေသ ဖြစ်ရာပုဂ္ဂိုလ်**

၁၂၈၁။ သမ္မာဝ၊ ဆိုအပ်ပြီးသော အစီအရင်ဖြင့် ကောင်းစွာသာလျှင်။ ပဋိပန္နဿ၊ ကျင့်သော။ ယုတ္တယောဂဿ၊ အားထုတ်သော လုံ့လဖြင့်။ ဝါ၊ ဉာဏ်ဖြင့် ဝိပဿနာကို ယှဉ်လေ့ရှိသော။ သဒါ၊ အခါခပ်သိမ်း။ ဝိပဿကဿေဝ၊ ဝိပဿနာပွားသည်သာလျှင် ဖြစ်သော။ ဘိက္ခုနော၊ ရဟန်းအား။ တေ၊ ထိုညစ်ညူးစေတတ်ကုန်သော တရားတို့သည်။ ဥပ္ပဇ္ဇန္တိ ဧဝ ကိရ၊ ဖြစ်ကုန်သည်သာ ဖြစ်သတတ်။

**ဩဘာသ**

၁၂၈၂။ ဝိပဿနာယ၊ ဝိပဿနာ၏။ ဩဘာသော၊ အရောင်ကို။ ဩဘာသောတိ၊ ဩဘာသဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။ တသ္မိံ၊ ထိုဝိပဿနာရောင်သည်။ သမုပ္ပန္နေ၊ ဖြစ်သည်ရှိသော်။ သော ယောဂါဝစရဘိက္ခု၊ ထိုယောဂါဝစရ ရဟန်းသည်။

---

၁။ (ကိလေသာ အနှောက်အယှက် အညစ်အကြေးကင်းသဖြင့် စိတ် စေတသိက်တို့၏ အလွန့်အလွန် ပြတ်ပြတ်သားသား ကြည်လင်မှုကို "သဒ္ဓါ"ဟု ဆိုသည်။ ကံ,ကံ၏ အကျိုးနှင့် ရတနာ ၃-ပါးကို ယုံကြည်မှု "သဒ္ဓါ"ကို ဤ၌ဆိုသည် မဟုတ်။ တရားကိုယ်မှာ သဒ္ဓါစေတသိက်ပင်ဖြစ်၏။ ယင်းဋီကာသစ်၊ ဒုနှာ-၃၃၇။)

၁၂၈၃။ အဟံ၊ ငါသည်။ မဂ္ဂပ္ပတ္တော၊ မဂ်သို့ရောက်သည်။ အသ္မိ၊ ဖြစ်၏။ ဖလပ္ပတ္တော၊ ဖိုလ်သို့ရောက်သည်။ အသ္မိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ အမဂ္ဂံယေဝ၊ မဂ်မဟုတ်သည်ကိုသာလျှင်။ မဂ္ဂေါတိ၊ မဂ်ဟူ၍။ ဂဏှာတိ၊ ယူ၏။ ဧဝံ၊ ဤသို့။ ဂဏှတော၊ ယူသော။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်၏။

၁၂၈၄။ ဧဝံ၊ ဤသို့။ သာ ဝိပဿနာဝီထိ၊ ထိုအစဉ်အားဖြင့်ဖြစ်သော ဝိပဿနာသည်။ ဩက္ကန္တနာမ၊ ဖဲသည်မည်သည်။ ဟောတိ၊ ဖြစ်၏။ သော ဘိက္ခု၊ ထိုရဟန်းသည်။ ဩဘာသမေဝ၊ ဝိပဿနာအရောင်ကိုသာလျှင်။ အဿာဒေန္တော၊ တဏှာဒိဋ္ဌိဖြင့် သာယာလျက်။ နိသီဒတိ၊ နေ၏။

ပီတိ ၁၂၈၅။ ဝိပဿနာ ပီတိ၊ ဝိပဿနာစိတ်နှင့် ယှဉ်သော ပီတိသည်။ ပီတိ၊ ပီတိမည်၏။ တဒါ=တသ္မိံ ခဏေ၊ ထိုခဏ၌။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ ခုဒ္ဒိကာဒိကာ၊ ခုဒ္ဒိက အစရှိကုန်သော။ ပဉ္စ ဝိဓာ၊ ငါးပါးအပြားရှိကုန်သော။ ပီတီ၊ ပီတိတို့သည်[၁]။ ဇာယန္တေ၊ ဖြစ်ကုန်၏။

ပဿဒ္ဓိ ၁၂၈၆။ ဝိပဿနာယ ပဿဒ္ဓိ၊ ဝိပဿနာပဿဒ္ဓိကို။ ပဿဒ္ဓိတိ၊ ပဿဒ္ဓိဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။ ယောဂိနော၊ ယောဂီပုဂ္ဂိုလ်၏။ ကာယစိတ္တာနိ၊ ကိုယ်စိတ်တို့သည်။ ပဿဒ္ဓါနေဝ၊ ငြိမ်းကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

လဟုတာစသည်တို့လည်း ဖြစ်ခြင်း ၁၂၈၇။ လဟူနိ စ၊ ပေါ့ကုန်သည်၎င်း။ မုဒူနေဝ စ၊ နူးညံ့ကုန်သည်၎င်း။ ကမ္မညာနေဝ စ၊ အမှု၌ ခံ့ကုန်သည်၎င်း။ ဟောန္တိ၊ ဖြစ်ကုန်၏[၂]။

---

၁။ ပီတိငါးပါး။ ။(ခုဒ္ဒိကာ ပီတိ=ကြက်သီး မွေးညင်းထရုံမျှ ပြုနိုင်သော နှစ်သက်ခြင်း။ ခဏိကာ ပီတိ=ခဏ ခဏ လျှပ်စစ်လက်သကဲ့သို့ဖြစ်သော နှစ်သက်ခြင်း။ ဩက္ကန္တိကာပီတိ=သမုဒ္ဒရာ လှိုင်းတံပိုးကဲ့သို့ သက်၍ သက်၍ ပြက်သော နှစ်သက်ခြင်း။ ဥဗ္ဗေဂါပီတိ=ကိုယ်ကို ကောင်းကင်သို့ လွင့်စေတတ်သော နှစ်သက်ခြင်း။ ဖရဏာပီတိ=ဆီထိသော ဝါဂွမ်းပမာ တကိုယ်လုံး ပြန့်နှံ့သော နှစ်သက်ခြင်း။ အဘိ၊ဋ္ဌ၊နှာ-၁၅၉။)

၂။ (ပဿဒ္ဓိလဟုတာ စသည်တို့သည် အချင်းချင်း ဖြစ်ဖော်ဖြစ်ဖက် ယှဉ်ဖော်ယှဉ်ဖက် ဖြစ်သောကြောင့် ပဿဒ္ဓိဖြစ်လျှင် ကျန် လဟုတာ, မုဒုတာ, ကမ္မညတာ, ပါဂုညတာ, ဥဇုကတာ တို့လည်း ဖြစ်ကြလေသည် ဟူလို၊ ၎င်းဋီကာသစ်၊ဒု၊နှာ-၃၃၆။ ဝိသုဒ္ဓိ၊ဋီ၊၂၊နှာ-၄၃၀။)

ပဿဒ္ဓါဒီဟိ[၁]၊ ပဿဒ္ဓိ အစရှိသည်တို့သည်။ အနုဂ္ဂဟိတမာနသော၊ ချီးမြှောက်အပ်သော စိတ်ရှိသော။ သော ဘိက္ခု၊ ထိုရဟန်းသည်။

၁၂၈၈။ အနုတ္တရံ၊ အတုမရှိသော။ အမာနုသိံ၊ လူနတ်တို့၏ ကာမချမ်းသာကို မွေ့လျော်ခြင်း ကာမသုခ ရတိမဟုတ်သော။ ရတိံ နာမ၊ မွေ့လျော်ခြင်း (ဓမ္မရတိ)မည်သည်ကို။ အနုဘောတိ၊ ခံစား၏[၂]။

ယံ၊ အကြင် အမာနုသိရတိကို ခံစားခြင်းကို။ သန္ဓာယ၊ ရည်၍။ သုညာဂါရံ ပဝိဋ္ဌဿ။ပ။ အမတံ တံ ဝိဇာနတန္တိ၊ သုညာဂါရံ ပဝိဋ္ဌဿ။ပ။ အမတံ တံ ဝိဇာနတံ [၃] ဟူ၍။ ဝါ၊ ဝိဇာနတံ ဟူကုန်သော။ ဂါထာယော၊ ဂါထာတို့ကို။ မဟေသိနာ၊ မြတ်စွာဘုရားသည်။ ဘာသိတာ ဟိ=ဘာသိတာ ဝေါဟောတော်မူအပ်ကုန်သည်သာလျှင်ကတည်း။

၁၂၈၉။ သုညာဂါရံ၊ အမှတ်မရှိ ဆိတ်ငြိမ်သော ကျောင်းသို့။ ဝါ၊ ဝိပဿနာသို့။ ပဝိဋ္ဌဿ၊ ဝင်သော။ သန္တစိတ္တဿ၊ ငြိမ်သက်သော စိတ်ရှိသော။ ဘိက္ခုနော၊ သံသရာဘေးကို ရှုလေ့ရှိသော။ သမ္မာ၊ အသင့်အားဖြင့်။ ဓမ္မံ၊ ရုပ်နာမ်တရားကို။ ဝိပဿတော၊ ရှုသောပုဂ္ဂိုလ်အား။ အမာနုသီ၊ ကောင်းစွာအားထုတ်သော ဝိပဿနာရှိသော လူတို့၏ အရာဟုတ်သည်၏ အဖြစ်ကြောင့် ဝိပဿနာအားမထုတ်သော လူတို့၏ အရာမဟုတ်သော။ ရတိ၊ ဝိပဿနာ ပီတိသုခ ဟု မှတ်အပ်သော မွေ့လျော်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

**နိဗ္ဗာန်ကိုရပြီဟုထင်ပုံ** ၁၂၉၀။ ယတော ယတော၊ အကြင်အကြင် ရုပ်နာမ်အားဖြင့်။ ခန္ဓာနံ၊ ခန္ဓာတို့၏။ ဥဒယဗ္ဗယံ၊ အဖြစ်အပျက်ကို။ သမ္မသတိ၊ သုံးသပ်၏။ တတော တတော၊

---

၁။ (ပဿဒ္ဓါဒီဟိ၌ အာဒိအရ လဟုတာ, မုဒုတာ, ကမ္မညတာ, ပါဂုညတာ ဥဇုကတာတို့ကိုယူ၊ ကာယပဿဒ္ဓိ စသည်၌လည်း ကာယအရကို ဝေဒနာစသော နာမကာယနှင့် ရူပကာယကိုယူ၊ ၎င်းဋီကာသစ်၊ဒု၊နှာ-၃၃၆။)

၂။ [ယောဂီပုဂ္ဂိုလ်မှာ ဥဒယဗ္ဗယာနုပဿနာ ဖြစ်သောအခါ ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ စသော ၆-ပါးသော အစုံတို့သည် ချီးမြှောက်အပ်သော စိတ်ရှိရကား (ယောဂီပုဂ္ဂိုလ်၏ စိတ်သည် ကာယပဿဒ္ဓိ စသည်နှင့် ယှဉ်သဖြင့်)လူနတ်တို့၏ ကာမချမ်းသာကို မွေ့လျော်မှု "ကာမသုခရတိ"ထက် လွန်မြတ်သော ဓမ္မရတိကို ခံစားရသည်ဟူလို။]

၃။ (ဓမ္မပဒ၊နှာ-၆၇။)

ထိုထို ရုပ်နာမ်အားဖြင့်။ ပီတိ ပါမောဇ္ဇံ၊ နှစ်သက်ခြင်း,ဝမ်းမြောက်ခြင်းကို။ လဘတိ၊ ရ၏။ တံ၊ ထိုပီတိ, ပါမောဇ္ဇကိုရခြင်းသည်။ ဝိဇာနတံ=ဝိဇာ-နန္တာနံ၊ ပညာရှိတို့အား။ အမတံ၊ အမြိုက်သည်။ ဝါ၊ အမြိုက်နိဗ္ဗာန်ကဲ့သို့။ ဟောတိ၊ ဖြစ်၏။

ဉာဏ်စသော ဝိပဿနာ ဉစ်ညူးကြောင်း ၇-ပါး

၁၂၉၁။ ဣဓ၊ ဤအရာ၌။ ဉာဏာဒယော၊ ဉာဏ်အစရှိကုန်သော။ ဥပက္ကိလေသာ၊ ဥပက္ကိလေသတို့ကို။ဝုတ္တနယေန၊ဆိုအပ်ပြီးသော နည်းဖြင့်။ ဧဝံ ယျာ၊ ဝိပဿနာအစွမ်းဖြင့်သာ သိအပ်ကုန်၏[၁]။

ဥပက္ကိလေသကို ကြဉ်ဖယ်

ဒသ၊ ဆယ်ပါးကုန်သော။ ဧတေ ဥပက္ကိလေသာ၊ ဤ ဥပက္ကိလေသတို့ကို။ ယောဂိနာ၊ ယောဂီပုဂ္ဂိုလ်သည်။ ဝဇ္ဇနီယာဝ၊ ကြဉ်အပ်ကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဥပက္ကိလေသ မည်ခြင်းအကြောင်း

၁၂၉၂။ ဧတ္ထ၊ ဤ ဆယ်ပါးသော တရားတို့တွင်။ ဩဘာသာဒယော၊ ဩဘာသ အစရှိကုန်သော။ ဓမ္မာ၊ တရားတို့ကို။ ဥပက္ကိလေ-သဿ၊ တဏှာ,မာန,ဒိဋ္ဌိတည်းဟူသော ဥပက္ကိလေသ၏။ ဝတ္ထုတော၊ ဖြစ်ရာအရပ် ဖြစ်သည်၏ အဖြစ်ကြောင့်။ ဥပက္ကိလေသာတိ၊ ဥပက္ကိလေသတို့ဟူ၍။ နိဒ္ဒိဋ္ဌာ၊ ပြအပ်ကုန်၏။

နိကန္တိသာ ဥပက္ကိလေသဖြစ်ခြင်း။ ။နိကန္တိ တု၊ ဘာဝနာ၌ တပ်ခြင်းသည်ကား။ ဥပက္ကိလေသာ၊ ဥပက္ကိ-လေသသည်။ ဟောတိ၊ ဖြစ်၏[၂]။

---

၁။ (ဝိပဿနာစိတ်နှင့်ယှဉ်သောဉာဏ်, သဒ္ဓါစသည်ကိုယူဟု ဆိုလိုသည်။)

၂။ (ဩဘာသစသော ဝိပဿနုပက္ကိလေသ ၁၀-ပါးတို့သည် တဏှာ, မာန, ဒိဋ္ဌိတည်းဟူသော ဥပက္ကိလေသ ၃-ပါးတို့၏ ဖြစ်ရာတည်ရာ အာရုံအကြောင်း ဝတ္ထုဖြစ်သောကြောင့် ဥပစာအားဖြင့် ဥပက္ကိလေသမည်သည်။

နိကန္တိကား ဝိပဿနာကို ညစ်ညူးစေတတ်သောကြောင့် ဥပက္ကိလေသလည်းမည်သည်၊ တဏှာ မာန ဒိဋ္ဌိ တည်းဟူသော ဥပက္ကိလေသ၏ဖြစ်ရာ အာရုံအကြောင်း ဝတ္ထုဖြစ်သောကြောင့် ဥပက္ကိလေသဝတ္ထုလည်း မည်သည်၊ ဂဋ္ဌိကာသစ်၊ဒု၊နှာ-၃၃၈-၉။)

ဘာဝနာဆုတ်ယုတ်ခြင်း　၁၂၉၃။ တံ တံ၊ ထိုထိုဩဘာသအစရှိသည်ကို။ အာဝဇ္ဇမာနဿ၊ ဒိဋ္ဌိ,မာန, တဏှာ၏
အစွမ်းဖြင့် ''ငါ၏ ဩဘာသတည်း'' ဤသို့အစရှိသော စွဲလမ်းခြင်းကို ဖြစ်စေသော ပုဂ္ဂိုလ်အား။ ဘာဝနာ၊ ဘာဝနာသည်။ ပရိဟာယတိ၊ ယုတ်၏။ အပ္ပဿုတော၊ နည်းသော အကြားအမြင်ရှိသော။ နရော၊ ယောဂီ ပုဂ္ဂိုလ်သည်။ အပ္ပတ္တော၊ မရောက်သေးသော မင်ဖိုလ်၌။ ပတ္တသညီ စ [၁]၊ ရောက်၏ဟု အမှတ်ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ　၁၂၉၄။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဩဘာသာဒယော၊ ဩဘာသ အစရှိကုန်
သော။ ဓမ္မေ၊ တရားတို့ကို။ န မဂ္ဂေါတိ၊ မဂ်မဟုတ် (လမ်းမှန်မဟုတ်) ဟူ၍။ ဝိစာရယံ=ဝိစာရယန္တော၊ စူးစမ်းဆင်ခြင်လျက်။ ဝိပဿနာဉာဏံ၊ ဝိပဿနာဉာဏ်သည်။ မဂ္ဂေါ၊ အရိယာမဂ်၏ ပုဗ္ဗဘာဂမင်တည်း လမ်းမှန် အကြောင်းတည်း။ ဣစ္စေဝံ=ဣတိဧဝံ၊ ဤသို့လျှင်။ ပဏ္ဍိတော၊ ပညာရှိ သော ယောဂီပုဂ္ဂိုလ်သည်။

၁၂၉၅-၆။ မဂ္ဂဉ္စ၊ အရိယာမဂ်၏ ပုဗ္ဗဘာဂမဂ်ကိုရှင်း။ အမဂ္ဂဉ္စ၊ အရိယာမဂ်၏ ပုဗ္ဗဘာဂမဂ် မဟုတ်သည်ကိုရှင်း။ စေတသာ၊ စိတ်ဖြင့်။ ဝဝတ္ထပေတိ၊ မှတ်၏။ ဇံ၊ ဤသို့။ အယံ၊ ဤသည်ကား။ မဂ္ဂေါ၊ မဂ်တည်း။ အယံ၊ ဤသည်ကား။ န မဂ္ဂေါ၊ မဂ်မဟုတ်။ ဣတိ၊ ဤသို့။ မဂ္ဂဉ္စ၊ မဂ်ကိုရှင်း။ အမဂ္ဂဉ္စ၊ မဂ်မဟုတ်သည်ကိုရှင်း။ ဝိညာယ၊ သိ၍။ ဌိတံ၊ တည်သော။ တဿ ယောဂိနော၊ ထို ယောဂီပုဂ္ဂိုလ်၏။ ဣဒံ ပန ဉာဏံ၊ ဤဉာဏ်ကို။ မဂ္ဂါမဂ္ဂေသု ဉာဏတ္တိ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဟူ၍။ ဘူရိဉာဏေန၊ ဟုတ်မှန်သော အနက်၌ မွေ့လျော်သော ဉာဏ်ရှိတော်မူသော မြတ်စွာ ဘုရားသည်။ ဒေသိတံ၊ ဟောတော်မူအပ်၏။

၁၂၉၇။ မဂ္ဂါမဂ္ဂဉာဏဒဿနေသု၊ မဂ္ဂါမဂ္ဂဉာဏဒဿနတို့၌။ ကောဝိဒါ၊ လိမ္မာတော်မူကုန်သော။ သာရာသာရဝေဒိနော၊ အနှစ်ရှိသည်, အနှစ်မရှိ သည်ကို သိလေ့ရှိတော်မူကုန်သော။ သမာဟိတာဟိတာ၊ သမာဓိဖြင့်

၁။ (အသတ္တေ သတ္တသညီ စ-ဟု ဆင္ဌမူ၌ရှိသည်၊ ဋီကာဟောင်းနှင့်မညီ။)

အလွန်တည်ကြည်သော စိတ်ရှိတော်မူကုန်သော။ ဝါဒိနော၊ မြတ်သော ဝါဒ ရှိတော်မူကုန်သော။ ဗုဒ္ဓါ စ၊ မြတ်စွာဘုရားတို့သည်ရင်း။ ဗုဒ္ဓသာဝကာ စ၊ မြတ်စွာဘုရားတပည့်တော်တို့သည်ရင်း။ တံ ဣဒံ ဉာဏံ၊ ထိုဉာဏ်ကို။ မဂ္ဂါ-မဂ္ဂဉာဏဒဿနန္တိ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဟူ၍။ ဝဒန္တိ၊ ဆိုတော်မူကုန်၏။

အဘိဓမ္မာဝတာရေ၊ အဘိဓမ္မာဝတာရကျမ်း၌။ မဂ္ဂါမဂ္ဂဉာဏဒဿန-ဝိသုဒ္ဓိနိဒ္ဒေသောနာမ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသမည်သော။ ဝီသတိ-မော၊ နှစ်ဆယ်တို့၏ ပြည့်ကြောင်းဖြစ်သော။ ပရိစ္ဆေဒေါ၊ အပိုင်းသည်။ ဣတိ သမတ္တော၊ ဤတွင် ပြီးပြီ။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသ ပြီး၏။

# ၂၁-ဧကဝီသတိမပရိစ္ဆေဒ

## ၂၁-ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသ

**ပဋိပဒါဉာဏဒဿနတရားကိုယ်**

၁၂၉၈။ အဋ္ဌ ဉာဏဝသေနေ၀၊ ဥဒ-ယဗ္ဗယဉာဏ်အစ သင်္ခါရုပေက္ခာဉာဏ်အဆုံးရှိသော ရှစ်ပါးသော ဉာဏ်တို့၏ အစွမ်းအားဖြင့် သာလျှင်။ သိခါပတ္တာ၊ အထွတ်အထိပ် မြတ်သောအဖြစ်သို့ ရောက်သော။ ဝိပဿနာ၊ ဝိပဿနာကိုရင်း။ နဝမံ၊ ကိုးခုတို့၏ ပြည့်ကြောင်းဖြစ်သော သစ္စာနု-လောမဉာဏ်ကိုရင်း။ ပဋိပဒါဉာဏဒဿနန္တိ၊ ပဋိပဒါဉာဏဒဿနဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

**ဉာဏ် ၈-ပါး, ၉-ပါး**

၁၂၉၉။ ဧတ္ထ၊ ဤအရာ၌။ အဋ္ဌ ဉာဏာနိ နာမ၊ ရှစ်ပါးသော ဉာဏ်မည်သည်တို့ကို။ ဝိညု-နာ၊ ပညာရှိသောသူသည်။ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏။ ဥပက္ကိလေသဝိနိ-မုတ္တံ၊ ဥပက္ကိလေသမှ လွတ်သော။ သုဝိသဒံ၊ အလွန်သန့်ရှင်းသော။

၁၃၀၀။ ဥဒယဗ္ဗယေ၊ အဖြစ်အပျက်၌။ ဉာဏဥ္စ၊ သိသောဥဒယဗ္ဗယဉာဏ်ရင်း။ ဘင်္ဂေ၊ သင်္ခါရတရားတို့၏ ပျက်ခြင်း၌။ ဉာဏဥ္စ၊ သိသောဘင်္ဂဉာဏ်ရင်း။ ဘယေ ဉာဏဥ္စ၊ ဘေးအားဖြင့် တည်ကုန်သော တေဘူမက-တရားတို့၌ ကြောက်အပ်သော အခြင်းအရာကို ယူသောဘယဉာဏ်ရင်း။ အာဒီနဝေ၊ အပြစ်ကိုရှုခြင်း၌။ ဉာဏဥ္စ၊ သိသောအာဒီနဝဉာဏ်ရင်း။တထာ၊ ထိုမှတပါး။ နိဗ္ဗိဒါ ပဿနာဉာဏဥ္စ၊ ငြီးငွေ့သော အနုပဿနာဉာဏ်ရင်း။ မုဉ္စိတုကမျတာဉာဏဥ္စ၊ လွတ်မြောက်ခြင်းငှါ အလိုရှိသောစိတ်၏။ ဝါ၊ လွတ်မြောက်ခြင်းငှါ အလိုရှိသော ပုဂ္ဂိုလ်၏ အဖြစ်တည်းဟူသောဉာဏ်ရင်း။

၁၃၀၁။ ပဋိသင်္ခါ စ၊ တဖန်ဆင်ခြင်သော အခြင်းအရာဖြင့် ဖြစ်သော ပဋိသင်္ခါဉာဏ်ရင်း။ အဋ္ဌမံ၊ ရှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော။ သင်္ခါရေ၊

သင်္ခါရတို့ကို။ ဉပေက္ခာဉာဏဥ္စ၊ လျစ်လျူရှုသောအားဖြင့် ဖြစ်သော သင်္ခါရုပေက္ခာဉာဏ်ငင်း။ ဣမာနိ အဋ္ဌ ဉာဏာနိ၊ ဤရှစ်ပါးသော ဉာဏ်တို့ကို။ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏။

နဝမံ၊ ကိုးခုတို့၏ပြည့်ကြောင်းဖြစ်သော ဉာဏ်သည်။ **သစ္စာနုလောမိကံ၊ သစ္စာနုလောမဉာဏ်မည်၏။**

**သစ္စာနုလောမဉာဏ် ရအောင် အားထုတ်ပုံ**

၁၃၀၂။ အနုလောမံ၊အနုလောမဉာဏ်ကို။သစ္စာနုလောမဉာဏန္တိ၊ သစ္စာနုလောမဉာဏ်ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။ တံ၊ သစ္စာနုလောမဉာဏ်ကို။ သမ္ပာဒေတုကာမေန၊ ပြည့်စုံစေလိုသော။ ယောဂါဝစရ ဘိက္ခုနာ၊ ယောဂါဝစရ ရဟန်းသည်။

၁၃၀၃။ တံ ဉဒယဗ္ဗယဉာဏံ၊ ထိုဥဒယဗ္ဗယဉာဏ်ကို။ အာဒိံ ကတွာ၊ အစပြု၍။ အဋ္ဌသု၊ ရှစ်ပါးကုန်သော။ ဧတေသု ဉာဏေသု၊ ဤဉာဏ်တို့၌။ ယောဂေါ၊ လုံ့လကို။ ကရဏီယော၊ ပြုအပ်၏။

၁၃၀၄။ ယထာနုက္ကမတော၊ အစဉ်အားလျော်စွာ။ အဋ္ဌသု၊ ရှစ်ပါး ကုန်သော။ တေသု ဉာဏေသု၊ ထိုဉာဏ်တို့၌။ အနိစ္စာဒိဝသေနေဝ၊ အနိစ္စ အစရှိသည်တို့၏ အစွမ်းအားဖြင့်သာလျှင်။ ယောဂံ၊ လုံ့လကို။ ကတွာ၊ ပြု၍။ ဌိတဿ၊ တည်သော။

၁၃၀၅။ အနိစ္စံ၊ အနိစ္စ။ ဒုက္ခံ၊ ဒုက္ခ။ အနတ္တာ၊ အနတ္တ။ ဣတိ၊ ဤသို့၊ သင်္ခါရေ၊ သင်္ခါရတရားတို့ကို၊ အနုပဿတော၊ အဖန်တလဲလဲရှုသော။ တဿ ယောဂိနော၊ ထို ယောဂီပုဂ္ဂိုလ်အား။ အဋ္ဌန္နံ၊ ရှစ်ပါးကုန်သော။ ဉာဏာနံ၊ ဉာဏ်တို့၏။ ဝသေန၊ အစွမ်းဖြင့်။

**ဝုဋ္ဌာနဂါမိနီဝိပဿနာ**

၁၃၀၆။ သိခါပတ္တာ၊ မြတ်သော အဖြစ်သို့ ရောက်သော။ ဝုဋ္ဌာနဂါမိနီဝိပဿနာ[၁]၊

---

၁။ (ဝုဋ္ဌာနဂါမိနီဝိပဿနာ = (ဝုဋ္ဌာန=မဂ်၊ ဂါမိနီ = သွားသော၊ ရောက်သော၊ ဝိပဿနာ=ဝိပဿနာဉာဏ်။) မဂ်သို့သွားတတ်, ရောက်တတ်သော ဝိပဿနာဉာဏ်၊ မဂ်

ဝုဋ္ဌာနဂါမိနီဝိပဿနာသည်။ ဟောတိ၊ ဖြစ်၏။ အယမေဝ၊ ဤ ဝုဋ္ဌာန-ဂါမိနီဝိပဿနာကိုပင်လျှင်။ သစ္စာနုလောမဉာဏန္တိ၊ သစ္စာနုလောမဉာဏ်ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

မဂ်စိတ်ဖြစ်ရန် အားထုတ်ပုံ

၁၃၀၇။ တံ သင်္ခါရုပေက္ခာဉာဏံ၊ ထိုသင်္ခါရုပေက္ခာဉာဏ်ကို။ အာသေဝန္တဿ၊ အဖန်တလဲလဲ သုံးသပ်ခြင်း၏ အစွမ်းအားဖြင့် မှီဝဲသော။ တဿ ယောဂိနော၊ ထိုယောဂီပုဂ္ဂိုလ်အား။ ဣဒါနိ၊ ယခုအခါ၌။ မဂ္ဂေါ၊ မဂ်သည်။ သမုပ္ပဇ္ဇိဿတီတိ၊ ဖြစ်လတ္တံ့ဟူ၍။

၁၃၀၈။ သာ သင်္ခါရုပေက္ခာ၊ ထိုသင်္ခါရုပေက္ခာသည်။ သင်္ခါရေ၊ သင်္ခါရတရားတို့ကို။ အနိစ္စာတိ ဝါ၊ အနိစ္စတို့ဟူ၍ရင်း။ တထာ၊ ထို့မှတပါး၊ ဒုက္ခာတိ ဝါ၊ ဒုက္ခတို့ဟူ၍ရင်း။ သမ္မသိတွာ၊ သုံးသပ်၍။ ပုန၊ တဖန်။ ဘဝင်္ဂံ၊ ဘဝင်သို့။ ဝေါတရတေဝ၊ သက်သည်သာလျှင်ကတည်း။

၁၃၀၉။ ဘဝင်္ဂါနန္တရံ၊ ဘဝင်၏အခြားမဲ့၌။ သင်္ခါရုပေက္ခာဂတန-ယေန၊ သင်္ခါရုပေက္ခာသည် အာရုံပြုသောနည်းဖြင့်။ အနိစ္စာဒိဝသေနေဝ၊ အနိစ္စအစရှိသည်တို့၏ အစွမ်းဖြင့်သာလျှင်။ သင်္ခါရေ၊ သင်္ခါရတရားတို့ကို၊ ဂေါစရံ၊ အာရုံကို။

---

အထိသွားသောဉာဏ်၊ မဂ်နှင့်စပ်သောဉာဏ်၊ (မဂ်၏ ရှေ့အဘို့၌ ဖြစ်သောဉာဏ်, မဂ်သို့ ရောက်ကြောင်းဖြစ်သောဉာဏ်ဟုလည်း ဆိုကြသည်။)

အပါယ်ဘေးစသည်မှရင်း, သင်္ခါရနိမိတ်မှရင်း ထမြောက်ခြင်းကြောင့် မဂ်ကို"ဝုဋ္ဌာန" ဟု ခေါ်သည်။ ဋီကာကျော်၊နှာ-၂၇၃။

တနည်း—ဗဟိဒ္ဓနိမိတ်ဖြစ်သော နှလုံးသွင်းအပ်သည့် မိမိ, သူတပါးသန္တာန်၌ဖြစ်သော ခန္ဓာ ၅-ပါး၊ အဇ္ဈတ္တ ပဝတ္တဖြစ်သော မိစ္ဆာဒိဋ္ဌိ, ယင်းနောက်လိုက်ကိလေသာ, ထိုကိလေသာ တို့ကို အာရုံပြုသော အနာဂတ်လောကီခန္ဓာ ၅-ပါးတို့မှ ထမြောက်ခြင်းကြောင့် မဂ်ကို ဝုဋ္ဌာနဟုဆိုသည်။ ရင်းဋီကာသစ်၊ဒု၊နှာ-၃၄၃။

ဤ၌ ထမြောက်ခြင်းဟူသည် အဇ္ဈတ္တ ဗဟိဒ္ဓဖြစ်သော ခန္ဓာ ၅-ပါးကို အာရုံမပြုခြင်း, နောင်အနာဂတ်၌ မဖြစ်ပေါ်စေခြင်းကိုဆိုသည်။ ဝိသုဒ္ဓိ၊ဋီ၊၂၊နှာ-၄၆၉။

ယင်း ဝုဋ္ဌာနမည်သောမဂ်သို့ သွားတတ် ရောက်တတ်သော ဝိပဿနာဉာဏ်ကို ဝုဋ္ဌာနဂါမိနီဝိပဿနာဟု ခေါ်ဆိုသည်။)

၁၃၁၀။ ကုရုမာနံ၊ ပြုလျက်။ မနောဒွါရေ အာဝဇ္ဇနံ၊ မနောဒွါရာဝဇ္ဇန်းသည်။ ဇာယတိ၊ ဖြစ်၏။ တတော၊ ထိုနောင်မှ။ ဘဝင်္ဂဝဋ္ဋနံ၊ ဘဝင်၏လည်ခြင်းကို။ (ဘဝင်္ဂဝဋ္ဋနံရှိက၊ ဘဝင်၏နှစ်ခြင်းကိုပေး) ကတွာ၊ ပြု၍။ ဇာတဿ၊ ဖြစ်သော မနောဒွါရာဝဇ္ဇန်း၏။ အနန္တရံ၊ အခြားမဲ့၌။

ပရိကမ်[1] ၁၃၁၁။ သင်္ခါရေ၊ သင်္ခါရတရားတို့ကို။ ဂေါစရံ၊ အာရုံကို။ ကတွာ၊ ပြု၍။ ပဌမံ ဇဝနမာနသံ၊ ရှေးဦးစွာသော ဇောစိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တံ စိတ္တံ၊ ထိုရှေးဦးစွာသော ဇောစိတ်ကို။ ပရိကမ္မန္တိ[1]၊ ပရိကမ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဥပစာ ၁၃၁၂။ တဒနန္တရမေဝ၊ ထိုပဌမဇောစိတ်၏ အခြားမဲ့၌သာလျှင်။ ပုန၊ တဖန်၊ အညံ၊ တပါးသော။ သင်္ခါရရမ္မဏံ၊

---

၁။ (မဂ္ဂဝီထိ၌ ပါသော ပရိကံ, ဥပစာ, အနုလုံဇောများသည် အနုလောမဉာဏ်ပင် ဖြစ်သည်။

ယင်းတို့သည် မဂ်ရတော့မည့်ဆဲဆဲ အခြေအနေသို့ရောက်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်ကာမဇောများပင် ဖြစ်သည်။ မဂ်ရမည့်လောက်အောင် ရင့်ကျက်ပြီဖြစ်၍ မိမိအမည်ရင်းပျောက်ပြီးလျှင်-ပရိကံ-ဥပစာ-အနုလုံဟူသော အမည်ထူးများ ရခြင်း ဖြစ်သည်။

ယင်းသို့ အမည်ထူးရခြင်း အကြောင်းမှာ—မဂ်အပ္ပနာကို ပြုစီမံတတ်သောကြောင့်ရင်း, မဂ်အပ္ပနာ ဖြစ်ပေါ်လာအောင် ပြုသုပ်တတ်သောကြောင့်ရင်း ပရိကမ်မည်သည်၊ (ပရိကမ္မ=ပြုစီမံခြင်း၊ ဝါ-ပရိ=ထက်ဝန်းကျင်၊ ဝါ။ ကြိုတင်၍+ကမ္မ=ပြုလုပ်ခြင်း။)

မဂ်အပ္ပနာ၏ အနီး၌ဖြစ်သောကြောင့် ဥပစာရမည်သည်၊ (ဥပ=အနီး၊ စာရ=ဖြစ်ခြင်း)။

မဂ်အပ္ပနာသို့ရောက်ရန် ဆီလျော်သောကြောင့် အနုလုံမည်သည်၊ (အနုလောမ=ဆီလျော်ခြင်း)။

ယင်း ပရိကံ ဥပစာ အနုလုံ ကိစ္စတပ်သော မဟာကုသိုလ်ဉာဏ သမ္ပယုတ် ကာမဇော ၄ ခု၌ရှိသော ဉာဏ်သည် အောက်ဥဒယဗ္ဗယစသော ဉာဏ် ၈-ပါးအားရင်း, ဤဉာဏ်မှတဆင့်တက်လျှင် မဂ်သို့ရောက်တော့မည်ဖြစ်၍ မဂ်၌ ရလတ္တံ့သော ဗောဓိပက္ခိယတရားအားရင်း လျော်သောကြောင့် အနုလောမဉာဏ် မည်သည်။

ယင်း အနုလောမဉာဏ်သည် တေဘူမက သင်္ခါရတရားကို အာရုံပြုသည်။

ယင်း အနုလောမဉာဏ်ကိုပင် သစ္စာနုလောမဉာဏ်ဟုလည်း ခေါ်ဆိုသည်။)

သင်္ခါရအာရုံရှိသော။ ဒုတိယံ ဇဝနံ၊ ဒုတိယဇော သည်။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုဒုတိယဇောကို။ ဥပစာရန္တိ၊ ဥပစာရဟူ၍။ မတံ၊ သိအပ်၏။

အနုလုံ　၁၃၁၃။ တဒနန္တရံ၊ ထိုဒုတိယဇော၏ အခြားမဲ့၌။ တထာ၊ ထို့အတူ။ သင်္ခါရဂေါစရံ၊ သင်္ခါရအာရုံရှိသော။ အနုလောမန္တိ သညိတံ၊ အနုလောမဟူသော အမည်ရှိသော။ တံ တတိယံ ဇဝနစိတ္တံ၊ ထိုတတိယဇောစိတ်သည်။ ဟောတိ၊ ဖြစ်၏။

သစ္စာနုလောမဉာဏ် မည်ခြင်းအကြောင်း　၁၃၁၄။ ပုရိမာနံ၊ ရှေး၌ဖြစ်ကုန်သော။ အဋ္ဌန္နံ၊ ရှစ်ပါးကုန်သော။ ဉာဏာနံ၊ ဉာဏ်တို့အား။ အနုလောမတော စ၊ လျော်သည်၏အဖြစ်ကြောင့်ရင်း။ ဥဒ္ဓံ၊ အထက်၌။ ဗောဓိပက္ခိယမ္မာနံ၊ ဗောဓိပက္ခိယတရားတို့အား။ အနုလောမတော စ၊ လျော်သည်၏အဖြစ်ကြောင့်ရင်း။

၁၃၁၅-၆။ တေနေဝ၊ ထို့ကြောင့်သာလျှင်။ တံ၊ ထိုအနုလောမဉာဏ်ကို။ သစ္စာနုလောမဉာဏံ၊ သစ္စာနုလောမဉာဏ်ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။ ဣဒံ ပန သစ္စာနုလောမဉာဏံ၊ ဤသစ္စာနုလောမဉာဏ်ကို။ ဝုဋ္ဌာနဂါမိနိယာ၊ သင်္ခါရအာရုံရှိသော ဝုဋ္ဌာနဂါမိနီဝိပဿနာ၏။ ပရိယောသာနန္တိ၊ အဆုံးဟူ၍။ မဟေသိနာ၊ မြတ်စွာဘုရားသည်။ ဘာသိတံ၊ ဟောတော်မူအပ်၏။

ဂေါတြဘု၊ ဂေါတြဘူကို။ သမ္ဗုပ္ပကာရေန၊ ခပ်သိမ်းသော အပြားအားဖြင့်။ ပရိယောသာနန္တိ၊ အဆုံးဟူ၍။ ဥေ ယျံ၊ သိအပ်၏။

၁၃၁၇။ ဣတိ၊ ဤသို့။ အနေကေဟိ၊ များစွာကုန်သော။ နာမေဟိ၊ အမည်တို့ဖြင့်။ မဟေသိနာ၊ မြတ်စွာဘုရားသည်။ ကိတ္တိတာ၊ ချီးမွမ်းတော်မူအပ်သော။ သန္တာ၊ ငြိမ်သက်သော။ ပရိသုဒ္ဓါ၊ စင်ကြယ်သော။ ယာ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၊ အကြင်ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည်။ အတ္ထိ၊ ရှိ၏။

၁၃၁၈။ မဟတ္ထယာ၊ ကြီးသော ဘေးရှိသော။ သံသာရဒုက္ခပင်္ကာ၊ သံသရာဆင်းရဲတည်းဟူသော ညွန်မှ။ ဝုဋ္ဌာတုကာမော၊ ထခြင်းငှါ အလိုရှိသော။ ပဏ္ဍိတဇာတိကော၊ ပညာရှိသော သဘောရှိသော ရဟန်းသည်။

တတ္ထ၊ ထိုဝုဋ္ဌာနဂါမိနီ ဝိပဿနာ၌။ သတတံ၊ အမြဲ။ ယောဂံ၊ ဘာဝနာကို။ ဝါ။ ဘာဝနာ၌ယှဉ်ခြင်းကို။ ကရေယျ၊ ပြုရာ၏။

အဘိဓမ္မာဝတာရေ၊ အဘိဓမ္မာဝတာရကျမ်း၌။ ပဋိပဒါဉာဏဒဿန-ဝိသုဒ္ဓိနိဒ္ဒေသော နာမ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသမည်သော။ ကေ-ဝီသတိမော၊ နှစ်ဆဲ့တခုတို့၏ ပြည့်ကြောင်းဖြစ်သော။ ပရိစ္ဆေဒေါ၊ အပိုင်းသည်။ ဋ္ဌိတော သမတ္တော၊ ဤတွင် ပြီးပြီ။

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသ ပြီး၏။

# ၂၂-ဗာဝီသတိမပရိစ္ဆေဒ

## ၂၂·ဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသ

**ဂေါတြဘူသည်** **အဗ္ဗောဟာရိကဉာဏ်သာ**

၁၃၁၉။ ဣတော၊ ဤသစ္စာနုလောမဉာဏ်မှ။ ပရံ၊ နောက်၌။ ဘိက္ခုဿ၊ ရဟန်းအား။ ဂေါတြဘုမာနသံ၊ ဂေါတြဘူစိတ်သည်။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုဂေါတြဘူစိတ်သည်။ မဂ္ဂစိတ္တဿ၊ မဂ်စိတ်၏။ အာဝဇ္ဇနိယဋ္ဌာနတ္တာ၊ အာဝဇ္ဇန်းအရာ၌ တည်သည်၏ အဖြစ်ကြောင့်။

၁၃၂၀။ ပဋိပဒါဉာဏဒဿနံ ဝါ၊ ပဋိပဒါဉာဏဒဿနသို့လည်း။ ကုဒါ-စနံ၊ တရံတဆစ်မျှ။ န စ ဘဇတေ၊ မဝင်။ တထေဝ စ၊ ထို့အတူလျှင်။ ဉာဏဒဿနသုဒ္ဓိံ ဝါ၊ ဉာဏဒဿနဝိသုဒ္ဓိသို့လည်း။ ကုဒါစနံ၊ တရံတဆစ်မျှ။ န စ ဘဇတေ၊ မဝင်။

၁၃၂၁။ တံ ဧတံ၊ ထိုဂေါတြဘူသည်။ ဥဘိန္နံ၊ နှစ်ပါးကုန်သော ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ, ဉာဏဒဿနဝိသုဒ္ဓိတို့၏။ အန္တရာ၊ အကြား၌။ အဗ္ဗောဟာရိကမေဝ၊ မခေါ်ဝေါ်လောက်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဝိပဿနာယ၊ ဝိပဿနာ၏။ သောတသ္မိံ၊ အယဉ်၌။ ပတိတတ္တာ၊ ကျသည်၏ အဖြစ်ကြောင့်။ ဝိပဿနာ၊ ဝိပဿနာဟူ၍။ ဝေါဟရိတဗ္ဗာ၊ ခေါ်ဝေါ်အပ်၏[၁]။ (ထည့်)

**ဂေါတြဘူမည်ပုံ**

၁၃၂၂။ ပုထုဇ္ဇနိကဂေါတ္တံ၊ ပုထုဇဉ်အနွယ်ကို။ အဘိ-ဘုယျ၊ နှိပ်စက်၍။ ပဝတ္တိတော၊ ဖြစ်ခြင်း

---

၁။ (ဂေါတြဘူဉာဏ်သည် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ, ဉာဏဒဿနဝိသုဒ္ဓိ ဤ၂-ပါး၏ အကြား၌ ဖြစ်သည်၊ ဂေါတြဘူဉာဏ်သည်-လက္ခဏာရေး ၃-ပါးဖြင့် သင်္ခါရတရားတို့ကို မသုံးသပ်ခြင်းကြောင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ မမည်နိုင်၊ နိဗ္ဗာန်ကို အာရုံပြုသော်လည်း ကိလေသာကို မကုန်စေနိုင်သောကြောင့် ဉာဏဒဿနဝိသုဒ္ဓိလည်း မမည်နိုင်၊ ထိုဉာဏ် ၂-ပါးတို့၏ အလယ်၌ မည်သည့်ဉာဏ်ဟု အတိအကျ အမည်နာမဖြင့် မခေါ်ဆိုနိုင်သဖြင့် အဗ္ဗောဟာရိကဉာဏ်ဟူ၍သာ ခေါ်ဆိုရခြင်း ဖြစ်သည်၊ သို့သော် ဝုဋ္ဌာနဂါမိနီဝိပဿနာ၏ အဆုံးဖြစ်သော ဝိပဿနာအယဉ်၌ ကျသောကြောင့် ဝိပဿနာဟူ၍ ခေါ်ဆိုအပ်သည်၊ ရင်းဋီကာ သစ်၊ဒု၊နှာ-၄၇၃။ဝိသုဒ္ဓိ၊ဋီ၊၂၊နှာ-၄၃၈။)

ကြောင့်။ ဂေါတြဘု၊ ဂေါတြဘူမည်၏။ ဝါ၊ တနည်းကား။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ဂေါတ္တံဂေါတ္တဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တတော ဂေါတ္တတော၊ ထိုအာရမ္မဏ ပစ္စည်းဖြစ်သော နိဗ္ဗာန်ကြောင့်။ ဘဝတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဂေါတြဘု၊ ဂေါတြဘူမည်၏။

**မဂ်ဉာဏ်သာ ဉာဏဒဿနဝိသုဒ္ဓိ** ၁၃၂၃။ စတုသု မဂ္ဂေသု၊ လေးပါးသော မဂ်တို့၌။ ဉာဏံ၊ ဉာဏ်သည်။ ဉာဏဒဿနသုဒ္ဓိကံ၊ ဉာဏဒဿနဝိသုဒ္ဓိမည်၏။

**ပထမမဂ်ဉာဏ်=သောတာပတ္တိမဂ်ဉာဏ်**

တတ္ထ၊ ထိုလေးပါးသောမဂ်တို့တွင်။ တံ ပဌမံ မဂ္ဂံ၊ ထိုရှေးဦးစွာသော မဂ်ကို။ သမ္ပာဒေတုံ၊ ပြည့်စုံစေခြင်းငှါ။ ဣစ္ဆတာ=ဣစ္ဆန္တေန၊ အလိုရှိသော။

၁၃၂၄။ တေန ဘိက္ခုနာ၊ ထိုရဟန်းသည်။ ကိဉ္စိပိ၊ တစုံတခုလည်း ဖြစ်သော။ အညံ၊ တပါးသော။ ယံ၊ အကြင်ကိစ္စကို။ ကာတဗ္ဗံ၊ ပြုအပ်၏။ တံ၊ ထိုကိစ္စသည်။ နတ္ထိ၊ မရှိ။ ဟိ=ယသ္မာ၊ အကြင့်ကြောင့်။ တေန ဘိက္ခုနာ၊ ထိုရဟန်းသည်။ ယံ၊ အကြင်ကိစ္စကို။ ကာတဗ္ဗံ၊ ပြုအပ်သည်။ သိယာ၊ ဖြစ်ရာ၏။ တံ၊ ထိုကိစ္စကို၊ ကတမေဝ၊ ပြုအပ်ပြီးသည်သာလျှင် ကတည်း။ တသ္မာ၊ ထို့ကြောင့်။ နတ္ထိ၊ မရှိ။

၁၃၂၅။ ဟိ=သစ္စံ၊ မှန်၏။ အနုလောမာဝသာနံ၊ အနုလောမဉာဏ် အဆုံးရှိသော။ သူရံ၊ ရဲရင့်သော။ တိက္ခံ၊ထက်သော။ ဝိပဿနံ၊ ဝိပဿနာကို။ ဥပ္ပါဒေန္တေန၊ ဖြစ်စေသဖြင့်။ တံ သဗ္ဗံ၊ ထိုအလုံးစုံသောကိစ္စကို။ ယောဂိနာ၊ ယောဂီပုဂ္ဂိုလ်သည်။ ကတမေဝ၊ ပြုအပ်ပြီးသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

**ဂေါတြဘူဖြစ်ပုံ** ၁၃၂၆။ တဿာနုလောမဉာဏဿ၊ ထို အနုလောမ ဉာဏ်၏။ အန္တေ တု၊ အဆုံး၌လျှင်။ အနိမိတ္တကံ၊ အလုံးစုံသော နိမိတ်အာရုံမရှိသော။ ဝိသင်္ခါရံ၊ ပြုပြင်ခြင်း ကင်းသော။ နိရောဓံ၊ သင်္ခါရတို့၏ ချုပ်ရာဖြစ်သော။ နိဗ္ဗာနံ၊ ဝါနမည်သော တဏှာမှ ထွက်မြောက်တတ်သော။ အမတံ ပဒံ၊ အမြိုက်နိဗ္ဗာန်ကို။

၁၃၂၇။ ဂေါစရံ၊ အာရုံကို။ ကုရုမာနံ၊ ပြုလျက်။ တံ၊ ထိုဂေါတြဘူသည်။ နိဗ္ဗာနာရမ္မဏေ၊ နိဗ္ဗာန်တည်းဟူသော အာရုံ၌။ ပဌမာဝဇ္ဇ-

နဋ္ဌေ၀=ပဌမာဝဋ္ဋနံ ဣဝ၊ ရှေးဦးစွာသော အာဝဋ္ဋန်းကဲ့သို့ရင်း။ ပဌမာ-ဘောဂတာ=ပဌမအာဘောဂေါ ဣဝ ပိ စ၊ ရှေးဦးစွာသော နှလုံးသွင်းခြင်းကဲ့သို့ရင်း။ ဟောတိ၊ ဖြစ်၏။

၁၃၂၈။ တတော၊ ထိုနောက်မှ။ အနန္တရာဒီဟိ၊ အနန္တရ အစရှိကုန်သော။ ဆဟိ၊ ခြောက်ပါး[၁] ကုန်သော။ ပစ္စယေဟိ၊ ပစ္စည်းတို့ဖြင့်။ တဿ မဂ္ဂဿ၊ ထိုမဂ်အား။ ပစ္စယဘာဝဥ္စ၊ ကျေးဇူးပြုသည်၏ အဖြစ်ကိုလည်း။ သာဓယန္တံ၊ ပြီးစေလျက်။

၁၃၂၉။ သိခါပ္ပတ္တာယ၊ ထွတ်မြတ်သောအဖြစ်သို့ရောက်သော။ တာယ ဝိပဿနာယ၊ ထိုဝိပဿနာ၏။ မုဒ္ဓမ္ဘိ၊ အထွတ်အမြတ်လည်း ဖြစ်သော။ တံ အာရမ္မဏံ၊ ထိုသင်္ခါရအာရုံကို။ အနာဝဋ္ဋံ[၂]၊ နောက်၌ မဖြစ်စေသည်ကို ပြု၍။ ဂေါတြဘု၊ ဂေါတြဘူသည်။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

၁၃၃၀။ ဧကေနာ’ဝဇ္ဇနေနေဝ၊ တချက်သော အာဝဇ္ဇန်းဖြင့်သာလျှင်။ ဧကိဿာယေဝ ဝီထိယာ၊ တခုသော ဝီထိ၌သာလျှင်။ အနုလောမဂေါတြ-ဘုစေတသံ၊ အနုလုံ ဂေါတြဘူစိတ်တို့၏။ နာနာရမ္မဏတာ၊ အထူးထူးသော အာရုံရှိသည်၏ အဖြစ်ကို။ ဝုတ္တာ၊ ဆိုအပ်၏[၃]။

၁၃၃၁။ တံ၊ ထိုဂေါတြဘူသည်။ အနာဝဇ္ဇနမ္ပိ စ၊ အာဝဇ္ဇန်း မဖြစ်သော်လည်း။ အာဝဇ္ဇနဋ္ဌာနေ၊ အာဝဇ္ဇန်းအရာ၌။ ဌတွာ၊ တည်၍။ မဂ္ဂဿ၊ မဂ်အား။ သညံ၊ ဤသို့ ဖြစ်လော့ဟု အမှတ်ကို။ ဒတွာ ဝိယ၊ ပေးသကဲ့သို့။ တံ၊ ထိုဂေါတြဘူသည်။ နိရုဇ္ဈတိ၊ ချုပ်၏။

မဂ်စိတ်　၁၃၃၂။ မဂ္ဂေါပိ၊ မဂ်သည်လည်း။ တေန၊ ထိုဂေါတြဘူသည်။ ဒိန္နံ၊ ပေးအပ်သော။ တံ သညိတံ၊ ထိုအမှတ်ကို။

---

၁။ (အနန္တ, သမနန္တရ, ဥပနိဿယ, အာသေဝန,နတ္ထိ, ဝိဂတ၊ ပေါင်း ၆·ပါး။)

၂။ (အနာဝတ္တံ ဟု ဆင္ဆမူ၌ ရှိသည်၊ ကေန္တိကတာယ ကေဝါရမေဝ စ ဥပ္ပဇ္ဇနတော ပုနရာဝတ္တာဘာဝေန ပန အနာဝတ္တံ ဟူသော (ဇင်းဋီသစ်၊ဒု၊နှာ-၃၄၇) ပါဌ်ကို ထောက်၍ အနာဝတ္တံသာ ယုတ္တတရ ဖြစ်သည်။)

၃။ (အနုလုံသည် တေဘုမ္မက သင်္ခါရတရားကို အာရုံပြုသည်၊ ဂေါတြဘူစိတ်သည် နိဗ္ဗာန်ကို အာရုံပြုသည်၊ ဤသို့ ထူးသည်။)

အမုဋ္ဌိတ္တာ၀၊ မလွတ်မူ၍သာလျှင်။ တံ ဉာဏံ၊ ထိုဂေါတြဘူသို့။ အနု-ဗန္ဓန္တေ၁၊ အစဉ်လိုက်လျက်။ တဒနန္တရံ၊ ထိုဂေါတြဘူ၏ အခြားမဲ့၌။ ဇာယတေ၊ ဖြစ်၏။

မဂ်ကိစ္စများ ၁၃၃၃။ ကဒါစိ ပိ၊ တရံတခါ၌လည်း။ သော=သော မဂ္ဂေါ၊ ဤမဂ်သည်။ အနိဗ္ဗိဒ္ဓပုဗ္ဗံ၊ မဖောက်ထွင်း ဘူးသော။ တံ လောဘက္ခံ၊ ထိုလောဘကိုရင်း။ ဒေါသက္ခံ၊ ဒေါသကိုရင်း။ မောဟက္ခံ၊ မောဟကိုရင်း။ ဝိဒ္ဓံသေန္တော၀၊ ဖျက်ဆီးလျက်သာလျှင်။ ဇာယတိ၊ ဖြစ်၏[၁]။

၁၃၃၄။ ကေဝလံ၊ သက်သက်။ အယံ မဂ္ဂေါ၊ ဤမဂ်သည်။ ဒေါသ-နာသနမေဝ စ၊ လောဘအစရှိသောအပြစ်ကို ဖျက်ဆီးခြင်းကိုသာလျှင်။ ကရောတိ၊ ပြုသည်ကား။ န၊ မဟုတ်။ အထ ခေါ၊ စင်စစ်သော်ကား။ အပါယဒွါရာနိပိ၊ အပါယ်တံခါးတို့ကိုလည်း။ ပိဓေတိ စ၊ ပိတ်လည်း ပိတ်၏။

၁၃၃၅။ အပါရံ၊ ကမ်းမရှိသော။ အတိဃောရံ၊ အလွန်ကြောက်မက် ဖွယ်ရှိသော။ အနမတဂ္ဂသံသာရဝဋ္ဋဒုက္ခမဟောဒဓိံ စ၊ အဋ္ဌမဘာဝမှစ၍ ဖြစ်လတ္တံ့သော မသိအပ်သော အစရှိသောသံသရာဝဋ်ဆင်းရဲတည်းဟူသော မဟာသမုဒ္ဒြာကိုလည်း။ အသေသတော၊ အကြွင်းမရှိသောအားဖြင့်။ သောသေတိ စ၊ ခန်းခြောက်လည်း ခန်းခြောက်စေ၏။

---

၁။ (လေးသမားတဦးသည် မျက်နှာကို အဝတ်စည်းလျက် လေးကိုပစ်ရန် ရပ်တည် နေလေသည်။

တဦးသော ယောကျ်ားသည် လေးသမား၏ ရှေ့တည့်တည့် လေးသမားနှင့် ဂ-ဥသဘမျှ ဝေးသောအရပ်၌ ပျဉ်ချပ်တရာကို ထားလေသည်၊ ထိုသူသည် လေးသမားကို မြားပစ်ရန် ဒုတ်ဖြင့် အချက်ပေးလေသည်။

လေးသမားသည် ထိုသူပေးသော ဒုတ်ချက်အမှတ်ဖြင့် ပျဉ်ချပ်တရာကို ထုတ်ချင်းထွင်း အောင် ပစ်လေသည်။

ထိုစကားရပ်၌ ဒုတ်ချက် အမှတ်ပေးသူနှင့် ဂေါတြဘူဉာဏ် တူသည်၊ လေးသမားနှင့် မဂ်ဉာဏ်တူသည်၊ လေးသမားသည် ဒုတ်ချက်အမှတ်ကို မလွတ်ပဲ ဒုတ်ချက်အမှတ်ဖြင့် ပျဉ်ချပ်တရာကို ဖောက်ထွင်းနိုင်ခြင်းနှင့် မဂ်ဉာဏ်သည် ဂေါတြဘူပေးသော အမှတ်သညာကို မလွတ်ပဲ နိဗ္ဗာန်ကို အာရုံပြု၍ မဖောက်ထွင်းဘူးသေးသော လောဘ ဒေါသ မောဟ ခန္ဓာ တို့ကို ဖျက်ဆီးဖောက်ထွင်းနိုင်ခြင်းသည် တူ၏ဟူလို၊ ဋီကာသစ်၊ဒု၊နှာ-၃၄၇။)

၁၃၃၆။ အဋ္ဌင်္ဂ၊ ရှစ်ပါးသောအင်္ဂါရှိသော။ မိစ္ဆာမဂ္ဂံ၊ မိစ္ဆာမဂ်ကို။ ဇျာယမာနော၀၊ ဖျက်ဆီးလျက်သာလျှင်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏[၁]။ ဧတ္တာ၊ ဤသံသရာ၌။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဝေရဘယာနိ၊ ပါဏာတိပါတ အစရှိသော ငါးပါးသောရန်,နှစ်ဆဲ့ငါးပါးသော ဘေးကြီးတို့ကို။ နိစ္စံ၊ အမြဲ။ ဝူပသမေတိ စ၊ ငြိမ်းလည်း ငြိမ်းစေ၏။

၁၃၃၇။ နရံ၊ ယောဂီပုဂ္ဂိုလ်ကို။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဩရသ-ပုတ္တတ္တံ၊ ရင်၌ဖြစ်သော သားတော်၏ အဖြစ်သို့။ ဥပနေတိ၊ ဆောင်၏။ ယောဂိနော၊ ယောဂီပုဂ္ဂိုလ်အား။ အနေကေပိ၊ များစွာလည်း ဖြစ်ကုန်သော။ အာနိသံသေ၊ အာနိသင်တို့ကို။ ပဝတ္တယတိ၊ ဖြစ်စေ၏။

၁၃၃၈။ အနေကေသံ၊ များစွာကုန်သော။ အာနိသံသာနံ၊ ရတနာ ၃-ပါး၌ သက်ဝင်ယုံကြည်မှု အစရှိသော အာနိသင်တို့ကို။ ဒါယကေန၊ ပေးတတ်သော။ အနေန အာဒိမဂ္ဂေန၊ ဤရှေးဦးစွာသော သောတာပတ္တိမဂ်နှင့်။ သံယုတ္တံ၊ ယှဉ်သော။ တံ ဉာဏံ၊ ထိုဉာဏ်သည်။ ဉာဏဒဿနံ၊ ဉာဏဒဿနမည်၏။

ပဌမမဂ္ဂဉာဏံ၊ ပဌမမဂ်ဉာဏ်သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

---

ဖိုလ်စိတ်ဖြစ်ပုံ　၁၃၃၉။ တဿ၊ ထိုပဌမမဂ်ဉာဏ်၏။ အနန္တရံ ဝေ၊ အခြားမဲ့၌သာလျှင်။ တဿ၊ ထိုပဌမမဂ်၏။ ဝိပါကာ၊ အကျိုးဖြစ်ကုန်သော။ ဒွေပိ ဝါ၊ နှစ်ကြိမ်လည်းဖြစ်ကုန်သော။ တီဏိ ဝါ၊ သုံးကြိမ်လည်း ဖြစ်ကုန်သော။ ဖလစိတ္တာနိ၊ ဖိုလ်စိတ်တို့သည်။ ဇာယန္တေ၊ ဖြစ်ကုန်၏။ တတော၊ ထို နှစ်ကြိမ် သုံးကြိမ်ထက်။ ပရံ၊ အလွန်။ န ဇာယန္တေ၊ မဖြစ်ကုန်။

ကေစိဝါဒ　၁၃၄၀။ ကေစိ၊ အချို့သော ဆရာတို့သည်။ ကေဠ္ဌ၊ တကြိမ် ရင်း။ ဒွေ၊ နှစ်ကြိမ်တို့ရင်း။ တီဏိ၊ သုံးကြိမ်တို့ရင်း။ စတ္တာရိ၊ လေးကြိမ်တို့ရင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဝဒန္တိ၊

၁။ (ဆင္ဂမှူ၌ "မိစ္ဆာမဂ္ဂံ ပနဋ္ဌင်္ဂ၊ ဇာယမာနော စ ဥဇ္ဈတိ"ဟု ရှိသည်၊ ယင်းအလို သော်-အဋ္ဌင်္ဂ၊ အင်္ဂါ ၈-ပါးရှိသော အရိယမဂ်ကို။ ဇာယမာနော၊ ဖြစ်စေလျက်။ မိစ္ဆာမဂ္ဂံ၊ မိစ္ဆာမဂ်ကို။ ဥဇ္ဈတိ စ၊ ဖြတ်လည်းဖြတ်၏။ဟု အနက်ပေးလေ။)

ဆိုကုန်၏။ တေ၊ ထိုကေစိဆရာတို့သည်။ အဇာနိတွာ၊ မသိကုန်၍။ ယသ္မာ၊ အကြင့်ကြောင့်။ ဝဒန္တိ၊ ဆိုကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တေံ၊ ထိုကေစိဆရာတို့၏ စကားကို။ န ပန ဂဟေတဗ္ဗံ၊ မယူအပ်။

## ကေစိဝါဒ မသင့်ခြင်း အကြောင်း

ဖိုလ်စိတ် ၃-ကြိမ် ဖြစ်ခြင်း ၁၃၄၁။ ဧကဿ၊ တချက်သော စိတ္တုပ္ပါဒ်အား။ အာသေဝနံ၊ အာသေဝနပစ္စည်းသည်။ နတ္ထိ၊ မရှိ။ တသ္မာ၊ ထို့ကြောင့်။ ဒွေ၊ နှစ်ကြိမ်ကုန်သော။ အနုလောမကာ၊ အနုလုံတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေဟိ၊ ထို နှစ်ကြိမ်သော စိတ်တို့မှ။ အာသေဝနံ၊ အာသေဝနပစ္စည်းကို။ လဒ္ဓါ၊ ရ၍။ တတိယံ၊ သုံးကြိမ်မြောက်သော စိတ်သည်။ ဂေါတြဘု၊ ဂေါတြဘူသည်။ ဟောတိ၊ ဖြစ်၏။

၁၃၄၂။ စတုတ္ထံ၊ လေးကြိမ်မြောက်သော စိတ်သည်။ မဂ္ဂစိတ္တံ၊ မဂ်စိတ်သည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ တီဏိ၊ သုံးကြိမ်ကုန်သော။ ဖလာနိ ဟိ=ဖလာနိ ဧဝ၊ ဖိုလ်စိတ်တို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဖိုလ်စိတ် ၂-ကြိမ်ဖြစ်ခြင်း။ ။တယော၊သုံးကြိမ်ကုန်သော။အနုလောမာ၊ အနုလုံတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ စတုတ္ထံ၊ လေးကြိမ်မြောက်သော စိတ်သည်။ ဂေါတြဘု၊ ဂေါတြဘူသည်။ ဟောတိ၊ ဖြစ်၏။

၁၃၄၃။ ပဉ္စမံ၊ ငါးကြိမ်မြောက်သော စိတ်သည်။ မဂ္ဂစိတ္တဉ္စ၊ မဂ်စိတ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ တတော၊ ထို့နောင်မှ။ ဒွေ၊ နှစ်ကြိမ်ကုန်သော။ ဖလာနိ၊ ဖိုလ်စိတ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဟိ သစ္စံ၊ မှန်၏။ ကောဝဇ္ဇနဝီထိ၊ တချက်သော အာဝဇ္ဇန်းရှိသော ဝီထိသည်။ သတ္တစိတ္တပရမာဝ၊ ခုနစ်ကြိမ်သောစိတ် အတိုင်းအရှည်ရှိသည်သာလျှင် ကတည်း။

သော်တာပန် ၁၃၄၄။ တွောဝတာ၊ ဤမျှ အတိုင်းအရှည်ရှိသော ပဌမမဂ် ဖြစ်သည်၏ အခြားမဲ့၌ ဖိုလ်ဖြစ်သဖြင့်။ သော၊ ထိုယောဂီပုဂ္ဂိုလ်ကို။ သောတာပန္နောတိ၊ သောတာပန် အမည်

ရှိသော ဒုတိယအရိယာသာဝက ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏[1]။ ဖလဿ၊ ဖိုလ်၏။ ပရိယောသာနေ၊ အဆုံး၌။ ဘဝင်္ဂါတရဏံ၊ ဘဝင်ကျခြင်းသည်။ သိယာ၊ ဖြစ်ရာ၏။

ပစ္စဝေက္ခဏာ ၁၉-ပါး ၁၃၄၅။ တတော၊ ထိုနောက်မှ။ ဘဝင်္ဂံ၊ ဘဝင်ကို။ ဆိန္ဒိတွာ၊ ဖြတ်၍။ မဂ္ဂပစ္စဝေက္ခနဟေတုကံ၊ မဂ်ကို ဆင်ခြင်ခြင်း အကြောင်းရှိသော။ မနောဒွါရေ၊ မနောဒွါရ၌။ အာဝဇ္ဇနမနော၊ အာဝဇ္ဇန်းစိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

၁၃၄၆။ တသ္မိံ၊ ထိုမနောဒွါရာဝဇ္ဇန်းသည်။ နိရုဒ္ဓေ၊ ချုပ်သည်ရှိသော်။ မဂ္ဂဿ၊ မဂ်ကို။ ပစ္စဝေက္ခဏသညိတာ၊ ဆင်ခြင်ခြင်းဟု မှတ်အပ်ကုန်သော။ သတ္တဝ၊ ခုနစ်ကြိမ်သာလျှင် ဖြစ်ကုန်သော။ ဇဝနာနိ၊ ဇောတို့သည်။ ပဋိပါဋိယာ၊ အစဉ်အတိုင်း။ ဇာယန္တေ၊ ဖြစ်ကုန်၏။

၁၃၄၇။ ဖလာဒီနမ္ပိ[2]၊ ဖိုလ်အစရှိသည်တို့ကိုလည်း။ ပစ္စဝေ၊ ဆင်ခြင်ခြင်း၌။ သောဝ စ နယော၊ ဤနည်းကိုသာလျှင်။ ဉေယျော၊ သိအပ်၏။ ပစ္စဝေက္ခဏဉာဏာနိ၊ ပစ္စဝေက္ခဏာဉာဏ်တို့သည်။ ဧကူနဝီသတိ၊ တခုယုတ်နှစ်ဆယ်တို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

## ပစ္စဝေက္ခဏာဉာဏ်ဖြစ်ရာ ၅-မျိုး

၁၃၄၈။ မဂ္ဂေါ စ၊ မဂ်ငှင်း။ ဖလမ္ပိ စ၊ ဖိုလ်ငှင်း။ ပဟီနာ၊ ပယ်အပ်ကုန်ပြီးသော။ ကိလေသာ၊ ကိလေသာတို့ငှင်း။ အဝသိဋ္ဌကာ စ၊ ကြွင်းကုန်သော ကိလေသာတို့ငှင်း။ နိဗ္ဗာနဉ္စ၊ နိဗ္ဗာန်ငှင်း။ ဣတိ၊ ဤသို့။ ပစ္စ-ဝေက္ခဏဘူမိယော၊ ဆင်ခြင်ခြင်း၏ အရာတို့သည်။ ဧတေ ပဉ္စ၊ ဤငါးပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

---

၁။ (သောတာပန်သည် ကာမသုဂတိ ၇-ဘုံ၌ အလွန်ဆုံး ခုနစ်ကြိမ်သာ ပဋိသန္ဓေနေသည်၊ ဖြဟ္မာ့ပြည်၌မူ ပဋိသန္ဓေနေမှု အကြိမ်အကန့်အသတ် မရှိပေ။ ၎င်းဋီကာသစ်၊ဒုန္ဒာ-၃၄၀။) (သောတာပတ္တိမဂ်ပုဂ္ဂိုလ်သည် ပထမအရိယာသာဝကဖြစ်သည်၊ သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်သည် ဒုတိယအရိယာသာဝကဖြစ်သည်။)

၂။ (ဖလာဒီနံ၌ အာဒိသဒ္ဒါဖြင့် ပယ်ပြီးကိလေသာ, မပယ်အပ်သေးသော ကိလေသာ, နိဗ္ဗာန်တို့ကိုယူ။)

## ဒုတိယမဂ်ဉာဏ်=သကဒါဂါမိမဂ်ဉာဏ်

၁၃၄၉။ ဝေ၊ ဤသို့။ ဓီရော၊ ပညာရှိသော။ သော သော‌တာပန္နော၊ ထိုသောတာပန်သည်။ ပစ္စဝေက္ခိတွာ၊ ဆင်ခြင်၍။ ဒုတိယာယ စ ဘူမိယာ၊ သကဒါဂါမိဖိုလ်ဟု ဆိုအပ်သော ဒုတိယဘုံသို့။ ဥပပတ္တိယာ၊ ရောက်ခြင်းငှါ။ ယောဂံ၊ ဘာဝနာလုံ့လကို။ အာရဘတေ၊ အားထုတ်၏။

၁၃၅၀။ ခန္ဓပဉ္စကသင်္ခါတံ၊ ခန္ဓာငါးပါးအပေါင်းဟု ဆိုအပ်သော။ တံ သင်္ခါရဂတံ၊ ထိုသင်္ခါရအပေါင်းကို။ အနိစ္စံ၊ အနိစ္စ။ ဒုက္ခံ၊ ဒုက္ခ။ အနတ္တာ၊ အနတ္တ။ ဣတိ၊ ဤသို့။ ဉာဏေန၊ ဉာဏ်ဖြင့်။ ပရိမဇ္ဇတိ၊ သုံးသပ်၏။

၁၃၅၁။ တတော=တဒါ၊ ထိုအခါ၌။ တာဝဒေ၊ ထိုခဏ၌လျှင်။ ဝိပဿနာဝီထိံ၊ ဝိပဿနာအစဉ်သို့။ ဩဂါဟတိ၊ သက်၏။ ဝေ၊ ဤသို့။ ဟေဋ္ဌာ ဝုတ္တနယေန တု၊ အောက်ဥဒယဗ္ဗယဉာဏ် အစရှိသည်တို့ကို ဖြစ်စေခြင်း၌ ဆိုအပ်ပြီးသော နည်းဖြင့်လျှင်။ ပဋိပန္နဿ၊ ကျင့်သော။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။

၁၃၅၂။ တတော=တဒါ၊ ထိုအခါ၌။ သင်္ခါရုပေက္ခာယ၊ သင်္ခါရုပေက္ခာ၏။ အဝသာနေ၊ အဆုံး၌။ တထေဝ စ၊ ထိုအတူလျှင်။ ဧကာဝဇ္ဇနဝါရသ္မိံ၊ တချက်သော အာဝဇ္ဇန်းရှိသော ဝါရ၌။ ဂေါတြဘုဿ၊ ဂေါတြဘုကဲ့သို့သော ဝေါဒါန်၏။ အနန္တရံ၊ အခြားမဲ့၌။

၁၃၅၃။ ဗျာပါဒကာမရာဂါနံ၊ ဗျာပါဒ, ကာမရာဂတို့၏။ တနုဘာဝံ၊ ပါးသည်၏အဖြစ်ကို။ သာဓယံ=သာဓယန္တော၊ ပြီးစေလျက်။ ဒုတိယော၊ နှစ်ခုမြောက်သော။ အယံ သကဒါဂါမိမဂ္ဂေါ၊ ဤသကဒါဂါမိမဂ်သည်။ ဇာယတေ၊ ဖြစ်၏။

ဒုတိယမဂ္ဂဉာဏံ၊ ဒုတိယမဂ်ဉာဏ်သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

---

သကဒါဂါမ် ၁၃၅၄။ ဣမေ၊ ဤဒုတိယမဂ်ဉာဏ်၌။ ဟေဋ္ဌာ၊ အောက်၌။ ဝုတ္တနယေန၊ ဆိုအပ်ပြီးသောနည်းဖြင့်။ ဣမဿာ-
ပိ စ ဉာဏဿ၊ ဤဒုတိယ မဂ်ဉာဏ်၏လည်း။ ဒွေပိ ဝါ၊ နှစ်ကြိမ်လည်း ဖြစ်ကုန်သော။ တီဏိ ဝါ၊ သုံးကြိမ်လည်း ဖြစ်ကုန်သော။ ဖလစိတ္တာနိ၊ ဖိုလ်စိတ်တို့ကို။ ဉေယျာနိ၊ သိအပ်ကုန်၏။

၁၃၅၅။ တ္တောဝတာ၊ ဤမျှအတိုင်းအရှည်ရှိသော ဒုတိယမဂ် ဖြစ်သည်၏ အခြားမဲ့၌ ဖိုလ်ဖြစ်သဖြင့်။ ေဿာပိ[၁]၊ ထို ယောဂီ ပုဂ္ဂိုလ်သည်လည်း။ ယံ=ယသ္မာ၊ အကြင့်ကြောင့်။ သကိံ ဝေ၊ တကြိမ်သာလျှင်။ ဣမံ လောကံ၊ ဤလူ့ပြည်ကို။ အာဂန္တွာ၊ ပဋိသန္ဓေအားဖြင့် လာ၍။ အန္တ-ကရော၊ ဒုက္ခ၏အဆုံးကိုပြုသည်။ ဘဝေ=ဘဝေယျ၊ ဖြစ်ရာ၏။ ဝါ- ဘဝေ အန္တကရော၊ ဘဝ၏အဆုံးကို ပြုသည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထိုကြောင့်။ သကဒါဂါမိ နာမ၊ သကဒါဂါမ် မည်၏[၂]။

## တတိယမဂ်ဉာဏ်=အနာဂါမိမဂ်ဉာဏ်

**အနာဂါမိမဂ်သို့ရောက်ပုံ** ၁၃၅၆-၇။ ဟေဋ္ဌာ၊ အောက်၌။ ဝုတ္တနယေ-နေဝ၊ ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်။ ပဉ္စမာ၊ ငါးပါးအပြားဖြင့်။ ပစ္စဝေက္ခဏာ၊ ဆင်ခြင်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

**အနာဂါမိမဂ်ပယ်သော သံယောဇဉ် ၂-ပါး။** ။ဝေံ၊ ဤသို့။ ဓီရော၊ မြဲမြံသော ပညာ ရှိသော။ ပဏ္ဍိတော၊ အကျိုးအကြောင်းကို သိသော ပညာရှိသော။ သော သကဒါဂါမိ၊ ထို သကဒါဂါမ်သည်။ တတိယာယ ဘူမိယာ၊ အနာဂါမိဖိုလ်ဟု ဆိုအပ်သော တတိယဘုံသို့။ ပတ္တိယာ စ၊ ရောက်ခြင်းငှါလည်း။ ဗျာပါဒ ကာမရာဂါနံ၊ ဗျာပါဒ, ကာမရာဂတို့ကို။ ပဟာနာယ စ၊ ပယ်ခြင်းငှါလည်း။ ယောဂံ၊ ဘာဝနာလုံ့လကို။ အာရဘတေ၊ အားထုတ်၏။

---

၁။ (ဆဋ္ဌမူ၌ ေဿာ ဟိ ရှိသည်၊ ထိုယောဂီပုဂ္ဂိုလ်သည်လျှင်ဟု ပေး။)

၂။ (သကဒါဂါမ် ၅-ယောက်။ ။(၁) ဤလူ့ပြည်၌ သကဒါဂါမိဖိုလ်သို့ ရောက်၍ ဤလူ့ပြည်၌ပင် ရဟန္တာဖြစ်ပြီးလျှင် ပရိနိဗ္ဗာန်ပြုခြင်းရှိသော သကဒါဂါမ်ပုဂ္ဂိုလ်။ ။(၂) ဤလူ့ပြည်၌ သကဒါဂါမိဖိုလ်သို့ရောက်၍ နတ်ပြည်၌ ရဟန္တာဖြစ်ပြီးလျှင် ပရိနိဗ္ဗာန်ပြုခြင်းရှိသော သကဒါဂါမ်ပုဂ္ဂိုလ်။ ။(၃) နတ်ပြည်၌ သကဒါဂါမိဖိုလ်သို့ ရောက်၍ ထိုနတ်ပြည်၌ပင် ရဟန္တာဖြစ်ပြီးလျှင် ပရိနိဗ္ဗာန်ပြုခြင်းရှိသော သကဒါဂါမ်ပုဂ္ဂိုလ်။ ။(၄) နတ်ပြည်၌ သကဒါဂါမိဖိုလ်သို့ရောက်၍ လူ့ပြည်၌ ရဟန္တာဖြစ်ပြီးလျှင် ပရိနိဗ္ဗာန်ပြုခြင်းရှိသော သကဒါဂါမ်ပုဂ္ဂိုလ်။ ။(၅) လူ့ပြည်၌ သကဒါဂါမိဖိုလ်သို့ ရောက်၍ နတ်ပြည်၌ ဖြစ်ပြီးနောက် ဤလူ့ပြည်၌ ရဟန္တာဖြစ်ပြီးလျှင် ပရိနိဗ္ဗာန်ပြုခြင်းရှိသော သကဒါဂါမ်ပုဂ္ဂိုလ်ဟူ၍ သကဒါဂါမ်ပုဂ္ဂိုလ် ၅-ယောက်ရှိသည်။

ထို သကဒါဂါမ် ၅-ယောက်တွင် သကိဒေဝ ဣမံ လောကံ အာဂန္တွာ ပါဠိအရ နောက်ဆုံး သကဒါဂါမ် ပုဂ္ဂိုလ်ကိုသာ ယူရမည်။ (ဂုင်းဋီကာသစ်၊ဒု၊နှာ-၃၅၀။)

၁၃၅၈။ ခန္ဓပဉ္စကသင်္ခါတံ၊ ခန္ဓာငါးပါးအပေါင်းဟု ဆိုအပ်သော။ တံ သင်္ခါရဂတံ၊ ထိုသင်္ခါရအပေါင်းကို။ အနိစ္စံ၊ အနိစ္စ။ ဒုက္ခံ၊ ဒုက္ခ။ အနတ္တာ၊ အနတ္တ။ ဣတိ၊ ဤသို့။ ဉာဏေန၊ ဉာဏ်ဖြင့်။ ပရိမဇ္ဇတိ၊ သုံးသပ်၏။

၁၃၅၉။ တတော=တဒါ၊ ထိုအခါ၌။ ဝိပဿနာဝီထိံ၊ ဝိပဿနာ အစဉ်သို့။ တာဝဒေ၊ ထိုခဏ၌လျှင်။ ဩဂါဟတိ၊ သက်၏။ ဝေ၊ ဤသို့။ ဟေဋ္ဌာ ဝုတ္တနယေန တု၊ အောက်ဥဒယဗ္ဗယဉာဏ်အစရှိသည်တို့ကို ဖြစ်စေခြင်း၌ ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်။ ပဋိပန္နဿ၊ ကျင့်သော။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။

၁၃၆၀။ တတော=တဒါ၊ ထိုအခါ၌။ သင်္ခါရုပေက္ခာယ၊ သင်္ခါ-ရုပေက္ခာ၏။ အဝသာနေ၊ အဆုံး၌။ တထေဝ စ၊ ထိုအတူလျှင်။ ဂောဝဇ္ဇနဝီထိမှိ၊ တချက်သော အာဝဇ္ဇန်းရှိသော ဝီထိ၌။ ဂေါတြဘုဿ၊ ဂေါတြဘူကဲ့သို့သော ဝေါဒါန်၏။ အနန္တရံ၊ အခြားမဲ့၌။

၁၃၆၁။ ဗျာပါဒ ကာမရာဂါနံ၊ ဗျာပါဒ, ကာမရာဂတို့၏။ မူလဃာတံ၊ အရင်းကိုသတ်ခြင်းကို။ သာဓယံ=သာဓယန္တော၊ ပြီးစေလျက်။ တတိယော၊ သုံးခုမြောက်သော။ အယံ အနာဂါမိမဂ္ဂေါ၊ ဤအနာဂါမိမဂ်သည်။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ ဇာယတေ၊ ဖြစ်၏။

တတိယမဂ္ဂဉာဏံ၊ တတိယမဂ်ဉာဏ်သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

---

အနာဂါမ် ၁၃၆၂။ ဣမဝ၊ ဤတတိယမဂ်ဉာဏ်၌။ ဟေဋ္ဌာ၊ အောက်၌။ ဝုတ္တနယေန၊ ဆိုအပ်ပြီးသောနည်းဖြင့်။ ဣမဿာပိ စ ဉာဏဿ၊ ဤတတိယမဂ်ဉာဏ်၏လည်း။ ဖလစိတ္တာနံ၊ ဖိုလ်စိတ်တို့၏။ ပဝတ္တိံ၊ ဖြစ်ခြင်းကို။ ဝိဘာဝိနာ၊ ပညာရှိသော သူသည်။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

၁၃၆၃။ ဧတ္တာဝတာ၊ ဤမျှအတိုင်းအရှည်ရှိသော တတိယမဂ်ဖြစ်သည်၏အခြားမဲ့၌ ဖိုလ်ဖြစ်သဖြင့်။ သောပိ၊ ဤယောဂီပုဂ္ဂိုလ်သည်လည်း။ ယံ=ယသ္မာ၊ အကြင့်ကြောင့်။ အနာဝတ္တိသဘာဝတော၊ ဤကာမဘုံသို့ ပဋိသန္ဓေအားဖြင့် တဖန်ပြန်ခြင်း မရှိသည်၏ အဖြစ်ကြောင့်။ တတ္ထဝ၊ ထိုသုဒ္ဓါဝါသဘုံ့အနာဂါမ်ဖြစ်ရာဘုံ၌ သာလျှင်။ ပရိနိဗ္ဗာယိ၊ ပရိနိဗ္ဗာန်ပြု၏။ တသ္မာ၊ ထို့ကြောင့်။ အနာဂါမိနာမ၊ အနာဂါမ်မည်သည်။ ဟောတိ၊ ဖြစ်၏။

၁၃၆၄-၅။ ဟေဋ္ဌာ၊ အောက်၌။ ဝုတ္တနယေနေဝ၊ ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်။ ပဌမာ၊ ငါးပါးအပြားဖြင့်။ ပစ္စဝေက္ခဏ၊ ဆင်ခြင်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

## စတုတ္ထမဂ်ဉာဏ် -အရဟတ္တမဂ်ဉာဏ်

ဧဝံ၊ ဤသို့။ ခိပ္ပော၊ မြဲမြံသော မဂ်ဉာဏ်ဖိုလ်ဉာဏ်ရှိသော။ ပဏ္ဍိတော၊ အကျိုးအကြောင်းကိုသိသော ပညာရှိသော။ သော အနာဂါမိအရိယသာဝကော၊ ထိုအနာဂါမ်ဖြစ်သော အရိယာသာဝကသည်။ ပစ္စဝေက္ခိတွာ၊ ဆင်ခြင်၍။စတုတ္ထာယ ဘူမိယာ၊အရဟတ္တဖိုလ်ဟုဆိုအပ်သော စတုတ္ထဘုံသို့။ ပတ္တိယာ စ၊ရောက်ခြင်းငှါလည်း။ရူပရာဂါဒိပဟာနာယ စ၊ရူပရာဂ အစရှိသည်ကို ပယ်ခြင်းငှါလည်း။ယောဂံ၊ဘာဝနာလုံ့လကို။အာရဘတေ၊အားထုတ်၏။

၁၃၆၆။ သော၊ ထိုယောဂီပုဂ္ဂိုလ်သည်။ တဒေဝ သင်္ခါရဂတံ[၁]၊ ထိုခန္ဓာ ၅-ပါး အပေါင်းဟူသော သင်္ခါရအပေါင်းကိုလျှင်။ အနိစ္စာဒိဝသေန၊ အနိစ္စအစရှိသည်တို့၏ အစွမ်းဖြင့်။ ပရိဝတ္တတိ၊ ထက်ဝန်းကျင် ရှု၍၊ အပြန်ပြန် အလှန်လှန် ဆင်ခြင်၏။ ဉာဏေန၊ ဉာဏ်ဖြင့်။ တတော စ၊ ထို့အတူလျှင်။ ပရိမဇ္ဇတိ၊ သုံးသပ်၏။

၁၃၆၇။ တဿော=တဒါ၊ ထိုအခါ၌။ ဝိပဿနာဝီထိံ၊ ဝိပဿနာ အစဉ်သို့။ ဩတရတိ၊ သက်၏။ တာဝဒေ၊ ထို ခဏ၌။ ဧဝံ၊ ဤသို့။ ဟေဋ္ဌာ၊ အောက်၌။ ဝုတ္တနယေန တု၊ ဆိုအပ်ပြီးသော နည်းဖြင့်လျှင်။ ပဋိပန္နဿ၊ ကျင့်သော။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။

၁၃၆၈။ တတော=တဒါ၊ ထိုအခါ၌။ သင်္ခါရုပေက္ခာယ၊ သင်္ခါရုပေက္ခာ၏။ အဝသာနေ၊ အဆုံး၌။ တထေဝ စ၊ ထို့အတူလျှင်။ ကောဝဇ္ဇနဝါရသ္မိံ၊ တချက်သော အာဝဇ္ဇန်းရှိသော ဝါရ၌။ ဂေါတြဘုဿ၊ ဂေါတြဘူကဲ့သို့သော ဝေါဒါန်၏။ အနန္တရံ၊ အခြားမဲ့ဖြစ်သော။

၁၃၆၉။ တတော ပရံ၊ ထိုမှနောက်၌။ ရူပရာဂါဒိဒေါသာနံ၊ ရူပရာဂ အစရှိသော အပြစ်တို့ကို။ ဝိဒ္ဓံသာယ ကရော၊ ဖျက်ဆီးခြင်းကိုပြုတတ်သော။ အယံ အရဟတ္တမဂ္ဂေါ၊ ဤအရဟတ္တမဂ်သည်။ တဿ၊ ထိုယောဂီပုဂ္ဂိုလ် အား။ ဇာယတေ၊ ဖြစ်၏။

စတုတ္ထမဂ္ဂဉာဏံ၊ စတုတ္ထမဂ်ဉာဏ်သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

---

၁။ (ဆဋ္ဌမူ၌ တထေဝ သင်္ခါရဂတံဟု ရှိသည်။)

ရဟန္တာ ၁၇၇၀။ ဣမေ၊ ဤ စတုတ္ထမဂ်ဉာဏ်၌။ ဟေဋ္ဌာ၊ အောက်၌။ ဝုတ္တနယေန၊ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ ဣမဿာပိ စ ဉာဏဿ၊ ဤစတုတ္ထမဂ်ဉာဏ်၏လည်း။ ဖလစိတ္တာနံ၊ ဖိုလ်စိတ်တို့၏။ ပဝတ္တိ၊ ဖြစ်ခြင်းကို။ ဝိဘာဝိနာ၊ ပညာရှိသည်။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

၁၇၇၁-၂။ ဧတ္တာဝတာ၊ ဤမျှ အတိုင်းအရှည်ရှိသော စတုတ္ထမဂ်ဖြစ်သည်၏ အခြားမဲ့၌ ဖိုလ်ဖြစ်သဖြင့်။ သော အယံ ပိ၊ ဤယောဂီပုဂ္ဂိုလ်သည်လည်း။ မဟာခီဏာသဝေါ၊ ရဟန္တာကြီးဖြစ်သော။ အနုပ္ပတ္တသဒတ္ထော၊ ရောက်အပ်ပြီးသော အရဟတ္တဖိုလ်ရှိသော။ ခီဏသံယောဇနော၊ ကုန်ပြီးသော ဆယ်ပါးသော သံယောဇဉ်ရှိသော။ မုနိ၊ နှစ်ပါးသော ပစ္စုပ္ပန်, တမလွန်လောကကို သိတတ်သော။ သဒေဝကဿ၊ နတ်နှင့်တကွသော။ လောကဿ၊ လောက၏။ အနုတ္တရော၊ အတုမရှိသော။ ဒက္ခိဏေယျော၊ မြတ်သောအလှူကို ခံထိုက်သော။ အရဟာနာမ၊ အရဟမည်သော။ အဋ္ဌမော၊ ရှစ်ယောက်တို့၏ ပြည့်ကြောင်းဖြစ်သော။ အရိယာပုဂ္ဂလော၊ အရိယာပုဂ္ဂိုလ်သည်။ ဟောတိ၊ ဖြစ်၏။

တိုက်တွန်းချက် ၁၇၇၃။ ဧတ္တာဝတာ၊ ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့်။ စတဿောပိ၊ လေးပါးလည်း ဖြစ်ကုန်သော။ ဉာဏဒဿနသုဒ္ဓိယော၊ ဉာဏဒဿနဝိသုဒ္ဓိတို့ကို။ ဘိက္ခူနံ၊ ရဟန်းတို့၏။ ဟိတတ္ထာယ၊ အစီးအပွါးသာလျှင် ဖြစ်သောအကျိုးငှါ။ သင်္ခေပေနေဝ၊ အကျဉ်းအားဖြင့်သာလျှင်။ ဒဿိတာ၊ ပြအပ်ကုန်ပြီ။

၁၇၇၄။ သဒ္ဓေန၊ သဒ္ဓါတရားရှိသော။ ဝိသုဒ္ဓိကာမေန၊ မိမိ၏စင်ကြယ်ခြင်းကိုအလိုရှိသော။ တပေါဓနေန၊ အကျင့်သာလျှင်ဖြစ်သောဥစ္စာရှိသော။ ဘာဝကဿ၊ ဘာဝ၏ကုန်ခြင်းကို။ ပတ္ထယတာ=ပတ္ထယန္တေန၊ တောင့်တသော။ ဗုဓေန၊ ပညာရှိသော ပုဂ္ဂိုလ်သည်။ အရိယာယ ပညာယ ဘာဝနာယ၊ အရိယာပညာဘာဝနာကို။ သမ္မာ၊ ကောင်းစွာ။ ဘာဝနီယာ၊ ပွါးစေအပ်၏။

အဘိဓမ္မာဝတာရေ၊ အဘိဓမ္မာဝတာရကျမ်း၌။ ဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသော နာမ၊ ဉာဏဒဿနဝိသုဒ္ဓိမည်သော။ ဗာဝီသတိမော၊ နှစ်ဆဲ့နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော။ ပရိစ္ဆေဒေါ၊ အပိုင်းသည်။ ဣတိ သမတ္တော၊ ဤတွင် ပြီးပြီ။

ဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသ ပြီး၏။

# ၂၃-တေဝီသတိမပရိစ္ဆေဒ

## ၂၃-ကိလေသပ္ပဟာနကထာ

ကိလေသာတို့ကို ပယ်ခြင်း ၁၃၇၅။ တေသု ဉာဏေသု၊ ဤလေးပါးသော မဂ်ဉာဏ်တို့တွင်။ ယေန ဉာဏေန၊ အကြင်မဂ်ဉာဏ်သည်။ ယေ ဓမ္မာ၊ အကြင်သံကိလေသတရားတို့ကို။ ပဟာတဗ္ဗာ၊ ပယ်အပ်ကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ဣတော ပရံ၊ ဤ ဉာဏဒဿနဝိသုဒ္ဓိမှ နောက်ဖြစ်သော။ ဒါနိ=ဣဒါနိ၊ ယခုအခါ၌။ တေသံ၊ ထိုသံကိလေသတရားတို့ကို။ ပကာသနံ၊ ပြခြင်းကို။ ကရိဿာမိ၊ ပြုအံ့။

မဂ်ဉာဏ်ပယ်အပ်သော တရားများ။ ။ဣမေသု စတူသု မဂ္ဂဉာဏေသု၊ ဤလေးပါးသော မဂ်ဉာဏ်တို့တွင်။ ယေန ဉာဏေန၊ အကြင်မဂ်ဉာဏ်သည်။ ယေ ဓမ္မာ၊ အကြင်သံကိလေသတရားတို့ကို။ ပဟာတဗ္ဗာ၊ ပယ်အပ်ကုန်၏။ တေသံ၊ ထို သံကိလေသတရားတို့ကို။ ပဟာနံ၊ ပယ်ခြင်းကို။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ဟိ=ဝိတ္ထာရေမိ၊ ချဲ့အံ့။ ဧတာနိ၊ ဤလေးပါးသော မဂ်ဉာဏ်တို့သည်။ ယထာယောဂံ၊ ဖြစ်သင့်သည်အားလျော်စွာ။ သံယောဇနကိလေသ မိစ္ဆတ္တ-လောကဓမ္မ မစ္ဆရိယဝိပလ္လာသ ဂန္ထာ ဂတိ အာသဝ ဩဃ ယောဂ နီဝရဏ-ပရာမာသ ဥပါဒါနာနုသယမူလ[1] အကုသလကမ္မပထ အကုသလစိတ္တုပ္ပါဒ-သင်္ခါတာနံ၊ သံယောဇဉ်, ကိလေသာ, မိစ္ဆတ္တ, လောကဓမ္မ, မစ္ဆရိယ, ဝိပလ္လာသ, ဂန္ထ, အဂတိ, အာသဝ, ဩဃ, ယောဂ, နီဝရဏ, ပရာမာသ, ဥပါဒါန်, အနုသယ, မူလ, အကုသလကမ္မပထ, အကုသိုလ်စိတ္တုပ္ပါဒ်ဟုဆိုအပ်ကုန်သော သံကိလေသတရားတို့ကို။ ပဟာနကရာနိ၊ ပယ်ခြင်းကို ပြုကုန်၏။

---

၁။ (မလဟု-ဆင္ဌမူ၌ရှိသည်။ ယင်းကိုအကျယ်ပြရာ နိဒ္ဒေသ၌ မလာတိ တယော မလာ ဟုဖွင့်သည်၊ ဧင်းဋီ၊ဒု၊နှာ-၃၅၂၌လည်း "မလ" ရှိသင့်ကြောင်းကို စိတ္တဿ မလီနဘာဝကရဏတ္ထေန မလာ ဟု ဖွင့်ပြသည်။)

**သံယောဇဉ် ၁၀-ပါး။** ။တတ္ထ၊ ထို သံယောဇနအစရှိသည်တို့တွင်။ သံယောဇနာနီတိ၊ သံယောဇနာနိ ဟူသည်ကား။ ဒသ သံယောဇနာနိ၊ ဆယ်ပါးသော သံယောဇဉ်တို့တည်း။

**ဥဒ္ဓံဘာဂိယ သံယောဇဉ်[၁] ၅-ပါး။** ။သေယျထိဒံ၊ (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌ နှောင်ဖွဲ့တတ်သော) ထို ဆယ်ပါးသော သံယောဇဉ်ဟူသည် အဘယ်တို့နည်း ဟူမူကား။ ရူပရာဂါရူပ-ရာဂမာနုဒ္ဓစ္စာဝိဇ္ဇာ၊ ရူပရာဂ, အရူပရာဂ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာ ဟူကုန်သော။ ဣတိ ဣမေ ပဉ္စ၊ ဤငါးပါးတို့သည်။ ဥဒ္ဓံဘာဂိယသံယောဇနာနိ နာမ၊ ဥဒ္ဓံဘာဂိယသံယောဇဉ် မည်ကုန်၏။

**အဓောဘာဂိယ သံယောဇဉ်[၂] ၅-ပါး။** ။သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိရင်း။ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာရင်း။ သီလဗ္ဗတပရာမာသော၊ သီလဗ္ဗတပရာမာသရင်း။ ကာမရာဂေါ၊ ကာမရာဂရင်း။ ပဋိဃော၊ ပဋိဃရင်း။ ဣတိ ဣမေ ပဉ္စ၊ ဤငါးပါးတို့သည်။ အဓောဘာဂိယသံယောဇနာနိ နာမ၊ အဓောဘာဂိယ သံယောဇဉ် မည်ကုန်၏။

**ကိလေသာ ဆယ်ပါး။** ။ကိလေသာတိ၊ ကိလေသာဟူသည်ကား။ ဒသ-ကိလေသာ၊ ဆယ်ပါးသော ကိလေသာ တို့တည်း။

---

၁။ [ဥဒ္ဓံဘာဂိယသံယောဇဉ်= (ဥဒ္ဓံ+ဘာဂ+ဣယ။ ဥဒ္ဓံ=အထက်၊ ဘာဂ=အဘို့၊ ဥဒ္ဓံဘာဂ=အထက်အဘို့=ရူပ အရူပဘုံ။ ဣယ=ရှိခြင်း၊ လျော်ခြင်း။) ရူပ အရူပတည်း ဟူသော အထက်ဘုံအဘို့ရှိသောကြောင့် (အထက်အဘို့ဖြစ်သည့် ရူပ အရူပဘုံ၌ ကျင်လည်စေတတ်သောကြောင့်) တနည်း-အထက်အဘို့ဖြစ်သည့် အရဟတ္တမဂ်ဖြင့် ပယ်သတ်အပ်သော သံယောဇဉ်ဖြစ်သောကြောင့် ဥဒ္ဓံဘာဂိယ သံယောဇဉ်မည်သည်။]

၂။ [အဓောဘာဂိယ သံယောဇဉ်= (အဓော+ဘာဂ+ဣယ။ အဓော=အောက်၊ ဘာဂ=အဘို့၊ အဓောဘာဂ=အောက်အဘို့=ကာမဘုံ။ ဣယ=ရှိခြင်း၊ လျော်ခြင်း၊) ကာမတည်းဟူသော အောက်အဘို့ ဘုံရှိသောကြောင့် (အောက်အဘို့ဖြစ်သည့် ကာမဘုံ၌ ကျင်လည်စေတတ်သောကြောင့်) တနည်း—အောက်အဘို့ဖြစ်သည့် အောက်မဂ် ၃-ပါးဖြင့် ပယ်သတ်အပ်သောကြောင့် အဓောဘာဂိယ သံယောဇဉ်မည်သည်။ ကာမဘုံအတွင်း၌ ကျင်လည်စေတတ်သောကြောင့် ဩရမ္ဘာဂိယ သံယောဇဉ်လည်း မည်သည်။ (ဩရ=ဤမှာဘက်) ရင်းဋီကာသစ်၊ဒု၊နှာ-၃၅၃။]

သေယျထိဒံ၊ (သတ္တဝါတို့ကို ပူပန်စေတတ်, နှိပ်စက်တတ်, ညစ်နွမ်းစေတတ်သော) ထိုဆယ်ပါးသော ကိလေသာပဟူသည် အဘယ်နည်းဟူမူကား။ လောဘော၊ လောဘရင်း။ ဒေါသော၊ ဒေါသရင်း။ မောဟော၊ မောဟရင်း။ မာနော၊ မာနရင်း။ ဒိဋ္ဌိ၊ ဒိဋ္ဌိရင်း။ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာရင်း။ ထိနံ၊ ထိနရင်း။ ဥဒ္ဓစ္စံ၊ ဥဒ္ဓစ္စရင်း။ အဟိရိကံ၊ အဟိရိကရင်း။ အနောတ္တပ္ပံ၊ အနောတ္တပ္ပရင်း။ ဣတိ ဣမေ၊ ဤသည်တို့တည်း။

မိစ္ဆတ္တ ၁၀-ပါး။ ။မိစ္ဆတ္တာတိ၊ မိစ္ဆတ္တာ ဟူသည်ကား။ ဒသ မိစ္ဆတ္တာ၊ ဆယ်ပါးသော မိစ္ဆတ္တတို့တည်း။

သေယျထိဒံ၊ (ဖောက်ပြန်သော သဘောရှိသည့်) ထိုဆယ်ပါးသော မိစ္ဆတ္တဟူသည် အဘယ်တို့နည်း ဟူမူကား။ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိရင်း။ မိစ္ဆာ-သင်္ကပ္ပေါ၊ မိစ္ဆာသင်္ကပ္ပရင်း။ မိစ္ဆာဝါစာ၊ မိစ္ဆာဝါစာရင်း။ မိစ္ဆာကမ္မန္တော၊ မိစ္ဆာကမ္မန္တရင်း။ မိစ္ဆာအာဇီဝေါ၊ မိစ္ဆာအာဇီဝရင်း။ မိစ္ဆာဝါယာမော၊ မိစ္ဆာဝါယာမရင်း။ မိစ္ဆာသတိ၊ မိစ္ဆာသတိရင်း။ မိစ္ဆာသမာဓိ၊ မိစ္ဆာသမာဓိရင်း။ မိစ္ဆာဉာဏံ၊ မိစ္ဆာဉာဏ်ရင်း[၁]။ မိစ္ဆာဝိမုတ္တိ၊ မိစ္ဆာဝိမုတ္တိရင်း[၂]။ ဣတိ=ဣမေ၊ ဤ သည်တို့တည်း။

လောကဓံ ၈-ပါး။ ။လောကဓမ္မာတိ၊ လောကဓမ္မာ ဟူသည်ကား။ လာဘော၊ လာဘ်ရှိခြင်းရင်း။ အလာဘော၊ လာဘ်မရှိခြင်းရင်း။ ယသော၊ အခြံအရံရှိခြင်းရင်း။ အယသော၊ အခြံအရံ မရှိခြင်းရင်း။ နိန္ဒာ၊ ကဲ့ရဲ့ခြင်းရင်း။ ပသံသာ၊ ချီးမွမ်းခြင်းရင်း။ သုခံ၊ ချမ်းသာခြင်းရင်း။ ဒုက္ခံ၊ ဆင်းရဲခြင်းရင်း။ ဣတိ၊ ဤသို့။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ လောကဓမ္မာ၊ (လောက၌ အကျုံးဝင်သော မသေချဖြစ်တတ်တွေ့ကြုံတတ်သော သဘော) လောကဓံတရားတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

---

၁။ (ဖောက်ပြန်မှားယွင်းသော နှလုံးသွင်းခြင်းစသည်အားဖြင့်ဖြစ်သော အသင့်အားဖြင့် မဖြစ်သော မောဟသည် မိစ္ဆာဉာဏ်မည်သည်။)

၂။ (အသညသတ်ဘုံ, နေဝသညာ နာသညာယတနဘုံ စသည်သည် သခ်ါရလွတ်ရာ နိဗ္ဗာန်တည်းဟု ဖောက်ပြန်မှားယွင်းသော နှလုံးသွင်းခြင်းသည် မိစ္ဆာဝိမုတ္တိမည်သည်။ ရင်းဋီကာသစ်၊ဒု၊နှာ-၃၅၃)

ဥပစာဖြင့် ယူရသော ဣဓ ပန၊ ဤအရာ၌ကား။ ကာရဏူပစာရေန၊ ကာရဏူပစာရဖြင့်။ လောဘာဒိဝတ္ထုကဿ၊ လောဘ အစရှိသော အကြောင်းရှိသော။ အနုနယဿ စ၊ အနုနယ (လောဘ) ကိုရင်း။ အလောဘာဒိဝတ္ထုကဿ၊ အလောဘအစရှိသည် အကြောင်းရှိသော။ ပဋိဃဿ စ၊ ပဋိဃ (ဒေါသ) ကိုရင်း။ လောကဓမ္မဂ္ဂဟဏေန၊ လောကဓမ္မသဒ္ဒါဖြင့်။ ဂေဟံ ဂဟဏံ၊ ဤယူခြင်းကို။ ကတံ၊ ပြုအပ်၏[၁]။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

လောကဓံ ၂-ပါး

မစ္ဆရိယ ၅-ပါး။ ။မစ္ဆရိယာနီတိ၊ မစ္ဆရိယာနိ ဟူသည်ကား။ အာဝါသမစ္ဆရိယံ၊ ကျောင်း၌ဝန်တိုခြင်း။ ဝါ၊ ကျောင်း၏ အကြောင်းရှိသော ဝန်တိုခြင်း။ ကုလမစ္ဆရိယံ၊ အလုပ်အကျွေး အမျိုး, ဆွေမျိုးဖြစ်သော အမျိုး၌ ဝန်တိုခြင်းရင်း။ လာဘမစ္ဆရိယံ၊ ပစ္စည်းကို ရခြင်း၌ ဝန်တိုခြင်းရင်း။ ဓမ္မမစ္ဆရိယံ၊ အာဂုံဓမ္မ, အဓိဂမဓမ္မ[၂]၌ ဝန်တိုခြင်းရင်း။ ဝဏ္ဏမစ္ဆရိယံ၊ ကိုယ်အဆင်း ဂုဏ်အဆင်း၌ ဝန်တိုခြင်းရင်း။ ဣတိ၊ ဤသို့။ အာဝါသာဒီသု၊ ကျောင်းအစရှိသည်တို့၌။ အညေသံ၊ တပါးသော သူတို့နှင့်။ သာဓာရဏဘာဝံ၊ ဆက်ဆံသည်၏အဖြစ်ကို။ အသဟနာကာရေန၊ သည်းမခံနိုင်သော အခြင်းအရာဖြင့်။ ပဝတ္တာနိ၊ ဖြစ်ကုန်သော။ ဣမာနိ မစ္ဆရိယာနိ၊ ဤ (ဝန်တိုနှမြောခြင်း) မစ္ဆရိယတို့တည်း။

ဝိပလ္လာသ ၃-ပါး။ ။ဝိပလ္လာသာတိ၊ ဝိပလ္လာသာ ဟူသည်ကား။ အနိစ္စ ဒုက္ခ အနတ္တ အသုဘေသုယေဝ၊ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘသာလျှင်ဖြစ်ကုန်သော။ ဝတ္ထူသု၊ ဝတ္ထုတို့၌။ နိစ္စံ သုခံ အတ္တာ

---

၁။ (လာဘ်စသည် ရခြင်းကြောင့် လောဘ, လာဘ်စသည် မရခြင်းကြောင့် ဒေါသ ဖြစ်သဖြင့် အကြောင်းဖြစ်သော လောဘ, ယသ, သုခ, ပသံသာ၏ လောကဓံဟူသော အမည်ကို အကျိုးဖြစ်သော လောဘ၌ တင်စား၍ ကာရဏူပစာအားဖြင့် အကျိုးဖြစ်သော လောဘကိုလည်း လောကဓံဟု ခေါ်ဆိုသည်၊ အကြောင်းဖြစ်သော အလာဘ, အယသ, ဒုက္ခ, နိန္ဒာ၏ လောကဓံဟူသော အမည်ကို အကျိုးဖြစ်သော ဒေါသ၌တင်စား၍ ကာရဏူပစာအားဖြင့် အကျိုးဖြစ်သော ဒေါသကိုလည်း လောကဓံဟု ခေါ်ဆိုသည်။)

၂။ (အာဂုံဓမ္မ=ပရိယတ္တိတရား၊ အဓိဂမဓမ္မ=အရဟတ္တဖိုလ်တရား။)

သုဘန္တိ၊ နိစ္စ,သုခ,အတ္တ,အသုဘဟူ၍။ ဝေါ၊ ဤသို့။ ပဝတ္တာ၊ ဖြစ်ကုန်သော။ သညာဝိပလ္လာသော၊ သညာဝိပလ္လာသရင်း။ စိတ္တဝိပလ္လာသော၊ စိတ္တဝိပလ္လာသရင်း။ ဒိဋ္ဌိဝိပလ္လာသော၊ ဒိဋ္ဌိဝိပလ္လာသရင်း။ ဣတိ၊ ဤသို့။ ဣမေ တယော ဝိပလ္လာသာ၊ ဤသုံးပါးသော ဝိပလ္လာသတို့တည်း။

ဂန္ထ ၄-ပါး။　။ဂန္ထာတိ၊ ဂန္ထာ ဟူသည်ကား။ အဘိဇ္ဈာ ကာယဂန္ထော၊ အဘိဇ္ဈာ ကာယဂန္ထရင်း။ဗျာပါဒေါ ကာယဂန္ထော၊ဗျာပါဒ-ကာယဂန္ထရင်း။ သီလဗ္ဗတပရာမာသော ကာယဂန္ထော၊ သီလဗ္ဗတပရာမာသ-ကာယဂန္ထရင်း။ ဣဒံသစ္စာဘိနိဝေသော ကာယဂန္ထော၊ ဣဒံသစ္စာဘိနိဝေသ-ကာယဂန္ထရင်း။ ဣတိ၊ ဤသို့။ စတ္တာရော၊ လေးပါးကုန်သော။ ဂန္ထာ၊ (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌ ရစ်ပတ်ထုံးဖွဲ့တတ်သော) ဂန္ထတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

အဂတိ ၄-ပါး။　။အဂတိတိ၊ အဂတိ[၁] ဟူသည်ကား။ ဆန္ဒ ဒေါသ မောဟ ဘယာနိ၊ ဆန္ဒ,ဒေါသ,မောဟ,ဘယတို့တည်း။

အာသဝ ၄-ပါး။　။အာသဝါတိ၊ အာသဝ ဟူသည်ကား။ ကာမရာဂ ဘဝရာဂ မိစ္ဆာဒိဋ္ဌိ အဝိဇ္ဇာသဝါတိ၊ကာမရာဂ,ဘဝရာဂ, မိစ္ဆာဒိဋ္ဌိ, အဝိဇ္ဇာသဝ ဟူကုန်သော။ စတ္တာရော၊ လေးပါးကုန်သော။ အာသဝါ၊ (သတ္တဝါတို့၏ သန္တာန်၌ ယိုစီးဖြစ်ပွါးနေတတ်၍ မူးယစ်မိုက်မဲစေတတ်သော) အာသဝတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဩဃ,ယောဂ။　။ဩဃယောဂါတိပိ၊ (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌ နစ်မြုပ်စေတတ်သော)ဩဃ, (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌ ဒုက္ခနှင့်ယှဉ်ကပ် တွယ်စေတတ်သော) ယောဂတို့ ဟူသည်လည်း။ တေသမေဝ၊ ထိုကာမရာဂ အစရှိသည်တို့၏သာလျှင်။ အဓိဝစနံ၊ အမည်တည်း။

နီဝရဏ။　။နီဝရဏာနီတိ၊ နီဝရဏာနိ ဟူသည်ကား။ ကာမစ္ဆန္ဒာဒယော၊ ကာမစ္ဆန္ဒအစရှိကုန်သော (ဈာန်, မဂ်, ဖိုလ်တို့ကို တားမြစ်ပိတ်ပင်တတ်သော) နီဝရဏတို့တည်း။

---

၁။ (ဆန္ဒစသည်တို့ကြောင့် မပြုအပ်သည်ကိုပြုခြင်း, ပြုအပ်သည်ကိုမပြုခြင်းကို 'အဂတိ' ဟုဆိုသည်။ ဆန္ဒစသည်တို့သည် အဂတိဖြစ်ကြောင်းများ ဖြစ်သည်။ ယင်းဋီကာသစ်၊ ဒု၊နှာ-၃၅၄။)

ပရာမာသ။ ။ပရာမာသောတိ စော၊ (မှားသောအားဖြင့်သုံးသပ်သော) ပရာမာသော ဟူသော ဤအမည်သည်။ မိစ္ဆာဒိဋ္ဌိယာ၊ မိစ္ဆာဒိဋ္ဌိ၏။ အဓိဝစနံ၊ အမည်တည်း။

ဥပါဒါန် ၄-ပါး။ ။ဥပါဒါနာတိ၊ ဥပါဒါနာ ဟူသည်ကား။ ကာမုပါဒါ-နာဒီနိ။ ကာမုပါဒါန် အစရှိကုန်သော။ စတ္တာရိ၊ လေးပါးကုန်သော။ ဥပါဒါနာနိ၊ (ဝဋ်ဆင်းရဲဖြစ်ကြောင်း အာရုံတို့ကို ပြင်းစွာစွဲလမ်း တပ်မက်တတ်သော) ဥပါဒါန်တို့တည်း။

အနုသယ ၇-ပါး။ ။အနုသယာတိ၊ အနုသယ[၁] ဟူသည်ကား။ ကာမရာဂါ-နုသယော၊ ကာမရာဂါနုသယရင်း။ ပဋိဃ မာန ဒိဋ္ဌိ-ဝိစိကိစ္ဆာ ဘဝရာဂါဝိဇ္ဇာနုသယော၊ ပဋိဃာနုသယ, မာနာနုသယ, ဒိဋ္ဌာ-နုသယ,ဝိစိကိစ္ဆာနုသယ,ဘဝရာဂါနုသယ,အဝိဇ္ဇာနုသယရင်း။ ဣတိ၊ ဤသို့။ သတ္တ၊ ခုနစ်ပါးကုန်သော။ အနုသယာ၊ (လျော်ကပ်ပတ်သော အကြောင်း ကိုရလျှင် ဖြစ်ပေါ်ရန်အစဉ်ကိန်းဝပ်နေသော)အနုသယတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

မလ(မူလ) ၃-ပါး။ ။မလာတိ၊ မလာ ဟူသည်ကား။ လောဘော၊ လောဘရင်း။ ဒေါသော၊ ဒေါသရင်း။ မောဟော၊ မောဟရင်း။ ဣတိ၊ ဤသို့။ တယော၊ သုံးပါးကုန်သော။ မလာ၊ မလ တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

အကုသလကမ္မပထ ၁၀-ပါး။ ။အကုသလကမ္မပထာတိ၊ အကုသလကမ္မ-ပထာ ဟူသည်ကား။ဒသ အကုသလကမ္မ-ပထာ၊ ဆယ်ပါးသော အကုသလကမ္မပထတို့တည်း။

သေယျထိဒံ၊ (အကုသိုလ်ကံဖြစ်ကြောင်း) ထိုဆယ်ပါးသော အကုသလ ကမ္မပထဟူသည် အဘယ်တို့နည်း ဟူမူကား။ ပါဏာတိပါတော၊ ပါဏာတိ

---

၁။ (အနုသယ=မင်္ဂသို့မဆိုက်ခင် လျော်ကပ်ပတ်သော အကြောင်းကိုရလျှင် ဖြစ်ပေါ်ရန် အစဉ်မပြတ် ကိန်းဝပ်နေသော ထာမဂတ (အားကောင်းသည့်)ကိလေသာကို အနုသယဟု ဆိုသည်၊ ဤ၌ ထာမဂတဟူသည် အနုသယ ကိလေသာတို့၏ တပါးသော ကိလေသာတို့နှင့် မဆက်ဆံသော သဘောကို ဆိုသည်။

အပရေဆရာတို့က ကာမရာဂစသည်တို့၏ မျိုးစေ့ဖြစ်သော ကိလေသာဖြစ်ပေါ်စေသည့် သတ္တိကို အနုသယဟုဆိုသည်၊ ထိုဆရာတို့၏ဝါဒကို အဘိဓမ္မာဝတာရ ဋီကာသစ်ဆရာက ပယ်သည်၊ရင်းဋီကာသစ်၊ဒု၊နှာ-၁၅၄-၅။)

ပါတရင်း။ အဒိန္နာဒါနံ၊ အဒိန္နာဒါန်ရင်း။ ကာမေသုမိစ္ဆာစာရော၊ ကာမေသု မိစ္ဆာစာရရင်း။ မုသာဝါဒေါ၊ မုသာဝါဒရင်း။ ပိသုဏဝါစာ၊ ပိသုဏဝါစာရင်း။ ဖရုသဝါစာ၊ ဖရုသဝါစာရင်း။ သမ္ဖပ္ပလာပေါ၊ သမ္ဖပ္ပလာပ ရင်း။ အဘိဇ္ဈာ၊ အဘိဇ္ဈာရင်း။ ဗျာပါဒေါ၊ ဗျာပါဒရင်း။ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိရင်း။ ဣတိ ဣမေ ဒသ၊ ဤ ဆယ်ပါးတို့တည်း။

အကုသိုလ် ၁၂-ပါး။ ။အကုသလစိတ္တုပ္ပါဒါတိ၊ အကုသလစိတ္တုပ္ပါဒါ ဟူ သည်ကား။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ လောဘမူလာနိ၊ လောဘမူလတို့ရင်း။ ဒွေ၊ နှစ်ပါးကုန်သော။ ဒေါသမူလာနိ၊ ဒေါသမူလတို့ရင်း။ ဒွေ၊ နှစ်ပါးကုန်သော။ မောဟမူလာနိ၊ မောဟမူလ တို့ရင်း။ ဣတိ ဣမေ ဒွါဒသ၊ ဤ တဆဲ့နှစ်ပါးတို့တည်း။

## မဂ်ဉာဏ်က သံယောဇဉ် စသည်ကို ပယ်သတ်ပုံ

ဣတိ၊ ဤသို့။ ဧတေသံ သံယောဇနာဒီနံ၊ ဤသံယောဇဉ် အစရှိသည် တို့ကို။ တာနိ၊ ဤလေးပါးသော မဂ်ဉာဏ်တို့သည်။ ယထာသမ္ဘဝံ၊ ဖြစ် ထိုက်သည်အားလျော်စွာ။ ပဟာနကရာနိ၊ ပယ်ခြင်းကို ပြုတတ်ကုန်၏။

သံယောဇဉ်ကို ပယ်သတ်ပုံ။ ။ကထံ၊ အဘယ်သို့ ပယ်ခြင်းကို ပြုတတ်ကုန် သနည်းဟူမူကား။

သောတာပတ္တိမဂ်ပယ်သော သံယောဇဉ် တာဝ၊ ရှေးဦးစွာ။ သံယောဇနေသု၊ သံယောဇဉ်တို့တွင်။ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသာ၊ သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသတို့ရင်း။ အပါယဂမနီယာ၊ အပါယ်သို့ လားစေ တတ်ကုန်သော။ ကာမရာဂပဋိဃာ၊ ကာမရာဂ, ပဋိဃတို့ရင်း။ ဣတိ၊ ဤသို့။ ဧတေ၊ ဤသံယောဇဉ်တို့ကို။ ပဌမမဂ္ဂဉာဏဝဇ္ဈာ၊ ပဌမမဂ်ဉာဏ်သည် သတ်အပ်ကုန်၏။

သကဒါဂါမိမဂ်ပယ်သော သံယောဇဉ် သေသာ၊အပါယ်သို့မလားစေတတ်ကုန်သော။ ဩဠာရိကာ၊ ရုန့်ရင်းကုန်သော။ ကာမရာဂ- ပဋိဃာ၊ ကာမရာဂ, ပဋိဃတို့ကို။ ဒုတိယမဂ္ဂ- ဉာဏဝဇ္ဈာ၊ ဒုတိယမဂ်ဉာဏ်သည် သတ်အပ်ကုန်၏။

အနာဂါမိမဂ်ပယ်သတ်သော သံယောဇဉ် — သုခုမာ၊ သိမ်မွေ့ကုန်သော။ ကာမရာဂပဋိဃာ၊ ကာမရာဂနှင့်ပဋိဃတို့ကို။ တတိယမဂ္ဂဉာဏဝဇ္ဈာ၊ တတိယ မဂ်ဉာဏ်သည် သတ်အပ်ကုန်၏။

အရဟတ္တမဂ်ပယ်သတ်သော သံယောဇဉ် — ရူပရာဂါဒယော၊ ရူပရာဂအစရှိကုန်သော။ ပဉ္စပိ၊ ငါးပါးသောသံယောဇဉ်တို့ကိုလည်း[၁]။ စတုတ္ထမဂ္ဂဉာဏဝဇ္ဈာ ဝေ၊ စတုတ္ထမဂ်ဉာဏ်သည် သတ်အပ်ကုန်သည်သာလျှင်ကတည်း။

**ကိလေသာကို ပယ်သတ်ပုံ။** ။ကိလေသေသု၊ ကိလေသာတို့တွင်။ ဒိဋ္ဌိဝိစိကိစ္ဆာ၊ ဒိဋ္ဌိ,ဝိစိကိစ္ဆာတို့ကို။ ပဌမမဂ္ဂဉာဏဝဇ္ဈာ၊ ပဌမမဂ်ဖြစ်သော သောတာပတ္တိမဂ်ဉာဏ်သည် သတ်အပ်ကုန်၏။

ဒေါသော၊ ဒေါသကို။ တတိယမဂ္ဂဉာဏဝဇ္ဈော၊ တတိယမဂ်ဉာဏ်ဟု ဆိုအပ်သော အနာဂါမိမဂ်သည် သတ်အပ်၏။

လောဘ မောဟ မာန ထိန ဥဒ္ဓစ္စ အဟိရိကာနောတ္တပ္ပါနိ၊ လောဘ,မောဟ,မာန,ထိန,ဥဒ္ဓစ္စ,အဟိရိက,အနောတ္တပ္ပတို့ကို။ စတုတ္ထမဂ္ဂဉာဏဝဇ္ဈာနိ၊ စတုတ္ထမဂ်ဉာဏ်သည် သတ်အပ်ကုန်၏။

**မိစ္ဆတ္တကို ပယ်သတ်ပုံ။** ။မိစ္ဆတ္တေသု၊ မိစ္ဆတ္တ[၂]တို့တွင်။ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိရင်း။ မုသာဝါဒေါ၊ မုသာဝါဒရင်း။ မိစ္ဆာကမ္မန္တော၊ မိစ္ဆာကမ္မန္တရင်း။ မိစ္ဆာအာဇီဝေါ၊ မိစ္ဆာအာဇီဝရင်း။ ဣတိ ဣမေ၊ ဤ မိစ္ဆတ္တတို့ကို။ ပဌမမဂ္ဂဉာဏဝဇ္ဈာ၊ ပဌမမဂ်ဉာဏ်သည် ပယ်သတ်အပ်ကုန်၏။

မိစ္ဆာသင်္ကပ္ပေါ၊ မိစ္ဆာသင်္ကပ္ပရင်း။ ပိသုဏာဝါစာ၊ ပိသုဏာဝါစာရင်း။ ဖရုသဝါစာ၊ ဖရုသဝါစာရင်း။ ဣတိ ဣမေ။ ဤ မိစ္ဆတ္တတို့ကို။ တတိယမဂ္ဂဉာဏဝဇ္ဈာ၊ တတိယမဂ်ဉာဏ်သည် သတ်အပ်ကုန်၏။

---

၁။ (အရဟတ္တမဂ်ပယ်သော သံယောဇဉ် ၅-ပါး—ရူပရာဂ၊ အရူပရာဂ၊ မာန၊ ဥဒ္ဓစ္စ၊ အဝိဇ္ဇာ။)

၂။ မိစ္ဆတ္တ=မှားသောသဘော။

မိစ္ဆာဝါစာ အရကောက်။ ။တွေ့၊ ဤ မိစ္ဆတ္တတို့၌။ စေတနာယေဝ၊ စေတနာကို သာလျှင်။ မိစ္ဆာဝါစာတိ၊ မိစ္ဆာဝါစာဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

သမ္မပ္ပလာပ မိစ္ဆာဝါယာမ သတိ သမာဓိ ဝိမုတ္တိ ဉာဏာနိ၊ သမ္မပ္ပလာပ, မိစ္ဆာဝါယာမ, မိစ္ဆာသတိ, မိစ္ဆာသမာဓိ, မိစ္ဆာဝိမုတ္တိ, မိစ္ဆာဉာဏ်တို့ကို။ စတုတ္ထမဂ္ဂဉာဏဝဇ္ဈာနိ၊ စတုတ္ထမဂ်ဉာဏ်သည် သတ်အပ်ကုန်၏။

လောကဓံတရားကို ပယ်သတ်ပုံ။ ။လောကဓမ္မေသု၊ လောကဓံတရားတို့တွင်။ ပဋိဃော၊ပဋိဃကို။တတိယမဂ္ဂဉာဏဝဇ္ဈော၊ တတိယမဂ်ဉာဏ်သည် သတ်အပ်၏။ အနုနယော၊ လောဘကို။ စတုတ္ထမဂ္ဂဉာဏဝဇ္ဈော၊ စတုတ္ထမဂ်ဉာဏ်သည် သတ်အပ်၏။

ယသော စ၊ ယသကိုငှ်း။ ပသံသာ စ၊ ပသံသာကိုငှ်း။ အနုနယော စ၊ အနုနယ (လောဘ) ကိုငှ်း။ စတုတ္ထမဂ္ဂဉာဏဝဇ္ဈော၊ စတုတ္ထမဂ်ဉာဏ်သည် သတ်အပ်၏။ ဣတိ၊ ဤသို့။ ကေ၊ အချို့သော ဆရာတို့သည်။ ဝဒန္တိ၊ ဆိုကုန်၏။

မစ္ဆရိယကို ပယ်သတ်ပုံ။ ။မစ္ဆရိယာနိ၊ မစ္ဆရိယတို့ကို။ ပဌမမဂ္ဂဉာဏဝဇ္ဈာနိ ဧဝ၊ ပဌမမဂ်ဉာဏ်သည် သတ်အပ်ကုန်သည်သာလျှင်ကတည်း။

ဝိပလ္လာသကို ပယ်သတ်ပုံ။ ။ဝိပလ္လာသေ ပန[၁]၊ ဖောက်ဖောက်ပြန်ပြန် မှားယွင်းယူဆမှု ဝိပလ္လာသတွင်။ အနိစ္စေ၊ အနိစ္စ၌။ နိစ္စံ၊ နိစ္စဟူ၍ငှ်း။ အနတ္တနိ၊ ကိုယ်မဟုတ်သည်၌ (မိမိဖြစ်ချင်သည့် အလိုဆန္ဒအတိုင်းမဖြစ် အစိုးတရ မဟုတ်သည်၌။) အတ္တာ၊ အတ္တဟူ၍ငှ်း။ ဣတိ၊ ဤသို့။ သညာစိတ္တဒိဋ္ဌိဝိပလ္လာသာ စ၊ သညာဝိပလ္လာသ, စိတ္တဝိပလ္လာသ, ဒိဋ္ဌိဝိပလ္လာသတို့ငှ်း။ ဒုက္ခေ၊ ဒုက္ခ၌။ သုခံ၊ သုခဟူ၍ငှ်း။ အသုဘေ၊ အသုဘ၌။ သုဘံ၊ သုဘဟူ၍ငှ်း။ ဣတိ၊ ဤသို့။ ဝိပလ္လာသော စ[၂]၊ ဝိပလ္လာသငှ်း။ ဣတိ ဣမေ၊ ဤဝိပလ္လာသတို့ကို။ ပဌမမဂ္ဂဉာဏဝဇ္ဈာ၊ ပဌမမဂ်ဉာဏ်သည် သတ်အပ်ကုန်၏။

---

၁။ ဆင္ဌမူ၌ ဝိပလ္လာသေသု ပန ရှိသည်၊ "ဝိပလ္လာသတို့တွင်"ဟု အနက်ပေး။

၂။ ဆင္ဌမူ၌ ဒိဋ္ဌိဝိပလ္လာသော စ-ဟုရှိသည်၊ ဤအလိုမှု ဒိဋ္ဌိဝိပလ္လာသော စ၊ ဒိဋ္ဌိဝိပလ္လာသငှ်းဟု အနက်ပေး။

အသုဘော၊ အသုဘာ၌။ သုဘန္တိ၊ သုဘဟူ၍။ သညာစိတ္တဝိပလ္လာသာ၊ သညာဝိပလ္လာသ, စိတ္တဝိပလ္လာသတို့ကို။ တတိယမဂ္ဂဉာဏဝဇ္ဈာ၊ တတိယမဂ်ဉာဏ်သည် သတ်အပ်ကုန်၏။

ဒုက္ခေ၊ ဒုက္ခ၌။ သုခန္တိ၊ သုခဟူ၍။ သညာစိတ္တဝိပလ္လာသာ၊ သညာဝိပလ္လာသ,စိတ္တဝိပလ္လာသတို့ကို။ စတုတ္ထမဂ္ဂဉာဏဝဇ္ဈာ၊ စတုတ္ထမဂ်ဉာဏ်သည် သတ်အပ်ကုန်၏။

**ဂန္ထကို ပယ်သတ်ပုံ။** ။ဂန္ထေသု၊ ဂန္ထတို့တွင်။ သီလဗ္ဗတပရာမာသကာယဂန္ထာ၊ သီလဗ္ဗတပရာမာသ, ဣဒံသစ္စာဘိနိဝေသကာယဂန္ထတို့ကို။ ပဌမ မဂ္ဂဉာဏဝဇ္ဈာ၊ ပဌမ မဂ်ဉာဏ်သည် သတ်အပ်ကုန်၏။

ဗျာပါဒကာယဂန္ထော၊ ဗျာပါဒကာယဂန္ထကို။ တတိယမဂ္ဂဉာဏဝဇ္ဈော၊ တတိယမဂ်ဉာဏ်သည် သတ်အပ်၏။

အဘိဇ္ဈာကာယဂန္ထော၊ အဘိဇ္ဈာကာယဂန္ထကို။ စတုတ္ထမဂ္ဂဉာဏဝဇ္ဈော၊ စတုတ္ထမဂ်ဉာဏ်သည် သတ်အပ်သာလျှင်ကတည်း။

**အဂတိကို ပယ်သတ်ပုံ။** ။အဂတိယော၊အရိယာသူတော်ကောင်းတို့သည် မပြုကျင့်အပ်သော ဆန္ဒ,ဒေါသ, မောဟ, ဘယ အဂတိတို့ကို။ ပဌမမဂ္ဂဉာဏဝဇ္ဈာ၊ ပဌမမဂ်ဉာဏ်သည် သတ်အပ်ကုန်၏။

**အာသဝကို ပယ်သတ်ပုံ။** ။အာသဝေသု၊ အာသဝတို့တွင်။ ဒိဋ္ဌာသဝေါ၊ ဒိဋ္ဌာသဝကို။ ပဌမဉာဏဝဇ္ဈော၊ ပဌမမဂ်ဉာဏ်သည် ပယ်သတ်အပ်၏။

ကာမာသဝေါ၊ ကာမာသဝကို။ တတိယဉာဏဝဇ္ဈော၊ တတိယမဂ်ဉာဏ်သည် ပယ်သတ်အပ်၏။

ဣတရေ၊ ဤမှတပါးကုန်သော။ ဒွေ၊ နှစ်ပါးကုန်သော ဘဝါသဝ, အဝိဇ္ဇာသဝတို့ကို။ စတုတ္ထဉာဏဝဇ္ဈာ၊ စတုတ္ထမဂ်ဉာဏ်သည် ပယ်သတ်အပ်ကုန်၏။

ဩဃ ယောဂေသုပိ၊ ဩဃ ယောဂတို့၌လည်း။ ဧသေဝ နယော၊ ဤနည်းလျှင် နည်းရှိ၏။

နီဝရဏကို ပယ်သတ်ပုံ။ ။နီဝရဏေသု၊ နီဝရဏတို့တွင်။ ဝိစိကိစ္ဆာနီဝရဏံ၊ ဝိစိကိစ္ဆာနီဝရဏကို။ ပဌမဉာဏဝဇ္ဈံ၊ ပဌမမဂ်ဉာဏ်သည် ပယ်သတ်အပ်၏။

ကာမစ္ဆန္ဒော၊ ကာမစ္ဆန္ဒရင်း။ ဗျာပါဒေါ၊ ဗျာပါဒရင်း။ ကုက္ကုစ္စံ၊ ကုက္ကုစ္စရင်း။ ဣတိ၊ ဤသို့။ တီဏိ၊ သုံးပါးကုန်သော နီဝရဏတို့ကို။ တတိယဉာဏဝဇ္ဈာနိ၊ တတိယမဂ်ဉာဏ်သည် ပယ်သတ်အပ်ကုန်၏။

ထိနမိဒ္ဓဥဒ္ဓစ္စာနိ၊ ထိန မိဒ္ဓ ဥဒ္ဓစ္စတို့ကို။ စတုတ္ထဉာဏဝဇ္ဈာနိ၊ စတုတ္ထမဂ်ဉာဏ်သည် သတ်အပ်ကုန်၏။

ပရာမာသကို ပယ်သတ်ပုံ။ ။ပရာမာသော၊ မှားသောအားဖြင့် သုံးသပ်မှု ပရာမာသကို (မိစ္ဆာဒိဋ္ဌိကို)။ ပဌမဉာဏဝဇ္ဈော၊ ပဌမမဂ်ဉာဏ်သည် သတ်အပ်၏။

ဥပါဒါန်ကို ပယ်သတ်ပုံ။ ။ဥပါဒါနေသု၊ ဥပါဒါန်တို့တွင်။ သဗ္ဗေသမ္ပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ လောကိယဓမ္မာနံ၊ လောကီတရားတို့၏။ ဝတ္ထုကာမဝသေန၊ ဝတ္ထုကာမ၏ အစွမ်းဖြင့်။ ကာမာတိ၊ ကာမတို့ဟူ၍။ အာဂတတ္တာ၊ လာသည်၏အဖြစ်ကြောင့်။ ရူပါ-ရူပေသု၊ ရူပဘဝ အရူပဘဝတို့၌။ ရာဂေါပိ၊ ရာဂသည်လည်း။ ကာမု-ပါဒါနေ၊ ကာမုပါဒါန်၌။ ပဝတ္တတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ တဒ္ဒ ကာမုပါဒါနံ၊ ထိုကာမုပါဒါန်ကိုလည်း။ စတုတ္ထဉာဏဝဇ္ဈံ၊ စတုတ္ထမဂ်ဉာဏ်သည် ပယ်သတ်အပ်၏။

သေသာနိ၊ ကြွင်းကုန်သော ဥပါဒါန်တို့ကို။ ပဌမဉာဏဝဇ္ဈာနိ၊ ပဌမမဂ်ဉာဏ်သည် သတ်အပ်ကုန်၏။

အနုသယကို ပယ်သတ်ပုံ။ ။အနုသယေသု၊ အနုသယတို့တွင်။ ဒိဋ္ဌိဝိစိ-ကိစ္ဆာနုသယာ၊ ဒိဋ္ဌာနုသယ ဝိစိကိစ္ဆာနုသယတို့ကို။ ပဌမဉာဏဝဇ္ဈာ၊ ပဌမမဂ်ဉာဏ်သည် ပယ်သတ်အပ်ကုန်၏။

ကာမရာဂပဋိဃာနုသယာ၊ ကာမရာဂါနုသယ ပဋိဃာနုသယတို့ကို။ တတိယဉာဏဝဇ္ဈာ၊ တတိယမဂ်ဉာဏ်သည် ပယ်သတ်အပ်ကုန်၏။

မာနဘဝရာဂါဝိဇ္ဇာနုသယာ၊ မာနာနုသယ, ဘဝရာဂါနုသယ, အဝိဇ္ဇာနုသယတို့ကို။ စတုတ္ထဉာဏဝဇ္ဇြာ၊ စတုတ္ထမဂ်ဉာဏ်သည် သတ်အပ်ကုန်၏။

မလ(မူလ) ကို ပယ်သတ်ပုံ။ ။မလေသု၊ မလတို့တွင်။ ဒေါသမလံ၊ ဒေါသမလကို။ တတိယဉာဏဝဇ္ဈံ၊ တတိယမဂ်ဉာဏ်သည် သတ်အပ်၏။

ဣတရာနိ၊ဤမှတပါးကုန်သော လောဘမလ,မောဟမလတို့ကို။စတုတ္ထဉာဏဝဇ္ဈာနေဝ၊ စတုတ္ထမဂ်ဉာဏ်သည် ပယ်သတ်အပ်ကုန်သည်သာလျှင်ကတည်း။

အကုသလ ကမ္မပထတရားကို ပယ်သတ်ပုံ ။အကုသလကမ္မပထေသု၊ အကုသလကမ္မပထတို့တွင်။ပါဏာတိပါတော၊ပါဏာတိပါတငြင်း။အဒိန္နာဒါနံ၊အဒိန္နာဒါနငြင်း။ မိစ္ဆာစာရော၊ ကာမေသုမိစ္ဆာစာရငြင်း။ မုသာဝါဒေါ၊ မုသာဝါဒငြင်း။ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိငြင်း။ ဣတိ ဣမေ၊ ဤ အကုသလကမ္မပထတို့ကို။ ပဌမဉာဏဝဇ္ဈာ၊ ပဌမမဂ်ဉာဏ်သည် ပယ်သတ်အပ်ကုန်၏။

ပိသုဏာဝါစာ၊ ပိသုဏာဝါစာငြင်း။ ဖရုသဝါစာ၊ ဖရုသဝါစာငြင်း။ ဗျာပါဒေါ၊ဗျာပါဒငြင်း။ ဣတိ ဣမေ၊ ဤ အကုသလကမ္မပထတို့ကို။ တတိယဉာဏဝဇ္ဈာ၊ တတိယမဂ်ဉာဏ်သည် ပယ်သတ်အပ်ကုန်၏။

သမ္ဖပ္ပလာပေါ စ၊ သမ္ဖပ္ပလာပကိုငြင်း။ အဘိဇ္ဈာ စ၊ အဘိဇ္ဈာကိုငြင်း။ စတုတ္ထဉာဏဝဇ္ဈာဝ၊ စတုတ္ထမဂ်ဉာဏ်သည် သတ်အပ်သာလျှင်ကတည်း။

အကုသိုလ်ကို ပယ်သတ်ပုံ အကုသလစိတ္တုပ္ပါဒေသု၊ အကုသိုလ်စိတ္တုပ္ပါဒ်တို့တွင်။ စတ္တာရော ဒိဋ္ဌိဂတစိတ္တုပ္ပါဒါ၊ လေးပါးကုန်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်တို့ငြင်း။ ဝိစိကိစ္ဆာသမ္ပယုတ္တော စ၊ ဝိစိကိစ္ဆာသမ္ပယုတ်စိတ္တုပ္ပါဒ်ငြင်း။ ဣတိ ဣမေ ပဉ္စ၊ဤအကုသိုလ်စိတ္တုပ္ပါဒ်ငါးပါးတို့ကို။ ပဌမဉာဏဝဇ္ဈာ၊ ပဌမမဂ်ဉာဏ်သည် ပယ်သတ်အပ်ကုန်၏။

ဒွေ၊ နှစ်ပါးကုန်သော။ ပဋိဃသမ္ပယုတ္တာ၊ ပဋိဃသမ္ပယုတ်စိတ္တုပ္ပါဒ်တို့ကို။ တတိယဉာဏဝဇ္ဈာ၊ တတိယမဂ်ဉာဏ်သည် ပယ်သတ်အပ်ကုန်၏။

သေသာ၊ ကြွင်းကုန်သော အကုသိုလ်စိတ္တုပ္ပါဒ်တို့ကို။ စတုတ္ထညာဏဝဇ္ဈာ၊ စတုတ္ထမဂ်ဉာဏ်သည် သတ်အပ်ကုန်၏။

ဣတိ၊ ဤသို့။ ယဋ္ဌ၊ အကြင်သံကိလေသတရားကိုလည်း။ ယေန ဉာဏေန၊ အကြင်မဂ်ဉာဏ်သည်။ ဝဇ္ဈံ၊ သတ်အပ်၏။ တံ၊ ထိုသံကိလေသတရားကို။ တေန ဉာဏေန၊ ထိုမဂ်ဉာဏ်သည်။ ပဟာတဗ္ဗံ နာမ၊ ပယ်အပ်သည်မည်၏။ တေန၊ ထို့ကြောင့်။ ဧတေသံ သံယောဇနာဒီနံ ဓမ္မာနံ တောနိ ယထာယောဂံ ပဟာနကရာနီတိ၊ ဧတေသံ။ပ။ ပဟာနကရာနိဟူ၍။ မယာ၊ ငါသည်။ ဝုတ္တံ၊ ဆိုအပ်၏။

၁၃၇၆။ ဧတေသု ဉာဏေသု စ၊ ဤလေးပါးသော မဂ်ဉာဏ်တို့တွင်လည်း။ ယေန ယေန ဉာဏေန၊ အကြင် အကြင် မဂ်ဉာဏ်ဖြင့်။ ယော ယော ဓမ္မော၊ အကြင်အကြင် သံကိလေသတရားသည်။ ဝိဃာတံ၊ပျက်စီးခြင်းသို့။ သမုပေတိ[၁]၊ ရောက်၏။ သော သော ဓမ္မော၊ ထိုထို သံကိလေသတရားကို။ အသေသေန၊ အကြွင်းမရှိသော အားဖြင့်။ တေန တေန ဉာဏေန၊ ထိုထို မဂ်ဉာဏ်နှင့်။ သဒ္ဓိံ၊ တကွ။ (ထည့်) ဧဝံ၊ ဤသို့။ သာဓု၊ ကောင်းစွာ။ မယာ၊ ငါသည်။ သန္ဒဿိတော၊ ပြအပ်ပြီ။

အယံ၊ဤဆိုအပ်ခဲ့ပြီးသည်ကား။ကိလေသပ္ပဟာနက္ကမကထာ၊ကိလေသ-ပဟာနက္ကမကို ဆိုးဖြတ်သော စကားတည်း။

---

၁။ (မဖြစ်ပေါ်သေးသော ကိလေသာတို့သည် မဂ်ဖြင့် မပယ်သတ်ရသေးလျှင် အကြောင်းအခွင့်ရသည့်အခါ မချွတ်ဖြစ်ပေါ်လာကြပေသည်၊ ယင်းဖြစ်ပေါ်လာနိုင်သည့် ကိလေသာများ မဖြစ်ပေါ်အောင် တားမြစ်ခြင်းကို မဂ်က ပယ်သတ်သည်ဟု ဆိုသည်။

တနည်း—ဖြစ်ပေါ်လာနိုင်သည့် ကိလေသာများ ဖြစ်ခွင့်မရကြခြင်းကို မဂ်က ပယ်သတ်သည်ဟု ဆိုသည်။

သို့ဖြစ်၍ မဂ်သည်—ချုပ်ပျောက်လွန်ပြီးဖြစ်သော အတိတ်ကိလေသာကိုလည်း မပယ်သတ်၊ ဖြစ်ပေါ်နေဆဲဖြစ်သော ပစ္စုပ္ပန်ကိလေသာကိုလည်း မပယ်သတ်၊ ဖြစ်ခွင့်ရခဲ့သော် ဖြစ်ပေါ်လာနိုင်သည့် အနာဂတ်ကိလေသာကိုသာ မဂ်က ပယ်သတ်သည်ဟု အဘိဓမ္မာဝတာရ ဋီကာသစ် (ဒု၊နှာ-၃၅၈) ဆရာက မိန့်သည်။

ဝိသုဒ္ဓိမဂ်ဆရာကမူ—ပယ်သတ်အပ်သော ကိလေသာ မရှိသဖြင့် ချုပ်ပျောက်လွန်ပြီးဖြစ်သော အတိတ်ကိလေသာ, မဖြစ်ပေါ်သေးသော အနာဂတ် ကိလေသာတို့ကိုလည်း မဂ်က မပယ်သတ်၊ တချိန်တည်းမှာ စိတ် ၂-ခု မဖြစ်နိုင်သဖြင့် ကိလေသာဖြစ်ဆဲမှာ မဂ်စိတ် မဥပါဒ်နိုင်သောကြောင့် ပစ္စုပ္ပန်ကိလေသာကိုလည်း မဂ်က မပယ်သတ်။

စင်စစ်မှာ ဘူမိလဒ္ဓုပ္ပန္နခေါ်သော အကြောင်းအခွင့်ရသည့်အခါ ဖြစ်ပေါ်လာနိုင်သည့် ကိလေသာကိုသာ မဂ်က ပယ်သတ်သည်ဟု ဝိသုဒ္ဓိ၊ဋ္ဌ၊ဒု၊နှာ-၃၂၈ ၌ မိန့်ဆိုသည်။)

**မဂ်ကိစ္စလေးပါး** ၁၃၇၇။ သစ္စာဘိသမယေ၊ လေးပါးသော အရိယသစ္စာ တို့ကို ထိုးထွင်း၍သိသော အခါ၌။ ပရိညာဒီနိ၊ ပရိညာအစရှိကုန်သော။ ယာနိ ကိစ္စာနိ၊ အကြင်မဂ်ကိစ္စတို့ကို။ သတ္တုနာ၊ မြတ်စွာဘုရားသည်။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏[၁]။ တာနိ ကိစ္စာနိ၊ ထိုမဂ်ကိစ္စတို့ကို။ ဠတော၊ ဤ ကိလေသပ္ပဟာနကထာမှ။ ပရံ၊ နောက်၌။ ပဝက္ခာမိ၊ ဟောအံ့။

**မဂ်ကိစ္စ ၄-ပါး တပြိုင်နက်ဖြစ်ခြင်း** ၁၃၇၈။ ဧတေသု ဉာဏေသု၊ ဤ လေးပါးသော မဂ်ဉာဏ် တို့တွင်။ ဧကေကဿ ဉာဏဿ၊ တခုတခုသောဉာဏ်၏။ ဧကက္ခဏေ၊ တပြိုင်နက်သော ခဏ၌။ ပရိညာ စ၊ ပိုင်းခြား၍ သိခြင်းသည်ရင်း။ ပဟာနဉ္စ၊ ပယ်ခြင်းသည်ရင်း။ သစ္ဆိကိရိယာ စ၊ မျက်မှောက်ပြုခြင်းသည် ရင်း။ ဘာဝနာ စ၊ ပွါးစေခြင်းသည်ရင်း။ သိယာ၊ ဖြစ်ရာ၏။

၁၃၇၉။ ပရိညာဒီနိ၊ ပရိညာအစရှိကုန်သော။ တောနိ ကိစ္စာနိ၊ ဤကိစ္စတို့ကို။ ဧကက္ခဏေ၊ တပြိုင်နက်သော ခဏ၌။ ကရောတိ၊ ပြု၏။ တာနိ ကိစ္စာနိ၊ ထို ပရိညာအစရှိသော ၄-ပါးသော ကိစ္စတို့ကို။ ယထာ-သဘာဝတော၊ မဖောက်မပြန်သော သဘောအားဖြင့်။ ဝိညုနာ၊ ပညာ ရှိသော သူသည်။ ဇာနိတဗ္ဗာနိ၊ သိအပ်ကုန်၏။

### မဂ်ကိစ္စ ၄-ပါး တပြိုင်နက်ဖြစ်ပုံကို ဆီမီးဥပမာဖြင့် ပြခြင်း

၁၃၈၀။ ဟိ=ဝိတ္ထာရေမိ၊ ချဲ့အံ့။ ဠမ လောကေ၊ ဤ လောက၌။ ပဒီပေါ၊ ဆီမီးသည်။ အပုဗ္ဗာစရိမံ၊ မရှေးမနှောင်း။ ဧကက္ခဏေ၊ တပြိုင် နက်သော ခဏ၌။ စတ္တာရိ ကိစ္စာနိ၊ လေးပါးသော ကိစ္စတို့ကို။ ကရောတိ၊ ပြု၏။

၁၃၈၁။ ဧကတော၊ တပြိုင်နက်။ အာလောကဉ္စ၊ အလင်းကိုလည်း။ ဝိဒံသေတိ၊ ပြ၏။ တိမိရမ္ပိ စ၊ အမိုက်မှောင်ကိုလည်း။ နာသေတိ၊ ဖျက်ဆီး ၏။ တေလဉ္စ၊ ဆီကိုလည်း။ ပရိယာဒိယတိ၊ ကုန်စေ၏။ ဝဋ္ဋိံ စ၊ မီးစာကို လည်း။ ဈာပေတိ ယထာ၊ လောင်ကျွမ်းစေသကဲ့သို့။

---

၁။ (သံ၊၃၊နှာ-၃၈၁-၂။ ဝိသုဒ္ဓိ၊ဋ္ဌ၊ဒု၊နှာ-၃၃၁။)

၁၃၈၂။ ဝေ=တထာ၊ ထိုအတူ။ တံ မဂ္ဂဉာဏမ္ပိ၊ ထိုမဂ်ဉာဏ်သည်လည်း။ အပုဗ္ဗာစရိမံ၊ မရှေးမနှောင်း။ ကေက္ခဏေ၊ တပြိုင်နက်သော ခဏာ၌။ စတ္တာရိပိ ကိစ္စာနိ၊ လေးပါးသော ကိစ္စတို့ကိုလည်း။ ကရောတိ၊ ပြု၏။

၁၃၈၃။ ပရိညာဘိသမယေနေဝ၊အကြွင်းမရှိသောအားဖြင့် ပိုင်းခြား၍ သိခြင်းဟု ဆိုအပ်သော သိခြင်းဖြင့်သာလျှင်။ သော မဂ္ဂေါ၊ ထိုမဂ်သည်။ ဒုက္ခံ၊ ဒုက္ခသစ္စာကို။ အဘိသမေတိ၊ မတွေ့ဝေသောအားဖြင့် သိ၏။

တထာ၊ ထိုအတူ။ ပဟာနာဘိသမယေနေဝ၊ သမုစ္ဆေဒပဟာန်ဟု ဆိုအပ်သော သိခြင်းဖြင့်သာလျှင်။ သမုဒယမ္ပိ စ၊ သမုဒယ သစ္စာကိုလည်း။ အဘိသမေတိ၊ မတွေ့ဝေသောအားဖြင့် သိ၏။

၁၃၈၄။ တံ ဉာဏံ၊ ထိုမဂ်ဉာဏ်သည်။ ဘာဝနာဝိဓိနာယေဝ၊ ဘာဝနာဘိသမယ အစီအရင်ဖြင့်သာလျှင် (မဂ်မရခင် ဝိပဿနာဘာဝနာ အဆက်ဆက်ကြောင့် ဖြစ်သော အရိယမဂ္ဂဘာဝနာဟု ဆိုအပ်သော သိခြင်းဖြင့်သာလျှင်)။ မဂ္ဂံ၊ မဂ္ဂသစ္စာကို။ အဘိသမေတိ၊ မတွေ့ဝေသော အားဖြင့် သိ၏။

သော မဂ္ဂေါ၊ ထိုမဂ်သည်။ အာရမ္မဏကြိယာယေဝ၊ အာရုံပြုခြင်းဖြင့်သာလျှင်။ နိရောဓံ၊ နိဗ္ဗာန်ကို။ သစ္ဆိကရောတိ၊ မျက်မှောက်ပြုသော အားဖြင့် သိ၏[၁]။

စ၊ ထိုစကားမှန်၏။ မဂ္ဂသမင်္ဂိဿ ဉာဏံ။ပ။ ပဋိပဒါယပေတံ ဉာဏန္တိ၊ မဂ္ဂသမင်္ဂိဿ ဉာဏံ။ပ။ပဋိပဒါယပေတံ ဉာဏံ[၂]ဟူ၍။ တေ ဝစနံ၊ ဤစကားကို။ ဂဝမ္ပတိထေရေန၊ ဂဝမ္ပတိထေရ်သည်(ထည့်)။ ဝုတ္တမ္ပိ၊ မိန့်အပ်သာလျှင်ကတည်း။

မဂ္ဂသမင်္ဂိဿ၊ မဂ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်၏။ ယံ ဉာဏံ၊ အကြင်ဉာဏ်သည်။ အတ္ထိ၊ ရှိ၏။ တေ ဉာဏံ၊ ဤဉာဏ်သည်။ ဒုက္ခေပိ၊ ဒုက္ခ၌လည်း။ ဉာဏံ၊ ဉာဏ်သည်။ ဟောတိ၊ ဖြစ်၏။ တေ ဉာဏံ၊ ဤဉာဏ်သည်။ ဒုက္ခ-

၁။ (မဂ်ဉာဏ်သည်—နိရောဓသစ္စာကို အာရုံပြုခြင်းဖြင့်သာ သိသည်။ သစ္စာ ၄-ပါးလုံးကို မတွေ့ဝေသောအားဖြင့် သိသည်။ ဂုင်းဋီကာသစ်၊ဒု၊နှာ-၃၅၉။)

(၂။ အဘိ၊ ၂-နှာ-၃၄၁။ ပဋိသမ္ဘိဒါမဂ်၊ နှာ-၁၁၄။)

သမုဒယေပိ၊ ဒုက္ခသမုဒယ၌လည်း။ ဉာဏံ၊ ဉာဏ်သည်။ ဟောတိ၊ ဖြစ်၏။ တေံ ဉာဏံ၊ ဤဉာဏ်သည်။ ဒုက္ခနိရောဓေပိ၊ ဒုက္ခ၏ချုပ်ရာနိဗ္ဗာန်၌လည်း။ ဉာဏံ၊ ဉာဏ်သည်။ ဟောတိ၊ ဖြစ်၏။ တေံ ဉာဏံ၊ ဤဉာဏ်သည်။ ဒုက္ခ-နိရောဓဂါမိနိယာ ပဋိပဒါယပိ၊ ဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်၌လည်း။ ဉာဏံ၊ ဉာဏ်သည်။ ဟောတိ၊ ဖြစ်၏။

ဥပမာန ဥပမေယျနှိုင်းယှဉ်ပုံ။ ။တတ္ထ၊ ထိုဥပမာ၌။ ပဒီပေါ၊ ဆီမီးသည်။ ဝဋ္ဋိံ၊ မီးစာကို။ ဈာပေတိ ယထာ၊ လောင်ကျွမ်းစေသကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ မဂ္ဂဉာဏံ၊ မဂ်ဉာဏ်သည်။ ဒုက္ခံ၊ ဒုက္ခသစ္စာကို။ ပရိဇာနာတိ၊ ပိုင်းခြား၍ သိ၏။

အန္ဓကာရံ၊ အမိုက်တိုက်ကို။ နာသေတိ ယထာ၊ ဖျက်ဆီးသကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ သမုဒယံ၊ သမုဒယသစ္စာကို။ ပဇဟတိ၊ စွန့်၏။

အာလောကံ၊ အလင်းကို။ ဝိဒံသေတိ ယထာ၊ ပြသကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ သဟဇာတာဒိပစ္စယတာယ၊ သဟဇာတာဓိပတိ ပစ္စည်း၏ အဖြစ်ဖြင့်။ သမ္မာသင်္ကပ္ပါဒိမဂ္ဂံ၊ သမ္မာသင်္ကပ္ပအစရှိသော မဂ္ဂသစ္စာကို။ ဘာဝေတိ၊ ပွါးစေ၏။

တေလံ၊ ဆီကို။ ပရိယာဒိယတိ ယထာ၊ ကုန်စေသကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ ကိလေသပရိယာဒါနေန၊ ကိလေသာကိုကုန်စေသဖြင့်။ နိရောဓံ၊ နိဗ္ဗာန်ကို။ သစ္ဆိကရောတိ၊ မျက်မှောက်ပြု၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏[၁]။

## မဂ်ကိစ္စ ၄-ပါး တပြိုင်နက်ဖြစ်ပုံကို နေ ဥပမာဖြင့် ပြခြင်း

၁၃၇၅။ ဣဓ၊ ဤလောက၌။ ဥဂ္ဂစ္ဆန္တော၊ တက်သော။ အာဒိစ္စော၊ နေသည်။ အပုဗ္ဗာစရိမံ၊ မရှေးမနှောင်း။ ဧကက္ခဏေ၊ တပြိုင်နက်သော ခဏ၌။ စတ္တာရိ ကိစ္စာနိ၊ လေးပါးသော ကိစ္စတို့ကို။ ကရောတိ၊ ပြု၏။

၁။ (အကြောင်းဖြစ်သော မဂ်ဉာဏ်၏ ကိလေသာ ကုန်စေခြင်းကို အကျိုးဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၌ တင်စား၍ ကာရဏူပစာ အားဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းဖြင့် ကိလေသာကုန်စေသည်ဟု ဆိုထားသည်။ ရင်းဋီကာသစ်၊ဒု၊နှာ-၃၅၉။)

၁၃၇၆။ ရူပါနိ စ၊ ရူပါရုံတို့ကိုလည်း။ ဩဘာသေတိ၊ ထွန်းလင်းစေ၏။ တိမိရမ္ပိ စ၊ အမိုက်တိုက်ကိုလည်း။ နာသေတိ၊ ဖျက်ဆီး၏။အာလောကဉ္စ၊ အလင်းကိုလည်း။ ဝိဒံသေတိ ၊ပြ၏။ သီတဉ္စ၊ အချမ်းကိုလည်း။ ပဋိဟညတိ ယထာ၊ ငြိမ်းစေသကဲ့သို့ငှ်း။

## မဂ်ကိစ္စ ၄-ပါး တပြိုင်နက်ဖြစ်ပုံကို လှေဥပမာဖြင့် ပြခြင်း

၁၃၇၇။ ယထာ စ၊ ဥပမာတပါးလည်း။ မဟတိ၊ ကြီးစွာသော။ နာဝါ၊ လှေသည်။ အပုဗ္ဗာစရိမံ၊ မရှေးမနှောင်း။ ကေက္ခဏေ၊ တပြိုင်နက်သော ခဏ၌။ စတ္တာရိ ကိစ္စာနိ၊ လေးပါးသော ကိစ္စတို့ကို။ ကရောတိ၊ ပြု၏။

၁၃၇၈။ သာ နာဝါ၊ ထိုလှေသည်။ ဩရိမံ တီရံ၊ ဤဘက်ကမ်းကို။ ဇဟတိ၊ စွန့်၏။ သောတံ၊ ရေအယဉ်ကို။ ဆိန္ဒတိ၊ ဖြတ်၏။ တထာ၊ ထိုမှတပါး။ ဘဏ္ဍဉ္စ၊ ဥစ္စာကိုလည်း။ ဝဟတိ၊ ဆောင်၏။ ပါရိမံ တီရံ၊ ထိုဘက်ကမ်းသို့။ အပ္ပေတိ၊ ရောက်စေ၏။

၁၃၇၉။ နာဝါယ၊ လှေ၏။ ဩရိမတီရဿ၊ ဤဘက်ကမ်းကို။ ပဇဟနံ ယထာ၊ စွန့်ခြင်းကဲ့သို့။ တထေဝ၊ ထို့အတူလျှင်။ မဂ္ဂဉာဏဿ၊ မဂ်ဉာဏ်၏။ ဒုက္ခဿ၊ ဒုက္ခကို။ ပရိဇာနနံ၊ ပိုင်းခြား၍သိခြင်းသည်။ ဟောတိ၊ ဖြစ်၏။

၁၃၈၀-၁။ သောတံ၊ ရေအယဉ်ကို။ ဆိန္ဒတိ ယထာ၊ ဖြတ်သကဲ့သို့။ တထာ၊ ထို့အတူ။ တံ ဉာဏံ၊ ထိုမဂ်ဉာဏ်သည်။ တဏှံ၊ တဏှာကို။ ဇဟတိ၊ စွန့်၏။

တံ ဘဏ္ဍံ၊ ထိုဥစ္စာကို။ ဝဟတိ ယထာ၊ ဆောင်သကဲ့သို့။ တထေဝ၊ ထို့အတူလျှင်။ သော မဂ္ဂေါ၊ ထိုမဂ်သည်။ သဟဇာတတာဒိနာ၊ သဟဇာတ အစရှိသော။ ပစ္စယတ္တေန၊ ပစ္စည်း၏အဖြစ်ဖြင့်။ မဂ္ဂံ၊ မဂ်ကို။ ဘာဝေတိ နာမ၊ ပွါးစေသည်မည်၏။

ပါရံ ပန ယထာ၊ ထိုဘက်ကမ်းသို့ ရောက်စေသကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ နိရောဓာရမ္မဏံ၊ နိဗ္ဗာန်အာရုံရှိသည်။ ဘဝေ၊ ဖြစ်၏။

၁၃၈၂။ လောကုတ္တရေန၊ နတ်နှင့်တကွသော လောကမှ လွန်မြောက်တော်မူပြီးသော မြတ်စွာဘုရားသည်။ ဝါ၊ နတ်နှင့်တကွသော လောကထက်

လွန်မြတ်တော်မူသော မြတ်စွာဘုရားသည်။ ယာ လောကုတ္တရဘာဝနာ၊ အကြင် လောကုတ္တရာဘာဝနာကို။ နိဒ္ဒိဋ္ဌာ၊ ပြတော်မူအပ်၏။ သာ လောကုတ္တရဘာဝနာ၊ ထိုလောကုတ္တရာဘာဝနာကို။ သင်္ခေပနယေနေဝ၊ အကျဉ်းဖြစ်သော နည်းဖြင့်သာလျှင်။ သာဓု၊ ကောင်းစွာ။ မယာ၊ ငါသည်။ ပကာသိတာ၊ ပြအပ်ပြီ။

၁၃၉၃။ လောကေ၊ လောက၌။ ပဏ္ဍိတော၊ ပညာရှိသော။ ကော ဟိ နာမ နရော၊ အဘယ်မည်သော ပုဂ္ဂိုလ်သည်။ လောကုတ္တရသုခါဝဟံ၊ လောကုတ္တရာချမ်းသာကို ဆောင်တတ်သော။ ပညာယ ဘာဝနံ ပန၊ ပညာ ဘာဝနာကိုလျှင်။ န စ ဘာဝယေ၊ မပွါးစေရာအံ့နည်း။ ဘာဝယေ ဧဝ၊ ပွါးစေရာသာလျှင်ကတည်း။

၁၃၉၄။ ယော ယောဂီ၊ အကြင်ယောဂီပုဂ္ဂိုလ်သည်။ ဟိတဘာဝနံ၊ ဤပစ္စုပ္ပန်လောက, တမလွန်လောက၌ အကျိုးစီးပွါးကို ပြုတတ်သော။ ဣမံ၊ ဤပညာဘာဝနာကို။ ဝိဒိတွာ၊ သိ၍။ ဧဝ၊ စင်စစ်။ သုခသံဟိတံ၊ ချမ်းသော အရိပ်, ရေရှိသည်၏အဖြစ် အစရှိသော သုခနှင့်ယှဉ်သော။ ဟိတံ၊ ဘာဝနာအမှုအား လျော်ကပ်သော။ ဝနံ၊ တောသို့။ ဥပေတိ၊ ကပ်၏။

သော ယောဂီ၊ ထိုယောဂီပုဂ္ဂိုလ်သည်။ အနုတ္တမံ၊ ယုတ်သော။ ဝါ၊ အလွန်အားရှိသည်လည်း ဖြစ်သော။ စိတ္တဿ၊ စိတ်၏။ တမံ၊ မောဟ တည်းဟူသော အမိုက်တိုက်ကို။ ဝိဓူယ၊ ဖျက်ဆီး၍။ အဝိဂ္ဂဟကမ္ပဒံ၊ ငြင်းခုံခြင်း, တုန်လှုပ်ခြင်းကို မပေးတတ်သော။ ပဒံ၊ နိဗ္ဗာန်သို့။ ဥပေတိ၊ ရောက်၏။

အဘိဓမ္မာဝတာရေ၊ အဘိဓမ္မာဝတာရကျမ်း၌။ ဉာဏဒဿနဝိသုဒ္ဓိ-နိဒ္ဒေသော နာမ၊ ဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသမည်သော။ တေဝီသတိမော၊ နှစ်ဆဲ့သုံးခုတို့၏ ပြည့်ကြောင်းဖြစ်သော။ ပရိစ္ဆေဒေါ၊ အပိုင်းသည်။ ဂ္ဂတိ=သမတ္တော။ ဤတွင် ပြီးပြီ။

ကိလေသပ္ပဟာနကထာ ပြီး၏။

ဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသ ပြီး၏။

# ၂၃-စေတသိကပရိစ္ဆေဒ

## ၂၄-ပစ္စယနိဒ္ဒေသ

၁၃၉၅။ ယေသံ ပစ္စယခမ္မာနံ၊ အကြောင်းပစ္စည်းတရားတို့၏။ ဝသာ၊ အစွမ်းအားဖြင့်။ ဋ္ဌမေ ဓမ္မာ၊ ဤတရားတို့သည်။ သပ္ပစ္စယာ၊ ပစ္စည်းနှင့်တကွဖြစ်ကုန်၏။ ဋ္ဌတော၊ ဤဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသမှ။ ပရံ၊ နောက်၌။ တေ ပစ္စယေ စ၊ ထိုပစ္စည်းတို့ကိုလည်း။ အဟံ၊ ငါသည်။ ဒဿယိဿာမိ၊ ပြအံ့။

၂၄-ပစ္စည်း။ ။ပစ္စယာ၊ ပစ္စည်းတို့သည်။ ကတမေ၊ အဘယ်ဘို့နည်း။ ဋ္ဌတိ၊ ဤသို့။ စေ ပုစ္ဆေယျ၊ အကယ်၍မေးအံ့။ ဝုစ္စတေ၊ အဖြေကိုဆိုအံ့။

ဟေတာရမ္မဏာဓိပတိ အနန္တရ သမနန္တရ သဟဇာတ အညမည နိဿယူပနိဿယ ပုရေဇာတ ပစ္ဆာဇာတာသေဝန ကမ္မဝိပ၊ကာဟာရိန္ဒြိယ ဈာန မဂ္ဂ သမ္ပယုတ္တ ဝိပ္ပယုတ္တ အတ္ထိ နတ္ထိ ဝိဂတာဝိဂတဝသေန၊ ဟေတု, အာရမ္မဏ, ။ပ။ ဝိဂတ, အဝိဂတတို့၏ အစွမ်းအားဖြင့်။ စတုဝိသတိဝိဓာ၊ နှစ်ဆဲ့လေးပါး အပြားရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဟေတုပစ္စည်း။ ။တတ္ထ၊ ထိုနှစ်ဆဲ့လေးပစ္စည်းတို့တွင်။ ဟေတုပစ္စယောတိ၊ ဟေတုပစ္စယော ဟူသည်ကား။ လောဘော၊ လောဘရင်း။ ဒေါသော၊ ဒေါသရင်း။ မောဟော၊ မောဟရင်း။ အလောဘော၊ အလောဘရင်း။ အဒေါသော၊ အဒေါသရင်း။ အမောဟော၊ အမောဟရင်း။ ဋ္ဌတိ၊ ဤသို့။ ဋ္ဌမေ ဆ ဓမ္မာ၊ ဤခြောက်ပါးသော တရားတို့သည်။ ဟေတုပစ္စယာ၊ ဟေတုပစ္စည်းမည်ကုန်၏။

အာရမ္မဏပစ္စည်း။ ။အာရမ္မဏပစ္စယောတိ၊ အာရမ္မဏပစ္စယောဟူသည်ကား။ သဗ္ဗလောကိယလောကုတ္တရံ၊ အလုံးစုံသော လောကီ,လောကုတ္တရာဖြစ်သော။ ယံ ယံ ဓမ္မံ၊ အကြောင်းအကြောင်းတရားကို။ အာရဗ္ဘ၊ အာရုံပြု၍။ စိတ္တစေတသိကာ၊ စိတ်စေတသိက်ဖြစ်ကုန်သော။ ယေ ယေ ဓမ္မာ၊ အကြောင်းအကြောင်းတရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

တေ တေ ဓမ္မာ၊ ထိုထို ပစ္စည်းတရားတို့သည်။ တေသံ တေသံ ဓမ္မာနံ၊ ထိုထို ပစ္စယုပ္ပန် တရားတို့အား။ အာရမ္မဏပစ္စယေန၊ အာရမ္မဏသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

အဓိပတိပစ္စည်း ၂-မျိုး။ ။အဓိပတိပစ္စယောတိဧတ္ထ၊ အဓိပတိပစ္စယော ဟူသော ဤပါဠိ၌။ အဓိပတိပစ္စယော၊ အဓိပတိပစ္စည်းသည်။ သဟဇာတာဓိပတိ, အာရမ္မဏာဓိပတိဝသေန၊ သဟဇာတာဓိပတိ, အာရမ္မဏာဓိပတိတို့၏ အစွမ်းအားဖြင့်။ ဒုဝိဓော၊ နှစ်ပါး အပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

သဟဇာတာဓိပတိ။ ။တတ္ထ၊ ထို နှစ်ပါးသော အဓိပတိပစ္စည်းတို့တွင်။ ဆန္ဒစိတ္တဝီရိယဝီမံသာဝသေန၊ ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသတို့၏အစွမ်းအားဖြင့်။ စတုဗ္ဗိဓော၊ လေးပါးအပြားရှိသော တရားသည်။ သဟဇာတာဓိပတိ၊ သဟဇာတာဓိပတိမည်၏။

အာရမ္မဏာဓိပတိ။ ။အာရမ္မဏာဓိပတိ ပန၊ အာရမ္မဏာဓိပတိသည်ကား။ ဒေါမနဿ ဝိစိကိစ္ဆုဒ္ဓစ္စကြိယာဗျာကတာ ကုသလဝိပါကေ စ၊ ဒေါမနဿ,ဝိစိကိစ္ဆာ,ဥဒ္ဓစ္စ,ကြိယာအဗျာကတ,အကုသလဝိပါက် တို့ကိုရှင်း။ အနိဋ္ဌသမ္မတံ၊ အနိဋ္ဌဟု သမုတ်အပ်သော။ ရူပဥ္စ၊ ရုပ်ကိုရှင်း။ ဌပေတွာ၊ ထား၍။ အဝသေသံ၊ ကြွင်းသော တရားသည်။ အာရမ္မဏာဓိပတိ၊ အာရမ္မဏာဓိပတိမည်၏[၁]။

အနန္တရပစ္စည်း။ ။အနန္တရပစ္စယောတိ၊ အနန္တရပစ္စယောဟူသည်ကား။ အနန္တရနိရုဒ္ဓါ၊ အခြားမဲ့၌ ချုပ်ကုန်ပြီးသော။ စိတ္တ-

၁။ (အဘိဓမ္မာဝတာရအလို—ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် ၁၈-ခု၊ ဒေါသမူဒွေး, မောဟ မူဒွေး, အကုသလဝိပါက် ၇-ခု, ကြိယာစိတ် ၂၀-ကြဉ်သော စိတ် ၅၈-ခု၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၄၇-ခု၊ နိဗ္ဗာန်သည် အာရမ္မဏာဓိပတိ ပစ္စည်းမည်သည်။ ၎င်းဋီကာသစ်၊ဒု၊နှာ-၃၆၄-၅။

ပဋ္ဌာန်းအဋ္ဌကထာအလို=ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် ၁၈-ခု၊ ဒေါသမူဒွေး, မောဟမူဒွေး, ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြဉ်သော စိတ် ၈၄-ခု၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၄၇-ခု၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်သည် အာရမ္မဏာဓိပတိပစ္စည်းမည်သည်။ ပဋ္ဌာန်းအဋ္ဌကထာ၊ (အဘိ၊ဋ္ဌ၊၃၊) နှာ-၃၆၂။)

စေတသိကာ၊ စိတ် စေတသိက်ဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ အနန္တရပစ္စယော၊ အနန္တရပစ္စည်းမည်၏။

သမနန္တရပစ္စည်း။ ။သမနန္တရပစ္စယောပိ။ သမနန္တရပစ္စည်းသည်လည်း။ တထာ၊ ထို့အတူတည်း။

သဟဇာတပစ္စည်း။ ။သဟဇာတပစ္စယောတိ၊ သဟဇာတပစ္စယောဟူသည်ကား။ စိတ္တစေတသိကာ စ၊ စိတ် စေတသိက်တို့သည်ရင်း။ မဟာဘူတာ စေဝ၊ မဟာဘုတ်တို့သည်ရင်း။ ဟဒယဝတ္ထု စ၊ ဟဒယဝတ္ထုသည်ရင်း။ သဟဇာတပစ္စယော၊ အတူတကွဖြစ်၍ ကျေးဇူးပြုတတ်သော သဟဇာတပစ္စည်း မည်၏။

အညမညပစ္စည်း။ ။အညမညပစ္စယောပိ၊ (အတူတကွဖြစ်၍) အချင်းချင်း အပြန်အလှန် ကျေးဇူးပြုတတ်သော အညမညပစ္စည်းသည်လည်း။ တထာ၊ ထို့အတူတည်း။

နိဿယပစ္စည်း။ ။နိဿယပစ္စယောတိ၊ နိဿယပစ္စယောဟူသည်ကား။ ဝတ္ထုရူပါနိ စေဝ၊ (စက္ခုပသာဒစသော ပဉ္စဝတ္ထုနှင့် ဟဒယဝတ္ထု) ဝတ္ထုရုပ် ၆-ပါးတို့သည်ရင်း။ မဟာဘူတာ စ၊ မဟာဘုတ် ၄-ပါးတို့သည်ရင်း။ စိတ္တစေတသိကာ စ၊ စိတ် စေတသိက်တို့သည်ရင်း။ နိဿယပစ္စယော၊ မှီရာဖြစ်၍ ကျေးဇူးပြုတတ်သော နိဿယပစ္စည်းမည်၏။

ဥပနိဿယ ပစ္စည်း၃-မျိုး။ ။ဥပနိဿယပစ္စယောတိ၊ ဥပနိဿယပစ္စယောဟူသည်ကား။ အာရမ္မဏာနန္တရပကတူပနိဿယဝသေန၊ အာရမ္မဏူပနိဿယ,အနန္တရူပနိဿယ,ပကတူပနိဿယတို့၏ အစွမ်းဖြင့်။ တိဝိဓော၊ သုံးပါးအပြားရှိသော တရားသည်။ ဥပနိဿယပစ္စယော၊ အားကြီးသော အကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော ဥပနိဿယပစ္စည်း မည်၏။

အာရမ္မဏူပနိဿယ။ ။တတ္ထ၊ ထို သုံးပါးသော ဥပနိဿယပစ္စည်းတို့တွင်။ အာရမ္မဏူပနိဿယော၊ အာရမ္မဏူပနိဿယသည်။ အာရမ္မဏာဓိပတိယေဝ၊ အာရမ္မဏာဓိပတိလျှင်တည်း[၁]။

၁။ (အလေးအမြတ်ပြုအပ်ကာမျှဖြင့် ကျေးဇူးပြုသော ပစ္စည်းသည် အာရမ္မဏာဓိပတိပစ္စည်း။ အားကြီးသော အကြောင်းအဖြစ်ဖြင့် ကျေးဇူးပြုသော ပစ္စည်းသည် အာရမ္မဏူပနိဿယပစ္စည်း။ ဤကား အထူး။ ၎င်းဋီကာသစ်၊ဒု၊နှာ-၃၆၇။)

အနန္တရူပနိဿယ။ ။အနန္တရူပနိဿယော ပန၊ အနန္တရူပနိဿယသည်ကား။ အနန္တရပစ္စယော၀၊ အနန္တရပစ္စည်းလျှင်တည်း[1]။

ပကတူပနိဿယ[2]။ ။ပကတူပနိဿယော ပန၊ ပကတူပနိဿယသည်ကား။ ကာယိကသုခဒုက္ခ ဥတုဘောဇန သေနာသနပုဂ္ဂလသဒ္ဓါသီလသုတစာဂပညာ စ၊ ကာယိကသုခ,ကာယိကဒုက္ခ,ဥတု,ဘောဇဉ်, ကျောင်း အိပ်ရာ နေရာ, ကလျာဏမိတ္တစသော ပုဂ္ဂိုလ်, သဒ္ဓါ, သီလ, သုတ, စာဂ ပညာတို့သည်၎င်း။ ရာဂဒေါသမောဟာဒယော စ၊ ရာဂ ဒေါသ မောဟ အစရှိသည်တို့သည်၎င်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

ပုရေဇာတ ၂-မျိုး။ ။ပုရေဇာတပစ္စယောတိ၊ ပုရေဇာတပစ္စယောဟူသည်ကား။ ဝတ္ထာရမ္မဏဝသေန၊ ဝတ္ထုပုရေဇာတ, အာရမ္မဏပုရေဇာတတို့၏အစွမ်းအားဖြင့်။ ဒုဝိဓော၊ နှစ်ပါးအပြားရှိသောတရားသည်။ ပုရေဇာတပစ္စယော၊ ရှေး၌ဖြစ်နှင့်၍ နောက်မှဖြစ်ပေါ်လာသော တရားတို့ကို ကျေးဇူးပြုတတ်သော ပုရေဇာတပစ္စည်းမည်၏။

ဝတ္ထုပုရေဇာတ။ ။တတ္ထ၊ ထိုနှစ်ပါးသော ပုရေဇာတပစ္စည်းတို့တွင်။ ဝတ္ထုပုရေဇာတော နာမ၊ ဝတ္ထုပုရေဇာတမည်သည်ကား။ ဝတ္ထုရူပါနိ၊ (စက္ခုဝတ္ထုစသော ၆-ပါးသော) ဝတ္ထုရုပ်တို့တည်း။

အာရမ္မဏပုရေဇာတ။ ။အာရမ္မဏပုရေဇာတော နာမ၊ အာရမ္မဏပုရေဇာတမည်သည်ကား။ပစ္စုပ္ပန္နရူပါဒီနေဝ၊ပစ္စုပ္ပန်ရူပါရုံအစရှိသည်တို့သည်သာလျှင်တည်း။

---

၁။ (အနန္တရပစ္စည်းသည် အခြားမဲ့အဖြစ်ဖြင့် မိမိနောင်တဆက်တည်း လျော်စွာဖြစ်သော စိတ္တုပ္ပါဒ်အား ကျေးဇူးပြုသည်။ အနန္တရူပနိဿယပစ္စည်းသည် အခြားမဲ့ဖြစ်၍ အားကြီးသော အကြောင်းအဖြစ်ဖြင့် မိမိနောင်တဆက်တည်း လျော်စွာဖြစ်သော စိတ္တုပ္ပါဒ်အား ကျေးဇူးပြုသည်။ ဤကားအထူး။ ၎င်းဋီကာသစ်၊ဒု၊နှာ-၃၆၈။)

၂။ (အာရမ္မဏ, အနန္တရပစ္စည်းတို့နှင့် မရောနှောပဲ အသီးအခြား မိမိသဘောဖြင့်ပင် အားကြီးသော မှီရာအကြောင်းအဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်းသည် ပကတူပနိဿယပစ္စည်းမည်သည်။ (ပကတိ=မိမိသဘော၊ ဥပနိဿယ=အားကြီးသောအကြောင်း။) ၎င်းဋီကာသစ်၊ဒု၊နှာ-၃၆၈။)

ပစ္ဆာဇာတပစ္စည်း။ ။ပစ္ဆာဇာတပစ္စယောတိ၊ ပစ္ဆာဇာတပစ္စယောဟူသည်ကား။ စိတ္တစေတသိကာ၀၊ ရှေးဖြစ်နှင့်သော ရုပ်တို့ကို နောက်မှဖြစ်ပေါ်လာ၍ ကျေးဇူးပြုတတ်သော စိတ် စေတသိက်တို့ လျှင်တည်း။

အာသေဝနပစ္စည်း။ ။အာသေဝနပစ္စယောတိ၊ အာသေဝနပစ္စယောဟူသည်ကား။ အာဝဇ္ဇနဒွယံ၊ အာဝဇ္ဇန်းဒွေးကို။ ဌပေတွာ၊ ထား၍။ လောကိယကုသလာကုသလကြိယာဇဝနမှာ၀၊ လောကီကုသိုလ်,အကုသိုလ်,ကြိယာအဇျာကတတရားတို့လျှင်တည်း။

ကမ္မပစ္စည်း ၂-မျိုး။ ။ကမ္မပစ္စယောတိ၊ ကမ္မပစ္စယောဟူသည်ကား။ သဟဇာတနာနက္ခဏိကဝသေန၊ သဟဇာတကမ္မ, နာနက္ခဏိကကမ္မတို့၏အစွမ်းအားဖြင့်။ ဒုဝိဓော၊ နှစ်ပါးအပြားရှိသော တရားသည်။ ကမ္မပစ္စယော၊ ကမ္မပစ္စည်းမည်၏။

သဟဇာတကမ္မ။ ။တတ္ထ၊ ထို နှစ်ပါးသော ကမ္မပစ္စည်းတို့တွင်။ သဟဇာတာ၊ သဟဇာတကမ္မသည်။ လောကိယ လောကုတ္တရာ၊ လောကီ လောကုတ္တရာဖြစ်သော။ စေတနာ ၀၊ ယှဉ်ဘက်စေတနာ လျှင်တည်း။

နာနက္ခဏိကကမ္မ။ ။နာနက္ခဏိကာ ပန၊ နာနက္ခဏိကာသည်ကား။ သာသဝကုသလာကုသလစေတနာ၀၊ ပဋိသန္ဓေကို ဖြစ်စေသော အာသဝေါတရားတို့၏ အာရုံဖြစ်သော ကုသိုလ်, အကုသိုလ် စေတနာလျှင်တည်း။

လောကုတ္တရာ ကုသိုလ် စေတနာ ကျေးဇူးပြုပုံ　အနာသဝကုသလစေတနာ၊ လောကုတ္တရာ ကုသိုလ်စေတနာသည်။ အနန္တရမေ၀၊ မိမိ အခြားမဲ့၌သာလျှင်။ အတ္တနော၊ မိမိ၏။ ဝိပါကဿ၊ ဝိပါက်အား။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဝိပါကပစ္စည်း။ ။ဝိပါကပစ္စယောတိ၊ ဝိပါကပစ္စယော ဟူသည်ကား။ ဝိပါကာ၊ ဝိပါက်ဖြစ်ကုန်သော။ စိတ္တစေတသိကာ၊ စိတ်စေတသိက်တို့သည်။ ဝိပါကပစ္စယော၊ ဝိပါကပစ္စည်းမည်၏။

အာဟာရပစ္စည်း။ ။အာဟာရပစ္စယောတိ၊ အာဟာရပစ္စယောဟူသည်ကား။ ကဗဠီကာရာဟာရ ဖဿ စေတနာ ဝိညာဏဝသေန၊ ကဗဠီကာရအာဟာရ, ဖဿ, စေတနာ, ဝိညာဉ်တို့၏အစွမ်းအားဖြင့်။ စတုဗ္ဗိဓော၊ လေးပါးအပြားရှိသော တရားသည်။ အာဟာရပစ္စယော၊ ထောက်ပံ့ခိုင်ခံ့စေခြင်းအားဖြင့် ကျေးဇူးပြုတတ်သော အာဟာရပစ္စည်းမည်၏။

ဣန္ဒြိယပစ္စည်း။ ။ဣန္ဒြိယပစ္စယောတိ၊ ဣန္ဒြိယပစ္စယောဟူသည်ကား။ ရူပသတ္တက မနဇီဝိတ သုခ ဒုက္ခ သောမနဿ ဒေါမနဿဥပေက္ခာ စ၊ ရူပသတ္တက[၁], မန, ဇီဝိတ, သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿ, ဥပေက္ခာတို့ရင်း။ သဒ္ဓါဝီရိယသတိသမာဓိပညာ စ၊ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာတို့ရင်း။ အနညာတညဿာမိတိန္ဒြိယ အညိန္ဒြိယ အညာတာဝိန္ဒြိယာနိ စ၊ အနညာတညဿာမိတိန္ဒြေ, အညိန္ဒြေ, အညာတာဝိန္ဒြေတို့ရင်း။ ဣတိ၊ ဤသို့။ ဗာဝီသတိန္ဒြိယာနိ၊ နှစ်ဆဲ့နှစ်ပါးသော ဣန္ဒြေတို့တည်း။

ပစ္စည်းမထိုက်သော ဣန္ဒြေ ၂-ပါး။ ။တေသု၊ ထို နှစ်ဆဲ့နှစ်ပါးသော ဣန္ဒြေတို့တွင်။ ဣတ္ထိန္ဒြိယ ပုရိသိန္ဒြိယာနိ၊ ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေတို့ကို။ ဝဇ္ဇေတွာ၊ ကြဉ်၍။ ဝီသတိန္ဒြိယာနိ၊ နှစ်ဆယ်သော ဣန္ဒြေတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဈာနပစ္စည်း။ ။ဈာနပစ္စယောတိ၊ ဈာနပစ္စယောဟူသည်ကား။ ဝိတက္ကဝိစာရ ပီတိ သုခ စိတ္တေကဂ္ဂတာဝသေန၊ ဝိတက်, ဝိစာရ, ပီတိ, သုခ, စိတ္တေကဂ္ဂတာတို့၏အစွမ်းဖြင့်။ ပဉ္စဝိဓော၊ ငါးပါးအပြားရှိသော တရားသည်။ ဈာနပစ္စယော၊ ကပ်၍စူးစူးစိုက်စိုက် ရှုတတ်သည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော ဈာနပစ္စည်းမည်၏။

မဂ္ဂပစ္စည်း။ ။မဂ္ဂပစ္စယောတိ၊ မဂ္ဂပစ္စယောဟူသည်ကား။ ဒိဋ္ဌိသင်္ကပ္ပ ဝါယာမ သတိ သမာဓိ ဝါစာကမ္မန္တာဇီဝ မိစ္ဆာဒိဋ္ဌိဝသေန၊ ဒိဋ္ဌိ, သင်္ကပ္ပ, ဝါယာမ, သတိ, သမာဓိ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, မိစ္ဆာဒိဋ္ဌိတို့၏အစွမ်းဖြင့်။ နဝဝိဓော၊ ကိုးပါးအပြားရှိသော တရားသည်။

---

၁။ (ရူပသတ္တက=စက္ခုစသောပသာဒိန္ဒြေ ၅-ပါး, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ၊ ပေါင်းရုပ်ဣန္ဒြေ ၇-ပါး။ ယင်းဋီကာသစ်၊ ဒု၊ နှာ-၃၇၂။)

မဂ္ဂပစ္စယော၊ လားရာလမ်းကြောင်း နည်းလမ်းအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော မဂ္ဂပစ္စည်းမည်၏။

သမ္ပယုတ္တပစ္စည်း။ ။သမ္ပယုတ္တပစ္စယောတိ၊ သမ္ပယုတ္တပစ္စယောဟူသည်ကား။ စိတ္တစေတသိကာ၀၊ စိတ် စေတသိက်တို့လျှင်တည်း။

ဝိပ္ပယုတ္တပစ္စည်း။ ။ဝိပ္ပယုတ္တပစ္စယောတိ၊ ဝိပ္ပယုတ္တပစ္စယောဟူသည်ကား။ ဝတ္ထုပုရေဇာတာနိ စ၀၊ ဝတ္ထုပုရေဇာတတို့သည်၎င်း။ ပစ္ဆာဇာတာ၊ နောက်၌ဖြစ်ကုန်သော။ စိတ္တစေတသိကာ စ၊ စိတ်စေတသိက်တို့သည်၎င်း။ ဝိပ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စည်းမည်၏။

အတ္ထိပစ္စည်း။ ။အတ္ထိပစ္စယောတိ၊ အတ္ထိပစ္စယောဟူသည်ကား။ ဇီဝိတိန္ဒြိယ ကဗဠီကာရာဟာရာ စ၊ ဇီဝိတိန္ဒြေ, ကဗဠီကာရအာဟာရတို့သည်၎င်း။ အာရမ္မဏပုရေဇာတာနိ စ၀၊ အာရမ္မဏပုရေဇာတတို့သည်၎င်း။ နိဿယပစ္စယေ၊ နိဿယပစ္စည်း၌။ ဝုတ္တဓမ္မာပိ စ၊ ဟောအပ်သော တရားတို့သည်၎င်း။ အတ္ထိပစ္စယော၊ အတ္ထိပစ္စည်းမည်၏[၁]။

နတ္ထိပစ္စည်း။ ။နတ္ထိပစ္စယောတိ၊ နတ္ထိပစ္စယောဟူသည်ကား။ အနန္တရပစ္စယော၀၊ အနန္တရပစ္စည်းလျှင်တည်း။

ဝိဂတပစ္စည်း။ ။ဝိဂတပစ္စယော စ၊ ဝိဂတပစ္စည်းသည်လည်း။ တထာ၊ ထိုအတူတည်း။

---

၁။ (နိဿယေ ဝုတ္တ ဓမ္မာ၌ သဟဇာတတ္ထိ, ပုရေဇာတတ္ထိ ၂-မျိုးရသည်။
ပဋ္ဌာဝါရ၌ ပစ္စည်းအဖြစ်ဖြင့် ပစ္ဆာဇာတတ္ထိကို ဟောတော်မူသောကြောင့် ပစ္ဆာဇာတဖြစ်သော စိတ်စေတသိက်တရားလည်း အတ္ထိပစ္စည်းအရ ယူသင့်သည်ဟု အဘိဓမ္မာဝတာရဋီကာသစ်ဆရာက မိန့်သည်။ ထို့ကြောင့် အတ္ထိပစ္စည်းသည်—သဟဇာတတ္ထိ, ပုရေဇာတတ္ထိ, ပစ္ဆာဇာတတ္ထိ, ရူပအာဟာရတ္ထိ, ရူပဇီဝိတိန္ဒြိယတ္ထိ ဟူ၍ ၅-မျိုးရှိသည်။ ပုရေဇာတတ္ထိကို အာရမ္မဏ ပုရေဇာတတ္ထိ, ဝတ္ထုပုရေဇာတတ္ထိဟု ၂-မျိုးခွဲလျှင် အတ္ထိပစ္စည်း ၆-မျိုးရှိသည်။ ၎င်းဋီကာသစ်၊ဒု၊နှာ-၃၇၅။
ပစ္စုပ္ပန်သဘောအားဖြင့် ထင်ရှားရှိခိုက်၌သာ ထောက်ပံ့တတ်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုသောတရားသည် အတ္ထိပစ္စည်းမည်သည်။
နိဗ္ဗာန်သည် အမြဲထင်ရှားရှိနေသော တရားဖြစ်သည်၊ ထင်ရှား ရှိ, မရှိ ၂-မျိုးပြားသော တရား မဟုတ်ချေ။
ထို့ကြောင့် နိဗ္ဗာန်သည် အတ္ထိပစ္စည်းမထိုက်ပေ။ ၎င်းဋီကာသစ်၊ဒု၊နှာ-၃၇၄-၅)

အဝိဂတပစ္စည်း။ ။အဝိဂတပစ္စယောတိ၊ အဝိဂတပစ္စယောဟူသည်ကား။ အတ္ထိပစ္စယောဝ၊ အတ္ထိပစ္စည်းလျှင်တည်း။ ဝေံ= ဣမိနာ ဝုတ္တပ္ပကာရေန၊ ဤဆိုအပ်ပြီးသော အပြားအားဖြင့်။ ဣမေ စတု-ဝီသတိပစ္စယာ၊ ဤ နှစ်ဆဲ့လေးပစ္စည်းတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ရုပ်က ရုပ်အား ကျေးဇူးပြုသော ပစ္စည်း ၇-ပါး

ဧတ္ထ၊ ဤ နှစ်ဆဲ့လေးပစ္စည်း တို့တွင် ကတိဟာကာရေဟိ၊ အဘယ်မျှသော အပြားတို့ဖြင့်။ ရူပံ၊ ရုပ်သည်။ ရူပဿ၊ ရုပ်အား။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်သနည်း။ ဣတိပုစ္ဆာယံ၊ ဤသို့သော အမေးသည်။ သတိ၊ ရှိသော်။ ယထာရဟံ၊ ထိုက်သည်အား လျော်စွာ။ သဟဇာတအညမည နိဿယာဟာရိန္ဒြိယ အတ္ထိအဝိဂတဝသေန၊ သဟဇာတ, အညမည, နိဿယ, အာဟာရ, ဣန္ဒြိယ, အတ္ထိ, အဝိဂတတို့၏ အစွမ်းဖြင့်။ သတ္တဓာ၊ ခုနစ်ပါးအပြားတို့ဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ရုပ်က နာမ်အား ကျေးဇူးပြုသော ပစ္စည်း ၁၁-ပါး

ရူပံ၊ ရုပ်သည်။ အရူပဿ၊ နာမ်အား။ ယထာရဟံ၊ ထိုက်သည် အားလျော်စွာ။အာရမ္မဏာဓိပတိ-သဟဇာတအညမည နိဿယူပနိဿယ ပုရေဇာတိန္ဒြိယဝိပ္ပယုတ္တ အတ္ထိ အဝိ-ဂတဝသေန၊ အာရမ္မဏ,အဓိပတိ,သဟဇာတ,အညမည,နိဿယ,ဥပနိဿယ, ပုရေဇာတ,ဣန္ဒြိယ,ဝိပ္ပယုတ္တ,အတ္ထိ,အဝိဂတတို့၏ အစွမ်းဖြင့်။ ဧကာဒသဟိ အာကာရေဟိ၊ တဆဲ့တပါးသော အခြင်းအရာတို့ဖြင့်။ ပစ္စယော၊ ကျေးဇူး ပြုသည်။ ဟောတိ၊ ဖြစ်၏။

ရူပံ၊ ရုပ်သည်။ ရူပါရူပဿ၊ ရုပ်နာမ်အား။ ဣတိ၊ ဤသို့ (ကျေးဇူးပြု ခြင်းသည်)။ နတ္ထိ၊ မရှိ။

၁၃၉၆။ ရူပံ၊ ရုပ်သည်။ ရူပဿ၊ ရုပ်အား။ သတ္တဓာ၊ ခုနစ်ပါးအပြား တို့ဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဘဝတိ၊ ဖြစ်၏။

တံ ရူပံ၊ ထိုရုပ်သည်။ နာမဓမ္မဿ၊ နာမ်တရားအား။ ဧကာဒသေဟိ= ဧကာဒသဟိ၊ တဆဲ့တပါးသော အခြင်းအရာတို့ဖြင့်။ ပစ္စယော၊ ကျေးဇူးပြု သည်။ ဘဝတိ၊ ဖြစ်၏။

တံ ရူပံ၊ ထိုရုပ်သည်။ မိဿကဿ၊ ရုပ်နာမ်ရောသော တရားအား။ ကိစ္စ၊ တစုံတခုသော အခြင်းအရာဖြင့် ကျေးဇူးပြုသည်။ န ဟောတိ၊ မဖြစ်။

**နာမ်က နာမ်အား ကျေးဇူးပြုသော ပစ္စည်း ၂၁-ပါး**

အရူပံ၊ နာမ်သည်။ အရူပဿ၊ နာမ်အား။ ယထာရဟံ၊ ထိုက်သည် အားလျော်စွာ။ ဟေတာရမ္မဏာဓိပတိ အနန္တရသမနန္တရ သဟဇာတအညမည နိဿယူပနိဿယာသေဝန-ကမ္မဝိပါကာဟာရိန္ဒြိယ ဈာနမဂ္ဂသမ္ပယုတ္တ အတ္ထိ နတ္ထိ ဝိဂတာဝိဂတဝသေန၊ ဟေတု, အာရမ္မဏ, အဓိပတိ, အနန္တရ, သမနန္တရ, သဟဇာတ, အညမည, နိဿယ, ဥပနိဿယ, အာသေဝန, ကမ္မ, ဝိပါက, အာဟာရ, ဣန္ဒြိယ, ဈာန, မဂ္ဂ, သမ္ပယုတ္တ, အတ္ထိ, နတ္ထိ, ဝိဂတ, အဝိဂတတို့၏ အစွမ်းအားဖြင့်။ ဧက-ဝီသတိဝိဓော၊ နှစ်ဆယ့်တပါး အပြားတို့ဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

**နာမ်က ရုပ်အား ကျေးဇူးပြုသော ပစ္စည်း ၁၅-ပါး**

အရူပံ၊ နာမ်သည်။ ရူပဿ၊ ရုပ်အား။ ယထာရဟံ၊ ထိုက်သည်အား လျော်စွာ။ ဟေတာဓိပတိ သဟဇာတ-အညမည နိဿယပစ္ဆာဇာတ ကမ္မဝိပါကာဟာရိန္ဒြိယ ဈာနမဂ္ဂဝိပ္ပယုတ္တ အတ္ထိ အဝိဂတဝသေန၊ ဟေတု, အဓိပတိ, သဟဇာတ, အညမည, နိဿယ, ပစ္ဆာ-ဇာတ, ကမ္မ, ဝိပါက, အာဟာရ, ဣန္ဒြိယ, ဈာန, မဂ္ဂ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတတို့၏အစွမ်းအားဖြင့်။ ပန္နရသဓာ၊ တဆယ့်ငါးပါးအပြားတို့ဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

**နာမ်က နာမ်ရုပ်အား ကျေးဇူးပြုသော ပစ္စည်း-၁၃ပါး**

အရူပံ၊ နာမ်သည်။ ရူပါရူပဿ၊ ရုပ်နာမ်အား။ ယထာရဟံ၊ ထိုက်သည် အားလျော်စွာ။ ဟေတာဓိပတိ သဟဇာတအညမညနိဿယ ကမ္မဝိပါကာဟာရိန္ဒြိယ ဈာန မဂ္ဂ အတ္ထိ အဝိဂတဝသေန၊ ဟေတု, အဓိပတိ, သဟဇာတ, အညမည, နိဿယ, ကမ္မ, ဝိပါက, အာဟာရ, ဣန္ဒြိယ, ဈာန, မဂ္ဂ, အတ္ထိ, အဝိဂတတို့၏ အစွမ်းအားဖြင့်။ တေရသဓာ၊ တဆယ့်သုံးပါးအပြားတို့ဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

၁၃၉၇။ နာမံ၊ နာမ်သည်။ အတ္တနော၊ မိမိဟုဆိုအပ်သော နာမ်အား။ ဧကဝီသတိဓာ၊ နှစ်ဆယ့်တပါးအပြားတို့ဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဘဝေ၊ ဖြစ်၏။

တံ နာမံ၊ ထိုနာမ်သည်။ ရူပဿ၊ ရုပ်အား။ တိပဉ္စဟိ၊ တဆဲ့ငါးပါးသော အခြင်းအရာတို့ဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဘဝေ၊ ဖြစ်၏။

တံ နာမံ၊ ထိုနာမ်သည်။ ဥဘိန္နံ၊ နှစ်ပါးကုန်သော နာမ်ရုပ်တို့အား။ တေရသဓာ၊ တဆဲ့သုံးပါးအပြားတို့ဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

နာမ်ရုပ်က ရုပ်အား ကျေးဇူးပြုသော ပစ္စည်း ၄-ပါး

ရူပါရူပံ၊ ရုပ်နာမ်သည်။ ရူပဿ၊ ရုပ်အား။ ယထာရဟံ၊ ထိုက်သည်အား လျော်စွာ။ သဟဇာတ နိဿယ အတ္ထိ အဝိဂတဝသေန၊ သဟဇာတ, နိဿယ, အတ္ထိ, အဝိဂတတို့၏အစွမ်းအားဖြင့်။ စတုဓာ၊ လေးပါးအပြားတို့ဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

နာမ်ရုပ်က နာမ်အား ကျေးဇူးပြုသော ပစ္စည်း ၆-ပါး

ရူပါရူပံ၊ ရုပ်နာမ်သည်။ အရူပဿ၊ နာမ်အား။ ယထာရဟံ၊ ထိုက်သည်အား လျော်စွာ။ သဟဇာတ အညမညနိဿယိန္ဒြိယ အတ္ထိအဝိဂတဝသေန၊ သဟဇာတ, အညမည, နိဿယ, ဣန္ဒြိယ, အတ္ထိ, အဝိဂတတို့၏အစွမ်းအားဖြင့်။ ဆဓာ၊ ခြောက်ပါးအပြားတို့ဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ရူပါရူပံ၊ ရုပ်နာမ်သည်။ ရူပါရူပဿ၊ ရုပ်နာမ်အား။ ဣတိ၊ ဤသို့ (ကျေးဇူးပြုခြင်းသည်)။ နတ္ထိ၊ မရှိ။

၁၃၉၈။ ဥဘောပိ၊ ရုပ်နာမ်နှစ်ပါးတို့သည်လည်း။ ရူပဓမ္မဿ၊ ရုပ်တရားအား။ စတုဓာ၊ လေးပါးအပြားတို့ဖြင့်။ ပစ္စယာ၊ ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဥဘောပိ၊ ရုပ်နာမ်နှစ်ပါးတို့သည်လည်း။ နာမဓမ္မဿ၊ နာမ်တရားအား။ ဆဗ္ဗိဓာ၊ ခြောက်ပါးအပြားတို့ဖြင့်။ ပစ္စယာ၊ ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဥဘောပိ၊ ရုပ်နာမ် ၂-ပါးတို့သည်လည်း။ မိဿကဿ၊ ရုပ်နာမ်ရောသော တရားအား။ ကိဥ္စိ၊ တစုံတခု ကျေးဇူးပြုခြင်းသည်။ န ဟောတိ၊ မဖြစ်။

၂၄-ပစ္စည်းကို ရုပ်,နာမ်အားဖြင့်ဝေဘန်ခြင်း။ ။တေသု ပစ္စယေသု၊ ဤနှစ်ဆဲ့လေးပစ္စည်းတို့တွင်။

ကတိ၊ အဘယ်မျှသော ပစ္စည်းတို့သည်။ ရူပါ၊ ရုပ်တရားတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်သနည်း။ ကတိ၊ အဘယ်မျှသော ပစ္စည်းတို့သည်။ အရူပါ၊ နာမ်တရားတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်သနည်း။ ကတိ၊ အဘယ်မျှသော ပစ္စည်းတို့သည်။ မိဿကာ၊ ရုပ်နာမ်ရောသော တရားတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်သနည်း။ ဣတိပုစ္ဆာယံ၊ ဤသို့သော အမေးသည်။ သတိ၊ ရှိသော်—

ရုပ်သာဖြစ်သော ပစ္စည်း ၁-ပါး။ ။ပုရေဇာတပစ္စယော ဧကော၊ ပုရေဇာတ တပစ္စည်းသည်။ ရူပမေဝ၊ ရုပ်တရားသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

နာမ်သာဖြစ်သော ပစ္စည်း ၁၂-ပါး။ ။ဟေတု အနန္တရသမနန္တရ ပစ္ဆာဇာတာသေဝန ကမ္မဝိပါက ဈာန-မဂ္ဂ သမ္ပယုတ္တ နတ္ထိဝိဂတာနံ၊ ဟေတု, အနန္တရ, သမနန္တရ, ပစ္ဆာဇာတ, အာသေဝန, ကမ္မ,ဝိပါက,ဈာန,မဂ္ဂ,သမ္ပယုတ္တ,နတ္ထိ,ဝိဂတတို့၏။ ဝသေန၊ အစွမ်းဖြင့်။ ဒွါဒသပစ္စယာ၊ တဆဲ့နှစ်ပစ္စည်းတို့သည်။ အရူပမေဝ၊ နာမ်တရားတို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ရုပ်နာမ် ၂-ပါးရောသော ပစ္စည်း ၁၁-ပါး     သေသာ၊ ကြွင်းကုန်သော။ ဧကာဒသ ပစ္စယာ ပန၊ တဆဲ့တပစ္စည်းတို့သည်ကား။ ရူပါရူပမိဿကာ၊ ရုပ်နာမ်ရောသော တရားတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

## ၂၄-ပစ္စည်းကို ကာလအားဖြင့် ဝေဘန်ခြင်း

ပစ္စုပ္ပန်ကာလိကပစ္စည်း ၁၅-ပါး။ ။ပုန၊ တဖန်။ ကာလဝသေန၊ ကာလ၏အစွမ်းအားဖြင့်။ ဟေတုသဟဇာတ အညမညနိဿယ ပုရေဇာတပစ္ဆာဇာတ ဝိပါကာဟာရိန္ဒြိယ ဈာနမဂ္ဂ

သမ္ပယုတ္တဝိပ္ပယုတ္တ အတ္ထိအဝိဂတာနံ၊ ဟေတု, သဟဇာတ, အညမည, နိဿယ, ပုရေဇာတ, ပစ္ဆာဇာတ, ဝိပါက, အာဟာရ, ဣန္ဒြိယ, ဈာန, မဂ္ဂ, သမ္ပယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ တို့၏။ ဝသေန၊ အစွမ်းအားဖြင့်။ ပန္နရသ ပစ္စယာ၊ တဆဲ့ငါးပစ္စည်းတို့သည်။ ပစ္စုပ္ပန္နာဝ၊ ပစ္စုပ္ပန်ကာလ ရှိကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**အတီတကာလိကပစ္စည်း ၅-ပါး။** ။အနန္တရသမနန္တရာသေဝန နတ္ထိဝိဂတ-ပစ္စယာ၊ အနန္တရ,သမနန္တရ,အာသေ-ဝန,နတ္ထိ,ဝိဂတပစ္စည်းတို့သည်။ အတီတာဝ၊ အတိတ်ကာလရှိကုန်သည်သာ လျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**ဒွိကာလိကပစ္စည်း ၁-ပါး။** ။ကမ္မပစ္စယော၊ ကမ္မပစ္စည်းသည်။ အတီတော ဝါ၊ အတိတ်ကာလရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ပစ္စုပ္ပန္နော ဝါ၊ ပစ္စုပ္ပန်ကာလရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။

**တိကာလိက, ကာလဝိမုတ်ပစ္စည်း ၃-ပါး။** ။အာရမ္မဏာဓိပတိဥပနိဿယ-ပစ္စယာ ပန၊ အာရမ္မဏ, အဓိ-ပတိ,ဥပနိဿယပစ္စည်းတို့သည်ကား။ တိကာလိကာ စ၊ ကာလသုံးပါး ရှိကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကာလဝိနိမုတ္တာ စ၊ ကာလ ၃-ပါးမှ လွတ်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

**ပစ္စုပ္ပန်ကာလ ပစ္စည်း ၁၅-ပါး** ၁၇၉၉။ တေသု၊ ဤ နှစ်ဆဲ့လေး ပစ္စည်း တို့တွင်။ ဒသ ပဉ္စ စ ပစ္စယာ၊ တဆဲ့ငါးပစ္စည်းတို့သည်။ ပစ္စုပ္ပန္နာဝ၊ ပစ္စုပ္ပန်ကာလရှိကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**အတိတ် ပစ္စည်း ၅-ပါး။** ။ပဉ္စ၊ အနန္တရ, သမနန္တရ, အာသေဝန, နတ္ထိ, ဝိဂတငါးပစ္စည်းတို့သည်။ အတီတာ ဧဝ၊ အတိတ်ကာလရှိကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**ပစ္စုပ္ပန်-အတိတ် ပစ္စည်း ၁-ပါး။** ။ဧကော၊ တခုသော ကမ္မပစ္စည်းကို။ ဒွေကာလိကောဝ၊ ပစ္စုပ္ပန်, အတိတ်

အားဖြင့် ကာလနှစ်ပါးရှိ၏ဟူ၍သာလျှင်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဒဿိတော၊ ပြတော်မူအပ်၏။

တေကာလိက ၃-ပစ္စည်း။　　။တယော၊ အာရမ္မဏ, အဓိပတိ, ဥပနိဿယ သုံးပစ္စည်းတို့သည်။ တိကာလိကာ စေဝ၊ ကာလသုံးပါးရှိကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကာလတော၊ ကာလမှ။ ဝိနိမုတ္တာပိ၊ လွတ်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

အကျဉ်းအားဖြင့် ပစ္စည်း ၄-ပါး။　　။သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဣမေ စတုဝီသတိ ပစ္စယာ၊ ဤနှစ်ဆဲ့လေး ပစ္စည်းတို့သည်။ ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။ အာရမ္မဏူပ-နိဿယကမ္မအတ္ထိပစ္စယာနံ၊ အာရမ္မဏ, ဥပနိဿယ, ကမ္မ, အတ္ထိပစ္စည်းတို့၏။ ဝသေန၊ အစွမ်းအားဖြင့်။ စတူသု ပစ္စယေသု၊ လေးပစ္စည်းတို့၌။ သင်္ဂဟံ၊ ပေါင်းခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

အဘိဓမ္မာဝတာရေ၊ အဘိဓမ္မာဝတာရကျမ်း၌။ ပစ္စယနိဒ္ဒေသောနာမ၊ ပစ္စယနိဒ္ဒေသမည်သော။ စတုဝီသတိမော၊ နှစ်ဆဲ့လေးခုတို့၏ပြည့်ကြောင်းဖြစ်သော။ ပရိစ္ဆေဒေါ၊ အပိုင်းသည်။ ဣတိ=သမတ္တော၊ ဤတွင် ပြီးပြီ။

ပစ္စယနိဒ္ဒေသ ပြီး၏။

## ၂၄-ပစ္စည်း အစိပ္ပါယ်အကျဉ်း

**ဟေတုပစ္စယော၊** ဟိတ် ၆-ပါးဖြစ်၍ ပစ္စယုပ္ပန်တရားတို့အား အမြစ်သဖွယ် ကျေးဇူးပြုတတ်သောတရား။

တနည်း—ပဒေါင်ပင် အစရှိသည်တို့၏ အမြစ်သည် ထိုသစ်ပင်အား မြဲမြံခိုင်ခံ့စွာ တည်စေခြင်းငှါ ကျေးဇူးပြုသကဲ့သို့ (ဟိတ် ၆-ပါးသည် သမ္ပယုတ်တရားတို့အား မြဲမြံခိုင်ခံ့အောင် အမြစ်သဖွယ်) ကျေးဇူးပြုတတ်သောတရား။

(ကျေးဇူးပြုသည်ဆိုရာ၌–မဖြစ်ပေါ်သေးသည်ကို ဖြစ်ပေါ်စေခြင်း၊ ဖြစ်ပေါ်ပြီးကို တည်နေစေခြင်း၊ တည်နေသည်ကို တိုးပွါးစေခြင်းတို့ပင်တည်း။)

**အာရမ္မဏပစ္စယော၊** အာရုံ ၆-ပါးဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

တနည်း—ကြိုးတန်း တောင်ဝှေး အစရှိသည်တို့သည် မစွမ်းမသန်သော သူတို့အား ထခြင်း ရပ်ခြင်း သွားခြင်းကိစ္စကို ပြီးစေသကဲ့သို့ အာရုံသည် စိတ်စေတသိက်တို့အား ဖြစ်ပေါ်လာစေရန် ကျေးဇူးပြုတတ်သောတရား။

**အဓိပတိပစ္စယော၊** အကြီးအမှူးဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

တနည်း—စကြဝတေးမင်းသည် အထွတ်အထိပ် အချုပ်အချာ အာဏာတန်းခိုးဖြင့် တပါးသောသူတို့၏ ကြီးသော သတ္တိကို တားမြစ်၍ တိုင်းနိုင်ငံသူ, နိုင်ငံသားတို့အား အကြီးအကဲ အစိုးရသော အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ (ပစ္စယုပ္ပန်တို့အား အကြီးအမှူးအဖြစ်ဖြင့်) ကျေးဇူးပြုတတ်သောတရား။

**အနန္တရပစ္စယော၊** အခြားမဲ့ (တဆက်တည်း အကြားမရှိ) ဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

တနည်း—စကြဝတေးမင်း၏ နတ်ရွာ လားခြင်းသည် သားကြီး ရတနာအား မင်းအဖြစ် အဘိသိက်ခံခြင်းငှါ ကျေးဇူးပြုသကဲ့သို့ အခြားမဲ့ အခြားမရှိ (တဆက်တည်း) ကျေးဇူးပြုတတ်သောတရား။

**သမနန္တရပစ္စယော၊** ကောင်းစွာအခြားမဲ့ (တဆက်တည်း အကြားမရှိ)ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

တနည်း—စကြဝတေးမင်း၏ အရညဝါသီ တောထွက်တော်မူ၍ ရဟန်းပြုခြင်းသည် သားကြီးရတနာအား မင်းအဖြစ်ကို ရစေခြင်းငှါ ကျေးဇူးပြုသကဲ့သို့ ကောင်းစွာအခြားမဲ့ အခြားမရှိ ကျေးဇူးပြုတတ်သောတရား။

**သဟဇာတပစ္စယော၊** အတူတကွဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

တနည်း—ဆီမီးသည် မီမီတောက်သည်နှင့် တပြိုင်နက် အတူတကွအလင်းကို ဖြစ်စေသကဲ့သို့ ထိုအတူ အကြောင်းတရားတို့သည် မိမိတို့ဖြစ်ပေါ်လာသည်နှင့် တပြိုင်နက် ပစ္စယုပ္ပန်အကျိုးတရားတို့ကိုလည်း တပြိုင်နက် အတူတကွ ဖြစ်ပေါ် လာစေအောင် ကျေးဇူးပြုတတ်သောတရား။

အညမညပစ္စယော၊ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုတတ်သောတရား။

တနည်း—သစ်သားသုံးခွ တိဒဏ္ဍသည် အချင်းချင်း တချောင်းသည် တချောင်းအား ထောက်ပံ့ခိုင်စေခြင်းငှါ အပြန်အလှန် ကျေးဇူးပြုသကဲ့သို့ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုတတ်သောတရား။

နိဿယပစ္စယော၊ မှီရာ တည်ရာ ဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

တနည်း—မြေကြီးသည် သစ်ပင်အစရှိသည်တို့အား မှီရာတည်ရာအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ မှီရာတည်ရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

ဥပနိဿယပစ္စယော၊ အားကြီးသော အကြောင်းဖြစ်၍ ကျေးဇူးပြုတတ် သော တရား။

တနည်း—မိုးတွင်းသုံးလပတ်လုံး ရွာသော မိုးကြီးသည် ထိုမိုးကို မှီကုန်သော သစ်ပင် သတ္တဝါ အစရှိသည်တို့အား အားကြီးသော အကြောင်းအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ (အားကြီးသောအကြောင်းအဖြစ်ဖြင့်)ကျေးဇူးပြုတတ်သော တရား။

ပုရေဇာတပစ္စယော၊ ရှေး၌ ဖြစ်နှင့်၍ ကျေးဇူးပြုတတ်သော တရား။

တနည်း—ကမ္ဘာဦး၌ဖြစ်သော နေ့လတို့သည် မိမိတို့ ထင်ရှားရှိခိုက် အလင်းကိုမှီကုန်သော သတ္တဝါတို့အား ရှေး၌ဖြစ်နှင့်၍ ကျေးဇူးပြုသကဲ့သို့ (ရှေး၌ ဖြစ်နှင့်၍) ကျေးဇူးပြုတတ်သောတရား။

ပစ္ဆာဇာတပစ္စယော၊ နောက်မှဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

တနည်း—လင်းတငယ်တို့၏ အာဟာရ၌ ချင်ခြင်း စေတနာသည် နောက်မှ ဖြစ်၍ ထင်ရှားရှိသောကိုယ်အား ကျေးဇူးပြုသကဲ့သို့ နောက်မှဖြစ်၍ ကျေးဇူး ပြုတတ်သောတရား။

အရှင်ဗာကုလ ရဟန္တာအလောင်းသည် မွေးခါစ နို့စို့အရွယ် အခါက သမုဒ္ဒရာအလယ်၌ ရေထဲသို့ကျသွားရာ ရေနစ်၍ မသေ။ ထိုသို့မသေရခြင်းမှာ နောင်အခါ ရဟန္တာဖြစ်မည့်သတ္တိက အရှင်ဗာကုလအား မသေစေရန် အကျိုး ပြုသော ကြောင့်တည်း။

**အာသေဝနပစ္စယော**၊ အဖန်တလဲလဲ မှီဝဲထုံအပ်သည်ဖြစ်၍ ကျေးဇူးပြုတတ် သော တရား။

တနည်း—ရှေးရှေး၌ ထုံအပ်သောနံ့သာသည် နောက်နောက်၌ ထုံအပ် သောနံ့သာအား အဆင်းအနံ့ လွန်စွာတိုးပွါးခိုင်မြဲစွာ ဖြစ်ခြင်းငှါ ကျေးဇူးပြု သကဲ့သို့ရှင်း, ရှေးရှေးသင်အပ်သော ကျမ်းဂန်သည် နောက်နောက် သင်အပ် သော ကျမ်းဂန်အား လေ့ကျက်ခြင်းငှ၊ အားရှိ၍ ကျေးဇူးပြုသကဲ့သို့ရှင်း အဖန် တလဲလဲ မှီဝဲထုံအပ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

**ကမ္မပစ္စယော**၊ စီရင်ခြင်း သံဝိဓာနကိစ္စနှင့် မျိုးစေ့ဖြစ်စေခြင်း ဗီဇနိဓာန ကိစ္စဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

တနည်း—ကောင်းစွာ သိုမှီး သိမ်းဆည်းစီရင်အပ်သော မျိုးစေ့သည် အညွန့်အညှောက်၏ ဖြစ်ခြင်းငှါ အမှုအရာ လုံ့လ၏ အဖြစ်ဖြင့် ကျေးဇူးပြု သကဲ့သို့ မျိုးစေ့အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

**ဝိပါကပစ္စယော**၊ အကျိုးဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

တနည်း—ချမ်းအေးသော လေသည် ချမ်းအေးသောအရိပ်၌ နေသော သူအား ချမ်းငြိမ်းစေခြင်းငှါ ကျေးဇူးပြုသကဲ့သို့ ကံတို့၏ အကျိုးအဖြစ်ဖြင့် (ငြိမ်သက်သည်ဖြစ်၍) အထောက်အပံ့ပြုမှုဖြင့် ကျေးဇူးပြုတတ်သောတရား။

**အာဟာရပစ္စယော**၊ ထောက်ပံ့ခိုင်ခံ့စေတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ် သောတရား။

တနည်း—ထောက်ကန်သောတိုင်သစ်သည် အိမ်ဟောင်းအား မြဲမြံခိုင်စေ ခြင်းငှါ ကျေးဇူးပြုသကဲ့သို့ (ထောက်ပံ့တတ်) ဆောင်တတ်သော အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။

**ဣန္ဒြိယပစ္စယော**၊ အစိုးရသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

တနည်း—တနိုင်ငံ တပြည်တည်း၌ အသီးအသီး ဆိုင်ရာကိစ္စတာဝန်ကို ပေးအပ်ခံရသည့် အစိုးရသော လက်အောက်ခံမင်းတို့သည် (အချင်းချင်း ထိုအစိုးရသော သတ္တိကို မဖြစ်မူ၍) မိမိတို့၏ တာဝန်အရာ၌ အစိုးတရ ပိုင်ပိုင် နိုင်နိုင် ဆောင်ရွက်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ အစိုးရသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

**ဈာနပစ္စယော**၊ ကပ်၍ စူးစူးစိုက်စိုက် ရှုတတ်သည်၏အဖြစ်ဖြင့် ကျေးဇူး ပြုတတ်သောတရား။

တနည်း—တောင်ထိပ်ဖျား သစ်ပင်ထိပ်ဖျားသို့ တက်၍ ကြည့်သောသူသည် အဝေးအနီး အရပ်တို့ကို မြင်ခြင်း, ထိုမြင်ခြင်း၌ အလိုရှိသောသူအား ကျေးဇူးပြုသကဲ့သို့ ကပ်၍ရှုတတ်သောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

မဂ္ဂပစ္စယော၊ ထွက်မြောက်ကြောင်း နည်းလမ်းဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

တနည်း— ဤမှာဘက်မှ ထိုမှာဘက်သို့ ကူးသောသူသည် ဤမှာဘက်မှ ထွက်မြောက်ကြောင်း ဖြစ်သကဲ့သို့ရှင်း, ထိုမှာဘက်မှ ဤမှာဘက်သို့ ကူးလိုသောသူသည် ထိုမှာဘက်မှ ထွက်မြောက်ကြောင်း ဖြစ်သကဲ့သို့ရှင်း ဘဝတခုမှ ဘဝတခုသို့ ဆောင်ပို့ ထွက်မြောက်ကြောင်း အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

**သမ္ပယုတ္တပစ္စယော၊** ယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

တနည်း—နို့ ရည်, ထောပတ်, ပျား, သကာဟူသော စတုမဓု အရသာသည် အချင်းချင်း နှီးနှောရောပြွမ်းသောအားဖြင့် ကျေးဇူးပြုသကဲ့သို့ အတူတကွ ယှဉ်ခြင်းဖြင့် ကျေးဇူးပြုတတ်သောတရား။

**ဝိပ္ပယုတ္တပစ္စယော၊** မယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

တနည်း— ခြောက်ပါးသော အရသာသည် အချင်းချင်း မနှီးမနှော မရောပြွမ်းသော အားဖြင့် ကျေးဇူးပြုသကဲ့သို့ မနှီးမနှော မယှဉ်ခြင်းဖြင့် ကျေးဇူးပြုတတ်သောတရား။

**အတ္ထိပစ္စယော၊** ပစ္စုပ္ပန်၌ ထင်ရှားရှိဆဲဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

တနည်း—ဟိမဝန္တာတောင်မင်းသည် မိမိကိုမှီသောအားဖြင့် သစ်ပင် မြက်ပင်စသည်တို့အား ပြန့်ပွါးစေခြင်းငှါ မိမိ ထင်ရှားရှိနေခြင်းအားဖြင့် ကျေးဇူးပြုသကဲ့သို့ ထင်ရှားရှိသော အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။

နတ္ထိပစ္စယော၊ မရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

တနည်း—ညဥ့်၏ ကင်းခြင်းသည် နေ့ဖြစ်ခြင်းငှါ ကျေးဇူးပြုသကဲ့သို့ရှင်း, ဆီမီး၏ ငြိမ်းခြင်းသည် အမိုက်မှောင်ဖြစ်ခြင်းငှါ ကျေးဇူးပြုသကဲ့သို့ရှင်း မရှိသော အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။

**ဝိဂတပစ္စယော၊** ကင်းမဲ့ချုပ်ပျောက်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

တနည်း— နေ၏ ဝင်ခြင်းသည် လရောင်လင်းစေခြင်းငှါ ကျေးဇူးပြုသကဲ့သို့ ကင်းချုပ်သည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။

အဝိဂတပစ္စယော၊ မကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

တနည်း—မဟာသမုဒ္ဒရာသည် မိမိကို မှီကုန်သော ငါးမကာရ်း အစရှိသည်တို့၏ ပီတိ သောမနဿ ပွါးခြင်းငှါ မိမိ၏မကင်းသော အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ မကင်းသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

၂၄-ပစ္စည်း အဓိပ္ပါယ်အကျဉ်းပြီး၏။

[၂၄-ပစ္စည်း အဓိပ္ပါယ်အကျဉ်းကို စာသင်နုပျိုတို့အတွက် ဗုဒ္ဓသာသနာအဖွဲ့ စာတည်းဆရာတို့က ထည့်သွင်း ဖော်ပြလိုက်ပါသည်။]

## နိဂမနကထာ

၁၄၀၀။ ဝရော၊ မြတ်သော။ ပရမဂမ္ဘီရော၊ အလွန်နက်နဲသော။ အယံ အဘိဓမ္မာဝတာရော၊ ဤအဘိဓမ္မာဝတာရကျမ်းကို။ နိပုဏာ၊ သိမ်မွေ့သော။ ဗုဒ္ဓိ၊ ပညာကို။ ဝုစ္ဆတာ=ဝုစ္ဆန္တေန၊ အလိုရှိသော။ ဘိက္ခုနာ၊ ရဟန်းသည်။ သောတဗ္ဗော ပန၊ သင်အပ်သာလျှင်ကတည်း။

၁၄၀၁။ သုမတိ မတိ ဝိစာရ ဗောဓနေ၊ ကောင်းသော ပညာရှိတော်မူသော မြတ်စွာဘုရား၏ ဉာဏ်တော်၏ဖြစ်ခြင်းကို သိစေတတ်သော။ ဝိမတိ ဝိမောဟ ဝိနာသနေ၊ ဆန့်ကျင်သော အမြင်ရှိသော သူတို့၏ တွေဝေခြင်းကို ပျက်စီးစေတတ်သော။ ကုမတိ မတိ မဟာတမော နာသသော၊ ကဲ့ရဲ့အပ်သော အမြင်ရှိသော သူတို့၏အယူတည်းဟူသော ကြီးစွာသော အမိုက်ကို ဖျက်ဆီးတတ်သော။ ပဋု မတိဘာသ ကရော၊ ထက်သော ပညာရောင်ကို ပြုတတ်သော။ အယံ အဘိဓမ္မာဝတာရော၊ ဤ အဘိဓမ္မာဝတာရကျမ်းကို။ မယာ၊ ငါသည်။ မတော=ဘာသိတော၊ ဟောအပ်ပြီ။

တောင်းပန်သူ ၁၄၀၂။ ယတော=ယသ္မာ၊ အကြင့်ကြောင့်။ နာမတော၊ အမည်အားဖြင့်။ သုမတိနာမတော၊ သုမတိ အမည်ရှိသော ရဟန်းသည်။ မာနတော၊ များစွာမြတ်နိုးသော အားဖြင့်။ အာယာစိတသမ္မာနတော၊ တောင်းပန်သည်ဖြစ်၍ ကောင်းစွာညွှတ်အပ်၏။ ဝါ၊ တောင်းပန်သည်ဖြစ်၍ ကောင်းစွာတိုက်တွန်းအပ်၏။ တတော=တသ္မာ၊ ထို့ကြောင့်။ အယံ အဘိဓမ္မာဝတာရော၊ ဤအဘိဓမ္မာဝတာရကျမ်းကို။ ပဒတော ပဒါ၊ အဘွဲ့အဘွဲ့အားဖြင့်။ မယာ၊ ငါသည်။ ရစိတော၊ စီရင်အပ်ပြီ။

ဝါ၊ ယတော=ယသ္မာ၊ အကြင့်ကြောင့်။ နာမတော၊ အမည်အားဖြင့်။ သုမတိနာ၊ သုမတိအမည်ရှိသော ရဟန်းသည်။ မာနတော၊ များစွာမြတ်နိုးသော အားဖြင့်။ အဟံ၊ ငါ့ကို။ အာယာစိတသမ္မာနတော၊ တောင်းပန်သည်ဖြစ်၍ ကောင်းစွာညွှတ်ခြင်းကြောင့်။ သဒါယေဝ၊ အခါခပ်သိမ်းလျှင်။ အဟံ၊ ငါသည်။ မတော၊ မြတ်နိုးအပ်၏။ တတော=တသ္မာ၊ ထို့ကြောင့်။ အယံ အဘိဓမ္မာဝတာရော၊ ဤအဘိဓမ္မာဝတာရကျမ်းကို။ မယာ၊ ငါသည်။ ရစိတော၊ စီရင်အပ်ပြီ။

တတော၊ ထိုကြောင့်။ ဘာဝနာ၊ ပညာရှိတို့၏ ချီးမွမ်းခြင်းသည်။ ဟိတဝိဘာဝနာ၊ အစီးအပွါးကို ပြတတ်သောကြောင့်။ သဒ္ဒါ၊ အခါခပ်သိမ်း။ တောသဒ္ဒါ ဟိ၊ နှစ်သက်ခြင်းကို ပေးတတ်သည်သာလျှင်ကတည်း [၁]။

ရှေ့နောက်ထောက်ကာ သင့်ရာယူ ၁၄၀၃။ တွေ့ကြုံအဘိဓမ္မာဝတာရကျမ်း ၌။ အတ္ထတော စာပိ၊ အနက် အားဖြင့်ရင်း။ ဂန္ထတော စာပိ၊ (သဒ္ဒါ) အားဖြင့်ရင်း။ ယုတ္တိတော စာပိ၊ ယုတ္တိအားဖြင့်ရင်း။ ကိဉ္စိပိ၊ စိုးစဉ်းလည်းဖြစ်သော။ အယုတ္တံ ဝါ၊ မသင့်ခြင်း သည်ရင်း။ ဝိရုဒ္ဓံ ဝါ၊ ဆန့်ကျင်ခြင်းသည်ရင်း။ ယဒိ ဒိဿတိ၊ အကယ်၍ ထင်အံ့။

၁၄၀၄။ ဓီမတာ၊ ပညာရှိသော ရဟန်းသည်။ တံ၊ ထိုမသင့်, ဆန့်ကျင်သည် [၂] ဟု ထင်သော အရာကို။ ပုဗ္ဗာပရံ၊ ရှေ့နှင့်နောက်ကို။ ဝိလောကေတွာ၊ ကြည့်၍။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ဝိစာရေတွာ၊ ဆင်ခြင်၍။ ဂဟေတဗ္ဗံ၊ ယူအပ်၏။ ဒေါသတော၊ အပြစ်အားဖြင့်။ န ဂဟေတဗ္ဗံ၊ မယူအပ်။

ဗျပ္ပထဂတိ ၃-မျိုး [၃] ၁၄၀၅။ ဟိ=ယသ္မာ၊ အကြင်ကြောင့်။ ဗျပ္ပထာနံ၊ စကားတို့၏။ ဝါ၊ စကားအစဉ်တို့၏။ တိဝိဓာ၊ သုံးပါးအပြားရှိကုန်သော။ ဂတိယော၊ ဖြစ်ခြင်းတို့သည်။ ဒုဗ္ဗိဓာပိ စေ၊ သိနိုင်ခဲကုန်သည်သာလျှင်ကတည်း။

[ဗျပ္ပထဂတိ ၃-မျိုး။ ။သဒ္ဒသမ္ဗန္ဓ နအတ္ထသမ္ဗန္ဓတပါး, အတ္ထသမ္ဗန္ဓ နသဒ္ဒသမ္ဗန္ဓတပါး, ဥဘယသမ္ဗန္ဓတပါး၊ ဤသုံးပါးတည်း [၄]။]

ဝါ—ဗျပ္ပထာနံ၊ စကားတို့၏။ ဝါ၊ စကားအစဉ်တို့၏။ တိဝိဓာ စ၊ သုံးပါးအပြားရှိသည်လည်း ဖြစ်ကုန်သော။ ဒုဗ္ဗိဓာ စ၊ သိနိုင်ခဲကုန်သည် လည်းဖြစ်ကုန်သော။ ဂတိယော၊ ဖြစ်ခြင်းတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

---

၁။ (ဋီကာ-ကောင်းအလို ပဒါတော ပဒါဟု ပါဠိရှိသည်။)

၂။ (အဋ္ဌကထာနှင့် မညီညွတ် ကွဲလွဲသည်ကို မသင့်ဟု ဆိုသည်။ ပါဠိတော်နှင့် မညီညွတ် ကွဲလွဲသည်ကို ဆန့်ကျင်သည်ဟု ဆိုသည်။ ရင်းဋီကာသစ်၊ဒု၊နှာ-၃၇၇။)

၃။ (ဗျပ္ပထဂတိ ၃-မျိုး=အတ္ထ,ဂန္ထ, (သဒ္ဒါ) ယုတ္တိအားဖြင့် ၃-မျိုး။ ဤကား ဋီကာ ဟောင်း၊ နှာ-၁၃၇ အလိုတည်း။)

၄။ (ယင်းဋီကာသစ်၊ ဒု၊ နှာ-၃၇၇။)

တသ္မာ၊ ထိုကြောင့်။ ဥပပရိက္ခိတွာ၊ စုံစမ်းဆင်ခြင်၍။ ဝိဘာဝိနာ၊ ပညာရှိသော ရဟန်းသည်။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

တိုက်တွန်းချက် ၁၄၀၆။ နိကာယန္တရလဒ္ဓိဟိ၊ တပါးသော အပေါင်း၌ အယူတို့နှင့်။ အသမ္မိဿော၊ မရောသော။ အနာကုလော၊ နှောက်ယှက်ခြင်းမရှိသော။ မဟာဝိဟာရဝါသီနံ၊ မဟာဝိဟာရဝါသီထေရ်တို့၏။ ဝါစနာမဂ္ဂနိဿိတော၊ သင်ကြားပို့ချစဉ်ကိုမှီသော။

၁၄၀၇။ မဓုရက္ခရ သံယုတ္တော၊ ကောင်းမြတ်သော အက္ခရာတို့နှင့် ယှဉ်သော။ အတ္ထော၊ အနက်ကို။ ယသ္မာ၊ အကြင့်ကြောင့်။ ပကာသိတော၊ ပြအပ်၏။ တသ္မာ၊ ထိုကြောင့်။ ဟိတတ္ထကာမေန၊ အစီးအပွါးသာလျှင် ဖြစ်သော အကျိုးကိုအလိုရှိသော ရဟန်းသည်။ ဧတ္ထ၊ ဤအဘိဓမ္မာဝတာရ ကျမ်း၌။ အာဒရော၊ ရိုသေခြင်းကို။ ကာတဗ္ဗော၊ ပြုအပ်၏။ [အာရဒ္ဓေါ လည်းရှိ၏၊ အားထုတ်ခြင်းကိုဟု ပေးလေ။]

ပတ္ထနာ ၁၄၀၈။ သဒ္ဓမ္မဋ္ဌိတိကာမေန၊ သူတော်ကောင်းတရားတို့၏တည် ခြင်းကို အလိုရှိသော။ မယာ၊ ငါသည်။ ကရောန္တေန၊ ကျမ်းကို ပြုသဖြင့်။ ယံ ပုညံ၊ အကြင်ကောင်းမှုကို။ အဓိဂတံ၊ ရအပ်ပြီ။ တေန ပုညေန၊ ထိုကောင်းမှုကြောင့်။ ပါဏိနော၊ သတ္တဝါတို့သည်။ သုခံ၊ ချမ်းသာသို့။ ပပ္ပေါန္တု၊ ရောက်စေကုန်သတည်း။

၁၄၀၉။ အယံ အဘိဓမ္မာဝတာရော၊ ဤ အဘိဓမ္မာဝတာရကျမ်းသည်။ အန္တရာယံ၊ အန္တရာယ်ကို။ ဝိနာ၊ ကြဉ်၍။ သိဒ္ဓိံ၊ ပြီးခြင်းသို့။ ဥပါဂတော ယထာ၊ ရောက်သကဲ့သို့။ တထာ၊ ထိုအတူ။ ပါဏီနံ၊ သတ္တဝါတို့၏။ ကလျာဏာသင်္ကပ္ပါ၊ ကောင်းသော အကြံအစည်တို့သည်။ သိဒ္ဓိံ၊ ပြီးခြင်းသို့။ ဂစ္ဆန္တု၊ ရောက်စေကုန်သတည်း။

ကျမ်းပြုရာကျောင်းနှင့် ကျမ်းပြုပုဂ္ဂိုလ် ၁၄၁၀။ နရနာရိဂဏာကိဏ္ဏေ၊ ယောကျ်ား မိန်းမ အပေါင်းတို့ဖြင့် ပြွမ်းသော။ အသံကိဏ္ဏကုလာကုလေ၊ မပြတ်သော မပျက်စီးသော အမျိုးတို့ဖြင့်ပြည့်သော။ (ဋီကာသစ်အလို။ မရောနှော

သော အမျိုးတို့ဖြင့် ပြွမ်းသော။ ဋီကာဟောင်းအလို။) ဖီတေ၊ အဝတ်တန်းဆာ အစရှိသည်တို့ဖြင့် ပွင့်လင်းသော။ သဗ္ဗင်္ဂသမ္ပန္နေ၊ အလုံးစုံသော အင်္ဂါနှင့်ပြည့်စုံသော။ သုပသန္နသိတောဒကေ၊ အလွန်မြိန်မြတ်ချမ်းအေးသော ရေရှိသော။

၁၄၁၁။ နာနာရတနသမ္ပုဏ္ဏေ၊ အထူးထူးသော ရတနာတို့ဖြင့်ပြည့်သော။ ဝိဝိဓာပဏသင်္ကိဏ္ဏေ၊ အထူးထူးအပြားပြားသော ဈေးတို့ဖြင့် ကျဉ်းမြောင်းသော။ ရမ္မေ၊ နှလုံးမွေ့လျော်ဘွယ်ရှိသော။ ကာဝေရပဋ္ဋနေ၊ ကာဝေရမည်သော ဆိပ်၌။ နာနာရာမောပသောဘိတေ၊ အထူးထူးသော အရာမ်တို့ဖြင့် တင့်တယ်သော။

၁၄၁၂။ ကေလာသ သိခရာကာရ ပါသာဒ ပဋိမဏ္ဍိတေ၊ ကေလာသ တောင်ထွတ် အခြင်းအရာရှိသော ပြာသာဒ်တို့ဖြင့် တန်းဆာဆင်အပ်သော။ ကဏှဒါသေန၊ ကဏှဒါသအမည်ရှိသော ဒါယကာသည်။ ကာရိတေ၊ ဆောက်လုပ်အပ်သော။ ဒဿနီယေ၊ ရှုချင်ဘွယ်ရှိသော။ မနောရမေ၊ နှလုံးမွေ့လျော်ဘွယ်ရှိသော။

၁၄၁၃။ ဝိဝိဓာကာရစာရုပါကာရဂေါပုရေ၊ အထူးထူး အပြားပြားသော အခြင်းအရာတို့ဖြင့်နှစ်လိုဘွယ်သော တံတိုင်း တံခါးမုခ်ရှိသော။ တတ္ထ-ဝိဟာရေ၊ ထိုကျောင်း၌။ ပါစီနပါသာဒေ၊ အရှေ့ပြာသာဒ်၌။ သဒါ၊ အခါခပ်သိမ်း။ နိဝသတာ=နိဝသန္တေန၊ နေသော။ (မယာ၌စပ်)

၁၄၁၄။ အသလ္လေခမသာခလျေ၊ ပွါးခြင်းသို့ ရောက်သော ခေါင်းပါးသော အသက်မွေးခြင်း[၁]၊ အလွန်ပြေပြစ်သော အဖြစ်၌။ သတာ=သတိ-သမ္ပန္နေန၊ သတိနှင့်ပြည့်စုံသော။ သီလာဒိဂုဏသောဘိနာ၊ သီလအစရှိသော ဂုဏ်တို့ဖြင့် တင့်တယ်သော။ သုမတိနာ၊ သုမတိအမည်ရှိသော ရဟန်းသည်။ သာဓု၊ ရိုသေစွာ။ ယာစိတေန၊ တောင်းပန်အပ်သော။ မယာ၊ ငါဗုဒ္ဓဒတ္တမထေရ်သည်။ အယံ အဘိဓမ္မာဝတာရော၊ အဘိဓမ္မာဝတာရကျမ်းကို။ ကတော၊ ရေးသားစီရင်ပြုအပ်ပြီ။

---

၁။ (ပစ္စည်း ၄-ပါးကို ရရှိအောင်အထူးမကြိုးစားပဲ မမြော်လင့်ပဲ ရသမျှဖြင့် အသက်မွေးမှုကို ခေါင်းပါးသော အသက်မွေးခြင်းဟု ဆိုသည်။)

ဆုတောင်း။ ။ဝဿဝလာဟကာ ဒေဝါ၊ ဝဿဝလာဟကနတ်တို့သည်။ ကာလေ၊ သင့်တင့်သော အခါ၌။ ဝဿံ၊ မိုးကို။ ဝဿန္တု၊ ရွာစေကုန်သတည်း။ မဟီပါလာ၊ ရေမြေရှင်မင်းတို့သည်။ ဓမ္မတော၊ တရားသဖြင့်။ သကလံ၊ အလုံးစုံသော။မဟိံ၊ မြေကို။ ဝါ၊ မြေနေသတ္တဝါကို။ ပါလယန္တု၊ စောင့်ရှောက်စေကုန်သတည်း။

၁၄၁၆။ ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ လောကသ္မိံ၊ လောက၌။ ဟိမဝါ ပဗ္ဗတုတ္တမော။ ဟိမဝန္တာတောင်မြတ်သည်။ တိဋ္ဌတိ၊ တည်၏။ တာဝ၊ ထိုမျှလောက်သော ကာလပတ်လုံး။ ဓမ္မရာဇဿ၊ တရားသဖြင့် မင်းဖြစ်တော်မူသော။ ဝါ၊ တရား၏အရှင်ဖြစ်တော်မူသော။ သတ္ထု-နော၊ မြတ်စွာဘုရား၏။ သဒ္ဓမ္မော၊ သူတော်ကောင်းတရားသည်။ တိဋ္ဌတု၊ တည်ပါစေသတည်း။

ဥရဂပုရနိဝသနေန၊ ဥရဂပုရမြို့၌ သီတင်းသုံးသော။ သီလာစာရ-သမ္ပန္နေန၊ သီလအကျင့်နှင့်ပြည့်စုံသော။ အာစရိယေန၊ ကျမ်းပြုဆရာဖြစ်သော။ ဘဒန္တဗုဒ္ဓဒတ္တေန၊ အရှင်ဗုဒ္ဓဒတ္တသည်။ ကတော၊ ရေးသားပြုပြင်စီရင်အပ်သော။ အဘိဓမ္မာဝတာရော နာမ၊ အဘိဓမ္မာဝတာရအမည်ရှိသော။ အယံ ဂန္ထော၊ ဤကျမ်းသည်။ ဠုတိ=သမတ္တော၊ ဤတွင် ပြီးပြီ။

အဘိဓမ္မာဝတာရော၊ အဘိဓမ္မာဝတာရကျမ်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။

အဘိဓမ္မာဝတာရဿ၊ အဘိဓမ္မာဝတာရကျမ်း၏။ နိဿယော၊ နိဿယသည်။ ဠုတိ=သမတ္တော၊ ဤတွင် ပြီးပြီ။

## နိဿယနိဂုံး

(က) ဧတ္ထ စ နိဿယေ ကိဉ္စိ၊ ပဒတ္ထယောဇနာဒိတော။
အယုတ္တံ ဝါ ဝိရုဒ္ဓံ ဝါ၊ ယဒိ ဒိဿတိ တံ ပန။

(ခ) ဝဏ္ဏနာဒိံ ဝိလောကေတွာ၊ ဝိစာရေတွာ ပုနပ္ပုနံ။
ဝိဇာနတာ ဂဟေတဗ္ဗံ၊ ယုတ္တံယေဝ န ဒေါသတော။

(ဂ) သာသနေ အတ္ထလိင်္ဂေ စ၊ သက္ကရာဇေ ဇိဒါယကေ။
နိဿယောယံ သမာရဒ္ဓေါ၊ ပဌမာသဋ္ဌသုက္ကတော။

(ဃ) ဒုတိယာသဋ္ဌမာသဿ၊ ဒသ မေ နိဋ္ဌ မာဂတော။
ပဉ္စပညာသ ဒိနေဟိ၊ ကာဋ္ဌပက္ခေ သုခေန စ။

(င) အန္တရာယံ ဝိနာ စာယံ၊ ယထာ သိဒ္ဓ မုပါဂတော။
တထာ ကလျာဏသင်္ကပ္ပါ၊ သိဒ္ဓံ ဂစ္ဆန္တု ပါဏိနံ။

(စ) ဖိတေ သဗ္ဗင်္ဂသမ္ပန္နေ၊ ရာဇာဓိရာဇမာပိတေ။
ဒဿနေယျေ မနောရမ္မေ၊ နာနာဇနသမာကုလေ။

(ဆ) နာနာရတနသမ္ပုဏ္ဏေ၊ သဗ္ဗကာမမုပါဂတေ။
နဂရေ ရတနာပူရေ၊ ဝိဟာရ စေတျ သောဘိတေ။

(ဇ) တေနေဝ ဓမ္မရာဇေန၊ သာသနုဇ္ဇောတကာရိနာ။
ကာရိတေ ဝိဝိဓာကာရ-စာရုပါသာဒလင်္ကတေ။

(ဈ) ရွှေစည်းခုံဧန္ဒ မာရ်အောင်ရ-တနာဒိစ္စပဘာသိတေ။
ပုညကမ္မိန မာဝါသေ၊ စံကျောင်းတိအာလယေ သုဘေ။

(ည) သဒါ မယာ ဝသန္တေန၊ ယာစိတေန သုသာဒရံ။
သီလာဒိဂုဏသောဘေဟိ၊ ကတောယံ သာဓု နိဿယော။

(ဋ) ယာဝ တိဋ္ဌတိ နာမမ္ပိ၊ လောကသ္မိံ ဓမ္မရာဇိနော။
ဒဿယန္တော ပရမ္မတ္ထံ၊ နိဿယောယမ္ပိ တိဋ္ဌတု။

အမှားမြင် အမှန်ပြုပြင်ရှု (က) ဧတ္ထ နိဿယေ၊ ဤအဘိဓမ္မာဝတာရ ကျမ်း၏ နိဿယ၌။ ကိဉ္စိပိ၊ စိုးစဉ်း လည်းဖြစ်သော။ (ပိသဒ္ဒါကျေသည်) ပဒတ္ထယောဇနာဒိတော၊ ပုဒ်, အနက်, ယောဇနာခြင်း အစရှိသောအားဖြင့်။ အယုတ္တံ ဝါ၊ မသင့်သည်လည်း

ဖြစ်သော။ ဝိရုဠှံ ဝါ၊ ဆန့်ကျင်သည်လည်း ဖြစ်သော။ ယံ ဌာနံ၊ အကြင်အရာသည်။ ယဒိ ဒိဿတိ၊ အကယ်၍ ထင်အံ့။ တံ ဌာနံ၊ ထိုအရာကို။

(ခ) ဝဏ္ဏနာဒိံ၊ ဋီကာ အစရှိသည်ကို။ ဝိလောကေတွာ၊ ကြည့်၍။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ဝိစာရေတွာ၊ ဆင်ခြင်၍။ ယုတ္တံယေဝ၊ သင့်သည်ကိုသာလျှင်။ ဝိဇာနတာ၊ ပညာရှိသောသူသည်။ ဂဟေတဗ္ဗံ၊ ယူအပ်၏။ ဒေါသတော၊ အပြစ်အားဖြင့်။ န ဂဟေတဗ္ဗံ၊ မယူအပ်။

ကျမ်းပြီးချိန် (ဂ) သာသနေ၊ သာသနာတော်သည်။ အတ္ထလိင္ဂေ၊ နှစ်ထောင့်သုံးရာခုနစ်ဆယ် (၂၃၇၀) သို့။ သက္ကရာဇေစ၊ ကောဇာ သက္ကရာဇ်သည်ကား။ ဇိဒါယကေ၊ အောင်ခြင်းကို ပေးတတ်သော တထောင့်တရာရှစ်ဆယ်ရှစ် (၁၁၈၈) ခုသို့။ သမ္ပတ္တေ၊ ရောက်သည်ရှိသော်။ ပဌမာသဠှသုက္ကတော၊ ပဌမဝါဆိုလဆန်း တရက်နေ့မှ။ ပဘုတိ၊ စ၍။ အန္တရာ၊ ပဌမစာပြန် စာမေးပွဲတော်အတွက် သုံးချက်တီး အချိန် ကြိုးကြားအားလပ်သော အခါ၌။ (ထည့်သည်) သမာရဒ္ဓေါ၊ ကောင်းစွာ အားထုတ်အပ်သော။ အယံ နိဿယော၊ ဤ အဘိဓမ္မာဝတာရကျမ်း၏ နိဿယသည်။

(ဃ) ဒုတိယာသဠှမာသဿ၊ ဒုတိယဝါဆိုလ၏။ ကာဠပက္ခေ ဒသမေ၊ လကွယ်ပက္ခ ဆယ်ရက်မြောက်သောနေ့၌။ ပဥ္စပညာသဒိနေဟိ၊ ငါးဆဲ့ငါးရက်တို့ဖြင့်။ သုခေန စ၊ ချမ်းသာစွာလျှင်။ နိဋ္ဌံ၊ ပြီးခြင်းသို့။ အာဂတော၊ ရောက်၏။

ဆုတောင်း (င) အယံ နိဿယော၊ ဤ အဘိဓမ္မာဝတာရကျမ်း၏ နိဿယသည်။ အန္တရာယံ၊ အန္တရာယ်ကို။ ဝိနာ၊ ကြဉ်၍။ သိဒ္ဓံ၊ ပြီးခြင်းသို့။ ဥပါဂတော ယထာ စ၊ ရောက်သကဲ့သို့လည်း။ တထာ၊ ထို့အတူ။ ပါဏီနံ၊ သတ္တဝါတို့၏။ ကလျာဏသင်္ကပ္ပါ၊ ကောင်းသော အကြံအစည်တို့သည်။ သိဒ္ဓံ၊ ပြီးခြင်းသို့။ ဂစ္ဆန္တု၊ ရောက်စေကုန်သတည်း။

ကျမ်းပြုရာခေတ်နှင့် ကျမ်းပြုပုဂ္ဂိုလ် (စ) ရာဇာဓိရာဇမာပိတေ = ရာဇာဓိရာဇမာပိတတ္တာ၊ ထီးဆောင်းမင်း အပေါင်းတို့ကို အစိုးရတော်မူသော မဟာဓမ္မရာဇ် တရားမင်းမြတ်သည် တည်ထောင် ဖန်ဆင်းအပ်သည်၏ အဖြစ်ကြောင့်။ [ဟေတု

အန္တောဂတဝိသေသနံ] ဖိတေ၊ အဝတ်တန်းဆာ အစရှိသည်တို့ဖြင့် ပွင့်လင်းသော။ သဗ္ဗင်္ဂသမ္ပန္နေ၊ အလုံးစုံသော မြို့၏ အင်္ဂါနှင့် ပြည့်စုံသော။ ဒဿနေယျေ၊ ရှုခြင်းငှာ ထိုက်သော။ မနောရမေ၊ နှလုံးမွေ့လျော်ဘွယ်ရှိသော။ နာနာဇနသမာကုလေ၊ အထူးထူးသော လူမျိုးတို့ဖြင့် ပြွမ်းသော။

(ဆ) သဗ္ဗကာမမုပါဂတေ၊ အလုံးစုံသော အလိုဝတ္ထုစွာ ပြည့်စုံရာဖြစ်သော။ ဝိဟာရစေတျသောဘိတေ၊ ကျောင်းတိုက်ကြီး,စေတီကြီးတို့ဖြင့် တင့်တယ်သော။ (မဟာသဒ္ဒါ ကျေသည်) နာနာရတနသမ္ပုဏ္ဏေ၊ အထူးထူးသော သဝိညာဏက, အဝိညာဏက ရတနာတို့ဖြင့် ပြည့်သည်၏ အဖြစ်ကြောင့်။ [ဟေတု အန္တောဂတဝိသေသနံ] ရတနာပူရေ နဂရေ၊ ရတနာပူရ အမည်ရှိသော ပြည်ကြီး၌။ [သာမညာဓာရ]

(ဇ) ရွှေစည်းခုံစန္ဒ မာရ်အောင် ရတနာဒိစ္စပဘာသိတေ၊ ရွှေစည်းခုံစေတီတော် တည်းဟူသော လမင်း, မာရ်အောင်ရတနာ စေတီတော်တည်းသော နေမင်းတို့၏ ထွန်းလင်းရာ အရပ်၌။ [ဝိသေသာဓာရ၊ စေတီတော်နှစ်ဆူတို့၏ အလယ်အကြား၌ ဆိုလိုသည်]။ ဝါ- ရတနာပူရေ နဂရေ၊ ရတနာပူရ မြို့ကြီး၌။ သာသနုဇ္ဇောတကာရိနာ၊ မြတ်စွာဘုရားသာသနာတော်၏ ထွန်းတောက်ပခြင်းကို ပြုလေ့ရှိသော။ တေနေဝ ဓမ္မာ-ရာဇေန၊ ထိုရတနာပူရမြို့ကြီးကို စတုတ္ထတည်ထောင်တော်မူသော တရားမင်းမြတ်သည်လျှင်။ ကာရိတေ၊ ဆောက်အပ်သော။ ဝိဝိဓာကာရစာရုပါ-သာဒလင်္ကိတေ၊ အထူးထူးသော အခြင်းအရာဖြင့် နှစ်သက်ဘွယ်ရှိသော ပြာသာဒ်တို့ဖြင့် တန်းဆာဆင်အပ်သော။

(ဈ) ရွှေစည်းခုံ စန္ဒ မာရ်အောင် ရတနာဒိစ္စပဘာသိတေ၊ ရွှေစည်းခုံစေတီတော်တည်းဟူသော လမင်း, မာရ်အောင်ရတနာစေတီတော်တည်းဟူသော နေမင်းတို့သည် အမြဲထွန်းလင်းအပ်သော။ ပုညကမ္မိနံ၊ ကောင်းမှုရှိသော သူတို့၏။ အာဝါသေ၊ နေရာဖြစ်သော။ သုဘေ၊ တင့်တယ်သော။ စံကျောင်းတိအာလယေ၊ စံကျောင်းအမည်ရှိသော ကျောင်းတော်၌။

(ည) သဒါ၊ အခါခပ်သိမ်း။ ဝသန္တေန၊ နေသော။ (မယာ၌စပ်) သီလာဒိဂုဏသောဘေဟိ၊ သီလအစရှိသော ဂုဏ်တို့ဖြင့် တင့်တယ်ကုန်သော။ သန္တေဟိ၊ သူတော်ကောင်းတို့သည်။ (ပဓာနပုဒ်ထည့်)သုသာဒရံ၊

အလှုန်ရှိသေစွာ။ ယာစိတေန၊ တောင်းပန်အပ်သည်ဖြစ်၍။ ဝါ၊ တောင်းပန်အပ်သော။ မယာ၊ ငါသည်။ အယံ နိဿယော၊ ဤ အဘိဓမ္မာဝတာရကျမ်း၏ နိဿယကို။ သာဓု၊ ကောင်းမြတ်စွာ။ ကတော=ရစိတော စီရင်အပ်ပြီ။

ပတ္ထနာ (၄) ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ လောကသ္မိံ၊ လောက၌။ ဓမ္မရာဇိနော၊ တရားမင်း ဖြစ်တော်မူသော မြတ်စွာဘုရား၏။ နာမမ္ပိ၊ ဗုဒ္ဓေါဟူသော အမည်တော်သည်လည်း။ တိဋ္ဌတိ၊ တည်၏။ တာဝ၊ ထိုမျှလောက်သော ကာလပတ်လုံး။ အယံ နိဿယောပိ၊ ဤ အဘိဓမ္မာဝတာရကျမ်း၏ နိဿယသည်လည်း။ ကုလပုတ္တာနံ၊ အမျိုးသားတို့အား။ (ထည့်) ပရမတ္ထံ၊ မြတ်သော အနက်ကို။ ဝါ၊ ခန္ဓာ အစရှိသော ပရမတ္ထတရားကို။ ဒဿယန္တော၊ ပြလျက်။ လောကသ္မိံ၊ လောက၌။ တိဋ္ဌတု၊ တည်ပါစေသတည်း။

သာသနာတော် နှစ်ထောင့်သုံးရာခုနစ်ဆယ်(၂၃၇၀)ကောဇာသက္ကရာဇ်တထောင့်တရာရှစ်ဆယ်ရှစ်ခု (၁၁၈၈) ရောက်သော အခါ၌ မုနိန္ဒာဘိသိရီသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရှိသော သာသနာပိုင်ဆရာတော်သည် စီရင်အပ်သော အဘိဓမ္မာဝတာရကျမ်း၏ နိဿယသည်ပြီး၏။

# အဘိဓမ္မာဝတာရအဋ္ဌကထာ နိဿယသစ် ဤတွင် ပြီးပြီ

# နောက်ဆက်တွဲ

## သိမှတ်ဖွယ်ရာ ခက်ဆစ်ရှင်းချက်များ

### ဆိတ် ၂-ကောင်တို့ ခွေ့ခတ်ခြင်း ဥပမာ (နှာ-၁၀၀)

ဖဿသည် အာရုံကို တွေ့ထိခြင်း ဖုသနလက္ခဏာလည်း ရှိသည်၊ ပဉ္စဒွါရ၌ ဝတ္ထုနှင့်အာရုံတို့၏ ထိခိုက်ခြင်း, မနောဒွါရ၌ စိတ်နှင့် အာရုံတို့၏ ထိခိုက်ခြင်း သံဃဋ္ဋနရသလည်း ရှိသည်။

ဖဿသည် ဝတ္ထုနှင့် အာရုံကိုဎင်း, စိတ်နှင့်အာရုံကိုဎင်း ထိခိုက်တွေ့ထိခြင်းမှာ သစ်သား ၂-ချောင်း ဘေးချင်းကပ် ထိစပ်သကဲ့သို့ ငြိကပ်ထိစပ်မနေပါ။

ရူပါရုံက စက္ခုပသာဒကို, သဒ္ဒါရုံက သောတပသာဒကို ထိခိုက်ရာ၌ အရာဝတ္ထုချင်း ငြိကပ်ခြင်း မဟုတ်မူ၍ ခတ်ခိုက်သည့် သဘောဖြင့်သာ ထိခိုက်ခြင်း ဖြစ်သည်။

ထို့အတူ ဖဿသည် တစိတ်တဒေသအားဖြင့် (အနည်းငယ်မျှပင်) မငြိမကပ် မထိမစပ်သော်လည်း စိတ်နှင့်အာရုံကိုဎင်း, ဝတ္ထုနှင့်အာရုံကိုဎင်း ခတ်ခိုက်သည့် သဘောဖြင့်သာ ထိခိုက်ပေသည်။

သို့ဖြစ်၍ စိတ်နှင့်အာရုံတို့ အချင်းချင်း ခတ်သဘောဖြင့် ထိခိုက်မိခြင်း, ဝတ္ထုနှင့်အာရုံတို့ အချင်းချင်း ခတ်သဘောဖြင့် ထိခိုက်မိခြင်းသည် ဖဿမည်သည်။

ဖဿ၏ ထိခိုက်မှုကြောင့်သာ မနောဒွါရ၌ စိတ်နှင့်အာရုံ ၂-ပါးစုံသည် ပေါင်းစပ်မိ၏၊ ပဉ္စဒွါရ၌မူ ဝတ္ထုနှင့်အာရုံ ၂-ပါးစုံသည် ပေါင်းစပ်မိသည်၊ ဖဿသည် အာရုံကိုသာ ထိ၍ စိတ်ကို မထိခိုက်လျှင်ဎင်း, စိတ်ကိုသာ ထိခိုက်၍ အာရုံကို မထိခိုက်လျှင်ဎင်း၊ ဝတ္ထုကိုသာ ထိခိုက်၍ အာရုံကို မထိခိုက်လျှင်ဎင်း, အာရုံကိုသာ ထိခိုက်၍ ဝတ္ထုကို မထိခိုက်လျှင်ဎင်း စိတ်နှင့်အာရုံ ၂-ပါးစုံ, ဝတ္ထုနှင့်အာရုံ ၂-ပါးစုံတို့သည် မပေါင်းမိ မစပ်မိ မဆုံမိနိုင်။

ဥပမာ ဆိတ် ၂-ကောင် ပေါင်းဆုံ၍ခတ်ခြင်း ကဲ့သို့တည်း၊ ဤ၌ စိတ်သည် ဝါ-ဝတ္ထုသည် တကောင်သော စိတ်နှင့်တူသည်၊ အာရုံသည် ဒုတိယဆိတ်နှင့်တူသည်၊ စိတ်နှင့်အာရုံတို့ အချင်းချင်း ခတ်သဘောဖြင့် ထိခိုက်မိခြင်း, ဝတ္ထုနှင့်အာရုံတို့ အချင်းချင်း ခတ်သဘောဖြင့် ထိခိုက်မိခြင်းသည် ဆိတ် ၂-ကောင်တို့ ပေါင်းဆုံ ၍ခတ်ခြင်းနှင့်တူသည်။

ထို့ကြောင့် မနောဒွါရိက ဖဿဖြစ်စေ, ပဉ္စဒွါရိက ဖဿဖြစ်စေ ဖဿဟူက ဖုသနလက္ခဏာလည်း ရှိသည်၊ သံဃဋ္ဋနရသလည်း ရှိသည်ဟု မှတ်ရာ၏။

ပဉ္စဒွါရိက ဖဿမှာ အပြည့်အစုံဖြစ်ခြင်း သမ္ပတ္တိ အနက်အားဖြင့် သံဃဋ္ဋနရသရှိသည်၊ မနောဒွါရိက ဖဿမှာ ကိစ္စအနက်အားဖြင့် သံဃဋ္ဋန ရသရှိသည်။

မဟာအဋ္ဌကထာ ဆရာတို့က "ပဉ္စဒွါရိက ဖဿသည် ဖုသနလက္ခဏာ လည်း ရှိသည်၊ သံဃဋ္ဋနရသလည်း ရှိသည်၊ မနောဒွါရိက ဖဿမှာမူ ဖုသန လက္ခဏာသာရှိသည်၊ ဝတ္ထုနှင့်အာရုံတို့ အချင်းချင်း ထိခိုက်မှု မရှိသဖြင့် သံဃဋ္ဋနရသမရှိ"ဟု ယူကြသည်။

ယင်းဆရာတို့၏ ဝါဒကို ဓမ္မသင်္ဂဏီ အနုဋီကာ (နှာ-၉၃) ဆရာက ကေစိထိုးလျက် ပယ်သည်။

ပယ်ပုံမှာ-ထိခိုက်မှုဟူသည် ဝတ္ထုနှင့်အာရုံတို့ တိုက်ရိုက်ထိခိုက်သည်ကို ဆိုသည်မဟုတ်၊ သဒိသူပစာအားဖြင့် ဝတ္ထုနှင့်အာရုံတို့ အချင်းချင်း ခတ်သဘောဖြင့် ထိခိုက်သည်ကို ဆိုသည်။

ထို့ကြောင့် မဟာအဋ္ဌကထာဆရာတို့ အဆိုကို မသင့်ဟု ပယ်သည်။

အမှန်မှာ-ဝတ္ထုနှင့်အာရုံတို့ ခတ်သဘောဖြင့် ထိခိုက်သည်ဖြစ်စေ, စိတ်နှင့်အာရုံတို့ ခတ်သဘောဖြင့် ထိခိုက်သည်ဖြစ်စေ ထိခိုက်သည်ဟုပင် ယူရသည်။

ထို့ကြောင့် မနောဒွါရိက ဖဿမှာ အာရမ္မဏိကဖြစ်သော စိတ်စေတသိက်နှင့် အာရုံတို့ ထိခိုက်မှု ဆက်စပ်ပေးမှုကိစ္စ သံဃဋ္ဋနရသရှိသည်။

ပဉ္စဒွါရိက ဖဿမှာမူ ဝတ္ထုနှင့်အာရုံတို့ကို ထိခိုက်မှု ဆက်စပ်ပေးမှုကိစ္စ သံဃဋ္ဋနရသရှိသည်ဟု ဆိုရပေသည်။

အဘိဓမ္မာဝတာရဋီကာသစ် ဆရာကလည်း ဖဿဟူက သံဃဋ္ဋနရသ ရှိသည်ချည်းဟု မိန့်ဆိုပေသည်။

အဘိ၊ဋ္ဌ၊၁၊နှာ-၁၅၁-၂။ ဓမ္မသင်္ဂဏီ အနုဋီကာ၊နှာ-၉၃၊ အဘိဓမ္မာ ဝတာရဋီကာသစ်၊ပ၊နှာ-၂၉၀။

---

ကာမဝိပါက်အာရမ္မဏပစ္စည်း ဖြစ်ပုံ (နှာ-၂၄၄-၅။)

ကာမဝိပါက်သည် အောက်ပါ ၆-မျိုးအား အာရမ္မဏသတ္တိဖြင့် ကျေးဇူး ပြုသည်၊ တနည်း—ကာမဝိပါက်ကို အောက်ပါ ၆-မျိုးက အာရုံပြုသည်။

၁။ မဟာကုသိုလ် ၈-ခုသည် ကာမဝိပါက်ကို အာရုံပြုသည်။

၂။ ဟသိတုပ္ပါဒ်, ဝုဋ္ဌော, မဟာကြိယာ ၈-ခုသည် ကာမဝိပါက်ကို အာရုံပြုသည်။

၃။ အဘိညာဉ်ကုသိုလ်သည် ကာမဝိပါက်ကို အာရုံပြုသည်။

၄။ အဘိညာဉ်ကြိယာသည် ကာမဝိပါက်ကို အာရုံပြုသည်။

၅။ တဒါရုံ ၁၁-သည် ကာမဝိပါက်ကို အာရုံပြုသည်။

၆။ အကုသိုလ် ၁၂-သည် ကာမဝိပါက်ကို အာရုံပြုသည်။

၁။ သေက္ခပုဂ္ဂိုလ်နှင့် ပုထုဇဉ်တို့သည် မိမိတို့ပြုအပ်သော ကုသိုလ်၏ အကျိုး, သူတပါးပြုအပ်သော ကုသိုလ်၏အကျိုးကို ဆင်ခြင်သုံးသပ်သော အခါ ကာမကုသိုလ်သည် ကာမဝိပါက်ကို အာရုံပြုသည်။

၂။ ဒါနစသည်၏ အကျိုးကို ဆင်ခြင်၍ နှစ်သက်သောအခါ ဟသိတုပ္ပါဒ်သည် ကာမဝိပါက်ကို အာရုံပြုသည်။

ကာမဝိပါက်ကို အာရုံပြုသော ဇော၏ ရှေးသွားဖြစ်သောအခါ မနော ဒွါရာဝဇ္ဇန်းသည် ကာမဝိပါက်ကို အာရုံပြုသည်။

ရဟန္တာပုဂ္ဂိုလ်သည် ကာမကုသိုလ်၏ အကျိုးကို ဆင်ခြင်သုံးသပ်သော အခါ, ကာမဝိပါက်ကို အာရုံပြု၍ဖြစ်သော အဘိညာဉ်တို့၏ ပရိကမ်စသည် ဖြစ်သောအခါ မဟာကြိယာသည် ကာမဝိပါက်ကို အာရုံပြုသည်။

၃။ သေက္ခပုဂ္ဂိုလ်နှင့် ပုထုဇဉ်တို့သည် မိမိ, သူတပါးပြုအပ်သော ကုသိုလ်၏အကျိုးကို အောက်မေ့သောအခါ, သူတပါးစိတ်ကို သိသော အခါ, ဤမည်သော ကံကြောင့် လူ့ပြည် နတ်ပြည်၌ဖြစ်၍ ဤမည်သော

အကျိုးကို ခံစားရသည်ဟု သိသောအခါ, နောင်အခါ ဒါနစသော ကုသိုလ်ကိုပြု၍ ယင်း၏ အကျိုးကို ခံစားရလိမ့်မည်ဟု သိသောအခါ အဘိညာဉ်ကုသိုလ်သည် ကာမဝိပါက်ကို အာရုံပြုသည်။

၄။ ရဟန္တာပုဂ္ဂိုလ်သည် မိမိ သူတပါးပြုအပ်သော ကံကို အောက်မေ့သောအခါ, သူတပါးစိတ်ကို သိသောအခါ, ဤမည်သောကံကြောင့် လူ့ပြည်နတ်ပြည်၌ဖြစ်၍ ဤမည်သောအကျိုးကို ခံစားရသည်ဟု သိသောအခါ, နောင်အခါ၌ ဒါနစသော ကုသိုလ်ကိုပြု၍ ဤမည်သော အကျိုးကို ခံစားရလိမ့်မည်ဟု သိသောအခါ အဘိညာဉ်ကြိယာသည် ကာမဝိပါက်ကို အာရုံပြုသည်။

၅။ မဟာဝိပါက် ၈-ပါး, သန္တီရဏ ၃-ပါး၊ ပေါင်း ၁၁-ပါးသည် ကာမဝိပါက်ကို အာရုံပြုသော ကံဖြင့် ပဋိသန္ဓေနေသောသူအား ပဋိသန္ဓေကိစ္စတပ်သောအခါ, ကာမဝိပါက်ကို အာရုံပြုသော ဇောနောင် တဆက်တည်း ကာမဝိပါက်ကို အာရုံပြု၍ တဒါရုံကိစ္စ တပ်သောအခါ တဒါရုံ ၁၁-ပါးသည် ကာမဝိပါက်ကို အာရုံပြုသည်။

၆။ ကာမဝိပါက်ကို အာရုံပြု၍ သာယာနှစ်သက်သောအခါ, မှားမှား ယွင်းယွင်း သုံးသပ်သောအခါ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခုသည် ကာမဝိပါက်ကို အာရုံပြုသည်။

ကာမဝိပါက်ကို အာရုံပြု၍ နှစ်သက်သောအခါ သာယာသောအခါ စသည်တို့၌ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခုသည် ကာမဝိပါက်ကို အာရုံပြုသည်။

မိမိ, သူတပါးပြုအပ်သော ကုသိုလ်၏အကျိုးကို အာရုံပြု၍ နှလုံးမသာယာ, အမျက်ထွက် ပြစ်မှားသောအခါ ဒေါသမူဒွေးသည် ကာမဝိပါက်ကို အာရုံပြုသည်။

ကာမဝိပါက်ကို အာရုံပြု၍ မဆုံးဖြတ်နိုင်သောအခါ, မငြိမ်သက်ပျံ့လွင့်သောအခါ မောဟမူဒွေးသည် ကာမဝိပါက်ကို အာရုံပြုသည်။

အဘိဓမ္မာဝတာရဋီကာသစ်၊ဒု၊နှာ-၂၁။

## ၁။ ပင့်ကူချည် ဥပမာ (နှာ-၂၇၅)

ပိုးကောင်စသော သတ္တဝါကို လမ်း၌စောင့်ဖမ်း၍ စားသောက်သော ပင့်ကူတကောင်သည် တခုသော အရပ်၌ ပင့်ကူချည်ကိုဖြန့်၍ ပင့်ကူအိမ် ကွန်ရက်ပြုလုပ်ပြီးလျှင် ပင့်ကူအိမ် ကွန်ရက်အလယ်၌ အိပ်နေလေ၏။

ထိုအခါ ဖြန့်ထားအပ်သော ပင့်ကူချည်ကို ပိုး,နှံ,ယင်ကောင်တို့ တိုးမိ, ထိမိ,တိုက်မိလေသော် ပင့်ကူသည် အိပ်နေရာမှ လှုပ်လှုပ်ရှရှ ထွက်လာကာ ပင့်ကူချည်သို့ အစဉ်လျှောက်သွားပြီးလျှင် ပိုး,နှံ,ယင်ကောင်တို့ကို ဖမ်းယူ စားပြီးနောက် မိမိနေရာ ပင့်ကူအိမ် ကွန်ယက်အလယ်သို့ ပြန်အိပ်လေ၏။

ထိုစကားရပ်၌—

စက္ခုပသာဒသည် တခုသောအရပ်၌ ဖြန့်ထားအပ်သော ပင့်ကူအိမ်နှင့် တူသည်။

စက္ခုဝိညာဏ်သည် ပင့်ကူအိမ် ကွန်ရက်အလယ်၌ အိပ်သော ပင့်ကူနှင့် တူသည်။

အာရုံနှင့် ပသာဒရုပ်တို့ ထိခိုက်ခြင်းသည် ပိုး,နှံ, ယင်ကောင်တို့ ပင့်ကူ ချည်ကို ထိမိ,တိုးမိ,တိုက်မိခြင်းနှင့် တူသည်။

ဘဝင်စိတ် အစဉ်၏ (အတိတ်ဘဝ မရဏာသန္နဇော၏ အာရုံကို ယူနေ ရာမှ) ပြတ်ခြင်းသည် ပင့်ကူ၏ အိပ်ပျော်ရာမှ နိုးခြင်းနှင့် တူသည်။

ဘဝင်စိတ်အစဉ် ပြတ်ပြီးနောက် ထိုစိတ်အစဉ်ကို ယခု ပစ္စုပ္ပန် ဘဝ ပစ္စုပ္ပန်အာရုံသို့ ရှေးရှုလည်စေသော အာဝဇ္ဇန်းစိတ် ဖြစ်ပေါ်လာခြင်းသည် ပင့်ကူအိမ်အလယ်၌ အိပ်နေသော ပင့်ကူ၏ လှုပ်ရှားခြင်းနှင့်တူသည်။

အာဝဇ္ဇန်းစသော ဝီထိစိတ်တို့ ဖြစ်ခြင်းသည် ပင့်ကူ၏ ပင့်ကူချည်သို့ အစဉ်အတိုင်း လျှောက်သွားခြင်းနှင့်တူသည်။

အာရုံ၏ အရသာကို ဇောက ခံစားခြင်းသည် ပင့်ကူ၏ ပိုး, နှံ, ယင်ကောင်ကို ဖမ်းယူစားခြင်းနှင့် တူသည်။

တဖန် ဘဝင်စိတ် ဖြစ်ခြင်းသည် ပင့်ကူအိမ် ကွန်ရက်အလယ်သို့ ပင့်ကူ ပြန်အိပ်ခြင်းနှင့် တူသည်။

ဤဥပမာ၌ ဆိုလိုရင်း အချက်နှစ်ခုမှာ—(၁) အာရုံနှင့် ပသာဒရုပ်တို့ ထိခိုက်သဖြင့် ဖြစ်ပေါ်လာသော ဝီထိစိတ် အစဉ်တွင် ပသာဒရုပ်ပေါ်၌ မှီ၍ ဖြစ်ပေါ်လာသည့် ပဉ္စဝိညာဉ်စိတ် မဖြစ်ပေါ်လာမီ ဟဒယဝတ္ထုရုပ်၌မှီ၍ ဖြစ်ပေါ်လာသော ပဉ္စဒွါရာဝဇ္ဇန်းစိတ်က ရှေးဦးစွာ ဖြစ်ပေါ်လာကြောင်းကို ပြခြင်းဖြစ်သည်။

(၂) ထို့ပြင် တခုခုသော အာရုံသည် ပသာဒရုပ်ပေါ်၌ ထင်လာလျှင် ဟဒယဝတ္ထုရုပ်ပေါ်၌လည်း ထင်လာကြောင်း, တခုသော ပဉ္စာရုံသည် နှစ်ခုသော ဒွါရ၌ ထင်လာကြောင်းကို ပြဆိုခြင်း ဖြစ်သည်။

(အဋ္ဌသာလိနီ အဋ္ဌကထာ၊ စိတ္တုပ္ပါဒကဏ္ဍ၊နှာ-၃၁၀-၉။)

---

## ၂။ တံခါးစောင့် ဥပမာ

မင်းတပါးသည် သလွန်ညောင်စောင်း၌ အိပ်စက်နေ၏၊ အလုပ်အကျွေးသည် မင်း၏ခြေရင်း၌ နေ၏၊ နားလေးသော တံခါးစောင့်သည် တံခါးနား၌ ရပ်တည်နေ၏၊ မင်း၏အစောင့်အရှောက် ကိုယ်ရံတော် ၃-ယောက်တို့သည် အစဉ်အတိုင်း ရပ်တည်နေကြသည်။

ထိုအခါ ရွာစွန် ရွာဖျား၌ နေသော လူတယောက်သည် လက်ဆောင်ပဏ္ဏာ ယူလာပြီးလျှင် နန်းတော်တံခါးကို ခေါက်၏၊ တံခါးခေါက်သံကို အလုပ်အကျွေး ငယ်ကျွန်ကြား၍ နားလေးသော တံခါးစောင့်အား အချက်ပြကာ အသိပေး၏၊ ထိုအချက်ပြဖြင့် နားလေးသော တံခါးစောင့်သည် တံခါးကို ဖွင့်ကြည့်၏၊ ရွာစွန်ရွာဖျား၌ နေသောသူ ပေးသော လက်ဆောင်ပဏ္ဏာကို မင်း၏ ပဌမ အစောင့်အရှောက် ကိုယ်ရံတော်က ယူ၍ ဒုတိယ အစောင့်အရှောက် ကိုယ်ရံတော်အား ပေး၏၊ ဒုတိယ အစောင့်အရှောက် ကိုယ်ရံတော်က တတိယ အစောင့်အရှောက် ကိုယ်ရံတော်အား ပေး၏၊ တတိယအစောင့်အရှောက် ကိုယ်ရံတော်က မင်းအား လက်ဆောင်ပဏ္ဏာကို ဆက်သ၏၊ မင်းသည် ထို လက်ဆောင်ပဏ္ဏာကို သုံးဆောင်၏။

ထိုစကားရပ်၌—စက္ခုပသာဒရုပ်၌ ရူပါရုံ၏ ထိခိုက်ခြင်းသည် လက်ဆောင်ပဏ္ဏာ ယူလာသော ရွာစွန်ရွာဖျား၌ နေသောသူ၏ တံခါးခေါက်ခြင်းနှင့် တူ၏။

ဘဝင်ပြတ်ပြီးနောက် အာဝဇ္ဇန်းက စိတ်အစဉ်ကို ပဝတ္တိဘဝ ပစ္စုပ္ပန် အာရုံသို့ ဦးလှည့်၍ ဆင်ခြင်စေခြင်းသည် မင်း၏ အလုပ်အကျွေး ငယ် ကျွန်က နားလေးသော တံခါးစောင့်အား အချက်ပြ အသိပေးခြင်းနှင့် တူ၏။

စက္ခုဝိညာဉ်၏ ရူပါရုံကို မြင်ခြင်းသည် နားလေးသော တံခါးစောင့်၏ တံခါးဖွင့်ကြည့်ခြင်းနှင့် တူ၏။

သမ္ပဋိစ္ဆိုင်းက အာရုံကို ခံယူခြင်းသည် မင်း၏ ပဌမအစောင့်အရှောက် ကိုယ်ရံတော်က ရွာစွန်ရွာဖျား၌ နေသောသူ ပေးသော လက်ဆောင် ပဏ္ဏာကို လှမ်းယူခြင်းနှင့် တူ၏။

သန္တီရဏက အာရုံကို စုံစမ်းစစ်ဆေးခြင်းသည် ပဌမအစောင့်အရှောက် ကိုယ်ရံတော်အား လက်ဆောင်ပဏ္ဏာကိုတဆင့် ပေးလိုက်သည့်အခါ ဒုတိယ ကိုယ်ရံတော်က စစ်ဆေးခြင်းနှင့် တူ၏။

ဝုဋ္ဌောက အာရုံကို ပိုင်းခြား မှတ်သားခြင်းသည် ဒုတိယ အစောင့် အရှောက် ကိုယ်ရံတော်က တတိယ အစောင့်အရှောက် ကိုယ်ရံတော်အား လက်ဆောင်ပဏ္ဏာကို ထပ်ဆင့်ပေးကမ်းလိုက်သည့်အခါ တတိယ ကိုယ်ရံ တော်က ပိုင်းခြားမှတ်သားခြင်းနှင့် တူသည်။

အာရုံကို ဇောထံသို့ ဝုဋ္ဌောက ပို့ခြင်းသည် တတိယ အစောင့်အရှောက် ကိုယ်ရံတော်က မင်းအား လက်ဆောင်ပဏ္ဏာ ဆက်သခြင်းနှင့် တူ၏။

အာရုံ၏ အရသာကို ဇောက ခံစားခြင်းသည် လက်ဆောင် ပဏ္ဏာကို မင်းသုံးဆောင်ခြင်းနှင့် တူ၏။

ဤဥပမာသည်——"ရူပါရုံသည် စက္ခုပသာဒကို ထိခိုက်ခြင်း ကိစ္စသာ ရှိသည်။ ပဉ္စဒွါရာဝဇ္ဇန်းသည် ဘဝင်ကိုလည်စေခြင်း, ပြတ်စေခြင်း ကိစ္စသာ ရှိသည်။ စက္ခုဝိညာဉ်သည် ရူပါရုံကို မြင်ခြင်းကိစ္စသာ ရှိသည်။ သမ္ပဋိစ္ဆိုန်း သည် အာရုံကိုခံယူခြင်း ကိစ္စသာရှိသည်။ သန္တီရဏသည် အာရုံကို စုံစမ်း စစ်ဆေးခြင်း ကိစ္စသာရှိသည်။ ဝုဋ္ဌောသည် အာရုံကို ပိုင်းခြား မှတ်သား ခြင်း ကိစ္စသာရှိသည်။ ပဉ္စဒွါရာဝဇ္ဇန်းအစ ဝုဋ္ဌောဆုံးသော စိတ်တို့သည် အာရုံ၏ အရသာကို မခံစားနိုင်ကြ။ ဇောကသာ အာရုံ၏ အရသာကို ခံစားနိုင်သည်"ဟူသော အဓိပ္ပါယ်ကို ပြသည်။

(အဋ္ဌသာလိနီ အဋ္ဌကထာ၊ နှာ-၃၁၉။)

## ၃။ ရွှာသူသားငယ်ဥပမာ

ကလေးသူငယ် များစွာတို့သည် လမ်းခရီးအကြား၌ မြေမှုန့်ဆုပ်တမ်း ကစားကြရာ သူငယ်တဦး၏လက်ထဲ အသပြာတခု ငြိကပ်ပါလာသည်။

ထိုအခါ ယင်းသူငယ်က ကစားဖော် သူငယ်များကို ငါ့လက်ထဲ ငြိကပ်ပါလာသော ဤအရာဝတ္ထုကား အဘယ်ဟာနည်းဟု မေးသော်—

သူငယ်တဦးက ဤအရာဝတ္ထုကား ဖြူသော အရာဝတ္ထုတည်း ဟု ပြောသည်။

လက်ထဲ အသပြာ ငြိကပ်ပါလာသော သူငယ်က မြေမှုန့်နှင့်တကွ အသပြာကို မိမိရရ ဆုပ်ကိုင်ထားသည်။

အခြား သူငယ်တဦးက ပြားသော အရာဝတ္ထု, သို့မဟုတ် လေးဒေါင့် သဏ္ဌာန်ရှိသော အရာဝတ္ထုဟု ပြောဆိုသည်တွင်—

လက်ထဲ အသပြာ ငြိကပ်ပါလာသော သူငယ်က ဤအရာဝတ္ထုကား အသပြာတည်းဟု ပြောဆိုပြီး မိခင်အား ထိုအသပြာကို ပေးလေသည်။

မိခင်သည် ထိုအသပြာကို သုံးစွဲလေသည်။

ထိုစကားရပ်၌—ကလေးများစွာတို့ လမ်းခရီးအကြား၌ ကစားကြစဉ် ထိုင်နေသောအခါနှင့် ဘဝင်စိတ် ဖြစ်ခြင်းတူသည်။

သူငယ်၏ လက်ထဲ အသပြာ ငြိကပ်ပါလာခြင်းနှင့် အာရုံနှင့် ပသာဒ ထိခိုက်ခြင်း တူသည်။

ဤအရာဝတ္ထုကား အဘယ်ဟာနည်းဟု မေးခြင်းနှင့် ပဉ္စဒွါရာဝဇ္ဇန်း၏ ဘဝင်အစဉ်ကို လည်စေခြင်းတူသည်။

ဤအရာဝတ္ထုကား ဖြူသော အရာဝတ္ထုတည်းဟု ပြောဆိုခြင်းနှင့် စက္ခုဝိညာဉ်ဖြင့် မြင်ခြင်းကိစ္စ ပြီးစေခြင်းတူသည်။

မြေမှုန့်နှင့်တကွ အသပြာကို မိမိရရ ဆုပ်ကိုင်ခြင်းနှင့် သမ္ပဋိစ္ဆိုန်း၏ အာရုံကို ခံယူခြင်းတူသည်။

ဤအရာဝတ္ထုကား ပြားသော အရာဝတ္ထုတည်း၊ သို့မဟုတ် လေးဒေါင့် သဏ္ဌာန်ရှိသော အရာဝတ္ထုတည်းဟု ပြောဆိုခြင်းနှင့် သန္တီရဏစိတ်၏ အာရုံကို စုံစမ်းစစ်ဆေးခြင်း တူသည်။

ဤအရာဝတ္ထုကား အသပြာတည်း ဟု ပြောဆိုခြင်းနှင့် ဝုဋ္ဌော၏ အာရုံကို ပိုင်းခြားမှတ်သားခြင်း တူသည်။

မိခင်သည် အသပြာကို သုံးစွဲခြင်းနှင့် ဇော၏ အာရုံအရသာကို ခံစားခြင်း တူသည်။

ဤဥပမာ၌ ဆိုလိုရင်းမှာ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်း, သန္တီရဏ, ဝုဋ္ဌော, ဇောစိတ်တို့သည် မြင်ခြင်းကိစ္စကို မပြီးစေနိုင်၊ စက္ခုဝိညာဉ်စိတ်ကသာ မြင်ခြင်းကိစ္စကို ပြီးစေနိုင်သည် ဟူလို။

(အဋ္ဌသာလိနီ အဋ္ဌကထာ၊စိတ္တုပ္ပါဒကဏ္ဍ၊နှာ-၃၂၀။)

## ၄။ သရက်သီး ဥပမာ

ယောကျာ်း တယောက်သည် အသီးသီးသော သရက်ပင်အရင်း၌ ဦးခေါင်းခြုံလျက် အိပ်နေ၏။ ထိုအခါ သရက်သီးမှည့် တလုံးသည် ထိုယောကျာ်းအနီး၌ ကြွေကျလာ၏၊ ထိုယောကျာ်းသည် သရက်သီး ကြွေကျသောအသံဖြင့် အိပ်ပျော်ရာမှ လန့်နိုး၍ မျက်စိဖွင့်ပြီး ကြည့်ရှုလေရာ သရက်သီးကို မြင်ရသဖြင့် ကောက်ယူပြီးသော် မှည့်မမှည့် လက်ဖြင့်နှိပ်စမ်းရှူနမ်းပြီးနောက် မှည့်မှန်းသိ၍ ထိုသရက်သီးကို သုံးဆောင်၏၊ ထို သရက်သီး သုံးဆောင်ပြီးနောက် သရက်ပင်ရင်း၌ပင် ပြန်အိပ်လေ၏။

ထိုစကားရပ်၌—

ဘဝင်ကျနေခြင်းသည် သရက်ပင်ရင်း၌ ထိုယောကျာ်း၏ အိပ်ပျော်ခြင်းနှင့် တူသည်။

ပသာဒရုပ်၌ အာရုံ၏ ထိခိုက်ခြင်းသည် သရက်သီး ကြွေကျခြင်းနှင့် တူသည်။

ဘဝင်လှုပ်ခြင်းသည် သရက်သီး ကြွေကျသံကြောင့် အိပ်ပျော်ရာမှ လန့်နိုးခြင်းနှင့် တူသည်။

ရူပါရုံကို စက္ခုဝိညာဏ်၏ မြင်ခြင်းသည် မျက်စိဖွင့်၍ ကြည့်ရှုခြင်းနှင့် တူသည်။

အာရုံကို သမ္ပဋိစ္ဆိုန်းစိတ်က ခံယူခြင်းသည် သရက်သီးကို ကောက်ယူခြင်းနှင့် တူသည်။

အာရုံကို သန္တီရဏစိတ်က စုံစမ်းခြင်းသည် သရက်သီး မှည့်မမှည့် လက်ဖြင့်နှိပ်၍ စုံစမ်းခြင်းနှင့် တူသည်။

အာရုံကို ဝုဋ္ဌောက ပိုင်းခြားမှတ်သားခြင်းသည် သရက်သီးကို နမ်းရှုခြင်းနှင့် တူသည်။

အာရုံဟူသော အရသာကို ဇော၏ ခံစားခြင်းသည် သရက်သီးကို သုံးဆောင်စားမျိုခြင်းနှင့် တူသည်။

တဖန် ဘဝင်ကျခြင်းသည် သရက်ပင်အရင်း၌ ပြန်အိပ်ခြင်းနှင့်တူသည်။

ဤဥပမာဖြင့် ပဥ္စဒွါရာဝဇ္ဇန်း,စက္ခုဝိညာဉ်,သမ္ပဋိစ္ဆိုန်း,သန္တီရဏ,ဝုဋ္ဌော တို့သည် အာရုံအရသာကို မခံစားနိုင်ကြ၊ ဇောကသာ အာရုံ အရသာကို ခံစားနိုင်သည် ဟူသော အနက်အဓိပ္ပါယ်ကို သိစေသည်။

(အဋ္ဌသာလိနီ အဋ္ဌကထာ၊ စိတ္တုပ္ပါဒကဏ္ဍ၊ နှာ-၃၁၁-၂၊)

---

## ၅။ ကြံညှစ်သူ ဥပမာ

၁၁-ယောက်သော ကြံညှစ်သမားတို့သည် ကြံခင်းပိုင်ရှင်ထံသို့ သွား၍ ငါတို့သည် ကြံညှစ်သမားတို့ပေတည်း ဟု ပြောကြလေရာ ကြံခင်းပိုင်ရှင်သည် ကြံညှစ်သမား ၁၁-ယောက်တို့ကို ခေါ်၍ ကြံညှစ်စက်ရုံသို့ သွား၏၊ ကြံခင်းပိုင်ရှင်နှင့် ကြံညှစ်သမား ၁၁-ယောက်တို့သည် ကြံညှစ်ခြင်း စသော ပူဇော်ဘွယ် ကိစ္စတို့ကို ပြုကြပြီးနောက် ကြံညှစ်သမား ၁၁-ယောက်တို့သည် ကြံညှစ်စက်ရုံကို ကြံခင်းပိုင်ရှင်ထံ ပြန်အပ်၍ ရသင့်ရထိုက်သော အဘိုးအခ အသီးသီးတို့ကို ယူကြပြီးလျှင် ပြန်သွားကြသည်။

ထိုစကားရပ်၌— စက္ခုဒွါရဝီထိတွင် စက္ခုပသာဒသည် ကြံညှစ်စက်ရုံ နှင့်တူသည်။

ရူပါရုံသည် ကြံခင်းနှင့်တူသည်။

ကုသလဝိပါက် သမ္ပဋိစ္ဆိုန်း, သန္တီရဏဒွေ, မဟာဝိပါက် ၈-ပါး၊ ပေါင်း ၁၁-ပါးသော ဝိပါက်စိတ်တို့သည် ကြံညှစ်သမား ၁၁-ယောက် တို့နှင့် တူသည်။

စက္ခုဝိညာဏ်သည် ကြံညှစ်စက်ရုံပိုင်ရှင်နှင့် တူသည်။

စက္ခုဒွါရမှ တပါးသောဒွါရသို့ စက္ခုဝိညာဉ်၏ မပြောင်းရွှေ့ခြင်းသည် ကြံညှစ်သမား ၁၁-ယောက်တို့ ပြန်အပ်နှံသော ကြံညှစ်စက်ရုံကို ကြံညှစ်စက်ရုံပိုင်ရှင်၏ ပြန်လည်လက်ခံခြင်းနှင့်တူသည်။

ဝိပါက်စိတ် ၁၁-ပါးတို့သည် စက္ခုပသာဒ၌ အတည်အမြဲ မတည်မူ၍ ရံခါ ကြုံကြိုက်သည့်အခါ၌သာ မှီပြီးလျှင် တခြားဒွါရသို့ အခါအားလျော်စွာ ပြောင်းသွားခြင်းသည် ကြံညှစ်သမား ၁၁-ယောက်တို့သည် မိမိတို့၏ အဖို့အစု အသီးသီးတို့ကို ယူ၍ ပြန်သွားခြင်းနှင့် တူသည်။

ဤဥပမာ၌ ဆိုလိုရင်းမှာ—စက္ခုဝိညာဏ်သည် စက္ခုဒွါရကိုသာ အမြဲကေန်မှီ၍ ရူပါရုံကိုသာ အမြဲကေန် အာရုံပြုသည်။ စက္ခုဒွါရမှတပါး တခြားသောဒွါရသို့ ပြောင်းရွှေ့သွားခြင်း မရှိ။

ထိုနည်းတူ သောတဝိညာဏ် စသည်တို့ကိုလည်း သိရာသည်။

သမ္ပဋိစ္ဆိုန်းစသော ဝိပါက်စိတ် ၁၁-ပါးတို့မှာ စက္ခုဒွါရစသည်တို့ကိုအမြဲ မမှီမူ၍ အခါအားလျော်စွာသာ ထိုဒွါရတို့ကို မှီပြီးလျှင် သက်ဆိုင်ရာ ပဉ္စာရုံတို့ကို အာရုံပြုကြခြင်း ဖြစ်သည်။ ထိုဝိပါက်စိတ် ၁၁-ပါးတို့မှာ ဒွါရ တခုတည်းကိုသာ စွဲမှီ၍ တည်မနေကြောင်း၊ အခါအားလျော်စွာ ဒွါရတခုမှ တခုသို့ ပြောင်းရွှေ့၍ ဖြစ်ပေါ်ကြောင်းကို ပြလိုခြင်းဖြစ်သည်။

(အဋ္ဌသာလိနီ အဋ္ဌကထာ၊စိတ္တုပ္ပါဒကဏ္ဍ၊နှာ-၃၁၄-၅။)

---

### ၆။ သူကန်းနှင့် သူကျိုး ဥပမာ

ငကန်းသည် သူ့ချည်းသက်သက် အရပ် ၄-မျက်နှာသို့ သွားလာခြင်းငှါ မတတ်နိုင်သကဲ့သို့ ငကျိုးသည်လည်း သူတဦးတည်း အရပ် ၄-မျက်နှာသို့ သွားလာခြင်းငှါ မတတ်နိုင်။

၎င်းတို့ ၂-ဦး အချင်းချင်း တိုင်ပင်ပြောဆိုကြပြီးလျှင် ကေန်းသည် ကျိုးကို မိမိ ပုခုံးပေါ် တက်စေကာ ကျိုးပြောဆို လမ်းညွှန်သည့် အတိုင်း သွားလာလှည့်လည်သော် အလိုရှိရာ အရပ်မျက်နှာသို့ ရောက်၍ ချမ်းချမ်းသာသာ အသက်မွေးမှုနိုင်ကြလေသည်။

ထိုစကားရပ်၌—

ကေန်းသည် ရူပကာယနှင့် တူသည်။

ကျိုးသည် နာမကာယနှင့် တူသည်။

ကေန်းသည် ကျိုးနှင့်ကင်း၍ အရပ်မျက်နှာသို့ မသွားလာနိုင်ခြင်းနှင့် ရုပ်သည် နာမ်နှင့် ကင်း၍ ယူခြင်း, ကိုင်ခြင်း, လှုပ်ရှားခြင်း စသည်ကို မဖြစ်စေနိုင်ခြင်း တူသည်။

ကျိုးသည်လည်း ကေန်းနှင့်ကင်း၍ အရပ်မျက်နှာသို့ မသွားလာ နိုင်ခြင်းနှင့် နာမ်တရားသည်လည်း ပဉ္စဝေါကာရဘုံ၌ ရုပ်နှင့်ကင်း၍ မဖြစ် နိုင်ခြင်းသည် တူ၏။

ကေန်းနှင့် ကျိုး ၂-ဦး ပေါင်းစပ်ပြီး အလိုရှိရာ အရပ်မျက်နှာသို့ သွားကာ ချမ်းသာစွာ အသက်မွေးမှုနိုင်ခြင်းနှင့် ရုပ်တရားနှင့် နာမ် တရား အချင်းချင်းယှဉ်ခြင်းဖြင့် ယူခြင်း, ကိုင်ခြင်းစသော ကိစ္စအားလုံး ကို ပြုနိုင်သည်နှင့် တူသည်။

ဤဥပမာသည်—"ပဉ္စဝေါကာရဘုံ၌ ရုပ်နှင့်နာမ်သည် အချင်းချင်း ပေါင်းစပ် ကျေးဇူးပြုသော အားဖြင့် ဖြစ်သည်"ဟူသော အဓိပ္ပါယ်ကို ဖော်ပြသည်။

ဤ၌"ဝိပါက်စိတ်သည် မှီရာရုပ်နှင့် ကင်း၍မဖြစ်"ဟူသော အဓိပ္ပါယ်ကို ပြသည်။

(အဋ္ဌသာလိနီ အဋ္ဌကထာ၊ စိတ္တုပ္ပါဒကဏ္ဍ၊ နှာ-၃၂၀-၁။ )

---

၇။ အာရုံကိုယူခြင်း

စက္ခုပသာဒသည် ရူပါရုံဟူသော အာရုံကိုသာ ယူသည်။

သောတပသာဒသည် သဒ္ဒါရုံဟူသော အာရုံကိုသာ ယူသည်။

ဃာနပသာဒသည် ဂန္ဓာရုံဟူသော အာရုံကိုသာ ယူသည်။
ဇိဝှါပသာဒသည် ရသာရုံဟူသော အာရုံကိုသာ ယူသည်။
ကာယပသာဒသည် ဖောဋ္ဌဗ္ဗာရုံဟူသော အာရုံကိုသာ ယူသည်။

တနည်း—စက္ခုဝိညာဉ်သည် ရူပါရုံကိုသာ အာရုံပြုသည်။
သောတဝိညာဉ်သည် သဒ္ဒါရုံကိုသာ အာရုံပြုသည်။
ဃာနဝိညာဉ်သည် ဂန္ဓာရုံကိုသာ အာရုံပြုသည်။
ဇိဝှါဝိညာဉ်သည် ရသာရုံကိုသာ အာရုံပြုသည်။
ကာယဝိညာဉ်သည် ဖောဋ္ဌဗ္ဗာရုံကိုသာ အာရုံပြုသည်။

(အဘိဋ္ဌ၊၁၊နှာ-၃၂၁။ မူလဋီ၊၁၊နှာ-၁၁၃။)

## ၈။ အားကြီးသော မှီရာအကြောင်း

စက္ခုဝိညာဉ်စိတ်သည်—စက္ခုပသာဒ, ရူပါရုံ, အလင်းရောင်, ပဉ္စဒွါရာဝဇ္ဇန်းဟူသော မနသိကာရ၊ ဤအကြောင်း ၄-ပါးလုံး ပြည့်စုံမှသာ ဖြစ်ပေါ်သည်။ အကြောင်းတခုခု ချို့ယွင်းသော် မဖြစ်ပေါ်နိုင်။

သေသောသူ၌ စက္ခုပသာဒ ပျက်စီး၍ စက္ခုဝိညာဉ်စိတ်မဖြစ်ပေါ်နိုင်၊ အသက်ရှင်သူ၌ သည်းခြေ, သလိပ်, သွေး တခုခု မြေးယှက်ဖုံးကွယ်၍ စက္ခုပသာဒ ပျက်စီးသောအခါ၌ စက္ခုဝိညာဉ်စိတ် မဖြစ်ပေါ်နိုင်။

ရူပါရုံမထင်သည့်အခါ, အလင်းရောင် မရသည့်အခါ, ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် ဘဝင်အစဉ်ကို မပြတ်စေသော အခါတို့၌ စက္ခုဝိညာဉ်စိတ် မဖြစ်ပေါ်နိုင်။

ထို့ကြောင့် စက္ခုပသာဒစသော ၄-ပါးကို စက္ခုဝိညာဉ်စိတ်၏အားကြီးသော မှီရာအကြောင်းဟု ဆိုသည်။

သောတဝိညာဉ်စိတ်သည်— သောတပသာဒ, သဒ္ဒါရုံ, အာကာသ, ပဉ္စဒွါရာဝဇ္ဇန်းဟူသော မနသိကာရ၊ ဤအကြောင်း ၄-ပါးလုံး ပြည့်စုံမှသာ ဖြစ်ပေါ်သည်၊ အကြောင်းတခုခု ချို့ယွင်းလျှင် မဖြစ်ပေါ်နိုင်။

ဤ၌ အာကာသဆိုသည်မှာ အပေါက်ဟင်းလင်းကို ဆိုလိုသည်၊ နားနှင့် အသံ ဆက်ဆံရန် အပေါက်ဟင်းလင်းရှိပါမှ သောတဝိညာဉ်စိတ် ဖြစ်ပေါ် နိုင်သည်၊ နားပိတ် နားပင်းသူမှာ သောတဝိညာဉ်စိတ် မဖြစ်ပေါ်နိုင်။

ထို့ကြောင့် သောတပသာဒ စသော ၄-ပါးကို သောတဝိညာဉ်၏ အားကြီးသော မှီရာ အကြောင်းဟု ဆိုသည်။

ဃာနဝိညာဉ်စိတ်သည်—ဃာနပသာဒ, ဂန္ဓာရုံ, ဝါယောဓာတ်, ပဥ္စဒွါရာဝဇ္ဇန်းဟူသော မနသိကာရ၊ ဤအကြောင်း ၄-ပါးစုံမှသာ ဖြစ်ပေါ် နိုင်သည်။ အကြောင်းတခုခု ချို့ယွင်းလျှင် မဖြစ်ပေါ်နိုင်။

ဤ၌ ဝါယောဓာတ်ဆိုသည်မှာ နှာခေါင်းလေ ရှူလေ ရှိုက်လေကို ဆိုလိုသည်၊ ယင်းလေ မရှိခဲ့လျှင်လည်း နံသိမှုဟူသော ဃာနဝိညာဉ်စိတ် မဖြစ်ပေါ်နိုင်။

ထို့ကြောင့် ဃာနပသာဒစသော အကြောင်း၄-ပါးကို ဃာနဝိညာဉ် စိတ်၏ အားကြီးသော မှီရာအကြောင်းဟု ဆိုသည်။

ဇိဝှါပသာဒ, ရသာရုံ, အာပေါဓာတ်, ပဥ္စဒွါရာဝဇ္ဇန်း ဟူသော မနသိ ကာရ၊ ဤ ၄-ပါးသည် ဇိဝှါဝိညာဉ်စိတ်၏ ဖြစ်ကြောင်းများ ဖြစ်သည်၊ ဤ အကြောင်း ၄-ပါးစုံမှသာ ဇိဝှါဝိညာဉ်စိတ် ဖြစ်ပေါ်နိုင်သည်၊ အကြောင်း တခုခု ချို့ယွင်းလျှင် ဇိဝှါဝိညာဉ်စိတ် မဖြစ်ပေါ်နိုင်။

ဤ၌ အာပေါဓာတ်ဆိုသည်မှာ လျှာ၏ စိုစွတ်ခြင်းကို ဆိုသည်၊ လျှာ ခြောက်သွေ့ခဲ့လျှင် ရသာရုံသည် ဇိဝှါဝတ္ထုရုပ်၌ မထိမခိုက်နိုင်၊ မထိခိုက် လျှင်လည်း အရသာကို လျက်သိမှု ဟူသော ဇိဝှါဝိညာဉ်စိတ် မဖြစ် ပေါ်နိုင်။

ထို့ကြောင့် ဇိဝှါပသာဒစသော အကြောင်း ၄-ပါးကို ဇိဝှါဝိညာဉ် စိတ်၏ အားကြီးသော မှီရာအကြောင်းဟု ဆိုသည်။

ကာယပသာဒ, ဖောဋ္ဌဗ္ဗာရုံ, ပထဝီဓာတ်, ပဥ္စဒွါရာဝဇ္ဇန်းဟူသော မနသိ ကာရ၊ ဤ ၄-ပါးသည် ကာယဝိညာဉ်စိတ် ဖြစ်ကြောင်းများဖြစ်သည်၊ ဤ အကြောင်း ၄-ပါးစုံမှသာ ကာယဝိညာဉ်စိတ် ဖြစ်ပေါ်နိုင်သည်၊ အကြောင်း

တခုခု ချို့ယွင်းလျှင် ကာယဝိညာဉ်စိတ် မဖြစ်ပေါ်နိုင်၊ ပထဝီဓာတ်ဟူသော အမှီရမှသာ ကာယဝိညာဉ်စိတ် ဖြစ်ပေါ်နိုင်သည်၊ ပထဝီဓာတ်ဟူသော အမှီမရလျှင် ကာယဝိညာဉ်စိတ် မဖြစ်ပေါ်နိုင်။

ထို့ကြောင့် ကာယပသာဒစသော အကြောင်း ၄-ပါးကို ကာယဝိညာဉ်စိတ်၏ အားကြီးသော မှီရာအကြောင်းဟု ဆိုသည်။

မနောဒွါရ, ဓမ္မာရုံ, ဟဒယဝတ္ထု, မနောဒွါရာဝဇ္ဇန်း ဟူသော မနသိကာရ၊ ဤအကြောင်း ၄-ပါးသည် မနောဝိညာဉ်၏ ဖြစ်ကြောင်းများ ဖြစ်သည်၊ ဤအကြောင်း ၄-ပါးစုံမှသာ မနောဝိညာဉ်စိတ် ဖြစ်ပေါ်နိုင်သည်၊ အကြောင်းတခုခု ချို့ယွင်းလျှင် မဖြစ်ပေါ်နိုင်။

ဤ၌ မနောဒွါရ ဟူသည် ဘဝင်စိတ်ကို ဆိုသည်၊ ယင်းဘဝင်စိတ်လည်း အာဝဇ္ဇန်း ဖြစ်နိုင်လောက်အောင် ကျေးဇူးပြုနိုင်သော ဘဝင်စိတ်ဖြစ်မှသာ မနောဝိညာဉ်စိတ် ဖြစ်ပေါ်နိုင်သည်။

ဘဝင်စိတ် ချုပ်ပြီးသောအခါ, အာဝဇ္ဇန်း ဖြစ်နိုင်လောက်အောင် ကျေးဇူးမပြုနိုင်သော ဘဝင်စိတ် ဖြစ်သောအခါ, ဓမ္မာရုံ မထင်သောအခါ, ဟဒယဝတ္ထုဟူသော အမှီမရသော အခါတို့၌ မနောဝိညာဉ်စိတ် မဖြစ်ပေါ်နိုင်။

ထို့ကြောင့် မနောဒွါရ စသော အကြောင်း ၄-ပါးကို မနောဝိညာဉ်၏ အားကြီးသော မှီရာအကြောင်းဟု ဆိုသည်။

(အဋ္ဌသာလိနီအဋ္ဌကထာ၊ စိတ္တုပ္ပါဒကဏ္ဍ၊ နှာ-၃၂၁-၂။)

---

### ၉။ ဒဿနစသော အကျိုးပယောဇဉ်

စက္ခုပသာဒသည် မြင်ခြင်း အကျိုးရှိသည်။

သောတ ပသာဒသည် ကြားခြင်း အကျိုးရှိသည်။

ဃာနပသာဒသည် နံခြင်း အကျိုးရှိသည်။

ဇိဝှါပသာဒသည် သာယာခြင်း အကျိုးရှိသည်။

ကာယပသာဒသည် ထိခြင်း အကျိုးရှိသည်။

ဘဝင်စိတ်သည် သညာ ပညာတို့သိပုံမှ တမျိုးတဖုံ သိခြင်း အကျိုးရှိသည် ဟူလို။ (အဘိ၊ ဋ္ဌ၊ ၁၊ နှာ-၃၂၃။)

## စရိုက် ၆၄-ပါးအကျယ် (နှာ-၄၆၈)

စရိုက်။ ။ပင်ကိုယ် ဖြစ်ရိုး ဖြစ်စဉ် ဖြစ်နေကျထက် လွန်ကဲပိုမို၍ အဖြစ်များခြင်းကို စရိုက်ဟု ခေါ်သည်။ (စရိတ=စရိယာ=စရိုက်။)

စရိုက် ၆-ပါး။ ။ထိုစရိုက်သည် အကြမ်းအားဖြင့် ရာဂစရိုက်, ဒေါသစရိုက်, မောဟစရိုက်, သဒ္ဓါစရိုက်, ဗုဒ္ဓိစရိုက်, ဝိတက္ကစရိုက်ဟူ၍ ၆-မျိုး ရှိသည်။

ရာဂစရိုက် ရှိသူသည် ဒေါသ, မောဟ ဖြစ်လောက်သည့် အာရုံမျိုး၌ ဒေါသ, မောဟ မဖြစ်အောင် ချုပ်တည်း အောင့်အည်း သိမ်းဆည်းနိုင်သော်လည်း ရာဂ ဖြစ်လောက်သည့် အာရုံ၌ကား မချုပ်တည်း မအောင့်အည်း မသိမ်းဆည်းနိုင်ပဲ ရှိသည်။

အခြား ဒေါသစရိုက်စသည် ရှိသူများလည်း ဤနည်းနှင်နှင်ပင်တည်း။

စရိုက် ၆၃-ပါး။ ။ဤစရိုက်တို့သည် သတ္တဝါတဦးလျှင် တမျိုးကျစီသာ ရှိရမည်ဟု တထစ်ချ လှေနံဓားထစ် မဟုတ်ချေ၊ မည်သည့်ပုဂ္ဂိုလ်၌ မည်သည့်စရိုက်သာ ရှိသည်ဟု အတိအကျ မဆိုနိုင်၊ အချို့မှာ ၂-မျိုး ၃-မျိုး စသည်ဖြင့် အရောရော အနှောနှောပင် ရှိတတ်၏၊ ထို့ကြောင့် ပုဂ္ဂိုလ်အမျိုးမျိုးအလိုက် စရိုက်မျိုးမျိုး ပြားရသည်ဖြစ်၍ စရိုက်အပြား ၆၃-ပါး ဖြစ်ရလေသည်။

ထိုတွင် ရာဂါဒိတိက စရိုက် ၇-ပါး, သဒ္ဓါဒိတိက စရိုက် ၇-ပါး, မိဿက စရိုက် ၄၉-ပါးဟူ၍ ရှိလေသည်။

ရာဂါဒိတိက စရိုက် ၇-ပါး။ ။ရာဂ, ဒေါသ, မောဟ ၃-ပါး၌ တပါးစီအားဖြင့်ရင်း၊ ထိုက်သလို ရောနှော၍ရင်း အောက်ပါအတိုင်း ဖြစ်လေသည်။

(၁) ရာဂစရိုက်။

(၂) ဒေါသစရိုက်။

(၃) မောဟစရိုက်။

(၄) ရာဂ-ဒေါသ စရိုက်။

(၅) ရာဂ-မောဟ စရိုက်။

(၆) ဒေါသ-မောဟ စရိုက်။

(၇) ရာဂ-ဒေါသ-မောဟ စရိုက်

အားဖြင့် စရိုက် ၇-ပါး ပြားသည်။ (ဤ၌ စရိုက် ၁-မျိုးရှိသူ, ၂-မျိုးရှိသူ, ၃-မျိုးရှိသူ အားဖြင့် ရာဂ ဒေါသ မောဟနှင့် စပ်၍ ပုဂ္ဂိုလ် ၇-မျိုးအလိုက် စရိုက် ၇-မျိုး ပြားလေသည်။)

**သဒ္ဓါဒိတိကစရိုက် ၇-ပါး။** ။သဒ္ဓါ,ဗုဒ္ဓိ,ဝိတက္က ၃-ပါး၌ တပါးစီ အားဖြင့်၎င်း၊ ထိုက်သလိုရောနှော၍၎င်း အောက်ပါအတိုင်း ပြားပြန်သည်။

(၁) သဒ္ဓါစရိုက်။

(၂) ဗုဒ္ဓိစရိုက်။

(၃) ဝိတက္ကစရိုက်။

(၄) သဒ္ဓါ-ဗုဒ္ဓိ စရိုက်။

(၅) သဒ္ဓါ-ဝိတက္က စရိုက်။

(၆) ဗုဒ္ဓိ-ဝိတက္က စရိုက်။

(၇) သဒ္ဓါ-ဗုဒ္ဓိ-ဝိတက္က စရိုက်

အားဖြင့် ၇-ပါး ပြားသည်။ (ဤ၌ စရိုက် ၁-မျိုးရှိသူ, ၂-မျိုးရှိသူ, ၃-မျိုးရှိသူအားဖြင့် သဒ္ဓါ, ဗုဒ္ဓိ, ဝိတက္ကနှင့် စပ်၍ ပုဂ္ဂိုလ် ၇-မျိုးအလိုက် စရိုက် ၇-မျိုး ပြားရခြင်း ဖြစ်လေသည်။)

**မိဿက စရိုက် ၄၉-ပါး။** ။မိဿကစရိုက်သည် ဧကမူဠ် ၂၁-ပါး, ဒွိမူဠ် ၂၁-ပါး, တိမူဠ် ၇-ပါးအားဖြင့် ၄၉-ပါး ရှိသည်။

**ဧကမူဠ် စရိုက် ၂၁-ပါး။** ။ရာဂကို မူတည်၍ သဒ္ဓါစသည်ကို မူလီသွတ်လျှင်— (၁) ရာဂ-သဒ္ဓါစရိုက်။ (၂) ရာဂ-ဗုဒ္ဓိစရိုက်။ (၃) ရာဂ-ဝိတက္ကစရိုက်။ (၄) ရာဂ-သဒ္ဓါ-ဗုဒ္ဓိစရိုက်။ (၅)

ရာဂ-သဒ္ဓါ-ဝိတက္ကစရိုက်။ (၆) ရာဂ-ဗုဒ္ဓိ-ဝိတက္ကစရိုက်။ (၇) ရာဂ-သဒ္ဓါ-ဗုဒ္ဓိ-ဝိတက္ကစရိုက်အားဖြင့် ၇-မျိုး ပြားသည်။

ထို့အတူ ဒေါသကို မူတည်၍ သဒ္ဓါစသည်ကို မူလီသွတ်လျှင်—ဒေါသ-သဒ္ဓါစရိုက် စသည်ဖြင့် ၇-မျိုး ပြားသည်။

မောဟကို မူတည်၍ သဒ္ဓါစသည်ကို မူလီသွတ်လျှင်လည်း—မောဟ-သဒ္ဓါစရိုက် စသည်ဖြင့် ၇-မျိုးပင် ပြားသည်။

ဤသို့လျှင် စရိုက်သည် ကေမူဠ္ဌ ၇×၃လီ=၂၁-ပါး ဖြစ်သည်။

ဒွိမူဠ္ဌ စရိုက် ၂၁-ပါး။ ။ရာဂ-ဒေါသကို မူတည်၍ သဒ္ဓါစသည်ကို မူလီသွတ်လျှင်— (၁) ရာဂ-ဒေါသ-သဒ္ဓါစရိုက်။ (၂) ရာဂ-ဒေါသ-ဗုဒ္ဓိစရိုက်။ (၃) ရာဂ-ဒေါသ-ဝိတက္ကစရိုက်။ (၄) ရာဂ-ဒေါသ-သဒ္ဓါ-ဗုဒ္ဓိစရိုက်။ (၅) ရာဂ-ဒေါသ-သဒ္ဓါ-ဝိတက္ကစရိုက်။ (၆) ရာဂ-ဒေါသ-ဗုဒ္ဓိ-ဝိတက္က စရိုက်။ (၇) ရာဂ-ဒေါသ-သဒ္ဓါ-ဗုဒ္ဓိ-ဝိတက္က စရိုက် အားဖြင့် ၇-မျိုး ပြားသည်။

ထို့အတူ ရာဂ-မောဟကို မူတည်၍ သဒ္ဓါ စသည်ကို မူလီသွတ်သော် ရာဂ-မောဟ-သဒ္ဓါစရိုက် စသည်ဖြင့် ၇-မျိုး ပြားသည်။

ဒေါသ-မောဟကို မူတည်၍ သဒ္ဓါစသည်ကို မူလီသွတ်လျှင်လည်း ဒေါသ-မောဟ-သဒ္ဓါစရိုက် စသည်ဖြင့် ၇-မျိုး ပြားသည်။

ဤသို့လျှင် စရိုက်သည် ဒွိမူဠ္ဌလည်း ၇×၃လီ=၂၁-ပါးပင် ဖြစ်သည်။

တိမူဠ္ဌ စရိုက် ၇-ပါး။ ။ရာဂ-ဒေါသ-မောဟ ၃-ပါးကိုမူတည်၍ သဒ္ဓါ စသည်ကို မူလီသွတ်လျှင်ကား— (၁) ရာဂ ဒေါသ မောဟ-သဒ္ဓါစရိုက်။ (၂) ရာဂ ဒေါသ မောဟ-ဗုဒ္ဓိစရိုက်။ (၃) ရာဂ ဒေါသ မောဟ-ဝိတက္ကစရိုက်။ (၄) ရာဂ ဒေါသ မောဟ-သဒ္ဓါဗုဒ္ဓိ စရိုက်။ (၅) ရာဂ ဒေါသ မောဟ-သဒ္ဓါဝိတက္ကစရိုက်။ (၆) ရာဂဒေါသ မောဟ-ဗုဒ္ဓိ ဝိတက္ကစရိုက်။ (၇) ရာဂ ဒေါသ မောဟ-သဒ္ဓါ ဗုဒ္ဓိ ဝိတက္က စရိုက်ဟူ၍ တိမူဠ္ဌ ၇-မျိုး ပြားသည်။

ဤသို့လျှင် ကာမမူ၌ ၂၁-ပါး၊

ဒွိမူ၌ ၂၁-ပါး၊

တိမူ၌ ၇-ပါး၊

ပေါင်းသော် မိဿကစရိုက် ၄၉-ပါး ဖြစ်သည်။

ရာဂါဒိတိကစရိုက် ၇-ပါး, သဒ္ဓါဒိတိကစရိုက် ၇-ပါးတို့နှင့် မိဿကစရိုက် ၄၉-ပါးကို ပေါင်းသော် စရိုက်အပြား ၆၃-ပါး ဖြစ်သည်။

စရိုက် ၆၄-ပါး။ ။ယင်းစရိုက် ၆၃-ပါးနှင့် ဒိဋ္ဌိကို ပေါင်းသော် စရိုက်အပြား ၆၄-ပါး ဖြစ်လေသည်။ ဒိဋ္ဌိသည် စရိုက်သဘော ရှိသဖြင့် ဒိဋ္ဌိကို စရိုက်အဖြစ်ဖြင့် အချို့ဆရာတို့က ယူဆကြသည်။

(အဘိဓမ္မာဝတာရဋီကာသစ်၊ ဒု၊ နှာ-၂၁၆-၇။)

**နောက်ဆက်တွဲ ပြီးပြီ။**

အဘိဓမ္မာဝတာရအဋ္ဌကထာ နိဿယသစ်

# မှတ်သားဖွယ် အက္ခရာစဉ်


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ အ ] | |
| အကမ္မဇရုပ် | ၃၉၄ |
| အကုသလကမ္မပထ ၁၀-ပါး | ၆၂၆ |
| အကုသလကမ္မပထတရားကို ပယ်သတ်ပုံ | ၆၃၂ |
| အကုသလဝိပါက်စိတ် ၁၄-ပါး ဖြစ်ပုံ | ၃၀၀ |
| အကုသလဝိပါက်စိတ် ၇-ပါး ပြားပုံ | ၇၃ |
| အကုသိုလ် ၁၂-ပါး | ၆၂၇ |
| အကုသိုလ်၏ လက္ခဏာ | ၁၆ |
| အကုသိုလ်ကို ပယ်သတ်ပုံ | ၆၃၂ |
| အကုသိုလ်စိတ် အကျိုးပေးပုံ | ၄၈ |
| အကုသိုလ်စိတ်ကို နိယတ အနိယတ ခွဲပြခြင်း | ၄၃ |
| အကုသိုလ်စိတ်ကို ဘုံ၌သွင်းပုံ | ၄၃ |
| အကုသိုလ်စိတ်ပြားပုံ | ၄၂ |
| အကုသိုလ်စေတသိက်များ | ၁၃၀၊ ၁၇၁ |
| အကုသိုလ်ဇောနောင် တဒါရုံ ကျပုံ | ၂၇၆ |
| အကုသိုလ် ပဋိသန္ဓေ ၁၁-ပါး | ၃၀၀ |
| အကျိုး ၃-ပါး သရုပ် | ၅၆၅ |
| အကြောင်း ၃-ပါး သရုပ် | ၅၆၆ |
| အကြောင်း ၅-ပါး | ၅၇၈ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ အ ] | |
| အကြောင်းအကျိုးစပ်၍ နာမ်ရုပ်ဖြစ်ပုံ ရှုခြင်း | ၅၈၆ |
| အကြောင်းအကျိုးစပ်ပုံ မျိုးစေ့ ဥပမာ | ၃၂၄-၅ |
| အကြောင်းအများကြောင့် ရုပ်နာမ်ဖြစ်ခြင်း | ၅၈၉ |
| အကြောင်းကံကြောင့် အကျိုးဖြစ်ခြင်း | ၅၈၉ |
| အချို့သော ကာမဇောနောင် တဒါရုံမကျခြင်း | ၂၉၆ |
| အဂတိ ၄-ပါး | ၆၂၅ |
| အဂတိကို ပယ်သတ်ပုံ | ၆၃၀ |
| အစိတ္တကပဋိသန္ဓေမည်ခြင်း | ၁၉၅ |
| အစေတနာ အတ္တဘော၌ အပြစ်ကို ပြခြင်း | ၄၄၄ |
| အစွန်း ၃-ပါး၌ နာမ်ရုပ် အကြောင်းကို ရှုမြင်ပုံ | ၅၇၉ |
| အစွမ်းကင်းငြား နာမ်ရုပ် ၂-ပါး | ၅၇၄ |
| အဇ္ဈတ္တအာရုံ | ၅၄၇ |
| အဇ္ဈတ္တဗဟိဒ္ဓအာရုံ | ၅၄၇ |
| အညမညပစ္စည်း | ၆၄၁ |
| အဋ္ဌကနည်း | ၄၀၀ |
| အဋ္ဌမ ပရိစ္ဆေဒ | ၂၈၅ |
| အဋ္ဌမ မဟာကုသိုလ် စေတသိက် | ၁၂၆ |
| အဋ္ဌမ လောဘမူစေတသိက် | ၁၄၃ |

အက္ခရာစဉ် စာမျက်နှာ

[ အ ]

အဋ္ဌာရသမ ပရိစ္ဆေဒ ၅၆၁
အတီတကာလိကပစ္စည်း ၆၅၀
အတိတ် အနာဂတ် အာရုံ ၅၄၆၊၅၄၉
အတိတ်၌ ယုံမှားခြင်း ၅၀၀
အတိတ်ကို ကေန်အာရုံပြုစိတ် ၂၃၆
အတ္တ၌ အပြစ်ကိုပြခြင်း ၄၄၄
အတ္တကို စိစစ်ခြင်း ၄၄၃
အတ္တကို ပယ်ခြင်း ၄၄၃
အတ္တနှင့် စေတနာခွဲပုံ ၄၅၂
အတ္တပြဿနာ အကျယ်
  ရှင်းချက် ၄၅၀၊၄၆၂
အတ္တမပျက်လျှင် စေတနာ
  မပျက်နိုင် ၄၄၅
အတ္တဟိတသမ္ပတ္တိမည်ခြင်း ၅
အထက်ဈာန်အထူးကို
  ရစေသောဈာန် ၅၀၁
အတ္ထအကျိုး ၅-ပါး သရုပ် ၅၆၅
အတ္ထပဋိသမ္ဘိဒါဉာဏ်
  မည်ခြင်း ၅၆၅၊၅၆၇
အတ္ထိပစ္စည်း ၆၄၅
အဒေါသ၏လက္ခဏာစသည် ၁၁၁
အဒေါသ၏ ဝစနတ္ထ ၁၁၁
အဒ္ဓါရရုပ် ၄၀၀
အဓိဂမဓမ္မတရား ၆၂၄
အဓိဋ္ဌာနဝသီဘော် ၄၉၀
အဓိဋ္ဌာနဝီထိ ၅၃၂၊၅၃၄
အဓိပတိ ၄-ပါး ၃၀၇
အဓိပတိပစ္စည်းမည်ပုံ ၆၄၀
အဓိပတိမည်ပုံ ၃၀၀
အဓိမောက္ခ၏ လက္ခဏာစသည် ၁၉၉
အဓိမောက္ခ၏ ဝစနတ္ထ ၁၁၉

အက္ခရာစဉ် စာမျက်နှာ

[ အ ]

အဓိမောက္ခယှဉ်စိတ် ၁၆၀
အဓောဘာဂိယသံယောဇဉ်
  ၅-ပါး ၆၂၂
အဒ္ဓါပစ္စုပ္ပန် ၅၅၀
အဒ္ဓါပစ္စုပ္ပန်ကို ဇောဖြင့်
  ပြသော သံယုတ်အဋ္ဌကထာ
  ဆရာဝါဒ ၅၅၂
အနန္တရပစ္စည်းမည်ပုံ ၆၄၀
အနန္တရူပနိဿယ ၆၄၂
အနာဂတံသဉာဏ်၏ အာရုံများ ၅၅၆
အနာဂတံသဉာဏ်နှင့်
  ပြည့်စုံခြင်း ၅၄၃
အနာဂတ်၌ ယုံမှားခြင်း ၅၀၀
အနာဂါမ်တည်ခြင်း ၆၁၇၊၆၁၈
အနာဂါမိမဂ်စိတ် ၄၀
အနာဂါမိမဂ်ပယ်သော
  တရားများ ၄၀၊၆၁၇
အနာဂါမိမဂ်ပယ်သော
  သံယောဇဉ် ၆၂၀
အနာဝရဏဉာဏ်တော် ၅
အနိစ္စတာရုပ်၏ ဓမ္မဝဝတ္ထာန် ၃၇၂
အနိန္ဒြိယရုပ် ၃၉၃
အနိပ္ဖန္နရုပ်မည်ခြင်း ၃၀၇
အနိယတ ယေဝါပနက
  စေတသိက် ၆-ပါး ၁၃၂
အနိယတယောဂီစေတသိက်
  ၅-ပါး ၉၃
အနုပါဒိန္နရုပ် ၃၉၃
အနုလောမဉာဏ်၏အာရုံ ၆၀၆
အနုလုံမည်ခြင်း ၆၀၆
အနုသယ ၇-ပါး ၆၂၆

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အနုသယကို ပယ်သတ်ပုံ | ၆၁၁ |
| အနေကန် အာရုံများ | ၂၃၄ |
| အနောတ္တပ္ပ၏ လက္ခဏာ | ၁၃၄ |
| အနောတ္တပ္ပ၏ဝစနတ္ထ | ၁၃၃ |
| အပရာပရိယဝေဒနီယကံ အကျိုးပေးပုံ | ၅၈၃ |
| အပ္ပနာကောသလ္လညာဏ် ၁၀-ပါး | ၄၈၈ |
| အပ္ပနာမဖြစ်ခြင်းအကြောင်း | ၄၉၃ |
| အပ္ပနာ မဖြစ်ပုံကို ဥပမာဖြင့် ပြခြင်း | ၄၉၄ |
| အပ္ပမာဏအာရုံ | ၅၄၈ |
| အပ္ပမာဏတရား | ၄၂၅ |
| အပါကဋဇရာ | ၃၇၁ |
| အပါယ်ဘုံ၌အဟိတ်ကုသလ-ဝိပါက်စိတ်ဖြစ်ပုံ | ၂၇၄ |
| အပါယ်ဘုံ၌ ဖြစ်သောစိတ် | ၂၀၂ |
| အပါယ်ဘုံ၌ မဖြစ်သောစိတ် | ၂၀၂ |
| အပုညာဘိသင်္ခါရကျေးဇူးပြုပုံ | ၃၁၂ |
| အပုညာဘိသင်္ခါရက ဘဝ စသည်၌ ကျေးဇူးပြုပုံ | ၃၁၆ |
| အပုညာဘိသင်္ခါရသည် ပဝတ္တိ အခါကျေးဇူးပြုပုံ | ၃၁၃ |
| အဖြစ်အပျက်ကို အကျဉ်းအားဖြင့် ရှုခြင်း | ၅၉၀ |
| အဗျာကတစိတ် ၂-မျိုး | ၄၉ |
| အဗျာကတစေတသိက် ၂-ပါး | ၁၅၀ |
| အဗျာကတမည်ပုံနှင့် လက္ခဏာ | ၁၆ |
| အဘိညာပါဒကဝီထိ | ၅၃၂ |
| အဘိညာရမ္မဏနိဒ္ဒေသ | ၅၄၅ |
| အဘိညာဝီထိ | ၅၃၂-၃ |
| အဘိညာဉ် ၅-ပါး | ၅၂၉၊၅၃၀ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အဘိညာဉ် ၇-ပါး | ၅၄၅ |
| အဘိညာဉ်အကျိုး | ၅၂၉ |
| အဘိညာဉ်အရာ၌ စိတ်ကို ဆုံးမပုံ | ၅၃၀ |
| အဘိညာဉ်နှင့်အာရုံ | ၅၄၅ |
| အဘိညာဉ်ဖြစ်ပုံ ဝီထိ ၄-မျိုး | ၅၃၂ |
| အဘိညာဉ်ရကြောင်း ကမ္မဋ္ဌာန်း | ၄၇၆ |
| အရဟတ္တမဂ်စိတ် | ၄၀ |
| အရဟတ္တမဂ်ပယ်သော တရားများ | ၄၀ |
| အရဟတ္တမဂ်ပယ်သော သံယောဇဉ် | ၆၂၈ |
| အရဟတ္တမဂ်ဖိုလ်ကိုသာ အာရုံပြုသောစိတ် | ၂၃၉ |
| အရဟတ္တမဂ်ဖြစ်ခြင်း | ၆၁၉ |
| အရူပကုသိုလ် အာရမ္မဏပစ္စည်း ဖြစ်ပုံ | ၂၄၃ |
| အရူပကုသိုလ်၏ အကျိုး | ၃၉ |
| အရူပကုသိုလ်၏အာရုံ ၄-ပါး | ၃၆ |
| အရူပကုသိုလ်စိတ် ပြားပုံ | ၃၆ |
| အရူပကုသိုလ်စိတ်များ | ၃၆ |
| အရူပကြိယာ အာရမ္မဏပစ္စည်း ဖြစ်ပုံ | ၂၄၆ |
| အရူပကြိယာစိတ် ၄-ပါးပြားပုံ | ၈၄ |
| အရူပစိတ်၏ အာရုံ | ၂၄၉ |
| အရူပ ဈာန်ရကြောင်း ကမ္မဋ္ဌာန်း | ၄၇၅ |
| အရူပနိဿရဏ | ၄၂၂ |
| အရူပပုဂ္ဂိုလ်စိတ်ရ | ၂၁၄ |
| အရူပဘုံ၌ မဖြစ်သောစိတ် | ၂၀၃ |

အက္ခရာစဉ် စာမျက်နှာ

[ အ ]

အရူပဘုံ၌ မရသောကမ္မဋ္ဌာန်း ၄၇၄
အရူပဘုံ၌သာ ဖြစ်သောစိတ် ၁၉၈
အရူပ ရဟန္တာများဖြစ်သော
ကြိယာစိတ် ၂၂၁
အရူပဝိပါက် အာရမ္မဏပစ္စည်း
ဖြစ်ပုံ ၂၄၅
အရူပဝိပါက်စိတ် ၄-ပါး ပြားပုံ ၆၇
အရူပဝိပါက်ဟိတ် ကျေးဇူးပြုပုံ ၃၀၆
အရူပသန္တတိ ၅၅၀
အရူပါဝစရစေတသိက်များ ၁၂၉
အရူပါဝစရ ဘာဝနာ ၅၁၃
အလောဘ၏လက္ခဏာစသည် ၁၁၀
အလောဘ၏ ဝစနတ္ထ ၁၁၀
အလင်းရောင် ကြာရှည်
တည်အောင် ပြုပုံ ၅၄၁
အလုံးစုံ အာရုံပြုသောစိတ် ၂၃၈
အဝတ္ထုက စိတ်များ ၁၀၀
အဝတ္ထုရုပ် ၄၀၀
အဝိဂတပစ္စည်း ၆၄၆
အဝိဇ္ဇမာနပညတ် ၄၃၆
အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်၄၃၈
အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ် ၄၃၈
အဝိနိဗ္ဘောဂ နာမ်တရားများ ၁၆၅
အသင်္ခါရိက ကုသိုလ်ဖြစ်ပုံ ၂၈
အသညသတ် ပုဂ္ဂိုလ်ရသော
ရုပ်ကလာပ် ၄၀၆
အသပ္ပါယ ၇-ပါး ၄၈၈
အသမ္မုဟပညတ် ၄၃၅
အသမ္ပတ္တဂါဟရုပ် ၃၄၈
အသမ္ဘိန္နဘဝင်မည်ခြင်း ၂၉၂

အက္ခရာစဉ် စာမျက်နှာ

[ အ ]

အသီးအသီး ယှဉ်နိုင်သော
စေတသိက်များ ၉၄
အဟိရိက၏ လက္ခဏာစသည် ၁၃၃
အဟိရိက၏ ဝစနတ္ထ ၁၃၃
အဟောသိကံ မည်ပုံ ၅၈၂
အဟိတ်ဥပေက္ခာ သန္တီရဏစိတ်
ဖြင့် ပဋိသန္ဓေနေသူများ ၆၄-၅
အဟိတ်ကုသလ ဝိပါက်စိတ်
၈-ပါးပြားပုံ ၅၆
အဟိတ်ကုသလ ဝိပါက်စိတ်၏
လက္ခဏာစသည် ၆၁
အဟိတ်ကုသလ ဝိပါက်စိတ်ကို
အာရုံအားဖြင့် ခွဲပုံ ၆၀
အဟိတ်ကုသလ ဝိပါက်စိတ်ကို
ကိစ္စအားဖြင့် ခွဲပုံ ၆၀
အဟိတ်ကုသလ ဝိပါက်စိတ်ကို
ဒွါရမ္မဏ စသည်ဖြင့်ခွဲပုံ ၅၈
အဟိတ်ကုသလ ဝိပါက်စိတ်ကို
နိယတ, အနိယတ
အာရုံဖြင့် ခွဲပုံ ၅၈
အဟိတ်ကုသလ ဝိပါက်စိတ်ကို
ဝတ္ထုစသည်ဖြင့် ဝေဖန်ပုံ ၅၇
အဟိတ်ကုသလ ဝိပါက်စိတ်ကို
ဝေဒနာအားဖြင့် ခွဲပုံ ၅၈
အဟိတ်ကြိယာစိတ် ၃-ပါး ၇၉
အဟိတ်ကြိယာစေတသိက်များ ၁၅၉
အဟိတ်စိတ် ၁၈-ပါး ၁၇၉
အဟိတ်ပုဂ္ဂိုလ် ရ,မရသောစိတ် ၂၀၄
အဟိတ်ဝိပါက်စိတ် ၂-ပါးအထူး ၇၅
အဟိတ်ဝိပါက် စေတသိက် ၁၅၂

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ အ-အာ ] | |
| အောက်အောက် ပုဂ္ဂိုလ်က အထက်အထက် ပုဂ္ဂိုလ်၏ စိတ်ကို မသိနိုင် | ၂၄၀ |
| အာကာသ | ၃၆၅ |
| အာကာသ၏ မမ္ဗဝဝတ္ထာန် | ၃၆၆ |
| အာကာသပညတ် | ၄၃၅ |
| အာကာသာနဉ္စာယတနစိတ် | ၃၇ |
| အာကာသာနဉ္စာယတနစျာန် | ၅၁၄ |
| အာကိဉ္စညာယတနစိတ် | ၃၈ |
| အာကိဉ္စညာယတနစျာန်၌ အပြစ်မြင်ခြင်း | ၅၁၈ |
| အာဂန္တုက ဘဝင်ခေါ်ပုံ | ၂၆၁-၂-၃ |
| အာဂန္တုကဘဝင်နှင့် တဒါရုံ မည်သောစိတ် | ၂၆၁-၉ |
| အာဂုံဓမ္မတရား | ၆၂၄ |
| အာဒိကမ္မိက ပုဂ္ဂိုလ် ပွါးအပ် မပွါးအပ်သော ကမ္မဋ္ဌာန်း | ၄၇၅ |
| အာနေဉ္ဇာဘိသင်္ခါရက ကျေးဇူးပြုပုံ | ၃၁၄ |
| အာနေဉ္ဇာဘိသင်္ခါရက ဘဝ စသည်၌ ကျေးဇူးပြုပုံ | ၃၁၇ |
| အာပေါဓာတ်၏ လက္ခဏာ စသည် | ၃၃၅ |
| အာပေါမည်ပုံ | ၃၃၃ |
| အာရုံ ၁-ပါးက ဒွါရ ၂-ပါး၌ ထင်ပုံ | ၂၈၈ |
| အာရုံ ၁-ပါးကို အာရုံပြုသော စိတ် | ၁၉၀ |
| အာရုံ ၁-ပါးရှိသောစိတ် | ၁၈၁ |
| အာရုံ ၅-ပါးရှိသော စိတ် | ၁၈၁ |
| [ အာ ] | |
| အာရုံ ၆-ပါး | ၂၂၇ |
| အာရုံ ၆-ပါးကို အာရုံပြုသော စိတ် | ၁၉၀-၁ |
| အာရုံ ၆-ပါးကို ဘုံအားဖြင့် ဝေဖန်ပြခြင်း | ၂၂၉ |
| အာရုံ ၆-ပါးရှိသောစိတ် | ၁၈၂ |
| အာရုံ အပြား | ၂၃၁ |
| အာရုံအားဖြင့် စိတ်ပြားပုံ | ၁၉၀ |
| အာရုံအားလျော်စွာ ဝေဒနာ ဖြစ်ခြင်း | ၂၅၇ |
| အာရုံကိုလွန်၍ အရူပသမာပတ် ဖြစ်ခြင်း | ၅၂၆ |
| အာရုံကိုလွန်ခြင်း | ၄၇၂ |
| အာရုံထူးသော ဒိဗ္ဗစက္ခုနှင့် ဒိဗ္ဗသောတ | ၅၅၆ |
| အာရုံနှင့်ကင်း၍ စိတ်မဖြစ်နိုင် | ၂၈၁ |
| အာရဒ္ဓဝိပဿကပုဂ္ဂိုလ်မည်ခြင်း | ၅၉၆ |
| အာရမ္မဏပစ္စည်း မည်ပုံ | ၆၃၉ |
| အာရမ္မဏပဋိပါဒကမနသိကာရ | ၁၂၀ |
| အာရမ္မဏ ပုရေဇာတ | ၆၄၂ |
| အာရမ္မဏဝိဘာဂ နိဒ္ဒေသ | ၂၂၇ |
| အာရမ္မဏာ ဓိပတိပစ္စည်းမည်ပုံ | ၆၄၀ |
| အာရမ္မဏူပ နိဿယ | ၆၄၀ |
| အာလောက ကသိုဏ်းကို ချဲ့ပွါးခြင်း | ၅၄၀ |
| အာဝဇ္ဇနဝသီဘော် | ၄၉၈ |
| အာဝဇ္ဇန်းကင်းသော စိတ်များ | ၂၇၉၊ ၂၈၀ |
| အာဝဇ္ဇန်းစိတ် စသည်ဖြစ်ပုံ | ၂၈၉ |
| အာဝဇ္ဇန်းဒွေးကို မနသိကာရ ဆိုခြင်း | ၂၆၂ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အာ ]** | |
| အာသဝ ၄-ပါး | ၆၂၅ |
| အာသဝကို ပယ်သတ်ပုံ | ၆၃၀ |
| အာသေဝနပစ္စည်း | ၆၄၃ |
| အာဟာရဇရုပ် ၁၄-ပါး | ၃၉၈ |
| အာဟာရပစ္စည်း | ၆၄၄ |
| အာဟာရ မည်ပုံ | ၃၅၇ |
| အားထုတ်ခြင်း အခြင်းအရာ | ၄၇၁ |
| **[ ဣ ]** | |
| ဣဋ္ဌမဇ္ဈတ္တာရုံ၌ ဝိပါက်စိတ် | ၂၉၄ |
| ဣတ္ထိလိင်စသည်သည် ဣန္ဒြေ မဟုတ် | ၃၅၁ |
| ဣတ္ထိန္ဒြေ၏ဓမ္မဝဝတ္ထာန် | ၃၅၅ |
| ဣတ္ထိန္ဒြေကိုစွဲ၍ ဣတ္ထိလိင်စသည် ဖြစ်ပုံ | ၃၅၂ |
| ဣတ္ထိန္ဒြေကို မနောဝိညာဏ်ဖြင့် သာ သိခြင်း | ၃၅၂ |
| ဣဒ္ဓိစိတ် | ၅၅၂ |
| ဣဒ္ဓိစိတ်သာ သူတပါးစိတ်ကို သိခြင်း | ၅၅၂ |
| ဣဒ္ဓိဝိဓဉာဏ် | ၅၃၁ |
| ဣဒ္ဓိဝိဓဉာဏ်၏ အာရုံ | ၅၄၅ |
| ဣန္ဒြိယပစ္စည်း | ၆၄၄ |
| ဣန္ဒြိယရုပ် | ၃၈၂ |
| ဣန္ဒြေ ၃-ပါး ရသောစိတ် | ၁၉၃ |
| ဣန္ဒြေ ၄-ပါး ရသောစိတ် | ၁၉၃ |
| ဣန္ဒြေ ၅-ပါး ရသောစိတ် | ၁၉၄ |
| ဣန္ဒြေ ၇-ပါး ရသောစိတ် | ၁၉၄ |
| ဣန္ဒြေ ၈-ပါး ရသောစိတ် | ၁၉၄ |
| ဣန္ဒြေ ၉-ပါး ရသောစိတ် | ၁၉၄ |
| ဣရိယာပုထ်ကို ခိုင်စေသော စိတ်များ | ၁၇၃ |
| **[ဣ-ဥ]** | |
| ဣဿာ၏လက္ခဏာစသည် | ၁၃၇ |
| ဣဿာ၏ဝစနတ္ထ | ၁၃၇ |
| ဥဂ္ဂဟနိမိတ်နှင့် ပဋိဘာဂ နိမိတ်အထူး | ၄၇၅ |
| ဥဂ္ဂဟနိမိတ်ဖြစ်အောင် အားထုတ်ပုံ | ၄၇၂ |
| ဥဂ္ဂဟနိမိတ်ဖြစ်ပုံ | ၄၇၃ |
| ဥဇုကတာ၏ ဆန့်ကျင်ဘက် | ၁၁၇ |
| ဥတုဇရုပ် ၁၅-ပါး | ၃၉၈ |
| ဥတုဇသဒ္ဒမည်ပုံ | ၂၂၇ |
| ဥတုနိယာမ | ၂၇၁ |
| ဥဒယဗ္ဗယဉာဏ် | ၅၈၁ |
| ဥဒယဗ္ဗယဉာဏ် ရင့်သန်က သစ္စာ ၄-ပါး ထင်ပုံ | ၅၈၅ |
| ဥဒယမည်ပုံ | ၅၈၁ |
| ဥဒ္ဓံဘာဂိယ သံယောဇဉ်၅-ပါး | ၆၂၂ |
| ဥဒ္ဓစ္စ၏ လက္ခဏာစသည် | ၁၃၉ |
| ဥဒ္ဓစ္စကုက္ကုစ္စ၏ ဆန့်ကျင်ဖက် သုခ | ၄၈၆ |
| ဥဒ္ဓစ္စစိတ်နှင့်ယှဉ်သော စေတသိက်များ | ၁၄၈ |
| ဥဒ္ဓစ္စမည်ပုံ | ၁၃၉ |
| ဥပက္ကိလေသမည်ခြင်း အကြောင်း | ၆၀၀ |
| ဥပဃာတကကံ | ၅၇၅ |
| ဥပစယ၏ ဓမ္မဝဝတ္ထာန် | ၃၉၀ |
| ဥပစယမည်ခြင်း | ၃၆၈ |
| ဥပစာဖြင့် ယူရသော လောကဓံ ၂-ပါး | ၆၂၄ |
| ဥပစာမည်ခြင်း | ၆၀၆ |

အက္ခရာစဉ် — စာမျက်နှာ

[ ဥ ]

ဥပစာရသမာဓိကို ဖြစ်စေသော
ကမ္မဋ္ဌာန်း ၁၀-ပါး ၄၇၁
ဥပစာရသမာဓိဖြစ်ခြင်း ၄၈၆
ဥပတ္ထမ္ဘကအကြောင်းမည်ပုံ ၅၇၈
ဥပတ္ထမ္ဘကကံ ၅၈၄
ဥပမိ ၄-ပါး သရုပ် ၄၁၂
ဥပမိခေါ်ပုံ ၄၁၂
ဥပမိဝိဝေကမည်ခြင်း ၄၆၂
ဥပနိဓာပညတ် ၄၃၉
ဥပနိဿယပစ္စည်း ၃-မျိုး ၆၄၁
ဥပပဇ္ဇဝေဒနီယကံ အကျိုး
ပေးပုံ ၅၈၂
ဥပပီဠကကံ ၅၈၅
ဥပါဒါပညတ် ၄၃၅
ဥပါဒါပညတ် ၄-မျိုး ၄၃၂
ဥပါဒါပညတ်ကို သိရပုံ ၄၃၆
ဥပါဒါပညတ်မည်ပုံ ၄၃၃
ဥပါဒါရုပ် ၂၄-ပါး ၃၃၀၊၃၃၂-၃
ဥပါဒါရုပ်တို့၏ ပဒဋ္ဌာန် ၃၄၉
ဥပါဒါန် ၄-ပါး ၆၂၆
ဥပါဒါန်ကို ပယ်သတ်ပုံ ၆၃၁
ဥပါဒိန္နရုပ် ၃၉၃
ဥပေက္ခာဇောနောင် ဥပေက္ခာ-
တဒါရုံကျခြင်း ၂၇၇
ဥပေက္ခာဇောနောင် တဒါရုံ
ကျပုံ ၂၇၆
ဥပေက္ခာနှင့်ယှဉ်က နှမ်းဆီနှင့်
တူသောသွေး ဖြစ်ပုံ ၅၃၆
ဥပေက္ခာဝေဒနာ၏ လက္ခဏာ
စသည် ၁၂၅
ဥပေက္ခာဝေဒနာယှဉ်စိတ် ၁၆၆
ဥပေက္ခာသန္တီရဏစိတ်
၇-ကိစ္စဉ်ဖြစ်ပုံ ၇၄
ဥပေက္ခာသန္တီရဏစိတ်
၅-ဌာနဉ်ဖြစ်ပုံ ၆၄
ဥပေက္ခာသန္တီရဏနှင့်ယှဉ်သော
စေတသိက်များ ၁၅၅
ဥပေက္ခာသန္တီရဏဖြစ်ပုံ ၂၆၃
ဥဗ္ဗေဂါ ပီတိ ၅၉၈
ဥဘတောဗျည်းအား
နိမိတ်ဖြစ်ပုံ ၃၅၄-၅
ဥဘတောဗျည်းအား ဖြစ်သော
ဣန္ဒြေ ၃၅၄

[ ဧ ]

ဧကကနည်း ၁၇၉
ဧကဇရုပ် ၁၁-ပါး ၃၉၇
ဧကဇရုပ် စသည် ၃၇၈
ဧကတ္တနည်းယူရာ၌ အပြစ် ၃၂၂
ဧကဝိဓနိဒ္ဒေသ ၁၇၉
ဧကဝီသတိမပရိစ္ဆေဒ ၆၀၃
ဧကသမုဋ္ဌာန်ရုပ် ၁၁-ပါး ၃၇၇
ဧကဟိတ်စိတ် ၂-ပါး ၁၈၂
ဧကာဒသကနည်း ၄၀၁
ဧကာဒသကနည်းဖြင့် စိတ်ကို
ပြခြင်း ၁၉၂
ဧကာဒသမပရိစ္ဆေဒ ၄၁၁
ဧကူနဝီသတိမပရိစ္ဆေဒ ၅၇၇
ဧကန်အာရုံများ ၂၃၂

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ဩ ] | |
| ဩက္ကန္တိကာပီတိ | ၅၉၀ |
| ဩဃ ၄-ပါး | ၆၂၅ |
| ဩဇဋ္ဌမကရုပ် | ၃၅၀ |
| ဩဇာသည် ဇီဝိတိန္ဒြေကိုသာ စောင့်ပုံ | ၃၅၉ |
| ဩတ္တပ္ပ၏ ဝစနတ္ထ | ၁၁၁ |
| ဩပပါတိကပဋိသန္ဓေကိုသာ ရသူ | ၄၀၁ |
| ဩဠာရိကရုပ် | ၃၉၃ |
| [ က ] | |
